www.burmeseclassic.com

# ရှုမဝ

မဂ္ဂဇင်း

အမှတ်-၂၅၄ ၂၀၁၇-ခုနှစ်၊ စက်တင်ဘာလ



2017- PHOTO & DESIGN
KHAY BO SHWE

www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## သဗ္ဗသိဒ္ဓိဂါထာတော်ကြီး

ဗုဒ္ဓ ဂုဏော အနန္တော၊ ဓမ္မ ဂုဏော အနန္တော၊ သံဃ ဂုဏော အနန္တော၊
မာတာပိတု ဂုဏော အနန္တော၊ အာစရိယ ဂုဏော အနန္တော။

ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ၊ ဓမ္မော မေ သရဏံ အညံ နတ္ထိ၊
သံဃော မေ သရဏံ အညံ နတ္ထိ။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

ဧသော ဥတ္တိ၊ သဗ္ဗ သတ္တန္တရာယော၊ သဗ္ဗ ရောဂန္တရာယော၊
သဗ္ဗ ဒုဗ္ဘိက္ခန္တရာယော၊ ဂစ္ဆအမုမှိ ဩကာသေ တိဋ္ဌာတိ။

BURMESE CLASSIC

အထက်ပါ ဂါထာတော်ကြီးကို "အားလုံးပြီးရာ အောင်ဂါထာ"ဟူ၍လည်း ခေါ်ကြသည်။ ယုံယုံကြည်ကြည် ရွတ်ဖတ်သူတိုင်း အသက်ရှည်မည်။ ဘေးအန္တရာယ် ကင်းမည်။ လာဘ်လာဘ ပေါများမည်။ ဘုန်းကံကြီးမည်။ လူ, နတ်, ဗြဟ္မာအပေါင်း၏ ချစ်ခင်နှစ်လိုခြင်းခံရမည်။ ကပ်ကြီးသုံးပါးမှ ချမ်းသာ လွတ်ကင်းမည်။

ကုမုဒြာကြာပန်းသည်
လရောင်ဆမ်းမှ ပွင့်လန်းရဘိသကဲ့သို့
လပြည့်ဝန်းဟူသော မဂ္ဂဇင်းဖြင့်
ချစ်စွာသော စာဖတ်ပရိသတ်များ၏
အသိဉာဏ်အလင်းတန်းကို
ပွင့်လန်းလင်းလက်စေရမည်ဟု
မေတ္တာရည်သန်လျက် . . .

မဂ္ဂဇင်း

အမှတ် (၂၅၉)၊ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ

www.burmeseclassic.com

www.burmeseclassic.com



# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | ထူးခြားထင်ရှား ကရင်ပြည်နယ်မှ စေတီဘုရား လိုဏ်ဂူတော်များ | မင်းဂုဏ် | ၅ |
| ၂။ | ကျိုက္ကလွန်ဖွန်းစေတီတော်ကြီး | တက္ကသိုလ်မျိုး | ၁၆ |
| ၃။ | အတုလမာရ်အောင်စေတီတော် | ဒေါက်တာသက်ဆွေ | ၃၂ |
| ၄။ | ရွှေတိဂုံ ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော် | ယောနကတိုးကောင် | ၃၄ |
| ၅။ | မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော ဒုက္ခသစ္စာ၏အနက်လေးချက် ကိစ္စဉာဏ် | ဓမ္မဒါန | ၃၇ |
| ၆။ | နောင်တတွေ နောင်မှမရစေချင်ပါ | ဒေါက်တာအရှင်လာဘသာမိ | ၄၆ |
| ၇။ | အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဆရာတော်ဘုရားကြီးအား ပူဇော်ခြင်း | ဗေဒသုတေသီဆရာမျိုး | ၅၀ |
| ၈။ | မြန်မာ+ကိုရီးယားဆရာတော် မနာပဒါယီ အရှင်ဝိစိတ္တ ဟောကြားသော မှန်ကြည့်လိုက်ပါ | ဓမ္မဒါန | ၅၉ |
| ၉။ | ထေရဝါဒဗုဒ္ဓဘာသာ၏ဝိမုတ္တိရသနှင့်ဗုဒ္ဓရှင်တော်၏ဆန္ဒ | ချစ်တန်ဝင်း | ၆၈ |
| ၁၀။ | ကာမရာဂအစွမ်းပြတဲ့ နိုလိနိကြောင့် ဣသိသိင်္ဂ ဈာန်လျှောရ | ယောဂီတိုးအောင် | ၇၂ |
| ၁၁။ | အရိပ်ပမာ ချမ်းသာရှာ | ရှာရိတ္တ | ၇၆ |
| ၁၂။ | တန်ခိုးကြီးမားလှတဲ့ အရှင်ဥပဝါနမထေရ် | သာစည်အောင်တင် | ၇၉ |
| ၁၃။ | စေညွှန်ရာ ဇေယျာကမ်းမှ ရင်ခတ်အလွမ်း | တက္ကသိုလ်တင်ဟန်ကျော် | ၈၃ |
| ၁၄။ | ဗိုလ်နေဝင်းနှင့် သူကြီးရွှေဘ | နွယ်ဦးမွန်(ကျုံဒါး) | ၉၈ |
| ၁၅။ | ဟိုအဝေးမှမှုန်ရီ သခင်မတောင်တော်မဇီ | ဘိုဘို(ရွှေကံကူ) | ၁၀၂ |
| ၁၆။ | ကျွန်ုပ်နှင့် တောမှာပျော်သောအဘသူတော် | မောင်လေးအောင်(သန်လျင်) | ၁၁၅ |
| ၁၇။ | ရေကြည်မြေရိုင်း | မင်းမြတ်မင်း(စစ်ကိုင်း) | ၁၂၀ |
| ၁၈။ | ခေါင်းပြတ်သရဲ | တော်မြင့်(ငှက်ဖျား) | ၁၂၆ |
| ၁၉။ | သမုဒယနွေနှောင်းရှက်ကျန် | ရေနံ့သာအောင်ချမ်းဇော် | ၁၃၆ |
| ၂၀။ | ကပ္ပိယဦးရွှေမိုးနှင့် မြင့်မြတ်သောဘဝကူလာသူ | မောင်မောင်မိုးအောင် | ၁၄၈ |


BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၂၀။ | ရွက်လှပန်း ........................ | နွေး(တောင်ငူ) | ၁၅၉ |
| ၂၁။ | အရင်းအမြစ် ........................ | လှိုင်းထက် | ၁၆၄ |
| ၂၂။ | ပထမဆုံးရေးခဲ့သော နောက်ဆုံးစာမူလေး တစ်စောင် ......... | ငြိမ်း(ထောက်ကြန့်မြေ) | ၁၆၉ |
| ၂၃။ | သမုဒယမျက်ရည်မြစ်တို့၏ အလင်္ကာ ...... | မောင်သာမန်(ဇီးကုန်း) | ၁၇၄ |
| ၂၄။ | သိန်းသုံးရာနှင့် ဂမ္ဘီရတောက်တဲ့ .......... | ဇော်မင်း(အုံမြောက်) | ၁၈၂ |
| ၂၅။ | မဟာဂန္ဓာရီဝိဇ္ဇာ ထွက်ရပ်ပေါက်သွားသူ | အောင်ကြည်သန်း(ဖောင်တော်သီ) | ၁၉၁ |
| ၂၆။ | သက်ငယ်မုဒိမ်း လူသတ်မှု ......... | ကိုမောင်စံသိန်း(ဗိုလ်ချုပ်ရွာ) | ၂၀၂ |
| ၂၇။ | မှတ်တိုင်မှာ ရပ်ထိုင်မှာလား ပန်းတိုင်အရောက် လမ်းလျှောက်မှာလား ........ | မင်းလှမင်းခေါင် | ၂၀၆ |
| ၂၈။ | ယိုးဒယားနိုင် မြန်မာမင်းများ ............. | အောင်သိမ်းမြတ် | ၂၁၁ |
| ၂၉။ | အိပ်မက်တုံ့ရဲ့ တစ်နေရာ သို့မဟုတ် တိုကျို ဒစ္စနေးကမ္ဘာ ........... | ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ရေး/သု) | ၂၂၀ |
| ၃၀။ | အောင်ပန်းညှို ကိုယ်တွေ့အသုံး .......... | ဆရာကြီးဦးအောင်မြိုင် | ၂၃၀ |
| ၃၁။ | ဘယ်လိုပင်ကိုဗီဇရှိလဲ၊ ဘယ်အလုပ်အကျိုးပေးမလဲ ............ | ဆရာကြီးဦးအောင်မြိုင် | ၂၃၁ |
| ၃၂။ | ကာတွန်းတဏှာ ........ | မုဒ္ဒံအိန်ဂျယ်၊ဇော်လူသစ်၊မိုးကျည်၊တာတူးလေး | ၂၃၃ |
| ၃၃။ | အမျှင်ကြိုးနှင့် အန္တရာယ်ပိုး ............... | စိုးယဉ်ထွန်း | ၂၃၇ |
| ၃၄။ | အဝလွန်ခြင်းကို ထိန်းပေးမည့်အစားအစာများ | အောင်ဘုန်းမြင့်(ကချင်မြေ) | ၂၄၀ |
| ၃၅။ | ကျန်းမာရေးအတွက် ရေသောက်ကုနည်း ........ | သန်းတင်စိုး | ၂၄၄ |
| ၃၆။ | ဈေးစောင်းလက်ပပ် .................... | ခရာ(ကေတ) | ၂၄၇ |
| ၃၇။ | ကာကွယ်ကြပါ တားဆီးပါ ကင်ဆာရောဂါ .. | ဒေါက်တာနိုက်တင်ဂေးလ် | ၂၄၉ |
| ၃၈။ | လည်ချောင်းနာခြင်း ................ | ဒေါက်တာလွင်သန့် | ၂၅၃ |
| ၃၉။ | နှယ်မြက်သစ်ပင် ဆေးဖက်ဝင် ... သမားတော်ကြီး | ဒေါက်တာသက်ဆွေ | ၂၅၆ |
| ၄၀။ | အိမ်ဆည်းလည်းလေးများ မြည်သံသာအောင် .. | ဦးမင်းဇင်(ရွှေနဝင်း) | ၂၆၀ |






www.burmeseclassic.com

## မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၄၂။ | အန္တရာယ်ကင်း ဂါထာတော် | အောင်ဘုန်းမြင့်(ကချင်မြေ) | ၂၆၄ |
| ၄၃။ | အနီရောင်လွှမ်းသောဂြိုဟ် | မင်းဟန်(သန်လျင်) | ၂၆၅ |
| ၄၄။ | အကြံအစည် အောင်မြင်စေရန် ကြံဓာတ်ယတြာ ကပ်လှူပါ | အောင်ကြည်သန်း(ဖောင်တော်သီ) | ၂၇၀ |
| ၄၅။ | ပြောသမျှနားထောင်ဖို့ ဒီလိုလုပ်ကြစို့ | ဆန်းဝင်း(အောင်မြေ) | ၂၇၃ |
| ၄၆။ | ရောင်းထွက်ဖို့ဆိုရင် | ဆရာအောင်ကျော်ခိုင်(ရွှေစေတီ) | ၂၇၇ |
| ၄၇။ | အခါရွေး၍ ယတြာချေပါ၊ ဓာတ်ဆင်ပါ | သုတေသီဆရာငြိမ်း | ၂၈၀ |
| ၄၈။ | အကြွေးတွေရဖို့ ဒီလိုလုပ် | မောင်စာဆို(ကျုံ့စု) | ၂၈၂ |
| ၄၉။ | ဓမ္မစေတီမင်း၏ စိန္တာမဏိဂါထာတော် | မင်းသန်းခိုင်(ကွမ်းခြံကုန်း) | ၂၈၇ |
| ၅၀။ | ပညာသင်ကြား တတ်မြောက်လိုလျှင် | ဆရာသက္က | ၂၈၉ |
| ၅၁။ | လျှပ်စစ်ပြက် လက္ခဏာဖတ်ကြားခြင်း | ဆရာဦးခန့်ကျော် | ၂၉၁ |
| ၅၂။ | ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ခုနစ်ရက်သားသမီးများအတွက် ဟောစာတမ်းနှင့် ယတြာ | ဦးညွန့်လှိုင်(ကြို့ပင်ကောက်) | ၂၉၆ |
| ၅၃။ | ၂၀၁၇ ခုနှစ်၊ ရာသီခွင်နှင့် စက်တင်ဘာလ ဟောကိန်းများ | ဆရာဦးခန့်ကျော် | ၂၉၉ |


○

### ကိုယ်စားလှယ်ဖြင့် လာရောက်ထုတ်ယူသူများအတွက် အသိပေးအကြောင်းကြားခြင်း

စာမူရွေးချယ် ဖော်ပြခံရသော ဆရာ၊ ဆရာမတို့သည် မိမိတို့စာမူအတွက် ညာဏ်ပူဇော်ခ ထုတ်ယူရန် ကိုယ်တိုင် မလာရောက်နိုင်၍ ကိုယ်စားလွှတ်သောအခါ ကိုယ်စားလှယ်လွှဲစာ ရေးသားပေးပါရန် လေးစားစွာ မေတ္တာရပ်ခံအပ်ပါသည်။

အယ်ဒီတာချုပ်
လပြည့်ဝန်းမဂ္ဂဇင်း


နာယက
ဆင်ဖြူကျွန်းအောင်သိန်း
မင်းဇေယျာ

အကြံပေး
ဦးစိုးပိုင်
ဒေါ်ခင်ငြိမ်း

အယ်ဒီတာချုပ်
ညာဏ်ပွင့် (စက်မှု)

တာဝန်ခံအယ်ဒီတာ
တက္ကသိုလ်တင်တန်ကျော်

စရိုးသွားအယ်ဒီတာ
စောင်းကောင်းမြတ်

အယ်ဒီတာအဖွဲ့
ခင်သက်နိုင်

မျက်နှာဖုံးဒီဇိုင်း
ခေတ်ရွှေ

ကွန်ပျူတာ
လပြည့်ဝန်းအဖွဲ့

ပန်းချီပညာရှင်များ
အောင်နိုင်လတ်၊ တောင်ငူစိုးမြင့်လေး၊
စောတင်မောင်၊ ဖိုးအောင်၊

အတွင်းပလင်
ကိုဦး

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
မာကျူရီအော့ဖ်ဆက်၊ ဦးစွန့်ကော်ယူ (၀၀၃၈၇)
အမှတ်(၄၉)၊ ရေကျော်လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဒေါ်ခင်ငြိမ်း [မှတ်ပုံတင်အမှတ်-၀၀၅၃၀]
အမှတ်-၄၄၊ ၅၅-လမ်း၊ (၂)ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။

မဂ္ဂဇင်းတိုက်နှင့် ဖြန့်ချိရေး
တိုက်အမှတ် (၇၂၄)၊ အခန်း ၁၈ (ပထပ်)
(၁၇ × ၁၈ လမ်း)ကြား၊ မဟာဗန္ဓုလလမ်း၊
လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၄၅၂၂၂၈၅၁၈

ကြော်ငြာနှင့် ဖြန့်ချိရေး
နန္ဒာအောင်


အထွေထွေ
အောင်ဝင်းသန့်

မန္တလေး
ထွန်းဦးစာပေ၊ နဂါးစာပေ

စျေးနှုန်း　　အုပ်ရေ
၂၄၀ ကျပ်　　၁၀၀၀


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ယခင်လမှ အဆက်

ကရင်ပြည်နယ်ရှိ အံ့ဖွယ်ထူးခြား သဘာဝလိုဏ်ဂူများအနက် ဘားအံမြို့၏ အနောက်ဘက် ၁၂ မိုင်အကွာ သံလွင်မြစ်နှင့် ဒုံသမိမြစ်တို့အကြား သထုံ-ဘားအံ ကားလမ်းမ မိုင်တိုင်အမှတ် ၁၁/၇ (ဆယ့်တစ်မိုင် ခုနစ်ဖာလုံ)မှ အတွင်းဘက် မိုင်ဝက်ခန့်အကွာတွင်ရှိသော ဘုရင်ညီနောင်လိုဏ်ဂူတော်သို့ စာရေးသူတို့ ဦးစွာပထမရောက်ရှိခဲ့ကြသည်။

သစ္စာအဓိဋ္ဌာန်ပြုကာ ရေချိုးသန့်စင်ခြင်းဖြင့် ရောဂါများ ပျောက်ကင်းချမ်းသာသည်ဟုဆိုသော လိုဏ်ဂူတော်ခြေရင်းရှိ ရေပူစမ်းကန်ကြီးကိုလည်းကောင်း၊ တောင်ခြေ၊ တောင်ခါးပန်းနှင့် လိုဏ်ဂူတော်ပတ်ဝန်းကျင်တွင် သိမ်၊ ကျောင်း၊ ဇရပ်၊ စေတီတော် ရုပ်ပွားတော်များကို နေရာလပ်မကျန် တည်ထားသဖြင့် သာသနိကအဆောက်အအုံများ လက်ညှိုးထိုးမလွဲပင်ရှိနေကာ နတ်ဘုံနတ်နန်းတမျှ ခမ်းနားတင့်တယ်လျက်ရှိသည်ကို လည်းကောင်း ချမ်းမြေ့ကြည်နူးဖွယ်ရာ ဖူးတွေ့ခဲ့ရသည်။


ဂူပေါက်များစွာ ခွဲထွက်နေကာ အလျားပေ ၆၀၀ ခန့်ရှိသော လိုဏ်ဂူကြီးအတွင်းဝယ် ထူးဆန်းအံ့ဩဖွယ်ရာ ကျောက်ဆောင်၊ ကျောက်တောင်၊ ကျောက်မိုးမျှော်၊ ကျောက်စက်ပန်းဆိုင်းပန်းနွယ်များ၊ လုံးဝန်းပြောင်ချောနေကာအရောင်တလက်လက်ဖြစ်နေသော ကျောက်တုံးကြီးများနှင့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်လက်ရာ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များကိုလည်း နှလုံးစိတ်ဝမ်း ချမ်းမြေ့ပျော်ရွှင်စွာ ဖူးမြော်လေ့လာခဲ့ကြပြီးနောက် ကော့ဂွန်းဂူသို့



လိုဏ်ဂူတော်အဝင်မုခ်ဦး



လိုဏ်ဂူတော်အဝင်ဝရှိ ခြင်္သေ့ရုပ်တု



စားသောက်ဖွယ်ရာများနှင့် ဒေသထွက်ပစ္စည်းများ ရောင်းချသည့် ဈေးဆိုင်တန်း



www.burmeseclassic.com

www.burmeseclassic.com



ဘုရားဖူးများ နားနေရန် ခုံတန်းလျားများ



လက်ဝဲဘက်ခြမ်းရှိ သာသနိကအဆောက်အအုံများ



အစာတောင်းနေသည့် မျောက်ကလေးများ

သွားရောက်ရန် ဆက်လက်ထွက်ခွာခဲ့ကြသည်။

နေမြင့်လာပြီဖြစ်၍ အပြင်တွင် နေပူနေသော်လည်း ကားထဲတွင် လေအေးပေးစက် ဖွင့်ထားသဖြင့် သဘာဝပတ်ဝန်းကျင် မြင်ကွင်းအလှကို ကြည့်ရှုခံစားရင်း သက်သောင့်သက်သာပင် စီးနင်းလိုက်ပါခဲ့ကြသည်။

သဘာဝပတ်ဝန်းကျင်မြင်ကွင်းများတွင် ကရင်ပြည်နယ်၏ ကျက်သရေဆောင် ဇွဲကပင်တောင်ကြီးကို ရှုထောင့်မျိုးစုံဖြင့် အဝေးမှ လှမ်းမြင်ရသည့် မြင်ကွင်းက စိတ်ဝင်စားဖွယ်ပင်။

ကရင်ပြည်နယ်ကို ဘားအံ၊ လှိုင်းဘွဲ့၊ ကော့ကရိတ်၊ မြဝတီ၊ ဖာပွန်၊ သံတောင်၊ ကြာအင်းဆိပ်ကြီး ဟူ၍ မြို့နယ် ခုနစ်မြို့နယ်ဖြင့် ဖွဲ့စည်းထားပြီး ဘားအံမြို့သည် ကရင်ပြည်နယ်၏ မြို့တော်ဖြစ်သည်။


သဘာဝပတ်ဝန်းကျင် တောင်စဉ် တောင်တန်း စိမ့်စမ်း ရေတံခွန် ဟေမဝန်ဂူနန်းများအပြင် လွင်ပြင်မြက်ခင်းတို့ဖြင့် သာမောဖွယ်တင့်တယ်လျက်ရှိသော ကရင်ပြည်နယ်ကို သံလွင်မြစ်ကြီးက တယုတယ ထွေးပွေ့ထားပြီး ဒေါန တောင်တန်းကြီးသည်လည်း မဟာရံတံတိုင်းသဖွယ် ကာရံပေးထားသည်။ ထို့ပြင် ကျောက်တိုင်ကြီးပမာ ထီးထီးမားမား ပေါ်ထွက်လျက်ရှိသော ဇွဲကပင်တောင်ကြီး၏ သဘာဝအလှတို့ ပေါင်းစပ်မှုဖြင့် ကရင်ပြည်နယ်၏ ဂုဏ်ဒြပ်ကို ထင်ဟပ်ဖော်ညွှန်းလျက် ရှိပေသည်။

ကရင်ပြည်နယ်၏ မြို့တော်ဖြစ်သော ဘားအံမြို့သည် သံလွင်မြစ်၏ ကျောက်စွန်းပေါ်တွင် တည်ရှိသည်ဟု သိရသည်။ ရှေးလူကြီးသူမများ၏ ပြော



www.burmeseclassic.com

www.burmeseclassic.com



လိုဏ်ဂူတော်အဝင်ဝတွင် စတင်မြင်တွေ့ရသည့် မြင်ကွင်း

စကားအရ ရှေးလွန်လေပြီးသောကာလက ဤနေရာတွင် ပြဒါးရှင်လုံး မျိုထားသော ဖားမင်းကို နဂါးမင်းက လိုက်လံဖမ်းဆီးခဲ့ပြီး မျိုချခဲ့သည်။

ပြဒါးရှင်လုံး၏ အစွမ်းကြောင့် ဖားမင်းသည် အသက်မသေဘဲ နဂါးမင်း၏ ဝမ်းဗိုက်အတွင်းသားကို လက်သည်းဖြင့် ပြင်းစွာကုတ်ခြစ်လေရာ နဂါးမင်းလည်း မခံမရပ်နိုင်သည့်အဆုံး ဖားမင်းအား အန်ထုတ်ခဲ့ရသည်။ သို့ဖြစ်၍ ဤနေရာကို 'ဖားအံ' မြို့ဟု ခေါ်ရာမှ ယခုအခါ ဘားအံဟု ခေါ်တွင်ခဲ့သည်ဟု ဆိုသည်။ [စကားချပ်- ဤဒဏ္ဍာရီပုံပြင် အပြည့်အစုံကို ရွှေရင်မျှော်စေတီ ခရီးစဉ်တွင် ထည့်သွင်းဖော်ပြပါမည်။]

ရှေးဟောင်းသမိုင်းဝင် ကော့ကွန်းဂူသည် ကရင်ပြည်နယ်၏မြို့တော် ဘားအံမြို့နှင့် ခုနစ်မိုင်ခန့်အကွာ အနောက်တောင်ဘက်ယွန်းယွန်းတွင် တည်ရှိသည်။ ဘားအံမြို့နယ် ဘားကပ်စံပြကျေးရွာမှ နှစ်မိုင်ခန့် ဆက်သွားလျှင် ကော့ကွန်းဂူသို့ ရောက်သည်။

ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်ကြား သံလွင်မြစ်၊ ဂျိုင်းမြစ်၊ ဒုံသမိမြစ်နှင့် အတ္ထရံမြစ်တို့ ပေါင်းဆုံရာ မြစ်ဝကျွန်းပေါ် မြေနုလွင်ပြင်တွင် ထင်ရှားသော ထုံးကျောက်ဂူများ ရှိကြရာ အတ္ထရံမြစ်ကြောင်း တစ်လျှောက်၌ နိဒ္ဒံရဂူ၊ ဖားဘောင်ဂူ၊ ရေပူဂူတို့ ရှိသည်။ ဂျိုင်း သံလွင်ဒေသတွင် ခရုံဂူ၊ ဓမ္မသဂူ၊ ဆဒ္ဒန်ဂူတို့ ရှိသည်။ ကော့ကရိတ်ဝန်းကျင်အနီးတွင် ဖားဘောက်ဂူ၊ ဖားပုံဂူ၊ တောင်ဘလွဲဂူ၊ ရသေ့ဂူနှင့် မောင်ဒီဂူတို့ရှိသည်။ သံလွင် လှိုင်းဘွဲ့ဒေသတွင် ဝဲပုံဂူ၊ တောင်ကလေးဂူ (ယခု ဝေပုလ္လ)၊ ကော့ကသောင်ဂူတို့ ရှိကြသည်။ သံလွင် ဒုံသမိဒေသတွင် မင်းလွင်ဂူ၊ ဝင်းဆုံဂူ၊ ဘုရင့်ညီနောင်ဂူ၊ ဖားကပ်ဂူ၊ ကော့ဂွန်းဂူနှင့် ရသေ့ပုံဂူတို့ ရှိကြသည်။

ထိုလိုဏ်ဂူများတွင် ရှေးဟောင်း ဗုဒ္ဓရုပ်ပွားဆင်းတုတော်များနှင့် ယဉ်ကျေးမှု အမွေအနှစ်များ တည်ရှိကြရာ ထိုဂူများအနက် ကော့ဂွန်းဂူသည် အထင်ရှားဆုံး ဖြစ်သည်ဟု သိရသည်။

ထိုကဲ့သို့ ထင်ရှားကျော်ကြားသည့် ရှေးဟောင်းသမိုင်းဝင် ကော့ဂွန်းဂူကြီးသို့ စာရေးသူတို့ ချောချောမောမောပင် ရောက်ခဲ့ကြသည်။

ကော့ဂွန်းဂူအနီးသို့ ရောက်သည်တွင် လက်ယာဘက်ခြမ်း၌ ရှေးဦးစွာ တွေ့လိုက်ရသည်က စားသောက်ဖွယ်များနှင့် ဒေသထွက်ပစ္စည်းများ ရောင်းချသည့် ဈေးဆိုင်တန်းလေးများ ထို့နောက် ရှေ့တူရူတွင် မြင်တွေ့ရသည်


www.burmeseclassic.com

ww.burmeseclassic.com



လိုဏ်ဂူတော်အပြင်ဘက်နံရံရှိ အုတ်ခွက်ရုပ်ပွားဆင်းတုတော်များ



လိုဏ်ဂူတော်အတွင်းနံရံရှိ အုတ်ခွက်ရုပ်ပွားဆင်းတုတော်များ

...ဝင်ပေါက်မုခ်ဦးဟု ယူဆရသည့် ...သာသနိကအဆောက်အအုံတစ်ခု။

ထိုသာသနိကအဆောက်အအုံ ...တည်ဆောက်ထားပုံမှာ ရိုးရှင်းလှသည်။ ...အုတ်အင်္ဂတေထိုင်လေးလုံးဖြင့် ထောက် ...ထားသည့် အကာအရံ မပါသော ...ကျောင်းဆောင်တော် အတွင်းဝယ် ...ဘုရားရှင်အား နတ်မင်းများ ပူဇော်နေ ... ရုပ်တော်မှုရုပ်ပွားတော်နှင့် နတ် ...များကိုဖူးတွေ့ရသည်။ ထိုကျောင်း ...ဆောင်တော် အထက်တွင် ရွှေမင် ... ထပ်လျှုထားသည့် စေတီတော် ... တည်ထားပြီး 'မြမျက်ရှင် ငြိမ်း ... စေတီတော်' ဟူ၍ ကမ္ပည်း ...သည်ကို တွေ့ရသည်။

...စေတီတော် အောက်မှ ဆက် ...ခဲ့ကြရာ လက်ယာဘက် ... ရွှေဟောင်း ကော့ဂွန်း ... (ခရစ်နှစ် ၇ ရာစု)' ဟူ၍ ... နှစ်ဘာသာဖြင့် ရေးထိုးထားသည့် ဆိုင်းဘုတ်ကြီးကို တွေ့ရသည်။

လက်ဝဲဘက်တွင်မူ ထုံးကျောက်တောင်များနှင့် ပတ်သက်၍ ဘုရားဖူးလာ ပြည်သူများ သိရှိနိုင်ရန် 'ထိန်းသိမ်းသင့်သော ထုံးကျောက်တောင်များ' ခေါင်းစဉ်ဖြင့် သိမှတ်ဖွယ်ရာများ ဖော်ပြထားသည့် ပညာပေးဆိုင်းဘုတ်ကြီးကို တွေ့ရသည်။

ထိုမှ ရှေ့တွင် တွေ့မြင်ရသည်က လိုဏ်ဂူတော်ဝင်ပေါက် လမ်းဝ တစ်ဖက် တစ်ချက်တွင် အစောင့်အရှောက်သဖွယ် ရှိနေကြသည့် ခြင်္သေ့ရုပ်တုကြီးနှစ်ကောင်၊ ထိုခြင်္သေ့ရုပ်တုတို့၏ ထူးခြားချက်မှာ ကြော့မော့သည့် လည်တိုင်များရှိပြီး တစ်ကောင်နှင့်တစ်ကောင် အရွယ်မတူညီခြင်းဝင်။

ထိုမှဆက်၍ ဝင်ရောက်ခဲ့ကြရာ လက်ဝဲဘက်တွင်သာသနိကအဆောက်အအုံ အချို့နှင့် လက်ယာဘက်တွင် ဘုရားဖူးများ အပန်းဖြေ နားနေနိုင်ရန် အုတ်အင်္ဂတေ ခုံတန်းရှည်များ ဆောက်လုပ်ပေးထားသည်ကို တွေ့ရသည်။

လိုဏ်ဂူတော် အဝင်ဝနားသို့ ရောက်သည်တွင် အစာရှာနေသော မျောက်ကလေးများကို တွေ့ရသည်။ ဘုရင်ညီနောင်လိုဏ်ဂူတွင်မူ မျောက်များကို မတွေ့ခဲ့ကြပေ။


ဤသို့ဖြင့် သံလွင် ဒုံသမိဒေသတွင်ရှိသော ဂူများအနက် အထင်ရှားဆုံးသောလိုဏ်ဂူဟု အဆိုရှိသည့် ကော့ဂွန်းလိုဏ်ဂူတော် အဝသို့ စာရေးသူတို့ ရောက်ခဲ့ကြပေပြီ။

လိုဏ်ဂူ အဝင်ဝသည် မြေပြင်အထက် ၁၀ ပေခန့် အမြင့်တွင်ရှိပြီး အရှေ့ဘက်သို့ မျက်နှာမူလျက်ရှိသဖြင့် နံနက်ခင်းနေရောင်ခြည်ကို ကောင်းစွာရရှိကာ ဂူတွင်းရှိ ရုပ်ပွားဆင်းတုတော်များအား နေရောင်ခြည်ဖြင့် ပူဇော်နေသကဲ့သို့ ခံစားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



လိုဏ်ဂူတော်အတွင်းရှိ အံ့ချီးဖွယ်ရာ မြင်ကွင်းများ

အနောက်တောင်လေကို ကာကွယ်ထားသည့် အနေအထားရှိသဖြင့် ဂူဝတွင် ခြောက်သွေ့နေကာ နေရာထိုင်ခင်းက ကောင်းမွန်သည်ကို တွေ့ရသည်။ လိုဏ်ဂူတော် အဝင်ဝမှစကာ နံရံကပ် အုတ်ခွက်ရုပ်ပွားတော်များ နေရာအနှံ့ များပြားစွာ ထုလုပ်ပူဇော်ထားသည်ကို အံ့သြဖွယ်ရာ ဖူးတွေ့ရသည်။

ကော့ဂွန်းဂူသည် ပင်လယ်ရေမျက်နှာပြင်အထက် ၁၁၆ ပေခန့်အမြင့်တွင်ရှိပြီး အလျားပေ ၃၀၊ အနံပေ ၇၀၊ အမြင့် ၂၅ ပေခန့်ရှိသော တစ်ဖက်ပိတ် ထုံးကျောက်တောင်ဂူအမျိုးအစားဖြစ်ကြောင်း သိရသည်။ ကော့ဂွန်း၏ အဓိပ္ပာယ်မှာ မွန်-အင်္ဂလိပ် အဘိဓာန်အရ "Cave on the hill" ဟု ပြန်ဆိုသဖြင့် တောင်ကုန်းပေါ်ရှိလိုဏ်ဂူ ဟုလည်း ဖတ်ရှုမှတ်သားခဲ့ဖူးသည်။

ကျောက်စက်ပန်းဆွဲများနှင့် ကျောက်စက်မိုးမျှော်များလည်း ရှိသည့် ထိုလိုဏ်ဂူတော်တွင် ကျောက်တောင်နံရံများ၊ အမိုးမျက်နှာကြက်များနှင့် ကျောက်စက်ပန်းဆွဲများတွင်ပါ ရုပ်လုံးရုပ်ကြွများ ထုဆစ်ပူဇော်ထားသည်မှာလည်း အံ့မခန်းပင်။ ထိုမျှမက ထိုင်တော်မူ၊ ရပ်တော်မူ၊ လျောင်းတော်မူ ဗုဒ္ဓရုပ်ပွား ဆင်းတုတော်များကိုလည်း သဲကျောက်၊ အုတ်၊ အင်္ဂတေ စသည်တို့ဖြင့် ပုံစံမျိုးစုံ၊ အရွယ်အစားမျိုးစုံ ရုပ်လုံးရုပ်ကြွများ၊ ပန်းပုလက်ရာများဖြင့် ထုလုပ်ပူဇော်ထားသည်။

ဂူဝတွင် မြေပြင်ညီဖြစ်နေကာ ကျောက်စက်မိုးမျှော်တန်းများ ထိုးကျနေသည်။ ဂူအတွင်းပိုင်းနှင့် အပြင်ဘက် အနောက်မြောက်ထောင့်တွင် ချိုင့်တွင်းနက်တစ်ခုရှိသည်။ ဂူဝတွင် ခြောက်သွေ့



www.burmeseclassic.com

www.burmeseclassic.com






လိုဏ်ဂူတွင်းရှိ ရုပ်ပွားဆင်းတုတော်များနှင့် တစ်မူထူးခြားသည့် အကြွေးကြေဘုရား

နေသော်လည်း ဂူအတွင်းပိုင်းတွင်မူ အနည်းငယ် စိုစွတ်ထိုင်းမှိုင်းလျက်ရှိသည်။ သို့ရာတွင် ဘုရင်ညီနောင်ဂူကဲ့သို့ ကျောက်စက်ရေများ ကျနေခြင်းမျိုး မရှိပေ။

လိုဏ်ဂူတော် အတွင်းပိုင်းတွင်လည်း အလားတူပင် ရုပ်ပွားဆင်းတုတော်များကို အရွယ်အစားမျိုးစုံ၊ အနေအထားမျိုးစုံတို့ဖြင့် ထုလုပ်ပူဇော်ထားရာ ကျောက်ကပ်အုတ်ခွက်များတွင် [illegible]ပုံ၊ ပြာသာဒ်ပုံ၊ တံခွန်ကုက္ကားပုံ၊ [illegible]ချွတ်ခန်းပုံ၊ ဗောဓိပင်နှင့် ရွှေ[illegible] အောင်တော်မူခန်းပုံ၊ ပရိနိဗ္ဗာန်[illegible]တော်မူခန်းပုံ စသည်ဖြင့် ပုံဖော်[illegible] ပူဇော်ထားသည်ကို တွေ့ရသည်။


မူလ အုတ်ခွက်ရုပ်ပွားတော်များ [illegible] ကာလရှည်ကြာလာပြီဖြစ်သည့် [illegible]အကြောင်းအမျိုးမျိုးကြောင့် [illegible]ပျက်စီးလျက်ရှိရာ နောက်ပိုင်း [illegible] အလှူရှင်များက အသစ်ပြုပြင် လှူဒါန်းကာ ကမ္ပည်းစာတန်းများ ရေးထိုးခဲ့သည်များ ရှိခဲ့သည်ဟုလည်း သုတေသီတို့က ယူဆကြသည်။

လိုဏ်ဂူတော်အတွင်းရှိ ရုပ်ပွားဆင်းတုတော်များအနက် 'အကြွေးကြေဘုရား' ဟု ကမ္ပည်းရေးထိုးထားသည့် ထူးခြားသော ရုပ်ပွားဆင်းတုတော် တစ်ဆူကိုလည်း ဖူးတွေ့ခဲ့ရသည်။

ဤကဲ့သို့ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ များပြားလှစွာ တည်ရှိမှုကြောင့် ထင်ရှားကျော်ကြားလျက်ရှိသော ကော့ဂွန်းလိုဏ်ဂူတော်ကြီးသို့ မြန်မာ့ရှေးဟောင်းသုတေသီပညာရှင်များနှင့်ပြည်ပကျွမ်းကျင်သူပညာရှင်များ အများအပြား လာရောက်လေ့လာကာ သုတေသန ပြုခဲ့ကြသည်ဟုသိရသည်။

ကော့ဂွန်းဂူ သုတေသနပြုမှု မှတ်တမ်းများအရ ကော့ဂွန်းဂူ၏ မြေပုံ ရေးဆွဲခဲ့သူ ဗြိတိသျှသံအမတ်ကြီး ဂျွန်ခရော့ဖာဒ် (John Crawfurd) သည် ၂၇-၁-၁၈၂၇ရက်နေ့တွင်လည်းကောင်း၊ အင်္ဂလိပ် - မြန်မာ အဘိဓာန်ကို ပြုစုခဲ့သူ ဆရာယုဒသန် (Dr. Adoniram Judson) နှင့် အမေရိကန်သာသနာပြု ဘုန်းတော်ကြီး ဟောင်းဝဒ်မယ်လ်ကော်မ် (Rev: Howard Malcom) တို့သည် ၁၈၃၆ ခုနှစ်တွင် လည်းကောင်း၊ ကျောက်စာဝန်ဟောင်း မစ္စတာ တော်စိန်ခိုနှင့် ဆာရစ်ချတ်ကားနက်တင်ပယ် (Sir Richard Carnac Temple) တို့သည် ၁၈၉၂ ခုနှစ်တွင် လည်းကောင်း၊ ရှေးဟောင်းသုတေသန ညွှန်ကြားရေးဝန်ဟောင်း ဦးလူဖေဝင်းနှင့် ပါမောက္ခ ဂျီအိပ်ချ်လုစ် (Prof: G.H Luce) တို့သည် ၁၉၄၀-၄၁ ခုနှစ်တွင် လည်းကောင်း၊ ဦးဖိုးလတ်၊ ဗိုလ်မှူးဘရှင်နှင့် ဆရာ နိုင်ပန်းလှတို့သည် ၁၉၅၈ ခုနှစ်တွင် လည်းကောင်း၊ ဂျပန်နိုင်ငံ အိုဆာကာ တက္ကသိုလ်မှ ပါမောက္ခ တကာရှိကိုအိဇုခ (Prof: Takashi Koezuka) နှင့် မွန်

www.burmeseclassic.com



လိုဏ်ဂူတော်အတွင်း၌ ဖူးတွေ့ရသည့် များပြားလှစွာသော ရုပ်ပွားဆင်းတုတော်များ

ယဉ်ကျေးမှု ကျွမ်းကျင်သူ ပညာရှင် ဦးစံဝင်းတို့သည် ၂၀၁၁ ခုနှစ် ဒီဇင်ဘာလတွင် လည်းကောင်း အသီးသီး လာရောက် သုတေသနပြု လေ့လာခဲ့ကြကြောင်း သိရသည်။

ထိုကဲ့သို့ လေ့လာသုတေသနပြုခဲ့ကြသူများအနက် အမေရိကန် သာသနာပြုဘုန်းတော်ကြီး၏"Account on the Caves near Moulmein in 1837" စာအုပ်တွင် ကော့ဂွန်းလိုဏ်ဂူနှင့်ပတ်သက်၍ ရေးသားထားရာတွင် - 'ရှေးဟောင်းအုတ်ခွက်လက်ရာ ဂေါတမဗုဒ္ဓ ရုပ်ပွားဆင်းတုတော် အရွယ်အစား၊ အနေအထား မျိုးစုံတို့သည် လိုဏ်ဂူနံရံများတွင်သာမက မြင့်မားသည့် ထုံးကျောက်တောင်မျက်နှာပြင်များတွင်ပင် ပြည့်နှက်လျက်ရှိကြောင်း။


သို့ရာတွင် အချို့နေရာများမှာမူ ကွာကျနေပြီဖြစ်၍ ကွက်လပ်များဖြစ်နေကြောင်း၊ ထက်အောက်ဝဲယာ နေရာအနှံ့ အမိုးမျက်နှာကြက်၊ ကျောက်စက်ပန်းဆိုင်း ပန်းဆွဲများတွင်ပါမကျန် ဗုဒ္ဓရုပ်ပွားဆင်းတုတော်မျိုးစုံ တည်ရှိနေသည်ကို တွေ့ရကြောင်း၊ အချို့မှာ ရွှေချထားပြီး အချို့မှာ ကျိုးပဲ့ပျက်စီးလျက်ရှိကြောင်း၊ အချို့မှာ စောင်းငဲ့လျက်ရှိပြီး အချို့မှာ မယိုင်မလဲ ခိုင်မြဲတည့်မတ်စွာ တည်ရှိနေကြောင်း။

ဤမျှ များပြား ကြွယ်ဝလှသည့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်လက်ရာများကို ဤနိုင်ငံအတွင်း မည်သည့်နေရာတွင်မှ မတွေ့ခဲ့ဖူးကြောင်း၊ တန် ၅၀၀ ဆံ့ သင်္ဘောကြီးဖြင့် သယ်ယူသည့်တိုင် ဤလိုဏ်ဂူအတွင်းရှိ ရုပ်ပွားဆင်းတုတော်များ၏ ထက်ဝက်မျှကိုပင် သယ်နိုင်မည် မဟုတ်' ဟု ရေးသား ဖော်ပြထားကြောင်း သိရသည်။



www.burmeseclassic.com

ww.burmeseclassic.com




ထူးထွေဆန်းပြား လိုဏ်ဂူတော်တွင်းမှ မြင်ကွင်းများ

မစ္စတာ တော်စိန်ခိုနှင့် Sir Richard Carnac Temple တို့သည် ကော့ဂွန်းဂူအတွင်း တွေ့ရှိခဲ့သော ရှေးဟောင်းအမွေအနှစ်လက်ရာ မှတ်တမ်းဓာတ်ပုံများကို ၁၈၉၂-၉၃ ခုနှစ် ထုတ် India Antiquities အတွဲအမှတ် (၂၁)နှင့် (၂၂) တို့တွင် ဖော်ပြခဲ့ကြသည် ဟု သိရသည်။ မစ္စတာတော်စိန်ခို၏ မှတ်တမ်းအရ ကော့ဂွန်းဂူအတွင်းရှိ ၁၄ ရာစု ထိုင်းအက္ခရာ အရေးအသားဟု ယူဆရသော စာပါ သစ်သားဆင်းတု တော် သုံးဆူကို ယူဆောင်သွားသည်ဟု သိရသည်။

၁၉၅၈ ခုနှစ်တွင် ဦးဖိုးလတ်၊ ဒေါက်တာဘရှင်၊ ဦးနိုင်ပန်းလှနှင့် ပါမောက္ခဂျီအိတ်ချ်လုစ်တို့အဖွဲ့ သွား ရောက် ဂူတွင်းဆင်း လေ့လာခဲ့ကြပြီး ထိုအခါ ကော့ဂွန်းဂူအား ရှေးဟောင်း သုတေသနဌာန၏ ထိန်းသိမ်းစောင့် ရှောက်မှုအောက်၌ ထားရှိခဲ့ပြီး ဂူတွင်း ဆင်း သုတေသန မှတ်တမ်းကိုလည်း ၁၉၅၇-၅၈ ခုနှစ် နှစ်ချုပ်အစီရင်ခံစာ တွင် ဖော်ပြခဲ့သည်ဟု ဆိုသည်။

ရှေးလွန်လေပြီးသော ကာလ များက ဤကော့ဂွန်းလိုဏ်ဂူအတွင်းသို့ ရောက်ရှိခဲ့ကြသည့် ဘိုးဘေးစဉ်ဆက်တို့ သည် ယင်းတို့၏ သဒ္ဓါတရားအရ ထို ခေတ် ထိုကာလက ထိုဒေသတွင် ထွန်း ကားသည့် ရှေးဟောင်း အနုပညာ လက်ရာများဖြင့် မျိုးပြားလှစွာသော ဗုဒ္ဓရုပ်ပွားဆင်းတုတော်များကို အရွယ် အစားမျိုးစုံ၊ အနေအထားမျိုးစုံ ထုလုပ် ကာ လိုဏ်ဂူတော်နေရာအနှံ့အပြားတွင် ပင့်ဆောင်ပူဇော်ထားပြီး အလှူတော် မှတ်တမ်းများ၊ အမိဋ္ဌာန်ဆုတောင်းများ ကိုလည်း ကမ္ပည်းရေးထိုးခဲ့ကြသည်။

ကော့ဂွန်း လိုဏ်ဂူတော်၏ သမိုင်းနောက်ခံကို လေ့လာရာတွင် တိကျပြည့်စုံသောအထောက်အထားများ မတွေ့ရသော်လည်း မွန်ဘာသာဖြင့် ရေးထိုးထားသည့် အမိဋ္ဌာန် ဆုတောင်း ကမ္ပည်းကျောက်စာအရ မုတ္တမမိဖုရား ကြီးသည် ဤလိုဏ်ဂူတော်အတွင်းတွင် ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်လုံးရုပ်ကြွများ ကို ထုလုပ်ပူဇော်ခဲ့ကြောင်း သိရသည်။

ခရစ်နှစ် ၁၀၅၇ ခုနှစ်တွင် ပုဂံ ပြည့်ရှင် အနော်ရထာမင်းကြီးသည် သထုံကို အောင်နိုင်သဖြင့် ပိဋကတ် သုံးပုံနှင့်တကွ မနူဟာမင်း၊ မိဖုရားနှင့် ပညာရှိမှူးမတ်သင်းပင်း သူရဲကောင်း များ၊ ပန်းဆယ်မျိုးပညာရှင်များ၊ လက် နက် လုပ်တတ်သူများ၊ အချက်အပြုတ် တတ်သူနှင့် လက်မှုပညာရှင်များကိုပါ ပုဂံသို့ ခေါ်ဆောင်ခဲ့သည်။


ထိုအချိန်တွင် မုတ္တမမိဖုရားကြီး သည် ရှောင်တိမ်းလွတ်မြောက်ခဲ့ပြီး ကော့ဂွန်းဂူသို့ရောက်ရှိကာ ပုန်းခိုနေခဲ့ သည်။ မိဖုရားကြီး လိုဏ်ဂူတော်အတွင်း သို့ ရောက်ရှိလာချိန်တွင် ဂူအတွင်း၌ ဘာသာရေးဆိုင်ရာ ကိုးကွယ်မှုများ





www.burmeseclassic.com

www.burmeseclassic.com




နေရာမလပ် ပူဇော်ထားသည့် ရုပ်ပွားဆင်းတုတော်များ

ရှိနှင့်နေပြီဟု သုတေသီတို့က ယူဆကြသည်။

မိဖုရားကြီးသည် ဂူတွင်း၌ ပုန်းအောင်းနေစဉ်အတွင်း ဗုဒ္ဓရုပ်ပွားဆင်းတုတော် အများအပြား ထုလုပ်ပူဇော်ခဲ့ပြီး အနီးဝန်းကျင်ရှိ အခြားထုံးကျောက်လိုဏ်ဂူများတွင်လည်း ဂဝံစေတီများ၊ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ ထုလုပ်ပူဇော်ခဲ့သည်ဟု ဆိုသည်။

ကော့ဂွန်းဂူအတွင်းရှိ ရုပ်ပွားဆင်းတုတော်များအနက် 'အကြွေးကြေဘုရား' ဟု ကမ္ပည်းရေးထိုးထားသည့် ထူးဆန်းသောရုပ်ပွားတော်မှာ မုတ္တမမိဖုရားကြီး ဂူတွင်း၌ ပုန်းအောင်းနေရစဉ် ခံစားရသည့် ဝေဒနာ ဝဋ်ကြွေးများ ကျေစေရန် ဆန္ဒဖြင့် တည်ထားခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ကော့ဂွန်းဂူတွင် တွေ့ရှိသည့် မွန်ကျောက်စာတွင် ဖော်ပြထားသည်များကို မြန်မာဘာသာ ပြန်ဆိုရာတွင်-

"ဤဘုရားရုပ်ပွားတော်များကို မုတ္တမမိဖုရားဖြစ်သူ ကျွန်ုပ်သည် ဒုအင်ဝေါင်မြို့၌ နေစဉ် မြေနှင့် ကျောက်ဆင်းတုတော်များ မြို့တွင်း၌ လည်းကောင်း၊ မြို့အပြင်၌ လည်းကောင်း တည်ရှိသမျှတို့ကို ကျွန်ုပ်နှင့် ကျွန်ုပ်၏ တပည့်များ စွမ်းရည်ရှိသ၍ ထုထွင်းခဲ့ပါသည်။ အခြားအခြားသော ဆရာများသည်လည်း ကျောက်ဘုရားများကို ထွင်းထုနိုင်ပါစေသတည်း" ဟုအဓိပ္ပာယ်ရသည်ဟု သိရသည်။

ကျောက်စာတွင်ပါသည့် ဒုအင်ဝေါင်မြို့သည် ကော့ဂွန်းဂူ၊ ရသေ့ပျံဂူနှင့် ဘားကပ်ဂူတို့၏ တြိဂံအလယ်ဗဟိုကုန်းမြင့်နေရာ ရသေ့ပျံရွာဦးစေတီအနီးဝန်းကျင်တစ်ဝိုက်တွင် ဖြစ်နိုင်သည်ဟု ယူဆကြသည်။

ဒုအင်ဝေါင်၏ အဓိပ္ပာယ်မှာ ပုန်းအောင်းရာနေရာကို ဆိုလိုကြောင်းလည်း သိရသည်။


၁၆ ရာစုနှစ်တွင် မုတ္တမမြို့စားသည် တောင်ငူဘုရင် တပင်ရွှေထီးမင်း၏ သစ္စာတော်ကို မခံဘဲ ဘုရင်တစ်ဆူကဲ့သို့ မာနထောင်လွှားကာ အုပ်ချုပ်နေသဖြင့် တပင်ရွှေထီးမင်းသည် မုတ္တမမြို့ကို အလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက် သိမ်းပိုက်ခဲ့သည်။

ထိုစဉ်က မုတ္တမမြို့စား မိဖုရားသည် နောက်လိုက်နောက်ပါများစွာနှင့် အတူ ထွက်ပြေးတိမ်းရှောင်ခဲ့ပြီး ဒုအင်ဝေါင်မြို့တွင် ပုန်းခိုနေရင်း ကော့ဂွန်းဂူနှင့် ရသေ့ပျံဂူတို့အပြင် အနီးဝန်းကျင်ရှိ ထုံးကျောက်လိုဏ်ဂူများ အတွင်းတွင်လည်း အုတ်ခွက်ဘုရားများ ထွင်းထုပူဇော်ခဲ့သည်ဟုလည်း အချို့သမိုင်းများတွင် ရေးသားထားသည်ကို ဖတ်ရှုလေ့လာမှတ်သားခဲ့ရဖူးသည်။

မည်သို့ပင် ဆိုစေကာမူ ယခုအခါ ကော့ဂွန်းလိုဏ်ဂူတော်ကြီးကို ရှေးဟောင်းသုတေသနဦးစီးဌာနက


www.burmeseclassic.com

ww.burmeseclassic.com



လိုဏ်ဂူတော်အဝင်ဝ လက်ယာဘက်ခြမ်းနံရံ မြင်ကွင်း



လိုဏ်ဂူတွင်းမှ ပြန်မြင်ရသည့် အရှေ့မျက်နှာစာ မြင်ကွင်း

စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်လျက် ရှေးယခင်အခါများကဲ့သို့ အပျက်အစီး အပျောက်အရှများ ရှိနိုင်တော့မည်မဟုတ်ဟု ယူဆရပါသည်။

သမိုင်းတန်ဖိုးကြီးမားလှသည့် ရှေးဟောင်းယဉ်ကျေးမှု အနုပညာလက်ရာများ အံ့မခန်း များပြားကြွယ်ဝလှသဖြင့် အထူးထင်ရှားလျက်ရှိသော ကော့ဂွန်းလိုဏ်ဂူတော်ကြီးသို့ စာရေးသူတို့ လာရောက်ဖူးမြော် လေ့လာနေစဉ်တွင် ပြည်တွင်းပြည်ပ အခြားခရီးသွားများလည်း တအုံ့တသြ ငေးမောရင်း စိတ်ဝင်စားစွာ ဖူးမြော်ကြည့်ရှုလေ့လာနေကြသည်ကို ဝမ်းသာကြည်နူးဖွယ်ရာ မြင်တွေ့ခဲ့ရသည်။

သို့ဖြစ်၍ စာရှုသူများသည် ကော့ဂွန်းလိုဏ်ဂူတော်ကြီးသို့ တစ်ခါတစ်ခေါက် သွားရောက်ဖူးမြော်လေ့လာနိုင်ကြစေရန် သတင်းကောင်းပါး ရေးသားလိုက်ရပါသည်။

(ဆက်ရန်)

**မင်းဂုဏ်**

**စာကိုး**

၁။ ရှေးဟောင်းသမိုင်းဝင် ကော့ဂွန်းဂူတော်ကြီး သမိုင်းစဉ်အကျဉ်း၊ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တကောဝိဒ၊ ကော့ဂွန်းဘုရားဂူတော်ကြီး အကျိုးဆောင်အဖွဲ့။

၂။ ကရင်ပြည်နယ်၊ ဘားအံမြို့နယ် ရသေ့ပုံကျေးရွာ၊ ဗုဒ္ဓဉာဏရသေ့ပုံ ဂူတော်မြတ် သမိုင်းအကျဉ်း၊ ဦးဝိသုဒ္ဓိ။

၃။ Sacred KAWGUN CAVE A Historical Mon Buddhist Mounment. NAN HLAING.

၄။ မြန်မာ့ရုံက်စဉ်သမိုင်း (အကြို သမိုင်းကာလ မှ ၁၉၄၅ အထိ)

❑



www.burmeseclassic.com

www.burmeseclassic.com


ကျိုက်ကလွန်ပွန်းစေတီတော်ကြီး


အလိုတော်ပြည့်မြတ်စွာဘုရား



ဗျာဒိတ်ပေးမြတ်စွာဘုရား


အဘယမုနိမြတ်စွာဘုရား



www.burmeseclassic.com

www.burmeseclassic.com



ကျိုက်ကလွန့်ပွန်းစေတီတော်ကြီး



အဝင်အထုံခံတန်ဆောင်း၌ ကိန်းဝပ်စံပယ်တော်မူသော ရုပ်ပွားတော်

ရှေးဟောင်းသမိုင်းဝင်

# ဘီလူးတစ်ရာပက်စေတီတော် သို့မဟုတ်

# ကျိုက်ကလွန့်ပွန်းစေတီတော်ကြီး

တက္ကသိုလ်မျိုး

ဇလွန်မြို့ ပြည်တော်ပြန်ဆုတောင်းပြည့်မြတ်စွာဘုရား အား ဖူးမြော်ခြင်း၊ ဆွမ်းဆက်ကပ်လှူဒါန်းခြင်း စသည့် ကောင်းမှုကုသိုလ်များ ပြုလုပ်ပြီးနောက် ရဟန္တာမထေရ်မြတ် တော်ကြီးသီလနှင့် ဗုဒ္ဓမြတ်စွာဘုရားရှင်၏ မွေတော် တော်ကိန်းဝပ်စံပယ်တော်မူရာ ဘုန်းတော်ကြီးဦးသီလ တော်မြတ်အား ဖူးမြော်ခဲ့ကြသည်။

မြစ်ကြီးနား၌ မွေး၍ မန္တလေး၌ ကြီးပြင်းခဲ့သည့် မောင်ဝေမျိုးသက်၏ဇနီး (စာရေးသူ၏ချွေးမ)ဖြစ်သူ ခမ်းအနေနှင့် ယခုဖူးမြော်ခဲ့ရသော ပြည်တော်ပြန် ဘုရားနှင့် ဘုန်းတော်ကြီးဦးသီလစေတီတော်တို့အား တစ်ကြိမ် တစ်ခါမျှ မရောက်ရှိ၊ မဖူးမြော်ဖူး၍ လာရောက်ပို့ဆောင် ပေးခြင်း ဖြစ်သလို စာရေးသူအနေနှင့် အသည်းဝေဒနာ အတွက် ဇလွန်ဆုတောင်းပြည့် ပြည်တော်ပြန်ဘုရားသို့ မရောက်တာကြာပြီဖြစ်၍ ဆွမ်းဆီမီးဆက်ကပ်ကုသိုလ်ပြုရန် ဤဘုရားဖူးခရီးကို ထွက်လာခဲ့ခြင်းဖြစ်သည်။

ဇလွန်ပြည်တော်ပြန်ဆုတောင်းပြည့် ဘုရားဖူးခရီးစဉ်၌ ဘုန်းတော်ကြီးဦးသီလ စေတီတော်သည် ဇလွန်မြို့၌တည်ရှိ၍ ပြည်တော်ပြန်ဘုရား စံပယ်တော်မူရာ ဂန္ဓကုဋိတိုက် ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



စာရေးဆရာကြယ်နီ တန်ဆောင်းအတွင်းရှိ ကြေးဆင်းတုရုပ်ပွားတော်



တော်နှင့် မလှမ်းမကမ်း၌ တည်ထားသော ဘုန်းတော်ကြီး ဦးသီလ စေတီတော်ထံမှောက်သို့ ပြည်တော်ပြန်ဘုရားဖူး အတော်များများသည် မလွဲမသွေရောက်ခဲ့ကြသည်။ စာရေးသူအနေနှင့်ကား ဇလွန်ပြည်တော်ပြန်ဘုရားသို့ လွန်ခဲ့သော ဆယ်နှစ်ကျော်ကာလက တစ်နှစ်တစ်ကြိမ်၊ တစ်ခါတလေ နှစ်ကြိမ်၊ သုံးကြိမ် ရောက်နေကျဖြစ်၍ ဘုန်းတော်ကြီးဦးသီလ စေတီတော်ထံမှောက်သို့ နောက်ပိုင်းနှစ်များ၌ မရောက်ဖြစ်ခဲ့ပေ။ ၂၀၁၀ ပြည့်နှစ်က နောက်ဆုံးရောက်ခဲ့ပြီး ယခု သမီးချွေးမဖြစ်သူကို ပို့ပေးလို၍ ရောက်ရှိဖူးမြော်ရခြင်း ဖြစ်သည်။

ထို့ကြောင့် အပြန်လမ်း၌ သမီး နန်းအွန်ခမ်းအား ဆရာတော်ဦးသီလ၏ ဘုန်းတန်ခိုး ကြွယ်ဝမှုကို ဓနုဖြူ မရောက်မီ သိသမျှ မှတ်သားထားသမျှကို ရှင်းပြခဲ့ခြင်းဖြစ်သည်။ ဓနုဖြူမြို့နှင့် ဇလွန်မြို့သည် ကားလမ်းခရီးဖြင့် တစ်နာရီပင် မသွားရသောခရီးတိုဖြစ်သည်။ ယခင် လမ်းကြမ်းစဉ်ကာလက ထိုလမ်းသည် ကျောက်ကြမ်းလမ်းဖြစ်ပြီး ချိုင့်ခွက်များဖြင့် အလွန်ကြမ်းသောခရီးလမ်းဖြစ်သည်။ ဇလွန်နှင့် ဓနုဖြူမြို့နယ် လမ်းတံတားဌာနဆိုင်ရာ ပုဂ္ဂိုလ်များအနေနှင့် ကားလမ်းဝဲယာလမ်းဘေးမှ မြေကြီးများကို သယ်ယူကာ ချိုင့်ခွက်၊ ချိုင့်ဝှမ်းတို့အား ဖို့ခြင်း၊ ကြမ်းတမ်းသော ကားလမ်းမပေါ်၌လည်း မြေသားများဖို့၍ လမ်းကို ယာယီပြုပြင်ခြင်းများ ပြုခဲ့ကြသည်။

ထို့ကြောင့် ဇလွန်နှင့်ဓနုဖြူ ကားလမ်းသည် ခရီးတို ဖြစ်သော်လည်း မြေသားတို့ဖြင့် ယာယီ ပြုပြင်ထားခြင်းကြောင့် ဖုန်လုံးများလွှမ်းမိုးကာ ရှေ့ကား၊ နောက်ကား၊ ဘေးကားများကိုပင် ဖုန်မှုန့်လှိုင်းများကြောင့် မမြင်ရလောက်အောင် အခြေအနေဆိုးခဲ့သည်။ ဟိုင်းလက်၊ တောင်းအော့စ်၊ ဂျစ်ကား၊ ပါပလစ်ကာ၊ ဆန်နီပစ်ကပ်ကားနှင့် ဘုရားဖူးလာသူတို့သည် လူစင်စစ်က မျောက်ဖြူဘဝသို့ ဘဝပြောင်းကာ အတော်ပင် ဒုက္ခရောက်ကြရသည်။ မှန်လုံဘတ်စ်ကား၊ ဆလွန်းကား၊ လန်ခရူဇာ စသည့် မှန်အလုံပိတ်ကားနှင့်လာသူ ဘုရားဖူးတို့အနေနှင့်ကား ထိုဖုန်မှုန့်တို့၏ဘေးမှ ကင်းလွတ်ခဲ့ကြရသည်။

ယခုတစ်ခေါက် ဘုရားဖူးလာရာ၌ လမ်းများတွင် ကတ္တရာအချောခင်းထားခြင်းကြောင့် ဖုန်ထူလမ်းကြမ်းသည့် အန္တရာယ်မှ ကင်းလွတ်ခဲ့ရသည်။ ထို့ကြောင့် ခရီးတွင်လှပြီး ဓနုဖြူမြို့သို့ အချိန်တိုအတွင်း ရောက်ရှိခဲ့သည်။

www.burmeseclassic.com

"အဖေတို့လာတုန်းက ဒီမြို့ကိုဖြတ်ပြီး လာခဲ့တာ၊ အပြန်မှ ဘုရားဝင်ဖူးဖို့ စီစဉ်ထားလို့ ဒီမြို့ကို အခု အပြန်ခရီးမှ ဝင်တာ၊ သမီးတို့ အတန်းငယ်တုန်းက သင်ခဲ့ဖူးတဲ့ စစ်သူကြီးမဟာဗန္ဓုလဟာ ဒီမြို့မှာ နယ်ချဲ့အင်္ဂလိပ်ကို ခုခံတိုက်ခိုက်ရင်း ကျဆုံးခဲ့ရတယ်၊ ဒါကြောင့် သမိုင်းမှာ အခရေပါခဲ့တယ်၊ နယ်ချဲ့အင်္ဂလိပ်တို့ မြန်မာနိုင်ငံကို သိမ်းပိုက်တဲ့အခါမှာလည်း ဓနုဖြူနယ်က ဗိုလ်မြတ်ထွန်းက အင်္ဂလိပ်နယ်ချဲ့တို့ကို အသက်စွန့်ပြီး တွန်းလှန်ခဲ့တဲ့မြို့ပေါ့။

ဒီမြို့မှာ ရှေးဟောင်းသမိုင်းဝင် ကျိုက်ကလွန်ပွန်းစေတီတော်ကြီးဟာ ကြည်ညိုဖွယ်ကောင်းသလို ဆုတောင်းလည်း အလွန်ပြည့်လို့ ဘုရားဖူးတွေ ဇလွန်ပြည်တော်ပြန်ဘုရားဖူးပြီး အပြန်မှာဖြစ်ဖြစ်၊ အသွားမှာဖြစ်ဖြစ် ဝင်ရောက်ဖူးမြော်ကြလို့ ပြည်တော်ပြန်ဘုရားမှာလိုပဲ ဘုရားဖူးတွေနဲ့ စည်ကားနေတယ်။

အဖေတို့ တက္ကသိုလ်မှာ ကျောင်းဆရာဖြစ်စ ၁၉၇၀ ပြည့်နှစ် ဝန်းကျင်က ဒီကျိုက်ကလွန်ပွန်းဘုရားကို ကားနဲ့လာဖို့ မလွယ်ကူ၊ သင်္ဘောနဲ့လာရတယ်။ အဖေ ဓနုဖြူကို ၁၉၇၄ ခုနှစ်က ပထမဆုံးအကြိမ် ဆယ်တန်းကျောင်းသားတွေကို တက္ကသိုလ်ဘာသာရပ်ဆိုင်ရာ ဆရာတွေကို ဖိတ်ခေါ်ပြီး ဟောပြောပွဲလုပ်လို့ ပထမဆုံးအကြိမ် ရောက်ခဲ့တာပါ"

၁၉၇၀ ပြည့်နှစ်၌ စာရေးသူ လုပ်သားကောလိပ် သမိုင်းဌာန၌ အချိန်ပိုင်းနည်းပြအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၇၃ ခုနှစ်၌ ရန်ကုန် ဝိဇ္ဇာသိပ္ပံတက္ကသိုလ် သမိုင်းဌာန၌ အချိန်ပြည့်နည်းပြအဖြစ် ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ခဲ့သည်။ ထိုစဉ်က စာရေးသူအနေနှင့် မဟာဝိဇ္ဇာတန်းရေးဖြေစာမေးပွဲ အောင်မြင်ပြီး၍ မဟာဝိဇ္ဇာဘွဲ့အတွက် သုတေသန ကျမ်းပြုစုရင်း၊ တစ်ဖက်က တက္ကသိုလ်နည်းပြဆရာအဖြစ် တာဝန်ထမ်းဆောင်ချိန် ဖြစ်သည်။



စာရေးဆရာကြယ်နီ တန်ဆောင်းအတွင်းရှိ ကျောက်သားဆင်းတုတော်



ရွှေပိုင်းတန်ဆောင်း၌ ကိန်းဝပ်စံပယ်တော်မူသော ရုပ်ပွားတော်များ



...တန်ဆောင်း၌ ကိန်းဝပ်စံပယ်တော်မူသော ရုပ်ပွားတော်များ



ရွှေပိုင်းအနီး အာရုံခံတန်ဆောင်းမှ ရုပ်ပွားတော်များ



www.burmeseclassic.com

www.burmeseclassic.com



(၁၁)မိုးပြိုင်း (၁၁)ပါးအကျိုးရ လက်ပွားတော်ဘုရား



လက်ပွားတော်ဘုရား၏ လက်ဝဲလက်ချောင်းတော်ခြောက်ချောင်းကို ဖူးမြင်ရပုံ

စာရေးသူတို့၏ သမိုင်းဌာန ပါမောက္ခမှာ ဆရာကြီး ဦးတင်အုန်း ဖြစ်သည်။ မဟာဝိဇ္ဇာတက်စဉ် စာရေးသူတို့ မဟာဝိဇ္ဇာ ကျောင်းသားများအား ခေတ်သစ်ဥရောပ သမိုင်းဘာသာရပ်ကို သင်ကြားပို့ချပေးရာ၌ အပိုအလိုမရှိ ရှင်းလင်းပြတ်သားစွာ သင်ကြားခဲ့၍ စာရေးသူတို့၏ လေးစားကြည်ညိုခြင်းကို ခံရသည့် ဆရာကြီးဖြစ်သည်။ ဂျပန်ခေတ်တက္ကသိုလ်ကာလမှ ယခုအချိန်အထိ နှစ်ပေါင်းများစွာ သမိုင်းဘာသာရပ် (ဥရောပသမိုင်း) သင်ကြားရာ၌ အထူးပင် အသေးစိတ် ရှင်းလင်းပြတ်သားစွာ သင်ကြားနိုင်သူဖြစ်ပြီး အင်္ဂလိပ်ဘာသာစကားဖြင့် ရှင်းလင်းပြတ်သားစွာ သင်ကြားပေးနိုင်ခဲ့သည်။

စာရေးသူ သမိုင်းဌာန၌ တာဝန်ထမ်းဆောင်သောအခါ၌လည်း ဆရာရင်း၊ တပည့်ရင်းဖြစ်၍ စာရေးသူအပေါ်သားသမီးသဖွယ် စောင့်ရှောက်ပေးခဲ့သည့် ကျေးဇူးရှင်ဆရာကြီးဖြစ်သည်။ ဆရာဦးတင်အုန်းသည် ဌာနရှိ ဆရာ၊ ဆရာမအပြောင်းအရွှေ့ကိုလည်း တာဝန်ယူဆောင်ရွက်ရသူဖြစ်ရာ တစ်နေ့ စာရေးသူကို ကျောင်းရုံးအကူ ကိုမြခင်ကို အခေါ်လွှတ်၍ ဆရာကြီးအခန်းသို့ သွားရောက်တွေ့ဆုံခဲ့သည်။

"မောင်မျိုးမြင့်၊ မင်း MA ရေးဖြေအောင်ပြီးသူဖြစ်လို့ မကွေးကောလိပ်ကို ပြောင်းရမယ်၊ လူပျို လူလွတ်ဖြစ်လို့ မင်းကို မကွေးကောလိပ် Transafar လုပ်ဖို့စီစဉ်တာ၊ မင်းပြင်ထား၊ မကွေးမပြောင်းခင် မင်းမနုဖြူမြို့မှာ တက္ကသိုလ်ဝင်တန်းဖြေမယ့် ဆယ်တန်းကျောင်းသားတွေကို သမိုင်းဘာသာရပ် သွားဟောရမယ်၊ ဒီနေ့ ညနေ စဥ္စအိုးသင်္ဘောဆိပ်ကို ဆင်းရမယ်၊ သချာဌာနက လမ်းစဉ်လူငယ် စည်းရုံးရေးမှူး ဆရာဦးကျော်ညွန့် စောင့်နေမယ်၊ မင်း ဆက်ဆက်သွားရမယ်။

မနုဖြူမြို့တာ ငါ့ရဲ့ဇာတိဖြစ်သလို ငါ့ဆွေမျိုးတွေလည်း ရှိတယ်၊ မင်း သေသေချာချာ ကျောင်းသားတွေကို



ရာဇမုနိတန်ဆောင်းအတွင်းရှိ ရုပ်ပွားတော်များ



www.burmeseclassic.com

www.burmeseclassic.com

ဟောခဲ့၊ ဆယ်တန်းသင်ရိုးနဲ့ ဘာတွေအဓိကထား ဟောရမယ်ဆိုတာ ဆရာ အခုပဲ မင်းကို လမ်းညွှန်ပေးမယ်"

ပါမောက္ခ ဆရာဦးတင်အုန်း၏ ရှည်လျားလှသော လမ်းညွှန်စကားကို ကြားနေရသော်လည်း မကွေးကောလိပ်ကို ပြောင်းရမယ့်အရေးကြောင့် စိတ်သောကဖိစီးနေ၍ ကြားတစ်ချက်၊ မကြားတစ်ချက်ဖြင့် စိတ်ကစဉ့်ကလျားဖြစ်မှုကို ခံစားနေရသည်ကို ကျေးဇူးရှင်ဆရာကတော့ မသိနိုင်။


ထိုစဉ်ကာလ၌ စာရေးသူအနေနှင့် လူပျိုလူလွတ်တစ်ယောက် ဖြစ်သည်က မှန်သော်လည်း မကြာမီ အိမ်ထောင်ပြုတော့မည့် အကြောင်းကိုတော့ ကျေးဇူးရှင်ဆရာကြီး မသိ၍ မကွေးပြောင်းရွှေ့ရေးကို ပြောကြားခဲ့ခြင်းဖြစ်ပေမည်။ စာရေးသူသည် ငယ်ကြောက်ဖြစ်ရသော ကျေးဇူးရှင်ဆရာကြီး၏ အမိန့်ပေးချက်ကို မငြင်းဆန်ဝံ့သလို ဆရာကြီး၏ မြို့ငြင်မှာကိုလည်း စိုးကြောက်သောကြောင့် ဆရာကြီး ပြောသမျှ၊ ညွှန်ကြားသမျှကို ကြားတစ်ချက်၊ မကြားတစ်ချက်ဖြင့် မှတ်ယူရင်း ခေါင်းများ ပြန်နေမိသည်။ ဆရာကြီးက ရှင်းလင်းပြောကြားပြီးနောက် -

"မင်းအိမ်ပြန်ပြီး အဝတ်အစားပြန်ယူပြီး သင်္ဘောဆိပ်ဆင်းတော့" ဟု စကားအဆုံး၌ ပါမောက္ခအခန်းမှ ထွက်ခွာလာခဲ့ပြီး မိမိရုံးခန်းမှ ယူစရာရှိသည်များကို ယူကာ နာရီကို ကြည့်လိုက်မိသည်။ နေ့လယ် ၁၂ နာရီထိုးရန် မိနစ်ပိုင်းမျှသာလို၍ မိမိအခန်းမှ အမြန်ထွက်ခွာပြီး ပြည်လမ်းရှိ ဆေးတက္ကသိုလ်(၁)ရှိရာ လိပ်ခုံးအဆောက်အအုံသို့ သုံးဘီးအငှားယာဉ်တို ငှားကာ ထွက်ခွာလာခဲ့တော့သည်။

ထိုအချိန်၌ ဆေးတက္ကသိုလ်နောက်ဆုံးနှစ် အပိုင်း(ခ) တော့ချင်းသူ ကျောင်းသားများသည် ဆရာဝန်ဘွဲ့ရရှိရန် နောက်ဆုံး ရေးဖြေစာမေးပွဲကို ဖြေဆိုနေချိန်ဖြစ်၍ စာရေးသူ၏ ချစ်သူသက်ထား ဆရာဝန်လောင်း မညွန့်ညွန့်



အရိုပေတွေ့ယူဘုရားတိုက်နှင့် ပေါ်တော်မူစေတီ



ဆရာအီကြာကွေးပြုပြင်သော အီကြာကွေးတန်ဆောင်း(မင်းပိုင်တန်ဆောင်း)




ရွှေပိုင် အာရုံခံတန်ဆောင်း



www.burmeseclassic.com

www.burmeseclassic.com



နောင်တော်ကြီးစေတီ

တစ်ယောက်လည်း မွန်းလွဲ ၁ နာရီ၌ စာမေးပွဲဖြေရန် လိပ်ခုံး အဆောက်အအုံသို့ ရောက်ရှိနေပေမည်။ နေ့လယ်တွင် လာရောက်တွေ့ဆုံ အားပေးမည်ကိုလည်း မှာထားပြီးဖြစ်၍ ဓနုဖြူမသွားမီ သွားရောက်တွေ့ဆုံ အားပေးစကား ပြောကြားရန် လိပ်ခုံးသို့ သွားရောက်ခြင်းဖြစ်ပေသည်။ လိပ်ခုံး အဝင်ရှေ့ရှိ မြောင်းနှုတ်ခမ်းများကို ကျောင်းသူ ကျောင်းသားများ စာမေးပွဲဖြေဆိုရန် စာကျက်နေသည့်ကြားမှ ချစ်သူသက်ထားကို အလွယ်တကူ ရှာဖွေနိုင်ခဲ့ပြီး ဓနုဖြူမြို့ ဟောပြောပွဲကို တာဝန်အရ သွားရောက်ရမည်ဖြစ်၍ နှုတ်ဆက်ခဲ့ကြောင်း ပြောကာ စာကျက်မပျက်စေရန် အမြန်နှုတ်ဆက်ကာ ဆေးတက္ကသိုလ်(၁) လိပ်ခုံးခန်းမရှေ့မှ အမြန်ထွက်ခွာခဲ့သည်။ မည္သန့်စိတ်အတွင်း၌ အနှောင့်အယှက်မဖြစ်စေရန် မကွေးပြောင်းရမည့်ကိစ္စကိုတော့ မပြောခဲ့တော့ပေ။

**Final Part II** စာမေးပွဲ ဖြေဆိုပြီးနောက် အောင်စာရင်း ထွက်ပြီးလျှင် စေ့စပ်ပွဲနှင့် လက်ထပ်ပွဲပြုလုပ်ရန် နှစ်ယောက်သား တိုင်ပင်ထား၍ မကွေးကောလိပ် ပြောင်းရွှေ့ရမည့်ကိစ္စသည် စာရေးသူအတွက် ကြီးမားလှသော အနှောင့်အယှက်ကြီးတစ်ခု ဖြစ်နေပေသည်။

စာရေးသူသည် ဓနုဖြူမြို့သို့ တစ်ကြိမ်တစ်ခါမျှ မရောက်ဖူးခဲ့ပေ။ တက္ကသိုလ်ဝင်တန်း ဟောပြောပွဲများနှင့် ပတ်သက်၍ နတ္တလင်း၊ ပေါင်းတည်၊ ကမ္မ၊ မော်ဘီ စသည့် မြို့အသီးသီးသို့ သွားရောက်ဟောပြောခဲ့ဖူးသော်လည်း ဓနုဖြူမြို့သို့ကား ယခုအကြိမ်သည် ပထမဆုံးအကြိမ်ဖြစ်သည်။ စာရေးသူသည် လုပ်သားကောလိပ်သမိုင်းဌာန၌ အချိန်ပိုင်း နည်းပြအဖြစ် တာဝန်ထမ်းဆောင်သည့် ၁၉၇၀ ပြည့်ကစတင်ပြီး ၁၀ တန်း သမိုင်းဘာသာ အဖြေလွှာများကို စစ်ဆေးခြင်း၊ မုဒုံ၊ မိုးညှင်းမြို့များမှ အထက်တန်းပြဆရာမများ ရန်ကုန်သမိုင်းဌာန၌ ၁၀ တန်းစာမေးပွဲ အဖြေလွှာ လာရောက်စစ်ဆေးစဉ်



အောင်မြေနေရာ



ရာဇမုနိတန်ဆောင်း




www.burmeseclassic.com

ww.burmeseclassic.com

တက္ကသိုလ်ဝင်တန်း မြန်မာနှင့် ကမ္ဘာ့သမိုင်းဘာသာရပ်များကို အမှတ်ပေးစည်းမျဉ်းနှင့်အညီ သင်ကြားပို့ချနိုင်ရန် မှတ်စုများ ရေးပေးရန် အကူအညီတောင်းခဲ့၍ ၁၀ တန်းသမိုင်းဘာသာ ရပ်ကို မှတ်စုရေးသားပေးဖူးသည့် အတွေ့အကြုံအရ စာရေး သူသည် ၁၀ တန်းကျောင်းသားများကို ဟောပြောရာ၌ အထူးပြင်ဆင်ရန်မလိုဘဲ ပါမောက္ခဆရာကြီး ဦးတင်အုန်း၏ လမ်းညွှန်ချက်အတိုင်း ဟောပြောခဲ့ရာ မနေ့ဖြူမြို့ဟောပြောပွဲ သည် အထူးအောင်မြင်ခဲ့သည်။

မြန်မာ့သမိုင်း၊ ကမ္ဘာ့သမိုင်း နှစ်ဘာသာကို နှစ်နာရီ ကျော်ကြာအောင် တစ်ဦးတည်း ကျောင်းသားများ မှတ်မိ လွယ်ပြီး စာမေးပွဲဖြေဆိုရာ၌ အချက်အလက်ပြည့်ပြည့်စုံစုံဖြင့် အမှတ်များများရနိုင်ရန် ဟောပြောခဲ့ရာ ရုပ်ရှင်ရုံအပြည့် လာရောက်သင်ကြားမှုကို ခံယူကြသော တက္ကသိုလ်ဝင်တန်း ကျောင်းသားကျောင်းသူများ၏ စိတ်ဝင်စားစွာ အားပေးမှုကို ခံယူခဲ့ရသည်။ မကွေးကောလိပ်သို့ ပြောင်းရွှေ့ရေး သောက ကို မေ့ထားပြီး မိမိတာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ခဲ့၍ ဆရာတစ်ဦး၏စိတ်ဓာတ်ကို ဖော်ထုတ်နိုင်ခဲ့သည်။ မြို့နယ် အောင်စီ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပါတီယူနစ်ကော်မတီဝင်များ၊ ဟောပြောပွဲကို ကြီးမှူးကျင်းပပေးသည့် လမ်းစဉ်လူငယ် မြို့နယ်ကော်မတီဝင်များ အနေနှင့် ကျေးဇူးတင်စကား ပြောကြားခြင်းကိုလည်း ခံယူခဲ့ရသည်။


မနေ့ဖြူ၌ တစ်ညတာအိပ်စက်ပြီး နောက်နေ့၌ ဟော ပြောပွဲသို့ လာရောက်ဟောပြောခဲ့သည့် ဆရာဒေါက်တာ ညွန့်ဝင်း(ဓာတုဗေဒ) ဆရာမစ္စတာအေဘယ်လ် အင်္ဂလိပ်စာ ဌာန၊ ဆရာဦးအောင်သင်း (ပထဝီဝင်ဌာန)၊ ဆရာဦးတင်ဝင်း (မြန်မာစာဌာန)၊ ဆရာဒေါက်တာကျော်ညွန့်(သင်္ချာဌာန)နှင့် စာရေးသူတို့ ပါဝင်ခဲ့သည်။ ဓာတုဗေဒသင်ကြားပို့ချသည့် မြွားရေးတက္ကသိုလ်မှ ဆရာနှင့် ရူပဗေဒသင်ကြားပို့ချပေး



ပြတိုက်အတွင်းရှိ ရှေးဟောင်းဆင်းတုတော်များ



နန်းဦးဘုတောင်းပြည့် မောင်ဘုရား (အလျှူတန်ဆောင်းအတွင်း ကိန်းဝပ်စံပယ်သည်)



ရွှေရင်သာစေတီတော် အစင်မှန်ဦး



ကိုးနဝင်းတန်ဆောင်း



www.burmeseclassic.com

www.burmeseclassic.com



ကျိုက်ကလွန်ပွန်းဘိုးဘိုးကြီး ရုပ်တု



ဗိုးသူတော်နှစ်ဦးနှင့် ကြေးခေါင်းလောင်းတော်



သူငယ်တော်နှစ်ဦး ထမ်းထားသော ကြေးခေါင်းလောင်း

သော ဆရာတို့၏အမည်ကိုကား နှစ်ပေါင်း ၄၀ ကျော် ကြာခဲ့ပြီဖြစ်၍ မမှတ်မိတော့သည်ကို ခွင့်လွှတ်ရန် တောင်းပန်အပ်ပေသည်။

(စာရေးသူ ရေးသားနေသည့် ဓနုဖြူမြို့သို့ ပထမဦးဆုံးအကြိမ်ရောက်ရှိခဲ့ပုံသည် ကျိုက်ကလွန်ပွန်းစေတီတော်မြတ်ကြီး ဆုတောင်းပြည့်ဝပုံကို ကိုယ်တွေ့ရေးသားလို၍ အကျယ်ရေးသားရခြင်းဖြစ်သည်။ စာရှုသူများအနေနှင့် စိတ်ရှည်ရှည်ထား၍ ဆက်လက်ဖတ်ရှုရန် မေတ္တာရပ်ခံအပ်ပါသည်။)


တက္ကသိုလ်ဆရာများ ဟောပြောပွဲကြီးကို အောင်မြင်စွာ ဟောပြောပေးမှုအပေါ် ပါတီ၊ ကောင်စီမှ လူကြီးများက ကျေးဇူးတင်လှ၍ ဓနုဖြူမြို့ရှိ အထင်ကရနေရာများသို့ လိုက်ပို့ပေးရန် နောက်တစ်နေ့၌ စီစဉ်ပေးသည်။ ကျိုက္ကလွန်ပွန်းစေတီတော်၊ စစ်သူကြီးမဟာဗန္ဓုလ၏ အင်္ဂလိပ်တပ်များကို ရဲဝံ့စွာ ခုခံတိုက်ခိုက်ခဲ့သောနေရာ၌ တည်ရှိသည်။ ဗန္ဓုလကြေးရုပ်၊ သုတ်သုံးကျမ်း၊ ဝိနည်းငါးကျမ်း၊ အဘိဓမ္မာ ခုနစ်ကျမ်းကို ကျောက်ထက်အက္ခရာတင်ထားသော ကျောက်စာ ၃၉၉ ရှိရာ ပိဋကတ်ကျောက်စာတိုက်၊ ဧရာဝတီမြစ်ကမ်းနဖူးတို့ကို လိုက်လံပြသပြီးနောက် ကျိုက္ကလွန်ပွန်းစေတီတော်မြတ်ရှိရာသို့ ပို့ဆောင်ပေးလေသည်။ ယခုလိုက်လံပို့ဆောင်ပေးသော နေရာတို့ကို ဓနုဖြူမြို့သားတို့က -

အရှေ့မှာ နဂါး (ဧရာဝတီမြစ်ကို ဆိုလိုသည်။)

အနောက်မှာ တရား (ပိဋကတ်ကျောက်စာတိုက်ကို ဆိုလိုသည်။)

တောင်မှာ ဘုရား (ကျိုက္ကလွန်ပွန်းစေတီတော်မြတ်ကို ဆိုလိုသည်။)

မြောက်မှာ ဓား (စစ်သူကြီး မဟာဗန္ဓုလခံတပ်နှင့် ကြေးရုပ်ရှိရာကို ဆိုလိုသည်။)



ဥယျာဉ်မှီမင်းသမီး အစွာပြုခဲ့သော သီရိမင်္ဂလာဧရာဇ်



www.burmeseclassic.com

www.burmeseclassic.com

ဟူ၍ အတိုပြုမှတ်သား ခေါ်ဆိုကြကြောင်းကိုလည်း လိုက်လံပို့ဆောင်ပေးသောသူတို့က ရှင်းပြသည်။

ကျိုက္ကလွန်ဗွန်းစေတီတော်မြတ်ကြီးထံမှောက် ရောက်လေသောအခါ ဂေါပကအဖွဲ့လူကြီးတို့ထံ စာရေးသူတို့ဆရာအဖွဲ့ကို အပ်နှံပြီးနောက် ဂေါပကအဖွဲ့၏ တာဝန်ရှိသူတို့လ်က လိုက်လံရှင်းပြလေသည်။

စာရေးသူ အမှတ်ရရှိသော နေရာမှာ -

"အဲဒီနေရာက ဆုတောင်း အလွန်ပြည့်တဲ့နေရာပဲ၊ ရွှေမင်းအဆက်ဆက် စစ်ဆင်ရေးအတွက် စစ်ထွက်ကြတဲ့အခါ အဲဒီနေရာမှာ အောင်မြေနင်းပြီးမှ စစ်ထွက်ကြတယ်၊ အာယာဝတီမင်းသားတောင် နောင်တော်ဘကြီးတော်မင်းကို ပုန်ကန်မခြားနားမီ ဒီအောင်မြေကိုနင်းပြီး ကျိုက္ကလွန်ဗွန်းစေတီတော်မြတ်ကြီးထံ ထီးနန်းအရေးအတွက် ဆုတောင်းခဲ့လို့ ရွှေဘိုထွက်ပြီး နောင်တောင်ကို ပုန်ကန်ရာမှာ အောင်မြင်ခဲ့ပြီး အင်းဝထီးနန်းကို ရရှိခဲ့ဖူးတယ်၊ ဆုတောင်းပြည့်တဲ့ အောင်မြေပါပဲ"

ဂေါပကဘုရားလူကြီး ညွှန်ပြရာ အောင်မြေနေရာသို့ ရှေ့ဆုံးမှရောက်ခဲ့သူမှာ စာရေးသူပင်ဖြစ်သည်။ အောင်မြေ၌ ဒူးထောက်ထိုင်ကာ ကျိုက္ကလွန်ဗွန်း စေတီတော်မြတ်ကြီးအား အာရုံပြုရင်း -

"ဘုရားတပည့်တော်သည် လောလောဆယ် အိမ်ထောင်ပြုရန်ကိစ္စ ရှိနေပါသဖြင့် မကွေးကောလိပ် (ထိုစဉ်က မကွေးတက္ကသိုလ်မဖြစ်သေးပေ) သို့ ပြောင်းရွှေ့ရမည့်ကိစ္စ ချက်ပြယ်ရပါလို၏ ဘုရား"

ဟု ဆုတောင်းမပြည့်နိုင်မှန်းသိလျက် တောင်းဆိုခဲ့ပါသည်၊ ပါမောက္ခ၏ နှုတ်မိန့်စကားအရ မလွဲမသွေ မကွေးကောလိပ်သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရမည်မှာ ... သေချာနေသော်လည်း ရေနစ်သူတစ်ယောက် ... အသက်ရှင်လိုရှင်ငြား တွယ်စရာတစ်ခုခုကို ဖက်တွယ် ... ဖြစ်သည်။ ဆုတောင်းစဉ်အချိန်၌ ကျိုက္ကလွန် ဗွန်းစေတီတော်ကြီးကို အမိကအာရုံပြုပြီး ဘုရားရှင်၏ ... ဓာတ်တော်အပေါင်းကို ရည်မှန်း၍ ပူဇော်လိုက်ရ သည်။

စာရေးသူအနေနှင့် ဂေါပကလူကြီး၏ ဦးဆောင်ခေါ် ... နောက်သို့ လိုက်ပါရင်း ရှင်းလင်းပြောကြားသမျှ ... ကြားနာခဲ့၏၊ ကြားတစ်ချက်ဖြင့် စိတ်နှင့်လူမကပ်ဘဲ ... ဆုတောင်းပြည့်ကပ်ကျော် ကျိုက္ကလွန်



စာရေးဆရာကြီးကြယ်နီ တန်ဆောင်း

ဗွန်းစေတီတော်မြတ်ကြီးကို အာရုံပြုပြီး မကွေးကောလိပ်သို့ မပြောင်းရေးအတွက်သာ အာရုံပြုဆုတောင်းနေမိတော့သည်။

စာရေးသူ ရန်ကုန်မြို့သို့ပြန်ရောက်ပြီး ဌာနသို့ တာဝန်ထမ်းဆောင်ရန် ရောက်ရှိချိန်၌ ရုံးဝန်ထမ်းကိုမြခင် စာရေးသူ၏အခန်းသို့ ရောက်ရှိလာပြီး-

"ဆရာဦးမျိုးမြင့်၊ ဆရာ့ကို ပါမောက္ခ ခေါ်ခိုင်းတာ နှစ်ကြိမ်ရှိပြီ၊ ဆရာကြီးရုံးခန်းက စောင့်နေတယ်"

ကိုမြခင်စကား ကြားရသောအခါ မကွေးကောလိပ် ပြောင်းရွှေ့ရေးအတွက် ပြောတော့မည်ဟူသောအသိကြောင့်


ကျိုက်ကလွန်ဗွန်းစေတီတော်အဝင် စောင်းတန်းကြီး

www.burmeseclassic.com

ပါမောက္ခရုံးခန်းရှိရာ အစွန်ဆုံးအခန်းသို့ ဖြည်းနှေးစွာ လျှောက်သွားမိသည်။ ဆရာ့ရုံးခန်းအတွင်း ဝင်ရောက်မိသော အခါ-

"မောင်မျိုးမြင့်၊ ဘယ်တုန်းက ပြန်ရောက်သလဲ"

"ကျွန်တော် ဒီနေ့မနက်စောစော ပြန်ရောက်ပါတယ် ဆရာ၊ မနေ့ဖြူပော့ပြောပွဲမှာလည်း အဆင်ပြေပါတယ်"

"မနေ့ဖြူက ဆရာ့ဇာတိမြို့ပဲ၊ မင်း ဟိုမှာ ဟောပြောခဲ့တာကို နှစ်သက်ကြကြောင်း ငါ တယ်လီဖုန်းကတစ်ဆင့် ကြားပြီးပြီ၊ ဒါနဲ့ မင်းအခု မဟာဝိဇ္ဇာဘွဲ့အတွက် ကျမ်းပြု နေတာ တော်တော်ပြီးပြီလား"

"ကျွန်တော် အခန်းငါးခန်းရှိတဲ့အနက် လေးခန်းပြီးပါ ပြီဆရာ၊ နောက်ဆုံးတစ်ခန်းပဲ ကျန်ပါတော့တယ်"

"ဒါဆို တစ်နှစ်နဲ့ ပြီးမလား"

"ပြီးအောင် ကျွန်တော် ကြိုးစားပါ့မယ်"

"ဒါဆို မင်း မကွေးကို မပြောင်းနဲ့ဦး၊ နောက်တစ် ယောက် အစားထိုးပို့လိုက်မယ်၊ မင်းကတိအတိုင်း Thesis ကို တစ်နှစ်အတွင်းပြီးအောင် ရေးရမယ်၊ ငါလည်း ပင်စင်သွား ခါနီးနေတော့ မင်း ကျမ်းပြုပြီးတာကို မြင်ချင်တယ်"

"ဟုတ်ကဲ့ပါ ဆရာ"

"ဒါဆို သွားတော့"

စာရေးသူအနေနှင့် ပါမောက္ခအခန်းမှ စိတ်လက် ပေါ့ပါးစွာ ထွက်လာခဲ့ပြီး စာရေးသူ၏အခန်းရှိရာသို့ အမြန် ပြန်လာခဲ့မိသည်။ ကျိုက္ကလွန်ဗွန်းဘုရားကြီး၏ တန်ခိုးတော် ကြောင့် တောင်းသည့်ဆုနှင့် ပြည့်ဝခဲ့ပေပြီတကားဟု ရေရွတ် နေမိတော့သည်။

ဒါကြောင့်လည်း ဇလွန်ဘုရားဖူးထွက်တိုင်း ကျိုက္က လွန်ဗွန်းဘုရားအား ဝင်ရောက်ဖူးမြော်ပြီး အောင်မြေနင်းကာ ဆုတောင်းခဲ့သည်မှာ နောင်အခါ၌ အကြိမ်ပေါင်းမနည်းတော့ ပေ။ ယခု တစ်ခါမျှ မရောက်ဖူးသည့် သမီးချွေးမဖြစ်သူ နန်းအွန်ခမ်းကိုလည်း လိုက်ပို့ရင်း အသည်းရောဂါအတွက် စာရေးသူ အောင်မြေနင်းကာ ဆုမွန်တောင်းရန် ရည်ရွယ်၍ ကျိုက္ကလွန်ဗွန်းဘုရားသို့ ရောက်ခဲ့သည်။

ကျိုက္ကလွန်ဗွန်းဘုရားသို့ မရောက်ဖြစ်ခဲ့သည်မှာ ဇလွန် ပြည်တော်ပြန်ဘုရားသို့ မရောက်ဖြစ်ခဲ့သည့်ကာလနှင့် အတူ တူပင်ဖြစ်သည်။ မရောက်တာကြာ၍လားမသိ ကျိုက္ကလွန်ဗွန်း စေတီတော်၏ပြင်ပ ကားရပ်နားနေရာတို့၌ ဘုရားဖူးကားများ ဖြင့် ပြည့်ကျပ်နေရာ ကားရပ်စရာနေရာပင် အတော်ရှာခဲ့ရ သည်။ ဘုရားဖူးများလည်း အဝင်မုခ်ဦးနှင့် စောင်းတန်း တစ်လျှောက် ကြိတ်ကြိတ်တိုးအောင် စည်ကားနေသည်။ မှန်စီရွှေချတိုင်လုံးများဖြင့် အဝင်စောင်းတန်းသည် ခမ်းနား ထည်ဝါလှသည်။ စောင်းတန်းအဝင်မုခ်ဝရှိ ကရေကရာ ရောင်းသည့် ဈေးသည်တို့မှာ ရှေးယခင်ကာလများအတိုင်းပင် ဘုရားဖူးများကို အပြိုင်အဆိုင်ခေါ်ယူ၍ အမြည်းပေးကာ ဝယ်ချင်အောင် ဆွဲဆောင်နေကြသည်မှာ ယခင်နှစ်များက အတိုင်းပင် ဖြစ်ပေသည်။

စောင်းတန်းအဝင်မှ အလယ်လောက်တွင် လက်ဝဲ ဘက်၌ စပါးကြီးမြွေများထားရာ အဆောက်အအုံ၌ စပါးကြီး မြွေများ မတွေ့ရခြင်းက ယခင်နှစ်နှင့်ယခု ကွာခြားချက်ပင် ဖြစ်သည်။ ရင်ပြင်တော်ရောက်ခါနီး ညာဘက်၌ ရွှေချထား သော တိုင်လုံးနှစ်လုံးကြား၌ -

"ဥမ္မာဒန္တီမင်းသမီး သစ္စာပြုခဲ့သော သီရိမင်္ဂလာ ရေကန်" ဟု ကမ္ပည်းရေးထိုးထားသော စောင်းတန်းငယ်ကို လည်း တွေ့ရသည်။ ထိုစောင်းတန်းငယ်မှ ဝင်ရောက်ပါက ရေကန်ပေါ်တွင် တည်ဆောက်ထားသော ခမ်းနားလှသည့် တန်ဆောင်းအဆောက်အအုံတစ်ခုကို တွေ့ရသည်။ ဥမ္မာဒန္တီ မင်းသမီးသည် ကျိုက္ကလွန်ဗွန်းဘုရားကြီး၏ ဒကာမဖြစ်ပြီး နောင် ဆက်လက်၍ ဘုရားသမိုင်းအကျဉ်းကို ရေးသားရာ၌ အသေးစိတ် ထုတ်ပြပေးသည်ဖြစ်သည်။

သီရိမင်္ဂလာရေကန်ကို ကျော်လွန်၍ ရင်ပြင်တော်ပေါ် ထွက်ခါနီး လက်ယာဘက်၌ "လာဘမုနိနဂါးရုံဘုရား ကြယ်နီ နဂါးရုံဘုရား ကြယ်နီတန်ဆောင်း"ဟု ကမ္ပည်းမှတ်တမ်း ရေးထိုးထားသော ရှေးဟောင်း အုတ်တန်ဆောင်းကို တွေ့ရ သည်။ အုတ်တန်ဆောင်းအတွင်း၌ ကျောက်ဆင်းတု ရုပ်ပွား တော်တစ်ဆူနှင့် ကြေးဆင်းတု ရုပ်ပွားတော်တစ်ဆူတို့ကို ဖူးမြော်ရသည်။

ဤတန်ဆောင်း၏ ကောင်းမှုရှင်မှာ မြန်မာစာပေ သမိုင်း၌ တံငါတို့ဘဝ သရုပ်ဖော်ဝတ္ထုများစွာကို အသေးစိတ် ပုံဖော် ရေးသားခဲ့သည့် စာရေးဆရာကြယ်နီပင် ဖြစ်သည်။ ဆရာကြယ်နီသည် ရှုမဝမဂ္ဂဇင်း၌ တံငါသည်တို့၏ ဘဝအစုံ ကို စာဖတ်သူတို့အနေနှင့် စိတ်အာရုံ၌ ကွက်ကွက်ကွင်းကွင်း မြင်သာအောင် သရုပ်ဖော်ရေးသားနိုင်၍ အထူးပင်ထင်ရှား သော၊ အောင်မြင်ခဲ့သော စာရေးဆရာကြီးတစ်ဦးပင် ဖြစ် သည်။ ဆရာ၏ အမည်ရင်းမှာ ဦးမြင့်ဆွေဖြစ်သည်။ နောက် ပိုင်းတွင် ဆရာ၏ကျန်းမာရေးကြောင့် စာပေကို ဆက်လက်





www.burmeseclassic.com

www.burmeseclassic.com

စာရေးသားနိုင်တော့ဘဲ နောက်ဆုံး ကွယ်လွန်ခဲ့ရသည်။ ဆရာ ကွယ်လွန်ပြီးနောက်မှ ဆရာ၏ဇနီးဖြစ်သူ ဒေါ်သိန်းနှင့် သမီး ဖြစ်သူ မနှင်းရည်တို့က ဆရာ့အားရည်စူးပြီး ဤတန်ဆောင်း ကြီးအား ဆောက်လုပ်လှူဒါန်းခြင်း ဖြစ်သည်။

စာရေးသူငယ်စဉ်က ရှုမဝမဂ္ဂဇင်းကို လစဉ် ငွေနှစ်ကျပ် ဖြင့်ဝယ်ယူပြီး ဖတ်ရှုရာ ဆရာသော်တာဆွေ၊ ဆရာရွှေဥဒေါင်း၊ ဆရာကြယ်နီတို့၏ ဝတ္ထုတိုများကို ဦးစွာပထမ ရှာဖွေ၍ ဖတ်ရှုပြီး ကြီးပြင်းလာရသူတစ်ယောက်ဖြစ်ကြောင်းကို ဝန်ခံ ပါရစေ။ ဒါကြောင့် ကျိုက္ကလွန်ဗွန်းစေတီတော်သို့ရောက်တိုင်း ဆရာကြယ်နီတန်ဆောင်းအတွင်းရှိ ဗုဒ္ဓရုပ်ပွားဆင်းတုတော် နှစ်ဆူကို ဝင်ရောက်ဖူးမြော်ရင်း ဆရာကြယ်နီအား မေတ္တာပို့ အမျှအတန်းဝေခဲ့သည်မှာ အကြိမ်ကြိမ်အခါခါပင် ဖြစ်သည်။ ဆရာကြယ်နီသည် စာရေးသူ၏ကျေးဇူးရှင် စာပေဆရာ အများတစ်ဦးဟုဆိုက မှားမည် မဟုတ်ပေ။

ကျိုက္ကလွန်ဗွန်းစေတီတော်၌ ဆရာကြယ်နီကဲ့သို့ စာရေးဆရာကြီး ဓနုဖြူမှကျော်ထွန်း(ခေါ်) အီကြာကွေးသည် လည်း တန်ဆောင်းဆောက်လုပ် လှူဒါန်းထားကြောင်း တွေ့ရ သည်။ စာရေးဆရာကြီး အီကြာကွေးသည် ဓနုဖြူမြို့ဇာတိ ဖြစ်သည်။ စာရေးသားခြင်း အလုပ်တစ်ခုတည်းနှင့် အသက် မွေးဝမ်းကျောင်းပြုသူဖြစ်သည်။ မြန်မာနိုင်ငံ၌ စာပေသက် သက် ရေးသားအသက်မွေးကြသည့် စာရေးဆရာအများစု သည် ချမ်းသာကြွယ်ဝကြသူများ မဟုတ်ကြပေ။ ရရစားစား [illegible] ဝါသနာအရ စာပေရေးသား ပျော်မွေ့ကြသူများဖြစ် ကြသည်။ ဘဝနှင့်ရင်း၍ စာဖတ်ပရိသတ် အသိကြွယ်ရေး အတွက် စာပေ၊ ကဗျာ ရေးသားနေကြသူများဖြစ်ကြသည်။

ဆရာကြီးအီကြာကွေးသည် အောင်မြင်ကျော်ကြား သော စာရေးဆရာတစ်ဦးပင်ဖြစ်သော်လည်း စီးပွားရေးအရ ချမ်းသာကြွယ်ဝသူတစ်ယောက် မဟုတ်ပေ။ သို့သော် ဓနုဖြူ [illegible]ဖြစ်ရုံသာမက ကျိုက္ကလွန်ဗွန်းစေတီတော်မြတ်ကြီး အား ကြည်ညိုရင်းစွဲရှိသူဖြစ်၍ ကျိုက္ကလွန်ဗွန်းစေတီတော် မြတ်ကြီး၌ အထင့်တရ အလှူတော်တစ်ရပ် လှူဒါန်းရန် [illegible]ခဲ့သည်။

ဆရာကြီးအီကြာကွေး ခေါ် ဓနုဖြူကျော်ထွန်းအနေ [illegible]အလှူရှင် ဦးစစ်လှိုင်+ဒေါ်စိုးမိသားစု ၁၂၇၁ ခုနှစ်က [illegible]ခဲ့သော မင်းပိုင်တန်ဆောင်းကြီးသည် ပျက်စီးယိုယွင်း [illegible]ကို ပြန်လည်ပြုပြင်လှူဒါန်းလိုသော စိတ်ဆန္ဒပြင်းပြ [illegible]။ ဆရာကြီးအီကြာကွေးသည် မင်းပိုင်ရပ်တွင် မွေးဖွား ခဲ့သူဖြစ်၍ မင်းပိုင်တန်ဆောင်း ပြုပြင်ရန်အတွက် ဆန္ဒ ပြင်းပြခဲ့ခြင်း ဖြစ်သည်။

ဆရာသည် မိမိ၏ သဒ္ဓါတရားပြည့်ဝရေးအတွက် ကျိုက္ကလွန်ဗွန်းစေတီတော်မြတ်ကြီးတွင် အဓိဋ္ဌာန် ပုတီးစိပ် ခြင်း၊ ဆုတောင်းခြင်းများပြုသလို ကျိုက္ကလွန်ဗွန်းစေတီတော် မြတ်ကြီး၏ ဘဏ္ဍာတော်အဖွဲ့အား မင်းပိုင်တန်ဆောင်းကြီး အား မိမိလှူဒါန်းပြုပြင်မည်ဖြစ်ကြောင်း ကတိပေးခဲ့သည်။ ဦးခင်ဇော်မြင့်(လူမှုထူးချွန်တတိယအဆင့်) ဦးဆောင်သော ဘဏ္ဍာတော်ထိန်းအဖွဲ့ကလည်း ဆရာ၏ကတိကို လက်ခံ ခဲ့သည်။

ဆရာသည် မိမိလှူဒါန်းမည်ဟူသော ကတိအတိုင်း နှစ်နှစ်အတွင်း စာရေးခြင်းဖြင့် ရရှိသောငွေ၊ ဟောပြောပွဲ များမှရရှိသောငွေ၊ ပြည်တွင်းပြည်ပနိုင်ငံများမှ ရရှိသောငွေ၊ ပြည်တွင်းပြည်ပနိုင်ငံများမှ မြန်မာနိုင်ငံသားတို့ ပါဝင်လှူဒါန်း သော ငွေများဖြင့် စုပေါင်းရရှိသော (၂၁)သိန်းကို စတင် လှူဒါန်းခဲ့သည်။

ထိုစဉ်က တန်ဆောင်းကြီးပြုပြင်ရာ၌ ကုန်ကျမည့်ငွေ (၅၁) သိန်းကို ဘဏ္ဍာထိန်းအဖွဲ့က စိုက်ထုတ် ပြုပြင်ခဲ့ရာ ကျန်ငွေ သိန်း (၃၀) ကျန်ရှိသည်။ ထိုကျန်ငွေကိုလည်း ဆက်လက်လှူဒါန်းရန် ဆရာကြီးက ကြိုးပမ်းခဲ့သည်။ ဆရာ ကြီးသည် မိမိနေထိုင်ရာ မြေကွက်နှင့်အိမ်ကို သိန်း ၁၀၀ ကျော်နှင့် ရောင်းချခဲ့ပြီး ထိုရောင်းရငွေအား ကျိုက္ကလွန်ဗွန်း စေတီတော်မြတ်ကြီး၏ ဘဏ္ဍာတော်ထိန်းအဖွဲ့ကို လှူဒါန်း ခဲ့ပြီး ဖြစ်သည်။

ဤနာမည်ကျော် စာရေးဆရာကြီးများ ဖြစ်သည့် ဆရာကြယ်နီနှင့် ဆရာအီကြာကွေးတို့၏ ကောင်းမှုများကို ရေးသားတင်ပြရခြင်းသည် စာရှုသူတို့အနေနှင့် စာရေးဆရာ ကြီးများ၏ ကောင်းမှုကို မုဒိတာပွားများနိုင်ရန်နှင့် ကျိုက္ကလွန် ဗွန်းစေတီတော်မြတ်ကြီးကို သွားရောက်ဖူးမြော်ခဲ့သော် စာရေးဆရာကြီးနှစ်ဦး၏ ကောင်းမှုတန်ဆောင်းများကို ဝင် ရောက်လေ့လာပြီး သာဓုအနုမောဒနာခေါ် ဆိုနိုင်ရန် ရည်ရွယ် ၍ ရေးသားတင်ပြလိုက်ရခြင်း ဖြစ်သည်။

စာရေးသူမိသားစုသည် ရင်ပြင်တော်ပေါ်သို့ ရောက် ပြီးနောက် ပထမဆုံး ဝင်ရောက်ဖူးမြော်ရသော အာရုံခံတန် ဆောင်းအတွင်းရှိ ဗုဒ္ဓဆင်းတုတော်မြတ်ကြီးရှေ့၌ ပထမဦးဆုံး ဦးချကန်တော့ပြီး၊ ဒေါသ၊ မောဟ၊ လောဘကင်းသောဆုကို တောင်းမိသည်။ အထူးသဖြင့် ထိုင်းနိုင်ငံ၌ သွားရောက်ဆေး



www.burmeseclassic.com

www.burmeseclassic.com

ကုသနေရသည့် အသည်း၌ ဖြစ်ပေါ်နေသော အကျိတ်ဝေဒနာ ပျောက်ကင်းစေရန်နှင့် သံသရာခရီး မရှည်စေရေးအတွက် ဝိပဿနာဉာဏ်အမြင် အမြန်ရစေရန်ဟူသော ဆုကိုသာ တောင်းမိသည်။

ကျိုက္ကလွန်ဗွန်းစေတီတော်မြတ်ကြီး၏ ဆုတောင်းပြည့်ဝမှုကို လွန်ခဲ့သော နှစ်ပေါင်းလေးဆယ်ကျော် ကာလကပင် လက်တွေ့ကြုံခဲ့ဖူးခြင်းကြောင့် စေတီတော်ကြီးအား အာရုံပြုရင်း စေတီတော်ကြီးတွင် ဌာပနာထည့်သွင်းထားသော ဘုရားရှင်၏ ဓာတ်တော်၊ မွေတော်တို့အား ရည်စူးပူဇော်ကာ မြတ်စွာဘုရား သက်ရှိထင်ရှားရှိသည့်အလား သက်ဝင်ယုံကြည်မှုဖြင့် ငါးပါးသီလခံယူခြင်း၊ ဘုရားဂုဏ်တော်ရွတ်ပွားပူဇော်ခြင်းများပြုကာ ဦးချကန်တော့မိလေသည်။

●

ရွှေဟောင်းသမိုင်းဝင် ကျိုက္ကလွန်ဗွန်းစေတီတော်ကြီး၏ ရင်ပြင်တော်ပေါ်နှင့် ပရဝဏ်အတွင်း၌ တန်ဆောင်းပေါင်း (၃၃)ခု ရှိသည်။ ထိုတန်ဆောင်းများကို မူလအလှူရှင်တို့၏ မူလပုံစံမပျက်အောင် တတ်နိုင်သမျှ ပြုပြင်ထိန်းသိမ်းထားကြောင်း တွေ့ရသည်။

ဆရာအီကြာကွေး တန်ဆောင်းသည် မူလအလှူရှင် ဦးစစ်လှိုင် + ဒေါ်စိုးတို့က ၁၂၇၁ ခုနှစ်၌ လှူဒါန်းခဲ့သော နှစ်ပေါင်းတစ်ရာကျော် ကြာခဲ့ပြီဖြစ်သော တန်ဆောင်းဖြစ်သည်။

ဆရာအီကြာကွေးက ပျက်စီးယိုယွင်းနေသော ရှေးဟောင်းအဆောက်အအုံ တန်ဆောင်းတော်ကြီးကို ချေးနှဲစာဖြင့် ပြုပြင်လှူဒါန်းခြင်းဖြစ်သည်။ ယခုအခါ ဆရာကြီး၏ ကလောင်အမည်ကိုအစွဲပြုကာ အီကြာကွေးတန်ဆောင်းဟု ခေါ်တွင်ကြသည်။ ထိုတန်ဆောင်းမျက်နှာစာတွင် **1909** ဟု ခရစ်နှစ်ကို မူလအတိုင်း ကမ္ပည်းရေးထိုးထားသည်ကိုလည်း တွေ့ရသည်။

အာရုံခံတန်ဆောင်းကြီးများအတွင်း ဗုဒ္ဓရုပ်ပွားဆင်းတုတော်များကို စကျင်ကျောက်သား၊ ကြေး၊ သစ်၊ အင်္ဂတေတို့ဖြင့် သွန်းလောင်း ထုလုပ်ပုံဖော်ပူဇော်ထားရာ ရှေးဟောင်းလက်ရာများဖြစ်ပြီး သပ္ပာယ်ကြည်ညိုဖွယ် ဖူးတွေ့ရသည်။

ကိုးနဝင်းတန်ဆောင်းကို ၁၂၀၇ မှ နှစ်စဉ် တည်ဆောက်ခဲ့ပြီး ကိုးနဝင်းကျေ ဆုတောင်းပြည့်မြတ်စွာဘုရားကို ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များမှ ရေစက်စက်ဖြင့် သွန်းဖျန်းပူဇော်ခဲ့ခြင်းကို ရည်ညွှန်းပူဇော်ထားခြင်း ဖြစ်သည်။

ဤတန်ဆောင်းအတွင်း၌ -

၁။ ဖွားတော်မူခန်း
၂။ နိမိတ်တော်ကိုမြင် တော်ရိပ်ဝင်
၃။ ဘုရားပွင့်တော်မူခန်း
၄။ ဇီဝကဆေးကုခန်း
၅။ ပရိနိဗ္ဗာန်ပြုခန်း
၆။ တေဇောဓာတ်လောင်ကျွမ်းခန်းများဖြင့် ထုလုပ်ပူဇော်ထားသည်။

ဒလဗျူတန်ဆောင်းအတွင်းသို့ ကိန်းဝပ်စံမြယ်တော်မူသော နန်းဦးဆုတောင်းပြည့်မောင်ဘုရားသည် ရှေးဟောင်းရုပ်ပွားတော်ဖြစ်သည်။ ကျိုက္ကလွန်ဗွန်းစေတီတော်ရင်ပြင်တော်ပေါ်ရှိ ဒလဗျူတန်ဆောင်းအတွင်း၌ရှိသော ရုပ်ပွားတော်နှင့် သဏ္ဌာန်တူ ဆင်းတုတော်တစ်ဆူကိုလည်း မနုဖြူမြို့လယ်၌ တည်ရှိသော သာသနာ့သောဘဏ် သိမ်တော်ကြီးအတွင်း၌ ဉာဏ်တော်တူ၊ ဘွဲ့တော်တူ ရုပ်ပွားဆင်းတုတော်တစ်ဆူ ရှိကြောင်း သိရသည်။

ရှေးဟောင်းသုတေသနဌာန၏ သုတေသန လေ့လာချက်အရ ထိုဆင်းတုတော်တို့သည် လွန်ခဲ့သော နှစ်ပေါင်း နှစ်ထောင်ကျော်ကာလက ပျူခေတ်လက်ရာဖြစ်ကြောင်း သိရသည်။ ကျိုက္ကလွန်ဗွန်း ဒလဗျူတန်ဆောင်းတွင်းရှိ နန်းဦးဆုတောင်းပြည့်မောင်ဘုရားသည် မနုဖြူမြို့တည် မွန်မင်းသာ ထရေဗညား ကိုးကွယ်သောဘုရားဖြစ်သည်။

မနုဖြူမြို့လယ် သာသနာ့သောဘဏ် သိမ်တော်ရှိ ဆင်းတုတော်မှာ နှမတော် ဒလဗျူမင်းသမီး ကိုးကွယ်သော ဘုရားဖြစ်သည်။ ထို့ကြောင့် နန်းဦးဆုတောင်းပြည့် မော ဘုရားသည် ဆုတောင်းပြည့်ဝသော ရှေးဟောင်းဆင်း ရုပ်ပွားတော်တစ်ဆူ ဖြစ်ပေသည်။

ကျိုက္ကလွန်ဗွန်းစေတီတော်မြတ်ကြီး၏ ထူးခြားသေ ရုပ်ပွားတော်တစ်ဆူမှာ လက်ချောင်းတော် ၁၁ ချောင်းပါ တော်မူသော ဆင်းတုတော်ပင်ဖြစ်သည်။ ဗုဒ္ဓသမုဟပိဋ သုံးဆူတန်ဆောင်းတော်ကြီးအတွင်း၌ ကိန်းဝပ်စံပယ်တေ မူသော ရှေးဟောင်းရုပ်ပွားတော်ဖြစ်သည်။ လက်ဝဲလ တော်၌ လက်ချောင်းတော် ခြောက်ချောင်းပါရှိပြီး လက်ဝ နှစ်ဖက်၌ လက်ချောင်းတော်စုစုပေါင်း ၁၁ ချောင်းရှိသည် ထို့ကြောင့် ထိုရုပ်ပွားတော်အား 'ဆယ့်တစ်မီးငြိမ်း၊ ဆ တစ်ပါးအကျိုးရ လက်တော်ပွားဘုရား'ဟူ၍ သတ်မှတ်ခေ ခဲ့ကြသည်။





www.burmeseclassic.com

www.burmeseclassic.com

စာရှုသူတို့အနေနှင့် ဗဟုသုတလည်း ရစေပြီး အကျိုးထူးလည်း အာရုံပြုနိုင်ရန် စာရေးဆရာကြီး ဓနုဖြူသန်းဆွေ သစ် ရေးသားထားသောစာကို ကိုးကား၍ ဆယ့်တစ်မီးနှင့် ဆယ့်တစ်ပါးအကျိုးကို ဖော်ပြလိုက်ရပေသည်။

ဆယ့်တစ်မီးကား

၁။ လောဘမီး - တပ်မက်နှစ်သက်ရသဖြင့် ပူလောင်ခြင်း၊
၂။ ဒေါသမီး - စိတ်ဆိုးရသဖြင့် ပူလောင်ခြင်း၊
၃။ မောဟမီး - အဟုတ်အမှန်ကို မသိရသဖြင့် ပူလောင်ခြင်း၊
၄။ ဇာတိမီး - ဘဝသစ်၌ဖြစ်ရသဖြင့် ပူလောင်ခြင်း
၅။ ဇရာမီး - အိုမင်းရသဖြင့် ပူလောင်ခြင်း၊
၆။ မရဏမီး - သေပျက်ရသဖြင့် ပူလောင်ခြင်း၊
၇။ သောကမီး - စိုးရိမ်ကြောင့်ကြရသဖြင့် ပူလောင်ခြင်း၊
၈။ ပရိဒေဝမီး - ငိုကြွေးရသဖြင့် ပူလောင်ခြင်း၊
၉။ ဒုက္ခမီး - ဒုက္ခဆင်းရဲကြောင့် မသာယာသဖြင့် ပူလောင်ခြင်း၊
၁၀။ ဒေါမနဿမီး - စိတ်ကိုမှီ၍မသာယာသဖြင့် ပူလောင်ရခြင်း
၁၁။ ဥပါယာသမီး - စိတ်ပင်ပန်းဆင်းရဲသဖြင့် ပူလောင်ခြင်း၊

မေတ္တာအကျိုး (၁၁)ပါးတား

၁။ ချမ်းသာစွာ အိပ်ရခြင်း၊
၂။ ချမ်းသာစွာ နိုးရခြင်း၊
၃။ မကောင်းသောအိပ်မက် မမြင်မက်ခြင်း၊
၄။ လူ နတ် ချစ်သနားခြင်း၊
၅။ ဘေးလွတ်အောင် နတ်တို့စောင့်ခြင်း၊
၆။ မီးမလောင်နိုင်ခြင်း၊
၇။ ဓားလက်နက် မထိနိုင်ခြင်း၊
၈။ အဆိပ်နှင့် မသေနိုင်ခြင်း၊
၉။ မကောင်းသောစိတ် ပျောက်ခြင်း၊
၁၀။ မျက်နှာ အဆင်းလှခြင်း၊
၁၁။ မတွေဝေဘဲ သေ၍ ဖြဟ္မာပြည်သို့ရောက်ခြင်း၊

တို့ဖြစ်ပြီး လက်ပွားတော်ဘုရာအား ဖူးမြော်ကြည်ညိုခြင်းဖြင့် ဆယ့်တစ်မီးငြိမ်းကာ မေတ္တာတော်အကျိုး ဆယ့်တစ်ပါးကို ကောန်အမှန်ပင် ရရှိနိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

ကျိုက္ကလွန်ဗွန်းစေတီတော်မြတ်ကြီး၏ ထူးခြားချက်တစ်ရပ်မှာ ရင်ပြင်တော်ပေါ်၌ အာရုံခံတန်ဆောင်းများအတွင်း ဗုဒ္ဓရုပ်ပွားတော်အဆူဆူကို မုဒြာဟန်အမျိုးမျိုးဖြင့် ဖူးမြော်ခွင့်ရရှိခြင်းပင် ဖြစ်သည်။ ရင်ပြင်တော်၌ ညာဏ်တော်မြင့်မားလှသည့် ဗျာဒိတ်ပေးရုပ်ပွားတော်ကြီးသည် ရွှေရောင်သက်န်းတော်ဖြင့် သပ္ပာယ်လှပေသည်။

ထိုရုပ်ပွားတော်ကြီးနှင့် မနီးမဝေး နောင်တော်ကြီးစေတီတော်ကိုလည်း ကျိုက္ကလွန်ဗွန်းစေတီတော်မြတ်ကြီး၏ မူလတည်ထားချိန်မတိုင်ခင်က တည်ထားသော နောင်တော်ကြီးစေတီတော် ဖြစ်သည်။

ဗျာဒိတ်ပေးရုပ်တော်မှဘုရားကြီး၏ လက်ဝဲဘက် မလှမ်းမကမ်း၌ ရွှေရင်သာတန်ဆောင်းတည်ရှိပြီး ရွှေရင်သာတန်ဆောင်း အနောက်ဘက်၌ ရွှေရင်သာစေတီတော်ကို ကြည်ညိုဖွယ် ဖူးမြော်ရသည်။

ထို့အပြင် ကျိုက္ကလွန်ဗွန်းစေတီတော်ကြီးကို ဖူးမြော်ရာတွင် တခြားစေတီများနှင့်မတူ တစ်မူထူးခြားစွာ ဖူးမြင်ရမည့် စေတီငယ်တစ်ဆူမှာ မှန်များဖြင့် အလှံကာရံထားသော ဝန္ဓကုဋိတိုက်၌ စေတီငယ်တစ်ဆူကို လေးထောင့်ကန်သဖွယ် မြေတွင်းတူးကာ တည်ထားခြင်းဖြစ်သည်။ မြေပြင်ထက်သို့ ထီးတော်၊ စိန်ဖူးတော် ပေါ်ရုံသာ ဖူးတွေ့ရပြီး စေတီ၏ ငှက်ပျောဖူး၊ ဖောင်းရစ်၊ ပန်းတင်ခုံတို့မှာ ကန်ငယ်အောက် ဆယ်တောင်ခန့်၌ တည်ထားခြင်းဖြစ်သည်။

ထိုစေတီငယ်ကို 'အရိမေတ္တေယျဘုရားသိုက်နှင့် ပေါ်တော်မူစေတီတော်'ဟု ဘွဲ့တော်ခေါ်ကြောင်း သိရသည်။ ထိုစေတီငယ်သည် ကျိုက္ကလွန်ဗွန်းစေတီတော်မြတ်ကြီးကို ဒုတိယဒါယကာအဖြစ် ကောင်းမှုပြုသော ဓနုသင်္ဂဟမင်းသည် သက္ကရာဇ် ၄၉၀ ပြည့်နှစ်၌ စေတီတော်၏ ရာဟုထောင့်တွင် လေးမြှောင့်ကန်တူး၍ လေးထောင့်ကန်သိုက်အဖြစ် သံပြား၊ ပြဒါးပြာထို့နှင့်တကွ ရွှေငွေရတနာများကို မြှုပ်နှံလှူဒါန်းထားခဲ့သည်။

ဓနုသင်္ဂဟမင်းသည် ဝိဇ္ဇာမပေသာ ရှင်ဘုရင်ဖြစ်၍ လောကီ အတတ်တို့ဖြင့် ဘုရားသိုက်ကိုစိမ်၍ နောင်အခါ ပွင့်တော်မူမည့် အရိမေတ္တေယျမြတ်စွာဘုရားအား ရည်ညွှန်းပြီး "အရိမေတ္တေယျဘုရားသိုက်"အဖြစ် တည်ထားခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ကျိုက္ကလွန်ပွန်းစေတီတော်အား စတုတ္ထအကြိမ် ပြုပြင်သည့် ဒါယကာဖြစ်သော ဟံသာဝတီဘုရင် ဓမ္မစေတီမင်းသည် ဘုရားသိုက်အပေါ်၌ လူသားတို့ဖြတ်ကျော် ခြေဖြင့်နင်းလျှင် အပါယ်ကျမည်ကိုစိုးရိမ်၍ ဘုရားသိုက်ပေါ်၌ ဉာဏ်တော် ၇ တောင် ၂ မိုက်ရှိသော စေတီတော်တည်ထားတော်မူခဲ့သည်။

ထိုစေတီ၌ ဓမ္မစေတီမင်းကြီးသည် ရာဇာဓိရာဇ်မင်းလက်ထက်မှ ကျန်ရစ်သော နန်းသုံးမင်းမြောက်တန်ဆာငါးပါးတို့ကို ဌာပနာထည့်သွင်းလှူဒါန်းခဲ့သည်။ ယနေ့ ဖူးမြော်နေရသော စေတီတော်မှာ ဓမ္မစေတီမင်းကောင်းမှုတော်စေတီပင်ဖြစ်ပေသည်။

ထိုစေတီတော် တည်ထားရာ လေးထောင့်အုတ်ကန်အတွင်း၌ ရေတက်၊ ရေကျ အလိုလိုဖြစ်နေသည်မှာလည်း အံ့ဖွယ်တစ်ပါးပင်ဖြစ်သည်။ ကျိုက္ကလွန်ပွန်းစေတီတော်ကြီးသည် ဧရာဝတီမြစ်ကမ်းနှင့်နီး၍ မြစ်ရေအတက်၊ အကျကိုလိုက်၍ ရေတက်၊ ရေကျဖြစ်မည်ဟုလည်း တချို့က မှတ်ယူကြသည်။

စာရှုသူတို့အနေနှင့် ကျိုက္ကလွန်ပွန်းစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်သော် 'မဟာအောင်မြေ'ကို နင်း၍ လိုရာဆုကိုတောင်းပါရန်လည်း တိုက်တွန်းရေးသားရပေသည်။ ဤဆောင်းပါးအစ၌ စာရေးသူ ရေးသားသကဲ့သို့ အောင်မြေ၌ ဆုတောင်းပြည့်ဝပုံသည် အမှန်လက်တွေ့ပင်ဖြစ်၍ ယခုကဲ့သို့ တိုက်တွန်းရခြင်းဖြစ်သည်။

ကျိုက္ကလွန်ပွန်း စေတီတော်မြတ်ကြီး၏ မဟာအောင်မြေသည် ဓနုသင်္ဂဟမင်း လက်ထက်ကစ၍ အောင်မြေအဖြစ်သမုတ်ထားခဲ့ခြင်းဖြစ်သည်။ ထိုအောင်မြေကို ဘုံရင့်နောင်ကျော်ထင်နော်ရထာမင်းကြီး၊ အလောင်းမင်းတရား ဦးအောင်ဇေယျ၊ မြေဒူးမင်း ခေါ် ဆင်ဖြူရှင်မင်းတရား၊ မြန်မာ့အာဇာနည်သူရဲကောင်း မဟာဗန္ဓုလ၊ သူ့ကျွန်မခံလို၍ နယ်ချဲ့အင်္ဂလိပ်ကို တော်လှန်ခဲ့သော ဓနုဖြူဗိုလ်မြတ်ထွန်း နင်းခဲ့သော အောင်မြေဖြစ်သည်။ ထိုအောင်မြေကိုနင်း၍ လိုရာဆုကို တောင်းကြပါရန်လည်း နိဗ္ဗာန်ဆော်လုပ်၍ နှိုးဆော်ရေးသားလိုက်ရပါသည်။

ကျိုက္ကလွန်ပွန်းစေတီတော်မြတ်ကြီး၏ အာရုံခံတန်ဆောင်းများအတွင်းရှိ ရှေးဟောင်းရုပ်ပွားတော်များတည်ရှိထားသလို ခေတ်သစ်လက်ရာ စိန်ဘုရား၊ မြဘုရား၊ နီလာဘုရား၊ ပတ္တမြားဘုရားတို့ကိုလည်းကောင်း၊ အလိုတော်ပြည့်မြတ်စွာဘုရားကိုလည်းကောင်း ခမ်းခမ်းနားနားဖူးမြော်ကြရပေမည်။

ထို့ပြင် များပြားလှသော ကြည်ညိုသဒ္ဓါတရားပွားများနိုင်သော သာသနိကအဆောက်အအုံများ၊ စေတီရံများ၊ နောင်တော်ကြီးစေတီအပြင် ဗုဒ္ဓရုပ်ပွားဆင်းတုတော် အဆူပေါင်းများစွာကို ကြည်ညိုဖူးမြော်နိုင်သော ကျိုက္ကလွန်ပွန်းစေတီတော်ကြီးသည် ရှေးဟောင်းစေတီတော်ကြီး တစ်ဆူဖြစ်ကြောင်းကို ဘုရားသမိုင်းကျောက်စာ အထောက်အထားများအရ တွေ့မြင်နိုင်ပေသည်။

ကျိုက္ကလွန်ပွန်းစေတီတော်မြတ်ကြီး၏ သမိုင်းကြောင်းကို လေ့လာကြည့်ပါက အသောကမင်းကြီး၏ စေတီပေါင်းရှစ်သောင်းလေးထောင်မှာ ရဟန္တာ အရှင်သူမြတ်များကိုအဇာတသတ်ဓာတ်တော်တိုက်မှ အသောကမင်းကြီး ရယူခဲ့သော မြတ်စွာဘုရားရှင်၏ ဓာတ်တော်မွေတော်များကိုအတိုင်းတိုင်း အပြည်ပြည်သို့ ပင့်ဆောင်စေ၍ စေတီတော်များ တည်ထားစေခဲ့သည်။ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ သာသနာတော် ရေရှည်တည်တံ့စေရန် အသောကမင်းကြီး ရည်သန်တော်မူခဲ့သည်။

ရဟန္တာအရှင်မြတ်သောဏနှင့် အရှင်ဥတ္တရမထေရ်တို့အနေနှင့် ကျိုက္ကလွန်ပွန်းစေတီတော်ကြီး ဖြစ်ထွန်း ပေါ်ပေါက်လာမည့် မြေမြတ်မဟာ၌ စေတီတစ်ဆူတည်တော်မူခဲ့သည်။ မြတ်စွာဘုရားရှင်၏ ဓာတ်တော်မွေတော်အစစ်များကိန်းဝပ် စံပယ်တော်မူသောစေတီသည် အသောကမင်းကြီး၏ကောင်းမှုတော် ရှစ်သောင်းလေးထောင်သော စေတီတော်များအနက် တစ်ဆူဖြစ်ခဲ့သည်။

သာသနာတော်နှစ် ၄၄၇ ခုနှစ်တွင် ရဟန္တာအရှင်သောဏနှင့် အရှင်ဥတ္တရမထေရ်တို့၏တပည့် အစဉ်အဆက်ဖြစ်သော အရှင်ဗုဒ္ဓဒတ္တနှင့် အရှင်မဟိန္ဒရဟန္တာအရှင်သူမြတ်တို့သည် မူလအသောကမင်းကြီး ကောင်းမှုတော်စေတီအားဉာဏ်တော်တစ်လံ၊ လုံးပတ်တော် တစ်လံခန့်ဖြင့် ပွတ်စေတီသဏ္ဌာန်တည်ထားလေသည်။

သာသနာတော်နှစ် ၄၉၀ ပြည့်နှစ်၌ ထိုစေတီငယ်ကို ပဂိုး(ပဲခူး)ဘုရင် ဓနုသင်္ဂဟမင်းက ရှာဖွေတွေ့ရှိပြီး စေတီတော်အားငုံ၍ ယခုဘုရားဖူးတို့ မြင်တွေ့နေရသည့် ဉာဏ်တော်အမြင့်နှင့် လုံးပတ်အတိုင်း တည်ထားတော်မူသည်။ စေတီတော်ကြီးအား တည်ထားရာတွင် နေ့ဘက်၌ လူသားတို့က တည်ထားကြပြီး ညဘက်၌ နတ်၊ ဘီလူးတို့က တည်ထား



www.burmeseclassic.com

www.burmeseclassic.com

သည်ဟုဆိုသည်။ လူတစ်ရစ်၊ နတ်တစ်ရစ် တည်ထားသော စေတီတော်ဖြစ်သည်။

စေတီတော်တည်ထားရာ၌ ပါဝင်ကုသိုလ်ပြုကြသော နတ်၊ ဘီလူးတို့မှာ တစ်ရာတိတိရှိ၍ ဘီလူးတစ်ရာဖထ်ဘုရားဟု ဘွဲ့အမည်ပေးရာက ကျိုက္ကလွန်ဗွန်းဟူသော ဘွဲ့အမည် ပေါ်ထွန်းလာရခြင်း ဖြစ်သည်။ စေတီတော်ကြီး၏ ခြေတော်ရင်း၌ ဘီလူးရုပ်များ ထုလုပ်ထားရှိပြီး ခေါင်းလောင်းတော်၌ ဘီလူးခေါင်းများ ထုလုပ်ထားခဲ့သည်။

သာသနာတော်နှစ် ၇၀၀ ပြည့်နှစ်၌ ဥမ္မာဒန္တီမင်းသမီးသည် စေတီတော်ကြီးအား တတိယအကြိမ် ပြုပြင်မွမ်းမံသည်။ ထိုသို့ပြုပြင်ချိန်၌ ခြေတော်ရင်းရှိ ဘီလူးရုပ်များ ကျိုးပဲ့တုန်၍ ဖယ်ရှားပြီး အရံစေတီ (၃၃)ဆူ တည်ထားခဲ့သည်။ ကျိုက္ကလွန်ဗွန်းစေတီတော် ရင်ပြင်တော်အနီး၌ရှိသော ဥမ္မာဒန္တီမင်းသမီး သစ္စာပြုခဲ့သော သီရိမင်္ဂလာရေကန်တော်သည် ဥမ္မာဒန္တီမင်းသမီးနှင့် ကျိုက္ကလွန်ဗွန်းစေတီတော်မြတ်ကြီး၏ထင်ရှားသော သမိုင်းအထောက်အထား တစ်ခုအဖြစ် ဖော်ညွှန်းလျက်ရှိသည်။

ကျိုက္ကလွန်ဗွန်းစေတီတော်မြတ်ကြီးအား စတုတ္ထအကြိမ် ပြုပြင်မွမ်းမံသည့် ကောင်းမှုရှင်မှာ ဟံသာဝတီဘုရင်မကြီး ရှင်စောပု၏ သမက်တော် ဓမ္မစေတီမင်းပင်ဖြစ်သည်။ စေတီတော်ကြီးအား ပြုပြင်မွမ်းမံရုံသာမက ဓနုသင်္ဂဟမင်းမှ အရိမေတ္တေယျဘုရားအား ရည်မှန်း၍ ရတနာမျိုးစုံ ထည့်သွင်းထားသော ရတနာသိုက်အထက်၌ ဉာဏ်တော် ၇ တောင် ၂ မိုက်ရှိ ဘဏ္ဍာသိုက်စေတီတော်မှာ ဓမ္မစေတီမင်း၏ဂမ္ဘီရစွမ်းအားဖြင့် အစောင့်အရှောက်များကို စီမံထားပြီး တည်ထားတော်မူသော စေတီတော်ပင်ဖြစ်သည်။ ဆောင်းပါးရှေ့ပိုင်း၌ အကျယ်တင်ပြပြီးဖြစ်သည်။

ကျိုက္ကလွန်ဗွန်းစေတီတော်မြတ်ကြီးအား ပဥ္စမအကြိမ် ပြုပြင်မွမ်းမံသောမင်းမှာ တပင်ရွှေထီးမင်းတရားပင် ဖြစ်သည်။ သက္ကရာဇ် ၉၀၁ ခုနှစ်နှင့် ၉၀၃ ခုနှစ်အတွင်း စေတီတော်ကြီးအား ပဥ္စမအကြိမ် ပြုပြင်တော်မူခဲ့သည်။

ဆဋ္ဌမအကြိမ် ပြုပြင်တော်မူသောမင်းမှာ ဆင်ဖြူရှင်ဘုရင့်နောင်မင်းတရားကြီးဖြစ်သည်။ သက္ကရာဇ် ၉၂၉ ခုနှစ်၌ ဓနုဖြူသို့ မင်းတရားကြီး ကြွချီတော်မူပြီး စေတီတော်အား မွမ်းမံပြုပြင်၍ ရွှေထီးတော်အသစ်တင်လှူခဲ့သည်။

ထိုနည်းဖြင့် ဆုတောင်းပြည့် ကျိုက္ကလွန်ဗွန်းစေတီတော်မြတ်ကြီးအား မြန်မာ့သမိုင်း၌ ထင်ရှားကျော်ကြားသော မင်းအဆက်ဆက်သည် ကိုယ်တော်တိုင်လာရောက် ဖူးမြော်ကြည်ညိုကြသလို စေတီတော်မြတ်ကြီးအား ထပ်မံ[-]ပြင်လှူဒါန်းခဲ့ကြသည်မှာ အထင်အရှားပင်ဖြစ်သည်။

သက္ကရာဇ် ၁၃၀၀ ပြည့်နှစ်၌ ဘုရင့်နောင်မင်းတရားကြီးလှူဒါန်းခဲ့သော ထီးတော်အစား ဘုရားကြီး၏ထီးတော်အသစ်ကို အာသီသောဇရုံဝေဇယန္တာ ဗောဓိတိုက်ရွှေကျောင်းကြီးများ၏ ဒါယကာဦးစံလှပေါ်၊ ဒေါ်ကြီးတို့ ၁၃၀၀ ပြည့်နှစ်၊ တပေါင်းလပြည့်နေ့တွင် တင်လှူခဲ့သည်။ ယခုဖူးမြော်နေရသော ထီးတော်ပင် ဖြစ်သည်။

ကျိုက္ကလွန်ဗွန်းစေတီတော်မြတ်ကြီးသည် စာရေးသူတက္ကသိုလ်ကျောင်းသား ဆရာပေါက်စဘဝ ၁၉၇၄ ခုနှစ်က စတင်ဖူးမြော်ခဲ့ပြီးနောက်ပိုင်း မကြာခဏ ရောက်ရှိဖူးမြော်ခဲ့ရာ နှစ်ပေါင်း ၄၀ ကျော်ကာလအတွင်း မူလရှေးဟောင်းသာသနိကအဆောက်အအုံများနှင့်အတူ အသစ် အသစ်သော သာသနိကအဆောက်အအုံများဖြင့် တိုးတက်ဖွံ့ဖြိုးနေသည့် ကျိုက္ကလွန်ဗွန်း သာသနာတော်အား ကြည့်ရှုရင်း စာရေးသူသည် မုဒိတာပွားများနေမိပေသည်။

ရှေးဟောင်းဆုတောင်းပြည့်စေတီတော်ကြီး တစ်ဆူဖြစ်၍လည်း စာရေးသူကိုယ်တိုင် ခံစားနေရသော အသည်းဝေဒနာ ပျောက်ကင်းစေရန် တောင်းဆုခြွေရင်း စာရှုသူများအနေနှင့်၊ ခရီးမဝေးကွာလှသော၊ ခရီးလမ်းပန်းသာယာကောင်းမွန်လှသော ဓနုဖြူမြို့အရောက် သွားရောက်ကာ ဆုတောင်းပြည့် ကျိုက္ကလွန်ဗွန်းစေတီတော်မြတ်ကြီးအား သွားရောက်ကြည်ညိုဖူးမြော်၍ လိုသောဆုများ တောင်းကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

**တက္ကသိုလ်မျိုး**

**မှီငြမ်း**

၁။ ရှေးဟောင်းသမိုင်းဝင်ဆုတောင်းပြည့်ကပ်ကျော် ကျိုက္ကလွန်ဗွန်းစေတီတော်နှင့် ဓနုဖြူသမိုင်း ၂၀၀၃ ပထမအကြိမ် ဓနုဖြူသန်းဆွေသစ်

၂။ ကျိုက္ကလွန်ဗွန်း စေတီတော်မြတ်ကြီး သမိုင်းကျောက်စာ

၃။ ကျိုက္ကလွန်ဗွန်း ဓနုဖြူသမိုင်း ဓမ္မာစရိယ ဦးကြင်မောင်

၄။ ကိုယ်တိုင် ၁၉၇၄ ခုနှစ်မှစ၍ အကြိမ်ကြိမ်သွားရောက်ဖူးမြော်ခဲ့သည့် အတွေ့အကြုံများ။

❑



www.burmeseclassic.com

www.burmeseclassic.com


# နံယောကျိုက်နံကာမာ ခေါ် အတုလမာရ်အောင်စေတီတော်

ဒေါက်တာသက်ဆွေ



တောင်ငူမြို့မှ သီဟသူမင်းသည် တောင်ငူမြို့မှ ဟံသာဝတီ ပဲခူးနေပြည်တော်သို့ပြောင်း၍ သက္ကရာဇ် ၉၆၀ ပြည့်နှစ်တွင် နန်းတက်၏။ သုံးနှစ်နန်းစံပြီး ကောဇာသက္ကရာဇ် ၉၆၃ ခုနှစ်တွင် သန်လျင်စား ကုလားငဇင်ကာ လုပ်ကြံ၍ နန်းကျတော်မူသည်။ ငဇင်ကာသည် ဘုရင်ကိုလုပ်ကြံပြီး သန်လျင်မှ ပဲခူးဟံသာဝတီပါ အုပ်ချုပ်လေသည်။

မိစ္ဆာဒိဋ္ဌိအယူရှိသော ငဇင်ကာသည် ဗုဒ္ဓဘာသာ ရဟန်းတော်များအား ညှဉ်းပန်းနှိပ်စက်ခြင်း၊ ဘုရားများ ဖြိုဖျက်၍ အတွင်းမှ ရွှေငွေကျောက်သံပတ္တမြားတို့ကို ယူခြင်း စသည်တို့ပြုလုပ်သည်ကို ပြည်သူများက မခံမရပ်နိုင်သော ကြောင့် ဟံသာဝတီတွင်ကျန်ခဲ့သော အမတ်ကြီးဗညားဦးနှင့် ဗညားဒလတို့အား ဝိုင်းဝန်းပြောဆိုကြရာ အမတ်ကြီးနှစ်ဦး လည်း အင်းဝရွှေမြို့တော်သို့ သွားရောက်ပြီး ငါးဆူဒါယကာ မင်းကြီး၏ညီတော်၊ ဘုရင့်နောင်၏ သားတော်အငယ် မဟာ သီဟသူမင်းအား အမတ်ကြီးနှစ်ပါးက သန်လျင်စားငဇင်ကာ သည် ဟံသာဝတီကိုပါ အုပ်ချုပ်၍ သာသနာဖျက်နေပါသည်။ အမြန်ဆုံးနှိမ်နင်းရန် လျှောက်ထားကြ၏။ ဘုရင်မင်းမြတ် ကလည်း ၎င်းငဇင်ကာကို တိုက်ထုတ်ရန်ကြံစည်နေပါသည်။ အမတ်ကြီးများလည်း ပဲခူးသို့မပြန်ဘဲ ခေတ္တစောင့်ပါဟု မိန့်တော်မူ၏။ နောက်မကြာမီ ရက်အတွင်းတွင် ဘုရင်၏ ဆရာဖြစ်သူ(ဘားမဲ့ဆရာတော်)ကို နန်းတော်သို့ပင့်ဆောင်ပြီး ဟံသာဝတီမှ ပညာရှိအမတ်ကြီးနှစ်ပါး အင်းဝရွှေမြို့တော်မှ အမတ်ကြီးများ၊ စစ်သူကြီးများ ပုဏ္ဏားဖြူ ပုဏ္ဏားညိုများ နှင့်တကွ ငဇင်ကာကို တိုက်ထုတ်ရန် နန်းရင်ပြင်၌ စည်းဝေး တိုင်ပင်ကြကုန်၏။



ဘားမဲ့ဆရာတော်ဘုရားကြီးမှ အမိန့်တော်ရှိသည်မှာ ကုလားငဇင်ကာသည် လက်နက်အင်အား၊ လူအင်အား တောင့်တင်းသဖြင့် ဒီအတိုင်းသွားတိုက်လျှင် ရနိုင်ခြေမရှိပြီ။ ကျွန်ုပ်ကိုယ်တိုင် အင်းအိုင်ခါးလှည့် လက်ဖွဲ့မန္တန်များ စီစဉ်အံ



www.burmeseclassic.com

ww.burmeseclassic.com

ညီး ရှင်းပြင် တစ်လှမ်းခန့်အချိန်ယူပြီး အင်းဝနှင့်ဟံသာဝတီတို့ ပူးပေါင်းတိုက်မှ အောင်မြင်မည်ဟုပြောကာ ကျောင်းသို့ ပြန်ကြွသွား၏။ ကျောင်းရောက်သောအခါ လက်ဖွဲ့များ၊ အင်းများ စီရင်၏။ ပြီးလျှင် ထပ်မံ၍ စဉ်းစားသောအခါ ဘုရားများ တည်ထားပြီး တိုက်ထုတ်မှရမည်ကို ဆင်ခြင် သုံးသပ်တော်မူပြီး ဘုရင်ထံသို့ -

'ရွှေစင်(၁၈)ပိဿာကို လင်ပန်းများပြုလုပ်ပြီး သီဟိုဋ်မင်း ဆက်သထားသော ဘုရားရှင်၏ သရီရဓာတ်တော် (၁၀)ဆူကို ရွှေကြုတ်တစ်ခု (၉)ဆူစီ ထည့်၍ ကျောင်းသို့ ပို့စေ' ဟု အမိန့်ရှိလိုက်ရာ မကြာမီ ဆရာတော်ကျောင်းသို့ ပို့လိုက်၏။ ဆရာတော်ကလည်း ရွှေလင်ပန်းနှင့် ရွှေကြုတ်များ ပေါ် အင်းများချပြီးလျှင် နန်းတော်သို့ ယူဆောင်သွား၏။

နန်းတော်သို့ ရောက်သောအခါ ဆရာတော်ကြီးမှ ဟံသာဝတီမှ အမတ်ကြီးနှစ်ပါးကိုခေါ်၍ ရွှေလင်ပန်းနှင့် ရွှေကြုတ်များ ပေးပြီးလျှင် -

"တဲ- အမတ်ကြီးတို့၊ ဟံသာဝတီကို ပြန်သွားပြီး နောက် သန်လျင်မြို့၏တောင် မွတ်ကျုံပတီ အရပ်မှစ၍ ဤ ရွှေလင်ပန်းတစ်ချပ်နှင့် ဓာတ်တော်ကြုတ်တစ်ခုကို ဌာပနာ ထုတ် ဉာဏ်တော် (၇)တောင်ပြည့်စေတီတစ်ဆူ တည်ရမည်၊ တစ်ခန် ရွှေ့တူရူလျှောက်သွားကာ ကုန်းမြင့်ပေါ် စေတီပျက် တစ်ဆူတွေ့မည်၊ ထိုစေတီပျက်တွင် ရွှေလင်ပန်း ရွှေကြုတ်တို့ ဌာပနာပြီး (၇)တောင်ပြည့်တစ်ဆူ တည့်ရမည်။

ရှေ့ဆက်သွားက ညောင်ပင်သုံးပင် ပေါက်နေသည်ကို တွေ့ရမည်၊ ရှေ့ဆက်သွားသောအခါ ချောင်းတစ်ခုတွေ့မည်၊ ချောင်းကူးပြီးလျှင် သင်ပေါင်းတော တွေ့မည်၊ ထိုနေရာတွင် (၇)တောင်ပြည့်တစ်ဆူ တည်ရမည်၊ ရှေ့တူရူသို့ ဆက်သွား သောအခါ ရွာငယ်လေးတစ်ရွာနှင့် ကျယ်ဝန်းသော ရေကန် ကြီး တွေ့လိမ့်မည်၊ ထိုရေကန်စောင့်သော နတ်သမီးက ကိုယ်ထင်ပြ၍ ညွှန်ပြသောနေရာတွင် ရွှေလင်ပန်းနှင့် ရွှေကြုတ်ဌာပနာပြီး (၇)တောင်ပြည့်ဘုရား တည်ရမည်" ဟု ဘာခဲ့ဆရာတော်ကြီးက မှာကြားလိုက်၏။

ဆရာတော် မှာကြားသည့်အတိုင်း ရွာငယ်လေး တစ်ရွာနှင့် ရေကန်ကြီးတစ်ကန် တွေ့ရှိ၏။ ရေကန်ပေါင် ပေါ်တွင် နတ်သမီးမှ ကိုယ်ထင်ပြပြီး ဘုရားတည်ရမည့်နေရာ ကိုညွှန်ပြရာ (၇)တောင်ပြည့်ဘုရား တည်ထားပြီးနောက် နတ်သမီးကို ဗလိနတ်စာများ ကျွေး၍ ဆုတောင်းအမျှဝေ ကြ၏။ ဇေယျကာ တိုက်ထုတ်အောင်မြင်သည့်ထိ ရှင်းတို့အား လိုက်ပါစောင့်ရှောက်ရန် ဆုတောင်းသစ္စာပြုခဲ့ကြ၏။

ထိုရွာကလေးသည် ယခု နံ့ယောကျေးရွာဖြစ်ပြီး ဘုရားစေတီကြီးကား ယခင် မွန်ဘာသာဖြင့် 'ကျိုက်နံ့ကမာ' ခေါ်ပြီး ယခု 'အတုလမာရ်အောင်စေတီတော်ကြီး' ဖြစ်ပါ သည်။ ထိုရှေးဟောင်းစေတီကြီးအား မွန်ဘုရင်များနှင့် မြန်မာဘုရင်များ အဆက်ဆက်ပြုပြင်ခဲ့ကြရာ နောက်ဆုံး ကုန်းဘောင်မင်းဆက် မင်းတုန်းမင်းကြီးသားတော် မက္ခရာ မင်းသားကြီး၏ ဆွေတော်မျိုးတော်များက ဆက်လက်ပြုပြင် တည်ထားခဲ့ကြခြင်း ဖြစ်ပါသည်။

ရှင်းစေတီတော်ကြီးတည်ပြီး မကြာမီ ကုလားဇေယျ ကာအား အင်းဝဘုရင်၏ စစ်သည်တော်များနှင့် ဟံသာဝတီ စစ်သည်တော်များ ပူးပေါင်းတိုက်ထုတ်ရာ ဇေယျကာကျဆုံးပြီး နယ်ချဲ့တပ်များ ခွေးပြေးဝက်ပြေး ထွက်ပြေးသွားကြရပေ သည်။

ထို့ကြောင့် ဘုရားကြီး၏ ဘွဲ့တော်ကိုလည်း အတုလ မာရ်အောင်စေတီတော်ဟု ယနေ့တိုင် ခေါ်တွင်လျက်ရှိပါ သည်။ ရပ်နီးရပ်ဝေး ဘုရားဖူးများ အခါအားလျော်စွာ လာရောက်ဖူးမြော်လျက် ရှိနေပါသည်။ ဘုရားကြီးအား ဖူးမြော်၍ ဆုတောင်းလျှင် ပြည့်ဝသည်ဟု အဆိုရှိပါသည်။

ကျွန်တော်ကတော့ ပြီးခဲ့သော ဧပြီ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် သုံးခွမြို့မှ အစ်မကြီးများ ဖြစ်ကြသော မက္ခရာ ထိပ်တင်ဦးနှင့် မက္ခရာထိပ်တင်စုတို့ ဦးဆောင်ကာ အတိတ် ဘဝမှ မကျွတ်မလွတ်သေးသော ဆွေတော်မျိုးတော်များအား အမျှပေးဝေနိုင်ရန် ရဟန်းခံရှင်ပြု အလှူတော်ကြီးသို့ သွားရောက်ပြီး ဘုရားကြီးအား ဖူးမြော်ကန်တော့ပြီးလျှင် စီးပွားလာဘ်လာဘများ တိုးတက်၍ ရရန်ရှိသောကြွေးမြီများ ရရပါလို၏ဟု ဆုတောင်းခဲ့ပါသည်။

မကြာမီ တစ်ပတ်အတွင်း နယ်မှ တပည့်နှစ်ဦးသည် လွှန်ခဲ့သော ငါးနှစ်ခန့်က ကြွေးများ လာဆပ်ကြပါသည်။ စာမူခများလည်း တိုးမြှင့်ချီးမြှင့်ခြင်း ခံရပါသည်။ တကယ့် ကိုယ်တွေ့ဖြစ်သောကြောင့် ဆုတောင်းပြည့်ဘုရားကြီးအား သွားရောက်ဖူးမြော်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော် လိုက်ရပေသည်။

**ဒေါက်တာသက်ဆွေ (ရွှေ့ဆောင်တင့်ဆွေ)**

၁။ သုံးခွမြို့နယ် နံ့ယောကျေးရွာ၊ ကျိုက်နံ့ကမာစေတီ တော်သမိုင်း

၂။ ၃. ၅. ၁၇ နေ့ထုတ်စံတော်ချိန်သတင်းစာ



www.burmeseclassic.com

www.burmeseclassic.com



# ရွှေတိဂုံ ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်

ယောနကဘိုးထောင်

ဤကမ္ဘာတွင် ဗုဒ္ဓမြတ်စွာဘုရား ငါးဆူပွင့်တော်မူမည် ဖြစ်သည်။ လေးဆူမြောက် ဂေါတမမြတ်စွာဘုရားသည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်နေ့ ဗုဒ္ဓဟူးနေ့တွင် သဗ္ဗညုတဉာဏ်ကိုရရှိကာ ဘုရားအဖြစ်သို့ရောက်တော်မူခဲ့သည်။ သတ္တ သတ္တာဟ ခုနှစ်ရက် ခုနစ်လီ (၄၉) ရက်တိုင်တိုင် ဝိမုတ္တိရသကိုခံစားတော်မူ၍ နောက်ဆုံး ရာဇာယတန လင်းလွန်းပင်ရင်း၌စံတော်မူနေလေသည်။

မြန်မာပြည်သားများ ဖြစ်ကြသော တပုဿ၊ ဘလ္လိက ကုန်သည်ညီနောင်တို့ ကပ်လှူသော မုန့်ဆွမ်းကို ဘုဉ်းပေးတော်မူသည်။ ဂေါတမမြတ်ဗုဒ္ဓမှ ကုန်သည်ညီနောင်ကို ဆံတော်များ ချီးမြှင့်တော်မူသော အချိန်ကာလမှာ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ဝါဆိုလဆန်း ၅ ရက် ဗုဒ္ဓဟူးနေ့ ဖြစ်သည်။

တပုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့ ပင့်ဆောင်လာကြသော



www.burmeseclassic.com

www.burmeseclassic.com

ဆံတော်မြတ်များကို ဌာပနာထားလျက် စေတီတည်တော်မူသည်။ ဥက္ကလာပမင်းကြီးက အကြီးအမှူးပြုကာ နတ်လူအများပေါင်းစုအားဖြင့် ဇိဝံကေသဓာတုစေတီမည်သော လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော် တည်ထားပူဇော်တော်မူခဲ့သည်။ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် တပေါင်းလပြည့် ဗုဒ္ဓဟူးနေ့ ဖြစ်သည်။

သာသနာတော် သက္ကရာဇ် ၂၅၅၈၊ ကောဇာသက္ကရာဇ် ၁၃၇၆ ခုနှစ်တွင် ရွှေတိဂုံစေတီတော်ကြီးကို တည်ထားကိုးကွယ်မှု ပြုခဲ့သော သက်တမ်းကာလမှာ နှစ်ပေါင်း ၂၆၀၀ ပြည့်မြောက် ကျော်လွန်ခဲ့ပြီ ဖြစ်သည်။

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ကျက်သရေဆောင်ဒိုင်ဖြစ်သည်။

မြန်မာလူမျိုး ထေရဝါဒ ဗုဒ္ဓဘာသာဝင်တို့၏ ပြယုဂ်သဖွယ်လည်း ဖြစ်ပါသည်။ ပန်းဆယ်မျိုးပြတိုက်ကြီးလည်း မည်ပါသည်။ မြန်မာလူမျိုးတို့၏ ရှုထောင့် အမျိုးမျိုးအဖုံဖုံမှ အနုပညာလက်ရာမြောက်စွာ ဒါနကုသိုလ် အလှူပြုရာမြေ ဖြစ်သည်။

"သာသနာအစ ရွှေတိဂုံက" ဆိုစကားအတိုင်း ရွှေတိဂုံစေတီတော်မြတ်ကြီးသည် ဂေါတမမြတ်စွာဘုရားရှင် ပွင့်တော်မူပြီးနောက် အစောဆုံး ဆံတော်ရှင် စေတီတော်ကြီး ဖြစ်သည်။ မင်းဆက်အဆက်ဆက် ပြည်သူများက ဘုရားတရား ထက်သန်စွာ ဆက်လက်ကြည်ညိုကိုးကွယ်ခဲ့ကြသည်။

မင်းတုန်းမင်း၏ စေတီတော်ကို မင်းတော်အစိုးရမှ ရွှေထီးတော်သစ် တင်လှူခဲ့တို ရွှေတိဂုံစေတီတော်မြတ် ကြီးတွင် ကျင်းပခဲ့သည်။ ထူးထူးကဲကဲ ထင်ရှားစွာပင် မြန်မာ့မြေ အမြုတေ ကျောက်ရတနာတစ်ပါး ဖြစ်သည့် ကျောက်စိမ်းရုပ်ပွားတော်မြတ်ကို ပူဇော်ထားသည်။

မြန်မာ့ ကျောက်မျက်ရတနာ လုပ်ငန်းတွင် ကျောက်စိမ်းရုပ်ပွားတော်အား ထုဆစ်ခဲ့ရာ ၁၉၉၉ ခုနှစ် ရွှေထီးတော် တင်လှူသောကာလ၌ အောင်မြင် ပြီးစီးခဲ့ကြောင်း သိရသည်။

ကျောက်စိမ်း ဗုဒ္ဓရုပ်ပွားတော်ဆိုင်ရာ အချက်အလက်များကို အောက်ပါအတိုင်း လေ့လာ မှတ်သားခဲ့ရပါသည်။

ကျောက်စိမ်း ဗုဒ္ဓရုပ်ပွားတော်၏ ဉာဏ်တော်အမြင့်မှာ ၃၀ လက်မ ရှိသည်။ မုဒြာလက္ခဏာတော်မှာ ဘူမိဖဿ ဖြစ်သည်။

ကျောက်စိမ်း အမျိုးအစားမှာ အထည်ကျောက်သားဖြစ်သည်။

ကျောက်စိမ်း အရောင်တော်မှာ မဲစိမ်းအကြားရောင်လျှံ ဖြစ်သည်။

ကျောက်စိမ်းအသား အလေးချိန်မှာ ၁၇၉ကီလို(မြန်မာပိဿာချိန် ၂၄၁. ၆၅)ပိဿာရှိပါသည်။ ကျောက်စိမ်းထွက်ရာဒေသမှာ ဖားကန့်မြို့နယ် ဝါကျဲမော်မှ တူးဖော်ရရှိပါသည်။

နဖူးသင်းကျစ်တော် ရွှေသား အလေးချိန်မှာ ၀. ၀၉ ကျပ်သား၊ သက်န်းတော် ရွှေသားအလေးချိန် ၇. ၂၄ ကျပ်သား၊ စုစုပေါင်း ၁၇. ၈၈ ကျပ်သား ရှိပါသည်။ ကျောက်မျက်အရေအတွက် စိန် (၉)ပွင့်၊ ပတ္တမြား (၉၁)လုံးရှိပြီး ကျောက်မျက်**အလေးချိန်** စုစုပေါင်း ၂၂. ၅၄၈ ဂရမ်ရှိပါသည်။

ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်ကို ၁၉၉၁ ခုနှစ် အောက်တိုဘာ (၁) ရက်နေ့မှ စတင်ထုဆစ်ခဲ့ရာ ၁၉၉၉ခုနှစ် မတ်လ (၁၈)ရက်နေ့တွင် အောင်မြင်စွာ ပြီးမြောက်ခဲ့ပါသည်။

ကျောက်ဆစ်ထုလုပ်သူ ပညာရှင်များမှာ ဦးတန်စိန်နှင့် ဦးအုံးရွှေတို့ အဖွဲ့သားများ ပါဝင်သည်။

ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော် စမခန်းမှာ အောက်ပါအတိုင်း လေ့လာသိရှိ မှတ်သားရပါသည်။ အမြင့် ၉ လက်မ၊ ဒူးတော်အကျယ် ၂၈ လက်မ၊ ရှေ့နောက်အကျယ် ၁၇ လက်မ ဖြစ်၏။ ကျောက်စိမ်းသားအလေးချိန် ၁၄. ၅ ကီလို (၁၉၅. ၇၅)ပိဿာရှိသည်။

ကျောက်စိမ်းအရောင် ခရမ်းစိမ်းအဖျော့ဖြစ်သည်။ ကျောက်စိမ်း ထွက်ရှိရာ ဒေသမှာ ဖားကန့်မြို့နယ် ဆမားမော်ကျင်း ဖြစ်သည်။ ရွှေအလေးချိန် ၂၄. ၉၇ ကျပ်သား ရှိသည်။ ထုဆစ်သော လုပ်ငန်းကာလမှာ ၂၄. ၄. ၉၈ မှ ၁၈. ၃. ၉၉ အထိ လုပ်ဆောင်ခဲ့ရသည်။ ထုလုပ်သူပညာရှင်မှာ ဦးအုံးရွှေအဖွဲ့ မြန်မာ့ကျောက်မျက်လုပ်ငန်းဖြစ်သည်။

ကျောက်စိမ်းရုပ်ပွားတော်မြတ်ကို ရဟန်းရှင်လူ ပြည်သူအပေါင်းတို့ ဖူးမြော်ကြည်ညိုနိုင်စေရန် ၁၉၉၉ ခုနှစ် ဧပြီလ (၃)ရက်နေ့တွင် ရွှေတိဂုံစေတီတော်သို့ နိုင်ငံတော်အစိုးရမှ လှူဒါန်းခဲ့ပါသည်။

ကျောက်စိမ်း ရုပ်ပွားတော်ကို ရွှေတိဂုံစေတီတော်တောင်ဘက် ဗုဒ္ဓဟူးထောင့်နှင့် စနေထောင့်အကြား ပုညကုသလဗဟုကရ အသင်းတန်ဆောင်းတော်တွင် အပူဇော်ခံထားရှိပါသည်။

**ကျောက်စိမ်းရုပ်ပွားတော်ကြီး**သည် **မှန်ကျောင်းဆောင်ကြီး** အတွင်း **ဝယ် အနောက်အရပ်**ကို ကျောပေး၍ **အရှေ့**အရပ်ကိုမျက်နှာမူလျက် သပ္ပာယ်ကြည်ညိုဖွယ် သီတင်းသုံးလျက် ရှိပါသည်။

ကျောက်စိမ်းရတနာ၏ သဘောသဘာဝမှာ လာဘ်လာဘကောင်းခြင်း၊ အေးချမ်းတည်ငြိမ်ခြင်း၊ ကျန်းမာ ချမ်းသာမှု ပေးအပ်ခြင်း၊ ဘေးအပေါင်း ရန်စွယ်ဟူသမျှ မြူမကျန် ဖယ်ရှင်းနိုင်ခြင်း၊ ချစ်ခင်နှစ်သက်မှုကို ရရှိနိုင်ခြင်း၊ လောကသဘာဝတရားများ ရရှိစေနိုင်ပါသည်။

ကျောက်စိမ်း ဗုဒ္ဓရုပ်ပွားတော်၏ ဆံတော်သည် ဂေါတမမြတ်စွာဘုရားရှင် ဆံတော်ပုံ အသွင်ဆောင်သော ဆံထုံးကော်ဖြစ်သည်။

www.burmeseclassic.com

## ယခင်လမှ အဆက်

သူ့အသားအရိုးတွေသည် ၁၃ မိုင်အမြင့်တက်ပြီးတော့ သေရဦးမယ်ကွတဲ့ (မှန်ပါ)။ သစ္စာလွတ်သွားတယ်။ ဘယ် လောက် ကြောက်စရာကောင်းသတုံး (ကောင်းပါတယ် ဘုရား)။ ဘာလွတ်သွားသတုံး (သစ္စာလွတ်သွားပါတယ် ဘုရား)။ ဒါဖြင့် တဲတဲကလေး မောင်နိုင်၊ ဝမ်းထဲဖြူနေတုန်းမှာ အိမ်က လာခေါ်တာ (မှန်ပါ)။

ဒကာ၊ ဒကာမတွေ ဘယ်အချိန် ခေါ် လာတာပါလိမ့် (ဝမ်းထဲဖြူနေတုန်း လာခေါ် တာပါ ဘုရား)။ ဒါနစခန်း သီလ စခန်းတွေပေါလို့ ကာမဂုဏ်အပြစ်တွေမြင်လို့ သူကြိုက်နေပြီ။ အဲဒီအချိန်မှာ ဝမ်းထဲဖြူနေတုန်းကျမှ ဒကာ၊ ဒကာမတွေ ပေယကို အိမ်က လာခေါ် တယ်။ အဲဒီပေယ အိမ်က လာခေါ် တော့ ပေယကလည်း တပည့်တော်ဖြင့်ဘုရား လူဆိုတာ ကိစ္စ သိပ်များပါတယ်။ သွားပါရစေဦး ဆိုပြီးသကာလ အိမ်လိုက် သွားတယ်။ သူမှ အိမ်မရောက်သေးဘူး ဘုရားက ရဟန်းတွေ ပြော်ပြန်ပြီ။ ပေယဖြင့် ရှုံးပဟော့။

ဒကာ၊ ဒကာမတို့ ဘာတဲ့တုံး (ပေယဖြင့် ရှုံးပြီတဲ့)။ ပေယ အရှုံးကြီးရှုံးပြီကွ၊ ငါဘုရားလက်ထက် မကျွတ်တော့ ဘူး။ နောက်ဘုရားလက်ထက်မှ ကျွတ်တော့မှာပဲ (မှန်ပါ)။

သူ့အရိုး၊ သူ့အသားတွေသည်ကားလို့ဆိုရင် နောက် ဘုရားမပွင့်ခင်ဟာတဲ့ မြေကြီး တစ်ယူဇနာ တက်ရဦးမယ်ကွ၊ သူ့အသား သူ့အရိုးတွေက မြေကြီး တစ်ယူဇနာ ဖြစ်ရဦးမယ် (မှန်ပါ)။ အဲဒီတော့မှ ကျွတ်တမ်းဝင်တော့မယ်ဆိုတော့ မောင်နိုင် မနာလားကွာ (နာပါတယ် ဘုရား)။

ကဲ- ဒကာ၊ ဒကာမတို့၊ အင်မတန် မဆိုးရွားဘူးလား (ဆိုးရွားပါတယ် ဘုရား)။ စဉ်းစားပြီး နားထောင်ပါ။ သူ့ သစ္စာ လွတ်သွားတယ် (မှန်ပါ)။ ဒကာ၊ ဒကာမတို့ ဘာလွတ်သွား သတုံး (သစ္စာလွတ်သွားပါတယ် ဘုရား)။

ဒါဖြင့် ဒီပြင်တရားတွေ မနာရဘူးလား မေးတော့ (နာချပါတယ် [illegible])။ ဒီပြင် တရားတွေက တန်ဆာဆင်ပြီး ထ[illegible]ရားမတွေ (မှန်ပါ)။ တကယ် ဆိုးရေတပ်နိုင်တဲ့ တရား မဟုတ်ဘူး (မှန်ပါ)။

ဒကာ၊ ဒကာမတို့ ဟဒယဝတ္ထုပေါ်မှာ သစ္စာတည်း ဟူသော ပန်းခက်တို့ ပန်းလက်တို့ကို စွဲတဲ့သဘောမျိုးလာမှ ဖြစ်မှာ (မှန်ပါ)။ ရှင်းကြပလား (ရှင်းပါပြီ)။ ဒါဖြင့် အားလုံး ဒကာ၊ ဒကာမတွေ ပြော်- အရေးကြီးဆုံးတရား ဘယ်တရား ပါလိမ့်မတုံး ဆိုတာတော့ဖြင့် ကွင်းကွင်းကွက်ကွက်ပဲ ကိုပေါ် ပေါ်ပါပြီ (ပေါ်ပါပြီ ဘုရား)။

ဒကာ၊ ဒကာမတွေ ဘယ်တရားပါလိမ့် (သစ္စာတရား ပါ ဘုရား)။ သစ္စာတရားပဲ ဆိုတော့ဖြင့် ခင်ဗျားတို့ သံသယ မရှိနဲ့တော့နော် (မှန်ပါ)။ အခု ပေယမှာကော ဖြူအောင် လုပ်နေတုန်း ဖြူတုန်းမှ ကိစ္စပေါ် သွားတယ် (မှန်ပါ)။ မြေကြီး ၁၃ မိုင်တက်ရတယ်ဆိုတော့ သူ့အသားတွေ၊ သူ့အရိုးတွေ ဒကာ၊ ဒကာမတို့ သေးသလား (မသေးပါ ဘုရား)။ သစ္စာ ကလေး တစ်ချက်တည်း လွတ်သွားတယ် (မှန်ပါ)။

မောင်နိုင် ဘယ့်နှယ်တုံး (သစ္စာကလေး တစ်ချက် တည်း လွတ်သွားပါတယ် ဘုရား)။ သစ္စာ တစ်ချက်တည်း လွတ်သွားလိုက်တာ ဒကာ၊ ဒကာတို့ သိပ်နာသွားတယ် (နာသွားပါတယ် ဘုရား)။ မနာဘူးလား (နာပါတယ် ဘုရား)။ အဲဒါကြောင့် ခင်ဗျားတို့အတွက်မှာဖြင့် ခုနက ဘုန်းကြီး ဖိတ်လိုက်တဲ့ စကားကလေးဟာ မှတ်မိပါလိမ့်မယ်နော်၊ ခင်ဗျားတို့ ဖြူစင်အောင် ခုနက ပဋိစ္စသမုပ္ပာဒ်နဲ့ ရှင်းလင်းပြီး ပါပြီ (မှန်ပါ)။

ရှင်းလင်းပြီးတဲ့အထဲမှာ **သားစိတ်၊ သမီးစိတ်၊ ဆွေ စိတ်၊ မျိုးစိတ်၊ ခန္ဓာကိုယ်ငဲ့စိတ်တွေ** မလာဘဲနဲ့ ဖြူဖြူစင်စင် နဲ့ ကိစ္စညာဏ်ကိုပါ (မှန်ပါ)။ နို့မဟုတ်ရင် ပေယလို ဖြစ်ပါ လိမ့်မယ် (မှန်ပါ)။ မဖြစ်ပေဘူးလား (ဖြစ်မှာပါ ဘုရား)။ အင်မတန်ကြောက်စရာ မကောင်းပေဘူးလား (ကောင်းပါ တယ် ဘုရား)။

အေး- ဒါကြောင့် အရေးကြီးတကာ့ အကြီးထဲမှာ ဦးဘရှင်းရေ အကြီးဆုံးအချိန်ဟာ ဒီအချိန်ပဲ (မှန်ပါ)။ ကိုပေါ် (ဒီအချိန်ပါ ဘုရား)။ ဒီအချိန်ဆိုတာ ဒကာ၊ ဒကာမတွေ ဝမ်းထဲမှာ ဘာဖြစ်နေကြသလဲ (ဖြူစင်ပါတယ် ဘုရား)။

ခုနက ပဋိစ္စသမုပ္ပာဒ်မှာ ဒီဘဝလည်း မခင်တွယ်၊ ဟိုဘဝလည်း မတောင့်တဘူး ဆိုကတည်းက သစ္စာသိတဲ့ ဝိဇ္ဇာလည်းပါ (မှန်ပါ)။ အညစ်အကြေးဖြစ်တဲ့ လောဘက လည်းစင် (မှန်ပါ)။ စင်နေတဲ့ အချိန်ကျတော့မှ ကိစ္စညာဏ်ကို ဟောရမယ် (မှန်ပါ)။ ရှင်းကြပလား (ရှင်းပါပြီ)။

ဖြူစင်နေတဲ့အချိန် ဘာဟောရမယ် (ကိစ္စညာဏ် ဟောရပါမယ် ဘုရား)။ ကိစ္စညာဏ် ဟောရမယ်ဆိုတော့ ဒကာ၊ ဒကာမတို့ ညာဏ်နဲ့ ခန္ဓာကိုယ်အလုပ် လုပ်ရတော့မယ် (မှန်ပါ)။ ညာဏ်နဲ့ ခန္ဓာကိုယ်လှည့်ပြီး (အလုပ်လုပ်ရပါတော့ မယ်)။ အဲ- ညာဏ်နဲ့ ခန္ဓာကိုယ်လှည့်ပြီး အလုပ်လုပ်ခတော့



www.burmeseclassic.com

ww.burmeseclassic.com

ခယ်ဆိုတာ တရားနာရင်း တစ်ခါတည်း ခန္ဓာသာ ဉာဏ်လှည့်လိုက်ပါ (မှန်ပါ့)။ တရားနာရင်း ဘာတဲ့တုံး (ခန္ဓာဉာဏ်လှည့်ရမှာပါ ဘုရား)။ ခန္ဓာ ဉာဏ်လှည့်လိုက်စမ်းပါ ဆိုတာ လေးလေးစားစား ပြောနေတယ် (မှန်ပါ့)။

အထိမခံ ရွှေပန်းကန်တရားပါပဲ။ အခု တရားဟာ (မှန်ပါ့)။ နည်းနည်းမှ ခင်ဗျားတို့ အာရုံတစ်ပါး သွားလို့ကို မရဘူး။ ဘာကြောင့်တုံး။ ဖြူစင်အောင် ဘုန်းကြီးတစ်ပါးတည်းက ဒီဒကာ၊ ဒကာမတွေ အများကြီးကို ဖြူစင်အောင် ဆေးဆေးတာကိုး (မှန်ပါ့)။

ဆေးတဲ့ သုဘောနဲ့သာ ခင်ဗျားတို့က နေပြီးသကာလ ဘုန်းကြီးက ပြောတဲ့အခါ ကိစ္စဉာဏ်ကို ခင်ဗျားတို့က ကိုယ့်ဉာဏ်နဲ့ကိုယ် ခန္ဓာကိုယ်ထဲမှာ ဩော်- ဘုန်းကြီးက ဒါ ကိုယ့်ခန္ဓာ ဘယ်လိုမြင်လို့ရှိရင် ကိစ္စဉာဏ်တဲ့ဆိုပြီး ကိုယ့်ခန္ဓာကိုယ် ငြိမ်ပြီး ကြည့်လိုက်စမ်းပါ။ အခု ခဏပေ့ါလေ (မှန်ပါ့)။

အဲဒီလို ကြည့်လိုက်တဲ့အခါကျတော့ ကိစ္စဉာဏ်မရပေဘူးလား (ရပါတယ် ဘုရား)။

ကိုင်း- ဒါဖြင့် ကိစ္စဉာဏ်ဆိုတာ ဒကာ၊ ဒကာမတို့ အခြားမဟုတ်ပါဘူးတဲ့။ ခင်ဗျားတို့သန္တာန်မှာ အခုအချိန်မှာ ဒကာ၊ ဒကာမတို့ အင်း- တရားနာတာက နာရီသုံးမတ်ရှိသွားတယ်။ နာရီသုံးမတ် ရှိသွားတဲ့အခါကျတော့ ခန္ဓာကိုယ် ရှုရိယာပုတ်တွေဟာ အပေါ်က အလေးနဲ့ အောက်တအောာတ်နဲ့ဆိုရင် ညှပ်ပြီးသကာလ အပေါ်က ခန္ဓာကြီးတထိုင်ထားတာ အောက်က ဖျဉ်ပေါ်မှာ ဖျဉ်တည်းဟူသောအောက်လည်း အောက်ခံ၊ အပေါ်က ခန္ဓာကိုယ်ကြီးကလည်းလေးလံ၊ ကြားမှာရှိတဲ့ အသားတွေမှာတဲ့ ဒကာ၊ ဒကာမတွေ ဉာဏ်တလေးနဲ့ ကြည့်လို့ရှိရင်ဖြင့် ဒုက္ခဝေဒနာ ပေါ်လိမ့်မယ် မှန်ပါ့။ မပေါ်ဘူးလား (ပေါ်ပါတယ် ဘုရား)။

အင်း- ဒီဒုက္ခဝေဒနာသည် ဝေဒနာက္ခန္ဓာ (မှန်ပါ့)။ ဝေဒနာက္ခန္ဓာပါပဲ ဒကာ၊ ဒကာမတို့နော်(မှန်ပါ့)။ဝေဒနာက္ခန္ဓာ ဆိုတာ ဘယ်သူ၏ဝေဒနာက္ခန္ဓာတုံးလို့ မမေးနဲ့တော့။ ဒီဒကာ၊ ဒကာမတွေ သန္တာန်ပေါ်တဲ့ ဝေဒနာက္ခန္ဓာ (မှန်ပါ့)။ သူများဝေဒနာလား၊ မိမိသန္တာန်ပေါ်လို့ မိမိဝေဒနာလား (မိမိဝေဒနာပါ ဘုရား)။ ဩော်- ဒီဝေဒနာက ဒကာ၊ ဒကာမတွေ ဘာများ ...လိမ့်မလဲလို့ ဆိုတဲ့အခါကျတော့ ဒကာ၊ ဒကာမတွေကို ...လည်း နှိပ်စက်တယ်၊ ရုပ် ရုပ်ချင်းလည်း နှိပ်စက်တယ် ... စိတ်ကိုလည်း (နှိပ်စက်ပါတယ် ဘုရား)။ စိတ်ကို ... ဒေါမနဿဖြစ်အောင် နှိပ်စက်တယ် (မှန်ပါ့)။

ရုပ် ရုပ်ချင်းလည်း သူကနေပြီးသကာလ ဒကာ၊ ဒကာမတို့ နှိပ်စက်နေပါတယ် (မှန်ပါ့)။ သဘောကျပ ား (ကျပါပြီ)။ နှိပ်စက်နေတော့ ဒီနည်းနည်းကလေး ဒကာ၊ ဒကာမတွေ အောက်ပိုင်းမှာ အင်မတန် အထိနာတဲ့ နေရာကလေး သွားပြီးသကာလ ဩော်- ဝေဒနာ မိမိဝေဒနာက္ခန္ဓာလို့သာ ဆိုရတယ် ဒီဝေဒနာက္ခန္ဓာက မိမိကို နှိပ်စက်နေပါပေ့ါလားလို့ ဆိုတဲ့ဥစ္စာ ငြင်းဖို့လိုသေးသလား (မလိုပါ ဘုရား)။

ဒီအထဲမှာ ဦးဘရှင်းကို ဦးဘရှင်း ဒကာမကြီးက အပြင်ကလာပြီး နှိပ်စက်တာမဟုတ်ဘူး (မှန်ပါ့)။ မောင်နိုင်ကို မဥတို့က လာနှိပ်စက်တာ မဟုတ်ဘူး၊ ဒီခန္ဓာထဲ ပေါ်လာပြီး ဒီခန္ဓာက နှိပ်စက်တာ (မှန်ပါ့)။

ဒီခန္ဓာထဲက ဝေဒနာကလေးက ပေါ်လာတယ် (မှန်ပါ့)။ ဒီခန္ဓာကပဲ ကျန်တဲ့ဥစ္စာတွေ မနှိပ်စက်ဘူးလား (နှိပ်စက်ပါတယ် ဘုရား)။ ဩော်- ဒါဖြင့် ဟော့ ဝေဒနာက္ခန္ဓာ မင်း ဘယ်ကိစ္စရှိသတုံး၊ မေးတဲ့အခါကျတော့ သူ့ အဖြေထွက်လာတယ် (မှန်ပါ့)။ ကျုပ်ဟာ နှိပ်စက်တတ်တဲ့ ကိစ္စရှိတယ် (မှန်ပါ့)။ ပေါ်ကြပလား (ပေါ်ပါပြီ ဘုရား)။

သူမှာ ဘာကိစ္စရှိသတုံး (နှိပ်စက်တတ်တဲ့ကိစ္စ ရှိပါတယ် ဘုရား)။ နှိပ်စက်တတ်တဲ့ကိစ္စ ရှိတယ်။ သဘောကျပလား (ကျပါပြီ)။

ဒုက္ခသ ပီဠနဋ္ဌောကိုး၊ ဝေဒနာဆိုတဲ့ ဒုက္ခသစ္စာ၏ ပီဠနဋ္ဌော - ဉာတာမဖက် အမြဲနှိပ်စက်တယ်၊ ဩော်- တရားနာနေတုန်းမို့ သည်းခံပါဦးဆိုလို့ ရရဲ့လား (မရပါ ဘုရား)။ ဘာလုပ်နေသတုံး (နှိပ်စက်နေပါတယ် ဘုရား)။

ဩော်- ဒါဖြင့် နှိပ်စက်နေတတ်တဲ့ တရားအစစ်ဟာ သူပဲလို့ ပိုင်ပိုင်နိုင်နိုင် သိတယ် (သိပါတယ် ဘုရား)။ နှိပ်စက်တတ်တဲ့ တရားအစစ်ဟာ အခုပေါ်နေတဲ့ ဝေဒနာပဲဆိုရင် ဒကာ၊ ဒကာမတွေ ငြင်းဖို့လိုသေးသလား (မလိုပါ ဘုရား)။

ကောင်းပြီ၊ ဒါဖြင့် သူက ဘာနှိပ်စက်သတုံးလို့မေးတော့ သူက သူနဲ့အတူတကွဖြစ်တဲ့ သညာတို့ သင်္ခါရစိတ်တို့ကို မောင်နိုင် အတူတကွ ဖြစ်တာတွေကို အကုန်နှိပ်စက်တယ် (မှန်ပါ့ ဘုရား)။

သူနဲ့အတူတကွဖြစ်တဲ့ နာမက္ခန္ဓာ၊ သူပါ လေးပါးပေ့ါလေ (မှန်ပါ့)။ သူက ဝေဒနာက္ခန္ဓာဖြစ်နေတော့ ကျန်တဲ့ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာနဲ့ ဝိညာဏက္ခန္ဓာတို့ကို ကိုပေါ် ဘာလုပ်လိုက်သလဲ (နှိပ်စက်ပါတယ် ဘုရား)။ နှိပ်စက်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

တစ်ခါ သူသည် ရုပ်ပေါ်မှာ ပေါ်လာတဲ့ ဝေဒနာက ရုပ်ကိုလည်း နိမြန်းလာအောင်၊ ကျဉ်လာအောင် မနှိပ်စက်ဘူးလား (နှိပ်စက်ပါတယ် ဘုရား)။ ဝေဒနာက္ခန္ဓာက လုပ်လိုက်တယ် (မှန်ပါ)။ ခင်ဗျားတို့ရှိတဲ့ ဝေဒနာက္ခန္ဓာက လုပ်လိုက်တယ် (မှန်ပါ ဘုရား)။

တခြားသော ခန္ဓာက လာပြီးလုပ်တာလား (မဟုတ်ပါဘုရား)။ ရော- ဒါဖြင့် ဒုက္ခသ ဗိဋ္ဌနဋ္ဌောဆိုတဲ့ ကိစ္စဉာဏ်ဟာ နှိပ်စက်တတ်တဲ့ ကိစ္စရှိတဲ့တရား သူပဲ သူပဲ သူပဲလို့ ဉာဏ်ကလေးနဲ့ ကြည့်ပေးလိုက်စမ်းပါ (မှန်ပါ)။ နှိပ်စက်တတ်တဲ့ ကိစ္စနဲ့ သူလုပ်မနေဘူးလား (လုပ်ပါတယ် ဘုရား)။

အင်း- ဒါဖြင့် ဒီခန္ဓာကြီးသည်ကားလို့ ဆိုရင်ဖြင့် ဝေဒနာက္ခန္ဓာကြီးသည်ကားလို့ ဆိုရင်ဖြင့်တဲ့ မိမိသန္တာန်ပေါ်လို့ မိမိဝေဒနာက္ခန္ဓာလို့ ဆိုချင်လည်း ဆိုတာပေါ့။ သို့သော် ဘာလုပ်မလို့ ပေါ်လာသတုံး မေးတဲ့အခါကျတော့ ကျန်ခန္ဓာတွေ နှိပ်စက်မလို့ ကျုပ်လာတာ (မှန်ပါ)။

ကျန်တဲ့ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ၊ ရူပက္ခန္ဓာတွေ ဘာလုပ်မလို့ လာတာတုံး (နှိပ်စက်မလို့ လာတာပါ ဘုရား)။

ဩော်- ဒါဖြင့် ဒကာ၊ ဒကာမတို့ ခင်ဗျားတို့သန္တာန်မှာဖြင့် ဒီတရားကလေးဟာ ကျက်သရေမင်္ဂလာရှိတဲ့ တရားပဲလားတဲ့။ ရထားတဲ့ ဝေဒနာက္ခန္ဓာကဖြင့် ကိုယ်ကျိုးနည်းအောင် လုပ်နေတာလား (ကိုယ်ကျိုးနည်းအောင် လုပ်နေတာပါ ဘုရား)။

ဘယ်လို လုပ်နေပါလိမ့်ဗျာ (နှိပ်စက်နေပါတယ် ဘုရား)။ နှိပ်စက်နေတယ်။ အင်း- သူတစ်ပါးကို ညာတာမဖက် အမြဲနှိပ်စက်နေတယ်။ သညာကိုလည်း နှိပ်စက်တယ်။ မောင်နိုင်ရေ (မှန်ပါ)။ စိတ်ကိုကော (နှိပ်စက်ပါတယ် ဘုရား)။ စေတနာသင်္ခါရတွေကော (နှိပ်စက်ပါတယ် ဘုရား)။ ရုပ်ပေါ်မှာကော (နှိပ်စက်ပါတယ် ဘုရား)။

မယုံရင်ကြည့်ပါ။ အပ်ကလေးနဲ့ ထိုးကြည့်၊ ရုပ်တွေဟာ နိမြန်းထွက်လာတာဖဲ (မှန်ပါ)။ ရုပ်လည်း ဝေဒနာက နှိပ်စက်တယ်ဆိုတာ မသေချာဘူးလား (သေချာပါတယ် ဘုရား)။ ဒါဖြင့် ကျန်ခဲ့တဲ့ ခန္ဓာလေးပါးစလုံးကို ဘာလုပ်နေသတုံး (နှိပ်စက်နေပါတယ် ဘုရား)။

အဲဒီ နှိပ်စက်နေတာကို ဒကာ၊ ဒကာမတွေက ဉာဏ်နဲ့ကြည့်လိုက်တော့ ဩော်- သူ့ကိစ္စ ဒါကိုး (မှန်ပါ)။ သဘောပါကြလား (ပါပါပြီ)။ သူ့ကိစ္စဟာ (ဒါပါ ဘုရား)။ ဘာလုပ်တဲ့ ကိစ္စပါလိမ့် (နှိပ်စက်တဲ့ကိစ္စပါ ဘုရား)။ နှိပ်စက်တတ်တဲ့ကိစ္စ (မှန်ပါ)။ သဘောပါကြပလား (ပါပါပြီ)။

အင်း- ကိုယ့်သန္တာန်ပေါ်လာတဲ့ ဝေဒနာက္ခန္ဓာက ကျန်ခန္ဓာလေးပါးကို ဘာလုပ်မလို့လဲ၊ ကောင်းကျိုးပေးမလို့ လာတာလား၊ ဆိုးကျိုးပေးမလို့ လာတာလားဆိုတာ အကဲခတ်စမ်း (ဆိုးကျိုးပေးမလို့ပါ ဘုရား)။ ဘယ်လိုများ ဆိုးကျိုးပေးလိုက်ပါလိမ့် (နှိပ်စက်ပါတယ် ဘုရား)။

နှိပ်စက်မလို့ လာတာ (မှန်ပါ)။ ဒကာ၊ ဒကာမတို့ ပေါ်ကြပလား (ပေါ်ပါပြီ)။ ဩော်- ဒါဖြင့် နှိပ်စက်တတ်တဲ့ ကိစ္စဟာ သူ့ကိစ္စပဲ၊ ခန္ဓာ၏ ကိစ္စ (မှန်ပါ)။ နှိပ်စက်တတ်တဲ့ ကိစ္စဟာ (ခန္ဓာ၏ကိစ္စပါ ဘုရား)။ ခန္ဓာ၏ကိစ္စပဲဆိုတာ ငြင်းဖို့ လိုသေးသလား (မလိုပါ ဘုရား)။ နှိပ်စက်တတ်တဲ့ကိစ္စဟာ (ခန္ဓာ၏ကိစ္စပါ ဘုရား)။ ဘယ်ခန္ဓာ၏ ကိစ္စတုန်းဆိုတော့ ဝေဒနာက္ခန္ဓာ၏ကိစ္စ (မှန်ပါ)။ သဘောကျပလား (ကျပါပြီ)။ ဘာလုပ်တုံးဆိုတော့ ဝေဒနာကို အဓိကထား ပြောနေလို့ (မှန်ပါ ဘုရား)။ ရှင်းကြပလား (ရှင်းပါပြီ)။

ဒါဖြင့် ဒကာ၊ ဒကာမတွေ ဒီအတိုင်းသာ ဉာဏ်ကလေးနဲ့ကြည့်ကြည့် ကြည့်ကြည့်နေတော့ သူ ဘာလုပ်နေသတုံး၊ သူ ဘာလုပ်နေသတုံး နှိပ်စက်တဲ့ကိစ္စ လုပ်နေတယ်။ နှိပ်စက်တဲ့ကိစ္စ လုပ်နေတယ်ဆိုတာ ပေါ်တိုင်း ပေါ်တိုင်း သူလာလို့ရှိရင် နှိပ်စက်မလို့ လာတာချည်းမှတ်လိုက် (မှန်ပါ)။ သူ လာတိုင်း လာတိုင်း (နှိပ်စက်မလို့ လာတာပါ ဘုရား)။

ခန္ဓာထဲက ဘယ်ခန္ဓာ ထူးထူးခြားခြားပေါ်လာ ပေါ်လာ ဘာလုပ်မလို့ လာတာတုံး (နှိပ်စက်မလို့ လာတာပါ ဘုရား)။ အဲဒီလို ဉာဏ်ကလေးဟာ မြင်ပြီးသကာလနေတော့ အင်း နှိပ်စက်တတ်တဲ့ ကိစ္စမှတစ်ပါး သူ့မှာ ဘာကိစ္စမှမရှိဘူး (မှန်ပါ)။ ဒီလိုပိုင်ပိုင်သိအောင် လုပ်ပါ (မှန်ပါ)။

နှိပ်စက်တတ်တဲ့ကိစ္စမှ တစ်ပါး (ဘာကိစ္စမှ မရှိပါဘုရား)။ ဘာကိစ္စမှမရှိဘူး မောင်နိုင် (မှန်ပါ)။ ကျုပ်တို့ကို နတ်ပြည်ရောက်အောင် ပို့မလို့လည်း မဟုတ်ဘူး၊ ဗြဟ္မာပြည်ရောက်အောင် ဆောင်မလို့လား (မဟုတ်ပါ ဘုရား)။ မဟုတ်ပါဘူးတဲ့၊ ယခု အန္တရာယ်ကင်း ဘေးရှင်းအောင်လို့ကော (မဟုတ်ပါ ဘုရား)။ စားသောက်ကောင်းလို့ကော (မဟုတ်ပါ ဘုရား)။ မဟုတ်ပါဘူး။ ဘာလုပ်နေတာတုံး (နှိပ်စက်တာပါ ဘုရား)။

နှိပ်စက်တတ်တဲ့ကိစ္စပဲ သူလုပ်နေတယ်လို့ ဒကာ၊ ဒကာမတွေ ဒီခန္ဓာကလေးကို စူးစူးစိုက်စိုက် ဩော်- နှိပ်စက်



www.burmeseclassic.com

တတ်တဲ့ကိစ္စမှတစ်ပါး သူမှာ ဘာမှမရှိဘူးဆိုတာကို သေသေချာချာသိအောင် လုပ်တော့ သူကိစ္စ၊ သူက နှိပ်စက်တတ်တဲ့ကိစ္စ၊ ခင်ဗျားတို့ဉာဏ်က သိတဲ့ကိစ္စ (မှန်ပါ့)။ သဘောကျပလား (ကျပါပြီ ဘုရား)။

သူက ဘာပါလိမ့် (နှိပ်စက်တတ်တဲ့ကိစ္စပါ)။ ဉာဏ်က (သိတဲ့ကိစ္စပါ ဘုရား)။ ဉာဏ်က သိတတ်တဲ့ကိစ္စဆိုတော့ ဒကာ၊ ဒကာမတို့ ဟို- သမုဒယသစ္စာက ဒကာ၊ ဒကာမတို့ သန္တာန် သိတဲ့ကိစ္စနဲ့ သိနေတော့ သမုဒယသစ္စာက ဒကာ၊ ဒကာမတို့ သန္တာန်၌ မလာဘဲနဲ့ သေနေတယ် (မှန်ပါ့)။

သမုဒယသစ္စာက (မလာဘဲနဲ့ သေနေပါတယ်ဘုရား)။ မလာဘဲနဲ့ သေတာလည်း ခင်ဗျားတို့သန္တာန်မှာ အထင်အရှားပါ (မှန်ပါ့)။ ကိုပေါ်၊ ဘယ့်နှယ်တုံး (မလာဘဲနဲ့ သေပါတယ် ဘုရား)။ မလာဘဲနဲ့ သေနေတယ်။

ဘယ့်နှယ်ကြောင့် မလာဘဲနဲ့ သေနေပါလိမ့်မတုံး ဆိုတော့ နှိပ်စက်တတ်တဲ့ကိစ္စကို တပည့်တော်တို့ နှိပ်စက်ခြင်းကိုသိတဲ့ ဉာဏ်ဆိုတဲ့ မဂ်ဉာဏ်က သူ့ကိုပဲ ပွားများနေတဲ့ ကိစ္စတာ ရှိနေလို့ ကိလေသာက ကြားခိုလို့ကို မရဘဲနဲ့ ချုပ်မြဲတိုင်း ချုပ်နေတယ် (မှန်ပါ့)။ ချုပ်မဲ့အခါကျလို့ရှိရင် ဘာချုပ်လား၊ မလာချုပ်လားဆိုတာ စဉ်းစားပါ (မလာချုပ်ပါ ဘုရား)။

ဪ- ဒါဖြင့် အနုပ္ပါဒနိရောဓ၊ အနုပ္ပါဒက မဖြစ်ဘူး၊ နိရောဓတော ချုပ်တယ် (မှန်ပါ့)။ မလာဘဲနဲ့ ချုပ်အောင်လုပ်နိုင်တာ မဂ္ဂသစ္စာ၊ ထိုမဂ္ဂသစ္စာ၏ ဒုက္ခသစ္စာကို ဒကာ၊ ဒကာမတွေ သိတဲ့အတိုင်း အင်း- နှိပ်စက်နေတဲ့ကိစ္စ၊ နှိပ်စက်နေတဲ့ကိစ္စလို့ သိလုံးတည်းဟူသော မဂ္ဂသစ္စာက ဖယ်ပြီးထားပါတယ် (မှန်ပါ့)။ သဘောကျပလား (ကျပါတယ်)။ ဒကာကြီး [illegible] သေသေချာချာ နားထောင်နော် (မှန်ပါ့)။

သိလုံးကိစ္စက ပယ်လုံးကိစ္စကော သူလုပ်မနေဘူးလား (လုပ်နေပါတယ်)။ ဪ- သမုဒယသစ္စာ ဒီအထဲ ကြားထိုးသေးသလား (မထိုးနိုင်ပါ ဘုရား)။ ဒကာ၊ ဒကာမတွေ သမုဒယသစ္စာ ကြားထိုးလို့ ရသေးရဲ့လား (မရပါ ဘုရား)။ သေချာပလား (သေချာပါပြီ ဘုရား)။

ဒါဖြင့် သမုဒယသစ္စာ ကြားထိုးလို့မရတာသည်ကား [illegible] ရှိရင် ဪ- တို့ကိစ္စဉာဏ်သည် ဒကာ၊ ဒကာမတို့ [illegible] နေသတုံးလို့ မေးတော့ အင်း- ဒါ နိရောဓဖြစ်နေ [illegible] တဏှာနိရောဓ ဖြစ်မနေဘူးလား (ဖြစ်ပါတယ် ဘုရား)။

ဒကာ၊ ဒကာမတို့ ဘာနိရောဓ ဖြစ်နေသတုံး (တဏှာနိရောဓ ဖြစ်ပါတယ် ဘုရား)။ တဏှာနိရောဓ ဖြစ်နေတယ်ဆိုတာ မသေချာဘူးလား (သေချာပါတယ် ဘုရား)။ ဒါဖြင့် ခင်ဗျားတို့က နှိပ်စက်တတ်တဲ့ ကိစ္စကလေးကို အဖန်ဖန်ကြည့်နေတာက ဘာဝေတဗ္ဗကိစ္စ (မှန်ပါ့)။ သဘောကျပလား (ကျပါပြီ)။

အဖန်ဖန်ကြည့်တာက (ဘာဝေတဗ္ဗကိစ္စပါ ဘုရား)။ ဘာဝေတဗ္ဗကိစ္စ အဖန်ဖန်ကြည့်ရမှာကိုးဗျ (မှန်ပါ့)။ ဒါက မဂ်တစ်ကြိမ်ပေါ်တာ မဟုတ်သေးဘူး။ ဒါက ဝိပဿနာမဂ်ပဲ ဖြစ်နေတယ် (မှန်ပါ့)။ ဘာဝေတဗ္ဗကိစ္စနဲ့ အဖန်ဖန် နှိပ်စက်နေပါကလားဆိုတဲ့ဥစ္စာ နှိပ်စက်တိုင်း နှိပ်စက်တိုင်း မောင်နိုင်က အဖန်ဖန် နှိပ်စက်နေပါကလားလို့ သိအောင်လုပ်ပါ (မှန်ပါ့)။ သဘောကျပလား (ကျပါပြီ)။

ဝေဒနာကလေးဟာ အဖန်ဖန် မနှိပ်စက်ဘူးလား (နှိပ်စက်ပါတယ် ဘုရား)။ တစ်ကြိမ်တည်း နှိပ်စက်သလား၊ အကြိမ်များစွာပဲလား (အကြိမ်များစွာပါ ဘုရား)။ အကြိမ်များစွာ နှိပ်စက်သလောက် ကျုပ်တို့က အကြိမ်များစွာ သိပေးလိုက်စမ်းပါ (မှန်ပါ့)။ ဒါဖြင့် အကြိမ်များစွာ နှိပ်စက်တာက လည်းတဲ့ ဒုက္ခသစ္စာ (မှန်ပါ့)။ အကြိမ်များစွာ သိတာကလည်း သူ့ ဘာဝေတဗ္ဗကိစ္စ၊ သူ့မှာ နဂိုကရှိလို့ အကြိမ်များစွာသိတဲ့ ကိစ္စဟာ ဘာဝေတဗ္ဗကိစ္စပဲ (မှန်ပါ့)။ ရှင်းပလား (ရှင်းပါပြီ)။

အကြိမ်များစွာ သိတဲ့ကိစ္စဟာ (ဘာဝေတဗ္ဗကိစ္စပါ)။ ဒါဖြင့် မဂ္ဂသစ္စာ ဘာဝေတဗ္ဗကိစ္စ ရှိရမယ်ဆိုတဲ့ဥစ္စာ ဒကာ၊ ဒကာမတို့ ဪ- အကြိမ်များစွာ နှိပ်စက်တာက ဒုက္ခသစ္စာ အကြိမ်များစွာ နှိပ်စက်နေတယ်လို့ သိတဲ့ဥစ္စာ မဂ္ဂသစ္စာ၏ ဘာဝေတဗ္ဗကိစ္စ(မှန်ပါ့)။ သဘောကျပလား(ကျပါပြီ ဘုရား)။

အကြိမ်များစွာ နှိပ်စက်နေတာက၊ မှည့်မတာ နှိပ်စက်နေတာက သူ့ကိစ္စ (မှန်ပါ့)။ ဒါဖြင့် ဒုက္ခသစ္စာကိစ္စကို မဂ္ဂသစ္စာက ပွားများပြီးသကာလ အကြိမ်များစွာ သိခြင်းကြောင့် ဒကာ၊ ဒကာမတို့ ကိလေသာလည်း အကြိမ်များစွာ ချုပ်ရတယ် (မှန်ပါ့)။ သဘောကျပလား (ကျပါပြီ)။

ကိလေသာသည် (အကြိမ်များစွာ ချုပ်ရပါတယ်)။ အကြိမ်များစွာချုပ်ရတယ်ဆိုတာ ကျေနပ်ကြပလား (ကျေနပ်ပါပြီ ဘုရား)။ ဘယ့်နှယ်ကြောင့် အကြိမ်များစွာ ချုပ်ရပါလိမ့်မတုံးဆိုတော့ နှိပ်စက်တာ များတာကို မြင်တာများလို့ (မှန်ပါ့ ဘုရား)။ မြင်တာများလို့ ဟိုက ကိလေသာချုပ်ရတာ များတယ် (မှန်ပါ့)။ သဘောကျပလား (ကျပါပြီ)။ နှိပ်စက်တာ

www.burmeseclassic.com

များတာကို (မြင်တာများပါတယ် ဘုရား)။ မြင်တာများလို့ ဟိုက (ကိလေသာချုပ်တာ များပါတယ် ဘုရား)။ ကိလေသာ ချုပ်တာ များပါတယ်ဆိုတာ သဘောကျပလား (ကျပါပြီ)။

အချုပ်များတော့ကို အချုပ်များတိုင်း များတိုင်း နိရောဓကော မများဘူးလား (များပါတယ် ဘုရား)။ ဩော်- ဒီလိုလေးချက် တစ်ပြိုင်နက်ဖြစ်တဲ့ သဘောသည် ကိစ္စ ဉာဏ်ပဲ (မှန်ပါ့)။ ပေါ်ကြပလား (ပေါ်ပါပြီ)။

ဒီလိုလေးချက် တစ်ပြိုင်နက် ခင်ဗျားတို့ခန္ဓာထဲမှာ ဖြစ်တဲ့သဘောသည် ဒကာ၊ ဒကာမတို့ ဖြူတုန်းကို ဆေးဆိုး လိုက်တဲ့အတွက် ဘာဝေတဗ္ဗကိစ္စကလည်း နည်းသလား (မနည်းပါ ဘုရား)။ သမုဒယသစ္စာ ပယ်တဲ့ဉစ္စာလည်း သူ့ပွား သလောက် ပယ်နေတာပဲ (မှန်ပါ့)။ နိရောဓကလည်း ချုပ် သလောက် နိရောဓဖြစ်နေတာပဲ (မှန်ပါ့)။

သမုဒယ ချုပ်သလောက် (နိရောဓ ဖြစ်ပါတယ် ဘုရား)။ နိရောဓ အကြိမ်များနေတယ်ဆိုတာကော သေချာ ပလား (သေချာပါပြီ)။ အဲဒီတော့ ဘယ်မှာ ဒကာ၊ ဒကာမ တို့ နှောင့်ယှက်တဲ့သဘော ပါသေးသလား (မပါပါ ဘုရား)။ ရှင်းကြပလား (ရှင်းပါပြီ ဘုရား)။

နှိပ်စက်တဲ့ကိစ္စကလည်း မောင်နိုင်၊ ဘယ်လောက် နှိပ်စက်သတုံးဟေ့ (မရေတွက်နိုင်ပါ ဘုရား)။ မရေတွက်နိုင် အောင် နှိပ်စက်တာကို ဒီက ဘုန်းကြီးမေးတဲ့အတိုင်း ဒကာ၊ ဒကာမတွေ မရေတွက်နိုင်အောင် သူ့ကိစ္စကို ကြည့်ပေး (မှန်ပါ့)။ ကြည့်ပေးလိုက်တော့ သူက ကြည့်တဲ့ဉစ္စာက ဘာ ကိစ္စဖြစ်သွားသတုံး (ပွားများတဲ့ကိစ္စပါ ဘုရား)။

ဘာဝေတဗ္ဗကိစ္စ ဖြစ်သွားတယ်၊ ပွားများတဲ့ကိစ္စ သွား ဖြစ်တယ် ဒကာ၊ ဒကာမတို့ (မှန်ပါ့)။ ရိပ်မိပလား (ရိပ်မိပါပြီ ဘုရား)။ ပွားများတဲ့ကိစ္စ များသောကြောင့် နောက်က ကိလေသာချုပ်တဲ့ကိစ္စကော နည်းသလား၊ များသလား (များ ပါတယ် ဘုရား)။ ဒီက မဂ်များသလောက် ဟိုမှာ သူမလာရ ဘဲကိုး (မှန်ပါ့)။ မဂ်များသလောက် ကိလေသာ မလာတာ ကလည်း မသေချာဘူးလား (သေချာပါတယ် ဘုရား)။

ဒါဖြင့် ကိလေသာ မလာတာကလည်း လာချုပ်လား၊ မလာချုပ်လားလို့ မေးတဲ့အခါ ဘယ့်နှယ်ဖြေကြမလဲ (မလာ ချုပ်ပါ ဘုရား)။ မလာချုပ်ဆိုလို့ရှိရင် ဒကာ၊ ဒကာမတို့ ကိလေသာ နည်းနည်းမှမပါဘဲနဲ့ ချုပ်တာ ဖြစ်လေသော ကြောင့် အဲဒါ နိရောဓ (မှန်ပါ့)။ ကိလေသာနဲ့ စပ်ချုပ်တာ လား၊ ကိလေသာ မလာဘဲနဲ့ ချုပ်တာလား (မလာဘဲနဲ့ ချုပ် တာပါ ဘုရား)။ ဒါဖြင့် အဲဒီ မလာဘဲနဲ့ ချုပ်တာက နိရောဓ၊ မလာတာက ဒကာ၊ ဒကာမတို့ ကိလေသာအကြိမ်များများ မလာတာက ပဟာတဗ္ဗကိစ္စ (မှန်ပါ့)။ သဘောကျပလား (ကျပါပြီ)။

မလာဘဲနဲ့ အကြိမ်များများ ချုပ်နေတာက နိရောဓ၏ ကိစ္စ (မှန်ပါ့)။ နိဿရဏဥကိစ္စ (မှန်ပါ့)။ နိဿရဏဥဿာ ထွက် မြောက်ကြောင်းဖြစ်၍ ကျေးဇူးပြုတော့မယ် (မှန်ပါ့)။ သဘော ကျပလား (ကျပါပြီ)။ ထွက်မြောက်ကြောင်းဖြစ်၍ ကျေးဇူး ပြုတော့မယ်ဆိုတာ ပေါ်ပလား (ပေါ်ပါပြီ)။

ဒါဖြင့် ခင်ဗျားတို့ ဒီအချိန်မှာ အခု အောက်ပိုင်းမှာ ထိုင်ပြီး ကြားနေတဲ့အချိန်မှာ ဝေဒနာကလေးက ခန္ဓာထဲပေါ် တဲ့ ဝေဒနာ (မှန်ပါ့)။ ဝေဒနာက္ခန္ဓာပဲ မဟုတ်ဘူးလား (မှန်ပါ့)။ သူများပေးတဲ့ ခန္ဓာလား၊ ကိုယ်ရထားတဲ့ ခန္ဓာလား (ကိုယ်ရထားတဲ့ ခန္ဓာပါ ဘုရား)။

ကိုယ်ရထားတဲ့ခန္ဓာက ကျန်ခန္ဓာလေးပါးကို နှိပ်စက် မနှိပ်စက် (နှိပ်စက်ပါတယ် ဘုရား)။ သဘောပါပလား (ပါပါပြီ ဘုရား)။ ကျန်ခန္ဓာလေးပါးကို (နှိပ်စက်ပါတယ် ဘုရား)။ နှိပ်စက်နေတယ်ဆိုတော့ ဩော်- သူ နှိပ်စက်တတ်သော ကြောင့် ဒုက္ခသစ္စာ (မှန်ပါ့)။ သူနှိပ်စက်နေတာကို ကျုပ်တို့က အဖန်ဖန်ကြည့်တာက မဂ္ဂသစ္စာ၏ ဘာဝေတဗ္ဗကိစ္စ (မှန်ပါ့)။ သဘောကျပလား (ကျပါပြီ)။

သူနှိပ်စက်နေခြင်းကြောင့် ကိလေသာကလည်း မလာ ဘဲနဲ့ ချုပ်နေတာက ဩော်- ဒါ သမုဒယသစ္စာကို ပယ်ရမည့် ကိစ္စကို ကျုပ်တို့က ပယ်ပြီးသားဖြစ်နေတယ် (မှန်ပါ့)။ သူ မလာတဲ့အချိန်ကျလို့ရှိရင် ကိလေသာတွေသည်ကားလို့ဆိုရင် ချုပ်နေတယ်ဟေ့မှတ်စ်ပါ။ ဒိုပြင် ဘာပြောစရာ ရှိသေးသတုံး (မရှိပါ ဘုရား)။ ဘာမှ ပြောစရာမရှိတော့ တဏှာနိရောဓ နိဗ္ဗာန်ကလည်း ပေါ်နေတယ် (မှန်ပါ့)။ အဲဒီလို တစ်ပြိုင်နက် တစ်ခါတည်း လေးကိစ္စပေါ်လာအောင် လုပ်တဲ့အလုပ်ဟာ ကိစ္စဉာဏ်၏ အလုပ် (မှန်ပါ့)။

ဒါကို သုံးလေးခေါက်လောက် အိမ်မှာတွေးပြီး လုပ် လို့ရှိရင် ခင်ဗျားတို့ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ဒီဘဝ ပါရမီအလိုက် မဟုတ်ဘူး၊ အလုပ်အလိုက် ဖြစ်ပါလိမ့် မယ် (မှန်ပါ့)။ ရှင်းပလား (ရှင်းပါပြီ)။

ကဲ- ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု . . . သာဓု . . . သာဓု။

◆

လပြည့်ဝန်းမဂ္ဂဇင်း (စက်တင်ဘာ၊ ၂၀၁၇)



www.burmeseclassic.com

ww.burmeseclassic.com

# ကိစ္စညာဏ်

## သစ်တင့်သဘော

သစ္စာတရား ဆိုတဲ့ဥစ္စာ ဒကာ၊ ဒကာမတို့ သစ္စာက မှန်ကန်တာ၊ တရားကလည်း မှန်ကန်တာပဲ။ ဒီတရားလောက် မှန်တာ မရှိဘူး။ သစ္စာတရားဆိုတာ ဦးဘရှင်းရေ သစ္စာက လည်း မှန်ကန်တာပဲ (မှန်ပါ့)။ တရားကလည်း တရားတာပဲ (မှန်ပါ့)။ မှန်ကန်တဲ့တရားလို့ မောင်နိုင်တို့ မှတ်ရလိမ့်မယ် (မှန်ပါ့)။

ဒါဖြင့် မှန်ကန်တဲ့တရားလို့ ဒကာ၊ ဒကာမတွေက သိထားတော့ ဒီပြင်တရားတွေကော ဘုရား၊ အို- ဒီပြင်တရား တွေကတွာ မှန်ဘူးဟော့လို့ ဆိုကောင်းဆိုရတော့မယ် (မှန်ပါ့)။ ဘယ့်နှယ်ကြောင့်တုံးဆိုတော့ သူသည်ကားလို့ ဆိုလို့ရှိရင် ခြင်တဲ့ ဒါနပြုလုပ်တယ်ဆိုဝေမယ့်လည်း ဒါနကုသိုလ်ကံက နေပြီးသကာလ ကောင်းကျိုးပေးတဲ့အခါလည်းပေး၊ တစ်ပါး သောကံက ဝင်ဖြတ်သွားရင်လည်း အကျိုးမပေးတော့ဘူး (မှန်ပါ့)။ မှန်ရဲ့လား သူတို့ (မမှန်ပါ ဘုရား)။

သီလဆောက်တည်လို့ အသက်ရှည်တယ်ဆိုငြားသော် လည်း ကံတွေက ဝင်ဖြတ်လိုက်ရင် မောင်နိုင် သက်တမ်းစေ့ အောင် ဘယ့်နှယ်နေရပါ့မလဲ (မနေရပါ ဘုရား)။ ဩော်- ဒါတွေကတော့ဖြင့် သူများအရှုပ်အယှက်ကို ခံနိုင်တဲ့တရား တွေ ဖြစ်နေပါလားဆိုတာ ပေါ်သွားတယ် (ပေါ်ပါတယ် ဘုရား)။

သမထတွေ ဘယ်လိုပင် အားထုတ်ပြီးသကာလ ထား ငြားသော်လည်း ဒကာ၊ ဒကာမတို့ ကမ္ဘာပျက်တွေနဲ့ ကြုံတဲ့ အခါ အောက်ပထမဈာန်ဘုံတွေ ပါသွားပြန်တော့ မမှန်တဲ့ တရားတွေ ဖြစ်နေတော့ မမှန်သလိုပဲ ပျက်စီးသွားတယ် (မှန်ပါ့)။

ဒီသစ္စာကတော့ကိုတဲ့ နိရောဓသစ္စာ၊ နိရောဓက ဒုက္ခ ချုပ်တာ သစ္စာက မှန်တယ်၊ ဒုက္ခတွေချုပ်တာ အမှန်ဖြစ်နေ တော့ သုခအမှန်ဟာဖြင့် ဘယ်သူဖျက်လို့မှ မရတော့ဘူး (မှန်ပါ့)။ ဒုက္ခကတော့ ချုပ်တာ အမှန်ပဲ (မှန်ပါ့)။ သုခအမှန် ဖြစ်နေတာ ဘယ်သူဖျက်လို့ ရသတုံး (မရပါ ဘုရား)။

အဲဒါကြောင့် တရားတကာ့ တရားထဲမှာဖြင့် သူ့ကို အားထုတ်ရာသဲနဲ့ သူ့ကို အားမထုတ်ရာသဲနဲ့ ကိုပေါ်၊ ကိုဝတို့ နိဗ္ဗာန် မမြင်နိုင်မယ်လို့ ဘယ်တော့မှ မအောက်မေ့နဲ့ (မှန်ပါ့)။ ရှင်းကြ ရဲ့လား (ရှင်းပါပြီ)။

သူ့ကို အားမထုတ်ဘဲနဲ့ (ဘယ်တော့မှ နိဗ္ဗာန်မရနိုင်ပါ ဘုရား)။ နိဗ္ဗာန်မရနိုင်ဘူးဆိုတဲ့ဥစ္စာ သေသေချာချာ မှတ် ပါတဲ့။ အဲဒီတော့ ခင်ဗျားတို့ သူ့ကို ဟောမယ်ကြံတော့ ဦးဘရှင်းတို့၊ မောင်နိုင်တို့ သင်ထားတယ်။ သူဟာ ဝမ်းထဲမှာ ဖြူစင်နေတဲ့အခါမှ ဟောရတယ် (မှန်ပါ့)။

ဘယ်အချိန် ဟောရသလဲ (ဝမ်းထဲမှာ ဖြူစင်နေတဲ့ အချိန် ဟောရပါတယ် ဘုရား)။ ဖြူစင်နေတဲ့အချိန်မှ ဟော ရတယ်၊ ဒီပြင်အချိန် သွားဟောလို့ရှိရင် တရားဟာ စွဲကိုမစွဲ ဘူးတဲ့ (မှန်ပါ့)။ ဒီတော့ ဖြူစင်နေတဲ့အချိန် ဟောမှသာလျှင် စွဲတယ်ဆိုတော့ ဒကာ၊ ဒကာမတို့ကို ဟောမည့်ကြံတိုင်း ကြံတိုင်း ဖြူစင်အောင် လုပ်ပေးရမယ် (မှန်ပါ့)။

ဖြူစင်အောင် လုပ်ပေးမယ်ဆိုတော့ ဒကာ၊ ဒကာမ တွေ မှတ်တာပေါ့တဲ့။ မနေ့က ဗဋ္ဋိစ္စသမုပ္ပါဒ်မှာ ဒကာ၊ ဒကာမတွေ တစ်သံသရာလုံးဟာ သစ္စာမသိခဲ့တာ အဝိဇ္ဇာ (မှန်ပါ့)။

သစ္စာမသိခဲ့တာ (အဝိဇ္ဇာပါ ဘုရား)။ ဩော်- သစ္စာ မသိခဲ့တာ အဝိဇ္ဇာ၊ ဒုက္ခသစ္စာလို့လည်း မသိခဲ့ဘူး၊ လောဘ သမုဒယသစ္စာ ဒုက္ခဖြစ်ကြောင်းလို့ မသိတာလည်း (အဝိဇ္ဇာ ပါ ဘုရား)။ ဒုက္ခချုပ်ရာဟာ နိရောဓသစ္စာ နိဗ္ဗာန်ပဲလို့ မသိ တာတော့ (အဝိဇ္ဇာပါ ဘုရား)။ မသိတာနော် (မှန်ပါ့)။

ဒုက္ခချုပ်ကြောင်း အကျင့်မှုသရွေ့ဟာလည်း မဂ္ဂ သစ္စာလို့ မသိတာကော (အဝိဇ္ဇာပါ ဘုရား)။ ဒါဖြင့် သူသိတာ ပါသေးရဲ့လား (မပါပါ ဘုရား)။

ဒါဖြင့် ဘုန်းကြီးကပဲ သတိပေးပါတယ်။ ဒကာ၊ ဒကာမတွေ သူ့ကို မသိသေးတဲ့ပုဂ္ဂိုလ်ဟာတဲ့ ဒုက္ခေအညာဏ်၊ ဒုက္ခသမုဒယေအညာဏ်လို့ ဘုရားက ဟောသောကြောင့် မျက်စိဖြင့် ကန်းပဟော့ဆိုတဲ့ အဓိပ္ပာယ် ပြောရလိမ့်မယ် (မှန်ပါ့)။ သဘောကျပလား (ကျပါပြီ)။

ဒကာ၊ ဒကာမတို့ သစ္စာမသိရင် ဘာတဲ့ (မျက်စိကန်း ပါတယ် ဘုရား)။ ဩော်- သစ္စာမသိရင် မျက်စိကန်းတယ်လို့ မှတ်ထားလိုက်စမ်းပါ။ အဲဒီမျက်စိကန်းသည်ကားလို့ ဆိုလို့ ရှိရင်ဖြင့် အာလောကောဥဒပါဒိဆိုတဲ့ အလင်းမရတော့ဘူး၊ ရသေးရဲ့လား (မရပါ ဘုရား)။

မရတော့ သူသည် အမှောင်ထဲမှာပဲ နေရတဲ့အဓိပ္ပာယ် မရောက်ဘူးလား (ရောက်ပါတယ် ဘုရား)။ အဲ- အမှောင် ထဲမှာ နေရတော့ နေရပင်နေရငြားသော်လည်း ပုထုဇဉ်ထုံးစံ က အငြိမ်မနေဘူး။ လမ်းသွားချင်သေးတယ် (မှန်ပါ့)။



www.burmeseclassic.com

www.burmeseclassic.com

# နောင်တတွေ နောင်မှ မရစေချင်ပါ

## ဒေါက်တာအရှင်လာဘသာမိ(မြတ်မွေ)



(၁)

အရင်နှစ်တွေက တစ်ပိုင်တစ်နိုင် လုပ်ဆောင်ခဲ့တဲ့ကောင်းကျိုးပြုလုပ်ငန်းတွေကို ဒီနှစ်မှာလည်း ပိုမိုကျစ်လျစ် အကျိုးပြည်ပြည့် အမိပ္ပာယ်ရှိရှိစနစ်ကျအောင် လိုစွက် ပိုဖျက် လုပ်ဆောင်ခဲ့ပါတယ်။ အတွေ့အကြုံအရ အားနည်းချက်၊ အားသာချက်တွေကို ဖြည့်စွက်ဆောင်ရွက်ခဲ့တာပါ။ ဘာ့ဝဲလုပ်လုပ်မေတ္တာ၊ စေတနာ အပြည့်ထားပြီး လုပ်ဆောင်ခဲ့တာချည်းပါပဲ။ ရိပ်သာထဲရောက်လာသူတိုင်း အေးချမ်းသာယာပြီး နွေးနွေးထွေးထွေးရှိဖို့ ရည်ရွယ်ပါတယ်။

ဒီလုပ်ငန်းစဉ်တွေကို မိမိတစ်ဦးတည်း လုပ်ဆောင်တာတော့မဟုတ်ပါဘူး။ အခုချိန်ထိ မိမိတစ်ဦးတည်း လုပ်ဆောင်ခဲ့တာလည်းမရှိသေးပါဘူး။ အဖွဲ့အစည်းအသီးသီး၊ ကုသိုလ်ရှင်အသီးသီး စုပေါင်းအားနဲ့ လုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။

ကျောင်းအလှူရှင်တွေ အထူးသဖြင့် ကျောင်းအလှူရှင်တွေဖြစ်တဲ့ မိခင်ကြီးဒေါ်အေးရင်၊ သားဦးဝင်းကျော်၊ ဒေါ်ဂျာဘူ၊ သား မောင်ကောင်းမြတ်ကျော်၊ သမီး မခင်ထက်မြတ်ကျော် မိသားစုနဲ့ သူတို့ရဲ့ အသိမိတ်ဆွေတွေ၊ စုပေါင်းကုသိုလ်ရှင်တွေ၊ ဂေါပကလူကြီးစတဲ့ စွမ်းအားတွေနဲ့ ပေါင်းစုထားတဲ့ ကောင်းမှုတွေဖြစ်ပါတယ်။

၁၉၇၇ ခုနှစ် ရက်စွဲမှာတော့ အရင်နှစ်တွေထက် အကျိုးပိုများတဲ့ အစီအစဉ်သစ်တွေ ပေါင်းစပ်ဖြည့်ဆော်



www.burmeseclassic.com

www.burmeseclassic.com

လုပ်ဖြစ်ခဲ့ပါတယ်။ အရင်နှစ်ကထက် လေးမျိုးတိုးပြီး အကျိုးပြုတွေ လုပ်ဆောင်ခဲ့တာပါ။

ပြောရမယ်ဆိုရင် မြန်မာရက်စွဲ ၁၃၇၇ ခုနှစ်ရဲ့ ကောင်းကျိုးပြုအလုပ်တွေက

◆ ကျောင်းပိတ်ရက်တွေမှာ ဓမ္မစကူးလ် သင်ကြားပေးပါတယ်။

◆ ပြာသိုလထဲမှာ (၇)ရက် တရားစခန်း ဖွင့်ပါတယ်။

◆ ဝါတွင်းသုံးလ ဥပုသ်ရက်တွေမှာ ဥပုသ်ရက် တရားစခန်းဖွင့်ပါတယ်။

◆ ဝါတွင်းသုံးလ ဥပုသ်ညတွေမှာ ဓမ္မကထိကတွေပင့်ဖိတ်ပြီး တရားပွဲတွေ ကျင်းပပါတယ်။

◆ အလယ်တန်းနဲ့ အထက်တန်း ကျောင်းသူ ကျောင်းသားတွေကို တစ်ပတ်လျှင် သုံးရက် မြတ်ဗုဒ္ဓရဲ့ အခြေခံတရားတွေကို အင်္ဂလိပ်လို သင်ကြားပေးပါတယ်။

◆ အလယ်တန်းနဲ့ အထက်တန်း ကျောင်းသူ ကျောင်းသားတွေကို ကွန်ပျူတာ တစ်လသင်တန်း ဖွင့်လှစ် သင်ကြားပေးပါတယ်။

◆ အလယ်တန်း၊ အထက်တန်းနဲ့ တက္ကသိုလ် ကျောင်းသူ ကျောင်းသားတွေကို ပညာသင်စရိတ် ထောက်ပံ့ လှူဒါန်းပါတယ်။

◆ စာရေးဆရာ ဗေလုဝတို့အား ဖိတ်ခေါ်ပြီး စာပေဟောပြောပွဲတွေ ကျင်းပပါတယ်။

◆ နယ်လှည့် ဓမ္မကထိက ဆရာတော်တွေ ပင့်ဖိတ်ပြီး တရားပွဲတွေ ကျင်းပပါတယ်။

◆ ပါမောက္ခချုပ် ဆရာတော် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသနဲ့ ယောစည်နာယကချုပ် ဆရာတော် ဒေါက်တာအရှင်ဇဋိလတို့အား ပင့်ဖိတ်လျက် အထူးတရားပွဲ ကျင်းပပါတယ်။

◆ သကြန် ဒုလ္လဘ ရဟန်းခံပွဲနဲ့ တရားစခန်း ကျင်းပပါတယ်။

(၂)

၁၃၇၇ ခုနှစ် ရက်စွဲသစ်မှာ ကုသိုလ်အနှစ်တွေ လုပ်ဆောင်ခဲ့တာ ဖြစ်ပါတယ်။ စေတနာ သန့်ရှင်းစွာနဲ့ ဆောင်ရွက်တာလည်း ဖြစ်ပါတယ်။ လူကြီးလူငယ်အားလုံး ကုသိုလ်နဲ့ ပညာရည်တွေ ပြည့်ဝမြင့်မားစေဖို့ ရည်ရွယ်တာလည်း ဖြစ်ပါတယ်။ တရားစခန်းဆိုလည်း အကုန်တာဝန်ယူတာဖြစ်ပါတယ်။ ခြင်ထောင်၊ အိပ်ရာခင်း အစ စားစရိတ်၊ နေစရိတ်ပါမကျန် အကုန်နီးပါးလှူဒါန်းပေးတာဖြစ်ပါတယ်။ စခန်းဝင်ယောဂီက ယောဂီဝတ်စုံယူဆောင်ပြီး တရားအားထုတ်ရုံပါပဲ။

ကလေးငယ်လေးတွေကိုလည်း ပညာဒါနအဖြစ် ဖြည့်ဆည်းပေးတာဖြစ်ပါတယ်။ အခမဲ့ အင်္ဂလိပ်စာ၊ အခမဲ့ ကွန်ပျူတာ၊ ပညာသင်စရိတ်ထောက်ပံ့ငွေ၊ ပညာရေးအထောက်အကူပစ္စည်းတွေ လှူဒါန်းပေးတာ ဖြစ်ပါတယ်။ ကလေးငယ်တွေဘက်က အချိန်နဲ့ အခွင့်အရေး ညီညီမျှမျှတန်ဖိုးထား ကြိုးစားဖို့ပဲ လိုအပ်ပါတယ်။

တရားစခန်းနဲ့ တရားပွဲတွေမှာ တရားထိုင်သူ တရားနာသူလေးရာဝန်းကျင်တော့ရှိပါလိမ့်မယ်။ နေ့စဉ်ညတိုင်း တရားထိုင်သူ အချိန်ပိုင်းယောဂီအပါအဝင်ပါ။ ဝန်းကျင်အတိုင်းအတာအရဆို ဒီ့ထက် အရေအတွက်ပိုများနိုင်တဲ့ နေရာဒေသပါ။ စီစဉ်မှုပိုင်း သို့မဟုတ် လှူဒါန်းမှုပိုင်းမှာ ပြည့်ပြည့်ဝဝရှိတယ်လို့ ဆိုရမှာပါ။ ဒါပေမဲ့ ယောဂီပိုင်းမှာ အားနည်းတယ်လို့ပဲ ဆိုရမှာပါ။ အမှန်တကယ် သူတို့အတွက် ကုသိုလ်ဘွေ အစဉ်အဆက်ဖြစ်ဖို့ အခုလိုကုသိုလ်ပွဲတွေ ကျင်းပပေးတာဖြစ်ပါတယ်။

စခန်းရက်အတွင်း တရားမထိုင်၊ ဒီအတိုင်း ဘာသိဘာသာနေသူတွေလည်း ရှိပါတယ်။ တချို့က ကိုယ်ပိုင်အလုပ် ဘာမှမလုပ်ဘဲ တစ်အိမ်ဝင် တစ်အိမ်ထွက်၊ တစ်ဆိုင်ဆင်း တစ်ဆိုင်တက် လှည့်ပတ်သွားနေတာလည်း ရှိတာပါပဲ။ ဥပုသ်ရက် ဥပုသ်မစောင့်ဘဲ ဘာသာလဝါ နေသူတွေလည်း အများကြီးပဲ။ တဟောဟော တသောသောနဲ့ ဈောက်ရာပေါက်ရာ ဟိုပြောဒီပြောပါ။ ကုသိုလ်မဖက်၊ စီးပွားမတက် အသက်ကြီးတာပဲ အဖတ်တင်နေသူတွေပါ။ အကြောင်းဆုံလို့ သတိပေးပြောပြတဲ့အခါ 'မအားလို့ပါ' ဆိုတဲ့ စကားနဲ့ ပယ်ချတတ်ပါတယ်။

အချိန်နဲ့အခွင့်အရေးတွေ ရနေလျက်နဲ့ 'မအားဘူး'လို့ လွယ်လွယ်ပြောတာ မကောင်းပါဘူး။ လောလောဆယ် အနေချောင်ဖို့ လွယ်လွယ်မပြောသင့်ပါဘူး။ ကိုယ်က အနေချောင်တယ်ထင်ရပေမယ့် အသေကျပ်မှာတော့ အသေအချာပါ။ ဒီဘဝ အနေချောင်ပေမယ့် နောင်ဘဝတွေမှာ အနေကျပ်မှာပါ။ အနေကျပ် အသေကျပ်အောင်မဖန်တီးသင့်ပါဘူး။

အခုလိုပြောတာ နောင်တတွေ နောင်မှရနေမှာ စိုးရိမ်လို့ပါ။

အခွင့်အရေးရှိနေခိုက် ဒါနတွေ မလုပ်ဖြစ်ဘူး။ သီလတွေ မကျင့်သုံးဖြစ်ဘူး။ သမထအလုပ် အားမထုတ်ဖြစ်ဘူး။ တရားမထိုင်ဖြစ်ဘူးဆိုရင် ကျန်းမာရေး မကောင်းကဲ့အခါ၊ အိုမင်းမစွမ်းဖြစ်တဲ့အခါ၊ သေခါနီးအခါ အပါယ်




www.burmeseclassic.com

www.burmeseclassic.com











www.burmeseclassic.com

www.burmeseclassic.com



# အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဆရာတော်ဘုရားကြီးအား ပူဇော်ခြင်း

ဗေဒသုတေသီ ဆရာမျိုး

ပထမပိုင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ၏ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်ပွဲ အခမ်းအနားကို ၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့် (၁၂-၃-၂၀၁၇) တနင်္ဂနွေနေ့၌ သာသနာ့မဟာဗိမာန်တော်ကြီးအတွင်း ကျင်းပပြုလုပ်ခဲ့ပါသည်။ ယနေ့ ကျင်းပသည့် အခမ်းအနားတွင် ဆရာတော်အရှင်မြတ် ၁၆၅ ပါး၊ သီလရှင်ဆရာကြီး ၉ပါး၊ လူပုဂ္ဂိုလ် အမျိုးသား ၈ဦး၊ အမျိုးသမီး ၂၁ ဦးတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်ပေးအပ် ချီးမြှင့်ခဲ့ပါသည်။

ဘွဲ့တံဆိပ်တော်များကို နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီးဒေါ်ခင်သက်ဌေး၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဇနီးဒေါ်ချိုချို၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဗဟိုဘဏ်ဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ဒုတိယဝန်ကြီးများမှ ဆက်ကပ်လှူဒါန်းပေးအပ်ချီးမြှင့်ခဲ့ပါသည်။

www.burmeseclassic.com



အခမ်းအနားတွင် နိုင်ငံတော်သမ္မတနှင့် ဧည့်ပရိသတ်အပေါင်းတို့အား နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသမှ ငါးပါးသီလ ချီးမြှင့်တော်မူပြီးလျှင် နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသမှ ရေစက်ချ အနုမောဒနာတရား ဟောကြားတော်မူခဲ့ပါသည်။

နေ့လယ်ပိုင်းတွင် ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို ဆက်လက်ကျင်းပရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများအား ဥပ္ပါတသန္တိစေတီတော် အဝင်လမ်းနှင့် စေတီတော်ပတ်လမ်းတစ်လျှောက်တို့၌ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများကို သဒ္ဓါကြည်ဖြူစွာဖြင့် လောင်းလှူပူဇော်ကြပါသည်။



စာရေးသူသည် ကျေးဇူးတော်ရှင် တောင်ကြီးမေတ္တာရှင် နဂါးပွက်ဆရာတော်ဘုရားကြီး၏ ကြိုတင်မှာကြားထားချက်အရ (၉-၃-၂၀၁၇) နေ့တွင် နေပြည်တော်သို့ ရောက်ရှိလာခဲ့ပါသည်။ နောက်တစ်နေ့ နေ့လယ်တွင် ဆရာတော်ဘုရားကြီး ခေတ္တတည်းခို သီတင်းသုံးတော်မူရာ စည်ပင်သာယာဧည့်ရိပ်သာအဆောင် အမှတ် (၅၁)၊ အခန်း (၂) သို့ သွားရောက်ဖူးမြော်ပါသည်။ ဆရာတော်ကြီးမှ ၁၂ ရက်နေ့ နံနက် ၇ နာရီအရောက်လာရန် မိန့်ကြားတော်မူပါသည်။

ဤသို့အားဖြင့် စာရေးသူသည် ကဗျာဆရာဝေထွန်းဦး၏ အကျိုးဆောင် ပို့ဆောင်ပေးမှုကြောင့် (၁၂-၃-၂၀၁၇) နံနက် ၇ နာရီတွင် စည်ပင်ရိပ်သာသို့ ရောက်ရှိပါသည်။

စာရေးသူတို့ ဒကာတစ်စုသည် ဆရာတော်ဘုရားကြီး ဆွမ်းစားကြွသွားခိုက် နံနက်စာကို အလျင်အမြန်စားသုံးကြပါသည်။ ဆရာတော်ဘုရားကြီး ဆွမ်းစားပြီး၍ သံဃာကြိုကားဖြင့် ကြွချီတော်မူခိုက်တွင် စာရေးသူတို့ မူလစာရင်းပေးသွင်းထားပြီးသူများသည် ဝင်ခွင့်တံဆိပ်ရင်ထိုးများ တပ်ဆင်လျက် တောင်ကြီးမှပါလာသော မေတ္တာရှင်ကားလေးကို ယာဉ်ဝင်ခွင့် ချိတ်ဆွဲပြီးလျှင် ဥပ္ပါတသန္တိဝင်း သာသနာ့မဟာဗိမာန်တော်သို့ လိုက်ပါလာခဲ့ကြပါသည်။

ဂိတ်မှ တာဝန်ကျလုံခြုံရေးများမှ ယာဉ်ဝင်ခွင့်နှင့် လူဝင်ခွင့် ပါ၊ မပါ စစ်ဆေးပြီးလျှင် သာသနာ့မဟာဗိမာန်တော်သို့ ရောက်ရှိသောအခါ လုံခြုံရေးစစ်ဆေးမှုကို ထပ်မံခံယူ၍ ခန်းမတွင်းသို့ ဝင်ရောက်ခွင့် ရရှိကြပါသည်။

ဂုဏ်ပြုခံဆရာတော်များ ကြွချီလာတော်မူကြသောအခါ နိုင်ငံတော်ဆိုင်းဝိုင်းမှ ရောင်တော်ဖွင့် တီးလုံးဖြင့် ဖြည်းညင်းသာယာစွာ တီးခတ်လျက် အပူဇော်ခံ စင်မြင့်ထက်သို့ သီတင်းသုံး နေရာယူတော်မူနိုင်ကြစေရန် စီစဉ်ပင့်ဆောင်ရပါသည်။ ထို့နောက် အခမ်းအနား စတင်သောအခါ အထက်ပါအစီအစဉ်အတိုင်း ကျင်းပကြပါသည်။

စာရေးသူတို့ တပည့်ဒါယကာတစ်စုသည် အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်လျက် ဆရာတော်ဘုရားကြီး ဆွမ်းဆန်ခံ ကြွချီတော်မူပေသောအခါ ဘွဲ့တံဆိပ်အဆောင်အယောင်များကို ကိုင်ဆောင်၍ ဆရာတော်ဘုရားကြီး ပင့်ဆောင် ကြိုဆို လိုက်ပါလာကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်ဘုရားကြီးမှာ ဆီးချို၊ သွေးတိုးနှင့် ကျီးခေါင်းရောဂါများကြောင့် ကျန်းမာရေး ချို့တဲ့တော်မူသဖြင့် ဆင့်ပန်းစိမ့်သော၌ စာရေးသူမှ ဝှီးချဲတစ်လုံး စီစဉ်၍ အသိုလ်ယူပင့်ဆောင်ပါသည်။ သဒ္ဓါမချို့သော မြန်မာတို့ ငွေဆက်မပြတ် လောင်းလှူပူဇော် ကန်တော့ကြပုံများမှာ အံ့ဩခန်းရှိလှပါပေသည်။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား လက်ယာရစ် တစ်ပတ် ပူဇော်ပြီးလျှင် တည်းခိုရာ စည်ပင်ရိပ်သာသို့ ပြန်ခဲ့ကြပါသည်။ နောက်တစ်နေ့နံနက် ၆ နာရီအချိန်တွင် တောင်ကြီးသို့ ပြည်တော်ပြန် အပူဇော်ခံခရီး ကြွချီမည် ဖြစ်ပါသဖြင့် စာရေးသူတို့ ဒကာအားလုံး စည်ပင်ရိပ်သာမှာပင် ညအိပ်ကြပါသည်။

၁၃-၃-၂၀၁၇ နံနက် ၆ နာရီတွင် ဆရာတော်ဘုရားကြီး အရုဏ်ဆွမ်း ဘုဉ်းပေးပြီးချိန်၌ နေပြည်တော်စည်ပင် ရိပ်သာဝင်းမှ မော်တော်ယာဉ်ငယ် ငါးစီးဖြင့် စတင်ထွက်ခွာလာခဲ့ကြပါသည်။ ဗုဒ္ဓဂယာသို့ ခေတ္တဝင်၍ ထိုမှဆက်လက် ထွက်ခွာလာကြရာ နန်းပန်တက်သို့ ၁၀ နာရီခွဲတွင် ရောက်ရှိကြပါသည်။ နန်းပန်တက်မှ အသင့်စောင့်ကြိုနေသော မေတ္တာရှင်ဥက္ကဋ္ဌ ဦးညွန့်မောင်နှင့်အဖွဲ့မှ ဆရာတော်ဘုရားကြီးအား နံနက်ဆွမ်း ကပ်လှူကြပါသည်။

အားလုံး နံနက်စာစားသုံးပြီး ခေတ္တအနားယူကြ၍ ၁၂ နာရီခွဲတွင် မော်တော်ယာဉ်ခြောက်စီးဖြင့် ဆက်လက်ထွက်ခွာလာကြပါသည်။ နေ့လယ် ၂ နာရီတွင် ဟဲဟိုးမြို့ အဝင်မှ အသင့်စောင့်ကြိုနေသော နဂါးပွက်အဖွဲ့၊ မေတ္တာရှင်အဖွဲ့၊ အင်းသားလူမှုရေးအဖွဲ့၊ အဖြူရောင်အဖွဲ့တို့မှ မော်တော်ယာဉ် ၁၀ စီးနှင့် ပေါင်းစည်းမိကြပါသည်။

ခေါင်တိုင်လမ်းခွဲသို့ ရောက်ရှိချိန်တွင် ဝိဇ္ဇာလယ ဆရာတော်နှင့် ကံရွာဆရာတော် ဦးဆောင်သော ခေါင်တိုင်အဖွဲ့၊ အင်းလေး နန်းပန်အဖွဲ့၊ မိုင်းသောက်အဖွဲ့၊ မိုင်းပျိုးအဖွဲ့၊ ညောင်ရွှေလတ်အဖွဲ့၊ ရှမ်းတံခွန်အဖွဲ့၊ ဓမ္မစကြာအဖွဲ့၊ ဝတ်အဖွဲ့၊ ရွာနီးအဖွဲ့ အစရှိသော ကားအစီးပေါင်း ၅၀ ကျော်နှင့် ရှေ့ပြေးဆိုင်ကယ် ၁၀ စီးတို့မှ အိုးစည်ဗုံမောင်းများ တီးမှုတ်ကြိုဆိုလျက် ရှိကြပါသည်။

တောင်ကြီးမြို့အဝင် ဆိုင်းဘုတ်မှစတင်၍ ကားလမ်းဘေး တစ်ဖက်တစ်ချက်မှ ဆရာတော်ဘုရားကြီးအား ကြည်ညိုချစ်ခင် လေးစားကြကုန်သော လူထုပရိသတ်အပေါင်းတို့သည် သောင်းသောင်းဖြဖြ လက်အုပ်ချီမိုး ရှိခိုး



ကြလျက် မေတ္တာရှင်ဆရာတော်ဘုရားကြီး ကျန်းမာချမ်းသာစွာနှင့် သာသနာ့ဝန်၊ ခန္ဓာ့ဝန်တို့ကို လွယ်ကူစွာ ဆောင်ရွက်နိုင်ပါစေကြောင်းဖြင့် ဆုတောင်းမေတ္တာ ပို့သသံတို့သည် အထက်ဝင္ဂာတစ်ခွင်သို့ ပျံ့နှံ့ပါသတည်း။

တောင်ကြီးတစ်မြို့နယ်လုံးတွင် ပထမဦးဆုံးအကြိမ် အဖြစ် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့ထူးကို ပိုင်ဆိုင်ရရှိတော်မူပေသော မေတ္တာရှင်နဂါးပွက်ဆရာတော်ဘုရားကြီးအား ဖူးမဝ ကြည်ညိုမဆုံး ရှိကြပေကုန်သော တောင်ကြီးမြို့သူ၊ မြို့သားများ၏ အလိုဆန္ဒကို ဖြည့်ဆည်းပေးတော်မူလိုသည့် မဟာကရုဏာတရား ကြီးမားတော်မူသော ဆရာတော်ဘုရားကြီးသည် နေပြည်တော်တွင် ပင်ပန်းလာသမျှကို ဂရုပြုတော်မမူပေဘဲ ဗဟိုလမ်း၊ ဗိုလ်ချုပ်လမ်းတစ်လျှောက်မှ





www.burmeseclassic.com


www.burmeseclassic.com



ဗိုလ်ချုပ်ပန်းခြံမှကွေ့ပတ်လျက် အနောက်မြို့ပြတ်လမ်းသို့ ပြန်ဆင်းကာဖြင့် တောင်ကြီးမြို့ တစ်ပတ်ပြည့်သည်အထိ ဒကာ၊ ဒကာမအပေါင်း၏ အပူဇော်ကို ခံယူတော်မူပါသည်။

ညနေ မှောင်ရီပျိုးချိန်ကျခါမှ နဂါးပွက်ကျောင်းတော်သို့ ဝင်ရောက်လာသောအခါ စိန်ပန်း၊ ရွှေတောင်၊ ချမ်းမြသာစည် ရပ်ကွက်များအတွင်းမှ ဆရာတော်ဘုရားကြီးအား ကြည်ညိုဖူးမြော်ပူဇော်ရန် စောင့်ဆိုင်းလျက်ရှိကြကုန်သော တပည့် ဒကာ၊ ဒကာမအပေါင်းတို့၏အလိုကို ထပ်မံဖြည့်ဆည်းသောအားဖြင့် အပူဇော်ခံမင်္ဂလာယာဉ်ပေါ်မှ ဆင်းကြွလျက် ကျောင်းအဝင်မုခ်ဦးဝမှ စတင်၍ ပင်မကျောင်းတော်ကြီးပေါ်သို့ ရောက်ရှိပေသည်အထိ မြင့်မြတ်သော ရဟန်းတော်တို့၏ ဣန္ဒြေသိက္ခာတော်ကို ဆောင်ယူတော်မူကာ ပန်းခင်းလမ်းကို ဖြတ်သန်းကြွလှမ်းတော်မူပါသည်။

ဆရာတော်ဘုရားကြီးအား ပူဇော်ဆုတောင်းကြကုန်သော တပည့်ဒကာ၊ ဒကာမအပေါင်းတို့၏ အသံသည် အထက် တာဝတိံသာနန်းသို့တိုင်လျက် နတ်သိကြားပြဟ္မာတို့က ကောင်းချီးပေးဘိသည့်အလား မစို့မပို့အနည်းငယ် စိုစွတ်ရုံမျှသော ပေါက္ခရဝဿ မိုးဖွဲပြေးတို့သည်ကား ပူဇော်သူအပေါင်းကို လန်းဆန်းရွှင်ပျစေပါသည်။



ဆရာတော်ဘုရားကြီးသည်လည်း တပည့် ဒကာပရိသတ်အပေါင်းကိုကြည့်လျက် ဝမ်းမြောက်ခြင်း ဖြစ်တော်မူရကာ ဓမ္မာသနပလ္လင်တော်ထက်ဆီမှ တရားရေအေးအမြိုက်ဆေးကို တိုက်ကျွေးတော်မူပါလေသည်။

ဆရာတော်ဘုရားကြီး၏ တရားသံအဆုံး၌ သာဓုခေါ်ဆိုကြပေသော ပရိသတ်အပေါင်း၏ သောင်းသောင်းဖြဖြ အသံတို့သည်ကား အနန္တစကြဝဠာတစ်ခွင် ပျံ့နှံ့သွားဘိသကဲ့သို့ လည်းကောင်း၊ နတ်သိကြား ပြဟ္မာအပေါင်းတို့မှ စကြဝဠာတစ်တိုင်းလုံးအနှံ့ ပူဇော်နေဘိသကဲ့သို့လည်းကောင်း ပန်းခင်းလမ်းမှ ပန်းပေါင်းစုံတို့ မွှေးရနံ့တို့သည် ဖြည်းညှင်းစွာ တိုက်ခတ်လာသော လေပြေညင်းနှင့်အတူ တစ်လောကလုံး မွှေးကြိုင်လျက်ရှိပါပေသော်လည်း စာရေးသူ၏ စိတ်အစဉ်၌မူကား ဆရာတော်ဘုရားကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ မေတ္တာဂုဏ်နှင့် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဂုဏ်တော်တို့၏ စင်ကြယ်ဖြူစင်သော မွှေးရနံ့ကိုကား ကျော်လွှားထိုးဖောက်နိုင်စွမ်း မရှိပါဟူ၍ ထင်မြင် ယူဆမိပါပေတော့သည်တကား။

●

## ဒုတိယပိုင်း

အင်းလေးဒေသလုံးဆိုင်ရာ ပရိယတ္တိ သာသနာ့ပါလက အသင်း၏ (၄၆)ကြိမ်မြောက် စာပွဲတော် အောင်ဆုနှင်းသဘင်နှင့် ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘုရားများအား ဂုဏ်ပြုပူဇော်ပွဲ မင်္ဂလာအခမ်းအနားကို ၁၃၇၈ ခုနှစ် တပေါင်းလပြည့်ကျော် ၁၄ ရက်၊ (၂၆-၃-၂၀၁၇) တနင်္ဂနွေ နေ့၌ ညောင်ရွှေမြို့နယ်၊ အင်းလေးဒေသ၊ ဟဲယာရွာ ဓမ္မဗိမာန်တော်၌ နံနက် ၁၀ နာရီအချိန်မှစတင်၍ အောက်ပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်ပါသည်။

(၁) ၁၀ နာရီခွဲအချိန်တွင် သံဃာတော်များအား ရွှေ ကျောင်းပေါ်၌ နေ့ဆွမ်းကပ်လှူခြင်း၊

(၂) နေ့လယ် ၁၂ နာရီအချိန်တွင် အချက်ပေးအုန်းမောင်း ခေါက်သောအခါ နာယက၊ ဥက္ကဋ္ဌစသော သီးခြား ဝန်ဆောင်ဆရာတော်များနှင့် ဂုဏ်ပြုပူဇော်ခံ ဆရာ တော်တို့သည် သာသနာ့ဝိလာသိနီခဏ္ဍာသိမ်တော် စုရုံးသီတင်းသုံးတော်မူကြရန်နှင့် စာပွဲတော်အော သံဃာတော်များသည် ကျောင်းနီကျောင်းပေါ် ကြွရောက်သီတင်းသုံးတော်မူကြခြင်း။

(၃) တာဝန်ကျ အကျိုးတော်ဆောင်ဆရာတော်များ

ww.burmeseclassic.com

စာပွဲတော်အောင် သံဃာတော်များကို အတန်းလိုက် အောင်စဉ်နံပါတ်အလိုက် နေရာချထားပေးခြင်း။

(၄) ဒုတိယ အချက်ပေးအုန်းမောင်းခေါက်သောအခါ စာပွဲတော်အောင် သံဃာတော်များကို ကျောင်းနီကျောင်းမှ ဓမ္မဗိမာန်တော် ဓမ္မာသနသံဃာ့နေရာသို့ အခမ်းအနားဖြင့် ပင့်ဆောင်ပြီး အောင်လက်မှတ်နှင့် ဓမ္မပူဇာတို့ကို ဆက်ကပ်လှူဒါန်းခြင်း။

(၅) အထူးပင့် သံဃာ့ဝန်ဆောင် ဆရာတော်များကို သာသနာ့ဝိလာသိနီခဏ္ဍသိမ်တော်မှ သာသနာပါလကဓမ္မဗိမာန် သံဃာ့နေရာသို့ အခမ်းအနားဖြင့် ပင့်ဆောင်ခြင်း။


(၆) ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသော ဘွဲ့ခံဆရာတော်နှစ်ပါးတို့အား သာသနာ့ဝိလာသိနီခဏ္ဍသိမ်တော်မှ သာသနာပါလကဓမ္မဗိမာန် ပူဇော်ခံသံဃာ့နေရာသို့ အခမ်းအနားဖြင့် ပင့်ဆောင်ခြင်း။

(၇) အတန်းလိုက် အောင်စဉ်နံပါတ် (၁) ဖြင့် အောင်မြင်သော ပုဂ္ဂိုလ်များကို ပူဇော်ခံ သံဃာ့နေရာသို့ ပင့်ဆောင်၍ ထေရုပ္ပတ္တိအကျဉ်းချုပ်ကို ဖတ်ကြားပြီး ဓမ္မပူဇာများကို ဆက်ကပ်လှူဒါန်းခြင်း။

(၈) အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသော တောင်ကြီးမြို့၊ နဂါးပွက်ကျောင်း ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တတေဇဝန္တ၏ ထေရုပ္ပတ္တိ အကျဉ်းချုပ်ကို နန်းဟူးလယ်ခြေကျောင်းဆရာတော်က ဖတ်ကြားပြီးနောက် အင်းလေးဒေသလုံးဆိုင်ရာ ပရိယတ္တိသာသနပါလကအသင်းမှ ဂုဏ်ပြုလက်မှတ်နှင့် လှူဖွယ်ဝတ္ထုတို့ကို ဆက်ကပ်လှူဒါန်းခြင်း။

(ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ်၊ နန်းပန်ကျေးရွာ၌ ခမည်းတော် ဦးတုတ်ဖြူ + မယ်တော် ဒေါ်ငွေရီတို့မှ ၁၃၁၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၅ ရက်တွင် ဖွားမြင့်တော်မူခဲ့ပါသည်။

၁၃၂၄ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက်နေ့တွင် ညောင်ရွှေမြို့နယ်၊ နန်းပန်ကျေးရွာ၊ နန်းပန် မြောက်ကျောင်းဆရာတော် ဘဒ္ဒန္တပဏ္ဍိတကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၃၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်နေ့တွင် နန်းပန် မြောက်ကျောင်း



ဥဒကုက္ခေပသိမ်တော်၌ ငယ်ဆရာကိုပင် ဥပဇ္ဈာယ်ပြု၍ နန်းပန်ကျေးရွာ ဒကာ၊ ဒကာမတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဆရာတော်သည် ညောင်ရွှေမြို့နယ်၊ နန်းပန်ကျေးရွာ၊ နန်းပန်မြောက်ကျောင်းဆရာတော် ဘဒ္ဒန္တပဏ္ဍိတ၊ ညောင်ရွှေမြို့၊ သာသနာ့ဝိပုလရွှေဂူစာသင်တိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဝိလာသာဘိဝံသနှင့် လှိုင်ကြုံပရိယတ္တိစာသင်တိုက် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တမဟိန္ဒ၊ ရန်ကုန်မြို့၊ ခြောက်ထပ်ကြီးဘုရားကြီးကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအာစိဏ္ဏစသော ဆရာတော်တို့ထံတွင် ပရိယတ္တိ စာပေများကို သင်ယူဆည်းပူးခဲ့ပါသည်။


ဆရာတော်သည် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် ပြည်နယ်သံဃာ့ဝန်ဆောင်ဆရာတော်အဖြစ် ဆောင်ရွက်တော်မူခြင်း၊ သာသနာ့မြုသက်တမ်း (၄၁)နှစ်အတွင်း အခြားဘာသာဝင် ၁၅၃၇ ဦး တို့အား ဗုဒ္ဓဘာသာသို့ သက်ဝင်ယုံကြည်လာအောင် စည်းရုံးဆောင်ရွက်နိုင်ခြင်း၊ နှစ်စဉ်သင်တန်း သား/သူ ၁၂၀ ဦးတို့အား ဗုဒ္ဓယဉ်ကျေးမှု စာပေများ သင်ကြား





www.burmeseclassic.com

www.burmeseclassic.com



ပေးခြင်း၊ ပရိယတ္တိစာပေများ သင်ကြားပို့ချပေးခြင်း၊ ရှင်ပြုပွဲများ ကျင်းပပေးခြင်း၊ ဝိပဿနာတရားစခန်းပွဲများ ကျင်းပခြင်း၊ သာသနိကအဆောက်အအုံများ စည်ဆောက်ပြုပြင်မွမ်းမံခြင်း၊ ပရဟိတလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ခဲ့ပြီး ပရဟိတာဝဟဂုဏ်၊ သာသနာဟိတဓရဂုဏ်၊ ခမာ-ဇာ ဂရိယဂုဏ်တို့နှင့် ပြည့်စုံ၍ သာသနာပြုလုပ်ငန်းများကို ဇွဲ လုံ့လ၊ ဝီရိယ ကြီးမားစွာဖြင့် စွမ်းဆောင်သာသာနပြုလျက် ရှိပါသည်။

ဤသို့လျှင် သာသနာတော် အကျိုးကို သယ်ပိုး ဆောင်ရွက်တော်မူသော ဆရာတော်ဘဒ္ဒန္တတေဇဝန္တသည် ၁၀၁၇၊ ၁၃၇၈ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရက ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဓဇ ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူပါသည်။

ဤသို့အားဖြင့် ယနေ့တွင် အင်းလေးဒေသလုံးဆိုင်ရာ ပရိယတ္တိသာသနာပါလကအသင်းမှ ဂုဏ်ပြုလက်မှတ်နှင့် လှူဖွယ်ဝတ္ထုတို့ကို ဆက်ကပ်လှူဒါန်းခြင်း ဖြစ်ပါသည်။)



(၉) ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသော ညောင်ရွှေမြို့ သာသနဝိပုလ ရွှေဂူပရိယတ္တိစာသင်တိုက် တိုက်ကြပ်ဆရာတော် ဘဒ္ဒန္တဥတ္တမာဘိဝံသ၏ ထေရုပ္ပတ္တိအကျဉ်းချုပ်ကို ဟဲယာရွာမ ပထမကျောင်းဆရာတော်က ဖတ်ကြားပြီး အင်းလေးဒေသလုံးဆိုင်ရာ ပရိယတ္တိသာသနပါလကအသင်းမှ ဂုဏ်ပြုလက်မှတ်နှင့် လှူဖွယ်ဝတ္ထုတို့ကို ဆက်ကပ်လှူဒါန်းခြင်း။

(၁၀) ဒါယကာ၊ ဒါယိကာမများက ရတနာမြတ်သုံးပါးအား ပူဇော်ကန်တော့ကြ၍ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံတော်ဩဝါဒါစရိယ ရွှေဘုံသာသဒ္ဓမ္မဝုဒ္ဓိကာရီ စာသင်တိုက်ဦးစီးပဓာန နာယက ဆရာတော်ဘုရားထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်တို့က မေတ္တသုတ်၊ ပရိတ်တရားတော်တို့ကို ရွတ်ပွား ချီးမြှင့်တော်မူကြခြင်း။

(၁၁) အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ နိုင်ငံတော်သံဃာ့နာယကအဖွဲ့ အဖွဲ့ဝင် မိုင်းသောက် ပထမစာသင်တိုက် ဦးစီးပဓာန နာယကဆရာတော် ချီးမြှင့်တော်မူအပ်သော ဩဝါဒကထာကို နာယူမှတ်သားခြင်း။

(၁၂) ဓမ္မကထိက ဗဟုဇနဟိတဓရ နောင်အင်းလေး အင်းလျားကျောင်းဆရာတော်ဘုရားက ရေစက်ချ အနုမောဒနာတရားကို ဟောကြားတော်မူလျက် အလှူရှင်အပေါင်းတို့မှ ရေစက်သွန်းချ အမျှပေးဝေကာ ဂုဏ်ပြုပူဇော်ပွဲမင်္ဂလာ ပြီးစီး အောင်မြင်ကြောင်း ဇယမင်္ဂလာဩဘာစာတမ်းကို ရွတ်ဆိုပြီး သာဓုခေါ်ဆိုကြခြင်း။

(၁၃) ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းခြင်း အစရှိသည်တို့ဖြစ်ပါသည်။

အင်းလေးဒေသလုံးဆိုင်ရာ ပရိယတ္တိသာသနာပါလက အသင်းကြီးက ၁၃၇၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသော သာသနာ့အာဇာနည် မေတ္တာရှင် နဂါးပွက်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တတေဇဝန္တ၏ အောင်မြင်မှုကို ပူဇော်သော ဝတ္ထုငွေ ၃၃၀၅၀၀ ကျပ်အား ပရိယတ္တိသာသနာ အဓွန့်ရှည်စွာ တည်တံ့ခိုင်မြဲပါစေခြင်း



www.burmeseclassic.com

www.burmeseclassic.com

အကျိုးငှာ ရာသက်ပန် ဆွမ်းပဒေသာပင်အဖြစ် ပြန်လည်လှူဒါန်းတော်မူခဲ့ပါသည်။ အခမ်းအနားကို အောင်မြင်စွာကျင်းပပြီးဆုံး၍ သာဓုခေါ်ဆိုသံများသည်ကား မိုးယံသို့တိုင်လွင့်ပျံ့ ရောက်ရှိပါလေတော့သတည်း။

●

## တတိယပိုင်း

တောင်ကြီးမြို့၊ နဂါးပွက်ကျောင်းတိုက်၊ မြစိမ်းတောင်ကျောင်းတိုက်၊ ပတ္တမြားဂူကျောင်းတိုက်၊ နဂါးကန်တောရကျောင်းတိုက်များ၏ ဦးစီးပဓာန နာယက၊ မေတ္တာရှင်နာမှူတူညီရေးအသင်း၊ မေတ္တာရှင်အခမဲ့ဆေးခန်း၊ ဆေးရုံ၊ အင်းသားလူမှုရေးအသင်း၊ အင်းလေးကန်ရေကောင်းရေသန့်ရရှိရေးအဖွဲ့များ၏ ဩဝါဒါစရိယ ၂၀၁၇ ခုနှစ်၊ သာသနာတော်ဆိုင်ရာ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရရှိတော်မူသော ဘဒ္ဒန္တတေဇဝန္တအား ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲအခမ်းအနားကို ၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက်၊ (၂-၄-၂၀၁၇) တနင်္ဂနွေနေ့ နံနက် ၉ နာရီအချိန်၌ တောင်ကြီးမြို့၊ ချမ်းမြသာစည်ရပ်ကွက်၊ နဂါးပွက်ပရိယတ္တိစာသင်တိုက်၌ အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်ခဲ့ပါသည်။

(၁) ဘွဲ့ခံဆရာတော်နှစ်ပါးအား ဓမ္မာသနပလ္လင်ပေါ်သို့ ပင့်ဆောင်ခြင်း။

(၂) နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားဖွင့်လှစ်ခြင်း။

(၃) အခမ်းအနား အဖွင့်ဂါထာရွတ်ဆိုခြင်း။

(၄) အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒါစရိယ အင်းလေးဟဲယာရွာမ ရွှေဘုံသာဆရာတော်ထံမှ ပရိသတ်များက ငါးပါးသီလခံယူ၍ ပရိတ်တရားတော်နာယူခြင်းနှင့် ဩဝါဒကထာ နာကြားခြင်း။

(၅) ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် အကြီးအကဲများက ဘွဲ့တံဆိပ်တော် အဆောင်အယောင်များ၊ လှူဖွယ်ပစ္စည်းများ ဆက်ကပ်ခြင်း။

(၆) နိုင်ငံတော် သံဃာ့နာယကအဖွဲ့ အဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ၊ ညောင်ရွှေမြို့၊ မိုင်းသောက် ပထမစာသင်တိုက် ဆရာတော်ဘဒ္ဒန္တသုမင်္ဂလာဘိဝံသ၏ သမ္မောဒနီယကထာကို ဆရာတော်ကိုယ်တိုင် ဖတ်ကြားခြင်း။

(၇) ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ဝန်ကြီးချုပ်က သာသနာ့ရေးဆိုင်ရာများ လျှောက်ထားခြင်း။

(၈) အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့ရ နဂါးပွက်ဆရာတော်၏ ထေရုပ္ပတ္တိအကျဉ်းကို ညောင်ရွှေမြို့၊ ရွှေဂူစာသင်တိုက်၊ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တဂန္ဓသာရက ဖတ်ကြားပူဇော်ခြင်း။

(၉) ဂန္ထဝါစကပဏ္ဍိတဘွဲ့ရ အရှင်ဥက္ကဋ္ဌာဘိဝံသ၏ ထေရုပ္ပတ္တိအကျဉ်းကို ညောင်ရွှေမြို့နယ်၊ နန်းပန်ရွာမြောက်ကျောင်းဆရာတော် ဘဒ္ဒန္တပဏ္ဍိတ က ဖတ်ကြားပူဇော်ခြင်း။

(၁၀) အရှင်သောမနန္ဒ (ဓမ္မာစရိယ) ရေးသားသည့် ဂုဏပူဇာ ဂါဝတနှင့် အနက်ကို ဓမ္မကထိက ကေလာဆရာတော် ဦးကောဝိဒက ဖတ်ကြားပူဇော်ခြင်း။

(၁၁) ဦးသင်းမောင် (ဓမ္မာစရိယ MA) ရေးသားသည့် ရတုပိုဒ်စုံနှင့် တေးထပ်ကို အဆိုတော် ဒေါ်ခင်သန်းမြင့်နှင့်အဖွဲ့က သီဆိုပူဇော်ခြင်း။

(၁၂) အင်းသားလူမှုရေးအသင်း အတွင်းရေးမှူး ဦးအောင်ကျော်နိုင်က ကျေးဇူးတင်စကား ပြောကြားခြင်း။

(၁၃) မဟာဂန္ထဝါစကပဏ္ဍိတ ညောင်ရွှေမြို့နယ်၊ သံဃာ့နာယကအဖွဲ့ဥက္ကဋ္ဌ၊ ရွှေဂူစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တတိလောကာဘိဝံသ(?) ရေစက်သွန်း၍ ကုသိုလ်အမျှအတန်းပေးဝေခြင်း။

(၁၄) အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားရုပ်သိမ်းခြင်း။

(၁၅) ဆရာတော်များအား နေ့ဆွမ်းဆက်ကပ်၍ ဧည့်ပရိသတ်များအား ဧည့်ခံကျွေးမွေးခြင်း။

●

## စတုတ္ထပိုင်း

၁၃၇၉ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက်၊ (၂၃-၄-၂၀၁၇) တနင်္ဂနွေနေ့တွင် ဆရာတော်ဘုရားကြီး၏ ဇာတိမြေဖြစ်သော ညောင်ရွှေမြို့နယ်၊ အင်းလေးဒေသ၊ နန်းပန်ရွာတွင် ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကို ကျင်းပပြုလုပ်ပါသည်။

နန်းပန်ရွာသူရွာသားများသည် သူတို့ချစ်သော၊ သူတို့လေးစားကြည်ညိုသော ဆရာတော်ဘုရားကြီး၏ ဘွဲ့ထူးဂုဏ်ထူးအတွက် ပီတိမျက်ရည် ဖုံးလွှမ်းခဲ့ကြသည်။ အပျော်ကြီး ပျော်ခဲ့ကြသည်။ အတီးအမှုတ် အကအခုန်တို့ဖြင့်



www.burmeseclassic.com

www.burmeseclassic.com

သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသည်။ ဆရာတော်ဘုရားကြီး ချီးမြှင့်သော သီလ၊ ဆရာတော်ဘုရားကြီး ဟောကြားသော တရားတော်များကို နာယူမှတ်သားလျက် ကြည်နူးပီတိဖြစ်ခဲ့ကြသည်။

ဆရာတော်ဘုရားကြီးနှင့်တကွ ပင့်သံဃာတော် အရှင်သူမြတ်အပေါင်းတို့အား မိမိတို့၏ ချွေးနှဲစာကလေးဖြင့် တစ်ပိုင်တစ်နိုင်၊ တစ်အိမ်ထောင်လျှင် ဆန်တစ်ပြည်နှင့် ဝတ္ထုငွေအနည်းငယ် လောင်းလှူလျက် ရွာလုံးကျွတ် ပါဝင်ဆင်နွှဲခဲ့ကြသည်။ ဆင်းရဲသော်လည်း သဒ္ဒါမချို့ငဲ့ပေသော နန်းပန်ရွာသူ ရွာသားအပေါင်းတို့အား အလှူပွဲကို ငေးမော ကြည့်ရင်း စာရေးသူ၏ရင်ထဲမှာ ကဗျာတစ်ပုဒ် စီးမျောသွားခဲ့ရပါလေသည်။

မြင့်မြတ်သော သဒ္ဓါတရား

* မတူခြားနား
ဤရွာသားတို့
များပြားဥစ္စာ
မရှိပါလည်း
သဒ္ဓါမချို့
နိဗ္ဗာန်သို့တိုင်
ငါတို့တူပျော်
သွားမယ်နော်ဟု
ပူဇော်သံဃာ
မြတ်ထေရ်ဝါကို
ကြည်စွာကပ်လှူ
ကောင်းမှုဟူသည်
တုယူမှတ်သားကြပါစေ ။

* တို့ရှိခွန်အား
စွမ်းပကားနဲ့
ဆန်ကားတစ်ပြည်
ကောင်းမှုတည်လို့
နည်းသည်မဟူ
အိမ်တိုင်းလှူသည်
ညီတူသဒ္ဓါ
ထက်သန်စွာဖြင့်
သဿပြာမရှိ
မြတ်ပီတိနှင့်
ထားရှိစိတ်မှတ်
ရည်စိတ်သန်က
အမှန်ကောင်းကျိုး
ရမြဲတိုး၏
အကျိုးသည်လည်း အနန္တ။

●

နိဂုံး

အချုပ်ဆိုရသည်ရှိသော် တောင်ကြီးမေတ္တာရှင် နဂါးပွက်ဆရာတော်ကြီးသည် ဒကာ၊ ဒကာမများ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးတို့ကို အဘက်ဘက်မှ ကြည့်ရှုစောင်မတော်မူသဖြင့် တောင်ကြီးတစ်မြို့နယ်လုံးသည်သာမကဘဲ အနယ်နယ်အရပ်ရပ်မှ ကိုးကွယ်ဆည်းကပ် ပူဇော်အားထားရာ ပရဟိတစိတ်ဓာတ်ပြည့်ဝသော ရှေ့ဆောင်လမ်းပြ ဆရာတော်ကြီးတစ်ပါး ဖြစ်တော်မူပါပေသည်။

ဆရာတော်ဘုရားကြီးအား နိုင်ငံတော်အစိုးရမှ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

ဤကဲ့သို့ မေတ္တာကရုဏာကြီးမားတော်မူပေထသော၊ တပည့် ဒကာ၊ ဒကာမအပေါင်းတို့၏ ကျေးဇူးရှင် ဖြစ်တော်မူပေထသော ဆရာတော်ဘုရားကြီး၏ နဂါးပွက် ပရိယတ္တိစာသင်တိုက် ကျောင်းတော်ရာကြီးသည် တိုးပွားလာသော သံဃာအင်အား၊ ပရိသတ်အင်အားအရ နောက်ထပ် သုံးထပ်ကျောင်းဆောင်တော်ကြီး တစ်ဆောင်အဖြစ် ထပ်မံအသစ်တစ်ဖန် တည်ဆောက်ရန် မဖြစ်မနေလိုအပ်လျက်ရှိပေရာ ရပ်ဝေးရပ်နီးနေ တပည့် ဒကာ၊ ဒကာမအပေါင်းတို့က တောင်ကြီး မေတ္တာရှင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ တေဇဝန္တ ဆရာတော်ကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ မေတ္တာဂုဏ်တို့ကို တုံ့ပြန်ကျေးဇူးဆပ်သောအားဖြင့် ကျောင်းဆောင်သစ်ကြီး ဆောက်လုပ်ပူဇော်ပွဲတွင် သဒ္ဓါတတ်အား နည်းများမဆို ပါဝင်ဆင်နွှဲ ကုသိုလ်ပြုကြရန် လိုအပ်ပါကြောင်းဖြင့် နိဗ္ဗာန်အကျိုးမျှော်၍ တိုက်တွန်း နှိုးဆော်လိုက်ရပါပေတော့သတည်း။

ဆက်သွယ်လှူဒါန်းရန် -

၁။ နဂါးပွက်ဆရာတော် ၀၈၁-၂၀၅၁၀၁
၂။ ဗေဒသုတေသီဆရာမျိုး ၀၉-၂၆၀၀၀၂၃၀၆
၃။ ဆရာဦးကျော်ထွေး ၀၉-၃၆၀၄၇၄၈၄
၄။ ဦးညီညီ (ရှမ်းတံခွန်) ၀၉-၇၈၀၈၄၃၁၁၇

**ဗေဒသုတေသီ ဆရာ**

□

လပြည့်ဝန်းမဂ္ဂဇင်း (စက်တင်ဘာလ၊ ၂၀



www.burmeseclassic.com

www.burmeseclassic.com



မြန်မာ+ကိုရီးယား သာသနာပြုဆရာတော်

# ဓနာစ ဓါမိဿ အရှင်မိတ္တ (ဗိုဇာဦး)

ဟောကြားတော်မူသော တရားတော်

# မှန်ကြည့်လိုက်ပါ

## ပျက်စီးခြင်းနှင့် ဖျက်ဆီးခြင်း

ဗျသန ဟူသော ပါဠိစကားလုံးကို ပျက်စီးခြင်းဟု ...ဘာပြန်ဆိုကြ၏။ ဤစကားလုံးသည် ဗုဒ္ဓဘာသာအများစု ...ရင်းနှီးကျွမ်းဝင်ပြီးသား စကားလုံးဖြစ်၏။ ဘာသာရေးပွဲ ...တိုင်း၊ နေ့စဉ် အိမ်မှာ ဘုရားရှိခိုးပြီးတိုင်း ရွတ်ဆိုရှိခိုး ...သည့် ဩကာသ ကန်တော့ချီး၏ ဒုတိယပိုင်းတွင် ပါဝင်သည့် ဆုတောင်းများမှာ တစ်ခုသာ ဖြစ်၏။

ဩကာသ ကန်တော့တိုင်း ဝန်ချတောင်းပန်ပြီးနောက် ဆိုလေ့ရှိသည့် "ကန်တော့ရသော အကျိုးအားကြောင့် အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပ္ပတ္တိတရား လေးပါး၊ ဗျသနတရား ငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းကြကုန်သည်ဖြစ်၍. . . "စသည်ဖြင့်ဆုတောင်း



www.burmeseclassic.com

www.burmeseclassic.com

ကြသည့် ဆုံတောင်းများတွင် ပါဝင်သည့် စကားဖြစ်၍လည်း မသိသော်လည်း သိနေ၏။ နားမလည်သော်လည်း ကြားနေကျဖြစ်၏ဟု ဆိုခြင်းဖြစ်၏။

ဗုဒ္ဓဘာသာ မြန်မာအများ ရွတ်ဆိုဆုတောင်းလေ့ရှိကြသည့် ဤဗျသနတရား ငါးပါးကို နိဒါနဝဂ္ဂသံယုတ်တွင် ဖော်ပြထား၏။ ယင်းဗျသနတရားငါးပါးမှာ -

(၁) ဉာတိဗျသန = ဆွေမျိုး ပျက်စီးခြင်း
(၂) ဘောဂဗျသန = စည်းစိမ်ဥစ္စာ ပျက်စီးခြင်း
(၃) ရောဂဗျသန = အနာရောဂါ နှိပ်စက်၍ ပျက်စီးခြင်း
(၄) သီလဗျသန = ကိုယ်ကျင့်သီလ ပျက်စီးခြင်းနှင့်
(၅) ဒိဋ္ဌိဗျသန = မှန်ကန်သောအယူဝါဒ ပျက်စီးခြင်း

ဟူ၍ ဖြစ်၏။

ဤငါးပါးတို့တွင် ဆွေမျိုးပျက်စီးခြင်း၊ စည်းစိမ်ပျက်စီးခြင်း၊ အနာရောဂါ နှိပ်စက်သဖြင့် ပျက်စီးစေခြင်းများကြောင့် သတ္တဝါတို့အား အပါယ်လေးပါးသို့ လားရောက်စေမှု၊ ကျရောက်စေမှု မရှိနိုင်သော်လည်း ကိုယ်ကျင့်သီလ ပျက်စီးခြင်းနှင့် အယူဝါဒ ပျက်စီးခြင်းများကြောင့်ကား အပါယ်လေးပါးသို့ ကျရောက်စေနိုင်လေ၏။ ဤနေရာတွင် အထူးနားလည်ထားသင့်သည်မှာ ပျက်စီးခြင်းနှင့် ဖျက်ဆီးခြင်း မတူညီသည့် အချက်ပင်ဖြစ်၏။

မှန်၏။ ပျက်စီးခြင်းသည် အလိုအလျောက် သဘာဝအတိုင်း ဖြစ်တတ်သည့် သဘောဖြစ်ပြီး ဖျက်ဆီးခြင်းသည်ကား မိမိကိုယ်တိုင်နှင့် တစ်စုံတစ်ယောက်၏ ပယောဂကြောင့် ဖြစ်ပေါ်တတ်သည့် သဘောဖြစ်၏။ ပယောဂပါလာလျှင် လုပ်ဆောင်ချက် ပါလာပြီး လုပ်ဆောင်ချက် ရှိလာလျှင် စေတနာလည်း ရှိလာနိုင်၏။ စေတနာပါသည့် အချက်ဖြစ်လျှင် ကံမြောက်လာနိုင်ပြီး ကံမြောက်လာလျှင် တန်ပြန်အကျိုးပေးမှုလည်း ရှိလာနိုင်လေ၏။ ပျက်စီးတတ်သည့် သဘောဖြစ်သဖြင့် ပျက်စီးခြင်းတွင် တစ်စုံတစ်ရာ ထိခိုက်မှု မရှိနိုင်သော်လည်း ဖျက်စီးခြင်းကြောင့် ပျက်စီးသွားသည့် သဘောဆိုလျှင်ကား တန်ပြန်သက်ရောက်မှုကို ခံရမည်သာ ဖြစ်ပေ၏။

ထို့ကြောင့် ဗျသနတရားငါးပါးတွင် ဉာတိဗျသန၊ ဘောဂဗျသန၊ ရောဂဗျသနများကြောင့် သတ္တဝါတို့အား အပါယ်ငရဲ စသည် ကျရောက်မှုကို မဖြစ်စေနိုင်သော်လည်း သီလဗျသန၊ ဒိဋ္ဌိဗျသနများကြောင့်ကား အပါယ်ငရဲ စသည်တို့သို့ ကျရောက်စေနိုင်ကြောင်း ဆိုခြင်းဖြစ်၏။ တစ်နည်းအားဖြင့်ဆိုသော် ဆွေမျိုးများပျက်စီးခြင်း၊ စည်းစိမ်ဥစ္စာများ ပျက်စီးခြင်း၊ အနာရောဂါနှိပ်စက်သဖြင့် ပျက်စီးခြင်းတို့သည် ပျက်စီးခြင်းကြောင့် ပျက်စီးခြင်းမဟုတ်သဖြင့် တန်ပြန်အကျိုးတရား မရှိသော်လည်း သီလပျက်စီးခြင်း၊ အယူဝါဒပျက်စီးခြင်းသည်ကား မိမိကိုယ်တိုင်ဖြစ်စေ၊ တစ်စုံတစ်ယောက်က ဖြစ်စေ ဖျက်ဆီးသဖြင့် ပျက်စီးခြင်းဖြစ်သဖြင့် တန်ပြန်အကျိုး သက်ရောက်မှုရှိကြောင်း ဆိုခြင်းဖြစ်၏။

ယနေ့ခေတ် ဗုဒ္ဓဘာသာဝင် အတော်များများသည် ပျက်စီးခြင်းနှင့် ဖျက်ဆီးခြင်းအပေါ် ကောင်းစွာနားလည်သဘောပေါက်ဟန် မရှိကြပေ။ သို့ဖြစ်၍လည်း ပျက်စီးချိန်တန်၍ ပျက်စီးသွားကြသည့်အရာများအပေါ် အလွန်စိုးရိမ်သောကဖြစ်ကာ ယူကျုံးမရ ဖြစ်နေတတ်ပြီး မပျက်စီးသင့်သည့် အရာများကိုကား လျစ်လျူရှုကာ ဖျက်ဆီးနေကြသကဲ့သို့ ဖြစ်နေပေ၏။

အမျိုးများ ပျက်စီးသည့်အခါ၊ စည်းစိမ်ဥစ္စာများ ပျက်စီးသည့်အခါ၊ ရောဂါနှိပ်စက်သဖြင့် ပျက်စီးသည့်အခါများတွင်သာ အလွန်တုန်လှုပ်ပြီး မအိပ်နိုင် မစားနိုင် တမှိုင်မှိုင်ဖြစ်တတ်ကြသော်လည်း သီလပျက်စီးသည့်အခါ၊ အယူဝါဒပျက်စီးသည့်အခါတွင်ကား ဘာမှမဖြစ်သကဲ့သို့ နေတတ်ကြ၏။ တဒင်္ဂပျက်စီးမှုအပေါ်တွင်သာ စိုးရိမ်မှုလွန်ကဲတတ်ကြပြီး သံသရာနှင့်ချီကာ ခံရမည့် ပျက်စီးမှုအပေါ်တွင်ကား ကြောက်ရွံ့တုန်လှုပ်မှုမရှိဘဲ ဖြစ်နေကြ၏။ နောင်ခါလာ နောင်ခါဈေး ဟူသော သဘောဖြင့် နောင်ခံရမည့်အရေးအပေါ် အလေး မမူမိကြဘဲ တဒင်္ဂခဏ ယခုဘဝအတွက်သာ အာရုံထားနေ ကြလေ၏။ ဤသို့သာဆိုလျှင် နောင်ခံရသည့်အခါတွင်ကား ပြန်ရစရာမရှိအောင်ပင် ဖြစ်နေကြပေတော့၏။

စင်စစ် ဗျသနတရား ငါးပါးတို့တွင် ဉာတိဗျသန ခေါ် အမျိုးများ ပျက်စီးသည့်အခါ တုန်လှုပ်ဖွယ်မရှိလှပေ။ သံသရာ နှင့်ချီသည့် ဘဝများစွာတွင်လည်း ဤကဲ့သို့ ပျက်စီးခြင်းနှင့် ကြုံခဲ့ကြရပြီးသည်သာ ဖြစ်၏။ နိဗ္ဗာန်သို့ မျက်မှောက်မပြုနိုင် သေးသမျှ ဤကဲ့သို့သော အမျိုးအဆွေများ၏ သေဆုံးပျက်စီး ခြင်းများနှင့် ရင်ဆိုင်ကြုံတွေ့နေကြရမည်သာ ဖြစ်၏။ မိမိ ကိုယ်တိုင်လည်း လွန်ဆန်၍ မရနိုင်ပေ။ မွေးဖွားခြင်း၏အဆုံး သည် သေဆုံးခြင်းဖြစ်သဖြင့် မွေးလာခဲ့ပြီဆိုကတည်းက သေဆုံးရန် ဖြစ်လာခဲ့ခြင်း ဖြစ်၏။ ထိုသေဆုံးပျက်စီးမှုသည် တံဆိပ်ကပ်ထားခြင်း မရှိသဖြင့် အချိန်မရွေး၊ အရွယ်မရွေး၊ နေရာမရွေး၊ ပုဂ္ဂိုလ်မရွေး ဖြစ်ပေါ်လာနိုင်၏။



www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် မိဘအရင် သေဆုံးသွားသည့် သားသမီးများ ရှိသကဲ့သို့ ဆရာရှေ့က သေသွားသူ တပည့်များလည်း ရှိ၏။ သားသမီး၏ နောက်ဆုံးခရီးကို ပို့ဆောင်ပေးခဲ့ရသည့် မိဘများရှိသကဲ့သို့ တပည့်၏ နောက်ဆုံးခရီးတွင် အသုဘ ရှုခဲ့ရသည့် ဆရာသမားများလည်းရှိ၏။ သားသမီးအတွက် ရက်လည်ဆွမ်းသွတ်ပြီး ကုသိုလ်ပြုပေးရသည့် မိဘများ ရှိသကဲ့သို့ တပည့်အတွက် သက်ပျောက်ဆွမ်းကပ်ကာ အမှတ်တရဂုဏ်ပြု စာတင်ပေးရသည့် ဆရာသမားများလည်း ရှိ၏။

ဤသည်မှာ မိမိတို့အလိုတိုင်းမဖြစ် သူ့သဘောသူ ဆောင်နေသည့် သဘောပင်ဖြစ်၏။ ပျက်စီးခြင်းသဘောတွင် အချိန်ဟူသည်မရှိ သတ္တဝါအားလုံးမှာပင် ထိုပျက်စီးခြင်းရှိနေ၏။ ထို့ကြောင့် ရုပ်နာမ်နှစ်ပါး ပိုင်ဆိုင်ထားသည့် သတ္တဝါ တိုင်းဝင် မိမိသည်ပင် သေဆုံးပျက်စီးခြင်းကို မလွန်ဆန်နိုင် သည့်အပေါ်တွင် အမျိုးများပျက်စီးမှုနှင့် စပ်၍ကား မည်သို့မျှ ပြတ်နိုင်သည့် သဘောမျှသာ ဖြစ်သဖြင့် ဉာတိဗျသနနှင့် ကြုံကြရာတွင် မတုန်မလှုပ် ရင်ဆိုင်နိုင်ရန် ကြိုးစားရမည်သာ ဖြစ်ပါပေ၏။

ထို့အတူ ဘောဂဗျသန ခေါ် စည်းစိမ်ဥစ္စာများ ပျက်စီးမှုအပေါ်တွင်လည်း သဘာဝနိယာမကို နားလည် သဘောပေါက်ရန် လိုအပ်ပေ၏။ စည်းစိမ်ဥစ္စာဟူသည် ဆိုက်မှုရသည့်သဘော ရှိသည့်အပြင် ရေ၊ မီး၊ မင်း၊ ခိုးသူ၊ အမွေခံ သားသမီးဆိုး ဟူသော ရန်သူမျိုးငါးပါးတို့နှင့် အမြဲ မပြတ် ဆက်စပ်နေသဖြင့် အချိန်မရွေး ပျက်စီးပျောက်ပျက် သွားနိုင်ပေ၏။

ပျက်စီးချိန်တန်လျှင် မည်သည့်နေရာတွင် မည်မျှ ခိုင်မြဲအောင် ထားပါသော်လည်း ပျက်စီးသွားတတ်၏။ မိမိက မည်မျှပင် ကြိုးစားရှာဖွေ စုဆောင်းနေပါသော်လည်း အချိန် တန်သည့်အခါ ပျက်စီးသွားတတ်၏။ မိမိက မည်မျှပင် ကြိုးစားရှာဖွေ စုဆောင်းနေပါသော်လည်း အချိန်တန်သည့် အခါ မိမိနှင့်မဆိုင် အများပိုင်ဖြစ်သွားသည်များ ရှိသကဲ့သို့ ရှာဖွေထားမှုများအား မိမိမစားရဘဲ ထားခဲ့ရသည်များ လည်း ရှိ၏။

ဤသဘောကို မျက်မှောက်ခေတ် အဖြစ်အပျက်များ ကများစွာ ထင်ရှားထိုးပြပေးနေပေ၏။ မြန်မာပြည်အပါအဝင် ကမ္ဘာ တစ်ဝန်းတွင် နေ့စဉ်ကြားနေရသည့် သတင်းများကား တိုက်ခိုက်မှုများ၊ ရေကြီးမှုများ၊ ငလျင်လှုပ်မှုများ စသည့် သဘာဝဘေးအန္တရာယ်များကြောင့် လူမည်မျှသေသည်၊ ပစ္စည်းဥစ္စာ မည်မျှဆုံးရှုံးမှုရှိသည် စသည်ဖြင့် ပျက်စီးမှုကို သက်သေပြနေပေ၏။

မြန်မာနိုင်ငံတွင်လည်း နာဂစ်မုန်တိုင်းကြောင့် ဧရာဝတီတိုင်း တစ်တိုင်းလုံးနီးပါး ပျက်စီးဆုံးရှုံးမှုများနှင့် ကြုံတွေ့ခဲ့ရ၏။ စည်းစိမ်ဥစ္စာအပြည့်ဖြင့် ချမ်းသာခဲ့သူများသည် သဘာဝနိယာမသဘောများကြောင့် ကုန်းကောက်စရာမရှိ အောင်ပင် ဖြစ်ခဲ့ကြရ၏။ စင်စစ် ဤသည်မှာ ရှာဖွေစုဆောင်း ထားသည့် စည်းစိမ်ဥစ္စာများ၏ မမြဲခြင်းသဘောများပင် ဖြစ်၏။ ပျက်စီးခြင်းနှင့် အမြဲမပြတ် ဆက်စပ်နေသည့် စည်းစိမ် ဥစ္စာများ၏ အဆုံးပင် ဖြစ်၏။ ထို့ကြောင့် အဖြစ်ရှိလျှင် အပျက်ရှိတတ်သကဲ့သို့ ပိုင်ဆိုင်တတ်သည့် စည်းစိမ်ဥစ္စာများ အပေါ်တွင် မတုန်မလှုပ် ရင်ဆိုင်နိုင်ရန် ကြိုးစားရမည်သာ ဖြစ်ပါပေ၏။

ရောဂဗျသန ခေါ် အနာရောဂါကြောင့် ပျက်စီးသည့် အပေါ်တွင်လည်း အလားတူ သတိပြုဆင်ခြင်ကြရန် လိုအပ် ပေ၏။ စင်စစ် အနာရောဂါသည် အခြားမဟုတ် မိမိတို့ အသီးသီး ရရှိထားသည့် ခန္ဓာကိုယ်ကြီးကပင် အနာရောဂါ အစုကြီး ဖြစ်နေပေ၏။ ရုပ်တရားကြီးကပင် အနာရောဂါကြီး ဖြစ်နေပေ၏။ အနာရောဂါသည် ရုပ်တရားအပေါ် အမှီပြုပြီး ဖြစ်ပေါ်တတ်သည့် ဖောက်ပြန်မှုပင်ဖြစ်၏။

ထို့ကြောင့် ရောဂါဟူသည် ရုပ်ပင်ဖြစ်သည်ဟု ဆိုခြင်း ဖြစ်၏။ သို့ဖြစ်၍ ရုပ်တရားရှိ၍ ဖောက်ပြန်မှုသဘောအဖြစ် ထင်ရှားလာသည့်ရောဂါကြောင့် ပျက်စီးတတ်သည့်သဘော ကို ကောင်းစွာ နားလည်ပြီး မတုန်မလှုပ် ရင်ဆိုင်နိုင်အောင် ကြိုးစားရန်သာ ရှိပေ၏။

ရုပ်တရားရှိ၍ ဖောက်ပြန်မှုရှိခြင်းကို ရောဂါဖြစ်ခြင်းဟု ဆိုသဖြင့် ရောဂါစုဖြစ်သည့် ရုပ်တရား၊ တစ်နည်းအားဖြင့် ရောဂါကြောင့် ပျက်စီးတတ်သည့် ရုပ်တရားများ ဖောက်ပြန် ပျက်စီးမှုအပေါ်တွင် သတိပြုဆင်ခြင်ကာ ဖောက်ပြန်ခြင်းကို ဝေဒနာနုပဿနာ ရှုမှတ်ပွားများခြင်းဖြင့်သာ ရင်ဆိုင်ကြရမည် ဖြစ်ပါ၏။

ဗျသနတရားငါးပါးတွင် ဗုဒ္ဓဘာသာဝင်များ အထူးပြု ဆင်ခြင်ရမည့် ဗျသနများကား သီလဗျသနနှင့် ဒိဋ္ဌိဗျသနများ ပင် ဖြစ်၏။ ပျက်စီးခြင်းတရား ငါးပါးတို့တွင် အမျိုးပျက်စီး ခြင်း၊ စည်းစိမ်ဥစ္စ ပျက်စီးခြင်း၊ အနာရောဂါကြောင့် ပျက်စီး ခြင်းများသည် တုန်လှုပ်ဖွယ်၊ ကြောက်လန့်ဖွယ်မလိုသည့် ဗျသနများဖြစ်သော်လည်း သီလဗျသန ခေါ် သီလပျက်စီး



www.burmeseclassic.com

www.burmeseclassic.com

သည့်အခါ၊ ဒိဋ္ဌိဗျသန ခေါ် အယူဝါဒ လွဲမှားသည့်အခါများ တွင်ကား အလွန်ကြောက်လန့် တုန်လှုပ်ဖွယ် ကောင်းပေတော့၏။

သီလပျက်လျှင် အခြားဒါန စသည့်ကုသိုလ်များကို မည်မျှပင် ကြိုးစားလုပ်ဆောင်သော်လည်း အပါယ်လားမှုဘေးမှ မလွန်မြောက်နိုင်သည်အထိ ဖြစ်ရတတ်၏။ ကိုယ်ကျင့်သီလ ဖြစ်သဖြင့်လည်း ကိုယ်ကျင့်ရမည့်အပြင် သီလပျက်လျှင်လည်း ကိုယ်ကဖျက်ခြင်း ဖြစ်သဖြင့် ခံရလျှင်လည်း ကိုယ်သာပင် ဖြစ်နေပေ၏။ ထို့ကြောင့် သီလပျက်စီးသည့်အခါ မတုန်မလှုပ်ဘဲ နေ၍မဖြစ်၊ အလွန်ပင် တုန်လှုပ်ဖွယ်ဖြစ်ပေသည်ဟု ဆိုခြင်းဖြစ်ပြီး တုန်လှုပ်ချောက်ချားမှု မဖြစ်စေဖို့ သီလမပျက်စေရန်သာ ကြိုးစားအားထုတ်ရမည်ဟု ဆိုခြင်းဖြစ်၏။

ထို့အတူ ဒိဋ္ဌိဗျသန ခေါ် အယူဝါဒပျက်စီးမှုသည်လည်း တုန်လှုပ်ချောက်ချားဖွယ်ပင် ဖြစ်ပါ၏။ အယူတစ်ပါး လွဲချော်သွားပါက အပါယ်မှတစ်ပါး လားရာမရှိဖြစ်တတ်ပေ၏။ အယူဝါဒအစွဲတရား ဟူသည်ကလည်း အခက်သားပင်၊ ယုံကြည်မိပြီ၊ စွဲလမ်းမိပြီဆိုလျှင် အသက်ပင် အသေခံသည့်အထိ စွဲကိုင်ထားတတ်၏။ ထိုသို့သာ အယူများကို စွဲကိုင်ထားမိလျှင် မှန်ကန်သည့် အယူဝါဒပျက်စီးပြီး အမှန်လမ်းကြောင်းနှင့်လွဲကာ နိဗ္ဗာန်နှင့် ဝေးသထက် ဝေးနေတတ်ပေ၏။ ထို့ကြောင့်လည်း မြတ်ဗုဒ္ဓက နိဗ္ဗာန်သွားရာလမ်းဖြစ်သည့် မဂ္ဂင်လမ်းစဉ်တွင် သမ္မာဒိဋ္ဌိဟူသည့် အယူဝါဒ မှန်ကန်ရေးလမ်းစဉ်တစ်ခုကို အဦးပြုကာ ဟောကြားသမှု ပြုတော်မူခဲ့ခြင်း ဖြစ်ပေ၏။

အယူဝါဒ မှန်ကန်မှုရှိမှ အတွေးအခေါ် အကြံအစည်၊ အပြောအဆို၊ အလုပ်အကိုင်နှင့် အားထုတ်မှု စသည်တို့သည်လည်း မှန်ကန်နိုင်မည်ဖြစ်သဖြင့် အယူဝါဒ မမှားကြရန်နှင့် အယူဝါဒ မပျက်စီးကြရန် အထူးတိုက်တွန်းတော်မူခြင်း ဖြစ်၏။ အကယ်၍ မိမိသည် ထိုအယူဝါဒသာ ပျက်စီးခဲ့ပြီဆိုပါက အလွဲအမှားလမ်းစဉ်များနှင့် သံသရာဝဲသြဃတွင် အမှန်ပင် မျောနေပြီး အောက်အောက်ဘုံဘဝတွင် ကျင်လည်နေရသဖြင့် နိဗ္ဗာန်နှင့် ဝေးပြီးရင်းဝေးနေမည် ဖြစ်ပါသောကြောင့် အယူဝါဒ ပျက်စီးသည့်အခါ အလွန်ပင် တုန်လှုပ်ဖွယ်ဖြစ်ကြောင်း၊ ထို့ကြောင့် အယူဝါဒကို မပျက်စီးစေရန် အထူးသတိပြုဆင်ခြင်ကာ မှန်ကန်သည့်အယူဝါဒဖြင့် ကြိုးစားသင့်ကြောင်း ဆိုကြခြင်း ဖြစ်ပါ၏။

ဤ၌ ဆိုလိုသည်မှာ ပျက်စီးခြင်းနှင့် ဖျက်ဆီးခြင်းအပေါ် အထူးသတိပြု ဆင်ခြင်ကြရန် ဆိုလိုရင်းဖြစ်ပါ၏။ ပျက်စီးခြင်းသည် သဘာဝနိယာမတစ်ခုဖြစ်ပြီး ဖျက်ဆီးခြင်းကား လုပ်ဆောင်ဖန်တီးခြင်း ဖြစ်သဖြင့် ပျက်စီးချိန်တန်သည့် ပျက်စီးမှုအပေါ်တွင် စိုးရိမ်ဖွယ်မရှိသော်လည်း ဖျက်ဆီးသဖြင့် ပျက်စီးတတ်သည့် အမှုများအပေါ်တွင်ကား အလွန်ကြောက်မက် တုန်လှုပ်ဖွယ်ဖြစ်ကြောင်း သိစေလိုရင်းဖြစ်၏။

ပျက်စီးတတ်သည့် အမျိုး၊ ဥစ္စာ၊ ရောဂါများသည် သဘာဝတရားများဖြစ်သဖြင့် ပျက်စီးမည်မှာ ဧကန်ဖြစ်သော်လည်း ဖျက်ဆီးမှုသာ ပျက်စီးတတ်သည့် အကျင့်သီလနှင့် အယူဝါဒများသည်ကား ပျက်စီးရန် မသင့်သည့် အရာ မပျက်စီးစေရန် ထိန်းသိမ်းရမည့်အရာ ဆိုသည်မှာလည်း အမှန်ပင်ဖြစ်ပါတော့၏။ သဘာဝအလျောက် ပျက်စီးမှုများတွင် တန်ပြန်သက်ရောက်မှုသည် အခိုက်အတန့်ဖြစ်သော်လည်း ဖျက်ဆီးသဖြင့် ပျက်စီးမှုများတွင်ကား တန်ပြန်သ ရောက်မှုသည် အပါယ်လားစေနိုင်သည်အထိ ကြီးလေးတတ်ပေ၏။

ထို့ကြောင့် နေရသည့် ဘဝအခိုက်အတန့်၌ မဖြစ်မနေ ကြုံတွေ့ရမည့် ပျက်စီးမှုများတွင် ဖျက်ဆီးမှုကြောင့် ပျက်စီး သွားသည့် ပျက်စီးမှုမျိုး မဖြစ်စေရန် လိုအပ်ပေ၏။ ရုပ်ပိုင်း ဆိုင်ရာများ ပျက်စီးမှုသည် မတုန်မလှုပ် ရင်ဆိုင်ရန်နှင့် စိတ် ပိုင်းဆိုင်ရာ အကျင့်သီလ အယူဝါဒ ပျက်စီးမှုတွင်ကား သ တရားနှင့် မပျက်စီးအောင် ထိန်းသိမ်းရန် ကြိုးစားသင့်ပေ၏ အကယ်၍ ထိုပျက်စီးမှုများ ရောက်လာသည့်အခါတွင်လည်း အခြားအရာများထက် သီလနှင့် အယူဝါဒကိုသာ မပျက် စေရန် အားထုတ်သင့်ပေ၏။

အဘယ်ကြောင့်ဆိုသော် ရုပ်ပိုင်းဆိုင်ရာ ပျက်စီး များသည် သဘာဝတရား ဖြစ်သည့်အပြင် အပါယ်လား နိုင်သည့်အရာများ မဟုတ်ကြသော်လည်း သီလအကျင့် အ ဝါဒ ပျက်စီးမှုသည်ကား အပါယ်လားစေနိုင်သည့် အရာ ဖြစ်သောကြောင့် ဖြစ်ပါ၏။

သို့ဖြစ်၍ ပျက်စီးခြင်းနှင့် ဖျက်ဆီးခြင်းတွင် ပျ တတ်သည့်အရာများအပေါ် ခံနိုင်ရည်ရှိအောင် ကြိုးစ ဖျက်ဆီးမှုသာ ပျက်စီးကာ အဖျက်ခံရသဖြင့် ပျက်စီး သည့် အယူဝါဒများအပေါ်တွင်ကား မပျက်စီးစေရန် ကိုယ်တိုင်သာ ပမာဏကျသဖြင့် မိမိ၏ အကျင့်သီလ အယူ များကို ဖျက်ဆီးခြင်းဖြင့် မပျက်စီးအောင် အထူး


www.burmeseclassic.com

www.burmeseclassic.com

ဆင်ခြင်ကာ ထိန်းသိမ်းစောင့်ရှောက်ရန်သာ ဖြစ်ပါတော့ကြောင်း သတိပေး တင်ပြလိုက်ပါသည်။

❖

## အညွန့်တုံးသူ

"အညွန့်တလူလူ တက်နေတဲ့ သူ့ဘဝကို သူ့လုပ်ရပ်တွေကပဲ ဖျက်ဆီးပစ်လိုက်တာပါ။ သူ့ကိုယ်သူ မထိန်းနိုင်တော့ ဘာမှမဟုတ်တဲ့ အရာလေးကို အကြောင်းပြုပြီး မလုပ်သင့်တာကို လုပ်လိုက်မိတာပေါ့။ ခုတော့ သူ့ဘဝဟာ သွားပြီ၊ ဘာမှ အဖတ်ဆယ်လို့ မရတော့ဘူး၊ ကုန်ကုန်ပြောရရင် သူ့ဘဝဟာ အညွန့်တုံးသွားတာပါပဲ"

"သူလုပ်ခဲ့တဲ့အလုပ်က သူ့ကို အညွန့်တုံးသူ တစ်ယောက် ဖြစ်စေခဲ့တာပါပဲ"

စသည်ဖြင့် အောင်မြင်နေသည့်ဘဝမှ ကျရှုံးသွားပြီး ဘဝတက်လမ်း မှေးမှိန်သွားသည့်·သူငယ်ချင်းတစ်ယောက် အကြောင်း စိတ်မကောင်းစွာဖြင့် စာရေးသူကို ရင်လာဖွင့်သွားသည့် မိတ်ဆွေတစ်ယောက်၏ စကားသံအချို့ ဖြစ်ပါသည်။ ထိုမိတ်ဆွေ ပြန်သွားသော်လည်း သူချန်သွားသည့် စကားများက စာရေးသူကို အတွေးနယ်ချဲ့စေခဲ့၏။ အထူးသဖြင့် သူပြောသွားသည့် 'အညွန့်တုံးသူ' ဟူသော စကားနှင့် စပ်လျဉ်းပြီး စဉ်းစားနေမိ၏။ 'အညွန့်' ဟူသော စကားကို လိုသလို စွဲယူတွေးနေမိ၏။

'အညွန့်တလူလူတက်သည်၊ အညွန့်ကျိုးသည်၊ အညွန့်တုံးသည်' စသည်ဖြင့် အသုံးပြုကြသည့် မြန်မာစကားအညွန့်ဟူသော ဝေါဟာရသည် အကောင်းဘက်ကိုညွှန်းပြီး အောင်မြင်မှုကို ကိုယ်စားပြုနေ၏။ လောကဝေါဟာရ အသုံးအားဖြင့် ကောင်းသည့်အဓိပ္ပာယ်ကိုဆောင်နေ၏။ လူတစ်ယောက်၏ တက်လမ်းကို အညွန့်ဟုရည်ညွှန်းကာ အညွန့်တလူလူတက်နေသည့် အညွန့်ကို မတုံးစေရန် ထိုအညွန့်ကို ရှင်သန်နေစေရန် ဝိုင်းဝန်းစောင့်ရှောက်လေ့ရှိကြ၏။ ဤသည်မှာ အညွန့်ကို မတုံးစေလို၍ဖြစ်ပြီး အညွန့်အပေါ် တွယ်တာနေ၍ဖြစ်၏။ ထိုအညွန့် ရှင်သန်နေမှုကို လိုလားနေ၍ ဖြစ်၏။ လောကသားတို့ကား အညွန့်ကို ရှင်သန်စေ၏။ အညွန့်ကို တွယ်တာနေပေ၏။

သို့သော် ထိုအညွန့်ကို မလိုလားသူများ၊ အညွန့်ကို မရှင်သန်စေလိုသူများ၊ အညွန့်ကို တုံးစေလိုသူများ၊ အညွန့်ကို တုံးအောင်လုပ်နေသူများကား ရှိနေပြန်၏။ ထိုသူတို့သည် အညွန့်ရှင်သန်နေမှုကို မလိုလားကြပေ၊ အားမပေးကြပေ။ ထိုသူတို့အမြင် လောကသားတို့ လိုလားကြသည့် အညွန့်သည် ၎င်းတို့အတွက် အစစ်အမှန် ငြိမ်းချမ်းရာသို့ သွားရာလမ်းတွင် ဆူးငြောင့်ခလုတ်သာ ဖြစ်နေပေ၏။

ထို့ကြောင့် အညွန့်တက်ရန်ထက် အညွန့်ဖျက်ရန် အားထုတ်ကြ၏။ အညွန့်ရှင်သန်ရန်ထက် အညွန့်တုံးရန် ကြိုးစားကြ၏။ ထိုသို့ ကြိုးစားသဖြင့် အညွန့်တုံးသွားလျှင် အညွန့်တုံးသူအဖြစ် ကျေကျေနပ်နပ် ခံယူကြ၏။ ထိုသူများ၏ ရည်မှန်းချက်သည် အညွန့်ရှင်သန်ရန်မဟုတ်၊ အညွန့်တုံးရန် ဖြစ်၏။ သူတို့အမြင်မရ မြတ်စွာဘုရားရှင်သည်ပင် အညွန့်တလူလူ တက်နေသူမဟုတ် အညွန့်တုံးသူသာ ဖြစ်၏။ ထို့ကြောင့်လည်း ဘုရားရှင်ကို 'အညွန့်တုံးသူ' ဟု ခေါ်ဝေါ်အသုံးပြုကြ၏။ ဘုရားရှင်ကိုယ်တော်တိုင်ပင် 'အညွန့်တုံးသူ' ဟု အခေါ်ခံခဲ့ရ၏။

ဘုရားရှင်ကို အညွန့်တုံးသူဟု သမုတ်ကြသူများကား အခြားသူများ မဟုတ်၊ ပရိဗိုဇ်များပင် ဖြစ်သည်။ မာဂဏ္ဍိယပရိဗိုဇ်နှင့် ဘာရဒွါဇ တို့ပင်ဖြစ်၏။ မြတ်စွာဘုရားရှင် ကုရုတိုင်း၊ ကမ္မာသဓမ္မနိဂုံးတွင် သီတင်းသုံးနေတော်မူစဉ်က ဖြစ်၏။ ဘုရားရှင်သည် ဘာရဒွါဇပုဏ္ဏား၏ မီးတင်းကုပ်တွင်လည်း တရားဟောခဲ့ရသေး၏။

တစ်နေ့ ဘုရားရှင်မရှိခိုက် ဘာရဒွါဇပုဏ္ဏားသည် မိမိထံသို့ ရောက်လာသော မာဂဏ္ဍိယပရိဗိုဇ်နှင့် ဟိုဟိုဒီဒီ စကားများ ပြောဆိုဖြစ်ကြ၏။ သူတို့ပြောသည့် စကားများတွင် ဗုဒ္ဓအကြောင်းများလည်း ပါဝင်၏။ ဗုဒ္ဓသည် ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံသူဖြစ်ကြောင်း ပြောဆို၏။ ထိုအခါ မာဂဏ္ဍိယက သူ့အမြင်ပြောရလျှင် ဗုဒ္ဓသည် အညွန့်တုံးသူသာဖြစ်ကြောင်း ပြော၏။

ထိုသူတို့ ပြောနေကြသည့်စကားသံကို မီးတင်းကုပ်အပြင်မှ မြတ်ဗုဒ္ဓက ကြားတော်မူ၏။ ထို့ကြောင့် သူတို့နှစ်ဦး စကားဝိုင်းအနီးသို့ သွားရောက်ကာ မာဂဏ္ဍိယကပြောသည့် 'အညွန့်တုံးသူ' ဟူသော စကားကို ထောက်ခံဟောကြားတော်မူ၏။

-ဗုဒ္ဓရှင်တော်မြတ်က -

"မာဂဏ္ဍိယ၊ မျက်စိသည် အဆင်းရူပါရုံ၌ မွေ့လျော်၏၊ ရူပါရုံ၌ ပျော်ပိုက်၏၊ ရူပါရုံ၌ နှစ်ခြိုက်၏၊ ထိုမျက်စိကို မြတ်စွာဘုရားရှင်သည် ဆုံးမထားပြီ၊ လုံအောင်ပြုထားပြီ၊ စောင့်ရှောက်ထားပြီ၊ ပိတ်ဆို့ထားပြီ၊ ထိုမျက်စိကို ပိတ်ဆို့





www.burmeseclassic.com

www.burmeseclassic.com

ခြင်းငှာလည်း တရားဟောပြီ စသည်ဖြင့် ဤအကြောင်းများကြောင့် မြတ်စွာဘုရားသည် အညွန့်တုံးသူဖြစ်သည်ဟု သင်ဆိုခြင်း ဖြစ်သည် မဟုတ်လော။

ထို့အတူ နားသည် အသံဟူသော သဒ္ဒါရုံ၌ နှာခေါင်းသည် အနံ့ဟူသော ဂန္ဓာရုံ၌ လျှာသည် အရသာဟူသော ရသာရုံ၌ ကိုယ်သည် အတွေ့ဟူသော ဖောဋ္ဌဗ္ဗာရုံနှင့် စိတ်သည် သဘောတရားဟူသော ဓမ္မာရုံ၌ မွေ့လျော်၏၊ ပျော်၏၊ နှစ်ခြိုက်၏၊ ထိုနား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ကို မြတ်စွာဘုရားသည် ဆုံးမထားပြီ၊ လုံအောင်ပြုထားပြီ၊ စောင့်ရှောက်ထားခြင်းငှာလည်း တရားဟောပြီ စသည်ဖြင့် ဤအကြောင်းများကြောင့် မြတ်စွာဘုရားသည် အညွန့်တုံးသူဖြစ်သည်ဟု သင်ဆိုခြင်းဖြစ်သည် မဟုတ်လော" ဟု မေးတော်မူ၏။

မာဂဏ္ဍီယလည်း -

"မှန်ပါ၊ အရှင်ဘုရား မိန့်တော်မူသည့်အကြောင်းကိုပဲ ရည်ရွယ်ပြီး အညွန့်တုံးသူဟု ဆိုခြင်းဖြစ်ပါသည် ဘုရား" ဟု လျှောက်၏။

မြတ်စွာဘုရားသည် အထက်ပါအတိုင်း မာဂဏ္ဍီယ၏ စကားကို ထောက်ခံကာ တရားစကား ဟောကြားတော်မူ၏။ (မာဂဏ္ဍီယသုတ်)

ဤစကားဖြင့် 'အညွန့်တုံးသူ' ဟူသော အဓိပ္ပာယ်ကို ရှင်းပြတော်မူ၏။

ဤနေရာတွင် အဓိကပြောလိုသည်မှာ 'အညွန့်တုံးသူ' ဟူသောစကားနှင့် စပ်လျဉ်းသည့်အကြောင်းပင် ဖြစ်၏။ လောကသားများ မြင်သည့် အညွန့်နှင့် သူတော်ကောင်းများ မြင်သည့် အညွန့် မတူညီမှုကို ထင်ရှားစေလိုရင်းဖြစ်၏။ အရိယာသူတော်ကောင်းများ ဆိုလိုသည့် အညွန့်တား ကိလေသာတရားများ ဖြစ်၏။ ကိလေသာများ ဖြစ်ပွားရာ အာရုံတရား အညွန့်များပင် ဖြစ်၏။

အာရုံများဖြစ်ပွားစေသည့် အရာများနှင့် ထိုအရာများ ပျော်မွေ့ရာများကို တုံးအောင်ပြုလုပ်စေလိုခြင်းဖြစ်၏။ ထိုအာရုံများ မဖြစ်ပေါ်စေရန်၊ ဆက်ပြီး ရှင်သန်တိုးတက်မှု မရှိစေရန် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တို့ကို ဖွင့်ထားလျှင်၊ မထိန်းချုပ်ဘဲ လွှတ်ထားလျှင် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ သဘောတရားဟူသော အာရုံနောက်သို့ ပါသွားကာ အကုသိုလ်အညွန့်များ တိုးပွားစေတတ်သဖြင့် ထိုအညွန့်များ တုံးစေရန် မိမိတို့၏ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တို့ကို ထိန်းချုပ်ကြရန် ဆိုခြင်းဖြစ်၏။

စင်စစ် လွတ်မြောက်ရာလမ်းသို့ တက်လှမ်းနိုင်စေရန်သည် အရိယာသူတော်ကောင်းများ မြင်သည့်အမြင်ဖြင့် လျှောက်လှမ်းရမည်သာ ဖြစ်၏။ အရိယာတို့က အညွန့်ကို တုံးအောင် အညွန့်တုံးသူဖြစ်အောင် ကြိုးစားစေလိုကြ၏။ ထို့ကြောင့်လည်း အညွန့်မှန်သမျှ ဖြတ်ခိုင်းခြင်းဖြစ်၏။

အမှန်အားဖြင့် လောကသားများမြင်သည့် အညွန့်သည် ပူလောင်မှုနှင့် သံသရာလည်မှုကို ဖြစ်စေသည့်သဘောရှိသည်။ အညွန့်တလူလူ တက်လေလေ အပူဒုက္ခတွေက တဖြည်းဖြည်း များလေလေဖြစ်၏။ အခန့်မသင့်လျှင် ထိုအညွန့်ကြောင့်ပင် အမှားများစွာဖြင့် ပစ္စုပ္ပန်သံသရာအထိ ဒုက္ခရောက်စေတတ်၏။ တက်နေသည့် အညွန့်များကြောင့် မိမိကိုယ်တိုင် အမှားကို အမှန်ထင်၊ အမှန်ကို အမှားထင်စေလျက် လောဘ၊ ဒေါသ၊ မာန စသည်များဖြင့် အကြောင်းအကျိုး မခွဲခြားနိုင်ဘဲ ဖြစ်စေတတ်၏။ အညွန့်တက်နေသည့်အခိုက် သတိမစိုက်နိုင်လျှင် ထိုအညွန့်အရှိန်ကြောင့် မာနဝင်ကာ သူတစ်ပါးအပေါ် နိုင်ထက်စီးနင်း ပြုကျင့်မိတတ်၏။

အောင်မြင်မှု ဂုဏ်ပကာသန၊ ရာထူးဌာနန္တရ ဟူသော အညွန့်များကြောင့် ကျင်လည်ရမည့် အစသံသရာ မတုံးစေသည့်အပြင် ပိုမို၍သာ ရှည်ကြာစေတတ်၏။ ထို့ကြောင့် အရိယာများက လောကသားများ ထင်နေကြသည့် အညွန့်တလူလူ တက်နေမှုကို မလိုလားကြဘဲ ထိုအညွန့်များ တုံးအောင်သာ ပြုလုပ်လိုခြင်းဖြစ်၏။

လောကသားတို့က အညွန့်တလူလူ ဖြစ်လိုကြသော်လည်း အရိယာတို့ကား အညွန့်ကို တုံးစေလိုကြ၏။ အညွန့်တုံးမှ သံသရာဆုံးမည် ဖြစ်သဖြင့် အညွန့်တုံးအောင် အားထုတ်ကြခြင်း ဖြစ်၏။ ကျင့်ကြံအားထုတ်မှုဖြင့် အညွန့်တုံးအောင်လုပ်ပြီး အညွန့်တုံးသူများအဖြစ် ခံယူနိုင်အောင် ကြိုးစားကြခြင်း ဖြစ်၏။

မှန်၏။ ဘဝသံသရာခရီးကို သွားနေကြသည့်သတ္တဝါတို့သည် သံသရာအဆုံးဖြစ်သည့် နိဗ္ဗာန်သို့ မရောက်နိုင်သေးသမျှ ဒုက္ခပင်လယ်ဝေနေကြမည် ဖြစ်သဖြင့် ကျင်လည်ရသည့်အခိုက်တွင် အနည်းငယ်မျှပဲဖြစ်ဖြစ် ခံစားမှုဒုက္ခများ သက်သာမှုရရှိစေရန် ကိလေသာအဖြစ်နည်းအောင် ကြိုးစားသင့်လှ၏။ ကိလေသာပါးအောင် ပြုလုပ်သင့်၏။

ထိုသို့ ကိလေသာတရားများ နည်းပါးစေရန်မှာ အညွန့်များအပေါ်တွင် စိတ်ကို ထိန်းချုပ်နိုင်မှသာ ဖြစ်ပေ၏။ အညွန့်တလူလူ ဖြစ်နေသည့် အခိုက်အတန့်တွင် မိမိတို့၏



www.burmeseclassic.com

www.burmeseclassic.com

မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်များကြောင့် အညွန့်အပေါ် အမှီပြုကာ ကိလေသာတရားများ တိုးပွားစေတတ်သည်ကို သတိဖြင့် ဆင်ခြင်ကာ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တို့ကို ထိန်းချုပ်သင့်လှ၏။ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တို့ကို မမေ့မလျော့ ထိန်းချုပ်ခြင်းဖြင့် အညွန့်တုံးအောင် ပြုလုပ်သင့်၏။

ထို့ကြောင့် လောကီဘုံသား လူအများတို့ လိုလားနှစ်သက်သည့် အောင်မြင်သည့်ဘဝ၊ အညွန့်တလူလူတက်နေသည့်ဘဝသည် ဗုဒ္ဓဘာသာတို့၏ နောက်ဆုံးပန်းတိုင်ဖြစ်သည့် လွတ်မြောက်ရေးလမ်းကိုလျှောက်လှမ်းရာတွင် အညွန့်ရှည်သည်နှင့်အမျှ သံသရာလမ်း ရှည်နိုင်မည်ဖြစ်သဖြင့် ဘဝသံသရာလမ်းကိုဖြတ်ကာ နိဗ္ဗာန်နန်းသို့ သွားလိုကြသူများအနေဖြင့် မိမိတို့၏ ဆိုင်ရာ ဆိုင်ရာ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်များကို အညွန့်များဖြစ်သည့် လောကီအာရုံ ကာမဂုဏ်တရားများတွင် မပျော်မွေ့စေဘဲ တက်နေသည့်အညွန့်များ တုံးရန်အတွက်သာ အချိန်ရှိခိုက် ကြိုးစားလိုက်ကြရန် ဖြစ်ပါသည်။

အညွန့်တလူလူ တက်နေသည့် ဘဝမှသည် အကျင့်တရား ကျင့်ကြံပွားသဖြင့် ကိလေသာအညွန့်တုံးသူများအဖြစ် အမြန်ဆုံး ရောက်အောင်သာ အသိတရား လက်ကိုင်ထားကာ ကြိုးစားကျင့်ကြံ အားထုတ်ကြပါဟု တိုက်တွန်းစကား ဆိုလိုက်ရပါသည်။

အားလုံး အညွန့်တုံးသူများ ဖြစ်နိုင်ကြပါစေ။

❖

## ဝဋ်မှာအမြဲ ငရဲမှာအပ

ဗုဒ္ဓဘာသာ မြန်မာအများ ပြောဆိုသုံးနှုန်းလေ့ရှိကြသည့် မကောင်းမှု အကုသိုလ်နှင့်စပ်လျဉ်းသည့် သတိပေးပြောဆိုမှု စကားများတွင် 'ဝဋ်လိုက်တတ်တယ်၊ ဝဋ်လိုက်လိမ့်မယ်၊ ငရဲကြီးမယ်' စသည်ဖြင့် ပြောဆိုကြသည့် စကားများရှိ၏။

မကောင်းသည့်လုပ်ရပ် တစ်ခုခုကြောင့် ပြန်ခံရတတ်သည့် တန်ပြန်သက်ရောက်မှုတွင် ဝဋ်အဖြစ် ပြန်ခံရသည့် အကုသိုလ်အကျိုးနှင့် ဝဋ်ကြွေးမပါဘဲ အကုသိုလ်အဖြစ် သက်သက်ကိုသာ ပြန်ခံရသည့် အကုသိုလ်အကျိုး ဟူ၍ရှိရာ အချို့အကုသိုလ်ကံများသည် အကုသိုလ်အကျိုးကို ခံပြီးဖြစ်သော်လည်း နောက်ဆုံး အရိယာဘဝအထိ ဝဋ်ကြွေးအနေဖြင့် ပေးဆပ်ရသည့် အကုသိုလ်များအဖြစ် ရှိတတ်ပြီး အချို့အကုသိုလ်ကံများသည်ကား အကုသိုလ်အကျိုးကို ခံပြီးသည်နှင့် ပြီးပြတ်သွားနိုင်သည့်အပြင် ကုသိုလ်ကံအစွမ်းဖြင့် ယင်းအကုသိုလ်ကံ အကျိုးပေးခွင့် မရအောင်ပင် ပြုလုပ်နိုင်သည့် ကံများ ရှိတတ်၏။

ထို့ကြောင့်ပင် အပြစ်ခံပြီး ဖြစ်သော်လည်း အကြွေးကျန်နေတတ်သည့်သဘောရှိသည့် ကံနှင့် အကြွေးမကျန် အပြစ်ခံကာ ကောင်းသည့်ကံဖြင့် အပ်ပြုနိုင်သည့် သဘောရှိသည့် ကံများကို ရည်ရွယ်၍ 'ဝဋ်မှာအမြဲ ငရဲမှာအပ' ဟု ပြောစမှတ်ပြုကြခြင်း ဖြစ်သည်။

အကုသိုလ်အလုပ် တစ်ခုသည် အကုသိုလ်အကျိုးကို ပေးတတ်သည်မှန်သော်လည်း ပြုလုပ်တတ်သူ၏ စေတနာရည်ရွယ်ချက်သို့လိုက်ကာ အကျိုးအပြစ် အကြီးအသေး ကွာခြားတတ်၏။ စေတနာရည်ရွယ်ချက် အားကောင်းပြီး ကြိုတင်ကြံစည်မှုများဖြင့် ပြုလုပ်တတ်သည့် အကုသိုလ်ကံများသည် အပြစ်ခံပြီး ဖြစ်သော်လည်း အကြွေးကျန်ကာ ခံရတတ်၏။

စေတနာပါသော်လည်း ရည်ရွယ်ချက်မရှိ ရုတ်တရက် မဖြစ်မနေ လုပ်လိုက်ရသည့် အကုသိုလ်ကံမျိုးသည်ကား စေတနာပါသဖြင့် အကျိုးသက်ရောက်မှု ရှိနိုင်သော်လည်း အကျိုးပေးအားနည်းကာ အားကောင်းသည့် ကုသိုလ်ကံ တစ်ခုခုဖြင့် လွှမ်းမိုးနိုင်လျှင် ထိုကောင်းမှု၏ အကျိုးပေးမှုကို အပပြုထားနိုင်၏။

ထို့ကြောင့် မကောင်းမှုအကုသိုလ်မှန်သမျှ မပြုလုပ်ဘဲ ရှောင်ရှားရန် လိုအပ်သော်လည်း မဖြစ်မနေ လုပ်လိုက်ရသည့် အခါမျိုးတွင်ကား ဝဋ်ကြွေးတင်သည့် အကုသိုလ်အဖြစ်များ မဖြစ်ကြရန် အထူးသတိပြုသင့်ကြောင်း ဆိုခြင်းဖြစ်၏။

စင်စစ် ဝဋ်ကြွေးခံရသည်ဖြစ်စေ၊ ငရဲခံရသည်ဖြစ်စေ နှစ်ခုစလုံးသည် အကုသိုလ်ကံ၏ အကျိုးပေးမှုများပင် ဖြစ်၏။ မိမိလုပ်ခဲ့သည့် အကုသိုလ်အလုပ်သည် စေတနာရည်ရွယ်ချက် အပြည့်ဖြင့် တမင်သက်သက် ကြိုတင်ကြံစည်ကာ ပြုလုပ်သည့် အကုသိုလ်ကံဖြစ်ပါက အကုသိုလ်အပြစ် ခံရပြီးသော်လည်း နောက်ဆုံး အရိယာဘဝအထိ ထိုအကုသိုလ်ကံ၏ အကျိုးသက်ရောက်မှု ရှိနေသေးကာ အကြွေးအဖြစ် ပေးဆပ်ရတတ်၏။

တစ်ခါတစ်ရံ မကောင်းသည့် အကုသိုလ်အလုပ်ကို လုပ်ဖြစ်သွားသော်လည်း တမင်ကြိုတင်ကြံစည်ပြီး လုပ်သည့်



www.burmeseclassic.com

www.burmeseclassic.com

အလုပ်မျိုးမဟုတ်ဘဲ မဖြစ်မနေ လုပ်လိုက်ရသည့်အခါမျိုးလည်းရှိတတ်၏။ ထိုသို့သော အကုသိုလ်အလုပ်မျိုးသည်ကား ကောင်းမှုကုသိုလ်တစ်ခုခုဖြင့် ချေဖျက်နိုင်လျှင် မကောင်းမှုအကုသိုလ် အကျိုးပေးခွင့်မသာဘဲ အဟောသိကံ ဖြစ်သွားတတ်သည့်အပြင် အပြစ်ခံရလျှင်လည်း ထိုအပြစ်ဒဏ် ကုန်ဆုံးသည်နှင့်တစ်ပြိုင်နက် ပြောင်းကော်သွားကာ နောက်ကံတစ်ခု၏ အကျိုးပေးကို ရရှိစေသည့် သဘောရှိ၏။

မှန်၏။ ဝဋ်ကြွေးသည်ကား အလွန်ကြောက်ဖွယ်ကောင်းလှ၏။ ဝဋ်ကြွေးတင်သည့် အကုသိုလ်အလုပ် ဖြစ်ခဲ့လျှင်ကား လောကအထွတ် ဖြစ်တော်မူသည့် အနန္တတန်ခိုးရှင်ဘုရားပင်လည်း ဝဋ်ကြွေးမှန်က ပေးဆပ်ခဲ့ရ၏။ ဗုဒ္ဓစာပေများတွင် ဖော်ပြထားသည့် ဝိပါက်တော်(၁၂)ပါးသည် မြတ်ဗုဒ္ဓ ပါရမီဖြည့်စဉ် အလောင်းတော်ဘဝက လုပ်ခဲ့သည့် အကုသိုလ်ကံများ၏ အကြွေးများပင် ဖြစ်၏။ အကုသိုလ်အပြစ်များကို ခံပြီးသော်လည်း နောက်ဆုံးဘဝအထိ ဝဋ်ကြွေးတော်ကို ခံယူပေးဆပ်သွားခဲ့ရ၏။

ဗုဒ္ဓ၏ ဝဋ်ကြွေးတော် (၁၂)ပါးတွင် -

“ဝေဘာရတောင်စောင်းမှ ကျောက်မောင်းဆင်ကာ ဒေဝဒတ်က လုပ်ကြံသဖြင့် ခြေတော်ကို ကျောက်လွှာထိသည့်ဒဏ်ကို ခံခဲ့ရသည့် ဝဋ်ကြွေးတော်သည် အတိတ်ဘဝပါရမီဖြည့်စဉ်က သူကြွယ်အမျိုး၌ဖြစ်ခဲ့ပြီး ထိုစဉ်က ညီကိုလှည့်စားခေါ်သွားကာ ကျောက်ဖြင့် ဖိညှပ်၍ ကြိတ်ခြေထုသတ်ခဲ့သည့် အကုသိုလ်ကံအလုပ်ကြောင့် ဖြစ်ကြောင်း၊ ယခုဘဝ ရှင်တော်ဗုဒ္ဓအဖြစ်မှာ ခါးကိုက်တတ်သည့် ဝေဒနာကို မကြာမကြာ ခံစားရသည့် ဝဋ်ကြွေးတော်သည် အတိတ်ဘဝလက်ဝှေ့သမားဖြစ်စဉ်က ပြိုင်ဘက်ကို အနိုင်ရသည့်အခါတိုင်း ခါးရိုးကို ရိုက်ချိုးကာ မြေပေါ်ချသတ်ပြခဲ့သည့် အကုသိုလ်အလုပ်ကြောင့် ဖြစ်ကြောင်း၊ ဘုရားဘဝ နောက်ဆုံးအချိန်တွင် ဝမ်းတော်လားပြီး အားအင်ချို့ကာ ပရိနိဗ္ဗာန်စံတော်မူရသည့် ဝဋ်ကြွေးတော်သည် အတိတ်ဘဝတစ်ခုတွင် ဆေးဆရာဖြစ်စဉ် ဆေးဖိုးမပေးဘဲ ရှောင်လွှဲနေတတ်သည့် လူနာတစ်ဦးအား ဝမ်းလျှောဆေးတိုက်ကာ လုပ်ကြံခဲ့သည့် အကုသိုလ်အလုပ်ကြောင့် ဖြစ်ကြောင်း”

စသည်ဖြင့် ဗုဒ္ဓကိုယ်တော်တိုင် ပြန်လည်ဟောကြားတော်မူခဲ့သည့် ဖြစ်စဉ်များကိုကြည့်လျှင် ဝဋ်မှာအမြဲ ဖြစ်ခဲ့သည့် သာဓကများအဖြစ် အထင်အရှား ရှိနေသည်သာ ဖြစ်ပါ၏။

ထို့အတူ တန်ခိုးတော်အရာတွင် ဧတဒဂ်ရတော်မူသည့် အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်ကြီးသည်လည်း ခိုးသားငါးရာ၏ ရိုက်နှက်မှုဒဏ်ဖြင့် ပရိနိဗ္ဗာန် ဝင်စံတော်မူခဲ့၏။ ထိုအကြွေးသည် အတိတ်ဘဝတစ်ခု၌ မျက်မမြင်မိဘနှစ်ပါးတို့အား တောအုပ်တစ်နေရာသို့ လှည်းဖြင့် ခေါ်ဆောင်သွားကာ သူခိုးဓားပြများ၏ ရိုက်ပုတ်လုယက်ဟန်ပြုပြီး ကိုယ်တိုင်ရိုက်ပုတ်ခဲ့သည့် အကုသိုလ်လုပ်ရပ်ကြောင့် ပြန်ဆပ်ခဲ့ရခြင်းပင် ဖြစ်၏။

ရည်ရွယ်ချက်ကြီးကြီးဖြင့် ကြိုတင် ကြံစည်ကာ စေတနာအပြည့်ထားပြီး ပြုလုပ်ခဲ့သည့် မကောင်းမှုလုပ်ရပ်တစ်ခုသည် သာမန်အကုသိုလ်အကျိုးအဖြစ် မဟုတ်တော့ဘဲ အရိယာဘဝအထိ လိုက်လာတတ်သည့် ဝဋ်ကြွေးတစ်ခုအဖြစ် ခံရတတ်သည်ကို မြတ်ဗုဒ္ဓနှင့် အရိယာသာဝကကြီးများက ထင်ရှားပြနေပေ၏။

မည်သို့ပင်ဆိုစေ အကုသိုလ်အလုပ်၏ တန်ပြန်သက်ရောက်မှုသည် ‘ငရဲ’ သို့မဟုတ် မိမိလုပ်ခဲ့သည့် လုပ်ရပ်နှင့် ထပ်တူပြန်ခံရသည့် ‘ဝဋ်ကြွေး’ အဖြစ် ရှိနေသည်မှာ အသေအချာပင် ဖြစ်ပါ၏။ မကောင်းသည့် အလုပ်တစ်ခုသည် ကြီးသည်ဖြစ်စေ၊ သေးသည်ဖြစ်စေ ပြုလုပ်သူ၏ စေတနာရည်ရွယ်ချက်သို့ လိုက်ကာသာ အကျိုးအပြစ် ကြီးမှု၊ မကြီးမှုကို ဖြစ်စေ၏။ တစ်ခါတစ်ရံ လုပ်လိုက်သည့် မကောင်းမှုအလုပ်သည် အသေးအဖွဲလေးပင် ဖြစ်သော်လည်း လုပ်သည့်ပုဂ္ဂိုလ်၏ စေတနာမှာ ပြင်းထန်ကြီးမားနေသဖြင့် အကျိုးရလဒ်သည်လည်း ကြီးမားသွားတတ်သည်များ ရှိတတ်၏။ အသေးအဖွဲလေးဟု အထင်သေးကာ ပြုလုပ်တတ်သည့် အကုသိုလ်သည် အကျိုးပေးသည့်အခါ အလွန်ဆိုးရွားစွာ အကျိုးပေးတတ်သည်ကို သတိပြုသင့်၏။

ထို့ကြောင့်ပင် မြတ်ဗုဒ္ဓက - “အနည်းငယ်သော မကောင်းမှုသည် ငါ့အား အကျိုးသက်ရောက်လိမ့်မည်မဟုတ်ဟု မကောင်းမှုကို မထီမဲ့မြင် မအောက်မေ့ရာ၊ မိုးရေပေါက်သည် ကျဖန်များသော် ရေအိုးသည် ပြည့်လာဘိသကဲ့သို့ သူမိုက်သည် အနည်းငယ် အနည်းငယ်မျှသော မကောင်းမှုကို ပြုဖူးဖန်များလာသော် မကောင်းမှုဖြင့် ပြည့်၏” ဟု ဟောတော်မူခြင်း ဖြစ်၏။

စင်စစ် ယနေ့ခေတ်သည် ဆုတ်ကပ်ကာလ ဖြစ်သည့်အလျောက် ဘုရားအစရှိသည့် သူတော်ကောင်းများက မည်မျှပင် မကောင်းမှုအကုသိုလ်၏ အကျိုးအပြစ်များကို ဟောပြော



www.burmeseclassic.com

www.burmeseclassic.com

ပါသော်လည်း မကောင်းမှု၏ ဒဏ်ခတ်မှုကို မခံရသေးသမျှ ထုရင့်များသည် မကောင်းမှုအကုသိုလ်ကို မကြောက်ကြဘဲ ဖြစ်နေပေ၏။ ၎င်းတို့သည် မကောင်းမှုများ အကျိုးပေးမှုကို ရပြီး ခံလာရသည်ဆိုမှသာ ခြေမကိုင်မိ လက်မကိုင်မိဖြစ် သော နီးစပ်ရာအားကိုးကို ရှာတတ်ကြသည့်သဘောရှိ၏။

အချို့လည်း မိမိ၏ လုပ်ရပ်ကို သတိမပြု မဆင်ခြင်ဘဲ မကောင်းသည့်ဒဏ်ခတ်မှုများ ကြုံသည့်အခါမှသာ 'ကံဆိုး လိုက်တာ၊ ဝဋ်ကြီးလိုက်တာ' ဟုဆိုကာ ကံနှင့်ဝဋ်ကို ပုံချတတ် ကြ၏။ စင်စစ် အချို့သော မကောင်းသည့်လုပ်ရပ်များ၏ တန့်ပြန်သက်ရောက်မှုသည် နောင့်ဘဝများအထိ မစောင့် တော့ဘဲ ယခုဘဝမှာပင် လက်တွေ့အကျိုးပေးသည်များလည်း ရှိတတ်၏။ သူတစ်ပါးကို ဒဏ်ခတ်သည့် အကုသိုလ်ကံသည် ယခုဘဝမှာပင် မိမိကိုယ်တိုင် ပြန်ခံရသည့်အခါများလည်း ရှိတတ်၏။ ထိုအခါ အချို့က 'အဲဒါ ဝဋ်လည်တာ' ဟု ဆို တတ်ကြ၏။ အချို့ကလည်း 'သူ့စရိတ်နဲ့သူ သွားတာပဲ' ဟု ဆိုတတ်ကြ၏။ မည်သို့ပင်ဆိုစေ ဤသည်မှာ မကောင်းသည့် လုပ်ရပ်၏ တန်ပြန်အကျိုးသက်ရောက်မှုပင် ဖြစ်၏။

စေတနာပါသည့် လုပ်ရပ်များသည် ကံမြောက်သည့် လုပ်ရပ်များ ဖြစ်သဖြင့် အလုပ်လုပ်သည့်အခါတိုင်း စိတ် စေတနာကို အထူးသတိပြု လုပ်သင့်လှ၏။ အထူးသဖြင့် မကောင်းသည့် အကုသိုလ်အလုပ်များသည် မလုပ်ဘဲနေနိုင် လျှင် အကောင်းဆုံးဖြစ်သော်လည်း မဖြစ်မနေလုပ်မိကြသည့် အခါ စေတနာရည်ရွယ်ချက် အားကောင်းသည့်လုပ်ရပ်များ မဖြစ်စေရန် ဆင်ခြင်သင့်လှ၏။

ရုတ်တရက် လုပ်ဖြစ်ခဲ့သည့် မကောင်းမှုလုပ်ရပ်များ နှင့် စေတနာရည်ရွယ်ချက် အပြည့်ဖြင့် ပြုလုပ်ကြသည့် အကုသိုလ်လုပ်ရပ်များသည်လည်း စေတနာရည်ရွယ်ချက် အားကြီးသဖြင့် အကျိုးပေးလည်း အားကြီးတတ်သည်ကို သတိပြုသင့်၏။ အသေအချာ တွေးကြည့်လျှင် စေတနာ ရည်ရွယ်ချက်ဖြင့် ကြိုတင်ပြင်ဆင် ကျူးလွန်တတ်သည့်အပြစ် များသည် ဓမ္မဥပဒေအားဖြင့် မဆိုထားနှင့် လောကဥပဒေ အရပြင့်လည်း ကြိုတင်ပြင်ဆင်မှု ပါသဖြင့် ပို၍အပြစ်ကြီး သည်ကို သတိပြုမိကြမည် ဖြစ်၏။ ထို့ကြောင့် မည်သည့် အကြောင်းဖြင့်ပင်ဖြစ်စေ မကောင်းမှုအကုသိုလ်ကို မလုပ်မိ ကြရန် တိုက်တွန်းတော်မူခြင်း ဖြစ်၏။

အချုပ်အားဖြင့် မကောင်းသည့်လုပ်ရပ်တစ်ခုသည် ငရဲမှ လွတ်လာပြန်လျှင်လည်း ထပ်တူပြန်လည် ပေး ဆပ်ရသည့် ဝဋ်ကြွေးများ ရှိတတ်သဖြင့် ငရဲနှင့်ဝဋ်ကို ရှည် စေတတ်သည့် မည်သည့်မကောင်းမှုမျိုးကိုမဆို မလုပ်မိကြရန် လိုအပ်လှပေ၏။ အသေးအဖွဲလေးဟု အထင်သေးကာ စေတနာပါပါဖြင့် လုပ်မိတတ်သည့် မကောင်းသည့်လုပ်ရပ် တစ်ခုသည် အကျိုးပေးသည့်အခါ ဘဝပေါင်းများစွာ မကောင်းသည့်ဖြစ်ဒဏ်ကို ပြန်ခံရပြီး ထိုအပြစ်များ ခံပြီးသော် လည်း နောက်ဆုံးအရိယာဘဝအထိ ဝဋ်ကြွေးအဖြစ် ပြန် လည်ပေးဆပ်ရတတ်သည်ကို သတိပြုဆင်ခြင်သင့်လှပေ၏။

ကြိုတင်ပြင်ဆင်မှုနှင့် ရည်ရွယ်ချက်အားကြီးလျှင် ဝဋ်ကြွေးတစ်ခုအဖြစ် ပြန်လည်ပေးဆပ်ရမြဲ ဖြစ်သဖြင့် ဝဋ်ကို မြဲစေမည့် အကုသိုလ်အမှုများ မလုပ်မိကြရန် ကြိုးစားသင့် လှ၏။ 'ဝဋ်မှာအမြဲ ငရဲမှာအပ' ဟု ဆိုကြသည့် အကုသိုလ် လုပ်ရပ်၏ တန်ပြန်အကျိုးပေးမှုသည် ငရဲ သို့မဟုတ် ဝဋ်ကြွေး အဖြစ် ပြန်ခံရတတ်သဖြင့် မည်သည့်အကုသိုလ်အလုပ်မျိုး ကိုမျှ မလုပ်မိကြရန် လိုအပ်ပေ၏။

အကောင်းဆုံးကား ဝဋ်ကင်းပြတ်ရာအလုပ်ကို လုပ် နိုင်ခြင်းသည်သာ အကောင်းဆုံး ဖြစ်ပါ၏။ ဝဋ်ကင်းရာအလုပ် ကား ကံများကို ဖြတ်ပေးသည့် ဉာဏ်နှင့်ယှဉ်သည့် ဘာဝနာ အလုပ်ပင် ဖြစ်ပါ၏။

ထို့ကြောင့် ငရဲနှင့်ဝဋ် ကင်းရာဖြစ်သည့် နိဗ္ဗာန်ရောက် ကြောင်း အကျင့်ကောင်းကို အချိန်ရှိခိုက် သတိစိုက်၍ ရရှိ ထားသည့် ဘဝအခိုက်တွင် မကောင်းမှုရှောင်ပြီး ကောင်းမှု ဆောင်ကာ အားသွန်ခွန်စိုက် ကြိုးစားလိုက်ကြရန်သာ တိုက် တွန်းလိုက်ရပေတော့၏။ ငရဲနှင့်ဝဋ် တွဲ၍လွတ်သည့် အပြစ် အကုသိုလ် ဤထိုထိုကို မပိုသတိ အလိုမရှိအောင် သတိ ဆောင်ပြီး မကောင်းမှုကို ရှောင်နိုင်ရန်သာ ကြိုးစားပါဟု အကြံပြုလိုက်ရပေတော့၏။

ဓမ္မဒါန

□



www.burmeseclassic.com

www.burmeseclassic.com



# ထေရဝါဒ ဗုဒ္ဓဘာသာ၏ စိမ်းတောက်ရသ နှင့် ဗုဒ္ဓရှင်တော်၏ ဆန္ဒ

ချစ်ပဟာန်ဝင်း

ပန်းချီအောင်နိုင်လတ်

ဗုဒ္ဓရှင်တော်မြတ်မှ အကြောင်းကြောင့် အကျိုးဖြစ်ရသည်ဟု ဟောကြားထားတော်မူခဲ့ပါသည်။ အသောကမင်းတရားကြီး၏ ကိုးတိုင်း ကိုးဌာနသို့ စာတုတ်ပေတတ် ရဟန်းတော်များအား ဗုဒ္ဓသာသနာ ပြန့်ပွားရေးအတွက် သာသနာပြုလွှတ်ခဲ့သော အကြောင်းကြောင့် ယနေ့ ကမ္ဘာ့အနှံ့ ထေရဝါဒ ဗုဒ္ဓဘာသာ ပြန့်ပွားနေသော အကျိုးသည် အထင်အရှား ရှိခဲ့ချေပြီ။

အကယ်၍သာ သုဝဏ္ဏဘူမိတိုင်းသို့ အရှင်သောနနှင့် ဥတ္တရမထေရ်နှစ်ပါးသာ ရောက်ရှိမလာခဲ့ပါက ယနေ့တိုင် ဗုဒ္ဓဘာသာ ပြည်မြန်မာ၌ ထင်ရှားပျံ့နှံ့ဖွယ်မရှိပါ။ သို့အတွက် ထေရဝါဒ ဗုဒ္ဓဘာသာ၏ထင်ကျန်ရစ်မှုကား နံပါတ်တစ် ကျေးဇူးအကြီးမားဆုံးပုဂ္ဂိုလ်သည် အသောကမင်းကြီးပင်တည်း။

မြန်မာပြည်၏ ခေတ်အဆက်ဆက် သမိုင်းကြောင်းကို ပြန်ပြောင်းလေ့လာသော် ပုဂံခေတ်မှစ၍ ထေရဝါဒ ဗုဒ္ဓဘာသာ စတင်ထွန်းကားလာကြောင်း သမိုင်းအထောက်အထားခိုင်လုံစွာဖြင့် တွေ့ရှိရမည်ဖြစ်ပါသည်။

သာသနာပြုမင်းမြတ် အနော်[…] ရထာနှင့် ရဟန်းတော် ရှင်အရဟံတို့[…] ကျေးဇူးကြောင့် ဗုဒ္ဓဘာသာသည် နှ[…] ပေါင်း (၂၆၀၀) တိုင်တိုင် ခိုင်မြဲတည်[…] ထွန်းကားလာသည်မှာ ငြင်း၍မရပ[…] အနော်ရထာမင်းလက်ထက် ပုဂံခေ[…] တွင် အရည်းကြီးသာသနာ ထွန်းကာ[…] တောက်ပြောင်နေသော ကာလဖြစ်[…] သည်။ မိစ္ဆာဝါဒ (အရည်းဝါဒ) လွှမ်းမိ[…] နေချိန်တွင် အခက်အခဲပေါင်းများစွာ[…] ဖြတ်သန်းကျော်နင်းလျက် စစ်မှန်သေ[…] သာသနာတော် ထွန်းကားလာစေ[…]



www.burmeseclassic.com

ww.burmeseclassic.com

ည်မျှခက်ခဲမည်ကို ထောက်ရှုနိုင်ပါသည်။ မင်းအာဏာနှင့်အရည်းတို့အား ဆင်ချေးကျုံး၊ မြင်းချေးကျုံးဘဝများသို့ ပြောင်းပေးခဲ့၍ အရည်းသာသနာ ပျောက်ကွယ်အောင် အဓမ္မကြိုးစားခဲ့ရပါသည်။

ယနေ့ခေတ် မြန်မာနိုင်ငံ၏ အကျယ်အဝန်းပိုင်နက်သည် အနော်ရထာမင်းကြီး တည်ဆောက်ခဲ့သော မြန်မာနိုင်ငံ၏ လက်ကျန်အကျယ်အဝန်းသာဖြစ်သည်။ ပုဂံခေတ်တွင် ထေရဝါဒဗုဒ္ဓဘာသာ ထွန်းကားလာခဲ့ရုံမက ပုဂံခေတ် မြန်မာနိုင်ငံသည် အကျယ်ပြန့်ဆုံး အစည်ကားဆုံး ယဉ်ကျေးမှု၊ အနုပညာ၊ ဗိသုကာပညာများ အမြင့်မားဆုံး ရောက်ရှိခဲ့သော ရွှေခေတ်ဖြစ်ခဲ့သည်မှာ သမိုင်းကြောင်းအရ ထင်ရှားခဲ့ပါသည်။

မြန်မာနိုင်ငံ၏ အစပျိုးဖြစ်ခဲ့သော ပုဂံခေတ်တွင် မြစ်မင်းဧရာဝတီသည် အထူးလှပသာယာ စည်ကားခဲ့ပါသည်။ သုဝဏ္ဏဘူမိ သထုံပြည်မှ ပိဋကတ်သုံးပုံနှင့် ပညာရှင် အမြောက်အများရအောင် ဧရာဝတီကိုအသုံးချခဲ့သည်။ မြန်မာ့သမိုင်းကြောင်း၌ ထေရဝါဒဗုဒ္ဓဘာသာ၊ ရှင်အရဟံ၊ အနော်ရထာမင်း ပုဂံပြည်ကြီးနဲ့ ဧရာဝတီသည် ...တည်းဆက်စပ်လျက် နှစ်ပေါင်း ...မှာ အကျိုးကျေးဇူး ကြီးမားခဲ့သော ...များ ဖြစ်ခဲ့သည်မှာ ထင်ရှား...လှပါသည်။

ယနေ့ ကမ္ဘာတွင် ထေရဝါဒဗုဒ္ဓ...သည် ရာဇဝင်အရှည်ဆုံး၊ အခိုင်...နှင့် လောက၏ အမှန်တရားကို ...ဖွင့်ဆိုပြသနိုင်ခဲ့ပါသည်။ ...သာ ပြန့်ပွားရေးနှင့် တည်တံ့...ရေးအတွက် အဓိက တာဝန်ရှိ... သံဃာတော်များ၏တာဝန်သာ ဖြစ်သည်ပင်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးသည်မှ ယနေ့ခေတ်တိုင်အောင် ဗုဒ္ဓဘာသာ ဆက်လက်(လက်ဆင့်ကမ်း) ပြန့်ပွားနိုင်အောင် သယ်ဆောင်ပေးခဲ့သူည်မှာ မြတ်သောရဟန်းတော်များနှင့် သံဃာတော်များပင် ဖြစ်သည်။ သံဃာတော်များ သာသနာအကျိုး ထမ်းပိုးနိုင်အောင် အထောက်အကူပြု ပစ္စည်းလေးပါး လှူဒါန်းနိုင်ရန် တာဝန်မှာ မြန်မာပြည်သူပြည်သားတို့၏ လေးနက်သော တာဝန်ဖြစ်ပါသည်။

ထေရဝါဒဗုဒ္ဓသာသနာ ပြန့်ပွားရေး၊ အဓွန့်ရှည်စွာ တည်တံ့ရေးသည် သံဃာတော်များ၏ တာဝန်ဖြစ်သည်မှာ မှန်ပေသည်။ သို့သော် မြန်မာပြည်သူပြည်သားအပေါင်း သူတော်ကောင်းတို့သည် (ကြီးငယ်ရွယ်လတ်) မိရိုးဖလာ ဗုဒ္ဓဘာသာ၏ ဗဟုသုတဖွင့်ဆိုချက်နှင့် အဆီအနှစ်များကို လူတိုင်း၏ နှလုံးသားထဲတွင် ရှိနေရန် အဓိကကျလှပါသည်။ သိရှိနေရန် လိုအပ်လှပါသည်။

သစ္စာလေးပါးနှင့် မဂ္ဂင်ရှစ်ပါး ဘဝသစ်တစ်ဖန် ပြန်မလည်တော့သည့် နိဗ္ဗာန်မဂ်ဖိုလ်၏ အမြိုက်တရားကို ဟောပြတော်မူခဲ့သော ဗုဒ္ဓရှင်တော်မြတ်၏ ဂုဏ်တော် ကျေးဇူးတော်တို့ကို လူတိုင်း သိရှိနားလည်ထားရန် လိုသည်ဟုယူဆ၍ ဗုဒ္ဓဝင်အကျဉ်းကို တင်ပြပါမည်။

ကျွန်ုပ်တို့၏ ကိုးကွယ်ရာအစစ် ဖြစ်တော်မူခဲ့သော ဂေါတမဘုရားအလောင်းသည် ဤဘဒ္ဒကမ္ဘာမှ ပြန်ရေတွက်သည်ရှိသော် ကာလ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်၌ သုမေဓာရှင်ရသေ့ ဖြစ်ခဲ့ပေသည်။ သုမေဓာရှင်ရသေ့သည် ဒီပင်္ကရာမြတ်စွာဘုရား၏ ခြေတော်ရင်း၌ ဝပ်ဆင်းခစားရင်း တစ်ကိုယ်တော်မှာလွတ်အကျွတ် နိဗ္ဗာန်ချမ်းသာမြတ်ကို ရနိုင်သော်လည်း မယူခဲ့ပါ။

အကြောင်းကား နိဗ္ဗာန်ချမ်းသာကို မိမိတစ်ကိုယ်တော် ရရုံမျှဖြင့် အားရကျေနပ်မှု မရှိဘဲ ဝဲဩဃသံသရာ၌ စုန်ဆန်မျောနေကြသော ဝေနေယျသတ္တဝါတို့အား မိမိနှင့်တစ်ပါတည်း ကျွတ်တမ်းဝင်နိုင်စေရန် ရည်သန်၍ သုမေဓာရှင်ရသေ့ဘဝမှသည် ဝေဿန္တရာမင်း ဘဝတိုင်အောင် မရေမတွက်နိုင် များပြားစွာသော ဘဝတို့၌ ပါရမီဆယ်ပါးတို့ကို ဖြည့်ကျင့်တော်မူခဲ့သည်။ ထို့ထက်ကျယ်၍ ပါရမီအပါးသုံးဆယ်ကို ခက်ခဲစွာ ဖြည့်ကျင့်တော်မူခဲ့လေသည်။

ထို့အပြင် အလှူစွန့်နိုင်ခဲ့သော စွန့်ခြင်းကြီးငါးပါးကို ဖြည့်စွန့်တော်မူခဲ့လေသည်။ ဤသို့ ဘဝပေါင်းများစွာ သံသရာကာလပတ်လုံး ပါရမီဖြည့်ကျင့်တော်မူခဲ့ရာတွင် ယသောဓရာမိဖုရားကြီးသည်လည်း သုမေဓာရှင်ရသေ့ဘဝ၌ ဒီပင်္ကရာမြတ်စွာဘုရား၏ဗျာဒိတ်တော်အပေးတွင် ဖြည့်စွက်ပါရမီ ဖြည့်ဆည်းသူအဖြစ် ဆန္ဒပြုတောင်းခဲ့ရာ သံသရာတစ်လျှောက်လုံး ပါရမီ ဖြည့်စွက် ကူထောက်ပေးခဲ့သည်မှာလည်း အံ့ဩမဆုံးနိုင်ပေါင်၊ လေးသင်္ချေ ကမ္ဘာတစ်သိန်းတိုင် နောက်တော်ပါးမှ ပါရမီဖြည့်တော်အဖြစ် ရှင်သန်ပေးခဲ့ရသည့် ကိစ္စသည် လွန်စွာခက်ခဲလှပါသည်။ သို့သော်လည်း သိဒ္ဓတ္ထနှင့် ယသောဓရာတို့သည် ပါရမီဖက် ဇာနီစင်စစ်ဖြစ်ခဲ့ရပါသည်။

ဤသို့ ဘဝများစွာ သံသရာကာလပတ်လုံး ပါရမီတော်ဖြည့်ကျင့်တော်မူခဲ့ပြီးနောက် ဘုရားအလောင်းတော်မြတ်သည် တုသိတာနတ်ပြည်၌



www.burmeseclassic.com

www.burmeseclassic.com

"သေတငံကေတု" မည်သော နတ်သား ဖြစ်ခဲ့လေသည်။

နတ်သားဖြစ်စဉ် စကြဝဠာတိုက်တစ်သောင်းမှ နတ်ဗြဟ္မာအပေါင်းတို့က "ဘုရားဖြစ်ချိန်တန်ပါပြီ လူ့ပြည်သို့ ဆင်းသက်၍ ဘုရားဖြစ်တော်မူပါ" ဟု ဘုရားအလောင်းတော်ကို လျှောက်ထား တောင်းပန်လေသည်။

သို့ဖြစ်၍ ဘုရားအလောင်းတော်သည် ဘုရားဖြစ်ရာ အချိန်ကာလ၊ ဘုရားဖြစ်ရာ ကျွန်းအရပ်၊ ဘုရားဖြစ်ရာ အရပ်ဒေသ၊ ဘုရားဖြစ်ရာ အမျိုးအနွယ်၊ ဘုရားအလောင်းတော် မယ်တော်ဖြစ်မည့်သူ၏ သက်တမ်း အပိုင်းအခြားဟူသော ကြည့်ခြင်းကြီး ၅ပါးတို့ကို ကြည့်တော်မူသည်။

ယင်းသို့ ကြည့်ရှုလေ့လာတော်မူပြီးနောက် နတ်အဖြစ်မှ စုတေကာ မဟာသက္ကရာဇ် ၆၇ ခု၊ ဝါဆိုလပြည့်၊ ကြာသပတေးနေ့၌ ကပိလဝတ်ပြည့်ရှင် ဘုရင်သုဒ္ဓေါဒနမင်းကြီး၏ တောင်ညာစံ မိဖုရား မယ်တော်မာယာ၏ ဝမ်းကြာတိုက်၌ ပဋိသန္ဓေ တည်နေလေသည်။

ဘုရားအလောင်းတော်သည် မဟာသက္ကရာဇ် ၆၈ ခု၊ ကဆုန်လပြည့်၊ သောကြာနေ့ဝယ် ဒေဝဒဟနှင့် ကပိလဝတ်ပြည်၏ အကြားရှိ လုမ္ဗိနီသာမေ အင်ကြင်းတော၌ မယ်တော်မာယာ ဝမ်းကြာတိုက်ခန်းမှ မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့လေသည်။

ဘုရားအလောင်းတော်သည် (၁၆)နှစ်အရွယ်သို့ ရောက်သောအခါ ယသောဓရာမင်းသမီးနှင့် ထိမ်းမြားလက်ထပ်၍ မင်းစည်းစိမ်ကို ခံစားလေသည်။

သက်တော် (၂၉) နှစ်အရွယ် ရောက်သောအခါ နိမိတ်ကြီးလေးပါးကို ရှုမြင်ရသောကြောင့် တောထွက်၍ ရဟန်းပြုလေသည်။

ဘုရားအလောင်းသည် အလွန်ပြုနိုင်ခဲသော ဒုက္ကရစရိယာအကျင့်ကို ရဟန်းအဖြစ်နှင့် ခြောက်နှစ်ပတ်လုံး ပြင်းပြင်းထန်ထန် ကျင့်တော်မူခဲ့လေသည်။ အကျင့်လွန်နေ၍ ဘုရားအဖြစ် မရခဲ့သေးပါ။

ဇေလုဝနတ်သား၏ စောင်းညှင်းသံသာဖြင့် သတိပေးခံမှ သတိထားမိ၍ မဇ္ဈိမပဋိပဒါဟု ခေါ်ဆိုသော အလယ်အလတ်လမ်းစဉ်ကို ပြောင်းကျင့်တော်မူသည်။

ထို့နောက် ဘုရားအလောင်းသည် သုဇာတာမည်သော သူဌေးသမီး လှူဒါန်းအပ်သော နို့ဃနာဆွမ်းကို အဇပါလညောင်ပင်ရင်း၌ အလှူခံ ဘုဉ်းပေးပြီး မဟာဗောဓိပင်သို့ ကြွသွားတော်မူလေသည်။

တစ်ဖန် ဘုရားအလောင်းတော်သည် သောတ္ထိယစင် မြက်ထမ်းသမား (မြက်ရိတ်လုလင်) သည် မဟာဗောဓိပင်သို့ ကြွလာသော ဘုရားအလောင်းတော်အား မြက်ရှစ်ဆုပ်ကို လှူဒါန်းလေသည်။

ဘုရား အလောင်းတော်သည် ပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ နေတော်မူစဉ် နေမဝင်မီ ဒေဝပုတ္တမာရ်(မာရ်နတ်ရန်)ကို အောင်မြင်တော်မူ၍ ညဉ့်ဦးယံ၌ ရှေးက နေခဲ့ဖူးသော (ဖြစ်ခဲ့ဖူးသော ခန္ဓာအစဉ်ကို အောက်မေ့တတ်၊ သိတတ်သော) ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကို ရတော်မူလေသည်။

သန်းခေါင်ယံ၌ နတ်တို့၏မျက်စိနှင့်တူသော ဉာဏ်မျက်စိဖြင့် စုတေခါနီးသော သတ္တဝါတို့ကို မြင်တတ်သော ဒိဗ္ဗစက္ခုဉာဏ်ကို ရတော်မူလေသည်။

မိုးသောက်ယံ၌ အာသဝေါတရား လေးပါးတို့၏ ကုန်ခန်းခြင်းကို ပြုတတ်သော အာသဝက္ခယဉာဏ်ကို ရရှိလေသည်။

သက်တော် (၃၅) နှစ်အရွယ် မဟာသက္ကရာဇ် ၁၀၃ ခု ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ မိုးသောက်ယံဝယ် လောကသုံးပါးတွင် အတုမရှိသော သဗ္ဗညုတ ဘုရားအဖြစ်သို့ ရောက်တော်မူလေသည်။

လောကသုံးပါး၏သခင် သဗ္ဗညု ဘုရားရှင်သည် (၄၅)ဝါ ကာလပတ်လုံး ဝေနေယျတို့အား ဓမ္မစကြာ စသည့် တရားဓမ္မတို့ကို ဟောပြတော်မူကာ လူ နတ်၊ ဗြဟ္မာ သတ္တဝါတို့၏ အကျိုးစီးပွား ကို ဆောင်ရွက်တော်မူခဲ့လေသည်။

ဘုရားဖြစ်ပြီး (၄၅) ဝါ ကာလ ပတ်လုံး သတ္တဝါတို့၏ အကျိုးစီးပွားတို့ မနားမနေ ဆောင်ရွက်တော်မူခဲ့သော ဘုရားရှင်သည် သက်တော် (၈၀)အရွယ် ရောက်သောအခါ မဟာသက္ကရာဇ် ၁၄၈ ခု၊ ကဆုန်လပြည့် အင်္ဂါနေ့ဝယ် ကုသိနာရုံပြည်၊ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်၌ မြောက်အရပ်သို့ ဦးခေါင်းပြုတော်မူလျက် ပရိနိဗ္ဗာန် စံတော်မူလေသည်။ ဤကား ဗုဒ္ဓဝင် အကျဉ်းတည်း။

ဤသို့ လေးသင်္ချေနှင့် ကမ္ဘာ တစ်သိန်းတိုင် ဘဝပေါင်းများစွာ ပြုကျင့်ပြီးခါမှ ဘုရားအဖြစ်သို့ ခက်ခဲ ခဲခဲ ရရှိခဲ့ပါသည်။ မိမိနှင့်အတူ ဝေနေယျ တို့အားလည်း လွတ်ကျွတ်ရအောင် စွမ်းဆောင်နိုင်ခဲ့ပြီး နိဗ္ဗာန်ဖောင်တော် ဖြင့် ကူးခပ် ခေါ်ဆောင်သွားခဲ့ပြီး ပရိနိဗ္ဗာန်စံမြန်းသွားပါသည်။

လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါ အတွက် အနှိုင်းမဲ့မေတ္တာရှင်



www.burmeseclassic.com

www.burmeseclassic.com

သုတ်၊ ဝိနည်း၊ အဘိဓမ္မာ တို့သည် နှစ်ပေါင်း ၂၆၀၀ ကျော်တိုင် ထင်ရှားနိုင်မာစွာ ရှိထားခဲ့ပါသည်။

ထို့အပြင် တရားတော်သည် ချိန်ခါမလင့် အကျိုးပေးနိုင်ပါတယ်လို့ ယုံကြည်စွာ လေးစားလိုက်နာသင့်ပါသည်။ ထေရဝါဒဗုဒ္ဓဘာသာကို နှလုံးသားထဲတွင် ထာဝရကိန်းအောင်းနေထိုက်ပါသည်။ လိုက်နာကျင့်သုံးပြီး ဝိမုတ္တိရသကို ရယူသင့်ပါသည်။

ထို့ကြောင့် မြန်မာပြည်သားတို့ ထေရဝါဒဗုဒ္ဓဘာသာကို အရေးတယူရှိစေရန် တင်ပြရေးသားခြင်း ဖြစ်ပါသည်။ ဗုဒ္ဓရှင်တော်မြတ်သည် ကျင့်စဉ်တိုလည်း ပြခဲ့ပြီ၊ သံသရာ လွတ်လမ်းကိုလည်း ပြခဲ့ပြီ၊ သင်ဘာများ လုပ်မှာလဲ။

ဗုဒ္ဓဘာသာ၏ သမိုင်းသည် အလွန်ကြီးမားသော ကမ္ဘာ့လှုပ်ရှားမှု၏ သမိုင်းပင် ဖြစ်သည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုသွားသည်မှာ ရာစုနှစ်ပေါင်း ၂၆ ရာစု ကုန်လွန်ခဲ့သော်လည်း တရားဒေသနာတော်၏ လတ်ဆတ်သစ်လွင်ခြင်းနှင့် သန့်စွမ်းထက်မြက်ခြင်းတို့လည်း ညှိုးပင်ပျံ့ပွားနေလေပြီ။

ဗုဒ္ဓရှင်တော်သည် 'ဒုက္ခဟူသမျှသည် တဏှာအရင်းခံရှိသည်' ဟု မိမိဉာဏ်စွမ်းဖြင့် သိတော်မူ၏။ သို့အတွက် ရှင်တော်ဂေါတမသည် လူသားတို့အား တဏှာလောဘ ချုပ်တည်းနှိမ်နင်းကြစေရန် ဟောပြဆုံးမတော်မူခဲ့၏။

ထို တဏှာလောဘချုပ်တည်းနိုင်ရန် လူသားတို့သည် မိမိတို့၏ စိတ်အလိုကို ထိန်းသိမ်းနိုင်သည့် အလေ့အကျင့် ရရှိထားရမည်။ မိမိတို့၏ စိတ်ဆန္ဒကိုနိုင်နင်းလာသောအခါ သူတစ်ပါးတို့၏ အကျိုးစီးပွားကို ဆောင်ရွက်လိုသော ပရဟိတပုဂ္ဂိုလ် ဖြစ်လာပေမည်။

လူသည် အတ္တဟိတကို လွန်စွာ ထွေးပိုက်ထားသမျှ ကာလပတ်လုံး တဏှာလောဘ၏ လွှမ်းမိုးဖိစီးခြင်းကို ခံနေရမည်။ တဏှာလောဘ ကင်းပျောက်ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ရောက်ရန် လမ်းစဉ်သည် မဂ္ဂင်ရှစ်ပါးပင် ဖြစ်၏။

ထိုမဂ္ဂင်ရှစ်ပါး၏ ရည်ရွယ်ချက်လည်း အတ္တဟု ထင်မှတ်နေခြင်းမှ လုံးဝကင်းရှင်းရန်နှင့် ကိလေသာ၊ တဏှာကို ချုပ်တည်းပယ်ဖြတ်ရန် ဖြစ်သည်။ ထိုမှတစ်ဖန် သစ္စာလေးပါးကို သိရှိနားလည်နိုင်ရန် ကြိုးစားရမည်။

သစ္စာလေးပါးကို သိရှိနားလည်ပါက ပထမ သောတာပန် ဖြစ်မည်။ သောတာပန် ဖြစ်ပါက ငရဲကင်းပြီး ကောင်းမြတ်သောဘုံ၌ ခုနစ်ဘဝ လည်မည်။ နောက်ဆုံးဘဝ၌ အရဟတ္တဖိုလ်၌ အဆုံးသတ်ပြီး နိဗ္ဗာန်ရွှေပြည်မြတ်ကို ပန်းဝင်မည်။

သစ္စာလေးပါးကို အကုန်အစင် မသိသေးသော်လည်း သရဏဂုံသုံးပါး တည်မည်။ ကံငါးပါး လုံမည်ဆိုလျှင် တစ်ဘဝတော့ ငရဲလွတ်ပေမည်။

သို့အတွက် ကျွန်ုပ်တို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့လည်း အရိပ်ကောင်း၊ ဘာသာကောင်းကို သိရှိခံယူထားနိုင်ပါလျက် တစ်ဘဝငရဲလွတ်ရန် ကြိုးစားသင့်သည်။ သို့အတွက် မလွတ်တမ်း သရဏဂုံ တည်ပါ။ ကံငါးပါးကို ထိန်းပါ။ မိစ္ဆာလွှမ်းသော အယူဝါဒများ ကင်းဝေးအောင်ရှောင်ပါ။

'မနုဿတ္တဘာဝေါ ဒုလ္လဘော' တဲ့။ လူဖြစ်လာရဖို့ အင်မတန်ကို ခက်ခဲပါတယ်တဲ့။ လူဖြစ်ရန် မလွယ်ပါတဲ့။ လူဖြစ်လာပြီးမှ အဓိပ္ပာယ်မဲ့ လူသားတော့ အဖြစ်မခံပါနဲ့၊ အဓိပ္ပာယ်ရှိသော လူသားသာ ဖြစ်ပါစေ။

သို့အတွက် ထေရဝါဒ ဗုဒ္ဓဘာသာလူသားဖြစ်ပါစေ။ လူသားဖြစ်လာရင် လူပြည်၊ နတ်ပြည်၊ သံသရာ အလီလီ၌ ကူးနိုင်အောင် ကြိုးစားပြီး နိဗ္ဗာန်ရွှေပြည်မြတ်သို့ ဝင်နိုင်ရန် ဆက်လက်ကြိုးစားပါ။

လေးသင်္ချေ ကမ္ဘာတစ်သိန်း ပါရမီခက်ဆစ်ခဲခဲ ကြိုးစားဖြည့်ခဲ့ပြီး သဗ္ဗညုတဉာဏ်ရပြီး ဘုရားဖြစ်တော်မူခဲ့သော ဗုဒ္ဓရှင်တော်၏ ဆန္ဒသည် ဝေနေယျ သတ္တဝါတို့အား သံသရာဝဲဩဃမှလွတ်တင်း၍ နိဗ္ဗာန်ရွှေပြည်ကိုသာ ရောက်စေလိုသော ဆန္ဒရှိနေပါကြောင်း ထင်ရှားပါသည်။

သို့အတွက် ဘုရားရှင်၏ ဂုဏ်တော် ကျေးဇူးတော်တို့ကို ထောက်သောအားဖြင့်၊ ကျေးဇူး ပြန်ဆပ်သောအားဖြင့် မြန်မာပြည်သူ ပြည်သားတို့သည် ထေရဝါဒဗုဒ္ဓဘာသာကို လေးလေးနက်နက်သိအောင် နှလုံးသားထဲကိန်းအောင်းနိုင်ရန် ကြိုးစားကြပါလို့ တိုက်တွန်းရင်း ပြဟ္မစိုရ်တရားလေးပါးကို လက်ကိုင်ပြု၍ ပါရမီဖြည့်ဖက်များ ဖြစ်နိုင်ကြပါစေ။

**ချစ်ဟန်ဝင်း**

❑



www.burmeseclassic.com

www.burmeseclassic.com



တစ်ပါးသည့် မယား ဖောင်း၏ ဆိုလေသာ အာရုံ ကာမဂုဏ်များနဲ့ သွေးဆောင်ဖြားယောင်း ဆွဲဆောင်မှုများကြောင့် ဆိုလေသာမှိုင်းမိကာ လူထွက်လိုစိတ် ဖြစ်နေသည်ကို အကြောင်းပြု၍ ဗောဓိတ်ပါ အတိတ်ဇာတ်တို့ ဟောတော်မူခဲ့ပါသည်။

ရှေးလွန်လေပြီးသော ကာလ။ ဗာရာဏသီ ပြည့်ဗြဟ္မဒတ်မင်း စိုးစံစဉ် သူကြွယ်တစ်ဦးသည် အတတ်ပညာများ တတ်မြောက်ပြီးခါမှ ကိလေသာ အရှုပ်အထွေးတွေနဲ့ ပုပ်ဆွေးနေကြတဲ့ လင်ချစ် မယားချစ်၊ မိဘနဲ့သားသမီးချစ်၊ ညီအစ်ကို မောင်နှမအချစ်၊ ဆွေမျိုး မိတ်ဆွေချစ် စတဲ့အချစ်တုတွေကို သဘောမတွေ့။ လောကီ အာရုံ ကာမဂုဏ်ဖြစ်တဲ့ စည်းစိမ်ဥစ္စာ ဂုဏ်ရှိန်တွေကိုလည်း မနှစ်မြို့၊ လမ်းဘေးက အဝတ် စုတ်လောက်မှ တန်ဖိုးမထားဘဲ အားလုံးကို စွန့်ပယ်လျက် ရသေ့ရဟန်းပြုကာ ဟိမဝန္တာ တောသို့ထွက်၍ ကျင့်ကြံပွားများရင်း ဈာန်အဘိညာဉ်ကို ရရှိခဲ့ပါသည်။

ဖြစ်ချင်တော့ သမင်မကလေးဟာ ရှင်ရသေ့ကို ချစ်ခင်စွဲလမ်းလျက် ရသေ့ကျောင်းအနီးနေရင်း ရသေ့၏ သုက်ပိုးပါတဲ့ ကျင်ငယ်ရည်ကိုသောက်၊ မြက်ကိုစားရင်း ကိုယ်ဝန်တည်လာပြီး သားလေး မွေးခဲ့ပါ၏။ ရှင်ရသေ့က သားဟူသောချစ်ခြင်းဖြင့် မွေးမြူလျက် 'ကူသိသိဂ်' ဟု အမည်ပေးခဲ့ပါ၏။

# မဟာသိဝိုးဒေါက်

## ကာမရာဂ အရှုံးမပေးခဲ့တဲ့ နိဗ္ဗာန်ကြောင်း

### ကူသိသိဂ်.. ချာန်ကျော်

သတ္တဝါတို့ ပြင်ပမှ လာရောက် ထင်ဟပ်ရိုက်ခတ်လာသည့် အာရုံကို စွဲ၍ ဖြစ်ကြရ၏။ ပုထုဇဉ်တို့အာရုံငါးပါးကို နှစ်သက်ကျေနပ်ကြ၏။ စိတ် ဟူသည် အာရုံနောက်လိုက်နေကြရကာ တဏှာ၏လှည့်ကွက်ကြောင့် ရာဂစိတ် ပူးကပ်ခံရသူသည် အလွန်ပူလောင်လှ၍ မီးနဲ့တူပါ၏။

ကိုယ့်ရဲ့ လက်တွေ့ဘဝလေး ထဲမှာ ဘာတစ်ခုမှ မတည်မြဲ၊ ဖောက်ပြန်နေတာကို မမေ့မလျော့၊ မပေါ့မဆ သတိတရား လက်ကိုင်ထား ကြမှသာ သံသရာကို တိုစေပြီး ဂတိကောင်းကို ရနိုင်ကြပါသည်။

မြတ်စွာဘုရားရှင် တာဝတိံသာ ပြည် ဇေတဝန်၌ သီတင်းသုံးစဉ် ရဟန်း



www.burmeseclassic.com

www.burmeseclassic.com

အရှယ်ရောက်တော့ ရသေ့ချဟန်းပြု၍ ကသိုဏ်းပရိကံတို့နဲ့ ကျင့်ကြံရင်း ဈာန်အဘိညာဉ် ရခဲ့ပါ၏။

သစ်သီးသစ်ဥများ ရှာဖွေခြင်း၊ သစ်ပင်စိုက်ခြင်း၊ ဗေဒင်ပညာများသင်ခြင်း၊ ဈာန်ကစားခြင်းများနှင့် နှစ်သက်ပျော်ရွှင်နေခဲ့ပါ၏။ ဣသိသိဂ်သည် တောနေတိရစ္ဆာန်များ၊ သားရဲများနှင့် ချစ်ချစ်ခင်ခင် နေခဲ့ပေမယ့် လောကီသူသားများနှင့် မတွေ့မြင်မဆက်ဆံဖူး။ အရွယ်ရောက်လာသည့်တိုင် မိန်းမကို မတွေ့မမြင်ဖူး။ ပြင်းထန်သောအကျင့်သီလရှိသလို ချုပ်တည်းစောင့်စည်းအပ်တဲ့ ဣန္ဒြေရှိသူ ဖြစ်ပါသည်။

ဣသိသိဂ်၏ အကျင့်ကောင်းများကြောင့် သိကြားမင်း ထိုင်ခုံလှုပ်ခဲ့ရပါပြီ။ ပုထုဇဉ်သိကြားမင်းဟာ သူ့ထက်သာ မနာလိုစိတ်ဖြင့် ရသေ့ငယ်၏ သီလပျက်အောင် စီစဉ်ခဲ့ပါ၏။

ကာသိတိုင်းမှာ မိုးမရွာအောင် ပြုခဲ့ပါ၏။ မိုးမရွာတာ သုံးနှစ်ကြာတော့ တိုင်းသူပြည်သားတို့ ဝတ်မွတ်ခေါင်းပါး ကြ၊ ဆင်းရဲဒုက္ခရောက်ကြ။ ဗာရာဏသီတစ်ပြည်လုံး ချောက်ချောက်ချားချား စိတ်ချမ်းသာဖြစ်ကြလျက် လူအများ ဆူတ်အော်သောင်းတင်းဖြစ်ကြ။"

သိကြားမင်းက မင်းကြီးနှင့်တွေ့သော ဣသိသိဂ် ရသေ့ငယ်၏ ပြင်းထန်သောအကျင့်ကြောင့်ဟု လိမ်ညာကာ ပြောသတ် -

"မိုးရွာလိုပါက သင့်သမီးတော် နီလိနီကာ၏ ကာမဂုဏ် အစွမ်းဖြင့် သီလပျက်အောင်လုပ်ပါ"ဆိုခဲ့ပါသည်။

မင်းကြီးသည် ချစ်စွာသောသမီးတော်အား ခေါ်ဆို၍ -

"သမီးတော်၊ ငါတို့တိုင်းမှာ မိုးခေါင်၍ ပြည်သူတွေ သေကျေပျက်စီးခံနေရပါပြီ၊ သမီးတော်၏ ဆင်းအင်လက္ခဏာနဲ့ ဗန်းပြ၍ အကျင့်လွန်နေတဲ့ ဣသိသိဂ်အား သီလပျက်အောင် ဖျက်ဆီးလျက် ကိလေသာ နိုင်ငံသို့ အရောက်ယူဆောင်ပါလော့"

ဗာရာဏသီရဲ့ အလှဘုရင်မ၊ ဘုရင့်သမီးတော် နုနုထွတ်ထွတ်လေးဟာ မာယာလေးဆယ်အတတ် မိန်းမမာယာ သဲကိုးဖြာအတတ်များ သင်ယူ၍ လိုက်ဖက်တဲ့ အဆင်တန်ဆာတွေနဲ့ အတူ လိုအပ်တဲ့ အစောင့်အရှောက်၊ လမ်းပြပါမကျန် သွားမယ့်လမ်းကြောင်းကို အသေးစိတ်စီစဉ်ပါသည်။

ကြားသိသူတွေကတော့ အံ့ဩမဆုံးရှိပေမယ့် အယုံအကြည် မရှိသူတွေကလည်း အများသား။

"မှန်လှပါ သခင်မလေး၊ ရှေ့နားက စားပင်သီးပင်တို့ခြံရံ၍ စိမ်းလန်းစိုပြည် မွေ့လျော်ဖွယ်ဖြစ်တဲ့နေရာဟာ ဣသိသိဂ်ရသေ့ရဲ့ ကျောင်းသခ်မ်းဖြစ်ပါတယ် ဘုရား"

နီလိနီကာသည် မြင်ရသူ ကျားသတ္တဝါတိုင်း ချစ်ချင်၊ လိုချင်ကြသလို မိန်းမချင်းပင် ငေးရသူလေးပါ။ သာယာလှပတဲ့ ပတ်ဝန်းကျင်နှင့်အတူ မိန်းမမာယာသဲကိုးဖြာနဲ့ ကြွကြွရွရွ လှုလှုပပြူးကြွလျက်နှင့် ကာမဂုဏ်ငါးဖြာအစွမ်းပြခဲ့ပါ၏။

ချည်ကြိုးနဲ့ ရစ်ပတ် ပေါက်ကစားရတဲ့ ဂျင်သီးကို စမတ်ကျကျ ကစားရင်း ရသေ့ငယ်၏ စင်္ကြံဦးသို့ ဝင်လေ၏။ မင်းသမီးသည် သူ့ရဲ့လျှို့ဝှက်တဲ့ အင်္ဂါအပါအဝင် တစ်ကိုယ်လုံးရှိ အင်္ဂါကြီးငယ်များကို ရသေ့လေး တမင်မြင်အောင်ပြ၍ ကျောင်းထဲဝင်ပါ၏။

မိန်းမကို တစ်ခါမျှ မမြင်ဖူးသေးတဲ့ ဣသိသိဂ် အံ့ဩခြင်းများစွာနဲ့ စိတ်ကြည့်ခဲ့ပါ၏။ အလွန်လှပတဲ့ လှုပ်ရှားမှုနှင့် ပစ်လိုက်တဲ့ ဂျင်သီးက ပစ်သူထံ ပြန်လာစေတဲ့ ဂျင်သီးကိုလည်း ထူးခြားတဲ့သစ်သီးဟု ထင်သလို နီလိနီကိုလည်း သူကဲ့သို့ ရသေ့တစ်ပါးဟု ထင်ခဲ့ပါ၏။

"အို - ရှင်ရသေ့၊ ကျောင်းသခ်မ်းအတွင်းဝင်ပါ၊ သစ်သီးများ၊ အာဟာရများလည်း သုံးဆောင်ပါ၊ မြတ်သောနေရာ၌ ထိုင်ပါ" ဟု ဆိုခဲ့ပါသည်။

မာယာရှင်မလေးဟာ မွန်မြတ်သောနေရာမှ ရွှေဖြင့် စီခြယ်ထားတဲ့ တောက်ပလှတဲ့ အပေါ်ဝတ်ရုံအား တမင်သက်သက်ဖွင့်လှန်ပြီး လျှို့ဝှက်သော မိန်းမအင်္ဂါကို ရသေ့လေးအား အနီးကပ်မြင်သာအောင်ပြ၍ မာယာဆင်ခဲ့ပါသည်။

ယောကျ်ားနှင့်မိန်းမ ဖိုနဲ့မ မတူကွဲပြားတဲ့ဆွဲဆောင်မှုဖြင့် ရသေ့ငယ်၏ ကိလေသာအာရုံသည် အတွေးအာရုံကို ချောက်ချားစေခဲ့ပါသည်။ လောဘတဏှာ သူ့စေရာကို ဖွေရှာလိုတဲ့ဆန္ဒတွေ ပေါ်ခဲ့ပြီလော။

ရသေ့ငယ် စိတ်ဝင်စားနေတာကိုသိတော့ -

"ရသေ့လေးရယ်၊ ဒါဟာ ဝံကိုက်နာပါ"ဟု လိမ်လည်ပြီး တဏှာကွန်ရက်ဆင်ကာ သူ့ရဲ့မိန်းမအင်္ဂါကို ကြည့်ရှုစေပါတယ်။ ရသေ့လေးကတော့ မြင်ခဲ့ပေမယ့် ဘာမှန်းတော့ မသိ။

"ဒီအနာဟာ အမြဲတမ်းကိုက်ခဲယားနာတဲ့ ဒုက္ခခံရပါကြောင်း၊ ချမ်းသာမှုမရှိခဲ့လို့ ရသေ့လေးက ပျောက်ကင်းအောင် ကုသပေးပါ၊ ဒီဝံကိုက်နာကို ဂါထာမန္တရားတို့နဲ့ မန်းမှုတ်ကုသခဲ့ပေမယ့် မပျောက်ကင်းခဲ့ပါ၊ အရှင်၏ မွေးရာပါ အင်္ဂါနဲ့ လှုပ်ရှား ကုသမှသာ ချမ်းသာ ပျောက်ကင်းပါမည်" ဟု



www.burmeseclassic.com

www.burmeseclassic.com



# ဗျာဒိတ်

## အချိပ်ပမှာ ချမ်းသာ

ကျွန်ုပ် မောင်ရွှေနားတောင်း (မဋ္ဌကုဏ္ဍလီ)မှာ နေအိမ်အပြင်ဘက်ရှိ ခုတင်ညောင်စောင်းပေါ်တွင်လဲလျောင်းနေရ၏။လဲလျောင်းနေရသည်ဟု ဆိုကာမတ္တမျှသာ။ ကိုယ်ခန္ဓာတစ်ခုလုံး ခုတင်လေးပေါ်တွင် ပုံကျနေပါ၏။ ဝါထိန်ခြောက်သွေ့နေသော မျက်လုံးများက ရံဖန်ရံခါလှုပ်သွားသည်ကလွဲပြီး ကျွန်ုပ်၏တစ်ကိုယ်လုံး ငြိမ်သက်လျက်ရှိချေသည်။

ကျွန်ုပ်သည် ခေါင်းကို လှုပ်ကြည့်သည်၊ မရ။ ခြေလက်များကိုလှုပ်ကြည့်သည်၊ မရပါ။ ဆီးဝမ်းများသာ ထွက်ကျလာနေ၏။ သန့်ရှင်း၍ မရ။ ယင်များက ကိုယ်အနံ့ ဝဲပျံကျက်စားနေကြ၏။ ခြောက်ထုတ်လို့လည်း မရပါ။ အတိတ်ကို ပြန်တွေးကြည့်မိသည်၊ မရ။ စိတ်များလွင့်ပါးနေ၏။ အလိုလိုကြောက်ရွံ့ အားငယ်နေသည်။

မကြာခင် ချောက်ကမ်းပါးကြီးထဲ ပြုတ်ကျတော့မလား၊ ရင်မှာ လှိုက်ဖိုမောရင်း အင်း- အားကိုးရာ မဲ့လှပါပေ့။ ခေါင်းကလည်းကိုက်၊ ကျောကလည်း ပူပြီးနာ၊ ရင်ထဲမှာလည်း ခံရခက်လှချည့်။

'အမယ်လေး အဖေ၊ အမေတို့ သက်သာအောင်လုပ်ပေးကြပါ'

အာခေါင်ခြစ်ပြီး အော်ကြည် အသံက မထွက်လာ။ မျက်ရည်တွေ တွင်တွင်ကျလာသည်။ ကြာလာတော မျက်ရည်ပါ မလိုက်တော့။ ရေလည် ဆာ၊ ဝမ်းထဲဟာ၊ ဘာမျှမတောင်း အလိုက်တသိ လာပြုစုပေးသူမရှိ။ ဟ ဆင်းရဲတာကော့ ဆင်းရဲကြီး၊ ပင်ပန်း ကြီးလှပါဘိ။



www.burmeseclassic.com

www.burmeseclassic.com

အသည်းရောင်အသားဝါရောဂါ ...ဖခင်က ဆေးဖိုးကုန်ကျမည်စိုး၍ ...ဆေးမြီးတိုဖြင့် ကုသရာ ပို၍ဆိုးလာ ...ချေပြီ။

ကျွန်ုပ်၏မိဘတို့ကား သည်းအူ ...ပြတ်မျှ ပူလောင်ယောက်ယက်ခတ်နေ ...ကြ၏။ စိုးရိမ်ပူဆွေးနေရ၏။ သို့သော် ...ကျွန်ုပ်၏ ဒုက္ခဆင်းရဲများကို မိဘများ ...ယူနိုင်ခဲ့။ ဖယ်ရှားမပေးနိုင်။ လတ်မှိုင် ...သာ ထိုင်ကြည့်နေရုံသာ။ ဤဒုက္ခမျိုး ...ကား ချစ်သူခင်သူ ကြင်နာသူများ ဝင် ...စားပေး၍မရ။ သတ္တဝါတိုင်း ကိုယ်တိုင် ...တွေ့မြင် မိမိတို့ဘာသာ အသီးသီးခံစား ...တွေ့ကြရပေမည်။

ကျွန်ုပ် မောင်ရွှေနားတောင်း (...ဌတုဏ္ဍလီ)သည်ကား သာဝတ္ထိပြည် (...သ၊ ဥတ္တရာပရာဒေ့၍)တွင်နေသော ...သူဒါန်းကင်း (အဒိန္နပုဗ္ဗက) သူဌေး ...ခင်နှံ၏ တစ်ဦးတည်းသော သားကြီး ...ပါသည်။

ဖခင်မှာ ကျွန်ုပ်ကို ချစ်သော် ...ည်း လက်ခတုန်ကျမည်စိုး၍ ကိုယ် ...တိုင်လုပ်ပြီး ချောမွတ်ပြောင်လက်သော ...နားတောင်းတန်ဆာကို နားတွင်ဆင် ...ပေး၏။ အဲသက်(၁၆)နှစ်သာ ရှိ ...သေး၏။ သေရမည့်အရွယ် မဟုတ် ...သေး။ သို့သော် နာခြင်း၊ သေခြင်းကား ...သေး၍ မလာပါနှင့်၊ နုပျိုသေး၍ ...ပါနှင့်ဟု ဆိုထားလို့မရ၊ ညှိနှိုင်း၍ ...၊ သတ္တဝါတိုင်းကို နှိပ်စက်သတ် ...ရန် တိကျစွာရောက်လာလေ့ရှိ၏။

ကျန်းမာသန်စွမ်းချိန်ကမူ ကျွန်ုပ် ...ည် အများနည်းတူ ပျော်ပျော်ပါးပါး ...သာ စားသောက် နေထိုင်ခဲ့၏။

ဤလို သေရာညောင်စောင်း ...မှာ လဲလျောင်းရမည်ဟု လားလား ...အိပ်မက်ပင်မမက်ဖူး။ အကယ်၍

အခြားသူများ၏ ဝေဒနာခံစား၊ သေအံ့ မူးမူးဖြစ်နေမှုကို ကြားရပါက ကုသိုလ်များကို ကြိုတင်ပြုလုပ်ထားပါအံ့။ မျက်စိ ရှေ့တွင် မြင်ရပါက တင်ကြိုကာ ဒါန၊ သီလ၊ ဘာဝနာများ ပြုပါအံ့။ သို့သော် မပြုထားခဲ့။ အမှုမဲ့ အမှတ်မဲ့နေခဲ့မိ၏။ မိဘတို့ကလည်း မသင်ကြားပေး၊ ကိုယ် တိုင်လည်း မပြုလုပ်ကြ၊ ဗဟုသုတ လည်း မရှိကြ။ မိမိကိုယ်တိုင်ပြုလုပ်ဖို့ အရေးကြီး၏။ သေမင်းနှင့်ရင်ဆိုင်သော် အငှားရင်ဆိုင်လို့မရ။

သေခြင်းတရားကား သတ္တဝါ တိုင်း ရှောင်မလွတ်။ ဒါန၊ သီလ၊ ဘာဝ နာကို အာစိဏ္ဏကံမြောက်ပြုထားလျှင် သေခါနီး သက်သာရာရနိုင်သေး၏။ ကုသိုလ်ကို နေ့စဉ်လေ့ကျက်၊ ရက်ရှည် စွဲမြဲ၊ အထုံသည်း၊ ခေါ်မြဲ အာစိဏ္ဏ ဟူ၏။ သို့သော် စိတ်မချရသေး၊ သေ ခါနီး အကုသိုလ်ကံများ ဝင့်တတ်သေး သည်။

ငယ်ရွယ်တုန်း ဒါန၊ သီလ၊ ဘာ ဝနာများ ထုံမွမ်းမထားလျှင် သေခါနီး ဝေဒနာ လှိုက်ခူချိန်မှာ အကုသိုလ်ကံ များကို မရှောင်ရှားနိုင်တတ်။ သေခါနီး အာရုံဆိုးများကို အကုသိုလ်ကံမမြောက် အောင် နှလုံးသွင်းနိုင်စွမ်း ရှိရမည်။

ကလျာဏမိတ္တကိုသာ အချိန်မီ မရခဲ့လျှင် သေခါနီး အကုသိုလ်ကံ ကြောင့် အပါယ်လေးပါးသို့ တဒုန်းဒုန်း ပြုတ်ကျလိမ့်မည်။

ကျွန်ုပ်နှင့်မိဘများမှာ အတိတ် ဘဝတစ်ခုက ကုသိုလ်များ လုပ်ခဲ့ကြ သည်ကား မှန်ပါ၏။ သို့သော် နိဗ္ဗာန် တိုင်အောင် မဆွဲတင်နိုင်။ မဂ္ဂင်ရှစ်ပါးကို အားမထုတ်မိကြ။ ပါရမီရှိသူမြောက်မြား စွာမှာ အပါယ်လေးပါး၌ တဝဲလည် လည်ပင်။ ပုထုဇဉ်တို့ သဒ္ဓါကား မခိုင်မြဲ။

ပုထုဇဉ်တိုင်း တစ်ဘဝမှာ သူတော် ကောင်းဖြစ်ပြီး နောက်ဘဝမှာ သူယုတ် မာ ဖြစ်နိုင်၏။

ကျွန်ုပ်၏အချိန်ကား နည်းပါး သွားပြီ။ သေရာညောင်စောင်းမှာလည်း လျောင်းနေရချိန်တွင် ကုသိုလ်ပြုဖို့လို၏။ စိတ်ညစ်နေ၍မပြီး။ ကျွန်ုပ်သည် ပျော့ညံ့ သူမဟုတ်။ သေခြင်းတရားကို စွမ်းနိုင် သမျှ ရင်ဆိုင်သွားမည်။ သို့မို့ကြောင့် လည်း မြတ်ဗုဒ္ဓ၏ ကရုဏာညာဏ်ကွန် ရက်တွင် ကယ်ချွတ်အပ်သူအဖြစ် သွား ထင်မြင်ခြင်း ဖြစ်...ည်။

အလျှော့ပေး၊ အရှုံးပေးသူကို မည်သည့်ကရုဏာရှင်မျှ မကူညီ မကယ် တင်နိုင်။ သတ္တဝါတိုင်း မိမိကိုယ်မိမိ အားကိုးရမည်သာ။ ဗုဒ္ဓ အပါအဝင် ကလျာဏမိတ္တများကား ဘဝကယ်တင် ရှင်များ မဟုတ်ကြ။ လမ်းပြပေးနိုင် သူများသာ ဖြစ်ကြ၏။

ကျွန်ုပ်ကိုအကြောင်းပြု၍ မိဘ များပါ တရားချမ်းသာကို မြည်းစမ်းခွင့် ရမည်ကို မြတ်ဗုဒ္ဓက သိမြင်တော်မူ၏။ ကျွန်ုပ်တို့အိမ်ရှေ့၌ ရောင်ခြည်တော်များ ကိုမြင်၍ လှမ်းကြည့်မိပါသည်။ မြတ်ဗုဒ္ဓ ဆွမ်းရပ်ပြီး ရောင်ခြည်တော်လွှတ်နေ သည်ကို ဈက်ဝန်းထောင့်စွန်းများ၌ ဖူး မြင်ရပြီး ငဲ့စောင်းဖူးမြင် ငေးမှောကြည့် နေမိ၏။

စင်စစ် ကျွန်ုပ်သည် ဗုဒ္ဓကို ကြည်ညိုကိုးကွယ်သူ မဟုတ်။ သို့သော် လည်း ကိလေသာကင်းသော ပုဂ္ဂိုလ်ထူး အပေါ် ကြည်ညိုနိုင်သူမှာ အတ္တမာန် များ ကင်းမှသာ ဖြစ်နိုင်၏။ ရောဂါ ဝေဒနာများကြောင့် အတ္တမာနများ ငုပ် လျှိုးနေ၍သာ ကျွန်ုပ်၌ ကြည်ညိုထိုက် သူကို ကြည်ညိုချင်စိတ်များ ပေါ်ပေါက် လာပါသည်။ ကိလေသာ မြူကင်းစင်





www.burmeseclassic.com

www.burmeseclassic.com

တော်မူသော မြတ်ဗုဒ္ဓကို ဖူးတွေ့ရစဉ်တွင် ကျွန်ုပ်၏သန္တာန်၌ ကာမာဝစရ ကုသိုလ်စိတ် ရှစ်ပါး၏ ပထမကုသိုလ်စိတ် ဖြစ်ပေါ်နေပါ၏။ မြတ်ဗုဒ္ဓ၏ ကိလေသာကင်းစင်တော်မူသည့် အမူအရာများကို အဖန်ဖန် မြင်ယောင်နေမိပါသည်။ ကြည်ညိုလွန်းမက ကြည်ညိုစိတ်ကြောင့် လက်အုပ်ချီမိုးကာ ရှိခိုးလိုက်ချင်တော့၏။ သို့သော် လက်ကား မြောက်မရ။ စိတ်ထဲမှသာ ဝပ်တွားလိုက်ရပါသည်။ လက်အုပ်မချီသော်လည်း လက်အုပ်ချီသကဲ့သို့ပင်လည်း။

ကျွန်ုပ်၏ စိတ်သန္တာန်ဝယ် အကုသိုလ်စိတ်များ ကင်းပျောက်ပြီး ကုသိုလ်စိတ်များ ဖြစ်ပေါ်လာနေပြီ။ ကျွန်ုပ်၏ ဝင်သက်ထွက်သက်များလည်း သက်၍ ငြိမ်၍လာချေပြီ။ ဇောစိတ်များလည်း ယခင်လို ခုနစ်ကြိမ်မျှ မဖြစ်ပေါ်တော့။ ငါးကြိမ်၊ လေးကြိမ်မျှသာ ဖြစ်တော့၏။

နောက်ဆုံးတွင်မူ ကျွန်ုပ်၏ စုတိစိတ်ချုပ်ပြီးသည်နှင့် တစ်ဆက်တည်း ပဋိသန္ဓေစိတ်သည် ဆက်တိုက် ဖြစ်ပေါ်လာ၏။ ပဋိသန္ဓေစိတ်ဖြစ်သည့်နေရာကား ဘွားခနဲ မွေးဖွားရာ တာဝတိံသာနတ်ပြည်တည်း။

'မွေတို့သည် စိတ်လျှင်ရှေ့သွားရှိကုန်၏၊ စိတ်လျှင် အကြီးအမှူးရှိကုန်၏၊ စိတ်ဖြင့်သာ ဖြစ်ကုန်၏၊ သန့်ရှင်းကြည်လင်သောစိတ်ဖြင့် အကယ်၍ ပြောဆို၊ ပြုလုပ်၊ ကြံစည်ပါက ထိုသို့ ပြောဆိုပြုလုပ် ကြံစည် သောကြောင့် အရိပ်သည် လူကို မစွန့်မူ၍ အစဉ်လိုက်သကဲ့သို့ ထိုသူသို့ ချမ်းသာသည် အစဉ်လိုက်လေ၏'

မြတ်ဗုဒ္ဓသည် ဤတရားကို ကျွန်ုပ် မောင်ရွှေနားတောင်း၏ ဖခင်သူဌေးကြီး၏အိမ်တွင် ဟောကြားခဲ့ခြင်းပင်။ ဖခင်ကြီးသည် ကျွန်ုပ်ဆုံးပြီးနောက် သုသာန်သို့ နေ့တိုင်းသွားငိုနေ၏။ ကျွန်ုပ်က ဖခင်ကို ဗုဒ္ဓါနုဿတိ၏ ကျေးဇူးကို လာရောက် ပြောပြခဲ့ရပါသည်။ ဖခင်လည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ပြီး မြတ်ဗုဒ္ဓသာသနာ၌ သက်ဝင်ကြည်ညိုသွားလေ၏။ ဥပါသကာဖြစ်ပြီး မြတ်ဗုဒ္ဓကို တရားဟောရန် တောင်းပန်ပါသည်။

သဒ္ဓါတရား မရှိသေးသောမိဘကို ကျွန်ုပ်က ဤသို့နည်းဖြင့် ကျေးဇူးဆပ်ခဲ့ပါသည်။ အတုယူကြပါကုန်။ များစွာသော လူအပေါင်းနှင့်တကွ သားအမိသားအဖ သုံးဦးတို့မှာ မြတ်ဗုဒ္ဓ၏ ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ၊ မဂ္ဂကထာ၊ ကာမာနံ အာဒီနဝကထာ၊ နေက္ခမ္မေအာနိသံသာဟူသော တရားတော်များကို အစဉ်အတိုင်း နာကြားခွင့်ရကြပြီး လူ့နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာစသည့်အကျိုးထူးများကို မိမိတို့ ပါရမီအလျောက် ရရှိခဲ့ကြပါ၏။

[illegible]သုံးပါးတွင် စိတ်စေတနာတည်းဟူသော မနောကံမှာ အရေးကြီးဆုံးပင်။ ကိလေသာ ကုန်ခန်းနေသော ဘုရား၊ ရဟန္တာတို့အပေါ် ဖြစ်စေသော စိတ်စေတနာဖြင့် ကြည်ညိုရုံမျှဖြင့် ကြီးမားသောကောင်းကျိုးကို ရနိုင်၏။ စိတ်စေတနာကောင်းထားနိုင်ရန် အရေးကြီးပါသည်။

"အရိပ်သည် ထိုအရိပ်ရှင်၏ နောက်သို့ အစဉ်လိုက်သကဲ့သို့ ချမ်းသာသုခသည် ထိုသူ့နောက်ကို ထက်ကြပ်မကွာ လိုက်ပါလာ၏"

စိတ်ထားကောင်းမှ ချမ်းသာရ၏။

ရာမိုတ္တ

□


**စာမူများ ပေးပို့နိုင်ပါသည်**

စာပေ ဝါသနာရှင်များ မိမိ၏စာမူကို မိတ္တူကော်ပီထားၡ လပြည့်ဝန်းမဂ္ဂဇင်း တိုက်သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။ မရွေးချယ်သော စာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။

တခြားမဂ္ဂဇင်းတိုက်များသို့ တစ်ပြိုင်တည်း ပေးပို့ခြင်းမျိုး မပြုလုပ်ကြပါရန် မေတ္တာရပ်ခံပါသည်။

ရှေးဟောင်းဘုရားသမိုင်းကြောင်းများ၊ ဘာသာရေး ဆောင်းပါးများ၊ ဂန္ထဝင်ဝတ္ထုများ၊ မှုဆိုးဝတ္ထုများ၊ ရသဝတ္ထုများ၊ ဟာသများ၊ အရှေ့တိုင်းအနောက်တိုင်း ဆေးပညာရပ်များ၊ ထူးခြားဆန်းကြယ်သောဖြစ်ရပ်များ စသည်ဖြင့် ပေးပို့နိုင်ပါသည်။

▪ ▪ ▪ ▪ ▪ ▪ ▪ ▪ ▪ ▪ ▪ ▪ ▪ ▪ ▪ ▪

စီးပွားရေးလုပ်ငန်းရှင်များ
မိမိလုပ်ငန်း
ပိုမိုတိုးတက်
အောင်မြင်စေရန်
လပြည့်ဝန်းမဂ္ဂဇင်းတွင်
ကြော်ငြာများ
ထည့်သွင်းနိုင်ပါသည်။

▪ ▪ ▪ ▪ ▪ ▪ ▪ ▪ ▪ ▪ ▪ ▪ ▪ ▪ ▪ ▪

အဖြူအမည်း
တစ်မျက်နှာ
ကျပ်တစ်သောင်းငါးထောင်တိတိ
ဖြစ်ပါသည်။

အဖြူအမည်း
မျက်နှာဝက်
ကျပ်ခုနစ်ထောင့်ငါးရာတိတိ ဖြစ်ပါသည်။

**ဆက် သွယ် ရန်**

အယ်ဒီတာအဖွဲ့
လပြည့်ဝန်းမဂ္ဂဇင်း
တိုက်အမှတ် (၇၂၄)၊
အခန်း (၁၈) ပထပ်၊ မဟာဗန္ဓုလလမ်း
(၁၇×၁၈)လမ်းကြား၊
လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၄၅၂၂၂၇၅၀၈




www.burmeseclassic.com

www.burmeseclassic.com

# တန်ခိုးကြီးမားလှတဲ့ အရှင်ဥပဝါနမထေရ်



သာစည်အောင်တင်

(၁)

အရှင်ဥပဝါနမထေရ်

ပဒုမုတ္တရ မြတ်စွာဘုရားလက်ထက်မယ် သူဆင်းရဲမျိုးမှာ ဖြစ်နေရတာပါ။ သူ အရွယ်ရောက်လာတဲ့အခါမယ် မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပါလေတယ်။

တစ်လုံးတစ်ပေါင်းတည်း ရွှေနဲ့ ပြီးတဲ့ ကျောက်ဆင်းတုလိုမျိုး တည်ဆောက်တော်မူတဲ့ ဓာတ်တော်ကို ဌာပနာပြီး ကိုးကွယ်ပူဇော်ကြဖို့ရာ လူ-နတ်-နဂါး-ဂဠုန်-ယက္ခ-ကုမ္ဘဏ်-ဂန္ဓဗ္ဗတို့ဟာ ရတနာခုနစ်ပါးနဲ့ပြီးတဲ့ စေတီတော်ကို တည်ကြလေတာပါ။

(၂)

မြူစရာပုဆိုးနဲ့ ပူဇော်

ဥပဝါနလောင်းလျာ သူဆင်းရဲဟာ ကောင်းစွာဖွပ်လျှော်လို့ သန့်ရှင်းစင်ကြယ်စွာ ဖြစ်နေတဲ့ မိမိအပေါ်ရုံ မြူစရာ ပုဆိုးတဘက်ကို ဝါးလုံးအဖျားမယ်ဆွဲပြီး စေတီတော်မှာ တံခွန်ပြုလုပ်လို့ ပူဇော်လေတာပါ။

အဲဒီ တံခွန်ကို အဘိသမ္မဆိုတဲ့ စေတီစောင့်နတ်သားဟာ ကိုယ်ကိုမမြင်စေဘဲ ကောင်းကင်မှာ ဆောင်ယူလို့ စေတီတော်ကို သုံးကြိမ်လက်ယာရစ် လှည့်ပြီး ပူဇော်တာကို ပြတာပါ။

အဲဒီသူဆင်းရဲဟာ နတ်သားကို မမြင်ပါဘူး။

www.burmeseclassic.com

ဒီလိုမျိုး ဥပဝါနထေရ်က မိမိရဲ့ အတိတ်ဘဝ အပြည့်အစုံကို ပြန်လည် ဟောပြတော်မူခဲ့ပါလေတယ်။

(၉)

ဥပဝါနထေရ်တို့

နေရာက ဖယ်ပေးဖို့

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူအံ့ဆဲဆဲမယ် မလ္လာမင်းတို့ရဲ့ အင်ကြင်းဥယျာဉ်အတွင်းမှာ ခင်းထားအပ်တဲ့ ညောင်စောင်းမှာ လျောင်းစက်တော်မူစဉ် မြတ်စွာဘုရားရှင်ကို ယပ်လေး ခတ်လို့ပေးနေတဲ့ အရှင်ဥပဝါနထေရ်ကို -

"ငါ့ရှင်၊ ငါဘုရားရဲ့ ရှေ့တော်မှာ မနေနဲ့၊ ဖယ်လော့" လို့ မိန့်တော်မူပါတယ်။

အဲဒီအခါ အရှင်အာနန္ဒာက -

"အဘယ်အကြောင်းကြောင့် နေ့ရက်ရှည်ကြာ ဝတ်ပြုကာနဲ့ ကောင်းစွာ လုပ်ကျွေးခဲ့လေတဲ့ အရှင်ဥပဝါနထေရ်ကို ရှေ့တော်မှာ မနေနဲ့ရယ်လို့ မောင်းမဲ ဖယ်ရှားတော်မူပါသလဲဘုရား" လို့ လျှောက်ထားပါတယ်။

အဲဒီအခါ -

"ညီချစ် အာနန္ဒာ၊ များသောအားဖြင့် ဆယ်စုသော လောကဓာတ်က နတ်ဗြဟ္မာတို့ဟာ မြတ်စွာဘုရားကို ဖူးဖို့ စုဝေးလာကြတယ်၊ မြတ်စွာဘုရားအနီးမယ် သားမြီးဖျားတစ်တို့လောက်သော နေရာမယ် တန်ခိုးကြီးတဲ့ နတ်ဗြဟ္မာတို့ဟာ သေးငယ်တဲ့ကိုယ် ဖန်ဆင်းလို့ ဆယ်ယောက်စီ ဆယ်ယောက်စီ ရပ်နေကြကုန်လေတယ်၊ အဲဒီနတ်ဗြဟ္မာတို့ရဲ့ နောက်က နှစ်ဆယ်စီ နှစ်ဆယ်စီ၊ အဲဒီနောက်က သုံးဆယ်စီ သုံးဆယ်စီ၊ အဲဒီနောက်က လေးဆယ်စီ လေးဆယ်စီ၊ အဲဒီနောက်က ငါးဆယ်စီ ငါးဆယ်စီ၊ အဲဒီနောက်က ခြောက်ဆယ်စီ ခြောက်ဆယ်စီ ရပ်တည်နေကြကုန်တယ်။

အဲဒီနတ်ဗြဟ္မာတို့ဟာ အချင်းချင်း ထိခိုက်တာမျိုးမရှိကြဘဲ သားမြီးဖျားတစ်တို့လောက်ရုံမျှသော [illegible]ရပ်မှာ တစ်ဆယ် နှစ်ဆယ် သုံးဆယ် လေးဆယ် ငါးဆယ် စသဖြင့် တစ်ပေါင်းတည်း ရပ်နေကြကုန်လေယ်။

ဥပဝါနထေရ်ဟာ တန်ခိုးကြီးမားလှတယ်၊ ဒါ့အပြင် သူ့ရဲ့ ခန္ဓာကိုယ်ဟာ ကြီးမားလှတယ်၊ သူ့ခန္ဓာကိုယ်က ကွယ်နေလို့ နတ်ဗြဟ္မာတို့ဟာ ဗုဒ္ဓရဲ့ သရီရကာယတော်ကို မဖူးမြင်နိုင်ကြလေဘူး"

ဘုရားရှင်က -

"အာနန္ဒာ၊ ငါရဲ့ တပည့်မယ် အပြစ်ရှိတဲ့အတွက် နေရာက ဖယ်ပေးစေတာ မဟုတ်၊ ငါရဲ့ သရီရကာယတော်ကို ဗြဟ္မာတို့ ရှင်းလင်းစွာ ဖူးမြင်နိုင်ဖို့ ဖယ်ရှားစေတာ"

ဖြစ်တဲ့အကြောင်း ဗုဒ္ဓက အရှင်အာနန္ဒာကို မိန့်ကြားတော်မူပါလေတယ်။

**သာစည်အောင်တင်**

**စာကိုး**

ထေရအပဒါန်ဝတ္ထု (အရှင်မေဓာဝီသာဘိဝံသ)

□

စီးပွားရေးလုပ်ငန်းရှင်များ
မိမိလုပ်ငန်းပိုမိုတိုးတက်အောင်မြင်စေရန်
လပြည့်ဝန်းမဂ္ဂဇင်းတွင် ကြော်ငြာနိုင်ပါသည်။

၁။ အဖြူအမည်း တစ်မျက်နှာ ကျပ်တစ်သောင်းငါးထောင်တိတိ ဖြစ်ပါသည်။
၂။ အဖြူအမည်း မျက်နှာဝက် ကျပ်ခုနစ်ထောင့်ငါးရာတိတိ ဖြစ်ပါသည်။

**ဆက် သွယ် ရန်**

တိုက်အမှတ် (၇၂၄)၊ အခန်း (၁၈) ပထပ်၊ မဟာဗန္ဓုလလမ်း။
(၁၇×၁၈)လမ်းကြား၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၄၅၂၂၂၈၅၀၈



www.burmeseclassic.com

www.burmeseclassic.com




# စေညွှန့်ရာ ဇေယျာကမ်းမှ ရင်ခတ်အလွမ်း

တက္ကသိုလ်တင်ဟန်ကျော်

www.burmeseclassic.com

www.burmeseclassic.com

**ကောင်းမှုတော်စေတီထူးမှာ ဖူးမြော်ကြ ဖော်သဟာ**



"xxx မန်းကေသီ ကြည်လဲ့လဲ့အပြုံးလေး
များနဲ့ xxx ကျွန်တော့်ကို အတည် xxx ဖိတ်ခေါ်
သည် xxx အညာမြေ အလှတွေလည်း xxx
နွေရာသီ ကျောင်းပိတ်ရက်မှာ xxx ဗဟုသုတ
ဖြစ်စေချင်သည် xxx လာခဲ့ပါလားတဲ့ စေတနာ
စကားနဲ့ အတည် xxx ဖော်ရွေသည် xxx အညာ
မြေဆီ xxx လာစေချင်လွန်းသည် xxx ဟိုမန်းမြို့
က မမကေသီ xxx"

(ရေး-ကိုလေးလွင်၊ ဆို-ခင်မောင်သန်းလေး)

နောင်အခါ ဒေါက်တာခင်မောင်သန်း ဖြစ်သွားတဲ့ တေးသံရှင် 'ခင်မောင်သန်းလေး' ကို 'မမမန်းကေသီ'က ရွှေမန်းဆီအလည်လာဖို့ ဖိတ်ခေါ်ထားတဲ့သီချင်း ဖြစ်ပါတယ်။

ကျွန်တော်တို့ကို ဖိတ်ခေါ်သူကတော့ 'မမမန်းကေသီ' မဟုတ်ပါဘူး၊ ဆရာ ရဲသျှမ်းပါ။ 'ကျွန်တော်တို့' လို့ ဗဟုဝုစ်နာမ်စား သုံးလိုက်ရပေမယ့် တကယ်တမ်း ပြောရရင် ဆရာရဲသျှမ်း ဖိတ်ခေါ်တဲ့သူက ဆရာမြေလတ်မောင်မြင့်သူ ဖြစ်ပါတယ်။ 'စစ်ကိုင်းရော ဇေယျာမြေ စာဖတ်ဝိုင်း' စာပေဆွေးနွေးပွဲအတွက် ဆရာရဲသျှမ်းက ဆရာမြေလတ်မောင်မြင့်သူကို ဖိတ်တာပါ။ ဒီအခါ ဆရာမြေလတ်မောင်မြင့်သူက ကျွန်တော့်ကို အဖော်ခေါ်ပါတယ်။ ဒါကြောင့် 'ကျွန်တော်တို့' ဖြစ်သွားတာပါ။ မဖြစ် နေရိုးလား၊ မန္တလေး လွမ်းနာကျနေတဲ့ ကျွန်တော်ဟာ ဆရာ မြေလတ်မောင်မြင့်သူက 'ဟေ့လူ၊ မန္တလေးနဲ့ စစ်ကိုင်းဘက် သွားမယ်၊ လိုက်မလား' ဆိုလိုက်တာနဲ့ ဟန်ဆောင် ပန်ဆောင်လေးတောင် မှုနိုင်အားပါဘူး၊ ခေါင်းညိတ်ပြီးသားကိုး။

အဲဒီလိုသာ ခေါင်းညိတ်လိုက်ရပေမယ့် 'သီတင်းကျွတ်မယ့်ကြဲ၊ တော်သလင်း ရှေ့ကခံ' ဆိုသလို ရင်ထဲကတော့ အလေးသား။ ကဲ့ကော်ဝတ်ရည်၊ ပြည်မြန်မာ၊ စာနဒီ၊ အလင်းအိမ်၊ လင်းလွန်းခင် စတဲ့ စာအုပ်တိုက်တွေရဲ့ ပရှဖတ်စရာ စာမူတွေက မန္တလေးအဆန်ရထားကြီးလို တန်းစီနေတာလေ။ ဒါ့အပြင် တစ်ဘူတာဝင် တစ်ဘူတာထွက် ဆက်လက်ထွက်ခွာရတဲ့ စာပေကြားဘူတာလေးတွေ ရှိသေး။ ဒီလိုဆိုတော့ မဆင်ခြင် မစဉ်းစား ခေါင်းသာ အတွင်သား ညိတ်လိုက်ရတယ် ရင်ထဲက ခပ်လေးလေး။ ကဲပါလေ နောင်ခါလာ နောင်ခါချေး၊ စခန်းမဝေးတဲ့ မန္တလေးဆီ အပြေးကလေးသာ သွားလိုက်ကြစို့ရဲ့။

ဒီလိုနဲ့ ဆရာမြေလတ်မောင်မြင့်သူနဲ့ ကျွန်တော် ရန်ကုန်ဘူတာကြီး ဆင်းလာကြပါတယ်။ ရန်ကုန်ဘူတာကြီး ရောက်တော့ ဆရာကြယ်လွဲမိုးနဲ့ ဆရာမြတ်ကိုကို(ရုက္ခ)တို့ စောင့်နေကြတယ်။ ဆရာကြယ်လွဲမိုးက ရထားလက်မှတ် ကြိုဝယ်ပေးထားပါတယ်။ ဆရာမြတ်ကိုကို(ရုက္ခ)က ဆရာဦးသိန်းလွင်(ကျောက်ပုထိုး) လက်ဆောင်ပါးလိုက်တဲ့ စာအုပ်တွေ လာပို့ပေးတာပါ။ ရထားထွက်ဖို့ အချိန်က ညနေ လေးနာရီဆိုတော့ အချိန်ရသေးတာနဲ့ လေးယောက်သား လက်ဖက်ရည်သောက်ရင်း တောအကြောင်း တောင်အကြောင်း လေပန်းကြတာပေါ့လေ။



(ဝဲမှယာ) ရဲသျှမ်း၊ မြေလတ်မောင်မြင့်သူ၊ စိုးလှိုင်တင့်၊ စာရေးသူ၊ နွေမွန်(မန်း)



www.burmeseclassic.com

ww.burmeseclassic.com

အချိန်တန်တော့ ကျွန်တော်တို့ စကြံ့ထဲ မြန်ဝင်၊ ကြောခင်မှာပဲ ရထားဂိတ်ထိုးတော့ ရထားပေါ်တက်။ ကြယ်လွဲမိုးက လက်မှတ်လေးတွေကိုင်ရင်း ရှေ့က ကော့ကော့ ကော့ကော့၊ ကျွန်တော်တို့က နောက်က ကြော့ကြော့ ကြော့ ကြော့။ အဲ- ကျွန်တော်တို့ထိုင်ရမယ့် နေရာလည်းရောက်ရော တို့ရှေ့ကြယ်လွဲမိုးလည်း မကော့နိုင်တော့သလို ကျွန်တော်တို့ လည်း မကြော့နိုင်တော့ပါဘူး။ ကျွန်တော်တို့ ထိုင်ရမယ့် ခုံနေရာမှာ ဖြူဖြူဖွေးဖွေး ထောင်ထောင်မောင်းမောင်း အမျိုးသမီး နှစ်ဦးက မင်းကတော်စတိုင်နဲ့ မလိုင်အပြည့် ဇွေ့လို့ကိုး။

အမယ်- ဘယ်ရလိမ့်မတုံး၊ ကြယ်လွဲမိုးက ဒီနေရာမှာ ခေသူမှ မဟုတ်တာပဲ၊ ပြစမ်း လက်မှတ် လုပ်ပါလေရော၊ ကျွန်တော်တို့ကတော့ မျက်လုံးလေးတွေ ပေကလတ် ပေကလတ်နဲ့ပေါ့။ ဟိုနှစ်ယောက်က ရာဇက္ကန်ဖြေ မပျက်စတမ်း လက်မှတ်ကလေးတွေ ကမ်းပေးရှာပါတယ်။ ကြယ်လွဲမိုးက လက်မှတ်တွေကို ဖျတ်ခနဲ ကြည့်ပြီးတော့ 'ဟာ- နေရာထပ်နေပြီ ဒီကောင်တွေ ဘယ်လိုလုပ်တာတုံး' ဆိုပြီး ဘေးဘီလှည့်ကြည့်လိုက်တော့ တာဝန်ကျဝန်ထမ်းတစ်ဦးကို အခန့်သင့်ပဲ တွေ့ပါတယ်။

အမယ်- ကြယ်လွဲမိုးတို့ သတ္တိကောင်းပုံများ အဲဒီဝန်ထမ်းကို 'ဟေ့ကောင်-လာဦး'တဲ့။ ဟိုကလည်း မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်လုပ်ရင်း လာရှာပါတယ်။ ကျွန်တော့်စိတ်ထဲကတောင် 'ဩော်- တော်တော်ပြောင်းလဲကုန်ပါလား' လို့ တွေးမိပြီး အခြောက်တိုက်ရော၊ အစိုတိုက်ရော ဘဝင်တွေမြင့်သွားလိုက်တာ ဘာပြောကောင်းမလဲ၊ ဟုတ်တယ်လေ၊ ဟိုတုန်းက ဒီလိုမှ မဟုတ်ဘဲ၊ ခရီးသည်က သူတို့ကို အခုလို အဟောက်သဟမ်း ပြောဖို့နေနေသာသာ မော်ဖူးဖို့တောင် ခဲ့ခရဲ မဟုတ်လား။ အခုတော့ မျက်နှာလေး ပြုံးတုံး ပြုံးတုံးနဲ့

ဖုန္နတက္ကသိုလ် ကျောင်းတော်မဟာ အဆိုင်တော်အောက်ဝယ်





အမျိုး ဘာသာ၊ သာသနာ ဂုဏ်မြှင့်စေရာ ဖုန္နတက္ကသိုလ်ကျောင်းသီဟာ

အနားကပ်လာပြီး ကြယ်လွဲမိုး ထိုးပေးတဲ့ လက်မှတ်တွေကို အနုလုံ ပဋိလုံ ကြည့်ပြီး အလွန်ရှိသေ လေးစားစွာ စစ်ဆေးနေပါတယ်။

ဒီလိုဆိုတော့ ရာဇက္ကန်ဖြေပေးနေတဲ့ ဖြူဖြူဖွေးဖွေးကြီးနှစ်ယောက်ခမျာ ဟစေ့ ဟစေ့ ဖြစ်ကုန်တယ်။ သူတို့ နေရာမှား ထိုင်မိပြီလို့ စိုးရိမ်သွားဟန်ပါပဲ။ ကြယ်လွဲမိုးကလည်း ဗိုလ်အောင်ဒင်အိုက်တင် အပြည့်နဲ့ကိုး။

ဒါပေမဲ့ လက်မှတ်စစ်ဝန်ထမ်းရဲ့ စကားသံကို ကြားလိုက်ရတဲ့ အခါမှာတော့ ဗိုလ်အောင်လည်း မဒင်နိုင်တော့သလို ကျွန်တော်တို့လည်း ရထားပေါ်က ခုန်ချချင်စိတ်ပေါက်သွားပါတယ်။ လက်မှတ်စစ်ဝန်ထမ်း ပြောလိုက်တာကတော့ 'သူငယ်ချင်း၊ မောင်ရင်တို့ လက်မှတ်က လေးရက်နေ့ထွက်မယ့် ရထားလက်မှတ်၊ ဒီနေ့က သုံးရက်လေ' တဲ့။

ကြယ်လွဲမိုးတို့ လွဲပုံများ ပညတ်သွားရာ ဓာတ်သက်ပါ ဆိုသလို ပွတ်ကာသီကာ တစ်ရက်ကလေး လွဲတာပါ။ ဒါပေမဲ့ ကျွန်တော်တို့က လွဲလို့မရပါဘူး။ ဆရာရဲ့သျှမ်းက စစ်ကိုင်း ပြန်ဆက်ရုံးရှေ့မှာ ဆိုင်းဘုတ်ထောင်ပြီးပြီ၊ ကောင်းကင်သင်ပုန်းပေါ်မှာလည်း လွှင့်တင်ပြီးပြီ။ လေးရက်နေ့ နေ့လယ် နှစ်နာရီမှာ စာပေဆွေးနွေးပွဲ ကျင်းပပါမယ့် အကြောင်း။ လေးရက်နေ့ ရထားကြီးစီးပြီး ငါးရက်နေ့မှာ



www.burmeseclassic.com

www.burmeseclassic.com



မြစ်မင်းအရာ ဧေယျာမြေစာပတ်ဝိုင်းမှ ဆရာရဲသျှမ်းရဲ့ စကားသံသာ

မန္တလေးရောက်သွားလို့ကတော့ ဆရာရဲသျှမ်းက မန္တလေး ထိုးမုန့် ထိုးသလို ကျွန်တော်တို့ကို အမှုန့်ကြိတ်လိမ့်မယ်။

ကျွန်တော်တို့ရည်း ရထားပေါ်ကနေ ဘူတာစကြီ ပေါ်ကို ဘယ်လိုပြန်ရောက်လာကြသလဲတောင် မမှတ်မိတော့ပါဘူး။ ကြယ်လွဲမိုးကတော့ ရုံးခန်းတွေရှိရာဆီ ခပ်သုတ်သုတ် လျှောက်သွားနေပါတယ်။ ကွမ်းတစ်ယာညက်လောက်ကြာတော့ ကြယ်လွဲမိုး ပြန်ရောက်လာတယ်။ သူ့လက်ထဲမှာလည်း လက်မှတ်နှစ်စောင် ကိုင်လာတယ်။ ဇာတ်ပေါင်းလိုက်တဲ့အခါ ကျွန်တော်တို့က နောက်ရထားနဲ့ လိုက်ရမယ်။ အတွဲက အထူးတန်း အိပ်စင်တွဲ။ အင်း- စကားပုံထဲမှာတော့ 'စိုင်ကော်လို့ ချုံပေါ်ရောက်'သတဲ့၊ လက်တွေ့မှာကတော့ 'ကြယ်လွဲမိုးကော်လို့ အထူးတန်း အိပ်စင်ပေါ်ရောက်' သွားပါတယ်။

ကျွန်တော်တို့ နောက်ထွက်မယ့် ရထားကြီးပေါ်ရောက်၊ နေသားတကျ နေရာချပြီးတော့မှ ကြယ်လွဲမိုးနဲ့ မြတ်ကိုကို (ရုက္ခ)တို့ ပြန်သွားကြတယ်။ ကျွန်တော်တို့ရထားကြီး ရန်ကုန်ဘူတာကြီးကနေ စတင် ထွက်ခွာလာတဲ့ အချိန်မှာတော့ စီးပွားရေးမြို့တော် မဟာရန်ကုန်မြို့ကြီးဟာ ဆည်းဆာရောင်အလှတွေ ယှက်သန်းပြီး ညတစ်ညရဲ့ နိဒါန်းကို စတင်နေပါပြီ။

ကြိုနှင့်ပါတော့ 'မမမန်းကေသီ'ရေ အဲလေ- ဆရာရဲသျှမ်းရေ။

❑

"ချမ်းမြသာစည် လေဆိပ်ဝယ် xxx သူ
လာလို့ကြိုတယ် xxx မန်းတောင်တော် နေညို
ဖျန်းတော့ xxx စခန်းသာ အရိပ်ဝယ် xxx
ရွှေမန်းသူ ညိုညိုချောနဲ့ xxx စကားလက်ဆုံ
ပြော၍မကုန်တယ် xxx မဟာမြတ်မုနိကို သွား
ဖူးမယ် xxx အစီအစဉ်တွေ ရွှေးချယ် xxx"

(ရေး-ကိုလေးလွင်၊ ဆို-ရုပ်ရှင်မင်းသား ခင်မောင်မြင့်)

'ရွှေမန်းရောက် ဧည့်သည်တစ်ဦး' ဖြစ်တဲ့ ရုပ်ရှင်မင်းသား ခင်မောင်မြင့်ကို ချမ်းမြသာစည်လေဆိပ်မှာ ရွှေမန်းသူ ညိုညိုချောကလေး လာကြိုတယ်။ မန္တလေးဘူတာကြီး ရောက်လာတဲ့ ဦးခင်မောင်မြင့်ကိုတော့ ဘယ်သူတွေ လာကြိုပါ့မလဲ။ ဟင်- ဘယ်က ဦးခင်မောင်မြင့်လဲ၊ အဲဒီလို ဇဝေဇဝါ ဖြစ်သွားမလား မပြောတတ်၊ ဟုတ်တယ်လေ၊ ကြယ်လွဲမိုး လွဲချက်ကောင်းမှုနဲ့ အထက်တန်းအိပ်စင်မှာ ငြိမ့်ငြိမ့်ကြီး ပါလာတာက ဆရာမြေလတ်မောင်မြင့်သူရယ်၊ ကျွန်တော်ရယ် နှစ်ယောက်သား မဖောက်မပြား ပါလာကြတာလေ အခုမှ ဗယောက်ဗယက် ယောက်ယက်ခတ်ပြီး ဘယ်လိုတ ဘယ့်နှယ် 'ဦးခင်မောင်မြင့်'က ပါလာရတာလဲ၊ ကေန္တ ကြား ဘူတာ 'တိုးကြောင်ကလေး' က တက်လာတာ ထင်ပါရဲ့ သို့နှယ် အပြေးအလွှား အတွေးမများကြပါနဲ့၊ ဦးခင်မောင်မြင့် ဟာ ဆရာမြေလတ်မောင်မြင့်သူရဲ့ အမည်သညာ ခေါ်စရာ နာမည်အရင်းခေါက်ခေါက်ကြီး ဖြစ်ပါတယ်။

မန္တလေးဘူတာကြီး စကြီပေါ် ဒုတ်ဒုတ်ထိ ဆိုက်ဆိုက် မြိုက်မြိုက်ရောက်လို့ လာကြိုသူတွေကို ကြည့်လိုက်တော့ ဆရာမြင့်ခေါင်ကြည်၊ ဆရာစိုးလှိုင်တင့်၊ ဆရာနွေမွှန်(မန်း) သုံးဦးသားကို လှိုက်လှဲပျူငှာစွာ ကြိုနေကြတာ တွေ့ရတယ် အင်း- သီချင်းထဲက စာသားနဲ့ လိုက်ဖက်သွားအောင် အတင် ရော အံမွဲ့ပါ 'ညိုညိုချော' ရရင်တော့ ဆရာမြင့်ခေါင်ကြည် ဖြစ်လိမ့်မယ်၊ ဆရာမြင့်ခေါင်ကြည်က အသားညိုညို အရ မြင့်မြင့်နဲ့ 'ပုလဲချက်ရည်' ဇာတ်ကားထဲက ကျော်ဆွေလို ဘာလိုလို၊ ဆရာစိုးလှိုင်တင့်နဲ့ ဆရာနွေမွှန်(မန်း)တို့



သတ္တုမအကြိုပြင်မြောက် မြစ်မင်းအရာ ဧေယျာမြေ စာပတ်ဝိုင်း





www.burmeseclassic.com

www.burmeseclassic.com

အသားဖြူဖြူ ဝဝခဲ့ခဲ့ကြီးတွေကို။ ညိုညိုချောချောင်လို့ ဘယ်ရပါ့မလဲ။ တကယ်လို့များ ဆရာရဲ့သျှမ်း ပါလာခဲ့ရင် ညိုညိုချော နှစ်ယောက်ကြီးများတောင် ဖြစ်မှာပေါ့လေ့။

ကျွန်တော်ကတော့ မန္တလေးမြေကို နင်းလိုက်ရပြီ ဆိုတာတည်းက မန္တလေးကို လွမ်းနေတဲ့ အလွမ်းတွေ တစ်ဝက်လောက် ပြေသွားပါတယ်။ အ်မယ်- တယ်စာတဲ့ ဆိုပါလား၊ ထုတ်ပါတယ်၊ ဟိုယခင် တစ်ချိန်တုန်းက ကျွန်တော်နဲ့ ဓာတ်ပုံ ဝင်းဆန်းတို့ မန္တလေးကို ဗဟိုပြုပြီး အရပ်လေးမျက်နှာ၊ အရပ်ရှစ်မျက်နှာ ခြေစကြာဖြန့်ခဲ့ကြတာလေ၊ ပြီးတော့ ခရီးသွားဆောင်းပါးတွေကို ပေါ့တစ်ပုဒ် ပေါ့တစ်ပုဒ် ဓာတ်ပုံတွေ ဆဝေဆာဆာနဲ့ ရေးထုတ်ခဲ့တယ်။ အလျှဉ်းသင့် အလှည့်ကြုံတို့ စာပေမဂ္ဂဇင်းတစ်အုပ်ဖန်တီးခွင့်ရပြန်တော့လည်း မန္တလေးစာ မန္တလေးကဗျာတွေရဖို့ မန္တလေးကို ရောက်ခဲ့ရပြန်ရော။ ထွေဇင်းထွက်လာတော့ နှစ်လ တစ်ခေါက်၊ သုံးလ တစ်ခေါက်၊ ပေါ့တစ်ခေါက် ပေါ့တစ်ခေါက်။


သင်္ဘော သင်္ခါရ အနိစ္စာ တရားတော်အတိုင်း ဖြစ်ချိန်တန် ဖြစ်ခဲ့ရသလို ပျက်ချိန်တန်တော့လည်း ဖျက်ခဲ့ရ ဘာအတတ်နိုင်မှာလဲ၊ သင်္ဘော သတ္တာ ကမ္ဘသကာပေပဲ။ လောကဓံရဲ့ ခါးသီးမှုတွေကို ချိုမြိန်စွာခံစားရင်း မန္တလေးရနံ့တွေကို ပြင်းပြင်းရှူရှူ တမ်းတမိတာကတော့ အခါခါ အလီလီ။ ဒီလိုနဲ့ ဆယ်စုနှစ်တစ်စုကို ကျော်ဖြတ်ခဲ့။ မန္တလေး အလွမ်းရထားကလည်း နှလုံးသားရင်ပြင်ကို ဖြတ်ကျော်ခဲ့ပေါ့ အကြိမ်ကြိမ်။

အခု မန္တလေးမြေကို နင်းမိတော့ အလွမ်းတစ်ဝက် ပြေခဲ့ရပြီလေ။ ဒီအတွက် ကျေးဇူးတင်ထိုက်သူ အားလုံးကို ကျေးဇူးတင်ပါရစေ။ ကျွန်တော့် ဒီစိတ်၊ ဒီဆန္ဒတွေကို ဆရာမြလတ်မောင်မြင့်သူ၊ ဆရာမြင့်ခေါင်ကြည်၊ ဆရာစိုးလှိုင်တင့်၊ ဆရာနွေမွန်(မန်း)တို့ကတော့ သိနိုင်ကြမယ် မဟုတ်ပေမဲ့



နီလာဝလွှင်(အညာမြေ)ရဲ့ မိတ်ဆက်ပြောကြား စကားချီသာ

မြည့်ဝန်းမဂ္ဂဇင်း (စက်တင်ဘာလ၊ ၂၀၁၇)



မြစ်မင်းရော ပေယျာမြေ စာပတ်ဝိုင်းရဲ့ ဗိတ်ခေါ်သံ

အခု ကျွန်တော် ရင်ဖွင့်လိုက်ရပါတယ် ဆရာတို့ရေ။

ကျွန်တော်တို့ မန္တလေးဘူတာကြီး မုခ်ဝကို ရောက်လာတော့ ကားတစ်စီးပေါ် တက်ကြတယ်။ နောက်မှ သိရတာက အဲဒီကားဟာ ဆရာစိုးလှိုင်တင့်ရဲ့ ကားပါတဲ့။ ကားကို မောင်းနှင်သူကတော့ ဆရာနွေမွန်(မန်း) ဖြစ်ပါတယ်။ ကားပေါ် ရောက်ကြလို့ မောင်းထွက်လာပြီ ဆိုကတည်းက စကားလက်ဆုံ ပြောမကုန်ကြ၊ အများဆုံးပြောသူက ဆရာမြလတ်မောင်မြင့်သူ၊ ဆရာ့မှာက ပြောစရာတွေ အများသား၊ ရန်ကုန်စာပေလောကအကြောင်း၊မန္တလေးစာပေလောကအကြောင်း၊ စာမူတွေအကြောင်း၊ စာအုပ်တွေအကြောင်း၊ ဂန္ထဝင်အကြောင်း၊ ရိုးရာနဲ့မော်ဒန်အကြောင်း။ ကျွန်တော်ကတော့ နားထောင်ရင်း မန္တလေးရှုခင်းကို တရှိုက်မက်မက် တမွေ့လွမ်းလွမ်း ကြည့်မခန်းပေါ့။ ရန်ကုန်သားရဲ့ အမြင်မှာ မန္တလေးရဲ့ နံနက်ခင်းဟာ ရှင်းသန့်နေတယ်။ ရန်ကုန်မှာက ဒီအချိန်ဆို လမ်းပေါ်မှာ ကားတွေ၊ လူတွေ ဗျားပန်းခပ်နေပြီလေ။ အသားကျနေတဲ့ မွန်းကျပ်မှုတွေကြားမှာ မွန်းကျပ်မှုကို အဖော်လုပ်ပြီး ကျင်လည်ရာ ရပ်ဝန်းများဆီ။ တပွမ်ပွမ် တတီတီတွေ၊ အီစီကာလီ မထီတရီတွေ၊ ကဲ့ရဲ့သံ မဲ့ရွဲ့ဟန်တွေ၊ အောင့်ကာနမ်းရတဲ့ ဖောက်ပြန်လမ်းတွေ၊ ရေကြည်ချမ်းမြ တစ်ပဲသားမှာ မသတီ အိုင်းအမာ တစ်ပိဿာတွေ။ ရန်ကုန်သားရဲ့ ကံဆိုးလို့ စားနေရတဲ့ နှလုံးသား ကန်သာရေရိပ်မှာ ပေဒါတွေက



www.burmeseclassic.com

www.burmeseclassic.com



မြစ်မင်းဧရာ ဧယျာမြေစာတိုင်းမှာ စုရုံးခုံး အပုံးပန်းကိုယ်စီ

အပြည့်။ မန္တလေးရောက် ရန်ကုန်သားတစ်ယောက်ရဲ့ ရင်ထဲမှာ အဲဒီဒဏ်ရာတွေ ကျက်နေသလို၊ ဒါမှမဟုတ် မေ့ချင်ယောင် ဆောင်နေရော့လား။

မန္တလေးမှာ အထပ်မြင့် အဆောက်အအုံကြီးတွေ မိုးထိုးမနေတာက ဖိစီးမှုကို လျှော့ချပေးနေတယ်လို့ ခံစားနေမိတယ်။ ကျပ်ကျပ်တောင့်တောင့် ဖြစ်မနေတဲ့ မိုးကောင်းကင်ဟာ မွန်းကျပ်မှုတွေကို ဖယ်ရှားပေးနေသလိုပဲ။ လွတ်လွတ်လပ်လပ် တိုက်ခတ်ခွင့်ရတဲ့ လေနုအေးတွေကလည်း ပူနွေးနေတဲ့ သွေးကို စည်းချက်မှန်မှန် ရှူရှိုက်ခွင့်ပေးတယ်။ အဲဒီကြားထဲမှာပဲ မြန်မာစာနဲ့ ရေးထားတဲ့ ဆိုင်းဘုတ်ကြီးတွေ နည်းသွားသလို ခံစားမိတဲ့အတွက်ကြောင့်တော့ မျက်မှောင်ကြုတ်မိရဲ့။ 'သခင်မျိုးဟေ့ ဒို့ဗမာ' ကြွေးကြော်သံတွေ ပဲ့တင်ထပ်လာမိလို့ ရင်ထဲမှာ ကျဉ်တင်တင်။ အို- စိတ်ထင်လို့ ဖြစ်မှာပါလေ။

ဒီအခိုက်မှာပဲ ကျွန်တော်တို့ စီးလာတဲ့ ကားကလေးက လမ်းဘေးတစ်နေရာမှာ ထိုးဆိုက်လိုက်တယ်။ သန့်ပြန့်ခမ်းနားတဲ့ လက်ဖက်ရည်ဆိုင်အတွင်းမှာ ထိုင်မိကြတော့ စားသောက်ဖွယ်ရာ အဖြာဖြာက စားချင်ဖွယ်ရာပေပ။ မန်းဆန်ဆန် မန်းဟန်တွေကြားမှာ တိုင်းခြားစားသောက်ဖွယ်ရာတွေက ပြူးတူးပြဲတဲ နေရာယူထားထာကလွဲရင် ခံတွင်းမြိန်စရာ လက်ဖက်ရည်ဝိုင်းကလေးပါပဲ။ ဆယ်စုနှစ်တစ်စု အကြာမှာ ပထမဦးဆုံး ပြန်လည်ဆုံစည်းရတဲ့ မန်းလက်ဖက်ရည် တစ်ခွက်။ တစ်ကိုယ်တည်း ကျိတ်ပြီး ပီတိဖြစ်မိတာကို ဆရာတို့ မသိနိုင်ပါပေ။

လွမ်းလည်း လွမ်းတယ်၊ ချမ်းလည်း ချမ်းတယ်၊ လန်းလည်း လန်းရပါတယ် ရွှေမန်းမြို့ရဲ့ မင်္ဂလာနံနက်ခင်းရေ။ မန္တလေးရနံ့တွေ ထုံသင်းမွှေးပျံ့နေတဲ့ ဒီလက်ဖက်ရည်ဝိုင်းလေးမှာ ရုပ်ရှင်တစ်ပွဲစာလျှောက်ကို ထိုင်ချင်ပါသေးရဲ့။ ဒါပေမဲ့ ဆရာရဲသျှမ်းက ဖုန်းဆက်နေပြီ။ 'ရောက်ပြီလား၊ ရောက်ရင် အမြန်ခေါ်လာခဲ့'။ ဒီလိုဆိုတော့ ဆရာစိုးလှိုင်တင့်တို့လည်း လက်ဖက်ရည်ကို ငွပ်ခနဲ ငွပ်ခနဲ မော့ကုန်ကြပြီ။ ရန်ကုန်သားအကောင်းစားလေးရေ စမ်းရေအိုင်နားမှာ အလွမ်းမပြေနိုင်ပြားသော်လည်း လုပ်လဟာ၊ လုပ်လဟ ခပ်သုတ်သုတ်။

ဟုတ်တယ်လေ၊ ကျွန်တော်တို့ကို ဆရာရဲသျှမ်းက 'ရွှာထောင်'ကနေ မျှော်တော်ဇောနဲ့ မောရှာနေရော့မယ်။ စာပေဆွေးနွေးပွဲ မတိုင်မီ ဘုရားဖူးဖို့ လိုက်ပို့ပေးမယ်၊ နေ့လယ်စာ ထမင်းကျွေးမယ်၊ အစီအစဉ်တွေက တန်းစီနေတာ။ သူတို့က မီးရထားဆရာတွေမို့ တန်းစီနေရာချ ပါရဂူတွေကိုး ခင်ဗျ။ အချိန်နဲ့ နာရီနဲ့ ချက်ထိ ကွက်တိသမားတွေ။ ရန်ကုန်သားတို့လို မနက် ဆယ်နာရီ ချိန်းထားတာကို ညနေ အပုပ်ချိန်ရောက်မှ ယောင်ပေ ယောင်ပေ ရောက်လာတတ်သူတွေ မဟုတ်။ ဣတိ တသွာ ထို့ကြောင့် မန္တလေးအလွမ်းတွေကို စမ်းရေထဲမှာ မျှောပြီးသကာလ မြစ်မင်းဧရာ ခွေကာဝိုင်းတဲ့ စစ်ကိုင်းအောင်ချာမြေဆီ မနှေးမဆိုင်း အပြေးတစ်ပိုင်းနဲ့ ကိုင်း- ရွှာစား၊ စီးပလေစေ မောင်မသုတ်နဲ့ တက်သုတ်ရိုက် ပို့စမ်း။

❑

"ရောက်ကြဖူးသလား×××ဧယျာရွှေမြေ
×××မြစ်ရေခွေဝန်းလျှမ်း ××× ရှုစမ်းဖြာဝေ ×××
စစ်ကိုင်းတောင်ခြေ အရောက်သွား ××× တရားရှာဖွေ ××× ဗုဒ္ဓဘာသာ မြန်မာ့တွေ ××× အတာ
ကူးတဲ့ နှစ်ဦးဂိမှာန်နွေ ×××"

(ရေး - မြို့မငြိမ်း၊ ဆို - ကိုအံ့ကြီး)

'စစ်ကိုင်းတောင်'၊ ကြားရလေတိုင်း၊ သတိရလေတိုင်း ရင်လှိုင်းခတ်သံတွေ ဆူဝေလျှံကျလာတဲ့ သီချင်း။ မြန်မာ့



ဝိုင်း(ကုံးကော်ဝတ်ရည်)ကလည်း အမှတ်တရပေးအပ်လှူဒါန်း ပြုနေ...





www.burmeseclassic.com

www.burmeseclassic.com

နွှဝင်သီချင်း။ ဆရာနွေမွန်(မန်း) မောင်းနှင်နေတဲ့ ကားလေးက မန္တလေး ရွှေမြို့တော်ကို နောက်နားမှာ ချန်ထားခဲ့ပါပြီ။ နှင်းရှုကွဲကဲ့ အသွင်အရိပ်တွေကလည်း အတိတ်ခြေရာလမ်းမှာ လွှမ်းစေဖို့ဖန်လေပြီ။ နေရာဒေသ မကျွမ်းပေမဲ့ ထိတွေ့ခံစားရတဲ့ အငွေ့အသက်တွေအရ အသခ်ယာစောယွန်း တည်ထားခဲ့လေတဲ့ 'စစ်ကိုင်း'မြို့ထဲ ရောက်နေပြီလို့ ခံစားသိနဲ့ သိလိုက်တယ်။

သက္ကရာဇ် ၆၇၇ ခုနှစ်မှာ ပင်းယ ဆင်ဖြူရှင် သီဟသူ မင်းကြီးရဲ့ သားတော်အငယ်ဆုံး အသခ်ယာစောယွန်းဟာ စေယျာပူရ စစ်ကိုင်းမြို့ကို တည်တော်မူခဲ့ပါသတဲ့။ ဒါကြောင့် 'သာတိုးတိုင်း စစ်ကိုင်းတည်' လို့ ရာဇဝင်သံခိပ် ဆိုမိန့်တော်မူပါတယ်။ 'သာတာတိုင်း စစ်ကိုင်းတည်' မူကွဲလည်း ရှိတယ်။ သက္ကရာဇ် ၆၈၄ ခုနှစ်မှာ အသခ်ယာစောယွန်း နတ်ရွာစံတော်မူတဲ့အခါ နောင်တော် တရဖျားကြီးက ထီးနန်းဆက်ခံတယ်။ အဲဒီ ဒုတိယစစ်ကိုင်းမင်းကို ရည်ရွယ်ပြီး 'သာယာဝိုင်း စစ်တိုင်းတည်' ဆိုတဲ့ အတိုမှတ်လက်ာလေး ပေါ်ထွန်းလာခဲ့တာပေါ့။

သက္ကရာဇ် ၆၇၇ ခုနှစ်ကနေ သက္ကရာဇ် ၇၂၆ ခုနှစ်ထိ နှစ်ပေါင်း ငါးဆယ်လောက်အတွင်း စစ်ကိုင်းမြို့မှာ မင်းဆက် ခုနစ်ဆက် အုပ်စိုးခဲ့ပါတယ်။ အသခ်ယာစောယွန်း၊ တရဖျားကြီး၊ ရွှေတောင်တက်၊ ကျော်စွာ၊ အနော်ရထာမင်းရဲ့ မင်းပျောက် ဆိုတဲ့ မင်းခုနစ်ဆက်ပါပဲ။ မင်းပျောက်ကို သတိုးမင်းဖျားက အနိုင်တိုက်ပြီး စစ်ကိုင်းကို သိမ်းယူလိုက်တဲ့အခါ စစ်ကိုင်းမင်းဆက် ပျက်သုဉ်းခဲ့ရတယ်။ သတိုးမင်းဖျားဟာ စစ်ကိုင်းနဲ့ ပင်းယကို တစ်ပြိုင်တည်း သိမ်းယူပြီးတဲ့နောက် 'အင်းဝ' ကိုတည်ပါတယ်။ 'တုတ်ခွန်သွင်း အင်းဝတည်' တဲ့။



ဘုန်းတော်ကြီးအောင်အေးရိပ်ဝယ် (ဝဲမှယာ) ဂျိုးဇော်၊ မြေလတ်မောင်မြင့်သူ၊ စာရေးသူ၊ ရဲသျှမ်း၊ စိုးလှိုင်တင့်



မြေလတ်မောင်မြင့်သူမှ "အက်ဒေး၊ ကဗျာ၊ အယ်ဒီတာ" အကြောင်း သိကောင်းစရာ အဖြာဖြာ

အဓိပ္ပာယ်ကတော့ သတိုးမင်းဖျားဟာ သက္ကရာဇ် ၇၂၆ ခုနှစ်မှာ အင်းဝကို တည်တာပေါ့လေ။

ကျွန်တော်ဟာ ရှေးဟောင်းအရိပ်အငွေ့နဲ့ ခေတ်သစ်ဟန်တွေ ပေါင်းစပ်ကူးယှက်နေတဲ့ မျက်မှောက်စစ်ကိုင်း သဘာဝပန်းချီကားကြီးကို တရှိုက်မက်မက် ငေးမောရင်း 'သမိုင်းထဲက စစ်ကိုင်း' ကိုလည်း ပြန်လည်ငဲ့စောင်း ကြည့်မိတယ်။ ဆရာကြီး ဒေါက်တာသန်းထွန်းရဲ့ နာမည်ကျော်တဲ့ 'သမိုင်းသင်တာ မအအောင်လို့' ဆိုစကားကိုလည်း ဖျတ်ခနဲ သတိရမိတယ်။ အင်း- သမိုင်းသင်ပြီး 'အ'နေသူတွေကော မရှိတော့ဘူးလားလို့ တွေးမိပြန်တော့ ရင်ထဲမှာ ယားကျိကျိ ဂျလိ ဂျလိနဲ့။

တွေ့ကျွန်တော့်အတွေးတွေ ဂျလိ ဂျလိဖြစ်နေတုန်းမှာပဲ ကျွန်တော်တို့စီးလာတဲ့ ကားလေးဟာ ညင်ညင်သာသာ ရပ်သွားပါတယ်။ ကျွန်တော်တို့ ကားပေါ်က ဆင်းတော့ ဆရာရဲသျှမ်းက စတိုင်တွေ၊ မလိုင်တွေနဲ့ အဆင်သင့်တောင် ဖြစ်နေပါပြီ။ ဆရာမြေလတ်မောင်မြင့်သူနဲ့ ကျွန်တော်တို့လည်း တစ်ကိုယ်ရေ ကိစ္စပိစ္စတွေ ခပ်သွက်သွက်လုပ်၊ ရေမိုးချိုးပြီးတာနဲ့ ဆရာရဲသျှမ်းကတော် ဧည့်ခံထားတဲ့ သစ်သီးအချိုပွဲနဲ့။ ထိုစဉ်အခါမှာပဲ အရပ်အမောင်း ထောင်ထောင်မောင်းမောင်း၊ ဗလကောင်းကောင်းနဲ့ ပုဂ္ဂိုလ်တစ်ဦး မားမားမားမားနဲ့ ရောက်ချလာပါတယ်။ ထိုပုဂ္ဂိုလ်ကတော့ နောင်အခါမှာ ကျွန်တော်တို့ ဇာတ်လမ်းရဲ့ ဇာတ်လိုက်တစ်ဦး ဖြစ်လာမယ့် 'စိုးဝေလွင် (အညာမြေ)' ပဲ ဖြစ်ပါတယ်။

ကိုင်း- ပြောနေ ကြာရော့မယ်၊ ကျွန်တော်တို့ရဲ့ ဘုရားဖူးခရီး စတင်ကြပါစို့ရဲ့။ ပထမဦးဆုံး ဖူးမြော်ရတဲ့ စေတီတော်ကြီးက 'ကောင်းမှုတော်' လို့ ကျွန်တော်တို့ ခေါ်လေ့ရှိတဲ့





www.burmeseclassic.com

www.burmeseclassic.com



မြို့ရွှေမန်းရဲ့ မန်းမြို့တော်ဝယ် (ဝဲမှယာ) မြေလတ်မောင်မြင့်သူ၊ နွေမွန်(မန်း)၊ မြင့်ခေါင်ကြည်၊ ခင်မောင်နိုင်တို့ စာရေးသူ

'ရာဇမဏိစူဠာ' စေတီတော်ကြီးပါပဲ။ ကောင်းမှုတော်ကြီးကို ရွှေရောင်တဝင်းဝင်းနဲ့ ဖူးမြော်ရတာ ကျွန်တော့်အတွက် ဒါ ပထမဆုံးအကြိမ်၊ အရင်အခေါက်တွေ ရောက်စဉ်တုန်းက တော့ နို့နှစ်ရောင် ဖွေးဥနေတဲ့ ထုံးသင်္ကန်းတော်နဲ့သာ ဖူးတွေ့ ခဲ့ရတာမို့ အခုလို ရွှေရောင်တဝင်းဝင်းနဲ့ ဖူးတွေ့လိုက်ရတော့ တစ်မျိုးကြီး ခံစားရတယ်။ မည်သို့ပင် ဆိုစေကာမူ မြတ်စွာ ဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ ကျေးဇူးတော်အစုံ ဂုဏ်တော် အနန္တကို နက်နက်ရှိုင်းရှိုင်း အာရုံပြုပြီး ရိုရိုသေသေ လေးလေး မြတ်မြတ် ဖူးမြော်မာန်လျှော့ ကန်တော့လိုက်ရတဲ့ အခါမှာ တော့ အေးမြငြိမ်းချမ်းတဲ့ သန္တိသုခကို လှိုက်လှိုက်လှဲလှဲ ခံစား ရပါတယ်။

ကောင်းမှုတော် စေတီတော်မြတ်ကြီးကို အင်းဝမှာ ထီးနန်းစိုက်ထူထောင်မူတဲ့ လေးဆက်မြောက် ညောင်ရမ်းမင်း သာလွန်မင်းတရားကြီးက တည်တော်မူခဲ့တာပါ။ သက္ကရာဇ် ၉၉၈ ခုနှစ်မှာ စတင်တည်ထားပြီး ဆယ့်နှစ်နှစ်ကြာမှ ပြီးပါ တယ်။ စေတီတော်ကြီးရဲ့ ထူးခြားတော်မူတဲ့ ပုံတော်နဲ့ ပြောင် မြောက်တဲ့ ဗိသုကာအတတ်ပညာကြောင့် မြန်မာမှာသာမက ကမ္ဘာတစ်လွှားမှာပါ ထင်ရှားကျော်ကြားတော်မူပါတယ်။ တည်ထားစဉ်အခါက 'ကောင်းမှုတော်ကြီး' ဘွဲ့အမည်တော် ရှိခဲ့ပေမယ့် သားတော် ပင်းတလဲမြို့စား မင်းရဲရန္တမိတ် လက် ထက်မှာ 'ရာဇမဏိစူဠာ' ဘွဲ့သညာ ဆက်ကပ်တော်မူပါတယ်။ ဒီစေတီတော်ကြီးရဲ့ဗုဒ္ဓပူဇနီယပွဲတော်ကို နှစ်စဉ် သီတင်းကျွတ် လပြည့်နေ့မှာ ကျင်းပကြပါတယ်။

မြတ်စွာဘုရားရှင်ရဲ့ ကိုယ်စားတော် ကောင်းမှုတော် စေတီတော်မြတ်ကြီး ဘုရား၊ ဘုရား ထပည့်တော်သည် အလွန်တရာ ရှိသေလှစွာ ရှိခိုးကန်တော့ပါတယ် ဘုရား။

ကျွန်တော်တို့ ဘုရားပုထိုး ရှိခိုးပြီးတဲ့အခါမှာတော့ အမှတ်တရဓာတ်ပုံတွေ တဖျပ်ဖျပ်ရိုက်ကြပါတယ်။ ကျွန်တော် တို့ အသက်တွေလည်း ဆယ့်ခြောက်နှစ်သားအရွယ်လောက် ပြန်ရောက်သွားကြတယ် ထင်ပါတယ်။ အားလုံး ပြုံးပျော် ရွှင်မြူးနေကြတယ်။ တကယ် ဆယ့်ခြောက်နှစ်အရွယ် ပြန် ရောက်သွားရင်လည်း အကောင်းသားပါပဲ၊ အခုတော့ ထင် ယောင်ဝိုးဝါးမျှသာ ဖြစ်တာမို့ 'ငယ်စဉ်ခါ ကလေးလေးဘဝကို တစ်ခါပြန်ပြီး ရချင်သေးတယ်' လို့ တမ်းတဆိုညည်းရုံမျှပါလေ။

ကောင်းမှုတော်ဘုရားဈေးမှာ ဈေးကွက်ကို သိမ်းပိုက် ထားတဲ့ ပစ္စည်းတွေကတော့ သနပ်ခါးနဲ့ ကျောက်ပျဉ် ထင် ပါရဲ့။ ဘယ်နေရာ ကြည့်လိုက် ကြည့်လိုက် သနပ်ခါးနဲ့ ကျောက်ပျဉ်တွေ ဟီးတိုက်နေပါတယ်။ အားတက်သရော ဝယ်ယူနေကြတဲ့ အမျိုးသမီးပရိသတ်ကလည်း ဟီးတိုက်ပါပဲ။ ကောင်းမှုတော်ဘုရားကြီးကနေ ပြန်ထွက်လာကြတော့ ကားကလေးက စစ်ကိုင်းတောင်ဘက် ဦးလှည့်သွားပါပြီ။

❑

"သမိုင်းပြောင် မညှိုး ××× စစ်ကိုင်း
တောင်တော်ရိုးမှာလေ ××× မြူနိုးယှက်ဆိုင်း ×××
အုံ့မှိုင်းပြာရီဝေ ××× မှုန်မှုန်ရီဝေ ××× စေတီပုထိုး
ဘုရား ××× မိုးပြာမြင့် သီခေါင်ဖွေ ××× တောင်
တွေစိမ့်စမ်း ××× ချောင်တွေသိန်းသန်း ×××
ခေမာသောင်ကမ်း ××× တက်လှမ်းအောင်မြင်
မြေ ××× မေဓာဝီကလေး ××× တောမှီထုံးတဲ့
××× ယောဂီသုံးရှာပေ ×××"

(ရေး - မြို့မငြိမ်း၊ ဆို - ကိုအုံ့ကြီး)

'ချောင်တွေသိန်းသန်း' လို့ ဆရာမြို့မငြိမ်း တင်စား ဖွဲ့ဆိုခဲ့တဲ့ စစ်ကိုင်းချောင်ဟာ 'ချောင်ကိုးချောင်' နဲ့ စခဲ့တာ



စာဗတ်ဝိုင်းနားချိန်မှာ ဖွယ်ဖွယ်ရာရာစားသောက်ကြ ......သဟာ





www.burmeseclassic.com

www.burmeseclassic.com

ပါတဲ့။ အဲဒါကို ညောင်ပင်သာ ဦးပုညက အခုလို လင်္ကာစီခဲ့ပါတယ်။

'သောနှင့်သတ္တာ၊ စတုမာ၊ သချာပုံမယွင်း၊
ရှင်အရဟံ၊ ထွတ်ဘုန်းလျှံ၊ စီမံခန့်ခွဲရင်း၊
ချောင်းလည်းကိုးချောင်၊ ပြူစုဆောင်၊ နောက်နောင်ပုံမယွင်း'

အခုတော့ စစ်ကိုင်းတောင်တော်မဟာမှာ စေတီတော်တွေ၊ ပရိယတ္တိစာသင်တိုက်တွေ၊ ပဋိပတ္တိ ရိပ်သာကြီးတွေ၊ ချောင်တွေဟာ လက်ညှိုးထိုး မလွဲတော့ပါဘူး။ အုတ်နီခဲရောင် တောင်ကြီးတွေ၊ မြစိမ်းရောင် သစ်တောအုပ်တွေ နောက်ခံမှာ ရွှေရောင်၊ ပုလဲရောင် တောက်ပနေတဲ့ စေတီပုထိုးတွေကို မြင်ရတာ အရသာတကာတို့မှာ အမြတ်ဆုံးအရသာ၊ အလှတကာတို့မှာ အမြတ်ဆုံးအလှလို့တောင် ပြောချင်ပါရဲ့။

စစ်ကိုင်းတောင်ရဲ့ ဝန်းကျင်ရှုခင်းကလည်း ကမ္ဘာပေါ်မှာ အလှဆုံး သဘာဝပန်းချီကားကြီးလို့ ပြောရပါတယ်။ ကြည့်လေ၊ ဣန္ဒြေရှင်မြစိမ်းရောင်မင်းသမီး လဲလျောင်းနေတဲ့ သဏ္ဌာန် မြမြမောင်းမောင်း ကမ္ဘောဇတောင်တန်းကြီးတွေ နဲ့နဲ့နောင်းနောင်း သွယ်ပျောင်းညွတ်ဝိုက်နေတဲ့ ရွှေမင်းဝံ တောင်တော်ရိုး၊ လယ်တွင်းကိုးခရိုင်ကွန်ရက်တွေနဲ့ ဆက်စပ်နေတာမို့ ရေရှင်လျှံဖိတ် ဆည်ရေရိပ်တွေနဲ့ ဖိတ်ဖိတ်လက်နေတဲ့ လယ်တောယာမြေတစ်ခွင်က စိုပြည်လွှင်လွှင်၊ တစ်ဆောက်တစ်ခို စောင့်ကြိုကြည့်လိုက်ပြန်တော့ လွမ်းရှိုက်လှိုက်မောစရာ ရှင်မဟာရဋ္ဌသာရတို့ သီတင်းသုံးတဲ့ ရွှေပြည်အင်းဝ တစ်ဖြာ၊ သည်ဘက်နားမှာကျတော့ ရွှေပြည်အမရ နန်းဌာန၊ ဟိုဘက်နားဆီ မျက်လုံးကလေး ကစားလိုက်ပြန်ရင် ကြွတ်နဖား တောင်ခြေစံရာမှာ အသည်းနင့်နင့် လွမ်းဆင့်ဆင့်

**မဟာမုနိအရိပ်တော်အောက်ဝယ် (ဝဲမှယာ) ခင်မောင်နိုင်ဦး၊ မြေလတ်မောင်မြင့်သူ၊ စာရေးသူ**



**မန်းတောင်ရိပ်ခိုကြတဲ့ (ဝဲမှယာ) မြေလတ်မောင်မြင့်သူ၊ စာရေးသူ၊ ရွှေနောင်ရိုး၊ ခင်မောင်နိုင်ဦး**



နဲ့ သစ္စာကို ရင်မှာပိုက်ရရှာတဲ့ ပုဂံဒေဝီ စောမွန်လှရဲ့ ရွှေစာရံ စေတီ၊ ကဲ- ဒီလို သဘာဝဝန်းကျင်၊ မဟာအလှစာရင်းဝင်ကို အဘယ်ပြည့်ရှင် ပိုင်လေမတုံး။

ကျွန်တော် အဲဒီလို ကြုံးဝါးကြွေးကြော်နေတုန်းမှာပဲ ကျွန်တော်တို့စီးလာတဲ့ ကားကလေးဟာ ဘုရားဖူးပရိသတ်တွေ ကြိတ်ကြိတ်တိုးနေတဲ့ ပတ္တမြားစေတီ ခြေတော်ရင်းမှာ အသာအယာ ဝပ်စင်းလိုက်ပါတယ်။

ပတ္တမြားစေတီတော်ဟာ စစ်ကိုင်းတောင်ရိုးရဲ့ အမြင့်ဆုံး တောင်ထွတ်ပေါ်မှာ တည်ရှိပါတယ်။ စစ်ကိုင်းတောင် အမြင့်ဟာ ပေပေါင်း ၁၃၇၀ ကျော် မြင့်တာဆိုတော့ ကျွန်တော်တို့ဟာ ပေပေါင်း ၁၃၇၀ ကျော်ကို တက်လာကြတာပေါ့။ အဲဒီလောက်မြင့်တာကို တချို့က ခြေကျင်တက်ပြီး ကုသိုလ်ယူကြပါတယ်။ ကားနဲ့တက်သူတွေကတော့ အများစု ဖြစ်ပါတယ်။

ပတ္တမြားစေတီကို တည်တဲ့ ဘုရားဒကာက လေးဦး၊ လေးမည်၊ လေးမူ ကွဲနေတယ်။ နံပါတ်တစ် အလှူရှင်က သီရိဓမ္မာသောက မင်းတရားကြီး၊ နံပါတ်နှစ် အလှူရှင်က အမျိုးအမည် မထင်ရှားတဲ့ ယာတောသူမကြီး (ယာတောသူမကြီးက သူ့ယာထဲက တောက်ရတဲ့ ပတ္တမြားကြီးကိုရောင်းပြီး ဘုရားတည်တာတဲ့၊ ဒါကြောင့် ပတ္တမြားစေတီလို့ တွင်တာတဲ့)၊ နံပါတ်သုံး အလှူရှင်က ဥမင်သုံးဆယ် ဘုရားဒကာ ပတူသယ်ရာဇာ၊ နံပါတ်လေး အလှူရှင်က နာမည်ကျော် သူခိုးကြီး ငတက်ပြား။ အချို့သုတေသီတွေက နံပါတ်နှစ်နဲ့ နံပါတ်လေးကို လျစ်လျူရှုကြပါသတဲ့။ ကျိုးကြောင်းဆင်ခြင် ပညာရှင်တို့ ကတော့ သာသနာတော်နှစ် ၂၂၄ ခုနှစ်မှာ သီရိဓမ္မာသောကမင်းကြီး တည်ထားတယ်၊ နောက်အလှူရှင်တွေက အဆင့်



www.burmeseclassic.com

www.burmeseclassic.com

ဆင့် ပြုပြင်မွမ်းမံ တည်ထားခဲ့ကြတယ်လို့ ယူဆမှတ်သားကြပါတယ်။

'ပတ္တမြားစေတီ ဘုရားရှိခိုး' ဂါထာတော်ကို အနက်ပြန်ဆိုထားတာကတော့ 'သီရိမ္မာ အသောကေန - သီရိမ္မာသောကဖြစ်သော၊ မဟာရာဇေန - တတိယသင်္ဂါယနာတင်ဘဝရှင်မင်းတရားကြီးသည်၊ ပဗ္ဗတဂ္ဂေ - စစ်ကိုင်းဇေယျာတောင်သေလာတွင် အမြင့်ဆုံးဖြစ်သော တောင်ထိပ်ဖျား၌၊ ယံ မဏိထူပံ - အကြင် ပတ္တမြားစေတီတော်ကို၊ နိမ္မိတံ - တည်ထားကိုးကွယ်အပ်ခဲ့လေပြီ' လို့ အနက်ပြန်ဆိုတော်မူပါတယ်။ တံ - ထိုပတ္တမြားစေတီတော်ကို၊ အဟံ - အကျွန်ုပ်သည်၊ သိရသာ - ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်၊ ဝန္ဒေ ဝန္ဒာမိ - ရှိသေမြတ်နိုး ရှိခိုးပါ၏။

ကျွန်တော်တို့ ပတ္တမြားစေတီထံတော်ပါးမှာ ဆုထူးတွေ ခြွေယူပန်ဆင်ပြီးတဲ့နောက် ဆွမ်းဦးပုညရှင်ထံတော်ပါးဝပ်တွားရောက်ရှိခဲ့ကြတယ်။ ဆွမ်းဦးပုညရှင် ရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်ရတဲ့အခါ. ရင်ထဲမှာ အေးချမ်းလိုက်တာ။ ရုပ်ပွားတော်မြတ်ကြီးရဲ့ ရှေ့တော်မှောက်မှာလည်း ဆွမ်းတော်ပွဲတွေ ပြည့်လျှံနေတာ အံ့တစ်ပါးပါပဲ။

ဟုတ်ပါတယ်၊ ဆွမ်းဦးပုညရှင် ဆိုတဲ့ ဘွဲ့တော်ကိုကတစ်မျိုး ထူးခြားနေတာပါ။ တချို့က အမျိုးမျိုးပြောကြပေမယ့် ကျမ်းဂန်ပါဠိ လာရှိသည်နှင့်အညီ သိမှတ်ရတာကတော့ စစ်ကိုင်း ဝါတွင်းဘုရားစဉ်အလိုက် ဆွမ်းတော်ကပ်တဲ့အခါ ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့မှာ အရင်ဦးဆုံး ဆွမ်းတော်ကပ်လှူရတဲ့ ဘုရားရှင်ဖြစ်တဲ့အတွက် 'ဆွမ်းဦးပုညရှင်' လို့ ခေါ်တွင်တာပါတဲ့။

ဝိဇယပူရ ပင်းယမှာ ထီးနန်းစိုးစံတဲ့ တစ်စီးရှင်သီဟသူရဲ့ ညာလက်ရုံး ပညာရှိအမတ်ကြီး ဦးပုညဟာ သက္ကရာဇ် ၆၇၄ ခုနှစ်မှာ စတင်တည်ထားကိုးကွယ်ခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် မူလဘွဲ့တော်ရင်း 'ပုညရှင်' ဖြစ်ပါတယ်။ ဒါကြောင့် 'ပုညရှင်စေတီအပါး စစ်ကိုင်းတောင် အထက်နားဆီက' လို့ ဆရာမြို့မငြိမ်း သီချင်းရေးခဲ့တာပေါ့။ 'စစ်ကိုင်းတောင် အထက်နားဆီက'ဆိုတဲ့အတိုင်း ဆွမ်းဦးပုညရှင်စေတီတော်မြတ်ကြီးဟာ စစ်ကိုင်းတောင်ရိုးရဲ့ ဒုတိယအမြင့်ဆုံး တောင်ထိပ်မှာ တည်ထားတာ ဖြစ်ပါတယ်။

နောက်ဆုံးပိတ် အိတ်နဲ့လွယ် ကျွန်တော်တို့ သွားရောက် ဖူးမြော်ခဲ့တဲ့ နေရာကတော့ သီတဂူဆရာတော်ဘုရားကြီး တည်ထောင်တော်မူတဲ့ ကမ္ဘာ့အကြီးဆုံး တက္ကသိုလ်ကြီးတစ်ဆူ ဖြစ်တော်မူတဲ့ ဗုဒ္ဓတက္ကသိုလ်ကြီးကို သွားရောက် ဖူးမြော် လှေ့လာကြပါတယ်။

အခုမှ စဉ်းစားမိတယ်၊ ဆရာရဲသျှမ်း စီစဉ်ပို့ဆောင်ပေးတဲ့ ဘုရားတွေဟာ အကြီးဆုံးနဲ့ အမြင့်ဆုံးဘုရားတွေ ဖြစ်နေတာပါလားလို့ သတိပြုမိရတယ်။ တော်တော် စိတ်ကူး ကောင်းတဲ့ ဆရာရဲသျှမ်းပါပဲ။ အချိန်တိုတိုအတွင်းမှာ မှတ်မှတ်ရရ စီစဉ်တတ်ပေရဲ့။ ဒီကုသိုလ်ကံ စေတနာတွေကြောင့် ဘေးဘယာတွေ ဝေးကွာပြီး စစ်ကိုင်းနဲ့မန္တလေးက ဆရာတို့ မိသားစုတွေအားလုံး ဆတက်ထမ်းပိုး အောင်မြင်တိုးတက်ကြ ပါစေကြောင်း မေတ္တာရေမောင်း သွန်းလောင်းလိုက်ပါရစေ

❑

"မြစ်မင်းဧရာ ခွဲကာဝိုင်းလို့ ××× စစ်
ကိုင်း အောင်ချာမြေ ××× ရေလှိုင်းကလေးတွေ
သွင်သွင်မြူးတော့ ××× ငွေရောင်ဖြူးကာနေ ×××
ရွှေတောင်ဦးမော် ရှုမျှော်ခင်းနဲ့ ××× မြစ်တွင်း
သာယာပေ ××× ချစ်ချင်းသံသာနေ ××× ဟသ်ာ
စင်ရော် ကြင်ဖော်တွဲလို့ ××× သဲကမ်းပါးယံ ဝဲပျံ
ကာနေ ×××"

(ရေး - မြို့မငြိမ်း၊ ဆို - ကိုအံ့ကြီး)

ကျွန်တော်တို့ စိန္တေယျာဦးမှာ ဆုထူးခြွေပြီးပြီ ကျွန်တော်တို့ ရှေ့ဆက်ရမယ့် ခရီးလမ်းဟာ အောင်ပန်းဝေ ဝေနေပြီဆိုတာ မမှိတ်မသုန် ယုံကြည်လိုက်ပါတယ်။ ဟုတ် ပါတယ်၊ အပြန်ခရီးတစ်လျှောက်မှာ ရေလှိုင်းလေးတွေ လည်း သွင်သွင်မြူးနေပါတယ်။ 'ရွှေတောင်ဦးမော်' ရှုမျှော် ခင်းကလည်း ကမ္ဘာ့ဂန္တဝင် ပန်းပညာရှင်အပေါင်း ခြယ်သ ရတဲ့ ဝန်းကျင်ရှုခင်း ဧရာမ မဟာ့ မဟာ အခင်းအကျင်း ပါပဲ။ ပီတိ သောမနဿ ဖြစ်ရတာ အသွေးထဲ အသား သာမက ရိုးတွင်းခြင်ဆီထိ အိအိရယ် စိုရပါတယ်။

ချစ်ချင်းသံသာတာတွေ၊ ဟသ်ာ စင်ရော် ကြင်ဖော် တွဲတာတွေ၊ သဲကမ်းပါးယံ ဝဲပျံတာတွေကတော့ ရင်မှာ တိတ် တိတ် ကျိတ်၍ ဖြေလိုက်ပါတော့မယ်လေ၊ နောင်ဘဝကျ ကျေးဇူးဆပ်ပါတော့မယ်။

အခုတော့ ဆရာဂျိုဇော်နဲ့ ချိန်းထားရာ နာမည်ကျော် ဘူဖေးစားသောက်ဆိုင်ကြီး ရှိရာဆီ ချီတက်ခဲ့ကြပါတယ်။ စားသောက်ဆိုင်ကြီးကလည်း ကျွန်တော်တို့ ရန်ကုန်မှာ ဒီသာ ကျွေးနေသလား အောက်မေ့ရတယ်၊ အုန်းအုန်း ထနေတော့တာပါ။ ဆရာမြေလတ်မောင်မြင့်သူ၊ ဆရာ

ဆရာရဲသျှမ်း၊ ဆရာစိုးလှိုင်တင့်၊ ဆရာနွေမွန်(မန်း)၊ ဆရာစိုးဝေလွှင်(အညာမြေ)၊ ကျွန်တော် ခုနစ်ယောက်စာ နေရာရဖို့ အစောင့်ရပါသေးတယ်။ ဆိုင်ဝန်ထမ်းတွေကလည်း သွက်သွက်လက်လက် ချက်ချက်ချာချာနဲ့ နေရာလစ်လပ်သွားတယ်ဆိုရင်ပဲ ကျွန်တော်တို့အတွက် ဖျတ်ဖျတ်လတ်လတ် စီစဉ်ပေးကြရှာပါတယ်။ ထမင်းဝိုင်းကြီးကတော့ ဟင်းခွက် သုံးရာပြည့်မှ စားတော်ခေါ်တဲ့ နရပတိစည်သူရဲ့ ထမင်းပွဲကြီးနဲ့ တင်လား ငါလားပါပဲ။ ကျွန်တော်ကတော့ ဟင်းကလေးတစ်ပွဲ၊ အသုပ်ကလေးတစ်ပွဲနဲ့တင် ခေါင်းမဖော်နိုင်တော့ပါဘူး။ ဟင်းက ဆိတ်သားချဉ်ဟင်းဖြစ်ပြီး အသုပ်က ထနောင်းရွက်သုပ် ဖြစ်ပါတယ်။ တင်းရည်ပူပူလေးနဲ့ဆိုတော့ စဉ်းစားကြည့်ပေါ့။ ဆရာမြေလတ်မောင်မြင့်သူကလည်း မြှောက်ပေးပါတယ်။ စားဗျ၊ ဒါမျိုးဟင်းတွေက ဒီမှာမှ စားရတာတဲ့။ ရန်ကုန်အားဆိုတာကလည်း သိတဲ့အတိုင်းပဲ၊ ဘဲဥနဲ့ ကြက်ဥတောင်အစင်းကောင်းမခွဲတတ်တာဆိုတော့ အခုလိုအားပေးတဲ့အခါ မြှောက်အောင် တံ့လှယ်မေတ္တာ ထားရတော့တာပေါ့။

ထမင်းစားပြီးကြတော့ ထုံးစံအတိုင်း လက်ဖက်ရည်။ လက်ဖက်ရည်ဆိုင်က တော်တော်ကို သပ်ရပ်ခမ်းနားပါတယ်။ ဝန်ထမ်းကျင်ကလည်း ရှင်းသန့် တိတ်ဆိတ်နေပါတယ်။ လက်ဖက်ရည်အရသာကလည်း ဖွတ်ရှယ်ပါပဲ။ အဲဒီလက်ဖက်ရည်ဆိုင်မှာ ထိုင်ကြတော့ မနီးမဝေးမှာ နေတဲ့ ဆရာ'စိုးနွယ်အိမ်' ကို သတိရပြီး ဖုန်းဆက်ခေါ် လိုက်တော့ သိပ်မကြာခင်မှာ ရောက်လာပါတယ်။ လက်ဖက်ရည်သောက်ရင်း စာအကြောင်း ပေအကြောင်း ပြောရတာကတော့ အကောင်းဆုံးပေါ့။ စားချင်တာတွေစား၊ သောက်ချင်တာတွေသောက်၊ ပြောချင်တာတွေပြောပြီးတဲ့ အချိန်မှာတော့ နေ့လယ် နှစ်နာရီထိုးတော့မယ်။ ဒါကြောင့် စစ်ကိုင်း ပြန်ဆက်ရုံးရှိရာဆီ သွားကြပါတော့တယ်။

စစ်ကိုင်း ပြန်ဆက်ရုံးမှာ စာအုပ်တွေ တော်တော်စုံပါတယ်။ ရှားပါးအဖိုးတန်တဲ့ စာအုပ်တော်တော်များများ တွေ့ရတာလည်း အားရစရာပါပဲ။ 'မြစ်မင်းရော ဗေယျာမြေ ဆော်ဝိုင်း'ကို ရုံးအပေါ်ထပ်မှာ ပြုလုပ်တာပါ။ ကျွန်တော်တို့ ရောက်သွားတော့ ပရိသတ်တွေ တော်တော်စုံနေပါပြီ။ ကျွန်တော်တို့လည်း အစီအစဉ်ကို အလျင်အမြန်ပဲ စတင်ကြတယ်။ အခမ်းအနားမှူးအဖြစ် 'စိုးဝေလွှင်(အညာမြေ)'က တာဝန်ခံပြီး ပါဝင်ဆွေးနွေးကြမယ့် စာရေးဆရာများနဲ့ ပရိသတ်ကို မိတ်ဆက်ပေးပါတယ်။ 'စိုးဝေလွှင်(အညာမြေ) ဟာ တော်တော် အာဝဇ္ဇန်းကောင်းသူပါ၊ ရယ်ရွှင်ဖွယ်စကားလေးတွေကိုလည်း ထည့်ပြောတတ်လေတော့ ကျွန်တော်တို့နဲ့ ပရိသတ်ဟာ အချိန်တိုအတွင်းမှာပဲ ရင်းနှီးသွားပါတယ်။ ပြီးတဲ့အခါ ဆရာရဲသျှမ်းက အက်ဆေး၊ ကဗျာ၊ အယ်ဒီတာနဲ့ ပတ်သက်တဲ့ မေးခွန်းတွေကို ဒိုးခနဲ ဒေါက်ခနဲ ဖျတ်ခနဲ စီကာစဉ်ကာ မေးပါတယ်။ ဆရာမြေလတ်မောင်မြင့်သူကလည်း လင်းခနဲ လက်ခနဲ ဝက်ဝက်ကွဲအောင် ဖြေဆိုဆွေးနွေးသွားပါတယ်။ ဆရာဂျိုဇော်နဲ့တကွ ပရိသတ်တွေ မေးမြန်းကြတဲ့ မေးခွန်းတွေနဲ့ ပြန်လှန်ဆွေးနွေးချက်တွေကိုလည်း ရေပက်မဝင်အောင် ပြန်လည်ဆွေးနွေးသွားတာ ကြောင်းကြောင်းပြေး။ ပရိသတ်တွေဟာ စိတ်ပါဝင်စား အလေးထားပြီး နားထောင်သူ၊ ရေးစရာ မှတ်စရာတွေကို သွက်သွက်လက်လက် ရေးမှတ်နေသူတွေနဲ့ သက်ဝင်လှုပ်ရှားနေတာဟာ ရသစာပေရှင်သန်ရေးအတွက် အားတက်စရာပါပဲ။

အမှို နေပါဦး၊ 'ရသစာပေရှင်သန်ရေးအတွက်'ဆိုတော့ မောင်ရင်တို့ ရသစာပေက သေနေလို့လားလို့ မေးချင်သူက မေးချင်သပဆို မေးလာနိုင်ပါတယ်။ ဟုတ်ကဲ့၊ အဲဒီမေးခွန်းကို မဖြေပါရစေနဲ့လို့ မေတ္တာရပ်ခံ တောင်းပန်ပါရစေ။

အင်ဂလိကန် ဂိုဏ်းချုပ် ဘုန်းတော်ကြီး အင်ဒရေမြဟန်(ခေါ်) ကဗျာဆရာ မောင်ပေါက်စည် (မန်းတက္ကသိုလ်) ရေးခဲ့တဲ့ ကဗျာကလေးတစ်ပုဒ် ရှိပါတယ်။

'ဝင်ရောက်ခိုနား
ပျံထွက်သွားသော်
ကိုင်းဖျားသိမ့်သိမ့် ကျန်ရစ်သည်' တဲ့။

ကဗျာကလေးက ရိုးရိုးကလေးပါပဲ။ မူကြိုကလေးတွေတောင် ဆရာမက တိုင်ပေးရင် လိုက်ဆိုတတ်ပါတယ်။ ကြီးကြီးကျယ်ကျယ်တွေ ဘာမှ မပါဘူး။ ငှက်ကလေးတစ်ကောင် သစ်ပင်တစ်ပင်ရဲ့ ကိုင်းဖျားမှာ လာနားပြီး ပျံထွက်သွားတဲ့အခါ သစ်ပင်ကိုင်းဖျားကလေး တုန်ခါပြီး ကျန်ခဲ့တယ်။ အနက်အဓိပ္ပာယ်ကလည်း ရှင်းရှင်းကလေးပါပဲ။ တစ်ခုရှိတာက မောင်ပေါက်စည် (မန္တလေးတက္ကသိုလ်)လို ကဗျာဆရာကြီးက ရိုးရှင်းတဲ့ ကဗျာတစ်ပုဒ်ကို တခုတ်တရ ရေးခဲ့တာကတော့ ပဟေဠိဆန်လွန်းလှပါတယ်။

သစ်ပင်တစ်ပင်ရဲ့ ကိုင်းဖျားဟာ 'လောက' ဆိုပါတော့၊ လောက ဆိုတာကလည်း ပညာရေးလောက၊ စီးပွားရေးလောက၊ နိုင်ငံရေးလောက၊ စာပေလောက စတဲ့ လူ့ပတ်ဝန်းကျင်မှာရှိတဲ့ 'လောကဇာတ်ခုံ အဖုံဖုံ' ဆိုပါတော့၊ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com

'လောကသစ်ကိုင်း' ထက်မှာ ငှက်ကလေးတွေ လာနားကြတယ်။ ပညာငှက်၊ စီးပွားငှက်၊ နိုင်ငံရေးငှက်၊ စာပေငှက် စတဲ့ စတဲ့ ငှက်ပေါင်းများစွာ။ ဒီလိုသာ ဖြန့်ကြက် တွေးခေါ် လိုက်မယ် ဆိုရင်တော့ စာကြောင်းသုံးကြောင်းသာ ပါတဲ့ ရိုးရှင်းလှတဲ့ ကဗျာလေးဟာ အနန္တစကြဝဠာ မဟာကဗျာ ဖြစ်သွားပါပြီ။ ဆိုလိုချင်တာက 'ရသစာပေ သေနေလို့လား' ဆိုတဲ့ အမေးကို မဖြေပါရစေနဲ့လို့ တောင်းပန်ရတာဟာ 'ကိုင်းဖျားသိမ့်သိမ့် ကျွန်ုရစ်သည်' ဝေဒနာတွေ တစ်ရေး မနိုးစေချင်လို့ပါ။ ရသစာပေ သစ်ကိုင်းဖျားဟာ သိမ့်သိမ့်တုန်ခဲ့ရပေါင်းများလှပါပြီကော။

အဲဒီအချိန်မှာပဲ ကံ့ကော်ဝတ်ရည်စာပေက 'ဝိုင်း'တို့ ရောက်လာတယ်။ ဝိုင်းရယ်၊ သူ့သား အငယ်ကောင် ပုလုကွေးရယ်၊ ပုလုကွေးရဲ့ ဆရာမရယ်။ 'ဝိုင်း'က ရန်ကုန်ကနေ မန္တလေးမှာ ကျောင်းတက်နေတဲ့ သူ့သားဆီ လာတာပါ။ အဲဒီလိုလာရင်း 'မြစ်မင်းဧရာ ဧဝတီမြေစာဖတ်ဝိုင်း'အတွက် စာအုပ်တွေ လာလှူတာပဲ ဖြစ်ပါတယ်။ ဒါကြောင့် စာဖတ်ဝိုင်းရယ်၊ ကံ့ကော်ဝတ်ရည်ဝိုင်းရယ် ဆုံစည်းကြတဲ့အခါ 'ဝိုင်း' နှစ်ဝိုင်း ဖြစ်သွားပါတယ်။ ဩော်- ရသစာပေချစ်သူများရဲ့ သံယောဇဉ်ဟာ ကြီးမားသန်စွမ်းလှပေတကား။

'မြစ်မင်းဧရာ ဧဝတီမြေ စာဖတ်ဝိုင်း' ဆွေးနွေးခန်းကို ကြည့်ရတာ ရင်ထဲမှာ ပီတိဖြစ်လိုက်တာ။ ပါဝင်ဆွေးနွေးကြတဲ့ ဆရာတွေက စေတနာ၊ မေတ္တာအပြည့်နဲ့ လာရောက်ဆွေးနွေးကြတာ ဖြစ်သလို တက်ရောက်လာသူတွေကလည်း တကယ် စိတ်ပါဝင်စားစွာနဲ့ လိုလိုချင်ချင် တက်ရောက်လာကြတာ ဖြစ်ပါတယ်။ ပရိသတ်အချို့ဟာ ကျွန်တော်တို့နဲ့ အမှတ်တရ ဓာတ်ပုံတွေ တွဲရိုက်ကြတယ်။ တကယ့်ကို ရင်းရင်းနှီးနှီး ချစ်ချစ်ခင်ခင်ပါပဲ။ စာပေဆွေးနွေးပွဲပုံစံ ဖြစ်တဲ့အတွက်လည်း အပြန်အလှန် ကူးလူးဆက်ဆံပြီး တိုင်ပင်နှီးနှောသလို ဖြစ်တာမို့ စိုစိုပြည်ပြည်လည်း ရှိပါတယ်။

တကယ်တော့ 'မြစ်မင်းဧရာ ဧဝတီမြေ စာဖတ်ဝိုင်း' လို စာပေအရေး လှုပ်ရှားတက်ကြွတဲ့ စာပေအဝန်းအဝိုင်းတွေဟာ ဒီဘက်မိုင်းမှာ အားရစရာ ကောင်းလောက်အောင် ဖွံ့ဖြိုးလာတယ်။ ဟိုးယခင် ယခင် စာပေရွှေခေတ်တုန်းက ဒီလိုစာပေအဝန်းအဝိုင်းတွေဟာ အောင်စည်ဟိန်းသံ တညံညံနဲ့ ချီတက်ခဲ့ကြတာပေါ့။ စနေစာပေဝိုင်းတို့လို၊ ဝိုင်အမ်စီအေ ဟောပြောပွဲတို့လို၊ ဓမ္မဗိမာန် ဆွေးနွေးပွဲတို့လို စာပေလှုပ်ရှားမှုတွေဟာ (အခြား လှုပ်ရှားမှုတွေလည်း ရှိပါသေးတယ်) တစ်ခဲနက်ပါပဲ။ မန္တလေးက အထက်ဗမာနိုင်ငံ စာရေးဆရာအသင်းတို့လို စာရေးဆရာအသင်းတွေရဲ့ လှုပ်ရှားမှုတွေဟာ လှိုင်းတံပိုးကြီးများပမာ အရှိန်အဟုန်ကောင်းခဲ့ကြတာပေါ့။ အဲဒီတုန်းက စာအုပ်တစ်အုပ်၊ မဂ္ဂဇင်းတစ်အုပ်ရဲ့ တစ်ကြိမ်ရိုက် အရေအတွက်ဟာ အောက်ထစ် သုံးထောင်ကနေ တစ်သောင်းခွဲ နှစ်သောင်း ရှိခဲ့တယ်ဆိုရင် မျက်လုံးလေးတွေ ကလယ် ကလယ် ဖြစ်ကုန်ကြမလား မသိဘူး။ စာရင်းဇယားနဲ့တကွ ရှိပါတယ်။ တချို့စာအုပ်တွေဆိုရင် သိန်းဂဏန်းတောင် ရှိပါတယ်။ ဒါဟာ စာပေလောကသားတွေ စုစည်းညီညွတ်မှုနဲ့အတူ စာပေလှုပ်ရှားမှုတွေကို အင်တိုက်အားတိုက် လုပ်ဆောင်နိုင်ခဲ့ကြတဲ့ ရလဒ်ပါပဲ။ အဲဒီ ကာလကို မြန်မာစာပေ ရွှေခေတ်လို့ သတ်မှတ်ခဲ့ကြတယ်။

နောက်တော့ သိတော်မူကြတဲ့အတိုင်း မြန်မာစာပေ လောကဟာ သရောကြီးခိုင်းခဲ့ရပါတယ်။ ရန်ကုန်မြို့ရဲ့ အကောင်းဆုံး ဟိုတယ်ကြီးမှာ တက်ပြီး စာရေးနိုင်ခဲ့တဲ့ စာရေးဆရာကြီးတချို့ သောင်ပြင်လွှတ်တဲ့ ရွှေဟင်္သာဘ ရောက်ခဲ့ရတယ်။ စာပေလှုပ်ရှားမှုကလေးတစ်ခု လုပ်ရ အရေး ရပ်ကွက်ကနေ တိုင်းအထိ ထောက်ခံစာတွေ၊ ကတိ ဝန်ခံချက်တွေ ရယူခဲ့ရပြီး တချို့ဆို အခမ်းအနား စတင်ခါနီး 'အထက်အမိန့်'နဲ့ ပိတ်သိမ်းခဲ့ရတယ်။ ဒီလိုနဲ့ စာပေလှုပ်ရှား တွေ ကြက်ပျောက် ငှက်ပျောက် ခြေရာဖျောက်ပြီး 'ကုန် အမည်လေးတွေနဲ့ စာ[illegible]မရပ်ဖန်းလေးတွေကို ပုန်းလျှိုးကွယ် လျှိုး ထူထောင်ကြရတယ်။ ဒီ[illegible]ကို မြန်မာစာပေအမှောင် ခေတ်လို့ သတ်မှတ်ခဲ့ပါတယ်။

ဒီလိုနဲ့ အသက်၊ အသွေး၊ ဘဝပေါင်းများစွာ စတေး ဒီမိုကရေစီခေတ် ရောက်လာတဲ့အချိန်မှာ စာပေလွတ်လပ် ရခဲ့ပြီ ဆိုပေမယ့်. . .။ ရသစာပေ ထုတ်ဝေမှုဟာ တစ်ပြ လုံး ဖြန့်တာတောင် စာအုပ်သုံးရာ မကုန်ဘူးဆိုတော့ တု လှုပ်ချောက်ချားစရာ။ ဒီမှာ ဆရာရဲသျှမ်းတို့လို ရသစာ မြတ်နိုးသူများက ပျံသန်းခြင်း၊ မျှဝေခြင်း စတဲ့ အစီအစဉ်တွေ ရသစာပေကမ်းပါးကို ကျောက်အုတ်နဲ့စီဖို့ ကြိုးစားခဲ့ကြ ကျောက်အုတ်နဲ့စီဖို့ ကြိုးစားရင်း ခြေမ ကွဲသူကွဲ၊ လက် ကွဲသူကွဲ။ အတောင်ရိုက်ချိုးခံရပေမယ့် မနားတမ်း ပျံသန် အခုတော့ မြစ်မင်းဧရာ ဧဝတီကမ်းမှာ ရသစာပေ ငှ ကလေးတွေ ဝဲကာပျံ။

ဆွေးနွေးပွဲ ခေတ္တရပ်နားချိန်မှာ ရုံးအဖွဲ့က ကျွန် တို့နဲ့တကွ ဧည့်ပရိသတ် အားလုံးကို စားသောက်ဖွယ်ရာများ

လပြည့်ဝန်းမဂ္ဂဇင်း"(စက်တင်ဘာလ၊ ၂၀



www.burmeseclassic.com

www.burmeseclassic.com

ည်ခင်း ဧည့်ခံပါတယ်။ အေးအေးဆေးဆေး ပြည့်ပြည့်စုံစုံ သောက်သုံးဆောင်ပြီးတဲ့အခါ ဆွေးနွေးခန်း ဒုတိယပိုင်းကို ြန်စကြတယ်။ စာအုပ်တွေ အများကြီးဖတ်ပြီးမှ သိရှိနိုင်တဲ့ စာပေရေးရာ ဗဟုသုတတွေ၊ အချိန်တွေ အများကြီးပေးပြီးမှ ကျေညက်နိုင်တဲ့ စာပေရေးရာ ပြဿနာတွေကို အချိန်တို အတွင်းမှာ ရှင်းလင်းသိမြင်သွားကြမှာ ဖြစ်တာမို့ ‘မြစ်မင်းရော ဧယျာမြေ စာဖတ်ဝိုင်း’ဟာ နှစ်လိုဖွယ်ရာ ဥပမိန့် ပြည့်စုံနေ တယ်လို့ ခံစားမိပါတယ်။ ကျွန်တော့်အနေနဲ့ စာပေရေးရာ သိမှတ်ဖွယ်ရာ နှမ်းစေ့ကလေးမျှ ပါဝင်ဆွေးနွေးခွင့် ရခဲ့တဲ့ အတွက် အားလုံးကို ကျေးဇူးတင် ဝမ်းမြောက်မိပါတယ်။

ကျွန်တော်တို့ ဆွေးနွေးပွဲဟာ ဘယ်လောက်ထိ အရှိန် ကောင်းသွားသလဲဆိုရင် သတ်မှတ်ချိန်ထက် ကျော်လွန်သွား တယ်။ တချို့က အချိန်မီ ပြန်ကြ၊ သွားကြရမှာရှိတဲ့အတွက် အမြန်ဆုံးနည်းနဲ့ ပန်းကန်လုံးစီးပြီး နိဋ္ဌိတံလိုက်ရပါတယ်။ အားလုံးရဲ့ မျက်နှာမှာ အပြုံးကိုယ်စီနဲ့ လန်းလန်းဆန်းဆန်း။ တက်ကြွဝင့်ထည်မှုတွေနဲ့ စွင့်စွင့်ကြွားကြွား။

❑

ဉာမညွန်းနဲ့ ချစ်ခွန်းသွဲ့ကာ (နွဲ့ကာ)၂
xxx ခနဲ့တာ မေ မယုံပေါင် မောင်၊ မောင့်ကဗျာ
တ (နားမရှင်းအောင်)၂ xxx ခက်ခဲ နက်နဲ သိမ်
မွေ့ဆောင် xxx ကာရန် အဓိပ္ပာယ် အယူအဆ
xxx အတွေးအခေါ်တွေက xxx လှလည်း လှပါ
ပေ့ မောင်၊ နားလည်ရအောင် xxx ဖို့ နားလည်
ရအောင် xxx မေ့ကိုကွယ် ရှင်းပြပါလား မောင်|၂

(ရှင့်ကဗျာရှင်၊ ရေး-ကိုမြတ်လင်း၊ ဆို-ချိုဝေလွင်)

ကျွန်တော်တို့ ‘မြစ်မင်းရော ဧယျာမြေစာဖတ်ဝိုင်း’ နွေးနွေးထွေးထွေး စာပေဆွေးနွေးပွဲကလေး အောင်မြင် သိမ်းဆည်းပြီးတဲ့အခါ ဆရာရဲသျှမ်းရဲ့ နေအိမ်ဆီ ပြန် ကြပါတယ်။ ဆရာ မြေလတ်မောင်မြင့်သူ၊ ဆရာဂျီဇော်၊ ရာရဲသျှမ်း၊ ဆရာစိုးလှိုင်တင့်၊ ဆရာနွေမွှန်(မန်း)တို့အပြင် တ်ထပ်ဇာတ်လိုက်တစ်ဦး ထပ်တိုးလာတယ်။ သူကတော့ ခင်မောင်နိုင်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ သူ ည်တို စာမျက်နှာတွေပေါ်မှာ မြင်သိရင်းနှီးပြီးသားပါ။ ရှင်လတ်လတ်ကိုတော့ အခုမှ တွေ့ရတာပေါ့။

အဲ- ဆရာရဲသျှမ်းအိမ်က စထွက်ပြီမှော့ ဆိုကတည်း ငိုးဝဲတစ်လျှောက်လုံး နှစ်လွှာယှက်မှ တစ်ရွက်မည်တဲ့ စွယ်တော်ရွက်ပမာ မခွဲမခွာပါလာတဲ့ ဆရာစိုးဝေလွင်(အညာ မြေ) တစ်ယောက်ကိုတော့ မတွေ့မိပါလား၊ ဪ- သူက ကျွန်တော်တို့ တစ်ဖွဲ့လုံးကို ဂုဏ်ပြုညစာနဲ့ တည်ခင်းကျွေး မွေးဖို့ သူ့အိမ်ကို ပြန်သွားတယ်ဆိုပါလား၊ စားဖို့ သောက်ဖို့ သူ့အိမ်မှာ ကြိုတင်ပြင်ဆင်ထားရအောင်လို့တဲ့။ ဟဲ-ဟဲ ရန်ကုန်သားတို့တော့ ဗူဇကာပုဏ္ဏား လှူတာ အကုန်စားပြီး ဗိုက်ခွေးနမ်းတော့မယ် ထင်ပါရဲ့။

ဆရာရဲသျှမ်းရဲ့ သစ်ပင်အုပ်အုပ်ကြီးတွေ မိုးကာပေး ထားတဲ့ အိမ်ရှေ့ခြံဝိုင်းကလေးမှာ ဝိုင်းထိုင်ကြပြီး ထွေလာ ဇကလာ ရောက်တတ်ရာရာတွေ ပြောကြ ဆိုကြ ရယ်ကြ မောကြ။ ဆရာရဲသျှမ်းကတော် ညှေ့ခံကျွေးမွေးတဲ့ ဖရဲသီး၊ သဘော်သီး၊ နဂါးမောက်သီး စတဲ့ သစ်သီးဝလံတွေကို စားကြ။ ရွာထောင်ရဲ့ ညနေခင်းဟာ သဘာဝရင်ခွင်မှာ မွေ့မွေ့သိမ်သိမ် လှပနေပါတယ်။

အဲ- ဆရာစိုးဝေလွင်(အညာမြေ)ရဲ့ အိမ်ဝိုင်းအတွင်း ရောက်သွားတဲ့အခါမှာတော့ လေချွန်သံတွေလိုလို၊ ပလွေသံ တွေလိုလို၊ လေမှုတ်ကိရိယာတွေ တစ်ပြိုင်နက် မှုတ်လိုက်တဲ့ အသံတွေလိုလို အမျိုးအမည် မခွဲခြားတတ်နိုင်တဲ့ ဂီတသံ တွေကို ကြားလိုက်ရသလို မှော်ဆန်ဆန် ဂီတသံတွေဟာ ရင်ထဲမှာ မြည်လာကြတယ်။

ကြည့်လေ၊ ဆရာ စိုးဝေလွင် (အညာမြေ) တည်ခင်း ထားတဲ့ စားသောက်ပွဲကြီးဟာ နာမည်ကျော် ဟိုတယ်ကြီး တစ်ခုရဲ့ စားသောက်ပွဲကြီးပမာ၊ တည်ခင်းထားတဲ့ နေရာက လည်း သူ့အိမ်ရှေ့က ပန်းခြံကြီးထဲမှာ၊ ပန်းခြံကြီးကလည်း သစ်ခွတွေ၊ ရှားပါးအဖိုးတန် ပန်းပင်တွေနဲ့၊ ဒါကို ကြည့်ခြင်း အားဖြင့် ဒီစားသောက်ပွဲရဲ့ အတိမ်အနက်ကို ခန့်မှန်းမိလို့ စောစောက ကြားရတဲ့ ဂီတသံတွေကို မှော်ဆန်ဆန် ကြား မိလိုက်တာ ထင်ပါရဲ့။ အဲဒီလို ထင်နေတုန်းမှာပဲ ဆိုင်ကယ် တဖုန်းဖုန်းနဲ့ လူနှစ်ယောက် ရောက်လာပါလေရော။ သူတို့ နှစ်ယောက် လမ်းလျှောက်လာတာကိုကြည့်ပြီး ကျွန်တော်တို့ အသည်းစွဲ ဇာတ်ဆောင် နှစ်ယောက်ဖြစ်တဲ့ ဦးစံရှားနဲ့ ဦးဒိန်းဒေါင်တို့ကို ဖျတ်ခနဲ သတိရမိတယ်။ တစ်ယောက်က သူ့ဟာသူဆိုရင်တော့ အရပ်ပုတယ် မဆိုသာပါဘူး။ ဒါပေမဲ့ သူ့ဘေးက အရပ်ရှည်ရှည်ကြီးနဲ့ တွဲလာတာဆိုတော့ သူဟာ ဦးစံရှားဖြစ်သွားပြီး ရှည်ရှည်ကြီးက ဦးဒိန်းဒေါင် ဖြစ်သွားပါ တယ်။ ဦးစံရှား ဆိုသူဟာ စာရေးဆရာ ‘သျှင်နေမင်း’ ဖြစ်ပြီး ဦးဒိန်းဒေါင် ဆိုသူကတော့ စာရေးဆရာ ‘ဂျွန်ကောလင်း’

ည်းသန်းမဂ္ဂဇင်း (စက်တင်ဘာလ၊ ၂၀၁၇).



www.burmeseclassic.com

www.burmeseclassic.com

ပါတဲ့။ ဂျွန်ကောလင်းရဲ့ အရပ်ကြီးဟာ မိုးထိလုမတတ် ရှည်ပါတယ်၊ ခုနစ်ပေလောက် ရှည်မလားပဲ၊ လူက ပိန်ပိန်သွယ်သွယ်ဆိုတော့ သူ့အရပ်ကြီးဟာ ပိုရှည်နေသလိုပါပဲ။ သူတို့လက်ထဲမှာ ပုလင်းတစ်လုံးကလည်း ပါလာသေးတာဆိုတော့ ပွဲက စည်ကားလိုက်မယ့်ဖြစ်ခြင်း။

ပညာရှိတို့ ပြေးကြည့်ရင် တွေးကြည့်တာထက် မှန်တယ် (ပညာရှိတို့ တွေးကြည့်ရင် ပြေးကြည့်တာထက် မှန်တယ် မဟုတ်ပါ) ဆိုတာ တကယ်မှန်တဲ့ စကားပါ။ စားကြသောက်ကြလို့ ဘာကြာလိုက်မလဲ ပထမစျာန် ဒုတိယစျာန်တွေ ဝင်လာပြီး သကာလ ကဗျာရွတ်ပွဲကြီး ဗုံချီး ကျင်းပကြပါတော့တယ်။ ဆရာဂျိုဇော်က ပွဲကို ဖဲကြိုးဖြတ်ပေးပါတယ်။ ပတ်ဝန်းကျင်က ကျယ်ကျယ်ဝန်းဝန်း၊ လူသံ ကားသံတွေက ကင်းကင်းရှင်းရှင်း ဆိုတော့ ဆရာဂျိုဇော်ရဲ့ ကဗျာရွတ်သံဟာ ဟိန်းထွက်နေပါတယ်။' နောက် ဆရာရဲသျှမ်း၊ ဆရာနွေမွှန်(မန်း) ဆရာ မြေလတ်မောင်မြင့်သူ၊ ဆရာသျှင်နေမင်း၊ ဆရာဂျွန်ကောလင်း၊ တစ်ယောက်ပြီးတစ်ယောက် ကဗျာတွေ ရွတ်လိုက်ကြတာ ကမ္ဘာ့အကောင်းဆုံး ကဗျာရွတ်ပွဲကြီးနဲ့ နဖူးတွေ့၊ ဒူးတွေ့ တိုးနေရသလိုပါပဲ။ ဗျာ၊ ခြော်- ဆရာစိုးလှိုင်တင့်၊ သူရော ကဗျာမရွတ်ဘူးလား၊ ဟုတ်ကဲ့၊ ဆရာစိုးလှိုင်တင့်ကတော့ မှော်ရုံတောမှာ သူယောင်မယ်လေးတွေနဲ့ ကဗျာ သွားရွတ်နေလို့တဲ့၊ အဲဒီက ပြန်လာမှ တွံတေးသိန်းတန်ရဲ့ 'ပြေးကြိုတော့ တွေးညှိရေ' ဟဲပြမတဲ့ ခင်ဗျ။

ဒီပွဲမှာ ရင်နှစ်ခြမ်း ဖြန်းဖြန်းကွဲသွားအောင် ဌာန်ကုန်၊ ကရိုဏ်းကုန် ကဗျာရွတ်သူကတော့ 'ခင်မောင်နိုင်ဦး' ပါပဲ။ သူ့ကဗျာထဲမှာ 'မိဘယ်သူရေ၊ မိဘယ်ဝါရေ' ဆိုတာလည်း ပါရဲ့၊ 'မသွားပါနဲ့၊ ခဏစောင့်ပါဦး' ဆိုတာတွေလည်း ပါရဲ့၊ တစ်ခါ တစ်ခါ ကဗျာကို မေ့နေလို့ 'နေဦးနော်၊ နေဦးနော်' ဆိုတာတွေလည်း ပါရဲ့။ ပရိသတ်ကို တဝါးဝါး တဟားဟား ပြုံးစားနိုင်စွမ်းတဲ့ ကဗျာမှော်ဆရာကြီးပါပဲ။

အဲ- နောက်ဆုံးပိတ် အိတ်နှံလွယ် 'ကိုစောညိန်းရဲ့ မိုးသက်လေနှင်'နဲ့ အားလုံးရဲ့ ဘဝင်နှလုံးကို ယူကျုံးသိမ်းပိုက်သွားသူကတော့ 'စိုးဝေလွင်(အညာမြေ)'။

"နယ်ရှစ်ခွင် မင်းလွင် ဝန်းကျင် xxx လွှမ်း
အောင်ဖော်ပြ အာကာဝေဟင် xxx ဘယ်ရွှေ
ဝင့်ကြွေး တံ့တင်ချေပြီ ထင်ခဲ့ xxx ရွှလှည့်
မြင်လှည့်စေချင် xxx ချစ်တဲ့သူ့ရဲ့ ရင်ခွင် xxx
သည်မိုးမှောင်တုန်း မောင် ပုန်းပါရစေ ခင် xxx"

ဆိတ်ငြိမ်အေးချမ်းပြီး မွေ့သိမ်နေတဲ့ ညချမ်းချိန်ခါမှာ မိုးသက်လေတွေ နှင်သွားလိုက်တာ ချမ်းရပါတယ် မိုးရေ

❑

"မန်းရွှေမြို့ကို အရောက်ဝယ် xxx
ပျူငှာစွာ ဆီးကြိုလို့ရယ် xxx မဟာ်မြတ်မုနိမှာ
ဆုမွန်တွေ ပန်ရွှယ်ကြသေးတယ် xxx မန်းမြို့ရဲ့
အလှများ လျှောက်ပြတယ် xxx ကျုံးနံဘေးဝယ်
အတူတွဲ လမ်းလျှောက်လို့လည် xxx"

(ကြိုနှင့်တော့ ရွှေညာသူ၊ ရေး -
တက္ကသိုလ်မောင်တင့်နွယ်၊ ဆို - ကိုရဲဝင်း)

အဲဒီညက မိုးသက်လေနှင်နဲ့အတူ ကျွန်တော်
စစ်ကိုင်းကို နှုတ်ဆက်ခဲ့ကြတယ်။ ဆရာဂျိုဇော်ကို ပြန်ပို့
မန္တလေးဘက်ဆီ ပြန်လာကြတော့ မြစ်မင်းဧရာ ခွေကာဝိုင်း
စစ်ကိုင်းမြို့ဟာ သူငယ်အိပ်ဆိတ် (ညရှစ်နာရီခန့်) အချိန်
လျှပ်စစ်မီးတွေ ထိန်ထိန်ညီးကာ လှပနေပြီ။ မင်းတ
အသခ်ယာစေ့ယွန်း ရုပ်တုကြီးကလည်း မီးရောင်တွေ ဖို
ဝင်းဝင်းနဲ့ ညခင်းအလှမှာ အားမာန်တွေ ကြွစေတယ်။ အဲ
ညက ခင်မောင်နိုင်ဦးရဲ့အိမ်မှာ အိပ်ကြတယ်။ မနက် မိုးလ
တော့ လက်ဖက်ရည်ဆိုင်ကြီးတစ်ဆိုင်မှာ ကျွန်တော်
နံနက်စာ စားကြတယ်။ အဲဒီမှာ မနေ့က မနက်ပိုင်းလေး
တွေ့လိုက်ရပြီး တစ်နေ့လုံး ပျောက်ချက်သား ကောင်းနေ
ဆရာမြင့်ခေါင်ကြည်ဟာ ဆရာနွေမွှန်(မန်း)နဲ့အတူ ကျွန်
တို့ထိုင်တဲ့ လက်ဖက်ရည်ဆိုင်ကို ရောက်လာတယ်။

စားပြီး သောက်ပြီးကြတဲ့အခါမှာတော့ ဆရာမြင့်ခေါ
ကြည်နဲ့ ဆရာနွေမွှန်(မန်း)တို့က သတ်သတ်၊ ကျွန်တော်
သုံးယောက်က သတ်သတ် လမ်းခွဲကြတယ်။ ဆရာမြင့်ခေါ
ကြည်နဲ့ ဆရာနွေမွှန်(မန်း)တို့က ကျွန်တော်တို့နှစ်ယော
ရန်ကုန်ပြန်ဖို့ အစီအစဉ်တွေ သွားလုပ်ကြတာ။ ဆ
မြေလတ်မောင်မြင့်သူရယ်၊ ဆရာ ခင်မောင်နိုင်ဦးရ
ကျွန်တော်ရယ်က မန္တလေး မဟာမုနိဘုရားကြီး သွား
တယ်။ ရန်ကုန်ရောက်ရင် ရွှေတိဂုံဘုရားကြီး ဖူးပြီးမှ ပြ
သလို မန္တလေးရောက်ရင်လည်း မဟာမုနိဘုရားကြီး ဖူ
ပြည့်စုံမယ်လေ။ ခင်မောင်နိုင်ဦးက သူ့ကိုယ်ပိုင်ကားနေ
လိုက်ပို့တယ်။ ဒီနေ့က တနင်္ဂနွေနေ့ဆိုတော့ ဘုရားဖြ
လူတွေ တိုးမပေါက်လောက်အောင် စည်ကားတယ်။ ရ
ရှင်ပြု နားသအဖွဲ့တွေကလည်း ဘုရားကြီးမှာ လာပြီး ဦး
နေလိုက်ကြတာ တစ်ဖွဲ့ပြီး တစ်ဖွဲ့ပါပဲ။





www.burmeseclassic.com

ww.burmeseclassic.com

မဟာမုနိဘုရားကြီးကို ဖူးမြော်ကန်တော့ပြီး ပြန်ဆင်းလာကြတော့ ဆရာရွှေနောင်ရိုးဆီ ဝင်ကြတယ်။ ဒါနဲ့ ကျွန်တော်တို့ လေးယောက်သား မန္တလေးတောင်ပေါ် ရောက်သွားကြပါတယ်။ အမှတ်တရပါပဲ။ မန္တလေးတောင်ပေါ်ကနေ မန္တလေးမြို့ရှုခင်းကို ငေးမောမိတဲ့အခါ ရင်ထဲမှာ လွမ်းလိုက်တာ။ လွမ်းစရာတွေက များလွန်းလို့ ထင်ပါရဲ့၊ ဘာကို လွမ်းမိမှန်းတောင် မသိတော့ပါဘူး။ ဘယ်ဆီလွမ်းမိ တစ်မသိခဲ့ ဆိုရတော့မှာပဲ။

မန္တလေးတောင်ပေါ်က ဆင်းလာကြတော့ နေ့လယ်ထမင်းစားချိန်လည်း ရောက်ပြီမို့ ထမင်းစားဖို့ မြန်မာထမင်းဆိုင် တစ်ဆိုင်ထဲ ဝင်ခဲ့ကြတယ်။ မြန်မာထမင်းဆိုင်ဆိုလို့ လျှော့မတွက်ပါနဲ့၊ မန်းဆန်ဆန္ဒ နန်းဟန်အပြည့်။ ဒီထမင်းပွဲကိုတော့ ဆရာရွှေနောင်ရိုးက ဧည့်ခံပါတယ်။ စားသောက်ပြီးလို့ ဆရာရွှေနောင်ရိုးကို အိမ်ပြန်ပို့တော့ ကျုံးဘေးကနေ ပြန်လာကြတာပါ။ မန္တလေးကျုံးတော်ကြီးဟာ ကြည်ကြည်လင်လင် သန့်သန့်ရှင်းရှင်းနဲ့ ကျက်သရေ အပြည့်ပါပဲ။ ဟိုတစ်ချိန်တုန်းကလို ဟိုရန်ပုံငွေ အကြောင်းပြ၊ ဒီရန်ပုံငွေ အကြောင်းပြ ဖွင့်ထားကြတဲ့ ဟိုဆိုင်တွေ၊ ဒီဆိုင်တွေလည်း ကျုံးရေပြင်ပေါ်မှာ မရှိတော့ပါဘူး။ အဲဒီဆိုင်တွေမှာ ညဘက်ကြီး မျက်မှန်အနက်တပ်ပြီး သီချင်းဆိုကြတဲ့ သီချင်းသည်လေးတွေလည်း ဘယ်ဆီ ဘယ်ဝယ် ရောက်ကုန်ကြပြီလဲ မသိ။

❑

ရင်မှာ အမြဲ အမှတ်တရနဲ့ ×××<br>
နှလုံးသားထဲ နေရစ်ကွယ် ×××<br>
နွေရာသီ ရင်ခတ်ပန်းတို့ ပွင့်ချိန်မယ် ×××<br>
နွေမှာပဲ သည်ဇာတ်လမ်းလေး ဆုံးခဲ့<br>
တယ် ×××<br>
အို. . . ချစ်မိတဲ့ ပန်းကလေးရယ်×××<br>
အို. . . ရင်- ရင်ခတ်ပန်းရယ် ×××<br>
အို. . . အို. . . လွမ်းမိတယ် အချစ်ရယ်<br>
××× ရင်ခတ်အလွမ်းရယ် ×××<br>
(ရေး-မောင်မောင်၊ ဆို-မွန်းအောင်)

ညနေ ငါးနာရီလောက်မှာတော့ ကျွန်တော်တို့ မန္တလေးဘူတာကြီးရဲ့ ပလက်ဖောင်းမှာ ရောက်နေကြပါပြီ။ ဆရာမြင့်ခေါင်ကြည်၊ ဆရာနွေမွန်(မန်း)၊ အခြားဆရာ သုံးလေးယောက် ပို့ဆောင် နှုတ်ဆက်ကြပါတယ်။ ဆရာမြေလတ်မောင်မြင့်သူနဲ့ ကျွန်တော်တို့ကို သယ်ဆောင်သွားမယ့် ရန်ကုန်အစုန် ရထားကြီးက အဆင်သင့် ဖြစ်နေပါပြီ။

ရထားဘေး ပလက်ဖောင်းပေါ်မှာ အခြားခရီးသွားတွေလည်း ကိုယ့်အုပ်စုလေးတွေနဲ့ကိုယ် စုဖွဲ့နေကြတယ်။ လိုက်ပို့သူနဲ့ ထွက်ခွာသူတို့ နှုတ်ဆက်စကား ပြောကြားနေကြတာ ဖြစ်တယ်။ တချို့လည်း ရယ်ရယ်မောမော ပြုံးပြုံးရွှင်ရွှင်၊ တချို့လည်း ငေးငေးမောမော တွေတွေမှိုင်မှိုင်၊ တချို့ကတော့ မျက်ရည်ကလေး စမ်းတမ်းတမ်း။ ရထားကြီးနောက်ခံထားပြီး ဓာတ်ပုံရိုက်သူတွေက ရိုက်။ ပစ္စည်း ပစ္စယတွေ လက်ဆောင်ပေးသူကပေး။ တကယ်တော့ ဒီပလက်ဖောင်းပေါ်မှာ ဝမ်းသာအားရ ထွေးပွေ့ခဲ့ကြရ၊ ဒီပလက်ဖောင်းပေါ်မှာပဲ ဝမ်းနည်းခွဲခွာ နှုတ်ဆက်ကြ။ ဘဝသရုပ်အပျော်ဇာတ်ထုပ်၊ အငိုဇာတ်ထုပ်တွေ ဒီပလက်ဖောင်းပေါ်မှာ ဘယ်လောက်တောင် ခြေရှုပ်ခဲ့ကြပါလိမ့်။

အချိန်တန်တော့လည်း ကျွန်တော်တို့ ပြန်ခဲ့ကြပါပြီ။

နှစ်တာရှည် လွမ်းခဲ့ရတဲ့ မန္တလေးနဲ့ စစ်ကိုင်းကို အလွမ်းပြေတစ်ခေါက် စမ်းရေသောက်ဖို့ ရောက်ခဲ့ရပြီးတဲ့နောက် အခုတော့ အလွမ်းတွေနဲ့ ခွဲခွာချန်ထား ပြန်သွားရပေဦးတော့မယ်။ အမှတ်တမဲ့ မသိန်းနား ဝင်ရောက်မိခဲ့တဲ့ စာပေလောက တောဟေဝန်မှာ စေညွှန်ရာ ပဥ္စလက်အစွမ်းတွေရဲ့ လက်ညှိုးညွှန်ရာ သောက်ခဲ့ရတဲ့ စမ်းရေတွေ မခန်းနိုင်သလို ကောက်ခဲ့ရတဲ့ ပန်းကြွေတွေကလည်း မဆုံရင်မှာ တဖွဲဖွဲရှာ။

နွေအခါသမယ တန်ခူးလမှာ ဝါကြန့်ကြန့် ရင်ခတ်ပန်းလေးတွေ ပွင့်ကြတယ်။ မိုးနဲ့ဆောင်းမှာ ရင်ခတ်ပန်းလေးတွေ အိပ်စက်ကြတယ်။ နွေရောက်တဲ့အခါ ရင်ခတ်ပန်းလေးတွေ နိုးထလာကြပေဦးတော့မယ်။ ဂီတနက်သန် ကိုစောညိန်းရဲ့ 'ပွင့်ဦး'ထဲကလို 'ဆက်သွယ် သန္တတိ မပြတ်သော ရုပ်နာမ်ပြောင်းလဲသည့်နှယ်' ဘဝ ဆိုတာကလည်း ဖြစ်ပြန်၊ ပျက်ပြန် လောကဓံသာပါပဲ။

ဒါပေမဲ့ နွေရောက်ရင်တော့ ရင်ခတ်ပန်းဝါဝါလေးတွေ ပွင့်ကြပေဦးမယ်။ ရင်မှာ ထိမှန်ခဲ့ရတဲ့ 'မြစ်မင်းဧရာဧယျာမြေစာဖတ်ဝိုင်း' ပုံရိပ်ပန်းတွေဟာလည်း အခါအခွင့်မသင့်လို့ ဝေးလွင့်နေစေဦးတော့ အချိန်တန်သင့်တဲ့အခါ ပွင့်လာတတ်တဲ့ ရင်ခတ်ပန်းလေးတွေပမာ ရင်ထဲက၊ ရသနှလုံးအိမ်ထဲ ထာဝရကိန်းအောင်းနေမှာ မလွဲပါဘူးလေ။

မေတ္တာရည်လျက်-

**တက္ကသိုလ် တင်ဟန်ကျော်**

❑





www.burmeseclassic.com

www.burmeseclassic.com

# ဗိုလ်နေဝင်းနှင့် သူကြီးရွှေဘ

နွယ်ဦးမွန်
(ကျုံဒါး)



ဒေးဒရဲမြို့အပိုင် ကျုံဒါးကျွန်းပေါ်တွင်ရှိသော သူကြီးပိုင် ဆယ်ရွာကို ဗိုလ်နေဝင်း (ရဲဘော်သုံးကျိပ်ဝင်)သည် ဖက်ဆစ်ဂျပန် တော်လှန်ရေးအတွက် စည်းရုံးလာခဲ့သည်။ လေးရွာ၊ မော်ဘီရွာ၊ ချောင်းကြီးရွာ၊ သံဖက်ရွာ၊ ကျုံချင်ရွာ၊ ကျုံပေါ်ရွာ၊ ကျွန်းညိုကြီးရွာများကို အောင်မြင်စွာ စည်းရုံးနိုင်ခဲ့သည်။ ကျန်နေသေးသည့် လိပ်ကျွန်းရွာသူကြီး ကျုံဒါးချောင်းရွာသူကြီးနှင့် ကျုံဒါးရွာမ သူကြီးများကို စည်းရုံးရေး ဆင်းရပေဦးမည်။ ထို့ကြောင့် သူ၏ လက်ရုံးနှစ်ယောက်ဖြစ်သော ချောင်းကြီးရွာမှ ကိုမြကြီးနှင့် ကိုဒေါင်းတို့ ညီအစ်ကိုနှစ်ယောက်နှင့် တိုင်ပင်ရလေသည်။

လိပ်ကျွန်းရွာသူကြီး ဦးရွှေဘသည် မြစ်ကမ်းနားဘေး၌ တည်ရှိသော လိပ်ကျွန်းရွာတွင်မနေဘဲ ကုန်းတွင်းပိုင်းကျသည့် လိပ်ကျွန်းသူကြီးအပိုင် ရွာတစ်ရွာဖြစ်သော ညောင်လေးပင်ရွာတွင် နေသည်။ ထိုရွာတွင် သူ၏ လယ်မြေများစွာရှိသည်။ ထိုရွာသည် လိပ်ကျွန်းသူကြီးပိုင် ရွာများ၏ အလယ်ဗဟိုကျသည့်အတွက် အုပ်ချုပ်မှုအပိုင်းတွင် အဆင်ပြေသည်။ ညောင်လေးပင်ရွာသည် ကျုံဒါးတိုက်နယ်မှ ချောင်းကြီးကျေးရွာသွားသည့် လမ်းပေါ်တွင်ရှိသည်။ ထို့ကြောင့် ကျုံဒါးသူကြီးနှင့် ကျုံဒါးရွာမ သူကြီးတို့ထံ သွားရင်း လမ်းကြုံဝင်ရန်သာ ဖြစ်သည်။

လိပ်ကျွန်းရွာသူကြီးနှင့် ဆွေးနွေးပြီးလျှင် ကျုံဒါးချောင်းရွာ၊ ကျုံဒါးရွာမသို့ ဆက်သွားမည်။ ကျုံဒါးရွာနှင့် ကျုံဒါးရွာမတို့သည် သွားရေးလာရေး အဆင်ပြေသည်။ ရွာမခြားဘဲ တစ်ရွာ



www.burmeseclassic.com

www.burmeseclassic.com

တည်းကို နှစ်ပိုင်းပိုင်းထားပြီး သူကြီး နှစ်ပိုင်း အုပ်ချုပ်ခြင်း ဖြစ်သည်။

ထိုရွာသုံးရွာသို့ သွားမည်ဆိုလျှင် ကုန်းလမ်း ရေလမ်းဖြင့် သွားနိုင်သည်။ ရေလမ်းကသွားလျှင် နည်းနည်းစိုးဝေးသည်။ အန္တရာယ်လည်းများသည်။ မြစ်ထဲ၌ ကင်းလှည့်နေသော ဂျပန်စစ်သင်္ဘောများနှင့် အချိန်မရွေး လမ်းတွင်ဆုံနိုင်သည်။ အကယ်၍ တွေ့ဆုံခဲ့သော် ဥပါယ်တံမျဉ်ဖြင့် ရှောင်ကွင်းရန် ခက်မည်။ ညဘက် တိတ်တိတ်ခိုးသွား၍လည်း လွယ်မည်မဟုတ်။ မြစ်ရိုးတစ်လျှောက်တွင် တဝင်းဝင်းနှင့် ရှပ်ယှက်ခတ်နေသော ဂျပန်စစ်သင်္ဘောများ၏ ဆလိုက်မီးများ၏ ရန်ကို ကြောက်ရသည်။

ကုန်းလမ်းကို စဉ်းစားကြသည်။ ယခုတလော ငပုတွေသည် ချောင်းကြီး ကျုံဒါးလမ်းပေါ်၌ လမ်းသလားနေကြသည်။ ကျုံဒါးရွာ၌ တပ်စွဲထားသော ဂျပန်စစ်သားများသည် ချောင်းကြီးရွာသို့လာသည်။ ရံဖန်ရံခါလည်း ကျော်၍ သွားကာ လေးရွာ မှော်ဘီရွာဘက်ဆီသို့ ရောက်သည်။ ပြန်လှည့်လာလျှင် ညောင်လေးပင်သူကြီးအိမ်သို့ ဝင်ပြီး စတည်းချသည်။ ပြီးမှ ကျုံဒါးသို့ ပြန်သည်။ ထိုလမ်းသည် သွားရ လာရ လွယ်ကူသောကြောင့် မကြာမကြာ လာကြ သွားကြသည်။ ညဘက်၌လည်း ကြောခဏကင်းပုန်းဝပ်သည်ဟု သတင်းရသည်။ လူခြေတိတ်ကိုစောင့်၍ သွားဖို့ရာလည်း ဂျပန်တွေကို လွတ်အောင် သွားနိုင်သည်ထားဦး၊ ညောင်လေးပင်ရွာသူကြီး ဦးရွှေဘသည် မိုးချုပ်သည်နှင့် မည်သူ့ကိုမျှ ဝင်ခွင့်မပြု၊ တွေ့ခွင့်မပေး။ ထို့ကြောင့် ညဘက် မှောင်ရိပ်ခို၍ သွားရန် အစီအစဉ်ကို မစဉ်းစားတော့ပေ။

နောက်တစ်လမ်းရှိသည်။ ချောင်းကြီးရွာမှထွက်၍ အနောက်ဘက် မြစ်ဘေးဖြစ်သော အစဲကြီးရွာသို့ ဖြတ်ဆင်းမည်။ အစဲကြီးရွာရိပ်ကိုခို၍ တောင်အစ်သို့ ဆင်းရမည်။ ကံကုန်းရွာ သို့ရောက်မှ ညောင်လေးပင်ရွာကို ဖြတ်တက်မည်။ လမ်းသည် တစ်ဆမက ပိုရှည်သည်။ သွားရေ ချောင်မည်။ သို့သော် ဤလမ်းကြောင်းသို့ ဂျပန်တို့ မလာဟု မပြောနိုင်။ ဂျပန်တွေသည် ခေါင်းကြီးသည်။ ဝီရိယ ကြီးသည်။ စည်းကမ်းရှိသည်။ တာဝန်ကို ငေးသည် အထိ ကျေပွန်စွာ ထမ်းဆောင်သည်။ မမျှော်လင့်သောနေရာ၌ လူစိမ်းများကို တွေ့လျှင် သေချာပေါက် အဖမ်းခံရနိုင်သည်။ ထို့ကြောင့် ဤလမ်းကိုလည်း သုံး၍ မဖြစ်ပေ။

အမျိုးမျိုးအဖုံဖုံ စဉ်းစားကြရသည်။ နောက်ဆုံးတော့ လမ်းဟောင်းကိုပဲ ရွေး၍ ကုန်းကြောင်းခရီးဖြင့် နေ့ဘက်၌ ရုပ်ဖျက်၍သာ သွားကြရန် စီစဉ်ကြတော့သည်။ အန္တရာယ်ရှိတာချင်းအတူတူ လမ်းရိုးဟောင်းသည် ရှောင်တိမ်းရန် နည်းလမ်း ရှိသည်။ အတာအကွယ် ယူစရာများလည်း ရှိသည်။ ဖောက်ထွက်ရန် နေရာများလည်း ပေါသည်။ ကိုမြကြီးနှင့် ကိုဒေါင်းသည် ဤလမ်းပေါ်၌ လျှောက်ရင်းကြီးပြင်းလာကြသူများဟုဆိုလျှင် မမှား။ လမ်းပေါ်၌ အပ်ကျသည်ကအစ ဘယ်နေရာတွင် ကြွက်တွင်းရှိသည် အဆုံးသိသည်။ ချောင်းကြီး ကျုံဒါး ညောင်လေးပင်ရွာကို မျက်စိမှိတ်၍ သွားနိုင်လောက်အောင် ကျွမ်းကျင်သည်။

ညောင်လေးပင်ရွာ ရွာသူကြီး ဦးရွှေဘအိမ်သို့ရောက်သောအခါ နံနက် ၉ နာရီ ထိုးနေလေပြီ။ သူကြီး၏ အိမ်သည် ညောင်လေးပင်ရွာ မြောက်ဘက်ထိပ် ခြံကျယ်ကြီးအတွင်း၌ ရှိသည်။ ခြံကြီးကို သွပ်ဆူးကြိုးစိပ်စိပ် သုံးထပ်ခတ်ထားသည်။

သစ်ပင် ဝါးပင်များကိုလည်း ပိတ်သိပ်နေအောင် စိုက်ထားရာ တံခါးဝမှ လွဲ၍ မည်သည့်နေရာမှ ဝင်၍မရပေ။ မလွယ်ပေါက်များကို လျှို့ဝှက်စွာ ဖောက်ထားသည်။ အတွင်းလူ မိသားစုများသာ သိသည်။ အပြင်လူ ဝင်ခွင့်မရှိ၊ ခြံတံခါးဝ၌ ကင်းသမားနှစ်ယောက်ကို နေ့ည အချိန်ပြည့် ကင်းချထားသည်။

ဗိုလ်နေဝင်းသည် ကင်းသမားကို စာပေးလိုက်သဖြင့် သူကြီးထံသို့ ကင်းသမား သွားသည်။ ဗိုလ်နေဝင်းတို့သုံးဦးသားသည် အနီးရှိ ဆီးဆန်ပင်၏အရိပ်၌ ထိုင်စောင့်နေကြသည်။

နာရီဝက်သာသာရှိမှ သူကြီးအိမ်ထဲမှ လူနှစ်ယောက် ထွက်လာသည်။ တစ်ဦးက ကင်းသမား၊ တစ်ဦးမှာ သူကြီး ဦးရွှေဘ၏သား မြို့ကျောင်းတက်နေသူ မောင်ချစ်ခိုင် ဆိုသူဖြစ်သည်။ မောင်ချစ်ခိုင်သည် ဗိုလ်နေဝင်းရှိရာသို့ လာ၍ ရှေ့တည့်တည့်ရပ်လိုက်ကာ သူ့ကိုယ်သူ မိတ်ဆက်ပေးပြီး စကား စပြောသည်။

"အဖေကတော့ ခေါင်းမာနေတယ်၊ ငပုတွေကို အရမ်းအထင်ကြီးနေတယ်၊ နိပ္ပွန်တပ်တွေဟာ ဒီစစ်ကို နိုင်မယ်ဆိုပြီး အခိုင်အမာ ပြောနေတယ်၊ ကျွန်တော်က ပြောတယ်၊ အဖေ - ဒီကောင်တွေ ဘယ်နည်းနဲ့မှ မနိုင်ဘူး၊ မဟာမိတ်တွေသာ နိုင်မှာ၊ မကြာခင်ကပဲ မက်ဒဝေးပင်လယ်မှာ ဂျပန်ရေတပ် ရှုံးသွားပြီ၊ အနောက်ဘက် စစ်မျက်နှာမှာလည်း နာဇီတွေ အလဲလဲ အကွဲကွဲ ရှုံးနေတယ်၊ ရုရှားစစ်မျက်နှာဆိုရင် နာဇီတပ်တွေ လုံးဝနီးပါးချေမှုန်း





www.burmeseclassic.com

www.burmeseclassic.com

ခံနေရတယ်၊ အိန္ဒိယကို ချီတက်မယ့် ဂျပန်စစ်ကြောင်းဟာလည်း မြန်မာပြည်မှာပဲ ရပ်တန့်သွားပြီ။

အဲဒီတော့ အဖေ ထင်သလို ဖြစ်လာမှာ မဟုတ်တော့ဘူး၊ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့တိုင်းပြည်ကို ဖက်ဆစ်ငပုတွေရဲ့ စစ်ဖိနပ်အောက်က လွတ်အောင် အဖေတို့ မြန်မာလူကြီးတွေ ရှေ့တန်းက ပါသင့်တယ်၊ တော်လှန်ရေးအင်အားစုတွေနဲ့ ပေါင်းကိုပေါင်းရမယ် အဖေ၊ ဒါဟာ အမျိုးသားရေးပဲ၊ ကိုယ့်အကျိုးစီးပွားတစ်ခုကို ကြည့်ပြီး ခေါင်းမရှောင်သင့်ပါဘူး၊ အဖေ့ကို သစ္စာဖောက် ဂျပန်အလိုတော်ရိလို့ နောင်လာနောက်သား ကဲ့ရဲ့လိမ့်မယ်၊ သစ္စာဖောက်တစ်ယောက်အဖြစ်နဲ့ အသက်ရှင်နေရတာထက် တိုင်းပြည်အတွက် အသက်ပေးရတာက မြတ်ပါတယ် အဖေရာလို့ ကျွန်တော် အမျိုးမျိုးပြောပါတယ်၊ ဒါပေမဲ့ မရဘူး။

အခုလည်း ဗိုလ်မှူးတို့ကိုအတွေ့ခံမှာ မဟုတ်ဘူး၊ ကျွန်တော်နဲ့ အတိုက်အခံဖြစ်ပြီး ဘယ်လိုမှ ပြောမရတဲ့အဆုံး ထွက်လာတာ၊ စိတ်မရှိပါနဲ့ ဗိုလ်မှူးရာ၊ ကျွန်တော် တောင်းပန်ပါတယ်၊ အဖေ့ကို ဘယ်လိုမှ သဘောမထားပါနဲ့၊ ကျွန်တော် တတ်နိုင်တဲ့ဘက်က ကူညီပါ့မယ်"

မောင်ချစ်ခိုင်သည် ပြောနေရင်း ခြံဝဆီသို့တစ်ချက်လှမ်းကြည့်လိုက်ပြီး-

"ဩော် - ဗိုလ်မှူးတို့ ဒီမှာ ကြာကြာနေလို့ မဖြစ်ဘူး၊ ဆယ်နာရီ ကျော်ရင် ဂျပန်စစ်ဗိုလ် ဒီကိုလာမယ်၊ အဖေနဲ့ ချိန်းထားတယ်"

မောင်ချစ်ခိုင်၏ စကားဆုံးသည်နှင့် သူကြီး၏ ခြံကျယ်ကြီးနောက်ဘက်ဆီမှ ခွေးဟောင်သံများ ကြားရသည်။

"ဟော-ပြောရင်း လာနေကြပြီနဲ့ တူတယ်"

မောင်ချစ်ခိုင်သည် ပြောရင်းမှ ခွေးဟောင်သံများဆီသို့ လှမ်းကြည့်နေစဉ် ခြံ၏ အနောက်ဘက်အပေါက်တွင် အစောင့်ချထားသော ကင်းသမား ငရွှေ အပြေးရောက်လာသည်။

"အစ်ကိုလေး၊ ဂျပန်စစ်သားတွေ ရောက်လာနေပြီ၊ ခေါ်ခဲ့ရမလား"

"အေး အေး ဒီကိုခေါ်လာပြီး အိမ်ထဲကို အရောက်ပို့လိုက်၊ မင်း ဘာစကားမှ မပြောနဲ့၊ အဖေမေးလည်း ဘာမှမပြောနဲ့ ဟုတ်လား၊ သွား သွား၊ ဟေ့ ငါ့ကိုမေးရင် မတွေ့ဘူးလို့ ပြောလိုက်"

ကင်းသမား ငရွှေ ထွက်သွားသောအခါ ချက်ချင်းပင် ဗိုလ်နေဝင်းတို့ကို ခေါ်လိုက်သည်။

"ဗိုလ်မှူးတို့ ကျွန်တော့်နောက်ကို လိုက်ခဲ့ကြပါ၊ ဒီက ပြန်ထွက်လို့မရတော့ဘူး၊ ငပုတွေနဲ့ တည့်တည့်တိုးလိမ့်မယ်"

မောင်ချစ်ခိုင်သည် ရှေ့မှသွားကာ လမ်းပြခေါ်၍ ခြံထဲ၌ လျှို့ဝှက်ဖောက်ထားသည့် အငုပါက်မှ ထုတ်ပေးလိုက်လေသည်။ ဗိုလ်နေဝင်းတို့ သုံးဦးသားသည် မောင်ချစ်ခိုင် ပြပေးလိုက်သော တောလမ်းအတိုင်း လျှောက်ခဲ့ကြရာ ကွမ်းတစ်ယာညက်ခန့်ကြသော် ချောင်းကမ်းနားဘေး လယ်စပ်၌ ဆောက်ထားသည့် တဲတစ်လုံးကို တွေ့သည်။ ထိုတဲသည် ကိုဒေါင်း၏ တူမတဲ ဖြစ်သောကြောင့် ဝင်လိုက်ကြသည်။ ထိုတဲ၌ပင် နံနက်စာစား၍ နေမစောင်းသည်အထိနေကြကာ ကျုံ့ဒါးသို့သွားရန် စောင့်နေကြရသည်။

ညောင်လေးပင်ရွာမှ ထွက်၍ ကျုံ့ဒါးသို့သွားသည့်လမ်းပေါ်သို့ ရောက်သည့်အခါ နေထန်းတစ်ဖျားခန့်ရှိပေပြီ။ ကျွဲအုပ်၊ နွားအုပ်များသည် ကျုံ့ဒါးရွာဘက်ဆီသို့လည်းကောင်း၊ ညောင်လေးပင်ရွာဘက်ဆီသို့လည်းကောင်း အသီးသီး ဦးတည်၍ ပြန်နေကြသည်။ မိုးချုပ်တော့မည်ဖြစ်၍ လူသူ အသွားအလာလည်း မရှိသလောက် ကျဲပါးသည်။

နယ်မြေကျွမ်းကျင်သော ကိုမြကြီးနှင့် ကိုဒေါင်းသည် အခြေအနေကို အကဲခတ်လိုက်သည်။ ကျုံ့ဒါး၌ ရှိသော အမာခံရဲဘော်များ လာကြိုနိုင်သည်။ သူတို့လာမည်ကို တချို့ရဲဘော်သိသည်။ သို့သော် လူရိပ်လူယောင်ကို မတွေ့ရပေ။ ထို့ကြောင့် သတိအနေအထားဖြင့် တဖြည်းဖြည်း လျှောက်ခဲ့ကြသည်။ ဤခရီးကား အလွန်အရေးကြီး၍ သက်စွန့်ဆံဖျား သွားရပေမည်။

လမ်းတစ်ဝက်ခန့် အရောက်တွင် လိပ်ကျွန်းဗိုလ်ကတော်မူချောင်ဘက်ဆီမှ ပိဿာချိန် (၇၀)ခန့်ရှိမည်ထင်ရသော ဝက်ကြီးတစ်ကောင်ကို ကြိုးနှင့်ဆွဲ၍ ကျုံ့ဒါးသွားသည့် လမ်းပေါ်သို့ ဖြတ်တက်လာသည့် ဂျပန်စစ်သား လေးယောက်ကို လှမ်းမြင်ရသည်။ ဂျပန်စစ်သားတွေကလည်း သူတို့လာသည်ကို လှမ်းကြည့်နေသည်။

"ဟာ- ငပုတွေ ဟ"

အရင်လှမ်းမြင်လိုက်သူ ကိုမြကြီးမှ ရုတ်တရက်ပြောလိုက်ခြင်းဖြစ်သည်။

"ဟေ့အေး၊ ဟုတ်တယ်"

ကိုဒေါင်းက တစ်ဆက်တည်း ပြောသည်။ သူတို့က ဂျပန်စစ်သားတွေဟု သိသော်လည်း သူတို့ကို မည်သူမည်ဝါ သိမည်မဟုတ်ပေ။ ကိုက်တစ်ရာခန့် ဝေးသည့်အတွက်ဖြစ်သည်။ ဗိုလ်နေဝင်းသည် တစ်ချက်အကဲခတ်သလို စူးစူးစိုက်စိုက် ကြည့်လိုက်ပြီး လ



www.burmeseclassic.com

www.burmeseclassic.com

အနီးတွင်ရှိသည့် ရေအိုင်ခွက်ထဲသို့ မှုတ်တရက် ပက်လက်လှန်လဲချလိုက်သည်။ ကိုဒေါင်းနှင့် ကိုမြကြီးလည်း ဗိုလ်နေဝင်း ဘာဖြစ်သွားမှန်း မသိ၍ ကြောင်ကြည့်နေကြသည်။

ဗိုလ်နေဝင်းမှ လက်ယပ်ခေါ်မှ ပြေးဆင်းသွားပြီး ဗိုလ်နေဝင်းကို ဆွဲထူကြသည်။

ဗိုလ်နေဝင်းက လက်ကာ၍-

"ကျွန်တော့်ကို ခင်ဗျားတို့ နှစ်ယောက် တွဲပြီးလျှောက်၊ ဟိုကောင်တွေက ဘာဖြစ်တာလဲ မေးရင် လေဖြတ်ပြီး ရေအိုင်ထဲ လဲကျသွားလို့ တွဲလာရတာလို့ ပြော၊ ခပ်တည်တည်ဆက်လျှောက် ဟန်မပျက်စေနဲ့။

အခြေအနေ မကောင်းမှ လက်ဦးယူပြီး ငရုတ်ကောင်းမှုန့်နဲ့ တိုက်မယ်၊ နောက်ဆုံးအဆင့် မသုံးမဖြစ်မှ သေနတ်သုံးမယ်၊ ဒါပဲ မရှင်းတာ ရှိသလား"

"မရှိဘူး ဗိုလ်မှူး"

"ကဲ - ဆက်သွား"

ကိုမြကြီးနှင့် ကိုဒေါင်းသည် ဗိုလ်နေဝင်းကို နှစ်ယောက်ညှပ်တွဲပြီး ဖြည်းဖြည်းမှန်မှန် လျှောက်လာကြသည်။ ငပုတွေလည်း လာလမ်းအတိုင်း သာနေကြသည်။ ဂျပန်စစ်သားများသည် တစ်ချက် တစ်ချက် အကဲခတ်သလို မသက်ာကြည့် ကြည့်သည်ကို တွေ့နေရသည်။ တစ်အောင့်ကြာသော် ကြက်ခြေခတ်အနေအထားဖြင့် ဆုံကြသည်။

နေဝင်သွားပြီဖြစ်၍ မကြာမီ မှောင်တော့မည်။ ဤအမှောင်ရိပ်များ ကျရောက်လာခြင်းကို အကာအကွယ်ယူ၍ ...ရောက်မည်။ ဗိုလ်နေဝင်းတို့ကို ကြည့်လျှင် သာမန်လယ်သမားများဟု ...ရသည်။ လယ်လုပ်ရင်းဝတ်သော အကျီ၊ ပုဆိုးတို့ ဝတ်ဆင်ထားကြပြီး ဆံပင်ကိုလည်း အရှည်အုပ်၍ ဖရိုဖရဲဖြစ်အောင် ဖားလျားချထားသည်။ ကွမ်းစား၍ မည်းညစ်နေသောသွားများကဲ့သို့ အတုများ တပ်ထားပြီး ပါးစပ်ထဲ၌လည်း ကွမ်းများကို ငုံထားကြသည်။

ဗိုလ်နေဝင်း၏ တစ်ကိုယ်ထုံးကို သျှားစေးကို ရေဖျော်ပြီး လိမ်းကျံထားသောကြောင့် ညှိညှိညစ်ညစ်ဖြစ်နေသည်။ ၎င်းတို့ သုံးဦးသည် အရပ်အမောင်း အလုံးအထည် တူသယောင်ရှိသည်။ လူငယ်များ ဖြစ်သော်လည်း အရွယ်ကျအောင် ပြုပြင်ထားသည့်အတွက် အသက်ငါးဆယ်ခန့် လူကြီးရုပ်များ ပေါက်နေတော့သည်။

"ဘာဖြစ်လာတာလဲ"

ဂျပန်စစ်ယူနီဖောင်း ဝတ်ထားသည့် ဗမာက ဗမာစကားဖြင့် မေးခြင်းဖြစ်သည်။ မေးလိုက်သူမှာ ကျုံဒါးချောင်းကျေးရွာ ကျူတောရပ်ကွက်မှ တော်လှန်ရေးရဲဘော် ကုလားငမြဖြစ်သည်ကို သိလိုက်ရသောကြောင့် အားတက်သွားကြသည်။ ချက်ချင်း အသံပေးဆည့် အနေပြင် တုံ့ပြန်၍ အသံပြုလိုက်သည်။

"လမ်းလာရင်း လေဖြတ်သလိုဖြစ်ပြီး ရေအိုင်ထဲ လဲကျသွားလို့ တွဲခေါ်လာတာပါ"

ကိုမြကြီးက ဖြေလိုက်သည်။ ဂျပန်စစ်ဗိုလ်သည် ရွှံ့ရေများပေကျံနေသော ဗိုလ်နေဝင်း၏ မျက်နှာကို တစ်ချက်ကြည့်ပြီး ကုလားငမြကို မေးသည်။ ကိုမြကြီး ပြောသည့်အတိုင်း ကုလားငမြက ဂျပန်စစ်ဗိုလ်ကို ဖြေသည်။ ငပုတွေ တွေဝေနေပုံရသည်။ အယ်အရာကိုမျှ သဲသဲကွဲကွဲ မြင်ရသည့်အချိန်မဟုတ်ပေ။ အမှောင်ထုကြီးစိုးစပြုလာပြီ ဖြစ်သောကြောင့် မှုန်ဝါးနေသည့် အခွင့်ကောင်းကို ကောင်းကောင်းအသုံးချလိုက်သူမှာ ကုလားငမြ ဖြစ်သည်။

လက်ထဲ၌ ကိုင်ထားသော ဝက်ကြီးကို ကြိုးလွှတ်ပေးလိုက်ရာ ဝက်ကြီးသည် တစ်ချိုးတည်း ဦးတည်ရာ ပြေးလေတော့သည်။ ငပုသုံးကောင်နှင့် ကုလားငမြလည်း အားလုံးကို မေ့သွားပြီး ထွက်ပြေးသွားသည့် ဝက်ကြီး၏ နောက်သို့သာ တစ်ဟုန်ထိုး လိုက်ကြသည်။

နံနက်ပိုင်းက သူကြီးဦးရွှေဘအိမ်၌ ရောက်နေသော ဂျပန်တစ်စုလည်း ပြန်သွားလေပြီလား၊ ရှိသေးသလား ဆိုသည်ကိုတော့ မသိပါ။

သို့သော် ကိုစွမရှိ ညအမှောင်နှင့် နယ်မြေကျွမ်းကျင်မှုကို အသာစီးရသဖြင့် ရှောင်တိမ်းရန် ကိုးဆယ်ရာခိုင်နှုန်း အခွင့်အလမ်းရှိသည်။

ဗိုလ်နေဝင်းတို့ လူစုသည် အမှောင်ထဲသို့ တိုးဝင်ကွယ်ပျောက်သွားသည်။ ကျုံဒါးသည် နယ်မြေသစ်ဖြစ်သော်လည်း ရဲဘော်ကုလားငမြသည် တော်လှန်ရေးရဲဘော်များ ကျုံဒါးသို့ ဝင်ရောက်နိုင်ရန် ငပုကောင်တွေကို ကောင်းကောင်း လှည့်စားထားမည်မှာ အမှန်ပင်။

**နွယ်ဦးမှန်(ကျုံဒါး)**

❑



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှ အဆက်)

"ခမည်းတော်တို့ဟာ လူ့ဘဝမှ ...တော့ခဲ့ကြပြီး အခုလူမဟုတ်ကြတော့ ...ဘဝကို ရောက်ရှိနေကြပြီ၊ အထက် ...တ်မင်းကြီးတွေက ဆင့်ခေါ်နေလို့ ...ည်းတော် သွားလိုက်ဦးမယ်" ဟုဆို ... အဝေးသို့ ထွက်ခွာ၍ ပျောက်ကွယ် ...သွားပါသည်။

"မယ်တော်၊ သားတော်တို့တွေ ...န်းတကူးတောင်ပေါ်ကို သွားကြည့်ရ ...အောင်"

"ကောင်းသားပဲ သားတော်"

"ဟုတ်တယ်၊ အစ်မတော်တို့ ...ည်း သွားချင်တယ်"ဟုဆိုကြပါသည်။

ကျွန်တော်တို့ ယခုရောက်နေ ...သောနေရာသည် မည်သည့်နေရာမှန်း ...ထိသကဲ့သို့ ဤနေရာမှ မှန်းဆလျှင် ...ည်း အုန်းတကူးတောင်သည် မည်မျှ ...ဝေး၍ မည်သည့် အရပ်မျက်နှာဘက် ...တွင် ရှိသည်ဟူ၍ မသိနိုင်သော်လည်း ကျွန်တော်တို့ စိတ်မှ ရည်မှန်းထားရာ ...န်းတကူးတောင်တော်ဆီသို့ လေတွင် ...ပါသွားကာ တစ်ခဏအတွင်း ရောက် ...သွားခဲ့ပါသည်။

ထိုတောင်ပေါ်တွင် အိမ်တော် ...နှင့် အကြီးတော်ချုပ်၊ စစ်ကဲကြီးနှင့် ...သည်အားလုံးတို့က ကျွန်တော်တို့ကို ...ဆင့်ကြိုလျက်ရှိကြပါသည်။ ၎င်းတို့ ...ည် ဒေါသဖြင့် ကွယ်လွန်ခဲ့ကြ၍ ...စောင့် ဘီလူးကြီးများ ဖြစ်နေကြ ...ည်ဟု အလိုလို သိရှိနေသော်လည်း ...တော်တို့၏ အမြင်တွင်မူ ပကတိ ...သွင် အတိုင်းသာ တွေ့မြင်ရပါ ...သည်။

"သခင်မကြီး၊ သခင်လေးနဲ့ ...လေး တို့ကို ဂါရဝပြုပါတယ်" ဟု ဆိုကာ အရိုအသေ ပြုကြပါသည်။

တောင်ပေါ်တွင် ကျွန်တော်တို့၏ တဲများ မရှိတော့ပါ။ ကျွန်တော်တို့အတွက် လှပသော တိုက်ခန်းနှင့် သပ္ပာယ်လှသော ရွှေဆင်းတုနှင့် ဘုရားခန်းကြီး ပါဝင်သော လှပအဆန်းကြယ်၍ ကြီးမားထည်ဝါလှသော အဆောက်အအုံကြီး ပေါ်ပေါက်၍ နေသည်ကို တွေ့ရှိရပါသည်။

ကျွန်တော်သည် တောင်စောင်းသို့သွား၍ ရွာဘက်ကို လှမ်းကြည့်မိသည်။ ပြောင်းလဲ၍နေသည်ကို တွေ့ရ၏။ ကျွန်တော်တို့ကို မီးရှို့သတ်ခဲ့သော ရင်ခတ်ပင်ကြီးမှာ အရာပင် မကျန်ရှိတော့သော်လည်း ထိုနေရာတွင် မြက်သော်မျှ ကောင်းကောင်းပေါက်နိုင်ခြင်း မရှိဘဲ တလင်းပြောင်ဖြစ်နေပါသည်။

ကျွန်တော်တို့တွင် ဘာမျှကြာမြင့်လိုက်သည်ဟု မထင်ရသော အချိန်တိုကလေးအတွင်းမှာပင် လူ့ဘုံ၌ နှစ်ပေါင်းများစွာ ကုန်ဆုံးလွန်မြောက်သွားပြီဖြစ်ကြောင်း သတိပြုမိလိုက်ပါသည်။

ခဏကြာလျှင် ဖခမည်းတော် ပြန်လည်ကြွမြန်း ရောက်ရှိတော်မူလာ၍ ကျွန်တော်တို့အားလုံး ရှိသေစွာ ဖူးမြော်ခစားလိုက်ကြပါသည်။

"ငါကိုယ်တော်ဟာ ဒီအုန်းတကူးတောင်တော်မှာ ငါကိုယ်တော်တို့ လူ့ဘဝမှ မစုတေမီ လှူဒါန်းခဲ့တဲ့ ရတနာတွေကို စောင့်ရှောက်ဖို့ သိုက်ချုပ်ဖြစ်ချပြီ၊ အားလုံးဟာ လူ့ဘဝတုန်းက ရာထူးများအတိုင်း နေထိုင် ခစားကြစေ"

"မှန်လှပါ၊ သင့်မြတ်တော်မူလှကြောင်းပါ အရှင်ဘုရား"

ထိုအချိန်မှစ၍ ကျွန်တော်တို့သည် သိုက်နန်းရှင် နဂါးများဘဝသို့ ရောက်ရှိခဲ့ရပြီ ဖြစ်ကြောင်း သိရှိရပါတော့သည်။ ကျွန်တော်တို့ သိုက်နန်း၏ နောက်တွင် ဥယျာဉ်ကြီးတစ်ခုရှိ၍ ထိုဥယျာဉ်ကြီးထဲတွင် လှပမွှေးပျံ့လျက်ရှိသော ပန်းမျိုးစုံတို့ ဝေဆာစွာ ပွင့်လန်းလျက်ရှိပါသည်။ စိမ်းမြသော မြက်ခင်းပြင်သည်လည်း လှပလွန်းလှ၍ သီပြာမျိုးစုံနှင့် ပျားပိတုန်းတို့ တိုသည်ပျံ့ဝဲလျက် ရှိကြပါသည်။

ထိုဥယျာဉ်၏ အလယ်တွင် ကန်ပေါင်ကို လှပဆန်းကြယ်စွာတန်ဆာဆင်ထားသည့် ကြာမျိုးငါးပါးဖြင့် ပြည့်စုံသော ရေကန်တော်ကြီး ရှိပါသည်။ ကျွန်တော်တို့သည် ထိုကန်အတွင်းသို့ ဆင်း၍ ပျော်ရွှင်စွာ ရေကစားနိုင်ပြီး ထိုကန်သည် သမုဒ္ဒရာနှင့်ဆက်သွယ်သော ဥမင်ရှိ၍ ထိုမှ တစ်ဆင့် နဂါးပြည်သို့ သွားရောက်နိုင်ပါသည်။

နဂါးပြည်၌လည်း ကျွန်တော်တို့၏ စည်းစိမ်အဆောင်အယောင်များနှင့် တကွ အခြွေအရံများစွာ ရှိပါသည်။ နဂါးပြည်တွင် စည်းစိမ်ချမ်းသာဖြင့် နေထိုင်ကြရပြီး တစ်နေ့မပြတ်သာ သိုက်နန်းသို့ လာရောက်၍ ကြည့်ရှုစစ်ဆေးကာ သိုက်နန်းတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်၏ ဝေယျာဝစ္စများကို ဆောင်ရွက်ရခြင်း၊ ပူတီးစိပ်ခြင်း၊ ဂုဏ်တော်ပွားခြင်းတို့ကို သတ်မှတ်ထားရှိသည့် အချိန်အတိုင်းအတာ ပြည့်မီအောင် ဆောင်ရွက်ကြရပါသည်။

အမိဌာန် ပျက်ကွက်စေခြင်း မရှိရပါ။ တစ်နေ့တာအတွက် အမိဌာန်တာဝန်တို့ ပြီးဆုံးသွားလျှင် နဂါးပြည်သို့ သွားရောက်၍ ရရှိထားသည့် စည်းစိမ်များကို နတ်တို့ကဲ့သို့ ခံစားနိုင်ပါ၏။

ကျွန်တော်တို့တွင် အခြွေအရံ အခြအာယ မောင်းမမိဿံမြောက်များ





www.burmeseclassic.com

www.burmeseclassic.com

ရရှိထားသဖြင့် အားလုံးလိုပင် မှတ်မိသိရှိနိုင်ခြင်း မရှိပါ။

ကျွန်တော်တို့သည် နတ်စည်းစိမ်မှ ချမ်းသာသုခများကို ခံစား စံစားနေကြရသော်လည်း သိုက်နန်းသို့ ရောက်ရှိသည့်အခါတိုင်း ပကတိလူ့လောကမှ ရေမြေတောတောင် မြင်ကွင်းများကို မြင်တွေ့နေကြရရာ လူ့ဘဝတွင် တွေ့ကြုံဖြစ်ပျက်ခဲ့ကြရသော နာကြည်းကြေကွဲဖွယ်ရာတို့ကိုပြန်လည်မြင်ယောင်မိကြ၍ စိတ်နှလုံး မပျော်ရွှင်နိုင်ဘဲ ဝမ်းနည်းပူဆွေးလျက် ရှိကြရပါသည်။

ကျွန်တော့်တွင်မူ ကျွန်တော့်မိသားစုနှင့် ထပ်တူထပ်မျှ ခံစားရခြင်းအပြင် စောရတနာနွယ်ကို မေ့ပျောက်၍ မရနိုင်သဖြင့် အချိန်တိုင်း သတိရတမ်းတနေမိပါ၏။ လူ့လောကတွင် နှစ်ပေါင်းများစွာ ကုန်လွန်သွားပြီ ဖြစ်၍ စောရတနာနွယ်သည် မည်သည့်ဘုံဘဝ မည်သည့်အမျိုးဇာတ်တွင် ရောက်ရှိ၍ နေလေပြီနည်း မသိနိုင်ပါ။ ထို့ကြောင့် ကျွန်တော်တို့ မိသားစုသည် ပျော်ရွှင်လန်းဆန်းမရှိဘဲ အစဉ်ညှိုးနွမ်းလျက် စိတ်ထောင်းကိုယ်ကြေဖြစ်၍ နေကြရပါ၏။

ထို့ကြောင့် ကျွန်တော်တို့ မိသားစု၏ ဖြစ်အင်ကို မကြည့်ရက်နိုင်သော မြန်မာနိုင်ငံတာဝန်ခံ သိုက်ချုပ်ဘိုးဘိုးကြီးသည် အထက်နတ်မင်းကြီးများ၏ သဘောထားကို ရယူလျက် ကျွန်တော်တို့မိသားစုနှင့် ယက္ခကြီး(၁၀)ဦးတို့ကို တံတားဦးမြို့နယ် တောင်တစ်လုံးသိုက်သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေပါသည်။

ထိုတောင်တစ်လုံး သိုက်နန်းရှင်များကို ကျွန်တော်တို့နေရာ အုန်းတကူးသို့ စေလွှတ်ပါသည်။ ပစ္စည်းများကို မရွှေ့ပါ။ သိုက်နန်းရှင်များကိုသာ နေရာချင်း လဲလှယ်ပေးခြင်းဖြစ်ပါသည်။

တောင်တစ်လုံးတောင်သည် အရှေ့အနောက်သွယ်တန်းလျက်ရှိသော တောင်မဲညိုတောင်တန်း၊ မိုးစပ်တောင်တန်းကြီးများ၏ အရှေ့ထိပ်တွင် တစ်လုံးတည်း ထီးတည်းတည်ရှိ၍ မြင့်မားမတ်စောက်လှကာ ပေတစ်ထောင်ကျော်မြင့်မား၍ အပူပိုင်းဒေသဖြစ်သော်လည်း သစ်ခွပင်များ ပေါက်ရောက်လျက်ရှိပါသည်။

ကျွန်တော်တို့သည် မြေပေါ် သိုက်နန်းသာ ပြောင်းလဲသွားသော်လည်း ရေအောက်နဂါးစည်းစိမ်မှာမူ နေရာဌာန ပြောင်းလဲသွားခြင်း မရှိပါ။ ယခင်နေရာ ယခင်စည်းစိမ်အတိုင်းသာ ဖြစ်ပါ၏။

ထူးဆန်းသည်မှာ ကျွန်တော်သည် နဂါးပြည်တွင် အခြွေအရံများစွာဖြင့် နေထိုင် ခံစားကြရသော်လည်း သိုက်နန်းသို့ သွားရောက်ရသောအခါ နဂါးအခြွေအရံတို့ လိုက်လာခွင့် မရှိ လိုက်ပါ၍ မရသောကြောင့် ဘုရားဝေယျာဝစ္စများကို ကျွန်တော်နှင့် အစ်မတော်နှစ်ပါးတို့ ကိုယ်တိုင်ဆောင်ရွက်ကြရပါသည်။

တောင်တစ်လုံးသိုက်သို့ ရောက်ရှိလာကြသောအခါ ရေမြေသစ်၊ ပတ်ဝန်းကျင် အသစ်တို့ကြောင့် အတိတ်လူ့ဘဝအကြောင်းအရာတို့ကို တဖြည်းဖြည်း မေ့ပျောက်၍လာနိုင်ကြပြီဖြစ်ကာ ရွှင်ရွှင်လန်းလန်း ဖြစ်လာကြပြီ ဖြစ်သော်လည်း ကျွန်တော့်တွင်မူ စောရတနာနွယ်ကို မနေ့တစ်နေ့ကကဲ့သို့ပင် မေ့မရနိုင်ဘဲ သတိရတမ်းတနေမိပါ၏။

ကျွန်တော်သည် အချိန်တိုင်း ထိုအကြောင်းကို တွေးတောလျက် ကြာလေ ဆိုးလေဖြစ်ကာ ညှိုးနွမ်းလျက် ပါသည်။

ထိုအချိန်၌ လူ့သက်တမ်းအ ဖြင့် နှစ်ပေါင်း (၄၀၀)မျှ ကြာမြင့်ခဲ့ ဖြစ်ပါသည်။ နောက်ဆုံးတွင် ကျွန်တော် သည် မည်သို့မျှ ဖြေဆည်မရနိုင်သဖြ (၃၁)ဘုံလောက အဲလယ်၌ တွေ့ တွေ့ပြား ရှာဖွေကြည့်ရန် လူ့ပြည် လူ့ဌာနသို့ သွားရောက်လိုပါကြောင်း လျှောက်ထားပန်ကြားမိပါတော့သည်။

ထိုအခါ ခမည်းတော်မှ -

"အခု သိုက်ဘဝမှာကျတော့ ခမည်းတော်တို့ရဲ့ အထက်မှာ အဆင့်ဆင့် အုပ်ချုပ်မှုတွေရှိတယ်၊ လူ့ပြည် တုန်းက ဆိုရင်တော့ ခမည်းတော်ရဲ့ သဘောတစ်ခုတည်းနှင့် ဆုံးဖြတ် ရတာပေါ့။

လူ့ပြည်မှာ ဥပဒေစည်းကမ်း တွေရှိသလို သိုက်လောကမှာလည်း ရှိတာပဲ၊ သိုက်ချုပ်တွေဟာ လူ့ပြည် သွားခွင့်မရှိဘူး၊ အဲဒါကြောင့် သိုက် ချုပ်ဘိုးတော်နဲ့ သိုက်ချုပ်မယ်တော် ဖြစ်တဲ့ ခမည်းတော် မယ်တော်တို့ လူ့ပြည်ကို မသွားရဘူး၊ သိုက်နန်း တစ်ခုမှာ တစ်ချိန်မှာ တစ်ယောက် လျှင် သွားခွင့်ရှိတယ်၊ နှစ်ဦးပြိုင်သွား မပြုဘူး။

တစ်ခါ လူ့ပြည်ကိုသွားခွင့် ကြီးစဉ်ငယ်လိုက်အတိုင်း ချသွားပေး ဖြစ်တယ်၊ တစ်ခုတော့ရှိတယ် အလှည့် ကျသူက မိမိအစား လူ့ပြည်ကို သွား သူကို ခွင့်ပြုပါတယ်လို့ ကိုယ်တိုင် လျှောက်ထားပေးရင်တော့ သွား ရနိုင်တယ် သားတော်"

ထိုအခါ ကျွန်တော်သည် အစ် တော်ကြီးကို အားကိုးတကြီး ကြည့် သည်။



www.burmeseclassic.com

www.burmeseclassic.com

အစ်မတော်တို့သည် အစဉ်အမြဲဖြင့် ကျွန်တော့်အပေါ်တွင် မေတ္တာတရား ကြီးမားသူများ ဖြစ်ကြကာ အလိုလိုက် အကြိုက်ဆောင်မြဲဖြစ်ကြ၍ ကျွန်တော်၏ပူပင်သောကများကိုလည်း မကြည့်ရက်ကြသည်ဖြစ်ရာ -

"ခမည်းတော်၊ သမီးတော် လျှောက်ထားတောင်းပန်ပါရစေ ဘုရား၊ သမီးတော်ရဲ့ လူ့ပြည်သွားခွင့်ကို ကျေနပ်ကြည်ဖြူစွာနဲ့ မောင်တော်လေး ကို လွှဲပြောင်းပေးအပ်ပါတယ် ဘုရား"

"ဒါဆိုလည်း သားတော်လေးက အငယ်ဆုံးဆိုတော့ သူ့အလှည့်မရောက်သေးဘူး၊ ဒုတိယ အလှည့်ကျတဲ့ သမီးတော်ရဲ့ ဆန္ဒကို လျှောက်တင် တင်ပြရလိမ့်မယ်"

ကျွန်တော်သည် အစ်မတော် တို့ကို အားကိုးတကြီး ကြည့်မိပြန်ပါသည်။ အစ်မတော်ငယ်သည်လည်း အစ်မတော်ကြီးနည်းတူ ကျေနပ်စွာ [illegible]ပေးပြန်ပါသည်။

ထိုကိစ္စကို နယ်ပိုင်သိုက်ချုပ်ထံ [illegible] သွားရောက်တင်ပြရာ ဤကဲ့သို့ [illegible]သည့်စွာ ညှိနှိုင်းခဲ့ပြီးကြပြီဆိုလျှင် [illegible]ည်သို့ သွားရောက်ခွင့်ပြုပါမည်။ [illegible]သော် လူ့ပြည်သို့ မသွားရောက်မီ [illegible]နှစ်ချက်ကို သစ္စာဆိုသွားရမည်။ [illegible]ည်သို့ရောက်လျှင် သိုက်ကြိုးမဖြတ် [illegible]ထောင်မပြုရ၊ ထိုစည်းကမ်းကို [illegible]ရမည်။ နိဗ္ဗာန်ရောက်ကြောင်း [illegible]များကို အားမထုတ်ရ။ ထိုသို့ [illegible]လျှင် လူ့ပြည်မှ ချက်ချင်းပြန်ခေါ် [illegible] ထိုသို့မပြုလျှင် လူတို့၏ သက် [illegible]အထိ လူ့ပြည်တွင်ထားရှိမည် [illegible]စည်းကမ်းကို ပြောပြကာ သစ္စာ [illegible]၍ နောက်မှ လိုက်ဆိုစေပါ

ထို့နောက်တွင် ကျွန်တော်တို့သည် နဂါးပြည်သို့ ပြန်ခဲ့ကြပါသည်။

ကျွန်တော်၏ အိပ်ဆောင်အတွင်းရှိ သလွန်တော်ကို အဆန်းတကြယ်ဖြင့် အလှပဆုံးဖြစ်အောင် ဆိုင်ရာမိန်းကလေးများမှ ပြင်ဆင်လျက် ရှိကြပါသည်။ ပန်းမွှေးရာ၊ ပန်းမျက်နှာကြက်တို့ကို ပြုလုပ်ကြပြီး မြပန်းအိုးကြီးများဖြင့် နဂါးပြည်တွင်သာရှိသော အလှဆုံးသော ပန်းတို့ကို ထိုးစိုက်ကြပါသည်။

ခမည်းတော်၊ မယ်တော်နှင့် အစ်မတော်တို့က ကျွန်တော့်ကို မှာတမ်းခြွေ၍ မဆုံးနိုင်အောင် ရှိနေပါသည်။

ကျွန်တော် လူ့ပြည်သို့ သွားရောက်စဉ် ကာလ၌ ကျွန်တော်၏ ရုပ်ကလာပ်သည် ဤသလွန်အပေါ်မှာပင် မပျောက်မပျက် တည်ရှိနေပေလိမ့်မည်။ ကျွန်တော်မှ သိုက်ကြိုးဖြတ်လိုက်လျှင်သော်လည်းကောင်း၊ နိဗ္ဗာန်ရောက်ကြောင်းတရားများကို ကျင့်ကြံပွားများအားထုတ်၍ တစ်မဂ် တစ်ဖိုလ်ရရှိသွားလျှင်သော် လည်းကောင်း၊ ကျွန်တော်၏ ရုပ်ကလာပ်သည် ကွယ်ပျောက်သွားပေလိမ့်မည်။ ဤနေရာတွင် ကျွန်တော်၏ ရုပ်ကလာပ် ရှိနေသေးသရွေ့ ကျွန်တော်သည် တစ်နေ့တွင် ဤသိုက်နန်းသို့ ပြန်လည်ရောက်ရှိလာမည်ဖြစ်ကာ ရှင်သန်၍ လာမည်ဖြစ်ပါသည်။

"မောင်လေး၊ မင်းဟာ လူ့ပြည်ကို ရောက်သွားရင် အစ်မတော်တို့ကို မေ့သွားလိမ့်မယ်၊ အဲဒီအခါကျ အစ်မတော်တို့က လာပြီး သတိပေးမယ်နော်၊ တဖြည်းဖြည်း ပြန်ပြီးသတိရလာလိမ့်မယ်၊ အဲဒီအခါကျရင် မောင်တော်လေးက သာသနာပြုလုပ်ငန်းတွေ ကောင်းမှုကုသိုလ်တွေ လုပ်ကိုင်ဆောင်ရွက်ပြီး ခမည်းတော်၊ မယ်တော်၊ အစ်မတော်တို့အတွက်၊ ပြီးတော့ သိုက်နန်းရှင်တွေအတွက်၊ ပြီးတော့ (၃၁)ဘုံသား အားလုံးအတွက် အမျှပေးဝေပေးပါ"

"ကောင်းပါပြီ အစ်မတော်တို့၊ မောင်တော်လေး အမြဲတမ်း မှတ်မှတ်ရရနဲ့ အမျှကုသိုလ်ပေးဝေပေးပါ့မယ်၊ တကယ်တော့လည်း အခုလို မောင်တော်လေး လူ့ပြည်ကို သွားခွင့်ရရှိခဲ့တာဟာ အစ်မတော်တို့ရဲ့ ညာတာမှုနဲ့ ကျေးဇူးတရားတွေကြောင့်ပါ"

မကြာမီ ကျွန်တော်သည် သိုက်ဘဝမှ စုတေရတော့မည် ဖြစ်သောကြောင့် ခမည်းတော်၊ မယ်တော်တို့နှင့် အစ်မတော်တို့ကို ကန်တော့လိုက်ပါသည်။ ခမည်းတော်၊ မယ်တော်နှင့် အစ်မတော်တို့သည် မျက်ရည်ဝဲလျက် ရှိပါ၏။

ထို့နောက် အစ်မတော်တို့ကို ကန်တော့လိုက်ပြန်ပါသည်။ တကယ်တော့ ကျွန်တော်သည် မတရားပါ။ ကျွန်တော်လူ့ပြည်သို့ သွားရောက်ခြင်းကို ကျွန်တော့်မိသားစုအားလုံးမှ ဆန္ဒမရှိကြပါ။ ကျွန်တော် စိတ်ချမ်းသာစေရန် လိုက်လျောပေးကြခြင်းဖြစ်ပါသည်။

သိုက်နဂါးဘဝသည်ကား ဘေးကင်းရန်ကွာလျက် ချမ်းသာခြင်းအတိ ရှိပါ၏။ လူ့ဘဝ၊ လူ့လောကသို့ တိုးဝင်ရမည်မှာ မျက်ကန်းတစ္ဆေမကြောက် စမ်းတဝါးဝါး ရှိလှပါ၏။ အနာဂတ်ကို ကြိုမမြင်နိုင်သောကြောင့် ဆင်းရဲဒုက္ခနှင့် ဘေးအန္တရာယ်တို့ တွေ့ကြုံရမည်မှာ သေချာလှပါ၏။

ကျွန်တော် ရှာဖွေမည့် စောရတနာ့နွယ်ကတော့ ဘယ်ဘဝ ဘယ်အခြေအနေ ဘယ်ဆီ ရောက်နေမှန်းမသိ။



www.burmeseclassic.com

www.burmeseclassic.com

နှစ်ပေါင်းများစွာက သမုဒ္ဒရာ အတွင်းသို့ ကျပျောက်သွားသော အပ် တစ်စင်းအား ရေငုပ်၍ ရှာသူကဲ့သို့ အကျိုးရလဒ်နှင့် ပေးဆပ်ရခြင်းမှာ မထိုက်တန်လှမှန်း သိပါ၏။ သို့သော် ကျွန်တော်သည် စောရတနာနွယ်အား ပေးဆပ်ခြင်းများစွာဖြင့် စွန့်စားကာ ရှာဖွေကြည့်ရန် နောက်မဆုတ်သော သန္နိဋ္ဌာန်ကို ချခဲ့မိပါပြီတည်း။

လူ့ဘဝတွင် ကံအကြောင်း ကောင်း၍ သူနှင့် ကျွန်တော် သက်တူ ရွယ်တူ ပြန်လည်ဆုံတွေ့ခွင့်ရသည် ဆိုပါစို့၊ သူ့ကို ကျွန်တော် မှတ်မိပါ မည်လား။ ကျွန်တော်က မှတ်မိလျှင် လည်း သူက ကျွန်တော့်ကို မှတ်မိပါ မည်လား။ ပြီးခဲ့သော အတိတ်ဘဝက ကျွန်တော် သူ့ကို မေတ္တာကမ်းလှမ်းရန် စိစဉ်နေဆဲ ကွယ်လွန်ခဲ့ရခြင်းဖြစ်ရာ သူ့ရဲ့ မေတ္တာကို မရရှိခဲ့၊ သူ့ရဲ့ သဘော ထားကို မသိရှိခဲ့ရ။ ယခုဘဝတွင်ရော သူသည် ကျွန်တော့်ကို မေတ္တာရှိနိုင်ပါ မည်လား။ မျှော်လင့်အားတို့ လျော့နည်း ရပါ၏။

ကျွန်တော်သည် အတွေးစတို့ ကိုဖြတ်၍ သလွန်တော်ပေါ်သို့ တက် ရောက်လိုက်ပြီး ပက်လက်အနေအထား လှဲအိပ်လိုက်သည်။ အစ်မတော်တို့သည် ရွှေအနားကွပ်သော ကတ္တီပါ ခြုံထည် စကြီးကို ကျွန်တော့်ကိုယ်ပေါ်သို့ လွှမ်း ခြုံပေးလိုက်ကြပါသည်။ မယ်တော်သည် ကျွန်တော့်မျက်နှာပေါ်သို့ ပန်းရောင် ပဝါကလေး အုပ်ပေးလိုက်သည်။

တစ်ခဏ အတွင်းမှာပင် ကျွန် တော်၏ သတိတရားတို့ တဖြည်းဖြည်း ကွယ်ပျောက်သွားပြီး တစ်ဆက်တည်း မှာပင် မျက်စိထဲ၌ နေသာချိန်တွင် မျက်စိမှိတ်ထားပြီး ကြည့်သောအခါ မျက်ခွံကို ဖောက်၍လာသော အလင်း များကြောင့် နီနီရဲရဲကြီးကိုသာ မြင်တွေ့ နေရသကဲ့သို့ ဖြစ်ပါ၏။

အမှန်မှာ ကျွန်တော်သည် တောင်တစ်လုံးရွာနှင့် (၇)မိုင်ခန့်ဝေး သော မြို့သာအရှေ့ရွာရှိ ပြည်ကြီး တရုတ်ကြီး၏ မြန်မာဇနီး ဒေါ်ဖွားအုံ၏ ဝမ်းကြာတိုက်အတွင်းသို့ ရောက်ရှိကာ ပဋိသန္ဓေစွဲကပ်ရခြင်း ဖြစ်ပါသည်။

ဝမ်းတွင်း၌ရှိစဉ်၊ မွေးကင်းစ အချိန်၊ နို့စို့အရွယ် စသော ကာလများ ကား ဝေဝေဝါးဝါးတွေပြားလျက် ဘာကိုမျှ မမှတ်မိပါ။ တဖြည်းဖြည်း လူမှန်း သိတတ်စအရွယ်မှာသာ ကျွန်တော်၏ ဘဝကို သိရှိပါတော့သည်။ ကျွန်တော် ၏ ဖခင်ကြီးသည် မြန်မာစကား မပြော တတ်ပါ။ မိုးဟိန်းကုမ္ပဏီနှင့်အတူ မြန်မာနိုင်ငံသို့ ရောက်ရှိလာခြင်း ဖြစ် ကြောင်း သိရပါသည်။

ကျွန်တော့် မိခင် ဒေါ်ဖွားအုံမှာ ပခုက္ကူပခန်းကြီးသူ ဖြစ်ပါသည်။

မြို့သာရှိ ဆွေမျိုးများထံသို့ အလည်အပတ် ရောက်ရှိလာခိုက် ဦးကွမ်စီနှင့် အကြောင်းပါခြင်း ဖြစ်ပါ သည်။ ကျွန်တော်သည် အငယ်ဆုံးသား ဖြစ်ပါသည်။ ကိုဖိုးစံ၊ ကိုဖိုးဝင်း၊ ကိုညီ ငယ်၊ မမြအုံ၊ မမြရုံတို့သည် ကျွန်တော် ၏ အစ်ကို အစ်မများ ဖြစ်ကြပါသည်။

ကျွန်တော့် ဖခင်နှင့် မိခင်မှာ သားအဖမျှ အသက်ချင်း ကွာလှပါ သည်။

ဖခင်၏ ဇာတိ တရုတ်ပြည် ရှန်ဟိုင်းမြို့တွင် မယားကြီးနှင့် သား သမီးများရှိပြီး စာအဆက်အသွယ် မပြတ်သည့်အပြင် အနည်းဆုံး တစ်နှစ် လျှင် တစ်ခေါက်မှ သုံးခေါက်ခန့်အထိ တရုတ်ပြည်သို့ ပြန်လေ့ရှိပါသည်။

တစ်ဖက်တွင် ကုမ္ပဏီဝန်ထ
လုပ်ရင်း နေအိမ်တွင် အထည်အလိ
ဆိုင်ကြီး ဖွင့်ထားပါသည်။ ထို့ကြော
ကျွန်တော်တို့သည် စီးပွားရေး ချော
လည်၍ ထိုခေတ်က အရင်းရှင် မြေ
ယာရှင်စနစ်ဖြစ်ရာ အထက်တန်း
လူတန်းစားများတွင် ဝင်ဆံ့နိုင်ခဲ့ပါသည်

ဤသို့ဖြင့် ဖခင် အသက်(၇
အရွယ်၊ ကျွန်တော့်(၁၂)အရွယ်ခန့်တွ
တရုတ်ပြည်မှ အဖေ၏သားနှစ်ယော
ရောက်လာကြပြီး ၎င်းတို့အပြန်တွ
အဖေသည် ခါတိုင်းကဲ့သို့ပင် အလ
အပတ်သဘောမျိုးဖြင့် တရုတ်ပြည်
လိုက်သွားခဲ့ရာ သေဆုံး၍လား၊ သ
သမီးများမှ ပြန်မလွှတ်၍လား မသိ
ထိုအချိန်မှစ၍ အဖေ့ကို ကျွန်တော်
ထပ်မံ မတွေ့ရှိရတော့ပါ။

တစ်နှစ်ခန့်အကြာတွင် တရု
ပြည်မှ စာတစ်စောင်ရောက်လာသ
ဖတ်တတ်သူများကို ပြကြည့်ရာ (
အချိန်က ဒုတိယကမ္ဘာစစ်မတိုင်မီ
မြို့သာ၌ ပြည်ကြီးတရုတ်လူမျိုးများ
အိန္ဒိယနွယ်ဖွားနိုင်ငံခြားသားတို့ မြို
တွင် ဦးနှစ်ဆယ်ခန့် နေထိုင်သွားခဲ့ကြ
သည်) ဤစာကို မန္တလေးမြို့ရှိ မိုး
ကုမ္ပဏီရုံးခွဲသို့ သွားရောက် ပြသရ
ဟုပြောသဖြင့် အမေသည် မန္တလေး
သွားရောက် ပြသခဲ့ရာ ငွေအမြော
အများ ရရှိခဲ့ပါသည်။

သို့သော် အမေသည် ရိုးအ
သားသမီးများကိုလည်း မဆုံးမနိုင်
ထို့ကြောင့် ကျွန်တော့်အစ်ကိုများသ
အရက်သမား၊ ထန်းရည်သမား၊ ဖဲသ
များသာ ဖြစ်ကုန်ကြ၍ ကျွန်တော်
လည်း တံငါနားနီး တံငါဆိုသကဲ့သို့
ငယ်ရွယ်ရွယ်ဖြင့် ထန်းရည်သမား
ရပြီး မောင်ပေါ်ဟူသော ကျွန်



www.burmeseclassic.com

www.burmeseclassic.com

အမည်အား တာလီပေါဟူ၍ အမည်တွင်ခဲ့ရပါတော့သည်။

ကျွန်တော်တို့သည် နှံကောင်များကဲ့သို့ ရှိပြီးသား စည်းစိမ်များကို လွယ်လွယ်ပင် ထိုင်၍ သုံးဖြုန်းကြရာ နှစ်အနည်းငယ်အတွင်းမှာပင် ဖခင်ကြီး ထားရစ်သော ဥစ္စာပစ္စည်းတို့ ပြုတ်ပြုတ်ပြန်းကာ ကုန်းကောက်စရာ မရှိတော့အောင် ဆင်းရဲမွဲတေခဲ့ကြရပါသည်။

မိခင်ကြီးသည်လည်း သားဆိုးများ၏ နှိပ်စက်မှုကြောင့် စိတ်ထောင်းကိုယ်ကြေဖြစ်ခဲ့ရကာ အရွယ်ငယ်ငယ်နှင့် အိုစာ၍ သွားခဲ့ပါသည်။ အစ်မများလည်း အိမ်တွင်းရေး မသာယာသဖြင့် ငယ်ငယ်ရွယ်ရွယ် အိမ်ထောင်ပြုသွားကြပြီး မကြာမီ အမေသည်လည်း ကွယ်လွန်သွားခဲ့ရပါ၏။

ထိုအခါ ကျွန်တော်တို့ မေးညီအစ်ကိုတစ်သိုက်သာ ကျန်ရှိရစ်ခဲ့ရပါတော့၏။ နောက်ပိုင်းတွင် စားရေးပင် ခက်ခဲလာသဖြင့် ကျွန်တော်တို့သည် ဝင်ပန်းဆင်းရဲစွာဖြင့် ကြုံရာကျပန်းအလုပ်တို့ကို ဝင်ရောက်လုပ်ကိုင်ကြရပါတော့သည်။ ကျွန်တော်တို့ ညီအစ်ကိုများထဲတွင် ကျွန်တော်သည် တရုတ်ပုံအပေါက်ဆုံးဖြစ်၍ တရုတ်လူမျိုးများက ချစ်ခင်ကူညီကြ၍ အနေအစား ချောင်ပါသေး၏။

ရွာတွင် ကံဆိုးသောမိန်းကလေးများလည်းရှိ၍ ကျွန်တော်တို့ ညီအစ်ကိုအစ်တွေကို ကြိုက်နှစ်သက်သူများ ပေါ်ပေါက်ခဲ့ကာ နောက်ဆုံးတွင် ညီအစ်ကိုအစ်တွေ အစဉ်အတိုင်း အိမ်ထောင်ကျကုန်ကြပါသည်။

၎င်းတို့လည်း အိမ်ထောင်ကျပြီးနောက် အရွယ်လည်း ရလာကြပြီဖြစ်ရာ ကောင်းကောင်းမွန်မွန် ပြုပြင်နေထိုင်သွားကြသဖြင့် ဘဝတွင် ပြည့်ပြည့်စုံစုံနှင့် သက်သောင့်သက်သာ နေထိုင်သွားနိုင်ကြပါ၏။

ကျွန်တော်လည်း အိမ်နီးချင်းဖြစ်သော မဝိုင်းချိုဟူသည့် မိန်းကလေးနှင့် အိမ်ထောင်ကျခဲ့ပါသည်။ မဝိုင်းချိုသည် ငယ်စဉ် မီးတွင်းထဲမှာပင် မိခင်ကွယ်လွန်သွားသဖြင့် ဆွေမျိုးများမှ ဝိုင်းဝန်းချိုပိုးထိန်းကြောင်းခဲ့ရသဖြင့် မဝိုင်းချိုဟု အမည်တွင်ခဲ့ရပါသည်။ ရုပ်ကလေးကလည်းလှ၍ သဘောကောင်းလှသောကြောင့် ကျွန်တော်သည် သနားရာမှ မေတ္တာဆက်ဝင်သွားခဲ့ခြင်း ဖြစ်ပါသည်။

ကျွန်တော့်တွင် မောင်ကံတင်၊ မောင်ကံအေး၊ မကောင်းဟူသော သားသမီးသုံးယောက်ထွန်းကားပြီး မဝိုင်းချိုသည် အငယ်ဆုံးသမီးကလေးမကောင်းနို့စို့အရွယ်မှာပင် ကွယ်လွန်သွား၍ နောက်အိမ်ထောင်ပြုပြန်ရာ မတင်ရွှေဟူသော သမီးကလေးတစ်ယောက်မွေးပြီး ကွယ်လွန်သွားခဲ့ပါသည်။

(သိုက်ဆက်တို့ အိမ်ထောင်ပြုပါက ကာယကံရှင်ကို ပြန်ခေါ်လေ့ရှိသည်။ အကြောင်းအမျိုးမျိုးကြောင့် ပြန်မခေါ်ဖြစ်လျှင် အိမ်ထောင်ကွဲခြင်း၊ အိမ်ထောင်ဖက် ပျက်စီးခြင်း၊ အိမ်ထောင်ရေး အဆင်မပြေခြင်းတို့ ဖြစ်တတ်ပါသည်။)

ကျွန်တော်သည် ထိုစဉ်က ငွေကြေးမချောင်လှည်သော်လည်း ဝါသနာပါရှိသဖြင့် မြင်းကလေး တစ်ကောင်မွေးထားခဲ့ပါသေးသည်။ ဘာသာရေးနှင့် အလှမ်းဝေးပြီး ထန်းရည်ကို ကြိုက်နှစ်သက်စွာ သောက်သုံးခဲ့ပါသည်။ ထိုသို့ဖြင့် ကျွန်တော်သည် အသက်(၆၀)တွင် ကွယ်လွန်အနိစ္စ ရောက်ခဲ့ရပါသည်။

အချိန်မခြားပါ။ ကျွန်တော်သည် သိုက်နန်းသို့ ပြန်လည်ရောက်ရှိသွားပြီး သလွန်တော်ပေါ်မှ ပြန်လည်နိုးထလာခဲ့ပါသည်။ ခမည်းတော်၊ မယ်တော်နှင့် အစ်မတော်များသည် ဝန်းရံလျက် စိုးရိမ်စွာ စောင့်ကြည့်နေကြသည်ကို တွေ့ရပါသည်။ ကျွန်တော်သည် သိုက်ဘဝ ပြန်ရောက်မှ စောရတနာနွယ်ကို သတိရလာမိ၏။

ကျွန်တော် လူ့ဘဝတွင်ရောက်ရှိခဲ့စဉ်က အဘယ်ကြောင့် စောရတနာနွယ်ကို မေ့လျော့၍ နေခဲ့ရပါသနည်း။ ရှာဖွေရန် မေ့လျော့၍ နေခဲ့ရပါသနည်း။ လူ့ဘဝကို သွားရောက်ခဲ့ရသည့်အချိန်တို့ကို နှမြောမိပါ၏။

"ဟော- သားတော် သတိရလာပြီ"

"မောင်တော်လေး သတိရပြီ"

ဟုဆိုကာ ဝမ်းသာနေကြသော်လည်း ကျွန်တော်သည် မပျော်ရွှင်ဘဲ ဖြစ်နေပါ၏။

"မောင်တော်လေး လူ့ဘဝဆိုတာ သိုက်ဘဝနှင့်စာရင် ဘယ်လောက် ပင်ပန်း ဆင်းရဲတယ်ဆိုတာ သိခဲ့ပြီ မဟုတ်လား၊ ပြီးတော့ တစ်ဘဝကနေ တစ်ဘဝကို ကူးပြောင်းရင် မေ့ပင်အောက်ကို ဖြတ်ရတယ်လေ၊ ဘဝသစ်ကိုရောက်သွားရင် ဘဝ အဟောင်းကဟာတွေကို မေ့သွားကြရတယ်၊ အဲဒါကြောင့်လည်း သံသရာကို လူတွေ မကြောက်ကြတာပေါ့"

ဟု အစ်မတော်များမှ ပြောပြကြပါသည်။

မည်သို့ပင်ဖြစ်စေ ကျွန်တော်ပြန်ရောက်လာသောကြောင့် မိသားစုပြန်လည်စုံညီသွားပြီဖြစ်ရာ စိုစိုပြည်ပြည် ဖြစ်သွားပြီး ခမည်းတော်၊ မယ်



www.burmeseclassic.com

www.burmeseclassic.com

တော်တို့လည်း စိတ်ချ လက်ချ ဂုဏ်တော်ပွားခြင်း၊ ပုတီးစိပ်ခြင်းတို့ကို ပြုလုပ်နိုင်ခဲ့ကြပါတော့သည်။

ကျွန်တော်ရောက်ရှိပြီး မကြာမီ ဟစ်နေ့တွင် ခမည်းတော်သည် မိသားစုတွင်း အရေးတကြီး ညီလာခံတစ်ခု ကျင်းပပြုလုပ်ပါသည်။

"ခမည်းတော်တို့ဟာ ကိုယ့်သိုက်ကို စွန့်ခဲ့ရတာကြာပြီ၊ ကိုယ့်သိုက်ကို ကိုယ့်ဘာသာ စောင့်ရှောက်ရတာပဲ စိတ်ချလက်ချ ရှိတော်မူတာမို့ အုန်းတကူးကို ပြန်ကြစို့၊ အဲဒါ သားတော် သမီးတော်တို့ရဲ့ ဆန္ဒကို စိတ်ထဲရှိတဲ့ အတိုင်း လျှောက်ထားကြစေ"

အမှန်ဆိုလျှင် ကျွန်တော်သည် အုန်းတကူးသို့ ပြန်ချင်ပါသည်။ ရတနာ ပစ္စည်းများအတွက်လည်း စိတ်မချနိုင် သကဲ့သို့ စောရတနာနွယ်၏ ပုံတူပန်းချီကားကြီးကိုလည်း စိတ်မချသောကြောင့် ဖြစ်ပါသည်။ ကျွန်တော်တို့ မောင်တော် အစ်မတော်သုံးဦးတို့သည် တစ်ဦးကို တစ်ဦး အဓိပ္ပာယ်များစွာဖြင့် ကြည့်ရှုလိုက်ကြပြီး ပြိုင်တူပင် "သင့်မြတ်တော်မူလှကြောင်းပါ ခမည်းတော် ဘုရား" ဟု လျှောက်တင်လိုက်ကြပါသည်။

မကြာမီ ကရပိုက်ဖောင်တော်ကြီး ဆိုက်ရောက်လာပါသည်။ အရံလှေအဖြစ် လွန်းကြင်လှေကြီး (၃)စင်းလည်း ပါဝင်ပါသည်။ လှေကြီးများပေါ်တွင် အောင်စည် အောင်မောင်းများလည်း ပါဝင်၍ စောင်းညှင်းပတ်သာ တူရိယာများနှင့် လှေတော်သံသီဆိုမည့် ယိမ်းအဖွဲ့သားများလည်း ပါဝင်ပါသည်။ လှေတော်သားများ စုံလင်လှပါသည်။

ကျွန်တော်တို့ နဂါးပြည်သည် ရေအောက်မှာပင် ရှိသော်လည်း ကုန်းမြေများနှင့် တောတောင်များရှိပြီး ချောင်း၊ မြောင်း၊ အင်းအိုင်၊ ရေကန်သာများ သီးခြားရှိပါသေး၏။ ကျွန်တော်တို့သည် ရေဝတီကဲ့သို့ မြစ်ကြီးအတိုင်း ဖောင်များ လှေများဖြင့် ထွက်လာခဲ့ကြရသည်မှာ ပျော်မွေ့ဖွယ်ကောင်းလှပြီး သာယာလှပသဖြင့် ကျွန်တော်သည်ပင် ပျော်ရွှင်ကြည်နူးမှုများ ခံစားလာရပါသည်။

ဖောင်ဦးထိပ်တွင် လေတဟူးဟူး တိုက်ခတ်လျက်ရှိရာ အေးမြမှုနှင့်အတူ ကြည့်၍ မဝနိုင်သော မြစ်ကမ်းနံဘေးမှ တောတောင် ရေမြေသဘာဝ ရှုမျှော်ခင်းတို့ကို ငေးမျှော်ရင်း ဤခရီးတွင် စောရတနာနွယ်သာ ကျွန်တော်နှင့် အတူပါလာလျှင် မည်မျှ အထိ ဝမ်းမြောက်မိလေမည်လဲဟု တွေးမိပါသေး၏။

ထိုသို့ဖြင့် အချိန်အတော်ကြာသွားသောအခါ ကျွန်တော်တို့၏ သိုက်နန်းရှိရာ အုန်းတကူးတောင်တော်သို့ ရောက်ရှိ၍ လာခဲ့ပါသည်။

ကျွန်တော်တို့သည် နှစ်ပေါင်းများစွာ ခွဲခွာခဲ့ရသော ဇာတိရွာသို့ ပြန်လည်ရောက်ရှိလာသကဲ့သို့ ခံစားရကာ ပျော်ရွှင်မိကြပါ၏။

သို့သော် ဤနေရာ ဤမြင်ကွင်းများကို မြင်တွေ့ရသောအခါ အတိတ်၏ ကြေကွဲဖွယ် အရိပ်ဆိုးတို့ကိုလည်း ပြန်လည်မြင်ယောင်လာမိသဖြင့် ဝမ်းနည်းကြေကွဲလို့ လာရပြန်ပါ၏။

ကျွန်တော်တို့သည် အနှစ်နှစ် အလလက ကွဲကွာနေခဲ့ရသော သိုက်နန်းတွင်းမှ ရွှေဆင်းတု ရုပ်ပွားတော်ကို ဖူးမြော်ကြည်ညို၍ မဆုံးနိုင်အောင် ဖြစ်ကာ ပူဇော်ကန်တော့လိုက်ကြပါ၏။ ထို့နောက် ဘုရားပန်းများ သစ်သီးပွဲ သောက်တော်ရေ နံ့သာတိုင်တို့ကို အသစ်ပြန်လည်ပူဇော်ကြပြီး ပုတီးစိပ်ခြင်း မေတ္တာဘာဝနာပွားများခြင်းတို့ကို ပြုလုပ်လိုက်ကြပါသည်။

ထို့နောက် ကျွန်တော်သည် ပကတိ ကမ္ဘာမြေပေါ်သို့ တက်ရောက်လိုက်ပြီး တောင်တော်ပေါ်နှင့် အုန်းတကူးရွာကို ကြည့်မိပါသည်။ အုန်းတော်ကြီးကျောင်းနှင့် ရွာပါ တော်တော်ခပ်ဝေးဝေးသို့ ပြောင်းရွှေ့ထားသည်ကို တွေ့ရပါသည်။

ဤဒေသတွင် လူတို့ အရောက်အပေါက်များလာ၍ သစ်၊ ဝါး ခုတ်သူများ ပေါများလာခြင်းကြောင့် ဖြစ်မည်။ ယခင်က နေပြောက်မထိုးနိုင်လောက်အောင် ထူထပ်သိပ်သည်းစွာ ပေါက်ရောက်လျက်ရှိသော သစ်တော၊ ဝါးတောကြီးတို့ မရှိတော့ပြီ။ သစ်ပင်ငယ်၊ ဝါးပင်ငယ်များသာ ခပ်ကျဲကျဲ တွေ့ရှိရပါတော့၏။

ဤတောင်တော်တွင်သာ သိုက်စောင့်များ၏ စောင့်ရှောက်မှုကြောင့် နတ်ကြီးသည်မှာဆိုကာ လူများ မခုတ်ဝံ့၍ သစ်ပင် ဝါးပင်များ ဤမျှ ကျန်ရှိနေခြင်းဖြစ်ကြောင်း သိရပါသည်။ မီးသွေးဖုတ်သူ၊ တောင်ယာလုပ်သူတို့ ပေါများလာသဖြင့် ဤမျှတောတောင်တို့ ပြုန်းလွယ်ခြင်း ဖြစ်ပေလိမ့်မည်။

နဂိုက ရှမ်း၊ ဂဒူးများသာ နေထိုင်ကြသော အုန်းတကူးရွာကလေးတွင် ယခု မြန်မာလူမျိုး အနည်းငယ်တို့ ရောက်ရှိ နေထိုင်လျက်ရှိသည်ကိုလည်း တွေ့ရပါသည်။

ကျွန်တော်တို့ စော်ဘွားမိသားစုမှ မစုတေမီက ဤတောင်တော်၏ အမြင့်ဆုံးအပိုင်း အနောက်တောင်ထောင့်တွင် စေတီတော်တစ်ဆူ တည်ထားကိုးကွယ်ရန် ရည်ရွယ်၍ ကျောက်ခဲများ စုပုံထားသော နေရာကလေးတွင်





www.burmeseclassic.com

ww.burmeseclassic.com

မြက်များနှင့် ချုံနွယ်များပေါက်ရောက်လျက်နေပေပြီ။

ထိုသို့ဖြင့် ကျွန်တော်တို့သည် အုန်းတကျူးသို့ ပြန်လည်ရောက်ရှိ၍ လာခဲ့သော အချိန်တို့သည်ပင် ကြာညောင်း၍ လာခဲ့ပြန်ပါ၏။

သိုက်နန်းတွင် နေထိုင်ရခြင်း၊ နဝါးပြည်တွင် ပျော်မွေ့ရခြင်းတို့သည် အေးချမ်းသာယာ၍ စိတ်ကျေနပ်စရာကောင်းလှပါ၏။ ကျွန်တော်တို့၏ ဧည့်သည်စိမ်များကိုပင် အားကျသူတို့ များလှပါသည်။

သို့သော် ကျွန်တော်တို့၏ သိုက်နဝါးဘဝမှာ စားဝတ်နေရေး၊ တိုင်းရေးပြည်ရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးမှ အစ မည်သည့်အရေးတို့စွမျှ လုပ်ကိုင်ဆောင်ရွက်စရာ၊ ပူပင်ကြောင့်ကြစရာများ မရှိသဖြင့် အချိန်ပိုများစွာ ရရှိနေပါသည်။ ဧည့်သည်စိမ်များကို ခံစားလိုသူအဖို့မူ ကောင်းလှပါ၏။

သို့သော် ကျွန်တော်သည် ရယူပိုင်ဆိုင်နိုင်ခွင့် နောက်ထား တစ်ခဏဘာမျှ ဗာစ်ကြိမ်သာ တွေ့မြင်ခဲ့ဖူးပြီး ကြားသော်မျှ ခပ်ဟဟ ပြောခွင့်မရရှာခဲ့သော စောရတနာနွယ်အား သတိရအမ်းတ၍ လာမိပြန်ပါ၏။ ထိုအခါ လူ့ဘဝသို့ ပြန်လည်သွားရောက်လိုသော ချင်ခြင်းသည် ပေါ်ပေါက်၍ လာပြန်ပါသည်။

ကျွန်တော်သည် လူ့ဘဝမှ ပြန်ရောက်လာသည်မှာ ဘာမျှမကြာသေး။ နောက်တစ်ဖန် လူ့ဘဝသို့ ပြန်လည်သွားရောက်လိုသည်မှာ လွန်လှသည်ဟု ကိုယ့်ဘာသာလည်း သိရှိပါ၏။ ထို့ကြောင့် ကျွန်တော်သည် ထိုဆန္ဒကို ခမည်းတော်၊ မယ်တော်နှင့် အစ်မများကို ပြောမပြတော့ဘဲ ရင်ထဲမှာ သိုသိပ်၍ သိမ်းဆည်းထားရှိပြီး ဟန်ဆောင်ဖုံးကွယ်၍ နေလာခဲ့ပါသည်။

သို့သော် ကျွန်တော်သည် ပျော်ရွှင်ရယ်မောခြင်းဟူ၍ မရှိတော့လောက်အောင် တစ်ကိုယ်တည်းငေးမှိုင်၍ နေခဲ့ပါ၏။ ကျွန်တော်သည် လူ့ဘဝသို့ သွားရောက်ခဲ့သော်လည်း စောရတနာနွယ်အား မတွေ့ရှိခဲ့ဘဲ ပြန်လာရသောကြောင့် ဘဝင်မကျဘဲ မကျေမချမ်းနိုင်အောင် ဖြစ်နေမိပါသည်။

အကယ်၍ အစ်မတော်တို့ကသာ အိပ်မက်ဖြင့် လာရောက် ဆက်သွယ်၍ ကျွန်တော့်ဘဝအကြောင်းကို သိစေခဲ့မည်ဆိုပါက ကျွန်တော်သည် စောရတနာနွယ်ကို ပြန်လည်သတိရလာမည်ဖြစ်ကာ ရှာဖွေခဲ့မိပေလိမ့်မည်။ ဤသို့ဆိုလျှင် အစ်မတော်တို့ကို အပြစ်တင်ရပေတော့မည်။

"အစ်မတော်တို့၊ ကျွန်တော် လူ့ပြည်မှာ ရှိစဉ်က ဘာလို့ မဆက်သွယ်ခဲ့ကြတာလဲ ဘုရား"

"ဆက်သွယ်ပါသော်ကော မောင်တော်လေးရယ်၊ အဲဒီတုန်းက မောင်တော်လေးမှာက ဘုရားတရားမရှိ မူးယစ်သောက်စားလို့ နေလေတော့ မောင်တော်လေးရဲ့ ဝိညာဉ်အရောင် အဝါဟာ မတောက်ပနိုင်ဘဲ ရှိနေတော်မူတယ်၊ ဒါကြောင့် အိပ်မက်ပေးပေမယ့်လည်း မရနိုင်အောင် ရှိတယ်" တုမိန့်တော်မူကြပါသည်။

ထိုသို့ဖြင့် အချိန်တို့ ဆက်လက်ကုန်လွန်ခဲ့ကြပြန်ပါသည်။ ကျွန်တော်သည် သိုက်နန်းတွင် ငြီးငွေ့သည်ထက် ငြီးငွေ့၍ လာနေမိပါသည်။ နောက်ဆုံးတွင် ကျွန်တော် လူ့ပြည်သို့ တစ်ဖန်တစ်ဘဝဖြင့် ထပ်မံသွားရောက်လိုပါသေးကြောင်း မယ်တော်ထံသွားရောက်ခစား၍ တောင်းပန်လျှောက်ထားမိပြန်ပါသည်။

မယ်တော်မှ ပြန်ရောက်သည်မှာ မကြာသေးသဖြင့် ခမည်းတော်၊ မယ်တော်နှင့် အစ်မတော်တို့မှာ အလွမ်းသော်မျှ မပြေနိုင်ကြသေးပါ၊ ပြန်မသွားပါနှင့်ဦး သည်းခံစောင့်ဆိုင်းပေးပါဦးဟုဆိုသဖြင့် ကျွန်တော်သည် အောင့်အီး၍ နေရပြန်ပါ၏။

ကျွန်တော်မှ ဖွတ်ထပ်လျှောက်တင်ပြန်လျှင်လည်း ကျွန်တော်သည် မိသားစုမေတ္တာတရားကို ဥပေက္ခာထား၍ သံယောဇဉ်နည်းပါးသည်ဟု ထင်မြင်ယူဆသွားမည်ကိုလည်း စိုးရွံ့မိပါသည်။ ထို့ကြောင့် ခပ်ဆိတ်ဆိတ်နေရပြန်ပါ၏။

အတန်ကြာသော် ဥယျာဉ်အတွင်း၌ အစ်မတော်တို့ဖြင့် လှည့်လည်သွားလာနေကြရင်း -

"အစ်မတော်တို့ကို လျှောက်ထားစရာရှိလို့ လျှောက်တင်ရပါစေ"

"မောင်တော်လေး လျှောက်တင်မည့် အကြောင်းအရာကို အစ်မတော်တို့ သိရှိပြီးသား ဖြစ်ပါတယ်၊ လူ့ပြည်ကို သွားချင်တယ်လို့ လျှောက်တင်မှာ မဟုတ်လား" ဟုဆိုကြပါသည်။

"မှန်လှပါ အစ်မတော်တို့၊ မောင်တော်လေးမှာ ဖြစ်ပေါ်နေတဲ့ ဆန္ဒတော်ဟာ အဲဒါပါပဲ၊ ဒီတစ်ခါ မကျေနပ်ပွဲ နွှဲလိုက်ချင်ပါသေးတယ်၊ ခမည်းတော် မယ်တော်တို့ကို အစ်မတော်တို့ ကူညီဝိုင်းဝန်းလို့ လျှောက်တင်တော်မူကြပါဘုရား"

ကျွန်တော်သည် ဝမ်းနည်းအားလျှော့သံဖြင့် တိုးညင်းစွာ လျှောက်ထားလိုက်လျှင် အစ်မတော်တို့ စိတ်မကောင်းဖြစ်သွားကြပြီး -





www.burmeseclassic.com

www.burmeseclassic.com

"ဒီကိစ္စ အစ်မတော်တို့ တာဝန်ထားပါ၊ ခမည်းတော်၊ မယ်တော်တို့ကို ရအောင် လျှောက်တင်ပေးပါ့မယ်" ဟု ဆိုသဖြင့် ကျွန်တော် တစ်ဆင့် စိတ်အေးသွားခဲ့ရပါသည်။

မကြာမီ ခမည်းတော်မှ အခေါ်တော်ရှိသဖြင့် ဝင်ရောက် ခစားရပါသည်။

"သားတော်၊ လူပြည်ကို တစ်ဖန် သွားရောက်တော်မူလိုသေးတယ်ဆိုတာ အမှန်ပဲလား"

"မှန်လှပါ၊ အမှန်ပင်ဖြစ်ကြောင်းပါ ဘုရား" ဟု ပြန်လည်လျှောက်ထားလျှင် -

"အိမ်း သားတော်က သိုက်နန်းမှာ မပျော်မွေ့လေတော့လည်း ဇာတ်မှာ ပါပဲလေ၊ ကဲ ကဲ ဒါဆို စိတ်အေး လက်အေးသာနေပါ၊ အချိန်ကောင်း အခါကောင်း ရက်ကောင်းသာ ရွေးထားပေတော့ စီစဉ်ပေးမယ်"

ဟု မိန့်ကြားတော်မူသဖြင့် ကျွန်တော်သည် မဖော်ပြတတ်အောင် ဝမ်းသာပျော်ရွှင်၍ သွားပါသည်။

ယခင်တစ်ခေါက် လူပြည်သွားရောက်စဉ်ကကဲ့သို့ပင် ကျွန်တော်သည် သလွန်ထက်သို့ တက်ရောက်ကာ လဲလျောင်းနေလိုက်ပါသည်။ ခဏကြာလျှင် ကျွန်တော်သည် အိပ်ပျော်၍သွားသကဲ့သို့ အသိတရားတို့ ကွယ်ပျောက်သွားပြီးနောက်တွင် မိခင်၏ ဝမ်းရေကို မြင်တွေ့နေရသဖြင့် မျက်စိထဲတွင် အနီရောင်တို့သာ လွှမ်း၍ နေပါ၏။

"ဟော - ဆရာနိုးလာပြီ၊ ဆရာနိုးလာပြီ"

ကျွန်တော်သည် ယခုမှ အိပ်မက်မှ နိုးထလာသကဲ့သို့ ဖြစ်နေပါ၏။ ကျွန်တော့်နံဘေးတွင် အိဖြူ၊ တင်တင်ဦး၊ စန္ဒာဝင်းတို့ ရှိနေကြပါ၏။ ကလေးများသည် ခပ်လှမ်းလှမ်းတွင် ဆူညံစွာ ဆော့ကစား၍ နေကြပါ၏။ အချိန်အားဖြင့် တစ်နာရီခန့်တော့ ကြာမြင့်လိမ့်မည်ဖြစ်ပါသည်။

"ဆရာ အခုန အိပ်မက်တွေ မက်နေတယ် ထင်တယ်၊ ဆရာရဲ့ မျက်နှာအမူအရာဟာ အမြဲတမ်းပြောင်းလဲနေပြီး ဘာတွေပြောနေမှန်း မသိဘူး၊ ပါးစပ်ကလည်း တလှုပ်လှုပ်နဲ့"

ကျွန်တော်သည် ထူးဆန်းအံ့ဩမဆုံးနိုင်သော ကျွန်တော်၏ ဘဝဇာတ်ကြောင်းများကို အိပ်မက်အသွင်ဖြင့် ပြန်လည် တွေ့မြင်ရသောအခါ စိတ်ထဲတွင် အမည်မဖော်ပြနိုင်သော ဝေဒနာတစ်ရပ်ခံစားရကာ လေးလံထိုင်းမှိုင်း၍ နေပါ၏။ ယုံရမည်လား၊ မယုံရမည်လား မဝေခွဲတတ်နိုင်ပါ။

"ဆရာ အိပ်ပျော်နေတုန်းက ထူးဆန်းတာ တစ်ခုရှိသေးတယ်၊ ဟိုတစ်ခေါက်တုန်းက လာတဲ့ လိပ်ပြာကလေးလေ ဆရာ့ခေါင်းထက်မှာ ဝဲပျံနေတယ်၊ နဖူးပေါ် နားလိုက် ပျံလိုက်နဲ့" တင်တင်ဦးမှ ပြောပါသည်။

"ကဲ-အချိန်တောင် တော်တော်လင့်သွားပြီ၊ ပြန်ကြစို့၊ ကျောင်းသားတွေကို ခေါ်လိုက်တော့"

အရင်တစ်ခေါက်တုန်းကကဲ့သို့ပင် ကျွန်တော်တို့သည် ကျောက်စေတီကို ရှိခိုးကန်တော့ကြပြီး အမျှအတန်း ပေးဝေကာ တောင်ပေါ်မှ ဆင်းခဲ့ကြပါသည်။ စိတ်ထဲတွင် မရွှင်ပျ၊ အတွေးတို့သည်လည်း မတင်မကျ။ ကျွန်တော်သည် မမျှော်လင့်ဘဲ ကျွန်တော်၏ ဘဝဟောင်းများကို ပြန်လည်သိရှိရပြီး နောက်တွင် ကျွန်တော့်အတွေးထဲ၌ အတိတ်ဘဝ၏ အသေးစိတ် အဖြစ်အပျက်တို့ကို ပြန်လည် မြင်ယောင်လာပါ၏။

အစ်မတော်သည် ကျွန်တော်၏ အတိတ်ဘဝဆက်ကို ပြန်လည်ဖော်ထုတ်ပြသလိုက်ပြီ ဖြစ်ပါ၏။ စောရတနာနွယ်၏ ပန်းချီကားကိုလည်းကောင်း စောရတနာနွယ်၏ ရုပ်သွင်ကို လည်းကောင်း ပြက်ပြက်ထင်ထင် ပြန်လည်မြင်ယောင်၍ လာမိပါသည်။

"ဆရာ ဒီတစ်ခါတောင်ပေါ်က ဆင်းလာပြီး လန်းလန်းဆန်းဆန်းမရှိသလိုပဲ"

ဟု ကိုမြင့်ဦးမှ ကျွန်တော့်ကို မသိမသာ အကဲခတ်ပြီး ပြောပါသည်။

"ကျွန်တော် တောင်ပေါ်မှာ အိပ်ပျော်သွားလို့ ခေါင်းတွေအုံပြီး မကြည်မသာ ဖြစ်နေလို့ပါ" ဟုပြောလိုက်ပါသည်။

ထိုသို့ဖြင့် နောက်တစ်နေ့တွင် ကျွန်တော် စဥ့်ကိုင်သို့ ပြန်ခဲ့ပါတော့သည်။

ကျွန်တော်၏ အတိတ်ဘဝဇာတ်ကြောင်းတို့သည် ယုံရန်ခက်ခက် အိပ်မက်ဆန်လှသော်လည်း ယခုမျက်မှောက်ကျွန်တော့်ဘဝ၏ အဖြစ်အပျက်များကို ပြန်လည်ဆင်ခြင် သုံးသပ်ကြည့်မိပါ၏။

ကျွန်တော်သည် ဤအတိုင်းဆိုလျှင် ဦးပေါ်ဘဝမှ စုတေသောအခါ သိုက်နန်းသို့ ပြန်ရောက်သွားသည်။

ကျွန်တော်သည် ဦးပေါ်၏ သမီး မကောင်း(အမေကောင်း)၏သားဖြစ်နေပြန်သဖြင့် အမေကောင်းတစ်ယောက်တည်းကပင် ပထမတစ်ဘဝ၌ကျွန်တော့်ကို အဖေတော်ရပြီး နောက်တစ်ဖန် ယခု ဒုတိယတစ်ဘဝ၌ ကျွန်တော့်ကိုပင် သားပြန်တော်ရပါ၏။ ဘဝသံသ


www.burmeseclassic.com

www.burmeseclassic.com

သည်ကား ဆန်းကြယ်လှပါ၏။ ရှုပ်ထွေးလွန်းလှပါ၏။ ကျွန်တော်သည် (၁၂)နှစ်သာ ကွာခြားပြီး လူ့ဘဝသို့ ပြန်လည်ရောက်ရှိလာခြင်း ဖြစ်ပါ၏။

ကျွန်တော့်အဘိုးကို သိမီလိုက်သူများနှင့် ကျွန်တော်ကလေးဘဝတွင် "ဘပေါ်နဲ့ တူတယ်" "အုန်းပေါ်နဲ့ တူတယ်" ဟု ပြောဆိုခံခဲ့ရခြင်းများကို လည်းကောင်း၊ "မင်းက အိပ်ရင် အဖေ့လိုပဲ ကိုယ့်လက်ကို ခေါင်းအုံးပြီး ဘေးစောင်းလေး အိပ်တတ်တယ်" ဟု အမေက ပြောခဲ့ခြင်းများကို ပြန်လည်သတိရမိပါသည်။

ဤဘဝတွင် ထူးခြားသည်ဟု ပြောရပါမည်။ ကျွန်တော်သည် ခုနစ်နှစ်သားအရွယ်တွင် သင်္ခါရသဘောတရားများကို သံဝေဂဉာဏ်များ ဖြစ်ပေါ်လာခဲ့ပါ၏။ (ထိုအကြောင်းအရာတို့သည် ရှည်လျားလှပါ၍ "နေရင့်၍ မကြွေမီ" တွင် သီးခြားဖော်ပြပါမည်) ကျွန်တော်သည် လူချစ်လူခင် ပေါများ၏။ ကျွန်တော့်အား တွေ့မြင်သူအပေါင်းမှ ကျွန်တော့်ကို ဦးစားပေး ဆက်ဆံကြခြင်း မျက်နှာပွင့်လှန်းပါ၏။

ကျွန်တော်သည် မြင်းစီး၊ သိုင်း၊ တုတ်၊ ဓား၊ လက်နက်ကိုင်ခြင်းတို့ ဝါသနာထုံ၏။ ကဗျာ၊ ဂီတနှင့် ပန်းချီတို့ကို သင်ကြားနိုင်တတ်မြောက်၏။

ဘာရယ်မှန်းမသိပါ။ ကျွန်တော် (၈)တန်းအရွယ်က ပေါ်ထွက်သော စိုင်းထီးဆိုင်၏ "တစ်ယောက်ရှိ" သီချင်းကို နားထောင်မိပြီးသည့်နောက်တွင် လောကတစ်နေရာ၌ ကျွန်တော်နှင့် ရေစက်ဆုံမည့် မိန်းကလေးတ ကျွန်တော့်စိတ်အစဉ်ကို နိုင်မည့် မိန်းကလေးသည် အမြင့်မြတ်ဆုံး၊ အလှဆုံး၊ အသန့်စင်ဆုံး အဖြစ်နှင့် တွေ့ရှိရလိမ့်မည်ဟု ယုံကြည်နေမိခြင်းများ ဖြစ်ပေါ်နေခဲ့ပါသည်။

ကျွန်တော် အုန်းတကူးသို့ ရောက်ရှိပုံမှာလည်း ဆန်းကြယ်လှပါ၏။ မရောက်ဖူးသော အရပ်၊ အသိမိတ်ဆွေမရှိသောအရပ်၊ မည်သူမျှ စေလွှတ်ခြင်း လမ်းညွှန်ခြင်းမရှိဘဲ ရောက်သွားရခြင်း ဖြစ်ပါသည်။ ထိုစဉ်က ကျွန်တော် စိတ်လေ၍ ခြေဦးတည့်ရာ ထွက်လာခဲ့မိခြင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် မြို့များစွာရှိနေပါလျက် မရည်ရွယ်ပါဘဲ ဤအုန်းတကူးရွာကလေးသို့ ရောက်ရှိသွားရပုံ၊ (၇)နှစ်မျှ နေထိုင်ခဲ့ရပုံတို့မှာ ရုတ်တရက်ကြည့်လျှင် မထူးဆန်းဟု ဆိုသော်လည်း ဆန်းကြယ်နေသည်ကတော့ အမှန်ပင် ဖြစ်ပါသည်။

ကျွန်တော်သည် ထိုရွာကလေးမှ မပြန်ချင်လောက်အောင် ပျော်မွေ့လျက်ရှိပုံ၊ တစ်ရွာလုံးမှ ကျွန်တော့်ကို ချစ်ခင်လေးစားကြပုံတို့သည်လည်းကောင်း၊ ကျွန်တော့်တွင် မြေနှင့်ပတ်သက်သော အိပ်မက်တို့ အကြိမ်ကြိမ်မြင်မက်ပုံ၊ မြေများကို ထူးဆန်းစွာဖြင့် မကြာခဏ တွေ့ရှိရပုံ စသည်တို့ကား သာမန် မဟုတ်နိုင်တော့ပြီဖြစ်ကြောင်း ယခုမှပင် နားလည်သိရှိရပါတော့သည်။

ဒီဘဝတွင်တော့ ကျွန်တော်သည် ငယ်ရွယ်စဉ်မှစ၍ နူးညံ့သိမ်မွေ့ကာ ဘုရား တရား လိုက်စားခဲ့သူဖြစ်၍ အစ်မတော်တို့မှ လာရောက်ဆက်သွယ်နိုင်ခြင်း ဖြစ်ပေလိမ့်မည်။

ကျွန်တော်သည် မမျှော်လင့်ပါဘဲ ကျွန်တော်၏ အတိတ်ဘဝဇာတ်ကြောင်းတို့ကို ပြက်ပြက်ထင်ထင် သိမြင်လိုက်ရသောအခါ အံ့ဩခြင်းနှင့်အတူ သံသရာကြီးကို ကြောက်ရွံ့တုန်လှုပ်မိပါ၏။ အဖန်ဖန် အထပ်ထပ်လှည့်ပတ်၍ နေရသော သံသရာ ချားရဟတ်ကြီးသည်ကား ပျင်းရိငြီးငွေ့ဖွယ်ကောင်းလေစွတကား။

စက္ကန့်၊ မိနစ်၊ နာရီ၊ နေ့၊ လ၊ နှစ်တို့သည်ကား လျှပ်ပြက်သကဲ့သို့ မြန်ဆန်လွန်းလှပါ၏။ ဤလောကတွင် အချိန်၏ လျင်မြန်နှုန်းအားလိုက်၍ မီနိုင်သော အရာဟူ၍ မရှိပါပြီ။ ကျွန်တော်တို့၏ ဘဝတစ်ခုဖြစ်တည်မှု ဟူသည်မှာလည်း အချိန်၏ တိုက်စားဝါးမျိုမှုအောက်၌ အိပ်မက်ပမာ တစ်ခဏနှင့် လွင့်ပျက်ရပါ၏။

တစ်ဘဝ ဝိညာဉ်ချုပ်သည်နှင့် စက္ကန့်မခြားဘဲ ဘဝတစ်ခု ဖြစ်တည်ရ၏။ တစ်ဖန် အသစ်ဖြစ်တည်လိုက်ရသော ဘဝသည်လည်း ဘာမျှ မကြာလိုက် တစ်ခဏနှင့် ပြီးဆုံးချုပ်ပျောက်ရပြန်၏။ စဉ်းစားကြည့်လျှင် ဘာမျှ ပျော်စရာမရှိ၊ အနှစ်သာရမရှိ ပျင်းရိငြီးငွေ့ဖွယ် စိတ်ပျက်ဖွယ် ကောင်းလှပါ၏။

ကျွန်တော်သည် အနှစ်(၄၀)လုံးလုံး ဘာကိုမျှ မသိရှိခဲ့ဘဲ နေလာခဲ့ရာမှ ရွှေကြက်ယက်တွင် သက်နံ့ဝတ်ရန် အကြောင်းပေါ် ပေါက်ပြီး ထူးဆန်းသော အိပ်မက်များနှင့် ပကတိဖြစ်ရပ်တို့ အပေါ်တွင် အမှီပြု၍ ပုဂံခေတ်မှ ဘဝတစ်ခုကို သိရှိလိုက်ခဲ့ရပြန်ပြီ။ ယခု တစ်ဖန် အုန်းတကူးသို့ မမျှော်လင့်ဘဲ ရောက်ရှိသွားပြီးနောက် အိပ်မက်များနှင့် ပကတိဖြစ်ရပ်များကို အခြေပြုကာ စော်ဘွားခေတ်မှ ဘဝတစ်ခုကို သိရှိလိုက်ရပြန်ပါ၏။

ဤ အကြောင်းအရာတို့သည် ကျွန်တော်ကိုယ်တိုင်ပင် ယုံရန်ခက်ခဲ



www.burmeseclassic.com

www.burmeseclassic.com

လှသဖြင့် မယုံတစ်ဝက် ယုံတစ်ဝက်ပင် ရှိနေသေးသည်မှာ အမှန်ပင် ဖြစ်သော်လည်း ထိုအဖြစ်အပျက်တို့တွင် လစ်ဟာကွက်မရှိ ထောင့်စေ့လှပြီး ယုတ္တိယုတ္တာကျနနေပြန်သဖြင့် အံ့ဩမိပါ၏။

အတိတ်ဘဝ အကြောင်းအရာများနှင့် ကျွန်တော့်လက်ရှိ ယခုဘဝ အဖြစ်အပျက်တို့သည်လည်း အချိတ်အဆက်မိကာ သုဘာဝကျလှပါ၏။

ပုဂံခေတ်တွင် မိဖုရားကို အလုခံခဲ့ရသော်လည်း ပြန်လည်ပေါင်းဆုံနိုင်ခဲ့၏။ စော်ဘွားဘဝတွင် တစ်ခဏတာ တွေ့မြင်ရပြီး တစ်ဘဝတာ ဝေးကွာခဲ့ရပြန်ပါ၏။ လူ့ဘဝသို့ တစ်ခါရောက်ရှိစဉ် ဘဝဟောင်းမှ အကြောင်းအရာတို့ကို ဘာမှ ပြန်လည်မသိရှိဘဲ ရောင်ချာချာဖြင့် တစ်ဘဝကုန်ဆုံးခဲ့ရ၏။

ယခုဘဝတွင် လူ့ပြည်သို့ ဒုတိယမ္ပိ ပြန်လည်ရောက်ရှိခဲ့သော အခါတွင်လည်း ဘာမျှမသိဘဲ အချိန်တို့ကုန်ဆုံးခဲ့ရပြန်ပြီ။ အကြောင်းအားလျော်စွာဖြင့် လူ့သက်တမ်းတစ်ဝက်မျှရောက်ရှိသော အချိန်တွင်မှ မိမိဘဝဇာတ်ကြောင်းတို့ကို ပြန်လည်သိရှိခွင့်ရရှိလိုက်ပါ၏။

ထိုအခါတွင် ကလေးဘဝမှ စ၍ ဘာမှန်းမသိဘဲ စိတ်အစဉ်ကို ထင်ဟပ်စိုးမိုးနေခဲ့သော မသိစိတ်၏ စေ့ဆော်ချက်တို့၏ အဓိပ္ပာယ်ကို နားလည်ရှင်းလင်းသွားပါတော့၏။

တကယ်တော့ ကျွန်တော်သည် မိန်းကလေးတစ်ယောက် အပေါ်တွင် အစွဲအလမ်းကြီးခဲ့မိ၍ မိုက်မဲလှစွာ တန်ဖိုးရှိလှသော ရခဲလှသော လူ့ဘဝ၏ အချိန်တို့ကို အချည်းနှီးပေးဆပ်ပစ်ခဲ့၏။ ဖြုန်းတီးပစ်ခဲ့၏။ ဘယ်ဆီ ဘယ်ဝယ် ဘယ်ဘဝရယ်လို့ ရောက်၍နေမှန်း မသိရှိပါဘဲ မိုက်ရူးရဲဆန်လှစွာ ဘဝကို စတေးနေခဲ့မိပါ၏။

မြတ်စွာဘုရားရှင် လက်ထက်တော်အခါက ဘဒ္ဒဝဂ္ဂီမင်းသား သုံးကျိပ်တို့သည် တောထဲသို့ ပျော်ပွဲစားအလှည့်အပတ်ထွက်ကာ မူးယစ် သောက်စားကြ၏။ ဇနီးကြင်ရာရှိသော မင်းသားတို့သည် ဇနီးကြင်ရာတို့ကို ခေါ်ယူလာခဲ့ပြီး ဇနီးကြင်ရာမရှိသူများက ပြည့်တန်ဆာများကို ခေါ်ယူခဲ့ကြသည်။

မင်းသားတို့ ပျော်ပါးပြီး အိပ်မောကျနေစဉ် ပြည့်တန်ဆာတို့သည် အဝတ်အစားနှင့် ရွှေငွေများ တိတ်တဆိတ် ခိုးဝှက်ယူငင်ပြီး ထွက်ပြေးသွားသည်။

မင်းသားတို့ အိပ်မောကျနေရာမှ နိုးထလာပြီး ထိုအကြောင်းကို သိရှိကြလျှင် ဒေါသအမျက်ချောင်းချောင်းထွက်လျက် တောတွင်းသို့ လှည့်လည်ကြလျှင် မြတ်စွာဘုရားရှင်နှင့် တွေ့ဆုံကြသည်။

"ချစ်သားတို့၊ မည်သည့်ဥစ္စာပစ္စည်းပျောက်ဆုံး၍ ဤမျှ အရေးတကြီး လိုက်လံ ရှာဖွေ၍ နေရပါသနည်း" ဟုမေးတော်မူလျှင် -

"တပည့်တော်တို့သည် မိန်းမပျောက်၍ ရှာနေကြခြင်း ဖြစ်ပါသည်"

ထိုသို့ဖြေကြားကြလျှင် မြတ်စွာဘုရားရှင်မှ -

"အသင် ချစ်သားတို့သည် ပျောက်ဆုံးနေသော မိန်းမကို လိုက်ရှာ၍ တွေ့သည်ထားဦး။ ဘာအကျိုးရှိပါမည်နည်း၊ လောကတွင် မိမိကိုယ်ကိုယ် မိမိ ပြန်လည်တွေ့ရှိအောင် ရှာဖွေနိုင်မှသာလျှင် အကျိုးများပေလိမ့်မည်" ဟု အစချီ၍ ၎င်းတို့၏ စရိုက်နှင့် ကိုက်ညီသော ဒေသနာတော်တို့ကို ဟော

ကြားတော်မူလျှင် မင်းသားများအား
သစ္စာတရားကို တွေ့မြင်သွားပြီး တ
ထမ်းဝင်သွားကြရသည်ဟု သိရှိဖူး
သည်။

ယခု ကျွန်တော်လည်း ထိုနည်း
နှင်နှင်ပင်။ ဘဝတစ်ခုတွင် ပေါင်းသ
နေထိုင်ခဲ့ဖူးသော မိန်းကလေးတစ်ဦး
သံယောဇဉ်အမျှင်တန်းလျက် စွဲလမ်း
မိခြင်းကြောင့် ဘဝများခြားသွားသ
တိုင် ဖွဲဖွဲကြီးကြီးဖြင့် ရှာဖွေနေခဲ့မိသ
မှာ အကျိုးမရှိနိုင်ပါ။ ရှာဖွေတွေ့ခဲ့
လည်း သံယောဇဉ်ဟူရား ထပ်မံပွား
လျက် သံသရာတစ်လျှောက်တွင် အ
မီးများ ဆက်လက်တောက်လောင်
အကြောင်းတရားများသာ ဖြစ်ပေ
မည်။

ထိုအခါ မိမိသည် ဘာလုပ်
ပါသနည်း။ ဘဒ္ဒညီနောင် (၃၀)အ
ဗုဒ္ဓဘုရားရှင်မှ ဆုံးမသော မေးခွန်း
ပင် ကိုယ့်ကိုယ်ကိုယ် ပြန်လည်မေး
ထုတ်ရပေတော့မည်။

မှန်ပါသည်။ ပကတိ ပင်လ
သမုဒ္ဒရာထက် အဆ ရာထောင်
ပြောလှသော လောကသမုဒ္ဒရာပြင်
အနိုင်းမဲ့ ကျယ်ဝန်းလှသော (၃၁)
အတွင်း၌ ဘယ်ဘဝ ဘယ်အ
ရောက်နေမှန်း မသိနိုင်သော
ရတနာနွယ်အား ရှာဖွေနေခြင်းအ
ဘဒ္ဒဝဂ္ဂီမင်းသားတို့ တောအုပ်
တစ်ခုအတွင်း ရှောင်ပုန်းနေသော မိ
တစ်ယောက်ကို ရှာဖွေနေကြသ
ထက် ပို၍ မိုက်မဲလှမှန်း ကျွန်
နားလည်လာမိပါချေပြီ။

'မက်ရင် မောရတယ်၊ တွ
တာရင် နှောင်တည်းခံရတယ်၊ သံ
ဇဉ်ဆိုတာ အပူမီးပဲ၊ ဒီ သမုဒယတ
သာယာမှုရယ်လို့ ခင်တွယ်နေ





www.burmeseclassic.com

www.burmeseclassic.com

သသရာကြီးထဲမှာ ဘုရားတွေ ဘယ်နှ နှုန်းတွေ့တွေ့ မလွတ်မြောက်နိုင်ကြ ဒုက္ခတောထဲမှာ ဝဲလည်နေကြတာ ပေါ့

ဟု မယ်တော်ကြီး၏ ဆုံးမ စကားတို့ကို ပြန်လည်ကြားယောင်မိ ပါသည်။

ကျွန်တော်သည် အစ်မတော်တို့ ၏ အဝဆက်ဖော်ထားပေးမှုကြောင့် ခဲ့သော အတိတ်ဘဝမှ အကြောင်း အရာများကို အသေးစိတ်ပြန်လည်မှတ် နေပြီ ဖြစ်ရာ ပကတိ စောရတနာနွယ် ကိုလည်းကောင်း၊ ပန်းချီကားထဲမှ စော ရတနာနွယ်ကိုလည်းကောင်း ပြက်ပြက် ထင်ထင် ပြန်လည်မြင်ယောင်နေမိပြီ ဖြစ်ပါသည်။

ယခု လက်ရှိဘဝတွင် စောရ တနာ ဖြစ်နိုင်ခြေ အများဆုံးရှိသော စောရတနာနွယ်နှင့် တူလှသော မိန်းက လေးတစ်ဦးကို တွေ့ရှိနေပြီ ဖြစ်ပါသည်။ နိုင်ပါသည်။ ကျွန်တော်ကိုယ်တိုင် လည်းဝင် အတိတ်ဘဝ ကျမိုင်းလေး ခွန်နောင်၏ ရုပ်သွင်နှင့် ယခုဘဝ သွင်မှာ သိပ်ပြီး မကွာခြားလှသော ကြောင့် ဖြစ်ပါသည်။

ဤသို့ဆိုလျှင် ကျွန်တော်မည်သို့ ဆုံးဖြတ်ရပါမည်နည်း။

ဖြစ်သင့်သော ယုတ္တိတန်သော နောက်သို့သာ လိုက်ရပေတော့ မည်။

ကျွန်တော်သည် သိုက်ဘဝ ထံ အိမ်ထောင် မပြုပါဟု ဆိုထားခဲ့ပါ၏။ ယခု မျက်မှောက် တွင်သည်း လူများစွာ၏ လေးစား ခံယူနေရသော ဘုရားဒါယကာ ကိုလည်း ရောက်ရှိနေပြန် ပြီ။

စောရတနာနွယ် တစ်ဖြစ်လဲ မိန်းကလေးသည်လည်း ကျွန်တော်ကဲ့သို့ သိုက်မှ လာသူ ဟုတ်ချင်မှ ဟုတ် မည် ဖြစ်၍ အတိတ်ဘဝကို ပြန်လည် အမှတ်ရ သိရှိချင်မှ သိရှိနိုင်ပေလိမ့်မည်။

အကယ်၍ အကြောင်းအား လျော်စွာ ကျွန်တော့်အား ပြန်လည် အမှတ်ရလာခဲ့လျှင်သော်မှ ကျွန်တော် သည် ရှင်မဟာရဋ္ဌသာရကဲ့သို့ "နှမလက် လျှော့နေလေတော့" ဟု စိတ်မကောင်း ခြင်းကြီးစွာဖြင့် ဆိုရပေတော့မည်။

ကျွန်တော်၏ အတိတ်ဘဝ လားရာအရပ်သည် ကျွန်တော်တွေးထင် သကဲ့သို့ မှန်ကန်ပါသည်ဟူသော သက် သေပြချက်တစ်ခုသည်ကား ကျွန်တော် သည် ကျွန်တော်ကိုးကွယ်သော ရုပ်ပွား တော်မြတ်အား ရွှေသားပလ္လင်တော်၊ ရွှေသားထီး၊ ငွေသားထီး၊ ရွှေသား ပန်းခိုင်၊ ငွေသားပန်းခိုင်၊ ရွှေသား ခေါင်းလောင်း၊ ငွေသားခေါင်းလောင်း၊ ရွှေသား ယပ်တောင်၊ ငွေသား ယပ် တောင်၊ ရွှေသား သပိတ်၊ ရွှေသား သပိတ်ချိ၊ ငွေသား ဖလားတို့အပြင် မြောက်မြားလှသော ရွှေငွေကျောက်သံ ပတ္တမြား လက်ဝတ်ရတနာတို့ဖြင့် ပူဇော်ခွင့်ရရှိနေသည်မှာ တော်ရုံပါရမီ ရှိသူအတွက် မဖြစ်နိုင်သော ကိစ္စ တစ်ခုပင် ဖြစ်ပါ၏။

ယခုအချိန်တွင် ကျွန်တော်၏ တပည့်များနှင့် တပည့်မကလေးများစွာ တို့သည် အိမ်ထောင်သည်များ ဘဝသို့ ရောက်ရှိသွားကြပြီ ဖြစ်ကာ ကြမ်းတမ်း သော လောကဓံကို ဖြတ်ကျော်နေကြရ သူများ ဖြစ်၍ အသက်မကြီးသေးသော် လည်း အိုစာ၍ နွမ်းကြပေပြီ။

ကျွန်တော်သည်ကား အုန်းတ ကူးသို့ ပုံမှန်သွားရောက်နေမြဲပင်ရှိပါ၏။

ကျွန်တော့်တပည့်များ၏ ကိုယ် စား ၎င်းတို့၏သားသမီးများဖြင့် တောင် ပေါ်ကို တက်နေရ၍ -

"တို့ဆရာကတော့ ဟော၊ နည်း နည်း ဝလာပြီး အသားတွေ ပိုဖြူလာ တာကလွဲလို့ တို့ရွာကို စရောက်လာ တုန်းက အတိုင်းပဲ" ဟု ဒေါ်ကြည် တင်မှ ပြောဖူးပါသည်။

အုန်းတကူးမြေသည်ကား ကျွန် တော့်အဖို့ ဘယ်သောအခါမှ ရိုးနိုင်မည် မဟုတ်ပါဟု။

(ယုံကြည်သူများအတွက် ဖြစ် ရပ်မှန်ဟု ဝန်ခံပါ၏။ တကယ့်သဘာဝ အနေအထားမှာ ဤအတိုင်းပင် ဖြစ် ပါသည်။ မယုံလိုသူများအတွက်မူ စိတ် ကူးယဉ်မှုသာဟု ဆိုပါရစေ၊ အုန်းတကူး တောင်တော်အား သွားရောက် ကြည့်ရှု လေ့လာလိုပါက မန္တလေးမြို့ သဘော် တန်းကားဂိတ် သိရိမင်္ဂလာမှ တတောင်း ကားကို စီးသွားလျှင် (၇) မိုင်တွင် သပိတ်ကျင်းလမ်းမှ ခွဲထွက်ခဲ့ပါက (၃) မိုင် (၅)ဖာလုံတွင် အုန်းတကူးရွာသို့ ရောက်ရှိမည် ဖြစ်ပါ၏။)

အုန်းတကူးရွာသူ ရွာသားများ နှင့် တပည့်များအား အစဉ်သတိရ အောက်မေ့စွာဖြင့်. . . ။

*ဖြည့်စွက်ချက်*

ကျွန်တော် အုန်းတကူးသို့ စတင် ရောက်ရှိစဉ်က စာသင်ကျောင်းမှာ ပျက်သုဉ်းနေချိန်ဖြစ်ပါသည်။ ကျွန်တော် ရောက်ရှိပြီးနောက်မှ ကျောင်းကို ပြန် လည်ဖွင့်လှစ်နိုင်ခဲ့ခြင်း ဖြစ်သည်။ ယခင် က တွဲဖက်မူလတန်းကျောင်းအသွင် မရေမရာ ဖွင့်လှစ်ခဲ့ကြခြင်းဖြစ်ပြီး နေရာ အတည်တကျမရှိ၊ အဆောက်အအုံ ခိုင်ခိုင်မာမာ မရှိခဲ့ပါ။


www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ရောက်ရှိပြီးမှ ဘုန်းတော်ကြီးသင်ပညာရေး တရားဝင်ကျောင်းအဖြစ် လျှောက်ထားရရှိခဲ့ကာ ကျောင်းဝင်းကျယ်ကြီး သီးခြား ဖော်ထုတ်လိုက်နိုင်ပြီး ခိုင်ခံ့သော နံကပ်ကျောင်းဆောင် ဆောက်လုပ်နိုင်ခဲ့ခြင်း ဖြစ်သည်။

"ဦးသံချောင်း မကွယ်လွန်မီက ဆရာလေးရဲ့ အခု စာသင်ကျောင်းနေရာက ရှေးတုန်းက ဘုန်းကြီးကျောင်းဝိုင်းကြီးတဲ့။ ရေတွင်းဟောင်းကြီးတောင် ကျွန်တော်တို့ ကလေးတုန်းက ရှိသေးတယ်။ နွားတွေကျလွန်းလို့ ဖို့ပစ်လိုက်ကြတာ" ဟု ပြောဖူးပါသည်။

ဤသည်မှာလည်း ထူးခြားမှုပင် ဖြစ်ပါ၏။ ကျွန်တော်တို့ စော်ဘွားဘဝက ဤဘုန်းတော်ကြီးကျောင်းတွင် ဒါနပြုခဲ့ခြင်း၊ ဥပုသ်သီလဆောက်တည်ခဲ့ဖူးခြင်းစသော ကုသိုလ်ဒါနတို့ ကျယ်ပြံ့ဖူးသော အတိတ်ကံအကြောင်းတရားတို့ကြောင့် ကျွန်တော်သည် ဤနေရာတွင် ယခုဘဝ၌ စာသင်ကျောင်းကြီး ဆောက်လုပ်ရာတွင် အဓိက အခန်းကဏ္ဍမှ ပါဝင်ရခြင်း ဖြစ်ပေသည်။

အမှတ်(၁၃) ဘ/က ပညာရေးကျောင်း၏ သမိုင်းကြောင်းကို နောင်နှစ်ပေါင်းများစွာ ကြာညောင်း၍ ပြန်လည်ပြောပြကြသောအခါ ဤစာသင်ကျောင်းသည် ဆရာဘိုဘို၏ လက်ထက်တွင် ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်ဟု ပြောစမှတ်ဖြစ်၍ ကျန်ရစ်မည်ကတော့ သေချာလှပါ၏။

ထို့အပြင် ကျွန်တော်တို့ ငယ်ရွယ်စဉ် ကလေးဘဝ၌ မြို့သာတွင် နေထိုင်စဉ် အချို့သော မိုးရာသီမိုးရွာပြီးစ အချိန်တွင် ကောင်းကင်အာကာသ လောကဓာတ်ကြီးသည် မြူတိမ်တို့ ကင်းစင်လျက် ကြည်လင်သာယာလျက်ရှိသော နေ့ရက်များတွင် ဟိုးအရှေ့ မိုးကုတ်စက်ဝိုင်းသို့ မှန်းမျှော်ကြည့်လိုက်လျှင် ပြာရီမှိုင်းလျက် အပြာရောင် နောက်ခံမိုးသားနှင့် ရောလျက်ရှိသော တောင်တန်းရှည်ကြီးကို မြင်တွေ့ရပါသည်။

ဝေးလွန်းလှသောကြောင့် မိုးကုတ်စက်ဝိုင်း အခြေတွင် ခပ်ရေးရေးသာ မြင်တွေ့နိုင်ပါသည်။ ကျွန်တော်သည် ဘာရယ်ကြောင့်မှန်း မသိပါ။ ထိုတောင်တန်းကြီးကို ငေးမောကြည့်မိသည့်အခါတိုင်း ဝမ်းနည်းကြေကွဲလာမိပါသည်။ ထို့အတူ ပုဂံရှခင်း ပန်းချီဓာတ်ပုံများကို မြင်တွေ့လျှင်လည်း ဝမ်းနည်းကြေကွဲသော ခံစားမှုများ ဖြစ်ပေါ်လာလေ့ရှိပါ၏။ ထိုအကြောင်းအရာတို့၏ ဖြစ်ခြင်း သဘောတရားတို့ကို ယခုမှပင် နားလည်သဘောပေါက်မိပါတော့သည်။

နောက်တစ်ခု ရှိပါသေး၏။

ကျွန်တော်သည် ယနေ့အချိန်၌ ဆေးသိဒ္ဓိသစ္စာရေ၏ အစွမ်းကို လူသိများလာပြီဖြစ်၍ ကျွန်တော့်ထံ လူပေါင်းများစွာတို့ ဆေးကုသရန် လာရောက်လျက်ရှိကြပါ၏။ ကျွန်တော်၏ မိဘအရွယ်များပင် ပါဝင်ကြပါသည်။

ဆေးကုသမှု ပြီးစီးသောအခါ ဆရာ၏ ပါရမီကို့ ကန်တော့ပါရစေဟု ဆိုကာ ကျွန်တော့်ကို ထိုင်ကန်တော့ကြသည်ဖြစ်၍ ကျွန်တော်သည် ရဟန်းသံဃာမဟုတ်သော လူဝတ်ကြောင်နှင့်ပင် နေစဉ် လူတို့၏ ရှိခိုးကန်တော့မှုနှင့် လက်ဆောင်ပဏ္ဏာ ပေးအပ်မှုတို့ကို ခံယူရရှိနေပါ၏။ ထိုကိစ္စတို့သည် အတိတ်ဘဝ ပါရမီအကြောင်းဆက်တို့ကြောင့်ပင်ဟု ဆိုနိုင်ပါ၏။

ထို့အပြင် ကျွန်တော်တို့သည် ရှမ်းစော်ဘွားများဘဝက မန္တလေး သပိတ်ကျင်းသို့ စစ်သည်များဖြင့် ... လှေကြီးစီးကာ ဝါဆိုလဆန်း (၁၄)ရက် ... နေ့တွင် ထွက်ပြေးခဲ့ကြရသည့် နည်း... ယခုမျက်မှောက် ဘဝတွင်လည်း ... တော်သည် ဝါဆိုလဆန်း (၁၄)ရက်... မှာပင် အကြောင်းပြချက် တစ်စုံတစ်... မရှိဘဲ အတွင်းမသိစိတ်၏ လှုံ့ဆော်... ကြောင့် စစ်သည်မန်း သပိတ်ကျင်းသို့... ကားကြီးဖြင့် မန္တလေးမှ ထွက်ခွာ... သည်မှာလည်း ထူးခြားသော တိုက်... ဆိုင်မှု တစ်ခုပင် ဖြစ်ပါ၏။

ထိုအကြောင်း ဤအကြောင်း... အရာအားလုံးတို့ကို ပေါင်းရုံကြည့်... ဆိုပါလျှင် စာဖတ်သူများတွင်... မည်သို့ မှတ်ချက်ချကြမည်ဟု မသိ... သော်လည်း ကျွန်တော့်အဖို့ရာ... တော့ အားလုံးကို ယုံကြည်ပါသ... တူ၍သာ ဆိုရမည် ဖြစ်ပါသတည်း။

(ပြီးပါပြီ)

**ဘိုဘို(ရွှေ...)**

❑





www.burmeseclassic.com

ww.burmeseclassic.com

မောင်လေးအောင်

(သန့်လျှင်)



# ကျွန်ုပ်နှင့် တောနှာဖျောက်သော အစာသုံးတော်

ကျွန်ုပ်နှင့် ကျွန်ုပ်၏ အချစ်ဆုံး မိတ်ဆွေ မုဆိုးကျော် စောဂျက်ဆင်တို့ နှစ်ယောက်သည် တောဝကို မြင်နေရပြီ သေ၊ မိနစ်နှစ်ဆယ်မျှ လျှောက်လျှင် ရောက်တော့မည်။

ထိုစဉ် တောဝမှ ထွက်လာသော ဆင်ကြီးများ၊ ကျားကြီးများ၊ လူဝံကြီး များ မျောက်ဝံကြီးများ၊ မျောက်ငယ် များနှင့် မျောက်သေးသေးလေးများ၊ ဆင်၊ ဒရယ်၊ ချေငယ်၊ စိုင်၊ ဆတ်နှင့် ငှန်းစွာမှ လှပသော အစိမ်း၊ အနီ၊ အဝါ၊ အပြာ ရောင်စုံယှက်ဖြာနေသော ငှက် ငယ်လေးများကို အမှတ်မထင် တအံ့ တသြ တွေ့မြင်လိုက်ရပါတော့သည်။

ချက်ချင်းဆိုသလိုပင် ကျွန်ုပ်တို့ နှစ်ယောက်သည် အနီးရှိ ထီးထီးကြီးရှိ နေသော ကျွန်းပင်ကြီးကြီးပေါ်သို့ မြန် မြန်ဆန်ဆန်ပင် တက်လိုက်မိပါတော့ သည်။

အဖျားမရောက်၊ ကိုင်းကောင်း ကောင်းတွင် အကျအန ထိုင်ပြီး သက် ပြင်းချ၍ အမောဖြေမိပါတော့သည်။

တိတ်ဆိတ် ငြိမ်သက်နေရာမှ ကျားဟိန်းသံ၊ ဆင်အော်သံ၊ မျောက်ကြီး မျောက်ငယ်၊ မျောက်သေးသေးလေး များ၏ ကွီကွီကွကွဖြင့် ဆူဆူညံညံ အော်ဟစ်သံတို့သည် တောဝတွင်ပဲ့တင် ထပ်၍ သွားလေတော့သည်။ ငှက်ငယ် လေးများ၏ ကျည်ကျည်ကျာကျာဖြင့် တေးဆိုကြသည့် အသံကလည်း ထက် ယံကို ဖောက်ထွက်ဟန်ဖြင့် ဆူညံလို့ နေပါဘိ။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့ နှစ်ယောက်သည် ကျွန်းပင်ကြီး၏ အပေါ်မှနေ၍ မြင်ကွင်းအားလုံးကို တအံ့တသြ ငေးမောပြီး စူးစူးစိုက်စိုက် ကြည့်လိုက်သောအခါ လွန်စွာမှ ဆန်းကြယ်လွန်းလှသော အသွင်ဆန်း အမြင်ဆန်းကို မျက်ဝါးထင်ထင် တွေ့မြင်နေရလေပြီ။

မျက်တောင်မခတ် အသက်ရှူများလောက်အောင် စေ့စေ့စပ်စပ် စူးစူးစိုက်စိုက် တဝကြီး အားပါးတရ ကြည့်နေမိပါတော့သည်။

▲

အဘသည် မြို့တွင် ခဏသာနေပြီး တောတွင်းသို့ ပြန်လာခြင်းဖြစ်သည်။ အဘ ပြန်လာမည်ကို တောတွင်းရှိ တိရစ္ဆာန်ကြီးငယ်များသည် ကြိုတင်သိနေကြပြီး တောဝသို့ လာကြိုနေကြခြင်းသည်ပင် လွန်စွာမှ အံ့သြစရာ ကောင်းလွန်းနေပါဘိ။

လှပသော အရောင်စုံငှက်ငယ်လေးများသည် အဘ၏ လက်ဝဲ၊ လက်ယာ ပခုံးထက်၌လည်းကောင်း၊ အဘ၏ ဘေးဝဲယာတွင်လည်းကောင်း ပျံဝဲ၍ အနီးကပ်လိုက်ပါလာကြသည်။ မျောက်ငယ်လေးများနှင့် မျောက်သေးသေးလေးများသည် အဘ၏ ညာလက်နှင့် ဘယ်လက် လက်နှစ်ဖက်စလုံးကို လက်ဆွဲပြီး လိုက်ခဲ့ကြသည်။

လက်တစ်ဖက်လျှင် နှစ်ကောင်သုံးကောင် ဆွဲလာခြင်းဖြစ်၏။ အဘလက်ကို မဆွဲရသော မျောက်ငယ်လေးများသည် စိတ်ကောင်းပုံမရ။ အဘ၏ အနီးမှကပ်ပြီး လိုက်ပါလာကြသည်။

ငှက်ကလေးများသည် အဘ ပြန်လာ၍ ပျော်ရွှင်မြူးထူးနေကြပုံရသည်။ ငှက်ငယ်လေးများ တေးဆိုနေကြသော အသံသည် အဘ၏ရင်ထဲတွင် ချမ်းမြေ့နေဟန်ရှိသည်။ ကြည်နူးနေဟန် ပေါ်သည်။

တစ်လမ်းလုံး ကွကွကွဲကွဲဖြင့် မျောက်ငယ်လေးများနှင့် မျောက်သေးသေးလေးများသည် အဘမျက်နှာကို ကြည့်ပြီး စကားပြောနေကြဟန်ရှိသည်။ အဘကလည်း ပြုံးရွှင်သော မျက်နှာနှင့် မျောက်ငယ်ကလေးများကို ကြည့်ပြီး အပြန်အလှန် စကားပြောနေကြသည်မှာ အံ့သြစရာကောင်းလွန်းပါဘိတော့။

အဘသည် တိရစ္ဆာန်တို့ ပြောသောစကား (မဂဓ) စကားကို ကောင်းကောင်းကြီး တတ်သိနားလည်ပြီး ပြောဆိုနေကြသော အသံနှင့် ဟန်တို့သည် နားထောင်၍ ကောင်းလိုက်ပါဘိ။ ကြည့်၍လည်း မဝနိုင်အောင် ကောင်းလွန်းပါဘိတော့။

သမင်၊ ဒရယ်၊ ချေငယ်၊ စိုင်၊ ဆတ်နှင့် အခြားအရွယ်တူ တိရစ္ဆာန်တို့သည်လည်း အဘ၏ ဝဲယာမှ အနီးကပ်လိုက်ပါလာကြပြီး ခုန်ပေါက်၍ ပျော်ရွှင်မြူးတူးနေကြသည်လေ။

နောက်တွင် လူဝံကြီးများ၊ မျောက်ဝံကြီးများ၊ ဆင်ကြီးများနှင့် ရွယ်တူ ဆိုက်တူ ဂိုက်တူ တိရစ္ဆာန်ကြီးများသည်လည်း ပျော်ရွှင်စွာဖြင့် ကပြီး လိုက်ပါလာကြသည်မှာ ကြည့်၍ ကောင်းမှကောင်း။

၎င်းတို့၏ နောက်မှ ကျားများ၊ ကျားပေါက်လေးများ၊ ကျားသစ်များ၊ ကျားသစ်ပေါက်လေးများ၊ အခြားတိရစ္ဆာန် ကြီးကြီးငယ်ငယ်တို့သည်လည်း တဖြည်းဖြည်းနှင့် တစ်လှမ်းချင်းတစ်လှမ်းချင်း အဘကို အားရဝမ်းသာကြိုဆိုကြပြီး တောကြီးအတွင်းသို့ ဝင်သွားကြသော မြင်ကွင်းမှာ မေ့ပျောက်နိုင်ဖွယ်ရာ မရှိတော့ချေ။

ကြည်နူးစရာ ကောင်းလှပါဘိ။ ချမ်းမြေ့စရာကောင်းလှပါဘိ။ လွန်စွာမှလည်း ဆန်းကြယ်လွန်းပါဘိ။ ဂမ္ဘီရဆန်လွန်းလှပါဘိတော့တယ်။

▲

ပြောရဦးမည်။ ကျွန်ုပ်နှင့် ကျွန်ုပ်၏ အချစ်ဆုံးမိတ်ဆွေ မုဆိုးကျော်စောဂျက်ဆင်တို့သည် အိမ်မှ ထွက်လာစဉ်ကပင် အဘနှင့်ပတ်သက်၍ အဘအကြောင်းကို ကြားထားပြီးပြီ။

"တောကြီးအတွင်းကို တောပစ်မုဆိုးတွေ ရောက်ခဲ့ရင်တော့ အဘနဲ့တွေ့ကြရမှာ အမှန်ပဲ၊ အဘနဲ့တွေ့ပြီဆိုရင်တော့ အဘနှုတ်ဖျားက ပွင့်ထွက်လာတဲ့ မေတ္တာစကားကြားလိုက်တာနဲ့ပဲ အဘရဲ့ မေတ္တာဓာတ်များ လွှတ်လိုက်လေလသလား မသိပါဘူး၊ ရောက်လာတဲ့ တောပစ်မုဆိုးဟာ သူ့မှာ ပါလာတဲ့ တောပစ်လက်နက်တွေကို အဘကို လှူပြီးသား ဖြစ်သွားတယ်၊ ပြီးတော့ အဘကို ဦးတိုက် ဦးခိုက်ပြီး ပြန်သွားရတယ်" တဲ့။

သည်စကား ကျွန်ုပ်ကြားထားတာကြာပြီ။ ကျွန်ုပ်နှင့် မိတ်ဆွေ စောဂျက်ဆင်သည် သားသတ်မုဆိုးများဖြစ်သော်လည်း ဘွဲ့ရ ခေတ်ပညာတတ်များဖြစ်ကြသည်။ ကျွန်ုပ်သည် သင်္ချာအဓိကဖြင့် ဘွဲ့ရထားသလို မိတ်ဆွေ စောဂျက်ဆင်သည်လည်း ရူပဗေဒအဓိကဖြင့် ဘွဲ့ရထားသူ ဖြစ်ပါသည်။

သည်ကြောင့် အပြောနှင့် မယုံ၊ လုံးဝ လက်မခံ၊ အလုပ်နှင့်လက်တွေ့ ပြပါမှ ယုံမည့်လူစား။

'တောတွင်းကို အရောက်သွားမယ်၊ အဘနဲ့တွေ့အောင် ကြိုးစားမယ်၊ ပြီးတော့ သားကောင် တစ်ကောင်ကောင်ရအောင် ပစ်ရမယ်၊ အောက်ဆုံး



www.burmeseclassic.com

www.burmeseclassic.com

သမင်တစ်ကောင်တော့ ရအောင်ပစ်ပြီး အသေသား ထမ်းလာမယ်' ဟု နှစ်ဦးသား ယုံးသပ်၍ ဆုံးဖြတ်ချက်ချလာသူ။ ထို့ကြောင့် စောဂျက်ဆင်သည် ကိုင်နေကျဖြစ်သော (. ၅၀၀) နှစ်လုံးပြူး ရိုင်ဖယ်၊ လက်နက်ကြီး။

တော်ရုံတန်ရုံ သားကောင်ကို တစ်ချက်တည်းနှင့် ကိစ္စချောပြီး စိတ်ချရသည့် လက်စွဲတော်။ ကျွန်ုပ်သည် ဗွိုင့်တူးတူးကို ကိုင်ဆောင်လာသည်။ ၎င်းပြင့် ထမင်းခြောက်၊ အသားခြောက်၊ မုန့်ခြောက်များနှင့် ရေသန့်ဘူး၊ အချိုရည်ဘူးများနှင့်အတူ လေးထောင့်ထိုး လက်နှိပ်ဓာတ်မီးပါ မကျန်ရအောင် ပစ္စည်းများကို အလုံအလောက် အပြည့်အစုံ ယူလာသည်။

ယခုတော့ဖြင့် တောထဲကို မဝင်ရသေး။ တောဝမှာပင် အသနှင့်အတူ တောကောင် ကြီးကြီးငယ်ငယ်များကို တအံ့တသြ တွေ့နေကျမြင်နေရပြီလေ။ တောကောင်ကို ရှာနေစရာမလို အသင့်အဆင်သင့်ပဲ အခုပစ် အခုရနေပြီပဲ။

ပစ်ဖို့နေနေသာသာ ပစ်ရမည့် သတ်နက်ကိုပင် သတိမရနိုင်။ အမှေ့ကြီး မှေ့နေသည်လေ။ အံ့သြဖွယ်ရာ ဆန်းကြယ်ထွန်းလှသော မြင်ကွင်းစုံကို အမေ့တမြော ငေးမော ကြည့်ရှုနေရင်းမှ မျက်ဝန်းအစုံတွင် လုံးဝ လုံးဝ ပျောက်ကွယ်သွားသည်အထိပါ။

'တောတွင်းကိုဝင်မယ်၊ အဘရဲ့ နေမှု ထိုင်မှု၊ စားမှု၊ သောက်မှုအလုံးစုံကို လေ့လာရမယ်၊ ပြီးမှ အဘနဲ့ တွေ့မယ်' ဟု ဆုံးဖြတ်ချက်ချပြီး ကျွန်ုပ်တို့ နှစ်ယောက်သည် စိတ်တူ ကိုယ်တူ တောနက်ကြီးအတွင်းသို့ ချီတက်ခဲ့ကြပါတော့သည်။

▲

အဘသည် တောနက်ကြီး အတွင်း၌ နေသည်။ သစ်ပင်ကြီးကြီး၏ အလယ်လောက်တွင် လင့်စင်သဖွယ် (လင့်စင်ထက်သာလွန်သော) သစ်ခက်တဲနန်းတွင် အဘ နေထိုင်သည်။

နေပြောက်မထိုးနိုင်အောင် သစ်ရွက် သစ်ခက်တို့ဖြင့် မိုးထား ကာထား၏။ တိုင်သည် သစ်လုံးဖြစ်၏။ အခင်းသည် ဝါးပိုးဝါးတို့ဖြင့် ခိုင်ခိုင်ခံ့ခံ့ ပြုလုပ်ထားသည်။ လုံခြုံလှသော သစ်ခက်တဲနန်းကို မျောက်ကြီးကြီးများက တည်ဆောက်ပေးကြပါသည်။ မျောက်ငယ်လေးများ၊ မျောက်သေးသေးလေးများ ရှာဖွေကျွေးမွေးသော သစ်သီး၊ သစ်ဥ၊ သစ်ဖုများကို အဘစားသည်။ စမ်းရေအေးအေးကို မျောက်သေးသေးလေးများ ခပ်ပေး၍ အဘ သောက်သည်။ မျက်နှာသစ်၍ ရသည်။

မျောက်ကြီးကြီးများကလည်း ပျားရည်ကို ရှာဖွေ၍ အဘကို ပေးသည်။ မျောက်ဝံကြီးများ၊ လူဝံကြီးများကလည်း တစ်ဖက်တစ်လမ်းမှ အဘအတွက် အာဟာရဖြစ်စေသော လွန်စွာမှလည်း ချိုမြိန်စေသော သစ်သီးများကို ရှာဖွေ၍ အဘရှေ့မှောက် အရောက်ပို့ပေးသည်။

အဘသည် အာဟာရဖြစ်မှ၊ အားအင်တိုးမှ တရားကျင့်နိုင်မည် ဖြစ်၏။ အဘသည် စားရေး၊ သောက်ရေး၊ နေရေး ထိုင်ရေးအတွက် ပူပင်စရာမလို၊ အချိန်ရလျှင် ရသလို တရားကျင့်၏။ လမ်းလျှောက်သည်။ အနားယူသည့် အချိန်ပါ အလွတ်မပေး မေတ္တာပို့နေ၏။ မေတ္တာ ကမ္မဋ္ဌာန်း စီးဖြန်းနေသည့် အချိန်က များသည်။

အဘတရားထိုင်လျှင် အဘနေသော သစ်ခက်တဲနန်း၌ဖြစ်စေ၊ တောနက်ကြီး အတွင်းရှိ သစ်ပင်ကြီးကြီး၊ ဝါးပင်ကြီးကြီး၌ဖြစ်စေ တရားထိုင်၏။ အဘ တရားမထိုင်ဖူးသော နေရာမရှိချေ။

အဘနေထိုင်သော တောနက်ကြီးအတွင်းတွင် သားကောင်အချင်းချင်း ကြီးနိုင်ငယ်ညှဉ်း မရှိကြ။ အဘ၏ မေတ္တာဓာတ် စွမ်းအား စွမ်းပကား ကြောင့်ဖြစ်မည်။

တစ်ကောင်နှင့် တစ်ကောင် ချစ်ချစ်ခင်ခင် ကျားနဲ့ဆင် လယ်ပြင်မှာ တွေ့စရာမလို၊ တောထဲမှာပင် သွားအတူ လာအတူ တပူးတွဲတွဲ။

တောကောင်ဖြစ်သော တောကြောင်ကြီးကြီးနှင့် တောကြွက်ကြီးကြီး တို့သည် ရှေးကတည်းက ကမ္ဘာ့ရန်။ ခုတော့ဖြင့် အဘနေထိုင်သော နယ်ပယ်ဝန်းကျင်မှာ မိတ်ဆွေများအဖြစ် တတွဲတွဲတပူးပူး ထူးထူးခြားခြား ချစ်ခင်နေလေတော့ မြင်ရသူမှာ အဖြစ်က ဆန်းကြယ်လေတော့ အံ့သြစရာအသွင် ဆန်း အမြင်ဆန်းပဲပေါ့။

ကြီးမားသော ဖားကြီးနှင့် ရှည်လျားသော လုံးပတ်ကြီးသည့် လူ၏ ပေါင်တစ်လုံးစာမျှရှိသော မြွေကြီးတို့သည်လည်း အပြင်ဝန်းကျင်တွင် မဟာရန်သူ၊ ယခု အဘနေထိုင်သော နယ်မြေတွင် မဟာမိတ်ဆွေ၊ ချစ်မိတ်ဆွေများ ဖြစ်နေကြသည်မှာလည်း မအံ့သြဘဲ မနေနိုင်တော့။

တောတွင်းရှိ တောကောင်ကြီးကြီး ငယ်ငယ်မဟူ နေထိုင်မကောင်းဖြစ်ခဲ့သော်၊ အကြောင်းအမျိုးမျိုးကြောင့် အနာ ဒဏ်ရာတရ ဖြစ်ခဲ့သော် အဘ မန်းမှုတ်ပေး၍ အဘ၏ မေတ္တာဓာတ်ဖြင့် ပျောက်ကင်းသွားကြသည်သာ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

အဘသည် တောကြီးအတွင်း၌ အညောင်းအညာပြေ လမ်းလျှောက်ထွက်လျှင်လည်းကောင်း၊ စမ်းချောင်းရှိရာသို့ ရေချိုးသွားရာ၌ လည်းကောင်း မျောက်ငယ်ကလေးများနှင့် မျောက်သေးသေးလေးများသည် အဘနှင့်အတူ လက်ဆွဲ၍ လိုက်ပါလာကြလေသည်။

အဘ တရားထိုင်နေစဉ်သော်လည်းကောင်း၊ အဘ သစ်ခက်တဲနန်း၌ အိပ်စက် အနားယူနေစဉ်တွင်လည်းကောင်း အချိန်ပြည့် တောတွင်းရှိ တိရစ္ဆာန်ကြီးကြီးငယ်ငယ်များက အဘကို စောင့်ရှောက်ပေးနေကြသည်။

လှပသော ငှက်ကလေးများသည် တေးမဆို တေးမသီဘဲ အဘနှင့်အနီးဆုံးသစ်ကိုင်းထက်တွင် ငြိမ်သက်စွာ ရှိနေသည်ကပင် ထူးထူးခြားခြား ရှိနေသည်ပဲ။

သဘာဝအတိုင်း ကွကွ ကွီကွီ အော်ပြီး စကားပြောနေတတ်သော မျောက်တို့ပင်လျှင် တစ်ကောင်တလေမှု မပြောကြ၊ မဆိုကြ၊ အော်မြည်သံ မကြားရဘဲ အဘ၏အနီးတွင် ကပ်၍ ငြိမ်သက်စွာ ရှိနေကြသည်မှာလည်း ဆန်းဆန်းပြားပြား ဖြစ်နေသည် မဟုတ်ပါလား။

လူဝံကြီးများ၊ မျောက်ဝံကြီးများ၊ ဆင်ကြီးများ၊ ကျား၊ ကျားသစ်၊ အားလုံးအားလုံးတို့သည် အဘနေထိုင်ရာနှင့် မနီးလွန်း မဝေးလွန်းသောနေရာတွင် တိတ်ဆိတ်ငြိမ်သက်စွာဖြင့် အဘကို စောင့်ရှောက် ကာကွယ်ပေးနေကြသည့် မြင်ကွင်းသည်လည်း တစ်မျိုး တစ်ဘာသာ။

အံ့ဩစရာတွေပဲပေါ့။

▲

ကျွန်ုပ်နှင့် မိတ်ဆွေ မုဆိုးကျော်စောဂျက်ဆင်တို့ နှစ်ယောက်သည် ပါလာသော ထမင်းခြောက်၊ အသားခြောက်၊ မုန့်ခြောက်များနှင့် အချိုရည်ကို စားသောက်ပြီး ရေကို တဝသောက်ကာ လေးငါးရက်မျှ အဘ၏ နေမှု၊ ထိုင်မှု၊ စားသောက်မှု၊ တရား ကျင့်ကြံမှု၊ တောနေ တိရစ္ဆာန်ကြီးငယ်များနှင့် ပေါင်းသင်းဆက်ဆံမှု အားလုံး အားလုံးတို့ကို မျက်ဝါးထင်ထင် လေ့လာကြည့်ရှုကြသောအခါ . . .။

ထူးခြားဆန်းကြယ်လွန်းသော၊ အံ့ဩဖွယ်ရာ ကောင်းလွန်းလှသော၊ လွန်စွာမှလည်း ဂမ္ဘီရဆန်လွန်းနေသော ဖြစ်ရပ်ဆန်းကြယ် အမှန်တကယ် ဖြစ်နေသည့် အဘအကြောင်းကို လက်တွေ့ သိခွင့်၊ မြင်ခွင့်၊ ကြားခွင့်၊ ရရှိခဲ့ကြလေတော့၏။

ထို့အပြင် အဘ၏ ထက်သန်သော စေတနာ၊ တုနှိုင်း၍ မရနိုင်သော တောမှာ ပျော်သော တောပျော်ကြီး သူတော်စင် အဘသူတော်ကို လေးစားခြင်း၊ ချစ်ခင်ခြင်း၊ ကြည်ညိုခြင်း၊ များစွာ များစွာဖြင့် အဘ၏ ရှေ့မှောက်သို့ ကျွန်ုပ်တို့ နှစ်ယောက် ဒူးထောက်ပြီး အခစား ဝင်ရောက်ခဲ့ရပါပြီကော။

ကျွန်ုပ်တို့ရောက်သည်နှင့် အဘသည် မေတ္တာဓာတ်များ လွှတ်လိုက်သည်လား မပြောတတ်ချေ။ အဘ၏ နှုတ်ဖျားမှ မေတ္တာစကား စပြီးပြောသည်။

လူလူချင်း မေတ္တာထားရန်၊ တိရစ္ဆာန်များအပေါ်၌လည်း ကြင်နာခြင်း၊ သနားခြင်းများစွာဖြင့် မေတ္တာထား၍ မေတ္တာပွားရန် ဘုရားဟောတရားတော်အတိုင်း တရားပြနေသည်မှာ ကျွန်ုပ်တို့ နာခံသူ နာကြားသူနှစ်ယောက်၏ရင်မှာ ငြိမ်းချမ်းလိုက်ပါဘိ။ အေးမြလိုက်ပါဘိတော့တယ်။

ကျွန်ုပ်တို့တွင် ပါလာသော သေကျေပျက်စီးနိုင်သော လက်နက်များကို အဘကို လှူလိုက်တော့မည်ဟု ဆုံးဖြတ်ချက်ချလိုက်ပြီး -

'ငါ အဘနဲ့ပတ်သက်ပြီး ကြုံဖူးကြားထားတဲ့စကား သွေးထွက်အောင်မှန်နေပါပေါ့လား' ဟု။

အံ့တွေးဝင်မိသည်နှင့် ကျွန်ုပ်၏ ခန္ဓာကိုယ်တစ်ခုလုံးတွင် ရှိသော အကြောပေါင်း တစ်ထောင်တို့သည် ဓာတ်စီးသည့်ပမာ တုံ့ဆိုင်းသွားလေတော့သည်။

"လူလေးတို့က အောက်ဆုံးသမင်တစ်ကောင်ကို အရပစ်ပြီး သမင်အသေသားကို ထမ်းပြီး ပြန်ကြမှာ မဟုတ်လား၊ အပင်ပန်းခံပြီး ပစ်မနေကြနဲ့၊ ဟိုမှာ တွေ့လား၊ သမင်အသေကောင်၊ ထမ်းပြီး ပြန်ကြပေတော့"

ဟု ပြောပြီး အဘလက်ညှိုးညွှန်ရာသို့ ကြည့်လိုက်သောအခါတွင် ကျွန်ုပ်တို့ လာခဲ့သည့်လမ်း အဘနှင့် မလှမ်းမကမ်းနေရာတွင် သမင်အသေ တစ်ကောင်မြင်နေရသည်။

ကျွန်ုပ်၏ စိတ်ထဲ၌လည်း -

'လူတွေ၏ အတွင်းစိတ်(မနော)ကို အဘက အလုံးစုံ သိနေပါလား' ဟု အတွေးဝင်လိုက်မိသေး၏။

သည်အခါ အဘသည် ကျွန်ုပ်ကို စူးစူးစိုက်စိုက်ကြည့်ပြီး မသိမသာ တစ်ချက်ပြုံးလိုက်သည်ကို ကျွန်ုပ် သတိထားလိုက်မိသည်။

"အင်း- ငါနဲ့ အဘက အတိတ်ဘဝတုန်းက အကျိုးဆက် အကြောင်းဆက် ပဋ္ဌာန်းဆက်တွေ ရှိနေတာ ထင်ပါတယ်" ဟု တွေးမိပြန်သောအခါ

www.burmeseclassic.com

ဒုတိယအကြိမ်မြောက် ကျွန်ုပ်၏ ခန္ဓာကိုယ်တစ်ခုလုံး ကြက်သီးမွေးညင်းများ ထသွားပါတော့သည်။

နောက်ဆုံးတွင် အဘသည် စကားမပြောတော့ဘဲ နှုတ်ပိတ် ခပ်ဆိတ်ဆိတ် နေလေတော့၏။

ကျွန်ုပ်နှင့် ကျွန်ုပ်၏ အချစ်ဆုံး မိတ်ဆွေ မုဆိုးကျော် စောဂျက်ဆင်တို့ နှစ်ယောက်တွင် ပါလာသော သတ္တဝါများကို သေစေနိုင်သည့် လက်နက်များ ဖြစ်သော (. ၅၀၀) နှစ်လုံးပြူးရိုင်ဖယ်နှင့် ကျည်ဆံတူးတူး သေနတ်နှစ်လက်ကို အဘအား ပေးအပ်လိုက်ပြီး -

"နောက်နောင် ဘယ်သောအခါမှ မုဆိုးအလုပ်ကို မလုပ်တော့ပါ။ အသက်ပန် လျှူပါသည်" ဟု ပြောပြီး နှစ်ယောက်သား အဘကို ထိခြင်းငါးပါးဖြင့် ရှိသေစွာကန်တော့လိုက်ပါတော့သည်။

သည်အချိန်တွင် ကျွန်ုပ်တို့ နှစ်ယောက် အဘကို ပေးအပ်လှူပြီးဖြစ်သော သတ္တဝါများကို သေစေနိုင်သည့် သေနတ်နှစ်လက်သည် ကျွန်ုပ်တို့ ရှေ့မှာပင် အံ့ဩစရာ ကောင်းအောင် မီးလောင်ကျွမ်းပြီး မီးခိုးတလူလူဖြင့် အရည်ပျော်ကျသွားပါတော့သည်။

"အဘရှိတဲ့ နယ်ပယ်ဝန်းကျင်မှာ သတ္တဝါတွေ သေစေနိုင်တဲ့ လက်နက်မှန်သမျှ မရှိစေရအူးကွဲ၊ ရှိနေရင် ရှိခဲ့ရင်လည်း သူ့အလိုလို ခုလို မီးလောင်ပြီး အရည်ပျော်သွားမှာ အမှန်ပဲ"

အဘ၏စကား ကြားရတော့ ကျွန်ုပ် တုန်လှုပ်မိသည်။ တုန်လှုပ်ခြင်းနှင့်အတူ အဘ၏ မေတ္တာစာတ် မေတ္တာစွမ်းအား၊ စေတနာ သဒ္ဓါစွမ်းအား စွမ်းပကားတို့ကို အထူးပင် လေးစားမိပါ၏။

မေတ္တာစာတ် မေတ္တာတန်ခိုးကို ပို၍ ပို၍ တန်ဖိုးထား လေးစားမိပါသည်။ ကြည်ညိုမိပါတော့သည်။

▲

ကျွန်ုပ်နှင့် ကျွန်ုပ်၏ အချစ်ဆုံး မိတ်ဆွေ စောဂျက်ဆင်တို့ နှစ်ယောက်သည် အပြန်ခရီးလမ်းတွင် နှစ်ထောင်းအားရ ကျေနပ်ခြင်းများစွာ များစွာဖြင့် ရင်ထဲတွင် ပေါ့ပါးရွှင်လန်း၍ နေပါတော့သည် တကား။

**မောင်လေးအောင်(သန်လျင်)**

□




# အကြောပြင်ဆရာကြီး ဦးအေးထွန်း

## (အကြောပြင်ပညာရှင်)

အကြောပြင်ပညာဆိုတာ ဝေဒနာခံစားနေရတဲ့ အကြောကို အားသုံးဖိနှိပ်ပြီး နာကျင်တဲ့ဝေဒနာအဖြစ် အာရုံပြောင်းကုသရတဲ့ပညာ မဟုတ်သလို မလိုအပ်ဘဲ ဆေးပူတွေလိမ်း၊ ပတ်တီးစည်းပြီး လူနာရဲ့စိတ်ကို လှည့်စားရတဲ့ပညာလည်း မဟုတ်ပါဘူး။ ဝေဒနာရှင်ရဲ့ ခံစားရတဲ့ အကြောလေးတွေကို မနာကျင်စေဘဲ အချိန်တိုမိနစ်ပိုင်းအတွင်း သက်သာအောင် ပြုပြင်ပေးတဲ့ပညာ ဖြစ်ပါသည်။

ကျွန်တော် ဒီနည်းတွေကို အသုံးချပြီး
- ခါးနာ၊ ဒူးနာ၊ ကျီးပေါင်းတက်၊ လက်ကိုက်၊ လက်ကပ်နဲ့ ထုံနာကျဉ်နာတွေကို (၁၅)မိနစ်အတွင်း၊
- အခြားအကြောရောဂါတွေကို မိနစ်ပိုင်းအတွင်း၊
- လေဖြတ်စ ( ၂၄ နာရီအတွင်း ) လူနာတွေကို တစ်ပတ်အတွင်း ကောင်းအောင် ကုညီနေပါသည်။
- လေဖြတ်ခံရပြီး ပုံမှန်ခြေ, လက် မလှုပ်ရှားနိုင်သူများအား အမြန်ဆုံးကောင်းမွန်အောင် ပြုပြင်ပေးသည်။
- ဝေဒနာကို ပျောက်ကင်းနိုင်ခြင်း ရှိ/မရှိ ပျောက်ကင်းမည့်အချိန်ကိုပါ တစ်ပါတည်း ခန့်မှန်းပေးပါမည်။

**တွေ့ချိန်** ➽ နံနက် (၉)နာရီမှ ညနေ (၅)နာရီအတွင်း

အမှတ် (၅၇)၊ (၄) လမ်း၊ မာလာမြိုင်၊ အုတ်ကျင်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
(ပါရမီလမ်းမကြီးနဲ့ ကျောချင်းကပ်လမ်း ) ဖုန်း - ၀၉-၇၃၂၄၂၄၄၂၊ ၀၉-၂၅၀ ၁၅၄၇၅၈




www.burmeseclassic.com

www.burmeseclassic.com

"မပုတို ရထားတိုက်ခံရလို့တဲ့တော့"

အိမ်ရှေ့လမ်းမပေါ်က မိန်းမတစ်ယောက် ပြောသွားတဲ့အသံ။ ဈေးသွား ဈေးပြန် ရှုပ်နေတဲ့အချိန်။ ဘယ်သူပြောသွားပါလိမ့်လို့ မမြရီ မသိချင်ဘူး။ ကြားလိုက်ရတဲ့ သတင်းသာ တကယ်ဟုတ်မှဟုတ် သိချင်စိတ် စောနေတာ၊ ရင်ခွင်ထဲ နှိုက်နေတဲ့

အူသွားတယ်။ သူ နားကြားမှားလား။ ဟုတ်မယ်မထင်ပါဘူး။ လူတွေက ဒီလိုပဲ နားစွန်နားဖျားကြားတာ ကိုယ်တိုင်ပဲ တကယ်တွေ့မြင်လာသလို၊ တောပြော တောင်ပြော ရမ်းတုတ်တတ်ကြတာ။ ဘယ်တုန်းကလဲ၊



ကလေးကို အဝတ်ပုခက်ထဲထည့်၊ တစ်ချက် နှစ်ချက် လွှဲပြီး အိမ်ရှေ့ထွက်ခဲ့တော့ အရပ်ထဲက ကလေးတစ်သိုက် သံလမ်းဘက် ပြေးသွားကြတာ တွေ့လိုက်ရတယ်။

"ညီမရေ ဘာဖြစ်တာတဲ့တုံး"

"ဟင့်အင်း၊ ကျွန်မလည်း မသိဘူး"

ဈေးဘက်က ပြန်လာတဲ့ ဆိုက်ကားတစ်စီးကို မေးတော့လည်း -

"မသိပါဘူးဗျာ၊ ရထား ဘာဖြစ်လို့ ဆိုလား"

ဘယ်သူမှ တပ်အပ် သေချာပြောနေတာ မတွေ့ရတော့ မမြရီ ဘယ်နေရာမှာလဲ၊ ဘာတွေမြင်လဲ၊ တိတိကျကျ မေးကြည့်၊ တစ်ယောက်မှ အမှန်မသိဘူး။ ခုလည်း ရထားတိုက်တယ်ပဲထား။ မပုတိုဆိုတာကော ဟုတ်လို့လား။

တစ်ခုတော့ ထူးခြားနေတယ်။ လူတွေ သွားလာနေတာ ရေးကြီး



www.burmeseclassic.com

www.burmeseclassic.com

# ရေကြည်မြေကိုင်း

## ပင်းမြှောက်ပင်း (စစ်ကိုင်း)



သွတ်ပျာနဲ့။ မျက်စောင်းထိုးက မပုတို အိမ်ဘက် လှမ်းကြည့်တော့လည်း ဘာမှ မဖြစ်သလို။ ဝယ်စရာမရှိဘဲ ဈေးဘက် သွားလိုက်ချင်သေး။ ဈေးမှာတော့ တစ်ခုခုကို အသေအချာ ကြားရသိရမှာ မဟုတ်လား။

ဒါပေမဲ့ အိမ်မှာ ယောကျ်ား ကိုသင်းမောင် မရှိတာ သတိရတော့ သိချင် ကြားချင်တာတွေထား၊ မီးဖိုခန်းထဲ ပြန်ဝင်ခဲ့တယ်။

ထမင်းအိုး မတည်ရသေးဘူး။ ကပျာကယာ နို့ဆီဘူးနှစ်လုံး ဆန်ဆေး



www.burmeseclassic.com

www.burmeseclassic.com

တည်လိုက်ပြီး ချင်း၊ ကြက်သွန်ဖြူ ထောင်းစရာတွေ တက်သုတ်ရိုက်လုပ်တုန်း ထမင်းအိုးပွက်တာ ထင့်၊ နားကတော့ အပြင်ဘက်စွန့်လျက်။ ဒီတုန်းမှာ ကျည်ခနဲ ဟစ်ငိုလိုက်တဲ့ အသံတွေ ကြားလိုက်ရတော့ ထောင်းလက်စ ငရုတ်ကျည်ပွေ့ ပစ်ချပြီး အိမ်ရှေ့ပြေးထွက်ခဲ့တယ်။ သူလိုပဲ ဘေးအိမ်တွေက မိန်းမတချို့လည်း ထွက်ကြည့်နေကြတယ်။

“အဒေါ်၊ ဘယ်သူ ဘာဖြစ်လို့လဲ ဟင်”

“ကျုပ်လည်း သေသေချာချာ မသိဘူး၊ ဟိုအိမ်က မပုတို ရထားတိုက်ခံရလို့ ဆေးရုံမှာ ဆိုလားပဲ”

ချက်ချင်း မပုတို အိမ်ရှေ့မှာ အရပ်ထဲက လူတွေ စုရုံးစုရုံး လုံးတွေ့ရတော့ မမြရီ ထိတ်ခနဲဖြစ်သွားတယ်။ စိတ်မကောင်းတာနဲ့ ထိတ်လန့်တာ ရောပြီးခံစားလိုက်ရတာ။

ဘုရား ဘုရား၊ တစ်ခုခုတော့ ဖြစ်တာ သေချာပြီ။ ရင်ဘတ်ကို မသိမသာ ဖိရင်း အိမ်ထဲ ပြန်ဝင်ခဲ့တယ်။ သူတို့အကြောင်း သိနေကြတော့ ကိုယ်က ဝမ်းသာလို့ကြည့်နေသလား အထင်မခံနိုင်ဘူး။ ဝမ်းလည်း မသာပါဘူး။ လူဟာ လူပါပဲ။ လောဘ ဒေါသ မောဟနဲ့ အတ္တ မာန်မာနတွေ ထိုးလိုးထော်လော်နဲ့မို့သာ ထစ်ခနဲ ပြောလိုက်ဆိုလိုက်၊ အမြင်ကတ်ချင် မုန်းလိုက်ချင်။

တကယ်တမ်း လူတစ်ယောက် အတိဒုက္ခရောက်ပြီဆော့ ဆိုတော့လည်း ကရုဏာဆိုတဲ့ မေတ္တာ စေတသိက်တွေက ဘယ်ချောင်က တိုးထွက်လာတယ် မသိဘူး။

ခုပဲကြည့်၊ မမြရီနဲ့ မပုတိုဆိုတာ တန်ဆောင်းဈေးနဲ့ မျက်ချေး။

မမြရီ ဒီရပ်ကွက် ပြောင်းလာကတည်းက မတည့်ကြတာ။ မတည့်တာမှ မိန်းမချင်းတင် မဟုတ်ဘူး၊ မပုတို ယောကျ်ား ခင်မောင်ဆိုတာနဲ့ပါ မတည့်တာ။ စောစောက မရှေရမရာ ကြားလိုက်ရတုန်းက ပြုန်းခနဲနေတော့ ဝမ်းသာမိသလို ဒါလုံးစိလေ။ ကိုယ်နဲ့ မသင့်တဲ့ လူရဲ့ ပျက်စီးရာ ပျက်စီးကြောင်း ကြားရသိရရင် ပုထုဇဉ်သဘာဝ ကျေနပ်ကြတာ။ ဒါဟာ မာနနဲ့ အစွယ်အမွှား ဆူးလေးတွေပေါ့။

ဟော- ခုလို တကယ်ဖြစ်တာနဲ့ ကြုံလိုက်ရတော့လည်း စောစောက ထောင်ထမိတဲ့ အမျက်စောင်မာန်တွေ ဘယ်ရောက်သွားလည်း မသိ။ မပုတို မျက်နှာ ပြေးမြင်ပြီး စိတ်မကောင်းဖြစ်မိရဲ့၊ ပြုမိထာတွေ နောင်တရမိရဲ့။ ဒီလောက်ကြီးဖြစ်ပါစေ ဆုမတောင်းခဲ့၊ စိတ်ယုတ်မာ မမွေးခဲ့ပါဘူး။

မမြရီစိတ်ထဲ လိမ့်လိမ့်လဲလဲ မဖြစ်ပါစေနဲ့ ဆုတောင်းနေမိရဲ့။

တစ်ဆက်တည်း မပုတို ရင်ခွင်ထဲက ကလေးငယ်ကို သတိရလိုက်တော့ သနားသွားတယ်။

အိမ်က သားနဲ့ ရွေ့ဆင့် နောက်ဆင့် ဂျင်မခါနာမှာ မွေးခဲ့ကြတာ။ မမြရီက အထူးခန်း၊ မပုတိုက ရိုးရိုး။ မတည့်သူချင်းဆိုတော့ ‘ကိုင်း-’ ဘယ့်နှယ်ရှိစ’ ဆိုတဲ့ သဘောနဲ့ ရိုးရိုးခန်းရှေ့က ခဏခဏတောင် ဖြတ်လျှောက်ပြခဲ့သေး။ နှစ်ဦးစလုံးလည်း ယောကျ်ားလေးတွေချည်း။ ခုဆို ငါးလထဲတောင် ဝင်ပေါ့။ ကလေးက အိမ်က သားလိုပဲ ဝဝကစ်ကစ်ကလေးရယ်။

အဲ့ခနဲ ပုခက်ထဲက ကလေးငိုသံကြောင့် အတွေးက ပြတ်သွားရော။

*

ပြီးခဲ့တဲ့ တစ်နှစ်ကျော်ကပေါ့
ကွက်သစ်ထဲမှာ ဈေးသင့်လို့ ‘အိမ်
ကလေးတစ်လုံး ဝယ်လိုက်တယ်
ကိုသင်းမောင် ပြောလာတော့ ကိုယ်ပိုင်
အိမ်နဲ့နေရမှာ တွေးပြီး ပျော်မိတယ်
တကယ် ရပ်ကွက်ထဲ ပြောင်းလာတော့
ရောတ်ရောက်ချင်းပဲ မမြရီ နှာခေါင်း
ရှုံ့ရော။ လက်လုပ် လက်စားတွေများ
ညစ်ပတ်ပေရေနေတာကိုး။ ယောကျ်ား
ကို အပြစ်တင်တာပေါ့။

“ကိုသင်းမောင်ရယ် - ရှင်
ဒီနေရာမျိုး ရှာဝယ်တတ်တယ်”

“မြကလည်းကွာ၊ ကိုယ် တတ်
နိုင်တာလေးနဲ့ ခွင်ကျတာမို့ပါ၊ နောင်
အဆင်ပြေတော့ ဒီထက်မြင့်တဲ့နေရာ
ကိုယ်ရှာပေးပါ့မယ်”

ကိုသင်းမောင်က စိတ်ရှည်ရှည်
နဲ့ အချော့ကောင်းလို့ မမြရီ သူ့အရပ်
သူ့ဇာတ် ကြည့်ကတာပေါ့ဆို လက်
လိုက်တယ်။ အိမ်နီးနားချင်းတွေက လူ
စရိုက်စုံပဲ၊ တက္ကစီသမား၊ ရေရောင်း
အိမ်၊ ပန်းရန်ဆရာ၊ လက်သမား၊ ဆိုင်
ကားအုံနာ၊ ဆိုက်ကားနင်းသား၊ ရေ
သည်အချို့နဲ့ ဘတ်စ်ကား ဒရိုင်ဘာ
လည်း ရှိရဲ့။ မမြရီ နေသာနေရတယ်
ဘဝင်မကျလှဘူး။ သူစိတ်ထဲမှာ သူ
နဲ့ တန်းတူရည်တူကို ရှာမရဘူးဖြစ်
တယ်။

ကိုသင်းမောင်ဆိုတာ နိုင်ငံခြား
သားတွေ အဝယ်လိုက်နေတဲ့ ဒေါ်
ပန်းချီဆရာ၊ ကိုယ်က အငြိမ်းစား
တန်းပြ၊ ဒီကဟာတွေနဲ့ ဘာဆိုင်
မှတ်လို့၊ ဒါကိုပဲ တချို့ တစ်တန်းတည်း
လို လာလာဆက်ဆံကြတော့ မမြရီ
မျက်နှာတင်းပြီး ခပ်တည်တည်နေလိုက်
တယ်။ ဒီကြားထဲက ရပ်ကွက်ခံ
လူဟောင်းတွေ ဆိုပြီး ကျယ်ချင်





www.burmeseclassic.com

www.burmeseclassic.com

သဘောက ပါသေး။ အလှူခံတာက အစ လူသစ်ဆိုပြီး ဘယ်လောက်ထည့်၊ ဘယ်ရွေ့လှူပါတွေနဲ့။

ဒါကို သူ့ယောက်ျား လူအေး ကိုသင်းမောင်က အလေးမထားပေမဲ့ အကျောမခံတတ်တဲ့ မမြရီက တေးထား တာ။ ဒါကြောင့်လည်း ပြောင်းလာလို့ သုံးလေးလအတွင်း ကိုသင်းမောင်မှာ လက်ဖက်ရည်ဆိုင် ထိုင်ဖက်တွေ ရပြီ။

တက္ကစီမောင်းတဲ့ ကိုမြမောင်၊ ပန်းရန်ဆရာ ကိုကြာမြင့်နဲ့ ရေရောင်းတဲ့ အိမ်က ကိုဘငွေ။ မမြရီမှာ ဈေးသွား ဖော် မရှိသေးဘူး။ ဘယ်သူနဲ့မှကို ရင်းရင်းနှီးနှီး ပေါင်းမရသေးတာ။ အမှန် တော့ မမြရီကလည်း နည်းနည်းရင့်ချင် တယ်။ လူဆိုတာ ဒီလိုပါပဲ၊ ငါနဲ့ငါသာ နိုင်းစရာဆို မဟုတ်လား။

'တို့က အငြိမ်းစား ကျောင်း ဆရာက လာတာ"

ဒီစကားနဲ့ အထက်စီးက နေချင် တာ။ ပညာတတ် ဘွဲ့ရဆိုတာ ကြွားချင် တာ။

သူ့မိန်းမအကြောင်း ကိုသင်း မောင်လည်း သိပါရဲ့။ ဒါပေမဲ့ ဒီလိုပုဂ္ဂိုလ် မျိုးဟာ အစွဲချွတ်ရ တော်တော်ခက် တာ။ တိုက်ဆိုင်လာတဲ့တစ်နေ့ နေရာ နှင့် လူမှန် အသိမှန်လာမှာပဲ ဆိုပြီး သူအေးပီပီ စောင့်ကြည့်နေလိုက်တာ။ ဒါဟာ နောင်ဖြစ်လာမယ့်ပြဿနာမှာ အရင်းခံမကျပေမဲ့ ပယောဂတော့ ပါတာပေါ့။

လူခံတွေထဲမှာလည်း မမြရီလိုပဲ ခပ်တဲတဲတွေရှိတယ်။ ထိပ်ဆုံးက မပုတို ပဲ။ ပုပုဝဝ၊ လက်မှာလည်း ဖြောင် ဆော်ကောက် လေးငါးကွင်းဆင့်ဝတ်လို့ လည်ပင်းမှာ သုံးကျပ်သားလောက်ရှိတဲ့ ဆွဲကြိုးကြီးနဲ့။

ယောကျ်ားက လက်သမား ခေါင်းဆောင်တစ်ပိုင်း၊ ကန်ထရိုက် တစ်ပိုင်း ခင်မောင်တဲ့။ မိန်းမက သူ့ နဘေးမှာ ဈေးသည်တချို့၊ ဆိုက်ကား ကတော်၊ တက္ကစီကတော်တွေ ရံပြီး ခပ်စွာစွာနေတာ။ ယောကျ်ားကလည်း ဒီပုံပဲ၊ ဘာထူးလဲ၊ လက်မှာ ရွှေလက်ပတ် ကြိုးကြီး တကားကား ဆောင့်ကြွား ကြွား။ အမှန်တော့ ဗြိုစုံနဲ့ ဖြုစိ ဆို သလိုပဲ။

မမြရီကလည်း ဘွဲ့ရမူလတန်းပြ ဖြစ်ပြီး ကိုသင်းမောင်နဲ့ အိမ်ထောင်ကျ လို့သာ ဒီအခြေရောက်လာတာ။ သူ့ငယ် ဘဝကလည်း ခေတာမှ မဟုတ်ဘဲ၊ မြောက်ဥက္ကလာ ပျံကျတွေအလယ်မှာ ဆိပ်ကမ်းလုပ်သားမိဘက မွေးလာတာ။ ခေါင်းတစ်လုံး အကျောမခံ၊ ဆတ်ဆတ် ကြဲ။ ဒီတော့ လူကသာ အပေါ်ယံ တန် ကလေးနဲ့ မြင်နေပေမယ့် ဇာတိကတော့ မပျောက်ဘူးလေ။ တွေ့ကြတာပေါ့။ တစ်ဦးက ဖွတ်ကလာတဲ့ မိကျောင်း၊ တစ်ယောက်က ခြသေ့ယောင်ဆောင် တဲ့ ခွေးခြသေ့၊ အနံ့ကြီး ကွင်းကျယ်နဲ့ ကွင်းကျယ် ဇောက်လွန်။

ဖင်ထိုင်မွှေအောင် ရင်ဆိုင်တွေ့ တာက 'ဆရာမ၊ ဆရာမ' ဆိုတာက စတာ။ တချို့က မမြရီကို အငြိမ်းစား မူလတန်းပြဆိုတာကြားဖူးတော့ လူချင်း တွေ့ရင် ဒါမှမဟုတ် မမြရီအကြောင်း စပ်မိရင် နာမည်မသုံးဘဲ နာမ်စားကို ထည့်ထည့်ပြောတော့၊ ဒါကို မပုတိုက လက်မခံနိုင်ဘူး။ သူ့နောက်က ဘော်ဒါ တွေကို ပြောတယ်။

"နေပါဦး၊ တော်တို့က ဒီမိန်းမ ကို ဆရာမ၊ ဆရာမနဲ့ ခေါ်ရအောင် တော်တို့ကို ဘာတွေ သင်ပေးခဲ့လို့လဲ၊ တော်တို့ ကလေးတွေကို စာသင်ပေးခဲ့ရ လို့လား၊ မဆီမဆိုင်တော်၊ ကျုပ်တို့တော့ ခေါ်နိုင်ပါဘူး၊ အောက်ကျခံလို့"

ဒီစကား မမြရီနားရောက်တော့ ယမ်းပုံမီးကျ၊ ဒါ ပဌမ တစ်ခါ။ မပုတို အိမ် သွားမေးပါမယ် တကဲကဲလုပ်နေ လို့ သူ့မိန်းမအကြောင်းသိတဲ့ ကိုသင်း မောင်က အတော်တားယူရတယ်။

ထစ်ခနဲ မရှိနဲ့၊ မာနနဲ့ ဒေါသ ကို ရှေ့ထားတတ်လွန်းတဲ့ သူ့မိန်းမ စရိုက်ကို သိနေတယ်။ ဒါကြောင့် ကိုသင်းမောင် သူ့မိန်းမကို သိပ်လွှတ် မထားရဲဘူး။ ချိုကုပ်ရှိရာ ချိုထောင်လာ ဆိုသလိုပဲ။

ဒုတိယအကြိမ် ကိုသင်းမောင် မြို့ထဲထွက်နေချိန် ပွဲကြီးပွဲကောင်း တမ်း တတဲ့ ပရိသတ်က ထောင်လိုက်တာ။

"ဆရာမကို မပုတိုက ပြောနေ တယ်၊ ဒီမိန်းမ အငြိမ်းစားယူလိုက်ရတာ ကျောင်းရန်ပုံငွေတွေ မရှင်းမရှင်း လုပ် လို့တဲ့"

စကား မဆုံးသေးဘူး။ မပုတို အိမ်ရှေ့လွှားခနဲရောက်သွားပြီး ချဲတော့ တာ။ နှစ်ယောက်သား လုံးထွေးနေ ကြလို့ မိန်းမချင်းတွေ အတော်ကြီး ဆွဲဖျင်မှ လူချင်းကွဲတယ်။

မမြရီ ကံကောင်းတာက မပုတို ဘက်က အရင်းအချာ မရှိလို့။ ရှိများ ရှိရင် မသက်သာဘူး။ နှစ်ဦးစလုံး အတွက် ကောင်းပါတယ်။ အဲလိုသာဆို မမြရီ ဆိုတဲ့ မိန်းမကလည်း မိုးမဆုံး မြေမဆုံး မိန်းမ။ ပြီးမှာကို မဟုတ် တော့ဘူး။

မပုတို မျက်နှာမှာ အပွန်းအစဲ့ တွေ။ မမြရီလည်း လက်ဖမိုးမှာ သွားရာ တွေနဲ့၊ သူ့ငယ်ငယ်တုန်းက ပျံကျတော မှာ ဒီပွဲမျိုးတွေ ခဏခဏ နွှဲလာတာ ဆိုတော့ သူ့အတွက် မဆန်းဘူး။

www.burmeseclassic.com

ဒီထဲ မိန်းမချောင်းပွဲမှာ ခင်မောင်ဆိုတဲ့ကောင် ဝင်သာတာ နည်းနည်းမှ မကျေနပ်ဘူး။ ခင်မောင်ကလည်း ခင်မောင်။

"နင်က နောက်မှလည်း ရောက်သေး၊ ပိုလ်ကျချင်တဲ့ ကောင်မ" ဆိုပြီး ယောကျာ်းတန်မယ့် တုတ်ကိုင်ဝင်ရိုက်မယ် တကဲကဲ။ လူတွေ ဆွဲထားတဲ့ကြားက လူစွမ်းကောင်းလုပ်နေတာ။

မမြရီကလည်း ဒါလောက်တော့ အမှုသေးထဲက။ ထဘီကို တိုတိုဝတ်ပြီး ချလင်း ပြန်ခေါ်ရော။ ဒီကတည်းက မမြရီနဲ့ မပုတိုတို့ လင်မယား ဟမ္မာ့ရန်။

ပတ်ဝန်းကျင်ကလည်း မမြရီဆီက အငြိမ်းစားကျောင်းဆရာမဆိုတဲ့ လူရှိသေစရာ ဂုဏ်ပုဒ်ကလေးကို ရှုပ်သိမ်း။ သူလို ကိုယ်လိုထဲက အာဂမိန်းမဆိုပြီး ခပ်လန့်လန့် သတိထား ဆက်ဆံကြတော့တာ။ အဲဒီကိစ္စ ရပ်ကွက်ရုံးရောက်တဲ့အထိ ဖြေရှင်းလိုက်ရတယ်။

[illegible]မောင်လို လူအေးကတောင် သူ့ရင်ထဲ မှတ်ချက်ပြုထားရဲ့။ မာန်စွယ်ထက်တဲ့ မိန်းမ၊ ဘဝမသိတဲ့ မိန်းမ၊ ရိုင်းပျခြင်းကို ဂုဏ်လို့ထင်တဲ့ မိန်းမတဲ့။

*

မပုတို အသုဘပြီးကတည်းက ညညဆို မမြရီ ကောင်းကောင်း အိပ်မပျော်ဘူး။ နေမထိ ထိုင်မသာ ရင်ထဲမှာ တအုံနွေးနွေး။

[illegible]ချောင်းက မျက်စောင်းထိုး[illegible] မပုတိုသားလေး ငိုရှာ[illegible]သား ကြားနေရလို့ပါပဲ။ တစ်ရက်တည်း မဟုတ်ဘူး။ ရက်ဆက်။ အမေဆိုတော့လည်း ကလေး ဘာကြောင့် ငိုတယ်ဆိုတာ သိပြီးသားလေ။

ပိုက်ဆံ ထုတ်နိုင်တာပဲ။ နို့မှုန့် ဝယ်မတိုက်ဘူးလား မသိ။ ကလေးက နို့ဆာလို့ နို့မဝလို့ ငိုတာ။ အိမ်ကသားကို ကြည့်ပြီး အဲဒီကလေးအတွက် စိတ်မကောင်းလိုက်တာ။ အမေ့နို့ တစ်ခုအားကိုးနေရတဲ့အရွယ်။

အမေ့နို့ဆိုတာ ဆာတိုင်း စို့လို့ရတာလေ။ အတိုင်းအဆရှိတာမှမဟုတ်ဘဲ။ ကလေးဆာတယ်ထင်တာနဲ့ နို့သီးခေါင်း ထည့်ပေးလိုက်၊ စို့လိုက်စမ်း။ ကလေးစို့သလောက် အမေ့နို့ရည်က ကုန်ပြီ ခန်းပြီဆိုတာမှ မဟုတ်ဘဲ။

နို့မှုန့် ဆိုတာကတော့ ငွေနဲ့ စပ်ဝယ်လို့ရလို့ အကန့်အသတ်ထားမိတာပ။

ဒါနဲ့ အဲဒီအိမ်ရဲ့ ဘေးချင်းကပ်က ကားဒရိုင်ဘာမိန်းမ မချိုကို မေးကြည့်တော့ -

"အောင်မယ်လေး မမြရီရယ်၊ ပထမတော့ ဟန်ကျပန်ကျ နို့မှုန့်ဘူး ဝယ်လာပါရဲ့၊ ဒါပေမဲ့ ဈေးကြီးလို့ဆိုပြီး နို့မှုန့်ကို ကျဲကျဲတောက်တောက်ကြီး ဖျော်တော့ ကလေးက ဘယ်တင်းတိမ်မလဲ၊ အဲ- နောက်ရက်ကျ နို့မှုန့်တောင် မဟုတ်တော့ဘူး၊ နို့ဆီ ဖြစ်သွားတယ်၊ ကလေးက လုံးဝ မအိပ်ဘဲ တစ်ငိုတည်းငို၊ ချောင်းတွေလည်း ဆိုး၊ မမြရီတို့တောင် ကြားရတော့ ကျွန်မတို့ဆို ဘယ်အိပ်ရပါ့မလဲ၊ ခက်တာက အနီးအနားမှာလည်း နို့သည်မရှိ၊ သူတို့ဆွေမျိုးထဲမှာလည်း နို့သည်မရှိ၊ သူတို့ဆွေမျိုးထဲမှာလည်း နို့တိုက်မိခင် မရှိဘူးတဲ့၊ အဲဒါကိုခင်မောင်မှာ အိပ်ရေးပျက်၊ အလုပ်က မဆင်းနိုင် ဒုက္ခ"

"ကျွန်မကတော့ ကလေးပဲ သနားတယ် မချိုရယ်၊ သူ့ငိုသံကြားရင် ကျွန်မ ရင်ထဲမကောင်းတော့ အိပ်မရဘူး၊ ငုတ်တုတ်ပဲ၊ အိမ်က သားလေးက[illegible] နို့ဝလို့ နှစ်နှစ်ခြိုက်ခြိုက် အိပ်နေတာ[illegible] မြင်ရင် မျက်ရည်တောင်ကျမိတယ်၊ [illegible] ကလေးကို ဟိုနေ့က သူ့အမေ ချီထား[illegible] တာ လှမ်းမြင်မိတယ်၊ ပိန်ကျသွားလို[illegible] တာ နို့မျက်နေတဲ့ကလေးလား မှတ်[illegible] တယ်၊ အစက အိမ်က သားနဲ့အတူ[illegible] ဝဝကလေး၊ ဒါတောင် ရက်ပိုင်းရှိသေး[illegible] တာနော် မချို"

မချိုကတော့ မမြရီစကားတွေ[illegible] နှိုင်းချင့်နေပုံရတယ်၊ တကယ်တုတ်[illegible] လားပေါ့။

*

အဲဒီညမှာပဲ မိုးတွေ သည်းလို[illegible] တာ ညဦးနက်ပိုင်းမှ နည်းနည်းစဲ[illegible] တယ်။

မျက်စောင်းထိုး အိမ်ဘက်[illegible] နားစွင့်ကြည့်တော့ ကလေးငိုသံ မ[illegible] ရဘူး။ နို့မှုန့် ပြန်တိုက်လို့ ထင်[illegible] နို့မှုန့်တိုက်ရင် အခြင်အတွယ် မှန်[illegible] ရေနွေးပွက်ပွက်ဆူနဲ့ ဖျော်ပြီးမှ နို့[illegible] ခေါင်းသန့်သန့် နို့ဘူးနဲ့တိုက်ရင် က[illegible] က ကျေနပ်တတ်ပါတယ်။

မမြရီ ခုမှ သက်ပြင်းချနိုင်[illegible] စိတ်ကို ချမ်းသာသွားတာ၊ နို့ဝပြီး[illegible] နေမယ့် မပုတိုသားလေးကို မြင်[illegible] ကြည့်တယ်။ အိပ်ပါစေ သူ့ခမျာ။

အိမ်က သားကတော့ အိ[illegible] လိုက်တာ နှစ်နှစ်ခြိုက်ခြိုက်။ သတ်[illegible] တွေတောင် ချလို့၊ ကိုသင်းမော[illegible] ကြည့်လိုက်တော့လည်း တခေါ[illegible] သားအဖ လိုက်လည်း လိုက်ပ။ [illegible] ကျောခင်းလိုက်တယ်။ သွပ်မိုးပေါ်[illegible] မိုးသံက စည်းချက်မှန်မှန်နဲ့ ချော[illegible] နေသလို တော်တော်လူဆို ခဏနဲ့[illegible] ပျော်သွားမှာ။

"ဝါး . . . ဝါး . . . ဝါး"





www.burmeseclassic.com

ww.burmeseclassic.com

အို. . . သူထင်သလို မဟုတ်ပါ သား။ ဟိုကလေး ငိုသံ။ မျက်စောင်းထိုး တဲ့ အသံ။ ဒါ အခုမှ စငိုတာ မဟုတ် ဘူး။ ရှိုက်သံတွေရောပြီး ပန်းလျနေတဲ့ အသံ။ စောစောက မိုးသံနဲ့ရောပြီး ကြားတာ၊ ဒါမှမဟုတ် မောလို့ နားနေ ရှာတာလား၊ ငိုလိုက်တာ တစ်ခါတလေ တက်များသွားလား။ အသံက ပျောက် ပျောက်သွားသေး။

မမြရီ ဘယ်လိုမှ ကျောခင်းလို့ ရတော့ဘူး။ အိပ်ပျော်ဖို့ ဝေး။ ရင်ထဲမှာ နေမထိ ထိုင်မသာ။ ဒါ မိခင်စိတ်တွေ သွေးခတ်နေတာ ဖြစ်လိမ့်မယ်။

ထထိုင်ပြီး သားကို ကြည့်ရင်းက မျက်ရည်တွေ ဝေ့လာတယ်။ တစ်ခုခုကို ဆုံးဖြတ်ဖို့ ချီတုံ ချတုံ လွန်ဆွဲနေရဲ့။ အမုန်းတရားနဲ့ မိခင်စိတ်တွေ စီးချင်း ထိုးတာ။

မျက်စိထဲမှာ မုန်းစရာကောင်းတဲ့ ခင်မောင့်မျက်နှာကြီးက ဖျတ်ခနဲ ပေါ် ပေါက်လာတယ်။ သွားလေသူ မပုတိုကို ခွင့်လွှတ်နိုင်ပေမယ့် ခင်မောင့်မျက်နှာ ကို ခွင့်လွှတ်ဖို့ ခက်နေတယ်။ မိန်းမသား တစ်ယောက်ကို အနိုင်အထက်ပြုချင်တဲ့ ယောကျ်ား။ မမြရီက သင်းကို ဝါးစား ဝစ်ချင်လောက်အောင်ကို မုန်းတာ။ မုန်းလိုက်တာ။

"ဝါး. . . ဝါး. . . ဝါး"

ဟင်း- ဒီအတိုင်းဆို ဒီကလေး မိုးလင်းမှာ။ နို့မဝတဲ့ကလေး ဘယ်သူ သိပ်လို့ အိပ်ပျော်ရှာမှာလဲ။ သူ့ကို အိပ် အောင် သိပ်နိုင်မှာက အမေ့နို့၊ အမေ့ ရင်ခွင်ငွေ့။

ဩဇာမဲ့ ရေဝေးတဲ့ ဒီသစ်စေ့ ညှောက်လေးကို ဘယ့်နှယ် ရှင်သန် အောင် မွေးကြပါ့၊ အို သွား သွား၊ ငါ့ ရင်ထဲက အမုန်းတွေ သွားကြပါတော့။

အပြီးတွေရော့ ဘာလုပ်ရမှာလဲ။ ငါ လက်မခံတော့ဘူး။ ငါဟာ မိခင်တစ် ယောက်။ ငါ့သားလေး ရှင်သလို ကမ္ဘာ ကြီးတစ်ခုလုံးသားတွေ ရှင်သန်ရမယ်။

အိပ်မောကျနေတဲ့ ကိုသင်း မောင်ကို လှုပ်နှိုးလိုက်တယ်။

"ကိုသင်းမောင်၊ ကိုသင်းမောင်၊ ထစမ်းပါဦးတော်"

"ဘာလဲ မြရယ်၊ ညဉ့်နက်မှ ဘာ ဖြစ်တာလဲ"

"ရော့ ရော့ တော်က သားကို ချီပြီး ထီးဆောင်း၊ ကျူပ်နဲ့ လိုက်ခဲ့"

လက်နှိပ်ဓာတ်မီး တဝင်းဝင်းနဲ့ ရှေ့ကထွက်သွားတဲ့ သူ့မိန်းမနောက်က ကလေးတစ်ဖက်ပွေ့ရင်း ထီးဆောင်း လိုက်ခဲ့ရတဲ့ ကိုသင်းမောင် ဝေခွဲမရဖြစ် နေတယ်။ ဒီမိန်းမ ပြဿနာကို ဓာတ်မီး ထိုးပြီး ရှာနေရောလား။ ယုံရတာ မဟုတ်။

လမ်းမကိုဖြတ်ပြီး မပုတိုအိမ်ရှေ့ ရောက်တော့ ကိုသင်းမောင် မျက်လုံး ပြူးသွားတယ်။

"မမြရီ၊ မင်း မင်း ဘာတွေ လျှောက်လုပ်ဦးမလို့လဲကွာ"

မမြရီ လက်နှိပ်ဓာတ်မီးနဲ့ တံခါး ကို တဒေါက်ဒေါက် ခေါက်လိုက်တယ်။ တံခါးဖွင့်လာတော့ ခင်မောင်ရယ်၊ ရှိုက်နေတဲ့ သူ့သားကို ပခုံးပေါ် မှောက် တင်လို့။ မမြရီကို တွေ့တော့ မျက်စပ် အပေါင်းသား ငေးကြည့်နေတယ်။

"ခင် ခင်ဗျားတို့ ဘာလာလုပ် လုပ်. . ."

"ကဲ-ရှင်ပြောချင်တာ နောက်မှ ပြော၊ ခုတော့ ရှင့်ပခုံးပေါ်က ကလေး ကျွန်မကို ပေး"

ပြောပြောဆိုဆို ခင်မောင့် ပခုံး ပေါ်က ကလေးကို ဆွဲပွေ့ယူထတဲ့ပြီး

အနားက နှစ်ယောက်ထိုင်ခုံပေါ် ထိုင် ချရင်း တင်းနေတဲ့ နို့ကိုလှန် ကလေး ပါးစပ်ထဲ ထိုးထည့်ပေးလိုက်တယ်။ နဂိုက နို့ငပါတဲ့အထဲ မိခင်စိတ်က စေ့ဆော်တော့ အသွေတစ်ရာအမြင့်က ကျလာတဲ့ ရေတံခွန်နဲ့အပြိုင် နို့တွေက တဖြိုင်ဖြိုင် ဆင်းလာတယ်။

ကလေးကတော့ နွားငတ်ရေချ ဆွဲဆွဲ စို့လိုက်တာ။ အမေ့နို့ မရတာ ကြာပြီကိုး။ အသက်ရှုဖို့လေးတောင် မရပ်ဘူး။ စောစောတုန်းက ကလေး ငိုသံနဲ့ ဆူညံပြီး ကြေကွဲနေခဲ့တဲ့ အိမ် ကလေးဟာ ခဏချင်း ငြိမ်းချမ်းသုခ တွေနဲ့ လွှမ်းသွားတယ်။

ကိုသင်းမောင်ရော ခင်မောင်ပါ မယုံကြည်နိုင်တဲ့ မျက်လုံးတွေနဲ့ မြရီကို ကြည့်နေတယ်။ နှစ်ဦးစလုံးရဲ့ ရင်ထဲ ညှိသက်တဲ့မီတိတွေ လွှမ်းလို့။ ညဉ့်နက် သန်းခေါင်မှာ အမှတ်မထင် တွေ့လိုက် ရတဲ့ မိခင်တစ်ဦးရဲ့ သရုပ်ကိုး။

ခဏနေတော့ ကလေးလေးက အသက်ရှူဖို့နားရင်း နို့ရှင်ကို မော့ကြည့် ရှာတယ်။ မမြရီကလည်း ရွှန်းရွှန်းစားစား ပြန်ကြည့်နေတယ်။

ဒီအချိန် မမြရီရင်ထဲ ပွင့်လာတဲ့ ပန်းကလေးကတော့ ကမ္ဘာပေါ်မှာ ဟိုအရင်ကလည်း မပွင့်ဖူးဘူး၊ နောင် လည်း အလားတူ ပွင့်တော့မယ်လို့ မထင်အောင်ကို ထူးထူးခြားခြား လှပါ တယ်။

မိခင် မေတ္တာရေကြည်ဟာ မြေ ရိုင်းပေမယ့် ပန်းပွင့်နိုင်စွမ်းရှိပါလား။

**မင်းမြတ်မင်း(စစ်ကိုင်း)**

❑



www.burmeseclassic.com

www.burmeseclassic.com



အချိန်မှာ ညနေ ၄ နာရီခန့်သာ ရှိသေးသော်လည်း တောင်ပေါ်ဒေသ ပတ်ဝန်းကျင် တောရိပ်တောင်ရိပ်တို့ကြောင့် မှောင်စပျိုးသလိုလိုရှိနေပေသည်။ နွေရာသီကာလဖြစ်သော်လည်း လေအဝှေ့တွင် နှင်းမြူတို့၏ အငွေ့အသက်ကို အေးစက်စက် ခံစားရတတ်ပါသည်။ လားရှိုးမြို့ဘက် ထွက်သည့် ကတ္တရာ [illegible] လမ်းမသည်ပင် တစ်နေကုန် ပူပြင်းထားသည့် နေမင်း၏အပူရှိန် မထွက်ဘဲ အစိုဓာတ်ဖက်ကာ ငြိမ်သက်နေသလို ရှိပါသည်။

ထိုနေရာသည် နောင်မွန်ရွာကလေး၏ အထွက်လမ်း ဖြစ်ပါသည်။ ဒေသခံမဟုတ်သော အောင်ကျော်ဆင့်သည် အအေးဒဏ် ကာကွယ်ရန် ဂျာကင်အင်္ကျီနှင့် သိုးမွေးခေါင်းစွပ်ကို ဝတ်ဆင်ထားရပါသည်။ ခရီးသွားသည့်အခါ ဝတ်လေ့ရှိသည့် အတိုင်း ဘောင်းဘီရှည်နှင့် ကင်းပတ်ရှူးလည်း

# [illegible]

လပြည့်ဝန်းမဂ္ဂဇင်း (စက်တင်ဘာလ၊ ၂၀၁၇)



www.burmeseclassic.com

www.burmeseclassic.com

ပါဝင်ပေသည်။ ကင်းပတ်ရှူးသည် သားရေ ရှူးဖိနပ်နှင့်စာလျှင် လမ်းလျှောက်ရသည်မှာ ပေါ့ပေါ့ပါးပါးနှင့် သက်သောင့်သက်သာ ရှိလှပါသည်။ နောင်မွန်ရွာသို့ ရောက်ရှိခဲ့ခြင်းမှာ ကျန်းမာရေးမှူး ဦးစိုင်းစောမောင်၏ ဖိတ်ကြားချက်အရ ဖြစ်ပါသည်။ ယနေ့ ညနေတွင်မူ သူ အိမ်မှာမရှိပေ။ ရွာနီးချုပ်စပ်များသို့ ဆိုင်ကယ်တစ်စီးနှင့် လှည့်လည်၍ ဆေးကုနေပေမည်။ ဖျင်းဖျင်းရှိသည်နှင့် အိမ်မှထွက်ခဲ့ပါသည်။ ယခင်က တာဝန်ထမ်းဆောင်ခဲ့သော ကျန်းမာရေးမှူးဟောင်းအိမ်သို့ ထွက်ခဲ့ခြင်း ဖြစ်ပါသည်။

ကျန်းမာရေးမှူးဟောင်း ဦးခင်မောင်အေး၏ အိမ်သည် လမ်း၏ လက်ဝဲဘက်တွင်ရှိ၍ လမ်းဘေးကွက်လပ်အတွင်း အနည်းငယ် ချိုးဝင်ရပါသည်။ လမ်း၏ လက်ယာဘက်တွင်မူ ရွာသင်္ချိုင်းကုန်းကို တွေ့မြင်ရပါသည်။ တောင်ပေါ် ရွာကလေး၏ သင်္ချိုင်းမြေသည် အောက်ပြည်အောက်ရွာများကဲ့သို့ ဖရိုဖရဲ မရှိပါ။ အုတ်ဂူကလေးများ အစီအရီရှိပြီး မသုပ်ရပ်သော်လည်း သန့်ရှင်းနေပါသည်။ ထိုကဲ့သို့သော သုသာန်မျိုးတွင် အမိဋ္ဌာန်ဝင်လျှင် အနံ့ဆိုး မရှိ၍ အဆင်ပြေနိုင်သည်ဟု တွေးမိတွေးရာ စဉ်းစားနေမိပါသည်။





www.burmeseclassic.com

www.burmeseclassic.com

"ဦးလေး . . . ဦးလေး"

ရှမ်းသံခပ်ဝဲဝဲနှင့် ခေါ်သံကြောင့် အငွေးပြတ်သွားသည်။ ကိုယ့်စိတ်ကူးနှင့်ကိုယ် လမ်းလျှောက်လာသဖြင့် ရှေ့တူရူမှ လာနေသော ကလေးတစ်ယောက်ကို သတိမပြုမိခဲ့ချေ။ ခေါ်သံကြားမှ သတိဝင်လာသည်။

"ဗျာ . . . ဗျာ"

အလိုက်သင့် ဖော်ရွေစွာပြန်ထူးလိုက်ပါသည်။ တစ်ဆက်တည်းပင် သိလိုသော မေးခွန်းကို ပြန်လည်မေးမြန်းလိုက်ပါသည်။

"ဘာပြောမလို့လဲ ကလေးရဲ့"

ရှိလှမှ ဆယ့်နှစ်၊ ဆယ့်တစ်နှစ်အရွယ်ဖြစ်ပေသည်။ သို့သော် သူကလေးနက်တည်ကြည်သော အသွင်ဖြင့် ပြန်ဖြေသည်။

"ဒီလမ်းက မှောင်ရင် မကောင်းဘူး ခင်ဗျ"

"ဘာလဲ ဒီလမ်းမှာ လူဆိုးတွေလာမှာလား"

သူငယ်က နားမလည်သည့်ဟန်ပန် မျက်လုံးအဝိုင်းသားနှင့် ပြန်ကြည့်သည်။ ပြီးလျှင် ခေါင်းကို ခါယမ်းလိုက်သည်။

"မဟုတ်ဘူး ခင်ဗျ"

"မဟုတ်ရင် ဘာလဲဗျ"

"ခေါင်းပြတ်သရဲ"

"ဟေ"

ပါးစပ်မှာ အာမေဋိတ်ပြုလိုက်ည်။ ရုတ်တရက်တော့ အံ့အားသင့်သွားသည်။ ပြီးမှ အေးအေးဆေးဆေး စဉ်းစားလိုက်သည်။ သချိုင်းပတ်ဝန်းကျင်တွင် သရဲတစ္ဆေဇာတ်လမ်းအမျိုးမျိုးရှိတတ်သည်မှာ သဘာဝပင် ဖြစ်ပေသည်။ မည်သို့ပင်ဖြစ်စေ သတိပေးသူကိုတော့ စေတနာအသိအမှတ်ပြုသည့် အနေနှင့် ကျေးဇူးစကား ဆိုလိုက်ပါသည်။

"ဦးလေးလည်း ကြာကြာမနေပါဘူး၊ မမှောင်ခင် အိမ်ပြန်ပါ့မယ်"

ထိုသို့ ကတိပေးလိုက်မှ သူငယ်လည်း ဘဝင်ကျပုံနှင့် ဆက်လက်ထွက်ခွာသွားပါသည်။ တောင်ပေါ်သားသမီးတို့၏ ရိုးသားဖော်ရွေတတ်သော ဓလေ့ကို ကြည်နူးဝမ်းသာမိပါသည်။

အောင်ကျော်ဆင့်အား ခပ်လှမ်းလှမ်းမှ မြင်လိုက်သော ကျန်းမာရေးမှူးဟောင်းကား အိမ်ပေါက်ဝမှထွက်၍ကြိုဆိုပါသည်။ ဧည့်ခန်းထဲထိုင်မိသောအခါ ရှမ်းပြည်နယ်၏ထုံးစံအတိုင်း ရေနွေးကြမ်းနှင့် ဧည့်ခံပါသည်။ အကောင်းစားကိုးကန့်လက်ဖက်ခြောက်သုံးထားသဖြင့် အနံ့က မွှေးပျံ့သလို သောက်ရသည်မှာလည်း အချမ်းပြေပါသည်။

စင်စစ် ဦးခင်မောင်အေးမှာလည်း ထိုဒေသခံမဟုတ်ချေ။ သရက်ခရိုင်တွင် မွေးဖွားခဲ့သော မြေလတ်သားတစ်ဦးဖြစ်ပါသည်။ ကျန်းမာရေးမှူးသင်တန်းကို ရန်ကုန်တွင် တက်ရောက်ခဲ့ပြီး ဤဒေသတစ်ဝိုက်တွင် တာဝန်ထမ်းဆောင်ခဲ့ရပါသည်။ ၎င်းနောက် ဒေသခံ တောင်ရိုးအမျိုးသမီးနှင့် အိမ်ထောင်ကျကာ နောင်မွန်ရွာတွင် အခြေချခဲ့ခြင်း ဖြစ်ပါသည်။

ထို့ကြောင့် သူသည် ဗမာလူမျိုးအများစု နေထိုင်ရာ မြေပြန့်ဒေသအကြောင်းနှင့် ရန်ကုန်အကြောင်းတို့ကိုလည်း သိပါသည်။

ယခုအခါ အဆက်ဝေးနေသဖြင့် ရန်ကုန်မြို့တွင် ပြောင်းလဲလာသော နိုင်ငံရေး၊ လူမှုရေး အခြေအနေများကို သူက မေးပါသည်။ အောင်ကျော်ဆင့်ကလည်း စိတ်ပါလက်ပါ ပြောပြပါသည်။ တစ်ဖန် ဦးခင်မောင်အေး[...] လည်း သူနေထိုင်ရာ ရပ်ရွာအကြောင်[...] စိတ်ဝင်စားစရာကောင်းအောင် ပြော[...] ပါသည်။

သူပြောပြသမျှတွင် တိုင်းရင်[...] သားတို့၏ ဓလေ့စရိုက်များ၊ ဒေသ[...] ဗဟုသုတများနှင့် လက်နက်ကိုင်အ[...] အစည်းများအကြောင်းပါ မကျန်စုံလ[...] လှပါသည်။ ထို့ကြောင့် အချိန်ကုန်[...] မသိ ကုန်သွားပါသည်။

ထိုအခါမှ မမှောင်ခင် ဦးနို[...] စောမောင်၏နေအိမ်သို့ ပြန်ရန် သတ[...] ပါသည်။ တစ်ဆက်တည်းမှာပင် လ[...] တွင် တွေ့ခဲ့သော သူငယ်ကလေး[...] ခေါင်းပြတ်သရဲကို စဉ်းစားမိပါသည်[...]

"ဘာတွေ စဉ်းစားနေလဲ ဆရာ[...]

ဦးခင်မောင်အေးက မေးသ[...] အောင်ကျော်ဆင့်က တွေ့ကြုံခဲ့ရသ[...] ပြောပြလိုက်ပါသည်။ စကားဆုံးသေ[...] အခါမှ သူက ပြုံးပြီးပြောလိုက်ပါသည်[...]

"ဒီနေ့တော့ တွေ့မှာ မဟုတ်[...] လပြည့်နေ့ ညတွေမှ တွေ့တတ်တာ[...]

"ဘယ်လိုတွေ့တာလဲ ပြော[...] ပါဦး"

အောင်ကျော်ဆင့် မေးသ[...] ဦးခင်မောင်အေးက ရွာမှ ကာလသ[...] သုံးဦး တွေ့ခဲ့ရပုံကို ပြောပြပါသည်[...]

အိုက်စံ၊ အိုက်ပန်နှင့် ကိုမြ[...] သုံးဦးသည် အရက်မူးမူးနှင့် ပေတ[...] လမ်းတစ်လျှောက် ရင်ပေါင်တန်း[...] လျှောက်လာကြသည်။

ထိုစဉ်က လားရှိုးမြို့အဝင်ဂိ[...] သည် ည ၆ နာရီ ပိတ်သဖြင့် အ[...] ပြေးကားများမှာ အချိန်မီအောင် သွ[...] ရပါသည်။ နောင်မွန်ရွာသည် လာ[...] မြို့နှင့် ၁၅ မိုင်ခန့်သာဝေးသဖြင့် ည[...] ၅ နာရီကျော်လျှင် ကားရှင်းသလေ[...]





www.burmeseclassic.com

www.burmeseclassic.com

နေပါသည်။ ထို့ကြောင့် သူတို့သုံးဦး ည် တေးသီချင်းတကြော်ကြော်နှင့် လွတ်လွတ်လပ်လပ် သီဆိုရင်း ရွာဘက် လမ်းလျှောက်လာသည်။ သချိုင်း ရောက်လာသော်လည်း သွားနေ လမ်းမျိုး ရှိနေသဖြင့် ကြောက်စိတ် မရှိကြချေ။ ထို့ထက်တစ်မူ သူရာ ည်လည်း ဝင်ထားကြသဖြင့် အငှား များလည်း ရှိနေကြသည်။

"ခွပ် . . . ခွပ်"

ထိုစဉ် သူတို့နောက်ဘက်ဆီမှ သံသဲ့သဲ့ကြားလိုက်ရသည်။ အသံ သေးသေးသော်လည်း သီချင်းအဆို တော နားစွင့်နေလိုက်ကြပါသည်။

"ခွပ် . . ခွပ်၊ ခွပ် . . . ခွပ်"

မြင်းခွာသံ အလွန်နီးကပ်လာ သည်။ နောက်သို့ လှည့်ကြည့်လိုက် အခါ အသားကုန် ဒုန်းစိုင်းလာ မြင်းကို တွေ့လိုက်ရ၍ နံဘေးသို့ ခွင်အမြန် ရှောင်လိုက်ကြပါသည်။ ခွပ်ရှားမှုသည် လူသာမန်အဖို့ ခဲလှသော်လည်း အမူးသမားများ တော်တော် ဖရိုဖရဲနိုင်လှပါသည်။ သမားကို မကျေမချမ်းစိတ်ဖြင့် ကြည့်လိုက်ကြပါသည်။

"ဟာ"

"ဟင်"

"အို"

အသီးသီး အသက၊ အသက ဆိတ်သုံ ပြုလိုက်သည်။ အမူး ပြေသွားသည်။ ဆံပင်များလည်း ထောင်သွားကြပါသည်။ မျက်လုံး ၍ သံပြိုင် အော်လိုက်ကြပါ

"ခေါင်းပြတ်သရဲ"

မြင်းစီးသမား၏ ခန္ဓာကိုယ်တွင် ခေါင်း မပါရှိပါချေ။

အရက်သမား သုံးဦးသားလည်း တချိုးတည်း ပြေးကြပါတော့သည်။

စင်စစ် အောင်ကျော်ဆင့်သည် အမူးသမားများ၏ ထင်ရာမြင်ရာပြော စကားကို မယုံချင်ပါ။ သူတို့၏ ပြော စကားကြောင့် ရွာထဲမှ ကလေးများ ကြောက်လန့်ကုန်ကြခြင်း ဖြစ်ပေမည်။ ထိုအခြင်းအရာကို ပြောပြသော ကျန်း မာရေးမှူးဟောင်းအား အံ့သြမှုဖြင့် ပြန် မေးလိုက်ပါသည်။

"ဆရာခင်မောင်အေးကကော ဒီဇာတ်လမ်းကို လက်ခံသလား"

"လက်ခံပြီလား ဆရာ၊ အဲဒီ အကြောင်းကို ရွာမှ အစဉ်အဆက်ပြော နေကြတယ်၊ ပြီးတော့ ကျွန်တော့်ရဲ့ အဘေးနဲ့ ဆက်စပ်နေတယ်"

အဘေး ဆိုသည်မှာ အဘိုး (အဖိုး)၏ ဖခင်ကို ဆိုလိုခြင်း ဖြစ်ပါ သည်။ မိသားစု ရာဇဝင်ဆို၍ သိချင် သွားပါသည်။

"ဆရာ့ရဲ့ အဘေးက ဘယ်သူ လဲ"

"ဘယ်သူလဲလို့ မပြောခင် အဲဒီ ဆောင်ဓားကို ကြည့်လိုက်ပါ"

ပြောပြောဆိုဆို သူက နံရံတွင် ချိတ်ဆွဲထားသော ဓားရှည်ကို ညွှန်ပြ လိုက်သည်။ ထိုအခါမှ မလှမ်းမကမ်း တွင် ချိတ်ဆွဲထားသော ဓားရှည်ကို သတိပြုမိသည်။

အောင်ကျော်ဆင့်အဖို့ ရာဇဝင် ဟုဆိုဆို သမိုင်းဟုခေါ်ခေါ် ထိုဘာသာ ရပ်ကို ကျွမ်းကျင်သူ မဟုတ်ပါ။ သို့ သော် ထိုဓားရှည်မှာမူ ရှေးဟောင်း လက်ရာတစ်ခု ဖြစ်ကြောင်း သတိပြု မိပါသည်။

"အဲဒီဓားကို ဆရာ ဘယ်လို မြင်သလဲ"

သူက မေးသဖြင့် အောင်ကျော် ဆင့်လည်း သိသမျှ ပြန်ဖြေရပါသည်။

"ကျွန်တော့် အမြင်ကတော့ အဲဒါ ရှေးခေတ်စစ်သည်တော်သုံး ဓား ရှည်ပါ၊ ယေဘုယျအားဖြင့် သာမန် စစ်သည်တွေဟာ ဓားလွတ်ကိုင်ရတယ်၊ အစီပွာယ်ကတော့ ဓားအိမ်မသုံးဘဲ ဓားကို ပခုံးမှာထမ်းပြီး လိုက်ကြရတယ်၊ အရာရှိတွေပဲ ဓားအိမ်ကို သုံးကြရတယ်၊ ဓားအိမ်ပေါ်မှာရှိတဲ့ မှန်ကူကွက်တွေ ဟာလည်း ရာထူးအလိုက် အဆောင် အယောင်တွေပဲ၊ ဘယ်ဟာက ဘာ ရာထူးလဲဆိုတာတော့ ကျွန်တော် တိတိ ကျကျ မသိပါဘူးဗျာ"

ဦးခင်မောင်အေး မျက်ခုံးပင့် သည်။

"ဆရာက တော်တော်လေ့လာ ထားတာပဲ၊ ဆေးသိပ္ပံသမား တစ် ယောက်အနေနဲ့ ဒီလောက် နှံ့နှံ့စပ်စပ် ရှိတာ ချီးကျူးစရာပဲ"

"သိပ်လည်း မမြောက်နဲ့လေ၊ ကျွန်တော်က မြောက်တတ်တယ်ဗျ"

"မြှောက်တာ မဟုတ်ပါဘူး၊ ကျွန်တော့်အဘိုးပြောပြလို့ သိရတာက ဒီဓားပိုင်ရှင် ကျွန်တော့်အဘေးဟာ မင်းတုန်းမင်းတရားကြီးလက်ထက်တော် ကာလတုန်းက စည်သူကျော်ထင်ဘွဲ့နဲ့ သူကောင်းပြုခံရတဲ့ ဗိုလ်မြတ်သာပဲ၊ ဗိုလ်မြတ်သာဆိုတာ လူငါးရာကို အုပ် ချုပ်ရတဲ့ ငါးရာဗိုလ်လို့ သိရတယ်"

သရဲတစ္ဆေကိစ္စ ခေတ္တ မေ့သွား သည်။ ထိုဆောင်ဓားနှင့် ငါးရာဗိုလ် အကြောင်း အထူး စိ ဝင် းသွား သည်။ ထို့ကြောင့် ဦးခင် ာ်းအား ဆက်ပြောရန် တိုက်တွ

"ပြောတော့ မ တယ်၊ ဒါပေမဲ့ အခါလင့် မောင်



www.burmeseclassic.com

www.burmeseclassic.com

တို့လည်း ဆရာ့ကို စိတ်ပူနေမယ်၊ မနက်ဖြန်မှ ဆက်ပြောကြတာပေါ့"

အောင်ကျော်ဆင့်အဖို့ ဇာတ်ရှိန်တက်မှ ရပ်လိုက်သော ရုပ်မြင်သံကြား ဇာတ်လမ်းတွဲလို ခံစားလိုက်ရသည်။ သို့ရာတွင် မိုးချုပ်နေပြီ။ တည်းခိုနေထိုင်သော ဦးစိုင်းစောမောင် အိမ်သို့ ပြန်ခဲ့ပါသည်။

နောက်နေ့တွင်လည်း ဦးစိုင်းစောမောင် ဆေးကုထွက်နေသဖြင့် ညနေစောင်းတွင် ဦးခင်မောင်အေး၏ နေအိမ်သို့ ထွက်ခဲ့ပါသည်။

"ဆရာက မနေ့ကကိစ္စ တော်တော်သိချင်နေတယ် ထင်ပါ့"

ဆရာဦးခင်မောင်အေးက ခရီးရောက်မဆိုက် မေးပါသည်။

"သိချင်ပြီလား ဆရာ၊ ညတုန်းက အိပ်သာအိပ်နေရတယ်၊ ဆရာ့ရဲ့ မားနဲ့ မားအိမ်ကို မျက်စိထဲက မထွက်ဘူး"

"သိချင်တဲ့လူရှိရင် ပြောချင်တာလည်း ကျွန်တော်ပါပဲ ဆရာ၊ ဒါပေမဲ့ စကားမပြောခင် အမောပြေ အခါးရည်လေး သုံးဆောင်လိုက်ပါဦး"

ရှမ်းတို့ဒေသတွင် ရေနွေးကြမ်း သို့မဟုတ် လက်ဖက်ရည်ကြမ်းကို အခါးရည်ဟု သုံးနှုန်းကြပါသည်။ အောင်ကျော်ဆင့်လည်း တည်ခင်းကျွေးခဲ့သော အရသာရှိရှိ ရနံ့မွှေးမွှေး လက်ဖက်ရည်ကြမ်းလေး သုံးဆောင်ရင်း ဦးခင်မောင်အေး ပြောပြသမျှကို နားသောတဆင်နေမိပါသည်။

ပဉ္စမသင်္ဂါယနာတင် သာသနာပြုမင်းတရားဖြစ်သော မင်းတုန်းမင်းကြီးသည် တိုင်းပြည်ကို ခေတ်မီနိုင်ငံဖြစ်အောင် အမျိုးမျိုးကြိုးပမ်းခဲ့ပါသည်။ ဒင်္ဂါးစက်ရုံ၊ လက်နက်စက်ရုံနှင့် ကြေးနန်းစနစ်များသည် ထင်ရှားသော အောင်မြင်မှုများဖြစ်ပါသည်။ ဘာသာသာသနာ ထွန်းကားသည်မှာလည်း ပြောစရာမရှိတော့ချေ။

သို့ရာတွင် ပြည်သူများသည် ကျီးလန့်စာစားဖြစ်နေပါသည်။

အကြောင်းမှာ ကုလားဖြူ (အင်္ဂလိပ်)တို့၏ရန်ပင်ဖြစ်သည်။ ဒုတိယအင်္ဂလိပ် မြန်မာစစ်ပွဲအပြီးတွင် ပြည်မြို့အထိ အောက်ပြည်အောက်ရွာကို မြန်မာတို့ လက်လွှတ်ခဲ့ရပါသည်။ အချိန်မရွေးလည်း နောက်ထပ်စစ်ပွဲဖြစ်နိုင်သော အခြေအနေရှိပါသည်။ မြန်မာဘက်မှာ သစ္စာဖောက် အချို့လည်း ကုလားဖြူထံခိုဝင်ရန် ကြံနေကြပါသည်။

ထိုအချိန်တွင် မင်းတုန်းမင်းတရားကြီးသည်လည်း မင်းနေပြည်တော်အား အင်အားတောင့်တင်းစေရန် ရတနာပုံ မင်းနေပြည်တော်အား မြို့တည်နန်းတည်ဆောင်ရွက်နေပါသည်။ ၁၂၂၁ ခုနှစ်တွင် အမရပူရနေပြည်တော်မှ မန္တလေးသို့ ရွှေ့ပြောင်းခြင်းအား အချို့ရာဇဝင်ဆရာတို့က ပြစ်တင်ဆိုကြ၏။

အောက်ပြည်အောက်ရွာဒေသများကို အင်္ဂလိပ်ထံမှ ပြန်၍ တိုက်ယူရန်စိတ်မကူးဘဲ မင်းစည်းစိမ်ခံစား စံစားရန် မြို့တော်ကို ရွှေ့ပြောင်းသည်ဟု ဝေဖန်ကြပါသည်။

စင်စစ် မူလ အမရပူရနေပြည်တော်မှာ အတိတ်နိမိတ်ကောင်းလှပါသည်။ အမရ ဆိုသည်မှာ မသေသော၊ သို့မဟုတ် မပျက်စီးနိုင်သော အဓိပ္ပာယ်ရပါသည်။ ပူရ ဆိုသည်မှာ တိုင်းပြည်ဟု အနက်ပေးနိုင်သည်။ ခြုံ၍ဆိုရလျှင် မပျက်စီးနိုင်သော မြို့တော်ဟု ဆိုလိုပါသည်။ တောင်သမန်အင်း ရေပြည့်လျှင် မြို့တော်ကို သဘာဝကျုံးရေ ဝိုင်းထား သလိုဖြစ်ပြီး ရန်သူများ မဖျက်ဆီးနိုင် အောင် စီမံထားပါသည်။

သို့ရာတွင် လက်ရှိရင်ဆိုင်နေ သောရန်သူမှာ အင်္ဂလိပ်များဖြစ်သည်။ ထိုလူမျိုးများ၏ ရေကြောင်းကျွမ်းကျင် မှုမှာ ထူးခြားကျော်နေသည်။ ထို့ကြောင့် ရေပတ်လည်ဝိုင်းသောနေရာတွင် မနေ ကုန်းခေါင်ခေါင်သို့ နေပြည်တော် ရွှေ ရခြင်း ဖြစ်ပေသည်။

ထိုသို့သော အကြောင်းကိစ္စများ ကြောင့် အချို့အရပ်ဒေသများတွ တောမီးလောင် တောကြောင် လ ခမောင်းခတ် ဆိုသလို သူခိုးဓားပြမျာ ထကြွ သောင်းကျန်းလျက်ရှိပါသည် ၎င်းတို့အထဲတွင် ယခု ပုသိမ်ကြီး နယ်ခေါ်သော တောတောင်ထူထ သည့် အရပ်ဒေသတွင် ထကြွသော ကျန်းနေသော တောင်ပံနီခေါ် တ ဂိုဏ်းသည် အဆိုးရွားဆုံးဖြစ်၏။

မြို့တော် အနီးတစ်ဝိုက်တွ ထိုသို့ မဖြစ်သင့်ပေ။ ဘုရင့်စစ်သည်မျ သွားရောက်နှိမ်နင်းသောအခါ ရှမ်း ဌာနီ သီပေါမြို့တစ်ဝိုက်သို့ ရွှေ့ပြော သွားကြသည်။

ထိုအခါ သီပေါနယ်သူ န သားများ ဒုက္ခတွေ့ကြရပေသည်။ ပြင် ၎င်းတို့အား သီပေါစော်ဘွားက ခိုလှုံခွင့်ပြုထားသယောင်ယောင်သ လွှင့်သေးသည်။ သီပေါစော်ဘွ လည်း ရှမ်းမြန်မာ သွေးစည်းညီညွ ရေး ထိခိုက်မည့်ဘေးကို မျှော်တွေ သဖြင့် မင်းတုန်းမင်းကြီးထံ အခြင်းအ ကိစ္စကို စာလွှာပါး၍ အကြောင်းပြ ရလေတော့သည်။

"အဲဒီအကြောင်း မင်းတုန်း ကြီးသိတော့ ဘယ်လို အရေးယူ





www.burmeseclassic.com

www.burmeseclassic.com

"မင်းတုန်းမင်းကြီးက စာလွှာရတော့ သက်တော်ရှည်အမတ်ကြီးတစ်ဦးဖြစ်တဲ့ ရေနံချောင်းမင်းကြီးကို ခေါ်ပြီး စီမံခိုင်းတယ်၊ ရေနံချောင်းမင်းကြီးကလည်း ကျွန်တော့်အဘေး ဗိုလ်မြတ်သာကို ဆင့်ခေါ်ပြီး တာဝန်ပေးတော့တာပေါ့ဗျာ"

"ဆရာ့ အဘေးကို ဘယ်လို တာဝန်ပေးသလဲဗျ"

"လက်ရွေးစင် စစ်သည်တစ်ရာပဲခေါ်သွားပြီး တောင်ပံနီဓားပြဂိုဏ်းကို နှိမ်နင်းဖို့ စေလွှတ်တော့တာပဲဗျို့"

ဤနေရာတွင် အောင်ကျော်ဆင့် ဘဝင်မကျသလိုလို ရှိသည်။ ငါးရာတပ်ဗိုလ်အား စစ်သည်တစ်ရာတည်း ပေးခြင်းမှာ ရှေးခေတ်ထုံးစံအရ အရိုက်အရာ ချထားသလို ဖြစ်နေပေသည်။ ထို့ကြောင့် ဆရာဦးခင်မောင်အေးက ဆက်လက် ရှင်းပြပါသည်။

"တောင်ပံနီ ဆိုတာက အလီဘာဘာလိုပဲ၊ ခိုးသားလေးဆယ်ပဲရှိတယ်၊ တကယ်ရင်ဆိုင်မယ်ဆိုရင် လက်ရွေးစင် တစ်ရာတောင်မလိုပါဘူး၊ လူဖြန့်ပြီး ဓားပြဂိုဏ်းလှုပ်ရှားမှုကို စုံစမ်းထောက်လှမ်းဖို့ ပိုထည့်ပေးတာပါ၊ လူငါးရာပေးရင်လည်း နေပြည်တော်မှာ အင်အားလျော့သွားနိုင်တယ်လို့ အဘိုးက ပြောဖူးတယ်၊ အရေးတကြီးကိစ္စမို့ လူတစ်ရာနဲ့ သွားရတာပဲ"

"အဲဒီခေတ်ကတည်းက စပယ်ရှယ်မစ်ရှင် (အထူးစစ်ဆင်ရေး)တွေ ရှိတာပေါ့နော်"

အောင်ကျော်ဆင့်က မှတ်ချက်ပေးလိုက်သည်။

ဗိုလ်မြတ်သာ၏ တပ်နှင့် တောင်ပံနီဓားပြများ ထိပ်တိုက်ရင်ဆိုင်တွေ့မည်ဟု မျှော်လင့်ကြသော်လည်း လက်တွေ့ ဖြစ်မလာပါ။ ထိုအခါ ဗိုလ်မြတ်သာက တပ်ဖြောက်လိုက်ပါသည်။ အစုလိုက်သွားလာလှုပ်ရှားနေလျှင် ဓားပြများ သတင်းရသွားမည်။ ပုန်းလျှိုးကွယ်လျှိုးနေကြပေမည်။ တပ်ဖြောက်သည်ဆိုရာတွင် လူစုခွဲရုံမက မင်းမှုထမ်းအဆောင်အယောင်များပါ မသုံးဘဲ ရိုးရိုးအရပ်သားပုံစံနှင့် ဓားပြများကို စုံစမ်းရပါသည်။ အရေးရှိလျှင် လူစုနိုင်ရန် အချိန်းအချက်လည်း ပြုလုပ်ထားရပါသည်။

နောက်ဆုံးတွင်တော့ ဒုဋ္ဌဝတီမြစ်နံဘေး တောတန်းတစ်နေရာတွင် ရင်ဆိုင်တိုက်ပွဲ ဖြစ်ပေတော့သည်။ တောင်ပံနီဓားပြများမှာ လက်နက်မဲ့ ပြည်သူပြည်သားများကိုသာ အနိုင်ကျင့်နိုင်ကြသော်လည်း ဓားရေး လှံရေးနှင့် မီးပေါက်သေနတ် အတတ်ပညာ စုံနစ်တကျရှိသော ဗိုလ်မြတ်သာတပ်ကိုမူ မယှဉ်နိုင်တော့ပါ။ သေသူသေ၊ ဒဏ်ရာရသူရနှင့် ကျန်လူများကတော့ လက်လွတ်ထွက်ပြေးကြပါသည်။

သာမန်အားဖြင့်ဆိုလျှင် ဤအရေး ဤမျှနှင့် ပြီးစီးပေသည်။ သို့ရာတွင် အထောက်တော်များ သတင်းစကားအရ ၎င်းတို့သည် ပို၍ဝေးရာ လားရှိုးမြို့ဘက်သို့ ထွက်ပြေးကြပါသည်။ တိုက်ရာပါပစ္စည်းများလည်း မကျန် စားစရာလည်းမရှိသဖြင့် ဓားပြဖိတိုက်နေပြန်ပါသည်။

လားရှိုးမြို့သည် ရှေးအခါကပင် စည်ကားသော မြို့တစ်မြို့ ဖြစ်ခဲ့ပါသည်။ မြန်မာရာဇဝင်တွင် ထင်ရှားသော အမတ်ကြီးဦးပေါ်ဦးသည်ပင်လျှင် လားရှိုးမြို့တွင် စေတီတစ်ဆူ တည်ထားခဲ့ဖူးပါသည်။ ထို့ကြောင့် တောင်ပံနီတို့အဖို့ ပုန်းခိုစရာတောလည်း နက်သည်။ မဖဲနေပြည်တော်နှင့်လည်း ဝေးသည်။ ဓားပြတိုက်စရာ ကြွယ်ဝသော ကုန်သည်များလည်း ရှိသည်။ အစစ အဆင်ပြေလှ၏။

ထိုအနေအထားကို ဗိုလ်မြတ်သာ လက်မခံလိုပါ။ ငုပ်မိသဲတိုင် တက်နိုင်မှ အဖျားရောက်ပေမည်။

တောင်ပံနီ ဓားပြခေါင်းဆောင်ကို မမိမချင်း မိမိ တာဝန်ပြီးဆုံးသည်ဟု မယုံကြည်ပေ။ လားရှိုးနယ်ဘက် ဆက်လိုက်ရမည်။

တောင်ပံနီတို့လည်း အင်အားနည်းသွားပြီဖြစ်သဖြင့် မိမိအင်အားလည်း အပြည့်အဝ မလိုအပ်တော့ပေ။ လက်ရွေးစင် စစ်သည်သုံးဆယ်မျှသာ ချန်ထားပြီး ကျန်လူများအား မန္တလေးသို့ ပြန်လွှတ်လိုက်ပါသည်။ တောင်ပံနီဓားပြ ဂိုဏ်းအား ဆက်လက်ခြေရာခံ ရှင်းလင်းသွားမည့်အကြောင်း စာလွှာကိုလည်း ရေနံချောင်းဝန်မင်းကြီးထံ ပေးပို့လိုက်ပါသည်။ သူနှင့် သူ့စစ်သည်များသည် ထုံးစံအတိုင်း တပ်ဖြောက်ကာ လားရှိုးနယ်သို့ ဆက်လက်ချီတက်ခဲ့ပါသည်။

"အဲဒီလောက် ဆက်လိုက်မယ်လို့ တောင်ပံနီက ထင်ပုံမလား"

"မဟုတ်ဘူးဆရာ၊ တောင်ပံနီ ဆိုတာက လူလည်ပဲ၊ သိပေါ်မှာကတည်းက ဗိုလ်မြတ်သာရဲ့ ပရိယာယ်ကို ရိပ်မိသွားတယ်၊ သူက ဗိုလ်မြတ်သာလူတွေရဲ့ လှုပ်ရှားမှုကို အမြဲစုံစမ်း ထောက်လှမ်းနေတယ်၊ စစ်သည် ဆိုတာလည်း ဘယ်လိုပဲ ရုပ်ဖျက်ဖျက် သွားဟန်လာဟန်နဲ့ လှုပ်ရှားတဲ့ဟန်တွေဟာ ဖျောက်ဖျက်လို့ မရဘူးလေ"

"အင်း လူလည်နဲ့ ပန်ကာနဲ့ တွေ့ကြပြီပေါ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com

"အစစ်ပဲဗျို့၊ ဗိုလ်မြတ်သာ ရောက်လာတာနဲ့ တောင်ပံနီကလည်း အထူး သိုသိုသိပ်သိပ်နေတယ်၊ အဲဒီ ထုန်းက တောလည်းနက်တယ်လေ၊ အခုခေတ်လို သစ်တွေ အရမ်းခုတ်နေတာ မဟုတ်ဘူး၊ ဒါကြောင့် ဘယ်နေရာမှာ ခိုအောင်းတယ်ဆိုတာ ရှာလို့မရနိုင်ဘူး၊ မသင်္ကာစရာ တစ်ခုခုရှိရင်လည်း နေရာရွှေ့သွားတယ်၊ ဗိုလ်မြတ်သာလည်း ဒီနောင်မွန်ရွာမှာ စတည်းချပြီး စိတ်ရှည်ရှည်နဲ့ သတင်းစုံစမ်းရတာပေါ့ဗျာ"

"ဒါထက် စကားဖြတ်ပြောတယ် မထင်လိုက်ပါနဲ့၊ ဆရာ့အဘေး ဗိုလ်မြတ်သာ စတည်းချခဲ့တဲ့ ဒီနေရာမှာ ဆရာအခြေတကျဖြစ်နေရတာ ထူးဆန်းတယ်နော်"

"ရေစက်ုသိုလ်ပေါ့ဗျာ"

ဓားပြခေါင်းဆောင် တောင်ပံနီသည်လည်း မြွေမြွေချင်း ခြေမြင်သည်ဟုဆိုရမည်။ သူကလည်း အစုလိုက်မနေ လူစုခွဲထားသည်။ သူခိုအောင်းရာနေရာကို ရုတ်တရက် ရန်သူရောက်မလာနိုင်ရန် အဆင့်ဆင့် ကင်းများချထားသည်။ ဗိုလ်မြတ်သာကလည်း တဖြည်းဖြည်း အခြေအနေရိပ်စားမိလာသည်။ မည်သို့ဆိုစေ ဓားပြတို့မည်သည် အစာငတ်လျှင် သားရဲတွင်းထဲမှ ထွက်လာရပေမည်။ သူတို့ ခိုအောင်းရာနေရာကို မရှာဘဲ လှုပ်ရှားမှုကိုသာ ပြောင်းလဲထောက်လှမ်းရပေသည်။

တစ်နေ့ ဗိုလ်မြတ်သာ မျှော်လင့်သလို ဖြစ်လာပါသည်။ တောင်ပံနီအဖွဲ့က နောင်မွန်ရွာအား ညအချိန် ဝင်ရောက်စီးနင်းရန် ကြံစည်ထားသည်။ နောင်မွန်ရွာတွင် ဗိုလ်မြတ်သာ တစ်ဦးတည်းရှိကြောင်း သတင်းရထားသည်။ အဆောင်အယောင်မပါသော ဗိုလ်မြတ်သာအား မင်းမှုထမ်း ဖြစ်ကြောင်း ရိုးသားသော တိုင်းရင်းသားများက မသိကြပါ။ ရှစ်စပ်ကလည်းသည့် တောင်ပံနီကတော့ သိသည်။

သူတို့ ဓားပြအဖွဲ့ကို ဒုက္ခပေးခဲ့သော ဗိုလ်မြတ်သာကို ကောင်းကောင်း ဆုံးမလိုက်မည်။ ပြီးလျှင် နောင်မွန်ရွာ တစ်ရွာလုံး၏ ကြွယ်ဝမှုကိုလည်း သိမ်းယူသွားမည်ဟု ကြုံးဝါးထားလိုက်သည်။ သို့ရာတွင် ဓားပြအဖွဲ့တွင် အားနည်းချက်ရှိပေသည်။ ရွာခံ လက်ထောက်ချသူ သို့မဟုတ် သတင်းပေးသူရှိမှ အဆင်ပြေသည်။ သို့မှသာ ရွာ၏ လုံခြုံရေး အခြေအနေ၊ ချမ်းသာကြွယ်ဝသော အိမ်များနှင့် တောင်ယာသမားတို့၏ သီးနှံရောင်းရငွေများ လက်ဝယ် ရှိ မရှိ သိထားရန်လိုသည်။ ထို့ကြောင့် ထိုရွာမှ လူမိုက်တစ်ဦးကို စည်းရုံးသိမ်းသွင်းရသည်။

တောင်ပံနီတို့ တွေ့ဆုံစည်းရုံးသော လူမှာ အရက်သမားဖြစ်သော်လည်း အခြားမကောင်းမှုများ ကင်းသူဖြစ်သည်။ ထို့ထက်တစ်မူ ဗိုလ်မြတ်သာက လေ့ကျင့်ကာ သင်ကြားပေးထားသော အထောက်တော်ဖြစ်နေသည်။

တစ်ဖန် လာရောက်စုံစမ်းသူများက ဒေသထွက်သော ဆန်အရက်များနှင့် ဧည့်ခံကာ သူတို့၏အကြံအစည်များကို မေးမြန်းသည်။

အရက်မူးလျှင် ကျွဲခိုးပေါ် ဆိုသကဲ့သို့ ရှင်းတို့၏ အခြေအနေများ ကောင်းကောင်း သိလိုက်ရပါသည်။ သူ့ဘက်ကလည်း ရွာ၏ လုံခြုံရေး မကောင်းကြောင်း၊ ဗိုလ်မြတ်သာသည် ပင်လျှင် ငှက်ဖျားဖြစ်နေကြောင်းနှင့် အဝင်လမ်း အထွက်လမ်းများကိုလည်း သူ့စိတ်ကြိုက် အကြံပေးလိုက်ပါသည်။

သို့နှင့် အထောက်တော် အခါပေးလိုက်သော ညကာလ ရောက်လာသည်။ ရွာပြင် သချိုင်းမြေအနီးတွင် ဗိုလ်မြတ်သာတို့လူစု ကင်းပုန်းဝပ်၍ စောင့်နေသည်။

လမ်း၏ တစ်ဖက်တစ်ချက်ရှိ တောင်ကုန်းပေါ်တွင် သေနတ်ကိုင် အမှုထမ်း နှစ်ဦးအား တစ်ဖက်တစ်ယောက် စောင့်ကြည့်နေစေပါသည်။ ခေါင်းဆောင်ဖြစ်သည်ဟု သေချာသူကိုသာ ပစ်ရန် မှာကြားထားသည်။

စောင့်နေရသည်မှာ ပုံမှန်အားဖြင့် ပျင်းစရာကောင်းလှသည်။ စစ်သည်များမှာ မပျင်းအားပါ။ ရက်ရှည်လများ ထမ်းဆောင်ရသော တာဝန်မှာ ပြီးဆုံးပေတော့မည်။ တောင်ပံနီ ဓားပြဂိုဏ်းအား အပြီးသတ်ဖြိုခွင်းရတော့မည်ဟူသော အသိဖြင့် အနည်းငယ်စိတ်လှုပ်ရှားနေကြပါသည်။ သို့သော စနစ်တကျ လေ့ကျင့်ထားသူများပီပီ အသံလုံးဝမထွက်ဘဲ သေသေဝပ်ဝပ် ရှိလှပါသည်။

ဗိုလ်မြတ်သာ ပြုံးလိုက်သည်။ သားရဲတွင်းမှ ထွက်လာသော သားရဲကြီးသည် နဂါးတွင်းသို့ ရောက်တော့မည်ဟု တွေးမိသည်။ ထိုစဉ် ခပ်ဝေးဝေးမှ မြင်းခွာသံ သဲ့သဲ့ကြားလိုက်သည်။ တောင်ပံနီကလည်း မခေပါ။ မြင်းများကို ဖြည်းဖြည်းမှန်မှန် စီးလာသည်။ တိတ်ဆိတ်သော ညကာလတွင် ကဆုန်စိုင်းစီးလျှင် ဝေးဝေးမှ အသံကြားရမည်။ ရွာသူရွာသားများ နိုးကုန်လိမ့်မည်။ အနီးရောက်မှ ဒုန်းစိုင်းစီးရန်အတွက် ခွန်အားကို ချွေတာရမည်။

ခက်နေသည်က တောင်ပံနီဆိုသော ဓားပြခေါင်းဆောင်ကို ဗိုလ်မြတ်သာ မမြင်ဖူးပါ။ ရန်သူ၏လှုပ်ရှားမှုကို



www.burmeseclassic.com

www.burmeseclassic.com

ကြည့်၍ ခေါင်းဆောင်ဖြစ်သူကို ရွေးထုတ်ရမည်။

လပြည့်ည ဖြစ်သော်လည်း တောင်ပေါ်ဒေသ သဘာဝ နှင်းမြူများ ဝေနေသဖြင့် မှုန်ဝါးဝါး အလင်းရောင်တွင် သဲသဲကွဲကွဲ မြင်ရန် မလွယ်ပါ။ ဝဲယာနှစ်ဖက်ပိတ်၍ အားလုံးကို ချေမှုန်းရန် သန္နိဋ္ဌာန်ချလိုက်ပါသည်။

ထိုစဉ် သူတို့ သတ်မှတ်ထားသော သတ်ကွင်းအတွင်းသို့ ဓားပြများ ရောက်ရှိလာသည်။

"ဟိတ် - ရာဇဝတ်သားတွေ မောင်မင်းတို့ကို ဘုရင့်တပ်တော်က ဝိုင်းထားလိုက်ပြီ၊ မသေချင်ရင် လက်နက်ချလိုက်"

ဗိုလ်မြတ်သာ၏ ကေသရာဇာခြင်္သေ့မင်းကဲ့သို့ အသံသည် ဟိန်းထွက်သွားပါသည်။ ထိုအသံကြောင့် ဓားပြမြင်းများ တွံ့ခနဲ ရပ်သွားသည်။ မျှော်လင့်မထားသဖြင့် မှင်တက်မိသလိုလိုရှိသည်။ မျက်နှာများမှာ ဇဝေဇဝါနှင့် ရေမရာ ဖြစ်သွားသည်။ ထိုအခြေအနေကို တောင်ပံနီက ချက်ချင်းရိပ်မိသည်။ သူကလည်း အသံကို မြှင့်၍ အော်ပြောသည်။

"ဟိတ်- ငါ့လူတွေ၊ ငါတို့ဟာ ဒီပေါ်နယ်ကတည်းက ဘုရင့်ခဲမက်တွေကို သတ်ခဲ့ပြီးပြီ၊ လက်နက်ချလည်း သေဒဏ်က မလွတ်ဘူး၊ ရဲရဲတိုက်ပြီး အောင် ဖောက်ထွက်ကြပေဟ့"

အသံမှာ ရဲဝံ့ပြတ်သားပြီး အားတက်စရာကောင်းသည်။ ဓားပြများ လှုပ်ရှားရှား ဖြစ်သွားသည်။ ထိုစကားသည် နောက်လိုက်များအတွက် ရဲဆေးဖြစ်သွားသည်။

သို့သော် ဗိုလ်မြတ်သာလည်း ပြင်ဆင်ပြီးသွားသည်။ ခေါင်းဆောင်ဆိုသူကို သေသေချာချာ မှတ်သားလိုက်ရသည်။ ထို့ကြောင့် သူ၏ ရဲမက်များအား ဆောင်ဓားမြှောက်၍ အချက်ပေးလိုက်သည်။

ဓားပြများ၏ ဝဲယာနှစ်ဖက်မှ လှံ့ရှည်ကိုင်ထားသော ခြေကျင်တပ်သားများသည် ကြွေးသံပေး၍ ဝင်တိုက်ကြသည်။ ဓားပြများလည်း နှစ်ဖက်ညှပ်အတိုက်ခံရသဖြင့် ဘယ်လှည့် ညာလှည့် ခုခံရသဖြင့် မြင်းပေါ်မှာ ထိုင်နေပါလျက် အသာစီးမရချေ။

ရှုပ်ထွေးနေသော အခြေအနေတွင် ဗိုလ်မြတ်သာ အပါအဝင် မြင်းစီးသမား ငါးဦးသည် ဓားများဝင့်၍ ဝင်ရောက် ထိုးခုတ်လေတော့သည်။ တိုက်ပွဲမှာ ပြင်းထန်ဆူညံသွားပါသည်။

လျှပ်တစ်ပြက် ဝင်ရောက်တိုက်ခိုက်မှုကြောင့် ဓားပြများ အခက်တွေ့ကာ သွေးပျက်နေပါတော့သည်။

ညှိမျှ ရှုပ်ထွေးသော တိုက်ပွဲတွင် တောင်ပံနီ၏ သွေးအေးပုံမှာလည်း ချီးမွမ်းလောက်ပါသည်။ ဝိုင်းဝန်းထားသော ရဲမက်များကြားတွင် လစ်ဟာသွားသော ထွက်ပေါက်တစ်ခုတွေ့လိုက်သည်။ နောက်လိုက် နောက်ပါများကို ငဲ့ညှာစရာမလို၊ ဓားပြပီပီ တစ်ကိုယ်ကောင်းဆန်စွာ ဖောက်ထွက်သွားလေသည်။

ဗိုလ်မြတ်သာလည်း ထက်ကြပ်မကွာ လိုက်သည်။ သို့ရာတွင် နောက်လိုက် ဓားပြတစ်ဦးက ဟန့်တားထားသည်။

တောင်ပံနီက သမင်လည်ပြန် လှည့်ကြည့်သည်။ ပြီးတော့ ကောက်ကျစ်စွာ ပြုံးလိုက်သည်။ သူ့ကို အမီလိုက်ရန် မဖြစ်နိုင်ကြောင်း သေချာသွားသည်။ သို့သော် အချိန်ဖြုန်း၍ မဖြစ်ချေ။ မြင်းကို ကျာပွတ်နှင့်ရိုက်၍ အမြန်ပြေးနိုင်းတော့သည်။

"ဒိုင်း"

တောင်ကုန်း တစ်ကုန်းပေါ်မှ မီးပေါက်သေနတ်သံထွက်ပေါ်လာသည်။ သေနတ်ပြောင်းဝမှ ထွက်လာသော ခဲသီးသည် တောင်ပံနီအား ပွတ်ကာသီကာ လွဲချော်ပြီး မြင်းရှေ့ခြေထောက်ကို ထိမှန်သွားသည်။

"ဟီး"

သေနတ်ထိမှန်သော မြင်းမှာ နာကျင်မှုဖြင့် အော်ဟစ်ကာ ခြေခေါက်ပြီး လဲကျသွားသည်။ တောင်ပံနီလည်း မြင်းရှေ့သို့ အရှိန်လွန်ကာ ပစ်ကျသွားပါသည်။ ထို့ကြောင့် နောက်မှလိုက်လာသော ဗိုလ်မြတ်သာ၏ မြင်းက မီလာပါသည်။ မြင်းပေါ်မှကျသော နာကျင်မှုဝေဒနာကြောင့် မည်သို့မျှ မခုခံနိုင်တော့ပါ။ နောက်မှ ရောက်လာသော ရဲမက်များ၏ ချုပ်နှောင်ဖမ်းဆီးမှု ခံလိုက်ရသည်။ တောင်ပံနီ ဓားပြဂိုဏ်းဝင်အားလုံး ကျဆုံးပြီး ခေါင်းဆောင်အား လက်ရဖမ်းမိသော သတင်းမှာလည်း တောမီးပမာ ပျံ့နှံ့သွားပါသည်။

"တောင်ပံနီ ဓားပြကို ဆရာ့အဘေးက သတ်လိုက်ရောလား"

"ချက်ချင်းမသတ်ပါဘူး၊ လားရှိုးစော်ဘွားကို အကြောင်းကြားလိုက်တယ်၊ ရွာနီးချုပ်စပ်က တောင်ပံနီ ဓားပြလာတိုက်တုန်းက မြင်လိုက်တဲ့ ရွာသားတွေကို ဆင့်ခေါ်လိုက်တယ်၊ အားလုံးရှေ့မှာ တရားစီရင်တယ်"

"အဲဒီခေတ်ကတည်းက ပြည်သူ့ခုံရုံးတွေ ရှိတာပေါ့နော်"

"ခုံရုံးရယ်လို့တော့ မဟုတ်ပါဘူးဗျာ၊ ကျွန်တော့်အဘေးက တောင်ပံနီ ခေါင်းဆောင် ဟုတ်၊ မဟုတ် သေချာ



www.burmeseclassic.com

www.burmeseclassic.com

အောင်လုပ်တာလို့ အဘိုးက ပြောဖူးတယ်"

ထိုသို့ အမြန်အလှန် ပြောဆိုအပြီး ဦးခင်မောင်အေးက ဇာတ်လမ်းကို ဆက်ပြောပါသည်။

အားလုံး လူစုံသောအခါ မြင်ဖူးသည် ဆိုသူများက တောင်ပံနီဖြစ်ကြောင်းနှင့် ဝဲဘက်ပခုံးတွင် အနီရောင်ဟသ်ပြဒါးဖြင့် ငှက်တောင်ပံပုံ ဆေးထိုးထားကြောင်း သက်သေခံကြပါသည်။ ရေနံချောင်း မင်းကြီးကလည်း ထိုဓားပြကို ဖမ်းဆီးခေါ်ဆောင်လာစရာမလို၊ တွေ့ရာသင်္ချိုင်း ဓားမဆိုင်းဘဲ စီရင်ရန် အမှာတော်ထားခဲ့ပြီး ဖြစ်ပါသည်။

ထို့ကြောင့် တောင်ပံနီအား ခေါင်းဖြတ်၍ သေဒဏ်ပေးရန် စီရင်ရသည်။ ရွာဦးစွာ တောင်ပံနီအား နှောင်ကြိုးတည်းကာ မင်းနေပြည်ဘက်လှည့်၍ ဒူးတုပ်ထိုင်ခိုင်းထားသည်။ ဖြတ်ထွက်လာသော ခေါင်းကို လိမ့်မသွားစေရန် ဝါးနှင့်ရက်လုပ်သော တောင်းတစ်တောင်း ခံထားလေသည်။

"ကိုင်း-တောင်ပံနီ မောင်မင်းကို ခေါင်းဖြတ်စီရင်တော့မယ်၊ နောက်ဆုံး စကားပြောစရာရှိရင် ပြောပေတော့"

ဗိုလ်မြတ်သာက ပြောဆိုရင်း လက်သုံးတော်ဓားအား မြှောက်လိုက်သည်။

တောင်ပံနီကလည်း သတ္တိမနည်းပါ။ ဗိုလ်မြတ်သာဘက်လှည့်၍ ပြောပါသည်။

"ဟေ့ကောင်၊ မင်းထံ ခစားတဲ့ မင်းကျွန် ငနွား၊ ငါ့ကို သတ်လိုက်ရင် ငါက သရဲဖြစ်သွားပြီ၊ တစ်သက်လုံး မင်းနောက်လိုက်ပြီး မင်းကို လက်စားချေမယ်ဟေ့"

လူပုံအလယ်မှာ စော်ကားခံရသဖြင့် ဒေါသဖြစ်ပြီး မျက်နှာနီရဲသွားသည်။ သို့သော် သိက္ခာရှိသော မင်းမှုထမ်းပီပီ ဣန္ဒြေဆည်လိုက်သည်။ အနီးရှိ ပရိသတ်ကို မျက်လုံးဝေ့ကြည့်လိုက်သည်။ သူ့အား သူရဲကောင်း အဖြစ်မှတ်ယူထားကြသဖြင့် မည်သူမျှ အထင်မသေးဝံ့ပေ။ သို့သော် အသက် အရွယ်ကြီးသူ အချို့မှာ သူ့အတွက် စိတ်ပူပန်နေပုံရသည်။

ဗိုလ်မြတ်သာ နားလည်လိုက်သည်။ သေခါနီး လူတစ်ယောက်၏ ပြင်းပြင်းပြပြ တောင့်တသောကိစ္စသည် တကယ်ဖြစ်နိုင်သည်ဟူသော အစဉ်အလာ ယုံကြည်မှုတစ်ရပ် ရှိပေသည်။

ထိုယုံကြည်မှုကြောင့် မစီရင်ဘဲနေ၍မဖြစ်ချေ။ မင်းမှုထမ်းတို့ မည်သည် ပေးအပ်သည့် တာဝန်ကို ဦးလည်မသုန် ထမ်းရွက်ရပေမည်။ လူထုဘက်လှည့်၍ သူ့အတွက် ဘာမျှမစိုးရိမ်ရန် လက်ကာပြလိုက်သည်။

"ဟေ့ကောင်၊ မင်းက ငါ့ကို လက်စားချေနိုင်တယ်ဆိုတာ မယုံဘူးကွ"

"မယုံရင်လည်း စမ်းကြည့်လေ"

တောင်ပံနီက တစ်ခွန်းမခံ ပြန်ပြောသည်။

"အေး၊ မင်းတကယ်တမ်း ငါ့ကို လက်စားချေနိုင်တယ်ဆိုရင် မင်း ခေါင်းပြတ်တာနဲ့ တစ်ပြိုင်တည်း ဟိုတောင်းနှုတ်ခမ်းကို ပါးစပ်နဲ့ ကိုက်ပြလေ၊ အဲဒီလို လုပ်နိုင်တယ်ဆိုရင်တော့ လက်စားချေမယ်ဆိုတဲ့ မင်းရဲ့ စကားကို ငါ ယုံလိုက်မယ်"

တောင်ပံနီ၏ မိုက်သွေးကလည်း စံတင်လောက်ပါသည်။

"ဟေ့ကောင် သတ္တိရှိရင် ခုတ်လိုက်"

ဗိုလ်မြတ်သာက လက်သုံးဓားကို မြှောက်၍ တစ်ချက်တည်း ခုတ်ပိုင်းလိုက်ပါသည်။ ကောင်းစွာ လေ့ကျင့်ထားသောလက် ဖြစ်သဖြင့် တောင်ပံနီ၏ ဇက်ပေါ် ဓားချက်က ကျရောက်သွားပါသည်။

"ခွပ်"

အရိုးပြတ်သံ မြည်သွားပြီး ဦးခေါင်းသည် ခန္ဓာကိုယ်မှ လွင့်ထွက်သွားပါသည်။ သို့သော် ခေါင်းမှာ တောင်းထဲ မရောက်ချေ။ တောင်းနှုတ်ခမ်းဝတွင် ရှိနေပါသည်။

"ဟာ"

လူအများ အံ့အားသင့်သွားပါသည်။ တောင်ပံနီ၏ သွားများသည် တောင်းနှုတ်ခမ်းကို ကိုက်လျက်သား ဖြစ်နေကြောင်း တွေ့လိုက်ရပါသည်။ ဗိုလ်မြတ်သာကတော့ စိတ်ပူပုံ မပေါ်... ဆောင်ဓားကို ဓားအိမ်ထဲ ပြန်သွင်း... ဆောင်ရွက်စရာများကို ဆက်လ... ဆောင်ရွက်နေပါသည်။

အောင်ကျော်ဆင့် သိချင်စိ... များသွားသည်။

"အဲဒီနောက် ဆရာ့အဘေး... ဘာဖြစ်သေးသလဲ"

"ဘာမှ မဖြစ်ပါဘူးဆရာ... တောင်ပံနီရဲ့ နောက်ဆုံး စိတ်အာ... လက်စားချေဖို့ မဟုတ်တော့ဘူး... တောင်းနှုတ်ခမ်းကိုက်ပြဖို့ပဲ ဖြစ်... အဲဒါကြောင့် ကျွန်တော့်အဘေး ဗို... မြတ်သာကို လက်စားချေလို့ မရ... ဘူး၊ လပြည့်ညဆိုရင် ကိုယ်ယော... တာပဲ လုပ်နိုင်တော့တယ်၊ ကျွန်... အဘေးဟာ ဘုရားရိပ် တရားရိပ်ခို... အရွယ်အထိ ကျန်းကျန်းမာမာ ချမ်း... သာသာနဲ့ နေသွားတယ်၊ ရွာအထ... တွေ့ခဲ့တဲ့ စေတီလေးဟာ ဗိုလ်မြ...



www.burmeseclassic.com

www.burmeseclassic.com

...ကောင်းမှုပေါ့၊ ကျွန်တော်ကတော့ ...အဘေးရဲ့အမွေ ဆောင်ဓားကို ဂုဏ်ယူ ...နှင့် ဆက်ခံခဲ့ရတာပေါ့ဗျာ"

"ဒါဆို ဗိုလ်မြတ်သာက ဉာဏ် ...ကောင်းတာပေါ့နော်"

"ပြောရင်လည်း ကြွားရာရောက် ...ယ် ကျွန်တော့်အဘေးက လက်ရုံးရည် ...ရော နှလုံးရည်ပါ ပြည့်ဝတဲ့ စွယ်စုံရ ...စ်ဦးပေါ့ဗျာ"

"ကြွားလည်း ကြွားလောက်ပါ ...ယ်ဗျာ၊ ကဲ-ကျွန်တော်လည်း အချိန် ...ပြီ ပြန် လိုက်ပါဦးမယ်၊ သိချင်တာ ...ည်း သိရပြီ၊ ကျွေးမွေးဧည့်ခံတဲ့ ...ည်း ကျေးဇူးတင်ပါတယ်"

ဟု အောင်ကျော်ဆင့်က ရယ် ...ယ်မောမော ပြောလေသည်။

ဦးခင်မောင်အေးက မျက်နှာ ...ည်တည်နှင့် ပြောသည်။

"ဒီနေ့ လပြည့်နေ့နော်၊ ဆရာ လည်း ကြည့်သွားဦး၊ တော်တော်ကြာ တောင်ပံ့နီခေါင်းပြတ်သရဲက လာနှုတ် ဆက်နေဦးမယ်"

"ဟာ-လာနှုတ်ဆက်လည်း ဘာ ဖြစ်လဲ၊ ဗိုလ်မြတ်သာ အမျိုးအိမ်က ပြန်ခဲ့တာလို့ ပြောလိုက်မှာပေါ့"

နှစ်ဦးသား ရယ်ရယ်မောမောနှင့် လက်ဆွဲနှုတ်ဆက်ကာ လမ်းခွဲခဲ့ပါသည်။ နောက်တစ်နေ့တွင် အောင်ကျော်ဆင့် လားရှိုးသို့ သွားခဲ့ပါသည်။ လားရှိုးတွင် တစ်ရက်နေပြီး နောက်တစ်နေ့နံနက် စောစောတွင် မန္တလေးသို့ ကားဖြင့် ထွက်ခဲ့သည်။ အောင်ကျော်ဆင့်စီးနင်း လိုက်ပါလာသော မော်တော်ယာဉ်သည် နောင်မွန်ရွာ၏ မန္တလေးဘက်အထွက် တွင် ခေတ္တရပ်နား၍ ပစ္စည်းတင်လေ သည်။

အောင်ကျော်ဆင့်လည်း ကား ပေါ်မှ ခေတ္တဆင်း၍ ဗိုလ်မြတ်သာ ကောင်းမှုစေတီလေးအား ငေးမော ကြည့်ရှုနေမိပါသည်။ မူလက ထုံး သက်န်းနှင့် စေတီဖြစ်သည်ဟု ပြောကြ ပါသည်။ နောင်အခါ ဒါယကာများက မွမ်းမံထားသဖြင့် ရွှေရောင်ခြည်တွင် လင်းလက်နေပါသည်။

တန်ခိုးကြီးပါသည် ဆိုသော အထင်ကရ ဘုရားစေတီမဟုတ်သော် လည်း မြန်မာပြည်ရှိ စေတီတိုင်းတွင် သမိုင်းကိုယ်စီ ရှိကြပေသည်ဟု တွေး ထင်မိပါတော့သည်။

**တော်မြင့်(ငှက်များ)**

❑




ဥုံ အရဟံ မေတ္တာ လာဘ်

**နက္ခတ်ဗေဒင်** ဆရာဦးအောင်စိုး (B.Sc) မော်လမြိုင်

ခုနစ်ရက်သားသမီးများအတွက် ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ အိမ်ထောင်ရေး၊ စီးပွားရေး ကိစ္စရပ်များ၊ ရင်ဆိုင်ကြုံတွေ့နေရသော ပြဿနာများကို **မိုက်ထဲမှာ ပုဏ္ဏားလေး ဝင်စားနေသကဲ့သို့ မှန်ကန်သောဟောချက်များ၊ ထိရောက်သော ယတြာများဖြင့်** (၂၅)နှစ် တိုင်တိုင် ကူညီ ဆောင်ရွက်ပေးလျက် ရှိသည်။

**အောင်မြင်သူတို့ ဆုံကြရာ**

...ဟာခန်းတည်နေရာ ➽ အမှတ်-၁၃၁၊ အောင်တံခွန် သ/မ ပရိဝုဏ်၊ ၁၀-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။

...ညွှန် ➽ အမိပဓိ (အပြာ)၊ တိုက်ကြီး-ဆူးလေ၊ (၅၁)၊ (၂၃၁)၊ (၅၃)၊ (၇၉)၊ (၂၀၂) ကားစီး၍ ဆယ်မိုင်ကုန်းဈေးမှတ်တိုင်တွင် ဆင်းပါ။

...ဟာပြောချိန် ➽ နံနက် (၉) နာရီမှ ည (၉) နာရီ အထိ ။

...ဆက်သွယ်ရန် ဖုန်း ➽ **ဟောခန်း** - ၀၉-၇၃၁၀၉၅၅၆၊ **အိမ်** - ၀၉-၇၃၂၄၄၈၉၇ ။

...ချက် ➽ **ဖုန်းဖြင့် ကြိုတင်တိုကင်ယူပါ။** ကျေးဇူးတင်ပါသည်။




www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

"မိန္ဒယ်ရေ၊ ငါ့ကို ကယ်ပါဦး၊ ဒီတစ်ခါတော့ ငါ အကြီးအကျယ်ဒုက္ခရောက်တော့မယ်ကွာ"

"ဟဲ့- မိခိုင်၊ နင်အပြေးအလွှားဘာဖြစ်လာတာလဲ၊ ငါရင်တွေတုန်လိုက်တာဟယ်"

"အေး၊ နင်က ရင်တုန်ရုံပဲရှိတာ၊ ငါ့မှာက ဘဝတစ်ခုလုံး သွက်သွက်ခါလှုပ်ရမယ့်ကိစ္စ မိန္ဒယ်ရေ"

"ကဲ- ဒါဖြင့်ရင်လည်းပြောစမ်းပါဦး ဘာတွေဘယ်လိုဖြစ်လာရတာလဲ"

"နင်သိတော့ သိပြီးသား ကိစ္စပါတယ်၊ ဒါပေမဲ့ ရုတ်တရက်ကြီး မြန်မြန်ဆန်ဆန် ဖြစ်လာမယ်မထင်ခဲ့ဘူးပေါ့၊ ငါ့ကိုအဖေနဲ့အမေက အိမ်ထောင်ပြုဖို့ နေရာချထားပေးမယ့်ကိစ္စ ပြောခဲ့တာ နင်လည်းသိပြီးသားပဲ၊ ငါက အချိန်ဆွဲထားခဲ့တယ်လေ၊ အခုတော့ ချက်ချင်းကြီး ယောက်ျားလေးဘက်က တောင်းဆိုလာလို့ ငါ့အိမ်က အိမ်ထောင်ပြုဖို့ ချက်ချင်းကြီးစီစဉ်ကြတော့မယ်၊ ငါတော့ ဒုက္ခရောက်တော့မယ်၊ ငါ့ကို ကယ်ပါဦးဟယ်"

"ဟောတော့"

"ဟောတော့ လုပ်မနေနဲ့ နင်က စာရေးဆရာမကြီးဆိုတော့ ဇာတ်လမ်းတွေ ဖန်တီးနိုင်ပါတယ်ဟယ်၊ ငါ့ကို ဘယ်လိုကယ်ထုတ်ရမလဲဆိုတာမြန်မြန်စဉ်းစားစမ်းပါဦး၊ ငါတော့ ဒီတောင်က ကျော်နိုင်မယ် မထင်တော့ဘူး"

"ဒီလောက်ကြီးလည်း စိတ်မပူပါနဲ့ဟယ်၊ လောကကြီးမှာ လူတစ်ခု ရှုရယ်တဲ့ ဆယ်ကုဋေလို့ဆိုထားတယ်၊ ဒီတော့ လူတွေမှာ ပြဿနာပေါင်း သောင်းခြောက်ထောင်လို့လည်း ဆိုတယ်၊ ဒါကြောင့် လောကမှာ ပြဿနာတွေကို မဖြေရှင်းနိုင်တော့ဘူးလို့ ထင်ရတယ်၊ အခက်အခဲ ပြဿနာ ကြုံလာတိုင်းဒီတောင်တော့ ကျော်နိုင်မယ်မထင်တော့ပါဘူးလို့ စိတ်ဓာတ်ကျတတ်တယ်၊ တကယ်တော့ အခက်အခဲ ပြဿနာဆိုတာ လူတွေက လုပ်ကြတာပါ။ လူတွေ လုပ်ကြတဲ့ အခက်အခဲပြဿနာကို လူတွေ ဘာလို့ မဖြေရှင်းနိုင်ရမှာလဲ၊ လှိုင်းကြီးလှေအောက် တောင်ကြီး ဖဝါးအောက်ဆိုတာ နင်လည်းကြားဖူးတယ် မဟုတ်လား၊ ဒီတောင်ကို ကျော်နိုင်တော့မှာ မဟုတ်ပါဘူးဆိုတာ မှားတယ်၊ တောင်ကြီးဖဝါးအောက်၊ ဘယ်လောက်ကြီးတဲ့ တောင်ပဲဖြစ်ပါစေ လူတွေ ကျော်နိုင်ရမှာပေါ့ကွာ"

"အမယ်လေး အရေးထဲ တရားတွေ ဟောနေပြန်ပြီ၊ ငါ့ကိစ္စကို စဉ်းစားစမ်းပါဦး မိန္ဒယ်ရဲ့"

"အေးပါဟယ်၊ ဒါနဲ့ နေပါဦး မောင်ဇော်က သင်္ဘောတက်ဖို့ ထွက်သွားပြီဆို"

"ဟုတ်တယ်၊ ဒီကောင်လေးက တစ်မျိုး၊ သင်္ဘောတကယ်တက်ဖို့ ထွက်သွားတာမဟုတ်ဘူးမိန္ဒယ်ရေ၊ ငါနဲ့ ရန်ဖြစ်ပြီး ငါ့ကို စိတ်ကောက်ပြီးထွက်သွားတာ၊ ငါလည်း အစက တကယ်မှတ်နေတာ မေမေရီပြောပြမှ သိတယ်"

"နင်နဲ့ ဘယ်လိုဖြစ်ရတာတုံး"

"ဒီလို မိန္ဒယ်ရေ ဘုရားပွဲစတဲ့နေ့က ငါတို့တိုက်ထဲကို မောင်ဇော်က အပြေးအလွှားအမောတကော မမခိုင် မမခိုင်ဆိုပြီး အော်ပြီးဝင်လာတယ်၊ ငါ့အမေက ဟဲ့-ဘာတွေအရေးကြီးလာတာလဲ၊ မင်းမမခိုင် အခုပဲ ရေချိုးပြီးလို့ အပေါ်ထပ်သူ့အခန်းထဲဝင်သွားတယ်လို့ ပြောလိုက်တယ်၊ အဲဒါ မောင်ဇော်က အပေါ်ထပ်ပြေးတက်လာပြီး ငါ့အခန်းထဲ ဖြုန်းခနဲ ပြေးဝင်လာတယ်၊ ငါက အဝတ်လဲနေတဲ့အချိန် သူက မမခိုင် မမခိုင် မုန့်ဖိုးပေးစမ်းပါ၊ သူငယ်ချင်းတွေနဲ့ ဘုရားပွဲသွားမလို့ဆိုပြီး ပြောပြောဆိုဆို ငါ့ခုတင်ပေါ် ပစ်လှဲလိုက်တယ်၊ ငါလည်း ရုတ်တရက်ဒေါသထွက်ပြီး နင်ဘာလို့ ငါ့အခန်းထဲ မပြောမဆိုဝင်လာတာလဲ ထွက်သွားစမ်းလို့ ရှက်ရှက်နဲ့ အော်လိုက်မိတယ်၊ ဒီတော့ သူက မမခိုင်ရယ်၊ မမခိုင့်အခန်းထဲဝင်လာတာ အဆန်းမှ မဟုတ်တာ ငယ်ငယ်ကတည်းက ဒီလိုပဲဝင်နေကျပဲ၊ သူက ရယ်ရယ်မောမော ပေါ့ပေါ့တန်တန်ပြောပေမယ့် ငါလည်း ရှက်ရှက်နဲ့ ဒေါသအရှိန်ကြောင့် ဟဲ့-အရင်က နင်ကလေး ငယ်ငယ်ပဲရှိသေးတာ၊ အခု နင်က ကလေးမဟုတ်တော့ဘူး၊ စည်းမဲ့ကမ်းမဲ့ နေချင်တိုင်းနေလို့မရတော့ဘူး သွားသွား ငါ့အခန်းထဲက ထွက်သွားလို့ပြောလိုက်တယ်၊ ဒီတော့ မောင်ဇော်က တအံ့တဩ ငါ့ကို စိုက်ကြည့်ပြီး မျက်ရည်တွေဝဲလာတယ်၊ ပြီးတော့ အသံတွေလည်း တုန်နေတယ်၊ မမခိုင်ရယ် ကျွန်တော် မမခိုင်ကိုချစ်လို့ပါလို့ပြောပြီး အခန်းထဲက ထွက်သွားတယ်၊ နောက်နေ့ကျတော့ မောင်ဇော် သင်္ဘောတက်ဖို့ ရန်ကုန်ထွက်သွားပြီဆိုတာ မေမေရီပြောပြမှ သိရတယ်"

"ဟဲ့- နင့်နဲ့ မောင်ဇော်တို့က ဆွေမျိုးမောင်နှမတွေ မဟုတ်လား"

"မိန္ဒယ်ရယ်၊ နင်က ငါနဲ့သူငယ်ချင်းပေမယ့် ငါတို့အကြောင်း နင်အကုန်လုံး မသိသေးပါဘူး၊ မောင်ဇော်နဲ့ ငါက ဘာမှမတော်ဘူးဟဲ့"

"ဟောတော့"

"ဒီလိုမိန္ဒယ်ရဲ့၊ အခုမောင်ဇော်တို့နေတဲ့ အိမ်ဟာ မောင်ဇော့်အဘွားအိမ်၊ မောင်ဇော့်အမေ မေမေရီရဲ့ အမေ့အိမ်၊ မောင်ဇော်တို့က မိတ္ထီလာမှာ



www.burmeseclassic.com

www.burmeseclassic.com

နေတာ၊ မောင်ဖော့်အဖေက မိတ္ထီလာသား၊ မောင်ဖော့်မှာ ညီလေးနှစ်ယောက် ညီမလေးနှစ်ယောက်ရှိတယ်၊ မောင်ဖော့်အမေ မေမေရီကတော့ ငါတို့မြို့သူ ငါ့မိဘတွေနဲ့ ငယ်ငယ်ကတည်းက သိခဲ့ရင်းနှီးခဲ့ကြတာ၊ မေမေရီက မိတ္ထီလာသားနဲ့ အိမ်ထောင်ကျပြီး မိတ္ထီလာမှာနေတယ်၊ မောင်ဖော် လေးတန်းအောင်ပြီး ငါးတန်းကျောင်းသားအဝမှာ သူ့အဖေက နိုင်ငံရေးမှုနဲ့ ထောင်ကျတော့ မေမေရီက စီးပွားပျက် ဘဝပျက်ပြီး ဒီကို ကလေးတွေနဲ့ပြောင်းလာကြတာ၊ ငါတို့တိုက်နဲ့ မျက်နှာချင်းဆိုင် အခုနေတဲ့ မေမေရီရဲ့ အမေ့အိမ် ရောက်လာကြတာ၊ အဲဒီတုန်းက ငါတို့က ၈ တန်းရောက်နေပြီ"

"အေး ငါမှတ်မိပြီ၊ မောင်ဖော့်ကို နင်တို့အိမ်က ကျောင်းထားပေး ကျွေးမွေးထောက်ပံ့နေတာ နင်ကျောင်းသွားကျောင်းပြန် မောင်ဖော် အမြဲပါတယ်၊ ငါ့အိမ်ကလည်း ဘာကိစ္စဖြစ်ဖြစ် မောင်ဖော့်ကို ခေါ်ခိုင်းတော့ နင်တို့တိုက်ထဲ မောင်ဖော်က စားအိမ် သောက်အိမ်ဖြစ်နေတာပေါ့၊ နင်တို့ အိမ်ကလည်း ယောကျ်ားသားမှမရှိတာ၊ နင့်မိဘတွေ ခရီးသွားရင်တောင် မောင်ဖော့်ကို နင်နဲ့အတူ အိမ်စောင့်ခေါ်ထားခဲ့တယ်လေ"

"ဟုတ်တယ်၊ ငါကလည်း မောင်ဖော့်ကို ခိုင်းစရာရှိတာခိုင်း ကျွေးစရာရှိတာကျွေး၊ ညတိုင်းလည်း စာပြပေးရတာ၊ သူ ဆယ်တန်းရောက်တဲ့အထိပါပဲအေ၊ မောင်ဖော်က သွက်လက်တယ်၊ ရိုးတယ်၊ အေးတယ်၊ ငါ့ကိုလည်း တော်တော်ခင်တယ်၊ ငါတို့ မောင်နှမတွေလို နေလာတာဆိုတော့ တစ်အိမ်လုံး မောင်ဖော်က သူ့အိမ်သူ့ရာလို နေတာ၊ ငါ့အခန်းထဲလည်း သူဝင်ချင်သလိုဝင် ထွက်ချင်သလိုထွက်၊ တစ်ခါတလေ ငါ့ခုတင်ပေါ်လာပြီး အိပ်ချင်အိပ်နေတာ"

"အေးဟယ်၊ ငါက နင်တို့ကို မောင်နှမ ဆွေမျိုးလို့ ထင်နေတာ"

"မောင်ဖော်က အားကိုးရတယ်ဟဲ့၊ ငါကျောင်းသွားကျောင်းပြန်လည်း ငါ့စက်ဘီးနောက်က လိုက်တာ၊ ငါဘယ်သွားသွား သူ့ကိုအဖော်ခေါ်သွားတော့ ဘယ်ကောင်မှ ငါ့ကိုလိုက်မနှောင့်ယှက်ရဲဘူး၊ ငါ့အမေကလည်း မောင်ဖော် မပါဘဲ ဘယ်မှမသွားရဘူး။

မောင်ဖော့်အမေ မေမေရီကလည်း ငါ့ကို သူ့သမီးလို သိပ်ချစ်တာပဲ၊ အတွင်းရေး အပြင်ရေး ငါနဲ့ တိုင်ပင်ဖော်တိုင်ပင်ဖက် သူငယ်ချင်းကျနေတာပဲ၊ ငါကလည်း မေမေရီကို ချစ်တယ် သနားတယ်။

ငါတို့ တက္ကသိုလ် တက်နေတဲ့အချိန်တောင် မေမေရီက သူ့သား မောင်ဖော်နဲ့ပတ်သက်လို့ ငါ့ဆီ စာရေးတယ်၊ သူ့သားကိုလည်း မေမေရီက သိပ်ချစ်တာ၊ သားကြီးဖြစ်ရသဆိုတော့ အချစ်ပိုတာပေါ့ဟယ်၊ မောင်ဖော် ၁၀ တန်းနှစ်က ရည်းစားထားမှာစိုးလို့ ခိုင်ရေ သမီးမောင်လေးကို ထိန်းပေး ဆုံးမပေးပါဦး၊ ကျောင်းမှာ သူတို့အတန်းထဲက ခင်စောဝေဆိုတဲ့ ကလေးမကို အစော အစောနဲ့ တော်တော်လေးတွဲနေတယ်၊ ကြည့်ပြောပါဦးလို့ စာရေးတယ်။

မောင်ဖော်လည်း အရွယ်လေးရောက်လာတော့ လူငယ်သဘာဝ ချစ်သူ ခင်သူရှိလာမှာပေါ့ဟယ်၊ မေမေရီက ငါ့ကို အသိပေးပေမယ့် ငါက ဒီကိစ္စနဲ့ပတ်သက်ပြီး ဘာမှဝင်မပြောဘူး၊ မသိချင်ယောင်ဆောင်နေခဲ့တယ်၊ အခုက

က သူတို့ မိသားစုဘဝ ရပ်တည်ရေး
မောင်ဖော့်ဘဝရှေ့ရေးအတွက် ငါ ထွေ
ခဲ့တယ်၊ ဒီမိသားစုကြီးကို ရေရှည်
ဘယ်သူမှ တာဝန်ယူထောက်ပံ့နိုင်မှာ
မဟုတ်ဘူး၊ မောင်ဖော့် အဖေလည်း
ဘယ်တော့မှ အထိန်းသိမ်းခံဘဝ
လွတ်မယ်ဆိုတာ မသိနိုင်ဘူး၊ ဒါကြော
ရန်ကုန်က ငါတို့ ဆွေမျိုးသားချင်းထဲ
သင်္ဘောအရာရှိဖြစ်နေတဲ့ ဦးလေး
တိုင်ပင်ပြီး မောင်ဖော့်ကို သင်္ဘောသား
ဖြစ်အောင် စီစဉ်ပေးခဲ့တာပေါ့။

မောင်ဖော်လည်း ရန်ကုန်သွား
ပြီး သင်တန်းတွေတက်တယ်၊ စီဒီ
ပတ်စ်ပို့ရပြီး သင်္ဘောတက်ဖို့ အဆ
သင့်ဖြစ်နေပေမယ့် ဘာနဲ့ ဘာကြော
မသိပါဘူး၊ သင်္ဘောမတက်နိုင်ဖြစ်
တာကြာပြီ၊ ရန်ကုန် သွားလိုက်ရ
လည်း အခေါက်ခေါက်အခါခါပါပဲ
အခုသင်္ဘောတက်ရမယ်ဆိုပြီးထွက်
တာ၊ တကယ်တမ်းတော့ ငါ့အ
သင်္ဘောတတ်တယ်တက်ရဖို့မဟုတ်လော
ဘူး၊ ငါ အော်ငေါက်လွှတ်လိုက်လို့
ကောက်ပြီး ထွက်သွားတာဖြစ်မယ်"

"အင်း မောင်ဖော့်အကြော
ပြောရင်း ငါ အကြံတစ်ခုပေါ်လာ
နင့်ကို ရုတ်တရက်ကြီး အိမ်ထော
ထားမယ့်ကိစ္စက နင်လွတ်ချင်ရင်
လမ်းတစ်ခုတော့ ဖန်တီးရမယ်၊
နင်လည်း ရုပ်ရှင်မင်းသမီးလို
ဆောင်ကောင်းဖို့ လိုတယ်"

"အေး ပြောစမ်းပါဦး
ဆရာမကြီးရဲ့၊ ငါက ဘယ်လို
ဆောင်ရမှာလဲ"

"အခုအချိန်ကစပြီး နင်တို့
အိမ်လုံး မိသားစုတွေအားလုံး
အောင် သရုပ်ဆောင်ရမယ်၊
နေရမလဲဆိုတော့ မနက် မနက်



www.burmeseclassic.com

www.burmeseclassic.com

တိုင်း လူတွေသိအောင် ပျို့အန်ပြရမယ်၊ ဆံပင်တွေလည်း မဖြီးမလိမ်း ကပိုရှိ အအိုတစ်ယောက်လို နေပြရမယ်၊ ခြောခဏ ပျို့အန်ပေါ့ပါယ်၊ ပြီးတော့ အိပ်ရာထဲ တခွေခွေလေး နေပြရမယ်၊ အကျီဝတ်တာ ထမီဝတ်တာကအစ ခပ်ရွှရွလေး လျော့လျော့ရဲရဲဝတ်ရမယ်"

"အဲဒီလို သရုပ်ဆောင်တာ တော့ဟုတ်ပါပြီ၊ ရည်ရွယ်ချက်က ဘယ်လိုလဲ ပြောစမ်းပါဦး"

"မိခိုင်ရယ် နှင်ကလည်း နားဝေးလိုက်တာ၊ နင့်မှာ ကိုယ်ဝန်ရှိနေတဲ့ပုံ၊ ဗိုက်ကြီးနေတဲ့ပုံ သရုပ်ဆောင်ရမယ်၊ ဟန်ဆောင်ရမယ်၊ ဘယ်သူနဲ့ဘယ်လိုဖြစ်တာလဲဆိုတာ မေးလာလိမ့်မယ်၊ အဲဒီအခါမှာ မောင်ဇော်နဲ့ဖြစ်ရတဲ့ကိစ္စ ပါလို့ ဖွင့်ပြောရမယ်"

"ကြံကြီးစည်ရာ မိနွယ်ရယ်၊ ဖြစ်ပါ့မလားဟယ်၊ ငါပြောတာကို ယုံကြပါ့မလား၊ မောင်ဇော်ကလည်း မရှိဘူး"

"အေးလေ၊ မောင်ဇော်မရှိတဲ့ အချိန်မို့ ဒီလိုပြောရတာပဲ၊ မှယုံစရာ ကောင်းမရှိဘူး၊ မောင်ဇော်နဲ့က နင်တို့ နှစ်နှစ်ကပ်ကပ် တပူးတွဲတွဲ အထဲဝင် အပြင်ထွက်နေခဲ့တာပဲ မဟုတ်လား၊ မောင်ဇော်က ငယ်သေးတော့ ဇွတ် အရွတ် ကြံစည်လိုက်လို့ဖြစ်ခဲ့ရတာပါလို့ ပြောရမယ်။

ပြီးတော့ ဒီမြို့မှာ မျက်နှာမပြရဲ တော့ပါဘူး၊ အရှက်တကွဲ အကျိုးနည်း ဖြစ်ရတော့မယ်၊ ဒါကြောင့် အဝေးကို ထွက်သွားရပါတယ်ဆိုပြီး အိမ်က လူ တွေ မသိအောင် နင်တစ်နေရာရာကို ထွက်သွားရမယ်"

"ဟယ်-မလွယ်လိုက်တာ မိနွယ် ရယ် မောင်ဇော်သိသွားရင် ငါ့ကိုသတ် သေချာတယ်၊ တခြားလူနဲ့ရတဲ့ ကိုယ်ဝန် သူ့ကိုတရားခံလုပ်တယ်ဆိုပြီး ငါ့ကိုသတ်မှာ"

"မသတ်ပါဘူး မိခိုင်ရယ်၊ အခု မောင်ဇော်ကလည်း ဘယ်ရောက်နေမှန်း မသိပါဘူး၊ ဒီမြို့လည်း တော်တော်နဲ့ ပြန်လာမှာမဟုတ်ဘူး၊ နင့်မှာ မောင်ဇော်နဲ့ တိတ်တဆိတ်ကိုယ်ဝန်ရထားတယ်ဆိုတာသိသွားရင် နင့်ကိုလာပြီးစေ့စပ်တဲ့ လူကလည်း ယူမှာမဟုတ်တော့ဘူး၊ နင့်မိဘတွေကလည်း ဟိုလူနဲ့ ပေးစားရဲမှာ မဟုတ်တော့ဘူး၊ တကယ့်ထွက်ပေါက်က ဒါပဲရှိတယ်၊ လွတ်ရာလွတ်လမ်းက ဒီတစ်နည်းပဲရှိတယ်"

"မောင်ဇော်က သူ့အမေ့ဆီ စာရေးထားတာက သူ တကယ်သင်္ဘောတက်ဖို့က အဆင်မပြေဖြစ်နေတယ်တဲ့၊ သူ့မှာ ပတ်စ်ပို့နဲ့ စီဒီစီ အဆင်သင့်ရှိထားလို့ စင်ကာပူက ဆောက်လုပ်ရေးကုမ္ပဏီကခေါ်တဲ့အလုပ်ရလို့ စင်ကာပူကို ထွက်သွားပါပြီတဲ့၊ မြန်မာပြည်က အထွက်မှာ သင်္ဘောကုမ္ပဏီကခေါ်လို့ ထွက်တဲ့ပုံစံနဲ့ တဲလက်ဝင်လာလို့ ကိုရီးယားနိုင်ငံ ဖူဆန်ဆိပ်ကမ်း ဘယ်နေ့ အရောက်သွားရမယ်ဆိုတဲ့ ပုံစံမျိုးနဲ့ သင်္ဘောသားထွက်တဲ့ပုံစံမျိုး ထွက်သွားရပါတယ်တဲ့၊ စင်ကာပူအဝင်ကတော့ ဝပ်ခ်ပါမစ်နဲ့ ခန့်မယ့် ကုမ္ပဏီကလာကြိုပါတယ်တဲ့၊ မောင်ဇော် အခုစင်ကာပူ ရောက်နေပြီ၊ ငါက ကိုယ်ဝန်ရှိလို့ ဒီမြို့မှာ ဆက်မနေနိုင်ဘူးဆိုပြီး ဘယ်ထွက် သွားရမှာလဲ"

"မောင်ဇော် ဒီနိုင်ငံမှာ မရှိတာ ပိုကောင်းတာပေါ့အေ၊ မိခိုင် နင်သွားရမှာက ရန်ကုန်က မိသီဆီသွားပေါ့ဟယ်၊ မိသီနဲ့က တို့တစ်တွေ ဆဲမနာ ဆိုမနာ သူငယ်ချင်းတွေပဲ၊ ပြီးတော့ မိသီအိမ်မှာက သူ့အဒေါ်နဲ့ နှစ်ယောက်တည်း နေတာ၊ မိသီကို အကျိုးအကြောင်း အခက်အခဲ ပြောပြရင် မိသီက နင့်ကို ဝမ်းသာအားရ လက်ခံမှာပါအေ၊ ငါလည်း နှစ်လ သုံးလရှိရင် အလုပ်လုပ်ဖို့ မိသီဆီ လာနေမယ်ဆိုတာပြောထားပြီးသားပါ၊ တို့သုံးယောက် ရန်ကုန်မှာ အတူတူနေကြတာပေါ့၊ ဟိုရောက်မှ ဖြစ်လာမယ့် အခြေအနေတွေကြည့်ပြီး မီးစင်ကြည့် ကကြတာပေါ့"

"ဒါဖြင့် မောင်ဇော့်အမေ မေမေရီကို ငါ အကြောင်းစုံ ပြောပြလိုက်ရမလား"

"ဟာမပြောနဲ့ မပြောနဲ့၊ အမှန်အတိုင်းဘယ်ပြောလို့ဖြစ်ပါ့မလဲ၊ သူ့သားလူပျိုလေးကို တရားခံလုပ်၊ ခုတုံးလုပ်တာ မေမေရီက ဘယ်လက်ခံနိုင်မှာလဲ၊ နောင်မှ အေးအေးဆေးဆေးအားလုံး ငြိမ်သက်ပြေလည်တော့မှ မေမေရီကို တောင်းပန်ရဦးမယ်ဆိုပြီး ပြောပြပေါ့အေ၊ မောင်ဇော်နဲ့နင်နဲ့လည်း အဆက်အသွယ်ရှိတာမဟုတ်ဘူး၊ မောင်ဇော့်ကိုလည်း ဘာမှပြောမနေနဲ့၊ ဒါပေမယ့် မောင်ဇော့်အမေ မေမေရီက မောင်ဇော့်ဆီတော့ လှမ်းပြောမှာ သေချာတယ်၊ ခိုင်တစ်ယောက် သားနဲ့ရတဲ့ ကိုယ်ဝန်ကြောင့် ဒုက္ခတွေ့နေပြီ အိမ်က ထွက်သွားပြီဆိုတာ သားဖြစ်သူဆီ ပြောမှာ သေချာတယ်"

"အဲဒါတွေ နောက်မှစဉ်းစား အခုအရင်ဆုံးလုပ်ရမှာက ဗိုက်ကြီးသည်ပုံစံ ပေါက်အောင်နေ၊ ပြီးရင် လေးငါးရက်အတွင်း အိမ်က ထွက်သွားဖို့စီစဉ်၊ ငါမနက် ကျောက်ပန်းတောင်းကိုသွားစရာရှိတယ်၊ ကျောက်ပန်းတောင်းကနေ ရန်ကုန်မိသီဆီ အကျိုးအကြောင်း ဖုန်းနဲ့ အားလုံးပြောပြလိုက်မယ်၊ နင်က သာ အဆင်သင့်ပြင်ထား"



www.burmeseclassic.com

www.burmeseclassic.com

"အေးပါဟယ်၊ ငါလည်း အာ လုပ်လို့ လုပ်ရမှန်းမသိ ခြေမကိုင်မိ လက်မကိုင်မိဖြစ်နေတယ် နင်ပြောသလို ပဲ လုပ်ပါ့မယ်၊ ငါ့အိမ်က ပစ္စည်းတွေ နည်းနည်းချင်း နင့်ဆီပို့ထားမယ်၊ ငါအခု အိမ်ပြန်တော့မယ် နင်လည်း စဏလိုက် ခဲ့ပေါ့ဟာ၊ အိမ်က အခြေအနေလည်း အကဲခတ်ကြည့်ပေါ့"

●

စင်ကာပူနိုင်ငံ တိုပဲရိုး မြန်မာ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်း၊ တနင်္ဂနွေနေ့ဖြစ်လို့ ပိုပြီးလူစည်ကား နေသည်။ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း တိုပဲရိုးဘုန်းကြီးကျောင်းတွင် အလှူ အတန်း အမြဲရှိသည်။ စင်ကာပူရောက် မြန်မာတွေ ဘုန်းကြီးကျောင်းကို အား လပ်ရက်မှာ လာလေ့ရှိကြသည်။

ရောက်ခါစ လူသစ်တွေလည်း ဘုန်းကြီးကျောင်းလာကြ ဘုရားဖူးကြ သံဃာတော်တွေထံက အန္တရာယ်ကင်း လက်ဖွဲ့လေးတွေတောင်းကြ၊ သံဃာ တော်တွေကို ဖူးမြော်ကန်တော့ကြတယ်၊ အနေကြာနေတဲ့ လူဟောင်းတွေထံက မွေးနေ့ အလှူ၊ မင်္ဂလာဆွမ်းကျွေး အလှူ စသဖြင့် တနင်္ဂနွေတိုင်း မြန်မာ အစားအစာနဲ့ ဆွမ်းကပ်လှူဒါန်း ကျွေး မွေးလေ့ရှိတယ်၊ လူသစ်လူဟောင်းတို့ ဆုံစည်းရာ ချိန်းဆိုကြရာနေရာလည်း ဖြစ်လို့ တိုပဲရိုး မြန်မာဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းမှာ စည်ကားသည်။

မောင်ဇော် စင်ကာပူရောက်က တည်းက တိုပဲရိုး ဘုန်းကြီးကျောင်း ရောက်တာ သုံးကြိမ်ရှိပြီ။ သူနဲ့သိကျွမ်းသူ ရင်းနှီးသူ မျက်မှန်းတန်းမိသူဆို၍ တစ်ဦး တလေမျှ မတွေ့ရ၊ အားလုံး မျက်နှာ စိမ်းတွေချည်းမို့ ဘုန်းကြီးကျောင်းတွင် ယောင်ချာချာ တစ်ယောက်တည်း ငေးငိုင်နေရသည်။ ကြာတော့လည်း ပျင်းလာသည်။ ဘုရားရှိခိုးပြီးပြီ၊ ပုတီး လည်း စိပ်ပြီးပြီ၊ ရသမျှ ဂါထာတော်တွေ ပရိတ်တရားတော်တွေလည်း အာရုံပြု ရွတ်ဖတ်ပူဇော်ပြီးပြီ၊ အလှူရှင်ကို သိသိ မသိသိ ဘုန်းကြီးကျောင်းက အလှူမှာ လည်းဝင်စားပြီးပြီ၊ မြန်မာအစားအစာ အလွမ်းပြေ ဇတ်ငတ်နဲ့တဝကြီးစားပြီးပြီ။

တွေးမိသည်၊ ဘုန်းကြီးကျောင်း ရောက်မှတော့ အလကားအချိန်မဖြုန်း ချင်၊ ဝမ်းက ဝပြီးပြီ၊ ကုသိုလ်ရအောင် ဘုန်းကြီးကျောင်းနောက်ဘက် ပန်းကန် ဆေး၊ တံမြက်လှည်း ဝင်ကူလုပ်သည်။ သူလိုပဲ လုပ်အားပေး ကုသိုလ်ယူကြ သူတွေ ရှိသည်။

ဘုန်းကြီးကျောင်း မြေညီထပ် တွင်လုပ်စရာမရှိတော့အပေါ်ထပ်တက် ပြီး ကြမ်းတိုက်နေသည်။ ဒူးထောက်၍ ခါးကုန်းကာ အားပါးတရ ကြမ်းတိုက်နေ စဉ် ကြမ်းတိုက်နေတဲ့ အဝတ်နဲ့ လက် နှစ်ဖက်အနီး မိန်းမပျိုလေးတစ်ဦးက ခြေအစုံ လာရပ်နေသည်။

ဒါကြောင့် ခြေဖမိုး ခြေသလုံး၊ ခါး၊ ရင်၊ လည်တိုင် စသဖြင့် တဖြည်း ဖြည်းချင်း မော့ကြည့်လာခဲ့ရာ သူ့ကို ငုံ့ကြည့်နေတဲ့ မိန်းမပျို့ရဲ့ မျက်နှာကို မြင်လိုက်ရတဲ့အခါ ကမ္ဘာမြေတစ်ခုလုံး သွက်သွက်ခါ လှုပ်ယမ်းသွားလောက် အောင် တအံ့တသြ တုန်လှုပ်သွားမိ တယ်။ မောင်ဇော်မော့ကြည့်နေရင်းက နှုတ်ခမ်းတဆတ်ဆတ်လှုပ်ပြီး တုန်ရီတဲ့ အသံနဲ့ တအံ့တသြ ခေါ်လိုက်မိတယ်။

"အစော"

မောင်ဇော့်ကို ငုံ့ကြည့်နေတဲ့ ခင်စောဝေကတော့ မပြုံးမရယ် အံ့သြ ခြင်းလည်းမရှိ၊ ပကတိ တည်ငြိမ်တဲ့ မျက်နှာနဲ့ မောင်ဇော့်ကို စိုက်ကြည့်နေ တယ်။ မောင်ဇော့် ဝမ်းသာအံ့သြစွာ မတ်တတ်ရပ်လိုက်ပြီး -

"အစော ဘယ်တုန်းက စင်ကာပူ ရောက်နေတာလဲဟင်"

မောင်ဇော့်အမေးကို အလေး မထား ဂရုမစိုက်တဲ့သဘော မျက်နှာကို လွှဲထားပြီး -

"ကျောင်းပြီးကတည်းက ရောက် နေတာပါ၊ နင်က ဘုန်းကြီးကျောင်းမှာ ကပ္ပိယ လာလုပ်နေတာလား"

ခင်စောဝေက မေးရင်း မဲ့ပြုံးပြုံး နေပါတယ်။ မောင်ဇော် ခင်စောဝေ မျက်နှာချင်းဆိုင်ရပ်လိုက်ပြီး -

"မဟုတ်ပါဘူး အစော ရယ် ငါဘိလပ်တင်းမ်ဆောက်လုပ်ရေးကုမ္ပ မှာ လုပ်နေတာပါ၊ စင်ကာပူရောက်တာ သိပ်မကြာသေးပါဘူး၊ နင်ဘယ်လိုဖြ နေတာလဲ၊ ဘွဲ့ရပြီး စင်ကာပူမှာ အလု လုပ်နေလို့ မာနတွေ ကြီးသွားတာလား"

"ဒါကတော့ နင်ထင်ချင်သလ ထင်နိုင်ပါတယ်၊ နင့်ကို ငါ ဒီမှာတွေ့ လိမ့်မယ်လို့ လုံးဝထင်မထားဘူး၊ တွေ့ လည်း မတွေ့ချင်ဘူး"

"အစောရယ် ပြောတဲ့စကာ တွေက စိမ်းလှချည်လား၊ တို့တစ်တွေ ငယ်သူငယ်ချင်းတွေပါကွာ၊ မတွေ့ မဆုံကြရတာတော့ ကြာပြီပေါ့၊ ဒါပေ ငါ အစောကို တစ်နေ့မှ မမေ့ပါဘူ အမြဲသတိရနေပါတယ်၊ ငါတို့ ဆယ် တန်းအောင်တဲ့နှစ်ကတည်းက ကွဲကွ သွားခဲ့ကြတာပါ၊ ငါက ကျောင်းဆ မတက်နိုင်ပါဘူး၊ သနပ်ဖက် လက်ဖ ခြောက်ပွဲရုံမှာ အလုပ်ဝင်လုပ်ရ သင်္ဘောတက်ဖို့ ကြိုးစားနေခဲ့တာ သင်္ဘောတက်ရဖို့ခက်လွန်းလို့ မတော နိုင်တာနဲ့ စင်ကာပူက ရှာအလုပ် လုပ်ဖြစ်တာပါ။



www.burmeseclassic.com

www.burmeseclassic.com

အစော ရန်ကုန်က ဆွေမျိုးတွေဆီမှာနေရင်း တက္ကသိုလ် တက်နေတာသိတယ်၊ စာတိုက်ကနေ စာနှစ်စောင်ထည့်ခဲ့တယ်၊ အစောနဲ့တွေ့မယ့် လူကြုံမေမြှုနဲ့လည်း စာတစ်စောင်ပေးလိုက်ပါသေးတယ်၊ ဘာမှ အဆက်အသွယ်ပြန်မလုပ်လို့ ငါလည်း လက်လျှော့ခဲ့တယ်၊ အစောက မေ့နိုင်ပြီပေါ့လေ"

"စာသုံးစောင်လုံး ရပါတယ်၊ စာပြန်ရေးဖို့ မလိုအပ်ဘူးထင်လို့ပါ၊ မေ့နိုင်လို့ မေ့နေတာ မဟုတ်ဘူး၊ မေ့ဖြစ်အောင် မေ့နေတာပါ၊ မောင်ဇော် နင်တာ ယောက်ျားမပီသဘူး၊ မိကောင်းဖခင်သားသမီးမဟုတ်ဘူး၊ ငါကကောင်းပါတယ်၊ နင့်အပေါ် သံယောဇဉ်မတွယ်မိတာ ကံကောင်းတယ်၊ နင်ဟာ ငါထင်ထားတဲ့အတိုင်းပဲ သစ္စာမရှိဘူး၊ ယုတ်မာတယ်၊ တစ်ကိုယ်ကောင်းဆန်တယ်"

"အစောရယ် ဘာတွေလာပြီးပြောနေတာလဲ၊ နင်ဘာတွေ မကျေနပ်ဖြစ်နေတာလဲ၊ ငါ့ကို ရန်တွေ့ရအောင် နင်နဲ့ငါ ရန်သူတွေမဟုတ်ပါဘူးတယ်၊ နင် ရန်တွေ့တဲ့စကားတွေပြောနေတာ ငါ ဘာမှနားမလည်ဘူး"

"မောင်ဇော် နင်တော်တော်ဟန်ဆောင်ကောင်းတာပဲနော်၊ ရုပ်ရှင်မင်းသားလုပ်ဖို့ကောင်းတယ်၊ အကယ်ဒမီတောင် ရနိုင်တယ်၊ ခုချိန်မှာတော့ ထူးတော့ပါဘူး၊ ငါ့ရင်ထဲပြောချင်တာတွေ ပြောဖြစ်အောင်ပြောလိုက်မယ်၊ နင်တာပြောရရင် ငါတို့ကျောင်းမှာတုန်းက နင် ငါ့အပေါ် သံယောဇဉ်ရှိနေတယ် အစ်နေနေ နင်ငါ့ကိုဖွင့်ပြောလိမ့်မယ်လို့ ထင်ထားခဲ့တယ်၊ ငါထင်သလို ငါတို့ကျောင်းထဲက လူတွေအားလုံးကလည်း ဒီလိုပဲထင်ထားကြတယ်၊ ဒါကြောင့်လည်း နင်နဲ့ငါ့ကို စကြနောက်ကြတယ်၊ ငါစိတ်မဆိုးခဲ့ဘူး၊ တကယ်တမ်း ဝန်ခံရရင် ငါ နင့်အပေါ် သံယောဇဉ်မကင်းခဲ့ပါဘူး၊ အထူးသဖြင့် မပြည့်စုံတဲ့ နင့်ဘဝကို ငါ သနားကရုဏာသက်ခဲ့တယ်၊ ဒါပေမဲ့. . ."

"ဒါပေမဲ့ ဘာဖြစ်လဲ အစော ပြောပါ၊ နင်ပြောတာတွေ မဟုတ်ဘူးလို့ ငါ မငြင်းနိုင်ပါဘူး"

"ဘာဖြစ်ရမလဲ မမခိုင်နဲ့ပတ်သက်လို့ ငါ့စိတ်ထဲ သံသယဝင်ခဲ့တယ်၊ မမခိုင်နဲ့ နင်နဲ့က အနေနီးစပ်ကြတယ်၊ နင့်ကို မမခိုင်ကကျောင်းထားပေးတယ်၊ စာပြပေးတယ်၊ အတူသွား အတူလာနေကြတာလည်း ကြာပြီ၊ မမခိုင်ကလည်း နင့်ကို တော်တော်အလိုလိုက်တယ်၊ မမခိုင်တို့အိမ်မှာ နင်စားအိမ်သောက်အိမ်ဖြစ်ခဲ့တယ်၊ ညအိပ်ညနေ နေတယ်၊ ဆယ်တန်းအောင်ပြီး ကျောင်းဆက်မတက်ဘဲ မမခိုင်တို့ သနပ်ဖက်ပွဲရုံမှာ အလုပ်လုပ်နေတယ်၊ မမခိုင်က နင့်ကို သဘောသားဖြစ်အောင်ကြိုးစားပေးနေတယ်၊ ဒါတွေအားလုံး ငါသိတယ်"

"ဟုတ်ပါတယ် အစောပြောတာတွေ အားလုံးအမှန်တွေပါ"

"ဒီအတွက် ငါနင့်အပေါ် နားလည်သဘောပေါက်တယ် ခွင့်လွှတ်လို့ရပါတယ်၊ နင့်အပေါ်ထားတဲ့ သံယောဇဉ်တွေ သနားကရုဏာတွေနဲ့အတူ နင့်ကို လေးစားခင်တွယ်ခဲ့ပါတယ်၊ ငါမကြာသေးခင်က မြန်မာပြည်ကိုခွင့်နဲ့ပြန်တယ်၊ ရန်ကုန်မှာ ခဏပဲနေပြီး ငါတို့မြို့ကို အလည်သွားခဲ့တယ်၊ မှန်တာပြောရရင် သူငယ်ချင်းတွေနဲ့ တွေ့ချင်တယ် အထူးသဖြင့် နင့်ကိုတွေ့ချင်တယ်၊ နင့်အတွက် စင်ကာပူမှာ အလုပ်ရဖို့ ငါ့မှာ အစီအစဉ်ရှိတယ်၊ ဒါပေမယ့် မြို့ကိုပြန်ရောက်တော့ နင်မရှိတော့ဘူး၊ သဘောတက်သွားပြီလို့ပြောကြတယ်၊ မမခိုင်လည်း မြို့မှာမရှိတော့ဘူး"

"ဟင် မမခိုင်မရှိတော့ဘူး ဟုတ်လား၊ မမခိုင် ဘယ်ထွက်သွားတာလဲ"

"မမခိုင် ဘယ်ထွက်သွားတယ် ဘယ်ရောက်နေတယ်ဆိုတာ ဘယ်သူမှ မသိကြဘူး၊ မမခိုင်အိမ်က မိဘတွေတောင် မမခိုင်ဘယ်ထွက်သွားတယ်ဆိုတာ မသိကြဘူး"

"ဟာ- မမခိုင် ဘာလို့ထွက်ပြေးသွားရတာလဲ"

မောင်ဇော် တအံ့တဩ ဖြစ်လွန်းလို့ မေးလိုက်မိတယ်။

"ဘာလို့ ထွက်ပြေးသွားရတယ်ဆိုတာ နင်မသိချင်ယောင်ဆောင်မနေနဲ့မောင်ဇော်၊ နင်ယုတ်မာလို့ သားရေပေါ်အိပ် သားရေနားစား ကျေးဇူးကန်းတဲ့ နင့်ကြောင့်ပေါ့၊ မမခိုင်မှာ မပေါ့မပါး နင်နဲ့ရတဲ့ ကိုယ်ဝန်ကရှိနေပြီ၊ ဖုံးဖိမရ အရှက်တကွဲ အကျိုးနည်းဖြစ်ရတော့မယ်၊ နင်ကလည်း သဘောတက်ရတယ်ဆိုပြီး ရှောင်ပြေးတယ်။ အဲဒါကောင်းသလား၊ နင် လူမဆန်လို့ မိုက်ရိုင်းလို့ပေါ့ဟဲ့"

ခင်စောဝေ ခေါ် အစော ပြောစကားကြောင့် မောင်ဇော်မှာ မိုးကြိုးပစ်ခံလိုက်ရသလို ခံစားရပြီး မျက်လုံးများ ပြူးဝေသွားတယ်၊ အထိတ်တလန့် တအံ့တဩဖြစ်ရတယ်။

"ဟာ- မဟုတ်သေးဘူး မဟုတ်သေးဘူး၊ ဒီကိစ္စလုံးဝမဟုတ်ဘူး အစော၊ ဒါတွေ ငါ ဘာမှမသိဘူး"

"ဘယ်သိမလဲ မသိအောင် ရှောင်နေတာလေ၊ နင်တကယ်သဘောတက်ပြီး ရှောင်ထွက်သွားတယ်လို့ ငါထင်ခဲ့တယ်၊ အခုလို စင်ကာပူမှာ လာတွေ့ရမယ်လို့ လုံးဝမထင်ခဲ့ဘူး။


www.burmeseclassic.com

www.burmeseclassic.com

နင်က ပြောဖျောက်လိုက်တာပေါ့လေ၊ ကမ္ဘာကြီးဟာ ကျဉ်းကျဉ်းလေးပါ မောင်ဇော်ရယ်၊ နင်နဲ့ မမခိုင် အနေနီးစပ်လို့ ဖြစ်ကြရတာကို ငါ အပြစ်မပြောလိုပါဘူး၊ ဒါပေမဲ့ မိန်းမသား တစ်ယောက်မှာ ကိုယ်ဝန်ရှိလာတာကို ပြင်းပယ်ရှောင်မပြေးသင့်ဘူး"

"ဟာ- အစောရယ်၊ ငါဟာ နင် စွပ်စွဲသလောက် မမိုက်ရိုင်း မရက်စက်ပါဘူး၊ နင်ပြောနေတာတွေကလည်း တစ်ခုမှမဟုတ်ဘူး၊ နင် ဘယ်က ဘယ်သူ့ဆီက ကြားလာတာတွေလဲ၊ မဟုတ်ရပါဘူးဟာ"

"ငါဟာ ဘွဲ့ရပညာတတ်တစ်ယောက်ပါ ကလေးလည်းမဟုတ်တော့ပါဘူး၊ ငါက လွယ်လွယ်ယုံတတ်တဲ့သူ မဟုတ်ဘူး၊ မြို့ပြန်ရောက်တော့ သူငယ်ချင်းတွေဆီက သတင်းတွေကြားရတယ်၊ ငါ အံ့ဩသွားတယ်၊ ငါ့မှာ ဝတ္တရားရှိတယ်လို့ ခံယူထားတယ်၊ ငါအဝေးက ပြန်လာတယ်၊ နင်တို့အိမ် နင့်အမေဆီ ဝင်ပြီး လေးလေးစားစားနှုတ်ဆက်တယ်၊ နင့်အမေ မေမေရီကို လက်ဆောင် ပစ္စည်းပေးရင်း ငါ ကန်တော့ခဲ့တယ်၊ ငါတို့ ကျောင်းတက်တုန်းက နင့်အိမ်ကို ငါ မကြာခဏလာလည်ဖူးတယ်။

နင့်အမေ မေမေရီဟာ ရိုးတယ်၊ အတယ်၊ ဘာသာရေးသမား၊ သနားစရာ သိပ်ကောင်းတယ်၊ ငါ့ကိုတွေ့တော့ မေမေရီ မျက်ရည်တွေကျတယ်၊ ငါ့ရင်ထဲလည်း အောင့်မထားနိုင်လို့ မေမေရီကို ငါမေးခဲ့တယ်၊ မေမေရီမှာ ကလေးတွေနဲ့ ဘဝအကျပ်အတည်း ဒုက္ခတွေ ရောက်နေတဲ့ ကြားက သားကြောင့် အပူမီး တောက်လောင်ရတယ်။

မေမေရီကို မမခိုင် အမေက လာပြောလို့ သိရတဲ့အကြောင်း၊ နင်က လည်း သင်္ဘောတက်ရမယ်ဆိုပြီး ထွက်သွားတဲ့အကြောင်း၊ နောက်တော့ နင့်ဆီက စာရလို့ စင်ကာပူမှာ အလုပ်ရတဲ့အကြောင်း၊ နင့်စာမရောက်ခင်လေးမှာပဲ မမခိုင် အိမ်ကထွက်ပြေးသွားတဲ့အကြောင်း၊ ထွက်သွားရတာကလည်း မမခိုင်မှာ နင်နဲ့ရတဲ့ကိုယ်ဝန်ကြောင့် အရှက်ကွဲမခံနိုင်လို့ ထွက်သွားရတယ်ဆိုတာ မမခိုင်အမေက လာပြောလို့ သိရကြောင်း ငါ့ကိုပြောပြတယ်။

ဒါ့ထက် ခိုင်လုံတာက ငါကိုယ်တိုင် မျက်စိနဲ့ သေသေချာချာ မြင်ခဲ့ရလို့ပဲ၊ ငါ ရန်ကုန်ပြန်ရောက်ပြီး စင်ကာပူ မပြန်ခင် လေးငါးရက်အလိုလောက်မှာ ရွှေတိဂုံဘုရား အရှေ့မုခ် ငါက ဓာတ်လှေကားကအဆင်း မမခိုင်နဲ့ မမနွယ်တို့ ဓာတ်လှေကားနဲ့ အတက် ဖျတ်ခနဲ တွေ့လိုက်တယ်၊ မမခိုင်က ဗိုက်ဖုံးအင်္ကျီဝတ်ထားတယ်၊ ကိုယ်ဝန်က သုံးလ လေးလလောက်ထင်ပါရဲ့ ဖောင်းဖောင်းလေး၊ ဒါနဲ့ ငါဓာတ်လှေကားထဲ ပြန်တက်ပြီး မမခိုင်တို့နောက် လိုက်ရှာတယ်၊ ကံဆိုးချင်တော့ လုံးဝကိုရှာမတွေ့တော့ဘူး၊ ကဲ- အဲဒါ ဘာပြောဦးမလဲ ငါကိုယ်တိုင် မြင်ခဲ့တာ"

"ခက်တာပဲ အစောရယ်၊ ငါလည်း ဘာမှ မပြောတတ်တော့ဘူး၊ ဘာတွေဖြစ်ကုန်မှန်းလည်းမသိတော့ဘူး၊ မဟုတ်ဘူးဆိုတာတစ်ခုပဲ ငါ ပြောနိုင်တယ် အစောရယ်။

ငါနင့်ကို သစ္စာရေသောက်ပြီး ကျမ်းကျိန်ပြီး ပြောရဲပါတယ်၊ ငါနဲ့ မမခိုင် ဘာမှမဖြစ်ခဲ့ဘူး၊ တစ်ခုတော့ ရှိတယ်၊ ငါမြို့က ထွက်မလာခင်တစ်နေ့ ဘုရားပွဲကို သူငယ်ချင်းတွေနဲ့သွားဖို့ မမခိုင်ဆီ မုန့်ဖိုး သွားတောင်းတယ်၊ မမခိုင်က ရေချိုးပြီးလို့ အပေါ်ထပ် သူ့အခန်းထဲမှာ အဝတ်လဲနေတုန်း ငါက မမခိုင်အခန်းထဲ ဝင်သွားတယ်၊ အဲဒါ မမခိုင်က စိတ်ဆိုးပြီး ငါ့ကို သူ့အခန်းထဲက ထွက်သွားခိုင်းတယ်၊ ငါ မုန့်ဖိုး တစ်ပြားမှမရခဲ့တဲ့အပြင် အော်ငေါက် နှင်ထုတ်ခံရတယ်၊ တစ်ခါမှ အဲဒီလို မဖြစ်ဖူးတော့ ငါလည်း ဝမ်းနည်းတာနဲ့ စိတ်ညစ်ညစ်နဲ့ထွက်လာခဲ့တာ၊ နောက်ပိုင်း ဘာတွေဖြစ်လဲတော့ ငါမသိဘူး"

"အေးလေ၊ ဘာပဲဖြစ်ဖြစ် အမှန်တရားဆိုတာ တစ်နေ့တော့ပေါ်မှာပဲ၊ လိမ်လို့ညာလို့ ဖုံးဖိလို့မရပါဘူး၊ တရားကို နတ်စောင့်ပါတယ်၊ ဒါပေမဲ့ နင့်ကိုတော့ သူငယ်ချင်းအဖြစ် ငါ့ရင်ထဲက ဆွဲထုတ်ပစ်လိုက်ပြီ၊ ကဲ-ငါသွားမယ်"

"အစော အစော နေပါဦး၊ ငါ ပြောတာကို ယုံပါဟာ"

မောင်ဇော် ဘာတွေ ပြောပြော ဘယ်လောက်ပဲခေါ်ခေါ် ခင့်စောဝေ (အစော)လုံးဝ လှည့်မကြည့်တော့ဘဲ ထွက်သွားပါတယ်။ မောင်ဇော် တိုပဲမှီ ဘုန်းကြီးကျောင်းရှေ့က လှေကားမှ ခြေပစ်လက်ပစ်ထိုင်ပြီး သက်ပြင်းချ လိုက်တယ်။

မောင်ဇော့် မျက်လုံးအိမ်ထဲမှာ မျက်ရည်တွေဝေ့ဝဲနေတယ်။ မှောင်ရီမို့လို့ နေဝင်မှ မောင်ဇော် အမ်အာရ်တီ မြေအောက်မီးရထားစီးပြီး အိမ်ပြန်လာတယ်။ အင်န်တူး ဆမ်းမားဆက်ဘူတာ ဆင်းပြီး မြို့လယ်ကောင်က အောချတ် လမ်းဘက် စိတ်လေလေနဲ့ လျှောက်နေ မိသေးတယ်။ မီးရောင်စုံနဲ့ စည်ကား လှပနေတဲ့ စင်ကာပူနိုင်ငံ အောချတ် လမ်းမကြီးဟာ သူ့အတွက် သုသာန် တစပြင်လို အရုပ်ဆိုး အကျည်းတန် ပူလောင်ခြောက်သွေ့နေပါတော့တယ်။

●



www.burmeseclassic.com

www.burmeseclassic.com

"မိသီ နင်နဲ့ငါ သူငယ်ချင်းဆို ပေမယ့် နင်ဟာ ငါ့ရဲ့ ကျေးဇူးရှင်ပါဟာ"

"ဟဲ့-မိခိုင်ရယ် ငါက နေရင်းထိုင်ရင်း ဘာလို့ကျေးဇူးရှင်ဖြစ်ရတာတဲ့လဲ"

"နင်က ငါ့ကို နင့်အိမ်မှာ လေးငါးလ အခွင့်အသားလွတ်တင်ပြီး ကျွေးမွေးခဲ့တယ်လေ၊ ငါ့ရဲ့ ဘေးဒုက္ခအခက်အခဲကို လည်း နင်က ကယ်တင်ထားခဲ့တယ်၊ ငါ့အတွက် စားဝတ်နေရေး လိုလေသေးမရှိ နင် ဖြည့်ဆည်းပေးထားခဲ့တယ်၊ နင့်အိမ်မှာနေရတာ လုံခြုံတယ်၊ စိတ်ချမ်းသာတယ်၊ ပြီးတော့ ငါ့အတွက် ဘဝရပ်တည်ရေး အလုပ်အကိုင် စီစဉ်ပေးတယ်၊ အဲဒီအပြင် တိုးတက်ရာ တိုးတက်ကြောင်းအတွက်လည်း နင်က စီစဉ်ထားတယ်၊ ဒီတော့ နင်ဟာ သူငယ်ချင်း ဆိုပေမယ့် ကျေးဇူးရှင် သူငယ်ချင်းပေါ့ဟာ"

ခိုင်ရဲ့ပြောစကားတွေကို သီသီက နားထောင်ရင်း ပြုံးနေတယ်။

"ဟဲ့ - မိခိုင်၊ နင်က မိသီကို ကျေးဇူးရှင်လို့သတ်မှတ်ပြီး ငါ့ကိုတော့ ကျေးဇူးမတင်တော့ဘူးလား"

"မိနွယ်ရယ် နင်လည်း ကျေးဇူးရှင်ပါပဲ၊ ငါ့ဘဝ အခက်အခဲ အကျပ်အတည်းကြားက လွတ်အောင် ကယ်ထုတ်ပေးတာ နင်က ပထမကျေးဇူးရှင်၊ ငါ့ကို လက်ခံကျွေးမွေးစောင့်ရှောက်ထားပြီး အလုပ်ပါရှာပေးတဲ့ မိသီက ဒုတိယ ကျေးဇူးရှင်ပေါ့ဟာ"

ခိုင်ရဲ့ပြောစကားကို သဘောကျလို့ နွယ်ကလည်း ပြုံးနေပါတယ်။ ပြုံးနေရင်းက - "အေး၊ အဲဒီလို ကျေးဇူးရှင်ကို ကျေးဇူးရှင်မှန်း သိတတ်တာ သိမှာပါပေတယ်"

"ငါ တကယ်ပြောတာပ။ မိခိုင်က ငါ့ကို ဖွတ်အတင်း အိမ်ထောင်ချပေးတဲ့ ကိစ္စမှာ မိနွယ် နင်သာ မကယ်ရင် သေဖွယ်သာရှိတော့တယ်ပေါ့ဟာ၊ ပြီးတော့ ငါ အိမ်တွင်းအောင်းနေရတဲ့ ကာလမှာ လိုလေသေးမရှိ မညှိုးမငယ်ရအောင် ငါ့ကို ကျွေးမွေးစောင့်ရှောက်ထားတဲ့ မိသီလည်း ကျေးဇူးကြီးလှပါတယ်ကွာ၊ အခု ငါတို့ကို ဘဝအတွက်ရပ်တည်ရေး အလုပ်အကိုင်ပါ ရှာဖွေပေးတော့ ပိုပြီး ကျေးဇူးကြီးသွားပြန်ရော၊ ငါ လေးငါးလ အိမ်တွင်းအောင်းနေရတုန်းက တော်တော် စိတ်ဆင်းရဲတာကွ၊ ပျင်းတော့ စာတွေ များများဖတ်ဖြစ်တယ်၊ ငါ မနေနိုင်လို့ တစ်ခါက ရွှေတိဂုံဘုရားသွားတာ နင်တို့က ဗိုက်ကြီးသည်လို အတုလုပ်ဗိုက်ဖုံးအကျီ ဝတ်သွားခိုင်းတာ ကသိကအောင့်တော့ အဖြစ်သား"

"ဟဲ့- ရန်ကုန် ရွှေတိဂုံဘုရားလို နေရာသွားတာ တစ်ဦးမဟုတ်တစ်ဦး နင့်ကို မြင်နိုင်တယ်လေ၊ ကိုယ်က မသိမမြင်ပေမယ့် မြင်တဲ့လူဆိုတာရှိနိုင်တယ်၊ ငါတို့ ဖန်တီးထားတဲ့ဇာတ်လမ်းအရက ဒီလိုဝတ်စား ကပြရမယ့် သဘောလေ၊ ယုတ္တိရှိဖို့လိုတယ်၊ အခုသတ်မှတ်ထားတဲ့ အချိန်ကာလကျော်ပြီ၊ နင်လွတ်လွတ်လပ်လပ် ဝတ်နိုင်သွားနိုင်ပြီလေ၊ ငါတို့ ငပလီဟိုတယ်မှာ နှစ်ပတ်လောက်နေခဲ့တာ နင်တော်တော်ပျော်ခဲ့တယ်မဟုတ်လား၊ အခု ချောင်းသာရောက်နေပြီ၊ ပျော်တာလည်းပျော်ပေါ့ လေ့လာစရာတွေလည်း လေ့လာဦးနော်"

"နွယ်နဲ့ ခိုင်ကို ငါပြောဦးမယ်၊ နင်တို့က ငါ့ကို အသားလွတ်ကျေးဇူးတင်နေကြတယ်၊ ငါ့ကလည်း နင်တို့နှစ်ယောက်ကို ကျေးဇူးတင်ရတာတွေ ပြောပြဦးမယ်"

"တဲ့ မိသီ နင်ကပဲ ငါတို့ကို ကျေးဇူးတင်ရသေးသတဲ့လား၊ ငါတို့ကို နင်က လက်ခံကျွေးမွေးထားတဲ့အပြင် အခုနင့်ရဲ့ ဟိုတယ်နဲ့ ခရီးသွားလုပ်ငန်းမှာ အလုပ်တွေ ခန့်ထားပေးတယ်၊ ဟိုတယ်လုပ်ငန်းတွေ သိအောင်ဆိုပြီးတော့ ငပလီဟိုတယ်မှာလည်းနေခဲ့ပြီးပြီ အခုချောင်းသာကိုခေါ်လာတယ်၊ ဒီက အပြန် စင်ကာပူကိုသွားပြီး ဟိုတယ်လုပ်ငန်းနဲ့ တိုရစ်ဇင်အလုပ်တွေလေ့လာဖို့ လွှတ်ဦးမယ်ဆိုတော့ နင့်ကျေးဇူးတွေ မနည်းပါဘူးဟယ်"

"အေး- နင်တို့က ငါ့ကိုကျေးဇူးတင်သလို ငါကလည်း နင်တို့ကို ကျေးဇူးတင်နေရတယ်၊ ငါ့မိဘတွေက ရန်ကုန်မှာ မနေချင်ကြဘူး၊ သူတို့ဇာတိ ရှမ်းပြည်မှာပဲ နေချင်ကြတယ်၊ ငါကျောင်းပြီးလို့ ဘွဲ့ရတဲ့အခါ ငါ့ကို ရန်ကုန်မှာ နေခိုင်းတယ်၊ ငါ့အဒေါ်ကို ငါနဲ့နေဖို့ ထားပေးတယ်။

ငါ့မိဘတွေက ဟိုတယ်နဲ့ခရီးသွားလုပ်ငန်းကြီးလုပ်ဖို့ ကုမ္ပဏီ ဖွင့်ခိုင်းတယ်၊ ဒီလောက်ကြီးမားကျယ်ပြန့်တဲ့ အလုပ်တွေ ငါတစ်ယောက်တည်း ဘယ်လုပ်နိုင်မှာလဲ၊ ငါ့ကိုယ်ပွား ငါ့အတွက် သစ္စာရှိရှိ လုပ်ပေးနိုင်မယ့်လူ လိုတယ်၊ ဒီအတွက် ငါက နင်တို့နှစ်ယောက်ကို သတိရတယ်၊ နင်တို့ကို လှမ်းခေါ်ဖို့ပဲ၊ ငါ့မိဘတွေကပြောတယ်၊ တစ်ချိန်မှာ ဟိုတယ်နဲ့ ခရီးသွားလုပ်ငန်းတွေ တွင်ကျယ်လာမယ်တဲ့၊ ဟိုအရင်က ဟိုတယ်နဲ့ခရီးသွားလုပ်ငန်းကို ပုဂ္ဂလိက လုပ်ခွင့်မှ မရခဲ့တာ၊ အစိုးရကပဲ အားလုံးကို ကိုင်ထားတာလေ။

ရန်ကုန်မှာ ဟိုတယ်ဆိုလို့ လက်ချိုးရေလို့ရတယ်၊ အင်းလျားလိပ်၊ သမ္မတ၊ ကန်တော်ကြီး၊ ကမ်းနားဟိုတယ် ဒီလောက်ပဲရှိတာလေ၊ ဘူတာကြီးက စခန်း[illegible] အိရီရင့်တို့က သိပ်အဆင့်မီ



www.burmeseclassic.com

www.burmeseclassic.com

တာ မဟုတ်ဘူး၊ ကရဝိက် ဆိုတာက ဟိုတယ်မဟုတ်ဘူး ခန်းမလောက်ရှိတာ၊ အခု ဒီဘက်ခေတ်မှာ ဟိုတယ်တွေ အပြိုင်အဆိုင်ပေါ်လာပြီ၊ ခရီးသွား လုပ်ငန်းတွေလည်း တော်တော်လုပ်လာ ကြပြီ၊ ငါ့လုပ်ငန်းမှာ ဝိုင်းကူပြီး လာ လုပ်ပေးကြဖို့ နင်တို့ကို ခေါ်မလို့ပဲ၊ ဒါပေမယ့် မခိုင်ကလည်း မိဘတွေက သနပ်ဖက် လက်ဖက်ခြောက်ပွဲရုံလုပ်ငန်း ရှိတာကြောင့် လက်ခံပါ့မလား၊ မီနွယ် မိဘတွေကလည်း ကုန်သည်ကြီးတွေ ဆိုတော့ သဘောတူပါ့မလား ငါစဉ်းစား ရသေးတယ်။

နောက်တော့ မီနွယ်က ငါနဲ့လာ အလုပ်လုပ်မယ်ပြောရင်း မခိုင် ကိစ္စ ပေါ်လာတော့ နင်တို့ ငါ့ဆီရောက်လာ ကြတယ်၊ အခုပြဿနာတွေလည်း ငြိမ်း အေးစပြုပြီဆိုတော့ လုပ်ငန်းစရတော့ မှာပေါ့ဟာ၊ ရန်ကုန်မှာက ငါ့ဦးလေးက လာပြီး ဟိုတယ်နဲ့ ခရီးသွားလုပ်ငန်းလုပ် ပေးသွားပြီးပြီ ကုမ္ပဏီလည်းဖွင့်ပြီးပြီ ငါကိုယ်တိုင်လည်း မြန်မာပြည်အနှံ့ခရီး သွားကြည့်ပြီးပြီ။

ရန်ကုန်က ဟိုတယ်လည်း ငါပဲ ဦးဆောင်နေရတာ၊ ငါမနှစ်က စင်ကာပူ သွားပြီး ဟိုတယ်နဲ့ တိုရစ်ဇင်လုပ်ငန်း တွေ သွားလေ့လာပြီးပြီ နင်တို့နှစ် ယောက် စိတ်ပြေလက်ပျောက်လည်း ဖြစ်အောင် ဟိုတယ်လုပ်ငန်းလည်း လေ့ လာဖြစ်အောင် ငါက ပေလီဟိုတယ်ကို ပို့ပေးတာ၊ အခုချောင်းသာမှာ အနားယူ ရင်း လေ့လာရေးတွေ လုပ်ကြရမှာ၊ ဒီချောင်းသာပင်လယ်ကမ်းစပ် မျက်နှာ စာမှာ ဟိုတယ်အဆင့် ကြယ်ပွင့်တပ်နိုင် တာ ၁၃ လုံးပဲ ရှိတယ်၊ ချောင်းသာ ကားလမ်းမကြီးရဲ့ ပင်လယ်ဘက်မှာ အဆင့်မီဟိုတယ်က ၁၃ ခုပဲ ရှိတယ်၊ ကျန်တာတွေက မိုတယ်၊ အင်းအဆင့်နဲ့ တည်းခိုခန်းအဆင့်တွေပဲရှိတယ်၊ ဒီသီရိ ဟိုတယ်လို အလယ်မှာရှိတာ သူ့ဘယ် ညာမှာက ဟိုတယ် ခြောက်ခုစီရှိတယ်၊ အခုထိ ချောင်းသာဟိုတယ်တွေမှာ အီးပီစီက လျှပ်စစ်မီးမပေးနိုင်သေးဘူး၊ ဟိုတယ်တွေမှာ ကိုယ်ပိုင်မီးစက်တွေနဲ့ သုံးနေရတယ်၊ ဒါကြောင့် ဈေးတွေကြီး နေတာလည်း ပါတယ်။

ပေလီက သာယာပုံကတစ်မျိုး အေးချမ်းတိတ်ဆိတ် သာယာတယ်၊ ချောင်းသာက စည်ကားပြီး သာယာ တယ်၊ စည်ကားတာက ချောင်းသာက ပိုစည်ကားတယ်၊ ရန်ကုန်နဲ့လည်းနီးပြီး တော်ရုံတန်ရုံ သွားနိုင်လာနိုင် တည်း နိုင်ကြတယ်၊ ပေလီက ကုန်ကျစရိတ် ပိုများတယ်၊ ပေလီတုန်းက လုံးသာ၊ မြပြင်၊ ဂိုက်တော၊ သံတွဲ အနီးအနား လေ့လာစရာတွေ ငါတို့ သွားခဲ့သလို ဒီချောင်းသာမှာလည်း အုန်းတောဈေး၊ တံငါရွာ၊ ကျောက်မောင်နှမ၊ အောင် မင်္ဂလာကျွန်း၊ သဲဖြူကျွန်း၊ ငွေဆောင် ကမ်းခြေ လည်စရာ လေ့လာစရာတွေ အများကြီးပဲ၊ အရင်လက ငါတို့ ပုဂံ ညောင်ဦး၊ ပုပ္ပါး၊ မန္တလေးနဲ့ အင်းလေး တွေ ရောက်ခဲ့ကြပြီးပြီ၊ နင်တို့ စိတ် ဝင်စားရဲ့လားတော့ မသိဘူး”

“မိသီရယ် နင်ကငါတို့ကိုအထင် သေးလိုက်တာ၊ ငါတို့ စိတ်ဝင်စားတဲ့ အပြင် လုပ်ငန်းအတွက် အားရုံစိုက်ပြီး လေ့လာခဲ့ပါတယ်ဟဲ့၊ ခရီးသွားလုပ်ငန်း ဆိုတာ ခေါင်းတိုင်က မီးခိုးမထွက်တဲ့ စက်ရုံလုပ်ငန်းပါ၊ လုပ်တတ်ရင် အင် မတန် အမြတ်အစွန်းရပါတယ်။

ဟိုတယ်နဲ့ တိုရစ်ဇင်လုပ်ငန်းက လုပ်တတ်၊ စေတနာထားတတ်ရင် ကုသိုလ်လည်းရ ဝမ်းလည်းဝပြီး ကိုယ့် နိုင်ငံအတွက် နိုင်ငံရေးလုပ်ငန်းတစ် ပါပဲဟာ၊ ငါတို့ ပျော်လည်းပျော်တယ်၊ ဝါသနာလည်းပါတယ်၊ ငါတို့ စင်ကာ သွားတဲ့အခါ ဟိုတယ်နဲ့ ခရီးသွား လုပ်ငန်းကို သေသေချာချာ လေ့လာ မှာပါ၊ စင်ကာပူဆိုတာ ကျွန်းနိုင်ငံ သေ သေးလေးပါဟာ၊ လွတ်လပ်ရေးရ လည်း ငါတို့ထက် ၁၇ နှစ် နောက်ကျ တယ်၊ ဘာသယံဇာတမှ မရှိတဲ့အပြ ရှေးဟောင်းအမွေအနှစ်တွေ ဘာ ပြစရာရှိမှာ မဟုတ်ပါဘူး။

ငါတို့နိုင်ငံမှာ ကမ္ဘာက စိ ဝင်စားတဲ့ လေ့လာစရာ ရှေးဟောင်း အမွေအနှစ်တွေ အများကြီးပဲ၊ တိုင်း ပြည်နယ် ၁၄ ခုရှိတာ နိုင်ငံက အကျ ကြီးပဲ၊ တိုင်းရင်းသားရိုးရာဓလေ့ လေ့လာမကုန်နိုင်ဘူး”

နွယ်ရဲ့ ပြောစကားကြောင့် မိ ပီတိဖြစ်စွာ ပြုံးနေပါတယ်။

“ကဲ- ဒါဆိုရင် ငါတို့ချောင်းသ မှာ တစ်ပတ်နေမယ်၊ ပြီးရင် ရန်ကုန် မယ်၊ နင်တို့အတွက် ပတ်စ်ပို့တွေလည် အဆင်သင့်ရှိနေပြီ၊ နင်တို့ အညာ မိဘတွေဆီ အလည်ပြန်ဦးမှာလ မပြန်ဘူးဆိုရင် ရွှေဆလာဆန်းရင် စင်ကာ ထွက်တော့၊ ငါအားလုံး စီစဉ်လိုက် မိခိုင် နင် နင့်အိမ်ကို အသိပေး မလား၊ ကလေးလည်း မွေးပြီးပြီ မိ ရော ကလေးပါ ကျန်းမာလျက်ရှိ ကြောင်း ပြောမလား”

“ဟယ်အဲ့လိုကြီး မပြောရဲပါ တော်ကြာ မြေးကြည့်ချင်ပါတယ် ငါ့မိဘတွေ လိုက်လာရင် ဒုက္ခတ ထပ်တိုးနေပါဦးမယ်”

“ဒါဆိုရင် ဘယ်လို ပြော

မိသီအပေးကြောင့် ခိုင်ခပ် လေး တွေဝေသွားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

"ဒီတော့ မိန္ဒယ်က ဝင်ပြောလိုက်တယ်။

"မိဘတွေကို ဒီလောက်ကြာကြာကြီး အဆက်ဖြတ်ထားလို့တော့ မကောင်းဘူး၊ တစ်ခုခုတော့ အသိပေးရမှာပဲ၊ ကလေးက မီးဖွားပြီး ဆုံးသွားတယ်၊ အဖတ်မတင်ဘူးလို့ ပြောဟာ၊ ပြီးတော့ ကုမ္ပဏီတစ်ခုမှာ မန်နေဂျာဝင်လုပ်နေပြီလို့ပြောလိုက်၊ ငါတို့နဲ့အတူနေထယ်လို့ပြော၊ ဒါပေမယ့် လိပ်စာတော့ အတိအကျ အသိမပေးနဲ့ဦး"

"ငါ့အိမ်တော့ အသိပေးတာတုတ်ပါပြီ၊ မောင်ဇော်နဲ့ပတ်သက်လို့ ဘယ်လိုပြောရမလဲ"ဟု ခိုင် မေးတယ်။

"အင်း ဒီကိစ္စမှာ မိန္ဒယ် နင်က စာရေးဆရာမကြီးဆိုတော့ ဒါရိုက်တာလုပ်ပြီး ဇာတ်ညွှန်းလည်းနင်ပဲရေးခဲ့တာ ဇီရှ.ဆက် မောင်ဇော်နဲ့ပတ်သက်လို့ ဘယ်လိုလုပ်မလဲ"

မိသီကပါ ဝင်မေးလို့ နွယ် ခေါင်းတုတ် စဉ်းစားတယ်။

"ငါစဉ်းစားပါဦးမယ်ဟာ၊ ဖြန်းခနဲတော့ ငါလည်း မပြောတတ်သေးဘူး။ မောင်ဇော် စင်ကာပူရောက်နေတာဆိုတော့ ဘယ်လောက်ကြာမလဲ မသိဘူး၊ ခိုင့်မှာ မောင်ဇော်နဲ့ ကိုယ်ဝန်ရတယ်ဆိုတာတော့ မောင်ဇော့်အမေ အမေရီ သိမှာအမှန်ပဲ၊ ခိုင့်မိဘတွေက အမေရီကိုပြောတော့ပြောမှာပဲ၊ ဒီကိစ္စ ရမမေရီကလည်း သားဖြစ်တဲ့ မောင်ဇော့်ဆီ လှမ်းမေးနိုင် ပြောနိုင်တယ်၊ မောင်ဇော်လည်း သိလောက်ပြီထင်တယ်"

"ကြားထဲက နေရင်းထိုင်ရင်း မောင်ဇော် ပြဿနာအလုပ်ခံရတာ၊ ငါ မောင်ဇော့်ကို သနားတယ်ဟာ၊ အိမ်က ထွက်သွားရတာကလည်း ငါ့အော်လိုက် ငေါက်လိုက် ဆူလိုက်လို့ စိတ်ထိခိုက်ပြီး ထွက်သွားရတာဟ သူ ထွက်သွားမှ သူ့ကွယ်ရာမှာ တရားခံလုပ်လိုက်ရတာ စိတ်တော့မကောင်းဘူးဟာ၊ မိန္ဒယ်ပေါ့ မဟုတ်တရုတ်တွေ အကြံပေးတာလေ"

"ဟဲ့-မိခိုင်ရဲ့၊ နင့်ပြဿနာကရုတ်တရက်ကြီးပေါ်လာတော့ ငါလည်း ကြံမိကြရာ ကြံလိုက်ရတာလေ၊ နင်ပဲ ငါ့ကို ဆရာတင်ပြီး ကယ်ပါဦး ကယ်ပါဦးနဲ့ ပြောတာ၊ အခုမှ ငါ့ကိုရန်လုပ်နေတယ်၊ မောင်ဇော့်ကို သနားရင်လည်း အကျိုးအကြောင်းပြောပြပြီး ယူလိုက်ပေါ့ဟယ်"

"အို မဖြစ်နိုင်တာဟယ်၊ ငါနဲ့ မောင်ဇော်နဲ့က ရိုးရိုးမောင်နှမလိုခင်ကြတာပါ"

"မိခိုင် နင်တကယ်ပြောတာလား နင်မြို့မှာ ကျောင်းနေတုန်းကလည်း နင့်ကို ပိုးကြဖန်းကြသူတွေအများကြီး နင့်ကို ချစ်ရေးဆိုကြတာလေ နင်ဘယ်သူ့ကိုမှ လက်မခံခဲ့ဘူး၊ တက္ကသိုလ် တက်နေတော့လည်း တက္ကသိုလ်မှာ နင့်ကို ချစ်ရေးဆိုကြ ချဉ်းကပ်ကြတဲ့သူတွေ များမှများ၊ တကယ်တော့ အဲဒီလူတွေထဲက နင်လက်ခံနိုင်လောက်တဲ့လူတွေ အများကြီးပဲ၊ ဘဝလက်တွဲဖော်အဖြစ် လက်ခံထိုက်တဲ့သူတွေပါတယ်၊ အဲဒီတုန်းကလည်း နင်ပြောပြီး ငြင်းခဲ့တာလေ၊ ကျွန်မမှာ ချစ်သူရှိတယ်၊ လက်ထပ်မယ့်သူရှိတယ်နဲ့ နင်ပြောပြောနေခဲ့တာ မှတ်မိလား။

နင့်ရင်ထဲ တိတ်တခိုးရှိထားရင်တော့မသိဘူး၊ နင်နဲ့ နီးနီးကပ်ကပ်နေတာ မောင်ဇော်တစ်ယောက်ပဲ ရှိတယ်၊ မောင်ဇော်ကလည်း မမခိုင် မမခိုင်နဲ့ နင့်အနားမှာ နင်ခိုင်းသလို နေရှာတယ်၊ နင်ကလည်း မောင်ဇော် မောင်ဇော်နဲ့ သနားပြီး သံယောဇဉ်ဖြစ် အလိုလိုက်နေခဲ့တာပဲ မဟုတ်လား၊ နင် ကိုယ့်ကိုယ်ကိုယ် ညာမနေနဲ့နော်"

နွယ့်အပြောကြောင့် ခိုင်ငေးငိုင်သွားတယ်။ နွယ်က မိသီကို လှမ်းကြည့်ပြီး မျက်စိတစ်ဖက်မှိတ်ပြပြုံးပြလိုက်တဲ့အခါ မိသီလည်း ခိုင့်ကိုကြည့်ပြီး ပြုံးနေမိတယ်။ ခိုင်မျက်နှာမကောင်းဖြစ်နေတဲ့အတွက် မိသီက -

"နင်တို့ မကြာခင် စင်ကာပူသွားမှာပဲဟာ စင်ကာပူက ကျဉ်းကျဉ်းလေးပါ၊ မြန်မာတွေ တစ်သိန်းလောက်တော့ရှိတယ်၊ မောင်ဇော်နဲ့ စင်ကာပူမှာ တွေ့နိုင်တယ်လေ၊ တွေ့တဲ့အခါ ဖြစ်ကြောင်းကုန်စင်ပြောပြပေါ့ဟယ်၊ မောင်ဇော်လည်း ခေတ်လူငယ်တစ်ယောက်ပါ၊ ယဉ်ကျေးသိမ်မွေ့တဲ့ နှလုံးသားနူးညံ့တဲ့သူ တစ်ယောက်ပါ၊ မရိုင်းတတ် မရက်စက်တတ်လောက်ပါဘူး။

ခိုင့်အပေါ်လည်း သံယောဇဉ်ရှိမှာပါ၊ ခိုင်က ရိုးရိုးသားသား အဖြစ်မှန် ပြောပြရင် ခိုင့်ကို ခွင့်လွှတ်နိုင်မယ်ထင်ပါတယ်"

ခိုင် စကားမပြောနိုင်ဘဲ ခေါင်းကိုသာ ငုံ့နေတယ်။ သူငယ်ချင်း သုံးယောက် ချောင်းသာပင်လယ်ကမ်းစပ် တစ်လျှောက် လမ်းလျှောက်နေကြရင်း ပင်လယ်ပြင်ကြီးကိုကြည့်ပြီး အတွေးကိုယ်စီ တွေးနေကြတယ်ထင်ပါရဲ့။

နေလုံးနီနီကြီးက ပင်လယ်ရေပြင်ထဲ တဖြည်းဖြည်းကျဆင်းနေတာကို မိုးကုပ်စက်ဝိုင်းအဆုံးမှာ မြင်နေရတယ်။ ပင်လယ်ရေလှိုင်းတွေက ကမ်းစပ်ကို တဝုန်းဝုန်းရိုက်ခတ်နေသလို ခိုင့်ရင်ထဲမှာလည်း လှိုင်းထန်နေသည့်အလား၊ ခိုင် လမ်းလျှောက်ရင်း မကြာခဏသက်ပြင်းချချနေတယ်။ ကုန်လွန်ခဲ့တဲ့ အတိတ်က



www.burmeseclassic.com

www.burmeseclassic.com

အဖြစ်လေးတွေကိုလည်း ခိုင်ပြန်လည်မြင်ယောင်နေမိတယ်။

မောင်ဇော် ငါးတန်းကျောင်းသားလေးဘဝမှာ ခိုင်နဲ့စပြီးတွေ့ရတယ်။ ခိုင်တို့တိုက်နဲ့ မျက်နှာချင်းဆိုင်အိမ်ကို မောင်ဇော်တို့ မိသားစု မိတ္ထီလာက ပြောင်းလာကြတယ်။ မောင်ဇော့်အဖေက နိုင်ငံရေးမှုနဲ့ ထိန်းသိမ်းခံထားရတယ်။ မောင်ဇော့်အမေ မေမေရီနဲ့ခိုင့်မိဘတွေက ဆွေမျိုးရင်းချာတွေလိုခင်ကြတယ်။

ခိုင့်မိဘတွေက မောင်ဇော်တို့ မိသားစု အတိဒုက္ခရောက်အားငယ်နေတာကို ဖေးမကူညီပြုစုစောင့်ရှောက်ပေးတယ်။ မောင်ဇော်က အဖော်မဲ့တဲ့သူလို တစ်ယောက်တည်း ငေးငေးငိုင်ငိုင် အထီးကျန်နေတတ်တယ်။

မောင်ဇော် မိုးသည်းသည်းရွာနေတာကို ငေးမောကြည့်နေတတ်သလို ရွက်ဝါတွေကြွေ လေရူးတွေမွှေလို့ ခြောက်ခန်းပူပြင်းလှတဲ့ နွေကိုလည်း ငေးကြည့်နေတတ်ပြန်တယ်။ နှင်းမှုန်လေးတွေ တဖွဲဖွဲကျလို့ မြူတွေအုံ့ဆိုင်းနေတဲ့ ဆောင်းကာလရဲ့ အေးချမ်းတဲ့အလှကိုလည်း တွေတွေဝေဝေလေး ကြည့်နေတတ်တယ်။ မောင်ဇော်ဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ စိတ္တဇဝေဒနာသည်လေးလို စကားလည်း နည်းတယ်။

ဒါကြောင့် ခိုင် မောင်ဇော့်ကို ကရုဏာပို သနားလာမိတယ်။ ကျောင်းသွားကျောင်းပြန်အတူ မောင်ဇော့်ကို အဖော်လုပ်ခဲ့ရာက ညညမှာလည်း မောင်ဇော့်ကို စာပြပေးခဲ့တယ်။

မောင်ဇော်ကလည်း ခိုင်တို့အိမ်ရဲ့ ဝေယျာဝစ္စတွေကို အလိုက်တသိ လုပ်ပေးတယ်။ ခိုင်တို့အိမ်မှာ မောင်ဇော် မရှိရင် မဖြစ်သလောက် မိသားစုလို ဖြစ်လာတယ်။ ခိုင့်မိဘတွေ ရပ်ဝေးခရီးထွက်ရင် မောင်ဇော့်ကို အိမ်စောင့်ပေးဖို့ ခိုင်နဲ့ အတူထားခဲ့ကြတယ်။

မောင်ဇော်က တဖြည်းဖြည်း လန်းလန်းဆန်းဆန်း တက်တက်ကြွကြွလေး ဖြစ်လာတယ်။ ဒါပေမဲ့ ခိုင် တက္ကသိုလ်တက်ရတဲ့ အချိန်တွေမှာ မောင်ဇော် ငေးငေးငိုင်ငိုင် မှိုင်ရီတင် မဟုတ် ခိုင့်ကို သင်္ဘောဆိပ်လိုက်ပို့တဲ့ အခါ မျက်ရည်လေးတွေ ဝေ့ဝဲနေတယ်။ ဒါကို ခိုင်အသိဆုံးပါ။ တက္ကသိုလ်က ခိုင် ကျောင်းပိတ်ရက်ပြန်လာရင် သင်္ဘော ဆိပ်မှာ မောင်ဇော် လာကြိုနေတယ်၊ သင်္ဘော မဆိုက်သေးဘူး။ ကမ်းနား ချောက်ကမ်းပါးထိပ်က ခုန်ပေါက်ပြီး လက်တွေဝှေ့ယမ်းလို့ ခိုင့်ကို ကြိုနေ တယ်။ မောင်ဇော် သိပ်ပျော်နေတာ မြင်ရပြန်တော့ ခိုင်လည်း ဝမ်းသာမိ ပျော်မိတယ်၊ ခိုင်မျက်ရည်တွေဝဲခဲ့ရဖူး တယ်။

အခုမောင်ဇော်နဲ့ မတွေ့ရမမြင် ရ ဝေးကွာခဲ့ရတာလည်း ဆယ်ကမ္ဘာ မက ကြာပြီလို့ ခိုင်ထင်မိတယ်။ မောင် ဇော် ရှိနေတယ်လို့ သတင်းကြားရတဲ့ စင်ကာပူကို ခိုင်သွားချင်လှပြီ။ မောင် ဇော့်ကို ရှာမယ်၊ တွေ့ရင်ပြောပြချင် တာတွေ တစ်ပုံကြီးကို အားပါးတရ ပြောပြ ရှင်းပြချင်တယ်။ ခိုင့်ရင်ထဲက ခံစားချက်တွေကို မောင်ဇော် သိပါ လေစေ။ ခိုင် မောင်ဇော့်အပေါ် ယခင်က ထက် ကရုဏာပိုနေမိတယ်။ တမ်းတမ်း တတ လွမ်းနေမိတယ်။

●

ခိုင်နဲ့နွယ်တို့ စင်ကာပူနိုင်ငံကို ရောက်ခဲ့ကြပြီ။ နေရေးထိုင်ရေးအဆင် ပြေပြန်တော့ သွားတတ် လာတတ် အောင် လေ့လာရပြန်သေးတယ်။

အမ်အာရ်တီ မြေအောက် မီးရထား စီးတတ်ဖို့၊ ဘတ်စ်ကား ခရီးသွားတတ်ဖို့၊ စားရေးသောက်ရေး ဈေးဝယ်တတ်ဖို့ စမ်းတဝါးဝါးလေ့လာ ရတယ်။ ပြီးတော့ အလုပ်နဲ့ သက်ဆိုင် သင်တန်းတွေ တက်ရင်း ဟိုတယ် လုပ်ငန်း၊ ခရီးသွားလုပ်ငန်းတွေ လက်တွေ့လေ့လာရတယ်။

တကယ်တော့ စင်ကာပူနိုင်ငံ ဟာ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတ နေပေမယ့် ဈေးဟောင်းအမွေအနှ ရယ်လို့ မည်မည်ရရအာမှုပြုစရာမရှိ လာကြ ခရီးသွားတွေကလည်း တ တော့ စင်ကာပူကို ဈေးဝယ်လာကြ အလည်အပတ်သက်သက် ရောက် လာကြတာပါ။ ကမ္ဘာ့အရပ်ရပ်ကထွ တဲ့ ဘာပစ္စည်းမဆို စင်ကာပူမှာ အ ရှိတယ်၊ အကုန်ဝယ်လို့ရတယ်။ ပြီး စင်ကာပူကနေ ကမ္ဘာ့အရပ်ရပ် သွားလို့ရှာ လွယ်လွယ်ကူကူသွား တယ်။

စင်ကာပူ ချမ်ဂီအပြည်ပြည် ရာ လေဆိပ်ကြီးကလည်း ၂၄ နာရီ ရာသီ စည်ကားနေတယ်။ လေ တွေကလည်း တက်လိုက်ဆင်းလို အမဲသားတုံးကို ယင်အုံနေသလာ ရတယ်။ ရပ်နားထားတဲ့ လေယာဉ် ကလည်း အလှရှိတဲ့ ဘုန်းကြီးတော ရှေ့ ဖိနပ်တွေချွတ်ထားကြသလို များမှများ။

ခိုင်နဲ့နွယ်တို့ တနင်္ဂနွေနေ့ တိုပဲရိုးဗုဒ္ဓဘာသာမြန်မာဘုန်းတေ ကိုသွားတယ်။ တစ်နေကုန်နီးနီး တယ်။ မြန်မာတွေစုဝေးရောက်ရှိ တာမို့ မောင်ဇော့်ကို တွေ့လို ဘုန်းကြီးကျောင်းမှာ နေရင်း တယ်။ မှောင်ရီပျိုးပြန်တော့



www.burmeseclassic.com

www.burmeseclassic.com

အများစုဝေးပြီးရောက်လေ့ရှိတဲ့ ပင်နီဇိုးလား ပလာဇာကုန်တိုက်ကြီးကို သွားတယ်။ ဈေးဝယ်စရာရှိတာဝယ်ရသလို မောင်ဇော့်ကို စောင့်ရ မျှော်ရ ရှာကြရပြန်တယ်။

တကယ်တော့ မောင်ဇော်နဲ့ ခိုင်တို့ မဆုံစည်းကြ မတွေ့ကြပေမယ့် မောင်ဇော်လည်း တနင်္ဂနွေနေ့တိုင်းလိုလို တိုပဲရိုးဘုန်းကြီးကျောင်းကို လာလေ့ရှိသူပါ။ မောင်ဇော်က နံနက်စောစော အရှေ့ဏ်ဆွမ်းကပ်အမီ လာလေ့ရှိပြီး လူစည်တတ်တဲ့ ၉ နာရီလောက်ပြန်တတ်တယ်။ တစ်ခါတလေ တိုပဲရိုးဘုန်းကြီးကျောင်းနားက ကားမှတ်တိုင်မှာ ရောက်လာတဲ့ ရှေ့ကကားပေါ် မောင်ဇော်အတက် နောက်ကားပေါ်က ခိုင်နဲ့နွယ်တို့ကအဆင်း ပွတ်ကာသီကာ လွဲခဲ့ကြတယ်။

ပင်နီဇိုးလားပလာဇာမှာ ရှိတဲ့ မြန်မာစတိုးဆိုင်တန်းကိုလည်း မောင်ဇော် တနင်္ဂနွေတိုင်း ရောက်လေ့ရှိပါတယ်။ ခိုင်နဲ့နွယ်တို့မြန်မာစတိုးဆိုင်တန်းတွေရှေ့ ဖြတ်လျှောက်နေတဲ့အချိန် မောင်ဇော် ရတနာစတိုးတို့၊ ရွှေဇီးကွက်စတိုးတို့ထဲ ရောက်နေပြီး ခိုင်နဲ့နွယ်တို့နဲ့ ...ပ်ပြီး လွဲချော်ခဲ့ရတယ်။ ခိုင့်မှာ ရင်...ခဲ့ရတဲ့အချိန်တိုင်း သက်ပြင်းတွေ...ခဲ့ရတယ်။

ခိုင်နဲ့ နွယ် အိမ်ပြန်ဖို့ အက်စ်...လေတာ စက်လှေကားက ဆင်းမယ်...ပြု -

"မမခိုင် မမနွယ်၊ မမခိုင် မမ...ယ်"

နောက်နားက အော်ခေါ်သံ...းလို့ တအံ့တသြလှည့်ကြည့်မိတယ်။ ...ဝ မျှော်လင့် ထင်မှတ်မထားတဲ့ ...စာဝေ (အစော)သူတို့ဆီကို အပြေးလေးလာတာ တွေ့ရတယ်။ နွယ်က တအံ့တသြ နှုတ်ဆက်လိုက်ပါတယ်။

"ဟယ်- အစော ခင်စောဝေ ဟုတ်ပါတယ်နော်"

ခင်စောဝေက ဝမ်းသာအားရ ပြုံးပြီး -

"မမခိုင်တို့ မမနွယ်တို့နဲ့ တူလိုက်တာဆိုပြီး ကြည့်နေတာကြာပြီ၊ မမတို့ ဘယ်တုန်းကရောက်နေကြတာလဲဟင်"

"မေလဆန်းထဲက ရောက်နေတာကွဲ့၊ ဒါနဲ့ အစောကကော ဒီမှာ ကြာပြီလား ဘာတွေလုပ်နေလဲ"

"အစောက ကျောင်းပြီးကတည်းက ဒီရောက်နေတာ၊ မက်ကက်တင်းကုမ္ပဏီမှာ အကောင့်တင့်လုပ်နေတာ ကြာပြီ၊ လာ မမတို့နဲ့တွေ့တုန်း အစော ထမင်းကျွေးမယ် ဆိုင်သွားကြရအောင်၊ အေးအေးဆေးဆေး စကားပြောရတာပေါ့"

ခိုင်ရယ်၊ နွယ်ရယ် ခင်စောဝေခေါ် အစောရယ် သုံးဦးသား စကားတွေ ဖောင်ဖွဲ့ရောက်တတ်ရာရာပြောဖြစ်နေရင်း အစောက စကားစရင်း ခိုင်နဲ့နွယ်ကို အကဲခတ်လိုက်တယ်။

"ဟိုတစ်လောက ကြာတော့ ကြာပြီ မောင်ဇော်နဲ့တွေ့တယ်၊ ဝပ်ခ်ပါမစ်နဲ့ ဆောက်လုပ်ရေး ကုမ္ပဏီမှာ လာလုပ်နေတယ်လို့ ပြောတယ်"

ဒီစကားသံကြောင့် ခိုင်နဲ့နွယ်တို့ တုန်လှုပ် အံ့ဩသွားတယ်။ ခိုင်က ပျာပျာသလဲ မေးလိုက်တာက-

"မောင်ဇော် ဘယ်မှာနေလဲဟင်၊ သူ့လိပ်စာနဲ့ ဖုန်းနံပါတ်အစောသိလား"

ဒီတော့ အစောက -

"အစောလည်း မှားပါတယ် မမရယ်၊ မောင်ဇော်နဲ့ မမျှော်လင့်ဘဲ ရုတ်တရက်တွေ့ရတော့ အံ့ဩရတာရယ်ပြီးတော့ ကြားထားတဲ့ သတင်းစကားတွေကြောင့် အစောက ဒေါသထွက်ပြီး သူ့ကို ရန်တွေ့ခဲ့တယ်၊ မောင်ဇော်က သူဘာမှမသိတဲ့ပုံနဲ့ အူကြောင်ကြောင်လုပ်နေတော့ အစောပိုပြီးဒေါသထွက်ရတယ်၊ ဒါကြောင့်အစောပြောချင်တာတွေပြောပြီး သူ့ကိုလှည့်မကြည့်တော့ဘူး၊ သူကတော့ လိုက်ခေါ်ပါသေးတယ်၊ နင်ပြောတာတွေ ငါဘာမှမသိဘူးလို့ ပြောရင်းကျန်ခဲ့တယ်၊ အစောလိပ်စာနဲ့ဖုန်းလည်း သူ့ကိုပြောမပြဖြစ်ဘူး၊ သူ့လိပ်စာနဲ့ ဖုန်းလည်း အစောမမေးမိဘူး။ အဲဒီနောက် မောင်ဇော်နဲ့ တစ်ခါမှ ပြန်မတွေ့တော့ဘူး"

"ဒုက္ခပါပဲကွာ၊ မမနွယ်တို့က လည်း စင်ကာပူကို ဟိုတယ်နဲ့ တိုရစ်ဇင် လုပ်ငန်းအတွက်လာတာပဲ၊ အထူးသဖြင့် တော့ မောင်ဇော့်ကို တွေ့ချင်လို့ ရှာနေတာ ကြာပြီ"

"ရှောင်တဲ့ပုန်းတဲ့သူကို တွေ့ဖို့ ဆိုတာ ဘယ်လွယ်မလဲ မမရယ်၊ သူရင် မဆိုင်ဝံ့လို့ ရှောင်ပုန်းနေတာနေမှာပေါ့၊ အစောနဲ့တောင် နောက်ထပ် လုံးဝ မတွေ့တော့ဘူး၊ အစောလည်း သူ့ကို တော်တော်လေးပြောပစ်လိုက်တယ်"

"အစောက ဘာတွေကြားလို့ ဘာတွေပြောပစ်လိုက်တာလဲ"

နွယ်က အစောကို မေးလိုက်တယ်။

(ရှေ့လ ဇာတ်သိမ်း)

**ရေနံ့သာ အောင်ချမ်းဇော်**

❑



www.burmeseclassic.com

www.burmeseclassic.com



# ကာပ္ပိယဦးရွှေမိုးနှင့် မြင့်မြတ်သောဘဝကလာသူ

ပန်းချီအောင်နိုင်လတ်

"ဘုရင်မကြီး ရှင်စောပုကို အိမ့်မှုထား၍ ရှေးဘဝက တော်စပ်ခဲ့ဖူးသော မိဟောင်း ဖဟောင်း ဘိုးဟောင်း ဘွားဟောင်း ဆွေတော်မျိုးတော်များအားလုံး သားလေးမောင်ကျော်ကျော်ရဲ့ကောင်းမှုကုသိုလ်ကို သာဓု အနုမောဒနာ ခေါ်ဆိုနိုင်ပါရန် အမျှပေးဝေပါတယ်၊ ရောက်ရာ ဘုံဘဝက သာဓုခေါ် ဆိုနိုင်ကြပါစေ၊ စေတီတော်မြတ်ကြီး ရွှေသက်န်းကပ်လှူ ပူဇော်နိုင်ရန်အတွက် သားလေး မောင်ကျော်ကျော်က ငွေတစ်သော[...] ကျပ်တိတိ လာရောက်လှူဒါန်းပါတယ[...]

ပဲခူးမြို့ ရွှေမော်ဓောစေတီတော[...] အလှူခံဌာနမှ အသံချဲ့စက်ဖြင့်ကြေ[...] သော ထူးဆန်းသည့်ငွေအလှူ[...]



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည်။ ထူးဆန်းသည့် ထိုကြော်ငြာကို ကြေညာနေသောအချိန်ကာလမှာ လွန်ခဲ့သော နှစ်ပေါင်း နှစ်ဆယ့်ငါးနှစ်ကျော် အချိန်ကာလ ဖြစ်သည်။ တိတိကျကျ ဆိုရပါမူ ၁၉၈၂ ခုနှစ်က ဖြစ်သည်။

"အလျှော်ခဲ့ဒ်ဥနတ ကြော်ငြာ ဖတ်တာ ကြားတယ် မဟုတ်လား၊ မင်းတို့သားအမိ ဆန္ဒအတိုင်း အဲဒီကြော်ငြာကို ကိုးခေါက်တိတိ ကြော်ငြာပေးလိမ့်မယ်၊ မင်းတို့သားအမိ ကျေနပ်ကြပြီ မဟုတ်လား။ လောလောဆယ် ငါကတော့ ငွေတစ်သောင်းထွက်သွားပြီ၊ ဒီမှာ ခင်ခင်မင်းက ငါ့သူငယ်ချင်း ဆက်သွယ်ပေးတဲ့ ကပ္ပိယကြီး ရွှေမိုးရဲ့ ဟောပြောချက်ကို တော်တော်ယုံတာပဲနော်"

"အစ်ကိုကလည်း ကပ္ပိယကြီး ရွှေမိုးပြောခဲ့တဲ့ ယတြာကို ယုံနိုင်တဲ့ အကြောင်းတွေရှိလို့ ခုလို ကျွန်မ လုပ်ခဲ့တာလေ၊ သားလေးနေကောင်းရေးအတွက် လုပ်ရတာပါ၊ ငွေတစ်သောင်းဆိုတာ နည်းတာမဟုတ်မှန်း ကျွန်မ သိပါတယ်၊ ကပ္ပိယကြီး ရွှေမိုးနဲ့ တွေ့ခဲ့ပြီးတဲ့ နောက်ပိုင်း သားလေး ကျော်ကျော်နဲ့ပတ်သက်လို့ ထူးဆန်း အံ့သြဖွယ်တွေနဲ့ ကြုံခဲ့တာကို အစ်ကို သိပါတယ်။





www.burmeseclassic.com

www.burmeseclassic.com

ကပ္ပိယကြီး ပြောခဲ့တဲ့အတိုင်း အားလုံးဖြစ်ခဲ့တယ် မဟုတ်လား"

"ထားပါပေါ့လေ၊ မင်းတို့ သား အမိ စိတ်ကျေနပ်ရင် ပြီးတာပါပဲ၊ ကိစ္စ တွေ ပြီးပြီမဟုတ်လား၊ ပြန်ကြပါစို့၊ အလှူခံဌာနက မင်းတို့ ဆန္ဒအတိုင်း ကိုးခေါက်တိတိ ကြော်ငြာပေးလိမ့်မယ်"

"ဘုရင်မကြီးရှင်စောပုကို အမှူး ထား၍ ရှေးဘဝက တော်စပ်ခဲ့ဖူးသော မိဟောင်း ဖဟောင်း ဘိုးဟောင်း ဘွား ဟောင်း ဆွေတော်မျိုးတော်များအားလုံး သားလေးမောင်ကျော်ကျော်ရဲ့ကောင်းမှု ကုသိုလ်ကို သာဓုအနုမောဒနာခေါ် ဆို နိုင်ပါရန် အမျှပေးဝေပါတယ်၊ ရောက် ရာ ဘုံဘဝက သာဓုခေါ် ဆိုနိုင်ကြပါစေ၊ စေတီတော်မြတ်ကြီး ရွှေသင်္ကန်းကပ်လှူ ပူဇော်နိုင်ရန်အတွက် သားလေးမောင် ကျော်ကျော်က ငွေတစ်သောင်းတိတိ လာရောက် လှူဒါန်းပါတယ်"

ထူးဆန်းသည့် အထက်ပါကြော် ငြာကို ဂရုတစိုက်နားထောင်ကြည့်မည် ဆိုပါက ကိုးခေါက်တိတိ ကြားရမည်ဖြစ် သည်။ ကြော်ငြာသံ ကိုးခေါက်ပြည့် သည့် အချိန်တွင် လင်မယားနှစ်ဦးက ကျော်ကျော်ဟု ခေါ်သော သားငယ် လေးကို တစ်ယောက်တစ်ဖက်လက်တွဲ ကာ ရွှေမော်ဓောစေတီ ရင်ပြင်ထက်မှ ဆင်းသွားကြသည်။

✿

ကျွန်တော်တို့ စာရေးဆရာ၊ ကဗျာဆရာ၊ အယ်ဒီတာနှင့် ထုတ်ဝေ သူများ အင်္ဂါ၊ သောကြာနေ့တိုင်း လေ အန်ကုန်း ဟုခေါ်သော နေရာတွင် ဆုံနေကျဖြစ်သည်။ လေအန်ကုန်းဟု ခေါ်သောနေရာမှာ ရန်ကုန်မြို့၊ ပန်းဆိုး တန်း စာပေဗိမာန် အဆောက်အအုံ အနီးရှိ ဇင်မင်းမောင်လက်ဖက်ရည်ဆိုင် ရှေ့ ပလက်ဖောင်း အုတ်ခုံနေရာဖြစ် သည်။

ပုံမှန်အားဖြင့် လေအန်ကုန်းသို့ ကျွန်တော်တို့ နံနက်ပိုင်း ဆယ်နာရီ ကျော်တွင် စတင် ရောက်ရှိကြပြီး နေ့လယ် တစ်နာရီကျော်တွင် လူစုခွဲ လေ့ရှိကြသည်။ ယနေ့ အင်္ဂါနေ့တွင် ရောက်နေကျအချိန်ထက် နောက်ကျ ပြီးမှ ကျွန်တော် ရောက်သွားခဲ့သည်။ ကျွန်တော် ရောက်ချိန်တွင် လူစုံနေပြီ ဖြစ်သည်။ ကျွန်တော်ရောက်ရောက် ချင်းပင် ရေးဖော်ဆရာ မင်းရွှေသိန်း (ဇင်းကျိုက်)က -

"ဆရာ ဒီနေ့ နောက်ကျတယ်၊ စောစောက ဆရာ့ကို လူတစ်ယောက် လာမေးတယ်၊ တော်ကြာရောက်လာ မယ်လို့ ကျွန်တော် ပြောလိုက်တယ်၊ ခုတော့ ထွက်သွားပြီ"

"ဪ-ဟုတ်လား၊ ဘယ်သူ ပါလိမ့် နာမည် ပြောမသွားဘူးလား၊ ဘယ်အရွယ်လောက်လဲ"

"ဆရာ့ အရွယ်လောက်ပါပဲ၊ ဆရာ့သူငယ်ချင်းလို့ ပြောတယ်၊ နေ့ လယ်တစ်နာရီလောက်မှာ ပြန်လာမယ်၊ သူ့ကို စောင့်နေပါတဲ့"

"ကျေးဇူးပဲ ဆရာ"

လူဆန်းရက်မို့ လူစုံနေသည်။ မဂ္ဂဇင်းများလည်း ထွက်လာပြီ ဖြစ် သည်။ စာမူခပေးကြ၊ လက်ဖက်ရည် သောက်ကြ၊ ဝေဖန်ကြနှင့် လေအန် ကုန်းတွင် လူစုံပြီး စိုပြည်စည်ကားနေ သည်။ နေ့လယ် တစ်နာရီသာသာတွင် တဖြည်းဖြည်း လူစုကွဲလာလေသည်။ မပြန်သေးဘဲ ဧည့်သည်လာမည်ဆို၍ ကျွန်တော် စောင့်မျှော်နေမိသည်။ ထိုစဉ် မမျှော်လင့်ဘဲ ကျွန်တော့်သူငယ် ချင်း ကျော်အောင်ဆိုသူ ရောက်လာ သည်။ နှစ်များစွာ ကွဲကွာနေခဲ့သော ငယ်သူငယ်ချင်းများ ဖြစ်သည်။

"ဟေ့ကောင် မိုးအောင်၊ ငါစော စောက ရောက်လာသေးတယ်၊ မင်း မရောက်သေးဘူးဆိုလို့ ငါထွက်သွားပြီး ခုတစ်ခေါက် ပြန်လာတာ၊ မင်းကို မှာ လိုက်ရတာ"

"ငါတို့ စာရေးဆရာတွေ ဒီမှာ ရှိတာ မင်းဘယ်လို သိခဲ့တာလဲ"

"မင်းကို ငါ့မိန်းမက ကပ္ပိယကြီး နဲ့ပတ်သက်ပြီး တွေ့ချင်နေတာ၊ သုံး ဆယ့်သုံးလမ်းက လေထန်ကုန်းမှာ သွား ရှာသေးတယ်၊ ဟိုက စာရေးဆရာတွေ က ဒီလို လွှတ်လိုက်တာ၊ ဒီနေရာကို ခေါ်တာ ရှိတယ် ဘာတဲ့လဲ"

"လေအန်ကုန်းပါကွာ"

"အေး- ဟုတ်ပြီ၊ မင်းရေးတဲ့ ဝတ္ထုတွေ၊ ကဗျာတွေ ငါဖတ်ရပါတယ်၊ မင်းရေးတဲ့ဝတ္ထုတိုတွေ မဂ္ဂဇင်းတွေမှာ ဖတ်ရပါတယ်၊ မင်းက ရေးနိုင်သားပဲ"

"ပင်စင်ယူပြီးမှ ပိုရေးဖြစ်တယ် ဆိုပါတော့၊ မင်းရော ဘာလုပ်နေလဲ"

"မင်းလို ပင်စင်စားပဲပေါ့ကွာ ဂေါက်သီးရိုက်တယ်၊ စာဖတ်တယ်"

"ဒါနဲ့ ငါ့ကို မင်းမိန်းမက ဘာ ကိစ္စနဲ့ တွေ့ချင်ရတာလဲ"

"လာကွာ၊ ဒီမှာ မပြောချင်ဘူး လက်ဖက်ရည်သောက်ရင်း ပြောမယ်"

ကျော်အောင်မှာ ကျွန်တော်နှင့် ကျောင်းနေဖက် သူငယ်ချင်းဖြစ်သည်။ ၁၉၆၃ ခုနှစ်တွင် မက်ထရစ်တန်းအထ တူအောင်ခဲ့ကြသည်။ မက်ထရစ်တန်း အောင်ပြီး အလုပ်အတူတူ ဝင်ခဲ့ကြ သည်။ သူက ငွေစာရင်းရုံးတွင် အလုပ် ရခဲ့သည်။ ကျွန်တော်က အခြားဌာန တစ်ခုတွင် အလုပ်ရခဲ့သည်။ နှစ်ဦးစလုံး မော်လမြိုင်ဇာတိဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ကျော်အောင် ရန်ကုန်ပြောင်း ရွှေ့သွားပြီး လုပ်သားများကောလိပ် ဆက်တက်နေသည်ဟု သိခဲ့ရသည်။

ကျွန်တော်တို့နှစ်ယောက် နီးစပ်ရာ လက်ဖက်ရည်ဆိုင်တွင် ထိုင်ကြသည်။

ကျော်အောင်က လက်ဖက်ရည်နှင့် မုန့်များ မှာလိုက်သည်။

"မင်း ငါ့ကို ဘာပြောချင်လို့ အကူးတက လိုက်ရှာရတာလဲ၊ ဘာပြောမှာလဲ"

"မင်း ယုံကြည် လေးစားတဲ့ ကပ္ပိယကြီးနဲ့ တွေ့ချင်လို့ပါ၊ သက်ရှိ ထင်ရှားရှိသေးရဲ့လား"

"ဩော်- ဒါလား၊ ကပ္ပိယကြီး အမိဌာန်ခရီးထွက်သွားတယ်"

"ဘယ်ကို သွားတာလဲ၊ ဘယ်သောက်ကြာမှာလဲ"

"ရက်ပေါင်း တစ်ရာ အမိဌာန် ခရီးပါ၊ သထုံဘက်လို့ သိရတယ်၊ မြသိစိတ်တောင်နဲ့ ကေလာသတောင်မှာ အမိဌာန်ဝင်မယ်လို့ သိရတယ်၊ ဘာဖြစ်လို့ မင်းတို့လင်မယားက ကပ္ပိယကြီးကို တွေ့ချင်ရတာလဲ"

"မင်းနဲ့ ပတ်သက်ပြီး ငါတို့လင်မယား ကပ္ပိယကြီးရွှေမိုးနဲ့ ဆုံခဲ့ရတယ်၊ ငါ့သားကျော်ကျော်နဲ့ ပတ်သက်ပြီး ကပ္ပိယကြီး ကြိုတင်မြင်ခဲ့တာတွေက တော်တော် ဂမ္ဘီရဆန်တယ်လို့ ပြောရမယ်၊ ဒါနဲ့ မင်းလည်း ခု ဂမ္ဘီရဆန်ဆန် ဇာတ်လမ်းတွေ ရေးနေတယ် မဟုတ်လား"

"အေး ဟုတ်တယ်၊ စောစောက မင်းပြောတဲ့ မင်းသား ကျော်ကျော်နဲ့ ပတ်သက်ပြီး ကပ္ပိယကြီး ကြိုတင်မြင်ခဲ့တာ ဂမ္ဘီရဆန်တယ်ဆို၊ ဘယ်လို ဂမ္ဘီရဆန်တာလဲ၊ ငါမသိသေးပါလား ပြောစမ်း"

"မင်းက စာရေးဆရာဆိုတော့ စိတ်ဝင်စားမှာပေါ့၊ ကပ္ပိယကြီး ရွှေမိုးနဲ့ တွေ့ပြီးနောက်ပိုင်း မင်းနဲ့ ငါ ကွဲကွာသွားခဲ့ကြတယ်လေ၊ ဟို လွန်ခဲ့တဲ့ နှစ်ဆယ့်ငါးနှစ်ကျော်က အဖြစ်တွေပါကွာ၊ အဲဒီတုန်းက ငါ ဘွဲ့ရပြီးဖြစ်ပေမယ့် L.A.Q မဖြစ်သေးဘူး၊ U.A အဆင့်ပဲရှိသေးတယ်၊ ငါ့အပြောင်းအရွှေ့ကိစ္စနဲ့ ပတ်သက်ပြီး ကပ္ပိယကြီးဆီ ရောက်ခဲ့ကြတယ်၊ မင်းပဲ လိုက်ပို့ပေးခဲ့တယ်လေ။

ငါက ဗေဒင်တွေ ယတြာတွေ မယုံတော့ သိပ်မသွားချင်ဘူး၊ ငါ့မိန်းမ ခင်ခင်ကြောင့် ကပ္ပိယကြီးဆီ သွားဖြစ်ခဲ့တာ၊ မင်းအပြောကြောင့် ငါ့မိန်းမက ကပ္ပိယကြီးကို သိပ်ပြီး တွေ့ချင်နေတာ၊ အဲဒီတုန်းက ကပ္ပိယကြီးက ငွေနှစ်ဆယ့်ငါးကျပ် ပူဇော်ဖို့ ပြောခဲ့တာ၊ ကပ္ပိယကြီး ကြိုတင် ဟောပြောခဲ့တာတွေ ဘယ်သူ့မှ မပြောနဲ့လို့ ငါ့မိန်းမက တားထားလို့ မင်းကိုတောင် မပြောဖြစ်ခဲ့ဘူး၊ နောက်ပိုင်း တို့သူငယ်ချင်းနှစ်ယောက် ကွဲကွာသွားကြတယ်၊ မင်းက နယ်ဘက်ကို ပြောင်းသွားတာကိုး"

"ကဲပါ၊ ကပ္ပိယကြီး ဘာတွေ ပြောခဲ့လို့ ဘယ်လို ဂမ္ဘီရဆန်တဲ့ အဖြစ်တွေ ဖြစ်ခဲ့တာလဲ"

"အဲဒီတုန်းက အဖြစ်တွေ ဒီနေ့အထိ မမေ့သေးဘူး၊ ကပ္ပိယကြီးနဲ့ နှစ်ကြိမ်တွေ့ခဲ့တာ အဖြစ်က ဒီလို သူငယ်ချင်းရဲ့"

✿

"အစ်ကို ဒီအပတ် အပြောင်း အရွှေ့ပါမယ်ဆို နယ်ဘက်ကို ပြောင်းရမယ်လို့ သတင်းရတယ်"

"အေး- ငါလည်း ကြားတယ်၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် လက်အောက်ခံ ဌာနတစ်ခုခု ဖြစ်မယ်ထင်တယ်၊ မွန်၊ တနင်္သာရီဘက် ထင်တာပဲ"

"အဲဒီဘက်မှာ မှောင်ခိုအရောင်းအဝယ်တွေ ဒီလောက် ဖြစ်နေတာ၊ အစ်ကို့ ရိုးပုံ အေးပုံနဲ့ မဖြစ်ပါဘူး၊ လောဘနောက် လိုက်မိလို့ အစ်ကို သူငယ်ချင်းတွေ အလုပ်ပြုတ်တာတွေ ကြားနေရတယ်၊ ဟာ- မဖြစ်ဘူး၊ ကိုမိုးအောင်ပြောတဲ့ ကပ္ပိယကြီး ရွှေမိုးဆီ သွားကြမယ်၊ အစ်ကိုလိုက်ခဲ့၊ ယတြာလေး ဘာလေးတောင်းရမယ်"

"ကပ္ပိယကြီးက လူတိုင်းကို ကြည့်ပေးတာမှ မဟုတ်တာ"

"ကိုမိုးအောင်ကို အကူအညီတောင်းရမှာပေါ့၊ သူနဲ့ ကပ္ပိယကြီးတို့က ဆရာ တပည့်လိုနေခဲ့ကြတာ၊ ကျွန်မ သူနဲ့သွားတွေ့မယ်၊ အစ်ကိုတို့ နှစ်ယောက်က ဒီလောက်ခင်မင်တဲ့ ငယ်သူငယ်ချင်းတွေပဲ သူ ကူညီမှာပါ"

နောက်နှစ်ရက်တွင် ကျွန်တော့်သူငယ်ချင်း ကျွန်တော်တို့ဆီ ရောက်လာသည်။

"ကပ္ပိယကြီးကို ငါပြောထားပြီးပြီ မင်းတို့ လင်မယားသွားတွေ့လိုက်ပါ၊ လိုအပ်တာတွေ ကပ္ပိယကြီး လုပ်ပေးလိမ့်မယ်"

"မင်းကိုယ်တိုင် လိုက်ပို့ပေးပါကွာ၊ ခု ကပ္ပိယကြီးက ဘယ်မှာရှိနေတာလဲ"

"မှော်ဘီအလွန် သာယာရေကျော်ရွာ၊ သာသနာ့နယ်မြေက ဘုန်းတော်ကြီးကျောင်းမှာ ရှိနေတယ်၊ ငါ လိုက်ပို့ပါ့မယ်ကွာ"

နောက်တစ်နေ့ နံနက်တွင် ကျွန်တော်တို့ လင်မယားကို သူငယ်ချင်းက ကပ္ပိယကြီးရှိရာ သာယာရေကျော်ရွာသို့ လိုက်ပို့ပေးသည်။





www.burmeseclassic.com

www.burmeseclassic.com

သာသနာ့နယ်မြေရှိ ဘုန်းတော်ကြီးကျောင်းတွင် ကပ္ပိယကြီးကို အဆင်သင့် တွေ့ရသည်။

"ကဲ-မင်းတို့လင်မယား မေးချင်တာတွေ မေးကြပေတော့၊ အရေးကြီးကိစ္စရှိနေလို့ ငါ ပြန်တော့မယ်"

ကျွန်တော့်သူငယ်ချင်း ပြန်သွားပြီးနောက် ကပ္ပိယကြီးနှင့် တွေ့သည်။ ကပ္ပိယကြီးက ကျွန်တော့် မွေးသက္ကရာဇ် မွေးနေ့ မွေးဇာတိမေးပြီး လက်ဖဝါးကို ကြည့်လိုက်သည်။

ဇနီးသည်က အခြေအနေကို ပြောပြလိုက်သည်။

"မသွားလို့ မရဘူး၊ သွားကို သွားရမယ်၊ သွားရမှာက မ အက္ခရာနဲ့စတဲ့ မြို့ကို သွားရမယ်"

"မသွားရအောင် လုပ်ပေးလို့ မရဘူးလား ကပ္ပိယကြီး၊ အဲဒီဘက်မှာ မှောင်ခိုပစ္စည်းတွေ အရောင်းအဝယ်တွေရှိနေတော့ ကျွန်မ ယောက်ျားရိုးပုံ အေးပုံနဲ့ မဖြစ်လို့ပါ၊ သူ့အလုပ်ထိခိုက်မှာ စိုးလို့ပါ ကပ္ပိယကြီး"

"စိတ်ချလက်ချသာ သွားလိုက်ပါ၊ အလုပ်ကို မထိခိုက်တဲ့အပြင် ရာထူးတက်ဖို့တောင် ဖြစ်လာမယ်၊ နှစ်အကြာကြီး နေရလိမ့်မယ်၊ ဒါတင် မကသေးဘူး သားဦး ယောက်ျားလေး ရဦးမယ်"

"ကပ္ပိယကြီး တကယ်ပြောတာနော်၊ ကပ္ပိယကြီး ပြောတဲ့အတိုင်းဖြစ်လာမှာလား"

"ကျုပ်မြင်တဲ့အတိုင်း ပြောခဲ့တာပဲ၊ ကျုပ်ကို ယုံလို့ လာခဲ့ကြတာ မဟုတ်လား၊ ကျုပ်ပြောတာတွေ သေချာမှတ်ထား၊ ကျုပ်ပြောခဲ့တာတွေ မှန်မှ နောက်တစ်ခေါက် ထပ်လာခဲ့ကြ၊ ဘုရားပန်းဖိုးငွေ အစိတ်လှူခဲ့ကြ၊ ဒီကပြန်သွားပြီးတာနဲ့ ပြောင်းဖို့ပြင်ထားပေတော့"

ကပ္ပိယကြီးနှင့် တွေ့ပြီး နှစ်ပတ်ခန့်အကြာတွင် ကျွန်တော့်ပြောင်းမိန့်ထွက်လာသည်။ ကပ္ပိယကြီးက မအက္ခရာနဲ့ စသည့်မြို့သို့ ပြောင်းရမည် ပြောခဲ့သည်။ အရှေ့တောင်တိုင်းစစ်ဌာနချုပ်လက်အောက်ရှိ မော်လမြိုင်မြို့သို့ ပြောင်းမိန့်ထွက်လာသည်။ ကျွန်တော်နှင့် ဇနီးတို့ မော်လမြိုင်သို့ ပြောင်းရွှေ့ခဲ့ကြသည်။ မော်လမြိုင်တွင် နှစ်နှစ်ခန့် တာဝန်ထမ်းဆောင်ခဲ့ပြီးဖြစ်သည်။ နယ်ဘက်တွင် အနည်းဆုံးနှစ်နှစ် တာဝန်ထမ်းဆောင်ပြီးလျှင် ရန်ကုန်သို့ ပြန်လည်ပြောင်းရွှေ့ခွင့်ရှိသည်။ မော်လမြိုင် လုပ်သက် နှစ်နှစ်ကျော်ကျော်အချိန်တွင် ရန်ကုန်သို့ပြောင်းရန် စာတင်ထားခဲ့သည်။

ထိုအချိန်မှာပင် ကျွန်တော် L.A.O ရာထူးသို့ တိုးမြှင့်ခံခဲ့ရသည်။ L.A.O ရာထူးဖြင့် မော်လမြိုင်တွင် ဆက်လက် တာဝန်ထမ်းဆောင်ခဲ့ရသည်။ L.A.O ရာထူးရပြီး မော်လမြိုင်၊ ကန်သုံးကန်ရပ်ကွက်ရှိ ရုံးတွင် ရုံးထိုင်ခဲ့ရသည်။

L.A.O ဖြစ်ပြီး နောက်တစ်နှစ်တွင် ကျွန်တော့်ဇနီး သားယောက်ျားလေး မွေးဖွားခဲ့သည်။ သားဦးဖြစ်သည်။ သားလေးမွေးပြီးမှ ကပ္ပိယကြီးကို ပို၍သတိရလာသည်။ ပို၍ယုံကြည်လာခဲ့သည်။ ကပ္ပိယကြီး ကြိုတင်မြင်ထားသည့်အတိုင်း အားလုံး ဖြစ်လာခဲ့သည်။

သူ့ဟောပြောချက် မှန်ကန်ခဲ့လျှင် သူ့ဆီ တစ်ခေါက် ပြန်လာရန် ကပ္ပိယကြီး မှာကြားလိုက်သည်ကိုလည်း အမှတ်ရနေမိသည်။ ကပ္ပိယကြီးနှင့် တွေ့ချင်နေမိသည်။

သားလေး အသက်သုံးနှစ်နီးပါးရှိမှ ရန်ကုန်သို့ ပြောင်းရွှေ့ခွင့်ရခဲ့သည်။

ကျွန်တော် ရန်ကုန်ပြန်ရောက်
ပြီး မကြာမီ ကိုကိုးကျွန်းသို့ ယာယီ
တာဝန်ဖြင့် ရောက်ရှိခဲ့သည်။ စာရင်းစ
အဖွဲ့ခေါင်းဆောင်အဖြစ်ရောက်ရှိခဲ့ခြ
ဖြစ်သည်။

ညနေဘက် အလုပ်နားချိ
ကိုကိုးကျွန်း တောင်ခြေရှိ ရွာထဲ
လျှောက်လည်ခဲ့ရာ ပုတီးလုပ်ငန်း
စီးပွားဖြစ်လုပ်ကိုင်နေသည်ကို တွေ့
သည်။ တိုက်ဆိုင်လှစွာပင် သင်္ကြ
နက်သားဖြင့် ပုတီးလုပ်နေသည့် အိ
တစ်အိမ်သို့ ရောက်ခဲ့သည်။

သင်္ကြန်းနက်သားမှာ ရှားပါး
သော သစ်မျိုးဖြစ်သည်။ ကပ္ပိယ
အတွက် ရည်ရွယ်ကာ သင်္ကြန်းနက်ပု
တစ်ကုံး ဝယ်ယူလိုက်သည်။ ရေယာ
ကြုံစောင့်ရင်း ကိုကိုးကျွန်းတွင် နှစ်
ကျော် သုံးပတ်ခန့်ကြာခဲ့သည်။ ရေယာ
ကြုံရောက်လာမှ ရန်ကုန်သို့ ပြန်
ခဲ့ရသည်။

ရန်ကုန်ပြန်ရောက်ပြီး အ
အားရက်တစ်ရက်တွင် ကပ္ပိယကြီး
တွေ့ဆုံရန် မှော်ဘီဘက်သို့ မိသာ
သုံးဦး ထွက်ခဲ့ကြသည်။ မှော်ဘီအ
လက်ဝဲဘက်ရှိ လမ်းခွဲအတိုင်း သာ
ရေကျော်ရွာသို့ ဆက်လက် ထွက်
သည်။ သာသနာ့နယ်မြေရှိ ဘုန်း
ကြီးကျောင်းတွင် ကပ္ပိယကြီး ရွှေ
အဆင်သင့် တွေ့ရသည်။

"ကပ္ပိယကြီး၊ ကျွန်တော်
လင်မယားကို မှတ်မိရဲ့လား"

ကျွန်တော့်စကား အဆုံး
ကပ္ပိယကြီးက မဆိုင်းမတွ ပြော
သည်။

"သိပ်မှတ်မိတာပေါ့၊ မအ
နဲ့ စတဲ့မြို့ကို ပြောင်းသွားကြတယ်
ထူး တိုးတက်ခဲ့တယ်၊ ပြီးတော့





www.burmeseclassic.com

www.burmeseclassic.com

ယောက်ျားလေး ရခဲ့တယ်၊ ခု နယ်ကနေ ချန်ကုန်ပြန်ရောက်လာပြီး ကျုပ်ပြောခဲ့ တာတွေမှန်ရင် ပြန်လာဖို့ မှာလိုက်သေး တယ် ထင်တယ်"

"နှစ်တွေ ဒီလောက်ကြာခဲ့တာ တောင် ကျွန်တော်တို့နဲ့ ပတ်သက်ပြီး ကပ္ပိယကြီး အားလုံး မှတ်မိနေတာ အံ့ဩစရာပဲ၊ ကပ္ပိယကြီး ကြိုတင်မြင်ခဲ့ တာတွေအားလုံး မှန်ခဲ့ပါတယ်၊ ခု လာ တာက သားလေး ရှေ့ရေးအတွက် နည်းနည်းလောက် ကြည့်ပေးဖို့"

ကျွန်တော့်စကား မဆုံးလိုက် ရပါ။ ကပ္ပိယကြီး လက်ကာပြလိုက်ပြီး-

"ဝမ်းနည်းပါတယ်၊ ကျုပ်ဗေဒင် လက္ခဏာ၊ ယတြာကိစ္စတွေ မလုပ် တော့ပါဘူး၊ အမိဌာန်ခရီး ထွက်နေရ တယ်"

"ဒါဆိုလည်း ကျွန်တော်တို့ အသိုင်းက ဆိုးတယ်လို့ပဲ ဆိုရတော့ မှာပဲ၊ ဘယ်တတ်နိုင်ပါ့မလဲ၊ ဟောဒီ သင်္ကန်းနက် ပုတီးကုံးလေးတော့ ကပ္ပိယ ကြီးကို လက်ဆောင်ပေးပါရစေ၊ ကဲ သားသားလက်ထဲက ပုတီးကုံး ဘဘကို ပေးလိုက်ပါ၊ လက်နှစ်ဖက်နဲ့ ရိုရိုသေ သေ ပေးနော်"

ကျွန်တော်က သားလေးဘက် သို့ လှည့်ပြီးပြောလိုက်သည်။ သားလေး က သင်္ကန်းနက်ပုတီးကုံးကို ကပ္ပိယကြီး ကို ရိုရိုသေသေ လက်နှစ်ဖက်ဖြင့် ကမ်းပေးလိုက်သည်။

"အင်း- အတော်ပဲ၊ ကျုပ် အမိဌာန်ခရီးစဉ်မှာသုံးမယ်၊ သင်္ကန်းနက် အားပုတီး ဘယ်ကရလာတာလဲ၊ ဒီမှာ တော့ မလွယ်ဘူး"

"ကျွန်တော် ကိုကိုးကျွန်းရောက် တုန်းက ကပ္ပိယကြီးကို သတိရလို့ ယ်ခဲ့တာပါ၊ ကပ္ပိယကြီး ပြောတဲ့ သား ယောက်ျားလေး ရမယ်ဆိုတာ သူပဲလေ၊ မော်လမြိုင်မှာ မွေးတာ၊ ကပ္ပိယကြီး ကြိုတင်နိမိတ်ဖတ်ခဲ့တာတွေ မှန်ကြောင်း ပြောချင်လို့ လာခဲ့ကြတာပါ၊ ကဲ-သားလေး၊ ဘဘကို ကန်တော့လိုက်၊ ဘဘ ဆုတွေ ပေးလိမ့်မယ်"

သားလေးက ကျွန်တော့်စကား အတိုင်း ကပ္ပိယကြီးကို ကန်တော့သည်။ ကပ္ပိယကြီးက သားလေးမျက်နှာကို စေ့စေ့ကြည့်လိုက်ပြီး -

"ဟာ-ဒီကလေးက နှယ်နှယ်ရရ မဟုတ်ဘူး၊ အမျိုးအနွယ် မြင့်မြတ်တဲ့ ဘဝက လာခဲ့သူပဲ၊ ပြစမ်းပါဦး"

ပြောပြောဆိုဆို ကပ္ပိယကြီးက သားလေး လက်ဖဝါးပြင်ကို ဖြန့်ကြည့် လိုက်သည်။ တစ်ဆက်တည်း ဆက် ပြောသည်။

"အမျိုးမြင့်မြတ်တဲ့ဘဝက လာ ခဲ့တာတင် မကဘူး၊ မိဘကိုလည်း ကျေးဇူးဆပ်မယ့် ကလေးပဲ".

"ဗျာ- သားလေးက အမျိုးမြင့် မြတ်တဲ့ ဘဝက လာခဲ့သူ ဟုတ်လား"

"သိပ်သေချာတာပေါ့၊ မိဘ ကျေးဇူးသိတတ်လွန်းပြီး စီးပွားတက် မယ့် ကလေးပဲ၊ ကြီးလာရင် နိုင်ငံခြားကို အိမ်ဦးနဲ့ ကြမ်းပြင်လို အခေါက်ခေါက် သွားနေမယ့်သူပဲ၊ ဒါပေမဲ့ ကလေးကို ဂရုစိုက်ရလိမ့်မယ်၊ သူ့အတွက် ဒါနလုပ် ပေးပါ၊ ဖြစ်နိုင်ရန် ကလေးကိုယ်တိုင် လုပ်ပါစေ"

ကပ္ပိယကြီးက ဗေဒင်လက္ခဏာ မကြည့်တော့ဟု ဆိုသော်လည်း သား လေးကို ကြည့်ပေးခဲ့သဖြင့် ကျွန်တော်တို့ ဝမ်းသာခဲ့ရသည်။

"ကျုပ် ဗေဒင် လက္ခဏာကြည့် တဲ့ အလုပ်တွေ မလုပ်တော့ဘူးလို့ ဆုံး ဖြတ်ထားတာ၊ ဒီကလေးနဲ့တွေ့တော့မှ ကျုပ်ရည်ရွယ်ချက်တွေ ပျက်ခဲ့ရတယ်၊ ဒါကလည်း ဒီကလေးရဲ့ ထူးခြားချက်ပဲ၊ သိပ်ထူးခြားတဲ့ ကလေးပါပဲ၊ ထူးခြားမှု တွေနဲ့ ထပ်တွေ့ရလိမ့်ဦးမယ်"

"ကလေးအတွက် ဘယ်လိုဒါန မျိုး ပြုရမှာလဲ၊ ကပ္ပိယကြီး မြင်သမျှ ပြောခဲ့ပါဦး"

"ဘယ်လို ဒါနမျိုး ပြုရမလဲဆို တာ ထူးဆန်းမှုတွေနဲ့အတူ သိလာပါ လိမ့်မယ်၊ ဆိုင်ရာတွေက ညွှန်ကြားလိမ့် မယ် ထင်ပါရဲ့၊ ကဲ ကဲ တော်လောက်ပြီ ပြန်ကြပေတော့"

ကပ္ပိယကြီးကို နှုတ်ဆက်ကန် တော့ပြီး ကျွန်တော်တို့ ပြန်လာခဲ့ကြ သည်။ အပြန်လမ်းတွင် ကပ္ပိယကြီးပြော ခဲ့သော စကားများကို ကြားယောင်နေ ခဲ့သည်။ သားလေးသည် အမျိုးမြင့်မြတ် သော ဘဝမှ လာခဲ့သူဟု ဆိုခဲ့သည်။ မည်သည့်ဘဝမှ လာခဲ့ပါသနည်း။ ထူးခြားမှုများနှင့် တွေ့ရမည်ဟု ကပ္ပိယ ကြီးက ပြောခဲ့သည်။ ကပ္ပိယကြီးနှင့် တွေ့ပြီးနောက်ပိုင်း သားလေးကို ပိုပြီး ဂရုစိုက်ခဲ့သည်။

ကျွန်တော်လုပ်ငန်းတာဝန်အရ ပဲခူးဘက်သို့ တစ်ပတ်ခန့်သွားခဲ့သည်။ သားလေးနှင့် သူ့အမေလည်း လိုက်ပါခဲ့ သည်။

တာဝန်ပြီးဆုံး၍ ပဲခူးမှ ပြန် ရောက်လာချိန်မှာပင် သားလေးမှာ ကောက်ကာငင်ကာ ဖျားပါတော့သည်။ ဆေးခန်းသို့ ပြရသည်အထိဖြစ်ခဲ့သည်။

ပဲခူးတွင် ကျွန်တော့်သူငယ်ချင်း L.A.O တစ်ယောက်ရှိသည်။ သူလည်း ဂေါက်သီး ဝါသနာအိုးဖြစ်သည်။ ရုံးပိတ် ရက်များတွင် ကျွန်တော့်ကို ပဲခူးသို့ ခေါ်ပြီး ဂေါက်သီးအတူရိုက်လေ့ရှိသည်။ သူငယ်ချင်း ယောက္ခမများက ချမ်းသာ



www.burmeseclassic.com

www.burmeseclassic.com

သုံးလေးယောက်ပဲ ရှိနေတာ၊ ပလ္လင်သေးသေး ကိုးခုပေါ်မှာ ဘုရားကိုးဆူ တစ်ဆူစီ ပူဇော်ထားတာ တွေ့ရတယ်၊ တစ်ဆူချင်း စာတန်းတွေ ပလ္လင်အောက်ခြေမှာ ကပ်ထားတယ်၊ ဘုရင်မကြီး ရှင်စောပုထုလုပ် ပူဇော်ခဲ့တဲ့ ဘုရားတစ်ဆူ ပါတယ်လေ၊ အဲဒီဘုရားက ရတနာတွေနဲ့ စီခြယ်ထားတာ၊ အားလုံးပတ္တမြားတွေချည်းလို့ သိရတာ။

အစ်ကို့အိပ်မက်ကိုလည်း ကျွန်မ သိထားတော့ ရှင်စောပုဘုရားရှေ့ တည့်တည့်မှာ ထိုင်ပြီး ရှိခိုးပူဇော်နေခဲ့တယ်၊ သားလေးအတွက် ဆုတောင်းနေခဲ့တယ်၊ မျက်စိမှိတ် အာရုံယူပြီး သားလေး သက်ရှည်ကျန်းမာဖို့ ဆုတွေတောင်းနေခဲ့တာ၊ အဲဒီအခိုက် ကျွန်မ နံဘေးကို လူတစ်ယောက် ဝင်ထိုင်လိုက်တာ သိလိုက်ရတယ်၊ ထူးဆန်းတဲ့ မွှေးနံ့တစ်ခုလည်း ရလိုက်တယ်၊ သိချင်စိတ်နဲ့ မျက်စိဖွင့်ပြီး စောင်းငဲ့ကြည့်လိုက်မိတယ်"

"မင်းမျက်စိ ဖွင့်ကြည့်လိုက်တော့ ဘယ်သူ့ကို တွေ့ရလဲ"

"ယောဂီဝတ်စုံနဲ့ အမျိုးသမီးတစ်ဦး ကျွန်မဘေးမှာ တွေ့လိုက်ရတယ်၊ ရုပ်ရည်သန့်ပြန့်ချောမောပြီ ဆံထုံးထုံးတာလည်း သပ်ရပ်နေတာပဲ၊ မွှေးရနံ့က သူ့ဆီက ရတာပဲ၊ ရုပ်က တော်တော်ခဲ့တာ၊ မိန်းမချင်းတောင် ငေးကြည့်ရတယ်၊ ကျွန်မသူ့ကို စိတ်ဝင်တစားကြည့်နေတုန်း သူ ဘုရားဝတ်ပြုနေရာက ခေါင်းမော့လာပြီး ကျွန်မကို ပြန်ကြည့်တယ်၊ ကျွန်မတို့ အကြည့်ချင်းဆုံသွားတယ်။

သူ့အကြည့်မှာ စွမ်းအားတစ်ခုခု ပါလာသလိုပဲ၊ မျက်လုံးချင်း မဆိုင်ဝံ့တော့ဘဲ ကျွန်မ ချက်ချင်း မျက်လွှာချလိုက်မိတယ်၊ အဲဒီမှာပဲ သူက သမီးတော်လို့ ကျွန်မကို ခေါ်ပြီး စကားစပြောတယ်"

"ဘာ ဘာပြောတယ်၊ မင်းကို သမီးတော်လို့ခေါ်ပြီး စကားပြောတယ် ဟုတ်လား"

ချက်ချင်း ကျွန်တော့်အိပ်မက်ကို သတိရမိပြီး မေးလိုက်ခြင်း ဖြစ်သည်။

"အသက် အရွယ်က ဘယ်အရွယ်လောက်လဲ"

"အသက်က ငါးဆယ်ဝန်းကျင်လောက်ရှိမယ် ထင်တာပဲ၊ ဥပမိရုပ် တော်တော်ကောင်းတယ်၊ ပြီးတော့ ဆံထုံး ထုံးထားတာလည်း သပ်ရပ်နေလိုက်တာ"

"ယောဂီဝတ်စုံနဲ့ အသက်ငါးဆယ်ဝန်းကျင် ရုပ်သန့်သန့်ခံ့ခံ့၊ ပြီးတော့ ဆံထုံးကို သပ်သပ်ရပ်ရပ် ထုံးထားတယ် ဟုတ်လား"

"ဟုတ်တယ်၊ တစ်လောတုန်းက အစ်ကို့ကို အိပ်မက်ပေးခဲ့သေးတယ်လေ၊ အစ်ကို ပြောခဲ့တဲ့ ပုံစံအတိုင်းပဲ"

"ဟုတ်တယ်၊ မင်းတွေ့ခဲ့တာ ငါ့အိပ်မက်ထဲက ရုပ်ရည်မျိုးပဲ၊ ငါ့ကို အိပ်မက်ပေးတုန်းက သားတော်လို့ စခေါ်ပြီး စကားပြောခဲ့တယ်၊ ခု မင်းကို သမီးတော်လို့ခေါ်ပြီး စကားပြောတယ်၊ ဘာတွေ ပြောသေးလဲ လုပ်ပါဦး"

"သမီးတော်တို့ရဲ့ သားလေးဟာ ဘုရင်မကြီး ရှင်စောပုရဲ့ အနွယ်တော်ထဲက ဖြစ်တယ်၊ အမျိုးမြင့်မြတ်တဲ့ ဘဝက လာခဲ့သူ ဖြစ်တယ်၊ မိဘကို ကောင်းကျိုးပြုမယ့်သားလေး ဖြစ်တယ်တဲ့၊ ဒါပေမဲ့ သူ့မှာ အသက်အန္တရာယ် ရှိနေတယ်တဲ့။

သားလေး အသက်ရှည်အောင် ပဲခူး ရွှေမော်ဓောဘုရားမှာ ရွှေသင်္ကန်း ကပ်လှူဖို့ ငွေတစ်သောင်းတိတိ ရွှေ
သင်္ကန်းအတွက် လှူပါတဲ့"

"ဘာပြောတယ်၊ ပဲခူးရွှေမော်
ဓောဘုရားမှာ ရွှေသင်္ကန်း ကပ်လှူ
ငွေတစ်သောင်းတိတိ လှူရမယ် ဟုတ်
လား၊ ပြီးတော့ရော ဘာပြောသေးလဲ"

ဇနီးသည် ခင်ခင် ပြန်ပြောလိုက်
သော စကားကြောင့် ကျွန်တော် အံ့ဩ
ထိတ်လန့်တုန်လှုပ်သွားခဲ့ရသည်။ ခဏ
တရက် မှင်တက်မိသွားခဲ့သည်။

ကျွန်တော့်ဇနီးက -

"ငွေတစ်သောင်း လှူပြီးရင်
အလှူခံဌာနက အမှုပေးဝေတဲ့အခါ
ဒီအတိုင်း အမှုပေးဝေပါတဲ့၊ ကိုးခေါ
တိတိ ရွတ်ဆိုအမှုပေးဝေပါတဲ့၊ ဘယ်
ရွတ်ဆိုရမလဲဆိုတော့ -

ဘုရင်မကြီး ရှင်စောပုကို အမှူး
ထား၍ ရှေးဘဝက တော်စပ်ခဲ့ဖူးသော
မိဘောင်း ဖဘောင်း၊ ဘိုးဘောင်း ဘွား
ဘောင်း၊ ဆွေတော် မျိုးတော်များ
အားလုံး သားလေး မောင်ကျော်ကျော်
ကောင်းမှုကုသိုလ်ကို သာဓုအနုမော
ဒနာ ခေါ်ဆိုနိုင်ပါရန် အမှုပေးဝေ
တယ်၊ ရောက်ရာဘုံဘဝက သာဓုခေါ်
ဆိုနိုင်ကြပါစေ၊ စေတီတော်မြတ်ကြီး
ရွှေသင်္ကန်းကပ်လှူပူဇော်နိုင်ရန်အတွက်
သားလေးမောင်ကျော်ကျော်က ငွေ
တစ်သောင်းကျပ်တိတိ လာရောက်
ဒါန်းပါတယ် လို့ဆိုပြီး ကိုးခေါက်တိ
ရွတ်ဆိုရမယ်လို့ ပြောတယ်"

ဇနီးသည် စကားအဆုံး
ကျွန်တော် စကားမပြောနိုင်တော့
မယုံနိုင်ဖွယ်အဖြစ်ကြောင့် တုန်
လှုပ်လှုပ် ဖြစ်နေမိသည်။

ကျွန်တော့်သားလေး
ကျော်သည် တပွဲယကြီးရွှေမိုး
မြင်ခဲ့သလို အမှန်တကယ်အမျိုးမြ



www.burmeseclassic.com

www.burmeseclassic.com

သူဘဝမှ ရောက်လာသူလား၊ ဘုရင်မကြီး ရှင်စောပု၏ အနွယ်တော်များပင်လော၊၊ ထိုယောဂီဝတ်စုံနှင့် အမျိုးသမီးကြီးက မည်သူဖြစ်သနည်း ဆိုသည်ကို ကျွန်တော်တွေးနေမိသည်။ ဇနီးသည် စကားဆက်လိုက်မှ ကျွန်တော်သတိဝင်လာသည်။

"ကျွန်မကို ထူးဆန်းတဲ့စကားတွေပြောပြီး အိမ်ပေါ်က ဆင်းသွားတယ်၊ သူဆင်းသွားတာနဲ့ မွှေးတဲ့အနံ့လည်း ပျောက်သွားတော့တယ်၊ အစ်ကို့ အိပ်မက်ထဲက အတိုင်းဖြစ်နေတော့ သူ့အကြောင်း သိချင်လာတယ်၊ ဒါနဲ့ အိမ်ရှင်ဒေါ်တင့်ကို မေးကြည့်တယ်။

ဒီလောက်လှတဲ့မိန်းမ တစ်ခါမှ မတွေ့ဖူးဘူးတဲ့၊ ဒီရပ်ကွက်မှာလည်း မမြင်ဖူးဘူးတဲ့၊ အသိလည်း မဟုတ်ဘူး၊ ဖိတ်ထားတာလည်း မဟုတ်ဘူးတဲ့၊ ကျွန်မအနားမှာ ထိုင်ပြီး စကားပြောနေတော့ ကျွန်မခေါ်လာတာလို့ ထင်နေတာတဲ့၊ ထူးဆန်းတာက ဒေါ်တင့်တို့ မွှေးနံ့မရဘူးတဲ့၊ ဒေါ်တင့် စကားဆုံးတာနဲ့ ကျွန်မ အိမ်အောက် ဆင်းလိုက်သွားတယ်၊ အဲဒီမှာ အံ့ဩဖို့ကောင်းတာ ထပ်ကြုံရပြန်တယ်"

"ငါ တော်တော်စိတ်ဝင်စားလာပြီ ဆက်ပြောပါဦး"

"ကျွန်မ ဆင်းလာတော့ အဲဒီ အမျိုးသမီးခြံဝရောက်နေပြီ၊ သူ့နောက်ကျောပဲ လှမ်းမြင်နေရတယ်၊ ကျွန်မ ခပ်သွက်သွက် မပြေးရုံတစ်မည် ဆက်လိုက်သွားတယ်၊ သူ ခြံတံခါးက ထွက်သွားတာ တွေ့နေရတယ်၊ ကျွန်မ ခြံပြင်ရောက်ရော သူ့ကို လုံးဝမတွေ့ရတော့ဘူး၊ ပျောက်သွားတော့တာပဲ"

"ခြံပြင်ရောက်တာနဲ့ ပျောက်သွားတယ် ဟုတ်လား"

"ဟုတ်တယ် အစ်ကို၊ မျက်စိအောက်က ရုတ်တရက် ပျောက်သွားတာ၊ မသင်္ကာလို့ ကားမှတ်တိုင်အထိ လိုက်ကြည့်ခဲ့သေးတယ်၊ လူလည်း ရှင်းနေတာပဲ၊ အစအနတောင် မတွေ့ရတော့ဘူး"

"ငါဘယ်လို ပြောရမှန်းတောင် မသိတော့ပါဘူး ခင်ခင်ရယ်၊ အဲဒီ မိန်းမက ငါ့အိပ်မက်ထဲကအတိုင်း ရုပ်ရည်တူနေပြီး အမှျပေးဝေဖို့ ပြောခိုင်းတဲ့စကားတွေလည်း ဘာလို့ တစ်ထပ်တည်း ဖြစ်နေရတာလဲ"

"ကျွန်မ ဆုံးဖြတ်လိုက်ပြီ၊ အစ်ကို ဘာမှ မပြောပါနဲ့တော့၊ ယုံတာ မယုံတာ အစ်ကို့ သဘောပဲ၊ ကျွန်မတော့ ယုံသွားပြီ၊ သားလေးအတွက် ပြောတဲ့အတိုင်း လုပ်ရတော့မယ်၊ ကျွန်မတို့ သားအမိကို ပဲခူးလိုက်ပို့ပေးပါ။

ရွှေမော်ဓောဘုရားမှာ ရွှေသင်္ကန်းကပ်ဖို့ သားလေးရဲ့ နာမည်နဲ့ ငွေတစ်သောင်းလှူမယ်၊ ယောဂီဝတ် အမျိုးသမီး ပြောသွားတဲ့အတိုင်း ကျွန်မ လုပ်ပါရစေ"

✿

"မင်းပြောခဲ့တာတွေက မင်းနဲ့ ကပ္ပိယကြီး ရွှေမိုးတွေ့ပြီးမှ စခဲ့တဲ့ ဇာတ်လမ်းပဲ၊ သင်္ကန်းနက်ပုတီးကုံးက စခဲ့တဲ့ အဖြစ်ပဲ၊ စိတ်ဝင်စားဖို့ ကောင်းလိုက်တာ"

"ငါလည်း ငါ့သားနဲ့ မိန်းမကို ရွှေမော်ဓောဘုရား လိုက်ပို့ခဲ့တယ်၊ ငါ့ မိန်းမဆန္ဒအတိုင်း ဘုရားမှာ ရွှေသင်္ကန်း ကပ်လှူ အမှျပေးဝေခဲ့တယ်၊ လွန်ခဲ့တဲ့ နှစ်အစိတ်လောက်က ငွေတစ်သောင်းက နည်းတာမှ မဟုတ်တာ"

"အဲဒီလို ဒါနပြုပြီးတော့ ထူးခြားတာတွေ ဖြစ်သေးလား၊ မင်းသားမောင်ကျော်ကျော် ပဲခူးဖြတ်သွားတိုင်း ဖျားသေးလား"

"အဲဒီနောက်ပိုင်း ငါ့သားလုံးဝ မဖျားတော့ဘူး၊ အရွယ်ရောက်လာတော့ ဆယ်တန်းကို နှစ်ချင်းပေါက် အောင်ခဲ့တယ်၊ ဂုဏ်ထူးလေးဘာသာ ပါခဲ့တယ်၊ ဆေးတက္ကသိုလ် အမှတ်မီပေမယ့် သူက အင်ဂျင်နီယာဖြစ်ချင်တယ်တဲ့၊ နည်းပညာတက္ကသိုလ်ပဲ ဆက်တက်ခဲ့တယ်၊ M.P မေဂျာနဲ့ B.E ဘွဲ့ရခဲ့တယ်။

သူ့ဆန္ဒအတိုင်း DOCK SERVICE လိုချင်တယ်ဆိုလို့ ဒေါပုံက သင်္ဘောကျောင်းမှာ သင်တန်းတက်ခွင့်ရအောင် လုပ်ပေးခဲ့ရတယ်၊ အဲဒီတုန်းက ငါက ဝန်ထမ်းဖြစ်နေဆဲဆိုတော့ ဆိုင်ရာပတ်သက်ရာ အသိအကျွမ်းတွေကို အကူအညီတောင်းခဲ့ရတယ်၊ သားလေးက ကွန်ပျူတာသင်တန်း၊ SPEAKING သင်တန်းတွေလည်း တက်ခဲ့တယ်"

"မင်းရဲ့သား ကျော်ကျော် ခုဘာလုပ်နေလဲ၊ အိမ်ထောင်ကျပြီလား"

"အိမ်ထောင်မပြုသေးဘူး၊ မင်းတူက သင်္ဘောမှာ အင်ဂျင်နီယာအရာရှိ ဖြစ်နေပြီ၊ ကနေဒါးယန်းအေ့စ် သင်္ဘောလိုင်းမှာ လုပ်နေတာ၊ ကမ္ဘာပတ်ပြီး ငွေရှာနေတာ ဆိုပါတော့ကွာ၊ ငါ့သားနဲ့ ပတ်သက်ပြီး ကပ္ပိယကြီး ကြိုတင်မြင်ခဲ့တာတွေ ဂမ္ဘီရဆန်ဆန်မှါပဲကွာ၊ ကပ္ပိယကြီး ပြောခဲ့သလို ငါ့သားက နိုင်ငံခြားကို အိမ်ဦးနဲ့ ကြမ်းပြင်လို အခေါက်ခေါက် သွားရမယ်တဲ့၊ အားလုံးမှန်နေပြီလေ၊ SECOND ENGINEER ရာထူးနဲ့ ကမ္ဘာပတ်နေတာ၊ လူပျိုဘဝနဲ့ မိဘ နှစ်ပါးကို လုပ်ကျွေးနေတာ၊ ကပ္ပိယကြီးကို တွေ့ချင်လို့ မှော်ဘီသွားဖို့တောင် စိတ်ကူးခဲ့သေးတယ်၊ ကပ္ပိယကြီး သက်ရှင်ထင်ရှားရှိ မရှိ မသေချာလို့ မင်းကို





www.burmeseclassic.com

www.burmeseclassic.com

ရှာခဲ့တာ၊ ကပ္ပိယကြီးကို ငါ့သားက ကန်တော့ချင်နေတာ"

"ကပ္ပိယကြီးက အသက် ကိုးဆယ်ကျော်ပြီလေ၊ တပည့်နှစ်ယောက်နဲ့ အဓိဋ္ဌာန်ခရီးထွက်သွားတာ၊ အဓိဋ္ဌာန်ခရီးပြီးရင်လည်း သထုံဘက်မှာပဲ ဆက်နေမယ် ထင်တယ်၊ မြသပိတ်တောင်မှာဖြစ်ဖြစ်၊ ကေလာသတောင်ပေါ်မှာဖြစ်ဖြစ် တရားစခန်း အမြဲတမ်းဝင်မယ်လို့ သတင်းရတယ်၊ တွေ့ဖို့တော့ လွယ်မယ်မထင်တော့ဘူး၊ ပြီးတော့ လူတွေနဲ့ သိပ်ပြီး အတွေ့မခံတော့ဘူးလို့လည်း သိရတယ်"

"အေးလေ ငါ့သားနဲ့ ငါ့မိန်းမတို့က သိပ်တွေ့ချင်နေတာ၊ မတွေ့နိုင်တော့လည်း ဘယ်တတ်နိုင်ပါ့မလဲ"

"ဒါနဲ့ ကျော်အောင်၊ မင်း ဘယ်ကို ပြန်မှာလဲ"

"ပြည်ထောင်စုရိပ်မွန် အိမ်ရာမှာ တိုက်ဝယ်ထားတယ်၊ တိုက်ဝယ်ထားတယ်ဆိုလို့ အထင်မကြီးပါနဲ့ကွာ၊ သားကျော်ကျော် ဝယ်ပေးထားတာပါ"

"အဲဒီ ပြည်ထောင်စုရိပ်မွန် အိမ်ရာက ဘယ်နားမှာရှိတာလဲ"

"သင်္ဃန်းကျွန်းအလွန် ငမိုးရိပ်တံတား ဒီဘက်မှာ ရှိတယ်"

"ကပ္ပိယကြီး ပြောခဲ့သလိုပဲ မင်းသားက မိဘအကျိုးပြုတဲ့သား ဖြစ်နေပြီပေါ့"

"ကပ္ပိယကြီးရွှေမိုးရဲ့ စကားတွေက သိပ်မှန်တယ်၊ ငါ ပင်စင်ယူတော့ အဖေ ဝါသနာပါတဲ့ ဂေါက်သီး ဆက်ကစားပါတဲ့၊ ဂေါက်သီးကစားဖို့ တစ်လတစ်သိန်း သီးသန့်ကန်တော့တယ်၊ ကြုံရင် ကြုံသလို ဂေါ့ဖ်ဆက်တွေလည်း ဝယ်ခဲ့တယ်၊ ကျန်တဲ့ အိမ်စရိတ်တော့ သူ့အမေကို ပေးတယ်လေ၊ သားလေး ကျေးဇူးနဲ့ ခုလို နေနိုင်တာပါ၊ သားလေးက ပြည့်ပြည့်စုံစုံ ဖန်တီးပေးထားတယ်လေ"

သူငယ်ချင်းကျော်အောင်က သူ့လိပ်စာပေးခဲ့သည်။ ကျွန်တော်တို့ နှစ်ယောက် ကားမှတ်တိုင်ရှိရာ ထွက်လာခဲ့ကြသည်။ မှတ်တိုင်ရောက်ပြီး ကျော်အောင်က သင်္ဃန်းကျွန်းဘက် သွားမည့် ဘတ်စ်ကားပေါ် တက်သွားသည်။ ကျော်အောင်နှင့် လမ်းခွဲခဲ့သော်လည်း ကပ္ပိယကြီး ရွှေမိုးနှင့် ဂမ္ဘီရဆန်သော ကျော်အောင်၏သား ကျော်ကျော် အကြောင်း ကျွန်တော့်အတွေးထဲ ကျန်ရစ်ခဲ့သည်။

**မောင်မောင်မိုးအောင်**

❑


# ဆရာဦးအောင်ကြည်သန်း B.Sc (Bot)

## လက္ခဏာ နှင့် နက္ခတ်ဗေဒင်ပညာရှင်

◎ စီးပွားလုပ်ငန်းအသစ် လုပ်ကိုင်ရန် ◎ အချစ်ရေး၊ အိမ်ထောင်ရေး အခြေအနေ သိရန် ◎ ကျန်းမာရေး အခြေအနေ သိရန် ◎ လက်ထပ်ရန် သင့်၊ မသင့် ဇာတာတိုက်စစ်ရန် ◎ လက်ထပ်မင်္ဂလာအခါရွေးရန် ◎ ကလေး ခွဲစိတ်မွေးဖွားရန်အတွက် ရက်မြတ်ချိန်ခါရွေးရန် ◎ ကလေးနာမည် ပေးရန် ◎ အိမ်၊ တိုက်၊ အဆောက်အအုံ ဆောက်ရန်အတွက် မြေသန့် ပန္နက်တင်မင်္ဂလာရွေးရန် ◎ သင်ယူလိုသော ပညာရေးလိုင်း အကျိုးပေး၊ မပေး သိရန် ◎ နိုင်ငံခြားထွက် အလုပ်လုပ်ရန် ကောင်း၊ ဆိုးသိရန် . . . အစရှိသော သိလိုသည့် အကြောင်းအရာများကို ဆရာနှင့် ဆွေးနွေးနိုင်ပါသည်။ အောင်မြင်လိုသော ကိစ္စတို့အတွက် မာတ်ရိုက်မာတ်ဆင်၊ နဝင်းယတြာ၊ အင်းယတြာ၊ ရတနာဒီပံယတြာ စသည့် အစီအရင်များဖြင့် လိုအပ်သလို အကူအညီ ပေးနေပါသည်။

ငွေကြိုသွင်းပြီး ဖုန်းဖြင့် ဗေဒင်မေးနိုင်ပါသည်။ CB Bank A/c No - 0019600100036439

တောင်ဥက္ကလာဘတ်ခွဲ၊ ရန်ကုန်မြို့၊ နိုင်ငံသားမှတ်ပုံတင်အမှတ် - ၁၀/မဒန(နိုင်) ၀၁၃၄၂၂

ဟောခန်း - အမှတ် (၆)၊ မိုးကောင်းဘုရား မြောက်ဘက်မုခ်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ☎ ၀၉ ၂၅၀ ၄၄၇၂၀၂

ဟောခန်းဖွင့်ချိန် - နေ့စဉ် နံနက် (၉ း ၃၀) မှ ညနေ (၅ း ၄၅) နာရီထိ။




www.burmeseclassic.com

www.burmeseclassic.com

# ရှက်သွေးပန်းနု

ရေး (တောင်ငူ)



ဝါဝါ ပြန်တော့မည်။

ဝါဝါ အပြီးပြန်တော့မည်။

နောက်ပြောင်နေခြင်း မဟုတ်မှန်း အိမ်သားများ၏ မျက်နှာရိပ်မျက်နှာကဲကို ကြည့်ခြင်းအားဖြင့် သိနိုင်သည်။

အထူးသဖြင့် နဂိုကတည်းက စကားနည်းသည့် မေမေသည် ပိုလို့ပင် နှုတ်ဆိတ်နေကာ ကွမ်းတွေသာတစ်ယာပြီးတစ်ယာ ဝါးလိုက် ထွေးလိုက် လုပ်နေသည်။ နေ့စဉ် နံနက်တိုင်း သောက်နေကျ ကော်ဖီကိုပင် သောက်ဖို့ငြင်းဆန်နေ၏။

ဝတ်လုံတော်ရရှေ့နေကြီး ဗိုလ်သစွာ စကားတစ်ခွန်းကို ခရေစေ့တွင်းကျလိုက်ပြီး စစ်စစ်ပေါက်ပေါက် ပြောတတ်သည့် ဖေဖေကမူ -

"မိဝါ တို့များဆီ အလည်လာဦးပေါ့" ဟုဆိုကာ မျက်နှာကြီးမဲ့သွားပုံကဝင် မကြည်ပြာတို့ အိမ်သားတွေအဖို့ ပိုလို့ပင် စိတ်မကောင်း ဖြစ်ကြရသည်။

ဝါဝါကကော. . .။

ဝါဝါသည် သူ့အား လာခေါ်သည့် အမေကို တိုးလျှိုးတောင်းပန်သည့် မျက်နှာငယ်လေးနှင့် ကြည့်လိုက်ပြီး မျက်ရည်စတွေက မျက်နှာတစ်ပြင်လုံးမှာ ပိုးပိုးပေါက်ဖေါက်ကျနေသည်။ နှပ်တွေကို ညှစ်ထုတ်လိုက်ပြီး ခါးက ထဘီမှာ သုတ်လိုက်သည်။ ထိန်းမနိုင် သိမ်းမရ စီးကျလာသည့် မျက်ရည်တွေကို

www.burmeseclassic.com

သူ့လက်ဖမိုးလေးနှင့် သုတ်လိုက်ပြီး အမေ့ကို မော့ကြည့်လိုက်သည်။

"နောက် . . . နောက်တစ်နှစ် လောက်မှ ဆိုရင်ကော အမေ" ဟု မဝံ့ မရဲလေး မေးလိုက်သည်။ အမေသည် ဝါဝါ့အား အပြစ်တင်လိုဟန် မျက်နှာပေးနှင့် ချဉ်ချဉ်စူးစူး ကြည့်လိုက်၏။

"ဒီမှာ အခု ကောင်းကောင်းခေါ် နေတုန်း လိုက်ချင်လိုက်၊ မဟုတ်ရင် နင့်ပထွေးကို လွှတ်လိုက်မယ်"

အမေ့အသံသည် မာရေကျော ရေရှိကာ မျက်နှာသည်လည်း ထန်လှ၏။ ပထွေး၊ ဒီအသံကို ကြားရုံနှင့်ပင် ဝါဝါ ကြက်သီးတွေ ဖြန်းဖြန်းထကာ ကျောချမ်းသွားသည်။ ပထွေးဖြစ်သူ၏ ထူအမ်းအမ်း မျက်နှာကြီးကိုလည်း တစ်စက်လေးမျှ မမြင်ချင်၊ မကြည့်ချင်။ ဖြစ်နိုင်မယ်ဆိုရင် ဝါဝါ ဒီမှာပဲ တစ်သက်လုံးနေချင်သည်။

ဝါဝါ့အပေါ် ချစ်ခင်ကြင်နာကြသည့် မမကြည်ပြာတို့ မိသားစုနှင့်သာ အတူနေချင်မိပါသည်။ ဝါဝါသည် စိတ်ထဲက တွေးဆထားသည့်အတိုင်း လုံးဝ ဖြစ်မလာနိုင်တော့သည်ကို သေချာပေါက် သိလိုက်သည်နှင့် စိတ်ကို လျှော့ချလိုက်ကာ ဘိုးဘိုးကြီး၊ ဘွားဘွားကြီးနှင့် မမကြည်ပြာတို့အား နောက်ဆုံးအနေနှင့် ဦးချကန်တော့လိုက်ပြီး အမေ့နောက်ပါးမှ အိတ်ဆွဲကာ လေးကန်နေသော ခြေလှမ်းတို့ဖြင့် ခြံဝင်းကြီးထဲမှ တရွေ့ရွေ့လှမ်းကာ ထွက်ခွာလာခဲ့ပါတော့သည်။

✿

ဝါဝါ ရောက်လာခြင်းသည် မမကြည်ပြာတို့ အိမ်သားတွေအတွက် ကိုရီးယားဇာတ်လမ်းတွဲ ကြည့်ရသလို စိတ်ဝင်စားဖို့ကောင်းမှန်း ရောက်စက မသိခဲ့ချေ။ ပိန်လို့ သေးကွေးလှသည့် ကလေးမလေးဟုသာ အမှတ်သညာ ပြုမိကြရုံမျှသာ။

ဝါဝါ ပြန်သွားခြင်းအတွက်က တော့မှ အိမ်သားများ၏ နှလုံးသား တစ်နေရာမှာ လစ်ဟာနေစေပြီး သူ့အား တသသ လွမ်းဆွတ်မှုတွေ ဖြစ်စေသည် ကိုလည်း မည်သူမျှ မငြင်းနိုင်ခဲ့။

ဝါဝါ ရောက်လာခြင်းနှင့် ပြန်ခြင်း ကြားက နေခြင်းသည်သာလျှင် မကြည်ပြာတို့ အိမ်သားတွေရဲ့ စိတ်နှလုံးကို သိမ်းကျုံးယူငင် ဆွဲဆောင်မှုနိုင်ခဲ့ သည့်ကတော့ အမှန်ပင် ဖြစ်နေပါတော့ သည်။

မျက်နှာဝိုင်းဝိုင်း၊ မေးစေ့ချွန်ချွန် နှာခေါင်းပြားပြား၊ မျက်လုံးပြူးပြူး၊ ဆံရစ်ဝိုင်းလေးနှင့် အသား မလတ် တလတ် ကလေးမလေးသည် ဝါဝါ ဖြစ်သည်ဆိုတာကိုတော့ အထွေအထူး ပြောပြရန် လိုမည်မထင်ပါ။ စွန်းထင်း နေသည့် ရှင်မီးအင်္ကျီလေးနှင့် အရောင် မထွက်သည့် စပ်ထဘီလေး ဝတ်ထား သည့်တိုင် မျက်လုံးပြူးလေးကလည်း အရောင်မထွက်ဘဲ ဖျော့တော့နေလေ သည်။

သူ့အား စကားပြောလျှင် ကြက် တူရွေးလေးအလား ခေါင်းလေးကို ငဲ့ စောင်းကာ မျက်လုံးလေးထောင့်ကပ်ပြီး နားထောင်တတ်သည်။

"ဒါကို ဒီလို လုပ်ရတယ် မှတ် ထားနော်" ဟု ပြောလျှင် ဟုတ်ကဲ့ မသုံး၊ "အင်း" ဟုသာ ပြောသည်။ နောင်မှသာ တဖြည်းဖြည်း ယဉ်ပါးလာ ပြီး "ဟုတ်ကဲ့" သုံးတတ်လာသည်။ "ဝါဝါရေ ဟေ့ ဝါဝါ" ဟု နှစ်ခွန်း သုံး ခွန်း ဆင့်အော်လိုက်မှ ရောက်သည့် နေရာမှ "ရှင်" ဟု ထူးတတ်သည်။

"ရှင် အသာထားခဲ့၊ လူအရင် လာဟေ့" လို့ ပြောသည့်အခါမှာတော့ ဝါဝါသည် လျှာလေးတစ်လစ်လှုပ်ကာ ရယ်ကျဲကျဲနှင့် အနားရောက်လာသည်။

ရောက်ခါစမို့ သူ့အကြောင်း ကိုယ်မသိ၊ ကိုယ့်အကြောင်း သူမသိမို့ မကြည်ပြာတို့ အိမ်သားတွေ စိတ်ညစ်ရ အာပေါက်ရသည်။

မသိ၊ မတတ်၊ နားမလည်တာ တွေကို သင်ယူ သင်ယူရင်း နေသား ကျလာသည်နှင့်အမျှ အာပေါက် သက် သာလာပြီး သေးသေးဖွဲဖွဲ ကိစ္စလေး တွေမှာ မျက်နှာလွှဲလို့ ရလာခဲ့သည်။ တစ်စ တစ်စ ဝါဝါသည် အသုံးတည့် လာသည်။ အသုံးဝင်လာသည်၊ ဝါဝါ့ နာမည်သည် မကြည်ပြာတို့ အိမ်သား များ၏ ပါးစပ်ဖျားမှာ စီးနေပြီး မိုးလင်း က မိုးချုပ် တစ်ဝါဝါတည်းဝါနေကြတော့ ၏။

မကြည်ပြာ၏ ဖေဖေနှင့် မေမေ သည် အသက်ခုနစ်ဆယ်ကျော်ရှစ်ဆယ် တွင်းတွေမို့ အိုမင်းမစွမ်းတွေဖြစ်တာ အနားမှာ လူတစ်ယောက်က အမြဲရှိနေ ရသည်။

မကြည်ပြာ၏ အစ်မတော်များ ကလည်း နိုင်ငံ့ဝန်ထမ်းကောင်းတွေ ပီသစွာ စံတော်ချိန်နှင့်အညီ ထွက်ကြ ရပြီး ကျောင်းတံခါးပိတ်မှသာ အိမ်ပြန် သူများ ဖြစ်ကြသည်။

မကြည်ပြာကတော့ လက်ဆ လက်ကိုင်ပြစရာ ဘွဲ့တစ်ခုရပြီးသည်မှ အဖေ၊ အမေနားမှာပဲနေသည်၊ ဖေဖေ့ ဝစ္စတွေ လုပ်ပေး၊ ချက်ရေးပြုတ်ရေး တွေနှင့်သာ လုံးပန်းနေတတ်သည်။

ဝါဝါရောက်လာတော့ မကြည် ပြာ အသက်ရှူနည်းနည်းချောင်လာ သည်။ အိမ်ရှေ့၌ ဝါဝါ့ရှိနေလျှင်



www.burmeseclassic.com

www.burmeseclassic.com

ချောင်မှာ မကြည်ပြာ အေးအေးဆေးဆေး ချက်ပြုတ်လို့ရသည်။

အရေးမကြီးသည့် အဝတ် အထည်လောက်သာ ဝါဝါ့ကို လျှော်ဖွပ်စေပြီး အချိန်ရသည်နှင့် မီးပူတိုက်ဆင်ရသေးသည်။

မီးဖိုချောင်ကို အာဏာကုန်ရထားသည့် မကြည်ပြာသည် အိမ်ရှေ့ဆီမှ စကားသံတွေကိုလည်း ချက်ရင်းပြုတ်ရင်း ကြားနေရသည်။ ဝါဝါကို မြင်သည်နှင့် မေမေက -

'ကွမ်းအစ် ယူပေးဦး၊ ထွေးခံ ယူပေးဦး၊ ကွမ်းသွားဝယ်ချေဦး' တွေနှင့် တစ်မျိုးပြီးတစ်မျိုး မရိုးရအောင် ခိုင်းပေလိမ့်မည်။ မေမေခိုင်းတာတွေကို လုပ်လို့မှ မပြီးသေး ဖေဖေက တစ်ခါ-

'ဆီးအိုး ပြည့်နေပြီ သွန်ချေဦး' ဟု ခိုင်းမည်။ သည်အခါ ဝါဝါ ထွေးခံကို ချ၍ ဆီးအိုးကို မရပြန်သည်။

'ဟော- ဆီးတွေ ဖိတ်ကုန်ပြီ၊ သုတ်ချေဦး' ဆိုသည်နှင့် ဝါဝါ ဆီးအိုးကိုချ အဝတ်စုတ်နှင့် သုတ်ရပြန်သည်။

ဒီကြက်မှာ ဘာလုပ်နေမှန်းမသိ မေမေက ထွေးခံမရလို့ အော်ချေပြီ။ ဝါဝါ မကြား၊ ဘယ်ကြားလိမ့်မတုန်း အိမ်သာထဲ ရောက်နေသည့် ဝါဝါကို ကြည်ပြာ တံခါးထုပြီး ခေါ်ရသည်။ ဝါဝါ ထွက်လာပြီး ကသုတ်ကရက်နှင့် အိမ်ရှေ့ ပြန်ပြေးသွားသည်။

အိမ်ရှေ့နှင့် အိမ်နောက်ကို လူးလာခတ်နေသည့် ဝါဝါ့ကို ကြည့်ပြီး ကြည်ပြာ တခိခိနှင့်ရယ်မိသည်။ ဝါဝါသည်လည်း သူ့အဖြစ်ကို သူ သတိပြုမိဟာ လိုက်ရယ်နေပေတော့သည်။

ဖေဖေနှင့်မေမေတို့၏ သက်ကြီးရွယ်အိုပုံတွေကို မကြည်ပြာသည်းခံသလို ကြည်ပြာထက် အပုံကြီးနုနယ်ငယ်ရွယ်သော ဝါဝါသည်လည်း ပြေးရင်း လွှားရင်း ရယ်မောရင်းကပင် သည်းခံတတ်လာသည်ကို တွေ့ရတော့ မကြည်ပြာ စိတ်ချမ်းသာမိသည်။ ရှေ့နေ ရှေ့ရပ် အိမ်မို့ ဧည့်များလှသည့်အပြင် တောက်တိုမည်ရတွေ များလှသည့် မကြည်ပြာတို့အိမ်မှာ ဝါဝါ ပျော်စပြုချေပြီ။

ဝါဝါသည် သူနှင့် အနေနီးသည့် မကြည်ပြာကို ပိုလို့ ခင်တွယ်လာခဲ့ပြီး လသာသာ ညများမှာ မကြည်ပြာနှင့် အတူ ခြံထဲလေညင်းခံရင်း သူ့ဘဝလေးကို လွမ်းလွမ်းဆွေးဆွေး ပြောတတ်ပြန်သည်။ ပြောရင်းမှပင် မခံချင်စိတ်လေးနှင့် နာနာကြည်းကြည်း ပြုံးတတ်ပြန်သည်။

ပြုံးရင်းမှပင် ဝါဝါ့ပါးပြင်မှာ မျက်ရည်စတွေ စီးကျလာတတ်ပြန်ပါသည်။ ဩော်- ဝါဝါသည်လည်း ခံစားတတ်ပါကလား။

ဝါဝါသည် သူ၏ တစ်ဦးတည်းသော ညီမလေး ဝိုင်းစိန်အား သတိရသည်။ တွေ့ချင်သည်ဟု မကြာခဏ ပြောတတ်သည်။

မကြည်ပြာက- 'တစ်ခေါက်တစ်ကျင်း အလည်ပြန်ပေါ့ ဝါဝါ' ဟု ပြောသော်လည်း ဝါဝါ ခေါင်းခါသည်။

အမေက 'ပြန်မလာရဘူးတဲ့' ဟုပြောသည်။

ဝါဝါ့ဖေဖေ ရှိစဉ်က ဝါဝါတို့မှာ လယ်ပိုင် ယာပိုင်နှင့် အဖေကိုယ်တိုင် ဦးစီးလုပ်ကိုင်ပြီး ဝါဝါတို့ ညီအစ်မအား ကျောင်းထားပေးသည်။ အမေက အိမ်မှာ ထမင်းချက် ဟင်းချက်၊ ဝါဝါ တတိယတန်း အရောက်မှာ အဖေ ပိုးထိကာ ဆုံးပါးခဲ့သည်။

သည်တုန်းက ညီမလေးဝိုင်းစိန်က ပထမတန်း တက်နေပြီ။ အဖေဆုံး[illegible] ကျောင်းထွက်လိုက်ရပြီး [illegible] လယ်ထဲလိုက်ခဲ့ရသည်။

သည်မှာပင် ဝါဝါ ပထွေးတော်ရမည့်သူနှင့် အမေတို့ လယ်ကိုအကြောင်းပြကာ ပေါင်းဖက်ကြပြန်သည်။ အမေက ဝါဝါတို့ညီအစ်မကို ဘာမှ ကြိုမပြောထား။ အိမ်ပေါ်သို့ အဝတ်တစ်ထည် ကိုယ်တစ်ခုနှင့် ရောက်လာသည့် ပထွေးကို -

'ဒါ နင်တို့အဖေသစ်၊ မှတ်ထား' ဟု ဆိုသည်။

ညညဆို အမေနှင့်အတူ အိပ်နေကြရာက ခုဆို ဝါဝါတို့ ညီအစ်မနှစ်ယောက်တည်း အိပ်ကြရတော့သည်။

ပထွေး ရောက်လာပြီးနောက် ဘာမှမကြာ၊ ဝါဝါတို့ လယ်တွေယာတွေ သူများလက်ထဲ ရောက်သွားခဲ့သည်။ ပထွေးက လယ်ရောင်းလို့ရတဲ့ ပိုက်ဆံတွေကို သုံးဖြုန်းစားသောက်ကာ စည်းစိမ်ခံသည်။ မူးလာပြီး ဝါဝါတို့ ညီအစ်မကို ရန်ရှာသည်။

တစ်ခါသားက ထမင်းခူးမပေးရကောင်းလားဆိုကာ အနားမှာ ပေကတ်ပြီးရပ်နေသည့် ဝါဝါ့ကို နားရင်း ပိတ်အုပ်လိုက်သည်။ ဝါဝါ့နားတစ်ဖက် ပူခနဲဖြစ်သွားကာ သွေးတွေစီးကျလာသည်။ ချက်ချင်းပင် နားအုံတစ်ခုလုံး ရောင်ကိုင်းလာကာအထိ မခံမရပ်နိုင်အောင် နာကျင်နေသည်။

ထိုနေ့က အမေလည်း မရှိ၊ တစ်ဖက်ရွာက နာရေးသွားနေသည်။ အမေပြန်လာလျှင်တော့ ပထွေးနဲ့ ရန်ပွဲကြီး ဖြစ်တော့မှာပဲလို့ ဝါဝါ့စိတ်ထဲ တွေးထင်မိသည်။ တကယ်တမ်း နေဝင်မိုးချုပ် အမေ ပြန်ရောက်လာသည့်အခါမှာ



www.burmeseclassic.com

www.burmeseclassic.com

တော့ ပထွေး၏ ရွှေပြည့်အေးတရားကို အမေ နားဝင်သွားပြီး ဝါဝါ့ကိုပင် အပြစ်တင်သည်။

ထိုနေ့မှစ၍ ဝါဝါ့နားတစ်ဖက်သည် အူ၍နေကာ လုံးဝမကြားရတော့သည့်အခြေ ရောက်ခဲ့ရသည်။ ဝါဝါသည် ပထွေးဖြစ်သူအား ကြည့်မရအောင် မုန်းသည်။ ပထွေး၏ ကျက်သရေမဲ့သည့် မျက်ခွက်ကြီးကို တံတွေးနှင့် ပစ်ပစ်ခါခါ ထွေးပစ်ချင်မိသည်။

ဝိုင်းစိန်လည်း ကျောင်းမနေရတော့။ ပထွေး နှိပ်စက်သည့်ဒဏ်ကို ဝါဝါတို့ ညီအစ်မသာမဟုတ် အမေလည်း ခံနေရသည်။ အဖေ လက်ဖျားနှင့် မထိခဲ့သည့် အမေ့သည် ပထွေးနှင့်ကျမှ ခြေနှင့်ကန်တာခံနေရသည်။ သို့ပေမဲ့ အမေက တစ်ခွန်းမပြော။ အမေ့ဝဋ်က ကြီးလှပေသည်။

သည့်နောက် အမေ ဘာစိတ်ကူးပေါက်သည်မသိ။ ညီမလေး ဝိုင်းစိန်ကို အဒေါ်အိမ်ပို့ထားပြီး ဝါဝါကိုတော့ ရွာခံဆရာမအဆက်နှင့် မြို့က မမကြည်ပြာတို့အိမ် ပို့သည်။

လိုက်ပို့စဉ်က ဆရာမနှင့်အတူ အမေပါသည်။ ဆရာမက မမကြည်ပြာတို့ထံ အပ်ပေးပြီး အမေက ဝါဝါ့လုပ်အားခ တစ်နှစ်စာကို လစာကြို ထုတ်သွားသည်။ ဝါဝါ့ကိုတော့ -

'ပျော်အောင်နေ. ပြန်မလာခဲ့နဲ့'

ပြောပြီး အမေပြန်သည်။

အမေပြန်သွားတော့ ဝါဝါ့မှာ ဝမ်းနည်းသလိုလို ရှိပေမယ့် မျက်ရည်တစ်စက်မကျ။ ညီမလေး ဝိုင်းစိန်ကိုသာ ပိုလို့လွမ်းမိသည်။

မကြည်ပြာသည် ကံအကြောင်းမလှသည့် ဝါဝါ့ဇာတ်ကြောင်းကို သိရကာမှ ဝါဝါ့ကို ပိုလို့သနားမိသည်။

တစ်ခါခေါ်ရုံနှင့် မကြားသည့် ဝါဝါကို နားလေးချင်ယောင်ဆောင်တယ် ဆိုသည့် အတွေးတွေကလည်း တစ်မုဟုတ်ချင်းပင် ကင်းစင်သွားပေတော့သည်။

✿

ဝါဝါသည် အရွယ်လေးရလာသည်နှင့် လှချင်ပချင် ဝတ်ချင်စားချင်လာသည်။ ရောက်စတုန်းကလို ဆံရစ်ဝိုင်းလေးနှင့် ရှင်မီးအကျီ၊ စပ်ထဘီလေးနှင့် မဟုတ်တော့။ မကြည်ပြာတို့အိမ်သားတွေနဲ့ တန်းတူ စားသောက်ရသည်မို့ ဝါဝါ့အသွေးအသားတွေ စိုစိုပြည်ပြည် ဖြစ်လာသည်။

ကိုယ်လုံးလေးလည်း တစ်ရစ်လာကာ ဖွံ့ဖြိုးလာ၏။ မအားလပ်သည့်ကြားက မီးဖိုဆောင်ထဲ လှစ်ခနဲရောက်ရောက်လာပြီး မှန်ဝိုင်းလေးဆီ ခိုးခိုးကြည့်သည်။ လူမိသည့်အခါ ဝါဝါရယ်သည်။ မပွင့်တပွင့်။ ခေတ်ပေါ်သီချင်းတွေကိုလည်း အဝတ်လျှော်ရင်း ညည်းတတ်သေးသည်။

ဘာတဲ့ ဝါဝါ ဆိုဆိုနေသည့် သီချင်းက 'မချစ်ရင် မနေနိုင်တာက လွဲလို့ xxx' တဲ့။

ဝါဝါ ဘယ်သူ့ကိုများ တွေ့ထားပြီး ချစ်နေသတုံး။ ဝါဝါ့နှလုံးသားသည်လည်း ချစ်ခြင်းမေတ္တာကို ငံ့လင့်နေပါကလား။

ဝါဝါသည် ဖေဖေနှင့် မေမေကို အဘိုး၊ အဘွား အရာထားကာ မကြည်ပြာတို့ ညီအစ်မတွေကို အစ်မအရာ၊ အမိအရာထားပြီး သံယောဇဉ်တွေ တွယ်လာခဲ့သည်။ မကြည်ပြာတို့ကလည်း ဝါဝါ့အပေါ် သွေးရင်းသားချင်းပမာ ချစ်ခင်ကြသည်။ တစ်သက်လုံး အပိုင်မွေးစားလိုက်ချင်သည့် ဆန္ဒတွေက အိမ်သားတွေမှာ လိုလိုချင်ချင်ဖြစ်နေကြသည်။

ဖေဖေနှင့် မေမေတို့ကတော့ အထူးပြောရန်ပင်မလို။ သူတို့လည်း ဝါဝါ့ကို အားကိုးချစ်နှင့် ချစ်ကြသည်လေ။ သို့ပေမဲ့ အုပ်ထိန်းသူ လိုင်စင်ရထားသည့် ဝါဝါ့အမေ၏ သဘောထားကိုတော့ ပွင့်ပွင့်လင်းလင်း ဖွင့်မေး... လိုသေးသည်။

ဝါဝါ့ အမေ၏ ဆန္ဒကသာ... မကြည်ပြာတို့နှင့် တစ်ထပ်တည်းကျ... လျှင်တော့ အားလုံး ဝမ်းသာကြရမည်... ကိန်းမျိုးပင်။ အကယ်၍သာ သူ့သမီး... အပိုင်မွေးစားခွင့် မပေးနိုင်ဘူးဆိုခဲ့... ကော မကြည်ပြာတို့ ဘာများ တတ်နိုင်... ပါမည်နည်း။

✿

လသည် လကွယ်ညမို့ ပြည့်ပြ... ဝဝ မသာနိုင်။ တိမ်ညိုတိမ်မည်းများ... ဖုံးအုပ်ထားသဖြင့် ညသည် အမှော... မိုက်နေ၏။ တိမ်မည်းများ တစ်စတ... ပြယ်လွင့်စ ပြုလာသည့်အခါမှာ... လခြမ်းကွေးလေးသည် မသာချင့်... ချင်နှင့် ရေးရေးလေးသာနေသည်။

အပြာရောင် မိုးကောင်းကင်... ကတော့ ပြိုးပြိုးလက်ထနေသည့် ကြ... ကလေးများနှင့် ငြိမ်းချမ်းစွာ လှ... သည်။ လခြမ်းကွေးလေးနှင့် မနီး... က ကြယ်ကလေးတစ်လုံးကတော့... တခြားကြယ်များနှင့်မတူ တစ်မူထူး... လင်းလက်တောက်ပနေသည်။

မကြည်ပြာသည် ထူးစွာလ... သည့် ကြယ်လေးကို ကြည့်ရင်းက... ကို ပြောဖို့ အားယူလိုက်သည်။

အနားမှ ဝါဝါသည်... မကြည်ပြာလိုပင် ကြယ်လေးကို... ကြည့်နေသည်။





www.burmeseclassic.com

www.burmeseclassic.com

"ဝါဝါ"

ဝါဝါ့မျက်နှာလေးက မကြည်ပြာ ဘက်လှည့်လာပြီး မျက်လုံးပြူးလေးနှင့် စိုက်ကြည့်သည်။

"ဝါဝါ့ကို မမကြည်ပြာတို့က ချစ် သည်းချစ်တယ်၊ အားလည်း ကိုးတယ်၊ ဝါဝါ ပျော်တယ်ဆိုရင် မမကြည်ပြာတို့ တစ်သက်လုံး မွေးစားမယ်လေ၊ အပိုင် အပိုင်၊ ဝါဝါကကော. ."

ဝါဝါသည် မမကြည်ပြာအမေး ကို ချက်ချင်း မဖြေနိုင်။ အုံ့ဖြိုဝမ်းသာ ဟန်လေးနှင့် ပါးစပ်လေး ဟနေသည်။ နောက်တော့ကာ သူ့လက်နှစ်ဖက်ဖြင့် မကြည်ပြာတစ်ကိုယ်လုံးကို ဖက်ထား သည်။

ဝါဝါ့ လက်လေးတွေ့ အေးစက် နေသည်။ နှုတ်မှလည်း တလှုပ်လှုပ် ဘရွှရွှနှင့် ဝါဝါ ဘာတွေများ ပြောနေ မှန်း မကြည်ပြာ မသိ။

မကြည်ပြာ လက်မောင်းမှာ အစ်စတစ်စ စိုစွတ်လာခဲ့သည်။ ဝါဝါ ငိုနေပါပကော။

ဝါဝါ့ မျက်နှာလေးကို အသာ ခဲ့ယူမော့လိုက်သည်နှင့် -

"တကယ်နော် မမကြည်ပြာ၊ တကယ်နော်" ဟု ဆိုကာ မျက်ရည် ပေါက်ကြီးတွေ ကျလာပြန်သည်။

"တကယ်ပေါ့ ဝါဝါရယ်. . . တကယ်ပါ"

မမကြည်ပြာနှင့် ဝါဝါ အိမ်ထဲ ဝင်လာကြသည်။ အခြေအနေကို စောင့်ကြည့်နေကြသည့် အစ်မတော် တွေကို မကြည်ပြာ လက်မထောင်ပြ လိုက်သည်။ သူတို့ မျက်နှာပေါ်က ပြုံးပန်းတွေသည် တစ်ဦးနှင့် တစ်ဦး ကူးနှံ့ယ်နေကြပေတော့သည်။

✿

အရှေ့ဖက်ကျောင်းလို့ အလင်းရောက် သည်နှင့် မကြည်ပြာတို့ အိမ်သားများ သည် ထုံးစံအတိုင်း ပုံမှန် လည်ပတ် နေကြသည်။

နေမွန်းတည့်ချိန်မှာတော့ လာ ခဲ့ဘိသည့်ဝါဝါ့အမေသည် တစ်ယောက် တည်း ရောက်လာခဲ့သည်။

မကြည်ပြာသည် စိတ်ထဲမှ ဟန် ကျလေခြင်းဟုတွေးကာ ဝါဝါ့ အမေ အား အပြုံးနှင့် ကြိုလိုက်သည်။

ဝါဝါ့ အမေသည် မကြည်ပြာ အား အပြုံးနှင့် ပြန်လည်တုံ့ပြန်ဖို့ဝေးစွ၊ နှုတ်ခမ်းပါး တွေကို တင်းတင်းစေ့ကာ-

"ကျွန်မ သမီးကို အပြီးလာခေါ် တာ" ဟု ခပ်ပြတ်ပြတ်ပြောလိုက်သည်။

"ရှင်. . ရှင်. . ဘယ်လို"

မကြည်ပြာသည် နားမလည် ဟန်ဖြင့် မေးလိုက်သည်။

ဝါဝါ့အမေ၏ နှုတ်ထွက်စကား သည် လုံးဝပြောင်းမသွားဘဲ မကြည်ပြာ နောက်နားမှာ ရပ်နေသည့် ဝါဝါ့ကို "လိုက်ခဲ့" ဟု ခေါ်သည်။

ဝါဝါ့အမေသည် ဖေဖေ့စကား ကို နားမထောင်၊ မေမေ့ အကြည့်ကို လည်း ရင်မဆိုင်၊ မကြည်ပြာအပေါ် ဂရု မထားဟန်နှင့် မိုင်စိုးပိုင်နင်းရှိလှသည်။

မျက်နှာငယ်လေးနှင့် ငိုယိုကာ နေရဖို့ အရေးဆိုနေသည့် ဝါဝါကို ပထွေးနှင့် ကိုင်ပေါက်သည်။ ပထွေးကို ရွံ့ကြောက်ကြောက်နေသည့် ဝါဝါသည် နေစရာမရှိတော့။

နောက်ဆုံး မကြည်ပြာတို့ လက် လျှော့လိုက်ရသည်။

မွေးထားသည့် အမေ သဘော ကို ဝါဝါ မလွန်ဆန်နိုင်။

မကြည်ပြာသည် ဝါဝါ့ကိုယ် လေးကို တင်းတင်းဖက်ကာ -

"နေလို့ အဆင်မပြေရင် ပြန်လာ ခဲ့နော်" ဟု တရရမှာသည်။

ဝါဝါသည် မျက်ရည်တွေ လူးနေ သည့် မျက်နှာလေးကို ငုံ့ကာ ခေါင်း ညိတ်ရှာသည်။

ဖေဖေ၊ မေမေနှင့် မကြည်ပြာ တို့ကို တစ်ယောက်ချင်းစီ ကန်တော့ သည်။

ဝါဝါ့ အမေသည် ဝါဝါ့နားမှာ အရောင်ထွက်နေသည့် နားကပ်လေးကို မြင်ပုံရသည်။

မကြည်ပြာတို့ ဆင်ပေးထား သည့် ပုလဲနားကပ်လေးသည် ဝါဝါ့နားမှ မြဲမှ မြဲပါ့မလား။ ပထွေးလက်ချက်ဖြင့် ဝါဝါ့နားတစ်ဖက် လေးခဲ့ရသည်။ ဝါဝါ့ အမေကြောင့်လည်း ဝါဝါ့နားမှာ နား ပေါက်ပေါက်ပေါင်းလောင်းနှင့် ဖြစ်နေဦး မည်ကိုလည်း မကြည်ပြာ မျက်မြင်မိပြန် ပါသည်။

တရွေ့ရွေ့နှင့် ကျောခိုင်းထွက် သွားဆည့် ဝါဝါ့ကို မကြည်ပြာတို့ ဘယ် လိုမှ မေ့နိုင်မည်မဟုတ်။

ဘယ်သောအခါမှ ပြန်လည် ဆုံတွေ့နိုင်ကြမည်ကိုလည်း မကြည်ပြာ တို့ မသိနိုင်ပါတကား။

**နွေး(တောင်ငူ)**

❑





www.burmeseclassic.com

www.burmeseclassic.com

# အရင်းအမြစ်

လှိုင်းထက်



ထိုင်းကလာတဲ့ ငါးတင်းဘူး ကလေးကို ကြည့်ရင်း သူ့ဦးနှောက်ကို သူ ဖိဖိစီးစီး အလုပ်ပေးနေတယ်။ ငါးတင်းဘူးအဝိုင်းကလေးဟာ ငါးတင်းဘူးတွေထဲမှာ အသေးဆုံးဘူးကလေးပဲ။ တစ်ဘူးကို (၂၂)ကျပ် ပေးဝယ်ရတယ်။ ပလာတူးငါး သုံးကောင်လောက်ပဲ ပါတာ။

မြန်မာငွေနဲ့ဆိုရင် တစ်ကောင်ကို တစ်ကျပ်လောက်ကျမယ်ဆိုတာ သူ တွက်ဆမိတယ်။ ခရမ်းချဉ်သီးဆော့နဲ့ စည်သွတ်ပါကင်ဘူးလုပ်ခနဲ့ဆို ငါးကျပ် ခြောက်ကျပ်ထက် ပိုကျမှာ မဟုတ်ဘူး ဆိုတာ သူသိတယ်။

ခု သူဝယ်စားရတာ တစ်ဘူးကို (၂၂)ကျပ်။ သူ ကျောင်းဆရာ မလုပ်ခင်က သည်ပလာတူးငါးတွေနဲ့ သူ ရင်းနှီးခဲ့ဖူးတယ်လေ။ သူ့ဇနီး ဝယ်လာတဲ့ ငါးတင်းဘူးလေးကို ကြည့်ရင်း သက်ပြင်းတချို့ သူ့ရင်မှာ ဟီးလေးခိုလာတော့တယ်။

ကမ္ဘာမြေကြီးဟာ မနရဲ့အခြေခံ အုတ်မြစ်လား၊ လူသားဟာ မနရဲ့ အခြေခံအုတ်မြစ်လားဆိုတာ သူ ဝေခွဲရခက်နေတုန်း အတိတ်ဆီကို သူ့စိတ်ဟာ အံဝင်ခွင်မကျ ကချော်ကချွတ်သွား တပ်ဆင်နေမိတယ်။ သူ့ခေါင်းထဲမှာ အိုင်နေတဲ့ အတွေးတွေကို သွန်ချပစ်ဖို့ သူ ခံပြင်းနေတာလား။

မြန်မာနိုင်ငံရဲ့သယံဇာတပစ္စည်းတွေရှိရဲ့၊ လေအရင်းအမြစ် သယံဇာတ၊ ရေအရင်းအမြစ် သယံဇာတ၊ မြေအရင်းအမြစ် သယံဇာတတွေကို သူ မသိခဲ့ပေမဲ့ သူကိုယ်တိုင် ထုတ်ယူ သုံးစွဲခဲ့တာကို သူ မသိခဲ့လေသလား။

သယံဇာတတွေရှိပြီး နည်းပညာတွေ လိုအပ်တယ်လို့ ဒွိ အလျှင်က ခပ်ဖွဖွ တွေးခဲ့ဖူးတာက အတော်ရှက်စရာကောင်းတာလို့ ထင်ခဲ့တာ။ အခု သူ သက်ပြင်းချရုံမှ တစ်ပါး ဘာမှ မတတ်နိုင်။

ကပ္ပလီပင်လယ်ထဲက ရေအမြစ်တွေ (အားကောင်းတဲ့အမြစ်တွေဆိုတာ ငါးတွေ၊ ပုစွန်တွေ၊ ကဏန်းတွေ၊ ရေဘဝ တွေစတဲ့ ရေအောက်မှာရှိတဲ့ သယံ ဇာတပစ္စည်းတွေ)ကို တန်ဖိုးရှိမှန်း သူ သိခဲ့ပြီဖြစ်ပေမယ့် သည်အရင်းအမြစ် တွေကို အသုံးချဖို့အတွက် နည်းပညာ တွေ တတ်မြောက်ရမယ်၊ နည်းပညာ တွေနဲ့ အသုံးချတတ်ရမယ်ဆိုတာ သူ သိခဲ့ပေမယ့် ကုန်ကျစရိတ် ငါးကျ လောက်ရှိမယ့် ငါးတင်းဘူးတစ်ဘူးကို (၂၂) ကျပ်နဲ့ ဝယ်ရတော့ သူ့ရင်အ တစ်နေရာကို တစ်ခုခုလာရောက် ထိုး တိုက်နေသလိုလို ထိုးနှက်နေသလို သူ ခံစားခဲ့ရပြီ။

တကယ်တော့ ရေမိုင် (၂ ရှိတဲ့ မြန်မာ့ကမ်းရိုးတန်းအတွင်း ပိုင်နက်ဇုန်(၁၂)မိုင်၊ ဆက်စပ်ဇုန် (၂ မိုင်၊ စီးပွားရေးဇုန် မိုင်(၂၀၀) ရှိတ ဆိုတာ သူမသိခဲ့ပေမဲ့ ကော့သောင်း အနီးက ဖန်ဖလားကမ်းကိုတော့ သ သိတယ်။ ရနောင်းမှာ ဘာပစ္စည်း ပေါ်တယ်ဆိုတာ သူသိတယ်။ ဇာ ကြီးကျွန်း၊ ကော့သောင်း၊ ဝိတိုရိ အငူအနီးကို မြောက်လတ္တီတွဒ် ဒီဂရီမျဉ်း ဖြတ်သွားတာကို သူ ပေမယ့် ငါးဖမ်းစက်ရဲ့ အားကောင် အင်ဂျင်တွေကို သိတယ်။ ငါးဖမ်း တွေကို သိတယ်။

ရှမ်းစကားဆိုတာ ထိုင်းစကာ သူသိခဲ့ပြီး မြန်မာအလုပ်သမား





www.burmeseclassic.com

www.burmeseclassic.com

တစ်ဖက်နိုင်ငံမှာ ဘယ်လောက်မျက်နှာငယ်ရမလဲဆိုတာ သူ ဝမ်းနည်းနေတယ်။ သူ့လက်မှာ ငါးညှီနံ့တွေစွဲနေတယ်။ ထိုင်းဘတ်ငွေနံ့တွေ စွဲခဲ့ဖူးတယ်။ သူ့ခြေထောက်မှာ ထိုင်းမြေမှုန့်တွေ ပေကျံခဲ့ဖူးတယ်။ သည်လို အညှီနံ့တွေဟာ သူ့ကိုယ်တင်မဟုတ်ဘူး တခြားသူတွေရဲ့ ကိုယ်မှာလည်း စွဲကပ်ခဲ့ဖူးတယ်။ စွဲကပ်နေကြဆဲ။ တွေးတွေးမိတိုင်း နဖူးပေါ် လက်တင်မိတိုင်း တက်ခေါက်မိတယ်။ အံတင်းတင်း ကြိတ်မိတယ်။ လက်သီးကျစ်ကျစ် ဆုပ်ဖူးတယ်။

အတိတ်ကို ပြန်တွေးမိတိုင်း သူ့ရင်ခုန်သံဟာ တော်လည်းသံ၊ ကြိတ်ဝါးသံတွေနဲ့ ဖွဲ့သီဆူညံနေတယ်။ တစ်ခါတစ်ခါ ရှုရှုမြမြဖြစ်ခဲ့တဲ့ သူ့အနုတွေးတွေဟာလည်း ငါးညှီနံ့တွေကြောင့် စိတ်မသိုးမသန့် ဖြစ်ခဲ့တယ်။ ငါးညှီနံ့တွေပေခဲ့တဲ့ အလျှင်က သူ့ရဲ့လက်ဟာ အခုမြေဖြူတွေ ပေခဲ့ပြီးပဲ။ အခုချိန်မှာ သူ့ကိုယ်တိုင် မြေဖြူပေတဲ့ လက်နဲ့ အနာဂတ်ကို ကိုင်လှုပ်ပြနေပေမယ့် အလျှင်က ငါးညှီနံ့စွဲခဲ့တဲ့ လက်ဟာ ဒဏ်ရာဟောင်းကို ဖန်ရည်ဆေးပေးနိုင်ပါဦးမလား။ အတွေးက အတိတ်ဆီကို ရွေ့မြေမြမြ မျောစီး။

●

၁၉၈၅ ခုနှစ်လောက်က သူ ကျောင်းဆရာ မလုပ်သေးဘူး။ ကော့သောင်းမှာ အိမ်ထောင်ကျလို့ အလုပ်အကိုင်က မရှိ။ ယောက္ခမက မကြည်။ အလုပ်ရှာရင်းနဲ့ ငါးဖမ်းလှေပေါ် ရောက်ခဲ့တယ်။ သူ့သူငယ်ချင်း အဆက်အသွယ်နဲ့ ထိုင်းငါးဖမ်းလှေပေါ်မှာ သူ အလုပ်ရခဲ့တယ်။

ထိုင်း ငါးဖမ်းလှေဟာ နှစ်မျိုးရှိတယ်။ ဝါးလက်နဲ့ ဝါးတန်း။ ဝါးလက်က ထိုင်းငါးဖမ်းလှေ အကြီးစား။ ငါးဖမ်းတစ်ခါထွက်ရင် တစ်လလောက်ကြာတယ်။ ဝါးတန်း(ငါးဖမ်းလှေငယ်)ထက် ရေခဲပိုဆံ့တယ်။ ဝါးတန်းကတော့ ငါးဖမ်းတစ်ခါထွက်ရင် ၁၅ ရက်လောက်ကြာတယ်။ ငါးဖမ်းလှေ တစ်စင်းပေါ်မှာ ငါးဖမ်းလုပ်သား ၃၀ လောက်ပါတယ်။ မြန်မာ ၁၅ ယောက်၊ ထိုင်း (ရှမ်း) ၁၅ ယောက်။ အလုပ်သမားခေါင်းဆောင်ကို ရေရှူး လို့ခေါ်တယ်။ ရိုးရိုးအလုပ်သမားထက် လစာ နှစ်ဆရတယ်။ ရေရှူးမှာလည်း ထိုင်းရေရှူးနဲ့ မြန်မာရေရှူး ရှိတယ်။ ထိုင်းရေရှူးက မြန်မာတွေထက် လစာပိုရတယ်။ အလုပ်သမား လစာဆိုတာ ခေါက်ပြတ်ပေးသဘောဖြစ်တယ်။

ငါးဖမ်း တစ်ခါထွက်လို့ ပြန်လာရင် အလုပ်သမားတစ်ယောက်ကို ဘတ်(ထိုင်း)ငွေ ၁၅၀၀၊ ဘတ် ၂၀၀၀ ထိရကြတယ်။ အဲသည်အချိန်က ထိုင်းငွေနဲ့ မြန်မာငွေလဲမယ်ဆိုရင် သူ့အတွက် မြန်မာငွေတော်တော်ရသား။ ဒါကြောင့် တစ်ဖက်နိုင်ငံကို မြန်မာတွေ အလုပ်သွားလုပ်ကြတာ။ ဒါပေမဲ့ မြန်မာတွေဟာ ထိုင်းက လူတွေနဲ့စာရင် လုပ်အားခ အတော့်ကို နည်းတယ်။ နည်းပေမယ့် အောက်ကျခံပြီး အလုပ်သွားလုပ်ကြတာ သူ့စဉ်းစားလို့ မရဘူး။ သူကိုယ်တိုင် ထိုင်း ငါးဖမ်းစက်လှေပေါ်မှာ ရောက်ခဲ့ပြီလေ။

ငါးဖမ်းလှေထဲမှာ ရေခဲခွင်း(ခွဲ) တဲ့လူက ဘတ် (၁၈၀၀)ရတယ်။ ဘာလို့ ပိုရတာလဲဆိုရင် လှေဝမ်းထဲမှာ လှောင်ထားတဲ့ ရေခဲလှောင်ခန်းထဲကို ဆင်းပြီး ရေခဲ ခွဲရလို့ပဲ။ တော်တော်လည်း အေးတယ်။ ပိုပင်ပန်းတယ်။ သားရေဖိနပ်ရှည်ကြီးစီးပြီး ကျပ်လုံးလောက်ရှိတဲ့ သံချွန် သုံးပေလောက် ရှည်တာနဲ့ ရေခဲကို ထိုးခွဲရတာ။ ငါးဖမ်းဖို့ ပင်လယ်ထဲ ထွက်လာပြီဆိုရင် ပထမဦးဆုံး စက်လှေအောက်ခန်း ဝမ်းဗိုက်ထဲက ရေခဲလှောင်ပြီး သွားရတယ်။ စက်လှေ တစ်စီးမှာ ရေခဲလှောင်ခန်းကြီးတွေ သုံးခန်းပါတယ်။ ရေခဲကို ကော့သောင်းမြို့က မဝယ်ဘူး။ ဖန်ဖလားကမ်းမှာ ဝယ်တယ်။ ကော့သောင်းမြို့ဟာ မြန်မာနိုင်ငံထဲက အစွန်ဆုံးမြို့ပဲ။ ဒါပေမဲ့ ထိုင်းကမ်း၊ ဖန်ဖလားကမ်းနဲ့ ရနောင်းကို မှီခိုနေရတယ်။ အသုံးအဆောင်ပစ္စည်းအားလုံးကို ထိုင်းကပဲ မှာယူ သုံးစွဲကြတယ်။

သူတို့အပြောတော့ ဆန်ကို ဖန်ဖလားကမ်းနဲ့ ရနောင်းက မှာစားတယ်။ ရှမ်းဆန်က ပိုကောင်းပြီး စပါးလုံးဆန်ကွဲမပါ။ ပလတ်စတစ်နဲ့ ဆန်ကို ထုပ်ပြီး ကီလိုနဲ့ ရောင်းတယ်။ ချိန်ခွင် ဆေး ထုပ်ပြီးသားအထုပ်တွေကို ဘတ် (၁၀၀) တန်အထုပ် အစားစားရှိတယ်။

သူငါးဖမ်းစက်လှေပေါ် ရောက်ပြီး စက်လှေဟာ ဖန်ဖလားကမ်းက ရေခဲအကြေတွေကို ကရိန်းနဲ့ထည့်တယ်။ ထည့်တုန်းက ရေခဲ အကြေတွေပဲ။ နောက်တော့ ခဲသွားတယ်။ သည်လို ရေခဲတွေခဲသွားသလို သူ့စိတ်ဟာလည်း ထိုင်းအလုပ်သမားနဲ့ မြန်မာအလုပ်သမား အခွင့်အရေးချင်း မတူတာကို ကြည့်ပြီး ခဲသွားတယ်။ သည်လို အမြင်မတော်တာတွေ မကျေနပ်တာတွေနဲ့ ဆိုရင် သူ့စိတ်တွေ ခဲခဲ့ပေါင်းများပြီ။

ဒါပေမဲ့ ထိုင်းဘတ်ငွေဟာ ထိုင်းအလုပ်သမားနဲ့စာရင် တော်တော့်ကို နည်းပေမယ့် မြန်မာပြည်မှာလုပ်ရင် သည်လောက်ရမှာမဟုတ်လို့ သူစွန့်စွန့်စားစား ထိုင်းငါးဖမ်းသင်္ဘောကို လိုက်လာခြင်းပေါ့။ ငါးကို ဖမ်းတဲ့လူက ခိုဖမ်း



www.burmeseclassic.com

www.burmeseclassic.com

အလုပ်လုပ်တဲ့သူကလည်း ငါ့ဝမ်းပူဆာ မနေသာလို့ ခုံးရ ပ်။ သူ့အတွေးတွေ ခဲသွားပြန်တယ်။

စက်လှေ .ငါးဆရာ (ငါးကြည့်စင်ပေါ်တက်ပြီး ညကြည့်မှန်ဘီလူးနဲ့ ငါးကြည့်တဲ့လူ)ဟာ မြန်မာပဲဖြစ်ဖြစ် ထိုင်းပဲဖြစ်ဖြစ် ဘတ်ငွေ ၁၀၀၀၀ရတယ်။ ကျွမ်းကျင်ပြီးသူ ဖြစ်တယ်။ လုပ်သက် ၅ နှစ်ကနေ ၁၀ နှစ်အထိ အတွေ့အကြုံ ရှိပြီးသူ ဖြစ်တယ်။

ငါးဖမ်းထွက်ရတာ လွယ်ကူတာမဟုတ်ဘူး။ ကင်းလှည့်ရေယာဉ်တွေနဲ့ တွေ့ရင် မချောင်ဘူး။ ထိုင်းလှည့်ကင်းရေယာဉ်က အဖြူရောင်တွေ။ တွေ့ရင် 'တာမော' ထုတ်ပြရတယ်။ 'တာမော' ဆိုတာ ခရီးသွားလာခွင့် လက်မှတ်လို့ပဲ ခေါ်ရမလား မသိ။ မနက် ၆နာရီက ည ၆ နာရီထိပဲ သွားလာခွင့်ရတဲ့ လက်မှတ်ပေါ့။ နာမည် အသက်ပါတယ်။ ဒါပေမဲ့ မှတ်ပုံတင်နံပါတ် ပါစရာမလိုဘူး။ ဘတ် (၃၀)ပေးရင် ရတယ်။ ဖန်ဖလားကမ်း မရောက်ခင် ရေလယ်ဂိတ်မှာ လုပ်ရတယ်။ တစ်ရက်စာ ဘတ် ၃၀ ပေးရတာပေါ့။ ကိုယ့် 'တာမော'က ရက်ကျော်နေရင်၊ ရက်လွန်နေရင် တစ်ရက်ကျော်ဆို ဘတ် ၁၀၀ ပေးရတယ်။ တကယ်လို့ တာမော မပြနိုင်ရင်၊ တာမော ရက်ကျော်နေလို့ မသက်ဝင်ရင် ဖမ်းတာပဲ။

ဖမ်းလို့ရှိရင်လည်း ကိုယ့်သူဌေး (BOSS)နာမည်ကို ပြောရတယ်။ ဖမ်းတဲ့သူက သူဌေးနာမည်ကိုသိရင် ပြန်လွှတ်ပေးတယ်။ မဟုတ်ရင်ပဲဖြစ်ဖြစ်၊ ညာရင်ပဲဖြစ်ဖြစ် သူတို့လက်စာ မိသွားမယ်။ တာမောကလည်း ကီလိုမီတာ ၃၀ ထက် ပိုမသွားရဘူး။ တာမောက အင်္ဂလိပ်လို ရေးထားတာ။ သည်ကတ်ပြားကို သိမ်းထားရတယ်။ ပင်လယ်ပြင် ငါးဖမ်းစက်လှေတွေအတွက် အသက်ဆိုရင်လည်း မမှားဘူး။

သူလိုက်ရတဲ့ ငါးဖမ်းလှေက ဝါးတန်းလို့ခေါ်တဲ့ စက်လှေအငယ်စား။ တစ်ခါထွက်ရင် ၁၅ရက်လောက် ကြာတာပေါ့။ ည ၈ နာရီထိုးတာနဲ့ စက်လှေပေါ်က အလုပ်သမားတွေ အလုပ်ရှုပ်ကြပြီ။

အံ့ဩစရာတစ်ခုက ထိုင်းပိုင်တဲ့ ပင်လယ်ဘက်မှာ ငါးမနေဘူး။ ငါးတွေ မနေဘူး ဆိုတာက ငါးမရှိလို့ဆိုတာ မဟုတ်ဘူး။ ဖမ်းလွန်းအားကြီးလို့လား။ ဖမ်းတဲ့နည်းပညာတွေ သိပ်ကောင်းပြီး တိုးတက်နေလို့ ငါးတွေ မနေတော့တာလား။ ဒါကို တိတိကျကျမပြောနိုင်ပေမယ့် ထိုင်းရေမှာ ငါးမနေတာနဲ့ ထိုင်းရေမှာ ငါးမရှိတာကတော့ ပြောလို့ရတယ်။

ထိုင်းရေမှာ ငါးမရှိလို့ မြန်မာနိုင်ငံပိုင်နက်ရေထဲကို ထိုင်းအခေါ်က ရန်ကုန်ရေလို့ ခေါ်တယ်။ နေ့ခင်းမှာ စက်လှေအလုပ်သမားတွေ အိပ်ကြပြီး ညမှ အလုပ်လုပ်ကြရတယ်။ ညခင်း ရှစ်နာရီထိုးတော့ ငါးရှာကြပြီ။ စက်လှေကို ရပ်ပြီး မီးမောင်းတောင်းတောင်းနဲ့ ပင်လယ်ပြင် ငါးရှိမယ့်နေရာကို ထိုးကြည့်တယ်။

ငါးကြည့်တဲ့ ငါးဆရာက ငါးကြည့်စင်ပေါ်ကနေ ညကြည့်မှန်ဘီလူးနဲ့ ကြည့်လို့ ငါးရှိတဲ့နေရာ သေချာပြီဆိုရင် မီးမထိုးဘဲ အဲဒီနေရာကိုစက်လှေမောင်း၊ ပိုက်ချရတယ်။ ငါးအမျိုးအစားပေါ်မူတည်ပြီး ပိုက်အရွယ်အစား အမျိုးမျိုး ရှိတယ်။ စက်လှေပေါ်မှာလည်း ပိုက်တွေကို စီစီရီရီ ထပ်ထားတာ လက်ခုပ်တစ်ဖောင်လောက်မြင့်တဲ့ အပုံတွေ အများကြီး။

ပလာတူးငါးကို အဓိကထားဖမ်းတယ်။ ငါးသေတ္တာလုပ်ပြီး မြန်မာနိုင်ငံနဲ့ အခြားနိုင်ငံတွေကို ထိုင်းက ပြန်သွင်းတာလေ။ စက်လှေရဲ့ အင်ဂျင်စက်သံနဲ့အတူ သူ့စိတ်တွေ မျောလွင့်နေတယ်။ ငါးအုပ်ရှိမယ့်နေရာကို ဝိုက်ပြီး ပိုက်ချတယ်။ ပိုက်ချတာတင် နှစ်နာရီလောက် ကြာတယ်။ ဘယ်လောက်ရှည်လိုက်တဲ့ ပိုက်တွေလဲ။ ဘယ်လောက်ရလိုက်မယ့် ငါးတွေလဲ။

အဲသည်လို နှစ်နာရီလောက် ပိုက်ချပြီးရင် ပိုက်ကို ပြန်ဆွဲတက်တယ်။ ပိုက်ချတာနဲ့ ပိုက်ဆွဲတင်တာကို လူက လုပ်စရာမလိုဘူး။ စက်ကပဲ လုပ်သွားတယ်။ အဲသည် သူ့စိတ်ကို ခဲသွားစေတာက မိုက်ငြိပြီဆိုရင် မြန်မာအလုပ်သမားတွေကပဲ ရေထဲဆင်းပြီး ပိုက်ဖြုတ်ရတာပေါ့။

ပိုက်ချပြီးလို့ ငါးတွေ ဝင်လာအောင် (ငါးတွေပိုရအောင်) မြန်မာအလုပ်သမား ၁၀ ယောက်လောက် ပင်လယ်ထဲ ခုန်ချပြီး ငါးခြောက်ခိုင်းတယ်။ ရေထဲဆင်းခိုင်းပြီး ငါးတွေဝင်လာအောင် ခြောက်လှန့်ခိုင်းတာပေါ့။ ရတော့ နည်းနည်း၊ လုပ်ရတာ မြန်မာတွေချည်းပဲ။

ဘယ်လောက်ရင်နာဖို့ကောင်းလိုက်သလဲ။ ပိုက်တွေဆွဲတင်ပြီးလို့ ငါး ပြီဆိုရင် ငါးတွေ ရွေးရတာပေါ့။ ရွေး ရတဲ့ ငါးတွေကို အမျိုးအစားခွဲ၊ ရေ တစ်ထပ်၊ ငါးတစ်ထပ် ထည့်ရတယ် အဲသည်လို တစ်ညလုံး ငါးဖမ်းတဲ့အလု ဟာ မနက်သုံးနာရီ လေးနာရီလော မှာ ပြီးသွားတယ်။

အဲသည်အချိန်ကနေ စအိပ် မနက်ကိုးနာရီ ဆယ်နာရီလောက် မနက်စာကျွေးတယ်။ စက်လှေပေါ်မှ





www.burmeseclassic.com

www.burmeseclassic.com

ချိုးစရာ ရေချိုမပါဘူး။ သောက်ဖို့အတွက်ပဲ ပါတယ်။ ရေချိုးချင်ရင် င်လယ်ရေကိုပဲ ချိုးရတယ်။ ပင်လယ်ရာ စေးတေးတေး၊ ငန်ကျိကျိ မနက် င်း ထမင်းစားပြီးလို့ရှိရင် အလုပ်မနား သေးဘူး။ ပိုက်ဖာ၊ ပိုက်ချုပ်လုပ်ရတယ်။ မအားအောင် ခိုင်းတယ်။

မြန်မာ အလုပ်သမားတွေက ိုင်းအလုပ်သမားတွေထက် ဈေးပေါ တိုး။ အရင်ကိုလိုနီခေတ်က မြန်မာ ိုင်ငံထဲကို ကုလားအလုပ်သမားတွေ ပေါပေါနဲ့ လာလုပ်သလိုမျိုး ဖြစ်နေ ီလို့ သူတွေးမိတယ်။ စက်လှေပေါ် ိုက်ရင် ပိုက်ဖာ၊ ပိုက်ချုပ်တာ တတ် ားရတယ်။ ပိုက်ဖာအပ်တို့ မား တို့ကို ိုယ့်ဘာသာ ကိုယ်ဝယ်ရတယ်။ လှေ ပေါ် မလိုက်ခင်ကတည်းက ကြိုတင်ငွေ တ် ၅၀၀၊ ဘတ် ၁၀၀၀ ထုတ်ပေး ားတယ်။ ပြီးတော့မှ ကြိုတင်ငွေကို ုပ်ခထဲက ပြန်ဖြတ်ယူတယ်။

အချို့ငါးဖမ်းလှေတွေက ပိုစင် ကြ(ဆုကြေး၊ ဘောနပ်)ပိုပေးတဲ့လှေ တွေရှိတယ်။ များများပေးတဲ့ လှေကို ွေးလိုက်ကြတာပေါ့။ နေ့လယ် ၁၂ ာရီလောက်ကျတော့ နေ့ခင်းစာ ကျွေး ယ်။ ပြီးတော့ ခဏ အိပ်ပြီးထ။ ညနေ ို ၅ နာရီ ၆ နာရီလောက်မှာ စားရ ယ်။ မမှောင်ခင် စားရတာပေါ့။ ရှမ်း ိုင်း)ဆန် ကျွေးတယ်။ အများဆုံး ွေးတာကတော့ ငါးဟင်းပဲ။

သူ့အတွက် ငြီးငွေ့စရာကောင်း ယ့် ထိုင်းဘတ်ငွေဟာ ငြီးငွေ့စရာ ောင်းပြန်ဘူးလေ။ ထမင်းစားပြီး နားပြီးရင် ည ၈ နာရီထိုးတာနဲ့ ငါးစ တော့တာပဲ။ အဲသည်လို အလုပ်ဟာ ၅ ရက်လောက်အထိ သံသရာလည် တယ်။

ငါးသိပ်စရာ ရေခဲမရှိတော့ဘူးဆိုရင် ကမ်းကပ်ပြီး ရောင်းတော့တာပေါ့။ ထိုင်းကမ်းဘက်မှာ ကုမ္ပဏီခွဲတွေ အဆင်သင့်စောင့်နေတယ်။ ရတဲ့ငါးတွေကို ကမ်းပေါ်က အလုပ်သမားနဲ့ သူ ထမ်းပြီးချတယ်။ ငါးတွေကို ကတ္တားနဲ့ ချိန်ဝယ်တယ်။ ဗန်ကောက်ကိုသွားမယ့် ငါးတင်ကားတွေကလည်း အဆင်သင့် ဖင်ထိုးထားကြတယ်။

ကမ်းပေါ်မှာ ရေခဲခွဲစက်တွေ အဆင်သင့် ရှိတယ်။ ကားတွေဟာ ငါးတွေတင်ပြီး ဗန်ကောက်မှာရှိတဲ့ ငါးသေတ္တာလုပ်စက်ရုံဆီကို မောင်းသွားကြတော့ သူ့အတွေးဟာလည်း ခဲသွားလေသလား။ မြန်မာပြည်ထဲက ငါးတွေဟာ ထိုင်းစက်ရုံထဲရောက်သွားပြီး သူတို့ဘဝဟာ သံဘူးလေးထဲက လုံလုံခြုံခြုံနဲ့ ဘဝတစ်ပါးကို ကူးပြောင်းသွားတာပေါ့။

သံဘူးရဲ့ အပြင်မှာ စက္ကူအနီ ဗတ်ကလေးနဲ့ Sardines လို့ ရေးထားတယ်။ **Product of Thailand** လို့ တံဆိပ်ပါတယ်။ မြန်မာငွေနဲ့ တစ်ဘူး ၂၂ ကျပ်။ တကယ်ဆိုရင် မြန်မာနိုင်ငံက သာ ထုတ်မယ်ဆိုရင် လေးကျပ်ထက် မပိုပါဘူး။

ငါးသေတ္တာထဲက ငါးလေးတွေဟာ သူတို့ဘဝနဲ့ သံနံ့ဟာ မစိမ်းတော့သလို သူ့ဘဝဟာလည်း ကပ္ပလီ ပင်လယ်ရေနံ့နဲ့ မစိမ်းဘူး၊ ပလာတူး ငါးနံ့တွေနဲ့ မစိမ်းဘူး။ ငါးညှီနံ့တွေဟာ သူ့လိုလူမျိုးတင်မက ဘယ်နှယောက် လောက်များ ညှီဟောက်ခဲ့ပါလိမ့်။

ငါးခိုးဖမ်းနေတုန်း မြန်မာ့ရေပိုင် နက်ဘက်က ကင်းလှည့်ရေယာဉ်တွေနဲ့ တွေ့ရင် အပြည်ပြည်ဆိုင်ရာ ဥပဒေအရ (Hot Pursuit) ဆိုတဲ့ ထက်ကြပ်မကွာ လိုက်လံဖမ်းဆီးမှု၊ ထက်ကြပ်မကွာ လိုက်လံ ပစ်ခတ်မှုတွေနဲ့လည်း သူကြုံခဲ့ရတယ်။ အဲဒီ အချိန်မှာ သူ့စိတ်ပွေ အယ်လိုရှိသလဲ။ အတွေးတွေဟာ သူစီးလာတဲ့ လှေဝမ်းထဲက ရေခဲတွေလို ခဲသွားပြီး စွန်းထင်းကျန်နေတဲ့ ငါးညှီနံ့တွေဟာလည်း ပိုပြီးညှီဟောက် နံစော်လာတော့တယ်။

ငါးခိုးဖမ်းတာတွေ့လို့ လိုက်ဖမ်းရင် မိတာ ခပ်ရှားရှား။ ထိုင်းငါးဖမ်းလှေတွေက စက်တွေက ပိုပြီး အင်ဂျင်ကောင်းတယ်။ ပိုပြီး မြန်တယ်။ စက်ပျက်ရိုးထုံးစံ မရှိဘူး။ တကယ်လို့ ပျက်ခဲ့ရင်တောင် အပိုအင်ဂျင်စက် နှစ်လုံးသုံးလုံး ပါတယ်။ ထိုင်းကလူတွေ ပြောတာကိုလည်း သူ စိတ်ပျက်မိတယ်။ အဲသလို စိတ်ပျက်လို့ စိတ်ပျက်နေတော့လည်း သူ့ ဝမ်းနည်းနေမှုဟာလည်း ပျောက်မသွားပါဘူး။

မြန်မာ့ရေပိုင်နက်ထဲက ပုစွန်တွေဟာ သူ့ဘာ့သာကြီးပြီး ဘယ်သူမှ မဖမ်းဘဲ သူ့ဘာ့သာသူ သေသွားရတာမင်းတို့ မြန်မာနိုင်ငံ တစ်နိုင်ငံတည်းပဲ ရှိတယ်လို့ ပြောစကားဟာ သူ့နားထဲမှာ သံရည်မှုနဲ့ လောင်းလိုက်သလိုပဲ။ ကိုယ့်နိုင်ငံထဲက သယံဇာတတွေကို သူများနိုင်ငံက သည်လိုခိုးထုတ်ခဲ့တာ နှစ်ပေါင်း အတော်ကြာနေပြီ။

ဒီပြင်နိုင်ငံတွေမှာ ပုစွန်တွေ ဖမ်းတယ်ဆိုရင် အကောင်ကြီးတွေကိုရွေးပြီး အကောင်ငယ်ကလေးတွေကို ရေထဲ ပြန်လွှတ်ပြီး မွေးထားတယ်။ အကောင်ကြီးတွေကို နိုင်ငံခြားပို့ကုန်လုပ်တယ်။ ဒါဟာ နည်းပညာကျွမ်းကျင်မှုရှိ မရှိရဲ့ ရေသောက်မြစ်ပဲ။

သူ ထိုင်းငါးဖမ်းလှေပေါ် အလုပ်လုပ်တဲ့နှစ်ဟာ ၁၉၈၅ ခုနှစ်ပိုင်းထဲမှာ။ အဲသည်နှစ် မတိုင်ကတည်းက ထိုင်း


www.burmeseclassic.com

www.burmeseclassic.com

ငါးဖမ်းရေယာဉ်တွေဟာ မြန်မာရေပိုင်နက်ထဲကို ဝင်ပြီး ငါးခိုးဖမ်းနေတာ နှစ်ပေါင်း အတော်ကြာပြီ။

အဲသည်လိုပါပဲ၊ သူ့ဘဝတစ်စိတ်တစ်ဒေသဟာ ပျစ်ခဲကြွေမွစေခဲ့တာက ကိုယ့်နိုင်ငံရဲ့ ရေအရင်းအမြစ်တွေ ကိုယ့်နိုင်ငံအတွက် သိုးနေပြီး မတရားစီးပွားရှာနေကြတဲ့သူတွေအတွက် လတ်ဆတ်စေလို့ပါပဲ။ သူ့အတွေးဟာ အတိတ်ကို စုန်သွားပြီး ငါးညှီနံ့တွေဟာ သူ့ရဲ့ စိတ်အဟောင်းထဲမှာ မြန်မြန်ဆန်ဆန် ပြေးလွှားနေတယ်။ သူဟာ ပလာတူးငါးတစ်ကောင် ဖြစ်မှန်းမသိ ဖြစ်ခဲ့တယ်။

●

အတွေးဟာ ပစ္စုပ္ပန်ဆီကို မျက်မျက်မြမြ စီးမျော။ လွန်ခဲ့တဲ့ အတိတ်ဆီကို သူ မစဉ်းစားချင်တော့။ သူ့ရဲ့ စိတ်အစအနတွေဟာ ကမ္ဘာလီပင်လယ်ထဲမှာ အပိုင်းပိုင်းဆုတ်ဖြဲခြင်း ခံခဲ့ရပြီ။ မောရက်ရေလက်ကြား၊ အလာဒင်ကျွန်းတွေရဲ့ မမှိတ်မသုန်တည်ငြိမ်ပုံ၊ နယ်ခြားမြစ်ဖြစ်တဲ့ ပါချန်မြစ်ဟာ သူ့ကျောပေါ်က ဖြတ်သွားတဲ့ စက်လှေတွေရဲ့ အင်ဂျင်သံကို မုန်းသလို၊ အဲသည်မြစ်နဲ့ ကပ်နေတဲ့ ရနောင်းက ပြည့်တန်ဆာတွေကိုလည်း သနားစွဲရှာ ရှက်မိနေတာပေါ့။

မြန်မာပြည်ရဲ့ နယ်ခြားပါချန်မြစ်ဟာ လဲလျောင်းရင်း ထိုင်းဘက်ကမ်းက ရနောင်းရဲ့ မီးရောင်တွေ၊ ပုလိပ်တွေ၊ မော်တော်ဆိုင်ကယ်သံတွေကို သံဝေဂတရားနဲ့ ကြည့်နေသလား။

ဒါမှမဟုတ် ဇိမ်ခေါင်းတွေရဲ့ ဟိန်းဟောက်သံ၊ ပြည့်တန်ဆာတွေရဲ့ ကြောက်လန့်တကြား အော်ဟစ်သံ၊ ငိုယိုသံ၊ မူးယစ်ရီဝေသံတွေ မကြားမမြင်ချင်ဘဲ မြင်ကြားနေရသလား။

ကမ္ဘာလီပင်လယ်ထဲက ပလာတူးငါးလေးတွေဟာ နိုင်ငံရဲ့တောင်ဘက်အစွန်ဆုံးမြို့ဖြစ်တဲ့ ကော့သောင်းမြို့ကို ငိုယိုပြီး တိုင်တန်းနေသလား။

ပါချန်မြစ်ဟာ လဲလျောင်းရင်း သူ့မြစ်ရင်ခွင်ထဲ ဝင်လာတဲ့ ပလာတူးငါးတွေကို မြန်မာနိုင်ငံရဲ့ ဆိပ်ကမ်းမြို့တွေဖြစ်တဲ့ နမ်းကင်း၊ တလိုဘူဇာ၊ ကံပုံ တလုပ်၊ ကော့သောင်းမြို့တွေဆီကို ကော်ပက်ယက်တင်မှာလား။ ပါချန်မြစ်ဟာ ဟိုကြည့်သည်ကြည့်နဲ့ မျက်ကလဲဆန်ပျာ ဖြစ်ခဲ့တာတော့ အမှန်ပါ။

ထိုင်းနယ်ထဲမှာရှိတဲ့ ရနောင်း၊ ဆာဝီ၊ ချွန်းဖုန်၊ ပွယ်ရမယ်၊ ဘန်ဆဖန်း၊ ဝမ်းယန်၊ ပရာချုပ်၊ ဖက်ဘူးရီ၊ ဗန်ကောက် စတဲ့မြို့တွေဆီက ကျေနပ်နှုတ်ဆက်သံတွေကို ပါချန်မြစ်ကလေး ကြားနေမိတယ်။

ငါးတွေ၊ ပုစွန်တွေ အပြည့်တင်သွားတဲ့ ရေခဲကားကြီးတွေ၊ ဖုန်လုံးမှိုင်းတွေမှာ နစ်ဝင်ပျောက်ကွယ်သွားတာကိုလည်း ထောင့်ထောင့်အောင့်အောင့် တွေ့ရမယ်။ အပူပိုင်း မုန်သုံရာသီဥတုဖြစ်တဲ့ မြန်မာနိုင်ငံကို ဆောင်းရာသီလေကြောင်းတွေတိုက်ပြီဆိုရင် ထိုင်းနိုင်ငံက HIV ပိုးတွေ၊ AIDS ရောဂါတွေ ပါလာမှာကို ပါချန်မြစ်ကလေးက မနှစ်မြို့ဘူး။ လေစီးကြောင်းတွေနဲ့ ရောပါလာတဲ့ အညစ်အကြေးတွေထက် လူစီးကြောင်းတွေနဲ့ ရောပါလာတဲ့ အညစ်အကြေးတွေက ပို့နှံ့စွန်းထင်းနေပြီလေ။

သည်လို အညစ်အကြေးတွေဟာ ပင်လယ်ရေပဲဖြစ်ဖြစ်၊ သယံဇာတပဲဖြစ်ဖြစ်၊ ကမ္ဘာမြေကြီးပဲဖြစ်ဖြစ် အညီနံ့တွေနဲ့ စားသွားနိုင်တယ်။

ကျောင်းဆရာတစ်ယောက်ဖြစ်တဲ့ သူဟာ Sardines ငါးတင်းဘူးကို ကိုင်ရင်း သူကိုယ်တိုင် ပလာတူးငါး တစ်ကောင်ဖြစ်သွားပြီး ငါးသေတ္တာထဲ ရောက်သွားခဲ့တာ သူ မသိခဲ့ဘူး။ နည်း ပညာတွေဟာ အလျင်က တိုးတက်ခဲ့ရင် သူဟာ ပလာတူးငါးတစ်ကောင် မဖြစ် ဘူး။ ငါးသေတ္တာထဲ မရောက်ဘူး။ သူကိုယ်မှာ ငါးညှီနံ့တွေ မနံဘူး။

သူ့အတွေးတွေဟာ ထိုင်းငါးဖမ်း လှေထဲက ခွဲပြီးသား ရေခဲအကြေတွေ လို ချက်ချင်းအေးခဲမသွားဘူး။ ခုတော့ သူ့အတွေးတွေဟာ ဖန်ဖလားကမ်းနား က ပလာတူးငါးကလေးရဲ့ မျက်ကလဲ ဆန်ပျာ ဖြစ်မှုနဲ့အတူ ခဲသွားပြီး ရေရဲ့ အမြစ်တွေဖြစ်တဲ့ ငါးတွေ၊ ပုစွန်တွေ ကဏန်းတွေ၊ ရေအောက်ရေနံတွေဟာ နိုင်ငံမပိုင်လဲသွားအောင် ကုပ်တွယ် ထားတဲ့ အမြစ်တွေပေါ့။

အဲသလို သယံဇာတတွေ ပိုင်ရှင်ရှိပေမယ့် ပိုင်ရှင်လွဲနေတယ်။ ခုခုဟာ တစ်ခုခုကြောင့် လွဲမှားနေ မယ်။ အလျင်က ငါးညှီနံ့တွေကို သာသာယိုးယိုး ပိုင်ခဲ့တဲ့သူဟာ အခု မြေဖြူတွေပေနေတဲ့ လက်နဲ့ အနာဂ ကို ခပ်ဖွဖွစမ်းရင်း ဒုက္ခခွဲတမ်း ရနေဦးမှာလား။

၂၂ ကျပ်တန် ငါးတင်းဘူး ကို ကြည့်နေရင်း သူ့အတွေး ခဲမသွားစေဖို့ သူ့အတွေးတွေ ညီမျှ စေဖို့ ရှုမြတ်ထုံအီနေတဲ့စိတ်ကို ဖော့ လိုက်တယ်။ သူ့အိမ်နံရံမှာ ရေးထား 'ဆင်းရဲခြင်းကို ရိုးသားမှုနဲ့ ဝယ် ရတယ်' ဆိုတဲ့ စာတန်းလေးကို ကြည့် သူ့အတွေးဟာ တစ်ခုခုဖြစ်သွားတယ်

လောကဓံတရားရဲ့ အရသာ တော့ မြေ့မြေ့မြိမြိ။

(ကိုကျော်မြင့်

□



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

"အန်တီဝေ ဖုန်းလာတယ်"

"လာပြီ၊ အေးမာရေ လာပြီ"

ကျွန်မတို့အိမ်မှာ အများသုံး ဖုန်းလေးတစ်လုံးကို အဖေက ရှိစုမဲ့စု ပိုက်ဆံလေးနှင့်ဝယ်ပြီး ပတ်ဝန်းကျင်မှ လူများကို အကူအညီပေးရာ ရောက်သလို အိမ်အတွက်လည်း အပိုဝင်ငွေ ရပါတယ်။

အန်တီဝေက ကျွန်မတို့ခေါင်းရင်းအိမ်ကပါ။ ဖုန်းလာလို့ လှမ်းခေါ်လိုက်တာ အပြေးရောက်လာပြီး ဖုန်းကို ကောက်ကိုင်လိုက်ပါတယ်။

"ဟယ်လို"

"မနှင်းဝေတို့ အိမ်ကပါလား"

"မဟုတ်ပါဘူးရှင်၊ ဖုန်းမှားနေတယ် ထင်တယ်နော်"

"မမှားပါဘူးခင်ဗျာ၊ သူ့နာမည်က သက်သက်ခင်လို့လည်း ခေါ်တယ်လေ"

"ဟင်- ဒါဆို အဲဒါ ကျွန်မသမီးလေးပါ၊ ဘာများဖြစ်လို့ပါလိမ့်ရှင်"

မျက်စိမျက်နှာပျက်စွာနှင့် စိုးရိမ်တကြီး မေးလိုက်သည့် အန်တီဝေ့ကို ကြည့်ပြီး ကျွန်မတောင် စိုးရိမ်စိတ်ဝင်သွားမိပါတယ်။

"ဟုတ်ကဲ့ပါခင်ဗျား၊ ဘာမှ မဖြစ်ပါဘူး၊ မန္တလေးအမေများနေ့မှာ အန်တီ့သမီးရဲ့ဝတ္ထု ဆုရလို့ အကြောင်းကြားတာပါ၊ ဆုလာယူရမယ့်နေ့က (   ) နေရာက (   )"

"ကျေးဇူးတင်ပါတယ် သားရယ်၊ ဝမ်းသာလိုက်တာ"

ဖုန်းကို တုန်တုန်ယင်ယင် ပြန်ချလိုက်ပြီး ကျွန်မကို လှမ်းကြည့်လိုက်တဲ့ အန်တီဝေရဲ့ မျက်နှာမှာ ဝမ်းသာမှု၊ ဂုဏ်ယူမှု၊ ကြည်နူးမှု ခံစားမှု စုံလှပါတယ်။

"အေးမာရေ သမီးညီမ ဆုရလို့တဲ့ကွယ်၊ သူ ဘယ်တုန်းက ရေးပြီး ဘယ်တုန်းကပို့လိုက်မှန်း အန်တီတောင် မသိလိုက်ပါဘူး၊ ဝမ်းသာလွန်းလို့ ရင်တွေတောင် တုန်တယ်"

အန်တီဝေရဲ့ဝမ်းသာမှုက ကျွန်မဆီကိုပါ ကူးစက်ပြီး ကျွန်မပါ ရင်ခုန်ဝမ်းသာမိပါတော့တယ်။ အန်တီဝေက မုဆိုးမပါ၊ သမီးလေးနှစ်ယောက် ရှိပါတယ်။ နှစ်ယောက်စလုံး အိမ်ထောင်ကျကုန်တော့ သမီးငယ်နဲ့ နေတာပါ။

သမီးငယ် သက်သက်ခင်က ကုမ္ပဏီ တစ်ခုမှာ အလုပ်လုပ်ပြီး သူ့ယောကျ်ားက အငှားကားမောင်းတာပါ။ သမီးလေး တစ်ယောက်ရှိပြီး ဒီသမီးလေးကို ဒေါ်သက်ထားဝေလို့ ခေါ်တဲ့ အန်တီဝေကပဲ ထိန်းကျောင်းစောင့်ရှောက်နေရတာပါ။

အကြီးမဖြစ်တဲ့ ခင်ခင်မြိုင်က မော်ဘီမှာ နေပါတယ်၊ တစ်ခါတလေ အမေဆီကို တစ်အိမ်သားလုံး ညအိပ်လာတတ်ပါတယ်။

အန်တီဝေက သမီးနှစ်ယောက်လုံးကို အင်မတန်ချစ်တာပါ၊ သမီးလေးနှစ်ယောက်အကြောင်းကိုသာပြောနေရရင် အန်တီဝေတစ်ယောက် ထမင်းမေ့ဟင်းမေ့ပါပဲ။ နေ့လယ်နေ့ခင်းဆို အိမ်မှာ တစ်ယောက်ထည်းဆိုတော့ ကျွန်မတို့အိမ်ဘက် ကူးပြ [illegible]ားလာပြောတတ်ပါတယ်။ အိမ်လည်ပြီး အတင်းပြောတဲ့ပုံစံမျိုးမဟုတ်ပါဘူး။ အန်တီဝေကလည်းခေတ်ပညာတတ်တစ်ယောက်ဖြစ်တဲ့အတွက် သူပြောတဲ့စကားတွေက ကျွန်မအဖို့ အဖိုးတန်သလို တန်ဖိုးလည်း ရှိပါတယ်။ ဒါကြောင့် အန်တီဝေကို ကျွန်မက အမေတစ်ယောက်လိုလည်း ချစ်မိပါတယ်။

အန်တီဝေရယ်၊ ဆုရတဲ့ သမီး
အငယ်ရယ်၊ သူ့ရဲ့ သမီးလေးရယ်
မန္တလေးကိုသွားပြီး ဆုယူကြပါတယ်
အဲဒီတုန်းက မြင်ခဲ့ရတဲ့ အန်တီဝေ
မျက်နှာဟာ အရေးအကြောင်းတွေ
အကြားကနေ ပျော်ရွှင်မှုကြောင့် ဝင်း
လို့နေပါတယ်။ ဒီမျက်နှာ၊ ဒီအပြုံး
တွေကို ကျွန်မ ဘယ်တော့မှ မေ့မှာ
မဟုတ်ပါဘူး။

✿

တစ်နေ့ -

အန်တီဝေတစ်ယောက် စာရွက်
ထပ်လေးကိုင်ပြီး ကျွန်မအိမ်ဘက် ကူး
လာပါတယ်။ မျက်နှာညှိုးညှိုးကြောင့်
ကျွန်မတောင် လန့်သွားမိပါတယ်။

"အန်တီဝေ နေမကောင်းဘူး
လားဟင်၊ ဘာဖြစ်လာလို့လဲ"

"အန်တီ့ကို မမေးပါနဲ့အေး
ရယ်၊ အန်တီ့သမီး ဆုရတဲ့စာမူလေး
လာပြီး ပေးဖတ်တာပါ၊ ဖတ်ပြီး
အန်တီဝေ့ကို အေးမာ နားလည်သွာ
လိမ့်မယ်၊ ရော့ ဖတ်ကြည့်ပါဦးသ
ရယ်"

ကျွန်မလည်း အန်တီဝေ လှ
ပေးတဲ့ စာရွက်ထပ်ကလေးကို လှမ်း
ပြီး ဖတ်ကြည့်လိုက်ပါတယ်။ သက်သ
ခင်က သူနဲ့ သူ့သမီးအကြောင်းကို
ရေးထားတာပါ။ ဆုရတာလည်းမ
ကျွန်မရဲ့ရင်ကိုတောင် လှုပ်ခတ်နိုင်
ရှိလောက်အောင်ကို ဝတ္ထုလေး
ကောင်းတာပါ။

ဖတ်လို့အပြီးမှာ မော့ကြည့်
တော့ အန်တီဝေရဲ့ပါးပြင်မှာ မျက်
စီးကြောင်းလေးတွေကို တွေ့လို
ပါတယ်။

"အန်တီဝေ ဘာလို့ငိုရ
ဟင်၊ သမီးကို ပြောပြပါ၊ အန်တီ



www.burmeseclassic.com

www.burmeseclassic.com

ကြည့်ရတာ အေးမာရင်ထဲ မကောင်း
ိုက်တာ"

အန်တီဝေတစ်ယောက် လက်
ထဲက လက်ကိုင်ပဝါလေးနဲ့ မျက်ရည်
သုတ်လိုက်ရင်းက -

"အမေများနေ့မှာ ဆုရတယ်
ဆိုလို့ အမေ့မေတ္တာအကြောင်း၊ အမေ့
ကျေးဇူးအကြောင်း ရေးထားတာလို့
ထင်ခဲ့တာ၊ ခုတော့ အန်တီဝေဟာ
ဝတ္ထုထဲမှာ ဇာတ်ကောင်တစ်ယောက်
အနေနဲ့ လုံးဝ မပါခဲ့ဘူး သမီးရယ်၊
အန်တီဝေရဲ့ မေတ္တာတွေကို သူမမြင်ဘူး
ထင်ပါရဲ့နော်"

ကျွန်မလည်း အန်တီဝေကို
ဘယ်လိုစကားလုံးနဲ့ နှစ်သိမ့်ရပါ့မလဲလို့
တွေးရင်း စိတ်မကောင်းစွာနဲ့ ကြည့်နေ
ခဲ့တယ်။

တကယ်တော့ အန်တီဝေဟာ
နှလုံးရောဂါသည် တစ်ဦးပါ။ ခင်ပွန်း
ဖြစ်သူ ဆုံးပါးသွားပြီးတဲ့ ခြောက်နှစ်
တွင်း ဆေးရုံငါးခါ တက်ခဲ့ရတာပါ၊
နောက်ပိုင်းမှာလည်း အသည်းကြီးပြီး
ဆိုးနေတဲ့ဝေဒနာကိုပါ ခံစားနေရ
တာပါ။

အန်တီဝေရဲ့ သမီးနှစ်ယောက်
ဟာ အန်တီဝေမသိလိုက်တဲ့ အချိန်
အတွင်းမှာပဲ ကလောင်သွား
တဲ့ ပါရမီရှင်လေးတွေမှန်း ကျွန်မ
ခုမှသိလိုက်ရပါတယ်။

အကြီးမကလည်း ဝတ္ထုလေး
ခွေဇင်းတွေထဲမှာ တစ်ပုဒ်စ၊ နှစ်
ပါလာပါပြီ။ သူရေးတဲ့ ဝတ္ထုလေး
လည်း ကျွန်မ ဖတ်ရပါတယ်။
ဝ ပြောလည်း ပြောစရာပါပဲ။
ည်း ရေးလိုက်ရင် သူ့သားလေး
ကြောင်းတွေနဲ့ သူ့အဖေအကြောင်း
ည်းပဲ။ နောက်ပိုင်းမှာ သက်သက်
ခင်ရဲ့ ဝတ္ထုတွေကလည်း မကြာမကြာ
ပုံနှိပ်စာလုံးလေးတွေနဲ့ ဖြစ်လာပါပြီ။

ညီအစ်မနှစ်ယောက်ရဲ့ နာမည်
ကလည်း စာရေးဆရာမ မှူးသခင်နဲ့
မနှင်းဝေ ဆိုပြီး စာပေလောကထဲ ဝင်
ဆံ့လာပါတယ်။

ဒါပေမဲ့ အန်တီဝေတစ်ယောက်
ကတော့ သူ့သမီးနှစ်ယောက်ရဲ့ ဝတ္ထု
လေးတွေ ပါလာတဲ့ မဂ္ဂဇင်းဆိုရင်
တခြားဝတ္ထုတွေကိုသာဖတ်တယ်၊ သူတို့
ဝတ္ထုတွေကို လုံးဝ မဖတ်တော့ပါဘူး။

"အေးမာ စဉ်းစားကြည့်လေ၊
အန်တီဝေကလေ ကလေးဆန်တယ်ပဲ
ပြောပြော၊ သူတို့လေးတွေရဲ့ ဝတ္ထုတွေ
ထဲမှာ ဇာတ်ကောင်တစ်ယောက်အဖြစ်
နဲ့ သိပ်ကို ပါချင်တာ သမီးရဲ့၊ ဒါပေမဲ့
သူတို့စိတ်ကူးအတွေးထဲမှာ သူတို့အဖေ
နဲ့ သူတို့သားသမီးတွေပဲ ရှိတာ"

မျက်ရည်ဝဲစွာနဲ့ ပြောနေတဲ့
အန်တီဝေ့ကို ကျွန်မ ဘယ်လိုစကားနဲ့
နှစ်သိမ့်ရပါ့မလဲဆိုပြီး တွေးကြည့်ပေ
မယ့် စကားရှာမရပါဘူး။ ဘာဖြစ်လို့လဲ
ဆိုတော့ ကျွန်မမှာလည်း သားတစ်
ယောက်၊ သမီးတစ်ယောက် ရှိတာမို့
အန်တီဝေရဲ့ရင်ထဲက ဝေဒနာကို ဘယ်
လို စကားလုံးတွေမှ ကုစားလို့ မရနိုင်
မှန်း ကျွန်မရိပ်မိပါတယ်။

✿

တစ်နေ့ အန်တီဝေက အဖော်
ခေါ်သွားလို့ ဆေးခန်းကို ကျွန်မလိုက်
သွားပေးပါတယ်။ ဆရာက-

"ဒီလိုအတိုင်းဆိုရင် ဒေါ်သက်
ထားဝေရဲ့ ရောဂါက သားအိမ်ခေါင်း
ကင်ဆာသဘောမျိုး ဖြစ်နေတာ၊ ကျွန်
တော့်ဆီက ဆေးတွေကို မှန်မှန်သောက်
ရင် အရှင်းမပျောက်ရင်တောင် တိုး
မလာနိုင်တော့ စိတ်မပူပါနဲ့"

ဆရာ့စကား ကြားလိုက်ရတော့
ကျွန်မ တော်တော် တုန်လှုပ်သွားပါ
တယ်။ အရမ်းလည်း စိတ်ပူသွားမိပါ
တယ်။ ဒါပေမဲ့ အန်တီဝေကတော့
ဘယ်လိုမှ မဖြစ်တဲ့ပုံစံနဲ့ -

"ဆရာ့ဆေးတွေကို ကျွန်မ
ယုံကြည်စွာနဲ့ သောက်မှာပါ၊ အမျိုးသား
ဆုံးပြီးကတည်းက သေခြင်းတရားကို
မကြောက်တော့ပေမဲ့ သမီးလေး နှစ်
ယောက်ကို အဖမဲ့ဘဝကနေ အမိမဲ့
ဘဝကိုပါ မရောက်စေချင်လို့ပါ"

အပြန်လမ်းမှာ အန်တီဝေတစ်
ယောက် နှုတ်ဆိတ်နေပါတယ်။ အိမ်ပြန်
ရောက်တော့မှ ကျွန်မရဲ့ လက်ကို
သူ့လက်နှစ်ဖက်နဲ့ ဆုပ်ကိုင်ပြီး -

"အန်တီဝေ့အနားမှာ သမီးတစ်
ယောက်လို နေပေးလို့ အေးမာကို
အလွန် ကျေးဇူးတင်ပါတယ် သမီးရယ်၊
အန်တီဝေ့သမီးနှစ်ယောက်က သူတို့
အလုပ်တွေနဲ့သူတို့ဆိုတော့ အန်တီဝေ့
ကို ဂရုမစိုက်နိုင်ကြဘူးလေ။

သမီးကို တစ်ခုတောင်းဆိုပါရ
စေကွယ်၊ အန်တီဝေရဲ့ အခုရောဂါ
အကြောင်းကို သူတို့ကို လုံးဝ မပြော
လိုက်ပါနဲ့နော်၊ နှလုံးရောဂါတစ်ခုတည်း
ကို ကုပေးနေရတာနဲ့တင် သူတို့ခမျာ
ပင်ပန်းနေကြရှာပြီလေ၊ ဒါကြောင့်
ထပ်ပြီး အပူသောက မပေးချင်တော့
ဘူးကွယ်"

ဒီလိုနဲ့ အန်တီဝေတစ်ယောက်
ဆေးကို ဗမာဆေးရော အင်္ဂလိပ်ဆေး
တွေကိုပါ သောက်ရင်း အသက်ကို
ဆွဲဆန့်နေရရှာပါတယ်။

သမီးငယ်က ဝန်ထမ်းဆိုတော့
ပြန်လာရင် ပင်ပန်းလို့ အမေလုပ်တဲ့
သူ့ကို ဘယ်လိုနေလဲ၊ နေကောင်းရဲ့
လားဆိုတဲ့ စကားလေးတွေကိုတောင်



www.burmeseclassic.com

www.burmeseclassic.com

မပြောနိုင်ပါဘူး။ တစ်ခါတလေ အန်တီဝေက သူ ဒီလောက်နေမကောင်းဖြစ်နေပေမယ့် သမီးနှစ်ယောက်လက်နဲ့ တိုက်တဲ့ဆေးကို တစ်ခါမှ မသောက်ခဲ့ရဘူး ဆိုတဲ့အကြောင်းကို ရယ်စရာအနေနဲ့ ပြောပေမယ့် အန်တီဝေရဲ့မျက်လုံးအစုံမှာတော့ မျက်ရည်ဝဲလျက်ပါ။

“အန်တီဝေကလေ.သားသမီးကို ပြုစုရမယ့် ဇာတာပါလာတာ အေးမာရဲ့၊ ပြုစုခံရမယ့်ဇာတာ မပါဘူးထင်ပါရဲ့ ကွယ်၊ ဒါပေမဲ့လေ သူတို့လေးတွေကို ချက်ကျွေးပြုစုနေရတာကိုပဲ အန်တီဝေ ပျော်မိပါတယ်ကွယ်”

သက်သက်ခင်ရဲ့သမီးက ကိုးတန်း ကျောင်းသူတစ်ယောက် ဖြစ်နေပေမယ့် အန်တီဝေက အစစအရာရာ အကုန် လိုက်လုပ်ပေးနေရတုန်းပါ။ တစ်ခါတလေ ခြေထောက်ကိုက်တယ်ဆိုရင် နှိပ်တောင်ပေးရသေးတာလေ။ အန်တီဝေဟာ အတူနေ မြေးမလေးမို့ အလိုလိုက်အကြိုက်ဆောင် အင်မတန် ချစ်ရှာတာ။ ဒါပေမဲ့ အရွယ်လေးရောက်လာတာနဲ့အမျှ သူ့စကား နားမထောင်တော့တဲ့အကြောင်း မျက်နှာမကောင်းစွာနဲ့ ကျွန်မကို လာပြောပြတတ်ပါတယ်။

✿

“အေးမာရေ တစ်နေ့တစ်နေ့ ချက်လိုက်၊ ပြုတ်လိုက်၊ နားလိုက်နဲ့ အချိန်တွေက ကုန်တာမြန်လာလိုက်တာ၊ အန်တီဝေကို အသက်ကြီးမှ အရူးထတယ်လို့ထင်ချင်ထင်၊ ဝတ္ထုရေးချင်လာတယ် သမီးရယ်။

အန်တီဝေ့မှာ သားမရှိပေမဲ့ သားလို့ချစ်ရတဲ့ ဆရာတော်ဦးသုစိတ္တ သူက စာရေးဆရာ မင်းဟိန်းထိပ်လေး၊ နောက်ပြီး ဘုန်းဘုန်းဦးဉာဏ၊ သူကတော့ စာရေးဆရာ မောင်စစ်ကိုင်း၊ သူတို့နှစ်ယောက်က အန်တီဝေကို စာရေးကြည့်ဖို့ အားပေးကြတယ်၊ဒါကြောင့် ရေးကြည့်မလားလို့”

“ကောင်းတာပေါ့ အန်တီဝေရဲ့၊ အန်တီဝေရေးတဲ့ဝတ္ထုကိုလည်း အေးမာ ဖတ်ကြည့်ချင်လိုက်တာ၊ အားပေးတယ် / နော် အန်တီဝေရေ”

✿

ဒါပေမဲ့ အန်တီဝေရဲ့ ကျန်းမာရေးက ခုတစ်လော အားမရလောက်အောင်ကို ဆိုးရွားလာပါတယ်။

သမီးတွေကို လုံးဝမပြောဘဲ ကြိတ်မှိတ်ခံစားနေတဲ့ အန်တီဝေကို ကြည့်ပြီး ကျွန်မ ရင်ထဲမကောင်းလိုက်တာ၊ သမီးတွေကို အသိပေးဖို့ ပြောပေမယ့် -

“နေပါစေတော့ အေးမာရယ်၊ မသိကြတာပဲ ကောင်းပါတယ်၊ မသိလို့ လျစ်လျူရှုတာ ခံသာပေမယ့် သိရက်သားနဲ့ မေးဖော်မရကြရင် အန်တီဝေ ပိုပြီးစိတ်မကောင်းဖြစ်ရမှာ”

အန်တီဝေ ပြောလည်းပြောစရာ ပါပဲ။ သမီးနှစ်ယောက်က ငွေပေးရင်ပြီးရောဆိုပြီး အနားလာနေပေးဖို့ တစ်ယောက်မှ စိတ်ကူးမရှိကြပါဘူး။ အတူနေ သမီးတောင် မေးဖော်မရတာ၊ အဝေးမှာနေတဲ့ သမီးက ပိုပြီးမသိတော့ သူတို့ အမေ နေကောင်းနေတယ်ပဲ ထင်နေကြတာ။

အန်တီဝေဟာ သမီးတွေရှေ့မှာ သူ့ကိုယ်သူ ကျန်းမာရေး ကောင်းနေတဲ့ပုံနဲ့ အမြဲလန်းလန်းဆန်းဆန်း နေတတ်တာ၊ ကွယ်ရာကြမှ ဝေဒနာကို အံကြိတ်ခံရင်း မျက်ရည်ကျရရှာတာ။

ကျွန်မကလည်း ခုနောက်ပိုင်း အန်တီဝေနားမှာ နေပေးပါတယ်။

အန်တီဝေက သူ့စကားအတိုင်း
ဝတ္ထုလေးတစ်ပုဒ်ကို ဝေဒနာ နည်းနည်း
သက်သာရင် ရေးလိုက်၊ မကောင်းလာ
ရင် ခုတင်ပေါ်မှိန်းနေလိုက်နဲ့ ဆယ်
ရက်လောက်ကြာတော့ ကျွန်မကို စာ
တိုက်ကနေ စာမူလေးကို သွားပို့ခိုင်း
တယ်။

အန်တီဝေကိုကြည့်ရင်း ကျွန်မ
သနားလွန်းလို့ ဆေးခန်းဖြစ်ဖြစ်၊ ဆေး
ဖြစ်ဖြစ် သွားဖို့ပြောပေမယ့်-

“သမီးတွေက မရှိရှာတော့တဲ့
သူတို့အဖေရဲ့ ကောင်းကြောင်း၊ သူတို့
အဖေကို လွမ်းကြောင်း သိပ်ရေးကြတာ
အေးမာရဲ့၊ အန်တီဝေမရှိတော့ရင်လည်း
သူတို့ ရေးကြလေမလားဆိုတဲ့ အသိ
အန်တီဝေကို သူတို့ဝတ္ထုတွေထဲ ဇာတ်
ကောင်အဖြစ်နဲ့ပေါ့လေ။

သူတို့အချစ်၊ သူတို့အလွမ်း
အန်တီဝေခံချင်တယ် သမီးရယ်၊ သ
ထင်ရှားဘဝနဲ့တော့ ခံရမယ့်ပုံမရှိတာ
အန်တီဝေ မြန်မြန်သေချင်တယ်တွေ
ဒါပေမဲ့ သူတို့ ရေးချင်မှလည်း ရေး
မှာ၊ သူတို့က အဖေကို အရမ်းချစ်
တာလေ။

အေးလေ ရိုင်းရိုင်းပြောရ
တော့ အခုလို သူတို့ကလေးတွေ
လောကထဲ ရောက်လာကြတာ အန်
ဝေ တစ်ယောက်တည်းရှိရုံနဲ့ ဖြစ်လာ
မဟုတ်တာ၊ သူတို့အဖေ ရှိခဲ့လို့သာ
မဟုတ်လား၊ ဒါကြောင့်များ အဖေ
ပိုပြီး ချစ်ကြတာလားမသိဘူးနော်
တင်း. . .”

ပြောရင်း ရယ်နေတဲ့ အန်တီ
မျက်ဝန်းတွေထဲမှာတော့ ကြေကွဲမှု
ကို တွေ့နေရပါတယ်။

အန်တီဝေရဲ့ ကျန်းမာရေး
အနေကို သူ့သမီးတွေကို ပြော



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မ နားချခဲ့ပေမယ့် အန်တီဝေ လက်မခံခဲ့ပါဘူး။

"နေပါစေတော့ သမီးရယ်၊ သက်သက်ခင်ဟာ သူ့သမီးကိုတောင် စိတ်မဝင်စားလှပါဘူး၊ တကယ်တော့ သူဟာ ရေစုန်ရေဆန်မရှိတဲ့ ရေကန်နဲ့ တူတဲ့ မိန်းမတစ်ယောက်ပါကွယ်"

ဒီလိုနဲ့ သုံးလလောက် ကြာတော့ အန်တီဝေ အိပ်ရာထဲ ဗုန်းဗုန်း လဲပါတော့တယ်။

ဒီတော့မှ သမီး နှစ်ယောက် မျက်လုံးမျက်စိ ပြူးတုန်ပြီး သူတို့ အထင်မှာ ကျန်းမာရေး ကောင်းနေလို့ သန်းလန်းဆန်းဆန်းရှိနေတဲ့ သူတို့ အမေဟာ ရောဂါတွေ တနင့်တပိုးနဲ့ ပါလားလို့ သိသွားကြပါတယ်။

ကျွန်မကိုလည်း သူတို့ကို မပြောပြရကောင်းလားလို့ အပြစ်တင်ကြပါတယ်။

"အေး- ညီမတို့ အပြစ်တင်ရင်လည်း ခံရမှာပဲ၊ မင်းတို့ကိုပြောဖို့ အစ်မ ခဏခဏပြောတာပဲ၊ ဒါပေမဲ့ အန်တီဝေက သူ့သမီးတွေရဲ့အမြင်မှာ သူတို့ အမေဟာ ကျန်းမာလန်းဆန်းနေတာကိုပဲ မြင်စေချင်တယ်ဆိုပြီး မင်းတို့ ရှေ့မှာ လူကောင်းလို နေပြရှာတာပါ"

တစ်ပတ်လောက် အကြာမှာတော့ အန်တီဝေ ဆုံးသွားရှာပါတယ်။

ကျွန်မ အဖိုးတန်အမေ တစ်ယောက် ဆုံးရှုံးသလို ခံစားမိလို့ အန်တီဝေရဲ့ ခြေထောက်အစုံကို ခေါင်းနဲ့ ဆိတိုက်ပြီး နောက်ဆုံး ကန်တော့လိုက်ပါတယ်။

ရက်လည်ပြီးနောက်တစ်နေ့မှာ သမီးကြီးက သူ့အိမ် ပြန်သွားသလို သမီးငယ်ကလည်း သူ့လုပ်ငန်းခွင်ကို ပြန်ပြီး ထမ်းဆောင်ပါတော့တယ်။

ကျွန်မသာ ယောင်ချာချာနဲ့ မနေတတ် မထိုင်တတ် အန်တီဝေကို အောက်မေ့ လွမ်းဆွတ်မိပါတယ်။

နှစ်လလောက်အကြာမှာတော့ အန်တီဝေ သမီးငယ်က ကျွန်မတို့အိမ် ဘက်ကို ကူးလာပြီး -

"မကြီးအေးမာရေ၊ အမေလေ ဘယ်တုန်းကရေးပြီး ပို့ထားမှန်းမသိတဲ့ ဝတ္ထု ခုလထုတ် လပြည့်ဝန်းမဂ္ဂဇင်းမှာ ပါလာတယ်၊ အံ့ဩလိုက်တာ"

ကျွန်မလည်း သက်သက်ခင် လက်ထဲက မဂ္ဂဇင်းစာအုပ်ကို လှမ်းယူပြီး တုန်ရီတဲ့လက်နဲ့ဖွင့်ပြီး ဖတ်လိုက်ပါတယ်။ အန်တီဝေသာရှိရင် ဘယ်လောက်များ ဝမ်းသာလိုက်မလဲလေ။ သူရေးထားတဲ့ ဝတ္ထုလေးကို ပုံနှိပ်စာလုံးလေးတွေအဖြစ် မမြင်သွားရရှာတဲ့ အန်တီဝေကို သနားလိုက်တာ။

အန်တီဝေတစ်သက်မှာ ပထမဆုံးအကြိမ် ပါလာတဲ့ ဝတ္ထုလေးဟာ ပထမဆုံးနဲ့နောက်ဆုံး ရေးသွားတဲ့ ဝတ္ထုလေးတစ်ပုဒ်ဆိုတာကို ကျွန်မရင်ထဲမှာ နာနာကျင်ကျင် တွေးမိပါတယ်။

အန်တီဝေ သမီးနှစ်ယောက် ဘယ်လို ခံစားကြရမှန်း မသိပေမယ့် ကျွန်မကတော့ အန်တီဝေကို တမ်းတ လွမ်းဆွတ်နေဆဲပါ။ နောင်လည်း လွမ်းဆွတ်နေဦးမှာပါအန်တီဝေရယ်။ ရောက်ရာဘုံဘဝကနေ ကျွန်မရဲ့ မေတ္တာနဲ့ အလွမ်းတွေကို အန်တီဝေတစ်ယောက် ခံစားရရှိနိုင်ပါစေ။

သားသမီးတိုင်း အမေ့မေတ္တာကို သိနိုင်ကြပါစေ။

**ငြိမ်း(ထောက်ကြံ့မြေ)**

□

## စာမူများ ပေးပို့နိုင်ပါသည်

စာပေ ဝါသနာရှင်များ မိမိ၏စာမူကို မိတ္တူကော်ပီထား၍ လပြည့်ဝန်းမဂ္ဂဇင်း တိုက်သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။ မရွေးချယ်သော စာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။

တခြားမဂ္ဂဇင်းတိုက်များသို့ တစ်ပြိုင်တည်း ပေးပို့ခြင်းမျိုး မပြုလုပ်ကြပါရန် မေတ္တာရပ်ခံပါသည်။

ရှေးဟောင်းဘုရားသမိုင်းကြောင်းများ၊ ဘာသာရေး ဆောင်းပါးများ၊ ဂန္ထဝင်ရ ဝတ္ထုများ၊ မှဆိုးဝတ္ထုများ၊ ရသဝတ္ထုများ၊ ဟာသများ၊ အရှေ့တိုင်းအနောက်တိုင်း ဆေးပညာရပ်များ၊ ထူးခြားဆန်းကြယ်သောဖြစ်ရပ်များ စသည်ဖြင့် ပေးပို့နိုင်ပါသည်။

■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■

- စီးပွားရေးလုပ်ငန်းရှင်များ

မိမိလုပ်ငန်း
ပိုမိုတိုးတက်
အောင်မြင်စေရန်
လပြည့်ဝန်းမဂ္ဂဇင်းတွင်
ကြော်ငြာများ
ထည့်သွင်းနိုင်ပါသည်။

■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■

အဖြူအမည်း
တစ်မျက်နှာ
ကျပ်တစ်သောင်းငါးထောင်တိတိ
ဖြစ်ပါသည်။

အဖြူအမည်း
မျက်နှာဝက်
ကျပ်ခုနစ်ထောင့်ငါးရာတိတိ ဖြစ်ပါသည်။

### ဆက် သွယ် ရန်

အယ်ဒီတာအဖွဲ့
လပြည့်ဝန်းမဂ္ဂဇင်း
တိုက်အမှတ် (၇၂၄)၊
အခန်း (၁၈) ပထပ်၊ မဟာဗန္ဓုလလမ်း၊
(၁၇×၁၈)လမ်းကြား၊
လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၄၅၂၂၂၈၅၀၈



www.burmeseclassic.com

www.burmeseclassic.com



မောင်သာမန်(ဇီးကုန်း)

# သမုဒ္ဒယ မျက်ရည်မြစ်တို့၏ အလေကာ

ဆောင်းရာသီ၏ နှောင်းပိုင်းကာလဖြစ်၍လားမသိ။ ဝန်းကျင်တစ်ခွင် မြူနှင်းထုတို့ဖြင့် ပိန်းပိတ်နေသည်။ အရှေ့နှင့်အနောက် ကွေ့ဝိုက်ကာရှိနေသော ဝက်ကော်ချောင်းကြီးတွင် မိုးတွင်းအခါလောက် ရေစီးမသန်တော့။ ကြည်လင်သော ချောင်းရေတို့သည် စီးဆင်းခြင်းအလျှင်းမရှိ။ သေဝပ်စွာ ငြိမ်သက်နေပြီဖြစ်၏။ ချောင်းအထက်ပိုင်း ကားလမ်းတံတားအောက်ဘက်၌ ကျောက်စရစ်နှင့် သံဖော်လုပ်ငန်းတွင် အလုပ်သမားများ လုပ်ကိုင်နေကြသည်။

မယ်လှသည် ချောင်းဆင်းလမ်းအတိုင်းဆင်း၍ တစ်နေ့ကမှ ရေစိမ်ထားသော ဓနိဝိုင်း (ရွှေဝိုင်း) များ အခြေအနေကို ကြည့်နေခဲ့၏။

အတန်ကြာ ကြည့်ရှုစစ်ဆေး နောက် ကမ်းပါးသို့ပြန်တက်ရန် စဉ် စဉ်ခဏ ချောင်းအတွင်းခပ်လှမ်းလှမ်း ယောကျ်ားကလေး တစ်ယောက် မိန်းကလေး နှစ်ယောက် ချောင်း





www.burmeseclassic.com

www.burmeseclassic.com

များကို ရယ်မောပျော်ရွှင်စွာ ရေထဲတွင် လက်နှင့်စမ်း၍ ကောက်နေကြသည်ကို မြင်တွေ့လိုက်ရ၏။

ထိုမြင်ကွင်းသည် ပျော်ရွှင်ဖွယ် မြင်ကွင်း ဖြစ်သော်လည်း မယ်လှ၏ ချစ်နှာညိုလေးသည့် မျက်ခုံးနတ်များ တွန့်လျက် ညိုးရော်သွားရ၏။ လျှပ် တစ်ပြက် တုန်ခါသွားသည့် နှလုံးသား ကြောင့်လား မသိ။ မျက်ဝန်းညိုများတွင် စိုစွတ်သွားခဲ့ပါ၏။

ထိုမြင်ကွင်းကို အတန်ငယ် စိုက် ကြည့်မိပြီး ခြေကုန်လက်ပန်း ကျသည် တဲ့သို့ ချည့်နဲ့သွားရ၏။ အမှန်တကယ် အားဖြင့် ထိုမြင်ကွင်းသည် သူမ၏ ဘဝ တစ်ကွေ့တွင် ဖြစ်ပျက်ခံစားခဲ့ရသော သူမ ပါဝင်ခဲ့ရသည့် မြင်ကွင်းပမာ ရှိနေ ခြင်းကြောင့်ပင်။

ကြာတော့လည်း ကြာခဲ့ပါပြီ။ ချစ်ခဲ့ရသော ငယ်သူငယ်ချင်းသုံးယောက် ချစ်သော မေတ္တာ ပက်ဖျန်းလျက် သည်ဝက်ကော်ချောင်းအတွင်း ငပျော်ခဲ့ ခဲ့ရသည်များကို နှလုံးသား အမှတ် သင်ထင်သတိတရ တမ်းတ၊ လွမ်းဆွတ် ခြင်းကြောင့်ဟု ဆိုရမည် ဖြစ်သည်။ ထိုစဉ်က အမှောင်တို့ဖြင့် ပိတ်ဖုံးခြင်း သော ကိလေသာစိတ်များ မပေါ် ပါတ်ခင် သန့်စင်သော မေတ္တာတို့ဖြင့် ယှက်နေသည့်အချိန် ဖြစ်သည်။

မယ်လှသည် ခင်မင်တွယ်တာရ သော ကျောင်းနေဖက် သူငယ်ချင်း ဖြိုးအေးနှင့် တစ်ချိန်တွင် ချစ်မိခဲ့လေ သော ဇော်မင်းသန့်ဟူသော လူချော တို့သည် ဝက်ကော်ချောင်းကို ဗတို ၍ သမုဒယနှောင်တွယ်ခဲ့ကြသည်ဟု ဆိုက သင့်လျော်ပါလိမ့်မည်။

ယခုတော့ သည်နေရာ၊ သည် အတွင် သက်ဆုံးတိုင် ရှိနေသည့် သူမတစ်ဦးတည်းသာ ယိမ်းယိုင်ခဲ့သော သမုဒယချည်နှောင်မှုများကို ဖြေလျှော့ လျက် ရှိနေလေ၏။

အတိတ်သည် အတိတ်၌ ကျန်ခဲ့၏။ အတိတ်၏နာကျင်မှုများကို ပစ္စုပ္ပန် သို့ မခေါ်ယူလို။ သို့သော် ပတ်ဝန်းကျင်၏ တိုက်ဆိုင်မှုဖြစ်ရပ်များသည် သူမ၏ ရင်သို့တိုင် စီးဝင်ခံစားရသည့်အခိုက် သူမသည် ရင်တွင်း၌ ငိုမိပါ၏။ လှိုက်၍ လှိုက်၍ ငိုကြွေးမိပါ၏။ အတိတ်တို့သည် ပစ္စုပ္ပန်တိုင် အလိုအလျောက် ကူးစက် လာရ၏။

"မယ်လှရှိတဲ့ ဒီရပ်ဝန်းကို မောင် ဆက်ဆက်ပြန်လာပါ့မယ်၊ မောင် ကတိ ပေးပါတယ်"

ဟု လှိုက်လှိုက်လှဲလှဲ ပြောလာ သော ငယ်ချစ် ဗိုလ်ကြီးဇော်မင်းသန့် တစ်ယောက် သူမ၏နှလုံးသားပရဝုဏ် မှ အပြီးတိုင် ထွက်ခွာသွားခဲ့ပါ၏။ သို့တိုင် သူမ၏ရင်တွင်း နှလုံးသား၌မူ ဇော်မင်းသန့်တစ်ယောက် ထာဝရတည် ရှိနေမည်ကား သူမသာလျှင် သိပါ၏။

ခရုကောက်နေသော ကလေး သုံးယောက်ကို ဝေဝါးစွာ ငေးကြည့်နေမိ သော မယ်လှတစ်ယောက် ကမ်းပါး ပေါ်သို့ တက်ရာတွင် ချစ်တတ်သော နှလုံးသားတစ်စုံက လေးလံလျက် ရှိရ တော့၏။

'ဖြစ်မှုဖြစ်ရလေ မောင်ရယ်'

ဟူသာ ရင်ထဲ၌ တမ်းတခြင်းဖြင့် မျက်ရည်များ စီးဆင်းခဲ့ရ၏။

✿

သာယာလှပသော ဝက်ကော် ချောင်းသည် ရန်ကုန်-ပြည် ကားလမ်း၊ ရထားလမ်းများကို ဖြတ်သန်းစီးဆင်းပါ သည်။ ဝက်ကော်ချောင်းသည် မြစ်မခ မြစ်လောက်ပင် ကျယ်ဝန်းလင့်ကစား ချောင်းအဖြစ်သာ သမုတ်ကြလေ၏။ အလယ်ရိုးမမှ စီးဆင်းလာသော ထို ချောင်းသည် မိုးတွင်းအခါ ရေစီးသန်၍ သစ်ဖောင်၊ ဝါးဖောင်များ မျောလေ့ရှိ သော ချောင်းဖြစ်သည်။

မယ်လှတို့ စက်ကော်ရွာသည် ချောင်း၏ တောင်ဘက်ကမ်း၊ မြောက် ဘက်ကမ်း ခွ၍ တည်ရှိပြီး ကားလမ်း၊ ရထားလမ်းဘေး၌ ရှိပါသည်။ ဝါးများ ဖောဖောသီသီရရှိသော ရွာဖြစ်ခြင်း ကြောင့်လည်းကောင်း၊ နွေအခါများတွင် သဲကျောက်ရရှိခြင်းအပြင် ရိုးရာခမောက် လုပ်ငန်းသည်လည်း တွင်ကျယ်လှသဖြင့် စည်ကားသောရွာ ဖြစ်ပါ၏။

မယ်လှတို့၏ သွပ်မိုး၊ ပျဉ်ကာ အိမ်ကြီးသည် ကားလမ်းနံဘေး၌ရှိ၍ မယ်လှတို့၏ မိဘများကိုယ်တိုင် ဦးစီး လုပ်ကိုင်သော ဝါးခမောက်လုပ်ငန်း သည် ကျော်ကြားလှ၏။

ထိုစဉ်က မယ်လှသည် ရှစ်တန်း ကျောင်းသူဖြစ်၍ တစ်မိုင်ခန့်ဝေးသော အလယ်တန်းကျောင်းတွင် ကျောင်း တက်၏။

ကျောင်းပိတ်ရက်များတွင် မြို့ ဘက်မှ သူငယ်ချင်းများဖြစ်သော ယဉ် မြအေးနှင့် ဇော်မင်းသန့်တို့သည် စက်ဘီး ကိုယ်စီဖြင့် သူမတို့ရွာသို့ အိမ်လည်လာ တတ်၏။

ယဉ်မြအေး၏ မိဘများသည် အစိုးရဝန်ထမ်းများဖြစ်၍ တမြန်နှစ်ကမှ ပြောင်းလာကြသူများဖြစ်၏။

ဇော်မင်းသန့်မှာမူ မြို့နယ် ဆရာဝန်ကြီး၏ သားဖြစ်၏။

ယဉ်မြအေးသည် ဖြူဖွေးချော မောသော မိန်းကလေး ဖြစ်သကဲ့သို့ ဇော်မင်းသန့်သည်လည်း ဖြူဖြူချော ချော လူငယ်လေး တစ်ဦးပင်။



www.burmeseclassic.com

www.burmeseclassic.com

တနင်္ဂနွေကဲ့သို့သော ကျောင်းပိတ်ရက်များကျင် စက်ဘီးကိုယ်စီဖြင့် မယ်လှတို့အိမ်သို့ ရောက်လာတတ်၏။ ယနေ့ ရောက်လာပါ၏။ မယ်လှသည် သူတို့ရောက်လာလျှင် ခမောက်ချုပ်ခြင်းကို ရပ်နားလိုက်ပြီး သူငယ်ချင်းနှစ်ယောက်နှင့်အတူ ချောင်းထဲသို့ဆင်း၍ ခရုစမ်းတတ်၏။ ယဉ်မြအေးနှင့် ဇော်မင်းသန့်တို့မှာ ခရုကို အပျော်သဘောစမ်းသည်ပဲ ရှိ၏။ မစားတတ်ချေ။

မယ်လှမှ -

"မင်းတို့တစ်တွေ ခရုဖင်ချွန်းစမ်းတာက အပျော်သဘောဖြစ်နေတယ်၊ မင်းတို့ ခရုရရင် ခွေးတောက်ရွက်နဲ့ ပြုတ်ပေးမယ်၊ မင်းတို့ စားကြည့်စမ်း၊ သိပ်ကောင်းတယ်ကွ"

ယဉ်မြအေးမှာ ရေထဲသို့ လက်ဖြင့်စမ်းနေစဉ် ဆိုလာ၏။

"မယ်လှရယ်၊ မင်းကသာ ပြုတ်ပေးမယ် ပြောတယ်၊ တို့က ခရုကို မစုပ်တတ်ဘူးလေ"

ဇော်မင်းသန့်မှလည်း -

"ငါတော့ မစားဘူး၊ ခရုကိုတော့ ရအောင်ကောက်ပေးမယ်"

"စားဖူးအောင် စားကြည့်စမ်းပါ၊ ဘာမှမဖြစ်ပါဘူး၊ ရင်ထဲတောင် အေးသွားဦးမယ်၊ ဒါပေမဲ့ ခရုနဲ့ အမဲသားက မတည့်ဘူးနော်"

ဇော်မင်းသန့်မှာ ရေတိမ်တိမ်ကြည်လဲ့လဲ့၌ ပျော်နေပါသည်။ ခရုဖင်ချွန်းစမ်းလိုက်၊ ရေကူးလိုက်ဖြင့်။ သုံးဦးသား ခရုစမ်းပြီးသည်နှင့် ကမ်းပေါ်ပြန်တက်ကြ၏။

မယ်လှတို့အိမ်၏ အနောက်ဘက်၌ ခြံရှိ၏။ ထိုခြံထဲတွင် ကျွဲကော၊ မာလကာ၊ သရက်၊ သံပရာ၊ ဆီးစိုက်လှ၏။ မယ်လှ၏မောင်ဝမ်းကွဲ သန်းဌေးအောင်မှ ဆီးပင်ပေါ်သို့တက်၍ ဆီးသီးလှုပ်၏။ သန်းဌေးအောင်ကား မျောက် တစ်ကောင်ကဲ့သို့ပင် သစ်ပင်တက် ကျွမ်းကျင်လှ၏။ သူလှုပ်ချလေသမျှ ဆီးသီးများအား မယ်လှတို့ သူငယ်ချင်းသုံးယောက် အနိုင်ကောက်ကြ၏။ ဆီးသီးများသည် ယိုးဒယားဆီးသီးကဲ့သို့မဟုတ် ချွန်တွန်တွန်လုံးတုံးတုံးဖြင့် ချိုမြလှ၏။ တစ်ချက်ကလေးမျှ မချဉ်။ ရေဆေးထားသော ဆီးချိုသီးများကို ဇော်မင်းသန့် ကြိုက်လှ၏။ တစ်လုံးပြီးတစ်လုံး ကောက်၍ဝါး၏။

ယဉ်မြအေးရော မယ်လှကပါ မျောက်ကလေးတစ်ကောင် ဆီးသီးဝါးသည်ဟုဆိုကာ နောက်ပြောင်ကြ၏။ ဇော်မင်းသန့်ကား သူတို့နှစ်ဦးအား မျက်စောင်းထိုး၍ ဆီးသီး စားမြဲစား၏။ ထို့နောက် မယ်လှသည် ယဉ်မြအေးတို့နှစ်ဦးအတွက် အိမ်အပြန်လက်ဆောင် ဆီးသီးများ ထုပ်ပိုးပေးခဲ့၏။

မယ်လှ၏ အမေ ဒေါ်ခင်မြသည် ချင်းသုပ်နှင့် ရေနွေးကြမ်း တိုက်၏။ သူငယ်ချင်းသုံးယောက် တွေ့ကြလေတိုင်း ပြောကြဆိုကြ နောက်ပြောင်ကြဖြင့်။

ကျောင်းဖွင့်ရက်များတွင် သူတို့သုံးဦး ကျောင်းတွင်ဆုံကြ၏။ အတန်းထဲတွင် ဇော်မင်းသန့်နှင့် ယဉ်မြအေးသည် စာတော်သူများဖြစ်၏။ စာမေးပွဲတိုင်း ပထမနှင့် ဒုတိယပင်ဖြစ်၏။ မယ်လှကား ရိုးရိုးမျှသာ ဖြစ်၏။ စာညံ့သူလည်း မဟုတ်သကဲ့သို့ စာတော်သူလည်း မဟုတ်ပေ။ ရှစ်တန်းအောင်သည့်အခါတွင် သုံးယောက်စလုံး အောင်ပါသည်။ မယ်လှမှာ ရိုးရိုးအောင်၍ ဇော်မင်းသန့်နှင့် ယဉ်မြအေးမှာ ဂုဏ်ထူးသုံးဘာသာစီဖြင့် အောင်၏။

ကိုးတန်းအောင်၍ ဆယ်တန်း ရောက်သည့်နှစ်များတွင် ယဉ်မြအေး သည် ကိုယ်ခန္ဓာတောင့်တင်းလှပလာ ၏။ ဇော်မင်းသန့်ကား ကိုယ်ခန္ဓာဖွံ့ဖွံ့ ထွားထွား ချောမောလွန်းလှ၏။ မယ်လှ သည်လည်း စေ့စေ့ကြည့်ခံ၍ ညှို့ချော လေးဖြစ်၏။

ပြောင်းလဲလာသော ခန္ဓာကိုယ် နှင့်အတူ နုနယ်လန်းဆန်းသော နှလုံး သားတို့သည်လည်း လှုပ်ရှားလာကြ၏။ ဇော်မင်းသန့်သည် ယဉ်မြအေးကို စိတ် ဝင်စားသကဲ့သို့ မယ်လှသည်လည်း ဇော် မင်းသန့်အပေါ် စိတ်လှုပ်ရှား၏။ ဖြူစင် ရိုးသားသော အချစ်တို့သည် မည်သည့် နေရာသို့ ရောက်ရှိသည် မသိတော့။

မည်သို့ပင်ဖြစ်စေ ဇော်မင်းသန့် နှင့် ယဉ်မြအေးတို့သည် မယ်လှတို့ရွာသို့ ကျောင်းပိတ်ရက်များတွင် လာမြဲလာ၏ လာတိုင်းလည်း မယ်လှတစ်ယော ရင်တွင် လှုပ်ရှားမှုတို့သည် ဖြစ်ပေါ် စမြဲပင်။

တစ်ကြိမ်တွင် မယ်လှ ခမော ချုပ်နေခိုက် သူတို့ရောက်လာ၏။ သူ နှစ်ဦးသည် ရောက်လျှင်ရောက်ချ မယ်လှအနား ဝိုင်းထိုင်လိုက်ပြီး မယ် ခမောက်ချုပ်နေသည်ကို ကြည့်နေ ၏။ မယ်လှတစ်ယောက် ရှက်တိုးရှ ကန်းဖြစ်လျက် -

"မင်းတို့ ဘာကိုကြည့်နေတာ ငါ့ကို ကြည့်တာလား၊ ခမောက်ချုပ် ကို ကြည့်တာလား"

ယဉ်မြအေးသည် တစ်ချက် လိုက်ပြီး -

"မင်းကို ဘာလို့ကြည့်ရမှာ မယ်လှရယ်၊ မင်းခမောက်ချုပ်တာ စိတ်ဝင်စားလို့ ကြည့်တာပါကွ၊ ခမောက်ချုပ်တာ စိတ်ဝင်စားဖို့





www.burmeseclassic.com

www.burmeseclassic.com

တယ်၊ မင်း သိသလောက် တို့လည်း ခမောက်အကြောင်းသိချင်တယ်၊ ပြော ပြစမ်းပါကွာ"

"ကဲ ဒါဆိုလည်းနားထောင်၊ ငါ ခမောက်တစ်လုံးဖြစ်ပေါ်လာပုံ ပြောပြ မယ်၊ ဝါးခမောက်တစ်လုံး ဖြစ်ဖို့က အဓိက ကုန်ကြမ်းကတော့ ဝါးကအဓိက ပဲ မျှင်ဝါး၊ ကြသောင်းဝါးနဲ့ ဝါးပိုးဝါး တွေကို အသုံးပြုကြတယ်၊ ဝါးဆိုပေမယ့် တစ်နှစ်သားဝါးနုဖြစ်ဖို့လိုတယ်၊ ကြ သောင်းဝါးနုကို ခွဲစိတ်ဖြာပြီး ခွေဝိုင်း (ခွေဝိုင်း) ပြုလုပ်ပြီးတဲ့နောက် ရေထဲမှာ ဆယ့်ငါးရက်လောက် စိမ်ထားရတယ်၊ ဆယ့်ငါးရက် စိမ်ပြီးတဲ့နောက် ကုန်း ပေါ်တင်ပြီး နေလှန်းရတယ်၊ ဒါဆိုရင် ခမောက်တစ်လုံးဖြစ်ဖို့ အဓိကအခြေခံ တစ်ခုပြီးပြီလို့ ပြောလို့ရတယ်"

ဇော်မင်းသန့်မှ -

"ဒါဆိုရင် ခမောက်လုပ်ရတာ သိပ်မခက်ဘူးပေါ့"

မယ်လှသည် ဇော်မင်းသန့်အား ချွဲခနဲ ကြည့်လိုက်ပြီး ဆက်ပြော ၏။

"လွယ်တော့ မလွယ်ပါဘူး၊ ဘာ ကြောင့်လဲဆိုတော့ ခမောက်တစ်လုံးဖြစ် ဖို့အတွက် အချက် ဆယ့်ခုနစ်ချက်ကို ဆောင်ရွက်ပြီးမှသာ ခိုင်ခံ့တဲ့ ဝါး ခမောက်တစ်လုံးဖြစ်မှာ၊ အဲဒါ ဝါးပွေး စိတ်၊ အဖူးကိုက်၊ အဖူးတွဲ၊ အဖူးချုပ်၊ အသတ်တင်၊ ခြေခွေချုပ်၊ ကြာပိတ်၊ သီးကပ်၊ အရွက်ယှဉ်၊ အရွက်စပ်၊ ချုပ်၊ ဖယောင်းပုဆိုးကွပ်၊ အဖူး / ခေါင်းပေါက်ဖောက်ခြင်း၊ ဇာ ဇာထည့်၊ ခေါင်းရွှေပြားကပ်တာ လုပ်ပြီးမှ ခမောက်ဖြစ်တာ"

ယဉ်မြအေးတို့နှစ်ဦးမှာ စိတ် ဝင်စားစွာ နားထောင်လျက် အစီအရီ ထားသော ခမောက်များကို ကြည့်နေ၏။ မယ်လှမှ ဆက်လက်၍ -

"အစကတော့ ဝါးခမောက်ပုံစံ က သုံးမျိုး၊ လေးမျိုးလောက်ပဲရှိတာ၊ အခုတော့ ခေတ်နဲ့လျော်ညီစွာ ဆန်း ဆန်းကြယ်ကြယ်ဖြစ်အောင် တီထွင်လာ ကြပါပြီ"

မယ်လှသည် သပ်ရပ်စွာစီထား သော ခမောက်မျိုးစုံအား ယူ၍ပြပြီး-

"ဒါက ဇာခံချုပ်ရိုး၊ ဒါက ဇာခံ တုတ်စိုက်၊ ဒါက ရွက်ကြီးချုပ်ရိုး၊ ဒါက ရွက်ကြီးတုတ်စိုက်၊ နောက်ရှိသေးတယ်၊ ရွက်လတ်ချုပ်ရိုး၊ နဘေကပ်ကြီး၊ ကတ် ခမောက် စသည်ဖြင့်ပေါ့လေ ရှိသေး တယ်၊ ဒီလုပ်ငန်းတွေက တစ်ဦး တစ် ယောက်တည်း လုပ်လို့ မရဘူးကွဲ့၊ အဆင့်ဆင့်လုပ်ကိုင်ရတာ၊ ဒါကြောင့် လူကြီး၊ ကလေးမကျန် လုပ်ကြပြီး ဝင် ငွေလည်း မပြတ်တော့ဘူးပေါ့၊ ကျောင်း ပိတ်ရက်တွေမှာလည်း တို့တွေ လုပ်နေ ကြတာကိုပဲကြည့်"

ဇော်မင်းသန့်မှ -

"ငါတော့ စိတ်ဝင်စားတယ်၊ အသစ်အဆန်းတွေပေါ်တဲ့ ဒီခေတ်ကြီး မှာ မြန်မာ့ရိုးရာ ဝါးခမောက်လုပ်ငန်းက မပျောက်ပျက်ဘဲ အနုပညာ ဆန်တယ် လေ"

ရွှန်းရွှန်းစားစားဖြင့် မယ်လှအား ကြည့်၍ ပြောနေသော ဇော်မင်းသန့်၏ အပြောကြောင့် သူမ ရင်ခုန်ခဲ့ရ၏။

ဝါးခမောက်လုပ်ငန်းကို ဇော်မင်း သန့် သဘောကျသကဲ့သို့ ယဉ်မြအေး လည်း သဘောကျ၏။ ယဉ်မြအေးနှင့် လိုက်ဖက်သော ဝါးခမောက်လှလှ တစ်လုံးအား လက်ဆောင်ပေးသကဲ့သို့ ဇော်မင်းသန့်ကိုလည်း မယ်လှစိတ်ကြိုက် ရွေးချယ်ထားသည့် ပါလစ်ရောင်ဖြင့် လှပသော ယောကျ်ားမဲဆောင်း ဝါး ခမောက်တစ်လုံးကို လက်ဆောင်ပေးခဲ့ သည်။ ယဉ်မြအေးမှာ ပြုံးရွှင်နေပြီး ဇော်မင်းသန့်ကမူ -

"မယ်လှပေးတဲ့ခမောက်ကို ငါ ရာသီမရွေး ဆောင်းမယ်ကွာ"

ဇော်မင်းသန့် မည်သို့ရည်ရွယ်ပြီး ပြောသည်ကို မသိသော်လည်း မယ်လှ မှာမူ ရင်ထဲတွင် လှုပ်ရှားမှုအပြည့်ဖြင့် ကြည်နူးခဲ့ရပေ၏။

✿

နွေရာသီ၏ ရက် တစ်ရက်။ စာမေးပွဲကြီးနီးလာပေပြီ။ သံစ်ရွက်တို့ သည်ခြောက်သွေ့ရော်ရီလျက် သဘာဝ အတိုင်း ကြွေကျမြေခနေကြ၏။ အရာ ရာကို ကြည့်လိုက်လေတိုင်း နွေ၏ သရုပ်သည် ပေါ်လွင်လှ၏။

စာမေးပွဲအတွက် အပိုချိန်တက် ပြီး ပြန်လာသော မယ်လှသည် သူတို့ နှစ်ဦးကို ကျောင်းပေါက်ဝတွင် စောင့် နေသော်လည်း ဇော်မင်းသန့် ပေါ် မလာပါ။

ကျောင်းသူများနှင့် ရောနှော၍ ကျောင်းထဲမှထွက်လာသူကား ယဉ်မြ အေး ဖြစ်၏။

ယဉ်မြအေးသည် မယ်လှကို တွေ့၍ လက်ပြနှုတ်ဆက်ပြီး မယ်လှ သည်လည်း လက်ပြနှုတ်ဆက်၏။

ဇော်မင်းသန့်ကို မမြင်၍ မယ်လှ မှ ယဉ်မြအေးကို မေး၏။

"ဇော်မင်းသန့် ဘယ်ကျန်ခဲ့သလဲ ကွ"

"ကျောင်းထဲမှာ ကျန်နေခဲ့ပြီ၊ သူ့ ကို စောင့်မနေနဲ့တော့၊ ယောကျ်ားလေး သူငယ်ချင်းတွေနဲ့ စကားပြောကျန်ခဲ့ တယ်၊ မယ်လှ၊ ကိုယ် မင်းကိုစကားပြော ချင်တယ်ကွယ်"



www.burmeseclassic.com

www.burmeseclassic.com

ထူးခြားသောမျက်နှာဖြင့် ယဉ်မြအေး၏ အမူအရာကြောင့် မယ်လှသည် သူမ ပြောမည့် စကားကို နားထောင်နေလိုက်သည်။

"သူ သူလေ ကိုယ့်ကို ရည်းစားစကားပြောတယ်"

"ဟင်. . . ဘယ်သူက မင်းကို ပြောတာလဲ၊ နားရှင်းအောင် ပြောလေကွာ"

"ဘယ်သူရှိရမှာလည်းကွယ်၊ သူဆိုမှတော့ ဇော်မင်းသန့်ကို ပြောတာပေါ့"

"ဟင်"

ဟူသော မယ်လှ၏ အာမေဍိတ်သည် နှုတ်မှထွက်လာခြင်းမဟုတ်။ ရင်ထဲ၌ ပူလောင်စွာ ထွက်လာသောအသံဖြစ်၏။

မယ်လှ၏ နှလုံးသား စိတ်ကူးယဉ်အိပ်မက်များ ပြိုပျက်ခဲ့ရလေပြီ။ သူမ၏ အိပ်မက်များတွင် အကယ်၍ သူသာ ချစ်စကား ပြောလာခဲ့ရင်ဟူသော အိပ်မက်များသည် အိပ်မက်များသာ ဖြစ်ခဲ့ရပြီမို့ သူမရင်တစ်ခုလုံး ပြိုကျပျက်စီးသွားခဲ့ရသည်ကဲ့သို့ပင် ဖြစ်ရသည်။

ထိုကိစ္စနှင့်ပတ်သက်၍ ဇော်မင်းသန့်ကို မနာကြည်းမိသကဲ့သို့ ယဉ်မြအေးကိုလည်း မနာလိုမဖြစ်ခဲ့။ မိမိသာလျှင် နှလုံးသား ကံခေသူအဖြစ်သာ ဝမ်းနည်းစွာ သတ်မှတ်ခဲ့ရ၏။

သို့ဖြင့် မယ်လှသည် ကြိုးစားအားယူလျက် ယဉ်မြအေးအား -

"အဲဒီတော့ သူ့ရဲ့တောင်းဆိုချက်ကို မင်းက မလိုက်လျောခဲ့ဘူးလား၊ သူက မင်းနဲ့ငါတို့ရဲ့ သူငယ်ချင်းလေ၊ ဒါပေမဲ့ မင်းကိုသူက ပိုမိုပြီး သံယောဇဉ်ရှိလို့ မင်းကို ဖွင့်ပြောတာနေမှာပါ၊ တခြားသူမဟုတ်တဲ့ သူ့ကို မင်း ပြန်ပြီး တုံ့ပြန်သင့်တာပေါ့"

ယဉ်မြအေးသည် သက်ပြင်းချလျက် -

"ဒီအချိန်မှာ ဒါတွေကို စိတ်ဝင်စားရမယ့်အချိန်မှ မဟုတ်တာ၊ ဆယ်တန်းဖြေပြီးမှပဲ အကြောင်းပြန်မယ်လို့ ပြောလိုက်တယ်၊ ဒါနဲ့ သူလည်း မပြောတော့ဘူး"

"မင်းစိတ်နဲ့ သူစာမေးပွဲကျမှာ မစိုးရိမ်ဘူးလားဟင်၊ သူက စာတော်ပေမယ့် မင်းအပေါ် ချစ်တဲ့စိတ်နဲ့ ဝေဝါးထွေပြားပြီး မဖြေနိုင်ရင်ကွယ်"

"သူဖြေနိုင်မှာပါ၊ ကိုယ်က သူ့ကို ပြောလိုက်တယ်၊ စာမေးပွဲအောင်မြင်ဖို့ အဓိကပါ၊ တောင်းတဲ့အဖြေကို ဆက်ဆက်ပေးမှာပါလို့"

"အေးကွယ်"

မယ်လှရင်ထဲတွင် ပူလောင်လွန်းသော်လည်း ဖြေသိမ့်နိုင်အောင် ကြိုးစားခဲ့ပါသည်။

စာမေးပွဲဖြေဆိုပြီးနောက် သူတို့နှစ်ဦး တပူးတွဲတွဲရှိကြသည်ဟု မယ်လှသိရ၏။

ဟိုစဉ်ခါကဲ့သို့ သူတို့နှစ်ယောက်တွဲ၍ မယ်လှထံသို့ မလာကြတော့။

သူငယ်ချင်းဘဝမှ ကျော်လွန်လာသော ယဉ်မြအေးတို့သည် မယ်လှရှေ့၌ လိပ်ပြာမသန့်၊ စိတ်မလုံမလဲဖြစ်ရသည်ကြောင့် ယဉ်မြအေး တစ်ယောက်တည်း လာသည်လည်းရှိ၏။ ဇော်မင်းသန့်တစ်ယောက်တည်း တစ်ခါတလေ မယ်လှတို့အိမ်သို့ ပေါက်ချလာတတ်၏။

ဇော်မင်းသန့် ရောက်လာသည့်အခါတွင် မယ်လှသည် ရောရောနှောနှောမရှိ ပုံမှန်ဆက်ဆံ၏။ သို့သော် မယ်လှ၏ ရင်ထဲ၌ အမျိုးအမည်မသိဝေဒနာတစ်ခု ခံစားခဲ့ရ၏။

ဇော်မင်းသန့်သည် သူမကို ကြည့်၍ -

"မင်းရဲ့ဆက်ဆံပုံက တစ်မျိုးဖြစ်သွားသလိုပဲ၊ ငါ စိတ်မကောင်းဘူးကွာ၊ ငါက မင်းရဲ့ သူငယ်ချင်းတစ်ယောက်လေ"

မယ်လှ ဘာမျှမပြော။ ခေါင်းငုံ့၍သာ ခမောက်ကိုချုပ်နေ၏။ ဇော်မင်းသန့်သည် ဆက်၍ပြောပြန်၏။

"အေးပေါ့လေ၊ ကိုယ်နဲ့ ယဉ်မြအေးတို့ရဲ့ ဆက်ဆံရေးက မင်းအတွက် တစ်မျိုးဖြစ်သွားမှာပေါ့၊ ငါကတော့ မင်းကိုရော ယဉ်မြအေးကိုပါ သူငယ်ချင်းလိုပဲ သဘောထားတာပါ၊ ယဉ်မြအေးနဲ့ ကိုယ်တို့ရဲ့ ဆက်ဆံရေးက တသီးတခြားပါ"

မယ်လှ စိတ်မကောင်းဖြစ်သွားရ၏။ သူငယ်ချင်း သံယောဇဉ်အပြင် ထူးခြားသော မိမိ၏အပြုအမူ ဆက်ဆံမှုကြောင့် ဇော်မင်းသန့် စိတ်မကောင်းဖြစ်သွားရခြင်းကို သူမသည် စိတ်ထိခိုက်သွားရ၏။ ထို့ကြောင့်လားမသိ၊ သူမ၏မျက်ဝန်းများ ဝေဝါးသွားရ၏။

"မယ်လှရဲ့အပြုအမူ မင်းအပေါ် အထင်လွဲစရာဖြစ်ခဲ့ရင် တောင်းပန်ပါတယ်၊ ကိုယ် သတိလွတ်သွားတယ်၊ ခွင့်လွှတ်ပါဟာ"

ဇော်မင်းသန့်သည် မျက်ရည်စများ ဝေ့လည်နေသော သူမကိုကြည့်၍ စိတ်မကောင်းဖြစ်ရ၏။

ထို့ကြောင့် ဇော်မင်းသန့်သည် သူမအား စိတ်ပြောင်းလဲစေရန် -

"ခွင့်လွှတ်ပါတယ် မယ်လှရယ်၊ ဒီတစ်ခါ မင်းနဲ့ကိုယ် ချောင်းထဲဆင်းပြီး ခရုဖင်ချွန်း စမ်းမယ်ကွာ၊ နောက်ပြီး





www.burmeseclassic.com

www.burmeseclassic.com

ခရုဖင်ချွန်းနဲ့ ခွေးဖောက်ရွက် ပြုတ် ထွေးကွာ၊ ကိုယ်စားချင်လို့"

မယ်လှသည် ဝေ့လည်လာသော မျက်ရည်စများကို အလျှင်အမြန် သုတ်၍ -

"ဟုတ်ရဲ့လား ဇော်မင်းသန့်ရယ်၊ အစက ခရုမစားဘူးဆို"

"ဟုတ်ပါတယ်၊ အခုဟာက ခရုဖင်ချွန်းလေးတွေကောက်ရင်း စားကြည့်ချင်လို့ကွ"

"ကဲ - ဒါဖြင့်လာ"

မယ်လှဦးဆောင်၍ ဝက်ကော်ချောင်းထဲသို့ ဆင်းလိုက်၏။ ဇော်မင်းသန့်သည် ကမ်းစပ်တွင် ပုဆိုးချွတ်ပုံ ထိုက်ပြီး ဘောင်းဘီတိုကလေးဖြင့် ရေထဲ ဆင်းလိုက်၏။ ညနေပိုင်းဖြစ်၍ ချောင်းရေကြည်ကြည်သည် အေးအေး မြမြရှိလှ၏။

ရေထဲရောက်သည်နှင့် ဇော်မင်းသန့်သည် ပျော်သွားပုံရ၏။ သီချင်းအကြော်ကြော်ဖြင့် ရှိနေ၏။ သူ၏အပျော်စိတ်ကြည်နူးမှုတို့သည် မယ်လှထံ ကူးစက်သွားသည်လားမသိ။ မယ်လှသည် ပြုံး၍ရွှင်၍ ကြည်နူး၍။

ထို ကြည်နူးချိန်ကလေးသည် ထာဝရဖြစ်ပေါ်နေပါက မည်မျှကောင်းလေ်နည်းဟု မယ်လှစဉ်းစားမိပါ၏။ သို့သော် ခဏဆို ခဏလေးပါပဲ။

မယ်လှ ပြုတ်ပေးသော ခွေးဖောက်ရွက်နှင့် ခရုဖင်ချွန်းကို သောက်ပိုက်၊ ခရုကို စုပ်လိုက်ဖြင့် ရှိနေသော ဇော်မင်းသန့်ကို ပီတိဖြစ်စွာ သူမသည် ကြည့်နေခဲ့ပါသည်။

ဇော်မင်းသန့်သည် ခရုဖင်ချွန်းကို မစုပ်တတ်စုပ်တတ်ဖြင့် ရှိနေခြင်းကြောင့် သူမသည် ခရုထဲမှ အဆံထွက်အောင် စုပ်ပြ၏။ ထိုစုပ်ပြသော ခရုအဆံအား ဇော်မင်းသန့်တစ်ယောက် မရွံမရှာ စားပြပါသည်။ မယ်လှ၏ အသည်းနှလုံးသည် ထိုမြင်ကွင်းကြောင့် တဒင်္ဂ အေးမြရပါသည်။

ညနေစောင်းချိန်ရောက်၍ ဇော်မင်းသန့်ပြန်သည့်အခါတွင် မယ်လှသည် တွေတွေငေးငေးဖြင့် သူ၏ကျောပြင်အား ငေးကြည့်၍နေခဲ့ရ၏။ ဆွေးမြည့်ဖွယ်၊ ဆွတ်ပျံ့ဖွယ် တမ်းတခြင်းများဖြင့် အတူ သူမ၏ မျက်ဝန်းတွင် စွတ်စိုနေရသည်။

ယခုတော့ သူတို့နှစ်ဦးနှင့်အတူ မယ်လှသည်လည်း စာမေးပွဲ နှစ်ချင်းပေါက် အောင်မြင်ခဲ့ပြီဖြစ်သည်။

ဇော်မင်းသန့်နှင့် ယဉ်မြအေးတို့ ချစ်သူနှစ်ဦး အဆင်ပြေနေကြသည်ဟူသော သတင်းစကားကြောင့် မယ်လှ ဝမ်းသာရပါသည်။ ဇော်မင်းသန့် တစ်ယောက် စစ်တက္ကသိုလ်တက်ရောက်ရန် ထွက်ခွာသည့်အချိန်တွင် ယဉ်မြအေးမှာ ရန်ကုန်စီးပွားရေးတက္ကသိုလ်တွင် တက်နေပြီဖြစ်၏။ မယ်လှသည်လည်း ပြည် အဝေးသင်တက်ရောက် ပညာသင်ယူနေခဲ့၏။

သူငယ်ချင်းသုံးယောက် တစ်ယောက် တစ်နေရာစီ ရောက်နေခဲ့ခြင်းအတွက် မယ်လှတစ်ယောက် အချိန်တန်လျှင် တစ်ကိုယ်တည်းသာဆိုသလို အထီးကျန်ဆန်နေခဲ့၏။

ယဉ်မြအေးနှင့်မူ စာဖြင့်သော်လည်းကောင်း၊ ဖုန်းဖြင့်သော် လည်းကောင်း အဆက်အသွယ်ရှိသော်လည်း ဇော်မင်းသန့်နှင့်မူ အဆက်အသွယ်ပြတ်နေခဲ့၏။

ယဉ်မြအေး နောက်ဆုံးနှစ်ဖြေဆိုပြီးနောက် ကုမ္ပဏီတစ်ခုတွင် အလုပ်ဝင်လုပ်နေသည်ဟု ကြားရ၏။

မယ်လှသည်လည်း သခိုင်းမြို့ ဘွဲ့ရရှိ၍ ပြည်ဆရာအတတ်သင်သိပ္ပံတွင် တစ်နှစ်သင်တန်း တက်ခဲ့ပါ၏။

ဇော်မင်းသန့်တို့ အပတ်စဉ် ကျောင်းဆင်းပြီးသည့်နောက် တာဝန်ကျရာ တပ်ရင်းရောက်၍ ရှေ့တန်းထွက်သွားရသည်ဟု ကြားရ၏။

ထိုအတောအတွင်း ယဉ်မြအေး တစ်ယောက် ကုမ္ပဏီပိုင်ရှင်၏သားနှင့် မင်္ဂလာဆောင်နှင်းခဲ့သည့် သတင်းကြားရသည့်အခါ မယ်လှမှာ အလွန်အမင်း အံ့ဩခဲ့ရ၏။ ယဉ်မြအေးကို စိတ်ပျက်ခဲ့ရ၏။ တစ်ဖက်တွင်လည်း ဇော်မင်းသန့်အပေါ် စာနာစွာ သနားစိတ်များ ဖြစ်ပေါ်ခဲ့ရသည်။

မည်သို့ဖြစ်စေ ဇော်မင်းသန့်နှင့် ယဉ်မြအေးသည် အတွဲညီသော ချစ်သူများဖြစ်လျက် ယခုသို့ တစ်ယောက် တစ်လမ်း ခွဲထွက်သွားခြင်းအပေါ် မယ်လှ အလိုမကျပါ။

ထို့ကြောင့် မယ်လှသည် ယဉ်မြအေးထံ ဖုန်းဆက်၏။ အကြိမ်ကြိမ် ဆက်၏။ ဖုန်းမကိုင်ပါ။

သို့သော် ယဉ်မြအေးထံမှ ပေးပို့လာသော စာသည် မယ်လှထံ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာသည်။

စာတွင်-

သူငယ်ချင်း မယ်လှ . . .

ငါ့ရဲ့ မင်္ဂလာသတင်းကြောင့် ငါ့ကိုစိတ်ဆိုးနေမယ်ဆိုတာ ငါ သိပါတယ်၊ ငါ့ဘဝအကြောင်း ငါသာ သိပါတယ် မယ်လှ၊ ငါတို့မိသားစုအခြေအနေ ယိမ်းယိုင်လာတာက တစ်ကြောင်း၊ တစ်ဖက်က သူက ငါ့မိဘတွေဆီ လာရောက် နားဖောက်တာကတစ်ကြောင်း၊ ငါ့ကို လာနားဖောက်တဲ့သူရဲ့အဖေက ငါ့ရဲ့ ကုမ္ပဏီသူဌေး ဖြစ်နေတာက



www.burmeseclassic.com

www.burmeseclassic.com

တစ်ကြောင်း အကြောင်းကြောင်းတွေ ကြောင့်လို့ ပြောရမှာပါ။

တကယ်တော့ ငါ ဇော်မင်းသန့်ကို ချစ်ပါတယ်၊ လိုက်လိုက်လှဲလှဲ ချစ်တယ်လို့ ပြောရမှာပါ။

ဒါပေမဲ့ အချစ်ဟာအချစ်ပဲလေ၊ ဘဝတစ်ခု ထူထောင်တဲ့ နေရာမှာ အချစ်ဆိုတဲ့အရာဟာ သိပ်မပြောပလောက်ဘူးလို့ ငါထင်တယ်၊ တစ်ခုတော့ ပြောစရာရှိတာပေါ့၊ အချစ်နဲ့ ဖြစ်ချင်တဲ့ဘဝ တစ်ထပ်တည်း ဖြစ်ရင်တော့လည်း အဆင်ပြေနိုင်တာပေါ့၊ ဖြစ်မလာတော့လည်း အချစ်ဆိုတဲ့အရာကို ဒုတိယ နေရာမှာပဲ ထားခဲ့ရတာပဲ။

သူ့ကိုလည်း အကြောင်းကြားလိုက်ပါပြီ၊ သူက စစ်သားဆိုတော့ အသည်းမာမှာပါ၊ ငါ့ကိုခွင့်လွှတ်ပါလို့ မပြောလိုပေမဲ့ ငါတောင်းပန်ပါတယ်၊ ငါ့ကို ခွင့်လွှတ်ပါလို့ သူနဲ့တွေ့ခဲ့ရင်လည်း ရှင်းပြလိုက်ပါဟယ်။

ဒါလောက်ပါပဲ သူငယ်ချင်း။

ယဉ်မြအေး

ယဉ်မြအေးတစ်ယောက် ချစ်ခြင်းဆိုသောအရာကို ရက်ရက်စက်စက် ပြုရက်သည်ဟု မယ်လှယူဆမိ၏။

ယဉ်မြအေးကို မယ်လှ စိတ်မဆိုးမိသော်လည်း ဇော်မင်းသန့် အတွက် စိတ်နာလှသည်။

ဇော်မင်းသန့်သည် ယခုဆိုလျှင် မည်သည့်နေရာဒေသတွင် ရောက်နေသည်ကို မယ်လှမသိပါ။

ဇော်မင်းသန့် တစ်ယောက် ရင်နာစေတတ်သော ချစ်ခြင်းအပေါ် ဥပေက္ခာပြုလျက် ယောကျာ်းပီသစေရန်သာ ဆုတောင်းနေရတော့မည် ဖြစ်သည်။

သို့ဆိုပါလျှင် ယဉ်မြအေးသည် ဇော်မင်းသန့်အား သူငယ်ချင်းဟူသော မျက်နှာမထောက် ချစ်ခြင်းမေတ္တာကို ပမာမခန့်ပြုရက်လေခြင်းဟု မယ်လှ ခံပြင်းမိသည်။

✿

သည်ကနေ့ ကျောင်းဆရာမလေး မယ်လှသည် ကျောင်းဆင်း၍ အိမ်ပြန်ရောက်သည်နှင့် အနားမရ။ ခမောက်အငှားချုပ်၍ ချုပ်ပြီးခမောက်များ လာရောက်အပ်သည်များကို စစ်ဆေးလက်ခံ၍ ငွေရှင်းပေးနေရ၏။

ထိုစဉ် မယ်လှတို့၏ အိမ်ရှေ့ကားလမ်းပေါ်တွင် စစ်ဂျစ်ကားတစ်စီး ထိုးရပ်လာ၏။ ဂျစ်ကားပေါ်မှ စစ်ယူနီဖောင်းဖြင့် စစ်အရာရှိတစ်ဦး ဆင်းလာပြီး မယ်လှတို့၏အိမ်သို့ တန်းတန်းမတ်မတ် ဝင်လာနေ၏။

မယ်လှသည် စစ်အရာရှိအား လှမ်းကြည့်၍ နှုတ်မှလည်း အံ့အားသင့်စွာဖြင့် -

"ဇော်မင်းသန့်"

စစ်ဗိုလ်လေးသည် ပြုံးလိုက်ပြီး

"ဟုတ်ပါတယ်ဗျာ၊ ဇော်မင်းသန့်ပါ"

မယ်လှ ရင်ခုန်ရပါ၏။

ပြီးနောက် ရင်ခုန်ခြင်းနှင့်အတူ ကြည်နူး ပျော်ရွှင်ရ၏။

"လာလေ၊ အိမ်ထဲကိုလာ၊ တွေ့ရတာ ဝမ်းသာတယ်ကွာ၊ သိပ်ဝမ်းသာတယ်၊ နောက်ပြီး ဝမ်းလည်းနည်းတယ်"

ဇော်မင်းသန့်သည် အနည်းငယ် မျက်နှာညိုသွားရ၏။ တစ်ဖန် ပြန်၍ ပြုံးရွှင်လာ၏။

"လမ်းကြုံတာက တစ်ကြောင်း၊ မင်းကိုတွေ့ချင်တာက တစ်ကြောင်း မဖြစ်မနေဝင်ခဲ့တာ၊ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်က မင်းကိုတွေ့ချင်နေလို့လေ"

ဇော်မင်းသန့် စကားကြောင့် မယ်လှ ရင်ခုန်ခဲ့ရ၏။

ဇော်မင်းသန့်နှင့် ယဉ်မြအေး တို့၏ ကွဲကွင်းခြင်းသည် ဇော်မင်းသန့် အတွက် ရင်နာစရာဖြစ်သည်ကြောင့် မယ်လှ ထိုအကြောင်းများ ပြောရမည်ကို အားနာလှပါသည်။ ပြော၍မထွက်ပါ။

ဇော်မင်းသန့်သည်လည်း ခွေ မျှောက်ထားဟန်တူ၏။ တစ်လုံးတစ်ပါဒမျှ မပြောပါ။ ဟိုအကြောင်း သည်အကြောင်း၊ အလုပ်အကြောင်း၊ ကျန်းမာကြောင်း စသည်များသာ ပြောကြ၏။ မယ်လှသည် ဇော်မင်းသန့်အား ညစာဝတ်ပြု၏။ ညစာထမင်း စားသော ပြီးမှသွားရန် ပြော၍ ထမင်းချက်ရန် စီစဉ်၏။

ဇော်မင်းသန့်မှ မယ်လှအား -

"ဘာမှမလုပ်ပါနဲ့ကွာ၊ မင်းနဲ့ ကိုယ် စကားတွေ တဝကြီးပြောချင်တယ်၊ မင်းနဲ့ စကားတွေ ပြောပြီးရင် ကိုယ် ပြန်မှာ၊ ပြည်တပ်ရင်းကို ပြန်ရမှာ ကိုယ့်အနားက ဘယ်မှမသွားပါနဲ့ မယ်လှရယ်"

ဟုတ်ပါသည်။ မတွေ့ရသည်မှာ သုံးလေးနှစ်ခန့် ရှိပြီဖြစ်သည်ကြောင့် သူ့ကို စကားပြောချင်သည်ဆိုခြင်းမှာ အမှန်ပင်။ သူမသည်လည်း သူ့ကို ပြောချင်နေပါ၏။ သူ့အနားက မခွာလိုပါ

"ကိုယ်လေ ယဉ်မြအေးရဲ့ အချ ကို ယုံကြည်ခဲ့မိတာ ကိုယ့်ရဲ့အမှားတစ် ပဲ၊ ကိုယ် စစ်တက္ကသိုလ်တက်နေ တစ်လျှောက် ကိုယ့်ကျောင်းဆင်း ရှေ့တန်းထွက်နေတဲ့ အချိန်တွေ သူ့ကို သတိရနေခြင်းထက် မယ်လှတို့



www.burmeseclassic.com

www.burmeseclassic.com

အမှတ်ရနေတယ်၊ အဲဒီကတည်းက ကိုယ်အချစ်မှားနေပြီဆိုတာ သိခဲ့တယ်။

ဒါဖေမဲ့ အချစ်ဆိုတဲ့ အရာက တည်ကြည်ရမယ်၊ ကတိတည်ရမယ်၊ သစ္စာရှိရမယ် ဆိုတာတွေ ခြုံငုံထားတာကြောင့် ချစ်သူဖြစ်တဲ့ ယဉ်မြအေး အပေါ်မှာ ကတိသစ္စာတည်ခဲ့ပါတယ်။

ဒါတွေဟာ ကိုယ့်အမှားတွေပါပဲ၊ ကိုယ် ကတိတည်ပေမယ့် ယဉ်မြအေးက သစ္စာမရှိခဲ့ဘူး၊ ပကာသနနောက်ကို တောက်ကောက်ပါ လိုက်သွားတယ်၊ သူ ကိုယ့်ကို ဥပေက္ခာပြုသွားပေမယ့် ဒူးဆန်းတာကတော့ ကိုယ် ဘာမှမဖြစ်ဘာဘဲ၊ အသည်းလည်း မကွဲခဲ့သလို အလည်း မပျက်ခဲ့ဘူး။

အချစ်စစ်ဟာ သူမဟုတ်ဘူး ဆိုတာ သိလိုက်ရပြီး တစ်ဆက်တည်း မင်းကိုပဲ သတိရနေခဲ့တာ အချိန်တိုင်း ပဲပဲ၊ ဒါဟာ အချစ်စစ်ဖြစ်လေမလားလို့ တွေးတောခဲ့၊ စဉ်းစားခဲ့ပြီး အခုတော့ သေချာသွားပါပြီ၊ ကိုယ် မင်းကို ချစ်နေတယ်ဆိုတာကို၊ ကိုယ် ပြောတာ သဘောပေါက်ပါတယ်နော်၊ ကိုယ်က စစ်သားဆိုတော့ သိပ်အချိန်မရှိဘူး ကွယ်"

မယ်လှ ဘာမှမပြောပါ။ ခေါင်းငုံ့၍သာ နေလေ၏။ ရင်ထဲတွင်မူ ကြည်နူးခြင်း၊ ချစ်ခြင်းတို့ဖြင့် ရင်ခုန်လှုပ်ရှားနေ၏။

သူမ၏အနားသို့ ဇော်မင်းသန့်သည် တိုးကပ်လာ၍ တိုးတိတ်စွာဖြင့်-

"ဘယ်လိုလဲကွယ်၊ ကိုယ့်ကို ပြန်ပြောပါဦး"

မယ်လှသည် ခေါင်းညိတ်ခဲ့သည်လား၊ ခေါင်းခါခဲ့သည်လား မသိ။ သို့သော် ဇော်မင်းသန့်သည် သူမ၏ လက်ကလေးကို လှမ်းကိုင်လျက်-

"ဝမ်းသာလိုက်တာ မယ်လှရယ်၊ ကိုယ် တကယ် အချစ်စစ်ကို တွေ့ခဲ့ရပြီပဲ၊ သိပ်ဝမ်းသာတယ်ကွာ၊ မောင့်ရဲ့ တာဝန်တွေပြီးတာနဲ့ မယ်လှရှိတဲ့ သည်ရပ်ဝန်းကို ဆက်ဆက်ပြန်လာပါ့မယ်လို့ မောင် ကတိပေးပါတယ်"

မယ်လှသည် သူမ မျှော်လင့်နေသော အချစ်ပြန်လည်ရရှိသည့်အတွက် ဝမ်းသာမိ၏။ ဇော်မင်းသန့်အား ရှုန်းရှုန်းစားစားကြည့်၍ ပြုံးမိ၏။

ဇော်မင်းသန့်သည်လည်း အချစ်ရေလိုက်လွဲခဲ့ရသည်များရှိ၍ ဝမ်းနည်းခဲ့ရသော်လည်း ယခုတော့ ထိုက်တန်သော အချစ်စစ် ရရှိသည့်အတွက် ဝမ်းသာအားရဖြစ်မိ၏။

သူတို့နှစ်ဦး၏ မျက်ဝန်းများသည် လင်းလက်တောက်ပနေသည့် ကြယ်ပွင့်များပမာ ရှိနေကြပေသည်။

ဇော်မင်းသန့်အား သူ၏ကားနားအထိ သူမကိုယ်တိုင် လိုက်ပို့ခဲ့၏။ ကားကို မောင်းနှင်၍ ထွက်ခွာသွားသော ချစ်သူအား မယ်လှသည် လက်ပြ၍ နှုတ်ဆက်ကျန်ခဲ့၏။

ထိုနှုတ်ဆက်ခြင်းသည် ချစ်သူခင်သူ ကြင်နာသူနှင့် နောက်ဆုံး နှုတ်ဆက်ခြင်းဆိုသည်ကို သူမ သတိမထားမိခဲ့ပါ။

ဝက်ကော်ချောင်းကြီးသည် ငဆောင်းနှောင်းနွေဦးကဲ့သို့ သိမ်မွေ့သည်မဟုတ်။ မိုးဦးကျအခါ ဖြစ်ခြင်းကြောင့် ရေစီးကြမ်းလှ၏။ လူတို့၏ ဘဝရေစီးကြောင်းသည် အစဉ်ထာဝရ ဟည်ငြိမ်စွာ အေးချမ်းစွာ စီးနေသည်မဟုတ်။ သိမ်မွေ့သည့်အခါ သိမ်မွေ့၍ ကြမ်းတမ်းသည့်အခါ ကြမ်းတမ်း၏။

မယ်လှ၏ ဘဝကား ကြမ်းတမ်းလှ၏။ ဘဝ ကြမ်းတမ်းခြင်းထက် နှလုံးသားသည် ကြမ်းတမ်းသည်ဟု ဆိုရပေမည်။

သိမ်မွေ့ညင်သာသော အချစ်တို့သည် တဒင်္ဂသာ သူမထံဆိုက်ရောက်၍ ကြွေလွင့်ခြင်းဟူသော ထာဝရကြမ်းတမ်းမှုသည် သူမ၏ ဝန်းကျင်၌ လှည့်ပတ်၍သာရှိနေတော့၏။

ချစ်ရသော ဗိုလ်ကြီးဇော်မင်းသန့်သည် သူမထံသို့ မည်သည့်အခါမျှ ရောက်မလာနိုင်တော့။

သူမ သိပါပြီ။ သူမသည် ချစ်ခြင်းမေတ္တာနှင့် မထိုက်တန်သောသူ အဖြစ် လုံးလုံးသိလိုက်ရပေပြီ။

ကြမ်းကြမ်းတမ်းတမ်း စီးဆင်းနေသော ဝက်ကော်ချောင်းကြီးအား သူမသည် မျက်ရည်များ ယိုစီးကျလျက် စူးစူးစိုက်စိုက် ကြည့်နေပေတော့၏။

ယခုကဲ့သို့ နောက်ကျိစွာ စီးဆင်းနေသော ချောင်းရေအလျဉ်သည် နောင်တစ်ချိန်တွင် နေ့ကြွေးသွားပါလိမ့်မည်။

မယ်လှ၏ မျက်ရည်များသည်ကား သတိရလေတိုင်း လွမ်းရလေတိုင်း ကျဆင်းနေဦးမည်သာ။

**မောင်သာမန်(ဇီးကုန်း)**

❑





www.burmeseclassic.com

www.burmeseclassic.com

# သိန်းသုံးရာနှင့် ဂမ္ဘီရတောက်တဲ့



## ဇော်မင်း(ဒဂုံမြောက်)

အုန်းတောရွာ၊ ထောက်ရှာပင်ရွာနှင့် ထန်းပင်စုရွာတို့မှ တစ်ဆက်တည်းဖြစ်ကြပြီး ရွာသူရွာသားများမှာ စိုက်ပျိုးရေး မွေးမြူရေးကိုသာ အဓိကထား လုပ်ကိုင်ကြသည်။ အုန်းတောရွာနှင့် ထောက်ရှာပင်ရွာကို ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း ပိုင်းခြားထားပြီး ထောက်ရှာပင်ရွာနှင့် တန်းပင်စုရွာကို သုံးကေခန့်ကျယ်ဝန်းသော ထန်းတော်ကြီးက ပိုင်းခြားထားလေသည်။

အုန်းတောရွာနှင့် ထောက်ရှာပင်ရွာ နှစ်ရွာကြားရှိ ဂမုန်းကျောင်းဆရာတော်မှာ တရားဟောကကောင်း၊ စည်းကမ်းကလည်း အလွန်ကောင်းလှသဖြင့် နာမည်ကြီးသလို ထောက်ရှာပင်ရွာနှင့် ထန်းပင်စုရွာ နှစ်ရွာကိုပိုင်းခြားထားသော ကိုသာဝ ထန်းတောကလည်း ထန်းရည် ကောင်းလှသဖြင့် လွန်စွာနာမည်ကြီးလှ၏။ ကျေးရွာရှိ ကာလသား ကြီးကြီးငယ်ငယ်တို့ ဆုံမှတ်မှာ ကိုသာဝထန်းတောဖြစ်ပြီး လူကြီး[...] များ၏ ဆုံမှတ်မှာ ဂမုန်းကျောင်း [...]သည်။

ယခုလည်း ထန်းပင်ရွာသ[...] အောင်ဘုတစ်ယောက်သည် ကိုသ[...] အမိန့်ရထန်းရည်ဆိုင်တွင် တစ်ယော[...] တည်း ထိုင်သောက်နေ၏။ ထို[...] ဖိုးရှုတ်နှင့် ကြွက်နီတို့ ဆိုင်ထဲဝင်[...] ကြပြီး အောင်ဘုအနား ဝိုင်းထိုင်လို[...] ကြကာ -

"ဟေ့ကောင် အောင်ဘု၊ မ[...] တစ်ယောက်တည်း ဒီမှာလာ[...] နေတယ်ပေါ့"





www.burmeseclassic.com

www.burmeseclassic.com

"အေးကွာ၊ ငါ စိတ်ညစ်နေလို့ တစ်ယောက်တည်း လာထိုင်နေတာ"

ဖိုးရှုတ်က ကိုသာဝထန်းရည် သော်မှာလိုက်ပြီး -

"ဟေ့ကောင် အောင်ဘု၊ မင်း မျက်နှာကလည်း မကောင်းပါလား၊ ဘာဖြစ်လို့လဲ"

"မနက်ဖြန် တန်ဆောင်တိုင် လပြည့်နေ့ကျရင် ငါ့ကို အေးပုံက အဖြေပေးမယ်တဲ့ကွ"

"ဟ- ဟေ့ကောင် အဲဒါ မင်း ပျော်ရမှာလေကွာ၊ မင်းက ဘာတွေညစ်နေတာလဲ"

"အေးလေကွာ"

"သူအဖြေပေးတဲ့ အခါကျရင် ငါက သူ့ကို ချစ်သက်လက်ဆောင် တစ်ခုခု ဝယ်ပေးချင်တာကွ၊ အဲဒါ ငွေ ရေမရှိလို့ ညစ်နေတာ"

"သြော်- ဘာများလဲလို့၊ ဒီကိစ္စ မင်း ဘာမှမပူနဲ့၊ ငါ့တာဝန်ထား"

"ဟင် ဖိုးရှုတ်၊ မင်းတကယ်ပြောတာလား၊ မင်း မင်း ငါ့ကိုပိုက်ဆံချေးပေးမလို့လား"

ဖိုးရှုတ်က ဘာမှပြန်မပြောဘဲ ခပ်ပြုံးပြုံးလုပ်ကာခေါင်းညိတ်ပြလိုက်ပြီး

"ငါ့မှာ အကြံတစ်ခု ရှိပါတယ်ကွာ၊ မင်းတို့ ဘာမှမပူနဲ့"

ဖိုးရှုတ်က ပြောပြီး သူ့ရှေ့မှ အမြှုပ်တစီစီထနေသော ထန်းရည်ခွက်လေးကို ကောက်မော့ကာ အမြည်း တစ်ဖတ် ကောက်ဝါးလိုက်ရင်းမှ -

"ဟေ့ကောင်တွေ၊ မင်းတို့ ဟိုသတင်း ကြားပြီးပြီလား"

ထန်းရည်တစ်ခွက် မော့ရန် ပြင်နေသော အောင်ဘုက ဖိုးရှုတ် စကားကြောင့် ထန်းရည်ခွက် တိုးလို့ တန်းလန်းနှင့် ပြန်ချလိုက်ပြီး -

"ဟေ့ကောင် ဖိုးရှုတ်၊ မင်းစကား ပြောလိုက်ရင် မရှင်းမရှင်းနဲ့၊ ဘယ်သတင်းလဲ"

ထန်းရည်ခွက်ကို တဂွတ်ဂွတ် နှင့်မော့နေသော ကြွက်နီက ကုန်သွားသော ထန်းရည်ခွက်ကို ချလိုက်ရင်း -

"အေးလေကွာ၊ ပြောရင်လည်း ရှင်းရှင်းပြောတာ မဟုတ်ဘူး"

ထိုအခါ ဖိုးရှုတ်က ဘေးဘယ်ညာ ကြည့်လိုက်ပြီး လေသံခပ်တိုးတိုးဖြင့် -

"ဟေ့ကောင်တွေ ဒီကိစ္စ သူများ ကြားလို့ မဖြစ်ဘူးကွ၊ အရမ်းအရေးကြီးတယ်၊ လာလာ ဒီနားတိုး"

ထိုအခါ အောင်ဘုနှင့် ကြွက်နီလည်း ဖိုးရှုတ်နား ခေါင်းတိုးလာကြ၏။

"ဟေ့ကောင်တွေ ဒီကိစ္စ ဘယ်သူ့မှ လျှောက်မပြောနဲ့နော်"

"အေးပါကွာ၊ ပြောမှာသာပြောစမ်းပါ"

"ခုကိစ္စ တကယ်အချိုကြီး ပွပေါက်တိုးမယ့်ကိစ္စ"

ပွပေါက်တိုးမည့်ကိစ္စ ဆိုသဖြင့် အောင်ဘုတစ်ယောက် ပို၍စိတ်ဝင်စားသွားကာ -

"ဟေ့ကောင် ပြောမှာဖြင့် ပြောစမ်းပါကွာ၊ ငါ စိတ်မရှည်တော့ဘူး"

"ဒီလိုကွ၊ ငါ့အဘ မနက်က မြို့မှာ စပါးသွားရောင်းရင်းနဲ့ ကြားလာခဲ့တာ၊ မြို့က စပါးအဝယ်ဒိုင် သူဌေးက ငါ့အဘကို ခင်ဗျားတို့ရွာမှာ တောက်တဲ့ မရှိဘူးလားတဲ့၊ အစိတ်သားတစ်ကောင်ကို အရှင်ဖမ်းလာခဲ့ရင် သိန်းသုံးရာပေးမယ်လို့ ငါ့အဘကို သူဌေးက ပြောလိုက်တာကွ"

"ဟင်- သိန်းသုံးရာ ဟုတ်လား"

"ဟာ- မနည်းမနောပါလား"

"အေး၊ အဲဒါကြောင့် ပြောတာပေါ့ကွ၊ ငါ့အဘ သတ္တဝါလေးမွေ အန္တရာယ်ဖြစ်မှာစိုးလို့ဆိုပြီး ဘယ်သူ့ကိုမှ ပြောတာမဟုတ်ဘူး၊ ငါ့အမေကို တိုးတိုးပြောပြနေတုန်း ငါကြားလာခဲ့တာ၊ မင်းတို့လည်း ဘယ်သူ့ကိုမှ လျှောက်မပြောနဲ့နော်"

"အေးပါကွ၊ ဒါနဲ့ တောက်တဲ့ တစ်ကောင်ကို သိန်းသုံးရာပေးဝယ်ပြီး သူက ဘာလုပ်ဖို့လဲ"

"ဟကောင် တုံးရ၊ တောက်တဲ့ အစိတ်သားကောင်ဆိုရင် ပီယကာရ သိဒ္ဓိရှိတယ်တဲ့ကွ၊ အဲဒါ အစိတ်သားကောင်ကို ဂမ္ဘီရတောက်တဲ့လို့ ခေါ်တယ် မှတ်ထား၊ မင်းတို့ နှုတ်လုံပါစေနော်"

"အေးပါ၊ မပြောပါဘူး၊ တောက်တဲ့ အစိတ်သားကောင်ကို ဘယ်သွားရှာမှာလဲ"

"ဟ- ဟေ့ကောင် အောင်ဘု၊ မင်း တော်တော်တုံးတာပဲ၊ ဂမုန်းဘုန်းကြီးကျောင်းဝင်းထဲမှာ တောက်တဲ့တွေ အများကြီးပဲကွ"

"ဟာကွာ၊ ဂမုန်းကျောင်းတော့ မလုပ်ပါနဲ့၊ ဆရာတော်သိလို့ ကြိမ်လုံးစာမိနေပါဦးမယ်"

"ဟကောင် အောင်ဘု၊ ငါက နေ့ခင်းဘက် လုပ်ပါ့မလားကွ၊ ဆရာတော်မသိအောင် ညဘက်မှလုပ်မှာပေါ့ကွ၊ ဂမုန်းကျောင်းက သရဲခြောက်ခြောက်နဲ့ နေ့ခင်းဘက်တောင် ကျောင်းဝင်းထဲ တစ်ယောက်တည်း လျှောက်သွားဝံ့ကြတာ မဟုတ်ဘူး၊ ညဘက်ဆိုတော့ ပိုဆိုးပြီပေါ့ကွ"

"အေးကွာ၊ အဲဒါ ဟုတ်တယ်"

"ဟေ့ကောင်တွေ၊ မင်းတို့ ကြောက်ရင် နေခဲ့ကြ၊ ငါ သိန်းသုံးရာ



www.burmeseclassic.com

www.burmeseclassic.com

ရရင် မင်းတို့ကို တစ်ပြားမှမပေးဘူး၊ ငါတစ်ယောက်တည်း မြို့တက်ပြီး အပီ ကဲပစ်မယ်"

ထိုအခါ အောင်ဘုက -

"ဟာ-ဟေ့ကောင် ဖိုးရှုတ်၊ မင်း အဲဒီလိုတော့ မလုပ်နဲ့လေကွာ၊ မင်းသွား ရင် ငါလည်းလိုက်မှာပေါ့ကွ"

"ဟာ-ဟေ့ကောင် ဖိုးရှုတ် ငါ လည်းလိုက်ပါ့မယ်ကွာ"

"ဟင်း မင်းတို့ ခုနကပြောတော့ သရဲကြောက်တယ်ဆို"

"ခု မကြောက်တော့ဘူးကွ၊ မင်း ဘယ်တော့သွားမှာလဲ"

ဖိုးရှုတ်က ထန်းရည်တစ်ခွက် မော့လိုက်ပြီး အနောက်တောင်စွယ်ကို မေးတင်နေသော နေလုံးကြီးကို လှမ်း ကြည့်လိုက်က -

"ခုညနေ နေဝင်တာနဲ့ သွားမယ်၊ ကဲ-သူငယ်ချင်းတို့ အကြံအစည်အောင် မြင်နိုင်ဖို့အတွက် ချီးယား လုပ်ကြရ အောင်"

ဖိုးရှုတ်က ပြောပြီး ခွက်ကို ကောက်ကိုင်လိုက်သဖြင့် အောင်ဘုနှင့် ကြွက်နီတို့လည်း ကောက်ကိုင်လိုက်ကြ စဉ် ဖိုးရှုတ်က -

"ကဲ- သူငယ်ချင်းတို့၊ အကြံ အစည်တွေ အောင်မြင်ပါစေ၊ တစ် နှစ် သုံး ချီးယား"

သုံးယောက်သား ချီးယားဟု ပြိုင်တူအော်လိုက်ကြပြီး ထန်းရည်ခွက် သုံးခွက်ကိုမြှောက်ကာ ဆိုင်တိုက်ကြ လေတော့သည်။ ထိုအချိန်တွင် အေးပုံ နှင့် ရွှေမိတို့နှစ်ယောက်မှာ -

"ပူတူးမရေ. . . ဟေ့ ပူတူးမ ရေ၊ မပြီးသေးဘူးလား"

အော်ခေါ်ရင်းဖြင့် သူကြီးအိမ် ပေါ်သို့ တက်လာခဲ့ကြ၏။ သူကြီးသမီး ပူတူးမတစ်ယောက် မှန်ရှေ့တွင် အလှ ပြင်နေရာမှ သူမရဲ့မျက်နှာကို အလှပြင် ခြင်း လက်စသတ်လိုက်ပြီး -

"လာပြီ အေးပုံရေ လာပြီ"

အသံနှင့်အတူ အခန်းထဲမှ ထွက်လာခဲ့၏။

"ဟယ် ပူတူးမ၊ နင်ဒီနေ့ အပြတ် ရှိုင်းထားပါလား၊ ဘာလဲ နင် ဖိုးရှုတ်ကို အဖြေပေးတော့မလို့လား"

"ဟဲ့-ရွှေမိ တိုးတိုးပြောပါ၊ အမေ နောက်ဖေးမှာ ထမင်းချက်နေတယ်၊ ကြားသွားဦးမယ်၊ လာ လာ သွားကြရ အောင်"

သုံးယောက်သား ဂမုန်းကျောင်း သို့ လျှောက်လာခဲ့ကြရင်း -

"ဟဲ့ ပူတူးမ၊ နင် ငါမေးတာ မဖြေသေးဘူးလေ၊ နင် ဖိုးရှုတ်ကို အဖြေပေးတော့မလို့လား"

"မဟုတ်ပါဘူးဟာ၊ နေ့လယ်က ဒေါ်မြအိမ်မှာ အထည်လာရောင်းလို့ ကြိုက်တာနဲ့ဝယ်ထားလိုက်တာ၊ ဖော ရင်းမိတ်တွေ ဆိုလား၊ ဘာလားတော့ မသိဘူးဟာ၊ ဈေးပေါလို့ ဝယ်ထားလိုက် တာ"

"ဟယ် . . . ဟုတ်လား၊ အဲဒီ ကြီးတော်မြတစ်ယောက် ငါတို့ကိုတော့ လာမပြောဘူး၊ နောက်မှတွေ့ဦးမယ် ဟွန်း"

စကားတပြောပြောနှင့် ဘုန်းကြီး ကျောင်းသို့ လျှောက်လာခဲ့ကြ၏။

"ဟာ ဟေ့ကောင် ဖိုးရှုတ်၊ ဟိုမှာ အေးပုံတို့၊ ပူတူးမတို့ပါလား၊ သူတို့ ဘုန်းကြီးကျောင်း သွားကြမလို့ ထင် တယ်"

"အေးကွ၊ လာကွာ၊ သူတို့နဲ့ စကားသွားပြောရအောင်"

သုံးယောက်သား ရွှေမိတို့၊ ပူတူး မတို့နား ချဉ်းကပ်သွားပြီး -

"ဟဲ့ ပူတူးမ၊ နင်တို့ ဘယ်သွား ကြမလို့လဲ"

"ဘုန်းကြီးကျောင်းသွားမလို့ ပေါ့ဟာ၊ မနက်ဖြန် တန်ဆောင်တိုင် လပြည့်နေ့ ကထိန်အတွက် ဂမုန်းကျောင်း မှာ သွားကူမလို့"

"ပူတူးမ နင် ငါ့ကို ချစ်ပါတယ် လို့ အဖြေပေးတော့လေဟာ၊ ငါစောင့် ရတာ စိတ်မရှည်တော့ဘူး"

"အောင်မယ် ကြီးကျယ်လို့ ဘာ လို့ပေးရမှာလဲ၊ နင့်ကို လပြည့်နေ့ ပြော ထားတာ၊ လပြည့်နေ့ထိ စောင့်ပေါ့ဟဲ့ နင်တို့ကို ပြောရဦးမယ်၊ ငါ့အဘက ပြော နေတယ်၊ ရွာမှာ ဖိုးရှုတ်၊ အောင်ဘု ကြွက်နီတို့သုံးယောက်က လက်ကြော ကို မတင်းဘူးတဲ့၊ အားအားရှိ ထန်းရည် ဆိုင်မှာပဲ အချိန်ကုန်နေတဲ့ ကောင်တွေ တဲ့၊ နင်တို့သုံးယောက် အလုပ်လုပ် လည်း စိတ်ကူးလေးဘာလေး ထည့် ကြဦး"

"အေးလေ၊ နင်တို့သုံးယောက် မိန်းမတော့လိုချင်ကြတာ ငမ်းငမ်းတက် အလုပ်ကျတော့ လက်ကြောမတင်းဘူး"

ထိုအခါ ကြွက်နီက -

"ရွှေမိ နင်ဘာသိလို့ ဝင်ပြော တာလဲ၊ ငါတို့က သူဌေးလောင်းတွေ မနက်ဖြန်ကျရင် ငါတို့ တစ်ယောက် သိန်းတစ်ရာစီရမှာ၊ နားလည်လား အဲ အခါကျမှ နင်နဲ့သူကြီးကို ငွေထုပ်နဲ့ ပိတ်ပေါက်ပစ်လိုက်မယ်"

ကြွက်နီစကားကြောင့် အေးပုံ

"အောင်ဘု ကြွက်နီပြောတာ တကယ်ပဲလား"

"တကယ်ပေါ့ဟ"

"ဟယ် ဝမ်းသာလိုက်တာ၊ အဲ ဆို နင် ငါ့ကို လိုချင်တာဝယ်ပေးရမ နော်"





www.burmeseclassic.com

www.burmeseclassic.com

"ဝယ်ပေးရမှာပေါ့ဟ၊ လာပါဦး ချစ်သူလေးကို အကြင်နာလေး စရန် ပေးလိုက်ဦးမယ်"

အောင်ဘုက ပြောရင်း အေးပုံ တို့ အာဘွားပေးမည်အလုပ် -

"ဟဲ့ အောင်ဘု၊ နင်ဒါဘာလုပ် တာလဲ၊ ညာတာပါတေးနဲ့ငါ့သူငယ်ချင်း တို့ နမ်းမလို့ပေါ့လေ ကောင်စုတ်"

"နင်ကလည်းဟာ ကိုယ့်ချစ်သူ ကိုယ်နမ်းတာ ဘာဖြစ်လဲ"

ပွတူးမက -

"အောင်မယ် ဘာချစ်သူလဲ၊ ဟဲ့ အေးပုံက နင့် အောင်ဘုကို ငါတို့မသိဘဲ အဖြေပေးလိုက်ပြီလား"

"ဟင့်အင်း မပေးရသေးပါဘူး"

"တွေ့လား အောင်ဘု၊ နင် သူလည်ကျဖို့ စိတ်မကူးနဲ့၊ ဟဲ့ ဖိုးရှုတ်နဲ့ တြွက်နီ နင်တို့ကိုလည်း တစ်ခါတည်း ပြောလိုက်မယ်၊ နင်တို့ တစ်ယောက် အိန်းတစ်ရာစီရလို့ကတော့ ငါတို့ဆီမှာ ဘာအပ်ထား၊ မအပ်ထားလို့ကတော့ နင်တို့သုံးယောက်ကို လုံးဝအဖြေမပေး ဘူး ဒါပဲ၊ ဟဲ့-အေးပုံနဲ့ရွှေမီ လာ သွား ကြမယ်"

ပြောချင်တာပြောပြီး သူငယ် ချင်းနှစ်ယောက်ကိုခေါ်၍ ထွက်သွား သေတော့သည်။

နေလုံးကြီးက အနောက်မိုးကုပ် စက်ဝိုင်းသို့ ငုပ်လျှိုး၍ သွားလေပြီ။ ကမ္ဘာမြေပေါ်သို့ အလင်းရောင်သဲ့သဲ့ ကျန်ကြွက်ထားရာမှ တဖြည်းဖြည်းနှင့် အမှောင်ထုဖုံးလွှမ်း၍ လာပေတော့ သည်။ ထိုအချိန်တွင် ရွာ၏ကျက်သရေ ဆောင်ဖြစ်သော ဂမုန်းဘုန်းတော်ကြီး ကျောင်း အနောက်ဘက်သို့ လူသုံး ယောက် တဖြည်းဖြည်းချဉ်းကပ်၍ လာ ကြလေသည်။ ထို့နောက် ကျောင်းခြံ စည်းရိုးကို ဖြဲ၍ တစ်ယောက်ပြီး တစ် ယောက် တိုးဝင်လိုက်ကြကာ သစ်ပင် ကြီးတစ်ပင်အောက်တွင် မှောင်ရိပ်ခို လိုက်ကြ၏။ နေမင်းကြီး၏ အလင်း ရောင်ပျောက်ကွယ်သွားသည်နှင့် အရှေ့ အရပ်ဆီမှ ရွှေလမင်းကြီးကလည်း တဖြည်းဖြည်းမြင့်တက်လာကာ ကောင်း ကင်ယံတွင် ကြယ်ကလေးများနှင့်အတူ တင့်တယ်စွာ နေရာယူလေတော့သည်။ လမင်း၏ အလင်းရောင်ကြောင့် နှစ် ရှည် သက်ရင့်ပင်ကြီးများဖြင့် အုပ်ဆိုင်း နေသော ဂမုန်းကျောင်းဝင်းထဲသို့ လရိပ်က ဟိုတစ်ပြောက်ဒီတစ်ပြောက် ကျလို့နေသည်။

ဂမုန်းကျောင်းဝင်းကြီးမှာ နှစ် ဧကခန့်ကျယ်ဝန်းပြီး နှစ်ရှည်ခံ သက်ရင့် ပင်ကြီးများဖြင့် ထူပြောလျက်ရှိကာ ဂျပန်ခေတ်တုန်းက ဂျပန်များ ကင်ပေ တိုင်စခန်း ဖွင့်ခဲ့ဖူး၍ အင်္ဂလိပ်စစ်တပ် တို့လည်း ဤကျောင်းတွင် ရုံးထိုင်ခဲ့ဖူး သည်။ ဤကျောင်းဝင်းထဲတွင် ဂျပန်များ လူအမြောက်အမြားကို သတ်ဖြတ်ခဲ့ ဖူးပြီး တော်လှန်ရေးသမား လက်ချက် ဖြင့် ဂျပန်များ အတုံးအရုံး ကျဆုံးခဲ့ဖူး သည်။ ထို့ကြောင့်လည်း ဂမုန်းကျောင်း ဝင်းထဲသို့ လူအများ ဝေးဝေးရှောင် ကြသလို သရဲခြောက်သည်ဟုလည်း နာမည်ကြီးလှ၏။

သက်ရင့်ပင်ကြီးတစ်ပင်အောက် တွင် မှောင်ရိပ်ခိုကာ ပုဆိုးခြုံထားသော လူသုံးယောက်မှာ တစ်ယောက်နှင့် တစ်ယောက် အချက်ပေးရင်း ကျောင်း ဝင်းထဲ ချဉ်းကပ်လာခဲ့ကြ၏။ ကျောင်း ဝင်းတစ်ခုလုံး တိတ်ဆိတ်လျက်ရှိပြီး တစ်ခါတစ်ရံ ညဉ့်ပိုးကောင်ကလေးများ အော်မြည်သံ၊ သစ်ရွက် လေတိုးသံမှ အပ တိတ်ဆိတ်လျက်ရှိ၏။

ထိုလူသုံးယောက်မှာ သစ်ပင် ကြီးတစ်ပင်အောက် အရောက်တွင် ရပ်လိုက်ကြပြီး အပေါ်သို့ မော့ကာ ဟိုကြည့်သည်ကြည့်လုပ်ပြီး နားစွင့်လိုက် ကြ၏။ -

သစ်ပင်ကြီးများနှင့် အုပ်ဆိုင်း ကာ သရဲခြောက်သည်ဟု နာမည်ကြီး လှသော ဘုန်းကြီးကျောင်းဝင်းတွင် သူတို့သုံးယောက် ဟိုကြည့်သည်ကြည့် လုပ်ရင်းမှ တဖြည်းဖြည်းနှင့် ဘုန်းကြီး ကျောင်းနားသို့ပင် ရောက်မှန်းမသိ ရောက်လာကြ၏။ ထိုစဉ် ညည်းသံသဲ့သဲ့ ကြားလိုက်ရသဖြင့် နောက်ဆုံးမှ တစ် ယောက်က -

"ဟေ့ကောင်တွေ လူညည်းသံ လိုလို ကြားတယ်ကွ၊ သရဲလားမသိဘူး"

ပြောလို့မှ မဆုံးသေး၊ ညည်းသံ ကပို၍ကျယ်လာလေသည်။ ညည်းသံ ကြောင့် နောက်ဆုံးမှလူက ကြက်သီး မွေးညင်းများထကာ ခေါင်းမွေးများ ထောင်တက်သွားပြီး အလယ်မှလူကို ကြောက်ကြောက်နှင့် ပြေးဖက်လိုက်၏။ အလယ်မှလူလည်း နောက်ကပြေးဖက် လိုက်သဖြင့် လန့်ပြီး အောင်မလေးဗျ ဟု ထအော်လိုက်သဖြင့် -

"ဟေ့ကောင်တွေ ဘာဖြစ်နေ ကြတာလဲ၊ ခိုညည်းနေတာကွ၊ တိုးတိုး လုပ်၊ ဆရာတော်ကြားသွားလို့ အဆော် ခံနေရဦးမယ်"

ထိုစဉ် နောက်ဆုံးမှလူက -

"ဟာ ဟေ့ကောင်တွေ၊ ဟို အခန်း မီးလင်းနေတယ်ကွ၊ အဲဒါ မြို့က ကထိန်ကိုလာတဲ့ ဘုန်းကြီးတွေမ အခန်း ကွ၊ လာကွာ သွားချောင်းရအောင်"

"ဟုတ်လို့လားကွ၊ မင်းကလည်း"

"ဟုတ်ပါတယ်ဆိုမှကွာ၊ လာ ကွာ သွားချောင်းရအောင်"



www.burmeseclassic.com

www.burmeseclassic.com

ပြောရင်း သရဲကြောက်သော သူက ရွှေဆိုးမှ ၇ွားစဉ် အခန်းနား အရောက် မီးမှိတ်သွားသဖြင့် ပြန်လှည့် လာကြသည်။

"နာလိုက်တာကွာ၊ အနားရောက်မှ မီးပိတ်သွားတယ်"

ထိုစဉ် သစ်ပင်ကြီးတစ်ပင်ပေါ်မှ ညဥ့်ငှက်တစ်ကောင် လူရိပ်ကိုမြင်၍ တကီးကီးနှင့် အလန့်တကြား ထပျံသွားလေသည်။

"ကီး. . . ကီး"

သရဲခြောက်သည်ဟု နာမည်ကြီးသော ဘုန်းကြီးကျောင်းဝင်းကြီး၏ တိတ်ဆိတ်သော ညဥ့်ယံတွင် ညဥ့်ငှက်တစ်ကောင် စူးစူးဝါးဝါးအော်မြည်သံကြောင့် သုံးယောက်သား ရင်ထဲ ထိတ်ခနဲဖြစ်သွားပြီး တစ်ယောက်နှင့်တစ်ယောက် ပူးကပ်ကြကုန်၏။ တစ်ယောက်က ဘေးပတ်ဝန်းကျင်ကို ဟိုကြည့်သည်ကြည့်လုပ်ပြီး -

"ဟေ့ကောင် ဖိုးရွှတ်၊ ပြန်ကြမယ်ကွာ"

အသံက တုန်ယင်နေသည်။

"ဟေ့ကောင် မင်းပဲ အေးပုံကို ချစ်သက်လက်ဆောင် ပေးချင်တယ်ဆို"

"ငါကြောက်တယ်ကွ"

နောက်တစ်ယောက်က -

"အေးကွ၊ ဖိုးရွှတ် ငါလည်း စိတ်ထဲတစ်မျိုးကြီးပဲ၊ ပြန်ကြရအောင်ကွာ"

ထိုစဉ် -

"အွတ်အယ် အွတ်အယ် အွတ်အယ်အယ်"

တောက်တဲ့တစ်ကောင် အော်သံ ထွက်ပေါ်လာ၏။

"ဟော- ဟေ့ကောင်တွေ ကြားလား၊ တောက်တဲ့ အော်သံ၊ အဲဒီအကောင်သာ ရလိုက်လို့ကတော့ သိန်းသုံးရာ ပြေးမလွတ်ဘူး၊ လာ လာ အဲဒီကောင်ရှိတဲ့ အပင်ကိုသွားကြမယ်"

ပြောရင်း ရှေ့မှထွက်သွားသဖြင့် နှစ်ယောက်သား အပြေးလိုက်သွားကြ၏။ ဖိုးရွှတ် တောက်တဲ့အော်သံကြားသော အပင်အောက်တွင် ရပ်လိုက်သဖြင့် နောက်က နှစ်ယောက်လည်း အနားတွင် ရပ်လိုက်ကြ၏။ ဖိုးရွှတ်က အပင်ပေါ်သို့ ဟိုဟိုဒီဒီ လှမ်းကြည့်နေစဉ် ကျောင်းခွေးတစ်ကောင် စူးစူးဝါးဝါး အူသံထွက်ပေါ်လာသည်။

"အူ ဥူးဝူး . . ."

တစ်ကောင် စအူလိုက်သဖြင့် ကျန်တဲ့ခွေးတွေလည်း လိုက်အူလေတော့သည်။ ဆွဲဆွဲငင်ငင် အူလိုက်သော ခွေးအူသံမှာ ချောက်ချားစရာကောင်းလှ၏။ မည်သို့ဖြစ်သည်မသိ အောင်ဘုမှာ ရင်ထဲ ဒိတ်ခနဲဖြစ်သွားပြီး ရင်တလှပ်လှပ်နှင့် ခုန်နေ၏။ ခေါင်းမွေးများလည်း ထောင်တက်လာသဖြင့် ဖိုးရွှတ်လက်မောင်းကို ဖမ်းဆုပ်ထားလိုက်သည်။ ကြွက်နီလည်း ခွေးအူသံကြောင့် ဖိုးရွှတ်အနား တိုးကပ်လာ၏။ ယင်းအခိုက် ခွေးအူသံမှာ ရုတ်တရက် တိကနဲ တိတ်ဆိတ်သွားသလို ညဥ့်ပိုးကောင်လေးများ အော်မြည်သံကလည်း ရုတ်တရက် တိတ်ဆိတ်သွားလေသည်။ အသံများ ရုတ်တရက် တိတ်ဆိတ်သွားသဖြင့် ဖိုးရွှတ်ရင်ထဲ တစ်မျိုးကြီးဖြစ်သွား၏။ ကိုယ့်ကိုယ်ကိုယ် မကြောက်တတ်ဟုထင်ထားသော ဖိုးရွှတ်မှာလည်း အမှောင်ထဲ လရောင် ဟိုတစ်ပြောက်သည်တစ်ပြောက် ကျနေသော ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရင်း ရင်ထဲ အေးခနဲ ဖြစ်သွားပြီး ကြက်သီးများ တဖြန်းဖြန်းထကာ ရင်ခုန်သံလည်း မြန်သွားသည်။ ရင်ထဲ ကြောက်စိတ်တို့က အနည်းငယ် ကြီးစိုးလာ၏။ အောင်ဘုနှင့် ကြွက်နီတို့လည်း ဖိုးရွှတ်လက်မောင်းကို တစ်ယောက်တစ်ဖက် ဆုပ်ကိုင်ထား ကြသည်။

ယင်းအခိုက် လေပြင်းဆောင့် တိုက်လိုက်သဖြင့် သစ်ရွက်လေတိုးသံ များ ထွက်ပေါ်လာပြီး သူတို့နှင့် မလှမ်း မကမ်းလောက်ဆီမှအကောင် ချုံတော တိုးသွားသံ မတိုးမကျယ် ထွက်ပေါ်လာ သဖြင့် သုံးယောက်သား လှမ်းကြည့် လိုက်ကြသည်။ အောင်ဘုနှင့် ကြွက် တို့လည်း ဘေးဘယ်ညာ လှည့်ပတ် ကြည့်ရင်း ဘယ်နေရာကများ သရဲ ထွက်လာမလဲနှင့် လိုက်ကြည့်နေကြ ခဏအကြာ အသံဗလံများ တိတ်ဆိတ် သွားသဖြင့် အောင်ဘုက ဟိုဟိုသည် သည်ကြည့်ရင်း -

"ဖိုးရွှတ် ငါကြောက်တယ် ပြန်ကြရအောင်"

အသံက ငိုသံပါလို့နေ၏။

"ဟုတ်တယ် ဟေ့ကောင်၊ လည်း ကြက်သီးတဖြန်းဖြန်းနဲ့ကွ၊ ကြရင်ကောင်းမယ်"

"မင်းတို့တွေကလည်း ယော မဟုတ်တာကျနေတာပဲ၊ သိန်းသုံးရာ လက်တစ်ကမ်းပဲ ရှိတော့တဲ့ဟာ ဘာမှမကြောက်နဲ့၊ ငါတစ်ယောက် ရှိတယ်"

ဖိုးရွှတ်က ပြောသာပြော သူလည်း ကြက်သီးတဖြန်းဖြန်းထနေ

"ဟေ့ကောင်တွေ၊ မင်းတို့ နေခဲ့၊ ငါ အပင်ကြီးကို တစ်ပတ် ကြည့်လိုက်ဦးမယ်"

ပြောရင်း သစ်ပင်ပေါ် ကြည့်ပြီး အပင်ကို တစ်ပတ် လျှောက်လာခဲ့၏။ ဖိုးရွှတ်ထွက် သဖြင့် အောင်ဘုက -



www.burmeseclassic.com

www.burmeseclassic.com

"ကြွက်နီ ငါတို့ပြန်ကြရအောင်ကွာ"

"နေပါဦး၊ ဖိုးရွှတ်ပြန်လာရင် ပြန်သွားပေါ့၊ အောင်ဘု ငါ့အဘိုး ပြောပြတာတော့ ဂျပန်ခေတ်သရဲတွေက လူကို ဘာမှမလုပ်ဘူးတဲ့ကွ၊ သစ်ပင်ပေါ်က ဆင်းပြီး မျက်လုံးပြူး လျှာထုတ်ပြရုံလောက်ပဲ လုပ်တာတဲ့"

ကြွက်နီစကားကြောင့် အောင်ဘု တစ်ယောက် ကြွက်နီလက်မောင်းကို လက်နှစ်ဖက်နှင့် အားရပါးရ ဆုပ်ကိုင်ထားလိုက်ပြီး -

"ဟေ့ကောင် ကြောက်ပါတယ်ဆိုမှ မင်းဘာတွေလျှောက်ပြောနေတာလဲ"

အသံက ငိုသံပါနေ၏။ ထိုစဉ် ဖိုးရွှတ်တစ်ယောက် သစ်ပင်ကို တစ်ပတ်ပတ်ပြီး အောင်ဘုတို့နားရောက်လာစဉ် သစ်ကိုင်းခြောက်တစ်ခုကို တက်နင်းမိလိုက်၏။

"ဖျောင်း"

ညအချိန်ဖြစ်၍ သစ်ကိုင်းခြောက်ကျိုးနင်းမိသံမှာ အတော်လေးကျယ်သွားသည်။

"အား . . . အောင်မယ်လေးဗျ"

အောင်ဘုတစ်ယောက် ငယ်သံပါအောင် ကုန်းအော်ပြီး နံဘေးရှိ ကြွက်နီပေါ် အတင်းခုန်တက်လိုက်ရာ နှစ်ယောက်စလုံး လဲပြိုကုန်၏။

"အောင်မလေး သရဲ သရဲ"

အောင်ဘုက အလန့်တကြား အော်သဖြင့် ဖိုးရွှတ်က ပြေးသွားကာ အောင်ဘုကို ဆွဲထူပေးရင်း -

"အောင်ဘု ငါပါကွ၊ သရဲ မဟုတ်ဘူး၊ စွတ်အော်မနေနဲ့"

အောင်ဘုက ဖိုးရွှတ်ကို ကြည့်လိုက်ပြီး -

"ဖိုးရွှတ် ပြန်ကြရအောင်"

ဖိုးရွှတ်မှာ အောင်ဘု၏ တဒိတ်ဒိတ်နှင့်ခုန်နေသော ရင်ခုန်သံကိုအတိုင်းသားကြားနေရသဖြင့် -

"အေးပါကွာ၊ ဒါဆိုလည်း ပြန်ကြတာပေါ့"

သုံးယောက်သား ပြန်ဖို့အလုပ် အွတ်အယ် အွတ်အယ်ဆိုသော အသံနှင့်အတူ တောက်တဲ့တစ်ကောင်သည် ဇောက်ထိုးပြေးဆင်းလာပြီး နောက်မှ တစ်ကောင်ပြေးလိုက်လာသည်ကို မှုန်ဝါးဝါး အလင်းရောင်တွင် တွေ့လိုက်ရသဖြင့် ဘယ်လက်မှာ ကိုင်ထားသော ဓာတ်မီးအသေးကို အသာထိုးလိုက်၏။

ဓာတ်မီးအလင်းရောင်ကြောင့် တောက်တဲ့ နှစ်ကောင် ရောက်တဲ့နေရာတွင် ငြိမ်ငြိမ်းရပ်နေကြ၏။ ဖိုးရွှတ်က အခွင့်အရေးကို လက်လွှတ်မခံဘဲ ညာလက်တွင် ကိုင်ထားသော ကွင်းလျှော ကျော့ကွင်းဖြင့် နောက်မှ လိုက်လာသော တောက်တဲ့အကောင်ကြီး ခေါင်းကို အသာစွပ်ပြီးစောင့်ဆွဲလိုက်၏။ တောက်တဲ့ လည်ပင်းမှာ ကွင်းလျှောမိပြီး တန်းလန်းကြီးပါလာလေသည်။ ဖိုးရွှတ်က တောက်တဲ့ကို ကွင်းလျှောမှထုတ်ပြီး လွယ်ထားသော နီးမြှုံးထဲသို့ ထည့်လိုက်ကာ ကြွက်နီနှင့် အောင်ဘုကို ခြေဖာန် လက်ဖာန်ပြုပြီး သစ်ပင်ကြီးအောက်မှ ထွက်လာခဲ့ကြ၏။

သုံးယောက်သား ခပ်သုတ်သုတ်လေး လျှောက်လာခဲ့ကြသဖြင့် တိရစ္ဆာန်ငယ်လေးများ အလန့်တကြား တိုးသွားကြသည်။ ခြံစည်းရိုးနားရောက်လာရာ ဖိုးရွှတ်က အရင်ထွက်မည် လုပ်သဖြင့် အောင်ဘုက အတင်း ဖမ်းဆွဲထားသဖြင့် -

"ဖိုးရွှတ်၊ ငါ အရင်ထွက်မယ်"

"ဟေ့ကောင် အောင်ဘု . . . ဘယ်လိုဖြစ်နေတာလဲ၊ ဒီမှာခြေထောက် တစ်ဖက် ခွထားပြီးပြီကွ"

"အဲဒါဆိုလည်း ပြန်ဝင်ကွာ၊ ငါ အရင်ထွက်မလို့"

အောင်ဘုက ဖိုးရွှတ်လက်ကို ကိုင်ပြီး အတင်းပြန်ဆွဲနေစဉ် သူတို့နောက်နား သစ်ပင်ပေါ်မှနေ၍ -

"ဝရော . . . ဝေါ"

ဘုတ်ဆိုသောအသံ တိတ်ဆိတ်နေသော ညအချိန်တွင် ပီပီပြင်ပြင် ထွက်ပေါ်လာ၏။

"အား . . . အောင်မယ်လေးဗျ"

ကြွက်နီနှင့်အောင်ဘုတို့ အလန့်တကြားအော်၍ ဖိုးရွှတ်ကို ခွတက်သဖြင့် သုံးယောက်သား လဲပြိုကုန်၏။ နဂိုမှ ကြောက်စိတ်ဝင်နေသဖြင့် သွေးပျက်မတတ် ဖြစ်ကုန်၏။

"သရဲ . . . သရဲ"

ထိုအခါ ဖိုးရွှတ်က -

"ဟေ့ကောင်တွေ ဘယ်လိုဖြစ်နေတာလဲ၊ အုန်းလက်ကြွေကျတာကွ၊ ဘာသရဲမှမဟုတ်ဘူး"

ပြောရင်း လူးလဲထကာ ကြွက်နီနှင့် အောင်ဘုကို ဆွဲထူပေးပြီး အရင်ပေးထွက်ခိုင်းရသည်။ သုံးယောက်သား ကိုသာဝထန်းတောသို့ ရောက်ရှိလာပြီး တဒိန်းဒိန်းခုန်နေသော ရင်အစုံကို ထန်းရည်ပြင်းပြင်းလေးဖြင့် ငြိမ်းလိုက်ရင်း -

"ဟေ့ကောင် ဖိုးရွှတ်၊ ပြစမ်းပါဦးကွ တောက်တဲ့ ကြည့်ရအောင်"

ဖိုးရွှတ်က ဝါးဖြင့် ကွက်ကျဲလေး ယက်ထားသော မြှုံးထဲမှ တောက်တဲ့ကို ဓာတ်မီးဖြင့် ထိုးပြလိုက်၏။

"နည်းတဲ့ကောင်ကြီး မဟုတ်ဘူး"

"ခေါင်းကြီးကလည်း အကြီးကြီးပဲ၊ နှစ်ချို့ကောင်ကြီးဖြစ်မယ်၊ ပွတာပဲ"


www.burmeseclassic.com

www.burmeseclassic.com

အောင်ဘုနှင့်ကြွက်နီတို့ အလွန်ဝမ်းသာသွားကြ၏။ အောင်ဘုက-

"ဟေ့ကောင် ကြွက်နီ၊ ငါ အေးပုံ ဘာဝယ်ပေးရင် ကောင်းမလဲကွ"

"မသိဘူးလေကွာ၊ သူဘာလိုချင်တာလဲဆိုတာ သူ့ကိုမေးပေါ့ကွ"

"မင်းကကော ဘာဝယ်ပေးမှာလဲ"

"မသိဘူးကွ၊ သူ့ကိုမေးကြည့်ရမှာပေါ့"

"ဖိုးရှုတ် မင်းကော"

"ငါလည်း မပြောတတ်ဘူး၊ လာကွာ ဘုန်းကြီးကျောင်း လိုက်သွားရအောင်"

"အေး၊ အဲဒါကောင်းတယ်"

သုံးယောက်သား ဘုန်းကြီးကျောင်းသို့ ထွက်လာခဲ့ကြ၏။

ဘုန်းကြီးကျောင်း ဆွမ်းချက်ဆောင်ကွင်မှာတော့ ကျေးလက်၏ ကာလသမီးပျိုများက ထမင်းစားပွဲဝိုင်းတွင် ဝိုင်းဖွဲ့ထိုင်နေကြရင်း ကြက်သွန်ခွာသူကခွာ၊ လှီးသူကလှီးနှင့် ရောက်တက်ရာရာ စကားတွတ်ထိုးနေကြ၏။ ကျက်သရေဆောင် ခန်းမတွင်းမှာတော့ ဆရာတော်ကြီးနှင့် သက်ကြီးရွယ်အိုများ၊ လူကြီးသူမများနှင့် သူကြီးတို့ ဝိုင်းဖွဲ့ကာ တရားအကြောင်း ပြောဆိုဆွေးနွေးနေကြ၏။

"ဟဲ့-ပူတူးမ နင်တို့သတိထားမိလား"

"နင့်ဟာက အရင်းမရှိ အဖျားမရှိနဲ့ ငါက ဘာကိုသတိထားမိရမှာလဲ"

"ကိုအောင်ဘုကြီးကိုပြောတာဟ၊ သူက အခုရက်ပိုင်းထဲ ချောလာတယ်ဟ၊ စောစောတုန်းက သူ ငါ့ကို အားသွားပေးတော့မလို့၊ ငါ ရင်ကိုခုန်သွားတာပဲ အဟိ"

"ဟယ်- ကြည့်စမ်း ကောင်မ၊ ကိုယ့်ငါးချဉ်ကိုယ်ချဉ်နေလိုက်တာ၊ နင့် အောင်ဘုအစုတ်ပလုတ်ကိုများ ကြွက်နီကမှ ပိုချောလာတာပါနော်"

"ဟယ် - နင်တို့နှစ်ယောက်တော်ကြစမ်းပါဟာ၊ နင်တို့ရည်းစားတွေ နှစ်ယောက်စလုံး ဖိုးရှုတ်ကို မမီဘူး၊ မှတ်ထား"

"အောင်မာ ပူတူးမ၊ နင်ကပဲ ပြောရသေး"

သုံးယောက်သား ငြင်းခုံနေကြစဉ် ဖိုးရှုတ်တို့သုံးယောက် ပူတူးမတို့အနား ရောက်လာကြကာ ဖိုးရှုတ်က ပူတူးမနား ဆောင့်ကြောင့်ကလေးထိုင်လိုက်ပြီး -

"ပူတူးမ ငါတို့ တစ်ယောက် သိန်းတစ်ရာစီ ရလာလို့ဟ၊ နင့်ကို ငါ ဘာဝယ်ပေးရမလဲလို့ လာမေးတာ"

"ဟယ် တကယ် ဝမ်းသာလိုက်တာ"

ဝမ်းသာအားရဖြစ်သွားပြီးမှ -

"ဖိုးရှုတ် နင့်အောင်ဘုက အေးပုံကို အကြံအဖန် လုပ်သလိုမျိုး အကြံအဖန်လုပ်ပြီး ငါ့ကို နမ်းမလို့မဟုတ်လား"

"မဟုတ်ပါဘူးဟာ၊ ငါတကယ်ပြောတာ"

"ဟဲ့ ကြွက်နီနဲ့ အောင်ဘု ဖိုးရှုတ်ပြောတာ တကယ်ပဲလား"

"အေး"

"တကယ်ပေါ့ဟ၊ ငါတို့ သုံးယောက် တစ်ယောက် သိန်းတစ်ရာစီ ရလာတာ"

"ဟယ် တကယ်"

ပူတူးမ တကယ်ပင် ဝမ်းသာသွားပြီး ရွှေမိနှင့် အေးပုံတို့ဘက် လှည့်ကာ -

"ဟဲ့ သူတို့ တကယ်ရလာ[...] တဲ့ဟ"

အေးပုံနှင့် ရွှေမိတို့လည်း [...] သွားကာ အေးပုံက လက်ခုပ်တ[...] လေးတီးလိုက်ပြီး -

"အဟိ ဝမ်းသာလိုက်တာ"

ပြောရင်း မျက်နှာမှာ ပြုံ[...] နေသည်။ ရွှေမိလည်း မျက်နှာ[...] နေပြီး အေးပုံဘက်သို့ လက်ဝါးန[...] ထောင်ပေးလိုက်ရာ အေးပုံက [...] လက်ဝါးနှစ်ဖက်ဖြင့် ရိုက်လိုက်၏။ [...] ပြောနေသောစကားကို အနီးအန[...] အတူတစ်ဝိုင်းတည်းထိုင်ကာ ကြ[...] ခွာနေသော အပျိုမများလည်း စိ[...] တစား ဝိုင်းကြည့်နေကြသလို [...] ပန်းကန်များကို အဝတ်ခြောက်နှင့်[...] နေသော လူလတ်ပိုင်းအရွယ် [...] ကြီးများလည်း စိတ်ဝင်တစား ထ[...] သည်။ ပူတူးမက -

"ဖိုးရှုတ် နင်တို့သုံးယော[...] ဆုရလာရင် ငါတို့ဆီမှာ အပ်ထာ[...] လို့ ပြောထားတယ်နော်"

"အေးပါဟ၊ ငါတို့နောက်[...] အပ်မှာပေါ့"

"မရဘူးဟာ၊ နင်တို့ဟာ [...] ပေး"

"ပူတူးမ နင်ကလည်း ငါ[...] နေ့ ပေးမှာပေါ့"

"မရဘူးဟာ၊ အခုပဲပေး [...] လား မပေးဘူးလား ပြော"

ဖိုးရှုတ်က ခေါင်းကုတ်လို[...]

"နင်ကလည်းဟာ အခု[...] နင်ကြောက်မှာပေါ့ဟ"

"မကြောက်ဘူး ပေး"

ဖိုးရှုတ်က ပြောမရတော့[...] အနောက်သို့ သိုင်းလွယ်ထားသေ[...] ထဲမှ တောက်တဲ့ကြီးကို ဖမ်းဆွဲထု[...]





www.burmeseclassic.com

www.burmeseclassic.com

...ဖြန့်ထားသော ပူတူးမလက်ထဲ ...ည့်ပေးလိုက်သည်။ ပူတူးမက ...လက်ပေါ်သို့ ရောက်လာသော ...တ်တဲ့အရှင်ကြီးကိုကြည့်ကာ-

"အောင်မယ်လေး"

ဟု ငယ်သံပါအောင် ထအော် ...သူမဘေးမှာ တင်ပျဉ်ခွေထိုင်နေ ... အေးပုံပေါင်ပေါ်သို့ အလန့် ...ပစ်ချလိုက်၏။ အေးပုံလည်း ...င်ပေါ် တောက်တဲ့ကြီး ရောက် ...ဖြင့် -

"အား" ဟု ငယ်သံပါအောင် ...ကြီး ကမန်းကတန်းထကာ ထဘီ ...ထဘွမ်းပွမ်းနှင့်ခါလိုက်၏။ အေးပုံ ...လိုက်သော တောက်တဲ့ကြီးမှာ ...ရင်ဘတ်တွင် သွားကပ်ပြန်သည်။ ...လည်း အလန့်တကြားဖြင့် -

"အောင်မယ်လေး"

ဟုအော်ရင်း လက်နှစ်ဖက်ဖြင့် ...လိုက်ရာ စားပွဲပေါ်သို့ ကျသွား ...သွားသော တောက်တဲ့မှာ ထိုင် ...သော အပျိုမတွေဘက် ပြေးလေ ...သည်။ ထိုအခါ ထိုင်နေသော ...များရော ရပ်နေသော အဒေါ် ...ပါ အလန့်တကြားအော်ဟစ်ပြီး ...ပြေးကြလေရာ ဆွမ်းစားဆောင် ...လုံး ဆူညံကုန်လေတော့သည်။ ...ညံအသံများကြောင့် သူကြီးက ...မှ ပြေးဝင်လာပြီး နောက်တွင် ...အဖေ ဦးထွန်း၊ ဆရာတော်နှင့် ...များက ပြေးအဝင် ဒီဘက်က ...ဘက်နှင့် တစ်ယောက်နှင့် တစ် ...တိုက်မိကုန်ကြ၏။

...ထိုစဉ် ဆရာတော်အသံ ဟိန်း ...လာသည်။

"...တဲ့ နင်တို့တွေ ဘာဖြစ်လို့ ငယ် ...အောင် ကုန်းအော်နေကြတာလဲ"

"တောက် တောက်တဲ့ဘုရား၊ ဖိုးရှုတ်တို့သုံးယောက် တောက်တဲ့အရှင်ကြီးကိုယူလာပြီး လိုက်ခြောက်လို့ဘုရား"

ထိုအချိန်တွင် ဖိုးရှုတ်တို့ သုံးယောက် သိမ်းသုံးရာတန် လွတ်သွားသော တောက်တဲ့ကို လိုက်ဖမ်းနေကြ၏။ ဆရာတော်က တောက်တစ်ချက်ခေါက်လိုက်ပြီး -

"တောက်၊ ခွေးမသားတွေ သူများ ကုသိုလ်ရေး လုပ်နေတာကို နှောင့်ယှက်တဲ့ကောင်တွေ၊ တွေ့ကြသေးတာပေါ့ကွာ"

ဆရာတော်က ကြိမ်းမောင်းရင်း တောက်တဲ့ဝိုင်းဖမ်းနေသော ဖိုးရှုတ်တို့အနားရောက်လာ၏။ ဘေးတစ်ဖက်တစ်ချက်တွင် သူကြီးနှင့် ဦးထွန်း၊ သူတို့နောက်တွင် ရပ်မိရပ်ဖများနှင့် အပျိုမများ။ ဖိုးရှုတ်တို့သုံးယောက်က ဘာကိုမှ သတိမထားမိ။ သိမ်းသုံးရာ မပျောက်သွားဖို့ရာ အာရုံစိုက်နေကြ၏။

ဖိုးရှုတ်တို့သုံးယောက် တောက်တဲ့ကို ဝိုင်းထားလိုက်ကြပြီး ဖိုးရှုတ်က အမြီးဘက်မှ ဒိုင်ပင်ထိုးဖမ်းလိုက်သဖြင့် တောက်တဲ့မှာ ရှေ့သို့ထွက်ပြေးလေရာ အောင်ဘုက ရှေ့မှခေါင်းကို လက်ဝါးနှစ်ဖက်ဖြင့် ဖမ်းအုပ်လိုက်ပြီး မတ်တတ်ရပ်လိုက်သည်။ ထိုအခါ တောက်တဲ့မှာ သူ့ကိုဖမ်းသော လက်ကို အားရပါးရကိုက်ထည့်လိုက်၏။

"အား"

အောင်ဘုတစ်ယောက် ဝမ်းခေါင်းသံကြီးဖြင့် ငယ်သံပါအောင် ကုန်းအော်လိုက်သဖြင့် အနားသို့ရောက်လာသော ဆရာတော်ပင် လန့်ပြီး တုန်တက်သွား၏။ ဆရာတော်ဘေးမှ သူကြီးမှာလည်း အောင်ဘု ငယ်သံပါအောင် အော်လိုက်သောအသံကြောင့် လန့်ပြီး ထခုန်လိုက်ကာ ဟိုပဲပြေးရတော့မလို ဒီပဲပြေးရတော့မလို ဖြစ်နေ၏။ ယင်းအခိုက် အောင်ဘုက နာလွန်းသဖြင့် လက်ကိုခါလိုက်ရာ သူကြီးရင်ဘတ်မှာ သွားကပ်လေသည်။

"ဗိုး . . . ဘတ်"

နဂိုကမှ အောင်ဘု အော်သံကြောင့် လန့်နေတဲ့အထဲ တောက်တဲ့ကြီးက ရင်ဘတ်တွင် ဘတ်ခနဲ ...ာ ကပ်သဖြင့် ကြောက်လန့်ပြီး ထအော်လိုက်၏။

"အား"

သူကြီးအော်သံမှာ အောင်ဘုထက် ပို၍ကျယ်သွားသဖြင့် ဆရာတော်ပင် တုန်တက်သွားပြီး အလန့်တကြား ထခုန်လိုက်၏။ သူကြီးမှာ သူ့ကိုယ်ကို ကပ်လာသော တောက်တဲ့ကို အလန့်တကြား ပုတ်ထုတ်လိုက်ပြန်ပါသည်။ သူကြီးပုတ်ထုတ်လိုက်သော တောက်တဲ့ကြီးမှာ ကြမ်းပြင်ပေါ်သို့ကျပြီး လူအုပ်ကြား ပြေးဝင်သဖြင့် အပျိုမများလည်း အလန့်တကြား ထအော်ပြီးထွက်ပြေးကြတော့သည်။ ဖိုးရှုတ်က တောက်တဲ့ထွက်ပြေးသည်ကို မြင်သဖြင့် ပြေး၍ ဒိုင်ပင်ထိုးလိုက်ပြန်သည်။

"ဗိုး . . . ဘတ်"

ဖိုးရှုတ် ထရပ်လိုက်တော့ လက်မှာပါလာသော တောက်တဲ့ကို လွယ်ထားသော မြုံးထဲထည့်လိုက်သည်။ ဆရာတော်မှာလည်း ရုတ်တရက်ဆိုတော့ လန့်သွားသဖြင့် စကားတော်တော်နှင့်မပြောနိုင်ပေ။ သူကြီးကလည်း ဘယ်ပျောက်သွားလည်းမသိ။ ခဏကြာမှ ပြန်ရောက်လာသည်။

ဖိုးရှုတ်အဖေ ဦးထွန်းက -

"ဟေ့ကောင်တွေ မင်းတို့ကောင်တွေကွာ၊ ဒီမှာ ဘာသာ သာသနာ



www.burmeseclassic.com

www.burmeseclassic.com

အတွက် လူကြီးတွေ အလုပ်လုပ်နေတာကို မင်းတို့က ဖျက်လိုဖျက်ဆီးနဲ့ ဟော့ကောင် ဖိုးရှုတ် လာစမ်း မင်း . . . ဒီတောက်တဲ့ ဖမ်းထားတာ ဘာလုပ်ဖို့လဲ"

"ဟာဗျာ အဘကလည်း အဘပဲ အမေ့ကိုပြောနေပြီးတော့ မမှတ်မိတော့ဘူးလား၊ မြို့စပါးအဝယ်ဒိုင်သူဌေးက အဘကို တောက်တဲ့အစိမ်းသားတစ်ကောင် အရှင်ဖမ်းလာရင် သိန်းသုံးရာပေးမယ်ဆို၊ အခု ကျွန်တော်တို့ သိန်းသုံးရာ ရပြီဗျ"

"ဟေ့ကောင် ဖိုးရှုတ်၊ မင်း ငါနဲ့ မင်းအမေ ပြောတာကို အစအဆုံး အပ်ကျမပ်ကျ နားမထောင်ဘဲ နားစွန်နားဖျားနဲ့ စိတ်ထင်ရာလျှောက်လုပ်နေပြန်ပြီ၊ ဒီကောင်တွေနဲ့တော့ ခက်တော့တာပဲ"

"အဘကလည်းဗျာ ဘာမှမခက်ပါဘူး၊ ကျုပ် သိန်းတစ်ရာရရင် သူကြီးသမီး ပူတူးမကို ကျုပ်ကိုတောင်းပေးဗျာ နော့"

ထိုအခါ အနားပြန်ရောက်လာသော သူကြီးက -

"ဘာကွ ရာရာစစ၊ တလေကချေရဲ့သား အုတ်ကြားမြက်ပေါက်ကများ၊ ပူတူးမတော့မရဘူး၊ လူကြီးတွေကို အလန့်တကြားဖြစ်အောင်လုပ်တဲ့ကောင်တွေ ဒါပဲရမယ်"

ပြောရင်း သူကြီးက တောင်ဝှေး မြှောက်လိုက်စဉ် ဆရာတော်က -

"ဟေ့ ဒကာ နေဦး"

ဆရာတော် ဟန့်လိုက်သဖြင့် သူကြီးက တောင်ဝှေး ပြန်ချလိုက်၏။ ဖိုးရှုတ်လည်း ကိုယ်ကိုရှိုပြီး တောင်ဝှေးကို ကာထားသောလက်ကို ပြန်ချလိုက်သည်။ ဆရာတော်က -

"ဟိုကောင်ဖိုးရှုတ် လာစမ်း"

"တင်ပါ့ဘုရား"

"မင်းတို့ တောက်တဲ့ကို ဘာလို့ ဖမ်းထားတာလဲ"

"အဘက တစ်ကောင်ကို သိန်းသုံးရာရမယ်ဆိုလို့ပါ ဘုရား"

"ဘာကွ ဒကာမောင်ထွန်း၊ မင်း ဒီလိုပဲ ကလေးတွေကို မြှောက်ပေးတာပေါ့ ဟုတ်လား"

"မ မ မဟုတ်ပါဘူးဘုရား၊ တတတပည့်တော်က သူ့အမေကို မြို့က စပါးဒိုင်သူဌေးက တောက်တဲ့အစိမ်းသား တစ်ကောင် အရှင်ဖမ်းလာရင် သိန်းသုံးရာပေးမယ်လို့ ပြောပြတာပါဘုရား၊ တကယ်တော့ တောက်တဲ့အကြီးဆုံးကောင်မှ ရှိလှ ငါးကျပ်သား၊ တစ်ဆယ်သားပေါ့၊ မဖြစ်နိုင်တာကို တမင်ပြောလိုက်တာလို့ တပည့်တော်က သူ့အမေကို ရှင်းပြနေတာကို ဒီကောင်က နားစွန်နားဖျားကြားပြီး စိတ်ထင်တာတွေ လျှောက်လုပ်နေတာဘုရား"

"အိမ်း လူတွေ လူတွေ တယ်ခက်ကြပါလား၊ လောဘဇော၊ မောဟဇောတွေ ဖုံးလွှမ်းနေသမျှတော့ သံသရာမှာ လည်ပြီးရင်းလည် နစ်ပြီးရင်းနစ်နေကြပေဦးတော့မှာပဲ"

ဆရာတော်က ခေါင်းတညိတ်ညိတ်နှင့် ညည်းတွားပြောလိုက်ပြီး -

"ဟိုကောင် ဖိုးရှုတ်၊ အောင်ဘုနဲ့ ကြွက်နီ လာစမ်း ဒီရှေ့ကို"

"တင်ပါ့ဘုရား"

သုံးယောက်သား လက်အုပ်ကလေးတွေချီလို့ ဆရာတော်ရှေ့ ခပ်ရွံ့ရွံ့လေး လာရပ်ကြသည်။

"ဒကာတို့ နောက်ဆို အလုပ်တစ်ခု လုပ်တော့မယ်ဆိုရင် နားစွန်နားဖျားကြားရုံနဲ့ မလုပ်ကြနဲ့ကွယ်၊ သေသေချာချာ စဉ်းစားဆုံးဖြတ်ပြီးမှ လုပ်ကြကွဲ့ ကြားလား"

"တင်ပါ့ဘုရား"

"အင်း အင်း ဒီတောက်တဲ့တွေ… ဖမ်းရတာ တော်တော်ဒုက္ခများခဲ့ကြမ… ထင်တယ်၊ ဟုတ်ရဲ့လားကွဲ့"

ကြွက်နီက -

"မှန်ပါ့ဘုရား၊ တပည့်တော်… သရဲပါ၊ အခြောက်ခံရပါတယ်ဘုရား"

ဆရာတော်က ခေါင်းတညိ… ဆတ်ညိတ်ရင်း -

"ဒါနဲ့ မင်းတို့ ဘယ်ကသွား… တာလဲကွ"

"မှန်ပါ့ဘုရား၊ ဘုန်းကြီးကျော… အနောက်သစ်ပင်ကြီးပေါ်ကပါ ဘုရ…

ဖိုးရှုတ် စကားဆုံးသည်နှ… အောင်ဘုက အားတက်သရောဖ… ဖြင့် -

"တပည့်တော်တို့ တောက်… ဖမ်းနေတုန်း ဘုန်းကြီးတူမ အ… မီးလင်းနေလို့ တပည့်တော်တို့… ချောင်းခဲ့သေးတယ်ဘုရား"

"ဘာကွ၊ မင်းတို့တွေ တော… ဖမ်းရုံတင်မကဘူး၊ ငါ့တူမ ကိုပါ … ချောင်းတဲ့ကောင်တွေ သေပေ… ကဲဟာ . . ."

"ရွှမ်း ရွှမ်း ရွှမ်း"

"အား"

"အောင်မလေးဗျ"

"သေပါပြီဗျ"

ဖိုးရှုတ်၊ အောင်ဘုနှင့် ကြ… တို့လည်း ဆရာတော်ကြိမ်လုံးနှင့် … လိုက်သဖြင့် အသံကုန်အော်၍ … အောက်သို့ ဆင်းပြေးကြလေ… သည်။

**ဇော်မင်း(အုံ…**

□



www.burmeseclassic.com

www.burmeseclassic.com



ဘိုးတော်ဧ



ဘိုးတော်မြူး

# မဟာဂန္ဓာရီ ဝိဇ္ဇာ ထွက်ရပ်ပေါက်သွားလေသူ



ဘိုးတော်ပွင့်

အောင်ကြည်သန်း ( ဗောင်ဓေဂသိ )

www.burmeseclassic.com

www.burmeseclassic.com

ကာလအားဖြင့် လွန်ခဲ့သော မြန်မာသက္ကရာဇ် ၁၂၆၄ ခုနှစ်ကဖြစ်သည်။ ကျိုက်လတ်မြို့အပိုင်၊ ကျုံ့မင့်၊ မယ်ဆယ်ဆိပ်ရွာလေးသည် အလွန်သာယာလှပသည်။

"ကြာပဒုမ် အင်ုံဖြန့်ပါလို့ မာလာမှုန် ထုံရနံ့တွေနှင့် ဂုံကမ်ရွှေဝတ်လွှာ" ဆိုသည့် ကဗျာလေးကဲ့သို့ပင် တစ်ရွာလုံးတွင် ပန်းမျိုးစုံတို့ ပွင့်လန်းနေကြသည်။ ဆောင်းအကုန်နွေအကူး လေရူးလေးတွေနှင့်အတူ ပန်းရနံ့တို့က တစ်ရွာလုံးမွှေးပျံ့နေသည်။ ရွာအနီးရှိ စမ်းရေအိုင်တွင် ရေစစ္စလီငှက်၊ တင်ကျီးငှက်၊ ငှက်ကြီးဝန်ပို၊ ငန်းငှက်၊ ငုံးငှက်၊ ငှက်ကြား၊ ငှက်တိမ်ညင်း အစရှိသည့် ငှက်အပေါင်းတို့ စမ်းရေခဲသောက်ချိုး၍ ပျော်မြူးနေကြသည်။

ရွာတွင် တောင်သူလယ်သမားများ အများစုနေထိုင်ကြသည်။ တောင်သူလယ်သမားတို့ နွေစပါးများရိတ်သိမ်းပြီးမှပင် အားလပ်ချိန်နားချိန်ရတော့သည်။ မိုးဦးကျစမှစတင်ပြီး နွေအထိကုန်းရုန်းလုပ်ကိုင်ကြသည်။ သူတို့တွေ ပင်ပန်းသည်မထင်ကြ၊ ကိုယ့်ဘဝ ကိုယ့်အလုပ်တွေနှင့် ပျော်နေကြသည်။

လယ်သိမ်းပြီးချိန်ရွာတွင် ရှင်ပြုရဟန်းခံ အလှူမင်္ဂလာပွဲများ ရှိလာစမြဲဖြစ်သည်။ အလှူပွဲတွင် ရွာမှကာလသားအပေါင်းတို့ တက်ညီလက်ညီ ဝိုင်းဝန်းကူညီလုပ်ကိုင်ကြသည်။ အလှူ ပွဲတိုင်းတွင် ကာလသားများ အိုးစည်၊ ဒိုးပတ်တို့ဖြင့် တီးကြ မှုတ်ကြ၊ ကကြ၊ ခုံကြနှင့် ပျော်မြူးကြသည်။

ရွာအလှူပွဲကြီးပြီးလျှင် ကာလသားတွေ အသောက်အစား အပျော်အပါးလေးများ ဖက်လာကြသည်။ ထိုအထဲတွင် မောင်ပွင့်သည် အသောက်တွင် ဗိုလ်မထားသူဖြစ်သည်။ အတီးအမှုတ်ဘက်တွင်လည်း ဝါသနာကြီးသူ၊ တတ်ကျွမ်းသူဖြစ်သည်။ အသက်က နှစ်ဆယ့်ငါးနှစ်ခန့် ရှိသည်။ အရပ်အပုလွန်း၊ မရှည်လွန်းပါ။ မျက်နှာထား ခပ်တည်တည်ခပ်တင်းတင်း နေတတ်သူဖြစ်သည်။ စိတ်ထားကောင်းပြီး ရိုးဖြောင့်သည်။ ကတိတည်သူ ဖြစ်သည်။ သောက်လိုက်စားလိုက် တီးလိုက်၊ မှုတ်လိုက်ဖြင့် ပရမ်းပတာဖြစ်ချင်ရာဖြစ် ပေပေတေတေ မနေတတ်သူလည်း ဖြစ်သည်။ မောင်ပွင့်ပေတေလွန်းအားကြီးသဖြင့် အရပ်က တစ်ခါတစ်ခါရွံ့ကြောက်ဖြစ်ရလေသည်။

မောင်ပွင့်သည် ပေါင်းတည်မြို့ အဘဦးဖောင်၊ အမိဒေါ်ဖောဖြူတို့၏ ဒုတိယမြောက်သား ဖြစ်သည်။ အစ်ကိုကိုအုံကြီး၊ ညီ မောင်နီထွေး၊ မောင်ဖိုးလေး၊ ညီမ မမယ်မြ၊ မမယ်တင်နှင့် မအို စုစုပေါင်းမွေးချင်းခုနစ်ယောက်ရှိသည်။

မောင်ပွင့်၏ အစ်ကိုကြီးဖြစ်သူ ကိုအုံကြီးသည် ဟင်္သာတမြို့၊ ဒေါင့်ကြီးရွာတွင် မသိမ်းရှင်နှင့် အိမ်ထောင်ကျပြီး နေထိုင်လေသည်။ မောင်ပွင့်သည် အစ်ကိုရှိရာ ထောင့်ကြီးရွာသို့ လိုက်၍နေထိုင်သည်။

တစ်ချိန်တွင် မောင်ပွင့် လောကီပညာ ဆေးပညာများကို စိတ်ဝင်စားလာပြီး ပညာသင်နိုင်ရန် အစ်ကို့အိမ်မှထွက်ပြီး ရှမ်းပြည်သို့ ခြေဆန့်တက်ခဲ့သည်။ ရှမ်းပြည်ရှိ လောကီပညာရှင်ကြီးများထံတွင် တပည့်ခံ၍ နည်းနာနိဿယ အဝဝကို သေချာဂန သင်ယူလေသည်။ ထိုသို့ဖြင့် သံဖမ်း ရိပ်ဖမ်း ရုပ်ပြောင်း နှာမ်ခွာ အဖြာဖြာသော အတတ်ပညာများကို တတ်ကျွမ်းလာခဲ့သည်။

မောင်ပွင့် ပညာသင်လာရာ အတတ်ပညာ အတော်လေးစုံလာသည့်အခါ အစ်ကိုကြီးရှိရာ ဟင်္သာတ၊ ဒေါင့်ကြီးရွာသို့ မပြန်တော့ဘဲ ကျိုက်လတ်၊ ဖျာပုံ၊ ကွမ်းခြံကုန်း၊ ကျုံ့မင့်၊ မယ်ဆယ်ဆိပ် အစရှိသည့် ရွာစဉ်အလိုက် လှည့်လည်ပြီး ဆေးကုလေသည်။

မောင်ပွင့်တစ်ယောက် ဆေးလိုက်ကုရင်း မယ်ဆယ်ဆိပ်ရွာတွင် အနေထိုင်များလာသည်။ မောင်ပွင့်သည် ဆေးဝါးလိုက်ကုနေသော်လည်း နဂိုမူလအတိုင်း ရွာက ကာလသားများနှင့် သောက်လိုက် စားလိုက် တီးလိုက် မှုတ်လိုက်ပျော်လိုက်ပါးလိုက်ဖြင့် ပေပေတေတေပင်။

တစ်နေ့ညနေခင်း မယ်ဆယ်ဆိပ်ရွာလယ်လမ်းနံဘေးကုက္ကိုပင်အောက်တွင် မောင်ပွင့်တို့ သူငယ်ချင်းနှစ်ယောက်စကားကောင်းနေကြသည်။

"ဟေ့ကောင် မောင်ပွင့်၊ ဟိုမှာ ငွေယုံကွ၊ မင်းကိုလှည့်ကြည့် လှည့်ကြည့် လုပ်သွားတယ်၊ တို့ရွာမှာ အလှဆုံးပန်းတောင်ကိုင်နော် မင်းစိတ်ကူးမလွဲနဲ့"

"ပန်းတောင်ကိုင်ကိုင် ဘာကိုင်ကိုင် ငါစိတ်မဝင်စားဘူး၊ ခေါက်ထားစမ်းပါကွာ လှငြိမ်းရာ၊ လာ အရက်သွားသောက်ကြမယ်" ဟုပြောရင်း လှငြိမ်းကိုလည်ပင်းဖက်ကာ ထုံစံအတိုင်း အရက်ဆိုင်သို့ သွားကြလေသည်။ အရက်ဆိုင်တွင် -

"မောင်ပွင့်၊ မင်း မူးနေပြီ ရေချိန်လွန်နေပြီ၊ တော်ပါတော့ကွာ" ဟု လှငြိမ်းက တားသည်။

"ဟေ့ကောင်လှငြိမ်းရာ၊ ငါ ဒီလောက်နဲ့ ဘယ်တုန်းက မူးဖူးလို့လဲ မမူးသေးပါဘူးကွာ၊ ဦးတရုတ် နောက်တစ်လုံးထပ်ချပေးဗျာ" ဟု အားလေးလျှာလေးနှင့် ကိုယ်ယိမ်းယိုင်လျက်က လက်ပြပြီး အရက်ထပ်မှာနေပြန်သည်။





www.burmeseclassic.com

www.burmeseclassic.com

မောင်ပွင့် လူမှန်း မသိအောင်သောက်ပြီး မှောက်သွားမှပင် လှပြီးက တွဲကာ မောင်ပွင့်အိမ်သို့ လိုက်ပို့လိုက်ရသည်။

တစ်နေ့နံနက်ခင်း မောင်ပွင့်၏အိမ်ရှေ့ရှိ သရက်ပင်ပေါ်တွင် ကျီးကန်းတစ်ကောင် အ . . အ . . အ . . နှင့် သံသာပေးနေသည်။

မောင်ပွင့်က -

"ဒီကျီးကန်းကလည်း ဘာလို့များ မသာသဖူးလာသာနေရတာလဲ" ဟု ရေရွတ်လိုက်သည်။

ကျီးသာပြီး မကြာလိုက်ပါ၊ မောင်ပွင့်၏ အိမ်ရှေ့သို့ အသက်ခြောက်ဆယ်ကျော်၊ ခုနစ်ဆယ်နီးပါးခန့် အရွယ်ရှိသော အဘိုးကြီးတစ်ယောက် ရောက်ချလာသည်။ အဘိုးကြီး၏ ပုံပန်းသဏ္ဌာန်က နန်းဆန်လှသည်။ ဥပုသ်တော်ဆင်တောင်ရှည်ပုဆိုးနှင့် သိုးရင်းအင်္ကျီကိုဝတ်ထားသည်။ ဦးခေါင်းတွင် ကရွတ်ခွေခေါင်းပေါင်းကိုပေါင်းပြီး လက်တစ်ဖက်တွင် စိမ်ပုတီးကို ကိုင်ထားသည်။ အဘိုးကြီးသည် မောင်ပွင့်ထံသို့ လှမ်းကြည့်ရင်း -

"ငါ့သား၊ အဘ မင့်အိမ်မှာ တည်းခိုပါရစေ" ဟု ခွင့်တောင်းလေသည်။

မောင်ပွင့်က -

"အဘကိုကြည့်ရတာ မန္တလေးဘက် အဝေးကြီးကနေလာခဲ့တဲ့ပုံပဲ၊ အဘ ဒီမှာတည်းခိုလို့ ရပါတယ်၊ အဘ ကြိုက်သလောက် နေနိုင်ပါတယ်" ဟု ပြောလိုက်ပါသည်။

အဘိုးကြီးသည် မောင်ပွင့်အိမ်တွင် တည်းခိုရင်း ရွာသူ ရွာသားများနှင့် အခြားရွာများမှသူတို့ကို ဆေးကုသပေးသည်။ အဘိုးကြီးသည် ဆေးပညာကို အထူးတတ်ကျွမ်းသူဖြစ်သည်။ ကာလနာခေါ် ဝမ်းရောဂါနှင့် မြွေကိုက်ခံရသောသူများကို များစွာကုသပေးရသည်။ အဘိုးကြီး၏နာမည်မှာ ဆရာဇဖြစ်သည်။ ဆရာဇ ဟူသောနာမည်ကို ရွာသူရွာသားတို့ အခေါ်နည်းသည်။ ကာလနာဆရာကြီး၊ မြွေဆရာကြီး ဟုပင် အခေါ်များကြသည်။

ဆရာကြီးသည် မောင်ပွင့်အား ချော့မော့၍ -

"ငါ့သား မင်းစက်ဆုပ်ရွံရှာဖွယ်ကောင်းတဲ့ ဒုစရိုက်အမှုတွေကို မပြုလုပ်ပါနဲ့ကွာ၊ မင်းရဲ့ပင်တိုစိတ်က ရိုးဖြောင့်တယ်၊ ကတိသစ္စာ ရှိတယ်၊ ဒါကြောင့် ဆရာ မင်းကို ပညာတွေ သင်ပေးမယ်၊ စားသောက်ဖို့အတွက် စိတ်မပူနဲ့ အားလုံးဆရာတာဝန်ယူမယ်၊ ဒုစရိုက်အမှုကိုသာ ရှောင်ပါကွာ"

မောင်ပွင့်က ခေါင်းလေးငုံ့ပြီး -

"သား သောက်စားမူးရစ် တီးမှုတ်ပျော်ပါးနေတာ မကောင်းမှန်းတော့ သိပါတယ်၊ ဒါပေမဲ့ သား မနေ ၇တ်ဘဲ မနေနိုင် သေးဘူး အဘရာ"

"အင်း . . မင်းကလည်း တော်တော်ပြောရခက်သေးတာပဲ" ဟု ပြောရင်း ဆရာကြီးသက်ပြင်းတစ်ချက် ချလိုက်သည်။

တစ်နေ့နံနက်ခင်းတွင် "မြွေဆရာကြီး . . မြွေဆရာကြီး ကျွန်တော့်အစ်ကိုကြီးကို ကယ်ပါဦး" ဟုအော်ပြီး လူတစ်ယောက် အိမ်ရှေ့မှ ဝင်လာသည်။ ဆရာကြီးက -

"ဘာဖြစ်လို့လဲ၊ အကျိုးအကြောင်းလည်း ပြောပါဦးကွ" ဟု မေးလိုက်ရာ -

"ဒီလိုပါဆရာကြီး၊ ကျွန်တော့်အစ်ကိုကြီး ကျော်သန်းလယ်ထဲကအပြန် ပိုးထိ(မြွေကိုက်ခံရ) လို့ပါ"

"ကဲကဲ စိတ်သိပ်ပူမနေပါနဲ့၊ လူလေးမောင်ပွင့်ရေ ဒီတစ်နေ့တော့ မသောက်နဲ့ကွာ၊ အဘအမိဋ္ဌာန်ဝင်ထားလို့ အပြင်ထွက်လို့မဖြစ်ဘူး၊ အဘကို ကူဝါဦး၊ ဒီလူနဲ့ မင်းလိုက်သွား၊ အဘ မင်းကို ပညာခဏ အပ်ပေးလိုက်မယ်၊ မင်းလက်ပေးစမ်း"ဟု ပြောပြောဆိုဆို မောင်ပွင့်၏ ညာလက်ဝါးကို ဆရာကြီးက သူ၏ညာလက်ဝါးနှင့် သုံးချက်ရိုက်လိုက်သည်။

"ဟိုရောက်ရင် လူနာရဲ့ မြွေကိုက်ခံထားရတဲ့ ဒဏ်ရာကနေ မင်းလက်ဝါးနဲ့ အောက်အောက်ကို သပ်ချပေး၊ ပြီးရင် သောက်ရေတစ်ခွက် တောင်းပြီး မင်းညာလက်ညှိုးနဲ့မွှေပြီး လူနာကိုတိုက်၊ မသောက်နိုင်ရင် ပါးစပ်ထဲကို ရေအစက်ချပြီး တိုက်၊ အဘပြောတာတွေ မှတ်မိရဲ့လား"

"ဟုတ်ကဲ့ မှတ်မိပါတယ်"

"ကဲ ကဲ အချိန်မရှိဘူး၊ မြန်မြန်လိုက်သွားတော့"

မောင်ပွင့် ဆရာလာပင့်သူနောက်သို့ လိုက်သွားသည်။ မောင်ပွင့်တို့ ခပ်သုတ်သုတ်လေးသွားကြပြီး လူနာ၏အိမ်သို့ ရောက်လျှင် ဆရာကြီးကိုယ်စား မောင်ပွင့်လိုက်လာသဖြင့် အိမ်သူအိမ်သားတွေက မောင်ပွင့်ကို ပြူးတူးပြဲတဲကြည့်နေကြသည်။

မောင်ပွင့်ကတော့ သူ၏ထုံးစံအတိုင်း ဘယ်သူ့ကိုမှ ဂရုမစိုက် ခပ်တည်တည်ပင်။ မောင်ပွင့် လူနာကိုကျော်သန်းကို ကြည့်လိုက်တော့ သတိလစ်နေသည်ကို တွေ့ရသည်။

မောင်ပွင့်က ဆရာကြီးမှာလိုက်သည့်အတိုင်း မြွေကိုက်ခံထားရသည့် ခြေချင်းဝတ်နေရာမှ ခြေဖျားဘက်သို့ လက်ဝါးအုပ်ပြီး သပ်ချသည်။ အကြိမ်ကြိမ် သပ်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

မကြာခင် လူနာ သတိရလာပြီး ထထိုင်သည်။ မောင်ပွင့်က သောက်ရေ တစ်ခွက်တောင်းပြီး ညာလက်ညှိုးနှင့် ရေကို မွှေသည်။ ထို့နောက် -

"ကိုကျော်သန်း သတိရလာပြီလား၊ ကဲကဲ-ရေသောက်လိုက်ပါဦး" ဟုပြောကာ ရေတိုက်လိုက်သည်။

အိမ်သူအိမ်သားများနှင့် အိမ်နီးချင်းမှ လူများက မောင်ပွင့်ကို တအံ့တသြ ကြည့်နေကြပြန်သည်။

မောင်ပွင့်တစ်ယောက် အားလုံးကို နှုတ်ဆက်ပြီး အတွေးသစ်များ ရင်ဝယ်ပိုက်ကာ ခြေတစ်လှမ်းချင်း ဖြည်းဖြည်းလှမ်းရင်း အိမ်သို့ပြန်လာခဲ့လေသည်။ မြွေကိုက်ခံခဲ့ရသည့် ကိုကျော်သန်း နေကောင်းသွားပြီး ရက်ပိုင်းအတွင်း အလုပ်ပြန်ဆင်းနိုင်လာသည်။

မောင်ပွင့်တစ်ယောက် ကိုကျော်သန်း မြွေကိုက်ခံရသည်ကို ကုသပေးရသည့်နေ့မှစ၍ အရက်မသောက်တော့ဘဲ အိမ်တွင် ငြိမ်နေသည်။ တစ်နေ့ညနေစောင်း လှငြိမ်း မောင်ပွင့်အိမ်သို့ ရောက်လာပြီး-

"ဟေ့ကောင် သွားမယ်လေကွာ"

"ဘယ်ကိုသွားမှာလဲကွ"

"မင်းကလည်း မေးနေရသေးတယ်၊ ထုံးစံအတိုင်း သွားသောက်မယ်လေကွာ"

"ငါ အရက်ဖြတ်လိုက်ပြီကွ"

"ငါ့ကို ပုံပြောနေတာလား"

"ငါ မင်းကို ဘယ်တုန်းကများ ညာပြောခဲ့ဖူးလို့လဲ"

"အေး၊ တစ်ခါမှတော့ ညာမပြောခဲ့ဖူးဘူး၊ ဒါဆိုလည်း ငါ သာခုတစ်ခွန်းတော့ခေါ်ထားမယ် သာခုကွာ၊ မင်းမလိုက်ရင်လည်း ငါသွားပြီ မောင်ပွင့်ရေ" ဟုပြောဆိုပြီး လှငြိမ်း ပြန်သွားလေသည်။

တစ်နေ့နံနက်ခင်း မောင်ပွင့်နှင့် ရွာဦးဘုန်းတော်ကြီးကျောင်းသို့ ဆွမ်းသွားပို့ပေးပြီး အိမ်ပြန်လာနေသည့် မငွေယုံတို့ ရွာလမ်းတစ်ကွေ့တွင် ဆုံတွေ့ကြသည်။ မငွေယုံက ပြုံးပြရင်း -

"မောင်ပွင့် နင် အရက်မသောက်တော့ဘူးဆို" ဟု စကားစလိုက်သည်။

"ဘာလဲ နင်က ငါအရက်သောက်နေရင် ငါ့ကို မခင်တော့ဘူးပေါ့"

"အဲ့ဒီသဘောနဲ့မေးတာ မဟုတ်ရပါဘူး ဟယ်၊ နင် အရက်မသောက်တော့ဘူးကြားရလို့ ငါအရမ်းဝမ်းသာလို့ပါ။ နင်သောက်သောက် မသောက်သောက် နင့်ကိုငါ အမြဲခင်နေတဲ့ သူပါဟာ"

"အေးပါ၊ ငါအရက်ဖြတ်လိုက်ပြီ ဒါပေမဲ့ . . ."

"ဘာလဲဟဲ့ နင့် ဒါပေမဲ့ကြီးက"

"ဒီလိုပါဟာ၊ ငါ အရက်မသောက်တော့ပေမယ့် ရွာအလှူပွဲ ကထိန်ပွဲတွေမှာတော့ ငါအိုးစည် ဒိုးပတ်တွေတီးရင်း ဒီက ပန်းတောင်းကိုင်အလှလေး ငွေယုံကို ငေးကြည့်နေဦးမှာ"

"သွားပါ၊ ဟိုတုန်းကတော့ မူးရူးနေပြီး ခပ်တည်တည်ကြီးနဲ့ သိပ်မုန်းဖို့ကောင်းတာ"

"အခုတော့ ချစ်ဖို့ကောင်းတယ်ပေါ့"

"သွားပါ၊ အခုမှလာပြီး အကဲပိုပြမနေနဲ့"

"မသွားဘူး၊ ချစ်တယ်လို့ပြောမှ"

"သွားပါတော့ဟာ၊ ဟိုးမှာရွာကျောင်းပိုင်းက ဒေါ်ယဉ် မေကြီးတို့အဖွဲ့ လာနေကြပြီ"

"ဒါဆို ချစ်တယ်လို့ မြန်မြန်ပြောပေါ့"

"နင် သိပ်ဇွတ်ကျတာပဲဟာ၊ ကဲ ချစ်တယ် ချစ်တယ် ချစ်တယ် သွားပါတော့"

ငွေယုံ၏ ရှန်းလဲ့နေသည့်မျက်နှာ၊ သမင်မျက်လုံးလေး နှင့် ချစ်မျက်စောင်းလေးက မောင်ပွင့်၏ နှလုံးသားဆီသို့ တိုးဝင်သွားလေတော့သည်။ သူတို့နှစ်ဦး၏ မေတ္တာလှိုင်းများ တုန်ခါပြီး ရောယှက်လို့နေပေလိမ့်မည်။

မောင်ပွင့်သည် ဆရာကြီးထံမှ ပညာများကို တစ် တစ်စသင်ယူသည်။ ပညာများကို ကောင်းစွာသင်ယူလာ ခြောက်လခန့်ပင် ကြာခဲ့လေပြီ။ တစ်နေ့တွင် ဆရာကြီး

"သား လူလေး၊ အဘ အညာသွားဦးမယ်၊ ကောင်းနေပြီး ပညာတွေကို ကြိုးစားလေ့လာထား ကြားလာ

"ဟုတ်ကဲ့ အဘ၊ စိတ်ချပြီးသာသွားပါ"

ဆရာကြီးသည် သုံးလခန့်ကြာသောအခါ ပြန်ရော လာလေသည်။ ထိုကဲ့သို့ သွားလိုက် လာလိုက်၊ မောင်ပွင့် ပညာသင်လိုက်နှင့် အချိန်ကာလတို့သည် ကြာညောင်း ခဲ့သည်။

ဆရာကြီး ခရီးထွက်စဉ် မောင်ပွင့် ဆရာ့စကား များယွင်းချွတ်ချော်လျှင် ဆရာကြီးက အတပ်သိလေသည်

တစ်ခါတွင်-"သားလူလေး ဒီမှာ ငွေနှစ်ရာနဲ့ ငှက် သီးတစ်ဖီး သေတ္တာထဲထည့်ကွာ"

"ထည့်ပြီးပြီ အဘ"

ဆရာ ကြီးသည် သေတ္တာကို ပိတ်လိုက်သည်။





www.burmeseclassic.com

www.burmeseclassic.com

"သား သော့ယူထား၊ အဘ ခရီးသွားစရာရှိတယ်၊ ဒီသော့ကို ကောင်းကောင်းသိမ်းထား သေတ္တာကိုမဖွင့်နဲ့"ဟု မှာကြားပြီးနောက် ဆရာကြီး ခရီးထွက်သွားလေသည်။

ဆရာကြီးခရီးသွားနေစဉ် မောင်ပွင့်တွင် ငွေစရေးကြေးရေး ကျပ်တည်းမှုဖြစ်ပေါ်လာသည်။ စားရ သောက်ရ အဆင်မပြေဘဲ အသုံးအစွဲ ကျပ်တည်းခြင်းနှင့် တွေ့ကြုံလာသည်။ ထို့ကြောင့် မောင်ပွင့်သည် သေတ္တာထဲမှ ငွေကို ယူသုံးလိုစိတ်များ ဖြစ်ပေါ်လာသည်။

'သေတ္တာထဲကငွေကို ယူသုံးလိုက်မယ်ကွာ၊ မဖြစ်သေးပါဘူးလေ ဆရာ့စကားကို နားမထောင်းရာကျမယ်"ဟု မောင်ပွင့်စိတ်ဝယ် ချီတုံချတုံ ဖြစ်နေသည်။

သေတ္တာထဲမှငွေကို ယူမသုံးမိရန် မောင်ပွင့် စိတ်ကို အတော်ပင် တင်းထားရလေသည်။ စိတ်ကိုတင်းထားရင်းအပင် ငွေကိုယူသုံးလိုစိတ် သုံးခါဖြစ်ပေါ်လေသည်။ ဖြစ်ပေါ်တိုင်း ဖြစ်ပေါ်တိုင်း ဆရာကြီး၏အမှာစကားကို ကြားယောင်၍ သေတ္တာကို မဖွင့်မိတော့ပါ။

တစ်လခန့်ကြာသောအခါ ဆရာကြီးပြန်ရောက်လာသည်။

"သားလူလေး၊ မင်းမှာငွေသုံးပြတ်လို့ သေတ္တာထဲကငွေယူသုံးဖို့ သုံးခါကြံစည်ခဲ့တယ် မဟုတ်လား"

မောင်ပွင့်သည်- 'ငါ့စိတ်အကြံကို အဘက သိနေပါသား'ဟု တွေးမိရင်း တစ်ကိုယ်လုံး ကြက်သီးများ တဖြန်းဖြန်းထသွားသည်။

"ဟုတ်ပါတယ် အဘ"ဟု ဝန်ခံလိုက်သည်။

"ငါ့တပည့် အဆင်းအရဲ မခံနိုင်သေးဘူး၊ လောကဓံကို ရင်ဆိုင်နိုင်မှ အဲရာရာရာကို အောင်မြင်မှုရမှာ လူလေးရ"

ဆရာကြီးသည် မောင်ပွင့်အား မြည်တွန်တောက်တီး သုံးမပြီးလျှင် သေတ္တာကို ဖွင့်လိုက်သည်။ သေတ္တာထဲတွင် ဒင်္ဂါးပျောသီးမှာ မပုပ်မသိုးဘဲ ပကတိအတိုင်းရှိနေသည်။ ငွေများလည်း တိုးပွားနေသည်ကို တွေ့လိုက်ကြရသည်။

ဆရာကြီးဦးဇသည် မောင်ပွင့်အား ဆေးပညာ၊ မြေပညာ၊ အင်းပညာ၊ စမပညာ၊ လောကီပညာ အစရှိသော နက္ခတ်ဗိဇ္ဇာအစာတ်ပညာတို့ကို သင်ကြားပေးသည်။ မောင်ပွင့်သည် ပါရမီရှိသူ၊ ကြိုးစားသူဖြစ်သဖြင့် ဆရာကြီးသင်ကြားပေးသမျှ ပညာရပ်များကို ကောင်းစွာတတ်မြောက်လေသည်။ ဆရာကြီးသည် မောင်ပွင့်နှင့်အတူ နေလာခဲ့ရာ ခုနစ်နှစ်ခန့်ကြာသောအခါ အိမ်မှ အစပျောက်ထွက်ခွာသွားလေသည်။

ဆရာကြီးမရှိသည့်နောက် မောင်ပွင့်သည် ဆရာကြီး၏ သတင်းကို စုံစမ်း၍လိုက်လံရှာဖွေသည်။ ပျောက်သောသူ ရှာလျှင်တွေ့တတ်သော်လည်းပဲ ဆရာကြီးကိုကား မောင်ပွင့် ရှာမတွေ့ဖြစ်နေသည်။

ဆရာကြီး အိမ်မှထွက်ခွာသွားပြီး တစ်နှစ်ခန့်ကြာသောအခါ အသက်ခုနစ်ဆယ်ကျော်အရွယ်ရှိ ရသေ့ကြီး တစ်ပါး ကျုံမင့်ရွာသို့ ရောက်လာသည်။ ရသေ့ကြီးသည် ပေရေ ညစ်ပတ်နေသော သစ်ခေါက်ဆိုးသင်္ကန်းကို ဝတ်ရုံထားသည်။ ဦးခေါင်းထက်ရှိ ဒေါက်ချာကလည်း အရောင်မှိန်ပြီး ဟောင်းနွမ်းနေသည်။ လူအများက အရူးကြီးဟု သမုတ်ခေါ်ဝေါ်ခြင်းကို ခံရလောက်အောင်ပင် အကြည့်ရ ဆိုးနေသည်။ ရသေ့ကြီးသည် မောင်ပွင့်၏ အိမ်သို့ရောက်ချလာသည်။ မောင်ပွင့်ကို တွေ့လျှင် -

"ဆရာ့ရဲ့တပည့် မောင်ပွင့်ဆိုတာ မင်းလားကွ"ဟု မေးလေသည်။

"ဟုတ် . . . ဟုတ်ပါတယ် ဘရသေ့"

"မင်းရဲ့ဆရာ ဆရာကေ ငါနဲ့ရင်းချာတဲ့ မိတ်ဆွေကွ၊ ဆရာ့ရဲ့ တပည့်ဆိုတော့ မင်းဟာ ငါ့ရဲ့တပည့်လည်း ဖြစ်တယ်ကွ၊ ဒါကြောင့် ငါ မင်းအိမ်မှာနေမယ်"

"သားရဲ့ ဆရာကို ရှာမတွေ့တာနဲ့ အတော်ပဲ၊ ဆရာ အစားရတာပေါ့၊ ဘရသေ့ ဒီမှာ နေချင်သလောက် နေနိုင်ပါတယ်"ဟု မောင်ပွင့်က ပြန်ပြောလိုက်သည်။ ထိုအချိန်မှစ၍ ရသေ့ကြီးသည် မောင်ပွင့်၏ အိမ်မှာပင် သီတင်းသုံးနေထိုင်လေတော့သည်။

ရသေ့ကြီး၏နာမည်မှာ ဆရာပြူးဖြစ်သည်။ ရပ်သူရွာသားများက ရသေ့အရူးကြီးဟု ထင်မှတ်ကြလေသည်။ ဆရာကြီးသည် ရုံဖန်ရံခါ တောထဲသို့ လှည့်ပတ်သွားလာ၍ အဆိပ်ပြင်းထန်သော မြွေများကို ခါးပိုက်နှင့်ထည့်ပြီး ယူလာတတ်သည်။ တစ်နေ့ မောင်ပွင့် ထမင်းစားနေစဉ် ရသေ့ကြီးသည် တံတွေး၊ ချွဲများကို ထမင်းပန်းကန်၊ ဟင်းပန်းကန်တွေထဲသို့ ထွေးထည့်လိုက်သည်။ မောင်ပွင့်က -

"ဘရသေ့ ဘယ်လို လုပ်လိုက်တာလဲ" ဟု မေးလျှင် ရသေ့ကြီးက -

"အေး . . . မင်း စားချင်စား မစားချင်နေပေါ့ကွာ"ဟု ပြန်ပြောလိုက်သည်။

မောင်ပွင့်က ဖြစ်ချင်ရာဖြစ် လူပေလူတေ လုပ်လာသည့် စိတ်လေးကရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

ရသေ့ကြီးတံတွေး ထွေးထားသော ထမင်းဟင်းတို့ကို မရွံမရှာ ပြောင်အောင်စားပစ်လိုက်သည်။

တစ်နေ့တွင်လည်း မောင်ပွင့်ထမင်းစားနေစဉ် ရသေ့ကြီးသည်နှပ်များညှစ်ပြီး ထမင်းပန်းကန်၊ ဟင်းပန်းကန်ထဲသို့ ထည့်ပြန်သည်။ မောင်ပွင့် ဘာမှမပြောဘဲ ထမင်းဟင်းတို့ကို ကုန်အောင်ဆက်စားလိုက်သည်။ ရသေ့ကြီးသည် ထိုကဲ့သို့ ညစ်ပတ်သော အမူအရာများကို ပြုလုပ်တတ်လေသည်။

ရသေ့ကြီးသည် မောင်ပွင့်၏အိမ်တွင် သီတင်းသုံးလာရာ တစ်နှစ်ခန့်ပင် ကြာလာခဲ့လေပြီ။ တစ်နေ့တွင် ရသေ့ကြီးက-

"မောင်ပွင့် မင်းဟာဆရာရဲ့ သည်းညည်းကို အထူးခံနိုင်တဲ့ သတ္တိလည်းရှိတယ်၊ ဆရာ့ကိုလည်း ချစ်ကြောက်ရိုသေတယ်၊ မင်းဟာ တပည့်ကောင်းတစ်ယောက်ဖြစ်လို့ ဆရာ မင်းကို ယုံကြည်စိတ်ချတယ်" ဟု ပြောလိုက်ရာ -

"အဘရာ ဒါတွေ လာပြောမနေပါနဲ့ အဘကို သားယုံကြည်လေးစားချစ်ခင်ပြီးသားပါ"

"အကြောင်းရှိလို့ ပြောနေရတာ တပည့်ရဲ့၊ ဆရာ အညာရပ်ဌာန် ပုဂံမြို့သို့ သွားမယ်၊ မင်း မကြာခင်လိုက်ခဲ့ရမယ်"

ရသေ့ကြီးသည် မောင်ပွင့်အား မှာစရာရှိသည်များမှာထားပြီး နေအိမ်မှ ထွက်ခွာသွားလေသည်။

ရသေ့ကြီးထွက်ခွာသွားပြီးနောက် ရက်များမကြာမီ မောင်ပွင့်ပုဂံမြို့သို့ လိုက်သွားသည်။ ပုဂံမြို့သို့ရောက်လျှင် ဆရာရသေ့ကြီး ချိန်းဆိုထားသောနေရာသို့ သွားသည်။ မောင်ပွင့် ဟိုကြည့် သည်ကြည့်နှင့် ကြည့်နေစဉ် -

"လူလေး ဒီကိုလာ" ဟု ရသေ့ကြီးက မောင်ပွင့်ကို လက်ယပ်ခေါ်လိုက်သည်။

"လူလေး ဒီနေ့လာမှာသိလို့ ထွက်စောင့်နေတာ၊ တို့ ဒီကနေ ခရီးဆက်ရမယ်"

"ဘယ်ကိုသွားရမှာလဲ အဘ"

"ဒီပုဂံမြို့ တစ်ဖက်ကမ်း ခပ်ယွန်းယွန်းမှာရှိတဲ့ သစ်ထောင့်ရွာကို သွားရမှာ"

ဆရာတပည့်နှစ်ယောက် သစ်ထောင့်ရွာသို့ နေမဝင်ခင် အရောက်သွားကြသည်။ သစ်ထောင့်ရွာအနီးသို့ ရောက်လျှင် ဘုရားငါးဆူကို တွေ့လိုက်ရသည်။ ဘုရားငါးဆူသည် သပ္ပာယ်လှသည်။ ဘုရားတန်ဆောင်းထဲတွင် သစ်ရွက်ခြောက်များ ပြန့်ကျဲနေသည်။ ရသေ့ကြီးက -

"လူလေး မောင်ပွင့်ရေ အဘတို့ ဒီဘုရားမှာပဲ နေ[ကြ]မယ်"

မောင်ပွင့်က "ဟုတ်ကဲ့ အဘ" ဟု ပြောကာ ပါလာသော အထုပ်အပိုးတို့ကို ချထားလိုက်သည်။ ထို့နောက် ဘုရားတန်ဆောင်းအတွင်းရှိ သစ်ရွက်ခြောက်နှင့် အမှိုက်သရိုက်တို့ကို ရှင်းလင်းလှည်းကျင်းသည်။

ဘုရားငါးဆူအနီးတွင် စမ်းချောင်းလေး ရှိသည်။ တောအုပ် တောတန်းလေးမှ စီးဆင်းလာသော စမ်းချောင်းလေးဖြစ်သည်။ စိမ့်စမ်းရေတို့ ကြည်လင်အေးမြနေသည်။ စမ်းချောင်းလေးထဲတွင် ငါးကလေးများ ကူးခတ်ပျော်မြူးနေကြသည်။ စမ်းချောင်းလေးတစ်လျှောက်ရှိ ချုံပုတ်လေးများအနီးတွင် တောပန်းကလေးများ ပွင့်လန်းနေကြသည်။ လေအဝေ့တွင် တောပန်းရနံ့တို့က သင်းပျံ့နေသည်။ သစ်ထောင့်ရွာအနီး ဘုရားငါးဆူသည် သူတော်စင်တို့ တရားဘာဝနာအားထုတ်ရန်ကောင်းသော ချမ်းမြေ့သည့်နေရာဖြစ်သည်။

ဘရသေ့နှင့် မောင်ပွင့်သည် ဘုရားငါးဆူတွင် သီတင်း[သုံး]၍ သီလဆောက်တည်လျက် လောကီပညာများကို အားထုတ်လေ့လာကြသည်။ အဓိဋ္ဌာန်ဝင်ပြီး သီလဆောက်တည်[ကာ] သမထဘာဝနာပွားများကြသည်။ လောကီပညာများကို အား[ထုတ်]လေ့လာခဲ့ကြရာ အဓိဋ္ဌာန်ရက် စေ့မြောက်လာ[ခဲ့]သည်။ တစ်နေ့နံနက် -

"လူလေးမောင်ပွင့် အဘမှာ အရေးအကြီးဆုံး အ[ချိန်]ကို ရောက်လာပြီ"

"ဘာတွေများ အရေးကြီးလာလို့လဲ အဘရ"

"ဒီလို လူလေးရဲ့၊ ဇာတိကြောင့် လူ့ဘဝခန္ဓာ[ကို] ရလာတယ်၊ ဇာတိဆိုတာ ခန္ဓာဖြစ်မှုပေါ့၊ ဇာတိရှိလာ[တော့] ဇရာလည်း ရှိလာတယ်၊ ဇရာဆိုတာ ရင့်ရော်အိုမင်း[မှုကို] ပြောတာ၊ ဇရာနောက်က မရဏလိုက်လာတယ်၊ မရ[ဏ] ဆိုတာ ပျက်မှုပဲ၊ တစ်နည်းပြောရရင်တော့ သေခြင်းတ[ရား] ပေါ့ကွာ၊ လူတိုင်း ဇာတိ၊ ဇရာ၊ မရဏ တရားတွေ[က] ပြေးလို့ မလွတ်နိုင်ကြဘူး၊ နိဗ္ဗာန်မရမချင်း သံသရာ လည်[နေ] ကြရတာ"

"အဲ့ဒါနဲ့ အဘအရေးကြီးတာနဲ့ ဘာဆိုင်လို့လဲ အဘ"

"ဆိုင်ပါသကော မောင်ပွင့်ရာ၊ အခု အဘ[က] အိုမင်းလို့ မရဏပျက်မှုက နီးကပ်လာပြီ၊ ဒီတော့အဘ[ရဲ့] ခန္ဓာဟောင်းကို မချစ်ခင် မတွယ်တာတော့ဘဲ ခန္ဓာ[ပြောင်း] လုပ်မယ်၊ အဘရဲ့ ရုပ်အဟောင်းကို နုတ်[ပြီး]...



www.burmeseclassic.com

ww.burmeseclassic.com

ဆတ်တန်ခိုးနဲ့ အမှတ်တစ်မျိုး မသွင်မယွင်းရအောင် သေခြင်းတို့ခေါ်တဲ့ သမုတိမရဏခေတ်နဲ့ အဘရဲ့ခန္ဓာကို အစအတ်မှတ် လူလေး၊ အဘပြောတာတွေ သေသေချာချာ မှတ်ထားနော်"

"ဟုတ်ကဲ့ ပြောပါအဘ၊ သားတစ်သဝေမတိမ်း မှတ်သားလိုက်နာပါ့မယ်"

"အေး . . ငါ့ သားကို အဘစိတ်ချပါတယ်"ဟုပြောပြီး ရသေ့ကြီးက မောင်ပွင့်ကို ဆက်လက်မှာကြားပြန်လေသည်။

"အဘရဲ့ ရုပ်ကလာပ်ကို လုံခြုံတဲ့သေတ္တာထဲမှာ ဆေးသုံးလုံးနဲ့ အတူထည့်ပြီး လုံအောင်ပိတ်ထားရမယ်၊ ပြီးရင် တောတန်းထဲကို သယ်သွားပြီး မြေမှာထားရမယ်၊ သေတ္တာကို အဆင်ပြေမယ့်နေရာမှာ သေချာထားပြီး လူလေး က တစ်လကြာအောင် စောင့်ပေးရမယ်၊ ငါ့ကိုပစ်ပြီး ဘယ်မှ သွားပါနဲ့၊ သွားရင် အဘ ခန္ဓာပြတ်ပြီး သေလိမ့်မယ်၊

အဘအပေါ် မေတ္တာ ကရုဏာထားပြီး ဆရာလို တစ်သွင်၊ ဖခင်လို တစ်သွယ်၊ မိခင်လိုတစ်ဝ အမြတ်တနိုး ထားပြီး စောင့်ရှောက်ရစ်ပါ၊ အဘရဲ့အသက်ကို လူလေးရဲ့ လက်ထဲမှာ အပ်ခဲ့ပါတယ်၊ အဖျက်တွေကများမယ် လူလေး၊ သွားကလိုက်လို့ ဆင်မိုက်က ထိုးမယ့်ဟန်တွေ တွေ့လာရင် လည်း လူလေး မပြေးလေနဲ့၊ ပျိုကညာလေးတွေ ကမ္ဗဇိဒ္ဓိနဲ့ စိတ်ရှိတိုင်း လူလေးကို ပေါင်းမယ်လို့ ဦးခေါင်းကျော့သပ်ပြီး ပြောလာရင်လည်း မပါလိုက်နဲ့ မာယာတန်ခိုးအမျိုးမျိုး နှုတ်လာကြလိမ့်မယ်၊ အဖျက်မရှောင် ယောင်တောင်တောင် ဆထင်မှားပြီး ငါ့သား အပြစ်ပြုမိရင်တော့ အဘသေဆုံးရ လိမ့်မယ်။

တစ်လမစေ့ခင်လည်း သေတ္တာကို မဖွင့်လေနဲ့၊ ဖွင့်ရင် အဘမုချခန္ဓာပြတ်ပြီး မထူနိုင်ဘဲ မခိုင်ညှိုးနွမ်း အသေဆန်းနဲ့ သေလိမ့်မယ်၊ အဘအပေါ် မေတ္တာထားပြီး ဖခင်ရင်းလို သနားပါမှ အဘ သုခချမ်းသာရလိမ့်မယ်၊ သားရဲ့ကျေးဇူး ဂုဏ်ထူးကို ရွှင်မြူးသာယာ အဘ ဆပ်မှာပါ၊ ဆရာနဲ့ အဘသင်ပြထားတဲ့ ပညာတွေကို ကြိုးစားအားထုတ်ပြီး အဘလို ပေါက်မြောက်အောင်လုပ်ပါ၊ အဘ နောက်ကို ထိုက်ခဲ့ပါ၊ အရိမေတ္တယျဘုရားရှင် ကုံကော်ပလ္လင်ထက်မှာ ပွင့်လာတဲ့အခါ သားနဲ့အဘ အတူတကွ ဖူးမြော် ကြည်ညို ကြမယ်"

"စိတ်ချပါ အဘ၊ သား အသက်နဲ့လဲပြီး အဘကို အကွယ်စောင့်ရှောက်သွားပါ့မယ်"

"သာဓု . . သာဓု . . သာဓုပါကွယ် သားတပည့် မောင်ပွင့်ရယ်"

ရသေ့ကြီးသည် တပည့်မောင်ပွင့်ကို ပြောဆိုမှာထား သင်ကြားဆုံးမပြီး မကြာမီ တစ်စုံတစ်ခုသော ရောဂါဝေဒနာ မကပ်ရောက်ဘဲ အိပ်ပျော်သကဲ့သို့ ဖြစ်သွားပြီး ထွက်လေ ဝင်လေ ချုပ်လေသည်။ သစ်တောင့်ရွာမှ လူများသည် -

"ဟော့- ဘုရားငါးဆူက ရသေ့ကြီး ပျံတော်မူသွားပြီ၊ သေသွားပြီ မင်းတို့သိကြရဲ့လား"ဟု တစ်ယောက်တစ်ပေါက် ပြောကာ တစ်ရွာလုံး အုတ်အုတ်ကျက်ကျက်ဖြစ်ကုန်သည်။

ရသေ့ကြီး သေပြီဟူသော ကောလာဟလဖြစ်ပြီး နောက် မကြာမီ မောင်ပွင့်သည် ခိုင်ခံ့သော အခေါင်းပုံ သဏ္ဌာန်တစ်လုံး အမြန်ပြုလုပ်သည်။ ပြီးလျှင် ဆရာရသေ့ ကြီး၏ ရုပ်အလောင်းကို သေတ္တာထဲသို့ထည့်သည်။ ဆေးလုံး သုံးလုံးကိုပါ လက်ကိုင်ပဝါနှင့်ထုပ်ပြီး ဦးခေါင်းဘက်တွင် ထည့်လိုက်သည်။ သေတ္တာကို လုံအောင်သေချာပိတ်လိုက် သည်။ ထို့နောက် မောင်ပွင့်သည် သေတ္တာကို သစ်တောင့်ရွာ နှင့် အတော်အလှမ်းဝေးသော တောတန်းတစ်ခုသို့ သယ် ဆောင်သွားသည်။ မောင်ပွင့် တောတန်းအတွင်းပိုင်းသို့ ရောက်လျှင် စမ်းချောင်းလေးနှင့် စိမ့်စမ်းရေအိုင်တစ်အိုင်ကို တွေ့လိုက်ရသည်။ စမ်းချောင်းအနီးတွင်ရှိသော တောင်ပို့ နှစ်ခုအကြား မြေညီနေရာလေးကို တွေ့လိုက်လျှင် "အင်း - သေတ္တာ ဒီနေရာမှာထားရင် ကောင်းမယ်" ဟု တွေးပြီး သေတ္တာကို နေရာတကျ ထားလိုက်သည်။ ပြီးလျှင် မောင်ပွင့် စမ်းချောင်းထဲတွင် လက်ဆေး၊ မျက်နှာသစ်ပြီး စမ်းရေကို တဝသောက်လိုက်သည်။ စမ်းရေအိုင်ဘက်မှ လေပြည် လေညင်းလေး ဝေ့တိုက်လာသဖြင့် မောင်ပွင့်ရင်ထဲအေးမြပြီး အမောပြေသွားသည်။

တောတန်းလေးအတွင်း သစ်ရိပ် ဝါးရိပ်များကြောင့် နေမဝင်မီပင် ရီမှောင်ပျိုးလာသည်။ မောင်ပွင့်တစ်ယောက် ဆရာ့အနားမှ မခွာဘဲ စောင့်ရှောက်နေလေသည်။ တဖြည်း ဖြည်း ညဦးနက်သန်းခေါင်အချိန် ရောက်လာသည်။ လက မသာ ကြယ်ရောင်လေးများသာ မှုန်ဝါးဝါးလင်းနေသည်။ ညဦး ငှက်များအော်သံ၊ ချေဟောက်သံတို့ကို ကြားနေရသည်။ ရုတ်တရက် သစ်ပင်၊ ဝါးပင်တို့၏ထိပ်ဘက် ကောင်းကင်တွင် လေပြင်းများတိုက်ခတ်ပြီး ဝေါ ဝေါ ဝေါ အသံများ တော ထန်းတစ်ခုလုံး မြည်ဟိန်းသွားသည်။ သစ်ပင်၊ ဝါးပင်တို့ အောက်ခြေတွင်ကား လေငြိမ်လျက်ရှိနေသည်။ မောင်ပွင့်၏





www.burmeseclassic.com

www.burmeseclassic.com

စိတ်တွင် 'တောခြောက်တာ ဖြစ်မယ်' ဟု တွေးရင်း ဆရာ့ရုပ်အလောင်းရှိရာ သေတ္တာဘေးတွင် သတိကြီးစွာဖြင့် စောင့်ကြပ်နေသည်။ နာရီဝက်ခန့်အကြာတွင် မြည်ဟည်းသံများ ပျောက်ကွယ်သွားသည်။

တစ်နေ့ညနေခင်း ကျားကြီးတစ်ကောင် စမ်းချောင်းတွင် ရေလာသောက်သည်။ ကျားကြီး၏ ကိုယ်လုံးတွင် ရွှေဝါရောင်အမွေးအစင်းကြောင်းများ ပေါ်လွင်ပြီး လှပလွန်းသည်။ ကျားကြီး ရေသောက်အပြီးတွင် မောင်ပွင့်ထံသို့ စိုက်ကြည့်နေသည်။ မောင်ပွင့်နှင့် အကြည့်ချင်းဆုံသွားသည်။ မောင်ပွင့်က အနီးရှိ ဝါးရင်းတုတ်ဖြင့် ဝါးလုံးခြောက်တစ်လုံးပေါ်ကို ဆက်တိုက်ရိုက်လိုက်ရာ ဒုတ် ဒုတ် ဒုတ် အသံများ ညံသွားသည်။ ကျားကြီး ထိတ်လန့်ပြီး နောက်ကျွမ်းပစ်၍ တောအုပ်အတွင်းသို့ ထွက်ပြေးသွားလေသည်။

မောင်ပွင့် ဆရာ့အနားမှ မခွာဘဲ စောင့်ရှောက်လာရာတွင် စားမှုသောက်မှုအတွက် မပူရပါ။ မောင်ပွင့် ထမင်းစားခါနီးတိုင်း အငွေ့တထောင်းထောင်းထွက်နေသော ထမင်းဟင်းတို့သည် ထမင်းအုပ်၌ နေ့စဉ်ရှိနှင့်နေလေသည်။ တစ်နေ့ မောင်ပွင့် ထမင်းစားနေစဉ် မလှမ်းမကမ်းတွင် ပေါင်လုံးခန့်ရှိသော စပါးကြီးမြွေတစ်ကောင် ပါးပျဉ်းထောင်ပြီး မောင်ပွင့်ကိုကြည့်နေသည်။ မောင်ပွင့်က -

"ယှော့ကောင် ငါ့ကို လာညို့မနေနဲ့ ငါမန္တန်ရွတ်ပြီး ချုပ်ထားလိုက်ရင် မင်းမလှုပ်နိုင်ဘဲနေမယ် သွားသွား" ဟု ပြောရင်း အနီးရှိ လက်သုတ်ပဝါကို လုံးထွေး၍ မြွေကြီးထံသို့ ပစ်ပေါက်လိုက်သည်။ မြွေကြီး လျှာတစ်လစ်လုပ်ကာ ဝါးရုံတောဆီသို့ လျှောခနဲ ပြေးထွက်သွားလေ့သည်။

မောင်ပွင့်တစ်ယောက် ဆရာ့အလောင်းကို သက်စွန့်ကြိုးပမ်းစောင့်ရှောက်လာရာ နှစ်ပတ်ပင်ကျော်လာခဲ့လေပြီ။ တစ်နေ့ညဦးသန်းခေါင်းယံအချိန်တွင် မောင်ပွင့်မှေးခနဲ အိပ်ပျော်သွားသည်။ ဆင်အော်သံများကြောင့် မောင်ပွင့်လန့်နိုးပြီးကြည့်လိုက်ရာ စမ်းရေအိုင်ထဲတွင် တောဆင်ရိုင်းတစ်အုပ်ကို တွေ့လိုက်ရသည်။ လရောင်အောက်တွင် ဆင်ရိုင်းများ ရေသောက်ကာ ပျော်မြူးအော်ဟစ်နေကြသည်။ မောင်ပွင့် ရင်တလှပ်လှပ်ခုန်ကာ ဆင်အုပ်ကို မမှိတ်မသုန် စောင့်ကြည့်နေသည်။ မကြာခင် တောဆင်ရိုင်းတွေ စမ်းချောင်းနံဘေးအတိုင်း တောအုပ်ဆီသို့ ထွက်ခွာသွားကြသည်။ ထိုအခါမှပင် မောင်ပွင့် သက်ပြင်းချပြီး အသက်ဝအောင် ရှူနိုင်ပါတော့သည်။

တစ်နေ့ နေဝင်ရီတရောအချိန် လေမတိုက်ဘဲ သစ်ပင်ထိပ်ဖျားများ လှုပ်ယမ်းကာ တဝုန်းဝုန်းမြည်ပြီး ကျောက်စရစ်ခဲများ မောင်ပွင့်၏ အနီးတစ်ဝိုက်သို့ ကျလာသည်။ မောင်ပွင့်က လေးခွနှင့်လောက်စာလုံးကိုယူကာ "မင်းတို့တွေ မေတ္တာပို့လို့မှ မရကြတာ၊ ကဲကွာ ကဲကွာ" ဟု ပါးစပ်ကပြောရင်း လေးခွနှင့် ဦးတည့်ရာ လျှောက်ပစ်ထည့်လိုက်သည်။ ထိုအခါမှပင် ဝုန်းဝုန်းမြည်သံများ တိတ်ပြီး ကျောက်စရစ်ခဲများ အကျရပ်သွားသည်။

တစ်နေ့ နေ့လယ်ခင်း မောင်ပွင့် စမ်းချောင်းထဲတွင် ရေဆင်းချိုးနေစဉ် တောဝက်ကြီးတစ်ကောင် စမ်းရေအိုင်တွင် ရေလာသောက်သည်။ တောဝက်ကြီးကို မောင်ပွင့်မြင်လိုက်ရသဖြင့် စမ်းချောင်းအစပ် ချုံအကွယ်တွင် ခေါင်းလေးဖော်ကာ ငြိမ်ပြီး ကြည့်နေလိုက်သည်။ တောဝက်ကြီးသည် နှာခေါင်းကို မိုးပေါ်သို့မော့ပြီး ရှုးရှုးရှဲရှဲလုပ်ကာ အနံ့ခံနေသည်။ ခဏအကြာတွင် တောဝက်ကြီး တစ်ကျိုးတည်း ဝါးရုံတောဆီသို့ ပြေးထွက်သွားသည်။ ထိုအခါမှပင် မောင်ပွင့် အေးအေးဆေးဆေး ရေချိုးနိုင်တော့သည်။

တစ်ည ညဥ့်ဦးယံကာလလေးတွင် ငှက်ဆိုး တစ်ကောင် ဂစ် ဂစ် ဂစ် နှင့် အော်မြည်ပြီး မောင်ပွင့်၏နံဘေး ဖြတ်ပျံသွားသည်။ လေအဝေ့တွင် ညစဉ်ရနေကျ တောပန်းရနံ့တို့အစား အပုပ်အနံ့အသက်ဆိုးကို မောင်ပွင့် ခံစားလိုက်ရသည်။ ထူးခြားနေသဖြင့် မောင်ပွင့် သတိထားပြီး ပတ်ဝန်းကျင်ကို စောင့်ကြည့်နေစဉ် ဟီး ဟီး ဟီး ဟား ဟား ဟား ချောက်ချားဖွယ်ရာ အသံများနှင့်အတူ လူရိပ်မည်းမည်းများကို လရောင်အောက်တွင် မသဲမကွဲတွေ့နေရသည်။ ထိုအခါ မောင်ပွင့်က ဗုဒ္ဓဂုဏ်တော်ကွန်ချာကို အသံထွက်ရွတ်ပြီး ပုတီးထိုင်စိပ်နေလိုက်သည်။ မကြာမီ အနံ့ဆိုးများ၊ အသံဆိုးများ၊ အရိပ်မည်းများ ပျောက်ကွယ်သွားသည်။

မောင်ပွင့် ဆရာ့အလောင်းကို စောင့်ရှောက်လာရာ တစ်လပြည့်ရန် တစ်ရက်သာလိုတော့သည်။ ထိုနေ့ နေဝင်ရီတရော အချိန်ကတည်းက လေပြည်လေညင်းလေးတွေ တိုက်ခတ်နေသည်။ လေအဝေ့တွင် စိမ်းရွှေရွှေမွှေးရနံ့တို့ မောင်ပွင့်၏ အနီးတွင် မွှေးပျံ့နေသည်။ မောင်ပွင့် မွှေးရနံ့တို့ ရှူရှိုက်မိပြီး စိတ်တွေ လန်းဆန်းလာသည်။ အားအင်တွေ ပြည့်ဝလာသလို ခံစားလာရသည်။ နေဝင်မိုးချုပ်ပြီး မကြာမီ သစ်ရွက် ဝါးရွက်တို့အကြားမှာ ငွေလရောင်တွေ ဖြာထွက်လာသည်။ မွှေးရနံ့တို့ကလည်း ပိုပြီးသင်းပျံ့လာသည်။





www.burmeseclassic.com

ww.burmeseclassic.com

လရောင်အောက်တွင် မိန်းကလေးနှစ်ယောက် စမ်းချောင်းကလေးကိုဖြတ်ပြီး မောင်ပွင့်ထံသို့ လျှောက်လှမ်းလာနေသည်။ တစ်ယောက်က အသားဖြူပြီး မျက်နှာဝိုင်းသည်၊ ဖြူချောလေးဖြစ်သည်။ နောက်တစ်ယောက်က အသားညိုပြီး ချက်နှာသွယ်လျသည်၊ ညိုချောလေးဖြစ်သည်။ နှစ်ယောက်လုံး ကိုယ်ဟန်အနေအထားပြည့်ဖြိုးပြီး အချိုးကျနလှသည်။ ရွှေဝါရောင် ချိတ်ထဘီဆင်တူကို ရင်ရှားဝတ်ထားကြသည်။ စိမ်းနုရောင် ပဝါပါးကို ခြုံရုံထားကြသည်။ ရွှေရင်အစုံ မို့မို့မောက်မောက်တို့က စိမ်းနုရောင်ပဝါပါးအောက်တွင် ပေါ်လွင်နေသည်။ မောင်ပွင့် မှင်တက်မိကာ မိန်းကလေးနှစ်ယောက်ကို ပြူးတူးကြောင်တောင် ကြည့်နေသည်။ မိန်းကလေးနှစ်ယောက် မောင်ပွင့်၏ အနားသို့ကပ်လာပြီး ဖြူချောမိန်းကလေးက-

"မောင်လေး ဒီမှာတစ်ယောက်တည်း ငုတ်တုတ်တုတ်နဲ့ ပျင်းစရာကြီး၊ လာ အစ်မတို့နဲ့ လိုက်ခဲ့ပါလား၊ ပျော်ကြရအောင်လေ"ဟု အသံချွဲလေးနှင့်ပြောလာသည်။

ညိုချောလေးက "လာလေ၊ ခဏလေးဖြစ်ဖြစ် လိုက်ခဲ့ပါလား မောင်လေးရယ်"ဟု ပြောရင်း ညို့မျက်လုံးလေးနှင့် မောင်ပွင့်၏မျက်စိကို စိုက်ကြည့်နေသည်။

မောင်ပွင့် ရင်တွေ တဒုတ်ဒုတ်ခုန်လာသည်။ အချစ်ဇောစိတ်တွေ တက်ကြွလာပြီး ယောင်တိယောင်ချာ ရီဝေဝေဖြစ်လာသည်။ ထိုစဉ် ဘရသေ့ ပြောခဲ့သည့် 'မိန်းကညာလေးတွေ ကမ္ဘဇိဒ္ဓိနဲ့ စိတ်ရှိတိုင်း လူလေးကို ပေါင်းမယ်လို့ ဦးခေါင်းတျောသပ်ပြီး ပြောလာရင်လည်း မပါလိုက်နဲ့ မာယာတန်ခိုးအမျိုးမျိုးဖျက်လာကြလိမ့်မယ်၊ အဖျက်မရှောင် ယောင်တောင်ဇတောင် အထင်မှားပြီး ငါ့သား အပြစ်ပြုမိရင်တော့ အဘ သေဆုံးလိမ့်မယ်" ဆိုသည့် စကားသံများကို ကြားယောင်လာသည်။ တစ်ဆက်တည်း ရွာမှ ပန်းတောင်ကိုင်ငွေယုံ၏ မျက်နှာလှလှလေးကိုလည်း ပြေးမြင်လိုက်သည်။ မောင်ပွင့်သတိရကာ အသိဝင်လာပြီး "သွားကြ သွားကြ ဗိတ္တာမတွေ ငါ့ကိုလာပြီး မနှောင့်ယှက်ကြနဲ့ ပုတီးနဲ့ရိုက်ပစ်မယ်" ဟု အော်ပြောရင်း ပုတီးကိုင်ပြီး တအားလွှဲရိုက်ရန် ရွယ်လိုက်ရာ မိန်းကလေး နှစ်ယောက် စမ်းချောင်းဘက်သို့ ထွက်ပြေး ပျောက်ကွယ်သွားလေသည်။

မောင်ပွင့် ဆရာ့အလောင်းကို စောင့်ရှောက်လာရာတွင် အနှောင့်အယှက် အမျိုးမျိုးတို့နှင့် ကြုံတွေ့ရသည်။ မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယ၊ သတ္တိတို့ဖြင့် ဆရာရသေ့အပေါ် ဖခင်ရင်းကဲ့သို့ စိတ်ထားပြီး စောင့်ရှောက်သည်။ ဆရာရသေ့ မှာထားခဲ့သည့်အတိုင်း တစ်လပြည့်မြောက်ပြီး တစ်ရက်အလွန်တွင် မောင်ပွင့် သေတ္တာကိုဖွင့်လိုက်သည်။

"ဟာ- ဆရာ မရှိတော့ဘူး"ဟုပြောရင်း မောင်ပွင့် အံ့ဩသွားသည်။ သေတ္တာထဲတွင် ဆရာရသေ့၏ ခန္ဓာကိုယ်နှင့် ဆရာ့ဆေးလုံးများကို မတွေ့တော့ပါ။ ဆေးလုံးသုံးလုံးကို ထုပ်ပြီး ထည့်လိုက်သော လက်ကိုင်ပဝါကိုသာ တွေ့လိုက်ရသည်။ မောင်ပွင့် ဆရာ၏ရုပ်အလောင်းကို မတွေ့ရသဖြင့် ရင်ထဲဟာပြီး ဝမ်းနည်းသလို ခံစားလိုက်ရသည်။ တစ်ဖန် ဆရာရသေ့ ထွက်ရပ်ပေါက်အောင်မြင်သွားပြီ ဟူသော အသိဖြင့် မောင်ပွင့်ရင်ထဲတွင် အတိုင်းမသိ ဝမ်းသာပီတိဖြစ်ရပြန်လေသည်။

တစ်ဖန် ဆေးထုပ်သည့် လက်ကိုင်ပဝါလေးကို ကြည့်ပြီး တစ်ယောက်တည်း အားငယ်စိတ်တွေ ဝင်လာပြန်သည်။ ထမင်းအုပ်ကိုဖွင့်ကြည့်ရာ ထမင်းက မရှိပါ။ ခါတိုင်းလို ထမင်းအုပ်ထဲ ထမင်းအလိုလို ရောက်မလာ။ ဝမ်းဗိုက်က တကြုတ်ကြုတ် အော်မြည်လာ၊ ထမင်းကဆာ၊ စိတ်ဓာတ်ကျလာကာ မျက်ရည်များ ပါးပြင်နှစ်ဖက်ပေါ်သို့ တသွင်သွင်စီးကျလာသည်။ ထိုစဉ် နောက်ကျောဘက်မှ "သားလူလေး မောင်ပွင့်" ခေါ်သံကြားသဖြင့် လှည့်ကြည့်လိုက်ရာ ဘိုးတော်ပြူးကို တွေ့လိုက်ရသည်။ မောင်ပွင့်မှာ ဝမ်းသာလွန်းပြီး ဘိုးတော်ပြူး၏ခြေအစုံကို ဖက်တွယ်ထားလေသည်။

"သား အဘရဲ့ကိစ္စတွေ အားလုံးအောင်မြင်ပြီးမြောက်သွားပြီ၊ သားလည်း အဘလို အောင်မြင်ပြီး အဘနဲ့ တစ်ခါတည်း လိုက်ချင်ရင် အခေါင်းထဲ အခုပဲဝင်တော့"

"အဘရယ် အခုလောလောဆယ်တော့ အဘနောက် မလိုက်နိုင်သေးပါဘူး၊ အိမ်ကိုပဲ ပြန်ပါရစေ"

"သား သဘောပါ၊ ကောင်းပါပြီ၊ ဒါဆိုရင် သား ပါးစပ်ဟ" ဟုပြောရင်း ပါးစပ်ဟသည်နှင့် ဆေးသုံးလုံး ပစ်ကျွေးလိုက်သည်။

"သားမှာ အကြောင်းကြီးငယ်ရှိရင် အဘကိုတလိုက်ပါ အဘ လာခဲ့မယ်၊ ကဲကဲ- သားမျက်စိမှိတ်ပြီး ဘုရားကို အာရုံပြုလိုက်"

မောင်ပွင့် မျက်စိစုံမှိတ်ကာ ဘုရားကို အာရုံပြုနေလိုက်သည်။ မောင်ပွင့် အိပ်ငိုက်သလိုလို အိပ်ပျော်သလိုလို ဖြစ်သွားပြီးနောက် သတိရလာသည့်အခါမှာတော့ ပုဂံမြို့က သစ်ထောင့်ရွာ တောထဲမှာမဟုတ်ဘဲ မယ်ဆယ်ဆိပ်ရွာသို့





www.burmeseclassic.com

www.burmeseclassic.com

ရောက်နေကြောင်း သိလိုက်ရသည်။ မောင်ပွင့်တစ်ယောက် အံ့ဩနေမိရင်း အိမ်ပြန်လမ်းသို့ လျှောက်လှမ်းလာခဲ့သည်။

မောင်ပွင့်တစ်ယောက် အိမ်ပြန်ရောက်လာခဲ့သော်လည်း ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ယောင်ချာချာဖြစ်နေသည်။ တစ်နေ့တခြား စားဝတ်နေရေးအဆင်မပြေဖြစ်နေသဖြင့် စိတ်ဆင်းရဲ စိတ်ညစ်နေသည်။

'သားမှာ အကြောင်းကြီးငယ်ရှိရင် အဘကို တလိုက်ပါ' ဆိုသည့် ဘိုးတော်ပြူး၏ အမှာစကားကို ပြန်လည် ကြားယောင်လာသဖြင့် တမ်းတပြောပြကြည့်လိုက်သည်။ တမ်းတစဉ် တစ်ခဏချင်းမှာပင် ဘိုးတော်ပြူး ဘွားခနဲပေါ်လာသည်။

"သားလူလေး စားဝတ်နေရေး ဘာမှပူမနေနဲ့တော့ သူကြီးသမီး ပိုးထိလို့ သေဆုံးတာ သုံးရက်ရှိသွားပြီ၊ မနက်ဖြန်ဆိုရင် သင်္ဂြိုဟ်ကြတော့မယ်၊ အဲဒါ လူလေးအချိန်မီသွားပြီး သူကြီးသမီးကို သွားကုပါ"

"အဘကလည်း သူကြီးသမီးက သေနေပြီဆို၊ သွားကုလို့ ဖြစ်ပါ့မလား"

"မသေသေးပါဘူးကွ၊ မြွေဆိပ်တက်ပြီး မေ့မြောနေလို့ လူတွေက သေပြီလို့ ထင်နေကြတာ၊ ဆေးကုခတော့ ငွေစင်သုံးရာကလွဲပြီး ဘာပစ္စည်းမှမယူနဲ့" ဟု ပြောပြီး ကုသပုံကုသနည်းများကို သင်ကြားပေးသွားသည်။ တစ်ခဏချင်း ဘိုးတော်ပြူး ကိုယ်ယောင်ပျောက်ကွယ်သွားတော့သည်။

မောင်ပွင့် အသုဘအိမ်ပေါ်သို့ ခပ်တည်တည်တက်သွားသည်။ အိမ်ရှိလူတွေ ဝိုင်းကြည့်နေကြသည်။ သူကြီးကိုတွေ့လျှင် "သူကြီးသမီးက မသေသေးပါဘူး၊ မြွေဆိပ်တက်ပြီးမေ့မြောနေတာပါ၊ ကျွန်တော်ရှင်အောင် ကုသပေးနိုင်ပါတယ်၊ ကုပေးခွင့်ပြုပါ" သူကြီးက မျက်လုံးကြီးပြူးပြီး မောင်ပွင့်ကို စိမ်းစိမ်းကြည့်ရင်း -

"ဟုတ်လားမောင်ရင် ကုခွင့်ပေးပါတယ် ကုပါ ကုပါ"

မောင်ပွင့်က အခေါင်းထဲက အလောင်းကို အပြင်ထုတ်ခိုင်းပြီး အဘဆရာ သင်ပေးလိုက်သည့်အတိုင်း ကုသပေးသည်။ မကြာခင် မြွေဆိပ်များကျသွားပြီး အလောင်းမှာ သတိဝင်လာကာ ထထိုင်လာသည်။ တစ်ဆက်တည်း "ရေပေးပါ ရေပေးပါ" ဟု ပြောလာသည်။ လူကောင်းပကတိဖြစ်သွားသည်။ သူကြီး၏ မိသားစုနှင့် ရွာသူရွာသားများက မောင်ပွင့်ကို ချီးကျူးကာ ကောင်းချီးစကားပြောကြသည်။

"ဆရာပွင့်က ပိုးထိလို့သေပြီး သင်္ဂြိုဟ်တော့မယ့်သူကိုတောင် ပြန်ရှင်အောင် ကုပေးတယ်ဟေ့" ဟု သတင်းစကားတွေ အုတ်အော်သောင်းတင်း ဆင့်ကာဆင့်ကာ ရွာနီးစပ်များသို့ ပျံ့နှံ့သွားလေသည်။ မောင်ပွင့်တစ်ယောက် တစ်မုဟုတ်ချင်း မြွေဆရာကြီး ဆရာပွင့်ဟု နာမည်ကျော်ကြားသွားလေတော့သည်။

မောင်ပွင့်သည် ဘိုးတော်ဇ၊ ဘိုးတော်ပြူးတို့၏ နည်းနာနိဿယအတိုင်း 'ဣစ္ဆာသယမဟိဒ္ဓိစေဂိုဏ်း' အမည်ဖြင့် ပယောဂအမျိုးမျိုး၊ မြွေဆိပ်အမျိုးမျိုးတို့ကို ကုသသည်။ တပည့်များကို ပညာသင်ပေးသည်။ အဘဆရာများ သင်ကြားပြသပေးခဲ့သည့်အတိုင်း ကျင့်ကြံကြိုးကုတ် အားထုတ်လာခဲ့သည်။ ဆရာကြီးဘွဲ့ဆွတ်ခူးပြီးနောက် ကျုံမင့်၊ မယ်ဆယ်ဆိပ်ရွာမှ ရန်ကုန်မြို့၊ ကြည့်မြင်တိုင် ဗားကရာပွဲစားကုန်းသို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ ဂိုဏ်းတော်ကြီး၏လုပ်ငန်းများကို ကြိုးစားအားထုတ်လုပ်ကိုင်လာခဲ့ရင်း ဆရာပွင့်မှ ဣစ္ဆာသယမဟိဒ္ဓိစေဂိုဏ်းတော်ကြီး၏ ဂိုဏ်းချုပ်ကြီး ဘိုးတော်ပွင့် ဖြစ်လာခဲ့သည်။ ဂိုဏ်းကိစ္စများအပြင် သာသနာရေးဆိုင်ရာကိစ္စများကိုလည်း တစ်ဖက်တစ်လမ်းက ကူညီလုပ်ကိုင်သည်။ သာသနာ (၂၅၀၀) ပြည့် ဆဋ္ဌသင်္ဂါယနာတင်ပွဲတော်တွင် သမဏေတော်ကြီးတစ်ဦးအဖြစ် ပါဝင် တာဝန်ထမ်းဆောင်ခဲ့သေးသည်။

ဘိုးတော်ပွင့်က အဘဆရာများဖြစ်ကြသည့် ဘိုးတော်ဇ၊ ဘိုးတော်ပြူးနှစ်ပါးကို တအလိုက်လျှင် ကန်တော့ပွဲပေါ်မှ စကားပြောခြင်း၊ ဆေးဝါး၊ လက်ဖွဲ့၊ အင်းစမ စသည်တို့ကို ကန်တော့ပွဲတွင် ထည့်ထားခြင်းတို့ဖြင့် အကူအညီရနေသည်။ ရံဖန်ရံခါ ဘိုးတော်ဇနှင့် ဘိုးတော်ပြူးတို့ ကိုယ်တိုင်ကြွရောက်ပြီး အကူအညီပေးသည်လည်း ရှိသည်။

ဘိုးတော်ပွင့်အသက် (၈၂)နှစ်၊ သာသနာတော်နှစ် (၂၅၀၀)ပြည့်၊ တော်ဇာသက္ကရာဇ် ၁၃၁၈ ခု၊ ၆ ရက်၊ စနေနေ့ (၂၈-၇-၁၉၅၆)တွင် ဂိုဏ်းချုပ်တည်ရာ ဗားကရာ ပွဲစားတန်းတွင် သေဆုံးသည်။ ဘိုးတော်ပွင့်မသေခင် တပည့်များကို "ငါသေရင် ခုနစ်ရက်ထား၊ ရက်စေ့ရင် အခေါင်းကို အလုံပိတ်ပြီး သော့ခတ်ထား"ဟု မှာကြားခဲ့သည်။

တပည့်များလည်း ခုနစ်ရက်စေ့သည်နှင့် ဘိုးတော်ပွင့်ရုပ်တလာပ်ကို ပထမဦးစွာ သွပ်ပြားအခေါင်း၊ ဒုတိယ ကျွန်းသားအခေါင်း၊ တတိယ ကွတ္တီပါအခေါင်း၊ အခေါင်းသုံးထပ် သွတ်သွင်းပြီး သော့လေးချောင်းခတ်ထားကြသည်။ "ထော မြိုင်ခြေလျှမ်း ရဂိုသာဗွေ၊ ငါ့ကိုပို့စမ်း"ဟု ဘိုးတော်ပွင့် ဆို ကျ တဘောင်အတိုင်း ရုပ်အလောင်းကို ဂေလာသတော





www.burmeseclassic.com

www.burmeseclassic.com

သယ်ပို့ကြသည်။ ကေလာသတောင်ဆရာတော် ဦးဝါယမနှင့် ဦးရသေ့ ခေါ် ဦးသာသနာတို့ ဦးစီး၍ ဘိုးတော်ပွင့် ရုပ်အလောင်းကို ဘိုးတော်ပွင့်၏ နေအိမ်မှ ၁၃၁၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၂ ရက်၊ စနေနေ့တွင် စတင်သယ်ဆောင်ခဲ့ကြသည်။ တပည့်အပေါင်းခြံရံ၍ ရွှေတိဂုံစေတီတော်မြတ်ကြီးကို လှည့်လည် ဖူးမြော်ပြီးနောက် ကွမ်းခြံဘူတာကြီးသို့ သယ်ယူလာခဲ့ကြသည်။

တနင်္ဂနွေနေ့နံနက် ၅ နာရီ ၁၀ မိနစ်တွင် နိုင်ငံတော်အစိုးရက ကူညီသော အထူးရထားတွဲဖြင့် မော်လမြိုင်ရထားပေါ်သို့ တင်ဆောင်သယ်ယူခဲ့ကြသည်။ စစ်တောင်းတံတားကြီး ပျက်စီးနေသဖြင့် စစ်တောင်းမြစ်ကမ်းခြေမှ စီဘီသင်္ဘောဖြင့် တစ်ဖက်ကမ်းသို့ သယ်ဆောင်ရပြန်လေသည်။ တစ်ဖက်ကမ်းအရောက်တွင် ရထားတွဲပေါ်သို့ ပြန်တင်ကာ သယ်ဆောင်ခဲ့ကြသည်။ ကျိုက်ထိုဘူတာတွင် ဦးသန်းထွန်း၊ ဆရာလှ၊ ဆရာမွေးနှင့်တပည့်အပေါင်းတို့က အတီးအမှုတ်အကအခုန်တို့ဖြင့် လာရောက်ကြိုဆိုကြပြီး ရုပ်အလောင်းသယ်ဆောင်ရာသို့ လိုက်ပါခဲ့ကြသည်။ မီးရထားကြီး တဒုန်းဒုန်းခုတ်မောင်းလာခဲ့ရာ တောင်စွန်းဘူတာသို့ရောက်လျှင် ဘိုးတော်ပွင့်၏ ရုပ်အလောင်းသေတ္တာကို ရထားပေါ်မှ အောက်သို့ သယ်ချကြသည်။ ဆရာတော် ဦးဝါယမက -

"ရန်ကုန်က လိုက်ပို့ကြတဲ့ တပည့်အပေါင်းတို့ ဒီတောင်စွန်းမြို့လေးမှာပဲ တည်းခိုညအိပ်ပြီး နေရစ်ကြတော့၊ ရုပ်အလောင်းသေတ္တာကို ငါ့တပည့်တွေနဲ့ တောကြား တောင်ကြားအထပ်ထပ် တောလမ်းအတိုင်း ခြေကျင်လျှောက် သယ်ဆောင်ပြီး ကေလာသတောင်မှာ ထားမယ်" ဟု မိန့်ကြားညွှန်ကြားပေးလေသည်။

ဆရာတော် ဦးဝါယမတို့အဖွဲ့ အလောင်းသေတ္တာသယ်ဆောင်ရာ တောလမ်းတစ်လျှောက်တွင် သစ်ပင်၊ ဝါးပင်ကြီးများ၊ ချုံနွယ်များ စိမ်းစိုလန်းဆန်းပြီး တောသဘာဝအလှကို ဖော်ကျူးနေသည်။ ဥဒေါင်းနှင့်ကျေးငှက်အပေါင်း၏ အော်မြည်သံတို့က နှလုံးသားထိစိမ့်ဝင်ပြီး လွမ်းမောစရာပင်။ လေအဝေ့တွင် တောပန်းရနံ့တို့က သင်းပျံ့လို့နေသည်။ တစ်တောင်တက်၊ တစ်တောင်ဆင်း၊ တစ်လျှိုဝင်၊ တစ်လျှိုထွက်နှင့် ခရီးကြမ်းကို လှမ်းနေကြရသော်လည်း မောပန်းသည် ထင်ကြ စိတ်အားတက်ကြွပြီး ရွှင်လန်းလျက်ပင်ရှိနေကြသည်။ လမ်းကြောင်းပိတ်နေသဖြင့် ချုံနွယ်တွေကို ခုတ်ထွင်ရှင်းလင်းပြီးသွားရသည်လည်းရှိ၏။ ပင်ပန်းသမျှ လျှိုမြောင်ငှတောင်ကျရေရှိရာ စမ်းချောင်းလေးသို့ရောက်လျှင် စမ်းရေကြည်ကြည်အေးအေးလေးကို သောက်ကာ အမောပြေသွားကြရပြန်လေသည်။

ကေလာသတောင်ပေါ် မြေညီကွက်လပ်လေး၊ ဘေးဘက်တွင် တောင်ကုန်း၊ တစ်ဖက်တွင် ငှတောင်ကမ်းပါးယံ၊ တစ်ဖက်တွင် စမ်းချောင်းငယ်လေးရှိသည့်နေရာ တွေ့သဖြင့် ရုပ်အလောင်းထားရန် တိုင်ပင်ကြပြီး ဘိုးတော်ပွင့်၏ ရုပ်အလောင်းသေတ္တာ ထားကြလေသည်။ ဆရာတော် ဦးဝါယမနှင့် ဦးရသေ့ခေါ် ဦးသာသနာတို့သည် နေ့မအိပ်ညမအိပ် ဝမ်းမြောက်ပျော်ရွှင်စွာ စောင့်ရှောက်လာခဲ့သည်။ အလောင်းနှင့်အတူ စောင့်လာခဲ့ရာ တော်သလင်းလပြည့်ကျော် (၁၁) ရက်အထိ ရက်ပေါင်း ၄၅ ရက်သို့ ရောက်ရှိလာခဲ့လေသည်။

(၄၉)ရက်မြောက်နေ့တွင် ရုပ်အလောင်းသေတ္တာကို ဖွင့်ကြည့်ကြစို့ဟု တိုင်ပင်နေကြစဉ် ဂိုဏ်းတော်ဝင် နာမည်ကြီး ဆရာကြီးများဖြစ်ကြသော အထောင်ရွာမှ ဆရာနီ၊ မလိုင်မှ ဆရာစိန် အစရှိသော ဆရာကြီးတို့ ရောက်ရှိလာကြသည်။ ဆရာတော် ဦးဝါယမက- "ဒကာတို့ ဒီကိုဘယ်လိုလုပ်ပြီး ရောက်လာကြတာလဲ"

"ဘိုးတော်ပွင့်ကိုယ်တိုင် ဒီကိုလာဖို့ခေါ်လို့ လိုက်လာခဲ့ကြတာပါဘုရား"ဟု ဆရာများက လျှောက်တင်ကြသည်။

တော်သလင်းလကွယ် (၁၅)ရက်နေ့တွင် ဘိုးတော်ပွင့်၏ ရုပ်အလောင်းသေတ္တာကို ဖွင့်ကြည့်ကြသည်။ ဘိုးတော်ပွင့် ရုပ်ကလာပ်ကို မတွေ့ကြရတော့ဘဲ အပိုထည့်ပေးထားသော လုံချည်တစ်ထည်ကိုသာ အံ့ဩစွာ မြင်တွေ့လိုက်ကြရလေသည်။ ဘိုးတော်ပွင့် ထွက်ရပ်စခန်းအောင်မြင်ပြီး မဟာဂန္ဓာရီ ထွက်ရပ်ပေါက်ဝိဇ္ဇာ ဖြစ်သွားသဖြင့် ဆရာတော် ဦးဝါယမနှင့် တပည့်အပေါင်းတို့၏ ရင်ထဲတွင်အတိုင်းမသိ ဝမ်းသာပီတိ ဖြစ်နေကြပါတော့သည်။

ဘိုးတော်ပွင့် တည်ထားခဲ့သော ဣန္ဒာသယမဟိဒ္ဓိစေ ဂိုဏ်းတော်ကြီးကို ဘိုးတော်ပွင့်၏ဇနီးဖြစ်သူ ဒေါ်ငွေယုံနှင့် ဆရာကြီးဦးမြတ်စံ၊ ဆရာကတော် အမေကြည်တို့က ဆက်လက် ထိန်းသိမ်းလာခဲ့ပါတော့သည်။

[ဝန်ခံချက်။ ။ ဆရာကြီးဦးလှထွန်း၏ ဂန္ဓာရီဝိဇ္ဇာ လမ်းစာအုပ်နှင့် ဣန္ဒာသယဆရာ ဦးကိုလေး၏ ဥပဒေလက်စွဲစာအုပ်တို့မှ ဘိုးတော်ပွင့်အကြောင်းကို ခံစားရေးဖွဲ့ထားပါသည်။]

**အောင်ကြည်သန်း(မောင်တော်သိ)**

❑



www.burmeseclassic.com

www.burmeseclassic.com

**ကိုမောင်စံသိန်း [မိုးလ်ချုပ်ရွာ]**

# သက်သေမဲ့မှုဒိမ်း လူသတ်မှု



'တရားဥပဒေစိုးမိုးရေး၊ တရားဥပဒေစိုးမိုးရေး'နဲ့ အသံကျယ်လောင်စွာ အော်ဟစ်နေကြပါတယ်။ တရားဥပဒေစိုးမိုးမှ လူမှုဆက်ဆံရေးနယ်ပယ်မှာ မတရားမှုတွေ ပပျောက်ပြီး တရားမျှတမှု၊ တန်းတူညီမျှမှု စိတ်အေးချမ်းသာစွာ နေထိုင်မှု၊ လုံခြုံစိတ်ချစွာ သွားလာလုပ်ကိုင်နိုင်မှု တစ်ဦးကိုတစ်ဦး စိတ်ကြည်ဖြင်အောင်ပြုမှုတွေ ချုပ်ငြိမ်းကုန်မှာ ဖြစ်ပါတယ်။

ဒီတော့ တရားဥပဒေ စိုးမိုးအောင် ဆောင်ရွက်တဲ့နေရာမှာ အဓိကတာဝန်ရှိတာကတော့ ပြည်သူ့ရဲ့ ဥပဒေအကြံပေးအဖွဲ့နဲ့ တရားစီရင်ရေးအဖွဲ့တွေ စသည်ဖြင့်လက်ညှိုးညွှန်ကြမှာပါ။ ဒါပေမဲ့ ဒီလောက်နဲ့တင် မပြည့်စုံနိုင်ပါဘူး။ သက်ဆိုင်ရာ ဆေးပညာရှင်တွေ၊ ဓာတုဗေဒပညာရှင်တွေ၊ ရှေ့နေရှေ့ရပ်တွေ၊ ပြည်သူတွေပါ မိမိကျရာတာဝန်ကို ပူးပေါင်းပါဝင် ဆောင်ရွက်ကြမှသာ တရားဥပဒေ ရှင်သန်ဖွံ့ဖြိုးလာမှာပါ။

တရားစွဲဖို့ အရေးယူဆောင်ရွက်တဲ့ အဖွဲ့အစည်းတွေကလည်း ခိုင်ခိုင်မာမာ အမှုတည်ဆောက်ဖို့လိုအပ်သလို သက်ဆိုင်ရာ အဖွဲ့အစည်းတွေကလည်း အမှန်တရားပေါ်ပေါက်အောင် ဝိုင်းဝန်း ကြရမှာ ဖြစ်ပါတယ်။ တရားဥပဒေနဲ့ အညီ ဆောင်ရွက်ကြရင်း အမှန်တရား ဟာ ပေါ်ပေါက်လာမှာဖြစ်ပါတယ်။

ဒီအမှုကို ကြည့်လေ။

ငဝုတောမြို့နယ်၊ ဘုန်းတော်ပြည့်ရွာဟောင်းနေ ဦးဇော် ဇော်က (၁၇. ၄. ၂၀၁၂) နေ့ (၂၂:၃၀) အချိန် တွင် သမီးမချစ်ဖူးမေ ပျောက်ဆုံးနေသဖြင့် လိုက်လံရှာဖွေကြရာ ဘုန်းတော်ပြည့်ရွာဟောင်း ရှိ ဦးတင်ရွှေဖိုင် ပုစွန်ကန်ဝင် လယ်ကာမ်းစပ်ရှိ ဈိုက်တော သမဲ့ပင် များအောက်တွင် မချစ်ဖူးမေဟာ မှောက်ခုံလဲကျနေပြီး ဦးခေါင်းမှာ ရွှံ့ ထဲ နစ်မြုပ်သေဆုံးနေသည်။ အပေါ် သစ်ကိုင်းခြောက်များအုပ်ထားသည် တွေ့ရှိရသဖြင့် ဦးဇော်ဇော်က တိုင်ချ ရေးဖွင့် တိုင်ကြားရာက ပေါ်ပေါ လာတဲ့အမှု ဖြစ်ပါတယ်။

၁၇. ၄. ၂၀၁၂ နေ့ ညနေ နာရီမှာ မချစ်ဖူးမေဟာ တရားခံတင် ရဲ့ဇနီး ဒေါ်မရွှတ်နဲ့ ဒေါ်စန်းအေး ပုစွန်သားဖောက်ထိုးနေတဲ့ ပင်လ ကမ်းစပ်မှာ မောင်ချစ်ပို၊ မအိအိတုံ့တို့ အတူ ဆော့ကစားနေရာက ဒေါ်မ ထံသွားပြီး စကားပြောနေခဲ့ပါတ တရားခံတင်ရွှေ ပြန်သွားရာနောက်



လပြည့်ဝန်းမဂ္ဂဇင်း (စာ တင်ဘာလ၊ ၂၀

www.burmeseclassic.com

www.burmeseclassic.com

မချစ်ဖူးမေ ပြေးလိုက်သွားရာကနေပြီး ပျောက်ဆုံးသွားခဲ့တာ ဖြစ်ပါတယ်။

လိုက်လံရှာဖွေကြရာ ည ၁၁ နာရီခန့်မှာ တင်ရွှေ ထမင်းချက်တဲ့ တဲအနီးမှာ မချစ်ဖူးမေ မှောက်လျက် သေဆုံးနေတာ တွေ့ခဲ့ရပါတယ်။

သေသူ မချစ်ဖူးမေအလောင်းကို ရင်ခွဲစစ်ဆေးသူ ဒေါက်တာအောင်ကျော်မြင့်က -

'သေသူသည် ပြင်းထန်သော အင်အားအသုံးပြု၍ တုံးသောအရာဝတ္ထုဖြင့် လည်ပင်းကို ဖိကြိတ်မိပြီး လည်ဆစ်ရိုးကျိုး၍လည်းကောင်း၊ အသက်ရှူလမ်းကြောင်းပိတ်ဆို့၍လည်းကောင်း သေဆုံးရခြင်းဖြစ်ကြောင်း ရင်ခွဲစစ်ဆေးမှု မှတ်တမ်းအရ အစစ်ခံထားပါတယ်။

သေဆုံးသူ မချစ်ဖူးမေဟာ သူ၏ ပြုလုပ်မှုကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း တိုက်ရိုက်မျက်မြင်သက်သေခံချက် မရှိပါဘူး။ ဒါပေမဲ့ တရားခံတင်ရွှေကိုယ်တိုင် အမှုနဲ့ စပ်လျဉ်းပြီး ငပုတောမြို့နယ် တရားရုံးမှာ ဖြောင့်ချက်ပေးခဲ့ပါတယ်။

ဒါပေမဲ့ တရားခံက ရုံးမှာ သက်သေအဖြစ် ထွက်ဆိုရာမှာ ရဲက ရိုက်နှက်သဖြင့် ဖြောင့်ချက်ပေးခဲ့ရခြင်း ဖြစ်ကြောင်း၊ ဖြောင့်ချက်ပေးရန် တရားရုံးသို့ နှစ်ကြိမ်သွားရောက်ခဲ့ရကြောင်း၊ ပထမအကြိမ်တွင် ဖြောင့်ချက်မပေး၍ ရဲက ထပ်မံရိုက်နှက်ခဲ့ကြောင်း ထွက်ဆိုပါတယ်။

ဒါပေမဲ့ တရားရုံးကို နှစ်ကြိမ်သွားခဲ့ရကြောင်းနှင့် ဖြောင့်ချက်ယူတဲ့ ငပုတောမြို့နယ် တရားသူကြီး ဦးကျော်မြင့်နဲ့ အမှုစစ် ရဲအုပ်သန်းနိုင်တို့ကို ခုခံချေပသူဘက်က ပြန်လှန်မေးမြန်းထားခြင်း မရှိပါဘူး။ ဒုရဲအုပ်သန်းနိုင်ကလည်း ဖြောင့်ချက်ယူရန် တရားရုံးကို နှစ်ကြိမ်သွားခဲ့ရကြောင်း ထွက်ဆိုထားခြင်းမရှိပါဘူး။ ရဲအုပ်သန်းနိုင်က တရားခံကို ဖြောင့်ချက်ပေးရန်အတွက် နှိပ်စက်ညှဉ်းပန်းခြင်းမရှိကြောင်း ထွက်ဆိုထားပါတယ်။

ဖြောင့်ချက်တွင် ဖြောင့်ချက်မရယူမီ တရားခံကို ပဏာမမေးခွန်းများ မေးမြန်းထားပါတယ်။ ဖြောင့်ချက်ပေးရန် ခြိမ်းခြောက်ခြင်း၊ ရိုက်နှက်ခြင်းမရှိကြောင်း တရားခံက ပြောပြခဲ့ကြောင်း တရားခံရဲ့ကိုယ်ပေါ်မှာ မည်သည့်ဒဏ်ရာမျှ မရှိကြောင်း မှတ်တမ်းတင်ထားတာကိုလည်း တွေ့ရပါတယ်။ ဖြောင့်ချက် ရေးမှတ်ယူစဉ် ဖြောင့်ချက်ပေးလိုသောဆန္ဒ မရှိကြောင်း၊ ရဲက အတင်းအဓမ္မ စေခိုင်း၍ ဖြောင့်ချက်ပေးခဲ့ရသည်ဆိုခြင်းနှင့်စပ်လျဉ်း၍ တရားသူကြီးထံ တင်ပြခဲ့ခြင်းမရှိကြောင်း တရားခံက ဝန်ခံထွက်ဆိုထားပါတယ်။

ဒီနေရာမှာ တရားခံဘက်က အမှုလိုက်ပါဆောင်ရွက်တဲ့ ရှေ့နေက တရားခံတင်ရွှေပြစ်မှုကျူးလွန်ကြောင်း မျက်မြင်သက်သေမရှိကြောင်း၊ တရားခံသည် ဖြောင့်ချက်ပေးခဲ့သော်လည်း ရဲများကနှိပ်စက်၍ ပေးခဲ့ရခြင်းဖြစ်ကြောင်း၊ ဆရာဝန်၏ ထွက်ချက်အရ တရားခံ၏တန်ဆာတွင် ပွန်းပဲ့ဒဏ်ရာ မတွေ့ရကြောင်း၊ လတ်တလော ကာမစပ်ယှက်ထားခြင်း ရှိ မရှိ ထင်မြင်ချက် မပေးနိုင်ကြောင်း၊ တရားခံသည် အိမ်ထောင်သည်တစ်ဦးဖြစ်ကြောင်း၊ တရားခံအပ်ပေးထားသော ပုဆိုးတွင် သုတ်ရည်တွေ့ရှိခြင်းသည် ဖြောင့်ချက်ကို ထောက်ခံသော အထောက်အထား မဟုတ်ကြောင်း တရားခံဘက်ကအပြင်းအထန် ခုခံချေပခဲ့ပါသည်။

ဟုတ်တယ်လေ။ တရားခံတစ်ယောက်ဟာ ဥပဒေအရ ခုခံကာကွယ်ပိုင်ခွင့် အပြည့်အဝ ရရှိမှာဖြစ်ပါတယ်။ အပြည့်အဝခုခံချေပခွင့်မပေးဘဲ အပြစ်ပေးခဲ့ရင် မျှတတဲ့ တရားစီရင်ရေးဖြစ်မှာ မဟုတ်ပါဘူး။ တစ်ဖက်သတ်အာဏာရှင် တရားစီရင်ရေးသာ ဖြစ်မှာပါ။

ဒီတော့ တရားခံဘက်ကလိုက်ပါဆောင်ရွက်တဲ့ တရားခံအကျိုးဆောင်တွေဘက်က ဥပဒေအချက်အလက်အရ ကာကွယ်တာဟာလည်း သူရထိုက်တဲ့ အခွင့်အရေးအရ ဥပဒေကိုမှန်ကန်အောင် ထုဆစ်နေတဲ့ သဘောပါ။

ပြည့်ထောင်စု ရှေ့နေချုပ်ရုံး၊ လက်ထောက် ညွှန်ကြားရေးမှူးက တရားခံအနေဖြင့် ဖြောင့်ချက်ကို ပြန်လည် ရုပ်သိမ်းခြင်း မရှိသေးကြောင်း၊ လွတ်လပ်သော သဘောဆန္ဒဖြင့် ပေးခဲ့သောဖြောင့်ချက်ဖြစ်ကြောင်း၊ မှတ်တမ်းဓာတ်ပုံ (၂၆)ပုံကို သက်သေခံအဖြစ် တင်ပြထားရာ သက်သေခံဓာတ်ပုံတွင် မချစ်ဖူးမေ၏ ဦးခေါင်း ရွှံ့ထဲနစ်ရန် ခြေထောက်ဖြင့် ဖိနင်းနေပုံကို ပြသထားပြီး သေသူ၏ဦးခေါင်း ရွှံ့ထဲနစ်ဝင်နေသည်ကို တွေ့ရှိရကြောင်း၊ သေသူသည် အသက်ရှူလမ်းကြောင်းတွင် ရွှံ့များပိတ်ဆို့၍လည်းကောင်း၊ လည်ဆစ်ရိုးကျိုး၍လည်းကောင်း သေဆုံးရခြင်းဖြစ်ကြောင်း ဒေါက်တာအောင်ကျော်မင်း၏ ထင်မြင်ချက်ပေး ထွက်ဆိုချက်နှင့် ကိုက်ညီနေကြောင်း စသည်ဖြင့် တရားခံသည် ပြစ်မှုကျူးလွန်ကြောင်း အထောက်အထားနဲ့ တင်ပြခဲ့ပါတယ်။

ဒါဟာလည်း အစိုးရရှေ့နေတစ်ယောက်အနေနဲ့ သူ့တာဝန်ကို သူကျေပွန်စွာ ထမ်းဆောင်သွားတာ ဖြစ်ပါတယ်။





www.burmeseclassic.com

www.burmeseclassic.com

ဒီအမှုမှာ တရားခံကိုဖမ်းဆီးပြီး နောက် သရုပ်ပြစေပြီး ရိုက်ကူးထားတဲ့ ဓာတ်ပုံ ၂၆ ပုံကို သက်သေခံအဖြစ် လက်ခံထားတာနဲ့ပတ်သက်ပြီး အဆင့်မြင့် တရားရုံးက အောက်ပါအတိုင်း သုံးသပ်ထားပါတယ်။

'အမှုတွဲတွင် တရားခံက မချစ်ဖူးမေအား လှမ်းရိုက်ပုံ၊ မချစ်ဖူးမေအား ချုံထဲ ခေါ်သွားပုံ၊ သားမယားပြုကျင့်ပုံ၊ မချစ်ဖူးမေအား မချို့ သမဲ့ပင်ရင်း ထိုးချထားပုံ၊ မချစ်ဖူးမေ၏ ဦးခေါင်းအား ရွှံ့ထဲနစ်ရန် ခြေထောက်ဖြင့်ဖိနင်းနေပုံ၊ မချစ်ဖူးမေ အလောင်းအား သမဲ့ကိုင်း ခြောက်များဖြင့် ဖုံးအုပ်နေပုံများကို တရားခံအား သရုပ်ဆောင်စေပြီး ရိုက်ကူးထားသည့်ဓာတ်ပုံများကို သက်သေခံအမှတ် (တ-၁၁)မှ (တ-၁၉)ထိ သက်သေခံအဖြစ် တင်သွင်းထားပြီး တရားရုံးက လက်ခံထားကြောင်း တွေ့ရသည်။

သက်သေခံ ဥပဒေပုဒ်မ ၂၆ တွင် ရဲအရာရှိထံ ချုပ်နှောင်ခံရသူ တစ်ဦးတစ်ယောက်၏ ဖြောင့်ချက်သည် ရာဇဝတ်တရားသူကြီး ရှေ့မှောက်တွင် ပေးသည့်ဖြောင့်ချက်မဟုတ်လျှင် သက်သေခံမဝင်ကြောင်း ပြဋ္ဌာန်းထားသည်။ တရားခံရဲအချုပ်အတွင်းရှိနေစဉ် ပြစ်မှုကျူးလွန်ပုံကို သရုပ်ပြစေပြီး ရိုက်ကူးထားသည့်ဓာတ်ပုံများသည် ရဲအချုပ်တွင် ရှိစဉ် ၎င်းပြစ်မှုကျူးလွန်ပုံကို ဖြောင့်ချက်ပေးရာရောက်သဖြင့် ယင်းဓာတ်ပုံများကို သက်သေခံတင်ပြခြင်းသည် သက်သေခံဥပဒေပုဒ်မ-၂၆ပါ ပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်လျက်ရှိသည်။

သက်သေခံဥပဒေအရ သက်သေခံ မဝင်သည့် တစ်နည်းအားဖြင့် တရားရုံးက သက်သေခံအဖြစ် လက်ခံစဉ်းစားခြင်းမပြုနိုင်သော ယင်းသရုပ်ပြဓာတ်ပုံများကို အမှုတွင် သက်သေခံ အဖြစ် လက်ခံရန် အကြောင်းမရှိပေ။ သက်သေခံမဝင်သည့် အဆိုပါဓာတ်ပုံများကို သက်သေခံအဖြစ် လက်ခံခြင်းဖြင့် အမှုကိုဆုံးဖြတ်ရာတွင် တရားလမ်းကြောင်း တိမ်းစောင်းစေနိုင်ကြောင်းမှာ ယုံမှားဖွယ်ရာ မရှိပေ။

အမှုစစ်ရဲအုပ်သန်းနိုင်၏ ထွက်ချက်အရ 'တရားခံအား ဖမ်းဆီးပြီးနောက် သရုပ်ပြစေပြီး ရိုက်ကူးထားသည့် ဓာတ်ပုံများဖြစ်ကြောင်း ပေါ်ပေါက်သဖြင့် အဆိုပါဓာတ်ပုံများသည် အမှုတွဲတွင် တွဲရန်မလိုသည့် ရဲစက္ကူရပ်တွင် အကျုံးဝင်သည်။' ဟု အထက်တရားရုံးက အမှုတွင် မှန်သည်၊ မှားသည်၊ ဥပဒေနှင့်ညီညွတ်မှု ရှိသည်၊ မရှိသည်ကို ဥပဒေအရ တိမ်းစောင်းမှုမရှိအောင် လမ်းညွှန်ဆုံးဖြတ်ခဲ့သည်။

တရားစွဲ အဖွဲ့အစည်းဖြစ်သည့် ပြည်သူ့ရဲတပ်ဖွဲ့များ၊ ဥပဒေဝန်ထမ်းများ၊ တရားသူကြီးများပါ မှတ်သားလိုက်နာဖွယ်ရာ ဖြစ်ပါတယ်။ ဤသို့ တရားစွဲပုံများယွင်းမှု မလိုအပ်သော သက်သေခံ အထောက်အထားများ ဥပဒေနှင့်မညီ တင်ပြမှုကြောင့် အမှတ်တရားကို စိစစ်ဖော်ထုတ်သည့် တရားဥပဒေ လမ်းကြောင်းတိမ်းစောင်းနိုင်ပါတယ်။ အမှုမှန် မပေါ်ပေါက်ဘဲလည်း ဖြစ်နိုင်ပါတယ်။

အမှုတွင်ပါဝင်သူများ၊ ပြည်သူ့သက်သေများကလည်း အမှန်တရားပေါ်ပေါက်ရေးအတွက် မိမိတို့ မြင်သိသမျှကို အမှန်အတိုင်း ထွက်ဆိုတင်ပြပေးရန် လိုပါတယ်။ သို့မှသာ အများအသံကုန် အော်ဟစ်တောင်းဆိုနေကြသည့် တရားဥပဒေစိုးမိုးရေး' သည် ပေါ်ပေါက်လာမှာ ဖြစ်ပါတယ်။

မချစ်ဖူးမေ၏ ဆေးစာသက်သေခံ အမှတ် (န-၂)အရ ဒေါက်တာအောင်ကျော်မြင့် (လိုပြ-၁၈)၏ ထွက်ဆိုချက်များသည် တရားခံ၏ ဖြောင့်ချက်ကို ထောက်ခံသည့် သက်သေခံချက်များ ဖြစ်သည်။ တရားခံက မချစ်ဖူးမေ သေဆုံးပြီးနောက် မချစ်ဖူးမေ၏အလောင်းကို ချုံပုတ်ထဲထားခဲ့ပြီး အလောင်းပေါ် သစ်ကိုင်းများ ဖုံးအုပ်ထားခဲ့ကြောင်း ဖြောင့်ဆိုသည်။ မချစ်ဖူးမေအလောင်းကို ချုံပုတ်အနီး သစ်ကိုင်းများ ဖုံးအုပ် လျက်တွေ့ရှိရကြောင်း ထွက်ဆိုထားသည့် ထွက်ဆိုချက်များသည် တရားခံ၏ဖြောင့်ချက်နှင့် ကိုက်ညီလျက်ရှိသည်။

တရားခံသည် သေဆုံးသူ မချစ်ဖူးမေကို မုဒိမ်းပြုကျင့်ခဲ့ကြောင်း ၎င်း၏ ဖြောင့်ချက်မှအပ အခြားသက်သေခံချက် တစ်စုံတစ်ရာ မရှိသော်လည်း တရားခံ၏ ဖြောင့်ချက် မှန်ကြောင်း ထောက်ခံသည့် သက်သေခံချက်များ ရှိသဖြင့် သေဆုံးသူ မချစ်ဖူးမေအား တရားခံမှ မုဒိမ်းပြုကျင့်ခဲ့ကြောင်း ၎င်း၏ ဖြောင့်ချက်အရ ကောက်ယူရမည် ဖြစ်သည်။

ငပုတောမြို့နယ်၊ ကုန်းသာ… အခြေခံပညာ အလယ်တန်းကျောင်း အုပ်ဆရာမကြီး ဒေါ်ကျင်မွေ့ (လိုပြ-၁၄)၏ ထွက်ချက်နှင့် သက်သေခံ (… ထောက်ခံချက် သက်သေခံအမှတ် (… ကျောင်းဝင်စာရင်းစာအုပ် မိတ္တူ… ကျောင်းဆရာ ဦးစိုးမင်း (လိုပြ-၁၅)၏ ထွက်ချက်များအရ မချစ်ဖူးမေ၏ မွေး… သက္ကရာဇ်သည် (၁၇-၁-၂၀၀၃) ရ… ဖြစ်သဖြင့် အချင်းဖြစ်သည့် (၁၇-… ၂၀၁၂)ရက်နေ့တွင် မချစ်ဖူးမေသ… အသက် (၉)နှစ်(၃)လသာ ရှိသေး… ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၇၅၊ ချွင်းချက်ပိုဒ်တွင် မိန်းမက ခွင့်ပြုသည်ဖြစ်စေ ခွင့်မပြုသည်ဖြစ်စေ အသက်(၁၄)နှစ်အောက် မိန်းမကလေးအား ကာမစပ်ယှက်လျှင် မုဒိမ်းမှု ကျူးလွန်ရာရောက်ကြောင်း အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

တရားခံက မချစ်ဖူးမေအား ၎င်းက မုဒိမ်းပြုကျင့်စဉ် မချစ်ဖူးမေသည် သေဆုံးသေးကြောင်း၊ မုဒိမ်းပြုကျင့်ပြီးနောက်မှ မချစ်ဖူးမေ သေဆုံးသွားခြင်းဖြစ်ကြောင်း၊ ဖြောင့်ဆိုသည့် ဒေါက်တာအောင်ကျော်မြင့်က လတ်တလော ထိုးသွင်းထားသည့် လက္ခဏာရှိသည်ဆိုခြင်းမှာ သေဆုံးသူအသက်ရှင်စဉ် မိန်းမကိုယ်အတွင်းသို့ ထိုးသွင်းထားခြင်းကို ခံဆေးတွေ့ရှိရခြင်းဖြစ်ကြောင်း ထွက်ဆိုထားသည်။ တရားခံသည် မချစ်ဖူးမေအား မုဒိမ်းမှုကျူးလွန်စဉ် လူသတ်မှုကျူးလွန်ကြောင်း ကောက်ယူရန် တရားခံ ဖြောင့်ချက်ကို ဒေါက်တာအောင်ကျော်မြင့်၏ ထွက်ဆိုချက်က ထောက်ခံချက်ရှိသဖြင့် . . .

ဒီအမှုမှာ မျက်မြင်သက်သေမရှိဘူး တရားခံကလည်း ဖြောင့်ချက်ကို ရုပ်သိမ်းထားပါတယ်။ သက်သေခံပြထားတဲ့ သရုပ်ပြဓာတ်ပုံတွေကလည်း ဥပဒေအရ သက်သေခံမဝင်ဘူး။ ဒီတော့ အမှုမှန်ဖော်ထုတ်နိုင်ဖို့ ခက်ခဲပါတယ်။

ဒါပေမဲ့ တရားရုံး ဆိုတာက ... တရား လေးပါး ကင်းစင်ပြီး ... နှစ်ဖက်ထွက်ဆိုချက်တွေကို ... ဒွန်ကျကျ သုံးသပ်နိုင်မယ်ဆိုရင် ... တရားဟာ ငွားငွားစွင့်စွင့် ပေါ်ထွက်လာနိုင်ပါတယ်။ အဆင့်မြင့်တရားရုံး ဒီလို သုံးသပ်ဆုံးဖြတ်ပါတယ်။

'ဖြောင့်ချက်ကို ပြန်လည် ရုပ်သိမ်းထားပါက အခြားလုံလောက်သည့် အထောက်အထားမရှိလျှင် ယင်း ဖြောင့်ချက်သည် တရားခံအား အပြစ်ပေးရန်ပင် လုံလောက်သည့်ဖြောင့်ချက် ဖြစ်သည်ဟု မဆိုနိုင်ပေ။ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်နှင့် ၁။ မောင်သံချောင်း၊ ၂။ မောင်အောင်မောင် ပါ ၄ အမှု (၁၉၈၄ ခုနှစ် မြန်မာနိုင်ငံ တရားစီရင်ထုံး စာ-၆၂) ကိုကြည့်ပါ။ ဖြောင့်ချက်ကို တရားခံက ပြန်လည်ရုပ်သိမ်းသော်လည်း အမှန်အတိုင်း အလိုအလျောက် ဖြောင့်ဆိုထားသည့် ဖြောင့်ချက်ဖြစ်ကြောင်း တရားရုံးက လက်ခံပြီး ယင်းဖြောင့်ချက်ကို ထောက်ခံသည့် သက်သေခံချက်ရှိလျှင် ယင်း ဖြောင့်ချက်ဖြင့် ဖြောင့်ချက်ပေးသူ တရားခံကို အပြစ်ပေးနိုင်သည်။

သက်သေခံ(မ) ဖြောင့်ချက်တွင် တရားခံက သေသူမချစ်ဖူးမေကို လမ်းပေါ်မှ ခေါ်သွားကြောင်း ဖြောင့်ဆိုထားသည်။ မချစ်ဖူးမေသည် မအိအိတုံ (လိုပြ-၃)၊ မောင်ချစ်ပို (လိုပြ-၄) တို့နှင့် ကမ်းစပ်တွင်ကစားနေရာမှ ခေါ်မရွတ် ထံရောက်လာပြီး တရားခံပြန်သွားသည့်အခါ တရားခံနောက်မှ မချစ်ဖူးမေ ပြေးလိုက်သွားခဲ့ကြောင်း သက်သေခံချက်များ ရှိသည်။

ထို့ပြင် တရားခံက ချုံပုတ်ရှိရာသို့ မချစ်ဖူးမေကို ခေါ်သွားပြီး သားမယားအဖြစ် ပြုကျင့်ခဲ့ကြောင်း ဖြောင့်ဆိုသည်။ ချုံပုတ်အနီးတွင် သေဆုံးသူ မချစ်ဖူးမေကို ဘောင်းဘီကျွတ်လျက် အနေအထားတွေ့ရကြောင်း သက်သေထွက်ချက်၊ အချင်းဖြစ်စဉ် မချစ်ဖူးမေ ဝတ်ဆင်ထားသည့် စကတ်တွင် သုက်ရည်စမ်းသပ်တွေ့ရှိရကြောင်း သက်သေခံအမှတ်(ဓ)ဖြင့် ဓာတုဗေဒဝန်စစ်ဆေးပြန်ကြားချက်နှင့် မချစ်ဖူးမေ၏ မိန်းမကိုယ်တွင်းက ညှာမွေးပတ်ပတ်လည် စုတ်ပြဲနေပြီး အတွင်းမိန်းမကိုယ်တွင်း အသားနီလန်နေကြောင်း၊လတ်တလော ထိုးသွင်းထားသည့် လက္ခဏာရှိကြောင်းဟု အမှုအား ကြောင်းကျိုးဆက်စပ်ပြီး သုံးသပ်ကာ အမှုအမှန်ကို ဖော်ထုတ်သုံးသပ်ဆုံးဖြတ်ခဲ့ပါတယ်။

သက်ငယ်မုဒိမ်းသမား၊ လူသတ်သမားရုပ်လုံးပေါ်လာပါတယ်။ လေးစားထိုက်တဲ့ တရားရုံးရဲ့ဆုံးဖြတ်ချက်ကို အများပြည်သူများ အမှန်တရားကို ဘွားဘွားကြီး မြင်တွေ့လာနိုင်သည့်အပြင် တရားရုံး၏တရားဥပဒေနဲ့အညီအဘက်ဘက်က သုံးသပ်သွားသည်ကို နှစ်သက်ယုံကြည်အားကိုးလာကြမှာဖြစ်ပါတယ်။

သက်ငယ်မုဒိမ်းသမား၊ လူသတ်သမားတို့ ဘယ်လိုပြစ်ဒဏ် သတ်မှတ်တယ်ဆိုတာကိုလည်း စိတ်ဝင်စားကြပါလိမ့်မယ်။ အမိန့်က ဒီလိုပါ။

ပုသိမ်ခရိုင်တရားရုံးက 'တရားခံသည် မုဒိမ်းမှုကျူးလွန်စဉ် လူသတ်မှုကျူးလွန်ကြောင်း ကောက်ယူ၍ ပြစ်မှုပုဒ်မ ၃၀၂ (၁) (ဂ) အရ သေဒဏ်အမိန့် ချမှတ်ခဲ့ပါတယ်။'

တရားခံက မကျေနပ်လို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အယူခံမှုတင်သွင်းခဲ့ပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အယူခံအမှုမှာ အထက်ပါအတိုင်း ပြည့်စုံစွာ သုံးသပ်ပြီးနောက် ပုသိမ်ခရိုင်တရားရုံးရဲ့ သေဒဏ်ချမှတ်တဲ့ အမိန့်ကို အတည်ပြုခဲ့ပါတယ်။

သက်ငယ်မုဒိမ်းမှုများ ကွယ်ပျောက်ပါစေဟု ဆန္ဒပြုရင်း။

**ကိုမောင်စံသိန်း(ဗိုလ်ချုပ်ရွာ)**

☐





www.burmeseclassic.com

www.burmeseclassic.com

# မှတ်တိုင်မှာ ရပ်တိုင်မှာလား ပန်းတိုင်အရောက် လမ်းလျှောက်မှာလား

မင်းလူမင်းခေါင်



မြန်မာစာပေပညာရှင်ကြီး ပါမောက္ခ ဒေါက်တာလှဘေနှင့် ဇနီး ဒေါ်သန်းမြ

'ထူးချွန်အောင်မြင်မှု ဟူသည် မတော်တဆ ဖြစ်လာခြင်း အလျှင်း မဟုတ်' ဟူသော အဆိုအမိန့် တစ်ရပ်ကို စာရေးသူသဘောကျနှစ်သက်သည်။ ထို့ကြောင့် အောင်မြင်လိုသော၊ ကြီးပွားလိုသော လူငယ်များအတွက် အဆိုပါ အဆိုအမိန့်နှင့်အတူ လူငယ်များကို မိတ်ဆက်ပေးလိုက်ပါသည်။

အောင်မြင်မှု မှန်သမျှတို့သည် မတော်တဆ ဖြစ်လာခြင်း မဟုတ်ဘဲ အောင်မြင်လိုစိတ် ပြင်းထန်သော စိတ်ရှိသူတွေ၏ ကြိုးပမ်းအားထုတ်မှု၊ ရဲရင့်သော သတ္တိစွမ်းပကားနှင့် ကြီးမားသော ရည်မှန်းချက်ရှိမှု၊ထိုရည်မှန်းချက်အတိုင်း အောင်မြင်မှု ပန်းတိုင်ကို မရောက်ရောက်အောင် ငါလျှောက်လှမ်းမည် ဟူသော သန္နိဋ္ဌာန် ချမှတ်မှုအတိုင်း လျှောက်လှမ်းသူများသာ ရယူပိုင်ဆိုင်နိုင်သောအရာ ဖြစ်သည်ကို ရှေးဦးစွာ သတိပြုဖို့ လိုပေလိမ့်မည်။

အောင်မြင်မှုနှင့် ပတ်သက်၍ အဲလ်သီးယားဂစ်ဆန်၏ အဆိုအမိန့်တစ်ခုကို အလျဉ်းသင့်၍ လူငယ်များ[illegible] မျှဝေပေးချင်ပါသည်။ သူ၏အဆိုအ[illegible] မှာ 'သင် ဘယ်လိုအောင်မြင်မှုမျိုး[illegible] ရအောင် စွမ်းဆောင်နိုင်သည်ဖြစ်[illegible] သင့်အား တစ်စုံတစ်ဦးကကူညီနေသ[illegible] ဟု ပြောဆိုထားလေသည်။ ပြော[illegible] သည်မှာ လောကတွင် အောင်မြင်မှု[illegible] ရယူချင်သောသူများအတွက် အတို[illegible] အခိုက် အဟန့်အတား အတားအ[illegible] များအား ကြိုတင်၍ စောင့်ကြိုနေ[illegible] ဖြစ်သည်။

ဗုဒ္ဓတရားတော်နှင့် ပြောရလျှ[illegible] လောကဓံတရား ရှစ်ပါးကို မလွဲမ[illegible] ကြုံတွေ့ရမည်မှာ သဘာဝပင်ဖြစ်သ[illegible] အကောင်းလောကဓံတရားများနှင့် [illegible] တွေ့လျှင် ပျော်ရွှင်ချမ်းမြေ့တတ်[illegible] အဆိုးလောကဓံတရားများနှင့် ရင်[illegible] လာရပါက ပူဆွေးဝမ်းနည်းမှု ဖြစ်[illegible] တတ်သည်မှာလည်း သဘာဝပင်[illegible] သည်။

မိမိ ဖြတ်သန်းစဉ်ကာလအ[illegible] အဆိုးလောကဓံနှင့် ကြုံတွေ့ရသ[illegible] အခါ ဟိုဘက်ခြံက မြက်တွေက [illegible] စိမ်းစိုနေသည်ဆိုလျှင် သင့်ခြံအတွင်[illegible] သင့်မြက်ခင်းကို ဓာတ်မြေဩဇာကျွေ[illegible] အချိန်တန်နေပြီဟု သတိရလိုက်ပါ[illegible] သတိရခြင်းနှင့်အတူ လုပ်ဆောင်ရ[illegible] အလုပ်ကို အမြန်ဆုံး အကောင်[illegible] ဖော်လိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်ချက် လူငယ်များကို အသိပေးလိုသည်မှာ အားလျှင် စာဖတ်ပါ ပြီးလျှင် ဘဝအောင်မြင်ရေးအတွက် အကောင်းဆုံးအတွေးများကို တွေးပါ။ သူဆိုသည်မှာ တစ်ယောက်တည်းနေလျှင် အတွေးအခေါ်၊ နှစ်ယောက်ဖြစ်လာလျှင် လုပ်ဖော်ကိုင်ဖက် ဖြစ်လာပြီး မိမိတွေးခေါ်ထားသည့် စိတ်ကူးကို အကောင်အထည်အဖြစ် ထုဆစ်ပုံဖော်လိုက်ပါ။ ထိုကိစ္စတို့သည် အောင်မြင်မှုများအတွက် အထောက်အကူများ ဖြစ်ကြောင်း သင် သိလာပါလိမ့်မည်။ ထို့ကြောင့် (အလကားရသော)အတွေးများကို များများတွေးပါ။ အတွေးသစ်တစ်ခုကြောင့် ပြန့်ကားသွားသော သင့်စိတ်သည် နဂိုမူလအတိုင်းအတာသို့ ဘယ်တော့မှပြန်မကျုံ့တော့ချေဟူသော အော်လီဗာဝင်းဒဲလ်ဟုမ်း အဆိုတစ်ရပ်က သင့်အတွေးအတွက် အထောက်အကူပြုပါလိမ့်မည်။

သရက်သီး စားချင်သောသူသည် သရက်ပင်ပေါ်သို့ တက်ရမှာကို ကြောက်မရွံ့ပါနှင့်၊ သရက်ပင်ပေါ်တွင် သရက်သီး ရှိနေသည်ကို သတိပြုပါ။ အလားတူပင် အောင်မြင်မှုကို လှမ်းကိုင်လိုသော လူငယ်များသည်လည်းအောင်မြင်မှုပန်းတိုင် အရောက်သွားရာတွင် အတော်ဆုံးဆရာမျှမဟုတ် တစ်ဦးတည်းသော သင့်ဆရာ ဖြစ်သည်ကို အမှတ်ရနေပါ။

သင် တောင်ထိပ်တစ်ခုပေါ်သို့ ရောက်ရှိနေပြီ ဆိုပါစို့။ ထိုနေရာသို့ သင်အလိုအလျောက် ပြုတ်ကျလာခြင်း မဟုတ်သည်ကို သိထားပါ။ ထို့အတူ သရက်ပင်ပေါ်သို့ သင်အလိုအလျောက် ရောက်ခဲ့ခြင်းမဟုတ်၊ သရက်သီးကိုရယူလိုသော စိတ်ကြောင့် အပင်ပေါ်ရောက်အောင် နည်းမျိုးစုံဖြင့် ကြိုးပမ်းတက်ရောက်ခဲ့၍ ရောက်ခဲ့ရသည် မဟုတ်ပါလော။ သရက်သီးလေးတစ်လုံး စားသောက်ဖို့ သင်ဘယ်လောက်ကြိုးပမ်းအားထုတ်ခဲ့ရပါသလဲ၊ ပြန်စဉ်းစားပါ။

ဘဝတစ်ခုလုံးအတွက် အောင်မြင်လိုသူများသည် သရက်သီးလေးတစ်လုံးစားဖို့ ကြိုးစားအားထုတ်ရသည်ထက် အဆပေါင်းများစွာ ကြိုးစားအားထုတ်ခြင်းကိစ္စသည် တရားမျှတသည်ဟု သင် ကျေနပ်စွာ လက်ခံနိုင်ပါက သင်သည် အောင်မြင်သောသူတစ်ယောက်ဖြစ်ဖို့ အလားအလာကောင်းသူဖြစ်ပြီဟု ယုံကြည်လိုက်ပါ။

အောင်မြင်လိုသူ လူငယ်များကို ဥပမာတစ်ခုနှင့်အတူ လက်ဆောင်ပါးပါရစေ။ ပေါက်ဖတ် (ဘောက်ဖတ်)ဟူသော တိရစ္ဆာန်ငယ်အတွက် သူ့ဘဝသည် ဇာတ်သိမ်းဟု ပြောဆိုချိန်သည် လိပ်ပြာငယ်က သူ့ဘဝအတွက် ဇာတ်လမ်းအစဟု ပြောဆိုပါလိမ့်မည်။ ထို့အတူ ကျွန်ုပ်တို့မြန်မာနိုင်ငံ၏ နေဝင်စကာလသည် အခြားနိုင်ငံတစ်ခု၏ နေထွက်စအချိန် ဖြစ်နိုင်ပါသည်။ ထိုကိစ္စသည် ကမ္ဘာကြီးလုံးဝန်းသောကြောင့် ဖြစ်ပေါ်လာရသော နိယာမတရားတစ်ခု ဖြစ်ပါသည်။

သင့်ဘဝအတွက် အဆိုးဆုံးများနှင့် ရင်ဆိုင်ကြုံတွေ့ခြင်းသည် မကြာမီသော ကာလတွင် အောင်မြင်မှုလမ်းစပေါ်သို့ ရောက်လာတော့မည်ဟု ခံယူလိုက်ပါ။ အရေးကြီးသည်မှာ မနက်ဖြန်အတွက် အောင်မြင်မှုလမ်းစများကို သင် စီမံကိန်းချ ဆောင်ရွက်နေသည်ဆိုလျှင် ဘယ်အသက်အရွယ်မှာမဆို သင်သည် အမြဲတမ်းနုပျိုနေသည်ဆိုတာကို မမေ့ပါနှင့်။

ပစ္စုပ္ပန်ကာလများကို အတိတ်ကာလ (အချိန်)များက အရောင်ဆိုးသည်မှာ မှန်၏။ ထို့အတူ အနာဂတ်ကာလများကို ယခုပစ္စုပ္ပန်ကာလမှာ သင် စိတ်တိုင်းကျ ရွေးချယ်အရောင်ဆိုးခွင့်ရှိသည်ကိုလည်း လက်ခံလိုက်ပါ။ အနာဂတ်၏ အောင်မြင်မှုသည် သင့်လက်ထဲတွင် ရှိနေပါသည်။ သို့သော် ထိုအနာဂတ်ကို သင်ပိုင်နိုင်စွာ အရောင်မခြယ်သနိုင်လျှင် သင့်ဘဝပန်းချီကားသည် လှပသောပန်းချီကားတစ်ချပ် ဖြစ်လာမည် မဟုတ်ပေ။

သင် အောင်မြင်မှု ရကိုရမည်ဟု သက်ဝင်ယုံကြည်ခြင်းမှာ သက်သေအထောက်အထားကို ဂရုမထားဘဲ တစ်စုံတစ်ခုကို ဇွဲမိုက်ယုံကြည်ဖို့ အားထုတ်ခြင်း မဟုတ်။ သင် သက်ဝင်ယုံကြည်မှုမှာ အကျိုးဆက်ကို ဂရုမထားဘဲ တစ်စုံတစ်ခုသော အောင်မြင်မှုအတွက် ဇွတ်မိုက် လုပ်ဝံ့ခြင်းသည်လည်း သင့်အား အောင်မြင်မှုလမ်းကြောင်းပေါ် တွန်းပို့ပေးခြင်းဖြစ်သည်။ ထို့ကြောင့် သင်သည် စိတ်ဓာတ်အားမာန်အပြည့်အဝရှိဖို့ လိုအပ်ပေလိမ့်မည်။ စိတ်ဓာတ်အားမာန် မရှိသူအတွက် ပျက်သုဉ်းခြင်းတို့က အသင့်စောင့်ကြိုနေမည် ဖြစ်ကြောင်း သင် သတိမြူမိဖို့ လိုပါလိမ့်မည်။

အောင်မြင်မှုအတွက် ကြိုးစားအားထုတ်နေသော သင့်အား ဒီကိစ္စကတော့ လုပ်လို့ဖြစ်မှာမဟုတ်ပါဘူးဟု တစ်စုံတစ်ယောက်က ပြောလာလျှင် ထိုသူ၏စကားကြောင့် ရပ်တန့်သွားခြင်း မဖြစ်စေဘဲ သူ့စကားသည် ငါ့အတွက် အနှောင့်အယှက် အဟန့်အတားမဟုတ်ဟု ခံယူပြီး ဆက်လျှောက်လှမ်းလိုက်ပါ။ ငါသည် ပန်းတိုင်ကို အရောက်လှမ်းမည့်



www.burmeseclassic.com

www.burmeseclassic.com

သူဖြစ်သည်၊ မှတ်တိုင်မှာ ရပ်၍စောင့်မည့်သူ မဟုတ်ဟု ကြုံးဝါးပစ်လိုက်ပါ။

အောင်မြင်မှု ပန်းတိုင်ဆီကို လျှောက်လှမ်းနေသူတိုင်းအတွက် လောကဓံတရားရဲ့ အထိုးအနှက် ခံရခြင်းသည် ဓမ္မတာသာဖြစ်သည်။ အပြောခံရပြီဆိုလျှင် သူ့ပြောတာ သဘာဝကျသလား၊ သဘာဝယုတ္တိ၊ အာဂမယုတ္တိ၊ သာဓကယုတ္တိ သင့်၊ မသင့် နှိုင်းချင့်၍ နားထောင်လိုက်ပါ။ ထိုသူ၏စကား အကြောင်းအကျိုး ခိုင်လုံလျှင် အပြစ်နှင့်တကွ ပြောဆိုပေးမှုအား ရွှေအိုးပေးသည်သို့ ခံယူ၍ လိုက်နာကျင့်သုံးပါ။ ကျေးဇူးစကားကို အလေးအနက်ထား၍ဆိုပါ။ ထိုသူစကားသည် အကျိုးမဲ့သည့်စကား ဖြစ်ပါက သင့်ခေါင်းထဲတွင် အမှိုက်များ မထည့်ပါနှင့်၊ လက်မခံပါနှင့်။ သူ့စကားကို အမှိုက်ပုံသို့ လွှင့်ပစ်လိုက်ပါ။

သင့်အောင်မြင်မှုအတွက် မနာလို မရှုစိမ့်နိုင်၍ ပြောလာသောစကားများ ဖြစ်ခဲ့ရင် သင်သတိထားဖို့က မြင့်မားထူးချွန် အောင်မြင်လာသူများသည် ပတ်ဝန်းကျင်၏ ဆန့်ကျင်မှုဒဏ်နှင့် အတိုက်အခိုက်များကို ဆန်းစစ်ဝေဖန်ပြီး မိမိအရည်အသွေးကို တောက်ပလာအောင် စွမ်းဆောင်သွားကြသည်ကို သတိပြုပါ။ စိတ်ဓာတ်ကြံ့ခိုင်လာအောင် ကြိုးစားလာကြပြီး စိတ်တန်ခိုးတွေပါ ထက်မြက်လာအောင် ပြုလုပ်ကြသည်။ ထိုနည်းဖြင့် အောင်မြင်မှုပန်းတိုင်ကို အရောက်လှမ်းသွားတတ်ကြလေသည်ကို တွေ့ခဲ့ရသည်။

ဓားတစ်ချောင်းဟာ ဘယ်လိုထက်လာသလဲဟု တွေးကြည့်ပါ။ မာကျောသော ကျောက်ပေါ်မှာ တင်၍သွေးမှ ထက်မြက်လာသည်ကို သင်သိပါသည်။ ထို့အတူ သင့်ဘဝ ထက်မြက်လာဖို့ ကိစ္စမှာလည်း မာကျောသောကျောက်နှင့်တူသော ပတ်ဝန်းကျင်လောကဓံတရားများနှင့် သွေး၍ ထက်မြက်သော ဘဝကို ရယူပြီး အောင်မြင်သော ပန်းတိုင်းကို လှမ်းကိုင်နိုင်သူဖြစ်အောင် ကြိုးစားပါ။

ထို့ကြောင့် လောကတွင် သင်ကြုံတွေ့ရမည့် ဆူးငြောင့်ခလုတ်တံသင်းတို့သည် ဘဝတိုးတက် အောင်မြင်ရေးအတွက် မြှင့်တင်ပေးမည့်လှေကားများဟု မှတ်ယူပါ။ အလျဉ်းသင့်၍ အိန္ဒိယနိုင်ငံ ခေါင်းဆောင်ကြီး မဟတ္တမဂန္ဒီကြီး ပြောကြားခဲ့သည့် အဆုံးအမတစ်ခုကို လက်ဆင့်ကမ်းပါရစေ။

'တိုးတက်အောင်မြင် ကြီးပွားလိုသူ လူငယ်များသည် လောဘကြောင့်ဖြစ်သော ဒေါသ၊ ဒေါသကြောင့်ဖြစ်ရသော ယုံကြည်မှု ပျက်ပြယ်ခြင်း မဖြစ်အောင် မိမိရင်တွင်း၌ဖြစ်သော စိတ်ဓာတ်များကို ချိုးနှိမ်ဖြုဖြင်ပါ၊ အာဃာတ တရားများကို ဖယ်ထုတ်ပစ်ပါ၊ မိမိစိတ်ထဲမှ ဖယ်ထုတ်ရမည့်ကိစ္စများ ဖယ်ထုတ်ပြီးလျှင် မိမိအောင်မြင်မှုကို အနှောင့်အယှက်ပေးသူမှာ မင်းကိုယ်တိုင်ဖြစ်သည် တွေ့ကြုံလာရပေမည်၊ မင်းကိုယ်တိုင်ကလွဲပြီး မည်သူမျှ ဒုက္ခမပေးနိုင်ပါ' ဟူသော အဆိုအမိန့်သည် အောင်မြင်လိုသော လူငယ်များ မှတ်သားသင့် မှတ်သားထိုက်သော အဆိုအမိန့်တစ်ခု ဖြစ်ပေသည်။

ဂန္ဒီကြီး၏ အဆိုအမိန့်တစ်ခုကို မှီပြီး လူငယ်များကို တစ်ခုပြောချင်ပါသေးတယ်။ မိမိစိတ်က ဒုက္ခအပေးဆုံး အရာမှာ မာနတရားပင် ဖြစ်သည်။

ဗုဒ္ဓတက္ကသိုလ်မှ ပါမောက္ခချုပ်ကြီး ဒေါက်တာ အရှင်နန္ဒမာလာ၏ တရားတော်ကို မျှဝေပေးချင်ပါသည်။

'မာနဆိုတာ မာရင် နသွားတတ်တာကို သတိပြုပါ၊ ဥပမာပြောရရင် သင့်ခန္ဓာကိုယ်ရဲ့ ပါးစပ်အတွင်းက အမာဆုံးပစ္စည်းသည် သွားဖြစ်သည်၊ အပျော့ဆုံးပစ္စည်းက လျှာဖြစ်သည်၊ မာတဲ့သွားက တချို့ဆိုရင် အရွယ်မရောက်ခင်ကာလမှာပင် ထိုမာသောသွားများ ကျိုးပဲ့သွားကြသည်၊ ပျော့သောလျှာသည် သေတဲ့အထိ ခံနိုင်ရည်ရှိသည်' ဟူ၍ လက်တွေ့ကျကျ ဟောကြားသွားသည်ကို နာယူဖူးခဲ့သည်။

ထို့ကြောင့် အောင်မြင်မှုပန်းတိုင်ကို အရောက်လှမ်းကြမည့် လူငယ်များသည် မိမိတို့ရင်ထဲ၌ ပယ်သတ်ရမည့် မာနဆိုသည့်တရားကို ပယ်သတ်ဖို့ အလေးအနက် သတိပေးချင်ပါသည်။

အလျဉ်းသင့်၍ အိန္ဒိယနိုင်ငံရှိ အသောကကျောက်တိုင်တွင် အသောကမင်းကြီးသည် ခြင်္သေ့၊ ဆင်၊ သိန္ဓောမြင်းနှင့်နွားလားဥသဘတို့အား ကျောက်တိုင်တွင် ထုဆစ်ထားခဲ့သည်။ တခြားတိရစ္ဆာန်များ မထုလုပ်ဘဲ ထို ဆင်၊ မြင်း၊ နွား၊ ခြင်္သေ့ရုပ်တုများ ထွင်းထုခဲ့ခြင်းမှာ ကြီးမားသော ရည်ရွယ်ချက်ရှိလေသည်။

ခြင်္သေ့တို့သည် ဘယ်သတ္တဝါ ဘယ်ရန်သူကို ဖမ်းဖမ်း လုံ့လဝီရိယကို မလျှော့ဘဲ တစ်သမတ်တည်း ဝီရိယထားကာ ဖမ်းယူတတ်သော ခြင်္သေ့တစ်ကောင်၏ ဝီရိယနှင့်ကြိုးစားမှုကို အလေးထား၍ ထွင်းထုထားခြင်းဖြစ်သည်။

ဆင်ပြောင်ကြီးရုပ်တုကို ထွင်းထုခြင်းမှာလည်း ဆင်တို့မည်သည် စစ်မြေပြင်သို့ထွက်သည့်အခါ ရည်မှန်းချက်ရှိရာသို့ ရောက်အောင်သွားတတ်သလို လေးမြားလက်နက်များဖြင့် မည်သို့ပစ်ခတ်စေကာမူ တွန့်ဆုတ်ခြင်းမရှိ သည်



www.burmeseclassic.com

www.burmeseclassic.com

လောက်ပင်စိုက်စိုက် ဘယ်လောက်ပင် အကျရာရရ ရည်မှန်းချက်ရှိရာသို့ရောက် အောင် သွားကြသည်။ ထို့ကြောင့် ဆင် ပြောင်ကြီးရုပ်တုကို ထုဆစ်ခြင်းဖြစ် သည်။ အလားတူ သိန္ဓောမြင်းရုပ်တုကို ထုဆစ်ခြင်းမှာ မြင်းတို့သည် သွက်လက် ခြင်း၊ လျင်မြန်ခြင်းဖြင့် ခရီးတစ်ခု၏ အကွာအဝေးကို အမြန်ဆုံးရောက် အောင် သွားနိုင်သည်။ သေလျှင်လည်း သခင်နှင့်အတူ အသေခံသေရဲသော သတ္တိရှိသည်။ ထို့ကြောင့် ထုဆစ်ခြင်း ဖြစ်သည်။

နွားလားဥသဘပုံ ထုဆစ်ခြင်း မှာ နွားလားဥသဘ၏ စိတ်မာတ်သည် ဘယ်လောက်ပင် ရုန်းပေးပေး သခင်ဖြစ် သူက နှင်တံဖြင့် ရိုက်နှက်အော်ငေါက် ဆဲဆိုသော်လည်း သေဆုံးသည်အထိ သည်းခံ၍ ဝန်ဆောင်ပေးခြင်းတို့ကြောင့် ဆင်၊ ခြင်္သေ့၊ မြင်းတို့နှင့်အတူ နွားလား ဥသဘကိုလည်း ထုဆစ်ခြင်းဖြစ်သည်။

ယင်းကဲ့သို့ တိရစ္ဆာန်ပင် ဖြစ် သော်လည်း လူသားတို့ အတုယူစေ လောက်သော စွမ်းရည်များနှင့်ပြည့်စုံ သော ဆင်၊ မြင်း၊ နွား၊ ခြင်္သေ့တို့၏ တစ်ကောင်ချင်းစီမှ အတုယူဖွယ်အရည် အချင်းများကို အသိတရားရှိသော လူ သားများ အတုယူစေနိုင်ရန်ထုဆစ်ထား သည်ကို အောင်မြင်လိုသောလူငယ်များ သည် အတုယူကာ ကြိုးစားဆောင်ရွက် လျှင် အောင်မြင်မှုပန်းတိုင်ကို အရောက် လှမ်းနိုင်မည် မဟုတ်ပါလား။

လောကကြီးသည် လူသားများ အတွက် မတူညီသော စိန်ခေါ်မှုများက အသင့်စောင့်ကြိုနေကြသည်။ အထူး သဖြင့် အောင်မြင်လိုသော လူငယ်များ အတွက် စိန်ခေါ်မှုများက ပို၍စောင့်ကြို နေမည်ကား အသေအချာပင်ဖြစ်သည်။ ထိုကဲ့သို့ စိန်ခေါ်မှုများနှင့် ပြည့်နှက်နေ သော လောကကြီးအား ကြောက်ရွံ့ အရှုံးပေးသွားကြမည်ဆိုလျှင် အောင် မြင်သော လူသားဟူ၍ ပေါ်ထွက်လာ တော့မည် မဟုတ်ပေ။ စိန်ခေါ်မှုကို ရဲဝံ့စွာ ရင်ဆိုင်ဖြတ်သန်းပြီး အောင်မြင် မှု သရဖူဆောင်းခဲ့ကြသော မဟာလူ သားများကြောင့် ကမ္ဘာကြီး၏ တိုးတက် မြင့်မားလာသော အသီးအပွင့်များကို လူသားများစွာ စားသုံးခွင့်ရနေသည် မဟုတ်ပါလား။

ထိုသို့ အောင်မြင်မှုသရဖူကို ဆောင်းခဲ့သော လူသားတစ်ဦးကို အောင်မြင်လိုသောလူငယ်များ အတုယူ အားကျစေဖို့ မြန်မာတိုင်းမ်သတင်းစာ (၇-၂-၂၀၁၇) ရက်နေ့ထုတ် ဆရာ တက္ကသိုလ်သခ် ရေးသားသော ကျေး တောသားဘဝမှ ပါမောက္ခဖြစ်လာခဲ့သူ ဆရာကြီး ဒေါက်တာလှဘေအကြောင်း အစိတ်အပိုင်းတချို့ကို ဖော်ပြပေးလိုက် ပါသည်။

ဆရာကြီးဒေါက်တာလှဘေကို မော်လမြိုင်မြို့မှ မိုင် ၄၀ ခန့်ကွာဝေး သည့် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် လှိုင်းဘွဲ့ချောင်း၏ လက်ယာဘက်ကမ်း တွင် တည်ရှိသည့် ခရဲဟူသော ရွာကြီး တစ်ရွာတွင် မွေးဖွားသည်။ အသက် နှစ် နှစ်အရွယ်တွင် ဖခင်ဖြစ်သူ ဦးမောင်ငွေ နှင့် မိခင်ဒေါ်ခင်ခင်တို့ထံတွင် နှမဖြစ်သူ အပျိုကြီးများက မိဘများထံ ခွင့်ပန်ပြီး မွေးစားခဲ့သည်။ ဗေဒင်ဆရာတစ်ဦးက ဇာတာစစ်ပြီး မောင်လှဘေဟု အမည် ပေးခဲ့သည်။ ငယ်စဉ် စကားပြောတတ် ခါစအရွယ်တွင် ထမင်းဆာလျှင် မန်မန် ဟုပြောလေ့ရှိသည့်အတွက် ဆရာကြီး အား မိသားစုက အမန်ဟု ချစ်စနိုးခေါ် ကြသည်။

ငါးနှစ်သား အရွယ်တွင် ရွာ ကျောင်းဆရာကြီး ဦးဘိုးချစ်ယဟွင် ပညာစတင်သင်ကြားသည်။ ၁၉၃၁ခုနှစ် တွင် မော်လမြိုင် အမှတ်(၁)အထကမှ ဒသမတန်းကို ဂုဏ်ထူးငါးဘာသာဖြင့် အောင်မြင်ခဲ့သည်။ စကောလားရှစ်ဆု ရရှိခဲ့သည်။ ၁၉၃၆ ခုနှစ်တွင် ရန်ကုန် တက္ကသိုလ်မှ ဝိဇ္ဇာဂုဏ်ထူးတန်းကို မြန်မာစာ ပထမတန်း ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ပြီး ၁၉၃၈ ခုနှစ်တွင် မဟာ ဝိဇ္ဇာ (မြန်မာ)ဘွဲ့ကို ထပ်မံရရှိခဲ့သည်။

ထို့နောက် လန်ဒန်တက္ကသိုလ် ပညာရေးကောလိပ်မှ ၁၉၃၉ ခုနှစ်တွင် ဒီပလိုမာရရှိခဲ့သည်။ အဆိုပါတက္ကသိုလ် ၏ အရှေ့ပိုင်းပညာ လေ့လာရေးသိပ္ပံ ကျောင်းမှာ ၁၉၄၄ ခုနှစ်တွင် မြန်မာ စာပေဆိုင်ရာ ပါရဂူ (Ph.D) ဘွဲ့ ရရှိခဲ့ သည်။ ၁၉၄၂ မှ ၁၉၄၆ ခုနှစ်အထိ လန်ဒန်မြို့ BBC မြန်မာပိုင်းအစီအစဉ် တွင် သတင်းဝေဖန်သူ၊ ဘာသာပြန် ဆရာ၊ အသံလွှင့်သူ စသည်ဖြင့် အမှု ထမ်းဆောင်ရင်း မြန်မာ-အင်္ဂလိပ် အဘိဓာန်ကို ကူညီပြုစုခဲ့သည်။ လက် ထောက်အယ်ဒီတာ၊ တွဲဖက်အယ်ဒီတာ တာဝန်များကိုလည်း ထမ်းဆောင်ခဲ့ သည်။

၁၉၄၈ ခုနှစ်တွင် လန်ဒန်တက္က သိုလ် အရှေ့ပိုင်းနှင့် အာဖရိကဆိုင်ရာ ပညာရပ်များ လေ့လာရေးသိပ္ပံကျောင်း တွင် ကထိကအဖြစ် လည်းကောင်း၊ ၁၉၅၅ခုနှစ်တွင် လက်ထောက်ပါမောက္ခ အဖြစ် လည်းကောင်း တာဝန်ထမ်း ဆောင်ခဲ့သည်။

ထို့ပြင် ဆရာကြီးသည် လန်ဒန် မြို့တွင် နေထိုင်စဉ်အတွင်း ဘွဲ့ကြို ဘွဲ့ လွန် ကျောင်းသားများကို မြန်မာစာပေ သင်ကြားပေးခဲ့လေသည်။ အလားတူ



www.burmeseclassic.com

www.burmeseclassic.com

လန်ဒန်တက္ကသိုလ် ဂျီစီအီး(အို)အဆင့် စာမေးပွဲများ၊ ပြည်သူ့ဝန်ထမ်းကော်မရှင် စာမေးပွဲများတွင် ပါဝင်၍ စာစစ်သူ တာဝန်ကို ထမ်းဆောင်ခဲ့သည်။

ပညာသမာ အာဘာနတ္ထိ၊ ပညာ နှင့်တူသော စကားနှင့်အညီ ဆရာကြီး သည် ငယ်စဉ်တောင်ကျေး ကလေးဘဝ ကပင် စာအုပ်ကိုအလေးထား ပညာကို တန်ဖိုးထားသူ ဖြစ်သည်။ စာပေပညာ ကို တန်ဖိုးထားသူ ဖြစ်သောကြောင့် ဆရာဝန်ရာထူး၊ အုပ်ချုပ်ရေးအရာရှိနှင့် ပါမောက္ခရာထူးများကို လက်မခံဘဲ စာပေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနနယ်ပယ်တွင် ဖက်တွယ်မွေ့ လျော်ခဲ့သူ ဖြစ်သည်။

ပညာရှာဖွေရာတွင် မနာလို ဝန်တိုစိတ်များ စိုးစဉ်းမျှမထားဘဲ မိမိ သိမှီးစုဆောင်းထားသမျှ စာပေဗဟု သုတများကို အများသူငါ သိရှိကြစေရန် အိတ်သွန်ဖာမှောက် အကုန်အစင် ဖောပြောပို့ချလေ့ရှိသည်။ မြန်မာနိုင်ငံ ရှိ တက္ကသိုလ် ကောလိပ်များအပြင် နိုင်ငံအသီးသီးရှိ တက္ကသိုလ် ကောလိပ် များသို့လည်း သွားရောက်ကာ စာပေ ပညာများ ဖြန့်ဖြူးပေးခဲ့သည်။

အင်္ဂလိပ်-မြန်မာ ဘာသာများ ဖြင့် ဆောင်းပါးပေါင်း (၆၀)ကျော်နှင့် စာအုပ်ဝေါင်းများစွာကို ရေးသားပြုစု ခဲ့သည်။ ထင်ရှားသော စာအုပ်အချို့မှာ မြန်မာစာပေညွှန့်ခံစာတမ်း၊ ပါရမီနှင့် ဒေါက်တာလှဘေ၏ အတွေးအမြင် စာစု၊ ကုမ္မာရီပြဇာတ် (အင်္ဂလိပ်ဘာသာ ပြန်)၊ မြန်မာစကားပုံများ (အင်္ဂလိပ်)၊ မြန်မာ-အင်္ဂလိပ် အဘိဓာန် အပိုင်း ၂ မှ ၆ အထိ ပြုစုခဲ့သည်။ စင်ကာပူနိုင်ငံ မှထုတ်ဝေသော မြန်မာနိုင်ငံ(အင်္ဂလိပ်) စာအုပ်ကို ပြုစုခဲ့သည်။

ဆရာကြီးသည် မြန်မာစာပေ အဆင့်အတန်းကို မြှင့်တင်ပေးလိုသည့် အာသီသ အလွန်ပြင်းထန်သူဖြစ်ရကား သူပြုစုခဲ့သည့် မြန်မာစာပေ ညွှန့်ခံစာ တမ်း စာအုပ် စာမျက်နှာ ၁၆၅ တွင် "မြန်မာစာပေကို မြန်မာမှန်သမျှ မည်သူ မျှ မစွန့်လွှတ်နိုင်ကြပေ။ မကောင်းသော အချက်ကို ပိုမိုကောင်းအောင် ပြုပြင်၍ စာပေကို စစ်ဆေးလျှင် (Destructive Criticism) ဖျက်ဆီးအံ့သောသဘော ဖြင့် မပြုဘဲ (Constructive Criticism) ပြုပြင်အပ်သောဆန္ဒဖြင့် အကဲဖြတ်၍ သုံးသပ်ကာ ဆောင်ရွက်အပ်ကြပေ တော့သတည်းဟု သွန်စေတနာကို ဖော် ပြခဲ့လေသည်။

ဆရာကြီးသည် နောင်လာ နောက်သား လူငယ်များ သူ့ရဲ့သို့ ထူးချွန်ထက်မြက်သော ပညာရှင်တစ်ဦး ဖြစ်စေရန် ဆန္ဒရှိလေသည်။ ထို့ကြောင့် ဆရာကြီးသည် မျိုးဆက်သစ်လူငယ်များ အတွက် အင်္ဂလိပ်ကဗျာ တစ်ပုဒ်ကို မြန်မာဘာသာနှင့်အတူ ဩဝါဒပန်း တစ်ပွင့်အဖြစ် လက်ဆောင်ပေးခဲ့သည်။

ယင်းကဗျာမှာ -

"The height by great man reached and kept. Where not attaimed by Suddem fright, But they, While thein Compamious Sleptwere teliming upward and in the might."

"လူထိပ်သီးတွေနေရာ၊ ထိပ် တန်း တစ်လှမ်းတည်းနဲ့၊ လွှားမတက်၊ တက်ဖော် တက်ဖက်၊ ညဥ့်မိုက်နက်မှာ၊ အိပ်စက်နေတုန်း၊ တကုန်းကုန်းတက်၊ ထိပ်တက်နေရာ၊ ရောက်ရတာ တဲ့။"

ဆရာကြီးသည် သာမန်ကျေး တောသားဘဝမှ ဉာဏ်နှင့်ဝီရိယ ကံထူ ၍ လန်ဒန်တက္ကသိုလ်တွင် မြန်မာစာ ပါမောက္ခ ဖြစ်လာရခြင်းမှာ အထက်ပါ ကဗျာကဲ့သို့ပင် မနားမနေ ကြိုးစားအား ထုတ်မှုကြောင့် ထူးချွန်ထက်မြက်သူ ဖြစ်လာရခြင်း ဖြစ်လေသည်။ ခေတ် ပညာတတ် ပုဂ္ဂိုလ်ကြီးဖြစ်ပြီး ထိပ်သီး နိုင်ငံ တစ်နိုင်ငံတွင် နေထိုင်ခဲ့သူဖြစ် သော်လည်း ဇာတိဂုဏ်၊ စာပေဂုဏ်ကို ချစ်မြတ်နိုးစွာဖြင့် မော်လမြိုင်ကဲ့သို့သော နေရာတွင် အေးချမ်းစွာ နေထိုင်ရင်း မြို့နယ်၏ စာပေဖွံ့ဖြိုးရေး၊ မြန်မာစာပေ ပြန့်ပွားရေးတို့ကို တတ်စွမ်းသည့်ဘက်မှ တစ်နိုင်တစ်မ ဆောင်ရွက်ရင်း (၂-၈- ၂၀၀၇) ရက်နေ့တွင် ကွယ်လွန်ခဲ့လေ သည်။

အမှန်က ကျေးလက်တောရွာ မှာ မွေးဖွားခဲ့သော်လည်း စာပေတန်ဖိုး ကို နားလည်သဖြင့် စာပေတန်ဖိုးကို အကျိုးရှိစွာ အသုံးချရင်း အောင်မြင် သော ဘဝကို ပိုင်ဆိုင်ခဲ့သူဖြစ်သည်။

ထို့ကြောင့် အောင်မြင်လိုသော လူငယ်များသည်လည်း ဆရာကြီးကဲ့သို့ အောင်မြင်မှုရရှိနိုင်ရန် စာပေတန်ဖိုး သိရှိပြီး စာပေများကို အလေးအန တန်ဖိုးထား ဖတ်ရှုပြီး ထိုမှတစ်ဆင့် အောင်မြင်သော ဘဝကို ရယူကြစေ သဖြင့် တစ်ဆင့်မျှဝေ လက်ဆင့်ကမ်း ရင်း အောင်မြင်လိုသော လူငယ်များ သတိပေး ပြောကြားလိုသည်မှာ-

သင်သည် ပန်းတိုင် ရော အောင် လမ်းလျှောက်မှာလား၊ မှတ်တိုင် မှာရပ်ပြီး ထိုင်နေမှာလား ဟု မေး စေ။ အကယ်၍ အောင်မြင်သူ ဖြစ် ပါက မှတ်တိုင်မှာ ရပ်မနေဘဲ ပန်းတိုင် အရောက် ဆက်လျှောက်ကြပါဟု တိုက် တွန်းပါရစေ။

**မင်းလှမင်း**

❑



www.burmeseclassic.com

www.burmeseclassic.com

# ယိုးဒယားနိုင်ငံ မြန်မာမင်းများ

အောင်သိမ်းမြတ်






www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှ အဆက်)

ထိရောက်သောစကား ဖြစ်ပြီး ဗိုလ်ချုပ်မဟာနော်ရထာ ဆိတ်ဆိတ်နေသဖြင့် ဗိုလ်မှူးစတုဂါမဏိ ဝင်ပါရသည်။

"စစ်သူကြီးနှစ်ဦး လျှောက်သည့်စကားသည် အလွန်သင့်လှပေသည်၊ စစ်တို့သဘောသည် ကြက်ဥထဲတွင်ရှိသည့် ကြက်သူငယ်ကို အသိခက်ဘိသကဲ့သို့ သိကြားနှင့် အသူရာ တုံ့သော်လည်း ဆုတ်တုံ့တက်တုံ ရှုံးနိုင်ရှိချေသေးသည်၊ ယခုလည်း အရေးတော် ကုံသေးသည်မဟုတ်၊ သူ့မြို့ရင်းတွင် ဖြစ်ချေသည်၊ သည်တစ်ကြိမ် ဗိုလ်မှူး ငါးယောက် အသက်ကိုလွတ်၍ နောက်ပွဲလမ်းများတွင် ထင်ထင်ရှားရှား ဆက်သပါမည်"

"စစ်ရေးမက်ရေး ဆိုသည်မှာ အင်နည်းအင်များ အပြစ်ကြီးငယ် နည်းများမဆိုရ၊ ကွပ်ညှပ်စီရင်ရမြဲ ဖြစ်သည်၊ ယခုအရေးမှာ ဗိုလ်မှူးသုံးဦးက ချမ်းသာစေလိုလျှင် ချမ်းသာစေတော့"

သို့ဖြစ်သဖြင့် မင်းကြီးဇေယသူနှင့် ဗိုလ်မှူးငါးဦးမှာ အသတ်ခံရမည့်ဘေးမှ လွတ်ကင်းပြီး အုပ်ချုပ်မြဲအတိုင်း အုပ်ချုပ်စီရင်ကြရသည်။ ယင်းသောအခါ ယိုးဒယားမြို့သည် မြစ်ရေဝန်းရံလျက် ဖြစ်ချေသောကြောင့် မြို့နှင့်မကူးမသန်း မချဉ်းကပ်နိုင်ရှိလျှင် ဒဝယ်ကြောင်းချီ မဟာနော်ရထာတပ်က စစ်တဲကြီး နေမျိုးဂုဏ္ဏရတ်နှင့်ခုနစ်တပ်၊ မင်းကြီးဇေယသူနှင့် ခုနစ်တပ်၊ မင်းကြီးဂါမဏိစန္ဒနှင့် ခုနစ်တပ်သည် ၂၁ တပ်ကို ယိုးဒယားမြို့ အနောက်မျက်နှာက စွဲရပ်ရံနေစေသည်။

ခေမရာဇာနှင့် ခုနစ်တပ်၊ ရန်ငူးသီရိကျော်ထင်နှင့် ခုနစ်တပ်၊ မင်းငယ်ဇလနှင့် ခုနစ်တပ်၊ သည်တပ်ပေါင်း ၂၁ တပ်ကို မြို့တောင်မျက်နှာက စွဲရပ်ရံနေစေသည်။ ဇင်းမယ်ကြောင်းချီ နေမျိုးသီဟပတေ့တို့ တပ်စုကလည်း ဆပ်ပြာကုန်းဗိုလ်နှင့် ငါးတပ်၊ တုရင်သာရကျော်နှင့် ငါးတပ်၊ သစ်ဆိမ့်ဗိုလ်နှင့် ငါးတပ်၊ သာပန်စာနှင့် ခြောက်တပ်၊ သည် ၂၁ တပ်ကို မြို့အရှေ့မျက်နှာက စွဲရပ်ရံနေစေသည်။

စစ်ကဲကြီး တုရင်ရာမကျော်နှင့် ခုနစ်တပ်၊ ကျော်ခေါင်ကျော်သူနှင့် ခုနစ်တပ်၊ သတိုးမင်းထင်နှင့် ခုနစ်တပ်၊ သည်တပ်ပေါင်း ၂၁ တပ်ကို မြို့မြောက်မျက်နှာက စွဲရပ်ရံနေစေသည်။ ယိုးဒယားမြို့ လေးမျက်နှာ တပ်ပေါင်း ၈၈ တပ်။ နွားကို ခြံလှောင်သကဲ့သို့ ကြည်း၊ ရေ ဝန်းရံပြီးလျှင် မြို့ကိုချဉ်း၍ အကြိမ်ကြိမ်လုပ်ကြံစေသည်ကိုလည်းယိုးဒယားမြို့သည် ကျုံးလည်းနက်သည်။ ကျယ်လည်းကျယ်သည်။ မြို့လည်းမြင့်သည်။ ခိုင်လည်းခိုင်ခန့်သည်။ မြစ်ကိုကူး၍ လုပ်ကြံရသည်။ မြို့ထိပ်ကလည်း ပြောင်းအမြောက် ထူထပ်လှသောကြောင့် မြို့ရင်းသို့တိုင်အောင်မျှ မချဉ်းမကပ်နိုင်ရှိချေ၏။

ယင်းသောအခါ ဗိုလ်မှူး တပ်မှူးတစ်စုတို့က ဗိုလ်ချုပ်မဟာနော်ရထာကို လျှောက်ကြသည်။

"ယခု ယိုးဒယားမြို့ကို အကြိမ်ကြိမ် လုပ်ကြံကြသည်၊ မြို့ရင်းကိုမျှ မချဉ်းမကပ် မရောက်မပေါက်နိုင်ရှိသောကြောင့် မြို့ကိုသာ ရံ၍နေကြရချေသည်၊ မိုးလည်းကျတော့မည်၊ ယခု မိုးကျလျှင် ယိုးဒယားမြို့ပတ်လည် မြစ်ချောင်းများသည် ပင်လယ်နှင့်တစ်စပ်တည်း ဖြစ်ချေသောကြောင့် ကုန်းကျင်းမသိနိုင်အောင် ရေတစ်ပြင်တည်းဖြစ်ချေလျှင် ဆင်မြင်းကိုမျှ ထားစရာ
အောင် အလွန်ခဲယဉ်းခြိမ့်မည်"

ထိုသို့ အခက်အခဲများကို တ
က ပြောသည့်နည်းတူ နောက်တစ်စု
လည်း တစ်မျိုးပြောပြန်၏။

"မိုးလအတွင်း အရံကိုဖြုတ်
မြေကုန်းမြင့်ရာ ဆုတ်နေပြီးလျှင် မိုး
လင်းပွင့်သည့်ကာလမှ ယိုးဒယားမြို့
ရံမြဲရံ၍ လုပ်ကြံရသော် ယိုးဒယား
သည် ကျွန်တော်တို့လက်က လွတ်နိုင်
မည်လော"

ဗိုလ်ချုပ် မဟာနော်ရထာ
လည်း ဤသို့ ပြောပြန်သည်။

"ငါတို့ ကာလအရှည် ယိုးဒယ
မြို့တို ရံနေသောကြောင့် မြို့တွင်းသာ
တို့ ကျဉ်းမြောင်းလျက် ရှိလေပြီးသည်
ယခု ငါတို့အရံကိုဖြုတ်၍ ဆုတ်ခွာရပ်
သည်ရှိသော် မြို့တွင်းသားတို့ ပိုက်
မှလွတ်သော ငါးကဲ့သို့ရှိ၍ အရံမြို့
များနှင့် တစ်ချက်တည်းရှိချေလျှင်
ရိက္ခာ လက်နက်လူသူ အပြည့်အ
ဖြည့်သွင်း၍ သူတို့ ကွန့်ကွန့်လွန့်
ကြံကြိုက်ရာရာ ကြံရချေသည်ရှိသော်
ငါတို့ ဆင်မြင်းလူသူ အပင်ပန်းခံ
ကာလအရှည် မြို့တွင်ရံနေသည့်အ
သည် အကျိုးမဲ့ မဖြစ်ချေပြီလော။

ယင်းသို့ဖြစ်၍ ငါတို့က နော
ကို ရသာ ယူသာသမျှ မျိုးရိက္ခာလည်း
ယူ၍သွင်းထားမည်၊ ဖမ်းဆီးသိမ်း
သမျှ ကျွဲနွားများနှင့်လည်း မျိုးရိက္ခာ
အများရအောင် အနှံ့အစပ် လယ်
လုပ်ဆောင်စိမ့်မည်၊ ဆင်မြင်းဆိုသ
မူကား မြက်ရေကောင်းရာ ကုန်းရှိသ
အရပ်သို့ ပို့ထားမည်၊ ငါတို့ ရံတ
လည်း ယိုးဒယားမြို့ပတ်လည် ရေ
ရာမှာ မြို့တပ်တည်လုပ်ပြီးလျှင်
တပ်နှင့်တစ်တပ်၊ တစ်မြို့နှင့်တစ်မြို့



www.burmeseclassic.com

www.burmeseclassic.com

…မ်းလှမ်းဆက်လက်မိအောင် တပ်တန်း …ရှက်ထိုး၍ ယိုးဒယားမြို့ကို မရသမျှ …ယ်နှစ်တိုင်အောင်ပင် ဖြစ်သော်လည်း …ရုံနေမည်။

အခြားက စစ်ကူစပ်တပ် ရောက် …သော်လည်း အရံကိုမဖြုတ်၊ ဆင်မြင်း …သူစွဲ၍ ဆီးကြိုတိုက်လံမည်၊ သည် …ဲ့သို့ လုပ်ကြံလျှင် မင်းနှင့်တကွ ယိုး …သား တစ်မြို့လုံး ငါတို့လက်က လွတ် …မည်လော"

ထိုသို့ ဗိုလ်ချုပ်မဟာနော်ရထာ …သည်ကို ဗိုလ်ချုပ်နေမျိုးသီဟပတေ့ …သော ဗိုလ်မှူး တပ်မှူးအပေါင်းတို့ …ကြိုက်ညီကြလေ၏။

ယင်းသောအခါ ရေကြီးစပြု၍ …ောင်းပေါက် မြစ်ပေါက်များသို့ ရေဝင် …ောက်လျှင် ဆင်မြင်းဆိုသမျှကို တပ်မှူး …ပ်အုပ်ခန့်၍ မြက်၊ ရေကောင်းရာ …လွတ်ရာကုန်းများသို့ စည်းကြပ်ဆုတ် …ရ၏။ ထို့နောက် ငါးရက်ခန့်ရှိလျှင် …အလွန်ကြီး၍ ယိုးဒယားမြို့ပတ်လည် …ာသမုဒ္ဒရာကဲ့သို့ ဖြစ်လေ၏။

ထိုအခါ တပ်တော်များတွင် …တ်စီ၍ မြေဖို့ပြီးလျှင် ရဲလှေတော် …များ လုပ်ဆောင်ကြရသည်။ ထိုရဲလှေ …ပေါင်းတွင် ရွေထည့်ကောင်းသည့် …များကို ရွေထည့်သည်။ အနီသုတ် …ောင်းသည့် လှေများကိုလည်း အနီ …တ်သည်။

## ဗိုလ်ချုပ် မဟာနော်ရထာ

ယင်းသောအခါ ယိုးဒယားမင်း … အမတ်ကြီးပြသံ လျှောက်၏။

"အဝမြို့နှင့် ဒွါရာဝတီမြို့သည် …သိန်းကျော် ခြောက်သိန်းခန့်ကွာ …တို့ ဆင်မြင်းရဲမက် လက်နက် …သာ မျိုးရိက္ခာအစုံနှင့် ဗိုလ်မှူးနှစ်ဦး ချီတက်လာ၍ ကျွန်တော်တို့ နိုင်ငံအလုံးကို ထောင်းထောင်းကြေအောင် ဖျက်ဆီးသောကြောင့် ကြည်းအား ရေအား အမတ်ဗိုလ်မှူးတို့ကို ခန့်ထား၍ ဆီးဆို့ရပ်စေသည်ကို မြို့တွင် ပေါက်စဖြစ်သော ကြက်သူငယ်သည် သိမ်းစွန်ဖြစ်သော သားရဲငှက်တို့၏အရိပ်ကို မကြည့်ဝံ့ဘိသကဲ့သို့ ဆိုင်ပြိုင်မိလေသမျှ အရေးသည် မည်သည့်ကာလတွင်မျှ စစ်မျက်နှာ လှဖူးသည်မရှိချေ။

ဘုန်းကြီးသည် အရှင်မူကား မင်းတို့ကျင့်ရာသည့် တရားအပေါင်းကို နေ့ည နှလုံးသွင်းတော်မူလျက် ကျွန်တော်တို့မှူးမတ်မှစ၍ အမှုထမ်း အရာထမ်း အပေါင်းတို့၌ ပရိစ္စာဂ အဇ္ဇဝ အဝိဟိံသဍာရား သုံးပါးနှင့်အညီ သိမ်းပိုက်ပြုစုတော်မူသည်ကိုလည်း သမ္မာနတ်အပေါင်းတို့ သိလေပြီ။

သို့စင် ကျေးဇူးတော်ကို မပြတ်ခံစားကြလျက် စားရသောကား ဝမ်းသာ၊ စေပါသော်ကား စည်းဖမ်းမည်ကဲ့သို့ဆိုသော ရှေးသူဟောင်းတို့ စကားနှင့်ညီလှသောကြောင့် ကျေးဇူးတော်ကို အောက်မေ့လိုက်တိုင်း အချိန် တစ်ထောင်ရှိသော ဝန်ကို ဦးခေါင်းထမ်းရွက်၍ နေရဘိသကဲ့သို့ ဝန်လေးလှသောကြောင့် ဘဝအဆက်ဆက် ဆပ်သော်လည်း မပိုင်နိုင်ရာ။

သို့ဖြစ်၍ ကျွန်တော်ကြိုက်သည့် ရဲလှေသမ္ဗန်များတွင် ရွေးရရဲမက် လက်နက်ကိရိယာအပြည့်တင်ပြီးလျှင် မဆုတ်မနစ် မြို့အနောက်တွင် စွဲရပ်သည့် တပ်စုကို တိုက်မည်၊ သည်တစ်စု ပျက်လျှင် မြို့မြောက်ကိုလှည့်၍ ဇင်းမယ်ကြောင်း ချီလာသော တပ်စုကို တိုက်မည်၊ သည်တပ်စု မပျက်သမျှ မြို့တွင်းသို့ မဝင်ပြီ၊ သူ့လက်တွင် သေစေတော့"

ယိုးဒယားမင်းသည် အလွန်အားရသောကြောင့် အမတ်ကြီးပြသံကို အကြော့အမော့ အတင့်အတယ် ဝတ်စားတန်ဆာ ဆင်ယင်စေပြီးလျှင် ရဲမက်ငါးရာစီးသော ရဲလှေကြီးတွင်တင်၍ ရွေးရလူ ရှစ်သောင်းငါးထောင်ကို ရဲလှေနှစ်ထောင်၊ သမ္ဗန်ငါးရာတွင် စီးစေကာ စိန်ပြောင်းအမြောက် စီစဉ်ခင်းကျင်းလျက် အောင်တံခွန်ဖြန့်၍ မြို့အနောက် မဟာနော်ရထာတို့ တပ်စုကို တိုက်မည်ဟု ထွက်လာသည်။

ယင်းကို ရဲတပ်တော်များက မြင်၍ ဗိုလ်ချုပ်မဟာနော်ရထာကိုလျှောက်ထားသိလျှင် စစ်ကဲကြီးတုရင်ရန်ကျော်နှင့် တိုက်လှေတစ်ရာ၊ သူရိန်တန်ဆောင်နှင့် တိုက်လှေတစ်ရာ၊ နန္ဒာဘယကျော်ထင်နှင့် တိုက်လှေတစ်ရာ၊ လက်ဝဲကောင်းထွတ်နှင့် တိုက်လှေတစ်ရာ၊ သူရိန်ရန်နိုင်နှင့် တိုက်လှေတစ်ရာ၊ သမိန်ကျော်ခေါင်နှင့် တိုက်လှေတစ်ရာ။

တပ်ပေါင်း ခုနစ်တပ်၊ တိုက်လှေ ခုနစ်ရာများတွင် စစ်သည်သူရဲ သုံးသောင်းငါးထောင် တင်၍ ပြောင်း အမြောက် စီစဉ် ခင်းကျင်းပြီးလျှင် အောင်တံခွန်ဖြန့်လျက် တိုက်စည်တိုက်မောင်း စသော နှဲ၊ ခရာ၊ ပုံသာ၊ လင်းကွင်း တီးမှုတ်လျက် လှေဦးရွယ်ကာ ယိုးဒယားလှေသမ္ဗန်များသို့ မဆုတ်မနစ် ဝင်၍တိုက်သည်။

ယိုးဒယား မြို့ထိပ်ကလည်း အမြောက် မြတ်ပူများနှင့် ပစ်လွှတ်သည်ကို ရဲမက်တော်တို့ အကြောက်အရွံ့မရှိ၊ လှေချင်းနီးလျှင် ချွန်းနှင့်ဆွဲငင်၍ သူ့လှေပေါ်သို့ တက်ပြီးလျှင် လက်ဝဲ လက်ယာ ထိုးခုတ်ရိုက်ချသည်။

တိုက်လှေသမ္ဗန် များပြားလှသောကြောင့် အထွေးထွေး အရော

www.burmeseclassic.com

ရော တိုက်ကြသည်တွင် ယိုးဒယား အမတ်ကြီး ဖြသံလည်း အားကြိုးမာန်တက် လှေဦးလျှောက်တုံ ပဲ့လျှောက်တုံ ကွပ်ကဲဆော်ဘန်သည်ကို ရဲလှေတော် အစင်းနှစ်ဆယ်ခန့် ဝန်းရံတိုက်သည်တွင် လှေစီးရဲမက်တို့ကို ပြောင်းသေနတ် ထိခိုက်၍ အကုန်သေသော်လည်း လက်မချသည်ကိုမြင်လျှင် အမြောက်မှူး ငစံထွန်း လှေယှဉ်၍ဖမ်းရန် လှေဦးလှည့်၍ ဝင်လာသည်ကို အမတ်ကြီးဖြသံက ငေါက်ငမ်း၏။

"နင့်ကိုသာ ဖမ်းမည်ဟု လာသည်၊ ငါ အညှံ့ခံထွက်မရှိ"

အမတ်ကြီးဖြသံသည် လက်နက်နှင့်တကွ ငစံထွန်းစီးသည့် လှေဦးသို့ ခုန်တက်သည်ကို အမြောက်မှူးငစံထွန်း အမြောက်ထိုးတံနှင့် ရိုက်၍ အရှင်ရလိုက်သည်။ ယိုးဒယား ဗိုလ်မှူး တပ်မှူးတို့လည်း အမတ်ကြီးဖြသံကို စီးသည့် ရဲလှေထက်တွင် မမြင်လျှင် -

"ငါတို့ စစ်သူကြီး ကျလေပြီ" ဟု ကိုယ်စီအသက်လွတ်ရာ မြို့တွင်းသို့ဝင်ပြေးကြလေ၏။

ဗိုလ်မှူး ခုနစ်ဦးသားတို့လည်း လှေနှင့်လိုက်၍ သုံ့ပန်းဖမ်းယူကြသည်။ ယိုးဒယားတို့၏ရဲလှေတစ်ထောင်ကျော်၊ သမ္ဗန်ငါးရာနှင့်တကွ သုံ့လူ ငါးသောင်းကျော် အရှင်ရလိုက်သည်။ သေလေသည်လည်း များ၏။ ထိုသူတို့ကိုလည်း ကောင်းမွန်စွာ စားသောက်နေစေပြီး တပ်တော်များ ဆိုက်ရောက်လာသည့်ကာလ အသက်လွတ်ရာ တောအုံတောင်ကမ်း ခိုနေသူတို့ကို အသီးသီးလွှတ်၍ ရှာဖွေစေသည်။

မြို့တိုင်း ရွာတိုင်း တောအုံရှောင်နေသူ မိန်းမယောကျာ်းအများ ချမ်းသာစွာ ဝင်ရောက်နေထိုင်ကြသည်။ ထိုသူ အပေါင်းတို့တွင် ခေါင်းအကြီးပြုသူတို့ကို သစ္စာတော်ပေး၍ အမှုတော်ကိုထမ်းရွက်စေ၏။

ထို့နောက် ဆယ်ရက်ခန့်ရှိလျှင် အမတ်ကြီး ဘယားကူ ရတစ်သည် ရဲလှေ တစ်ထောင်၊ ကတ္တူငါးရာတွင် ရဲမက် ငါးသောင်းတင်ပြီးလျှင် ပြောင်းအမြောက် စီစဉ်ခင်းကျင်းလျက် ဇင်းမယ်ကြောင်းချီလာသော မြို့အရှေ့တွင် စွဲရပ်သည့်တပ်စုကိုတိုက်မည်ဟု အောင်တံခွန်ဖြန့်လျက် ဗုံမောင်းတီး၍ ထွက်လာသည်ကို ရံတပ်တော်များက မြင်၍ ဗိုလ်ချုပ်နေမျိုးသီဟပတေ့ကို လျှောက်ထားသိလျှင် စစ်ကဲကြီးကျော်ထင်သီဟသူ၊ ဥဒိန်နန္ဒကျော်၊ ဒင်္ဂသမန်၊ လက်ဝဲစကြာ၊ တုရင်ဗလကျော်တို့ ငါးတပ်ကို လူငါးထောင်နှင့် ဇင်းမယ်ကလာသည့် မဲပိန်မြစ်နား ဥယျာဉ်ရွာက နေစေသည်။

သတိုးမင်းထင်၊ ရဲထင်အာကာ၊ နန္ဒရာဇာ၊ ဒီပရဲထွတ်၊ ရွှေတောင်အိန္ဒသူတို့ ငါးတပ် လူငါးထောင်နှင့် ဥယျာဉ်ရွာတစ်စုဘက် မဲပိန်မြစ်နားတွင် နေစေသည်။ လက်ဝဲ၊ လက်ယာစစ်နှစ်ကြောင်း မြှုပ်ထားပြီးလျှင် ကျော်ခေါင်ကျော်သူ၊ တုရင်ရာမကျော်၊ ရွှေတောင်စည်သူ၊ ဗညားရံတဲ၊ ဆပ်ပြာတုန်းဗိုလ်၊ သစ်ဆိမ့်ဗိုလ်၊ ပြင်ဦးဗိုလ်၊ ရုံးခါးစားတို့ ရှစ်တပ်ကို တိုက်ဆင်နှစ်ရာ စစ်သည်သူရဲ တစ်သောင်းနှင့် ပြောင်းအမြောက်ဖျော်ဖျော်ပစ်လွှတ်၍ ဆီးခံတိုက်စေသည်။

ထိုအခါ ယိုးဒယား ဗိုလ်မှူး တပ်မှူးအပေါင်းတို့လည်း လှေပါ၊ လူပါ အရဖမ်းမည်ဟု ရဲလှေတစ်သောင်း၊ သမ္ဗန်ငါးရာနှင့် တစ်လုံးတည်းဖိ၍ လိုက်လာသည်ကို တိုက်လှေတော်စီး တပ်မှူးရှစ်ဦးတို့လည်း ဆင်ကျုံးရပ်ကသည် ဥယျာဉ်ရွာသို့ စစ်ရေးငင်ပြီးလျှင် မဲပိန်မြစ်နှစ်ဖက် မြှုပ်ထားသည့်တပ်စုနှင့် ဆီတည့်ရောက်လျှင် တိုက်လှေတော် နှစ်ရာလုံး ကြွကြွခံ၍ ပစ်ခတ်သည်။ လက်ဝဲ၊ လက်ယာ မြှုပ်ထားသည့် တပ်တော်များကလည်း အမြောက်ကြီး ...တံပူအများနှင့် မီးပေါက်မိုးရွာသကဲ့သို့ ပစ်ခတ်လျှင် ယိုးဒယားတို့လည်း စစ်သုံးမျက်နှာ ဝန်းရံတိုက်လေသည်ကို မခံနိုင်၍ အပြင်းဆုတ်ခွာကြလေ၏။

လှေစီးတပ်မှူးနှင့်တကွ တိုက်လှေ တစ်ရာကျော်၊ လူငါးထောင်ကျော် အရှင်ရလိုက်သည်။ သေလေသည်လည်း များ၏။ ယိုးဒယားမင်းလည်း ထွက်၍တိုက်လံစေသမျှ စစ်သည်...မည်သည့်ကာလတွင်မျှ အောင်မြင်သည်ဟူ၍ မရှိချေသောကြောင့် မှူးမတ်ပြည်သူတို့နှင့်တကွ အံလွန်ကြောင့်ကြခြင်း ကြီးစွာဖြစ်၍ မြို့တံခါးကို အုတ်အပြည့်စီကာ ပတ်ပြီးလျှင် မြို့ကိုသာ လုံခြုံခိုင်ခံ့အောင် စီရင်၍ အခိုင်နေလေ၏။

ထို့နောက် ရေပြန်ကျလျှင် ယိုးဒယားမင်းလည်း မင်းညီမင်းသား မှူးမတ်တို့နှင့် တိုင်ပင်ကြပြီးလျှင် အားသ...ပြန်၍ တိုက်ဆင် သုံးရာ၊ လှည်းရထားတင် အမြောက် ငါးရာ၊ စစ်သည်သူ...သုံးသောင်းနှင့် အမတ်ကြီးဘယားတို...ကို အချုပ်ခန့်ပြီးလျှင် မြို့အနောက်တွင် စွဲရပ်သည့် မဟာနော်ရထာတို့တပ်စု...ထွက်၍တိုက်ရမည်ဟု တစ်ကြောင်း။

တိုက်ဆင် သုံးရာ၊ လှည်းရထားတင် အမြောက် ငါးရာ၊ စစ်သည်သူ...သုံးသောင်းနှင့် အမတ်ကြီးဗညားဖြန...ကို အချုပ်ခန့်ပြီးလျှင် မြို့အရှေ့မြောက်တွင် စွဲရပ်သည့် နေမျိုးသီဟပတေ့...တပ်စုကို တိုက်ရမည်ဟု တစ်ကြောင်း...





www.burmeseclassic.com

ww.burmeseclassic.com

စစ်နှစ်ကြောင်း တစ်နေ့တည်း အညီအညွတ် ထွက်လာသည်ကို ရဲတပ်တော်များက မြင်၍ ဗိုလ်ချုပ်မဟာနော်ရထာ၊ ဗိုလ်ချုပ်နေမျိုးသီဟပတေ့တို့ကို လျှောက်ထားသိလျှင် မဟာနော်ရထာတပ်စုက စစ်ကဲကြီး နေမျိုးဂုဏ္ဏရတ်၊ ငုင်းတုရင်ရန်အောင်ကျော်၊ သီရိဇေယျကျော်စွာ၊ နော်ရထာကျော်စွာ၊ စတုငါမဏိ၊ သီရိရန္တမိတ်ကျော်ထင်တို့ကို တိုက်ဆင် တစ်ရာ့နှစ်ဆယ်၊ မြင်း တစ်ထောင့်နှစ်ရာ၊စစ်သည်သူရဲတစ်သောင်းနှစ်ထောင်နှင့် ဆီးကြိုတိုက်စေသည်။

ရဲမက်တော်အပေါင်းတို့လည်း ယိုးဒယားသားတို့ကိုမြင်လျှင် သိမ်းစွန်ရဲငှက်တို့သည် အစာဖြစ်သော ကြက်သူငယ်ကိုမြင်၍ အားကြီးမာန်တက် စိစိရွပ်ရွပ် ဖမ်းယူဘိသကဲ့သို့ သူ့ဆင်ပုံမြင်းပုံသို့ အပြင်းဝင်၍ ပစ်ခတ်ထိုးခုတ်သည်။ ယိုးဒယားတို့ မခံနိုင်၍ ဆင်ပါမြင်းပါ ဆုတ်ခွာရလေ၏။

ဆင်တစ်ရာကျော်၊ မြင်းနှစ်ရာကျော်၊ လူတစ်ထောင်ကျော် အရှင်ရလိုက်သည်။ သေလေသည်လည်း များ၏။ နေမျိုးသီဟပတေ့တို့ တပ်စုကလည်း စစ်ကဲကြီးကျော်ထင်သီဟသူ၊ ငုင်းတုရင်ရာမကျော်၊ တပ်မှူး ကျော်ခေါင်ကျော်သူ၊ သီရိရာဇသင်္ကြံ၊ သီရိနန္ဒကျော်ထင်၊ ဗညားလောတို့ကို တိုက်ဆင် တစ်ရာ့နှစ်ဆယ်၊ မြင်း တစ်ထောင့်နှစ်ရာ၊ စစ်သည်သူရဲ တစ်သောင်းနှစ်ထောင်နှင့် ဆီးကြိုတိုက်စေသည်။

ရဲမက်တော်အပေါင်းတို့လည်း ယိုးဒယားသားတို့ကိုမြင်လျှင် ငှက်ငယ်အစ်ကောင်မျှ ပမာမမှတ်၊ သူ့ဆင်ပုံမြင်းပုံသို့ဝင်၍ ပစ်ခတ်ထိုးခုတ်သည်။ ယိုးဒယားတို့ မခံနိုင်၍ ဆင်ပါ မြင်းပါ ဆုတ်ခွာရလေ၏။ ဆင်တစ်ရာကျော်၊ မြင်းနှစ်ရာကျော်၊ လူတစ်ထောင်ကျော် အရှင်ရလိုက်သည်။ သေလေသည်လည်း များ၏။

ယိုးဒယားမင်းလည်း အကြိမ်ကြိမ်မြို့တွင်းကထွက်၍ တိုက်စေသမျှ ဆင်မြင်းရဲမက်အပေါင်းတို့ သေကြေနစ်မွန်း ဆုံးပါးရှိသည်ကိုမျှ လက်မချ။ သဘော်သမွန် ခလုတ်အများစီရင်၍ အမြောက် မြတံမူ လက်နက်ကိရိယာ အစုံနှင့် ရဲမက်အပြည့်တင်၍ ရေကရပ်ခံစေသည်။ ကုန်းကလည်း ယိုးဒယားမြို့ပတ်လည် ကျုံးပြင်က တာငါးရာအကျယ်ရှိသော အုတ်မြို့ပေါင်းငါးဆယ်၊ နေ့ည အလျင်တည်လုပ်ပြီးလျှင် မျိုးရိက္ခာအပြည့်သွင်း၍ ဆင်မြင်းရဲမက် လက်နက်ကိရိယာ အစုံအလင်နှင့် မြို့ထိပ်များတွင် မြို့စီးပြစီး အပြည့်တင်ပြီးလျှင် ပြောင်းအမြောက်.စီစဉ်ခင်းကျင်းလျက် လောက်လွှဲ၊ တုံး၊ မောင်း စသော ဆင်ခလုတ်၊ မြင်းခလုတ်၊ ကတုတ်၊ ဆူးပြောင့်၊ မတာန်းထွင်းကျင်း၊ မြင်းတားများနှင့် ရေကလည်း တံစုန်း၊ သစ်ငုတ်၊ ခလုတ် အပြည့်စိုက်ထားပြီးလျှင် ထွက်၍ မတိုက်ဘဲ သံမြို့နှင့်အတူ ကြံ့ကြံ့ခံနေလေ၏။

ထိုအခါ ယိုးဒယားမြို့ကို မင်းနှင့်တကွ နေ့ရက်မရှည်မကြာ တိုက်လံသိမ်းယူရမည်ဟု အမိန့်တော် ရောက်သောကြောင့် ဗိုလ်ချုပ်နှစ်ဦးနှင့် ဗိုလ်မှူးတပ်မှူးအပေါင်းတို့ ညီညွတ်တိုင်ပင်ကြသည်တွင်/ ဒဝယ်ကြောင်းချီ ဗိုလ်ချုပ်မဟာနော်ရထာ ဆိုသည်။

“ယိုးဒယားမြို့ကို လုပ်ကြံရမည်၊ ဘဝရှင် မင်းတရားကြီးဘုရား အမိန့်တော်ကို ဦးထိပ်ရွက်၍ ငါတို့ ဗိုလ်မှူးတပ်မှူး သူရဲသူခက်အပေါင်းတို့ ချီလာ၍ ခရီးလမ်းတစ်လျှောက် မြို့ပြများတွင် ခုခံလေသမျှ တပ်စုများကို တိုက်ဖျက်၍ ယိုးဒယားမြို့ရောက် ချီတက်ဝန်းရံနေသည်ကို ယိုးဒယားမင်းအမတ် ဗိုလ်မှူးတပ်မှူး သူရဲသူခက်တို့ မြို့တွင်းကထွက်၍ အကြိမ်ကြိမ်တိုက်လာသည်။

ယင်းကို ငါတို့က ဗိုလ်မှူး တပ်မှူး သူရဲသူခက်အပေါင်းတို့ ဖမ်းဆီးသတ်ညှစ်၍ ဆင်မြင်းလူသူ မရေမတွက်နိုင်အောင် သေကြေနစ်မွန်းသည်ကိုလည်း အညှံ့မခံ၊ ရေကြီး၍ မဟာသမုဒ္ဒရာကဲ့သို့ ဖြစ်သောအခါ ရဲလှေသမွန်များကို စီရင်၍ အကြိမ်ကြိမ် မြို့တွင်းက ထွက်ပြီးတိုက်လာသည်ကို စစ်သူကြီးပြည်သူနှင့်တကွ ရဲလှေသမွန်များကို သိမ်းယူဖမ်းဆီး၍ လှေ၊ လူ အနည်းငယ်မျှသာ မြို့တွင်းသို့ ဝင်နိုင်လေသည်။

ရေကျပြန်လျှင်လည်း အင်ကြီးအားကြီးဖြင့် မြို့တွင်းကထွက်လာသည်ကို ကြွက်ငယ်သည် တောကြောင်ရှေ့လမ်းမှားလေသကဲ့သို့ မရေမတွက်နိုင်သော ဆင်မြင်းဗိုလ်ခြေအပေါင်းတို့ သေကြေပျက်စီးခြင်းသို့သာ ရောက်ရသည်ကိုလည်း လက်မချ၊ ယခု မြို့ငယ် အရံ ငါးဆယ်တည်၍အခိုင်နေသည်မှာ အလောင်းတော် မဟောသဓသုခမိန်အမတ်သည် ပဉ္စာလစန္ဒီ စသော မင်းသမီး မင်းသားအပေါင်းကို ဥမင်မှ ဆောင်ယူလေသကဲ့သို့ ငါတို့ကလည်း မြို့ကိုမြို့ချင်းယှဉ်၍ တည်လုပ်ပြီးလျှင် ဥမင်တူးဖောက်၍ ယိုးဒယားမင်းမှအစ မင်းမိဖုရား၊ မင်းသား၊ မင်းသမီး၊ မှူးမတ်ပြည်သူတို့ကို အရယူမည်”

ဇင်းမယ်ကြောင်းချီ ဗိုလ်ချုပ်နေမျိုးသီဟပတေ့ စသော ဗိုလ်မှူး၊ တပ်မှူးအပေါင်းသည် ယင်းစကားကို အကြိုက်ညီကြ၍ အရံမြို့တည်မည်ကို



www.burmeseclassic.com

www.burmeseclassic.com

စည်းကြပ်စီရင်ကြသည်ကား ဤသို့ဖြစ်သည်။

ဇင်းမယ်ကြောင်းချီ ဗိုလ်ချုပ်နေမျိုးသီဟပတေ့မှာ ယိုးဒယားမြို့အရှေ့မြောက် တာလေးရာအကွာတွင် အဝန်းတာ သုံးရာ့နှစ်ဆယ်၊ မြို့ရပ် ခုနစ်တောင်၊ ရွှေတောင်စည်သူမှာ ယိုးဒယားမြို့အနောက်မြောက်အဝန်းတာ နှစ်ရာ၊ မြို့ရပ် ခုနစ်တောင်၊ ပုညကျော်ထင်မှာ ၎င်းမြို့အရှေ့အဝန်းတာတစ်ရာ့ငါးဆယ်၊ မြို့ရပ် ခုနစ်တောင်၊ ချောင်းဦးဗိုလ်မှာ ၎င်းမြို့အရှေ့ မြို့တွင်းသို့ စီးဝင်သည့် မြစ်အရှေ့ဘက်တွင်အဝန်းတာ တစ်ရာ့ငါးဆယ်၊ မြို့ရပ် ခုနစ်တောင်၊ ကျော်ခေါင်ကျော်သူမှာ ၎င်းမြို့အရှေ့ ဆင်ကျုံးတွင်ထပ်၍ အဝန်းတာ သုံးရာ၊ မြို့ရပ် ရှစ်တောင်၊ နေမျိုးသီဟပတေ့မှာ မြောက်မျက်နှာကို ငါးမြို့တည်သည်။

ဂီရိနဂရမှာ ဆင်ကျုံးခံမြို့အရှေ့တောင်ယွန်းတွင် အဝန်းတာ တစ်ရာ့ငါးဆယ်၊ မြို့ရပ် ခုနစ်တောင်၊ တုရင်ရှာမကျော်မှာ ၎င်းမြို့အဝန်းတာ တစ်ရာ့ခုနစ်ဆယ်၊ မြို့ရပ် ခုနစ်တောင်၊ တုရင်ရန်ကျော်မှာ ၎င်းမြို့တောင် အဝန်းတာ တစ်ရာ့ခုနစ်ဆယ်၊ မြို့ရပ် ခုနစ်တောင်၊ သီရိသာရကျော်စွာမှာ ၎င်းမြို့တောင် အဝန်းတာ တစ်ရာ့ခုနစ်ဆယ်၊ မြို့ရပ် ခုနစ်တောင်။

သီရိရာဇသင်္ကြံမှာ ၎င်းမြို့တောင် အဝန်းတာ သုံးရာ၊ မြို့ရပ် ခုနစ်တောင်၊ အရှေ့မျက်နှာကို ငါးမြို့ တည်သည်။ရွှေတောင်ကျော်စွာမှာ ယိုးဒယားမြို့ အရှေ့တောင်တွင် အဝန်းတာ တစ်ရာ့ငါးဆယ်၊ မြို့ရပ် ခုနစ်တောင်၊ တေဇပလကျော်မှာ ၎င်းမြို့အနောက် အဝန်းတာ တစ်ရာ့ခုနစ်ဆယ်၊ မြို့ရပ် ခုနစ်တောင်၊ သိဒ္ဓိကျော်သူမှာ ၎င်းမြို့အနောက် အဝန်းတာ နှစ်ရာ၊ မြို့ရပ် ခုနစ်တောင်၊ မင်းကြီး ဇေယသူမှာ ၎င်းမြို့ အနောက် ဘန်ကောက်မြစ်အရှေ့ဘက်ကမ်းတွင် အဝန်းတာနှစ်ရာ မြို့ရပ် ခုနစ်တောင်၊ ၎င်းမြို့အနောက် ယိုးဒယားမြို့တွင်းသို့ စီးဝင်သည့် ဘန်ကောက်မြစ်ကို ရဲလှေသမ္ဗန်သင်္ဘော မထွက်မဝင်နိုင်အောင် မြစ်အရှေ့ဘက် အနောက်ဘက် ခတ်မိအောင် သံကြိုးတန်းသည်။

နန္ဒဥဒိန်ကျော်ထင်မှာ ဘန်ကောက်မြစ် အနောက်ဘက်ကမ်းတွင် မင်းကြီးဇေယသူ တည်သည့်မြို့နှင့် မြစ်တစ်ဖက်တစ်ချက် လှမ်းမီကမ်းမီ အဝန်းတာ တစ်ရာ့ငါးဆယ် မြို့ရပ်ခုနစ်တောင် တည်လုပ်ရသည်။ ဗလနန္ဒကျော်ထင်မှာ ၎င်းမြို့အနောက် အဝန်းတာ တစ်ရာ့ငါးဆယ် မြို့ရပ်ခုနစ်တောင်။ လက်ဝဲကျော်စွာမှာ ၎င်းမြို့အနောက် အဝန်းတာ တစ်ရာ့ခုနစ်ဆယ် မြို့ရပ် ခုနစ်တောင်။

ရန်ငူးသီရိကျော်ထင်မှာ ၎င်းမြို့အနောက် အဝန်းတာတစ်ရာ့ခုနစ်ဆယ်၊ မြို့ရပ် ခုနစ်တောင်။ နန္ဒမိတ်စည်သူမှာ ယိုးဒယားမြို့အနောက်တောင်ထောင့် အဝန်းတာ သုံးရာ၊ မြို့ရပ် ခုနစ်တောင်။ တောင်မျက်နှာ အရှေ့တောင်ထောင့်တွင် ရွှေတောင်ကျော်စွာ တည်သည့်မြို့က ဘန်ကောက်မြစ်အရှေ့ဘက်ကမ်းနဖူးတွင် မင်းကြီးဇေယသူတည်သည့်မြို့ပါ လေးမြို့။ ဘန်ကောက်မြစ်အနောက်ဘက်ကမ်းနဖူးတွင် နန္ဒဥဒိန်ကျော်ထင် တည်သည့်မြို့က ယိုးဒယားမြို့အနောက်တောင်ထောင့် နန္ဒမိတ်စည်သူ တည်သည့်မြို့ပါ ငါးမြို့။

ရွှေတောင်လက်ဝဲနော်ရထာ မှာ နန္ဒမိတ်စည်သူတည်သည့်မြို့ မြောက် အဝန်းတာ တစ်ရာ့ခုနစ်ဆယ်၊ မြို့ရပ် ခုနစ်တောင်။ လက်ယာဗလမှာ ၎င်းမြို့မြောက် အဝန်းတာ တစ်ရာ့ခုနစ်ဆယ်၊ မြို့ရပ် ခုနစ်တောင်။ ဇင်းမယ်ကြောင်းချီ ဗိုလ်ချုပ်နေမျိုးသီဟပတေ့မှတစ်ပါး ဆိုခဲ့သမျှ မြို့များမှာ ယိုးဒယားမြို့ ကျုံးတစ်ဖက်က ချဉ်း၍တည်ရသည်။

စတုဂါမဏိမှာ ယိုးဒယားမြို့အနောက်မြောက်ခပ်ယွန်း တာငါးရာကွာ ဟံသာဝတီဆင်ဖြူများရှင် တည်သည့် ဘုရားကိုပတ်၍ အဝန်းတာ သုံးရာ၊ မြို့ရပ် ခုနစ်တောင်။ ၎င်းမြို့အနောက် တာတစ်ထောင်ကွာအရပ်တွင် အဝန်းတာ ငါးရာ၊ မြို့ရပ် ကိုးတောင်တည်လုပ်၍ ဒဝယ်ကြောင်းချီ ဗိုလ်ချုပ်မဟာနော်ရထာ စွဲရပ်တည်။

ယိုးဒယားမြို့ လေးမျက်နှာ၊ အုတ်မြို့ပေါင်း နှစ်ဆယ့်ခုနစ်မြို့ကို တံခါးပြူ တန်ဆောင်းနှင့်တကွ နတ်ဖန်သကဲ့သို့ပြီးလျှင် မြို့တိုင်း ပြဝစ်စင်အများတည်လုပ်၍ အမြောက်ကြီး မြတ်ပူတင်ပြီးလျှင်၊ ယိုးဒယားမြို့တွင်းသို့ နေ့ညမလပ် မီးပေါက်မိုးရွာသကဲ့သို့ ပစ်ခတ်စေသည်။ မြို့တွင်းသားတို့လည်း မြို့စီးမြှစီးများကို အစားအသောက် အဝိဇ္ဇအသမှုစ၍ အကူးအသန်း အသွားအလာများတွင် ထိခိုက်သေဆုံးသည်များပြားလှသောကြောင့် အလွန်ကျဉ်းမြောင်း၍ ရှိချေ၏။

ယင်းသောခါ သုဝန်ခလောက်၊ ပိဿလောက်၊ သောက္ကတဲ၊ ဘန်နာစသော ပြင်ကျေးရွာသားတို့ စုရုံးတိုင်ပင်ပြီးလျှင် ဆင်နှစ်ရာ၊ မြင်းနှစ်ထောင်၊ ရဲမက် နှစ်သောင်းနှင့်ချီလာ၍ ယိုးဒယားမြို့မြောက် ငါးတိုင်ကွာ ကန်တောရွာသို့ ရောက်ကြောင်းကို ဗိုလ်ချုပ်နှစ်ဦးကြားသိလျှင် ဇင်းမယ်ကြော[illegible]င်းချီဗိုလ်



www.burmeseclassic.com

www.burmeseclassic.com

တ သီရိရာဇသင်္ကြံကို တိုက်ဆင်တစ်ရာ၊ မြင်းနှစ်ရာ၊ စစ်သည်ရဲမက် သုံးထောင် ပေးအပ်၍ အရှေ့ကြောင်းချီစေသည်။

အနောက်ကြောင်းမှာလည်း ဒဝယ်ကြောင်းချီတပ်စုမှ သီရိနန္ဒကျော်ထင်ကို တိုက်ဆင်တစ်ရာ၊ မြင်းနှစ်ရာ၊ စစ်သည်ရဲမက် သုံးထောင်ပေးအပ်၍ ကွန်တော်ရွာတွင်ရပ်နေသည့် ယိုးဒယားတပ်စုကို တိုက်ရမည်ခန့်၍ တပ်မှူးနှစ်ဦး အလျင်အမြန် ချီသွားစေသည်။ တပ်မှူးနှစ်ဦးလည်း ကွန်တော်ရွာသို့ ရောက်လျှင် ယိုးဒယားအများ ကျွန်တော်ခံ ဝင်ရောက်ကြသည့်လူတို့တွင် ရွေးချယ်၍ လူတစ်ထောင်ကျော်ရသည်တို့ တပ်ဖွဲ့ပြီးလျှင် ဒေဝစက္ကသူကို တပ်မှူးခန့်၍ ရှေ့ဦးချီစေသည်။

သီရိရာဇသင်္ကြံ၊ နန္ဒကျော်ထင်တို့ နှစ်တပ်လည်း နောက်က လက်ဝဲလက်ယာ စစ်မကန်းဆင်လျက် သုံးတပ်လုံး လှမ်းမီကမ်းမီချီ၍ သူ့တပ်အနီးသို့ ရောက်လျှင် ဒေဝစက္ကသူ ယိုးဒယားလူတစ်ထောင့်ကျော်နှင့် ရှေ့ချီလာသည်ကို ယိုးဒယားတို့မြင်ရာ အခြားမြို့ရွာများက စစ်ကူစစ်တပ်ရောက်လာကြသည်ထင်၍ အမှတ်မဲ့နေသည်ကို ဒေဝစက္ကသူ၊ သီရိရာဇသင်္ကြံ၊ နန္ဒကျော်ထင်တို့ သုံးတပ်လုံး ဆင်ပါ၊ မြင်းပါ၊ လူခုနှစ်ထောင်ကျော်နှင့် အပြင်းဝင်၍တိုက်သည်။

ယိုးဒယားတို့ မရပ်မခံနိုင်၍ အသက်လွတ်ရာ တောကြိုတောင်ကြားသို့ ဝင်ပြေးကြလေ၏။ ဆင်တစ်ရာကျော်၊ မြင်းနှစ်ရာကျော်၊ လူတစ်ထောင်ကျော် အရှင်ရလိုက်သည်။ သေလေသည်လည်း များ၏။ တပ်မှူး သုံးဦးသည်း ရသည့်ဆင်မြင်း လူသူတို့ကို ဆောင်ယူပြန်ခဲ့၍ ရဲတပ်မြို့တော်သို့ ရောက်လာသည်။

ယင်းသောအခါ ယိုးဒယားမင်းလည်း မင်းညီမင်းသား စသော အမှူးအမတ်တို့ကို ဤသို့ဆို၏။

"ငါတို့နိုင်ငံသို့ မြန်မာတပ်ရောက်လာသည်မှာ တစ်နှစ်ကျော် နှစ်နှစ်ခန့်ရှိသည်၊ ပြင်မြို့ပြကျေးရွာများကို သူတို့က ဆင်မြင်းလက်နက် သိမ်းယူမိ၍ လယ်ယာအများ လုပ်ဆောင်စေပြီးလျှင် မြို့ကို ကြည်းရေအပိတ်ဝန်းရံလျက် အရေးကိုသာ စောင့်နေသောကြောင့် ငါတို့က မြို့ငါးဆယ် အခိုင်တည်၍နေသည်ကိုလည်း သူတို့က အုတ်မြို့တည်လုပ်၍ ရံနေပြန်သည်။

ဆင်လုံးမြင်းရင်းနှင့် ကြည်းရေကထွက်၍ တိုက်လံဖျက်ဆီးရမည့်အရေးလည်း မြို့အထပ်ထပ်ဖြစ်၍ အလွန်ခက်ခဲသည်၊ သို့ဖြစ်၍ မြို့တောင်ဘန်ကောက်မြစ်တွင် သွင်းထားသည့် ရဲလှေသမ္ဗန် သင်္ဘောများမှာ လက်နက်ကိရိယာအများတင်၍မြို့တောင်မျက်နှာတွင် ရံသည့်မြို့စုကို ထွက်၍တိုက်စိမ့်မည်။

တောင်မျက်နှာက စွဲရပ်သည့်မြို့စုပျက်လျှင် သင်္ဘော၊ သမ္ဗန်၊ ရဲလှေစီး တပ်မှူးသူရဲတို့ကို ကြည်းတပ်ဖွဲ့ပြီးလျှင် မြို့အနောက်မျက်နှာကို တစ်ကြောင်း၊ မြို့အရှေ့မျက်နှာကို စစ်တစ်ကြောင်း၊ စစ်နှစ်ကြောင်းဖြန့်၍ တိုက်လံဖျက်ဆီးလျှင် မြန်မာတို့ ခံနိုင်မည်လော၊ ပျက်လေတော့မည်"

ဟု ဆိုသည်ကို မင်းညီမင်းသား စသော မှူးမတ်၊ ဗိုလ်မှူး၊ တပ်မှူးအပေါင်း အကြိုက်ညီကြ၍ သင်္ဘောတစ်ဆယ်၊ သမ္ဗန် ငါးရာ၊ ရဲလှေ တစ်ထောင်များတွင် ကုလား၊ ဟန်းသေး တရုတ်၊ ဘဂိ၊ ပရှူး၊ ရှမ်း၊ ယိုးဒယား လူပေါင်း ခြောက်သောင်းကျော်ကို အမတ်ကြီး ဘယားဗလဒေဝ၊ ဘယားကူရတစ်၊ ဘယားတရဘတ်၊ ဘယားရမ့မှားတို့ လေးယောက် အုပ်ချုပ်ပြီးလျှင် ပြောင်းအမြောက် စီစဉ်ခင်းကျင်းလျက် အောက်တံခွန်ဖြန့်၍ မြို့တောင်မျက်နှာက ရံမြို့ကို တိုက်မည်ဟု ဘန်ကောက်မြစ်က ထွက်လာသည်။

ထိုအခါ ဘန်ကောက်မြစ်လက်ဝဲ လက်ယာတည်သည့် မင်းကြီးဇေယသူ၊ နန္ဒဥဒိန်ကျော်သူတို့ နှစ်မြို့စပ်ကြားတွင် သံကြိုးအတန်တန် ဆီးထားသည်သို့ ရောက်လျှင် သင်္ဘော၊ သမ္ဗန်၊ ရဲလှေအများ မထွက်နိုင်၍ မြစ်လုံး ပြည့်လျက်ရှိသည်တွင် မင်းကြီးဇေယသူ၊ နန္ဒဥဒိန်ကျော်ထင်တို့ တည်သည့် နှစ်မြို့လည်း မြစ်နားတွင်ဖြစ်၍ မြို့ထိပ်က အမြောက်ကြီး မြတ်ပူနှင့် ပစ်ခတ်သည်။

မြစ်အရှေ့ဘက် မြို့စုက သိဒ္ဓိကျော်သူ၊ တေဇဗလကျော်၊ ရွှေတောင်ကျော်စွာတို့ သုံးတပ်။ မြစ်အနောက်ဘက်မြို့စုက ဗလနန္ဒကျော်ထင်၊ လက်ဝဲကျော်စွာ၊ ရန်ငူးသီရိကျော်ထင်၊ နန္ဒမိတ်စည်သူတို့ လေးတပ်။ တပ်ပေါင်း ခုနစ်တပ် ထွက်လာပြီးလျှင် ဘန်ကောက်မြစ်လက်ဝဲလက်ယာ ကမ်းထိပ်ကနေ၍ လှည်းရထားတင် အမြောက်တစ်ထောင်ကျော်နှင့် မြစ်လုံးပွဲတင်ထပ်မျှ ပစ်ခတ်သည်။ ယိုးဒယားတို့ သင်္ဘော၊ သမ္ဗန်၊ ရဲလှေများသည် ရေဆန်ဖြစ်၍ ရုတ်တရက် မခွာတည့်နိုင်။ တစ်စင်းကိုတစ်စင်း တိုက်ခိုက်၍ ဘီလာကန့်လန့် အယှက်ယှက် အတင်တင် ကွဲပျက်ကျိုးပေါက်၍ လှေပါ လူပါ နစ်လေသည်လည်း များ၏။

အမတ်လေးဦးမှကား ရဲလှေအစင်းနှစ်ဆယ်ခန့်နှင့်သာ အပြင်းဆုတ်



www.burmeseclassic.com

www.burmeseclassic.com

ခွာလေသောကြောင့် လွတ်လေသည်။ သဘော်ဆယ်စင်း၊ သမ္ဗန် သုံးရာကျော်၊ လူ တစ်ထောင်ကျော် အရှင်ရလိုက်သည်။ သေလေသည်လည်း များ၏။ ယင်းသောအခါ ဒဝယ်ကြောင်းချီ ဗိုလ်ချုပ်မဟာနော်ရထာ၊ ဇင်းမယ်ကြောင်းချီ ဗိုလ်ချုပ် နေမျိုးသီဟပတေ့တို့ ဗိုလ်မှူး တပ်မှူး အပေါင်းတို့လည်း ယိုးဒယားမြို့ ကျေးရွာများမှာ လုပ်ဆောင်စေသည့် မျိုးရိက္ခာစပါးများကို သယ်ယူ၍ ရဲတပ်များသို့ အပြည့်အဝ သွင်းထားပြီးလျှင် ယိုးဒယားမြို့ကို ကြည်းရေအပိတ်ဝန်းရံ၍ နေ့ညမလပ် ပွဲလမ်းသဘင်ခံလျက် ရဲမက်တော်တို့ကို ရွှင်လန်းစေ၏။

ဗိုလ်ချုပ်နှစ်ဦးတို့ တိုင်ပင်၍ ရဲတပ်တော်များက ဆင်မြင်းဗိုလ်ပါ သူရဲတို့ကို အသက်အသံ မပြုစေရ။ နောက်ကို ခရီးအထောက်အလှမ်းတော်သင့်ရာ ရောက်အောင် ညဉ့်အခါ ထွက်သွားစေပြီးလျှင် နေ့အခါမှ ရုတ်ရုတ်သဲသဲ စည်မောင်းခတ်တီး၍ စစ်ထပ်လာပြန်သည့် အဟန် ရဲတပ်မြို့များကို ပေါင်းစေသည်။

ယိုးဒယားမြို့ ပတ်လည်ကိုလည်း တပ်တိုးပွားတည်လုပ်စေပြီးလျှင် ယင်းသည့်တပ်များတွင် တဲအုံအပြည့် ဆောက်လုပ်စေ၍ အစောင့်အနေ လူအတော်အသင့်နှင့် ညဉ့်ထိုင်လျှင် မီးထည့်ကြသည်။ ယင်းသို့ မပြတ်မလပ် ဗိုလ်ချုပ်မဟာနော်ရထာ၊ နေမျိုးသီဟပတေ့တို့ စီရင်သည်ကို ယိုးဒယားမြို့တွင်းက မြင်လျှင် မြန်မာစစ်သည်အများ ထပ်ကာထပ်ကာ ရောက်၍ မြို့တပ်အများ တိုးပွားရံနေပြန်သည်ဟု ယိုးဒယားမြို့တွင်းသားတို့ အလွန်ကြောက်ရွံ့ကုန်၏။

ယင်းသောအခါ ယိုးဒယားမင်းသည် မင်းညီမင်းသား စသော မှူးမတ်၊ ဗိုလ်မှူး၊ တပ်မှူးတို့ကိုခေါ်၍ ဤသို့ဆို၏။

"ယခု မြန်မာဗိုလ်မှူး တပ်မှူးတို့သည် အုတ်မြို့အများတည်၍ တစ်မြို့နှင့်တစ်မြို့ ဆက်လက်မိအောင် တပ်တန်းထိုးပြီးလျှင် ခြေခြေမြစ်မြစ် တည်လုပ်စွဲရစ်နေသည်၊ ပြင်မြို့ကျေးရွာများမှာရှိသည့် မျိုးရိက္ခာများကို အကုန်အစင် သိမ်းယူ၍ အရံမြို့များမှာ အပြည့်အဝ သွင်းထားသည့်အလိုသော် ဆယ်နှစ်ပင်ကြာသော်လည်း အရံကို ဖြုတ်မည့်အဟန် မရှိချေ။ မြန်မာတို့တပ်စု ဆုတ်ခွာလေအောင်ကို မည်သို့ကြံရသော်သင့်မည်"

အမတ်ကြီး ဘယားကူရာတစ်က ဤသို့ ပြန်လည်လျှောက်ထား၏။

"မြန်မာတို့ ဒဝယ်ကြောင်း၊ ဇင်းမယ်ကြောင်း စစ်နှစ်ကြောင်းချီတက်လာ၍ ကျွန်တော်တို့ မြို့ကြီးပြကြီးဆိုသမျှ မရပ်မခံနိုင်၊ ပျက်ပြားရှိသောကြောင့် မြို့ရင်းတိုင်အောင် ချဉ်းပြီးလျှင် အဖြီးအခိုင် အုတ်မြို့များတည်၍ ဝန်းရံနေသည်လည်း ဗိုလ်မှူး၊ တပ်မှူးမျှသာ ရှိချေသေးသည်၊ နောက် မြန်မာမင်းကိုယ်တိုင် ချီလာချေသော် ကျွန်တော်တို့ ရပ်ခံနိုင်မည် မဟုတ်။

ယခုပင်သော်လည်း အစားအစာ ခဲခက်၍ မြို့တွင်းသားတို့လည်း အားလျော့လှချေပြီ။ မြန်မာတို့လည်း ရံမြို့များတွင် မျိုးရိက္ခာအပြည့်အဝသွင်းထားလျက် ရှိသည်၊ နောင်ကိုလည်း ရသာ ယူသာသမျှ မြို့ရွာများတွင် မျိုးရိက္ခာသယ်ယူလုပ်ဆောင်၍ ဆင် မြင်း စစ်သည်တို့ကို ဖြည့်တင်းပြီးလျှင် ကျွန်တော်တို့မြို့ကို မရသမျှ အဝသို့ ပြန်မည့်အဟန် မရှိချေ။ ယင်းသို့ ဖြစ်သောကြောင့် မြန်မာမင်းကို ဒွါရာဝတီပြည်ကြီးက နှစ်စဉ် အခွန်ဘဏ္ဍာ ဆင်ကြီး၊ မြင်းကြီး ဆက်သပါတော့မည်ဟု စာရေး၍ လူစေလွှတ်မည်၊ ယင်းသောအခါ မြန်မာဗိုလ်မှူးတို့ ရံတပ်ကိုရုပ်သိမ်း၍ရှိလျှင် ကျွန်တော်တို့ ကြံကြိုက်ရာ ကြံမည်"

ထိုသို့လျှောက်သည်ကို ယိုးဒယားမင်း စသော မင်းညီမင်းသား၊ မှူးမတ်၊ ဗိုလ်မှူး၊ တပ်မှူးအပေါင်းတို့ အကြိုက်ညီကြ၍ မြန်မာဗိုလ်မှူးတို့သို့ ပေးရန်စာကို စီကုံးကြ၏။

"အယုဒ္ဓျတိုင်း ဒွါရာဝတီပြည်ကြီးကို အစိုးရတော်မူသော ဆင်ဖြူ ဆင်နီ ဆင်ကျားများသခင် ဘုရင်မင်းတရားဝယ် မှုခင်းရေးရာ အဖြာဖြာတို့ ... လိမ္မာခွဲခြမ်းနိုင်သော အမတ်ကြီးဗညား... ကို ဖြူမုန္ဒရီတို့ မှာလိုက်သည်၊ ရတနာပူရ ... အဝရွှေပြည်တော်ကြီးနှင့်တကွ ထီး... ဆောင်းမင်းအပေါင်းတို့ကို အစိုးရတော်... မူသော ပတ္တမြားတွင်း၊ ရွှေတွင်း၊ ငွေ... တွင်း၊ ပယင်းတွင်း စသော ဆင်ဖြူ... ဆင်နီ၊ ဆင်ကျားများသခင် အရှင်... ဘဝရှင်မင်းတရားကြီးဘုရား အမိန့်... တော်ကို ဦးထိပ်ရွက်ဆင်၍ ချီလာ... သော ပညာ ဝီရိယ သူရသတ္တိ စသော... အားနှင့်ပြည့်စုံသော ဗိုလ်မင်းများတို့...

ယိုးဒယားပြည်ကြီးနှင့် အဝပြည်... ကြီးသည် ဘေးလောင်းတော်၊ ဘိုး... လောင်းတော်တို့ လက်ထက်ကစ၍ ... မက်မရှိ ရွှေတစ်ပြားတည်းကဲ့သို့ ... သက်ချမ်းသာစွာ ဆင်ကြီး မြင်း... စသော ပဏ္ဏာလက်ဆောင်တော်... ဆက်သ၍ သံတမန်မပြတ်စေပါရော... ပေါက်ရှိသည်ကို လူမျိုးတို့ သစ္စာ... ကိုဖောက်၍ ပုန်ကန်ခြားနားသော... ကြောင့် ရွှေဖဝါးတော်အောက် မ... မရောက် ရှိပါသည်။ ရှေးထုံး...





www.burmeseclassic.com

www.burmeseclassic.com

အတိုင်း ဆင်ကြီး၊ မြင်းကြီး စသော လက်ဆောင်တော်များကို ဆက်သမြဲအတိုင်း ဆက်သပါမည်"

ထိုသို့ စီကုံးရေးသားပြီးလျှင် ယိုးဒယား လေးယောက်ကို အဝတ်ဖြူဝတ်စေ၍ အရံမြို့တော်သို့ ထွက်လာရ၏။ ဗိုလ်မှူး၊ တပ်မှူးတို့လည်း ထွက်လာသည့် ယိုးဒယားလေးယောက်ကို ဒဝယ်ကြောင်း ဗိုလ်ချုပ်မဟာနော်ရထာတပ်သို့ပို့၍ စာကို မြန်မာဘာသာသို့ ပြန်စေသည်။ ဗိုလ်ချုပ်နှစ်ဦးနှင့်တပ်မှူးအပေါင်းတို့ ကြားသိရလျှင် ယိုးဒယားမြို့တွင်းသို့ စာတုံးပေးလိုက်သည်က ဤသို့ ဖြစ်သည်။

"ရတနာပူရ အဝပြည်ကြီးကို ထီးဆောင်းမင်းအပေါင်းနှင့်တကွ အစိုးရတော်မူသော ဘုန်းတော်အလွန် ကြီးမြတ်တော်မူလှသော ဆင်ဖြူသခင် အရှင် ဘဝရှင်မင်းတရားကြီးဘုရား၊ ကျွန်တော်ဖြစ်သော ဗိုလ်ချုပ်၊ ဗိုလ်မှူးတို့ မှာလိုက်သည် ယိုးဒယားမင်းအမတ်တစ်စုတို့။

ယခု နှစ်ပြည်ထောင် စစ်ဖြစ်ကြသည့် အရေးကို ပုံဆိုသော် အလွန်နှမ်းလှစွာသောချိန်တွင် တစ်ဖက်က တစ်ချင့်ရွှေခန့် အလေးကို တစ်ဖက်က တစ်ပိဿာအလေးကို တင်ဘိသကဲ့သို့ အာမတန်ရှိသောကြောင့် ရှေ့ဆက်မြဲဖြစ်သော သားသမီး ဆင်ကြီး၊ မြင်းကြီးများကို ဆက်သမည်မှန်လျှင် လက်ဆောင်ပဏ္ဏာ မဆက်သမီ ယိုးဒယားမြို့တွင်းရှိသည့် အမြောက်ညီနောင်နှစ်လုံးကို တပ်တော်သို့ ပို့လာစေ၊ သို့မဟုတ် စစ်တိုက်ချင်း ပြိုင်လိုသေးသည်ဖြစ်လျှင်လည်း ယိုးဒယားက လူတစ်ထောင် ထွက်လာစေ၊ ငါတို့၏ လူတစ်ရာနှင့် တိုက်စိမ့်မည်၊ စစ်ပြိုင်လိုလျှင်လည်း လူတစ်သောင်းထွက်လာစေ၊ ငါတို့က လူတစ်ထောင်နှင့် သေကြေပျက်စီးအောင် တိုက်စိမ့်မည်"

လာရင်း ယိုးဒယားလေးယောက်ကို ထိုစာပေး၍ မြို့တွင်းသို့လွှတ်လိုက်၏။ ငါးရက်ခန့်ရှိလျှင် ဗိုလ်ချုပ်မဟာနော်ရထာ မကျန်းမမာရှိသည်နှင့် သေလွန်လျှင် ဒဝယ်ကြောင်း၊ ဇင်းမယ်ကြောင်း ဗိုလ်ပါအလုံးအရင်း ဟူသမျှကို နေမျိုးသီဟပတေ့ အုပ်ချုပ်စီရင်ရလေသည်။

## ဗိုလ်ချုပ်နေမျိုးသီဟပတေ့

ခြေရင်းတော်သို့လည်း မဟာနော်ရထာ သေလွန်ကြောင်း၊ ဒဝယ်ကြောင်းချီ၊ ဇင်းမယ်ကြောင်းချီ တပ်ပေါင်းကိုလည်း နေမျိုးသီဟပတေ့ အုပ်ချုပ်စီရင်ကြောင်း၊ ယိုးဒယားမြို့ပတ်လည် မြို့ကြီး ပြကြီးများကို သိမ်းရမိလျှင် ယိုးဒယားမြို့ကို ကြည်းရေအပိတ်ဝန်းရံ၍ မြို့တွင်းသားတို့ ကျဉ်းမြောင်းကြောင်း၊ ယိုးဒယားမင်းနှင့်တကွ တစ်မြို့လုံးကို သိမ်းယူ၍ ရွှေလက်တော်ရောက် ဆက်သမည့်အကြောင်းများနှင့် ဇယနရာကို အလျှောက်အထား စေလွှတ်သည်။ ၁၁၂၈ ခု ပြာသိုလဆန်း ၁၀ ရက်နေ့ ခြေရင်းတော်သို့ ရောက်လာ၍ ဘဝရှင်မင်းတရားကြီးဘုရား စေ့စုံစွာ ကြားတော်မူလျှင် အမိန့်တော်ရှိသည်။

"တရုတ်ဥဒည်ပြည်ကို ငါကိုယ်တော်ချီ၍ သိမ်းတော်မူမည်ဖြစ်သည်၊ ယိုးဒယားမြို့ကို အလျင်အလိုတော်ပြည့်အောင် လုပ်ကြံသိမ်းယူပြီးလျှင် မြို့ပြကျုံးမြောင်းကိုဖျက်ဆီး၍ မင်းနှင့်တကွ ယိုးဒယားပြည်အလုံးကို သိမ်းရုံးပြန်လာစေ၊ မဟာနော်ရထာ သေလွန်သည်ကိုလည်း မှူးကြီးမတ်ကြီးတို့ သေလွန်လျှင် သဂြိုဟ်သည့်နည်း ကောင်းမွန်အောင် သဂြိုဟ်စေ"

အမိန့်တော်ရှိ၍ လာလူတို့ကို ပြန်စေ၏။

ဒဝယ်ကြောင်းချီ မဟာနော်ရထာ အုပ်ချုပ်ရင်းတပ်စုကိုလည်း မုတ္တမမြို့ဝန် မင်းရဲမင်းလှဉဇနာကို အချုပ်ခန့်တော်မူ၍ ခြေရင်းတော်က နေမျိုးနန္ဒမိတ် တစ်တပ်၊ လမ္ဘူးရန္တာသူ တစ်တပ်၊ သီရိရန္တမိတ်ကျော်ထင်ကို ဗိုလ်ချုပ်မင်းရဲမင်းလှဉဇနာ တပ်မှာ စစ်ကဲခန့်တော်မူ၍ ယိုးဒယားမြို့တွင် ပွဲလမ်းရသသူတို့ကိုပေးရန် တစ်ကျွန်းဆေးရေး ပုဆိုးထည်ရေ သုံးရာ၊ ဘွဲ့ပြားရေ ငါးရာနှင့် လူသုံးထောင် ပေးအပ်၍ ခြေရင်းတော်က ၁၁၂၈ တပို့တွဲလဆန်း ၅ ရက်နေ့ ယိုးဒယားမြို့သို့ အလျင်အမြန် ချီစေသည်။

ဇင်းမယ်ကြောင်းချီ နေမျိုးသီဟပတေ့တို့လည်း ခြေရင်းတော်သို့ အလျှောက်အထားစေသူ ဇေယနရာတို့ ပြန်ရောက်လာလျှင် မဟာနော်ရထာကို အမိန့်တော်အတိုင်း ကောင်းမွန်စွာ သဂြိုဟ်ရသည်။ ထိုအခါ ယိုးဒယားမြို့တွင်းသို့ လိုဏ်ငါးကြောင်းတူးမည်ကို မြေစာအထုတ်အယူ ခက်သောကြောင့် မြို့မြောက်မျက်နှာက ကျုံးနဖူးတိုင်ချဉ်း၍ ဇင်းမယ်ကလာသည့် မြစ်ကို အမှီပြုပြီးလျှင် အဝန်းတာရှစ်ရာ မြို့ရပ် ဆယ်တောင် သုံးမြို့ပြိုင်လျက် တည်စေ၏။

**(ဆက်ရန်)**


**အောင်သိမ်းမြတ်**

❑



www.burmeseclassic.com

www.burmeseclassic.com



## အိပ်မက်ဆိုရဲ့ တစ်နေရာ (ဆို့)

# တိုကျိုဒစ္စနေးကမ္ဘာ

ကိုအေးမြင့်
(မဟာဝိဇ္ဇာ၊ ရှေး-သု)



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



တိုကျို ဒစ္စနေးကမ္ဘာ

## ယခင်လမှအဆက်

တိုကျိုမြို့တော်ရှိ ဂျပန်ဧကရာဇ်နန်းတော်က ထွက်ခဲ့ပြီးတဲ့နောက်မှာတော့ တိုကျိုဒစ္စနေးကမ္ဘာ (Tokyo Disney Land)ကို သွားရောက်လေ့လာကြပါတယ်။ ကမ္ဘာ့ပျော်စရာအကောင်းဆုံးကစားကွင်းလို့ ဆိုကြတဲ့နေရာပေါ့။ ကစားကွင်းကြီးတစ်ခုလုံးကို ခမ်းနားကြီးကျယ်အောင်၊ ကြည်နူးပျော်ရွှင်စရာကောင်းအောင်၊ အံ့သြထိတ်လန့်ဖွယ်ဖြစ်အောင်၊ ထူးဆန်းလှပနေအောင်လည်း ရသအမျိုးစုံပေးဖို့ ဖန်တီးပြင်ဆင်ထားတာပါ။

အဲဒီလိုအသွားမှာပဲ သွားရင်းလာရင်း တိုကျိုမြို့ကြီးကိုလည်း တစ်စိတ်တစ်ပိုင်း ရှုမြင်လေ့လာခွင့်ရခဲ့ပါတယ်။

## တိုကျိုမြို့တော် (Tokyo)

တိုကျိုမြို့တော် တည်ရှိရာ ဒီနေရာမှာ ရှေးကာလကတည်းက လူတွေ နေထိုင်ခဲ့ကြပါတယ်။ ရှေးရှေးတုန်းကတော့ သေးငယ်တဲ့ တံငါရွာလေး အီဒို(Edo)အဖြစ်နဲ့ပေါ့။ အဲဒီနေရာမှာ ရွာငယ်လေးအဖြစ် ရှိနေရာကနေ ရာစုနှစ်တွေနဲ့ချီပြီး အချိန်တွေကြာလာတဲ့အခါ အီဒိုဟာ မြို့ကြီးတစ်မြို့အဖြစ်သို့ တိုးတက်ပြောင်းလဲလာခဲ့ပါတယ်။ ၁၈၆၈ ခုမှာတော့ တိုကူဂါဝါ (the Tokugawa shogunate)မြို့တော်ဖြစ်လာခဲ့ပြီး တိုကျိုဟာ အခုတော့ တိုကျိုမက်ထရိုပိုလစ်နဲ့ ဂျပန်ရဲ့ မြို့ကြီးနဲ့ မြို့တော်ဖြစ်နေပေါ့။

တိုကျိုဟာ ဟွန်ရှူးအလယ်ပိုင်းရဲ့ ပစိဖိတ်ကမ်းရိုးတန်း၊ တိုကျိုပင်လယ်အော်ထိပ်ပိုင်းမှာ တည်ရှိပါတယ်။ ဂျပန်မှာ အကြီးဆုံး မြို့ပြနဲ့စက်မှု အစုအဝေးကြီးနဲ့ ကျယ်ပြောတဲ့ မက်ထရိုပိုလစ်တန်နယ်မြေရဲ့ မဏ္ဍိုင်ဗဟိုချက် (Greater Tokyo)လို့ ခေါ်တဲ့နေရာလည်းဖြစ်ရဲ့။ ဂျပန်နိုင်ငံ ဟွန်ရှူ[...] ကျွန်းက တိုကျို မက်ထရိုပိုလစ် (metropolis)နယ်မြေ[...] မြောက်ဘက်မှာ Saitama ရဲ့ the ken စီရင်စု၊ အနောက်[...] ဘက်မှာ ချီဘာ (Chiba)နဲ့ Yamanashi၊ အနောက်တောင်[...] မှာ ကာနာဂါဝါ (Kanagawa)နဲ့ အရှေ့တောင်မှာ တိုကျို[...] ပင်လယ်အော်တို့က အနားသတ်ထားပါတယ်။

တိုကျိုမက်ထရိုပိုလစ်ဟာ စီရင်စု တစ်ခုနဲ့ညီမျှတဲ့ မြို့ဘက်ကင်းတဲ့အုပ်ချုပ်ရေး ထပ်ဆင့်အခွဲ (subdivisio[...]) တစ်ခုပါ။ နိုင်ငံ့မြို့တော် တိုကျိုမှာ စက်မှုနဲ့ နေထိုင်ရာ ဆင်ခြေ[...] ဖုံးများစွာနဲ့ အနောက်ဘက်မှာ ကြီးမားပြီး တောင်ထူထပ်တဲ့ မြို့ပြနယ်မြေတွေ ရှိပါတယ်။ တိုကျိုမက်ထရိုပိုလစ်ဟာ တိုကျို-ယိုကိုဟားမား မက်ထရိုပိုလစ်တန်ဧရိယာမှာ ပါဝင်[...]တယ်။ ဧရိယာ ၈၄၈ စတုရန်းမိုင် - ၂၁၉၇ စတုရန်းကီလိုမီတာ[...] လူဦးရေဟာ ၂၀၀၅ ခုမှာ ၁၂ သန်းခွဲကျော် (၁၂၅၇၆၆[...] ဦး) ပါ။

တိုကူဂါဝါကာလ(၁၆၀၃-၁၈၆၇)တိုင်အောင် တိုကျို[...] ရယ်လို့ မဖြစ်ပေါ်လာသေးပါဘူး။ ပသို့ဆိုစေ အဲဒီကာလ[...] အတွင်း မင်းဧကရာဇ်မိသားစုဟာ ကျိုတို၊ ရှေးဟောင်[...] မင်းဧကရာဇ်အင်ပါယာမြို့တော်(the imperial capital)[...] ကျန်ရစ်ခဲ့တယ်။ ၁၈၆၈ ခု မေဂျီ(Restoration)က ရှိုဂန်(th[...] shogunate) ကာလတွေကို အဆုံးသတ်ခဲ့ပြီး မြို့တော်[...] လည်း အီဒိုသို့ ရွှေ့ခဲ့ကြပါတယ်။ မြို့ကို အရှေ့ပိုင်းမြို့ (eas[...] capital)လို့ အနက်ထွက်တဲ့ 'တိုကျို'လို့ အမည်သစ် ပေးလို[...] ကြတယ်။

အီဒိုဟာ ၁၇ ရာစုကတည်းက ဂျပန်ရဲ့ အကြီးဆုံး[...] တိုကျိုလူဦးရေဟာ ၁၉ ရာစုနောက်ပိုင်းမှာ တစ်သန်း[...] ရှိလာကာ ယင်းဟာ ၂၀ ရာစုမှာတော့ ဂျပန်ရဲ့ နိုင်ငံ[...] စီးပွားရေးနဲ့ ယဉ်ကျေးမှုဗဟိုချက်အဖြစ် ကမ္ဘာ့လူဦးရေအ[...] ထပ်ဆုံး မြို့ကြီးတွေထဲက တစ်ခုဖြစ်လာတယ်။





www.burmeseclassic.com

www.burmeseclassic.com

တိုကျိုကို နိမ့်တဲ့ နုန်းမြေလွင်ပြင်တွေနဲ့ အနီးအပါးက မြင့်တက်သွားတဲ့ တောင်ကုန်းတွေပေါ်မှာ တည်ဆောက်ခဲ့တယ်။ တိုကျိုရဲ့ ရာသီဥတုဟာ ဆောင်းမှာ သင့်တင့်ပြီး နွေမှာတော့ ပူပြီး စွတ်စိုရဲ့။ နွေအစောပိုင်းနဲ့ ဆောင်းဦးအစပိုင်းဟာ မိုးရာသီတွေပါ။ စက်တင်ဘာနဲ့ အောက်တိုဘာတွေအတွင်းမှာ တိုင်ဖုန်း ၂ ခု သို့မဟုတ် ၃ ခုလောက်လည်း အမြဲလိုဝင်တတ်ရဲ့။

တိုကျိုမက်ထရိုပိုလစ်တန်ဧရိယာမှာ ဂျပန်ရဲ့ အကြီးမားဆုံး စက်မှု၊ ဘဏ္ဍာရေးနဲ့ စီးပွားကူးသန်းဌာနတွေရှိတယ်။ များစွာသော ပြည်တွင်းနဲ့ နိုင်ငံတကာဘဏ္ဍာရေးဌာနတွေနဲ့ အခြားသော လုပ်ငန်းတွေရဲ့ ဌာနချုပ်တွေလည်း တိုကျိုအလယ်ပိုင်းမှာရှိတယ်။ မြို့ဟာ အရေးပါတဲ့လက္ကားဗဟိုဖြစ်ပြီး အဲဒီမှာ နိုင်ငံရဲ့ အပိုင်းအားလုံးနဲ့ ကမ္ဘာက ကုန်ပစ္စည်းတွေကို ဖြန့်ချိပါတယ်။

တိုကျိုဟာ ပင်လယ်အော်ရဲ့ အနောက်ကမ်းခြေမှာ ဗဟိုပြုတဲ့ the Keihin စက်မှုဇုန်ရဲ့ အပိုင်းဖြစ်ပြီး နိုင်ငံ့ဦးဆောင်ကုန်ထုတ်ဒေသဖြစ်လာတယ်။ အသေးစားနဲ့ ကာယလုပ်အားသုံး (labour-intensive)စက်ရုံတွေ မြို့မှာလွှမ်းမိုးတာ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနဲ့ လျှပ်စစ်ပစ္စည်းတွေကို အထင်အရှားထုတ်လုပ်တယ်။

မြို့ရဲ့ဗဟိုချက်မှာ ကျောက်တံတိုင်းတွေနဲ့ ကျုံး (moats)တွေ၊ ကျယ်ပြောတဲ့ဥယျာဉ်တွေ ဝန်းရံထားတာကတော့ ဂျပန်ဧကရာဇ်စံရာနန်းတော် (the Imperial Palace)ပါ။ ဧကရာဇ်နန်းတော်ရဲ့ အရှေ့ကပ်လျက်လေးမှာက အရောင်းစုံတဲ့ the Marunouchi ဒိစတြိတ်ဖြစ်ပါတယ်။ နန်းတော်တောင်ဘက်က the Kasumigaseki ဒိစတြိတ်မှာ နိုင်ငံ့အစိုးရ



ကျက်စီသုံးလုံး နားရွက်တောင်ထောင်နဲ့ ခေါင်းထက်မှာ အင်တာနာတိုင်ပါတဲ့ ဂြိုလ်သားရုပ်တွေ



တိုကျို အစ္စနေးကမ္ဘာသို့အဝင် အဝေးမှ မိုးပျံရထားလမ်းကို တွေ့လိုက်ရတယ်။

ရုံးတွေ အများအပြားရှိတယ်။ အဲဒါရဲ့ အနောက်ဘက်ကတော့ ပါလီမန် (the National Diet) ဥပဒေပြုလွှတ်တော် အဆောက်အအုံ တည်ရှိတဲ့ Nagatacho ပါ။ တိုကျိုမှာ ဗဟိုလုပ်ငန်းဒိစတြိတ်ရယ်လို့ တစ်ခုတည်းရှိတာမဟုတ်ဘဲ မြို့ရဲ့ မီးရထားဘူတာရုံတွေ ပတ်လည်မှာ မြို့ပြဗဟိုဌာနတွေ ဟိုတစ်ကွက် ဒီတစ်ကွက်ရှိနေရဲ့။ အဲဒီမှာ ကုန်တိုက်တွေ၊ ဈေးဆိုင်တွေ၊ ဟိုတယ်၊ ရုံးအဆောက်အအုံတွေနဲ့ စားသောက်ဆိုင်တွေဟာ အစုလိုက်ပေါ့။ အဲဒီဒိစတြိတ်မှာ မေဂျီခေတ် (၁၈၆၈-၁၉၁၂) ကျောက်နဲ့အုတ် အဆောက်အအုံတွေမှနေပြီး စစ်ဖြီး ကွန်ကရစ်နဲ့ သံမဏိမိုးမျှော် အဆောက်အအုံတွေအထိ အမျိုးမျိုးရှိကြပါရဲ့။ ထို့အတူပဲ အဲဒီမှာ တစ်စတစ်စ လျော့ပါးပျောက်ကွယ်လာနေတဲ့ ဂျပန်ဟန် သစ်သားထည် အဆောက်အအုံအချို့လည်း ရှိနေပါတယ်။

မြို့ဗဟိုရဲ့ အရှေ့ပိုင်းက တောက်ပစွာလင်းလက်နေတဲ့ ဂင်ဇာဈေးဝယ်ဒိစတြိတ်ဟာဖြင့် ကမ္ဘာကျော်ပါ။ ဧကရာဇ်နန်းတော် အနောက်မြောက်ဘက်က (the Kanda) ဒိစတြိတ်ဟာ ယင်းရဲ့ များစွာသော တက္ကသိုလ်တွေ၊ စာအုပ်စတိုးဆိုင်တွေနဲ့ ထုတ်ဝေသူတွေကြောင့် ထင်ရှားကျော်ကြားပါတယ်။ မက်ထရိုပိုလစ်တန်နယ်မြေက အဓိက တက္ကသိုလ်တွေနဲ့ ကောလိပ်တွေရဲ့ ရှည်လျားတဲ့စာရင်းမှာ တိုကျိုတက္ကသိုလ်က ဦးဆောင်နေရဲ့။

တိုကျိုရဲ့ပန်းခြံတွေဟာ အမေရိကန်နဲ့ ဥရောပ အဓိက မြို့ကြီးတွေက ပန်းခြံအချို့လို မကြီးမားလှသော်လည်း အဲဒီပန်းခြံတွေမှာ အမြဲလိုလှပသိမ်မွေ့ လက်ရာမြောက်ပြီး တစ်မူထူးခြားတဲ့ အဆင်အယင်နဲ့ ဂျပန်ပန်းခြံတွေ အများအပြား ပါဝင်နေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကာတွန်းရုပ်များစွာနဲ့ ပန်းရောင်စုံစိုက်ခင်းတွေက
အိပ်မက်ကမ္ဘာထဲ ရောက်သွားသလို

တိုကျိုဟာ ဂျပန်ရဲ့ အဓိကယဉ်ကျေးမှုဗဟိုလည်း ဖြစ်ပါတယ်။ ဂျပန်နှင့် အာရှရဲ့ သမိုင်းနဲ့အနုပညာတွေကို Ueno ပန်းခြံက တိုကျိုအမျိုးသားပြတိုက်မှာ သရုပ်ဖော် ခင်းကျင်းပြသထားပါတယ်။ အလားတူ ဒီပန်းခြံမှာ သိပ္ပံပြတိုက်၊ တိရစ္ဆာန်ဥယျာဉ်တစ်ခုနဲ့ အဓိကအနုပညာပြတိုက်တွေလည်း တည်ရှိတယ်။ ဧကရာဇ်နန်းတော် အနီးကပ်လျက်မှာ အနုပညာနဲ့သိပ္ပံပြတိုက် တည်ရှိနေပြီး အမျိုးမျိုးသော ပုံစံနဲ့ ပြတိုက်တွေဟာလည်း မြို့တော်ရဲ့ နေရာတိုင်းမှာ ရှိနေပါတယ်။ ရိုးရာကာဘူကီကနေ ခေတ်ပေါ်ဒရာမာအထိ သံစုံစပ်လက်ရာတွေ၊ အော်ပရာတွေနဲ့ အခြားသောအနောက်တိုင်းပုံသဏ္ဌာန်အကနဲ့ ပေါ့ဂီတတွေလို အမျိုးအစား အစုံအလင် ပါဝင်တဲ့ သီရေတာလုပ်ငန်းတွေကို ပုံမှန်တင်ဆက်နေပါတယ်။

တိုကျိုဟာ ဂျပန်အတွက် အဓိက သယ်ယူပို့ဆောင်ရေးမဏ္ဍိုင်ဖြစ်သလို အလားတူပဲ အရေးပါတဲ့ နိုင်ငံတကာခရီးလမ်းဗဟိုပါ။ အဲဒီခရီးစဉ်တွေကို လျှပ်စစ်မီးရထားလမ်း၊ မြေအောက်လမ်း၊ ဘတ်စ်ကားလမ်းနဲ့ အဝေးပြေးလမ်းတွေ ပါဝင်တဲ့ သိပ်သိပ်သည်းသည်းရှိလှသော ကွန်ရက်တစ်ခုနဲ့ ဝန်ဆောင်မှု ပေးပါတယ်။

တိုကျိုဘူတာရုံဟာ ဂျပန်တစ်နိုင်ငံလုံးအတွက် ဂျပန်အနောက်ပိုင်းမှ မြန်နှုန်းမြင့် Shinkansen ကျည်ဆန်ရထားပါဝင်တဲ့ ဗဟိုမီးရထားလမ်းဆုံး ဘူတာ(terminal)ပါ။ ဂျပန်မြောက်ပိုင်းသို့ ပြေးဆွဲနေတဲ့ ရထားလိုင်းတွေအတွက်တော့ Ueno ဘူတာဟာ ရထားလမ်းဆုံးဖြစ်ပြီး ရှင်ဂျူကု(Shinjuku) ဘူတာကတော့ ဟွန်ရှူးအလယ်ပိုင်းနဲ့ တိုကျိုရဲ့အနောက်ပိုင်းဆင်ခြေဖုံးတွေက လာတဲ့ ရထားတွေအတွက် လမ်းဆုံးဘူတာပါ။ များစွာသော ပုဂ္ဂလိကပိုင် လျှပ်စစ်ရထားလိုင်း... တွေက ဆင်ခြေဖုံးတွေကြား ဖြတ်သန်းသွားလာတဲ့ ဝန်ဆောင်... မှုကို ပေးပါတယ်။

တိုကျိုရဲ့ နာရီတာ နိုင်ငံတကာလေဆိပ်ဟာ ချိဘ... စီရင်စု နာရီတာမှာရှိပြီး မြို့ရဲ့ပင်လယ်အော်ပေါ်က Haned... လေဆိပ်ဟာ ပြည်တွင်းခရီးသွားဝန်ဆောင်မှုတွေ ပေး... တယ်။ ဧရိယာ ၂၄၀ စတုရန်းမိုင် - ၆၂၁၈ တုရန်းကီလိုမီတာ... လူဦးရေဟာ ၂၀၀၅ ခုမှာ ၈၄၈၉၆၅၃ ဦးနဲ့ ၂၀၀၆ ခု ခန့်မှန်း... ခြေအရ ၈၅၃၅၇၉၂ ဦးပါ။

## တိုတျို ဒစ္စနေးတမ္ဘာ

တိုကျိုကို လျှပ်တစ်ပြက်လှည့်လည် ကြည့်ရှုပြီးနော... မှာတော့ တိုကျိုဒစ္စနေးကမ္ဘာကို သွားရောက်လေ့လာကြ... တယ်။ ကမ္ဘာ့ပျော်စရာအကောင်းဆုံးလို့ ဆိုကြတဲ့ Toky... Disney Land ပေါ့။ ကစားကွင်းကြီးတစ်ခုလုံးကို ခမ်းန... ကြီးကျယ်အောင်၊ ကြည်နူးပျော်ရွှင်စရာကောင်းအောင်၊ အံ့... ထိတ်လန့်ဖွယ်ဖြစ်အောင်၊ ထူးဆန်းလှပနေအောင်လည်... အမျိုးစုံ ဖန်တီးပြင်ဆင်ထားပါတယ်။

ဒစ္စနေးကမ္ဘာဝင်းကြီးဟာ အတော့်ကိုကျယ်ပါတ... အဝင် ကားရပ်နားစခန်းမှာ ကိုယ်တို့ကားကြီးရပ်ခဲ့ပြီး ... Guest Parking Area ကိုဖြတ်ကာ လမ်းလျှောက်ဝင်ခဲ့... ပါတယ်။ ဘောလုံးကွင်းကြီးလောက်ကျယ်တဲ့ အဝင်ကွင်း... ကို ဖြတ်လျှောက်နေတုန်း ပုံပြင်တွေထဲကလို ဆေးရေ... လွင်လွင်လေးတွေသုတ်ထားတဲ့ အဆောက်အအုံဆန်းဆ... တွေကို လှမ်းမြင်နေရပါပြီ။ ကွင်းကြီးဘေးပတ်ပတ်လ... မှာလည်း မိုးပျံရထားလမ်းကို လှမ်းတွေ့လိုက်ရတယ်။ ဘေး... မောရင်းမှာပဲ မစ်ကီမောက်ခေါင်းပုံ ပြတင်းပေါက်လေးတေ...



တိုကျို ဒစ္စနေးကမ္ဘာထဲက ဘိန်းပန်းရောင်စုံစိုက်ခင်း



www.burmeseclassic.com

ချစ်စရာမီးရထားဖြူတစ်စီး မိုးပျံလမ်းမှာ မောင်းနှင်လာပေါ့။ တွဲတိုင်းရဲ့ ကိုယ်ထည်မှာလည်း ဝေါ့လ်ဒစ္စနေးကာတွန်း ဇာတ်ကောင်အရုပ်လေးတွေ ရေးဆွဲထားပါတယ်။

ကွင်းပြင်ရဲ့အဆုံး အဝင်လမ်းတစ်လျှောက်ကိုတော့ တစ်ထပ်အဆောက်အအုံလေးတွေနဲ့ အနားသတ်ထားရဲ့။ အဲဒီမှာ တိုကျိုဒစ္စနေးကမ္ဘာရဲ့ တည်နေရာအညွှန်းပြ မြေပုံကြီးတွေ၊ အထဲမှာမြင်တွေ့ရမယ့် ကစားကွင်းတွေရဲ့ ရုံခန်းတွေ၊ လက်မှတ်ရုံတွေ၊ စုံစမ်းရေးဌာနတွေ ရှိနေပါတယ်။ လမ်းညွှန်မြေပုံနဲ့ အညွှန်းဘုတ်ပြားတွေအရ တိုကျိုဒစ္စနေးကမ္ဘာရဲ့ အနီးအနားပတ်လည်မှာ ဟိုတယ်တွေ၊ ဈေးတွေ၊ ကလပ်တွေရှိနေတာ တွေ့လိုက်ရတယ်။ ဝင်းထဲကိုဝင်ရောက်သွားရင် တွေ့ရမယ့် ပြကွက်တွေရဲ့ ကြော်ငြာတွေကလည်း ဆွဲဆောင်နေရဲ့။

မြင့်မားမတ်စောက်တဲ့ မိုးကြိုးတောင်ကြီးကို ရထားနဲ့ဖြတ်ရမယ့် Big Thunder Mountain တို့၊ စနိုးဝှိုက်ရဲ့ စွန့်စားခန်း (Snow White's Adventure)တို့ကို တွေ့နေရပါပြီ။ ဂိတ်ပေါက်ကို ဝင်ရောက်ပြီးတာနဲ့ မကြာခင် ရက်အနည်းငယ်က ယူနီဗာဆယ်စတူဒီယိုဝင်းကြီး အတွင်းမှာ လည်ပတ်ခဲ့ဖူးတဲ့ အတွေ့အကြုံအရ လမ်းညွှန်မြေပုံတောင်းပြီး စိတ်ဝင်စားစရာကောင်းမယ့်နေရာတွေကို အရင်ရွေးကြတယ်။ အဲဒီ နေရာတွေရဲ့ အဝင်တွေမှာ ကြိုတင်အချိန်အချက်တွေယူပြီးမှ ဆက်နေရာရာကို ဝင်ကြည့်မယ်။ အဲဒီနေရာက ပြီးတာနဲ့ ကြိုချိန်းထားပြီး နေရာတွေကို လှည့်ဝင်သွားမယ်။ ဒါဆိုရင် တန်းစီရတဲ့အချိန် မကုန်ဘူးပေါ့။

ဒစ္စနေးကမ္ဘာဆိုတဲ့အတိုင်း ဝင်လိုက်တာနဲ့ ကာတွန်းရုပ်ရှင်ထဲ ရောက်သွားသလို ကာတွန်းရုပ်ပေါင်းများစွာကို တွေ့လိုက်ရပါတယ်။ ပန်းရောင်စုံ စိုက်ခင်းတွေကလည်း



စတုရန်းကွက်တွေဖော်ပြီး စိုက်ထားတဲ့ ရောင်စုံပန်းခင်း



ကာတွန်းရုပ်များစွာနဲ့ ပန်းရောင်စုံစိုက်ခင်းတွေက
အိပ်မက်ကမ္ဘာထဲ ရောက်သွားသလို အရောင်စုံ အသွေးစုံ

လှလိုက်တာ။ အဆောက်အအုံလေးတွေ၊ တဲလေးတွေ၊ တွန်းလှည်းလေးတွေ၊ မာတ်တိုင်တွေကအစ အိပ်မက်ကမ္ဘာထဲ ရောက်သွားသလို အသွေးစုံ၊ အရောင်စုံပါဘဲ။

လှမ်းလျှောက်ဝင်လာခဲ့ရင်း ပထမဆုံး မျက်စိကို ဖမ်းစားလိုက်တာကတော့ Space Moutain ဆိုတဲ့ အာကာသယာဉ်ကြီးဆန်ဆန် အဆောက်အအုံ နှီးနှစ်ရောင်ဖြူဖြူကြီးပါ။ အပြာရောင်ကောင်းကင်နောက်ခံနဲ့ လှလိုက်တာ။ အဲဒီမှာ ကြယ်တွေ၊ ဂြိုဟ်တွေဆီသွားမယ့် ကြယ်တာရာခရီးစဉ်(Star Tour)အတွက် ကြိုတင်စာရင်းပေးဖို့ အရင်ဆုံး တန်းစီလိုက်တယ်။ ကိုယ်တို့လိုပဲ အကြံဦးနေသူများလို့ အတော်လေး စီလိုက်ရတယ်။ အဲဒီဘေးတစ်နေရာမှာတော့ မျက်စိသုံးလုံး၊ နားရွက်ထောင်ထောင်နဲ့ ခေါင်းထက်မှာ အင်တင်နာတိုင်ပါတဲ့ ဂြိုလ်သားရုပ် စိမ်းပြာပြာလေးတွေက ချစ်စရာ။

တစ်နေရာမှာတော့ တန်းစီစိုက်ထားတဲ့ သစ်ပင်တွေရဲ့ အရွက်တွေကို လေးထောင့်ပုံဖြစ်အောင် ညှပ်ထားတာကို တွေ့လိုက်ရတယ်။ ပန်းခင်းတစ်ခုမှာတော့ အရွယ်တူ စတုရန်းကွက်တွေ ဖော်ပြီး ပန်းပေါင်းစုံတွေရဲ့ အမျိုးအစားတူ အရောင်ကွဲ အပွင့်တွေကို အဝါ၊ အဖြူ၊ အနီ၊ ခရမ်းစသဖြင့် အကွက်လိုက် တိတိပပစိုက်ထားတာကလည်း အတော့်ကို

www.burmeseclassic.com



တိုကျို ဒစ္စနေးကမ္ဘာထဲမှာ

လုပ်ပြီး အုံ့ဩဖွယ်တွေ့ရပါတယ်။ ဆေးရောင်စုံခြယ်ထားတဲ့ ပြောင်းဖူးပေါက်ပေါက် ရောင်းတဲ့ကားမှာတော့ ဘီးတစ်လုံးရဲ့ တာယာကို ကားဘီးပေါက်တဲ့ပုံလုပ်ပြီး ကားကို ခပ်စောင်းစောင်းထားတာလည်း တွေ့ရပါတယ်။ ရောင်စုံ လမ်းမီးတိုင် တစ်တိုင်ကိုတော့ ကျိုးယိုင်ရစ်ခွေနေပုံ လုပ်ထားလို့ ဓာတ်ပုံတွဲရိုက်ချင်စရာဖြစ်နေပေါ့။ တစ်နေရာမှာတော့ ဘိန်းပွင့်လေးတွေချည်း အခင်းလိုက် အရောင်စုံနေအောင် စိုက်ပြထားရဲ့။ Poppy is also a flowre. ဆိုတဲ့ စာသားလေးကို သွားသတိရလိုက်မိပါတယ်။ ပန်းတစ်မျိုးအနေနဲ့သက်သက်ကတော့ ဘိန်းပန်းလေးတွေဟာလည်း ချစ်စရာပန်းလေးတွေပါ။ အသည်းပုံ သစ်ရွက်မုခ်ဦးကြီးနဲ့ ဆိုင်ကတော့ စားသောက်ဆိုင်ထင်ရဲ့။

ကိုယ်တို့တစ်ဖွဲ့သားလုံး တစ်နေကုန် ဒစ္စနေးကမ္ဘာမှာ ပြခန်း တစ်ခန်းဝင် ထစ်ခန်းထွက်နဲ့ လှည့်ပတ်ကြည့်ရှုကြတယ်။ ယူနီဗာဆယ်စတူရီယိုမှာ လှည့်လည်ကြည့်ရှုတဲ့ အတွေ့အကြုံရှိခဲ့ပြီမို့ တိုကျိုဒစ္စနေးကမ္ဘာမှာတော့ သိပ်ပြီး ယောင်လည်လည်မဖြစ်တော့ပါဘူး။ အကြာကြီးတန်းမစီရအောင် ကြိုတင်နံပါတ်တွေ ယူလိုက်ပြီးမှ သွားခဲ့လို့ အချိန်လည်း မကုန်တော့ ပြကွက်အတော်များများကို ကြည့်ဖြစ်၊ ခံစားဖြစ်ပါတယ်။

Planet ပြခန်းနဲ့ Star Tour မှာတော့ ခန်းမရဲ့ အမှောင်ထုထဲမှာ အာကာသယာဉ်တွေစီးပြီး လကမ္ဘာနဲ့ဂြိုဟ်တွေဆီ ခရီးနှင်နိုင်ရဲ့။ ပြခန်းအဆောက်အအုံအပြင်မှာ ခြားရဟတ်လို ဆင်ထားတဲ့ ကောင်းကင်ခရီးနှင်တဲ့ ယာဉ်တွေကို စီးနင်းချင်လို့ စောင့်နေတဲ့ ကလေးငယ်တွေလည်း တစ်ပုံကြီးပါ။ (4D, Small world, Fantasy Land, Star tours, Toon Town water works, Space Mountain, Adventure Land, Tomorrow Land)၊ Western Land မှာ ရထားစီးတဲ့ခရီးစဉ်၊ စင်ဒရဲလား ပုံပြင်ထဲက ရဲတိုက်ကြီး၊ မာ့ခ်တွိန်း ရေကြောင်းခရီးစဉ်(Mark Twain Riverboat) ဆိုတာတွေမှာ ရှိရာမှာ အချို့ကို ဝင်ရောက်ဆင်နွှဲဖြစ်ခဲ့တယ်။

ကမ္ဘာကျော် ပုံပြင်ပြခန်းတွေရဲ့ တစ်နေရာမှာတော့ စင်ဒရဲလားပုံပြင် သရုပ်ဖော်ပြကွက်ပါ။ ရဲတိုက်ကြီးထဲမှာ ရှေးခေတ်အဆင်အယင်တွေ ပြင်ဆင်ထားပြီး ဓာတ်ပုံတွေ ရိုက်လို့ကောင်းအောင် စီစဉ်ထားပါတယ်။ စင်ဒရဲလားရဲ့ ဖန်အကြည်ဖိနပ်ကိုလည်း တော်တဲ့သူ စွပ်ကြည့်ဖို့ အသင့်လုပ်ထားပေးရဲ့။ ပုံပြင်ထဲက ဇာတ်ကောင်တွေကို အရုပ်ကြီးတွေနဲ့ သရုပ်ဖော်ထား၊ ရေးဆွဲထားရာမှာ အရောင်လွင်လွင်နုနုလေးတွေ သုံးထားတော့ လာကြည့်တဲ့ကလေးတွေအဖို့ စိတ်တွေနူးညံ့ပြီး သိမ်မွေ့သွားကြမှာပါ။ ပုံပြင်ထဲက ဇာတ်ဝင်နတ်သမီးစံအိမ်၊ တိရစ္ဆာန်လေးတွေ၊ ပန်းပွင့်ရောင်စုံတွေနဲ့ ထူးဆန်းပြီး ချစ်စရာကောင်းတဲ့ သတ္တဝါလေးတွေရဲ့ ရုပ်လုံးရုပ်ကြွတွေကလည်း ဆွဲဆောင်မှုရှိလှရဲ့။ ကလေးတွေကြည့်ပြီး ကြောက်လန့်မှာစိုးလို့ စုန်းမကြီး (The Wicked Witch) ပြကွက်မှာတော့ သတိထားဖို့ နှိုးတစ်ပေးထားပါတယ်။

ကာတွန်းမြို့(Toon Town)မှာတော့ ဖတ်ဖူးမြင်ဖူးသမျှ ကာတွန်းဇာတ်ကောင်တွေကို အသက်ဝင်လှုပ်ရှားနေတာ တွေ့နိုင်ပြီး ဓာတ်ပုံတွေလည်း တွဲရိုက်နိုင်ပါရဲ့။ အပွင့်တဝေဝေနဲ့ ချယ်ရီပန်းပင်တွေ၊ သစ်သီးတွေ ပြွတ်နေတဲ့ အပင်တွေ၊ ပန်းခင်းတွေကြားက ကာတွန်းဇာတ်ကောင်တွေရဲ့ ဆေးရောင်စုံအိမ်လေးတွေကလည်း စွေစွေစောင်းစောင်းနဲ့ ကာတွန်းစာမျက်နှာတွေထဲက အတိုင်းပါပဲ။

မာ့ခ်တွိန်းရဲ့ ငယ်ဘဝက ရေနွေးငွေ့သင်္ဘောကြီး စီးနင်းပြီး သွားခဲ့ရတဲ့ မြစ်ချောင်းအတွင်းက ခရီးစဉ်အတိုင်း



တိုကျို ဒစ္စနေးကမ္ဘာထဲမှာ





www.burmeseclassic.com

www.burmeseclassic.com

မြင်ဆင်ထားပါတယ်။ သင်္ဘောစီးဖို့ စောင့်ဆိုင်းနေရတဲ့ ရေဆိပ်မှာလည်း ရှေးက သင်္ဘောပုံတွေကို နမူနာပြု တည်ဆောက်ထားတာကို လေ့လာရတယ်။ ခရီးစဉ်တစ်ပတ်လည်ပြီး သင်္ဘောဆိုက်ကပ်လာတဲ့အခါ ဆင်းသူတွေက စည်းကမ်းတကျ ဆင်းသွားပြီး ကိုယ်တို့လည်း စနစ်တကျပဲ တက်ခဲ့ပါတယ်။ သင်္ဘောအပေါ်ထပ်ကို တက်စီးလည်းရလို့ တက်ခဲ့တော့ ကြေးနီခေါင်းလောင်းကြီးနဲ့ ဟိုတုန်းက အမေရိကန်အလံတွေ ကလူလူလွင့်ထားရဲ့။ ချောင်းကမ်းပါးတစ်လျှောက်မှာလည်း လူနီရိုင်းတွေရဲ့ မီးဖိုထားတဲ့ မီးခိုးငွေ့တလူလူနဲ့ တဲတွေ၊ သစ်လုံးအိမ်နဲ့ အရက်ထည့် သစ်သားစည်တွေ၊ တိရစ္ဆာန်သားရေအုပ်ထားတဲ့ တဲချွန်ချွန်လေးတွေ၊ သူတို့ရဲ့ နေထိုင်ပုံ စရိုက်တွေ၊ ကနူးလှေလေးတွေ လှော်ခတ်ပြီး လိုက်လာတဲ့ ဒေသခံတိုင်းရင်းသားတွေကိုပါ သင်္ဘောစီးရင်း မြင်တွေ့နိုင်ပါတယ်။ တချို့လှေတွေမှာတော့ ခရီးသွားတွေပါ စီးနင်းလာတာ တွေ့ရတယ်။ တစ်နေရာမှာတော့ လူရိုင်းတွေရဲ့ အလောင်းစင် အေးမသာ ပြင်ထားတာကို ကျွဲခေါင်းခွံတွေနဲ့အတူ တွေ့လိုက်ရမြန်တယ်။

ကိုယ်တို့သင်္ဘောကို ချောင်းမြောင်းပြီး ရန်ပြုတဲ့ လူနီရိုင်းတွေရဲ့ ပစ်ခတ်တာကိုလည်း တဒိုင်းဒိုင်းကြားလိုက်ရပြန်တယ်။ သူတို့လက်လုပ်သေနတ်တွေကလည်း မီးတွေပွင့်လို့ပါ။ ကိုယ်တို့အနီးမှာတော့ အဖေ့ပခုံးပေါ်ကနေ ငေးကြည့်နေတဲ့ ချစ်စရာကလေးငယ်လေးတစ်ဦးကို တွေ့ရတယ်။ ကံကောင်းလိုက်တာ ဒီအရွယ်လေးနဲ့ ဒီလိုဗဟုသုတမျိုးကို ခံစားခွင့်ရှိနေပေါ့။

ဒီနေ့အတွက် စိတ်ကြိုက်ဖြစ်ရတာကတော့ ရှားစောင်းဝင်တွေနဲ့ ကန္တာရ၊ ကျောက်တုံးညိုကြီးတွေနဲ့ တောင်စောင်း



မှော်တိုင်း ယေဘာဝက ရေနွေးငွေ့သင်္ဘောကြီးစီးပြီး သွားခဲ့ရတဲ့ မြစ်ချောင်းအတွင်းက ခရီးစဉ်



ဝေါလ်ဒစ္စနေးနဲ့ ကြွက်ကလေး မစ်ကီမောက်တို့ပုံ သွန်းလုပ်ထားတဲ့ ကြေးရုပ်

တွေ၊ ကျောက်လှိုဏ်ခေါင်းတွေ၊ ရေတံခွန်ငယ်တွေ၊ ယိုင်နဲ့နဲ့ သစ်သားတံတားအိုတွေကိုပါ ဖြတ်ရပြီး တောင်ထွတ်နီနီကြီးတွေ ထိပ်မှာတော့ လဒတွေက နားလို့။ ကွေ့ကွေ့ကောက်ကောက် တချို့နေရာတွေမှာ မှောက်လုနီးပါး ရထားတစ်ခြမ်းစောင်းသွားတဲ့အထိ ကွေ့ဝိုက်မောင်းနှင်သွားရတဲ့ ရှေးဟောင်းကျောက်မီးသွေး ရထားအိုကြီး စီးရတဲ့ ခရီးစဉ်ပါပဲ။ တောင်ကျရေတွေကြား ဖြတ်ရတဲ့အကွက် ရေစိုတာလည်း ခံလိုက်ရပါရဲ့။ ခနောနီခနော်နဲ့ တံတားအိုတွေ၊ တောင်ကြားက စွန်းထွက်နေတဲ့ တိုက်မိလုလု ကျောက်ဆောင်တွေ၊ လိုဏ်ခေါင်းမှောင်မှောင်ကြီးတွေ ဖြတ်ရတဲ့အခါတော့ သည်းထိတ်ရင်ဖိုပေါ့။ ၄၅ မိနစ်လောက် အကြာကြီး တန်းစီလိုက်ရကျိုး နပ်ပါတယ်။

Westernland Shotting Gallery မှာတော့ အနောက်တိုင်း ကောင်းဘွိုင်ဇာတ်ကားတွေက အဆင်အယင်၊ အသုံးအဆောင်တွေ၊ ဦးထုပ်တွေ၊ အိမ်တွေ၊ သေနတ်တွေ၊ မြင်းအဆင်တန်ဆာတွေ၊ အရက်ဘားတွေ၊ ကြိုးစင်တွေနဲ့ ပြင်ဆင်ထားလို့ Western ရုပ်ရှင်ဇာတ်ကားတစ်ခေတ်ကို ပြန်လည်သတိရစရာပါ။

ဒီ ဒစ္စနေးကမ္ဘာကွင်းမှာတော့ အထာသိနေပြီဖြစ်လို့ ပြပွဲစဉ်အားလုံးရဲ့ အဆုံးသတ် ဒစ္စနေးကမ္ဘာရဲ့ နှုတ်ဆက်တန်းစီလှည့်လည်ချီတက်ပွဲကိုပါ အေးအေးဆေးဆေး လမ်းဘေးမှာ ထိုင်ပြီး ကြည့်ဖြစ်ခဲ့ပါသေးတယ်။ ဒီတစ်ခါတော့ တောသား မြို့ရောက်မဖြစ်တော့ဘဲ ဣန္ဒြေရရ စတိုင်ကျကျနဲ့ ကြည့်တတ်သွားကြပါပြီ။ ကစားကွင်းကို လာကြတဲ့ ဧည့်သည်အားလုံးဟာ တိုးဝှေ့ခြင်း၊ ရန်ဖြစ်ခြင်း၊ နေရာလုခြင်း၊ ရိုင်းပြဆူညံစွာ အော်ဟစ်ခြင်း၊ အမှိုက်ဖွခြင်းတွေ မရှိဘဲ ပျော်ရွှင်ရယ်မောသံတွေ၊ နှုတ်ဆက်သံတွေ၊ လက်ခုပ်သံတွေ



www.burmeseclassic.com

www.burmeseclassic.com



မာ့ခ်တွိန်း ငယ်ဘဝက ရေနွေးငွေ့သင်္ဘောကြီးစီးပြီး သွားခဲ့ရတဲ့ မြစ်ချောင်းအတွင်းက ခရီးစဉ်

နဲ့သာ ချိတက်ပွဲရဲ့ အလှအပတွေကိုသာ ယဉ်ကျေးစွာ ခံစားကြည့်ရှုနေကြတာကို တွေ့ရတာလည်း အံ့ဩစရာပါ။ နိုင်ငံကြီးသား ပီသကြပါရဲ့။ ကိုယ့်နိုင်ငံကိုလည်း အဲဒီလို ဖြစ်စေချင်စမ်းရဲ့။ ဒီ့ထက်သဘောကျစရာ ကောင်းတာကတော့ လူအများကြီး ဖြတ်သွားပြီးတဲ့အခါ ဂုဏ်ပြုပြီး ကျဲဖောက်တဲ့ ရောင်စုံစက္ကူစလေးတွေ လေမှာဝေ့နေတာမှအပ လမ်းတစ်လျှောက်လုံး အမှိုက်တစ်စမရှိ ရှင်းလို့ပါ။

ဒီနေ့ခရီးစဉ်မှာ ခိုးလိုးခုလု ဖြစ်ရတာကတော့ ဘာကြောင့်ရယ်မသိ ခရီးသွားကုမ္ပဏီက ဒီနေ့ နေ့လယ်စာအတွက် ခါတိုင်းလို ငွေပြန်မအမ်းထားလို့ ကိုယ့်ဖာသာပဲ ကိုယ့်ငွေနဲ့ကိုယ် ဝယ်စားကြရတာပါ။ ယူနီဗာဆယ်စတူဒီယိုတုန်းက ယန်း ၁၅၀၀ (မြန်မာငွေ တစ်သောင်းခွဲ လောက်) ပြန်အမ်းပါသေးရဲ့။ ခရီးသွားအစီအစဉ် ကြော်ငြာမှာ နေ့စဉ်ဝန်ဆောင်မှုအနေနဲ့ မနက်စာကို ဟိုတယ်က ကျွေးပြီး နေ့လယ်စာနဲ့ ညစာကို ခရီးသွားကုမ္ပဏီက ကျွေးရမှာပါ။ ခုလို ပြခန်း၊ ကစားကွင်းတွေ ဆိုရင်တော့ အဲဒီထဲမှာ ကိုယ့်ဖာသာ ဝယ်စားနိုင်ဖို့ ငွေပြန်ပေးတတ်ကြပါတယ်။

ညနေစောင်းလို့ ပြန်အထွက်မှာတော့ ဝေါ့ဒစ္စနေး (Walt Disney)နဲ့ ကြွက်ကလေး မစ်ကီမောက်(Mickey Mouse)တို့ပုံ သွန်းလုပ်ထားတဲ့ ကြေးရုပ်နားကနေ ကွင်းကြီးထဲကို ပြန်လှည့်ကြည့်ပြီး နှုတ်ဆက်ခဲ့ပါတယ်။ ကြေးရုပ်အောက်က ကြေးပြားဖောင်းကြွစာမှာတော့ အခုလို ရေးထိုးထားပါတယ်။

(To all who come to this
happy place, Welcome.
Here you will discover enchanted lands
of Fantasy and Adventure, Yesterday and Tomorrow.
May Tokyo Disneyland be an eternal source
of Joy, Laughter, inspiration and Imagination
to the people of the world.
And may this magical Kingdom be an enduring
symbol of the spirit of coorperation and membership
between the great nations of
Japan and United State of America.
April, 15, 1983
E.Cardon Walker
Chairman of the Board
Walt Disney Production)

ဒီလို ပျော်ရွှင်စရာနေရာကို လာရောက်ကြသူတိုင်းအား ကြိုဆိုပါတယ်။ ဒီမှာ အတိတ်နဲ့ အနာဂတ်ရဲ့ ထူးခြားဆန်းပြားပြီး အံ့ဩစရာ စွန့်စားခန်းတွေနဲ့ စိတ်ကြည်နူးချမ်းမြေ့စရာ နယ်မြေကို သင်တွေ့ရမှာ။ တိုကျိုဒစ္စနေးကမ္ဘာဟာ လူသားအားလုံးကို ပျော်ရွှင်ရယ်မောစရာ၊ ... တော စိတ်ဝင်စားစရာတွေရဲ့ မဆုံးနိုင်တဲ့ အရင်းအမြစ်တစ်ခုဖြစ်မှာပါ။ ဒါ့အပြင် ဒီထူးဆန်းတဲ့နယ်မြေဟာ ဂျပန်နဲ့ အမေရိကန် ပြည်ထောင်စုအကြားက ပူးပေါင်းဆောင်ရွက် ... မိတ်ဆွေရင်းချာဖြစ်မှု စိတ်ထားတွေရဲ့ သက်သေပြသင်္ကေတ တစ်ခုလည်း ဖြစ်ပေလိမ့်မယ်လို့ ရေးထားပါတယ်။

ဝေါ့ဒစ္စနေးဘုတ်အဖွဲ့ ဥက္ကဋ္ဌ (E.Cardon Walker) ၁၉၈၃ ခု ဧပြီလ ၁၅ ရက်က မှတ်တမ်းစာမို့ ဒီကွင်းကြီး ... တည်ဆောက်ခဲ့တာ လွန်ခဲ့တဲ့ (၃၃)နှစ်လောက် ကတည်း ...



မာ့ခ်တွိန်း ငယ်ဘဝက ရေနွေးငွေ့သင်္ဘောကြီးစီးပြီး သွားခဲ့ရ... မြစ်ချောင်းအတွင်းက ခရီးစဉ်





www.burmeseclassic.com

www.burmeseclassic.com

လေလားလို့ တွေးမိပါတယ်။ လမ်းညွှန်ကောင်းကောင်း ပါရင်တော့ ဒီအတွေးကို ဖြေရှင်းပေးနိုင်မှာပါ။


အဲဒီနောက် တိုကျိုဒစ္စနေးကမ္ဘာကနေ ကားနဲ့ပြန်ထွက်ခဲ့ကြပြီး နေဝင်ရီတရောမှာ တိုကျိုမြို့က ဘူဖေးစားမယ့် The Oven Restaurant ကို ရောက်သွားကာ ညစာ ဘူဖေးစားကြရပါတယ်။ ဆိုင်က လမ်းထိပ်အဆောက်အအုံရဲ့ အပေါ်ထပ်မှာရှိတာမို့ လမ်းကျော်တံတားကနေ တက်သွားရပါတယ်။ လမ်းကျော်ခုံးတံတားကို လမ်းပေါ်မှာ အပြည့်ခွပြီး လေးဖက်လေးတန် ဟိုဘက်ဒီဘက်ဖြစ်ကာ အကျယ်ကြီးလုပ်ထားလို့ လှေကားခွင်မျှသာ မဟုတ်ဘဲ လေထဲမှာ စတုရန်းပုံမြေကွက်ကြီးလို ဖြစ်နေရဲ့။ လမ်းအထက်က အဲဒီနေရာဟာ ကျယ်လွန်းလို့ မြေပြင်ပေါ်မှာ နေရသလိုပဲ တပြန့်တပြူး လေဟာပြင်ကျယ်ကြီးမှာ နေရသလို ခံစားရပါတယ်။

မြင့်မားတဲ့ ပြင်ကျယ်လက်ရန်းတွေကနေကြည့်ရင် ဖင်လယ်ကမ်းနားဘက်ဆီကို လှမ်းမြင်နေရတယ်။ အဲဒီမှာ အမေရိကန်ပြည်ထောင်စု၊ နယူးယောက်မြို့ သင်္ဘောဆိပ်ကမ်းမှာလိုပဲ လေဘာတီ လွတ်လပ်ရေးကျောက်ရုပ်တုကြီး တည်ဆောက်ထားတာ မြင်ရလို့ အံ့သြပြီး လှမ်းကြည့်နေမိကြပါတယ်။ ရှုခင်းကလည်းကောင်း၊ အမေရိကား ရောက်နေသလိုလည်း ခံစားရတာမို့ အားလုံးပဲ ပျော်သွားကြပြီး ဓာတ်ပုံတွေ အကြာကြီး ရိုက်ဖြစ်ကြတယ်။ ရှုခင်းဓာတ်ပုံတွေ ရိုက်နေတုန်းမှာ ကိုယ့်ပုံလည်း လေဘာတီရုပ်ကြီးနောက်ခံနဲ့ ပါချင်သာမြန်လို့ ခရီးဖော် ညီမငယ်တစ်ယောက်ကို ကင်မရာပေးပြီး ကိုယ့်ပုံကိုရိုက်ပေးဖို့ အကူအညီတောင်းရပါတယ်။

သူကလည်း စိတ်ပါလက်ပါရိုက်ပေးတော့ ကိုယ့်ပုံရိုက်အပြီးမှာ သူ့ကိုလည်း ဟိုနေရာနေပါဦး၊ ဟိုလိုလေး နေလိုက်ပါဦးဆိုပြီး ကိုယ်က ပြန်ရိုက်ပေးမိတယ်။ သူ့ကင်မရာ



တိုကျို ဒစ္စနေးကမ္ဘာထဲမှာ



လေးကို ပြန်ပေးချိန်မှာတော့ သူကပဲစပြီး "စာရေးတယ်ဆို ----" လို့ မိတ်ဆက်စကား ပြောလာပါတယ်။ သူလည်း စာရေးတယ်လို့ သူ့ကလောင်နာမည်ကို ပြောလာတယ်။

အိုး-ဒီနှစ်ထဲမှာပဲ ရွှေတိဂုံဘုရားမြေရင်းနား ရွှေဂုံတိုင် အမ်သရီးခန်းမမှာ လင်းလွန်းခင်စာပေကလုပ်တဲ့ စာအုပ်မိတ်ဆက်ပွဲမှာ စင်ပေါ်တက် ဟောပြောခဲ့တဲ့ တိရစ္ဆာန်ဆေးကုဆရာဝန် စာရေးဆရာမလေး ဒေါက်တာခင်စန်းမော် ပါလား။ လင်းလွန်းခင်ပွဲမှာ အကြာကြီးတွေ့ခဲ့ရဲ့သားနဲ့ ဘာလို့ ဂျပန်ခရီးစဉ်တစ်လျှောက်လုံးမှာ မမှတ်မိခဲ့ပါလိမ့်။ စာရေးသူ အချင်းချင်း ဘာသာစကားတူလျက်နဲ့ နောက်ကျပြီး ခရီးစဉ်ဆုံးကာနီးမှပဲ ရင်းနှီးရတော့တယ်။ သူက အမျိုးသားစာပေဆုပါ ရထားသူပါ။ သူ့ရဲ့ တိ-မွေး-ကုဆိုင်ရာ ဆေးပညာပေးဆောင်းပါးတွေအပြင် ဝတ္ထုတိုလေးတွေပါ ဖတ်ဖူးပါရဲ့၊ စာရေးတဲ့အခါ မလေးမတွဲ ခပ်သွက်သွက် ရေးတတ်တာကိုလည်း သွားသတိရမိပြန်တယ်။ စာရေးသူချင်းဟာ အနုပညာ နယ်ပယ်က ရင်ဘတ်ချင်းနီးတဲ့ မောင်ရင်းနှမတွေပါပဲ။

ဓာတ်ပုံရိုက်တဲ့ နေရာကနေ ဘူဖေးသွားစားဖို့ အဆောက်အအုံရဲ့ နောက်တစ်ထပ်ကို ထပ်တက်ရပြန်တယ်။ အဲဒီမှာလည်း စျေးဆိုင်တွေ ရှိနေပြန်ပါသေးတယ်။

စားသောက်ပြီးလို့ ပြန်ထွက်လာတော့ လေဘာတီရုပ်တုကြီးကို လှမ်းကြည့်ရင်း နှုတ်ဆက်လိုက်မိပြန်တယ်။ အမှောင်ထဲကနေ မီးရှူးတိုင်ပါတဲ့လက်ကို မြှောက်ပြီး ညမီးအရောင်နဲ့ ပြန်လည်နှုတ်ဆက်နေတဲ့ လေဒီ လေဘာတီကို မြင်လိုက်ရပေါ့။

(ဆက်ရန်)

**ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး-သု)**

**စာကိုး** - Encyclopædia Britannica. 2014. Microsoft ® Encarta ® 2009.

□

www.burmeseclassic.com

www.burmeseclassic.com

# အောင်ပန်းညို ကိုယ်တွေ့အသုံး

ဆရာကြီးဦးအောင်မြင့်



အောင်ပန်းညို၏ အရွက်၊ အပွင့်နှင့် အသီး

ကျွန်ုပ်ဇနီး၏ အစ်မဖြစ်သူမှာ အသက် (၅၆)နှစ်ခန့် ရှိနေပြီ။ ငယ်စဉ်ကတည်းကပင် ဆံပင်များ ကောက်နေသဖြင့် ဆံပင်ရှည်ထား၍ မရပါ။ လွန်ခဲ့သော ငါးနှစ်ခန့်ကတည်းက အသည်းရောင် အသားဝါ 'B' ပိုး စစ်ဆေးတွေ့ရှိသဖြင့် တစ်ပတ်တစ်ခါ ဆေးရုံပြရခြင်း၊ စားဆေး ထိုးဆေးများဖြင့် ကုသမှုခံယူရခြင်းတို့ကြောင့် ဦးခေါင်းဆံပင်များ ကျွတ်ထွက်ကာ ဆံပင်ပါးပါးသာကျန်ရှိသည့် ကတုံးပြောင်ဖြစ်လုနီးပါး အခြေအနေရှိပါသည်။

ထိုအခြေအနေမျိုးတွင် သူမ၏ ခင်ပွန်းဖြစ်သူက ထိုင်းနိုင်ငံတွင် မိရိုးဖလာ ဆံပင်သန်ဆေးအဖြစ် သုံးစွဲသည့် အပြာရောင်ပန်းပွင့်များကို ခူးလာပေးသည်။

သူမကလည်း ထိုပန်းပွင့် လက်တစ်ဆုပ်ခန့်ကို အရည်ညှစ်ယူ၍ ဦးခေါင်းဆံပင်များနှင့် ဦးရေပြားအနှံ့ကို နေ့စဉ်ပွတ်လိမ်းပေးခဲ့သည်။ တစ်ရက်မှာ သုံးလေးကြိမ် ထိုသို့ပွတ်လိမ်းပေးခဲ့သည်။ ပန်းပွင့်အပိုများကို ရေခဲသေတ္တာတွင် ထည့်၍ သိမ်းဆည်းထားသည်။

ဤသို့ဖြင့် လေးငါးခြောက်လခန့် ကြာသောအခါ ကျွန်ုပ်ခယ်မ၏ ဦးခေါင်းရှိ ဆံပင်များကျဲပါးနေရာမှ ဆံပင်သစ်များ ထူထဲစွာ ပေါက်လာကြောင်း တွေ့ရှိရသည်။ ထို့ပြင် မွေးကတည်းက ကောက်ကောက်ကွေးကွေး တွန့်လိမ် နေသည့် ဆံပင်များမှာ ဖြောင့်စင်းလာ ခဲ့သည်။ ထို့ပြင် ကိုယ်နှင့် သက်ဆ ရွယ်တူ အခြားအမျိုးသမီးများ ဆံပင် ပေါက်နေကြပြီဖြစ်သော်လည်း သူမ ဆံပင်ဖြူခြင်း လုံးဝမဖြစ်ဘဲ ဆံပ အားလုံး မည်းမှောင်သန်စွမ်းနေကြောင်း တွေ့ရှိရပါသည်။

ထိုပန်းပွင့်၏ အရွက်မှာ ခပ်ဝိုင်းဝိုင်းပျော့ပျော့ဖြစ်၍ အပွင့်မှာ အပြ ရောင်တောက်တောက်တွင် အဖြူရော စွက်သည်။ အသီးမှာ ဘိုစားပဲတောင့် တူပါသည်။

ထိုပန်းပွင့်ကို မြန်မာနိုင်ငံ ရန်ကုန်မြို့၊ ကန်တော်ကြီး စိုက်ပျိုးရေးဥယျာဉ်တွင် လိုက်လံရှာဖွေမေးမြန်းသောအခါ အောင်ပန်းညိုဟုခေါ် ကြောင်း သိရသည်။ အိမ်ရှေ့မျက်နှာ တွင် အလှစိုက်သော ပန်းမျိုးဖြစ်ပြီး နွယ်ပင်ဖြစ်သည် အရွက်ကို ဟင်းချိုချက်သောက်ရကြောင်းသိရသည်။ အချို့ အောင်မဲညိုဟုလည်း ခေါ်ကြောင်း ပြောပြသည်။

ထိုပန်းပွင့်မျိုးကို ထိုင်းနိုင်ငံတွင် ခေါင်းလျှော်ရည် အဖြစ်လည်းကောင်း၊ ဆံပင်သန်ဆေးအဖြစ်လည်းကောင်း ဆံပင်နက်ဆေးအဖြစ်လည်းကောင်း ဖော်စပ်ရောင်းချ ကြောင်း သိရသည်။

စာဖတ်သူများ လက်တွေ့အကျိုးရှိစွာ အသုံးချနိုင် စေရန် ဖော်ထုတ်တင်ပြရခြင်း ဖြစ်ပါသည်။

ဆရာကြီး ဦးအောင်

❑



www.burmeseclassic.com

www.burmeseclassic.com

# ဘယ်လိုပင်ကိုဗီဇရှိလဲ၊ ဘယ်အလုပ်အကျိုးပေးမလဲ

ဆရာကြီး ဦးအောင်မြိုင်


အသက် (၁၃)နှစ်အရွယ် ကျောင်းသူကလေးတစ်ဦးကို သူမ၏ မိဘနှစ်ပါးက ကျွန်ုပ်၏ လက္ခဏာဗေဒင်ဟောခန်းသို့ ခေါ်ဆောင်လာခဲ့ပါသည်။

"သမီးကြီးလာရင် ဘယ်လိုအလုပ်မျိုးနဲ့ အကျိုးအပေးဆုံးလဲဆိုတာ သိချင်ပါတယ်၊ အခု အသက်အရွယ်ကတည်းက သူ့ကို ကြိုတင်လမ်းညွှန် ပြုပြင်လေ့ကျင့်ပေးထားချင်လို့ပါ"

သူမ၏ မိဘများက ရည်ရွယ်ချက် ကြီးမားကြပါသည်။ သမီး လျှောက်သင့်သော လမ်းကို ကြိုတင်၍လမ်းရှင်းပေးခြင်း၊ လမ်းခင်းပေးခြင်းများ ပြုလုပ်လိုကြောင်း ကျွန်ုပ်ကို ပြောပြပါသည်။ ထို့ကြောင့် သမီး၏ ဘယ်၊ ညာ လက်ဖဝါးပြင်ကို ပုံနှိပ်ရယူပြီး သေချာကြည့်ရှု စစ်ဆေးပါသည်။

ဘယ်၊ ညာလက်ညှိုးလက်ချောင်းတို့က လက်သူကြွယ်သက်ချောင်းတို့ထက် ထိပ်ဖျား သိသိသာသာ ပိုရှည်နေကြောင်းကို တွေ့မြင်ရသည်။


"က"အက္ခရာနှင့် ညွှန်ပြထားပါသည်။




ထိုသို့ လက်ညှိုးထိပ် ပိုရှည်သူတို့မှာ သူတစ်ပါးကို အုပ်ချုပ်လိုစိတ် များပြားခြင်း၊ နေရာတကာ ဆရာလုပ်လိုခြင်း ပင်ကိုဗီဇမျိုး ရှိပါသည်။ ကျောင်းဆရာမများတွင် ထိုလက်ညှိုးမျိုး မကြာခဏ တွေ့ရှိရဖူးပါသည်။ ထို့ပြင် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းရှင်များနှင့် အမျိုးသမီးမန်နေဂျာများတွင်လည်း မကြာခဏ တွေ့မြင်ရဖူးပါသည်။

ဘယ်လက်တွင် နှလုံးလမ်းကြောင်းနှင့် ဦးခေါင်းလမ်းကြောင်းကြားရှိ ကွာဟမှုမှာ (၀. ၅)စင်တီခန့်သာရှိ၍ ကျဉ်းလွန်းပါသည်။


"ခ" အက္ခရာနှင့် ညွှန်ပြထားပါသည်။




ထိုသဘောတူမျိုးရှိသူမှာ ငွေကြေးကို နှမြောစိစစ်ချွေတာလွန်းသော ပင်ကိုဗီဇမျိုးရှိ၍ ကိုယ်ပိုင်စီးပွား စွန့်စားလုပ်ကိုင်လိုခြင်း မရှိကြဘဲ ဝန်ထမ်းလုပ်ငန်းမျိုးသာ လုပ်ကြလေ့ရှိပါသည်။

ဘယ်၊ ညာ အသက်လမ်းကြောင်း အရင်းပိုင်းတို့မှာ လက်ဖနောင့်၊ လက်ကောက်ရစ်အနီးအထိ ရှည်လျားခြင်းမရှိဘဲ အောက်ခြေပိုင်း မှေးမှိန်နေကြောင်း တွေ့ရှိရသည်။


"ဂ"အက္ခရာနှင့် ညွှန်ပြထားပါသည်။






www.burmeseclassic.com

www.burmeseclassic.com




ဤသင်္ကေတမျိုးမှာ ပြည်ပနိုင်ငံခြားတွင် သွားရောက်လုပ်ကိုင် အခြေချ နေထိုင်ရတတ်ပါသည်။

ထို့ကြောင့် ဤလက္ခဏာရှင် မိန်းကလေးကို နိုင်ငံခြားဘာသာ စာမေစကား ဦးစားပေးသင်ကြားသည့် ကျောင်းမျိုး ပညာသင်ယူစေသင့်ကြောင်း သူမ၏ မိဘများကို အကြံပြုပေးလိုက်ပါသည်။

လက္ခဏာပညာ ဗဟုသုတ တိုးပွားရရှိကြပါစေ။


ဆရာကြီး ဦးအောင်

❑

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

## ကာတွန်းကမ္ဘာ






www.burmeseclassic.com

www.burmeseclassic.com










www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

# အမျှင်ကြိုးနှင့် အန္တရာယ်ပိုး

စိုးယဉ်ထွန်း



www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာ့နိုင်ငံအသီးသီးတွင် ပင့်ကူဆိုသော သတ္တဝါများမှာ အမျိုးပေါင်းများစွာရှိပြီး အရောင်အစင်းနှင့် အကောင်အထည်လည်း ကွာခြားကြသည်။ အမျှင်ထွာန်း၍ အိမ်ဖွဲ့ပြုလုပ်ရန် ခန္ဓာကိုယ်မှ ထုတ်ယူသည်။ ထိုအမျှင်များနှင့် ပိုက်ကွန်ကဲ့သို့ တစ်ဖက်အမှီအတွယ်မှ တစ်ဖက်အမှီအတွယ်ကို ကူးယှက်ပြီး နေအိမ်ပြုသလို အစာအတွက်လည်း ထောင်ချောက်အဖြစ် အသုံးပြုသည်။

ပင့်ကူသည် မြစ်၊ ချောင်း၊ ပင်လယ်ကမ်းစပ် ဒီရေတောများတွင်လည်း နေထိုင်ပြီး တောင်ကုန်းကမူချိုင့်ဝှမ်း၊ ဂူပေါက်နှင့် တောအုပ်သစ်ပင်တို့မှာ ပါနေထိုင်ကြသည်။ တောင်ကုန်းထိပ်ဖူ နေရာမျိုးတွင်လည်း နေထိုင်တတ်သည်။

ပင့်ကူ၏ ထူးခြားသောစွမ်းရည်မှာ ခန္ဓာကိုယ်မှ ထုတ်ယူထားသော အမျှင်များကို တွဲခို၍ မြေပြင်နှင့် ကွာဝေးသော လေထုထဲတွင် တွဲလောင်းနေနိုင်သည်။ လေနှင့် လွင့်မျောပြီး နေရာပြောင်းရွှေ့နေနိုင်သည်။ ပင့်ကူ၏ အကောင်အရွယ်အစားများမှာ တချို့က အလွန်သေးငယ်ပြီး တချို့က အလွန်ကြီးမား၏။ ငှက်ကိုပင် ဖမ်းယူစားသောက်နိုင်သော ပင့်ကူမျိုးမှာ ခြေလက်များကို ဆန့်တန်း၍ တိုင်းထွာကြည့်လျှင် ၁၀ လက်မကျော် တစ်ပေနီးပါး ရှိသည်။ ထိုသို့ ငှက်များကို ဖမ်းယူစားသောက်သည့် ပင့်ကူမျိုးမှာ တောင်အမေရိကတိုက်ရှိ ပြည်နယ်များတွင် တွေ့ရှိရသည်။

ပင့်ကူ အမျိုးပေါင်း သုံးသောင်းကျော်မျှရှိသည်။ ကမ္ဘာ့ကျန်းမာရေးဌာနမှ အမေရိကန်ပြည်ထောင်စုတစ်ဝန်းတွင်ပင် ပင့်ကူအမျိုးပေါင်း ၂၀၀၀ ခန့် ရှိသည်ဟုဆိုသည်။ လူသိများ၍ ထင်ပေါ်သောပင့်ကူနှစ်မျိုးမှာ မဟူရာမုဆိုးမဟုခေါ်သော (BLACK WIDOW) ပင့်ကူနှင့် တာရန်တူလာဟုခေါ်သော (THE TARAN TUA) ပင့်ကူမျိုးတို့ဖြစ်သည်။

ပင့်ကူသည် အဆိပ်ရှိ၍ အန္တရာယ်ပေးနိုင်သည်ဟု ပြောဆိုသတ်မှတ်ပေမယ့် ရွှေဝါရောင်ပင့်ကူတစ်မျိုးက လူအတော်များများကို ထိရှပ်မိလျှင် ထိရှပ်ခံရသော လူကြီး၊ လူငယ်များမှာ နာကျင်မှုဝေဒနာကိုသာ ခံစားရပြီး အသက်အန္တရာယ်မရှိကြောင်းကို စောင့်ကြည့်သူများအဖွဲ့ (ဩစတြေးလျား)မှတစ်ဆင့် အသိပေး ပြောကြားခဲ့သည်။

၁ ဒသမ ၆ စင်တီမီတာ (၀ ဒသမ ၆)အရွယ်ခန့်ရှိ (THE YELLOW SACK SPIDER) အဝါရောင်ဖောင်းဖောင်းပင့်ကူမျိုး အကိုက်ခံရခြင်း၊ ထိရှပ်ခံရသူတို့မှာ အစိုးရိမ်လွန်ပြီး ဆရာဝန်ပြခြင်း၊ ဆေးရုံတက်ခြင်းများ ရှိသော်လည်း ခေါင်းမူး၊ ခေါင်းကိုက်ဖြစ်ကြသည့်လူများမှာ တစ်နှစ်ပတ်လုံးတွင် ငါးယောက်မှ ရှစ်ယောက်အထိပဲ ရှိသည်။ ဒါပေမဲ့ လူဆိုသည်က ကြောက်တတ် စိုးရိမ်တတ်ကြသဖြင့် ပင့်ကူထိရှပ်လျှင် (အကိုက်ခံရလျှင်)ဖြစ်စေ၊ ဆရာဝန်ပြပါ၊ ဆေးရုံသွားပါဟု ညွှန်ကြားထားခြင်း ဖြစ်သည်။

ပင့်ကူ ထိရှပ်ခံရလျှင် ပုရွက်ဆိတ်ကိုက်သလို နာပေ မယ့် အသက်အန္တရာယ်ကိုလည်း စိုးရိမ်စရာ မဟုတ်ပေ ဒါပေမဲ့ ဆီထိခြင်း၊ တွေ့ရာ ရရာ အပွင့်အရွက်များနှင့် ပွတ် တိုက်ပေးခြင်း၊ ကြိတ်ခြေအုံပေးခြင်းဆိုလျှင်တော့ အနေရ အထိုင်ရခက်ပြီး အသားရောင်ရမ်းလာပါမည်။

ဂျာမနီနိုင်ငံနှင့် ဥရောပတိုက်တို့တွင် ဒွန်းဖင်းဂါးစပိုင (DORNFI NGER SPINNE) ဟုခေါ်ကြသည်။ ဥရော တိုက်တွင် ပို၍အဆိပ်ပြင်းသော ပင့်ကူမျိုးများရှိသေးသည် ထိုပင့်ကူများထဲမှ မဟူရာမုဆိုးမဆိုသော ပင့်ကူက ပင့်ကူ များကိုသာခေါ်ပြီး ပင့်ကူအထီးများကို မဟူရာပင့်ကူဟုသ ခေါ်သည်။ ထိုပင့်ကူမများ၏ အကျင့်စရိုက်သည် အထီး အ အတူနေထိုင်ပြီး ဥများဥ၍ သားပေါက်သည်နှင့် ပင့်ကူအထ ကို ကိုက်ဖြတ်စားသောက်တတ်သည်။ ဒါကြောင့် မဟူ ပင့်ကူမကို မဟူရာမုဆိုးမ ဟုခေါ်ခြင်းဖြစ်သည်။ အဆိပ် အလွန်ပြင်း၍ ခန္ဓာကိုယ်မှာ ကြီးမားခြင်းမရှိပေ၊ မည်း ပြောင်ချောပြီး အောက်ဘက်က အနီရောင်သန်းကာ ထူ မှုမှာ ဝမ်းဗိုက်တွင် နာရီဒိုင်ခွက်ပုံမျိုး ဖြစ်ပေါ်နေသည် မဟူရာပင့်ကူများကို အမေရိကန်ပြည်ထောင်စုတစ်ဝန် ဥရောပတိုက်၊ အာရှတိုက်နိုင်ငံတချို့တွင် တွေ့ရှိနိုင်ပြီး အ အကောင်အရေအတွက်ထက် အမကောင်က ပို၍များသည်

မဟူရာမုဆိုးမကောင် အကိုက်ခံရလျှင် အထီး သည်ထက် အမကောင်ကိုက်သည်က ပို၍အဆိပ်ပြင်း အခံရဆိုးသည်။ သူတို့၏အဆိပ်ဖြင့် တခြားအကောင်မျ ဖမ်းယူစားသောက်ပြီး အိမ်ဖွဲ့၍ တခြားကောင်ငယ်မျ ဖမ်းဆီးရာတွင် အနည်းငယ်ကြီးသော အကောင်များက ကန်လှုပ်ရှားလျှင် ချွဲပျစ်သော အရည်တစ်မျိုးဖြင့် အမျှ ဖြစ်အောင် (ပိုက်ကွန်လို)သုံး၍ ဖမ်းယူတတ်သည်။ ကြ သောအကောင်များကို ထောင်ဖမ်းပြီး အဆိပ်ဖြင့်ကိုက် ၍ လိုအပ်သောအချိန်တွင် စားသုံးသည်။

လူ၏ အနံ့အသက်ကိုသိ၍ လွတ်အောင်ရှော မရှောင်မရှောင်သာမှ လူကိုကိုက်သည်။ ဒါတလည်း နာကျင်မှုသာ ကိုက်ခြင်းဖြစ်သည်။ အမေရိကန်





www.burmeseclassic.com

www.burmeseclassic.com

(RATTLE SNAKES) မြွေခလောက်ထက်ပင် မဟူရာမုဆိုးမပင့်ကူက အဆိပ်ပြင်းသည်။

တာရန်တူလာပင့်ကူများသည် အလွန်ထူးခြားဆန်း၏။ လူကို အလွန်ကြောက်လန့်သည်၊ အန္တရာယ်လည်း မပြုပါ။ ဒါပေမဲ့ လူများက တာရန်တူလာပင့်ကူကို မြင်လိုက်လျှင် အလွန်မှ ကြောက်ရွံ့ထိတ်လန့်သွားကြရသည်။ တခြားပင့်ကူများနှင့်မတူဘဲ အကောင်လည်းကြီးသည်၊ လူ့လက် တစ်ဝါးခန့်ရှိပြီး ထို့ထက်လည်း ပို၍ကြီးမားသည်။ တစ်ကောင်လုံးတွင် အမွေးအမှင်များ ဖုံးလွှမ်းနေသည်က ထူးခြားပြီး လျှင်မြန်မှုကြောင့်ပါ ကြောက်စရာဖြစ်နေရသည်။ သူ၏ အဆိပ်က ပုရွက်ဆိတ် ကိုက်သလိုပင်။

တာရန်တူလာပင့်ကူများသည် တိတ်ဆိတ်အေးစိမ့်မှောင်မိုက်သောနေရာကို ကြိုက်နှစ်သက်သည်။ အမွေးအမှင်များနှင့် မျက်လုံးပေါက်ကျယ်ဝန်းပြီး မျက်လုံး ရှစ်လုံးပါသည်။ သို့သော် မျက်စိအမြင် မှုန်ဝါးနေသည်။ နိုင်ငံကြီးတချို့တွင် အိမ်မွေးတိရစ္ဆာန်အဖြစ် မွေးမြူကြသည်။ အန္တရာယ်တစ်ခုခုကြုံလျှင် ခန္ဓာကိုယ်ပေါ်မှ အမွေးအမှင်များ ခါချွတ်၍ရသည်။ သူ့အတွက် ဖြစ်လာမည့်အန္တရာယ်ကို အာရုံလွှဲပြောင်းခြင်းသည်းဖြစ်သည်။ ထိုအမွေးတို့တွင် မာ၍ကောက်ပြီး ချွန်မြသော ဆူးကလေးများဖြစ်သဖြင့် ထိမိလျှင် ယားယံခြင်း၊ အဖုအပိမ့်ထခြင်းများဖြစ်သည်။ မဟူရာမုဆိုးမ ပင့်ကူအမများက အထီးထက်ပို၍ သက်တမ်းရှည်ကြသည်။

တောနက်နက်ထဲတွင်ရှိသော တောကြီးပင့်ကူမျိုးက ကျန်ပင့်ကူများထက် ပို၍ အကောင်ကြီးကြပြီး သစ်ပင်ကြီးတစ်ပင်မှ နောက်တစ်ပင်ကိုကူး၍ အမှင်များဖြင့် ထောင်ချောက်အိမ်ဖွဲ့၍ ငှက်နှင့်တခြားသတ္တဝါများကို ဖမ်းယူစားသောက်ကြသည်။ ထိုတောကြီးပင့်ကူ၏ အသိတစ်မျိုးက အံ့ဩစရာကောင်းသည်မှာ အမှျင်အိမ်တွင် ဝင်ရောက်ငြိတွယ်ဖမ်းမိသော အကောင်များကို ခေါင်းကိုခဲ၍ ဦးနှောက်ကိုဖောက်ပြီး စားပစ်လိုက်သည်။ ဒါမှ ထိုသတ္တဝါက အသေမြန်သည်။ ကျန်သော အစိတ်အပိုင်းကို နောက်မှစားသည်။ ဦးနှောက်ကိုဖောက်၍ အစားခံရသော ထိုသတ္တဝါတို့၏ အသားများက ပုပ်ပွသွားခြင်းမရှိဘဲ ခြောက်ကပ်သွားသည်။

ကမ္ဘာပေါ်တွင် နိုင်ငံအလိုက်ရှိသော ပင့်ကူများသည် သူတို့၏အသက်မွေးဝမ်းကျောင်းမှုကို အသုံးပြုလုပ်ဆောင်ရာတွင်ရော သူ၏အသက်အန္တရာယ်ကိုပါ ကာကွယ်ရာ၌ တခြားသောသတ္တဝါများနှင့်မတူဘဲ မျိုးဆက်ပွံ့ပွား၍ရှိနေလေသည်။

**စိုးယဉ်ထွန်း**




ဆုတောင်းပြည့်

**ဆရာကြီး အောင်ဘုန်းမြင့်**

နက္ခတ္တဗေဒ ပလီတပညာရှင် - မဟာဂန္ဓာရီ ဗေဒင် လက္ခဏာသုတေသီ

စာရေးဆရာ – အောင်ဘုန်းမြင့် (ကချင်ခမြေ)

ကလောင်ခွဲ – ကာလီဒါ့ရှ် (မြန်မာပြည်)

- ယတြာစာတ်ရိုက်စာတ်ဆင် အထူးဆောင်ရွက်ပေးသည်။
- ဘဝရေစီးရေးလမ်းညွှန်အတိုင်ပင်ခံသည်။
- နေ့စဉ် နံနက်(၆)နာရီမှ (၉)နာရီအတွင်း အခမဲ့ ဖုန်းဖြင့် ဟောကြားပေးသည်။

အမှတ်(၄၂)၊ အောင်မင်္ဂလာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။
ဗေဒင် ☎ ၀၁-၅၄၀၇၂၀၊ စုံစမ်းရေး ၀၉-၃၁၀၂၂၈၁၆

www.burmeseclassic.com

# အဝလွန်ခြင်းကို ထိန်းပေးမည့်

## အစားအစာများ



အောင်ဘုန်းမြင့်
(ကချင်မြေ)



www.burmeseclassic.com

www.burmeseclassic.com

အစာအာဟာရ - လူသားများ နေ့စဉ်စားသုံးနေကြသော အစားအစာများထဲတွင် အစာအုပ်စု သုံးမျိုး သုံးစားရှိလေသည်။

၁။ ခန္ဓာကိုယ်ကို ကြီးထွားဖွံ့ဖြိုးစေနိုင်သော အသား၊ ငါး၊ ဥစွန်၊ နို့ထွက်ပစ္စည်း အစားအစာများနှင့် ပဲအမျိုးမျိုးပါဝင်သော အစာအုပ်စု၊

၂။ ခန္ဓာကိုယ်အတွက် အားအင်စွမ်းအား ဖြစ်စေသော ဆန်နှင့်ဆန်ထွက် အစားအစာအမျိုးမျိုး၊ ဂျုံ၊ ဂျုံထွက် အစားအစာများ ပြောင်းဖူး၊ ကန်စွန်းဥ၊ ပိန်းဥ၊ သကြား၊ အဆီအစရှိသော ကစီဓာတ်အစာအုပ်စု၊

၃။ ခန္ဓာကိုယ် အတွင်း၊ အပြင် ရောဂါဘေးအန္တရာယ်အပေါင်းတို့မှ ကာကွယ်ပေးနိုင်သော ဟင်းသီးဟင်းရွက်များ၊ အသီးအနှံများ၊ သစ်သီးဝလံများ ပါဝင်သော အစာအုပ်စုဟူ၍ ဖြစ်လေသည်။

ထိုအစာအုပ်စု သုံးမျိုးထဲမှ အဝလွန်ခြင်းကို ကာကွယ်ပေးနိုင်ပြီး ထပ်ဆင့်အကျိုးဖြစ်စေနိုင်သည့် အစားအစာအုပ်စုဟူ၍ ရှိပြန်သည်။ ယင်းအဝလွန်ခြင်းမှ ကာကွယ်ပေးနိုင်သော အစားအစာများကို ဆက်လက်တင်ပြသွားပါမည်။

## ခရမ်းချဉ်သီး

ဟင်းသီးဟင်းရွက်များထဲတွင် ခရမ်းချဉ်သီးသည် လွန်စွာအာဟာရကြွယ်ဝပြီး ဆေးဘက်ဝင်သော အစားအစာဖြစ်လေသည်။ ခရမ်းချဉ်သီးကို မချက်မပြုတ် အစိမ်းလိုက်၊ အတို့အမြုပ်လုပ်စားလျှင် ဗီတာမင်စီဓာတ်ကို မပျက်မစီးရရှိနိုင်သည့်အပြင် အခြားအရေးပါသော သက်စောင့်ဓာတ်များကိုလည်း အပြည့်အဝရရှိနိုင်သည်။

ချက်ပြုတ်၊ ကြော်လှော်၊ ကျိုချက်စားလျှင် အပူမခံနိုင်သော ဗီတာမင်စီမှအပ အခြားဆေးအာနိသင်များ ယယ်ဘဲ အစာအာဟာရဓာတ်ကို ပိုလာစေသည်ဟုဆိုသည်။ ခရမ်းချဉ်သီးကို နေ့စဉ် စားသုံးပေးခြင်းဖြင့် အဝလွန်ခြင်းကို ကာကွယ်ပေးနိုင်သည်။

ခရမ်းချဉ်သီးကို မည်သို့ ပြုလုပ်စားသုံးသည်ဖြစ်စေ ကျန်းမာရေးအတွက် လွန်စွာအကျိုးရှိစေနိုင်သည်။ ဆီနည်းနည်းဖြင့် အချဉ်ဓာတ်မပျက်ချက်စားခြင်းဖြင့် LYCOPENE ဓာတ် အာနိသင်နှစ်ဆ ရရှိစေနိုင်သည်။ လိုင်ကော်ပင်းဓာတ်သည် ကင်ဆာရောဂါများကို တိုက်ဖျက်ရာတွင် အားပြင်းသော ဓာတ်တိုးဆန့်ကျင်ပစ္စည်းဖြစ်သည်။

ခရမ်းချဉ်သီး အမြဲပါအောင် စားသုံးကြသူများ၌ အဝလွန်ရောဂါ၊ ဆီးကျိတ်ကင်ဆာ၊ ရင်သားကင်ဆာ၊ သားအိမ်ခေါင်းကင်ဆာ၊ အဆုတ်ကင်ဆာ၊ ပန်းကရိယကင်ဆာ၊ အူမကြီးကင်ဆာ၊ စအိုကင်ဆာ၊ ခံတွင်းကင်ဆာ၊ လည်ချောင်းကင်ဆာနှင့် အစာပြွန်ကင်ဆာ ကင်းဝေးစေနိုင်သည်။

လိုင်ကော်ပင်းဓာတ်သည် ခရမ်းချဉ်သီးကို အနီရောင်ဖြစ်စေသော ဓာတ်ဖြစ်သောကြောင့် ခရမ်းချဉ်သီးအနီရောင်ကိုစားပေးလျှင် ခန္ဓာကိုယ်အတွင်းဆဲလ်များကို ကင်ဆာမကူးစက်ရန်နှင့် မပျံ့နှံ့စေနိုင်ရန် ကာကွယ်ပေးနိုင်သည်။ ခရမ်းချဉ်သီး၊ မုန်လာဥနီ၊ မုန်ညင်းရွက်၊ ဟင်းနုနယ်ရွက်များသည် အမျှင်ဓာတ် များစွာပါဝင်ပြီး စားသုံးပြီးလျှင် ဆာလောင်မှုကို ကင်းပျောက်စေနိုင်သည်။ အစာစားလိုမှုကို ပုံမှန်ဖြစ်အောင် ထိန်းပေးထားသဖြင့် အဝလွန်ခြင်းကို ကင်းဝေးစေနိုင်သည်။

## ပင်လယ်ငါး

ပင်လယ်ငါးမှရသော အဆီဓာတ်များသည် ကယ်လိုရီနည်းပါးသဖြင့် အဝလွန်ခြင်းကို ကာကွယ်ပေးနိုင်သည်။ ပင်လယ်ငါးများထဲမှ အဆီများတွင် OMEGA-3 FATTY ACID အဆီအက်စစ်ဓာတ်များ ပါဝင်သောကြောင့် ကျန်းမာရေးအတွက် အကျိုးထူးများကို ရစေနိုင်ပါသည်။

အထူးသဖြင့် အဆီများသော ပင်လယ်ငါးကို စားသုံးပေးခြင်းဖြင့် အဝလွန်ရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ အရိုးအဆစ်ရောင်ရမ်းနာ၊ ဆီးချိုရောဂါ၊ နာတာရှည်အစေပြားရောဂါ၊ ရုတ်တရက် နှလုံးတိုက်ခိုက်မှုဖြင့် အသက်ဆုံးရှုံးနိုင်သော ပြဿနာများကို လျော့နည်းသက်သာ ချမ်းသာရစေနိုင်ပါသည်။

OMEGA - 3 FATTY ACID အဆီဓာတ်ပါဝင်မှုများပြားသော ပင်လယ်ငါးများမှာ ဝေလငါး၊ ပင်လယ်ဖျံ၊ ဆော်လမွန်ငါး၊ MACKERE မယ်ကရယ်ငါး၊ TUNA ငါးမည်းလုံးနှင့် အခြား အဆီထူပင်လယ်ငါးများဖြစ်လေသည်။

ပင်လယ်ငါး လုံးဝမစားသူများထက် ပင်လယ်ငါးသလောက်ကို တစ်ပတ်လျှင် တစ်ကြိမ်အနည်းငယ်မျှသာ စားသုံးပေးသူက ကိုယ်အလေးချိန်နှစ်ပေါင်ခန့် ပိုမိုလျော့နည်းစေသည်ဟု လေ့လာသူ သုတေသီများက အခိုင်အမာဆိုထားကြသည်။ နှလုံးခုန်နှုန်းမမှန်ခြင်းသည် OMEGA - 3 အဆီအက်စစ်နှင့် ဟင်းချက်ဆီထုတ်လုပ်သည့် အစေ့အဆန်များမှ ရရှိနိုင်သော OMEGA - 6 အဆီအက်စစ်တို့ ပါဝင်မှု ဟန်





www.burmeseclassic.com

www.burmeseclassic.com

ချက်ညီမျှမှု မရှိသောကြောင့် ဖြစ်ရခြင်းဖြစ်သည်ဟု ဆိုသည်။

## ကြက်ဥ စားသုံးခြင်း

ကြက်ဥ စားသုံးခြင်းသည် ကျန်းမာရေးကို ဥပဒ်ဖြစ်စေနိုင်သဖြင့် မကောင်းဟု အချို့က ဆိုကြသော်လည်း ကြက်ဥတွင် အမျှင်ဓာတ်နှင့် ပရိုတိန်းဓာတ်များ ကြွယ်ဝစွာပါဝင်နေသဖြင့် ကိုယ်အလေးချိန် ထိန်းသိမ်းသူများအတွက် အကျိုးဖြစ်စေနိုင်သည်။ အမျှင်ဓာတ်နှင့် ပရိုတိန်းဓာတ်သဘောသည် ဆာလောင်မွတ်သိပ်မှုကို ပြေပျောက်စေနိုင်သောကြောင့် ဖြစ်သည်။

ကြက်ဥများတွင် အမျှင်ဓာတ်နှင့် ပရိုတိန်းဓာတ်ပါဝင်နေခြင်းကြောင့် ဆာလောင်မွတ်သိပ်မှု၏ အာဟာရဆန္ဒကို ပြေပျောက်စေနိုင်သည် ဖြစ်သဖြင့် အစာကို မကြာခဏ စားသောက်ခြင်းကို ထိန်းချုပ်ထားပေးသည်။ ထို့ကြောင့် ကိုယ်အလေးချိန်တိုးခြင်းနှင့် အဝလွန်ခြင်းတို့ ကာကွယ်ပေးပြီး ကိုယ်အလေးချိန်ချသူများအတွက် အကျိုးဖြစ်စေနိုင်ပါသည်။

ကိုယ်အလေးချိန် ဝိတ်လျှော့နေရသူများသည် နံနက်စာ BREAKFAST နှင့်အတူ ကြက်ဥနှစ်လုံးကျ နေ့စဉ်(သို့) တစ်ပတ်လျှင် ငါးရက် စားသုံးပေးခြင်းဖြင့် အခြားကိုယ်အလေးချိန် ဝိတ်လျှော့သောအစားအစာများကဲ့သို့ ထိရောက်အကျိုးရှိစေနိုင်သည်။

ကြက်ဥတွင် အမျှင်ဓာတ်ပါဝင်သောကြောင့် ဝမ်းကိုမှန်စေပြီး ပရိုတိန်းဓာတ်ပါဝင်သောကြောင့် ခန္ဓာကိုယ်အလေးချိန်ကို ကျစေနိုင်သော်လည်း ဘေးထွက်ဆိုးကျိုးမရှိဘဲ အားအင်ကို ထိန်းသိမ်းထားပေးနိုင်ပါသည်။

## ချင်းအစွမ်းသတ္တိ

ချင်းသည် လွန်စွာအစွမ်းထက်သော ဆေးတစ်ပါးဖြစ်လေ၏။ ချင်းတက် (သို့) ချင်းထွက်ပစ္စည်း အစားအသောက်များကို ပုံမှန်စားသုံးပေးခြင်းဖြင့် ခန္ဓာကိုယ်အလေးချိန်ကို ကျစေနိုင်သည်။ အဝလွန်ခြင်းကို ထိန်းထားနိုင်သည်။ အူရောင်ရမ်းမှုဝေဒနာကို လျှော့ပါးသက်သာစေနိုင်သည်။ လေနှင့်ဗိုတ်သက်သော ဝမ်းရောဂါကို အထူးနိုင်သည်။

ချင်းကို အမျိုးမျိုး အဖုံဖုံ ပြုလုပ်စားသုံးနိုင်သည်။

လက်သုပ်စုံပြုလုပ် စားသုံးလျှင် ကိုယ်အလေးချိန်တက်ခြင်းကို လျော့ကျစေနိုင်သည်။ အူကင်ဆာဖြစ်စေနိုင်သော ရှေ့ပြေးလက္ခဏာများကို တိုက်ထုတ်ပေးသည်။ အမျိုးသမီးများ၌ ဖြစ်တတ်သော မျိုးဥအိမ်ကင်ဆာကို ကာကွယ်ပေးနိုင်သည်။ ထို့ပြင် ကျောက်ကပ်ပိုင်းဆိုင်ရာရောဂါကို တိုးမလာစေရန် တားဆီးပေးသည်ဟု ဆိုသည်။

ချင်းပြုတ်ရည် (သို့) ချင်းလက်ဖက်ရည်သောက်ပေးလျှင် လေဝမ်းကိုကောင်းစေပြီး နှာစေးချောင်းဆိုး ရာသီဖျားများကိုကောင်းစေနိုင်သည်။ ချင်းရည် (သို့) ချင်းဘိလပ်ရည်ကို သောက်ပေးပါက လေကြောင့်ဖြစ်သော ရောဂါများကင်းဝေးစေနိုင်သည်။

ချင်းပြုတ်ရည်ဖြင့် ရေချိုးပေးလျှင် ကြွက်သားများနာကျင်ကိုက်ခဲခြင်း၊ အကြောအခြင်များ နာခြင်း၊ တင်းခြင်းကိုက်ခဲခြင်း၊ အရေပြားပေါ် အဖုအထစ်ထွက်ခြင်း၊ ကြမ်းခြင်းနှင့် ခန္ဓာကိုယ် နုံးချည့်မောပန်းခြင်း၊ ယောင်းညာခြင်းတို့ကင်းဝေးစေနိုင်ပါသည်။

## သရက်သီး

အသီးမှာ သရက်၊ အသားမှာ ဝက်၊ အရွက်မှာ လက်ဖက် ဟုဆိုရိုးရှိခဲ့၏။ သရက်သီးမှည့်ကိုဖြစ်စေ၊ သရက်သီးကင်းကိုဖြစ်စေ၊ သရက်သီးဖျော်ရည်ကိုဖြစ်စေ စားသောက်သုံးဆောင်ပေးခြင်းဖြင့် ခန္ဓာကိုယ်အဝလွန်ခြင်းကို ကာကွယ်ပေးနိုင်သည်။

သရက်စိတ်တစ်စိတ်တွင် နေ့စဉ်ဗီတာမင်အေလိုအပ်မှု၏ ၂၅ ရာခိုင်နှုန်း ဖြည့်ဆည်းပေးနိုင်သောကြောင့် မျက်စိအမြင်ကို ကောင်းစေနိုင်သည်။ မျက်စိနှင့်ပတ်သက်သော အတွင်းအပြင်ရောဂါများကို ကင်းပကောင်းစေနိုင်ပါသည်။

သရက်သီးများတွင် အစွာချေအင်ဇိုင်းများ ပါဝင်သဖြင့် အသားဓာတ်ချေဖျက်ပေးရာတွင် အစွမ်းထက်သည်။ အစာအိမ်ထဲတွင် အက်စစ်ဓာတ်လွန်ကဲမှုကို ကာကွယ်သဖြင့် အစာအိမ်အနာဖြစ်ခြင်းမှ ကာကွယ်ပေးနိုင်သည်။ သရက်သီးထဲတွင် FIBER အမျှင်ဓာတ်အများအပြားပါဝင်သဖြင့် ဝမ်းချုပ်ခြင်းကင်းစေပြီး ဓာတ်လေးပါးကိုမှန်စေနိုင်သည်။

ထူးခြားသည်မှာ သရက်သီးထဲတွင် (GLUTAMIC ACID) ဂလူတာမိတ် အက်စစ်ဓာတ်များ ပါဝင်နေသောကြောင့် ဦးနှောက်ဖွံ့ဖြိုးမှုကို ကောင်းစေသည်။

ကလေးငယ်များအတွက် ဦးနှောက်တည်ဆောက်ရာတွင် အကျိုးဖြစ်စေနိုင်ပြီး ကလေးများ၏ မှတ်ဉာဏ်





www.burmeseclassic.com

www.burmeseclassic.com

ပိုကောင်းစေသည်။ လူကြီးများအတွက် မကြာခဏသတိမေ့တတ်ခြင်းကို ကာကွယ်ပေးသည်။

သရက်သီးကို နေ့စဉ်ထမင်းစားပြီးတိုင်း အချိုစာအဖြစ် စားသုံးပေးခြင်းဖြင့် လေဝမ်းမှန်စေပြီး အသားအရေများ ဝင်းဝါလှပစေနိုင်သည်။ သရက်သီးစိတ်လွှာ၍ မျက်နှာပေါ် ၁၀ မိနစ်ခန့် ကပ်ထားပေးပါက ခွေးပေါက်များကို ပွင့်စေနိုင်ပါသည်။



## ဗာဒံစေ့၏ ဂုဏ်သတ္တိ

ALMONDS ခေါ် ဗာဒံစေ့သည် လူကြီး၊ လူငယ် အဆာပြေစားသော သရေစာတစ်မျိုးဖြစ်သည်။ ဗာဒံစေ့ကို တစ်နေ့လျှင် လက်တစ်ဆုပ်စာခန့် စားသုံးပေးခြင်းဖြင့် အဝလွန်ခြင်းကို ကာကွယ်ပေးနိုင်သည်။ မကောင်းသော ကိုလက်စထရောအဆီဓာတ်များကို ကျစေပြီး ကောင်းသော HLD ကိုလက်စထရောအဆီဓာတ်ကို တိုးတက်မြင့်မားလာစေသည်။

သို့ဖြစ်၍ နှလုံးအဆီဖုံးရောဂါ၊ သွေးကြောကျဉ်းရောဂါ၊ ကင်ဆာရောဂါ၊ လေဖြတ်ခြင်းရောဂါအစရှိသော ရောဂါများကို သက်သာစေနိုင်ပါသည်။ ဗာဒံစေ့ကို နေ့စဉ် (သို့) တစ်ပတ်လျှင် အနည်းဆုံး သုံးကြိမ်ထိ စားသုံးပေးသင့်သည်။

ဗာဒံစေ့တစ်အောင်စတွင် ကယ်လိုရီ ၁၆၇၊ ပရိုတိန်းဓာတ် ၆ ဂရမ်၊ FIBER အမျှင်ဓာတ် ၃ ဂရမ်ပါဝင်နေသဖြင့် အာဟာရဓာတ်ပြည့်ပြည့်ဝဝရရှိစေပြီး ဆာလောင်မွတ်သိပ်မှုကို ပြေပျောက်စေနိုင်သောကြောင့် ခန္ဓာကိုယ်အဆီတက်ခြင်း၊ အဝလွန်ခြင်းကို ကာကွယ်ပေးသည်။ အစာအာဟာရကို ထိခိုက်စေဘဲ ကိုယ်ခန္ဓာအလေးချိန်ဝိတ်ကို ကျစေနိုင်ပါသည်။

## ပန်းသီးဓာတ်စာ

ပန်းသီးများတွင် FIBER အမျှင်ဓာတ်များ ပေါကြွယ်ဝစွာပါဝင်နေသဖြင့် စားရန်အလွန်သင့်တော်သော ဓာတ်စာသီးဖြစ်သည်။ FIBER အမျှင်ဓာတ်များသည် အစာချေဖျက်ဝေးသော လုပ်ငန်းများကို ကောင်းစေနိုင်သည်။ ဓာတ်ချုပ်ဝမ်းချုပ်ခြင်းမှ ကာကွယ်ပေးပြီး ဝမ်းကိုမှန်စေသောကြောင့် အစာအိမ်ရောဂါ၊ လိပ်ခေါင်းရောဂါများမှ ကင်းဝေးစေနိုင်သည်။ ကောင်းသော LDL ကိုလက်စထရော အဆီဓာတ်များကို လျော့နည်းစေပြီး ကောင်းသော HLD ကိုလက်စထရော အဆီပမာဏကို မြင့်မားစေနိုင်သောကြောင့် ရောဂါဘယ အမျိုးမျိုးတို့မှ ကင်းဝေးစေနိုင်ပါသည်။

ပန်းသီးကို နေ့စဉ် စားသုံးပေးခြင်းဖြင့် ကယ်လိုရီ မတက်စေဘဲ ဆာလောင်မွတ်သိပ်မှုကို ပြေပျောက်အဆာခံနိုင်စေသောကြောင့် ခန္ဓာကိုယ်အလေးချိန်တက်ခြင်းမှ ကာကွယ်ပေးသည်။ အဝလွန်ခြင်းကို လျော့ကျစေနိုင်သည်။ အဆီတိုး၊ အဆီတက်ခြင်းတို့မှ ကင်းဝေးစေသည်။ ရောဂါဘယအမျိုးမျိုးတို့မှလည်း ချမ်းသာရစေနိုင်ပါသည်။

သို့ဖြစ်၍ ခန္ဓာကိုယ်အဝလွန်ခြင်းဘေးမှ ကင်းဝေးစေနိုင်ပြီး အစာအာဟာရဓာတ်များ မလျော့မပျက်စေဘဲ ဘေးထွက်ဆိုးကျိုးအန္တရာယ်ကင်းကင်းရှင်းရှင်းဖြင့် ကျန်းမာအသက်ရှည်စေရန် အဆီတိုး ဝစေခြင်းကို လျော့နည်းစေနိုင်သော အစားအစာများကို ရွေးချယ်စားသုံးကြရမည်ဖြစ်သည်။

သို့မှသာ ဆေးဖိုးဝါးခ မကုန်ကျဘဲ အချိန်ကုန်လူပန်း သက်သက်သာသာဖြင့် ခန္ဓာကိုယ်အလေးချိန်တိုး အဝလွန်ခြင်းကို ကာကွယ်ထိန်းသိမ်းသွားနိုင်မည် ဖြစ်ပါကြောင်း။

ပန်းလို စမ်းလို လမင်းလို သာယာချမ်းမြေ့ကြပါစေ။

● အောင်ဘုန်းမြင့်(ကချင်မြေ)

❑




www.burmeseclassic.com

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးပညာ

## ကျန်းမာရေးအတွက် ရေသောက်ကုနည်း

သန်းတင်စိုး



ကျွန်ုပ်သည် အစာလည်းဆေး၊ ဆေးလည်းအစာ ဟူသော ကျန်းမာရေးကဏ္ဍကို အတော်များများ ရေးသားတင်ပြခဲ့ဖူးပါပြီ။ အထူးသဖြင့် ငွေကြေးမနေချိတဲ့သော ရောဂါသည်များအတွက် အထူးရည်ညွှန်း၍ မိမိ ရှာဖွေလေ့လာထားသော ဗဟုသုတများမှ ကောင်းနိုးရာရာများကို တတ်နိုင်သမျှ ကျမ်းဂန်ပါဠိနှင့်အညီ ရေးသားတင်ပြထား၍ စာဖတ်ပရိသတ်လည်း လက်ခံကြိုက်နှစ်သက်ကြောင်း သိရှိရ၍ ဝမ်းမြောက်ဝမ်းသာ ရှိပါသည်။

လွန်ခဲ့သောနှစ်ပေါင်း ၂၀ ကျော်မှ သိရှိလာသော တပ်ရင်း (၉၀)မှ အငြိမ်းစားယူထားသော ဗိုလ်မှူးဟောင်း (ငြိမ်း) (ယခုအခါ ရဟန်းဝတ်နှင့်) ၏ လက်တွေ့ ရေသောက်ခြင်းအကျိုးကို ဒီအပတ် တင်ပြလိုပါသည်။

ညွှန်ကြားချက်အတိုင်း ရေကို မှန်မှန်သောက်ခြင်းဖြင့် ဆေးပညာရှင်များ ပျောက်ကင်းအောင် ကုသမပေးနိုင်သော ရောဂါများ ပျောက်ကင်းကြောင်းကို စာရေးသူအား ၎င်း၏ လက်တွေ့ကို ပြောပြ၍ နည်းလမ်းပေး ညွှန်ပြခဲ့ပါသည်။

ဗိုလ်မှူးကြီးမှာ အရပ်ခြောက်ပေနီးပါးရှိ၍ ပေါင် ၂၅၀ ကျော်ရှိပြီး တောင့်တင်းကြံ့ခိုင်သော ကိုယ်ကာယရှိပါသည်။ စစ်ဝတ်စုံဖြင့် အတော်ကြည့်ကောင်းပါသည်။ ရဟန်းဘဝသို့ ပြောင်းသောအခါ ကိုယ်အလေးချိန်များ၍ ထိုင်ရ ထရ ခက်ပါသည်။ လေးပင် ထိုင်းမှိုင်းနေပါသည်။ ဤကာယိ ဒုက္ခကို ကျော်လွန်နိုင်ရန် ၎င်းကိုယ်တိုင် စာပေများကို ခြင်း၊ ဗဟုသုတရှာဖွေခြင်း၊ မိတ်ဆွေ ဆရာတစ်ဦး၏ ပြော ချက်များကို ပူးပေါင်း၍ ရေသောက်ခြင်းကို စနစ်တ လုပ်ဆောင်ရာ တစ်ပတ်အတွင်း ထူးခြား၍ တစ်လအတွင် ပြောင်းလဲလာခဲ့သည်။

ခြောက်လအတွင်းတွင် သွေးတိုးရောဂါ၊ ဆီးချို ရောဂါများ ပျောက်ကင်းပြီး ယခု ရဟန်းဝတ်ဖြင့် ကြည် ဖွယ်ရာ ကိုယ်အင်္ဂါနှင့် ပြည့်စုံပြီး သက်တော် (၈၅)နှစ်၊ ဝါ (၂၆) ရှိသော်လည်း ပင့်ဖိတ်ဆွမ်းကျွေးအိမ်များသို့ ကြွ မိုးကုတ်ဝိပဿနာတရားများကို ရိပ်သာ၌ ဟောပြော ကျန်းမာနေဆဲဖြစ်ကြောင်း တင်ပြပါသည်။

(မှတ်ချက်) ၎င်းမှတ်တမ်းတင်ထားသော စာ တစ်ဆင့်ကူးယူ ဖော်ပြအပ်ပါသည်။

ရေသောက်ခြင်းဖြင့် ၉၆ ပါးဝေဒနာများမှ ပျောက်ကင်းသည်ဟုဆိုပါလျှင် ယုံကြည်ပါမည်လော။ယ ယဥ် မဟုတ်ပါ။ ကိုယ်တွေ့ပျောက်ကင်းသောကြောင့် ဝေဒနာသည်များအတွက် ရည်ရွယ်ကာ စာရေးဆရာ သိထားလေ့လာထားသော ဗဟုသုတအကုန်အစင် လ ကျင့်စဉ်ကိုပါ ဝေမျှလိုက်ပါသည်။

ဆေးဝါးဖြင့် ကုသ၍မရသော ရောဂါများအ ရေသောက်ခြင်းဖြင့် ပျောက်ကင်းစေနိုင်သည် ဟ အဆိုကို အတည်ပြုနိုင်ခဲ့သည်။ ဂျပန်စာနယ်ဇင်းများသ အမေရိကတိုက်စာနယ်ဇင်းများကလည်း မှန်ကန် ထောက်ခံ၍ ရောဂါများကို ရေသောက်ကုသနည်း ပြုကြရန် ဆော်ဩခဲ့လေသည်။




www.burmeseclassic.com

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးပညာ





ခေတ်မီသောဆေးဝါးဖြင့် ကုသ၍မရသော ရောဂါများ ရေသောက်ခြင်းဖြင့် တိုတောင်းသော အချိန်အနည်းငယ်အတွင်း ပျောက်ကင်းသွားနိုင်သည်။

ရေသောက်ခြင်းဖြင့် အဘယ်ကြောင့် ရောဂါဝေဒနာ ပျောက်ကင်းစေနိုင်သနည်း။

ခန္ဓာကိုယ်အတွင်း ရှစ်မီတာရှည်သော အူသိမ်သည် အာဟာရဓာတ်ကို စုပ်ယူနိုင်စွမ်း ရှိလေသည်။ အူသိမ်ကို 'ဗလိုင်'ဟုလည်းခေါ်သည်။ ဂျပန်ပြည်သည် ဗလိုင်သွေးထုတ်ခြင်းစာတမ်းကို ကမ္ဘာကြီးသို့ နှစ်ကြိမ်တိုင်တိုင် ကြေညာခဲ့ရာ ယနေ့တိုင် ငြင်းချက်ထုတ်နိုင်သူ မရှိသေးချေ။ ဗလိုင်ခေါ် အူသိမ်မှ အသားမျှင်များသည် အာဟာရဓာတ်ကို စုပ်ယူ၍ သွေးများကို ဖြစ်ပေါ်စေသည်။

အူအတွင်း အလွန်သန့်ရှင်းနေလျှင် နေ့စဉ် အကြိမ်ကြိမ် စားသောက်ခဲ့သော အစားအစာများ အားလုံးကို အစာချေစုပ်ယူပြီး လတ်ဆတ်သော သွေးသစ်များကို ထုတ်လုပ်ပေးသည်။ ထိုသွေးသစ်များသည် ကျန်းမာရေးအခြေခံကို တိုးတက်စေပြီး ရောဂါဝေဒနာကို ပျောက်ကင်းသွားစေသည်။

အူအတွင်း သန့်ရှင်းနေမှသာ အူလမ်းကြောင်းလှုပ်ရှားမှု မှန်ကန်ပြီး သွေးသစ်များ ထုတ်လုပ်နိုင်ပေမည်။ အူလမ်းကြောင်း လှုပ်ရှားမှုနည်းလျှင် သွေးသစ်ထုတ်လုပ်မှု နည်းပြီး သွေးအားနည်းရောဂါဖြစ်ကာ ရောဂါအလွယ်တကူ ဝင်ရောက်နိုင်ပေသည်။ ထို့ကြောင့် အူအတွင်း အမြဲသန့်ရှင်းနေစေရန် ရေကို နေ့စဉ်မှန်မှန်သောက်ဖို့ လိုပေသည်။

ရေသောက်နည်း ကျင့်စဉ်များ

နေ့စဉ် အိပ်ရာမှထပြီး မျက်နှာမသစ်မီ၊ ပလုတ်မကျင်းမီ ရေကျက်အေး ခွက်လေးခွက်သောက်ရမည်။ မြန်မာအလေးချိန် ၇၆ ကျပ်သား၊ အင်္ဂလိပ်အလေးချိန် ၁၂၆၀ စီစီကို နေ့စဉ်ရက်ဆက် ရက်မပျက်ဘဲ သောက်ရမည်။ သောက်ရမည့်ရေသည် ရေသန့် ဖြစ်ရမည်။

အစပိုင်းတွင် ရေခွက်လေးခွက်ကို ကုန်အောင် မသောက်နိုင်သော အခက်အခဲများ ရှိနေပေလိမ့်မည်။ အိပ်ရာထပြီး ကိုယ်လက်လှုပ်ရှားမှု အနည်းငယ်ပြုလုပ်၍ သောက်လျှင် လွယ်ကူစွာသောက်နိုင်မည်။ (ဆားအနည်းငယ်မျှ၍ သောက်လျှင်လည်း အဆင်ပြေနိုင်သည်။)

ရေသောက်ပြီး အနည်းဆုံး မိနစ် ၂၀ ခန့် ကိုယ်လက်လှုပ်ရှားမှု လုပ်ပေးရမည်။ နာမကျန်းသောသူ၊ အိပ်ရာမှ မထနိုင်သူများ ခုတင်ပေါ်တွင် အသက်ပြင်းပြင်းရှူပေးခြင်း၊ ခါးကိုနှိပ်ပေးခြင်းဖြင့်လည်း လုပ်ပေးနိုင်သည်။ သို့မှသာ ရေသည် အူအတွင်း ကောင်းစွာစီးဆင်းနိုင်ပြီး အူလှုပ်ရှားမှုကြောင့် အူသိမ်များတွင် ကပ်နေသော အညစ်အကြေးများကို ကောင်းစွာ ပွတ်တိုက်ဆေးကြောနိုင်ပေသည်။

ရေသောက်သည့်ရက်များတွင် ဝမ်းလျှောခြင်း၊ ရေသောက်ပြီး တစ်နာရီအကြာတွင် ဆီးခဏခဏသွားသည့် လက္ခဏာများ ဖြစ်ပေါ်တတ်သည်။ သို့သော် သုံးရက်လောက်ကြာသောအခါ ဝမ်းလျှောခြင်း ရပ်သွားလိမ့်မည်။ ထိုအချိန်မှစ၍ ရေသောက်မှုလွယ်ကူပြီး ထမင်းစားကောင်းပေလိမ့်မည်။ သို့သော် သတိပြုရမည့်အချက်မှာ ထမင်းစားပြီး နှစ်နာရီအကြာ ရေထပ်သောက်ခြင်းမပြုရပေ။ အိပ်ရေးချိန်



www.burmeseclassic.com

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးပညာ

တွင် ထမင်း လုံးဝမစားပါနှင့်။ အထူးသဖြင့် ရေခဲရည်။ မာသော အစားများ စားသောက်ခြင်းမှ ရှောင်ရှားရပေမည်။

ရေကို မှန်မှန်သောက်ခြင်းဖြင့် အောက်ပါ ရောဂါများ ပျောက်ကင်းနိုင်သည်။

ခေါင်းကိုက်ခြင်းများ၊ သွေးတိုးရောဂါ၊ သွေးအားနည်းခြင်း၊ ဦးနှောက်သွေးလျှံခြင်း၊ ပါးစပ်ရွဲ့ခြင်း၊ အာရုံကြောများကိုက်ခဲခြင်း၊ ကိုယ်တစ်ခြမ်းသေခြင်း၊ အကြောရောင်ခြင်း၊ ဒူလာရောဂါ၊ နားအူရောဂါ၊ နှလုံးခုန်ခြင်း၊ ရင်တုန်ခြင်း၊ အကြောအခြင် အရိုးအဆစ်ကိုက်ခဲခြင်း၊ အဝလွန်ရောဂါ၊ ခြေလက်အားပျော့ရောဂါ၊ ချောင်းဆိုး ပန်းနာရင်ကျပ်၊ အဆုတ်ပြွန်ရောင်၊ အဆုတ်ရောဂါ၊ အရိုးအချဉ် အရိုးကျောက်တည်ရောဂါ၊ အစာအိမ်အချဉ်ပေါက်၊ အစာအိမ်ကျ၊ အစာအိမ်နာ၊ ဝမ်းကိုက်၊ ဝမ်းချုပ်၊ အူကျ၊ လိပ်ခေါင်း၊ ဆီးချိုရောဂါ၊ ဦးနှောက်အမြှေးရောင်ရောဂါ၊ အသည်းရောင်၊ မျက်စိမှုန်ရောဂါ၊ မျက်စိနာ၊ မျက်လုံးသွေးထွက်ရောဂါ၊ မီးယပ်ရောဂါ၊ အစာအိမ်ကင်ဆာ၊ နို့ကင်ဆာ၊ အဖြူဆင်းရောဂါ၊ နှာခေါင်းရောဂါ၊ လည်ပင်းရောဂါ တို့ကိုတို့ ပျောက်ကင်းနိုင်ပါသည်။

* အစာအိမ်ရောဂါကို တစ်ပတ် ရေမှန်မှန်သောက်၊
* သွေးတိုးရောဂါကို တစ်လ ရေမှန်မှန်သောက်၊
* ဝမ်းချုပ်၊ သွေးဝမ်း တစ်ရက် ရေမှန်မှန်သောက်၊
* ဝမ်းချုပ်နှင့် ညှဉ်ဆီးသွားရောဂါ တစ်ပတ် ရေမှန်မှန်သောက်
* ကင်ဆာရောဂါ တစ်လ ရေမှန်မှန်သောက်၊
* အကြောတင်ရောဂါ တစ်လ ရေမှန်မှန်သောက်ခြင်းများဖြင့် ပျောက်ကင်းနိုင်ကြပါသည်။

**နှစ်လအထက် ကုသရမည့်ရောဂါများ**

သက်ကြီးအကြောရောင်ရမ်းနာ၊ ဦးနှောက်သွေးလျှံရောဂါများကို တစ်နေ့ သုံးကြိမ်သောက်ပေးလျှင် တစ်ပတ်အတွင်း မူလအခြေအနေကို ပြန်ရောက်နိုင်ပါသည်။

**လက်တွေ့ထူးခြားချက်**

ဆရာဝန် ငါးဦးဖြင့် အမျိုးမျိုးကုသော်လည်း ရောဂါမသက်သာဘဲ အိပ်ရာပေါ်တွင် ၁၀ နှစ်လောက်လဲနေသော အသက် ၂၀ အရွယ် အစာအိမ်ရောဂါသည်တစ်ဦးသည် အိပ်ရာထထချင်း မျက်နှာမသစ်၊ ပလုတ်မကျင်းမီ ရေခွက် ခုနစ်ခွက်ကို သုံးလတိတိ မှန်သောက်ရာ အစာအိမ်ရောဂါ လုံးဝပျောက်ကင်းသွားပြီး ကိုယ်အလေးချိန် (၆)ပိသာခန့် တိုးလာပါသည်။

တစ်ဖန် အရပ်ငါးပေရှိ၍ ကိုယ်အလေးချိန် ၂၄၆ ဒသမ ၆ ပေါင်ရှိ အဝလွန်ရောဂါ၊ ဦးနှောက်အမြှေးရောင်ရောဂါ၊ နှလုံးရောဂါဖြစ်နေသည့် ရောဂါသည်တစ်ဦးသည် ခေတ်မီဆေးနည်းအားဖြင့် ကုသသော်လည်း မပျောက်ကင်းပါ။ နောက်ဆုံး ရေသောက်ကုနည်းဖြင့် ကုသရာ ၁၀ ရက်ရှာ ကိုယ်တွင်းအင်္ဂါအတွင်းမှ ရောဂါများအားလုံး ပျောက်ကင်းသွားပြီး ကိုယ်အလေးချိန် ၃၅ ဒသမ ၂၈ ပေါင် လျော့ကျသွားသည်။

ဂျပန်ခေတ်ပေါင်း မေဂျီဘုရင်လက်ထက် ဝမ်းရောဂါဖြစ်၍ လူအများ အသေအပျောက်များစွာရှိခဲ့၍ ထိုသူများထဲမှ တစ်ဦးသည် ရေသောက်ခြင်းဖြင့် ဆေးကုသရာ အသက်ရှင်သန်ခဲ့သော သာဓကတစ်ခု ရှိခဲ့ပါသည်။

သို့အတွက် ရေသောက်ခြင်းဖြင့် (၃၆)ပါးရောဂါများ တော်တော်များများ ပျောက်ကင်းနိုင်သည်ဖြစ်၍ ငွေကုန်နည်းခြင်း၊ ရောဂါများ လက်တွေ့ပျောက်ခြင်းရှိသည်ကို အငြိမ်းစား ဗိုလ်မှူးကြီး၏ စေတနာ မေတ္တာ အတွေ့အကြုံ စာမှတ်စုများကို စာဖတ်ပရိသတ်အား လက်ဆောင်ပါးလိုက်ပါသည်။

ရေသည် ၁၀ ပါးသော ကြီးမြတ်သည့်ဂုဏ်အင်္ဂါရှိသည်ဖြစ်၍ ရောဂါရှိသူအပေါင်း မိမိကိုယ်တိုင်လည်း ရေသောက်ခြင်းဖြင့် ဆေးကုသပါ။ ရောဂါ လက်တွေ့ပျောက်ပါက မိမိပတ်ဝန်းကျင်အား တစ်ဆင့် ဖြန့်ဖြူးပေးပါဟု တင်ပြလျှက်။

**သန်းဝင်းမိုး**

❑



www.burmeseclassic.com

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးပညာ

## ရှားစောင်းလက်ပပ်

ခရာ(ကောတ)





ကျွန်တော်တို့၏ ပတ်ဝန်းကျင် အနီးတစ်ဝိုက်တွင် ကျွန်တော်တို့၏ ကျန်းမာရေးကို အထောက်အကူပြုသော ကျွန်တော်တို့၏ အသက်ကို ကယ်တင်နိုင်သော ဆေးဝါးပင်များ ရှိနေသည်။

ဆရာဇီဝကအား ပညာသင်ကြားပေးသော ဒိသာပါမောက္ခဆရာကြီးက ဆရာဇီဝကအား ဆေးဖက်မဝင်သည့် သစ်ပင်၊ သစ်ရွက်၊ သစ်မြစ်ကို ရှာခိုင်းရာ ဆရာဇီဝကသည် ရှာမတွေ့ခဲ့ဟု ဖတ်ရှု မှတ်သားဖူးလေသည်။ ကျွန်တော်တို့ မသိနားမလည်သောကြောင့်သာ ဆေးပင်ဆေးရွက်ကို မတွေ့ကြခြင်း ဖြစ်သည်။ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်သည်ဟု ကြားဖူးပါသည်။ ထိုကြားဖူးသော ဆေးဖက်ဝင်အပင်များ ထဲမှ ယခု တင်ပြလိုသည်မှာ "ရှားစောင်းလက်ပပ်ပင်" ဖြစ်ပါသည်။

ရှားစောင်းလက်ပပ်၏ မျိုးရင်းမှာ Liliaceae (နှင်းပန်းမျိုးရင်း)ဖြစ်၏ ရုက္ခဗေဒအမည်မှာ Alove Vera Linn ဖြစ်ကာ အင်္ဂလိပ်လိုတော့ Barbodos A loes ဟုခေါ်လေသည်။

ရှားစောင်းလက်ပပ်ပင်၏ ပုံသဏ္ဍာန်မှာ အရည်ရွှမ်းသည့် ပင်ပျော့ပင်ငယ်မျိုးဖြစ်ပြီး တစ်ပေမှ တစ်ပေခွဲအထိ မြင့်၍ ပင်စည်လုံးသတ်သတ်မရှိပါ။ အပင်၏ အရင်းမှအရွက်များ ငါးခု ခြောက်ခု ဖြာထွက်ပါသည်။

အရွက်၏ပုံသဏ္ဍာန်မှာ အခွံသည် အစိမ်းနုရောင်ရှိပြီး အတွင်းပုံကျောက် ကျောက်ကျော (Jelly) ကဲ့သို့ ပျစ်ခွဲသော အရည်အသားများ ပြည့်လျက်ရှိသည်။ အရွက်မှာ အလျား နှစ်တောင် (သုံးပေ)ခန့်မျှရှည်၍ အနံ လေးလက်မခန့်ရှိပြီး အထူးအားဖြင့် တစ်လက်မမှ နှစ်လက်မအထိ ထူလေ့ရှိကာ အရွက်နားပတ်လည်၍ ဆူးလေးများခြား၍ ရှိတတ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

သဘာဝအလျောက် အလေ့ကျ ပေါက်ရောက်ပြီး ဆေးဖက်ဝင်အပင်အဖြစ် ပန်းအိုးများဖြင့်သော်လည်းကောင်း၊ မြေတွင်ချ၍သော်လည်းကောင်း စိုက်ပျိုးနိုင်သည်။ အသုံးအားဖြင့် အရွက်ကိုသာ သုံးကြပါသည်။

မြန်မာ့ဆေးကျမ်းများ အလိုအရမူ ရှားစောင်းလက်ပပ်သည် အေးခဲသော အရသာရှိပြီး လေကိုနိုင်ကာ အားကိုဖြစ်စေသော အစွမ်းသတ္တိရှိသည်ဟု ဆိုကြသည်။ ရှားစောင်းလက်ပပ်ကို အမျိုးသမီးရောဂါများအတွက် အသုံးများသည်။ ထို့အပြင် အခြားသောရောဂါများအတွက်လည်း သုံးနိုင်သည်။

ရှားစောင်းလက်ပပ်ဖြင့် ကုသ၍ရနိုင်သော ရောဂါများ-

၁။ ရှားစောင်းလက်ပပ် အတွင်းသားအား ပေါက်ပင်ပဥ္စငါးပါး မီးရှို့၍ရသော ပြာကို ချက်၍ရသည့် ဆားအနည်းငယ် ဖြူး၍စားလျှင် မီးယပ်သွေး စင်ကြယ်စွာ ဆင်းလေသည်။

၂။ ရှားစောင်းလက်ပပ်ကို အနာစိမ်း၊ ဖျဉ်းရောဂါ၊ အသည်းရောဂါ၊ အရေပြားရောဂါ၊ အဖျားရောဂါ၊ ပန်းနာ၊ နူနာ၊ ကိုယ်ရေဝါရောဂါ (Jaundice) ဆီး၌ ကျောက်တည်သော ရောဂါများကို ကုသနိုင်သည်။

၃။ ရှားစောင်းလက်ပပ်၏ အတွင်းသားကို ဝမ်းဗိုက်၌ ထပ်၍အုံပါက သွေးလုံးလေလုံးများ ပြင်ပသို့ ထုတ်ဆောင်ပေးနိုင်သည်။

၄။ ရှားစောင်းလက်ပပ်၏ အတွင်းသားဖြင့် မျက်စိကို အုံပေးပါက မျက်စိနာခြင်း၊ ကိုက်ခြင်း၊ ပူစပ်ခြင်းတို့ ပျောက်ကင်းနိုင်သည်။

၅။ ရှားစောင်းလက်ပပ် အတွင်းသားကို အရည်ညှစ်ပြီး မီးနွေးနွေးပြု၍ နားတွင်းသို့ခပ်ပေးပါက နားကိုက်နားနာခြင်းများကို လျင်မြန်စွာပျောက်ကင်းစေသည်။

၆။ ခြေလက်တို့တွင်ပေါက်သော အကြိတ်နာ၊ သွေးစုနာတို့၏ အပေါ်တွင် ရှားစောင်းလက်ပပ်ကို စည်းပေးထားပါက အကြိတ်ကြေ၍ ပြည်ပေါက်ပြီး ငန်းမန်းကျစေပါသည်။

၇။ ရှားစောင်းလက်ပပ် အတွင်းသားကို လက်ချားမီးဖောက်အမှုန့် အနည်းငယ် ဖြူး၍စားလျှင် ရေဖျဉ်းရောဂါ ပျောက်ကင်းစေပါသည်။

၈။ ကိုယ်ရေဝါရောဂါ (Jaundice) ရှိသူများ ရှားစောင်းလက်ပပ် အတွင်းသားကို စားပါက ဆီးဝမ်းသက်ပြီး ရောဂါပျောက်စေပါသည်။

၉။ ရှားစောင်းလက်ပပ်အနှစ်ကို ခြစ်ယူ၍ ဆန်ဆေးရည်တွင် စိမ်ပြီး သကြားထည့်သောက်ပါက ဆီးပူ၊ ဆီးအောင့်၊ ဆီးထိုးခြင်းရောဂါတို့ ပျောက်ကင်းနိုင်သည်။

**ရှားစောင်းလက်ပပ် ဆေးနည်းများ**

**အမျိုးသမီးများအတွက် ရှားစောင်းလက်ပပ်ချက်ဆေး**

၁။ ရှားစောင်းလက်ပပ်အတွင်းသား အနှစ် ၃၀ ကျပ်သား (နုပ်နုပ်လှီးထားပါ)
၂။ ပျားရည်သစ်စစ်စစ် ၃၀-ကျပ်သား
၃။ ထောပတ်စစ်စစ် ၃၀-ကျပ်သား
၄။ ထန်းဦးဖိုထန်းလျက်အသစ် ၃၀-ကျပ်သား
၅။ ရေမပါသောနွားနို့စစ်စစ် ၅၀-ကျပ်သား

**ချက်နည်း**

အထက်ဖော်ပြပါ အမျိုးအစား ငါးမျိုးကို မြေအိုးသန့်သန့်တွင် ထည့်၍ (ရေလုံးဝမထည့်ရပါ) မတူးမခြစ် မကပ်ရအောင်၊ မီးကျီးခဲရဲရဲနှင့် ချက်ပါ။ ရှားစောင်းလက်ပပ်အနှစ်ကို အတတ်နိုင်ဆုံးကျေအောင် သမအောင်ရောမွှေ၍ ချက်ပါ။ ဆီပြန်လာလျှင် အိုးကိုချ၊ အအေးခံ၍ ဖန်ဘူးသန့်သန့်တွင် ထည့်၍ လုံစွာပိတ်ထားပါ။

ထိုချက်ဆေးကို နံနက် လက်ဖက်စားဇွန်းတစ်ဇွန်း ပြည့်ပြည့်စားသုံးပေးပါက အမျိုးသမီးများတွင် ဖြစ်တတ်သော မီးယပ်ပိန်၊ မီးယပ်လွန်၊ မီးယပ်နည်း၊ အဖြူဆင်းခြင်း၊ သန္ဓေပျက်ခြင်း၊ သန္ဓေမတည်ခြင်း၊ သားအိမ်အားနည်းခြင်း၊ နို့ထွက်နည်းခြင်း ရောဂါများ ပျောက်ကင်းနိုင်ပါသည်။ အမျိုးသားများစားသုံးပါက ဒုလာရောဂါများ ပျောက်ကင်းပါသည်။

**အဖောအရောင်ပျောက် ဆေးနည်း**

၁။ ရှားစောင်းလက်ပပ်အတွင်း ၁၀-ကျပ်သား
၂။ ကြက်သွန်(မင်းတုန်း) ၁၀-ကျပ်သား
(ဓားဖြင့်ပါးပါးလှီးပါ)
၃။ ထန်းလျက် ၁၀-ကျပ်သား

အထက်ပါ သုံးမျိုးကို ရေသင့်ရုံထည့်၍ ယိုဖြစ်သည်အထိကျိုပြီးစားသုံးပါက အဖောအရောင်ရောဂါများ လက်တွေ့ ပျောက်ကင်းနိုင်ပါသည်။

ခရာ(ကောတ)

□




www.burmeseclassic.com

www.burmeseclassic.com

ကာကွယ်ကြပါ၊ အားပေးပါ

# ကင်ဆာရောဂါ

ဒေါက်တာနိုင်တင်ဝေးလ်




www.burmeseclassic.com

www.burmeseclassic.com

ဆရာဝန်တစ်ဦးအတွက် မိမိရဲ့လူနာကို ကင်ဆာရောဂါ ဖြစ်နေပါပြီလို့ ပြောပြရမှာလောက် ဝန်လေးပြီး ခက်ခဲပင်ပန်းစေတဲ့ အခြေအနေ ရှိမှာမဟုတ်ပါဘူး။

လူနာတွေ အနေနဲ့လည်း မိမိမှာ ကင်ဆာရောဂါ ဖြစ်နေပါပြီဆိုတာကို နောက်ဆုံး မလွှဲမရှောင်သာလွန်းတဲ့ အခြေအနေမှာသာ ကြားချင်ကြမှာပါပဲ။

ဒီလိုကင်ဆာရောဂါ ခံစားရပြီဆိုရင်တော့ အဲဒီလူနာဟာ နောက်ဆုံးနေ့ရက်တွေကို မြင်တွေ့နေရပြီး သူ့ရဲ့ နောက်ဆုံးနေ့ရက်တွေမှာ အပြင်းအထန် ဝေဒနာခံစားရခြင်းနဲ့အတူ သေခြင်းနဲ့ပဲ အဆုံးသတ်ကြရမယ်ဆိုတာ သေချာသလောက် ရှိနေပြီမဟုတ်ပါလား။

ကမ္ဘာမှာ ဖွံ့ဖြိုးတိုးတက်ပြီး ချမ်းသာကြွယ်ဝတယ်ဆိုတဲ့ အမေရိကန်နိုင်ငံမှာတောင် အဲဒီနိုင်ငံက ထုတ်ပြန်ထားတဲ့ သုတေသနစစ်တမ်းများအရ ၂၀၁၂ ခုနှစ်မှာ လူပေါင်း ၁,၆၃၈,၉၁၀ ဦး ကင်ဆာရောဂါစွဲကပ်ပြီး အဲဒီလို ကင်ဆာရောဂါရှင် လူနာများထဲက ၅၇၇,၁၉၀ ဦး သေဆုံးခဲ့ရတယ်လို့ သိရှိရပါတယ်။ အမေရိကန်လူမျိုး (၃)ဦးမှာ (၁)ဦးနှုန်း ကင်ဆာရောဂါ ပုံစံတစ်မျိုးမျိုး စွဲကပ်နေပါတယ်တဲ့။

ကင်ဆာရောဂါဟာ အဆိုးရွားဆုံးရောဂါတစ်ခု ဖြစ်ပေမယ့် ဒီနေ့ဒီအချိန်ထိ ခေတ်သစ် ဆေးသိပ္ပံပညာက ထိရောက်တဲ့ကုထုံးတွေနဲ့ တိုက်ဖျက်နိုင်ခြင်း မရှိသေးတာ တွေ့ရပါတယ်။ ခေတ်သစ်ဆေးသိပ္ပံပညာနဲ့ ထိထိရောက်ရောက် ပျောက်ကင်းအောင် ကုသနိုင်ခြင်း မရှိသေးလို့ လက်လျှော့ရမလိုဖြစ်နေတဲ့ ကင်ဆာရောဂါ ဝေဒနာဆိုးကို မဖြစ်ခင်ကတည်းက မဖြစ်အောင် ကြိုတင်ကာကွယ်နိုင်ပါတယ်။

တကယ်တော့ ကင်ဆာရောဂါ ဘယ်လိုဖြစ်ပေါ်လာသလဲဆိုတာ လေ့လာကြည့်မယ်ဆိုရင် ပုံမှန်မဟုတ်တဲ့ ဆဲလ်အုပ်စုဟာ သူ့ရဲ့ ပုံမှန်သက်တမ်းနဲ့ လည်ပတ်မှုဖြစ်စဉ်ကို ပြီးပြည့်စုံနိုင်စေခြင်း မရှိဘဲ ထိခိုက်ပျက်စီးသေဆုံးခြင်းကို Appotosis လို့ ခေါ်တဲ့အဆင့်လို့ ဆိုပါတယ်။ အဲဒီလိုနဲ့ ကင်ဆာဖွဲ့စည်းဖြစ်ပေါ်ပါတယ်။

တချို့ဆဲလ်တွေကျတော့လည်း ပုံမှန်မဟုတ်တဲ့ ကြီးထွားမှုနဲ့ ပုံမှန်မဟုတ်တဲ့ ဆဲလ်ပွားများခြင်းတွေကြောင့် ကင်ဆာဖြစ်လာပါတယ်။ အဲဒီလို ဆဲလ်တွေကြီးထွားလာခြင်း၊ ဆဲလ်ပွားခြင်းတွေကနေ ကင်ဆာ အကျိတ်လုံးတွေ ဖြစ်လာပြီး တချို့ကျတော့ အဲဒီကနေတစ်ဆင့် ဆဲလ်တွေ ပြုတ်ထွက်ပြီး ခန္ဓာကိုယ်အနှံ့ ပြန့်ပွားခြင်းများရှိသလို တချို့ ကတော့ သွေးစီးဆင်းလည်ပတ်မှုကသော် လည်းကောင်း၊ ပြန်ရည်ကြောတွေက တစ်ဆင့်သော် လည်းကောင်း ခန္ဓာကိုယ်အနှံ့ ပျံ့နှံ့သွားတတ်ပါတယ်။

ကျွန်မတို့ရဲ့ လူ့လောကပတ်ဝန်းကျင်မှာ ဆဲလ်ယူနစ် တစ်ခုရဲ့ ပုံမှန်မျိုးဗီဇကို အနှောင့်အယှက်ပြုပြီး ကင်ဆာ ဖြစ်ဖို့ အလားအလာမြင့်မားစေတဲ့ အကြောင်းအရာ အတော် များများရှိပါတယ်။ အဲဒီအကြောင်းအရာတွေထဲမှာ ဆေးလိ ဆေးရွက်ကြီးမီးခိုးငွေ့များ၊ ဆေးပညာကုထုံးများမှ ဓာတ် ရောင်ခြည်သင့်မှုများ၊ ပတ်ဝန်းကျင်က အဆိပ်အတောက်များ အဝလွန်ခြင်း၊ ဟော်မုန်းဆေးများ၊ ဗိုင်းရပ်စ်ပိုးများ၊ ဘက်တီး ရီးယားပိုးများ၊ ကပ်ပါးပိုးမွှားများအပြင် အာဟာရဓာတ် ချို့တဲ့မှုများ စသဖြင့် ပါဝင်ပါတယ်။

သမားရိုးကျ ဆေးကုထုံးအနေနဲ့ ကင်ဆာရော ဖြစ်ပြီဆိုရင် ဓာတုဗေဒဆေးကုထုံး၊ ဓာတ်ရောင်ခြည်ကုထုံး ခွဲစိတ်ကုသခြင်းတို့နဲ့ ကုသကြပါတယ်။ ဒါပေမယ့်လည်း ကင်ဆာရောဂါဝေဒနာရှင် တစ်ယောက်ဟာ အဲဒီကုထုံးတွေ ကုသလိုက်လို့ ထိထိရောက်ရောက် ပျောက်ကင်းသွားတ ဆိုတာ မရှိသလောက် ရှားလှပါတယ်။

လွန်ခဲ့တဲ့နှစ်ပေါင်း (၉၀)ကတည်းက ကျင့်သုံးလာခဲ့ အဲဒီခေတ်မီဆေးသိပ္ပံ ကုထုံးတွေဟာ ကင်ဆာရောဂါ အသေအချာ တိုက်ဖျက်နိုင်ခြင်း မရှိခဲ့ဘူး မဟုတ်ပါလား ကုသမှုခံယူသူတွေခမျာ အချိန်ကုန်၊ လူပန်း၊ ငွေကုန်ကြေး များပြီး နောက်ဆုံးတော့လည်း သိပ်မကြာခင်မှာ သေဆုံး ကြရတာပါပဲလို့ ကျန်ရစ်သူမိသားစု အသိုင်းအဝိုင်းများ ညည်းတွားသံကို မကြာခဏ ကြားနေရပါတယ်။

တစ်ခါတစ်ရံမှာ ကင်ဆာရောဂါဝေဒနာရှင် လူ တချို့ဟာ ခေတ်ပေါ်ဆေးသိပ္ပံ ကုထုံးတစ်ရပ်ရပ်နဲ့ ကု ရင်းနဲ့ ထိရောက်မှုမရှိတဲ့အခါ လက်ရှိ မိမိရဲ့ကင်ဆာ အခြေအနေ ပိုမိုဆိုးရွားသွားစေတဲ့ သာဓကတွေလည်း ရှိ တယ်။

ဥပမာအားဖြင့် ဓာတုဆေးဝါးများနဲ့ ကုသ Chemotherapy ကုထုံးဟာ အလွန်ပြင်းထန်ပြီး အခန့်မသ ရင် ကျန်းမာနေတဲ့ ဆဲလ်တွေကိုပါ ပျက်စီးစေလို့ မရိုတ များကို ဆီး ဝမ်းမှတစ်ဆင့် လေလွင့်ဆုံးရှုံးမှု ဖြစ်စေပါတ ဒါ့အပြင် ကင်ဆာအကျိတ်အခဲများကို ဆက်လက်ကြီး တိုးပွားစေပြီး နောက်ဆုံးမှာ ဆေးယဉ်ပါးစေတာ

www.burmeseclassic.com

Treatment resistance လို့ခေါ်တဲ့ ကုသမှုကို မတိုးတော့တာမျိုး ဖြစ်ပွားစေတဲ့ သာဓကတွေလည်း ရှိပါတယ်။

အဲဒီလို ကင်ဆာရောဂါဖြစ်ပွားနေပြီဆိုတာ သိတာနဲ့တစ်ပြိုင်နက် ကင်ဆာရောဂါရှင်လူနာဟာ ခေတ်သစ်ဆေးသိပ္ပံကုထုံးတွေနဲ့ ကြောက်အားလန့်အား ကြိုးစားပမ်းစား ကုသပေမယ့်လည်း ထိထိရောက်ရောက် ပျောက်ကင်းခြင်းမရှိတဲ့ သာဓကများစွာ တွေ့မြင်ကြားသိနေကြရတာမို့ ကင်ဆာရောဂါဆိုးကြီးကို ကြုံကြိုက်တိုးတိုက်မိမှာကို လူတိုင်း မလိုလားကြပါဘူး။ ဒါဆိုရင် ကင်ဆာရောဂါကို မဖြစ်ခင် ကြိုတင်ကာကွယ်ထားခြင်းသာ အကောင်းဆုံး လမ်းပဲ မဟုတ်ပါလား။

ကျွန်မတို့ အလွန်သိချင်နေပြီး သိသင့်တဲ့ မေးခွန်းတစ်ခုကတော့ သမားရိုးကျ ခေတ်မီဆေးသိပ္ပံကုထုံးတွေက ကင်ဆာရောဂါကို ဘာ့ကြောင့် ထိထိရောက်ရောက် မတိုက်ဖျက်နိုင်တာလဲမို့။

ဒီမေးခွန်းအတွက် တွေ့ရှိချက်အဖြေကတော့ ရိုးရှင်းလွယ်ကူပါတယ်။

အမှန်စင်စစ် ကင်ဆာရောဂါကို ခုခံတိုက်ဖျက်နိုင်တာဟာ ကျန်းမာသန်စွမ်းတဲ့ ခန္ဓာကိုယ်နဲ့ အလိုအလျောက်ခုခံအားစနစ် (Auto Immune System) ပဲ ဖြစ်ပါတယ်။

မိမိရဲ့ခန္ဓာကိုယ်တွင်း ကောင်းမွန်တဲ့ သဘာဝရောဂါတိုက်ဖျက်မှု ခုခံအားစနစ်ရှိနေခြင်းဟာ ခန္ဓာကိုယ်တွင်းက ပုံမှန်မဟုတ်တဲ့ ဆဲလ်တွေကို တိုက်ခိုက်ဖျက်ဆီးပြီး ပြင်ပကနေ ဝင်ရောက်လာနိုင်တဲ့ ဓာတ်ပစ္စည်းတွေရဲ့ အန္တရာယ်တွေကိုလည်း တားဆီးကာကွယ်ပေးပါတယ်။ တကယ်တော့ ကင်ဆာဆဲလ်များဟာ လူတိုင်းအတွက် အချိန်တိုင်းလိုလိုမှာ ပေါ်ပေါက် ဝင်ရောက်နေနိုင်ပါတယ်။

ကင်ဆာရောဂါ ဖြစ်ပွားရခြင်းရဲ့ လျှို့ဝှက်ချက်ကတော့ ခန္ဓာကိုယ်ရဲ့ အလိုအလျောက် ရောဂါတိုက်ဖျက်မှုခုခံအားစနစ်က ကင်ဆာဖြစ်စေမယ့်ဆဲလ်တွေ ဝင်ရောက်လာခြင်းနဲ့ တိုးပွားလာခြင်းကို မဟန့်တားနိုင်တဲ့အခါမှာ ဖြစ်တာပါ။ ဒါကြောင့် ကင်ဆာရောဂါ မဖြစ်ရလေအောင် မိမိတို့ခန္ဓာကိုယ်မှာ ကျန်းမာသန်စွမ်းပြီး ကောင်းမွန်တဲ့ ကိုယ်ခံအားစနစ် (Autoimmune System) ရှိနေဖို့ လိုအပ်ပါတယ်။

လူသားတစ်ယောက်ချင်းစီရဲ့ ခန္ဓာကိုယ်ဟာ သူ့မှာ လိုအပ်နေတဲ့ အာဟာရဓာတ်များကို ပြည့်ပြည့်ဝဝလည်း ရရှိပြီး သူ့ကို အန္တရာယ်ပေးမယ့် ဓာတ်ပစ္စည်းတို့ကိုလည်း ရှောင်ရှားနိုင်မယ်ဆိုရင် ကင်ဆာရောဂါ ဖြစ်ပွားလာစရာ အကြောင်းမရှိပါဘူး။

အမေရိကန်နိုင်ငံ အမျိုးသားကင်ဆာတက္ကသိုလ်ရဲ့ လေ့လာခန့်မှန်းချက်ကို သာဓကပေးရမယ်ဆိုရင် အမေရိကန်နိုင်ငံသားတွေမှာ အမျိုးသားရော၊ အမျိုးသမီးရော ဖြစ်ပွားမှုအများဆုံးကင်ဆာကတော့ အဆုတ်ကင်ဆာ ဖြစ်တယ်လို့ ဆိုပါတယ်။ အဆုတ်ကင်ဆာဖြစ်ပွားသူ အမျိုးသား(၉၀)ရာခိုင်နှုန်းနဲ့ အမျိုးသမီး(၈၀)ရာခိုင်နှုန်းတို့ဟာ ဆေးလိပ်ကြောင့် ဖြစ်ပွားကြရတာဖြစ်ပါတယ်။

အမှန်စင်စစ် ဆေးလိပ်သောက်ခြင်းကြောင့် အဆုတ်ကင်ဆာသာမက အရေပြားကင်ဆာ၊ အစာအိမ်ကင်ဆာ၊ ပန်ကရိယကင်ဆာ၊ သည်းခြေကင်ဆာ၊ ကျောက်ကပ်ကင်ဆာအပြင် အမျိုးသမီးများကတော့ သားအိမ်ခေါင်းကင်ဆာနဲ့ သွေးကင်ဆာရောဂါများပါ ဖြစ်ပွားစေနိုင်ပါတယ်။ အဲဒါအပြင် နှလုံးနဲ့ သွေးကြောကျဉ်းရောဂါအမျိုးမျိုး၊ လမစေ့ဘဲ ကလေးမွေးဖွားခြင်း၊ ကိုယ်အလေးချိန်မပြည့်မီတဲ့ ကလေးမွေးဖွားခြင်းတို့ကိုလည်း ဖြစ်ပွားစေနိုင်ပါတယ်။

အသေအချာ ဓာတ်ခွဲစမ်းသပ်ချက်တွေအရ စီးကရက်တစ်လိပ်ထဲမှာ အာဆင်းနစ်၊ ဘင်ဇင်း၊ ဘယ်ရိလီယံ၊ ကက်ဒမီယံ၊ ခရိုမီယံ၊နစ်ကယ်၊ပိုလိုနီယမ်(၂၁၀)၊ ဗီနိုင်းကလိုရိုဒ်စတဲ့ အန္တရာယ်ဖြစ်စေတဲ့ ဓာတုဗေဒဓာတ်ပစ္စည်းများ ပါဝင်ပါတယ်။ ဒါ့အပြင် ဖော်မယ်လ်ဒီဟိုက်၊ ဘင်ဇိုပိုင်ရင်း၊ တော်လူအင်းလည်း ပါဝင်ပါတယ်။ အဲဒါတွေအားလုံးဟာ ကင်ဆာရောဂါ ဖြစ်ပွားစေတဲ့ အဆိပ်ဓာတ်များ ဖြစ်ကြပါတယ်။

စီးကရက်သောက်ခြင်းရဲ့ တိုက်ရိုက်အကျိုးဆက်အဖြစ် ကမ္ဘာပေါ်မှာ သန်းပေါင်းများစွာသော လူသားများ သေဆုံးနေကြရတယ်လို့ ဆိုပါတယ်။ ဒါ့ကြောင့်မို့ ပထမအဆင့်အနေနဲ့ ဆေးလိပ်၊ စီးကရက် သောက်သုံးခြင်းကို ရှောင်ကြဉ်သင့်တဲ့အကြောင်း သတိပေးပါရစေ။

အိုင်အိုဒင်းဟာ ခန္ဓာကိုယ်အတွင်းရှိ ဆဲလ်အားလုံးမှာ တွေ့ရတဲ့အရာ ဖြစ်ပါတယ်။ ဒါ့အပြင် အိုင်အိုဒင်းဓာတ်ဟာ ခန္ဓာကိုယ်ရဲ့ ရှင်သန်မှုအတွက် မရှိမဖြစ် လိုအပ်တဲ့အရာလည်း ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ကျွန်မတို့ရဲ့ခန္ဓာကိုယ်က အိုင်အိုဒင်းဓာတ်ကို မထုတ်လုပ်နိုင်တာကြောင့် ကျွန်မတို့ နေ့စဉ် စားသုံးနေကြတဲ့ အစာအာဟာရမှ ရယူရမှာ ဖြစ်ပါတယ်။

www.burmeseclassic.com

မရှိမဖြစ် အရေးကြီးလှတဲ့ အာဟာရဓာတ်တစ်မျိုး ဖြစ်တဲ့ အိုင်အိုဒင်းကို ဂလင်းအကျိတ်စနစ်မှာ ပါဝင်တဲ့ သိုင်းရွိုက်အကျိတ်၊ သားမြတ်ရင်သား၊ အမျိုးသမီးသားဥ အိမ်များ၊ အမျိုးသမီးသားအိမ်နဲ့ အမျိုးသားဆီးကျိတ်များ စသည်တို့မှာ စုစည်းသိုမှီးပါတယ်။ အိုင်အိုဒင်းရဲ့ အဓိက လုပ်ငန်းတာဝန်က အဲဒီဂလင်းအကျိတ်များရဲ့ ပုံမှန်ဖွဲ့စည်း တည်ဆောက်မှုရရှိဖို့ ဖြစ်ပါတယ်။

ခန္ဓာကိုယ်တွင်းရှိ အိုင်အိုဒင်းဓာတ် မလုံလောက်ဘူး ဆိုရင် အိုင်အိုဒင်းဓာတ် ချို့တဲ့ရင် ခုနကပြောခဲ့တဲ့ ဂလင်း အကျိတ်တွေရဲ့ တစ်ရှူးဆဲလ်တွေလည်း ဖောက်ပြန်ပြောင်းလဲ ပါတယ်။ ဦးဆုံးအဆင့်အနေနဲ့ အဲဒီဂလင်းတစ်ရှူးများထဲမှာ အရည်အိတ်များ ဖြစ်ပေါ်လာတတ်ပါတယ်။

တကယ်လို့ ခန္ဓာကိုယ်မှာ အိုင်အိုဒင်းဓာတ်ချို့တဲ့မှု ဟာ ဆက်ဖြစ်နေဦးမယ်ဆိုရင် ဒါမှမဟုတ် ပိုဆိုးလာမယ် ဆိုရင် ခုနက အရည်အိတ်များဟာ ပိုမာလာပြီး အလုံးအခဲ လေးများ ဖြစ်လာပါလိမ့်မယ်။ ဒီထက်ဆက်ပြီး အိုင်အိုဒင်း ဓာတ် ချို့တဲ့နေဦးမယ်ဆိုရင် အဲဒီဂလင်းအကျိတ်မှာ ပုံမှန် မဟုတ်တဲ့ ဆဲလ်တိုးပွားမှုတွေဖြစ်လာပြီး ပုံမှန်မဟုတ်တဲ့ ဆဲလ်တွေပါ တွေ့ရှိလာနိုင်ပါတယ်။ အဲဒီကနေ ကင်ဆာ ဖြစ်လာမှာ မလွဲဧကန်ပါပဲ။

ဒါ့ကြောင့်မို့လည်း အိုင်အိုဒင်းဓာတ် ချို့တဲ့မှုရဲ့ နောက်ဆုံးအကျိုးဆက်ကတော့ ကင်ဆာဖြစ်လာပါတယ်။

အမျိုးသားများမှာ အိုင်အိုဒင်းဓာတ်ချို့တဲ့ရင် ဆီး ကျိတ်ကင်ဆာ ဖြစ်ပွားတာ တွေ့ရှိရပါတယ်။ လက်ရှိ ခန့်မှန်း ချက်တွေအရ အမျိုးသား(၃)ဦးမှာ (၁)ဦးနှုန်း ဆီးကျိတ် ကင်ဆာ ဖြစ်ပွားနေပါတယ်။ အိုင်အိုဒင်းဓာတ်ဟာ ဂလင်း တစ်သျှူးများ ပုံမှန်ဖွဲ့စည်းတည်ဆောက်နိုင်အောင်နဲ့ ပုံမှန် ကြီးထွားနိုင်အောင် အထောက်အကူပြုပါတယ်။

လူတစ်ဦးကို တစ်နေ့ကို အိုင်အိုဒင်းဓာတ် ၁၂ မီလီ ဂရမ်ကနေ ၂၅ မီလီဂရမ် လိုအပ်တယ်ဆိုပေမယ့်လည်း ဂလင်းအကျိတ်အဖွဲ့အစည်းမှာ ပါဝင်တဲ့ ဂလင်းအကျိတ် များမှာ ရောဂါရှိနေရင် အဲဒီမှာ ထိခိုက်ဒဏ်ရာရမှုများ ရှိနေရင်တော့ အိုင်အိုဒင်းဓာတ် ပိုမိုလိုအပ်ပါတယ်။

အသင့်စာဖတ်သူတို့ နေ့စဉ်စားသုံးနေတဲ့ အစားအစာ တွေမှာ အဆိပ်သင့်ဓာတုပစ္စည်းများနဲ့ ဟော်မုန်းများ ပါဝင် နေပါတယ်။အထူးသဖြင့် မွေးမြူရေးလုပ်ငန်းတွေမှာ တိရစ္ဆာန် များရဲ့ ကြီးထွားနှုန်း မြင့်မားစေဖို့အတွက် ဓာတုဗေဒဆေးဝါး များနဲ့ ဟော်မုန်းများ ကျွေးထားတဲ့ တိရစ္ဆာန်များရဲ့အသားနဲ့ ထုတ်ကုန်များကို စားသုံးခြင်းမှ ရှောင်ကြဉ်ဖို့ အရေးကြီးလှ ပါတယ်။

မွေးမြူရေး အသားငါးနဲ့ နို့ထွက်ပစ္စည်းတွေမှာ အဆိပ်သင့် ဓာတုပစ္စည်းများ ပါဝင်နေခြင်းက ဆိုးရွားတဲ့ အချက်ပါပဲ။ ဒါ့ကြောင့်မို့ သဘာဝအတိုင်း သဘာဝအော်ဂဲနစ် အသီးအနှံအရွက်များ၊ သဘာဝ အစာအာဟာရပဲ စားသုံးပြီး သဘာဝအလျောက် လွတ်ကျောင်းမွေးမြူထားတဲ့ ကြက်၊ ဝက်၊ အမဲ၊ ငါးအမျိုးမျိုးနဲ့ သူတို့ဆီက ထွက်တဲ့ပစ္စည်းတွေစားသုံး ကြခြင်းဖြင့် ကင်ဆာဖြစ်စေမယ့် ဓာတုအဆိပ်သင့်မှုကနေ ကာကွယ်တားဆီးနိုင်မှာ ဖြစ်ပါတယ်။

အဲဒီလိုပါပဲ။ ဓာတုပစ္စည်းများနဲ့ ပြုလုပ်ထားတဲ့ ပိုးသတ်ဆေးနဲ့ ဓာတ်မြေဩဇာတွေ အသုံးပြုပြီး စိုက်ပျိုး ထားတဲ့ အသီးအနှံနဲ့ ဟင်းသီးဟင်းရွက်များကို စားသုံး ခြင်းဖြင့် ဓာတုအဆိပ်သင့်ခြင်းနဲ့ ကင်ဆာရောဂါ ဖြစ်ပွား စေနိုင်တာမို့ အဲဒါတွေ စားသုံးခြင်းမှ ရှောင်ကြဉ်နိုင်ရင် အန္တရာယ်ကင်းစေနိုင်ပါတယ်။

သဘာဝမြေဩဇာ အသုံးပြုလို့ စိုက်ပျိုးထားတဲ့ အော်ဂဲနစ်အသီးအရွက်များ စားသုံးခြင်းဖြင့် ကင်ဆာရောဂါ ကို ကာကွယ်စေပါတယ်။

Saccharin လို့ခေါ်တဲ့ သကြားအတုကို သုံးဆောင် ခြင်းဟာ ခန္ဓာကိုယ်တွင်း အိုင်အိုဒင်းဓာတ် ပါဝင်မှုကို နှောင့်ယှက်တာကြောင့် အိုင်အိုဒင်းဓာတ်ချို့တဲ့စေပြီး ကင်ဆာ ရောဂါ ဖြစ်ပွားစေပါတယ်။ သကြားအတု စားသုံးသူများဟာ ဆီးကျိတ်ကင်ဆာ၊ အသည်းကင်ဆာနဲ့ အဆုတ်ကင်ဆာတို့ ဖြစ်ပွားနိုင်တဲ့အတွက် သကြားအတု စားသုံးခြင်းကိုလည်း ရှောင်ကြဉ်သင့်ပါတယ်။

နှလုံးစိတ်ဝမ်း ငြိမ်းချမ်းကြပါစေ။

**ဒေါက်တာ နိုက်တင်ဂေး**

□




www.burmeseclassic.com

www.burmeseclassic.com

# လည်ချောင်းနာခြင်း

## ဒေါက်တာလွင်သန့်





လည်ချောင်းနာခြင်း (Sore-throat) ကို လူတော်တော်များများ ခံစားဖူးကြမည်။ လည်ချောင်းဝမှာ နာကျင်ခြင်း၊ ယားယံခြင်း၊ ခြစ်ကပ်ခြင်း၊ ချောင်းဟန့်ခြင်း အဖျားငွေ့ငွေ့ ခံစားရပါက လည်ချောင်းနာပြီလို့ သတ်မှတ်ကြတယ်။ လည်ချောင်းနာနေတဲ့အချိန်၊ ဘယ်လိုပျော့ပျောင်းတဲ့အစာကိုမဆို တံတွေးမျိုချရင်ပဲ နာကျင်မှုခံစားရပါတယ်။ အစာမျိုရမှာ ကြောက်ရွံ့နေတတ်ပါတယ်။

လည်ချောင်းအနီးတစ်ဝိုက် နာကျင်မှုကို ခံစားရခြင်းဟာ လည်ချောင်းနာခြင်းရဲ့ အဓိကရောဂါလက္ခဏာ ဖြစ်ပေတယ်။ လည်ချောင်းနဲ့ လည်မျိုအနီးတစ်ဝိုက် ခြောက်ကပ်ကပ်ဖြစ်နေခြင်း၊ အာသီးအနီးမှာ အဖြူကွက်ဖြစ်ခြင်း၊ အနီရောင်ဖြစ်ခြင်းနဲ့ အသံဝင်အသံကွဲအက်လာခြင်းတို့ဟာ လည်ချောင်းနာခြင်းကိုဖြစ်စေတဲ့ ရောဂါလက္ခဏာများပဲဖြစ်တယ်။ လည်ချောင်းနာခြင်းဟာ အသက်အရွယ်မရွေး၊ ကျား/မ မရွေး ဖြစ်ပွားတတ်ပေမယ့် ကလေးငယ်များ၊ ဆေးလိပ်သောက်သူများ၊ ဓာတ်မတည့်သူများနဲ့ ကိုယ်ခံအားနည်းသူများမှာ ပိုပြီး အဖြစ်များတယ်။

### လည်ချောင်းနာခြင်း အကြောင်းရင်းများ

လည်ချောင်းနာခြင်း အကြောင်းရင်းများစွာရှိပါတယ်။ ဗိုင်းရပ်စ်များ ဗက်တီးရီးယားပိုးများကြောင့် လည်ချောင်းနာခြင်း၊ ပတ်ဝန်းကျင်အခြေအနေများကြောင့် လည်ချောင်းနာခြင်း (GHRA) ခေါ် ရောဂါကြောင့် လည်ချောင်းနာခြင်း၊ ဓာတ်မတည့်မှု၊ ရာသီဥတုပြောင်းလဲမှုကြောင့် လည်ချောင်းနာခြင်း၊ အခြားသော လည်ချောင်းနာရတဲ့ အကြောင်းရင်းများရှိကြတယ်။

### ဗိုင်းရပ်စ်ပိုးကူးစက်ခြင်းကြောင့် လည်ချောင်းနာခြင်း

လည်ချောင်းနာခြင်းဟာ အများအားဖြင့် ဗိုင်းရပ်စ်ပိုးကူးစက်လို့ဖြစ်စေတဲ့ လည်ချောင်းနာခြင်းမျိုး ဖြစ်တယ်။ တံတွေးမှတစ်ဆင့် ကူးစက်ခြင်း၊ အဖျားပိုးရှိတဲ့ လူနာနဲ့ အနီးကပ်နေခြင်းမှ ကူးစက်ခြင်း၊ အဖျားပိုးရှိတဲ့သူနဲ့ အနီးကပ်နေခြင်းဆိုရာမှာ လူနာစောင့် (သို့) ကျန်းမာရေးဝန်ထမ်းများ လည်ချောင်းနာ မကြာမကြာ ရတတ်ပါတယ်။ အရေပြားမှတစ်ဆင့် ကူးစက်ခြင်းနဲ့ သွေးငယ်နာရောဂါပိုးမှတစ်ဆင့် ကူးစက်ခြင်း အစရှိတဲ့ အခြားဗိုင်းရပ်စ်ပိုး ကူးစက်မှုများကြောင့် လည်ချောင်းနာခြင်း ဖြစ်စေပါတယ်။

### ဗက်တီးရီးယားပိုးမွှားကူးစက်မှုကြောင့် လည်ချောင်းနာခြင်း

ဗက်တီးရီးယားပိုးမွှားများကြောင့် လည်ချောင်းနာခြင်းဖြစ်စေတယ်။ ဗက်တီးရီးယားပိုးဝင်လို့ လည်ချောင်းနာရောဂါရဲ့လက္ခဏာများမှာ စထရပ်တိုကော့ကပ်ပိုးကြောင့် လည်ချောင်းနာ ရောင်ရမ်းခြင်းဖြစ်စေပြီး လည်ချောင်းအထိမခံနိုင်လောက်အောင် နာကျင်ခြင်း၊ ချောင်းဆိုးခြင်း၊ ဖျားခြင်း လက္ခဏာများ တွေ့ရတတ်ပါတယ်။

### ပတ်ဝန်းကျင်ကြောင့် လည်ချောင်းနာခြင်း

အများအားဖြင့် လည်ချောင်းနာခြင်းဟာ ဗိုင်းရပ်စ်နဲ့ ဗက်တီးရီးယားပိုးများကြောင့် အဖြစ်များပေမယ့် လည်ချောင်းနာတိုင်း သတ်မှတ်လို့ မရပါဘူး။ အခြားလည်ချောင်းနာခြင်းဖြစ်စေတဲ့ အကြောင်းအချက်များရှိပါတယ်။ မှို၊ အိမ်မွေးတိရစ္ဆာန်၊ ဝတ်မှုန်နဲ့ အခြားဓာတ်မတည့်ခြင်း ဖြစ်စေတဲ့ အရာတွေက နာရှည်ကျတဲ့ ဓာတ်မတည့်မှုမျိုး ဖြစ်လေ့ရှိသူဖြစ်ရင် လည်ချောင်းထဲမှာ အချွဲများကျန်နေတတ်ပြီး၊ ယင်းမှ



www.burmeseclassic.com

www.burmeseclassic.com



တရုတ်ကြွက်မောက်ပင်

နီညိုရင့်ရောင် ဖြစ်သည်။ အခွံခွာစားလျှင် အရသာရှိသည်။

ဂုဏ်နှင့်စွမ်းရည်မှာ နှလုံး၊ အသည်းနှင့် ဦးနှောက်တို့ကို အားပေးသည်။ ရေငတ် ပြေစေသည်။ အားကိုဖြစ်စေသည်။ ခန္ဓာကိုယ်ကို ကျန်းမာစေသည်။ ရင်ကျပ်ချောင်းဆိုးပါက အမြစ်၊ အခေါက်နှင့် အပွင့်တို့ကို ရောပြုတ် တိုက်ပေးပါက ပျောက်ကင်း၏။ အကြောအချင် နာကျင်ကိုက်ခဲပါက အစေ့ကို သွေးလိမ်းလျှင် ပျောက်ကင်းပါသည်။

## ၃။ တမာပင်

တမာပင်ကို လူတိုင်းမြင်တွေ့ သိရှိပြီးဖြစ်ပါသည်။ အထူးသဖြင့် အပူပိုင်းဒေသဖြစ်သော အညာဒေသတွင် အပေါက်များပါသည်။ 'အညာတမာ ခပ်ဝါဝါ တို့မြုပ်စားစရာ' ဟုပင် ခေါ်ဆိုကြပါသေးသည်။

တမာနှင့်ပတ်သက်၍ သိမ်ဖြူဆရာတော်၏ ဆေးအဘိဓာန်တွင် ခြောက်မျိုး ဖော်ပြထားသည်ကို လေ့လာတွေ့ရှိရပါသည်။ ၎င်းတို့မှာ -

(၁) ဗမာတမာ (၂) ကုလားတမာ (၃) တောင်တမာ (၄) ရေတမာ (၅) တမာချို (၆) ပန်းတမာ တို့ဖြစ်ကြပါသည်။

ဗမာတမာသည် ပင်ကြီးမျိုးနွယ်ဖြစ်ပြီး နေရာဒေသမရွေး ပေါက်တတ်ကြပါသည်။ အထူးသဖြင့် အညာဒေသတွင် အပေါက်များပြီး အရွက်နုများကို အချဉ်ထည့်၍ တို့စားကြပါသည်။

ကုလားတမာသည် အရွက်ကလေးများ သေးကာ ချွန်ပြီးလျှင် ဘေးပတ်လည်တွင် ခွေးသွားစိပ်များ ပါရှိသည်။ ဗမာတမာထက် ပို၍ခါးပါသည်။

တောင်တမာသည် ဗမာတမာထက် ပို၍အရွက်ကြီးပြီး ပို၍ခါးပါသည်။ သစ်တောဌာနမှ ၎င်းတောင်တမာကို 'သစ်ကတိုး'ဟု ခေါ်ပါသည်။

ပန်းတမာသည် အပွင့်ပြာကလေးများ ပွင့်၍ တမာပင်အသေးစားကလေးများ ဖြစ်သဖြင့် ပန်းတမာဟု ခေါ်ဆိုပြီး အချို့က အပွင့်ကိုအစွဲပြုပြီး တမာပြာဟုလည်း ခေါ်ကြပါသည်။ ပန်းတမာသီးသည် ငှက်ဖျားရောဂါနှင့် ဝမ်းဗိုက်အောင့်ခြင်းကို ပျောက်ကင်းစေပါသည်။

တမာချိုပင်သည် ရိုးရိုးပင်နှင့်တူသော်လည်း အရွက်၏ ဘေးပတ်လည်တွင် ခွေးသွားစိပ်မပါဘဲ သေး၍ချွန်သည်။



www.burmeseclassic.com

www.burmeseclassic.com



အကိုင်းအခက် အရွက်တို့တွင် အနံ့တစ်မျိုးထွက်သည်။ အချို့က ပျဉ်းတော်သိမ်ပင်ကို တမာချိုဟု ခေါ် ဆိုကြသည်။

တမာ၏ အရသာနှင့် ဂုဏ်သတ္တိအကျိုးသွားများမှာ ဖန်၏၊ ခါး၏၊ အေး၏၊ ချို၏၊ ထို့ကြောင့် ကြေကျက်လွယ်၏။ ယားနာ၊ အပူနာ၊ နူနာ၊ အဆိပ်သင့်နာ၊ ပါဒရက်ဒူလာ၊ သရောနာ၊ အဖျားရောဂါတို့ကို ပျောက်ကင်းစေပါသည်။ သည်းခြေ၊ လေတို့ကိုလည်း နိုင်သည်။ ပိုးနာ၊ အော့အန်ခြင်း၊ အနာပေါက်ခြင်း၊ ဖောရောင်ခြင်း၊ ချောင်းဆိုး၊ ရေငတ်၊ နှုန်းမမြိန်၊ သွေးဖောက်ပြန်နာများကိုလည်း ပျောက်ကင်းစေနိုင်သည်။

တမာပင်၏ အရွက်၊ အသီး၊ အပွင့်၊ အခေါက်၊ အမြစ်နှင့် အစေ့များကို အသုံးပြုနိုင်သောကြောင့် တစ်ပင်လုံး၏ စွမ်းရည်သတ္တိ အကျိုးထက်မြက်ပုံမှာ များပြားလှပါသည်။ ထို့ကြောင့် လူသုံးကုန်ပစ္စည်း၊ အလှကုန်ပစ္စည်း၊ ကျွဲ နွား တိရစ္ဆာန်သုံး ဆေးဝါးများပါ ဖော်စပ်အသုံးပြုနိုင်သည်။

တမာမြစ်သည် ဝမ်းမီးကို တောက်စေသည်။ ဆာလောင်မွတ်သိပ်ခြင်း၊ ကိုယ်ပူနာ၊ နှုတ်မမြိန်နာ၊ ပျို့အန်နာ၊ သည်းခြေနာတို့ကို ပယ်ဖျောက်တတ်သည်။ ချမ်းဖျား၊ တုန်ဖျား၊ ငှက်ဖျားတို့ကိုလည်း ပျောက်ကင်းစေသည်။

**အဖျားပြတ်ဆေး**

တမာခေါက် - ၂ ကျပ်သား
ငရုတ်ကောင်း - ၂ ကျပ်သား
ဆားကျပ်ခိုး - ၂ ကျပ်သား
မှိန်းခို - ၁ ကျပ်သား

၎င်းဆေးစုကို ညက်စွာပြုပြီး ၈ ပဲသားခန့် ရေနွေးဖြင့် တစ်နေ့ နှစ်ကြိမ် တိုက်ပေးပါက ပျောက်ကင်းပါသည်။

**မျက်စိဝေဒနာပျောက်ဆေး**

တမာမြစ် - ၂ ကျပ်သား
ကြစုသီး - ၂ ကျပ်သား
နွားမြေရင်း - ၂ ကျပ်သား
ကရမက် - ၂ ကျပ်သား
အိပ်မွှေ့သီး - ၂ ကျပ်သား
ပရုံနဝါ - ၂ ကျပ်သား
ကြိုကနွှတ်သုံးပါး - ၂ ကျပ်သား

၎င်းဆေးစုကို ကြိတ်ပြီး အတောင့်ကလေးများ ပြုလုပ်ထားပါ။ မျက်သားတက်၍ မျက်စိနာသော် နွားကျင်ငယ်ရေဖြင့် သွေး၍ ခတ်ပါ။ မျက်စိနာသော် ပျားရည်ဖြင့် ခတ်ပါ။ မျက်ရည်ယိုလျှင် ရေဖြင့်ခတ်ပါ။ လည်ချောင်းနာသော်



www.burmeseclassic.com

ဆေးတောင့်ကို ကွမ်းရွက်ထည့်၍ ငုံပေးပါ။ မီးယပ်ရောဂါဖြစ်ခဲ့သော် အုန်းရည်ဖြင့်တိုက်၊ ပွေး၊ ညင်း၊ တင်းတိပ်စွဲသော် ထမင်းစေ့ဖြင့် ဖျော်၍ လိမ်းပေးက ပျောက်ကင်း၏။

## ၄။ တောင်သလဲသီးပင်

တောင်သလဲသီးပင်သည် ပင်ကြီးမျိုးဖြစ်သည်။ အမြင့်ပေ ၅၀ မှ ၆၀ အထိ မြင့်သည်။ အမြဲစိမ်းလျက်ရှိသော အရွက်များရှိသည်။ အလျား ၅ လက်မခန့်ရှိပြီး အနံ ၁ လက်မခွဲမှ ၂ လက်မအထိ ရှိသည်။ အရွက်မှာ ထိပ်ပြားချွန်ပြီး ချောသည်။

အပွင့်သည် အဝါရောင် ဖြစ်သည်။ ပွင့်တံတို၍ ခြောက်သောအခါ အနီရောင်သန်းလာသည်။ အသီးသည် လိမ္မော်သီးကဲ့သို့ အဝါရောင်ဖြစ်သည်။ ၎င်းအပင်၏ အစေးကိုလည်း သုံးစွဲကြသည်။ အပွင့်ကို ဆိုးဆေးအဖြစ်လည်း အသုံးပြုကြသည်။

ဂုဏ်နှင့် စွမ်းရည်သတ္တိမှာ တောင်သလဲသီးပင်၏ အရွက်သည် ဖန်၏၊ ချဉ်၏၊ သွေးကို သက်စေ၏။ အသီးစိမ်းသည် ချဉ်၏၊ ပူ၏၊ လေကိုနိုင်၏။ သလိပ် သည်းခြေကို ပျက်စေ၏။

အသီးမှည့်သည် ချို၏၊ ဖန်၏၊ စဉ်းငယ် ချဉ်၏၊ ပူ၏၊ စပ်၏၊ လေနှင့်သလိပ်ကို ဖျက်စေ၏၊ ဝမ်းမီးကို တောက်စေသည်။ ရေငတ်နာ၊ ရင်ဘတ်နာ၊ မြင်းသရိုက်နာ၊ ဘေးထိုးရင်ကျပ်နာ၊ ဂူနာ၊ ပိုးနာ၊ ဝမ်းကိုက်ရောဂါတို့ကို နိုင်သည်။ နှလုံးရောဂါရှိသူများ သင့်တော်သည်။

အရွက်သည် ချဉ်သောအရသာ ပါရှိသဖြင့် ငါးများနှင့် ချက်စားကြသည်။ အသီးစိမ်းသည် ချဉ်ဖန်ဖြစ်သော်လည်း မှည့်သောအခါ ချိုချဉ်ရသာ ပြောင်းသွားသဖြင့် နှစ်ခြိုက်စွာ စားသုံးကြသည်။ စားသုံးခြင်းဖြင့် ကျန်းမာရေးအတွက် အထောက်အကူ ဖြစ်စေပါသည်။

## ၅။ တောင်တန်စွန်းကြီးပင်

တောင်ကန်စွန်းကြီးပင်သည် နွယ်ပင်တစ်မျိုးဖြစ်ပြီး ...ပင်၊ ချုံပင်တို့ကို နွယ်၍တက်သည်။ ထိုသို့တက်သော ...ါ ပြုတ်မကျစေရန် နွယ်နှာမောင်းများဖြင့် ရစ်တွယ်၍ ...တ်သည်။



တောင်တန်းစွန်းကြီးပင်

နွယ်ပင်အရင်းပိုင်းသည် ကျပ်လုံးခန့်ရှိပြီး ဖြူညစ်သောအရောင်ရှိသည်။ အနွယ်သည် စိမ်းစိုသောအရောင်ရှိသည်။ အရွက်သည် လေးလက်မခန့်ရှည်သွယ်၍ ခပ်ကျဲကျဲပေါက်သည်။ ရွက်ညှာ ရှိသည်။ လက်ဝါးကဲ့သို့ ရွက်ခွပါရှိသည်။ အနွယ်၏ အဆစ်များမှာ အရွက်ပေါက်သည်။ အရိုးနှင့်အရွက်တို့သည် စိမ်းစိုသောအရောင်ရှိသည်။

အရွက်ပေါက်သော အဆစ်တို့မှ အပွင့်ထွက်ပြီး အပြာနုရောင် ကန်တော့ပုံများ ဖြစ်သည်။ အပွင့်များ ကြွေကျသောအခါ အသီးတို့ သီးကြသည်။ အသီးသည် ဆီးစေ့ခန့်ရှိပြီး အခွံပျော့သည်။ အသီးအတွင်း၌ မာသောအစေ့ နှစ်စေ့မှ လေးစေ့အထိ ပါရှိသည်။ အသီးများသည် ပန်းခိုင်ကဲ့သို့ ၁၀ လုံးခန့် အပြွတ်လိုက်သီးကြသည်။

မြန်မာနိုင်ငံနှင့် အခြားနိုင်ငံများတွင်လည်း တောင်ကန်စွန်းကြီးပင်ကို စိုက်ပျိုး၍ ဥကို အသုံးပြုကြသည်။ ဥသည် ဆေးဖက်ဝင်သည်။

**သမားတော်ကြီး ဒေါက်တာသက်အေး**

ကိုးကား - ရှင်နာဂသိန်၏ပုံပြဆေးအဘိဓာန်


□





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

“သားတို့ရုပ်ရည် သီတာမည်သား၊
ရေကြည်ချမ်းမြေ တစ်ပေါက်ကျကား၊
မိဘတို့ဝမ်း ငြိမ်းစတမ်း” ဟူသည့် မိဘတို့၏ မေတ္တာကို ဖော်ကျူးရေးသားထားသည့် ကြည်နူးဆွတ်ပျံ့ဖွယ်ရာ စာဆိုလေးတစ်ခုအဖြစ် ဥဒါန်းတွင်နေခဲ့ပါသည်။

ဤစာဆိုအဖွဲ့အနွဲ့လေးကို မိဘဖြစ်ဖူးသူတိုင်း မည်သူမဆို အနည်းဆုံး တစ်ကြိမ်မက မြည်တမ်းရွတ်ဆိုကြည့်ခဲ့ကြဖူးမည်ဟု ယုံကြည်ပါသည်။ ကိုးလလွယ်၊ ဆယ်လဖွား မိမိတို့၏ ရင်နှစ်သည်းချာ သားသမီးရတနာလေးများသည် အိမ်ထောင်စု၊ မိသားစုတစ်စု၊ အိမ်၏ ဆည်းလည်းလေးများပင် မဟုတ်ပါလား။

အမိဝမ်းတွင်းမှ ကျွတ်လာကတည်းက ရင်သွေးရတနာလေးများကို ဆင်းရဲချမ်းသာမရွေး မိဘတိုင်းက အရိပ်တကြည့်ကြည့် ချစ်မဝ ရှုမဝဖြစ်ခဲ့ရပါသည်။ မှက်၊ ခြင်၊ ယင်မသန်းအောင်၊ ဥတု အပူ၊ အအေးမျှတအောင်၊ အစာအာဟာရ နို့ချို ဝလင်အောင်၊ ကျန်းမာပြီး ဖွံ့ဖြိုးကြီးထွားအောင် စသည် စသည့်တာဝန်များကို မိဘတို့က မလစ်ဟင်းရစေအောင် ဂရုတစိုက် ကြည့်ရှုမွေးမြူ စောင့်ရှောက်ခဲ့ကြသည်မှာ ပြဿနာကြီးများနှင့်ပင် အလားတူသည်ဟု တင်စားခဲ့ကြသည် မဟုတ်ပါလား။

မိမိတို့၏ ရင်သွေးငယ် သားသား၊ မီးမီးလေးများ ကျန်းမာ ဖွံ့ထွားလာပြီး အသက်တစ်နှစ်သားဝန်းကျင် အရွယ်လောက်တွင် ဝူးဝူးဝါးဝါး၊ ပါးပါး၊ မားမား စသည့် တစ်ခွန်းစ နှစ်ခွန်းစ မပီကလာ ပီတလာ စကားသံလေးများသည် မိဘတို့၏ နားဝင်ပီယံမှာ ကမ္ဘာပေါ်တွင် အသာယာဆုံး သံစဉ်တေးသွား တစ်ပုဒ်ထက်ပင် ပို၍နားဝင်ပီယံချိုမြလှပါသည်။

ယနေ့ခေတ် သားသား၊ မီးမီးလေးများသည် ခေတ်မီတိုးတက်သည့် ကာလတွင် ဖြစ်တည်မွေးဖွားလာကြသည်ဖြစ်၍ ခေတ်ကာလ၏ နှိုးဆော်မှုအရှိန်ကြောင့်ပင် မိဘများခေတ်ကာလကထက်ပို၍ ဆောလျင်စွာ ဉာဏ်ရည်ဖွံ့ဖြိုးမှု မြန်ဆန်လာကြပါသည်။

မီးမီးလေးများဆိုလျှင် အသက် တစ်နှစ်ဝန်းကျင်လောက်တွင် စကားကိုစ၍ စမ်းပြီးပြောဆိုလာတတ်ပေသည်။ သားသားလေးများသည်လည်း အများအားဖြင့် အသက်တစ်နှစ်ဝန်းကျင်လောက်တွင် စကားစတင်စမ်းပြီး ပြောဆိုလာတတ်ကြပါသည်။

သို့သော် အချို့အချို့သော သားသားမီးမီးလေးများသည် အကြောင်းကြောင်းကြောင့် စကားပြောနောက်ကျတတ်သည်ကိုလည်း တွေ့ရတတ်ပါသည်။ ထိုသို့စကားပြောနောက်ကျသော ရင်သွေးရတနာလေးများ၏ ဖေဖေ မေမေ အဘိုးအဘွား မိဘများသည် စိုးရိမ်သောကဖြစ်လာကြသည်။

ဘာလုပ်ရမှန်းမသိ စမ်းတဝါးဝါးဖြင့် အချို့က ဗေဒင်မေး၊ နတ်မေးဖြင့် ခမည်းပေး၊ သိုက်ကြိုးဖြတ် စသည်အားဖြင့် လမ်းလွဲကုန်ပြီး အနာတလွဲ ဆေးတလွဲ ဖြစ်နေကြသည်ကို ယနေ့အချိန်မှာ များစွာတွေ့မြင်နေရပါသည်။

ဤသို့ အခက်အခဲကြုံတွေ့ပြီး စိုးရိမ်သောက ဖိစီးမှုများကို ခံစားနေကြရသည့် မိဘများအတွက် အခက်အခဲကို နည်းမှန် လမ်းမှန်ဖြင့် ဖြေရှင်းနိုင်ရန် မိဘချင်း ကိုယ်ချင်းစာစိတ် စေတနာဖြင့် ဤစာပေဆောင်းပါးကို ရေးသားတင်ပြလိုက်ပါသည်။

စကားပြောနောက်ကျသော ရတနာမေးများအတွက် မှန်ကန်သောလုပ်ဆောင်မှုနှင့် သဘောတရားများကို ရေးသားတင်ပြပါမည်။ စကားပြောနောက်ကျသည့် ကလေးငယ်များသည် အများအားဖြင့် သလိပ်ဖွဲ့စည်းမှု အားများနေကြသည်ကို အတွေ့ရများပါသည်။

(က) သလိပ်ဖွဲ့စည်းမှုအားများခြင်း ဆိုသည်မှာ -

(၁) သွားရည် အကျများခြင်း၊ သွားရည်ယိုခြင်း။
(၂) လျှာဝါးခြင်း၊ လျှာဖြူခြင်း။
(၃) ငိုခြင်း၊ ရယ်ခြင်း စသည်တို့တွင် အသံအင်အားနည်းပါး၍ အသံဝင်နေခြင်း။
(၄) အစာချက်အားနည်း၍ နို့အန်ခြင်း၊ အစာမကြေခြင်း မကြာခဏဖြစ်တတ်သည်။
(၅) ရာသီဥတု အပူ၊ အအေးဒဏ်မခံနိုင်ခြင်း၊ မကြာခဏ ချူချာခြင်း။
(၆) ကိုယ်သားကိုယ်ရေ ပူနွေးနေခြင်း။
(၇) အသက်ရှုလျှင် ချွဲသံရှိခြင်း၊ ချွဲကျပ်သံကြားရခြင်း စသည်အချက်များကို တွေ့မြင်ရပါမည်။

(ခ) ကလေးကို ကိုယ်ဝန်ဆောင်နေစဉ် မိခင်တွင် ဂျိုက်သိုးပေါက်ခဲ့ဘူးခြင်း၊ အသည်းရောင် အသားဝါဖြစ်ခဲ့ဖူးခြင်း၊ စိတ်ကျရောဂါ၊ စိတ်နှင့်ပတ်သက်၍ စိတ်ခံစားမှု ပြင်းထန်ဖိစီးမှုသောကများ ကြုံတွေ့ခဲ့ရခြင်း စသည့်အခြေအနေများ။

ရှင်းချက် ။ ။ မိခင်တွင် ကိုယ်ဝန်လနုစဉ် ဂျိုက်သိုး (ခေါ်) ဂျာမန်ဝက်သက် ပေါက်ခဲ့ဖူးလျှင် ကိုယ်ဝန်သန္ဓေသား



www.burmeseclassic.com

www.burmeseclassic.com

တွင် ကိုယ်လက်အင်္ဂါချို့ယွင်းမှု ဖြစ်တတ်ခြင်း၊ နားအကြား အာရုံ ချို့ယွင်း၍ နားလေး နားပင်းခြင်း ဖြစ်တတ်ကြသည်။

အကယ်၍ ကလေးတွင် အထက်ပါ ချို့ယွင်းချက်ကြောင့် နားလေး၊ နားပင်းနေပါက တော်ရုံနှင့် သတိမထားမိကြပါ။ ကလေးအတော်ကြီးပြီးလာမှသာ သိနိုင်ကြသည်။

ထိုသို့သော ကလေးမျိုးတွင် စကားပြောခြင်း နှောင့်နှေးစေသည်။ စကားအသံကို မှတ်သားနိုင်ရန် သောတအာရုံ ချို့တဲ့နေသည့်အတွက်ကြောင့် တုံ့ပြန်၍ စကားသံကို ပြောဆိုရန် မဖြစ်နိုင်ခြင်း ဖြစ်ပါသည်။

ထို့ကြောင့် မိခင်လောင်းများမှာ ကိုယ်ဝန်လနုစဉ် ဂျိုက်သိုးမပေါက်စေရန် အထူးဂရုစိုက်ဖို့ လိုအပ်ပါသည်။ အကယ်၍ ဂျိုက်သိုးပေါက်ခဲ့လျှင်လည်း ကျွမ်းကျင်နားလည်သော သမားတော်များနှင့် ကုသမှုခံယူရန် လိုအပ်ပါသည်။

ထိုသို့သော ကလေးများကို အရပ်ထဲတွင် သိုက်ကလာသည် ဘာဘာညာညာ ပြောဆိုမှုများကြောင့် ကုသမှုလမ်းလွဲတတ်သည်ကို အထူးသတိထားရန်လိုပါသည်။

(ဂ) ကလေးမွေးဖွားစဉ် ပေါင်မပြည့် လမစေ့ မွေးဖွားခဲ့ခြင်း၊ ကလေးမွေးကင်းစတွင် အသားဝါတတ် အဆင့်မြင့်မားစွာ ခံစားခဲ့ရခြင်း၊ မိဘနှစ်ပါး၏ သွေးချင်း ဓာတ်မတည့်မှုကြောင့် ကလေးတွင်ထိခိုက်မှုရှိခြင်း။

(ဃ) မိဘနှစ်ပါးသည် အသက်ကြီး အရွယ်လွန်မှ သားသမီး မွေးဖွားခဲ့ခြင်း၊ အသက်(၄၀)ဝန်းကျင်တွင် သားသမီးရခြင်း။

(င) ကလေးမွေးဖွားစဉ် ညှပ်စွဲ၍မွေးခဲ့ရခြင်း၊ အရပ်လက်သည်နှင့် မွေးဖွားစဉ်မီးဖွားရခက်ပြီး အင်နှင့်အားနှင့် ကလေးကို တွန်းချ၍ မွေးခဲ့ခြင်း။

(စ) မိခင်ဘက်မှသော်လည်းကောင်း၊ ဖခင်ဘက်မှသော်လည်းကောင်း ဉာဏ်ရည်ချို့ယွင်းမှု မျိုးဗီဇပါလာခြင်း စသည့် ဖော်ပြပါအကြောင်းအချက်များ တစ်ခုခုနှင့် တိုက်ဆိုင်ကြုံခဲ့ရခြင်း အခြေအနေတို့ကြောင့် စကားပြောနောက်ကျသော ရင်သွေးရတနာလေးများကို တွေ့ရတတ်ပါသည်။

မိမိ၏ ရင်သွေးရတနာလေးများ အကြောင်းအမျိုးမျိုးကြောင့်ထိုကဲ့သို့တွေ့ကြုံပြီး စကားပြောနောက်ကျနေပါက အမြန်ဆုံး စကားပြောပြီး မိဘများ စိတ်နှလုံးရွှင်ပြုံးလာနိုင်စေရန် နည်းလမ်းကောင်းလေးများကို တင်ပြလိုက်ပါမည်။

(၁) စကားပြောနောက်ကျသော ကလေးငယ်ကို စကားပြောလာစေရန် ပထမဦးဆုံး လုပ်ရမည်မှာ ကလေးငယ်၏ အသံဖြစ်ပေါ်ရာ လည်ချောင်းအတွင်းရှိ အသံအိုးနှင့် အသံကြိုးလေးများ အားရှိသန်မာ လှုပ်ရှားလာစေရန်အတွက် မိဘတို့က ပြုပြင်လေ့ကျင့်ပေးရမည်။

ကလေးငယ်ကို အခြေခံ အသံတစ်ခုဖြစ်သည့် "အား" ဟူသော အသံကို မိဘတို့က ကလေးကို မကြာခဏ အော်မြည်အောင် လုပ်ဆောင်လေ့ကျင့်ပေးရမည်။

ထို"အား"ဟူသော အသံသည် အခြေခံအာမေဍိတ် အသံဖြစ်၍ မည်သူမဆို အောင်မြင်နိုင်သည့် အခြေခံအသံ ဖြစ်သည်။

ထိုအခြေခံအသံဖြင့် စတင်၍ ကလေးငယ်၏ အသံကြိုးလေးများ လှုပ်ရှားမှုကို စတင်၍ မိဘတို့က ခွဲရှိရှိ နှီးဆော်လေ့ကျင့်ပေးပါ။ အကျိုးဖြစ်ထွန်းလာပါလိမ့်မည်။

ဖွင်း အသံနှိုးဆော်လေ့ကျင့်သား အတော်ရလာလျှင် "အီး" "အဲ" "အေး" "အော" ဟူ၍ အဆင့်ဆင့်ပြောင်း၍ အသံလေ့ကျင့် နှိုးဆော်ပေးပါ။

၎င်းမှတစ်ဆင့်တက်၍ "ပါးပါး" "မားမား" စသည့် ကလေး အသံထွက်ရလွယ်ကူသော စကားလုံးများကိုသင်ပေးပါ။ တဖြည်းဖြည်းလျှာသွက်၍ အသံအားရှိလာပြီး ကလေး နားရည်ဝ ပြောရလွယ်ကူသော စကားလုံးတွေကို ပြောဆိုလာပါမည်။ ဤသည်မှာ အသံပိုင်းဆိုင်ရာ လေ့ကျင့်ခန်း ဖြစ်ပါသည်။

တစ်ဖန် ကလေးငယ်ကို အသံလေ့ကျင့်နှိုးဆော်နေစဉ် အတွင်း နံ့သာဖြူ + ဇာသီး + ကရမက် သုံးမျိုးရောသွေး၍ နံနက်၊ ည တစ်နေ့ နှစ်ကြိမ် ကလေးငယ်၏ မေးစေ့အောက်နှင့် လည်ပင်း၊ လည်ချောင်း တစ်ပြင်လုံးကို ဆေးရည်ဖြင့် သေချာစွာ ပွတ်၍လိမ်းပေးပါ။ ၎င်းဆေးရည် လိမ်းပေးခြင်း၏ အကျိုးအာနိသင်မှာ ကလေး၏ အသံအိုးနှင့် အသံကြိုးလေးများ သွက်လက်အားရှိပြီး လှုပ်ရှားသွားလာမှု ကူညီပံ့ပိုးပေးပါသည်။

ပြီးလျှင် ကလေးငယ်၏ လျှာပေါ်တွင် ရှောက်ရည်ကို နှစ်စက် သုံးစက်ခန့် တို့ပေးပါ။ တစ်နေ့ နှစ်ကြိမ်ခန့်တို့ပေးပါ။ (ကလေးကို ရှောက်ရည်တိုက်ခိုင်းခြင်း မဟုတ်ပါ။ ရှောက်ရည်ကို လျှာပေါ်တင်၍ တို့ခိုင်းခြင်းသာဖြစ်ပါသည်။)

မိဘများ နားလည်သဘောပေါက်အောင် ဆောင်ရွက်ချက်ကို သေချာစွာ ဖတ်ပြီးမှ ပြုလုပ်ပါ။

အချဉ်ဓာတ်အမျိုးမျိုးရှိရာ ရှောက်ရည်သည် ဝါယော အာကာသဓာတ်ကို ဖြစ်ပေါ်စေသည့်အတွက် ရှောက်ရည် သုံးရခြင်း ဖြစ်သည်။





www.burmeseclassic.com

www.burmeseclassic.com

ကလေးငယ်၏ လျှာပေါ်တွင်ရှိနေသော အာရုံကြောငယ်လေးများကို ရှောက်ရည်၏ ပင်ကိုအစွမ်းသတ္တိဖြစ်သော ဝါယောအာကာသဓာတ်နှင့် နှိုးဆော်၍ အာရုံကြော ပွင့်အောင် ဖွင့်ပေးခြင်းဖြစ်ပါသည်။

ရှောက်သီး၏ ရနံ့ကိုလည်း ကလေးငယ်အနံ့ရအောင် အနံ့ပေး၍ ရှူခိုင်းပါ။ ရှောက်သီး၏ ရနံ့ဓာတ်သည်လည်း လျှာပါးစောင်၊ ခွံတွင်းတို့ရှိ အာရုံကြောလေးများကို နှိုးဆော်သောဓာတ်ရှိပြီး အနံ့ရရုံဖြင့် သွားရည်စိမ့်ထွက်လာပြီး ပါးကြော၊ နားကြောများ အကြောလှုပ်လာသည်ကို လူတိုင်းသိမြင်ခံစားနိုင်ပါသည်။

သဘာဝတရားကြီးထဲတွင် ရှိနှင့်ပြီးသော အစွမ်းသတ္တိများကို သင့်လျော်သည့်နေရာတွင် အကျိုးရှိစွာ အသုံးချတတ်ဖို့မှာ တွေးတောဆင်ခြင် ဉာဏ်ထက်မြက်ပြီး ကြည့်မြင်တတ်ဖို့သာလိုပါသည်။

(၂) စကားပြောနောက်ကျသည့် ကလေးငယ်ကို ပဒဲကောကြီးဥကို ကျောက်ပျဉ်သနပ်တွင် သွေး၍ ဆားအနည်းငယ်ထည့်ပြီး ကလေးငယ်၏ လျှာကို တစ်နေ့နှစ်ကြိမ်ပွတ်ပေးပါ။ ...ခဲ့ပေးပါ။

(၃) ကြက်ဆီဘူး(မွေးမြူရေးအသားတိုး ကြက်ဆီဘူးကို ...သုံးရပါ) အိမ်ကြက်ဆီဘူးကိုသာ သုံးပါ။ ချင်းအရည်သင့်...တော်ရုံနှင့်နယ်၍ ဆားသင့်ရုံထည့်ပြီး မီးကင်၍ ကျွေးပါ။

(၄) ငခွေးလျှာ၊ ငါးကိုလည်း ချင်းရည်သင့်ရုံနယ်၍ ဆားသင့်ရုံထည့်ကာ မီးကင်၍ ကျွေးပါ။

(၅) နန်းတွင်းလျှာပွတ်ဆေးတောင့်ကို ငရုတ်ကောင်းစေ့...သုံးစေ့ခန့်ကလေးကို နေ့စဉ် ထစ်ကြိမ် လျှာပွတ်ပေးပါ။

အထက်ဖော်ပြပါနည်းတို့မှ မိမိတို့လက်လှမ်းမီရာ...ည်းတစ်မျိုးမျိုးကို မိဘများ လုပ်ကိုင်ဆောင်ရွက်ပေးမည်...ဆိုလျှင် မိဘများ ဘဝင်အေးအောင် ရင်သွေးရတနာလေးများ...ဆား တီတီတာတာ ပြောလာကြပါမည်။

...) အကယ်၍ စကားပြောနောက်ကျသော ရင်သွေးငယ်...များ၏ မိဘများသည် မြန်မာ့ရိုးရာ "စတီ"နည်းလမ်းများ...ကို ...သက်ခံယုံကြည်ပါသည်ဆိုလျှင် ထိရောက်ထက်မြက်သော ...တီ"နည်းကောင်းလေးများကို ထပ်ပြီးတင်ပြပေးပါမည်။

...) ဆီးသားကို ယောက်မလုပ်ပြီး မိမိတို့အိမ်တွင် ထို...သားယောက်မနှင့် ထမင်း၊ ဟင်းကို ခုနစ်ရက်ပြည့်အောင် ...ပါ။ (ဓာတ်သက်ဝင်စေရန်ဖြစ်သည်။) ခုနစ်ရက်စေ့လျှင် ...သားယောက်မနှင့် စကားပြောနှေးသည့် ကလေးငယ်၏ ပါးစပ်ကို ဟခိုင်းပြီး ဆီးသားယောက်မဖြင့် ခုနစ်ချက် အသက်အောင့်ပြီး ကလေးငယ်၏ မိခင်(သို့)ဖခင်မှ "စတို့"မွှေပေးပါ။

ပြီးလျှင် ရင်းနှီးသော ဘုန်းတော်ကြီးကျောင်းသို့ မိခင်(သို့)ဖခင်က ယောက်မကိုယူသွားပြီး "စကားတောင်စား မောင်/မ........." (ကလေး၏ နာမည်ကိုထည့်)က ဆီးသားယောက်မကို စကားပေါက်ပေါက် ဖောက်ရန် လှူဒါန်းပါတယ်ဘုရား" ဟုပြောဆို၍ လှူခဲ့ပါ။

"ဒါဆို "စတီ ယတြာ"အောင်မြင်ပါပြီ။

ဆရာတော်မှ - "အေး စကားတောင်စား မောင်/မ ....... လှူဒါန်းတဲ့ ဆီးသားယောက်မနဲ့ စကား ပေါက်ပေါက်ဖောက်ပြီး ခုံတော်မောင်ကျဘန်းကို ကျွေးလိုက်မယ်ပေ့"ဟု မာန်ပါပါနှင့် ပြန်၍ စကားမိန့်ကြားပေးလိုက်ပါလျှင် အတိုင်းထက်အလွန် ပို၍ ပြည့်စုံသွားပါပြီ။

(ခ) ဆိုင်းဝိုင်း၊ ဒိုးပတ်ဝိုင်းများတွင် တီးမှုတ်သော အသုံးပြုပြီးသာနှဲ၏ အခင်(နှဲအခင်)ကို ကလေးငယ်၏ မိခင်(သို့) ဖခင်မှ "နှဲဆရာကြီး (      )နေ့ သား/သမီးကလေး စကား တီတီတာတာ ပြောဆိုစေရန် အိမ်သို့ကြွပါ"ဟု နှုတ်မှပြောဆိုပြီး တောင်းယူလာ၍ ကလေးငယ်၏ လည်ပင်းတွင် ချည်မန်းကြိုး (သို့)ပရိတ်ကြိုးဖြင့် ချည်၍ စတီဆွဲထားပေးပါ။

(-----)နေရာတွင် ကလေးငယ်၏ နေ့နံကိုထည့်၍ ပြောဆိုပါ။ ဥပမာ။ ။ တနင်္ဂနွေ/သမီး စသည့်နေ့နံအလိုက် ထည့်ပြောပါ။

အထက်ဖော်ပြပါမြန်မာ့ရိုးရာ "စတီ"နည်းလမ်းများသည် စကားပြောနှေးသည့် မိမိတို့၏ ရင်သွေးရတနာလေးများအတွက် အခက်တွေ့ပြီး စိုးရိမ်သောက ရောက်နေကြသည့် မိဘအတွက် လွယ်ကူမှန်ကန်ပြီး လက်လှမ်းတမီ လုပ်ကိုင်ဆောင်ရွက်နိုင်စေရန် မိဘချင်းစာနာသော စိတ်စေတနာရင်းဖြင့် ရေးသားဖော်ပြလိုက်ပါသည်။

ယုံကြည်ချက် ပြင်းပြစွာ လုပ်ကိုင်ဆောင်ရွက်ကြမည်ဆိုလျှင် စကားပြောနှေးသော ရင်သွေးရတနာလေးများသည် "သာလိကာက အဘ ခေါ် ရလောက်အောင်"ပင် စကားကြွယ်လာပါလိမ့်မည်။

အနာဂတ်၏ သားသမီးရတနာလေးများ ပန်းကလေးများလို ရွှင်လန်းကျန်းမာကြပါစေ။

ဦးမင်းဇင်(ရွှေနဝင်း)

❑



www.burmeseclassic.com

www.burmeseclassic.com

# အန္တရာယ်ကင်း ဂါထာတော်

**အောင်ဘုန်းမြင့်(ကချင်မြေ)**

ဘေးအန္တရာယ်မည်သည် ချမ်းသာဆင်းရဲ ရာထူးကြီးငယ်၊ အယုတ် အလတ် အမြတ်မရွေး တစ်ကြိမ်မဟုတ် တစ်ကြိမ် တွေ့ကြုံရင်ဆိုင် ဖြေရှင်းကြရတတ်သည်ချည်း ဖြစ်လေ၏။

သို့ဖြစ်၍ အကြင်သူသည် ကြီးမားသော အတိဒုက္ခ ဘေးအန္တရာယ် ရန်စွယ်အဖြစ်ဆိုးနှင့် တွေ့ကြုံနေရလျှင်၊ အတားအဆီး အခက်အခဲ အနှောင့်အယှက် အချုပ်အနှောင် တစ်မျိုးမျိုးနှင့် ရင်ဆိုင်နေရလျှင်၊ မကောင်းသော အတိတ်နိမိတ် အမှုအခင်း အပျက်အစီးများ၏ ဖိစီးမှုကြောင့် ကံမကောင်း အကြောင်းမလှဖြစ်နေလျှင် ဘေးအန္တရာယ်ကင်းဂါထာကို ရွတ်ဆိုပေးခြင်းဖြင့် ကင်းငြိမ်းချမ်းသာ ရစေနိုင်သည်။ ထို့ပြင် မတရားသဖြင့် ပြုကျင့်ခံရသော အမှုအခင်း အနှောင်အဖွဲ့ တို့မှလည်း လွတ်မြောက်စေနိုင်သည်။

## ဘေးအန္တရာယ်ကင်း ဂါထာတော်

ဇိနံ့ဝန္ဒထ ဂေါတမံ

ဇိနံ့ဝန္ဒမ ဂေါတမံ

ဝိဇ္ဇာစရဏ သမ္ပန္န

ဗုဒ္ဓံ ဝန္ဒာမိ ဂေါတမံ

အထက်ပါ ဘေးအန္တရာယ်ကင်းဂါထာကို နေ့စဉ် နံနက်အိပ်ရာထ ၉-ခေါက်၊ ညအိပ်ရာဝင် ၉-ခေါက်၊ တစ်နေ့ နှစ်ကြိမ် ယုံဖုံကြည်ကြည် ရွတ်ပွားပူဇော်ပေးခြင်းဖြင့် ခပင်းသော ဘေးရန်အန္တရာယ်များ ကင်းဝေးစေ၍ ချမ်းသာခြင်းအကျိုးကို ရရှိစေနိုင်သည်။

ကြီးမားခက်ခဲသော အတိဒုက္ခ ဘေးအန္တရာယ်မျိုးနှင့် လက်တွေ့ကြုံ တွေ့နေရပြီး နာလန်မထူ ကံမကူနိုင်ဖြစ်ပြီး ရုပ်ဆင်းရဲ၊ စိတ်ဆင်းရဲ၊ ဘဝဆင်းရဲ ဖြစ်နေပါက ဘေးအန္တရာယ်ကင်းဂါထာကို အိမ်ရှိဘုရားတွင် မိမိတို့၏ အညွန့်ပန်း ၉-ပွင့် (သို့) ၉-ညွန့် ကပ်လှူပူဇော်ထားပြီး ဖယောင်းတိုင် ၉-တိုင် ထွန်းညှိ၍ သက်စေ့ ရွတ်ပွားပူဇော်ပေးနိုင်သည်။ မိမိတို့၏ မွေးနံမှစ၍ အဓိဋ္ဌာန် ပြုပြီး ၉-ရက် ဆက်တိုက် ရွတ်ပွားပူဇော်ပေးရမည်။

အညွန့်ပန်းများမှာ တနင်္ဂနွေသားသမီးဖြစ်လျှင် တံ့ကော်၊ ခရေ ငွေပန်း။ တနင်္လာသားသမီးဖြစ်လျှင် စိန်ခြယ်၊ စံပယ် ဆီးညွန့်။ အင်္ဂါသားသမီးဖြစ်လျှင် ဝါးညွန့်၊ ရွက်လှ၊ ရွှေပန်း။ ဗုဒ္ဓဟူးသားသမီးဖြစ်လျှင် မေမြို့၊ ပိန်းပန်း၊ ပေါက်ဝန်း ကြာသပတေးသားသမီးဖြစ်လျှင် သစ္စာပန်း၊ သစ်ခွ၊ သပြေ။ သောကြာသားသမီးဖြစ်လျှင် နှင်းပန်း၊ နှင်းဆီ၊ ဒန်းညွန့် အစရှိသော ပန်းအပွင့် အညွန့်များကို နေ့နံအလိုက် ရွေးချယ်ကပ်လှူ ပူဇော်ပေးရမည်ဖြစ်သည်။

ပန်းလို စမ်းလို လမင်းလို သာယာချမ်းမြေ့ကြပါစေ။

**အောင်ဘုန်းမြင့်(ကချင်မြေ)**


❑





www.burmeseclassic.com

www.burmeseclassic.com



# မိုးမာန် (သန်လျင်)

# အနီရောင်လွှမ်းသောဂြိုဟ်

၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် မမေ့ထားသင့်သော "ပလူတိုဂြိုဟ်" အကြောင်း ရေးသားဖော်ပြပြီးဖြစ်သဖြင့် မိဿရာသီ၊ ဗြိစ္ဆာရာသီများ ပိုင်ဆိုင်သော အနီရောင်လွှမ်းသော အင်္ဂါဂြိုဟ် အကြောင်းကို ရေးသားရန် ဖန်တီးမှု ပြုလာပါသည်။

အင်္ဂါဂြိုဟ်ဟာ အနီရောင်လွှမ်းလို့ ရှေးခေတ်ရောမတွေက စစ်နတ်ဘုရား (God of war) လို့ သတ်မှတ်ခဲ့ကြပါသည်။ ရှေးနှစ်ပေါင်းများစွာက အင်္ဂါဂြိုဟ်ပေါ်မှာ အသိဉာဏ်ရှိတဲ့ သက်ရှိတွေ မှီတင်းနေထိုင်ကြတယ်လို့ ယူဆ သတ်မှတ်ထားပါသည်။

၁၉၇၆ ခုနှစ် အင်္ဂါဂြိုဟ်ပေါ်ကို အာကာသယာဉ်တွေ ရောက်ရှိ ဆင်းသက်တဲ့အခါ သက်ရှိသတ္တဝါတွေ လုံးဝ မရှိပါ။

ဘာဖြစ်လို့လဲဆိုတော့ အင်္ဂါဂြိုဟ်ရဲ့ လေထုထဲမှာ နိုက်ထရိုဂျင်၊ ကာဗွန်ဒိုင်အောက်ဆိုက်၊ အောက်ဆီဂျင်၊ အာရွန်နဲ့ ဗီသိမ်းခါတ်ငွေ့ ပါဝင်နေလို့ပါပဲ။ အထူးသဖြင့် လေထုထဲမှာ ကာဗွန်ဒိုင်အောက်ဆိုက် ခါတ်ငွေ့ သတ်မှတ်နှုန်းထက် ကျော်ရှိနေလို့ သက်ရှိသတ္တဝါများ ရှပ်တည်မှုနေနိုင်ပါ။

အင်္ဂါဂြိုဟ်ရဲ့ မျက်နှာပြင်မှာ တည်ရှိတဲ့ ရေခဲလွှမ်းမိုး ဝင်ရိုးစွန်းတွေ ကြီးမားလှတဲ့ မီးတောင်ကြီးတွေ၊ ကျဉ်းမြောင်းနက်ရှိုင်းလွန်းတဲ့ ချောက်ကမ်းပါးတွေ၊ များပြားလှတဲ့ တူးမြောင်းကြီးတွေကို နက္ခတ်ကြည့်မှန်ပြောင်းနဲ့ တွေ့မြင်နိုင်ပါတယ်။ ဒါပေမယ့် မင်လယ် သမုဒ္ဒရာတွေ မရှိပါ။

အင်္ဂါဂြိုဟ်ရဲ့ ထူးခြားချက်ကတော့ ဘယ်ညာဝန်းရံပြီး လှည့်ပတ်နေသော ဖိုးဘိုးစ်လ (Phobos) နှင့် ဒိုင်မိုစ်လ (Deimos) နှစ်စင်းရဲ့ ဆွဲငင်အားလျှပ်စစ်စီးကြောင်းတွေပါပဲ။

အင်္ဂါဂြိုဟ်ပေါ်မှာ တည်ရှိနေသော ဖွဲ့စည်းပုံနှင့် အရင်းအမြစ်များကို အဲဒီလနှစ်စင်းက ပံ့ပိုးအားဖြည့်ထားပါတယ်။ အင်္ဂါဂြိုဟ်၏ စွမ်းအင်စွမ်းအားများကို ၎င်းလနှစ်စင်းက ဖြည့်ဆွက်



www.burmeseclassic.com

www.burmeseclassic.com

ယှဉ်နှစ်များ၊ အားဖြည့် အာကာသဓာတ်များဖြင့် လွှမ်းမိုးချုပ်ကိုင်ပါသည်။

အာကာသထဲတွင် ဖြစ်ပေါ်နေသော ဓာတ်ကြီးငါးပါးထဲတွင် တေဇောဓာတ်မှာ အချုပ်ဖြစ်၏။ နက္ခတ်ပညာရပ်တွင် တေဇောဓာတ်ကို ပိုင်ဆိုင်သောဂြိုဟ်နှစ်လုံးမှာ တနင်္ဂနွေဂြိုဟ်နှင့် အင်္ဂါဂြိုဟ် ဖြစ်ပါသည်။

ဖွဲ့စည်းတည်ဆောက်ထားသည့် ရာသီစက်ကိုကြည့်လျှင် အင်္ဂါဂြိုဟ်ပိုင်မိဿရာသီကို ကြည့်ပါ။ ရှေ့တွင် သောကြာဂြိုဟ်ပိုင် ပြိဿရာသီဖြစ်ပြီး နောက်တွင် ကြာသပတေးဂြိုဟ်ပိုင် မိန်ရာသီ ဖြစ်သည်။ အင်္ဂါဂြိုဟ်ပိုင်ဖြစ်သည့် ဗြိစ္ဆာရာသီတွင်လည်း ရှေ့တွင် ကြာသပတေးဂြိုလ်ပိုင်ဖြစ်သည့် ဓနုရာသီဖြစ်ပြီးနောက်တွင် သောကြာဂြိုဟ်ပိုင်ဖြစ်သည့် တူရာသီဖြစ်သည်။

အဲဒီမှာ ထူးဆန်းသည့်အချက်က သောမဂြိုဟ်များ ရှေ့နောက်ညှပ်ထားသည့်အချက်ပါ။ ပိုပြီးထူးခြားသည့်အချက်မှာ မိဿရာသီမှ (၇)ကန့် သမသတ် ၁၈၀ ဒီဂရီအံ့သာနှင့် သောကြာဂြိုဟ်ပိုင် တူရာသီကို မြင်နေခြင်း၊ ဗြိစ္ဆာရာသီမှ သောကြာဂြိုဟ်ပိုင် ပြိဿရာသီကို (၇)ကန့် သမသတ် ၁၈၀ ဒီဂရီ အံ့သာနဲ့ အပြန်ပြန်အလှန်လှန် မြင်ထားခြင်းပါပဲ။

ကမ္ဘာ့လူဦးရေ သန်းပေါင်း ၇၀၀၀ နီးပါး တရိပ်ရိပ်တိုးပွားလာခြင်းကို အဲဒီအချက်က မီးမောင်းထိုးပြနေခြင်းပါ။ ဖို+မ လိင်ကိစ္စတွေနဲ့ လုံးဝပတ်သက်ခြင်းပါပဲ။ ဇာတာခွင်မှာ အင်္ဂါဂြိုဟ်ဟာ ယောကျ်ားတွေအတွက်ဖြစ်ပြီး၊ သောကြာဂြိုဟ်ဟာ မိန်းမတွေအတွက်ပါ။ အဲဒီဂြိုဟ်နှစ်လုံးဟာ တစ်ရာသီတည်း အံ့သာနီးနီးကပ်ကပ် ပူးနေရင် လိင်ကိစ္စများ လွန်စွာမှ ရှုပ်ထွေးပါသည်။

ယနေ့ ကမ္ဘာကြီးမှာ ရက်စက်ကြမ်းကြုတ်တဲ့ စစ်ပွဲတွေဖြစ်ပွားနေခြင်းဟာ အင်္ဂါဂြိုဟ်ရဲ့စနက်ပါ။

လေယာဉ်ပျက်ကျခြင်း၊ ယာဉ်တိုက်မှုဖြစ်ခြင်း၊ ပင်လယ်သမုဒ္ဒရာထဲတွင် သင်္ဘောနစ်မြုပ်ခြင်း၊ မီးတောင်များပေါက်ကွဲခြင်း၊ ဓာတ်ရည်ပူများ ယိုစီးကျခြင်း၊ အင်အားပြင်းထန်သော အပူလှိုင်းများ ဖြတ်သန်းခြင်း၊ အချိန်အခါမဟုတ်မိုးရွာခြင်း၊ ကမ္ဘာ့အပူချိန်များ မြင့်မားလာခြင်း၊ ကမ္ဘာအနှံ့ ဓာတုအဆိပ်သင့်ခြင်း၊ ဘာသာရေးကို အကြောင်းပြုပြီး လူမဆန်သောစစ်ပွဲကြီးများ ဖန်တီးဖြစ်ပေါ်လာခြင်း၊ အစွန်းရောက်အတွက်ကို အခြေခံ၍ မေတ္တာတရားခေါင်းပါးလာခြင်း၊ ကမ္ဘာအနှံ့ဖြစ်ပွားနေသည့် သက်ငယ် မုဒိမ်းမှုများ၊ ယနေ့ကမ္ဘာကြီးတစ်ခုလုံးမှာ ရေပန်းစားနေသည့် အင်တာနက်လူမှုကွန်ရက်ထဲမှာ အဖော်အချွတ် Sexy Model များ နေ့ချင်း ညချင်း နာမည်ကြီးလာခြင်း၊ တည်းခိုခန်းများ၊ ဟိုတယ်၊ မိုတယ်များ လွန်စွာများပြားလာခြင်းနှင့် လိင်ကိစ္စနှင့်ပတ်သက်လာလျှင် အရှက်တရား၊ အကြောက်တရားများ ကင်းမဲ့လာခြင်း၊ လျှာနှာကိုယ်ရှိ အရေးကြီးသည့် အစိတ်အပိုင်းများကို အသက်အရွယ်အလိုက် လိုးထုတ်ဖြတ်တောက် ရောင်းစားခြင်း၊ မည်သူကိုမျှ ဂရုမစိုက်ဘဲ တစ်ယူသန်၊ တဇွတ်ထိုး၊ တဇောက်ကန်း ပြုမူဆောင်ရွက်ခြင်း၊ အငြိုးအတေး လွန်စွာကြီးမားပြီး လက်စားချေခြင်းများ ဖြစ်ပါသည်။

သို့သော်လည်းပဲ အင်္ဂါဂြိုဟ်၏ အားမာန်မပါဘဲ စကြဝဠာကြီး ဖွဲ့စည်းတည်ဆောက်လို့မရပါ။

နေစကြဝဠာလို့ ခေါ်သော (Solar System) နေအဖွဲ့အစည်းကို ကြည့်ပါ။ နေကိုဗဟိုထားပြီး ဂြိုဟ်တွေ၊ နက္ခတာရာတွေ၊ နဂါးငွေ့တန်းကြယ်စုတွေ၊ ကြယ်တံခွန်တွေ၊ ဥက္ကာပျံတွေ၊ ဥက္ကာပဲ့တွေ၊ ဥက္ကာခဲတွေဟာ ဘီလျံပေါင်းများစွာနဲ့ လှည့်ပတ်ပြီး လှုပ်ရှားနေတာပါ။ သူ့လမ်းကြောင်းအတိုင်း ရွေ့လျားပြီး လှည့်ပတ်နေတာပါ။

အဲဒီမှာ ဆွဲငင်အားတွေ၊ တွန်းကန်အားတွေ၊ လျှပ်စစ် သံလိုက်စီးကြောင်းတွေ ဖြစ်ပေါ်လာခဲ့ပြီး ဓာတ်ဖွဲ့စည်းတည်ဆောက်မှု အဆင့်ဆင့်ဖြစ်ပေါ်လာပါသည်။ နေစကြဝဠာ အဖွဲ့အစည်းတစ်ခုလုံးမှာရှိတဲ့ အရာခပ်သိမ်းအားလုံးမှာ ရောင်ခြည်ကွင်း ချိတ်ဆက်ကွန်ရက် လျှပ်စစ်သံလိုက်စီးကြောင်းအများအပြား ဖြစ်ပေါ်နေတာပါ။ အဲဒီအထဲမှာ တေဇောဓာတ်ဖုံးလွှမ်းသည့် အင်္ဂါဂြိုဟ်၏ဆွဲငင်အားများက ကြီးမားကျယ်ပြန့်လွန်းလှပါသည်။

သို့ဖြစ်ခြင်းကြောင့် ကမ္ဘာကျော်စစ်ဗိုလ်ချုပ်ကြီးများ၊ ထိတ်ထိတ်ကြနိုင်ငံရေးသမားများ၊ ကမ္ဘာကျော် အားကစားသမားများ၊ စက်မှုလုပ်ငန်းရှင်ကြီးများ၊ ဓာတုဗေဒပညာရှင်များ၊ ရူပဗေဒပညာရှင်များ၊ ဆေးဘက်ဆိုင်ရာ ပညာရှင်ကြီးများ၊ စိတ်တန်ခိုးရှင်ကြီးများ၊ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ကြီးများမှာ အင်္ဂါဂြိုဟ်၏ အားမာန်များ၊ စွမ်းအင် စွမ်းအားများ အခိုင်အမာ ပါရှိပါသည်။ အင်အားကြီးမားသော လုံ့လဝီရိယ စိုက်ထုတ်ပြီး အပြီးအစီးဆောင်ရွက်ခြင်း ဖြစ်ပါသည်။

ပါပဂြိုဟ်များကို ဥစ်အိမ်အဖြစ် သတ်မှတ်ပေးထားသည့် ရာသီအိမ်များနှင့် နက္ခတ်တာရာများကို ပြန်ကြည့်ပါ။





www.burmeseclassic.com

ww.burmeseclassic.com

| | | | |
|---|---|---|---|
| * တနင်္ဂနွေ မိဿရာသီ ၁° အံသာမှ ၁၀° အံသာထိ | | အဿဝဏီနက္ခတ် | |
| | (ကျီးတာရာ) | ပထမပါဒ် | |
| | | ဒုတိယပါဒ် | |
| | | တတိယပါဒ် | |
| * အင်္ဂါဂြိုဟ် မကာရရာသီ ၁° အံသာမှ ၂၈ အံသာထိ | | ဥတ္တရာသဠ်နက္ခတ် | |
| | | (ဆင်တာရာ) | |
| | (မြင်းတာရာ) | သရဝဏ်နက္ခတ် | |
| | | ဓနသိဋ္ဌိနက္ခတ် | |
| | | ပထမပါဒ် | |
| * စနေဂြိုဟ် တူရာသီ ၁°အံသာမှ ၂၀° အံသာထိ | (ဆံကျစ်တာရာ) | စိတြနက္ခတ် | |
| | | တတိယပါဒ် | |
| | | စတုတ္ထပါဒ် | |
| | | သွာတိနက္ခတ် | |
| * ရာဟုဂြိုဟ် ဗြိစ္ဆာရာသီ ၁° အံသာမှ ၂၀° အံသာထိ | (တံငါတာရာ) | ဝိသာခါနက္ခတ် | |
| | | စတုတ္ထပါဒ် | |
| | | အနုရာဓနက္ခတ် | |
| | | ဇေဋ္ဌနက္ခတ် | |
| | | ပထမပါဒ် | |

အမျိုးသမီးများ ဇာတာခွင်တွင် အင်္ဂါဂြိုဟ် အရပ်အတည်မကောင်းလျှင် အိမ်ထောင်ရေး ကံမကောင်းပါ။ အိမ်ထောင်သက်များခြင်း၊ လင်အကျိုးမခံစားရခြင်း၊ အိမ်ထောင်ဖက်ကြောင့် ဥစ္စာပစ္စည်းများ ကုန်ခန်းသွားခြင်းနှင့် လူလည်း သေကျေပျက်စီးခြင်းများ ဖြစ်ပွားတတ်ပါသည်။

ရာသီစက်တွင် အင်္ဂါဂြိုဟ်အရပ်အတည် အပူးအယှဉ် အမြင်လွန်စွာအားကောင်းသော်လည်း နဝင်းစက်တွင် အရပ်အထည် အပူးအယှဉ် ညံ့လျှင် တတိယအရွယ်တွင် ဒုက္ခမျိုးစုံပေးတော့သည်။ အသက်အရွယ် ကြီးရင့်လာမှ အရှက်တကွဲ အကျိုးနည်းဖြစ်ပြီး၊ လိင်ကိစ္စရပ်များ ဖြေရှင်းရပြီး၊ နှစ်ပေါင်းများစွာတည်ဆောက်လာခဲ့သော အိမ်ထောင်စုကြီး ပြိုကွဲသွားတာ ဒုနဲ့ဒေးပါ။

နေမင်းကြီးကိုဗဟိုပြု၍ သွားလမ်းကြောင်းအတိုင်း ရွေ့လျားလှည့်ပတ်နေသော ကြာသပတေးဂြိုဟ်ကြီးသည် အင်္ဂါဂြိုဟ်၏ တစ်လုံးတည်းသော မိတ်ဖက်ဂြိုဟ်ကြီးတစ်လုံးလည်းဖြစ်ပါသည်။

အင်္ဂါဂြိုဟ် တစ်လုံးတည်းသာ နေသင်္ဂြိုဟ်ကရန်အိမ်ဖြစ်ပြီး၊ ကျန်ပါပဂြိုဟ်များမှာ နေသဂ္ဂမိတ်အိမ်များဖြစ်သည်ကို အထူးသတိထားစရာ ဖြစ်လာပါသည်။

ဆိုလိုသည်မှာ တိုင်းပြည်အုပ်ချုပ် "မင်း"လုပ်သည့် အကြီးအကဲ၏ ဇာတာခွင်တွင် အင်္ဂါဂြိုဟ်သည် မကာရရာသီရှိ ဥတ္တရာသဠ်နက္ခတ်၊ ဆင်တာရာအား စီးနင်း ထွင်းပေါက်ထားသည် ဆိုပါစို့။

၎င်းအင်္ဂါဂြိုဟ်သည် စနေဂြိုဟ်၊ ဗလူတိုဂြိုဟ်၊ ယူရေးနပ်ဂြိုဟ်၊ နက်ပ်တျွန်းဂြိုဟ်များနှင့် ဆက်သွယ်ထားလျှင် (သို့တည်းမဟုတ်) ၎င်းဂြိုဟ်ထဲမှတစ်လုံးလုံးနှင့် တစ်ရာသီတည်း အတူပူးနေလျှင် စိတ်နေစိတ်ထား ခက်ထန်ကြမ်းတမ်း ယုတ်မာနိမ့်ကျ၏။ လဂ်စန်းနှင့် နေလနှစ်ပါးပါ၊ ရာဟု + ကိတ်ဝင်ရိုးတန်းထဲ ရောက်ရှိပြီး အမှောင် ဖုံးလွှမ်းနေလျှင် ပိုပြီးဆိုးပါသည်။

ထိုသူတို့တွင် မေတ္တာတရား၊ သစ္စာတရား မရှိ တကယ်ပင် တစ်ကိုယ်ကောင်းဆန်၏။ လူတွေ၏ အသက်ကိုလည်း တန်ဖိုးမထား။ တန်ခိုးအာဏာ ပိုပြီးကြီးထွားလေလေ ပိုပြီးရက်စက်ကြမ်းကြုတ်မှုပြု၏။ ကမ္ဘာကျော် မင်းဆိုးမင်းညစ် ဇာတာများတွင် အများဆုံးတွေ့ရ၏။

တိုင်းပြည် မငြိမ်မသက်မှုများ၊ စီတန်းလှည့်လည်ဆန္ဒပြမှုများ၊ နိုင်ငံတော် ပုန်ကန်မှုများ၊ ဖုံးပေါက်ကွဲပြီး လူအစုလိုက်၊ အပြုံလိုက် သေဆုံးပြီး သွေးချောင်းစီးသောဖြစ်ရပ်များ၊ ခိုက်ရန်ဒေါသနှင့် မှုခင်းကိစ္စ၊ ပဋိပက္ခကိစ္စရပ်များ၊ မင်းဘေးသင့်ခြင်းနှင့် လုပ်ကြံခံရခြင်းများစွာတို့ ဖြစ်ပါသည်။

Solar System စနစ်တွင် ကမ္ဘာနှင့် ကြာသပတေးဂြိုဟ်အကြား ဖွဲ့စည်းရပ်တည်ရွေ့လျား လှည့်ပတ်နေသော အင်္ဂါမှာ သာမန်ဂြိုဟ်တွေထက် ပိုပြီးထူးတဲ၏။ အင်္ဂါဂြိုဟ်နဲ့ ကြာသပတေးဂြိုဟ်ကြားမှာ သိန်းပေါင်းများစွာသော ဥက္ကာပျံတွေ၊ ဥက္ကာခဲတွေ၊ ဂြိုဟ်ပဲ့တွေဟာ လျှပ်စစ်၏ သံလိုက်စက်ကွင်း ရောင်ခြည်ကွန်ရက် လမ်းကြောင်းများ ဖြစ်ပေါ်လာပြီး ခါးပတ်တစ်ခုသဖွယ် တည်ရှိနေပါသည်။

၎င်းခါးပတ်ထဲမှ လျှပ်စစ်သံလိုက်စက်ကွင်း ရောင်ခြည်ကွန်ရက် လမ်းကြောင်းများထဲမှ တေဇောဓာတ်



www.burmeseclassic.com

www.burmeseclassic.com

များစွာကို ထုတ်လွှင့်ပေးလျက်ရှိသည်။ ကမ္ဘာ့ရာသီဥတု မညီမျှကို ဖန်တီးပေး၏။ နေမင်းနှင့်အကွာအဝေး၊ နေစွမ်းအင် ရောင်ခြည်စက်ကွင်းများပေါ်မူတည်၍ ဝင်ရိုးစွန်းအလိုက် အေးခဲမှု၊ ပူပြင်းခြောက်သွေ့မှုများကို ဖြစ်ပေါ်စေပါသည်။

ရာသီစက်ထဲတွင် အင်္ဂါဂြိုဟ် မိဿရာသီထဲဝင်လျှင် ပူပြင်းခြောက်သွေ့၏။ အထူးသဖြင့် တနင်္ဂနွေဂြိုဟ်နှင့် နီးကပ်လျှင် ပိုပြီးပူပြင်း၏။

ရာဟုဂြိုဟ်ပေါ် အင်္ဂါဂြိုဟ်ဖြတ်သန်းကာလများသည် လေမုန်တိုင်းများ ဖြစ်ပေါ်စေပြီး ကမ္ဘာ့စစ်ဘက်ရေးရာများ ကြီးထွား၏။ အထူးသဖြင့် လူသားများ သည်းခံစိတ်များ ကုန်ခန်းသွားပြီး ဒေါသများ မြင့်တက်ကာ အမှုအခင်းများ တရိပ်ရိပ် တိုးပွားလာခြင်းပင်ဖြစ်၏။

ရေဓာတ်လွှမ်းမိုးသည့် ဗြိစ္ဆာရာသီတွင် လေမုန်တိုင်းဓာတ်လွှမ်းသည့် ကြောဇာစနေဂြိုဟ်ကြီး ရပ်တည်နေစဉ်အတွင်း အင်္ဂါဂြိုဟ်ဖြတ်သန်းကာလများကို ပြန်ကြည့်လျှင် Longitude ဒီဂရီ ကွာဝေးလျှင် လွန်စွာပူပြင်းခြောက်သွေ့ပြီး အပူလှိုင်းများ ဖြတ်သန်းစီးဝင်၏။

တစ်ရာသီတွင်း ဒီဂရီအံ့သာ ပိုပြီး နီးကပ်လာလေ လေပြင်းများ တိုက်ခတ်လာပြီး မိုးသက်မုန်တိုင်းများ ဆင်လာ၏။ သမုဒ္ဒရာဒီရေများ မြင့်တက်လာ၏။ ကြီးမားလှသောလှိုင်းလုံးကြီးများ ပင်လယ်သမုဒ္ဒရာကြမ်းပြင်တွင် မင်းမူကြီးစိုး၏။ ၎င်းဂြိုဟ်နှစ်လုံး တစ်ထပ်တည်းကျ၍ နက္ခတ်တစ်လုံးကို ဖြိုင်တူ စီးနင်းလျှင် ကမ္ဘာတစ်ဝန်း ရေကြီး ရေလျှံမှုများ ဖြစ်ပေါ်စေလေသည်။

၎င်းအချိန်တွင် တနင်္ဂနွေဂြိုဟ်သည် ပြိဿရာသီ ရောက်၍ ၇ တန့်သမသတ်အမြင်နှင့် ပြန်မြင်ထားလျှင် ရေဘေးကြောင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာများ ပျက်စီးဆုံးရှုံးခြင်းနှင့်ကြုံရသည်။ ကြီးစွာသော မြေလျှောင်ကြီးများလည်း လှုပ်ခတ်သည်။

သို့ဖြစ်ခြင်းကြောင့် အနီရောင်လွှမ်းသော အင်္ဂါဂြိုဟ်ကို မျက်ခြည်မပြတ်စောင့်ကြည့်သင့်သည်။မိမိဇာတာခွင်ထဲရှိ အင်္ဂါဂြိုဟ်ပေါ်သို့ ကောဇာပါပဂြိုဟ်ကြီးများ ဖြတ်သန်းစီးနင်းသည့်ကာလများတွင် အသွားအလာ၊ အပြောအဆို၊ အနေအထိုင်ဆင်ခြင်ပါ။ တစ်ခုမဟုတ် တစ်ခုခု ဒုက္ခများပေးရန် အဆင်သင့် ဖြစ်နေတတ်သည်။

ဥပမာ- မူလ ဇာတာခွင်တွင် အင်္ဂါဂြိုဟ်သည် ရန်အိမ်ဖြစ်သည့် ကုမ်ရာသီရှိ သတ္တဘိသျှနက္ခတ်၊ မြင်းတာရာအား စီးနင်းထားသည်ဆိုပါစို့။ ကောဇာ အင်္ဂါဂြိုဟ်ကလည်း ၎င်းရာသီအိမ်ရှိ နက္ခတ်ကို စီးနင်းမယ်။ သိဟ်ရာသီရှိ ရာဟုဂြိုဟ်ကလည်း ၇ တန့် သမသတ်မြင်ထားမယ်ဆိုရင် အဲဒီ အကုသိုလ်က လွန်စွာမှ ကြီးမားလွန်းလှပါသည်။

အစီးအနင်း လွတ်သွားတောင် ကောဇာရာဟုဂြိုဟ်ရဲ့ အမြင် မလွတ်ကင်းပါ။ ဒီကြားထဲ ယူရေးနပ်၊ ပလူတို၊ နက်ပ်ကျွန်းဂြိုဟ်တစ်လုံးလုံးနဲ့ ဆက်သွယ်ရင် ပိုလို့တောင် ဆိုးပါသည်။

ယခုလက်ရှိ ကုမ်ရာသီမှာ ကိတ်ဂြိုဟ်၊ နက်ပ်ကျွန်းဂြိုဟ် နှစ်လုံး တည်ရှိ၏။ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်မှ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၀ ရက်အထိ ကောဇာ အင်္ဂါဂြိုဟ် ကုမ်ရာသီအပေါ် ဖြတ်သန်းစီးနင်းချိန်များသည် လွန်စွာကြောက်စရာကောင်းသော ဘေးဆိုးကြီးများကို ရင်ဆိုင်ကြုံတွေ့ရ၏။ အထူးသဖြင့် လက်ပေါ်မူတည်ပြီး အင်္ဂါဂြိုဟ်သည် မာရကဂြိုဟ်တစ်လုံး ဖြစ်လာသောအခါ ပိုပြီး ရက်စက်ကြမ်းကြုတ်လေသည်။

ရန်အိမ်မှာလည်း ရပ်တည်ပြီး ရန်ဂြိုဟ်နဲ့လည်း ပူးယှဉ်ခြင်း သို့မဟုတ် မြင်ပြီး ဆက်သွယ်ထားရင် ဘာသာရေးများများလုပ်၊ စိတ်ရှည်သည်းခံပြီး ဘေးအပေါင်းရန်အပေါင်းမှ လွတ်ရန် နည်းမျိုးစုံဖြင့် ရှာကြံရပေတော့မည်။ စားဒ္ဒသာပါ ညှံ့လျှင် အမျိုးသားဆိုလျှင် ပဠင်းဘောင်တက်၊ အမျိုးသမီးဆိုရင် သီလရှင်သာ ပြေးဝတ်ပေတော့။ တချို့ဆိုလျှင် ငယ်ငယ်ရွယ်ရွယ်နှင့် ကြမ္မာဆိုးဖြင့် သေသွားကြ၏။

ယနေ့ ကမ္ဘာကြီးတစ်ခုလုံးမှာ စိန်ခေါ်မှုအမျိုးမျိုးနှင့် ရင်ဆိုင်နေကြရလေသည်။ ပွင့်လင်းမြင်သာမှုစနစ်များ ပိုပြီးပြင်းထန်လာ၏။ ကမ္ဘာ့နိုင်ငံ အသီးသီးရှိ နိုင်ငံရေးအပြောင်းအလဲများသည် ကြီးမားလွန်းလှပြီး ကျယ်ပြန့်နက်ရှိုင်း၏။ တွေးထင်ထားသည်ထက် စဉ်းစားစရာများ ပိုပြီးဖြစ်လာ၏။

ဒီမိုကရေစီစံနှုန်းများကို တရား မမှုအမြင်နှင့် ဆုံးဖြတ်လို့မရ။ဒီမိုကရေစီ စံနှုန်းများကို နိုင်ငံရေးအမြင်ဖြင့်သာ ဆုံးဖြတ်လို့ရကြောင်းကို အမေရိကန် သမ္မတ ရွေးကောက်ပွဲများက မီးမောင်းထိုးပြခဲ့သည်။

အနီရောင်လွှမ်းသော အင် ဂြိုဟ်နှင့် နိုင်ငံရေးဂြိုဟ်တစ်လုံး သည့် ပလူတိုဂြိုဟ်၏ ချိတ်ဆ ကွန်ရက်များက ဒေါ်နယ်ထရမ့် အမေရိကန်သမ္မတ ဖြစ်လာအောင် အားဖြည့်ပေးထား၏။ ၎င်း များကို အင်တာနက်တွင်ကြည့်နိုင်

www.burmeseclassic.com

၁၉၄၆ ခုနှစ် ဇွန်လ ၁၄ ရက် သော့ကြာနေ့တွင် မွေးဖွား၏။

လောကတွင် မည်သူ တစ်ဦး တစ်ယောက်မှ တစ်သက်တာလုံး ကံမကောင်းနိုင်ပါ။ သို့ဖြစ်၍ နက္ခတ်ပညာရပ်တွင် ရာသီ (၁၂)ခွင်နှင့် ဘဝ (၁၂) ပါးကို အံဝင်ခွင်ကျဖွဲ့စည်းတည်ဆောက်ပေးထား၏။ ဘဝဘဝအဟောင်းများမှ ပြုလုပ်ခဲ့သော ကုသိုလ်၊ အကုသိုလ်ကို ခွဲခြမ်းစိတ်ဖြာပြီး ‘က’ကို ခြေရာခံခြင်းဖြစ်ပါသည်။

ကောင်းကင်ဂြိုဟ်သွား စနစ်များက လောကကြီးသုံးပါးကို မင်းမူကြီးစိုး၏။ ကောင်းကင်ဂြိုဟ်သွား နက္ခတာရာများသည် အရာခပ်သိမ်း အားလုံးနှင့် ပတ်သက်ဆက်နွယ်၏။

ယနေ့ အင်တာနက်ခေတ်တွင်လည်း ဖွံ့ဖြိုးတိုးတက်သောနိုင်ငံကြီးများသည် (Satelite) ဂြိုဟ်တုများ လွှတ်ကင်း၍ အာကာသစိုးမိုးမှုပြုလုပ်လာကြသည်။ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ မဟာဗျူဟာနှင့် နည်းဗျူဟာများသည် အာကာသကို စိုးမိုးပြီး လက်ဦးမှုရယူခြင်းပင်။ နျူကလီးယားစစ်ပွဲများကြောင့် မီးဟုန်းဟုန်းတောက်ပြီး ကမ္ဘာကြီး ပျက်စီးလျှင် အသက်ရှင်သန်နိုင်ရေးအတွက် နေထိုင်ရာခင်း အသစ်များ အာကာသထဲတွင် ရှာဖွေနေကြပြီဖြစ်သည်။ နျူကလီးယားစစ်ပွဲ ဖြစ်ပွားသည်နှင့် ဓာတုအဆိပ် ဓာတ်ငွေ့များ လေထုထဲတွင် ပျံ့နှံ့သွားသဖြင့် မည်သူတစ်ဦးတစ်ယောက်မျှ လွတ်ကင်းမည်မဟုတ်ပါ။

ကမ္ဘာကြီး၏ အရန်ဂြိုဟ်ဖြစ်သည့် လကမ္ဘာပေါ်တွင်တောင် လူသားများ နေနိုင်ရန် ကြိုတင်စီမံဆောင်ရွက်ထားလေပြီ။ ယခုအခါ လွန်စွာမှ အန္တရာယ်များသည်ဆိုသော အင်္ဂါဂြိုဟ်ပေါ်တွင် နေထိုင်နိုင်ရေးအတွက် လေ့ကျင့်မှုများကို အမေရိကန်အာကာသအေဂျင်စီ နာဆာမှ ဟာဝိုင်အီဒဲ့ စတင်လေ့ကျင့် စမ်းသပ်နေပြီဖြစ်သည်။

မည်သို့ဆိုစေ တစ်ရာသီတွင် (၄၅)ရက်ခန့်သာ ရပ်တည်သွားလာလေ့ရှိသော်လည်း ဗျဿစာသဘောဖြင့် ဖောက်ပြန်သောအခါ ခြောက်လမှ ခုနစ်လအထိ ကြာတတ်သဖြင့် အနီရောင်လွှမ်းသောအင်္ဂါဂြိုဟ်ကို မျက်ခြည်ပြတ်မခံဘဲ အသေအချာ စောင့်ကြည့်ရတော့မည် ဖြစ်ပါသည်။

**မင်းဟန်(သန်လျင်)**

❑


# ဆရာမ ဒေါ်နှင်းသူဇာဦး

## လက္ခဏာဗေဒင် + ယတြာအစီအရင် (အမျိုးသမီး သီးသန့်)

- အမြဲဂရုတစိုက် ကြင်နာအလေးထားခဲ့သူက ခုတော့ မိမိအပေါ် ပြောင်းလဲနေပြီလား။
- ချစ်သူသက်တမ်း၊ အိမ်ထောင်သက်တမ်း ကြာလာလို့ ငြီးငွေ့ခြင်းခံစားနေရလား။
- မိမိမဟုတ်တဲ့ အခြားအသစ်တစ်ယောက်အပေါ် စိတ်ရောက်ပြီး ခြေလှမ်းပျက်နေလား။
- မိမိအပေါ် အလေးထား ချစ်ခင်ကြင်နာမှုများ ပြန်ဖြစ်လာပြီး နှစ်ဦးအဆင်ပြေစေဖို့။
- မိမိမဟုတ်သော အခြားတစ်ယောက်အပေါ် ပြောင်းလဲသဘောကျခြင်း ကင်းစေဖို့။
- မည်သူ့ကိုမှ မထိခိုက်စေဘဲ မေတ္တာနည်းလမ်းများဖြင့်သာ မိမိချစ်သူအပေါ် မိမိအိမ်ထောင်ဖက်အပေါ် မိမိဘက်ပါအောင် စွမ်းနိုင်စေဖို့။

စသည့် မိန်းမသားများအတွက် သောကဖြစ်နေသော အခက်အခဲများ ဖြေရှင်းနိုင်ဖို့။

[နယ်မြို့များမှ ဖုန်းဖြင့် ဆက်သွယ်နိုင်ပါသည်။]

တိုက် (၄၀)၊ အခန်း (A-2)၊ ပထမထပ်၊ မဟာမြိုင်အိမ်ရာထိပ်၊ ဦးဝိစာရလမ်း၊ (၄၁) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။

၀၉-၅၀၉၃၇၉၁၊ ၀၉-၇၃၁၄၇၀၂၄၊ ၀၉-၂၅၀၇၇၃၆၃၆၊ ၀၉-၇၃၀၀၅၉၂၄





www.burmeseclassic.com

www.burmeseclassic.com

# အကြံအစည် အောင်မြင်စေရန် ကြိုတင်တော်မကြဘာ ကာမ်ရှူပြ


အောင်ကြည်သန်း
(ဟောင်တော်သိ)



သည်နှစ် ၂၀၁၇ခု၊ နွေကာလတွင် *အပူချိန်မြင့်မားသည်။ အပူဒဏ်ကို အလူးအလဲခံခဲ့ရသည်။ မုတ်သုံလေအားကောင်းပြီး မိုးဦးစောသဖြင့် ပူအိုက်သည့်ဒဏ်က အမြန်သက်သာလာရပြန်သည်။ ဒီနေ့လည်း မိုးတွေမှောင်မည်းပြီး တစိမ့်စိမ့်ရွာနေပြန်သည်။ ဘဝသမားမို့ မိုးတိတ်အောင် မစောင့်နိုင်ဘဲ မိုးတွေတဖြောက်ဖြောက်ရွာနေဆဲမှာပဲ ထီးကလေးကို ဆောင်း၊ ထမင်းချိုင့်လေးကို လက်တစ်ဖက်ကဆွဲကာ ကျွန်တော်၏ ဗေဒင်ဟောခန်းရှိရာရန်ကုန်၊ ရန်ကင်းရှိ မိုးကောင်းဆုတောင်းပြည့်စေတီတော်ကြီးဆီသို့ လျှောက်လှမ်း
လာခဲ့သည်။

အသက်က ခုနစ်ဆယ်ထဲရောက်နေပြီမို့ ငယ်ငယ်
ကလို မြန်မြန်မလျှောက်နိုင်တော့ပါ။ စိတ်သွားတိုင်း ကိုယ်
လို့ တဖြည်းဖြည်း တရွေ့ရွေ့ရယ်သာ၊ ရွှေရောင်ဝင်းနေသ
အရှေ့မြောက်ဘက်မုခ်ကျော်လွန်ပြီး ပိတောက်ပင်တန်း
တလေးရောက်မှပင် စိတ်တွေလန်းဆန်းလာသည်။ ဗေ
ဟောခန်းရောက်တော့ ဘဝအမောတွေ ပြေရပြန်သ
သည်နေရာသည်ပင် အလုပ်လုပ်ရာနေရာ၊ တရားဘ
ပွားများရာနေရာ၊ ကျွန်တော့်အတွက် ငြိမ်းအေးသည့်
တမ္ဘာလေးပင်။

www.burmeseclassic.com




ဗေဒင်ဟောခန်းရှိ ဘုရားတွင် ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီး နံ့သာတွေ ကပ်လှူပူဇော်သည်။ ပဋ္ဌာန်း၊ ပရိတ်ရွတ်ဖတ်ပူဇော်၊ ပုတီးစိပ်ပြီးနောက် မြန်မာ့အလင်းသတင်းစာဖတ်နေစဉ်မှာပဲ -

"ဆရာ၊ ဗေဒင်မေးလို့ရမလား" ဆိုသည့် အသံကြားသဖြင့် အခန်းဝသို့ လှမ်းကြည့်ရင်း "ရပါတယ် လာထိုင်ပါ" ဟု ဖိတ်ခေါ်လိုက်ရသည်။

အမျိုးသားတစ်ဦး ကိုယ်ခန္ဓာတောင့်တောင့်တင်းတင်း ရှိသည်။ မျက်နှာဝိုင်း၊ မျက်စိက အရောင်တောက်ပနေဆဲပင်။ အသားက ခပ်ညိုညို၊ ရှပ်အင်္ကျီအဖြူ လက်တို၊ ပုဆိုးအနီကွက်ကို ဝတ်ဆင်ထားသည်။ အသက် ခြောက်ဆယ်ကျော်ခန့် ရှိမည်။ ကျွန်တော့်ထံတွင် ဗေဒင်လာမမေးဖူးသူ၊ ဧည့်သည် အသစ် ဖြစ်လေသည်။

"ဒီကညီ နာမည်လေးပြောပြပါဦး"

"ဦးအောင်မြတ်ပါ"

မွေးသက္ကရာဇ်၊ မွေးချိန်၊ မွေးမြို့တွေ ထပ်မေးပြီး ကွန်ပျူတာ ဇာတာထုတ်လိုက်သည်။ ဇာတာကို ကြည့်ကာ စီးပွားရေး၊ အိမ်ထောင်ရေး၊ ကျန်းမာရေး၊ လူမှုရေး စသည့် သိလိုသည်များကို အသေးစိတ်ဟောပေးလိုက်သည်။

ပြောဟောအပြီးတွင် ဦးအောင်မြတ်က အခန်းခေါင်းရင်းဘက်နံရံတွင် ချိတ်ဆွဲထားသည့် အောင်ကြည်သန်း (ဖောင်တော်သီ) ဆိုင်းဘုတ်လေးကို ကြည့်ပြီး "ဆရာက ဖောင်တော်သီဇာတိလား" ဟုမေးလေသည်။

"ဟုတ်ပါတယ် ဖောင်တော်သီသားပါ"

"ဆရာက စာရေးဆရာလည်း လုပ်တာပဲလား"

"စာရေးတာက ဝါသနာအရပေါ့ဗျာ၊ မြန်မာနိုင်ငံ စာရေးဆရာအသင်းရဲ့ အသင်းဝင် အသင်းသားပါပဲ"

"ကျွန်တော် ဆရာတို့ရွာဘက်ကို ရောက်ဖူးတယ်၊ ဖောင်တော်သီ ပေါက်တပင်မှာတောင် တစ်ညအိပ်ခဲ့ဖူးသေးတယ်၊ ကျွန်တော် တပ်ထဲမှာတုန်းက ဒိုက်ဦး၊ ဘိုင်းနားတံတားမှာလည်း တာဝန်ကျခဲ့ဖူးသေးတယ်၊ ပဲခူးရိုးမထဲက ကွန်မြူနစ်တွေကို ဖြတ်လေးဖြတ်စနစ်နဲ့ အပြတ်တိုက်ခိုက်ချေမှုန်းခဲ့တုန်းက ကျွန်တော်ပါတာပေါ့၊ ကျွန်တော်က ရန်ကုန်သားပါ၊ နဖူးစာရွာလည်ဆိုသလိုပါပဲ။

ဆရာတို့ ဒိုက်ဦးမြို့ နယ်ထဲက ဖောင်ဝဲရွာသူနဲ့ အိမ်ထောင်ကျခဲ့တယ်၊ သားသမီး လေးယောက်ရခဲ့တယ်၊ တစ်ယောက်ဆုံးသွားတယ်၊ အခုတော့ ဇနီးလည်း ဆုံးပါးသွားခဲ့ပြီးပါပြီ၊ သမီးနဲ့ပဲ နေနေတယ်၊ ကျွန်တော် ပင်စင်ယူပြီးကတည်းက မယ်မယ်ရရ အတည်တကျ အလုပ်ထဲမလုပ်ဖြစ်ခဲ့ဘူး၊ အခုတော့ လုပ်ငန်းအသစ်တစ်ခု လုပ်ဖို့ စိတ်ကူးထားတယ်။

နောက်ပြီး အလှူချင်ဆုံး အကြံအစည်တစ်ခု ရှိတယ်၊ အဲဒါက ဘုရားတစ်ဆူမှာ ခေါင်းလောင်းကြီးတစ်လုံး လှူချင်တာပါပဲ၊ လှူချင်တဲ့ ခေါင်းလောင်းအရွယ် ကုန်ကျစရိတ် မေးကြည့်တော့ သိန်းတစ်ရာ ဝန်းကျင်မှာ ရှိနေတယ်၊ လက်ထဲမှာက အဲ့ဒီလောက်ငွေ မရှိသေးဘူး၊ ဒီတော့ကာ ဆရာရယ် ကျွန်တော့်အကြံအစည်တွေ အောင်မြင်အောင် ယတြာကောင်းကောင်းလေးများရှိရင် ကူညီပါဦးဆရာ"

ဦးအောင်မြတ် ပြောပြသည့်စကားများကို ဂရုတစိုက် နားထောင်ပေးပြီးနောက်-



www.burmeseclassic.com

www.burmeseclassic.com

"ကူညီရမှာပေါ့ဗျာ၊ နဖူးစာရွာလည်ပြီး ကျွန်တော်တို့ နယ်သူနဲ့ ရခဲ့တာပဲ၊ ပဋ္ဌာန်းဆက်ရှိလို့ ရောက်လာမှာတော့ ကူညီရမှာက ကျွန်တော့်တာဝန်ပေါ့ဗျာ၊ အကြံအစည်တွေ အောင်မြင်အောင် ဘိုးတော်အောင်မင်းခေါင်ရှိစဉ်ကလည်း ကြံနဲ့ ဓာတ်ဆင်တာတွေ လုပ်ခဲ့တယ်ဗျ"

"ဘယ်လို ဓာတ်ဆင်ခဲ့တာလဲဗျာ၊ ကျွန်တော့်လည်း ပြောပြပါဦး"

"စိတ်မလောပါနဲ့ဗျာ သေချာ ပြောပြပေးလိုက်မှာပါ"

"စိတ်မရှိပါနဲ့ ဆရာရယ်၊ ကျွန်တော်က စစ်သား လူထွက်ဆိုတော့ စိတ်ကခပ်မြန်မြန်ရယ်"

"ရပါတယ်ဗျာ၊ ကြံဓာတ်ယတြာထဲက စီရင်ရအလွယ် ဆုံးနဲ့ အစွမ်းအထက်ဆုံးကို ပြောပြပေးလိုက်မယ်၊ လိုက်သာ မှတ်သွားဗျာ"

"ဟုတ်ကဲ့၊ သေချာမှတ်သွားပါ့မယ်ဆရာ"

"ယတြာအတွက် လိုအပ်တာတွေက ကြံအဆစ် (၇) ဆစ်ပါတဲ့ ကြံတစ်ချောင်းနဲ့ ရေချိုးသုတ်ထားတဲ့ စဉ့်ပန်းအိုး တစ်လုံးပဲ လိုမယ်။

ကြံက တနင်္လာနံ ငွေနံ့ဗျ၊ စဉ့်အိုးဆိုတာက စဉ့် အင်္ဂါနံနဲ့ အိုး တနင်္ဂနွေနံ တွဲနေတယ်၊ တနင်္ဂနွေက တနင်္လာ နံရဲ့ အမြစ်နံ၊ အင်္ဂါက တနင်္လာရဲ့ အညွန့်နံ့ဗျ၊ ကြံဆစ် (၇) ခု ပါတာကတော့ ခုနစ်နေ့သားသမီးတွေကို ညွှန်းဆိုတာ ပေါ့ဗျာ။

ကျေးဇူးရှင် အတုလတောင်တွင်းဆရာတော် ခင်ကြီး ဖျော်ကလည်း ခုနစ်နေ့သားသမီးတွေ တိုးတက်ကြီးပွားပြီး သုခချမ်းသာရစေဖို့ 'အမြစ်အညွန့် မတွန့်စေနဲ့' လို့ မိန့် ကြားခဲ့သေးတယ်ဗျ။

ဒီတော့ ခင်ဗျားလုပ်ရမှာက စဉ့်ပန်းအိုးထဲ ကြံစိုက် ထည့်၊ ရေထည့်ပြီး တနင်္လာနေ့နံနက် ၉ နာရီကနေ ၁၀ နာရီခွဲအတွင်း အိမ်ဘုရားမှာ ကပ်လှူ၊ အဲ့ဒီအချိန်က ကြာသပတေးအခါ၊ တနင်္လာနံ တိုင်ထိပ်ကို ရောက်နေတဲ့ အချိန်ပဲ၊ ပန်းအိုးက ရေကိုတော့ သုံးလေးရက်တစ်ခါ လဲလဲ ပေးရမယ်။

ဒါမှ အပင်ရှင်သန်ပြီး ပိုးလောက်လန်းတွေ မပေါက် ပွားဘဲ ခြင်ရန်ကလည်း ကင်းဝေးမယ်၊ ကြံအဆစ်မှာရှိတဲ့ ကြံမျက်စိကနေ အညွန့်တွေ ထွက်လာလိမ့်မယ်၊ စိမ်းစိမ်းစိုစိုနဲ့ ကြံညွန့်တွေ အရွက်တွေ ရှင်သန်လာမယ်၊ အညွန့် အခက်တွေ ရှင်သန်ဝေဖြာလာတာနဲ့အမျှ ခင်ဗျားရဲ့ အလုပ်အကိုင်တွေ၊ အကြံအစည်တွေ အောင်မြင်ပေါက်မြောက်လာမယ်၊ အလုပ် တွေကောင်းပြီး အောင်မြင်မှတော့ ခင်ဗျားလှူချင်လွန်းလှတဲ့ ခေါင်းလောင်းကြီးပဲ လှူနိုင်ပြီပေါ့ဗျာ"

"ဆရာပြောတာနဲ့တင် အတော်လေး အားရှိသွားပြီ ဆရာပြောပြပေးတဲ့ ကြံဓာတ်ယတြာကို သေချာကပ်လှူ မယ်၊ ခေါင်းလောင်းကြီး လှူတဲ့အခါလည်း ဆရာ့ကိုဖိတ်ကြား ပါဦးမယ်၊ ကျေးဇူးအထူးပါပဲ ဆရာ"

ဟု နှုတ်ဆက်ကာ ဦးအောင်မြတ်တစ်ယောက် ပြန် သွားပါတော့သည်။

"တနင်္လာနေ့ နံနက် (၉း၀၀ မှ ၁၀း၃၀) နာရီ

၂ - တနင်္လာ(ကြံ)၊ တိုင်ထိပ်

၆

၃ - တနင်္လာ၏အညွန့်နံ (စဉ့်)

၅ - ကြာသပတေးအခါ

၁ - တနင်္လာ၏အမြစ်နံ (အိုး)

၄

၀

မည်သည့်နေ့သားသမီးမဆို ကြံဓာတ်ယတြာကို မိမိ တို့၏ အိမ်ဘုရားတွင် ကပ်လှူပူဇော်နိုင်ပါသည်။

ကပ်လှူပူဇော်သူတိုင်း စိတ်အကြံပေါက်ပြီး အမြဲမြော ကြောက်ကာ လိုရာဆန္ဒများ အမြန်ပြည့်ဝလာကြပါလိမ့်မည်

**အောင်ကြည်သန်း(ဟောင်တော်**

□





www.burmeseclassic.com

www.burmeseclassic.com



ဆန်းဝင်း(အောင်မြေ)

# ပြောသမျှနားထောင်ဖို့ ဒီလိုလုပ်ကြစို့

တစ်နေ့သ၌ ကျွန်ုပ် ဗေဒင်ဆိုင်ခန်း ဖွင့်ထားသော သက်သာပန်းတောင်းရွှေရင်အေး စေတီတော်မြတ်ကြီး တည်ထားကိုးကွယ်လျက်ရှိသော ကျုံးစုရွာ မင်္ဂလာကန်တော်အနီး အိမ်သို့ ဖုန်းရုံးတွင် အလုပ်လုပ်သော၊ အပျိုကြီးလည်းဖြစ်သော၊ တစ်နှစ်တစ်ခါလည်း ဗေဒင်တွက်လေ့ရှိသော၊ လွန်စွာလည်း ဆရာအား ရင်းနှီးခင်မင်လှသော နှင်းနှင်းဝေ ရောက်ရှိလာလေသည်။

"ဆရာ နေကောင်းလား"

"ကောင်းပါသဗျာ၊ အင်း ညည်းကိစ္စပေါ်လာပြန်ပြီလားပြော"

"ဩော်- ဆရာရယ်၊ အကြောင်းကိစ္စရှိမှပဲ လာရမှာလား၊ ဆရာ့ကို ကန်တော့ဖို့ ရှမ်းပြည်က လက်ဖက်ကောင်းကောင်းလေးနဲ့ ပုခုက္ကူဘက်က ပဲဆီနဲ့ နှမ်းဆီပါလာလို့ လာကန်တော့ရင်းပေါ့ ဆရာရယ်"

"အေး ကောင်းဟ၊ ဆရာကလည်း လက်ဖက်က ခပ်ကြိုက်ကြိုက်ဆိုတော့ စားရဦးတော့မှာပေါ့ ဟုတ်လား၊ ဒါထက် အခုညည်းစကားမှာ ဆရာကိုလည်း ကန်တော့ရင်းဆိုတဲ့ စကားစပါတယ်၊ ကိစ္စတစ်ခုလည်း ပါလာသေးတယ်ဆိုပါတော့"

"အဲဟဲဟဲ - ဆရာကလည်း အတဲ့ပဲနော်၊ ကျွန်မ ရှမ်းပြည်ရောက်တော့ ဟိုက သူငယ်ချင်းတွေကပြောတယ်၊ ဟဲ့- နှင်းနှင်းဝေ နင့်ဆရာက စာရေးဆရာလားတဲ့၊ ဟုတ်တယ်လို့ ပြောတော့ မဂ္ဂဇင်းတွေ ထုတ်ပြတယ်၊ အဲဒီမယ် မဂ္ဂဇင်းတစ် အုပ်ယူပြီး ကျွန်မက မာတိကာကို ပြရတယ်၊ ဟဲ့ ဆန်းဝင်း (အောင်မြေ)ဆိုတာ ငါ့ဆရာပဲလို့ ထောက်ပြရတာ။

အဲဒါပြောတော့ ပုတီးစိပ်တွေ ဓာတ်ရိုက်ဓာတ်ဆင် အကြောင်းတွေ အဲဒီမဂ္ဂဇင်းတွေမှာ ဖတ်ရပါတယ်တဲ့၊ အခု ကျွန်မကို မှာလိုက်တဲ့ ကိစ္စလေး ဆရာ့ကို အကူအညီတောင်းလိုက်လို့ အဲဒါလာတာပါ ဆရာ"

"အင်း ပြောပါဦး၊ ဘာများအကူအညီတောင်းတာတုန်းဟ"

www.burmeseclassic.com

"ဒီလိုဆရာ သူ့လုပ်ငန်းအတွက် မိသားစုထဲမှာ ဩဇာတိက္ကမ ရှိချင်တယ်၊ အဲဒီ ပြောသမျှ ဆိုသမျှအောင်မြင်တဲ့ မာတ်ဆင်မာတ်ရိုက်မျိုး ဆရာ့ဆီက တောင်းခံအကူအညီယူခဲ့ပါတဲ့ ဆရာ၊ အဲဒါ ဆရာ ဘယ်လိုပေးလို့ရမလဲဆရာ"

"အေး- နှင်းနှင်းဝေ ညည်းလည်း ငါသင်ပေးဖူးပါတယ်၊ မေ့နေလို့ဖြစ်မယ်၊ တစ်ဦးတစ်ယောက်ကို နိုင်ဖို့ ဩဇာရှိဖို့ လုပ်ရတဲ့ အင်္ဂဝိဇ္ဇာနည်းပညာတွေရှိတာပေါ့ဟဲ့၊ နိုင်ငြားညက်ရှိအောင်လိုဘိမူ (ဥ. မိ. သာ. အံ) လေးတန် အက္ခရာဥမှာ နေ့ယူ၊ မိမူ အခါ၊ သာမှာ စေပါ၊ အရပ်ထား၍၊ အံကားသစ်နံ၊ ယူရပြန်၍၊ အမှန်မယွင်း၊ လုပ်လေသွင်းက၊ နိုင်ခြင်းကေန်၊ ဖြစ်ကြောင်းမှန်သည်၊ ဇာတ်နံအရ ပဉ္စဆတည်းလို့ ကျေးဇူးရှင် ဆရာတော်ကြီးခင်ကြီးဖျော်က မိန့်မှာခဲ့သဗျား"

"ဟုတ်ကဲ့၊ ရှင်းပါဦး ဆရာရဲ့"

"အေး- ရှင်းရမှာပေါ့၊ လင်္ကာမှာ 'ဥ. မိ. သာ. အံ' ဆိုတဲ့ အက္ခရာလေးလုံးကို အရင်ရှင်းရမယ်"

"ဟုတ်ကဲ့ ဆရာ၊ မှတ်ရမယ်"

"ဥ-အရ တနင်္ဂနွေသားသမီး တစ်ဦးဦးအပေါ် နိုင်လိုတယ်၊ ဩဇာရှိလိုတယ်ဆိုရင် ဥမှာနေ့ကိုယူလို့ ပထမစကားအရ တနင်္ဂနွေကို ဆိုတယ်လို့ မှတ်ဟ"

"ဟုတ်ကဲ့ ဆရာ"

"မိ-မူအခါ အဲဒီနေ့ (တနင်္ဂနွေနေ့၏) ကြာသာပတေးအခါကို ဆိုလိုတယ်၊ နောက် သာမှာ စေပါ ဆိုတဲ့စာအရတနင်္ဂနွေသားရဲ့ သားသမီးရဲ့ ဆပ္ပတ်နံဟာ သောကြာဖြစ်တဲ့အတွက် အဲဒီသောကြာသားသမီး တစ်ဦးဦးကို ဆိုလိုတယ်"

ပြီးတော့ အံကားသစ်နံ လို့ဆိုမဟုတ်လား၊ တနင်္ဂနွေနံသင့် အုန်းပင်၊ အင်ပင်ကို ယူရမယ်၊ နံတူ အုန်းပင် အင်ပင်ကိုယူဆောင်ပြီး မိမိတို့ ခြံဥယျာဉ်အတွင်း သင့်လျော်မယ့်နေရာမှာ စိုက်စေရမယ်တဲ့"

"စိုက်ရမယ့် နေရာကကော ဆရာ"

"အဲဒါ ပြီးတော့ပြမယ်၊ အဲ အဲဒီလို စိုက်လိုက်တယ်ဆိုရင် သူ့အပေါ်မှာ ဩဇာရှိပြီး နိုင်လာနိုင်တယ်လို့ဆိုတယ်"

"ဩော် ဟုတ်ကဲ့ဆရာ၊ မှတ်ထားပါ့မယ်"

"ဥပမာ တနင်္ဂနွေသားသမီးအပေါ်မှာ ဩဇာအာဏာတည်လိုတယ်ဆိုရင် တနင်္ဂနွေနေ့ ကြာသပတေးအခါမှာ သောကြာသားသမီးကို စေခိုင်းပြီး မြောက်အရပ်မှာရှိတဲ့ အုန်းပင် အင်းဝင်တွေကို တနင်္ဂနွေသားသမီး မည်သူ့အပေါ် ငါနိုင်စေ၊ ဩဇာရှိစေဆိုပြီး ခုတ်ဖြတ်ရမယ်၊ နောက်တစ်ခုက မိမိဥယျာဉ်အတွင်း တစ်နေရာမှာ စိုက်ပျိုးခိုင်းထားမယ်ဆိုရင် အမှန်တကယ် တနင်္ဂနွေသားသမီးအပေါ် နိုင်မယ် ဩဇာလည်း ရှိမယ်"

"ဩော် ဟုတ်ကဲ့၊ ရှင်းပါတယ်ဆရာ"

"ပိုရှင်းအောင် အင်္ဂဝိဇ္ဇာတိုင်နဲ့ပြတာကြည့်"

၂
၆ သောကြာတစ်ဦးဦးကို မြောက်အရပ်သို့ခိုင်း
၃
၅ ကြာသပတေးအခါ
၁ တနင်္ဂနွေနေ့ အုန်းပင်၊ အင်ပင်၊
၄
၀

"မြင်လားနှင်းနှင်းဝေ"

"မြင်ပါတယ်ဆရာ"

"နောက်တစ်ခုသွား၊ တနင်္လာသားသမီး တစ်ဦးဦးအပေါ် ဩဇာအာဏာတည်လိုပါလျှင် တနင်္လာနေ့၏ ၆ ကြာအခါ စနေသားသမီးတစ်ဦးဦးကို စေလွှတ်ပြီး အနောက်တောင်တောင့်အရပ် (စနေထောင့်)ကျည်းပင်၊ ကုံကော်ပင်ကျွန်းပင်ကို အထက်ကနည်းအတိုင်း ပြုလုပ်စီမံပါလို့ ဆိုပါတယ်"

၃
၀ စနေထောင့်သို့ စနေသားကို စေလွှတ်ခိုင်း
၄
၆ သောကြာအခါတွင်
၂ တနင်္လာနေ့ ကျွန်းပင်၊ ကုံကော်ပင်။
၅
၁

"နေ့နဲ့ အခါယူပုံ မှတ်ထားရမှာနော် ဆရာ"

"ဟုတ်တယ်၊ အရေးကြီးတဲ့ အယူအဆမြင်ကွင်း...

"ဟုတ်ကဲ့ ဆရာ၊ လွယ်မလိုလိုနဲ့ ပညာပါတယ်...ဆရာ"

"ဟုတ်တယ်၊ ကဲ- နောက်တစ်ခုကြည့်ကြဦးစို့"

"ဟုတ်ကဲ့ ဆရာ"

"အင်္ဂါသားသမီးတို့အပေါ် ဩဇာတည်လို...အာဏာတည်လိုသော် အင်္ဂါနေ့ စနေအခါမှာ တ...သားသမီးတစ်ဦးဦးကို စေခိုင်းပြီး အရှေ့မြောက်...





www.burmeseclassic.com

www.burmeseclassic.com

ထောင့်ရှိ) ညောင့်ပင်၊ စစ်ပင်၊ ဆီးပင်တစ်ခုခုကို အထက်က ပုံစံအတိုင်း ပြုလုပ်ရမယ်"

၄
၁ တနင်္ဂနွေ သားသမီးတစ်ဦးဦးကို တနင်္ဂနွေထောင့်
၅ စေခိုင်း
၀ စနေအခါ
၃ အင်္ဂါနေ့ ညောင်ပင်၊ ဆီးပင်၊ စစ်ပင်
၆
၂

"မြင်ပြီ ဆရာရေ"

"ဒါဆို နောက်တစ်ခုသွားမယ်၊ ဗုဒ္ဓဟူးသားသမီးတို့ အပေါ်မှာ ဩဇာအာဏာတည်လိုလျှင် ဗုဒ္ဓဟူးနေ့-တနင်္ဂနွေ အခါမှာ တနင်္လာသားသမီးကို စေလွှတ်ပြီး အရှေ့ဘက်ရှိ လိန်ပင်၊ ဝါးပင်ကို ရှေးနည်းအတိုင်း ပြုလုပ်စီမံလျက် ဆောင်ရွက်ရမယ်"

၅
၂ တနင်္လာသားသမီးအရှေ့အရပ်စေခိုင်း
၆
၁ တနင်္ဂနွေအခါ
၄ ဗုဒ္ဓဟူးနေ့ လိန်ပင်၊ ရှောက်ပင်၊ ဝါးပင်
၀
၃

"နောက် ကြာသပတေးသားသမီးတို့ရဲ့ အပေါ်မှာ ဩဇာအာဏာ တည်လိုတယ်ဆိုရင် ကြာသပတေးနေ့မှာ တနင်္လာအခါမှာ အင်္ဂါသားသမီးတစ်ဦးဦးကို စေခိုင်းပြီး အရှေ့တောင်အရပ်ရှိ ပေါက်ပင်၊ ပျဉ်းမပင်၊ ပေါက်ပန်းဖြူပင်တို့ကို အထက်ပါနည်းစနစ်အတိုင်း ပြုလုပ်စီမံရမယ်"

၆
၃ အင်္ဂါအရပ်(အရှေ့တောင်)သို့ အင်္ဂါသားသမီးစေခိုင်း
၀
၂ တနင်္လာအခါ
၅ ကြာသပတေးနေ့၊ ပျဉ်းမ၊ ပေါက်ပင်၊ ပေါက်ပန်းဖြူပင်
၁
၄

"မြင်တယ်ဆရာ"

"ကဲ- နောက် သောကြာကိုပြောကြည့်ပါဦးတဲ့ နှင်းနှင်းဝေ"

"ဟုတ်ကဲ့၊ သောကြာသားသမီးတို့အပေါ် ဩဇာအာဏာ ရှိလိုတယ်ဆိုရင် သောကြာနေ့ အင်္ဂါအခါမှာ ဗုဒ္ဓဟူးသားသမီးတစ်ဦးဦးကိုစေခိုင်း တောင်အရပ်မှာရှိတဲ့ သီးပင်၊ သံသတ်ပင်၊ သီဟိုဠ်ပင်တို့ကို အထက်ပါနည်းအတိုင်း ပြုလုပ်စီမံခြင်း ပြုရပါမယ်"

"ကဲ- အင်္ဂဝိဇ္ဇာနဲ့ပြစမ်းပါဦး"

"ဟုတ်ကဲ့ဆရာ"

၀
၄ ဗုဒ္ဓဟူးသားသမီး၊ တောင်အရပ်ကိုခိုင်းစေ
၁
၃ အင်္ဂါအခါ
၆ သောကြာနေ့၊ သီဟိုဠ်၊ သီး၊ သံသတ်
၂
၅

"မှန်ပါတယ်၊ နောက်ဆုံးက စနေသားသမီးတို့အပေါ်မှာ ဩဇာအာဏာ တည်လိုပါတယ်ဆိုရင် စနေနေ့ ဗုဒ္ဓဟူးအခါမှာ ကြာသပတေး သားသမီးတစ်ဦးဦးကို စေခိုင်း၍ အနောက်ဘက်ရှိ ထိန်ပင်၊ ထန်းပင်၊ ခနိပင်၊ နွယ်နီပင်တို့ကို ခုတ်ထွင်သက်ဖြတ်၍ စနေသားသမီး မည်သူ့အပေါ်မှာ ငါက နိုင်ပါစေဆို၍ ဖျက်ဆီးခြင်း၊ မိမိ ဥပစာတစ်နေရာတွင် စိုက်ပျိုးခင်းထားပါက မိမိဩဇာအာဏာ အမှန်ရှိလိမ့်မည် ယုံမှားဖွယ် မရှိပါ"

၁
၅ ကြာသပတေးသားသမီး၊ အနောက်အရပ်စေ
၂
၄ ဗုဒ္ဓဟူးအခါ
၀ စနေနေ့၊ ထိန်၊ ထန်း၊ ခနိ၊ နွယ်နီ
၃
၆

"ကဲ- မြင်ရဲ့မဟုတ်လား နှင်းနှင်းဝေရေ"

"မြင်ပါပြီဆရာ၊ ရှင်းပါတယ်"

"အဲဒီတော့ နိုင်ငြားဉာဏ်ရှိအောင်လိုဘိမှု ဥ. မိ. သာ. အုံ လေးတန်အက္ခရာ အက္ခရာလို့ဆိုပြီး တနင်္ဂနွေသားသမီးကို အခြေခံလို့ ဒါဖော်ပြတာပဲ၊ ခုနစ်ရက်သားသမီးတွေအတွက် ကျယ်ကျယ်ဝန်းဝန်းနဲ့ ထင်ရှားမြင်သာထင်သာရှိအောင်ဇယားနဲ့ ဖော်ပြရရင် မကောင်းဘူးလား နှင်းနှင်းဝေ"

"ကောင်းတာပေါ့ ဆရာရယ်၊ တပည့် ရေးပါ့မယ် ဆရာက ပြပါ။ ဒါမှ ဆရာ့စာဖတ်ပရိသတ်တွေ အတွက်လည်း အဆင်ပြေသွားတာပေါ့၊ ဟုတ်ဘူးလား"

"အေး စာမူတစ်ခုအနေနဲ့ ပြဖြစ်သွားတာပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com

| ၇ ရက်သားသမီးများ၏နေ့ | ၁-နွေနေ့ ဥ | ၂-လာနေ့ ကေ | ၃-ဂါနေ့ စ | ၄-ဟူးနေ့ ဝ | ၅-တေးနေ့ ပ | ၆-ကြာနေ့ သ | ၇-နေနေ့ တာ |
|---|---|---|---|---|---|---|---|
| ၎င်းတို့ဆိုင်ရာပဥ္စပတ်အခါများ | ကြာသပတေးနံ မိ | ၆ သံ | ၀ မ | ၁ ဩ | ၂ ကာ | ၃ ဗွာ | ၄ လီ |
| ၎င်းတို့ဆိုင်ရာ ဆပ္တတ်အခါများ | သောကြာနံ သာ | ၀ နံ | ၁ အ | ၂ ကော | ၃ စ | ၄ ဝါ | ၅ ပ |
| ဆိုင်ရာနံသင့်ဂဏန်းများ | ၁နွေနံ အံ | ၂ ခ | ၃ ညော | ၄ လ | ၅ မိ | ၆ သီ | ၀ ဏ္ဍာ |
| ဆိုင်ရာနံသင့်အပင်များ | အုန်းပင် | ကျည်းပင် | စစ်ပင် | လိန့်ပင် | ပျဉ်းမ | သီဟိုဠ် | ထိန်ပင် |

"ကဲ- ရေးပြီဆရာ လက်ာ"

(၁) ဥ. မိ. သာ. အံ (၂) ကေ. သံ. နံ. ခ (၃) စ. ဒ. အ. ညော (၄) ဝ. ဩ. ကော. လ (၅) ပ. ကာ. စ. မိ (၆) သ ဗွ ဝါ. သီ (၇) တာ. လီ. ပ. ဏ္ဍာ = ဤခြင်းရာသည် ယတြာပြုရာ အောင်ကြောင်းတည်း။

"ဟုတ်ပြီ ဗေယား ဆရာ ဖြမယ် ကြည့်"

"ကဲ ဒါအပြည့်အစုံဗေယားပဲ၊ အလေ့အကျင့်ရအောင် အထပ်ထပ် လေ့လာမှတ်သားဖို့ လိုတယ်"

"ပေါက်ပါတယ် ဆရာ၊ ကဲ ဆရာလည်းနားပါဦး၊ သမီးလည်း အားလုံးရေးပြီးပြီ၊ မှတ်ပြီးပြီ ပြန်ပါဦးမယ်ရှင့်"

"ကောင်းပါပြီဗျာ"

ရေးမှတ်ထားသော စာအုပ်အား လက်မှာကိုင်၍ ပြန်သွားသော တပည့်နှင်းနှင်းဝေအားကြည့်လျက် "အင်း ဘယ်သူ့ကို ဘယ်လိုအကြောင်းနဲ့ ဘာတွေလုပ်ဦးမလဲ"ဟု တွေးရင်း နေ့လက်စ စာမူအား ဆက်လက်ရေးသားရန် ပြင်ဆင်ရလေတော့သည်။

**ဆန်းဝင်း(အောင်မြေ)**




သင် ဖြစ်ချင်တာနဲ့ ဖြစ်သင့်တာ ကိုက်ညီပြီလား

လှိုင်သာယာမြို့ မြို့ ဦးစေတီတော်၊ ပထမဦးဆုံး ဗေဒင်ဆရာကြီး

စာရေးဆရာ ဆန်းဝင်း(အောင်မြေ)

လက္ခဏာ၊ အင်္ဂဝိဇ္ဇာ၊ ဗေဒင်ပညာ၊ ဓာတ်ဆင်၊ ဓာတ်ရိုက်၊ နာမည်ပေး၊ အခါပေး

တိုစက္ကဗာတာ အထူးဖွဲ့သည်

● အိမ်ထောင်ရေးဒုက္ခ တွေ့နေသလား ● စီးပွားရေးတွေ အခက်တွေ့နေသလား ● ကျန်းမာရေး ညံ့နေသလား ● အိမ်၊ ခြံ၊ မြေ၊ တိုက်ခန်း ရောင်းမထွက်ဘူးလား ● ဆုမဲနံပါတ်သေးသေး ရချင်သလား ● အိမ်က အမျိုးသားခြေလှမ်းမှားနေပြီလား ● အမျိုးသမီးကကော ပုံမှန်ဟုတ်သလား ● သားသမီးတွေ ပြောစကားနားထောင်ချင်သလား ● နိုင်ငံခြားခရီးကိစ္စ မြန်ချင်သလား ● ကြွေးတွေတောင်းမရလို့ စိတ်ညစ်နေသလား ● အတိုက်အခံတွေ ပေါ်နေပြီလား ● အလုပ်မရသေးလို့ စိတ်ညစ်နေသလား ● ဈေးရောင်း ကောင်းချင်သလား. . .

[ဒါတွေ ခက်နေသမျှ လွယ်ဖို့ ပိတ်နေသမျှ ပွင့်ဖို့ နိမ့်နေသမျှတွေ မြင့်ဖို့ သင် အမြန် ဆရာနဲ့သွားနွေးဖို့ အချိန်တန်ပြီ]

ဟောခန်းတည်နေရာ ➤ ရွှေရင်အေးစေတီတော်ရှိရာ ကျိုစုကျေးရွာ၊ နတ်စင်လမ်း၊ မင်္ဂလာကန်တော်အနီး ရွှေလင်ပန်းကျေးရွာအုပ်စု၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

လမ်းညွှန် ➤ ၄၃၊ ၈၆၊ ၉၆ (ဝါ)၊ ၁၂၅၊ ၁၂၈၊ ၁၂၉ (အထူး)၊ ရိုးကြီး-ရိုးလေး ကားများ 'ကျောင်းလမ်းမှတ်တိုင်' ဆင်းပါ။ ငွေကုံကော်အထည်ချုပ်စက်ရုံ ဘေးလမ်း။

ဟောပြောချိန် ➤ နံနက် (၆) နာရီမှ ညနေ (၆) နာရီ အထိ ။ ဖုန်း - ၀၉-၃၁၅၃၂၄၅၃၉


www.burmeseclassic.com

www.burmeseclassic.com

# ရောင်းထွက်ဖို့ဆိုရင်

ဆရာအောင်ကျော်ခိုင်
(ရွှေစေတီ)



တန်ဆောင်မုန်းလပြည့်ရန် (၃) ရက်အလို လှိုင်သာယာမြို့ဦးစေတီတော် မြောက်ဘက်မုခ် သူတော်စင်များနန်းအနီး ကျွန်ုပ်ဗေဒင်ဆိုင်ခန်းသို့ ရွှေရင်အေးဈေးမှ ဈေးသည် (မုန့်ဟင်းခါး အထည်ချုပ်ပြီး အဝတ်များလည်းရောင်းသူ) ဖြစ်သော မဖြူတစ်ယောက် ဆိုက်ရောက်၍ လာလေတော့သည်။

"ဆရာ၊ နေကောင်းလား"

"ကောင်းပါတယ်၊ မဖြူကော ဈေးရောင်းဈေးဝယ် ကောင်းရဲ့လား။ အခုရက်က တန်ဆောင်တိုင်ပွဲက ကပ်နေပြီ ဆိုတော့ နှစ်တိုင်းလို မုန့်ပုံးတွေ ရောင်းသေးလား"

"အာ ဒီကိစ္စလာတာပဲ ဆရာ၊ သူများတွေက အဲဒီမှာ သီတင်းကျွတ် ကတည်းက စပြီး အထိုင်ချ ရောင်းကြတာ ဆိုတော့ တချို့ဆိုင်တွေ ကုန်သလောက်ဖောင် ဖြစ်နေပြီ၊ အိမ်မှာက နေ့စဉ် မုန့်ဟင်းခါးကလည်း အရောင်းထွက်နေလို့ အဲဒါ ဒီလေးငါးရက်လောက်မှ ထပြီး ရောင်းမယ်၊ ရောင်းမယ် ဆိုပြီး မုန့်တွေဝယ်ချထားတာ သုံးသိန်းကျော်ဖိုးလောက်ရှိတယ်ဆရာ၊ လပြည့်ဖို့ (၃)ရက်ပဲ လိုတော့တယ်၊ မုန့်တွေက အရာသိပ်မယွင်းသေးဘူး၊ သွေးတွေတောင် တိုးတယ် ဆရာ၊ တပည့်ကို ကူညီပါဦး"

မဖြူမှာ စကားအရှည်ကြီး ပြောလိုက်ရသောကြောင့် မောသွားသည်ထင့်။ ချပေးထားသော ရေနွေး လက်ဖက် ခြောက်ကျနေပြီဖြစ်သော ခွက်ဘူးအား ငှဲ့၍ သောက်လေတော့သည်။ ရေနွေးက လွန်စွာမပူလှသောကြောင့် သောက်၍ အဆင်ပြေပုံရသည်။

"မုန့်က ဘယ်လိုမျိုးတွေ ဝယ်ရောင်းတာလဲ"

"ပုံးနဲ့ ဘူးနဲ့ အမျိုးအစား အမျိုးမျိုးဆရာ၊ တစ်ထောင် တန်ကနေ ငါးထောင်ကျော်တန်လောက် သံပုံး စက္ကူကတ္တူ ပုံး မျိုးစုံပေါ့ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com

# ရောင်းထွက်မှဆိုရင်

## ဆရာအောင်ကျော်ခိုင်
## (ရွှေစေတီ)



ဇာန်ဆောင်မုန်းလပြည့်ရန် (၃) ရက်အလို လှိုင်သာယာမြို့ဦးစေတီတော် မြောက်ဘက်မုခ် သူတော်စင်များနန်းအနီး ကျွန်ုပ်ဗေဒင်ဆိုင်ခန်းသို့ ရွှေရင်အေးဈေးမှ ဈေးသည် (မုန့်ဟင်းခါး အထည်ချုပ်ပြီး အဝတ်များလည်းရောင်းသူ) ဖြစ်သော မဖြူတစ်ယောက် ဆိုက်ရောက်၍ လာလေတော့သည်။

"ဆရာ၊ နေကောင်းလား"

"ကောင်းပါတယ်၊ မဖြူကော ဈေးရောင်းဈေးဝယ်ကောင်းရဲ့လား။ အခုရက်က တန်ဆောင်တိုင်ပွဲက ကပ်နေပြီဆိုတော့ နှစ်တိုင်းလို မုန့်ပုံးတွေ ရောင်းသေးလား"

"အာ ဒီကိစ္စလာတာပဲ ဆရာ၊ သူများတွေက အဲဒီမှာ သီတင်းကျွတ် ကတည်းက စပြီး အထိုင်ချ ရောင်းကြတာဆိုတော့ တချို့ဆိုင်တွေ ကုန်သလောက်ပေါင် ဖြစ်နေပြီ၊ အိမ်မှာက နေ့စဉ် မုန့်ဟင်းခါးကလည်း အရောင်းထွက်နေလို့ အဲဒါ ဒီလေးငါးရက်လောက်မှ ထပြီး ရောင်းမယ်၊ ရောင်းမယ်ဆိုပြီး မုန့်တွေဝယ်ချထားတာ သုံးသိန်းကျော်ဖိုးလောက်ရှိတယ်ဆရာ၊ လပြည့်ဖို့ (၃)ရက်ပဲ လိုတော့တယ်၊ မုန့်တွေက အရာသိပ်မယွင်းသေးဘူး၊ သွေးတွေတောင် တိုးတယ် ဆရာ၊ တပည့်ကို ကူညီပါဦး"

မဖြူမှာ စကားအရှည်ကြီး ပြောလိုက်ရသောကြောင့် မောသွားသည်ထင့်။ ချပေးထားသော ရေနွေး လက်ဖက်ခြောက်ကျနေပြီဖြစ်သော ခတ်ဘူးအား ငှဲ့၍ သောက်လေတော့သည်။ ရေနွေးက လွန်စွာမပူလှသောကြောင့် သောက်၍ အာဆင်ပြေပုံရသည်။

"မုန့်က ဘယ်လိုမျိုးတွေ ဝယ်ရောင်းတာလဲ"

"ပုံးနဲ့ ဘူးနဲ့ အမျိုးအစား အမျိုးမျိုးဆရာ၊ တစ်ထောင်တန်ကနေ ငါးထောင်ကျော်တန်လောက် သံပုံး စက္ကူကတ္တူပုံး မျိုးစုံပေါ့ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com

"ကဲ- စိတ်မပူပါနဲ့တော့၊ ဟောဒီစာရွက်မှာ မာတ်ဆင်မာတ်ရိုက်နည်း၊ အဲ- မုန့်တွေ ဝေါခနဲ ရောင်းကုန်သွားအောင် လုပ်ရမယ့်နည်းတွေ သေသေချာချာ ရေးထားတယ်၊ တစ်သဝေမတိမ်း ပြုလုပ်ပေတော့ လပြည့်ကျော် ပြန်လာ"

"ဟုတ်ကဲ့ ကောင်းပါပြီဆရာ၊ ဒါဆို တပည့်ပြန်ပါဦးမယ်"

"ကောင်းပါပြီ ဗျာ"

◆

တန်ဆောင်မုန်းလပြည့်ကျော် (၃)ရက်နေ့၏ နေ့လယ်ပိုင်း ဗေဒင်မေးများ ပါးချိန် မဖြူတစ်ယောက် ကြွပ်ကြွပ်အိတ်တစ်လုံးတွင် မုန့်ပုံးနှင့် ဖယောင်းတိုင်၊ အမွှေးတိုင်များအား စာရေးသူစားပွဲပေါ်တင်၍ ကန်တော့လေတော့၏။

"ဆရာ ကျေးဇူးလည်း တင်ပါတယ်၊ ဆရာ့ပညာကိုလည်း အံ့ဩမိကြတယ်၊ တစ်အိမ်သားလုံး မုန့်အပုံကြီးကြည့်ပြီး ရင်ထိတ်နေကြပြီ ဆရာ၊ မနက်ဖြန်လို လပြည့်မယ်ဆိုတော့ ကန်တော့စရာ ဂိတ်ဆုံးနေပြီ၊ လာဝယ်ဖို့ လာဘ်သိပ်မမြင်ဘူးလေ၊ ဆရာပြောတဲ့ အရွက်အညွှန့်ကလည်း ရှားလေးရှာ သွားခူးရတယ်၊ ဒီမှာ မရှိဘူး၊ လပြည့်နေ့ မနက်စောစောကျတော့ စိတ်ပူတာ ငယ်ထိပ်ရောက်နေပြီ၊ အဲဒါနဲ့ လူကြီးတွေ တစ်ယောက်တစ်လှည့် ရိုက်၊ ကလေးတွေလည်း ရိုက်ပြီး တင်ထားတာနဲ့ တဖွဲဖွဲ လာလာဝယ်လိုက်ကြတာ ဆရာရယ်၊ ဆရာ့ကို ပြချင်လိုက်တာ"

"အဲဒါနဲ့ ဆက်ပြော"

"အဲဒါနဲ့ ၁၂ နာရီ ၁ နာရီလောက်လည်း ရောက်ရော အားလုံးကုန်ရော"

"ဟာ- အဆင်ပြေသွားတာပေါ့နော်"

"အာ- အဲဒီတော့မှ အလုံးကြီးကျသွားတော့တာ ဆရာရေ့၊ လေးသိန်းနီးပါးဖိုး ရင်းထားရတာ ငါးသိန်းကျော်ကျော် လောက်ရတယ်၊ ဆရာ ဝမ်းသာလို့ လာကန်တော့တာ"


မဖြူ ကန်တော့သွားသော ဘီစကစ် သံပုန်းတစ်ဘူး၊ မြကြာဖြူ ပုဆိုးတစ်ထည်၊ ဖယောင်းတိုင် (၃)ထုပ်၊ မျက်နှာသုတ် ပဝါတစ်ထည်၊ သွားတိုက်တံ၊ ဆစ်ဂနယ်သွားတိုက်ဆေးဘူး၊ အမွှေးတိုင်ထုပ် တစ်ပါကင်၊ စူပါကော်ဖီမစ် ပါကင်တစ်ထုပ်တို့အား ဝေဝေဆာဆာ လှူဒါန်း၍ ပြန်သွားလေတော့သည်။

◆

ဤတွင် မဖြူ၏ မုန့်ပုံးများ အဆောတလျင် ရောင်းကုန်သွားရန်အတွက် မာတ်ဆင်မာတ်ရိုက်ပုံအား စာရှုသူများ ဗဟုသုတ အသုံးချနိုင်ရန် ခုနစ်နေ့နံ ပစ္စည်းများအား အလျင်အမြန် မဖြစ်မနေ ထွက်သွားစေသော နာမ်ညွှပ် အစီအရင်အား ပေးလိုက်ခြင်း ဖြစ်လေသည်။ ဆက်လက် လေ့လာမှတ်သားနိုင်ရန် ရှင်းလင်းစွာ ပြဆိုပါမည်။


၁- တနင်္ဂနွေနံ- အုတ်၊ ဥ၊ အိမ် စသည်လိုရာဈေးရအမြန် ရောင်းထွက်စေလိုသော် -

တနင်္ဂနွေတိုင်၏ စတုန်ရန်းနှင့် ဆပွတ်နံတွဲသော အညွှန့် (သရက်)ညွှန့်ဖြင့် (၁၀)ချက်ထွက်ရန် ဆုတောင်း




၂- တနင်္လာနံ- ကွမ်း၊ ကြံ၊ ကြက် စသည်လိုရာဈေးရအမြန် ရောင်းထွက်လိုသော် -

တနင်္လာတိုင်၏ စတုရန်းနှင့် ဆပွတ်အားတွဲသော (ပိတောက်)ညွှန့်ဖြင့် (၁၂)ချက်ရိုက်၍ အမြန်ရောင်းထွက်စေရန် ဆုတောင်းရပါမည်။




၃ - အင်္ဂါနံ- ဆန်၊ ဆေး၊ စတ်၊ စာစောင် စသည် အမြန်ရောင်း ထွက်လိုသော် -

အင်္ဂါအခါတိုင်၏ စတုရန်းနှင့် ဆပွတ်ထို့တွဲသော (သစ်အယ်)ညွှန့်အသားဖြင့် (၇)ချက်ရိုက်၍ အမြန်ရောင်းထွက်ရန် ဆုတောင်းဆန္ဒပြုရပါမည်။



www.burmeseclassic.com

၀
၄
၁ သစ်အယ်
၃
၆ သစ်
၂
၅

၄ - ဗုဒ္ဓဟူးနံ- ရွှေ၊ ငွေ၊ လှည်း စသည် အမြန်ရောင်းထွက်လိုသော် -

ဗုဒ္ဓဟူးအခါတိုင်၏ စတုရန်းနှင့် ဆပွတ်တို့တွဲသော (ဒါန်းကြီး)အညွှန့်ဖြင့် (၉)ချက်ရိုက်၍ အမြန်ရောင်းထွက်ရန် ဆုတောင်းဆန္ဒပြုရပါမည်။ ပြီးရင် အညွှန့်အား ကုန်ပစ္စည်းပေါ် တင်ထားပါ။

၁
၅
၂ ကြီး
၄
၀ ဒါန်း
၃
၆

၅ - ကြာသပတေးနံ- မြေ၊ မြင်း၊ မုန့်ပဲ ပြောင်းစသည် အမြန်ရောင်းထွက်လိုသော် -

ကြာသပတေးအခါတိုင်၏ စတုရန်းနှင့် ဆပွတ်နံ့တွဲသော (ဩဇာ)ညွှန့်ဖြင့် (၄)ချက်ရိုက်၍ အမြန်ရောင်းထွက်ရန် ဆုတောင်းပြီး ထိုမုန့်များပေါ် တင်ထား။

၂
၆
၃ ဇာ
၅
၁ ဩ
၄
၀

၆ - သောကြာနံ- သံ၊ သစ်၊ သွပ် စသည် အမြန်ရောင်းထွက်လိုသော် -

သောကြာအခါတိုင်၏ စတုရန်းနှင့် ဆပွတ်တို့တွဲသော အချက်အခက် (ခရေ)ညွှန့်ဖြင့် (၆)ချက်ရိုက်၍ အမြန်ရောင်းထွက်ရန် လေးလေးနက်နက်ပြောပြီး ပစ္စည်းပေါ် တင်ထားပါ။

၃
၀
၄ ရေ
၆
၂ ခ
၅
၁

၇ - စနေနံ- ထီး၊ ဓား၊ ဖိနပ်၊ အထည် စသည် အမြန်ရောင်းထွက်လိုသော် -

စနေအခါတိုင်၏ စတုရန်းနှင့် ဆပွတ်ပြိုဟ်တွဲသော အညွှန့် (စိန်ပန်း)အား (၈)ချက် ရိုက်၍ အမြန်ရောင်းထွက်ရန် လေးလေးနက်နက်ပြော၍ တင်ထားပါ။

၄
၁
၅ ပန်း
၀
၃ စိန်
၆
၂

အထက်ပါ ဓာတ်ဆင်ဓာတ်ရိုက်နည်းများမှာ အင်ဝိဇ္ဇာကျမ်းလာ နာမ်ညှပ်အစီအရင်များ ဖြစ်၍ မည်မျှကတ်သီးကတ်သတ်ဖြစ်နေသော ပစ္စည်းများဖြစ်စေ အမြန်ရောင်းထွက်စေနိုင်ကြောင်း လက်တွေ့ အခြေခံများအား အခြေခံ၍ အထက်၌ ပြဆိုခဲ့သော မဖြုး၏ မုန့်များ တစ်ရက်အတွင်း အလျှင်အမြန် ကုန်သွားခြင်းက မျက်မြင်အတွေ့အကြုံအရ အားရဖွယ် အားထားဖွယ် ပညာရပ်များဖြစ်သောကြောင့် စာဖတ်သူများအနေဖြင့် အဖူး၊ အညွှန့်အား ဆွတ်ခူးစားနိုင်ကြပါစေရန် စေတနာရှေ့ထား ရေးသားရပါတော့သတည်း။

**ဆရာအောင်ကျော်ခိုင်(ရွှေစေတီ)**

❑



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

# အခါ ၂၆ ပါး၌ ယတြာချေပါ၊ ဓာတ်ဆင်ပါ

## ဆုတောင်းသီဆရာကြီးမင်း

ယတြာချေခြင်းကိစ္စ၊ ဓာတ်ရိုက် ဓာတ်ဆင်ခြင်းကိစ္စတို့၌ 'အခါ'ဟူသည် အရေးကြီး၏။ အခါပေါင်း (၂၆)မျိုးရှိ၏။

၎င်းတို့မှာ -

(၁) မိတ်အခါ (၂) ရန်အခါ (၃) ဥဒါသိန်အခါ (၄) တေဇောအခါ (အန္တောအခါ) (၅) အာပေါအခါ (ဝံသေအခါ) (၆) ဝါယောအခါ (စရေအခါ) (၇) ပထဝီအခါ (ဂဗ္ဘေအခါ) (၈) ပရိဝါရအခါ (၉) အာယုအခါ (၁၀) နာဂရအခါ (၁၁) ဘုမ္မိအခါ (၁၂) ဂဟပတိအခါ (၁၃) တေဇအခါ (၁၄) ဌာနအခါ (၁၅) သီရိအခါ (၁၆) နဝင်းပေါ်သည့်အခါ (၁၇) အချာအခါ (၁၈) အညွန့်အခါ (၁၉) ကြိုရန်းအခါ (၂၀) ဇတုရန်းအခါ (၂၁) ပဉ္စပွတ်အခါ (၂၂) ဆပွတ်အခါ (၂၃) အမြစ်အခါ (၂၄) အဝင်နက္ခတ်အခါ (၂၅) အထွက်နက္ခတ်အခါ (၂၆) ခပါတ်နက္ခတ်အခါ တို့ဖြစ်ကြသည်။

သို့ဆိုဝါက မည်သည့်အခါ၌ မည်သို့သော အမှုကိစ္စများအတွက် ယတြာချေနိုင်သနည်း၊ ဓာတ်ရိုက်ဓာတ်ဆင် လုပ်နိုင်ပါသနည်း။ လိုရင်းတိုရှင်း ဖော်ပြလိုက်ပါသည်။

၁။ မိတ်အခါ

တစ်ဦးဦးကို ခင်မင်လို၍သော် လည်းကောင်း၊ မိမိရှိ ပစ္စည်းအား ရောင်းချလို၍သော် လည်းကောင်း၊ အခန့်မသင့်သည်ကို ပြေလည်လိုပါလျှင်သော် လည်းကောင်း ယတြာချေရန်၊ ဓာတ်ရိုက် ဓာတ်ဆင်ပြုလုပ်ရန် ရွေးချယ်ရမည့်အခါ ဖြစ်ပါသည်။

၂။ ရန်အခါ

တစ်ဦးနှင့်တစ်ဦး ခိုက်ရန်ဖြစ်ပွား စေလိုလျှင်သော် လည်းကောင်း၊ သင့်တင့်အဆင်ပြေနေရာမှ မပြေမလည်ဖြစ်အောင် ဖန်တီးချင်လျှင်သော် လည်းကောင်း လုပ်ဆောင်ရမည့်အခါ ဖြစ်ပါသည်။

၃။ ဥဒါသိန်အခါ

ဘာသိဘာသာ နေချင်လျှင်သော် လည်းကောင်း၊ အရေးအနှော မရှိစေချင်လျှင်သော် လည်းကောင်း လုပ်ဆောင်ရမည့်အခါ ဖြစ်ပါသည်။

၄။ တေဇောအခါ (အန္တောအခါ)

တစ်ဖက်သားအား ပြင်းပြင်းထန်ထန်လုပ်ချင်သည့် ကိစ္စမျိုး၌ လုပ်ဆောင်ရမည့်အခါ ဖြစ်ပါသည်။

၅။ အာပေါအခါ (ဝံသေအခါ)

အေးအေးချမ်းချမ်းဖြစ်သွားအောင်ဆိုသည့် ကိစ္စမျိုး၌ လုပ်ဆောင်ရမည့်အခါ ဖြစ်ပါသည်။

၆။ ဝါယောအခါ (စရေအခါ)

လက်ရှိလုပ်ကိုင်နေရသည်များ အမြန်ဆုံး ပြီးပြီးပြတ်ပြတ်ဖြစ်စေချင်သည့် ကိစ္စမျိုး၌ လုပ်ဆောင်ရမည့်အခါ ဖြစ်ပါသည်။

၇။ ပထဝီအခါ (ဂဗ္ဘေအခါ)

လက်ရှိလုပ်ကိုင်နေရသည်များ အမြန်ဆုံး ပြီးပြီးပြတ်ပြတ်ဖြစ်စေချင်သည့် ကိစ္စမျိုး၌ လုပ်ဆောင်ရမည့်အခါ ဖြစ်ပါသည်။

၈။ ပရိဝါရအခါ

တပည့်မွေးချင်လျှင်သော် လည်းကောင်း၊ အ[illegible] ဆောက်ချင်လျှင်သော် လည်းကောင်း လုပ်ဆောင်ရမည့်အခါ ဖြစ်ပါသည်။

၉။ အာယုအခါ

လာဘ်ရွှင်စေမည့် ဓာတ်သစ် ပင်စိုက်လိုသည့်[illegible] ရွေးချယ်လုပ်ဆောင်ရမည့်အခါ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

၁၀။ နာဂရအခါ

အိမ်ပြင်လိုသည့်ကိစ္စ၊ လမ်းပြင်လိုသည့်ကိစ္စ၊ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်လိုသည့်ကိစ္စများ၌ ရွေးချယ်လုပ်ဆောင်ရမည့်အခါ ဖြစ်သည်။

၁၁။ ဘုမ္မိအခါ

တစ်ဖက်သားအား ဘေးဒုက္ခ အန္တရာယ်ဖြစ်စေလိုသည့်ကိစ္စ၌ ရွေးချယ်လုပ်ဆောင်ရမည့်အခါ ဖြစ်ပါသည်။

၁၂။ ဂဝပတိအခါ

ပစ္စည်းဝယ်ရောင်းလုပ်သည့်ကိစ္စများ၌ အချောင်ရချင်ပါက ရွေးချယ်လုပ်ဆောင်ရမည့်အခါ ဖြစ်ပါသည်။

၁၃။ တေဇအခါ

တိုက်ပွဲများ၌ အောင်မြင်စေလိုသည့် ကိစ္စများ၌ ရွေးချယ်လုပ်ဆောင်ရမည့်အခါ ဖြစ်ပါသည်။

၁၄။ ဌာနေအခါ

လက်ရှိနေရာ၌ တည်တံ့ခိုင်မြဲလိုပါက ရွေးချယ်လုပ်ဆောင်ရမည့်အခါ ဖြစ်သည်။

၁၅။ သိရီအခါ

ဂုဏ်သိက္ခာရှိသည့်အလုပ် လုပ်ချင်ပါက ရွေးချယ်လုပ်ဆောင်ရမည့်အခါ ဖြစ်ပါသည်။

၁၆။ နဝင်းပေါ်အခါ

လူအများအပေါ်၌ ဩဇာညောင်းလိုပါက ရွေးချယ်လုပ်ဆောင်ရမည့်အခါ ဖြစ်ပါသည်။

၁၇။ အချာအခါ

မည်သည့် အစီအရင်မျှ လုပ်၍ မကောင်းသည့်အချိန်၌ ရွေးချယ်လုပ်ဆောင်ရမည့်အခါ ဖြစ်ပါသည်။

၁၈။ အညွန့်အခါ

ရစရာရှိသည့်အရာများ ပြန်လည်ရရှိစေရေးအတွက် ရွေးချယ်လုပ်ဆောင်ရမည့်အခါ ဖြစ်ပါသည်။

၁၉။ ဩရိရန်းအခါ

လျှို့ဝှက်ကိစ္စများ၊ အချစ်ရေးကိစ္စများအတွက် ရွေးချယ်လုပ်ဆောင်ရမည့်အခါ ဖြစ်ပါသည်။

၂၀။ စတုရန်းအခါ

အပြိုင်အဆိုင် စကားပြောဆိုရမည့်ကိစ္စများ၌ ရွေးချယ် လုပ်ဆောင်ရမည့်အခါ ဖြစ်ပါသည်။

၂၁။ ပဋ္ဌဖွတ်အခါ

သူတစ်ပါးကိစ္စဖြစ်၍ မကူညီရမည့်ကိစ္စ၌ ရွေးချယ်လုပ်ဆောင်ရမည့်အခါ ဖြစ်ပါသည်။

၂၂။ ဆဖွတ်အခါ

ဆေးမကုရသည့်အချိန် ကိစ္စအတွက် ရွေးချယ်လုပ်ဆောင်ရမည့်အခါ ဖြစ်ပါသည်။

၂၃။ အမြစ်အခါ

စီးပွားရေးအတွက် ကောင်းလိုသည့်ကိစ္စအတွက် ရွေးချယ်လုပ်ဆောင်ရမည့်အခါ ဖြစ်ပါသည်။

၂၄။ အဝင်နက္ခတ်အခါ

ကာယသိဒ္ဓိနှင့်ပတ်သက်၍ အောင်မြင်လိုပါက ရွေးချယ်လုပ်ဆောင်ရမည့်အခါ ဖြစ်ပါသည်။

၂၅။ အထွက်နက္ခတ်အခါ

အမှုအခင်းများနှင့်ပတ်သက်၍ အနိုင်ရ အောင်မြင်လိုပါက ရွေးချယ်လုပ်ဆောင်ရမည့်အခါ ဖြစ်ပါသည်။

၂၆။ ခပါတ်နက္ခတ်အခါ

ကာယသိဒ္ဓိနှင့်ပတ်သက်၍ အောင်မြင်လိုပါက ရွေးချယ်လုပ်ဆောင်ရမည့်အခါ ဖြစ်ပါသည်။

သို့ဖြစ်၍ ပြုဖွယ်ကိစ္စ အကြောင်းခြင်းရာအပေါ် မူတည်လျက် အခါမှန်ကို ရွေးချယ်ရမည်ဖြစ်ကြောင်း မြန်မာ့ရိုးရာ အသုံးချ အင်ဂိဇ္ဇာဗေဒင်ပညာအပေါ် အခြေပြုရေးသားလိုက်ရပါသတည်း။


သုတေသီဆရာငြိမ်း

□



www.burmeseclassic.com

www.burmeseclassic.com



မောင်စာဆို(ကျုံ့စု)

# အကြွေးတွေရဖို့ ဒီလိုလုပ်

လှိုင်သာယာမြို့ ရွှေလင်ပန်းအုပ်စု ကျုံ့စုရွာ မဂ်လာကန်တော်ကြီးအနီး ဗေဒင်ဆိုင်ခန်းဖွင့်ထားသော ဆရာကြီး (ဗေဒင်ဆရာလည်းဖြစ်၊ စာရေးဆရ ကြီးလည်း ဖြစ်သော) ဦးဆန်းဝင်း(အောင်မြေ)အိမ်သို့ လိုအပ်သော မှတ်သားစရာ ပါယူ၍ စာရေးသူ ရောက်ရှိသွားလေသည်။

"ဆရာ . . . ဆရာ"

"ဟာ စာရေးဆရာလေး၊ ကုန်ကြမ်းတွေလှည့်ရှာနေသလားဟ"

"ဟုတ်ကဲ့ဆရာ၊ ဒီတစ်ခါ ကုန်ကြမ်းရှာလာတာ မဟုတ်ဘူးဆရာ၊ ကုန်ချောထုတ်ရအောင်လာတာ"

"ဘယ်မှာထုတ်မလို့လဲ အမောင် စာဆိုရ"

"ဆရာဆန်းဆီးမှာဗျာ"

"အင်း လုပ်တော့မယ်၊ မင်းကတော့ အင်္ဂါအခါဗျာ သောကြာက စတုရန်း၊ ကြာသပတေးက တြိရန်း အမြစ်ဗြိုဟ်က တနင်္လာခိုက်နေပြီဟေ့၊ မင်းက ဘာသာရေးသမားသီးသန့်ဆိုတော့ တစ်ခုပဲ ဟောစရာရှိသကွ"

"ဟာ- လုပ်ပါဆရာ၊ ဆရာ့တပည့် ဒီတစ်ခါ အားကိုးတစ်ခုနဲ့ လာတာပါ။ ဉာဏ်ပူဇော်ခလည်း တင်ပါ့မယ်၊ အမိန့်ရှိပါ ဆရာ"

"ငွေကြေး အခက်အခိုက်၊ အဲ- မင်းရစရာငွေကြေးတွေ မရဘူး၊ အကျပ်အတည်းဖြစ်နေချိန်ပဲကွ"

"အောင်မယ်လေး ဒေါင်ခနဲပါပဲ ဆရာ"

"ဘာလဲဟ ဒေါင်ခနဲ"

"မှန်တာ ဆရာရေ့ အခုအကြွေးတွေမရလို့ မိန်းမ[...] ရှင့်ဆရာဆီကို မြန်မြန်သွားဆိုလို့ အဲဒါအကြွေးရအောင် ကြွေးရစေသော ယတြာလေးများ လုပ်ပေးပါဆရာ"

ထိုအခါ ဆရာကြီးက တစ်ချက်ပြုံးလိုက်ပြီး လက်[...] တွင် ယာပြီးသော ကွမ်းယာအား ပါးစပ်တွင်းသို့ ထည့်လိုက်၏။

"အေး၊ အကြွေးတောင်းတာတော့ ဟုတ်ပါတ[...] အမှန်တကယ် ငွေကြေးအခက်အခဲဖြစ် အကျဉ်းအကျပ်[...] နေတဲ့သူတွေဆီက အကြွေးတော့ ရမှာမဟုတ်သေးဘူး[...]



www.burmeseclassic.com

www.burmeseclassic.com

"ဟာ-ဒါဆိုရင် ဘယ်လိုဟာမျိုးမှလည်း ဆရာရယ်"

"အင်း ပေးနိုင်တဲ့ အင်အားပမာဏသတ္တိ ရှိပါလျက် ကယ်နဲ့ကတ်သီးကက်ဖဲ့ မပေးချင်လို့ ပေနေတဲ့လူတွေဆီက အကြွေး၊ အဲဒါဆို ရမယ်၊ ရအောင် လုပ်ပေးမယ်ကွာ၊ မင်း ဆရာ့ကို ဘယ်လိုကန်တော့မှာလဲ တဲ"

"အာ ရသာရပါစေ၊ ကန်တော့ပါ့မယ် ဆရာရယ်"

"တော်ပါကွာ နောက်တာပါ၊ ငါ့အတွက် မင်းအခု တင်တဲ့ ညဏ်ပူဇော်ခနဲ့ လုံလောက်ပါပြီကွာ၊ ကဲ မောင်စာဆို မင်းလည်း ဗဟုသုတအဖြစ်အောင် ပြီးတော့ စာမူတစ်ခု လည်းရအောင်ပေ့ါ၊ ရေးရင်းမှတ်ရင်း သင်ပြရင်းနဲ့ ကြွေး တောင်းပုံကလေး သိသင့်သလောက် ရှင်းပြသွားရအောင်"

ဆရာကြီး၏ စေတနာအား လွန်စွာလေးစား၍ သွား လေတော့၏။

"ဟုတ်ကဲ့ဆရာကြီး၊ ကျွန်တော် လိုက်ပြီးရေးပါ့မယ် ခင်ဗျ"

"မရှင်းတာရှိရင် တစ်ခုချင်း မရှင်းတာကိုမေးနော်၊ ပြီးတော့ မေ့လို့ ဆိုတာမျိုး မဖြစ်စေနဲ့နော်"

"ဟုတ်ကဲ့ပါ ဆရာ၊ ကျွန်တော် သေသေချာချာ လိုက် ရေးပါ့မယ်၊ မမှားစေရပါဘူးခင်ဗျ"

"ကောင်းပြီး ဒါဆို နေ့ခုနစ်နေ့ ရေးရမှာဆိုတော့ ပထမ တနင်္ဂနွေ၊ သားသမီးတွေဆီက ရစရာအကြွေး ဘယ်လို တောင်းမလဲ အဲဒါကို အရင် ကြည့်မယ်"

"ဟုတ်ကဲ့ ဆရာ"

"ပထမ တနင်္ဂနွေသားသမီးထံက အကြွေးတွေရချင် တယ်ဆိုပါတော့၊ မောင်စာဆိုရေ တနင်္ဂနွေတိုင်ထူလိုက် စမ်းပါဦး"

"ဟုတ်ကဲ့ဆရာ ထူပါပြီ"

| | | |
|---|---|---|
| ပဥ္စပွတ် | ၅ | |
| အညွန့် | ၂ | |
| ဆပွတ် | ၆ - | သီဟိုက် |
| အလယ်ချာ | ၁ | |
| စတုရန်း | ၄ | |
| အမြစ် | ၀ - | စနေဂြိုဟ်သက် ၁၀ ရွက် |
| တြိရန်း | ၃ - | ဆားဖျော်ရည် |

"အဲဒီမှာကြည့် ဆပွတ်နံဖြစ်တဲ့ သော်ကြာနံအရွက်မှာ အမြစ်ဂြိုဟ်ရဲ့ ဂြိုဟ်သက်အတိုင်း (၁၀)ရွက်ယူ တစ်ရွက်ချင်း အဲဒီလူနာမည်ရေးရမယ်၊ ပြီး ရင် တြိဂံဖြစ်တဲ့ အင်္ဂါနံဆားဖျော် ရည်ထဲကို တစ်ရွက်ချင်း လိုရာပြော ပစ်ထည့်ရမယ်တဲ့၊ တိုင်ကို ကြည့်"

"ဟုတ်ကဲ့ဆရာ၊ နဝင်းတွဲနဲ့ အမြစ်ဂြိုဟ်အသုံးချ စီရင်ထားတာတွေ့ရတယ် ဆရာ"

"အေး လုပ်ပုံကြည့်၊ 'မောင်အေး ငါ့ရစရာ မင်းပေးရ မည့်ငွေ ၆၀၀၀ အခုသာ ပြန်လာပေး'၊ ဒီလိုပြောရမှာ၊ ပြောပြီး ပစ်ထည့်လိုက်၊ 'ငါ့ငွေ ပြန်ပေး'လို့ 'ပြန်'ဆိုတဲ့ အနှင်စာတ် မပါရဘူး၊ 'လာ'ဆို တဲ့ အဝင်ဓာတ်နဲ့သုံးရမယ်လို့ ရှေးဆရာ တော်ကြီး မှာတယ်"

၆

၃

၀ - ထန်း၊ ခနိ

၂

၅

၁ - ၆ ရဂွက်

၄ - ယပ်လေခတ်

"ဟုတ်ကဲ့ ရှင်းပါတယ်ဆရာ၊ တနင်္လာတိုင်ထူပြီ"

"အေး၊ တနင်္လာတိုင်မှာ ဆပွတ် ဘာဂြိုဟ်တွေ့လဲ"

"စနေဂြိုဟ်တန်း ခနိဆရာ"

"အမြစ်ဂြိုဟ် တနင်္ဂနွေအရ (၆) ရွက်ပေ့ါ၊ နာမည် ရေးပြီး စုစည်းလိုက်၊ အပ်ချည်နည်းနည်းချည်၊ တစ်နေရာမှာ တွဲလောင်းဆွဲထားပြီး ယပ်တောင်ကောင်းကောင်းနဲ့ လေခတ် ပေးရမယ်၊ မောင်ခင် ငါ့ငွေ ၆၀၀၀ ကို အမြန်လာပေးလို့ ခြောက်ခွန်းပြော၊ (၆)ချက် လေခတ် ရှင်းပါတယ်နော်"

၀

၄

၁ - အုန်း

၃

၆

၂ - ၁၅ ရွက်

၅ - မြေမြှုပ်

"ဟုတ်ကဲ့ဆရာ ရှင်းပါတယ်၊ အင်္ဂါတိုင်ထူမယ်ဆရာ"

"ဟုတ်ပြီ ထူ၊ ကဲ မင်းပြောကြည့်ပါဦး"

"ဟုတ်ကဲ့ အင်္ဂါတိုင်ရဲ့ ဆပွတ်အုန်းရွက်ကို အမြစ်ဂြိုဟ် အရ ၁၅ ရွက်ယူရပါမယ်၊ နာမည်ရေး၊ ငွေမောက်ရေး၊ ရလို ရက်စွဲရေး၊ မြေမြှုပ်ပြန်ဖို့ လက်ဝါးနဲ့ပုတ်ရမယ်၊ မောင်မြ





www.burmeseclassic.com

ww.burmeseclassic.com

ငါ့ငွေ ၆၀၀၀ အခုအမြန်လာပေးလို့ ၁၅ ခွန်းပြော ၁၅ ချက်ပုတ်၊ ဒီလိုလား ဆရာ"

"မှန်တယ် ဒီအတိုင်းလုပ်ရမှာ ရှင်းရဲ့လား"

"ဟုတ်ကဲ့၊ ရှင်းပါတယ်ဆရာ"

"ကဲ နောက်တိုင်ထူ"

၁
၅
၂ - ကြုံ၊ ကံ့ကော်
၄
၀
၃ - ၈ ခွန်း
၆ - သဲထဲမြှုပ်

"ဟုတ်ကဲ့ ဗုဒ္ဓဟူးတိုင် ထူပြီးပါပြီ"

"ကဲ ကြည့်၊ ဆပွတ်က တနင်္လာဆိုတော့ ကြံရွက်၊ ကွမ်းရွက် ရသဖို့ထုတ်လား၊ ကြံရွက်ဆို လက်လေးဆစ်လောက်၊ ကွမ်းဆိုလည်း ရှစ်ရွက်ပေါ့၊ အမြစ်ဖြိုဟ်က အင်္ဂါလေး။ တြိဂုံအရ သောကြာဆိုတော့ သဲထဲထိုးမြှုပ်ရမယ်၊ မောင်လှ ငါ့ငွေ ၆၀၀၀ ကို အမြန်လာပေးလို့ ရှစ်ခွန်းပြောရမယ်ကွာ၊ အဲ သဲထဲမြှုပ်ရင်း ရှစ်ခွန်းပြောပေါ့"

"ဒါလည်း ရှင်းပါတယ်ဆရာ"

"ကဲ ဟဲ ဒီလိုလုပ်တဲ့နေရာမှာ ကရော်ကမယ် ပေါ့ပေါ့ဆဆလုပ်လို့မဖြစ်ဘူးဆိုတာလည်းသိထားရမယ်"

"ဟုတ်ကဲ့ဆရာ"

"သေသေချာချာ လေးလေးနက်နက် လုပ်ဆောင်ပေးရမှာဖြစ်တယ်ဆိုတာ ရှေးဆရာ့ဆရာများ အရေးတယူဂရုတစိုက်မှာသဖျား"

"ဟုတ်ကဲ့ လေးစားမှတ်သားစရာပွါးဆရာ"

"ကဲ ဒါဆို ရှေ့ဆက်ရအောင်ဟေ့"

၂
၆
၃ - ဆီးရွက်
၅
၁
၄ - ၁၇ ရွက်
၀ - မီးတောက်

"ဟုတ်ကဲ့ ကြာသပတေးတိုင် ထူလိုက်ပါပြီ"

"ကဲ ကြာသပတေးတိုင်မှာ ဘာတွေ့တုန်း"

"ဟုတ်ကဲ့ဆရာကြီးအမိန့်ရှိပါ"

"ဆပွတ်ဖြိုဟ်အရ အင်္ဂါဆိုတော့ ဆီးရွက်ပေါ့၊ အမြစ်ဖြိုဟ်အရ (၁၇)ရွက်မှာ ကြွေးရလိုသူနာမည်ရေး၊ ရလိုတဲ့ငွေအမောက်ရေး အနီးဆုံးရလိုရက်စွဲရေး တြိရန်းဖြိုဟ် စနေအရ မီးတောက်နေတဲ့အထဲ ပစ်ထည့်ရမယ်၊ တစ်ရွက်ထည့်တစ်ခါ စကားပြော၊ မောင်မြ ငါ့ဆီက ယူသွားတဲ့ ငွေ ၆၀၀၀၊ ဘယ်နေ့အမြန်လာပေးဆိုပြီး မီးတောက်ထဲပစ်ထည့်ပေတော့ မှတ်မိလား"

"ဟုတ်ကဲ့ဆရာ မှတ်မိပါတယ်"

၃
၀
၄ - ဝါး၊ ရွက်မှ
၆
၂
၅ - ၁၉ ခွန်း
၁ - မီးခဲထဲ

"ဒါဆို သောကြာတိုင်ထူပေတော့"

"ဟုတ်ကဲ့ ထူပြီးပါပြီ"

"သောကြာတိုင်ရဲ့ဆပွတ်မှာ ဗုဒ္ဓဟူးရွက်လှရွက် အရွက်အရေအတွက် အမြစ်ကြာသပတေးအရ (၁၉)ရွက်မှာ နာမည်ရေးပြီး သူ့ကျတော့ တြိရန်းက တနင်္ဂနွေဆိုတော့ မီးခဲဓာတ် မီးခဲရဲရဲထဲပစ်ထည့်ရမှာ၊ အဲ မောင်သောင်း မင်းငါ့ငွေ ၆၀၀၀ ကျပ်အမြန်လာပေးလို့ ၁၉ ခွန်းပြောပြီး ပစ်ထည့်ရမှာပေါ့ကွ"

"ဟုတ်ကဲ့ဆရာ နာမည်ခေါ် ခေါ်ပြီး ပစ်ထည့်ရတာဆိုတော့ ကျွန်တော်တောင် ကျောချမ်းလာပြီဆရာ"

"ဒါ ဥပမာပြောတာပါကွာ၊ ကဲ စနေတိုင် ဆက်ထူဦး"

၄
၁
၅ - ပျဉ်းမရွက်
၀
၃
၆ - ၂၁ ခွန်း
၂ - ကျောက်ခဲဖိ

"ဟုတ်ကဲ့ဆရာ ထူပြီးပါပြီ"

"ကဲ မောင်စာဆို စာရေးဆရာလေးပြောကြည့်ပါဦး



www.burmeseclassic.com

www.burmeseclassic.com

"အဲ ဆပွတ်ဂြိုဟ်အရ ပျဉ်းမရွက်ယူရပါမယ်"

"ဟုတ်ပြီ အမြစ်ဂြိုဟ်အရ သောကြာဆိုတော့ (၂၁) ရွက်ဟုတ်လား"

"ဟုတ်ကဲ့ဆရာ နာမည်ရေး ရလိုငွေရေး၊ ရလိုရက်စွဲရေး၊ တနင်္လာကြိုရန်းဂြိုဟ်အရ ကျောက်ခဲနဲ့ ဖိမယ်၊ ဆရာ၊ တစ်ရွက်ချတစ်ခါဖိ၊ မောင်တင် ငါ့ငွေ ၆၀၀၀ ကျပ်၊ မြန်မြန်လာပေးဆိုပြီး ဖိပါမယ်ဆရာ"

"ဟုတ်ပါတယ်၊ ပြီး ကိုးရက်ထား၊ ပြည့်ရင်မရသေးထပ်လုပ်၊ ကိုးရက်နား အဲဒီလို ကိုးနှစ်လီ၊ ကိုးသုံးလီသွားရမှာ၊ မင်းကို နေ့ခုနစ်နေ့ အကုန်ရှင်းပြပြီးပြီနော်၊ အင်္ဂလိပ်မှာ ဆရာ့ဆရာတွေ ဦးနှောက်ဉာဏ်ပွင့်အောင်စဉ်းစားပြီး နှောင်းလူများလေ့လာလိုက်စားဉာဏ်ကစားဖို့ထားခဲ့တာ၊ မင်းပေါ့ပေါ့ဆဆတော့ မမှတ်နဲ့၊ ဒီနေရာမှာ ငါဖတ်ဖူး၊ မှတ်ဖူးတာတွေရှိသေးတယ်၊ နည်းနည်းလွဲချော်ရေးကြတာလည်း ရှိချင်ရှိကြမှာပေါ့၊ ကိုယ်ကိုယ်တိုင်က ပေါက်အောင်၊ ရောက်အောင် ဆရာသမားများနဲ့ နည်းခံပြီး ကြိုးစားရမှာပေါ့၊ ဉာဏ်ဝက်ပါပညာကြီးကွနော်၊ စကားရှည်တော့မယ်၊ အားလုံးခြုံပြီး မှတ်လို့ရအောင်ပိုရှင်းတဲ့နည်းလေး ရေးရအောင်ပေါ့"

"ဟုတ်ကဲ့ဆရာ ရေးပါ့မယ်၊ ဆရာဇယားကွက်ချပေးပါ၊ တပည့်ရေးပါ့မယ်ဆရာ"

"ကဲ ဇယားမချမီ (၇)နေ့ အစဉ်အတိုင်းလုပ်ပုံလေး ရေးလိုက်ပါဦးမယ်"

"ကောင်းပါပြီဆရာ"

(၁) တနင်္ဂနွေသား မောင်အေးထံမှ ငွေအကြွေးရလိုသော် ဆီဟိုရွက် (၁၀)ရွက်မှာ ရင်းနာမည်ရေး၊ ရလိုငွေမောက်ရေး၊ ရလိုရက်စွဲရေး မောင်အေး ငါ့ငွေ (××) ကျပ် (××) ရက်အတွင်း အမြန်လာပေး"ဟု ဆယ်ခွန်းပြော၍ တစ်ရွက်ခြင်း ဆားရည်ထဲပစ်ထည့် ကိုးရက်ထား၊ မရသေးထပ်လုပ်။

(၂) တနင်္လာသားမောင်ခင်ထံမှ ငွေအကြွေးရလိုသော် ထန်း၊ မန်ရွက် (၆)ရွက်တွင် နာမည်၊ ငွေ၊ ရက်စွဲရေးအပ်ချည်ဖြင့် စုချည် တွဲလောင်းဆွဲယပ်တောင်ဖြင့် လေပြင်းပြင်းခတ်၍ (မောင်/မ ငါ့ငွေကြွေး (××)ကို (××)ရက် အမြန်လာပေး"ဟု ခြောက်ခါပြော ခြောက်ခါခတ်။

(၃) အင်္ဂါသားသမီး တစ်ဦးဦးထံမှ ငွေကြွေးရလိုသော် အုန်းရွက် (၁၅)ရွက်တွင် နာမည်၊ ငွေရလိုရက်စွဲရေး (မောင်/မ ငါ့ငွေ(××)ကို (××)ရက် အမြန်လာပေးဟု မြေမြှုပ် လက်ဝါးနှင့် ၁၅ ခါပုတ်ပြော။

(၄) ဗုဒ္ဓဟူးသားသမီးတစ်ဦးဦးထံမှ ငွေကြွေးရလိုသော် ကြံ့ကော်ရွက်၊ ကွမ်းရွက် တစ်ခုခုရှစ်ခုတွင် နာမည်၊ ငွေရလိုရက်စွဲရေး (မောင်/မ ငါ့ငွေ(××)ကို (××)ရက် အမြန်လာပေးဟု ရှစ်ခါပြော သဲထဲမြှုပ်ပါ။

(၅) ကြာသပတေးသားသမီးတစ်ဦးဦးထံမှ ငွေကြွေးရလိုသော် ဆီး ၁၉ ရွက်တွင် ရင်းနာမည်ရေး ငွေအမောက်ရေး၊ ရလိုရက်စွဲရေး၊ နာမည်၊ ငွေရလိုရက်စွဲရေး၊ (မောင်/မ ငါ့ငွေ(××)ကို (××)ရက် အမြန်လာပေးဟု ပြော၍ မီးတောက်ထဲပစ်ထည့်ပါ၊ ၁၇ ခါပြောပစ်။

(၆) သောကြာသမီးတစ်ဦးဦးထံမှ ငွေအကြွေးရလိုသော် ရွက်လှ (၁၉)ရွက်တွင် ရင်းနာမည် ငွေအမောက်၊ ရလိုရက်စွဲရေး (မောင်/မ ငါ့ငွေ(××)ကို (××)ရက် အမြန်လာပေးဟုပြော မီးခဲရဲရဲထဲ ပစ်ထည့်ပါ။

(၇) စနေသားသမီးတစ်ဦးဦးထံမှ ငွေကြွေးအမြန်ရလိုသော် ပျဉ်းမရွက် (၂၁)ရွက်တွင် နာမည်ရေး ငွေရလိုရက်စွဲရေး (မောင်/မ ငါ့ငွေ(××)ကို (××)ရက် အမြန်လာပေးဟု တစ်ရွက်စာစ်ခါပြော၍ ကျောက်ခဲကြီးနှင့်ဖိ (၂၁)ခါ ဖိပါ။

"ကဲ မောင်စာဆို မင်းကြွေးတောင်းစရာရှိတဲ့ စနေသားအလိုက် လုပ်စရာရှိတာလုပ်လို့ရပြီမဟုတ်လား"

"ဟုတ်ကဲ့ ကျွန်တော်တစ်ယောက်တည်းတော့မဟုတ်ဘူးဆရာ"

"ဟာ ဘယ်သူတွေပါသေးလို့တုန်းဟ"

"ဆရာ့ပရိသတ်နဲ့ အကုန်အဆင်ပြေပြီ၊ ကျွန်တော်လည်း ကြားညပ်ပြီး လူသိသွားတာပေါ့ဆရာ"

"ဩော် အေး ဒါတော့ဟုတ်တာပေါ့ကွာ၊ ပညာရပ်မှန်သမျှ တစ်ဆင့်ဖြန့်ဝေမှု ဒါနပြုသင့်သကွ၊ ငါလည်း အကြွေးပေးစရာတွေရှိသကွ၊ ဒီယတြာနဲ့ ဇာတ်ဆင်ပြီး ဆရာ့မြန်တောင်းရင်တော့ မောင်စာဆိုရေ"

"ပေးလိုက်တာပေါ့ဆရာရယ် ဘာမှမခက်ပါဘူး"

"တဲ့ မောပြီ လက်ဖက်ရည်သောက်ကြစို့ဟေ့"

"ဆရာ ပိုရှင်းအောင်လေ ဇယားလေးနဲ့ထပ်ပြပေးချင်ပါတယ်ဆရာ"

"ဟာ ကောင်းတာပေါ့ မောင်စာဆိုရယ် ကဲ ကဲ ဇယားကွက်ချပြီး လိုက်ရေးဗျာ"



www.burmeseclassic.com

www.burmeseclassic.com

ဆရာကြီး ဦးဆန်းဝင်းပြသော ဇယားအား စာရေးသူ ကူး၍ အများသူငါ မှတ်သားရန် ဖော်ပြပါသည်။

ပိုမိုရှင်းလင်းစွာ လေ့လာနိုင်ရန် ဇယား

| နာမည်စာလုံး | ရေးရန် | ပြောရန် | ပြုလုပ်ရန် |
|---|---|---|---|
| အ-ဉ | သိဟိုဠ် | ၁၀-ခွန်း | ဆားဖျော်ရည်ထဲပစ်ထည့် |
| က၊ ခ၊ ဂ၊ ဃ၊ င | ထုန်း၊ ခနိ | ၆-ခွန်း | ယပ်လေခတ် |
| စ၊ ဆ၊ ဇ၊ ဈ၊ ည | အုန်း | ၁၅-ခွန်း | မြေမြှုပ်လက်နှင့်ပုတ် |
| ယ၊ ရ၊ လ၊ ဝ | ကြံ၊ ကွမ်း | ၈-ခွန်း | သဲထဲမြှုပ် |
| ပ၊ ဖ၊ ဗ၊ ဘ၊ မ | ဆီး | ၁၇-ခွန်း | မီးတောက်ထဲပစ်ထည့် |
| သ၊ ဟ | ရွက်လှ | ၁၉-ခွန်း | မီးခဲရဲရဲထဲပစ်ထည့် |
| တ၊ ထ၊ ဒ၊ ဓ၊ န၊ ဌ | ပျဉ်းမ | ၂၁-ခွန်း | ကျောက်ခဲကြီးနှင့်ဖိ |

အထက်ပါ အစီအရင်များအား ညတိတ်ဆိတ်ချိန် ပြုလုပ်ရန်ဖြစ်ပြီး လုပ်ပြီးပါက အနည်းဆုံး (၉)ရက်စောင့်၊ နေဘာ မရသေး ထပ်လုပ်၊ (၉)ရက်စောင့်၊ စသည်ဖြင့် (၂၇) (၉ × ၃ လီ) အတွင်း သို့မဟုတ် တစ်လအတွင်း ပေးလာပါလိမ့်မည် ဖြစ်ကြောင်း ဆရာ ဆရာမများ၏ နည်းကောင်းများအား မှတ်သားဆောင်ရွက်နိုင်ရန် လေးလေးနက်နက် စေတနာဖြင့် ဆရာကြီးမှတစ်ဆင့် ရေးသားရပါသည်။ အကျိုးများနိုင်ကြပါစေ။

မောင်စာဆို(ကျုံ့)

□








www.burmeseclassic.com

ww.burmeseclassic.com



# ဓမ္မစေတီမင်း၏ စိန္တာမဏိ ဂါထာတော်

မင်းသန်းဒိုင်(ကွမ်းခြံကုန်း)

ဗုဒ္ဓဘာသာဆိုင်ရာ ပါဠိတော်များမှာ မြတ်စွာဘုရား ရှင်သည် မဟာသက္ကရာဇ် ၁၀၃ ခု ကဆုန်လပြည့်နေ့၌ ဘုရား အဖြစ်သို့ ရောက်ရှိတော်မူပြီးနောက် ပထမဦးဆုံး ကျူးရင့် တော်မူသော အနေကဇာတိသံသာရံ အစရှိသော ဂါထာ တော်လာ ဝမ်းမြောက်ကြောင်းဥဒါန်းစကားသည် ပထမဝစန (ပထမ) စကားတော် ဖြစ်လေတော့သည်။

မဟာသက္ကရာဇ် ၁၄၈ ကဆုန်လပြည့်နေ့ ပရိနိဗ္ဗာန် ပြုတော်မူခါနီး သုဘဒ်ရဟန်းအား အကြောင်းပြု၍ နောက်ဆုံး



www.burmeseclassic.com

www.burmeseclassic.com

မြွက်ကြားတော်မူသော ဟန္ဒဒါနိဘိက္ခဝေ အစရှိသော ဂါထာတော်လာ အပ္ပမာဒ သတိတရားဖြင့်နေကြရန် မိန့်မှာစကားတော်သည် ပစ္ဆိမဝစန (နောက်ဆုံး) စကားတော်ဖြစ်သည်။

ယင်းစကားတော်နှစ်ရပ်မှ ကြွင်းသောတရားတော်တို့သည် မြတ်စွာဘုရားရှင်၏ ၄၅ ဝါပတ်လုံး သတ္တဝါတို့၌ကိန်းနေသော အနုသယကိလေသာနှင့် သတ္တဝါတို့၏ ဣန္ဒြေ အနုအရင့် အားလျော်စွာ ထိုက်သလို ဟောကြားတော်မူခဲ့သော တရားတော်များသည် မဇ္ဈိမဝစန (အလယ်) တရားတော်များ ဖြစ်သည်။

ဤသို့ မြတ်စွာဘုရားကိုယ်တော်တိုင် အစ၊ အလယ်၊ အဆုံး ဌာနသုံးပါးဖြင့် ဟောကြားတော်မူခဲ့သော တရားတော်များကို ပါဠိတော်ဟု ခေါ်ဆိုတော်မူသည်။ ထိုသို့ ရွတ်ဖတ်သရဇ္ဈာယ်အပ်သော အပိုင်းအခြား ဘာဏဝါဒ အားဖြင့် တစ်ထောင့်တစ်ရာရှစ်ဆယ်သုံးဝါဒ ရှိသည်။ တရား အစိတ်အပိုင်းဝါဒအားဖြင့် ကိုးပါးရှိသည်။

၁။ သုတ္တန်. . . သုတ်အမည်ဖြင့် သီကုံးဟောကြားတော်မူသော ဒေသနာတော်။

၂။ ဂေယျ. . . ဂါထာသီကုံးဖွဲ့ဆို ဟောကြားတော်မူသော ဒေသနာတော်။

၃။ ဝေယျာကရဏ. . . များသောအားဖြင့် ဂါထာများ မသီကုံးဘဲ စိတ်ဖြာဝေခွဲ၍ ဟောကြားတော်မူသော ဒေသနာတော်။

၄။ ဂါထာ. . . ဓမ္မပဒစသော ဂါထာသက်သက် ဟောကြားတော်မူသော ဒေသနာတော်။

၅။ ဥဒါန်. . . ဝမ်းမြောက်ခြင်း စသည်များနှင့်စပ်လျဉ်း၍ ကျူးရင့်မြွက်ကြားတော်မူသော ဒေသနာတော်။

၆။ ဣတိဝုတ္တက . . . ရှေးမြတ်စွာဘုရား၏ စကားတော်မြတ်တို့ကို ကိုးကား၍ ဟောကြားတော်မူသော ဒေသနာတော်။

၇။ ဇာတက. . . ရှေးဘဝများစွာတို့၏ ဖြစ်ဖူးသော အတ္ထုပ္ပတ္တိတို့ကို ဟောကြားတော်မူသော ဒေသနာတော်။

၈။ အဗ္ဘုတဓမ္မ. . . အံ့ဖွယ်အကြောင်းအရာများ ဟောကြားတော်မူသော ဒေသနာတော်။

၉။ ဝေဒလ္လ. . . နှစ်သက် ဝမ်းမြောက်ခြင်းများနှင့် စပ်လျဉ်း၍ မေးအပ်သော ပုစ္ဆာတို့ကို ဖြေကြားတော်မူသော ဒေသနာတော် တို့ဖြစ်သည်။

ဂါထာတို့သည် ဗုဒ္ဓဖဝနတ္တပါဠိတော်များဖြစ်ပြီး ဗုဒ္ဓစာပေတို့ကို နှံ့စပ်ကျွမ်းကျင်သော ပုဂ္ဂိုလ်ကြီးတို့သည် ဂါထာတော်များ ရေးဖွဲ့သီကျူးခြင်း အပရေဆရာများအဖြစ် လက်ခံရွတ်ဖတ် ပူဇော်ကြသည်။

မြန်မာသက္ကရာဇ် ၄၇၁ မှ ၄၉၂ ခုနှစ်အထိ သာသနာပြု လောကီ လောကုတ် နှစ်ဌာနနှံ့စပ်သော ဓမ္မစေတီမင်း အစီအရင်ဖြစ်သည့် စိန္တာမဏိဂါထာတော် ရေးသားထားသော ရွှေပြားတည်ရှိရာ ပဲခူးရွှေမော်ဓောစေတီထီးတော်ရှိ ဂါထာတော်မြတ်ကြောင့် ဆုတောင်းအလွန်ပြည့်သည့် ကောင်းမှုကောင်းကျိုးများ ပြီးပြည့်စုံကြသည်။

စေတီယင်္ဂနရတနတ္တ ရတနာမြတ်သုံးပါး ဗုဒ္ဓ၊ ဓမ္မ၊ သံဃ၊ တစ်ထပ်တည်း ပူဇော်ရာဟူ၍ အထူးပြုဂါထာတော်ဖြစ်သည်။ (စေတီတော်)ပူဇော်သော ဂါထာတစ်ပုဒ်ဖြစ်သည်။

## စိန္တာမဏိဂါထာတော်

စိန္တာမဏိရတနာဏိ ဗုဒ္ဓံ ဗုဒ္ဓရတနာနံ၊
ကရံကရတိ သရဏံ ဒီပ္ပမေဝ သမိဇ္ဈတု။
စိန္တာမဏိရတနာဏိ ဓမ္မံ ဓမ္မရတနာနံ၊
ကရံကရတိ သရဏံ ဒီပ္ပမေဝ သမိဇ္ဈတု။
စိန္တာမဏိရတနာဏိ သံဃံ သံဃရတနာနံ၊
ကရံကရတိ သရဏံ ဒီပ္ပမေဝ သမိဇ္ဈတု။

မင်းသန်းနိုင်(ကွမ်းခြံကုန်း)

□





www.burmeseclassic.com

www.burmeseclassic.com

# ပညာသင်ကြား တတ်မြောက်လိုလျှင်

ဆရာသက္က



လောကမှာ အစစအရာရာ ရာနှုန်းပြည့် အဆင်ပြေသည် မရှိပေ။ အနည်းနှင့်အများ အခက်အခဲကိုယ်စီ ရင်ဆိုင်ရပေမည်။ လုပ်သမျှ အဆင်မပြေလျှင် ဒုက္ခဟု မညည်းမညူဘဲ ဖြေရှင်းနိုင်ရပေမည်။ အားလုံး အဆင်ပြေချောမွေ့နေမည်ဆိုလျှင် ဒုက္ခ ဘယ်မှာရှိမည်နည်း။

ယခု ဒုက္ခကို အဖော်ပြုလာသူကတော့ ဒေါ်သန်းရီပင် ဖြစ်သည်။ ဒေါ်သန်းရီသည် လောဘကြီးသူဟုပြောလျှင် လွန်အံ့မထင်၊ အရာရာမှာ လိုချင်စိတ်ရှိသည်၊ အမြတ်မီး သူများထက်သာမှ ကျေနပ်သူပင် အမြတ်မီး စကားပြောရာမှအစ အသာစီးမှပြောချင်သူ။

အဆိုပါ ဒေါ်သန်းရီ ကျွန်ုပ်ထံသို့ နံနက်စောစော သူ့ဒုက္ခကြီးကို ကျွန်ုပ်ထံသို့ လွှဲပေးနေသည်။ သူ့အတွက်သာ ကြည့်သည်၊ တစ်ပါးသူ လုပ်ငန်းအခြေအနေကို လုံးဝထည့်မတွက်၊ သူ့ဒုက္ခကိုသာ ရှေ့တန်းတင်သည်။ အိမ်သို့ရောက်သည်နှင့်မထိုင်ဘဲ ကျွန်ုပ်အား -

"ဆရာကျော် ကျွန်မကို ကူညီပါဦး" ဟု ပြောလေ၏။

ကျွန်ုပ်လည်း သူမအား -

"ကဲ ဒေါ်သန်းရီ ထိုင်ပါဦးဗျာ၊ ဖြည်းဖြည်းပြောလည်း ရပါတယ်၊ ခင်ဗျား နောက်က ကျားလိုက်လာတယ်ထင်တယ်"

ထိုအခါ ဒေါ်သန်းရီ ကုလားထိုင်ပေါ် ထိုင်ပြီးလျှင် -

"ကျားလိုက်လာတာက ကြောက်စရာ မဟုတ်ဘူး ဆရာကျော်၊ ခုဟာက ကျွန်မ မြေးလေးအတွက် အရေးကြီးတာ၊ သူ့ဘဝအတွက်၊ သူ့ဘဝအတွက်"

"ပြောပါ ဒေါ်သန်းရီ ခင်ဗျားမြေးတွေကများတော့ ဘယ်သူ့ဘာဖြစ်လို့လဲ ရှင်းရှင်းပြောစမ်းပါ"

ကျွန်ုပ်စကားသံ ဆုံးလျှင် -

"ဟုတ်ကဲ့ ဟုတ်ကဲ့၊ အဲဒါသာကြည့်တော့ဆရာရေ သူတို့အတွက်ဆို ကျွန်မ ခြေမကိုင်မိ၊ လက်မကိုင်မိပဲ၊ အခုဟာက မြေးအလတ်ကောင်ပါ၊ သူဒီနှစ် ၁၀ တန်းဖြေရမှာ အခုတည်းက မောင်းတင်ထားမှ တော်ကာကြမှာ၊ အခု ဆရာရယ် သူ့အသက်အရွယ်နဲ့ စာကျက်ရင် ကျက်တုန်းခဏပဲရတယ် အတော်ကြာ မေ့သွားတယ်လို့ပြောတယ် ဆရာ"

www.burmeseclassic.com

"အဲဒီတော့ ကျုပ်က"

"ပြောမယ်ဆရာ၊ သူဒီလိုမေ့နေရင် ၁၀ တန်း ဘယ်လို အောင်မှာလဲ ဆရာ၊ သူစာမေးပွဲကျရင် ကျွန်မလည်း ရောဂါရပြီး သေသွားနိုင်တယ်ဆရာ"

"ဒါတော့ ဒေါ်သန်းရီ ခင်ဗျား အကူအညီတောင်းတာ မှားနေပြီ၊ ကလေးဆရာမနဲ့တိုင်ပင်ပြီး လိုအပ်တာတွေ အကူအညီတောင်းပေါ့၊ ဒေါ်သန်းရီတို့ ချမ်းသာတာပဲ၊ ကျူရှင်ကောင်းကောင်းထား၊ အနီးကပ် ဂိုက်ဆရာ၊ ဆရာမငှားလိုက်ရင် အောင်နိုင်ပါတယ်၊ ဒါပေမဲ့ ကာယကံရှင် ခင်ဗျားမြေးကလည်း ကြိုးစားဖို့လိုတယ်၊ သူလိုချင် တတ်ချင်တဲ့ဆန္ဒရှိမှရမယ် ကျုပ်ကတော့ ဒါပဲ အကြံဉာဏ်ပေးနိုင်မယ်ဗျာ"

ကျွန်ုပ်လည်း ဒေါ်သန်းရီနားလည်ရန် ရှင်းပြလိုက်သည်။ ကျွန်ုပ် ရှင်းပြသည်ကို သိပ်မကျေနပ်သည့်ဟန် သူမျက်နှာမှာ ပေါ်နေသည်။ ခဏကြာမှ -

"ဆရာကျော် ပြောတာလည်း မှန်ပါတယ်၊ ဒါပေမဲ့ ဆရာရယ်၊ မနှစ်က မအေးမိသမီးလေး ဆယ်တန်းဖြေတုန်းက ဆရာလုပ်ပေးလိုက်တာ နှစ်ချင်းအောင်ပြီး ဂုဏ်ထူး တစ်ဘာသာတောင်ပါတယ်လို့ မအေးမိက ကျွန်မကိုပြောတယ်၊ 'မသန်းရီ ရှင် ဆရာ့ဆီသွား အကူအညီတောင်းပါ' ဆိုလို့ လာတာပါဆရာ၊ ကူညီပေးပါဆရာရယ်၊ ကျွန်မ ဆရာ့ကျေးဇူးကို မမေ့ပါဘူး တကယ်ပါ"

ကျွန်ုပ် ဒေါ်သန်းရီ စကားဆုံးလျှင် ရယ်မောလျက်-

"ဩော်- ဘာများလဲလို့ ဒေါ်သန်းရီရယ်၊ ကျုပ် မအေးမိသမီးလေးကို အဆောင်လက်ဖွဲ့ပေးတာမဟုတ်ပါဘူးဗျာ၊ သူ့သမီးလည်း ခင်ဗျားသားလိုပဲ စာကျက်လိုက် မေ့လိုက်ဖြစ်နေလို့ ကျုပ်စာကျက်လို့လွယ်ကူအောင် ရဟန္တာအရှင်မြတ်ရှင်သီဝလိ ဂါထာတော်ကို ပေးလိုက်တာပါ၊ အဲဒီဂါထာပါဠိအနက်ကို ညက်ညက်ကြေအောင် ကျက်မှတ်ရွတ်ဖတ်ပြီး နေ့စဉ်ပွားများပေးရင် အရင်လိုစာကျက်ပြီး မမေ့တော့ဘူး၊ ကျက်သမျှ မှတ်မိရသွားတော့ စာမေးပွဲဖြေနိုင်ပြီး အောင်မြင်သွားတာပေါ့ဗျာ"

ကျွန်ုပ် စကားဆုံးလျှင် ပြုံးရွှင်သောမျက်နှာဖြင့် - ဒေါ်သန်းရီ အားရဝမ်းသာစွာဖြင့် -

"အဲ့ဒါကို ပြောတာဆရာ၊ ကျွန်မ မပြောတတ်လို့ပါ၊ ကျွန်မမြေးလေးကို အဲဒီဂါထာလေးချီးမြှင့်ပါ ဆရာ"

"ရပါတယ်ဗျာ ဒီဂါထာလေးကို ပေးပါ့မယ်၊ အခြား ဘဝတူ အမေ၊ အဖေတွေကိုလည်း ဝေငှလက်ဆင့်ကမ်းလိုက်ပါ၊ ကျောင်းသား ကျောင်းသူများရော၊ အခြားသက်မွေးပညာသင်ကြားသူများရော သုံးနိုင်ပါတယ်၊ အသုံးပြုတတ်ရင် အကျိုးများပါတယ်၊ ဒီဂါထာလေးကို နံနက်၊ နေ့လယ်၊ ည အမြဲရွတ်ဖတ်ပူဇော်နိုင်လျှင် ပို၍ကောင်းတယ်ဗျာ၊ အနည်းဆုံး မနက်သုံးခေါက်၊ နေ့သုံးခေါက်၊ ညသုံးခေါက် ပါဠိအနက် ရွတ်ဖတ်ပူဇော်ပါ၊ အကျိုးထူးပေးပါလိမ့်မယ်၊ ကျုပ်ရေးထားတာရှိတယ် ယူသွား ဟုတ်ပြီလား"

"ကျေးဇူးကြီးလှပါတယ် ဆရာ"

"ပညာ သင်ကြားတတ်မြောက်လိုလျှင်"

သီလဝိ စ မဟာထေရော၊
ဒေဝမနုဿ ပူဇိတော။
လာဘ သက္ကာရ ဠာနေသု၊
အဂ္ဂပတ္တော မဟာပညော။
သောဓမံ အနုပါလေတု၊
ပညံမေ ဒေတုသဗ္ဗဒါ။

ဒေဝမနုဿ ပူဇိတော- လူနတ်အများတို့ ညွတ်တွားကော်ရော်ပူဇော်အပ်သော၊ သီဝလိ - အရှင်သီဝလိ အမည်တော်ရှိသော၊ မဟာထေရောစ - ရဟန္တာမထေရ်မြတ်ကြီးသည်ကား၊ လာဘသက္ကာရ ဠာနေသု - လာဘ်ပူဇော်သကာလွန်စွာများမြတ်သောအရာတို့၌၊ အဂ္ဂပတ္တော - သူ့သာလျှင်အမြတ်ဆုံးဟုရွှင်ပြုံးကြည်သာ မဟာသာဝက စာရင်းဝင် မိန့်ခွန်းတော်ဆင်ခဲ့သည်၊ အရှင်မြတ်တစ်ပါးဖြစ်တော်မူ၏၊ မဟာပညော- သစ္စာလေးဆင့်လင်းအောင်ဖွင့်သည့် မြင့်မြတ်သောဉာဏ်ပညာဂုဏ်နှင့်လည်း ပြည့်စုံတော်မူပါပေ၏။ သောဓ ထိုရှင်သီဝလိ မထေရ်မြတ်ကြီးသည်၊ မံ - အကျွန်ုပ်ကို၊ အနုပါလေတု - အစဉ်သဖြင့် ပညာရင့်အောင်၊ အသင့်လွယ်ကူစောင့်ရှောက်တော်မူပါစေသတည်း၊ သဗ္ဗဒါ - အခါခပ်သိမ်းမေ - အကျွန်ုပ်အား၊ ပညံ - သင်ကြားအပ်သော အတတ်ပညာ ဉာဏ်ရောင်ဝါကို၊ ဒေတု - ပေးသနားတော်မူပါအရှင်ဘုရား။

ဒီဂါထာနဲ့ အနက်ကို ရအောင်ကျက်၍ ရွတ်ဆိုပူဇော်ခြင်းဖြင့် ပညာရေးရင့် ပွဲလယ်တင့်နိုင်ကြပါစေ၊ ပညာအောင်ပန်းပွင့်လန်းဝေဖြာကြပါစေ။

လိုအင်ဆန္ဒပြည့်ဝကြပါစေ။

ဆရာသ[illegible]

□



www.burmeseclassic.com

www.burmeseclassic.com

# လျှပ်တစ်ပြက် လက္ခဏာဗေဒ ကြားခြင်း




ဆရာ
ဦးခန့်ကျော်

**သင့်လက်ဝါးပြင်ရှိ အရေးကြောင်းများနှင့် တိုက်ဆိုင်စစ်ဆေးကြည့်ခြင်းအားဖြင့် ဟောခိုချက်များကို လျှပ်တစ်ပြက်အတွင်း သိရှိနိုင်မည်ဖြစ်သည်။**

(ယခင်လမှ အဆက်)

## အသက်လမ်းကြောင်း

## Life Line

၂။ အသက်လမ်းကြောင်းနှင့် အပြိုင်ရှိနေသော လမ်းကြောင်းတစ်ခုသည် သောကြာဂြိုဟ်ခုံ အောက်ဘက်တွင် အခြေပြုပြီး အင်္ဂါဂြိုဟ်ခုံ အောက်ဘက်သို့ မြင့်တက်သွားပါလျှင် -

သင့်အနေဖြင့် ဂရုတစိုက် အလေးပေး ဆက်ဆံသော်လည်း သင် လွှန်စွာစိတ်ဝင်စား၊ အလေးဂရုပြု၍ အထင်ကြီးသူများ အားလုံးတို့သည် သင့်အား ဖယ်ခွာသွားကြမည်ဖြစ်သည်။ သင့်အနေနှင့်မူ သင့်ကိုယ်သင် အသေအချာ အလေးဂရုထားခြင်း၊ ဂရုစိုက်ခြင်းများဖြင့် အကောင်းဆုံးသော အပြုအမူများ စွဲကပ်ကာ ရှိနေမည်ဖြစ်သည်။ ဤသို့ မိမိဘက်မှ ပြစ်ချက်မရှိသော်လည်း အဆိုပါပုဂ္ဂိုလ်များက သင်နှင့် ခပ်ဝေးဝေးနေကြပေမည်။ သင်က အဆိုပါပုဂ္ဂိုလ်များ အပေါ် ပြန်လည်အောင်နိုင်အောင် ကြိုးစားမည်ဖြစ်ပြီး ဤသို့ ကြိုးစားလုပ်ဆောင်ခြင်းကို မလုံလောက်သေးဟု ထင်မြင်ခံစားနေသည်။ ခိုင်မာတောင့်တင်းသော ကိုယ်ပိုင် အောင်မြင်မှုတစ်ခု ရရှိခံစားနိုင်အောင် သင့်အတွက် အလှည့်



www.burmeseclassic.com

www.burmeseclassic.com



အပြောင်း တစ်ခု၊ အခွင့်အရေး တစ်ခု တစ်ဖန် ပြန်ရလာမည် ဖြစ်သည်။


၂၂။ သင်၏ အသက်လမ်းကြောင်းတွင် အကျိုးအပြတ် နေရာတစ်ခု ပါရှိနေပါလျှင် -




သင့်ဘဝ၏ မကောင်းမွန် မသာယာမှု၊ အဆင်မပြေမှု ရှိခဲ့သော ကာလများကို သင်၏မှတ်ဉာဏ်က အောက်မေ့ သတိရမှုများ ဖြစ်နေပြီး ဤသို့သော ခံစားချက်များကို တွန်း လှန်ပစ်ခြင်း မပြုသောကြောင့် သင်၏ကိုယ်ခန္ဓာနှင့် စိတ် အစဉ်တွင် နက်ရှိုင်းစွာ အမြစ်တွယ် ဝင်ရောက်နေပေမည်။ အမှန်ကို ဝန်ခံရမည်ဆိုလျှင် စိတ်လက်မသက်မသာသော အခြေအနေများ၊ ကာလများကို ကြာရှည်စွာ ကြုံတွေ့ခံစား ရမှုများကို သည်းခံ၍ ရင်ဆိုင်ဖြတ်သန်းခဲ့ရသည်။

သင်၏ဘဝတွင် အရောင်နှစ်မျိုး ဆိတ်သုဉ်းသကဲ့သို့ အခြေအနေဆိုးနှစ်ရပ်နှင့် ကြုံရဆုံရမည်။ ပထမ အခြေအနေ ဆိုးမှာ သင်၏ နေ့စဉ်ကြုံတွေ့ဖြတ်သန်းရသော ပတ်ဝန်းကျင် သည် ချစ်ခင်စရာ မကောင်း၊ နှစ်သက်ချင်စရာ မကောင်းပေ။ ဒုတိယအချက်မှာ သင်၏စိတ်ထဲတွင် ဘဝ၏ စိတ်လှုပ်ရှား ဖွယ်ရာ၊ ရင်ခုန်စရာကောင်းသည့်အရာများမှာ သင့်အတွက် လွင့်ပါးပျောက်ကွယ်သွားကြပြီဟု ထင်မြင်ခြင်းဖြစ်သည်။ ဘဝ သစ်တစ်ခုလုံး၏ ပုံစံနှင့် ဘဝပေါ်တွင်မြင်သည့် သင်၏အမြင် မှာ ရှေ့နောက်ညီညွတ်ပြီး အစီအစဉ်တကျဖြစ်ကာ တစ်ခုနှင့် တစ်ခု ရှေ့ဆင့်နောက်ဆင့် ပေါ်ပေါက်လာမည်ဖြစ်သည်။

၂၃။ သင်၏ ကျိုးပျက်နေသော အသက်လမ်းကြောင်းအား ညီအစ် လမ်းကြောင်းငယ်ကလေးများက အားဖြည့် ပြုပြင်ပေးထားပါလျှင် -





အဘက်ဘက်မှနေ၍ ပေါ်ပေါက်လာနေသော ခက် ပင်ပန်းရမှုများ၊ ဘဝခရီး ကြမ်းတမ်းနေမှုများ၊ သေ ပြီးဆုံးမည်ကဲ့သို့ တွယ်ကပ်နေသော ဒုက္ခအခက်အခဲမျာ "နှုတ်ဆက်လိုက်ပါတယ်" ဟု ပြောရန်သာ ရှိတော့သ ပျော်ရွှင်စရာကာလကို သွားရမည့် သင်၏ ဘဝခရီးလမ်း ပိတ်ဆို့ထားခြင်း မရှိဘဲ ဖွင့်ပေးထားလိုက်ပြီ ဖြစ်သ ညီအစ်မအကူလမ်းကြောင်းငယ်လေးများက သင်၏ များ၊ ဒုက္ခခံစားရမှုများကို လျော့ပါး သက်သာ ဤအထောက်အကူပြု လမ်းကြောင်းများက အတိတ်

www.burmeseclassic.com


သော မနှစ်မြို့ မသာယာခဲ့သည့် အတိတ်ကို ဖာထေးပြုပြင်ပေးသကဲ့သို့ရှိသည်။ ကောင်းမှုနှင့် မကောင်းမှုများ ညီမျှသွားသောအခါတွင် ကံကောင်းခြင်းများ ဖြစ်ပေါ် လာပေမည်။ ကံကြမ္မာဘီး တစ်ပတ်ပြန်လည်လာပြီဖြစ်သဖြင့် စိတ်တွင် ချိတုံချတုံမဖြစ်ဘဲ အခွင့်အရေးကို ဖမ်းဆုပ်ယူငင်ရန် ကြိုးပမ်းရမည် ဖြစ်သည်။ ဤအခွင့်အရေးကာလ မည်မျှပင်တိုတောင်းလှသည် ဖြစ်စေကာမူ သင်၏ ကံကြမ္မာအပြောင်းအလဲမှာ ကျိန်းသေဖြစ်ပေါ်မည်သာ ဖြစ်ပေသည်။

**၂၄။ သင်၏အသက်လမ်းကြောင်း ကျိုးပြတ်နေသောနေရာ၌ လေးထောင့်ကွက်တစ်ခုက ဖြည့်စွက်ပေးထားသကဲ့သို့ ဖြစ်ပေါ်နေပါလျှင်-**



လေးထောင့်ကွက်၏ အကာအကွယ်ပေး လွှမ်းမိုးထားမှုများကြောင့် တစ်ချိန်ပြီးတစ်ချိန်ပေါ် ပေါက်လာသော သင်၏ ဘေးအန္တရာယ် ဟူသမျှတို့သည် သင့်ထံ မဝင်ရောက်နိုင်ဘဲ ရှိမည်။ အခြားသော ပုဂ္ဂိုလ်များက ကန့်လန့်ကာနောက်ကွယ်မှနေ၍ သင့်အား ပျော်ရွှင်အောင် ကြိုးစားဆောင်ရွက်ပေးကြပေလိမ့်မည်။ ထုထည် အဆောက်အအုံ ကြီးမားသော နာကျင်မှုများကို သင်က ခံနိုင်ရည်ရှိပြီး ထိခိုက်ဒဏ်ရာရရှိမှု မရှိဘဲ ဘေးဒုက္ခမှ နောက်ပြန် ခုန်ထွက်နိုင်မှုများလည်း ရှိသည်။ လေးထောင့်ကွက်သည် ရုပ်ပိုင်းဆိုင်ရာ အန္တရာယ်ကျရောက်မှုများ၏ အကာအကွယ်ဖြစ်ကာ၊ နေမကောင်းမှုများမှ လည်းကောင်း၊ မတော်တဆ ထိမိခိုက်မိမှုများမှ လည်းကောင်း၊ ကျန်းမာရေး အပြည့်အဝ ပြန်ကောင်းလာစေရန်အတွက် လည်းကောင်း အထောက်အကူပြုသည်။

**၂၅။ သင်၏အသက်လမ်းကြောင်းအဆုံးတွင် တြိဂံတစ်ခု ရှိနေပါလျှင်-**




သင်သည် စစ်မှန်သော သံတမန်တစ်ဦးဖြစ်သည်။ ရရှိသော အခွင့်အရေးမှန်သမျှကို အသုံးချလျက် ပြဿနာအသီးသီးကို သိပ္ပံနည်းကျ ဖြေရှင်းဆောင်ရွက်တတ်သည်။ မတူညီမှုများကို ဖြေရှင်းဆောင်ရွက်ပေးရသော ကိစ္စရပ်များတွင် သင်၏စွမ်းရည်များမှာ အခြားသူများ ယှဉ်မရလောက်အောင် ကောင်းသည်။ တစ်ချိန်ချိန်တွင် သင့်အား မီဒီယာများက အာရုံစိုက်ခြင်းပင် ခံရဖွယ်ရှိသည်။ သင်၏ မိတ်ဆွေများမှာ သင့်ထံပါး၌ ကပ်၍နေကြသည်။ အဘယ့်ကြောင့်ဆိုသော် သူတို့ လေးစားတန်ဖိုးထားသော အရာများ၊ ကိစ္စရပ်များတွင် သင်က အခိုင်အမာ အကူအညီပေးသောကြောင့် ဖြစ်သည်။ သင့်တွင်ရှိသော အရည်အချင်းများကို တွေ့မြင်သိရှိလျက် သင်နှင့် မရင်းနှီးဖူးသော လူစိမ်းများသည်ပင်လျှင် သင့်ဆီသို့ အကူအညီတောင်းရန် ခြေဦးလှည့်လာမည်ဖြစ်သည်။

**၂၆။ ကြိုးမျှင်ကဲ့သို့ ဖွာထွက်သောလမ်းကြောင်းများသည် သင်၏ အသက်လမ်းကြောင်းအဆုံးတွင် ရှိနေလျှင်-**

သင်၏စိတ်ပိုင်းဆိုင်ရာ အားထုတ်မှုများသည် စီမံကိန်းများ၊ ရည်မှန်းချက်များဖြင့် ရှည်လျားဝေးလံ ကျယ်ပြန့်လျက်ရှိသည်။ အဆိုပါ အားထုတ်မှုများသည် ကနဦးကာလတွင်ပင် ပြစ်တင်ပြောဆိုမှုကို ခံရခြင်း၊ ကဲ့ရဲ့မှုကို ခံရခြင်းများ ကြုံတွေ့ရပေမည်။ သင့်အနေဖြင့် ပြင်းထန်နိုင်သမျှ ပြင်းထန်သော အချိန်အဟုန်ဖြင့် ကြိုးစားလုပ်ကိုင်ဆောင်ရွက်သော်လည်း



www.burmeseclassic.com

www.burmeseclassic.com





သင်၏ အားထုတ်ကြိုးပမ်းမှုသည် အခြားသောသူများထက် ပိုမိုပြင်းထန်ခြင်းမရှိလျှင် အသေးအဖွဲမျှသာ အကောင်အထည် ဖော်သည့်အရာဟု သင်က ထင်မြင်ယူဆပေမည်။

အဆုံးစွန်(သော ကျရှုံးမှုများက သင်၏ အားထုတ်ကြိုးပမ်း ဆောင်ရွက်မှုများကို ဦးတည်ချက်တစ်မျိုးတည်းကိုသာ အားသွန်ကြိုးပမ်းလုပ်ကိုင်ရန်၊ စီမံကိန်းတစ်ခုတည်းကိုသာ ဦးတည်ဆောင်ရွက်ရန် တိုက်တွန်းအားပေးမည် ဖြစ်သည်။ အာရုံပျက်ခြင်း၊ အာရုံနောက်ခြင်းတို့သည် သင်၏ အကြီးမားဆုံးသော ရန်သူဖြစ်သည်။ ရှေ့ကိုသာ တည့်မတ်စွာ ကြည့်ပါ။ ဘယ်ကိုသော် လည်းကောင်း၊ ညာကိုသော် လည်းကောင်း မကြည့်ပါနှင့်။


**၂၇။ သေးငယ်သော ခက်ရင်းခွသဖွယ် လမ်းကြောင်းငယ်သည် သင်၏ အသက်လမ်းကြောင်းအောက်ခြေတွင် ပေါ်ပေါက်ကာ အခြေပြုနေပါလျှင်-**

ဤအမှတ်အသားလမ်းကြောင်းသည် စာဖတ်ဝါသနာထုံသောသူများ၊ စာရေးခြင်း၊ ထိုင်၍ အလုပ်လုပ်ရခြင်းနှင့် စဉ်းစားတွေးခေါ်ရခြင်း စသည်တို့နှင့်ဆက်စပ်ပတ်သက်သော လူပုဂ္ဂိုလ်အများစုတွင် တွေ့ရလေ့ရှိသည်။ အသက်အရွယ်ကြီးရင့်လာသည်နှင့်အမျှ ဆက်လက်ရှင်သန် ရပ်တည်နိုင်စွမ်းမှာ လျော့ကျ၍လာသည်။ အဘယ်ကြောင့်ဆိုသော် ပုံမှန်အားစိုက်လုပ်ဆောင်ရသော ရုပ်ပိုင်းဆိုင်ရာ လှုပ်ရှားမှုများ လိုအပ်နေသောကြောင့်ဖြစ်သည်။သင်လိုလားတောင့်တသော မျှော်မှန်းချက်များကိုရယူရန် အားထုတ်ရာတွင် စွန့်စားရသော အတွေ့အကြုံမျိုးကို သင်က နှစ်သက်သဘောကျသည်။




သို့သော် သင့်အနေဖြင့် ရဲဝံ့စွာဆောင်ရွက်နိုင်မည့် သတ္တိမရှိချေ။ စွန့်စားမှုများကို ရင်ဆိုင်ရန် ကြောက်လန့်ခြင်း မရှိကြောင်း သင့်အနေဖြင့် တစ်ကြိမ်တစ်ခါ သက်သေထူပြနိုင်သော အနေအထား သင့်တွင်ရှိလျှက် ဤသို့သောအခြေအနေသည် သင့်ဘဝတစ်ခုလုံး၏ "ဘဝသစ် ခရီးအစ" ဖြစ်သည်ဟု အဓိပ္ပာယ်ကောက်ကာ ယူဆရမည် ဖြစ်ပေတော့သည်။

**၂၈။ သင်၏ အသက်လမ်းကြောင်းအဆုံးတွင် ကြက်ခြေခတ်တစ်ခု ပါရှိ၍နေပါလျှင် -**





ဤသို့သော လက္ခဏာအနေအထားက ညွှန်ပြ... သည်မှာ သင်သည် အကြင်နာတရားရှိသောသူ၊ ထူး...

www.burmeseclassic.com


စွမ်းရည်နှင့် ပါရမီထူးရှိသောသူ၊ ခွန်အားပြည့်ဝသောသူ ဟူ၍ ဖြစ်သည်။ သင်၏နောက်ကွယ်၌ သင်နှင့် ပတ်သက်သည့် အရာများကို မမြင်နိုင်စေရန် တမင်တကာ ဖုံးကွယ်ထားသော အရာများစွာ ရှိသည်။ အမှန်တရား တစ်ခုလုံးကို သင်မည်သည့်အခါမျှ သိခွင့်ရမည် မဟုတ်ချေ။ သင့်အနေဖြင့်မူ သင့်ဘာသာသင် အကောင်းဆုံး ယုပ်ကိုင်ဆောင်ရွက်တတ်သည်။ သင့်ဘဝသည် ဖွင့်ထားသော စာအုပ်တစ်အုပ်နှင့် တူသည်။ သင့်အနေနှင့် ရရှိထားသည့် အခြားသူများ၏ သင့်အပေါ် လေးစားမှု၊ ဩဇာညောင်းမှုတို့အား မလျော့ပါး မပျက်ပြယ်စေရန် ထိန်းသိမ်းလုပ်ဆောင်ထားသင့်သည်။ သင့်ကို စိတ်အနှောင့်အယှက်ပေးသောသူများအား ခွင့်လွှတ်သည်းခံခြင်း၊ စတင်၍ လျစ်လျူရှုခြင်းများ၊ အမှုမဲ့ အမှတ်မဲ့ နေခြင်းများအား ရပ်တန့်သင့်ပြီဖြစ်သည်။

**၂။ သင်၏အသက်လမ်းကြောင်းသည် သင်၏လက်ညှိုးအောက်တွင် ခက်ရင်းခွသဏ္ဍာန် သေးငယ်သော အမှတ်အသား လမ်းကြောင်းမှ အစပြုနေပါလျှင်-**




သင်၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းသည် နှစ်စဉ်နှစ်တိုင်းဆိုသလိုပင် ထူးခြားစွာ တိုးတက်မှုများဖြစ်ပေါ်လာပေမည်။ တစ်ခါတစ်ရံတွင် သင်သည် သင်၏ဖနောင့်တွင် ဒုံးပျံတပ်၍ လှုပ်ရှားနေသကဲ့သို့ ခံစားရသည်။ သင့်ကို မွေးဖွားပြီးချိန်မှစ၍ သင်၏ မဆုတ်မနစ် ရှေ့ဆက်ကြိုးပမ်း အားထုတ်မှုများသည် လူသားများအတွက် အကျိုးပြုသော အောင်မြင်မှုများဘက်ဆီသို့ ဦးတည်ခဲ့ခြင်းဖြစ်သည်။ သင်ကျင်လည်ရသော နယ်ပယ်တွင် ထူးချွန်ပြောင်မြောက်သူ ကြယ်တစ်ပွင့်ဖြစ်လိုသော ဆန္ဒ၊ ငယ်စဉ် ကာလကတည်းက သင့်စိတ်တွင် ပြင်းပြစွာ လိုလားတောင့်တမှုများကို သင့်ရင်ထဲ၊ နှလုံးသားထဲ၌ ကောင်းစွာ စွဲမှတ်သားရပေလိမ့်မည်။

**၃။ သင့်အသက်လမ်းကြောင်း၏ အစတွင် ကျွန်းအဖြစ် ပွဲစည်းလျက် ဖြစ်ပေါ်နေပါလျှင် -**




သင်၏ အတိတ်ကာလက ကြုံခဲ့ရသော လျှို့ဝှက်ဆန်းကြယ်မှုများကို သင့်အနေနှင့် ဖော်ထုတ်သိရှိနိုင်မည် မဟုတ်ပေ။ လျှို့ဝှက်ဆန်းကြယ်မှု အတော်များများမှာ သင်သိရှိရန် နီးစပ်လာပေမည်။ သို့မဟုတ် သင်မွေးဖွားသောကာလ၌ ဖြစ်ပေါ်ခဲ့မည်။ စိတ်အနှောင့်အယှက်ဖြစ်မှုများကို သင့်အနေဖြင့် အပိုခံစားမှုများအဖြစ်သာ ခံစားလိုသည်။ သို့မဟုတ် အခြားသူများအား မျှဝေလိုသည်။ ပိုမိုသိရှိနိုင်ရန်အတွက် သင့်အနေဖြင့် ပင်ကိုအသိဉာဏ်၊ ပင်ကိုအတွေးအခေါ် မြော်မြင်မှုများအပေါ် မှီခိုအားထားခဲ့ရသည်။ ကိစ္စရပ်များ၊ ပြဿနာများကို သင့်အနေဖြင့် ဖြေရှင်းနိုင်ခြင်း မရှိချေ။ သို့သော် ဖြေရှင်းရန် အားထုတ်ကြိုးပြမ်းမှုပြုခြင်းမှာ အဖိုးတန်၍အကျိုးရှိပေသည်။ အဘယ့်ကြောင့်ဆိုသော် သင့်ထံ၌ ရှိနေသော အားနည်းချက်များကို ဖြေရှင်းရန် ရှင်းပြချက်များ၊ နည်းလမ်းများကို ပေါ်ပေါက်စေသောကြောင့်ဖြစ်သည်။

(ဆက်ရန်)

**ဆရာဦးခန့်ကျော်**

❑





www.burmeseclassic.com

www.burmeseclassic.com

## ခုနှစ်ရက်သားသမီးများအတွက်
## ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ

# ဟောစာတမ်းနှင့်ယတြာ

ဦးညွန့်လှိုင်(ကြို့ပင်ကောက်)



## တနင်္ဂနွေသားသမီးများ

(က) စီးပွား/လူမှု ➡ မူလဒ္ဒါန၏ ဆိုးအားကို ပဝတ္တိဒ္ဒါန၏ ကောင်းအားက ချေဖျက်လွှမ်းမိုးနိုင်လျက် ရှိသော်လည်း မူလမွေးနံ ဗျယခံသဖြင့် ဇာတာရှင်အဖို့ အနည်းငယ် စိတ်ဆင်းရဲမှု ရှိမည်။ လုပ်ငန်းအကြံအစည်များတွင် ထင်သလောက် တိုးတက်မှုမရှိဘဲ အခက်အခဲ အနည်းငယ်ရှိမည်။ လုပ်ငန်းတူများနှင့် အပြိုင်အဆိုင်ရှိမည်။ လုပ်ငန်းနေရာ အပြောင်းအရွှေ့ရှိသကဲ့သို့ နေအိမ်အပြောင်းအရွှေ့ ရှိသည်။ ဝန်ထမ်းများ မြို့နယ်အပြောင်းအရွှေ့ ရှိသည်။ ကျောင်းသားများ ကျောင်းစည်းကမ်း မလိုက်နာ၍ သတိပေးခံရတတ်မည်။

ယတြာ - မေတ္တာ ဘာဝနာ စီးဖျန်းပါ။

(ခ) အိမ်ထောင်ရေး/လူငယ်အရေး ➡ သင့်တင့်၏။

(ဂ) ကျန်းမာရေး ➡ ဆေးရုံ ဆေးခန်းတက်ရောက်ကုသကိန်းရှိသည်။

ယတြာ - သံဃာတော်၊ သီလရှင်များအား ထီး၊ ဖိနပ် လှူဒါန်းပါ။

(ဃ) အကျိုးပြုလုပ်ငန်း ➡ တနင်္လာနံသင့် လုပ်ငန်းများ။

(င) အကျိုးပေးဂဏန်း ➡ (၆) ဂဏန်းနှင့် သောကြာနေ့ ကောင်းပြီး (၁) ဂဏန်းနှင့် တနင်္ဂနွေနေ့ ညံ့၏။

မှတ်ချက်။ ဝိတက် မများပါနှင့်။



## တနင်္လာသားသမီးများ

(က) စီးပွား/လူမှု ➡ မူလဒ္ဒါနနှင့် ပဝတ္တိဒ္ဒါန နှစ်ပါး၏ ကောင်းအား ဆိုးအား မျှနေလျက် မွေးနံ လာဘခံသဖြင့် မထင်မှတ်ဘဲ ငွေအစုလိုက် အပြုံလိုက် ရကိန်းရှိသည်။ ၆ အစ ၃ အဆုံး အောင်ဘာလေထီကို တံစမ်းသင့်သည်။ လုပ်ငန်းအသစ်များ လုပ်ကိုင်ရန် ကမ်းလှမ်းမည့်သူများ ကြုံရတတ်သည်။ လာဘ်ဦး မပယ်ကောင်းပါ။ ရဲရဲတင်းတင်း ကြံစည်အားထုတ်ပါ။ ဝန်ထမ်းများ ထီပေါက်တတ်မည်။ ကျောင်းသားများ ပညာရေးကံ မဆိုးပါ။

ယတြာ - ငွေစက္ကူ ပုံသကူ စွန့်ပါ။

(ခ) အိမ်ထောင်ရေး/လူငယ်အရေး ➡ သင့်တင့်၏။

(ဂ) ကျန်းမာရေး ➡ ကောင်းမွန်ပါသည်။

ယတြာ - ရေသတ္တဝါ အစာကျွေးပါ။

(ဃ) အကျိုးပြုလုပ်ငန်း ➡ ဟိုတယ်နှင့် အစားအသောက် လုပ်ငန်း။

(င) အကျိုးပေးဂဏန်း ➡ (၆) ဂဏန်းနှင့် သောကြာနေ့ ကောင်းပြီး (၁) ဂဏန်းနှင့် တနင်္ဂနွေနေ့ ညံ့၏။

မှတ်ချက်။ နှုတ်ချိုပါ။



www.burmeseclassic.com

www.burmeseclassic.com



## အင်္ဂါသားသမီးများ

(က) စီးပွား/လူမှု ➡ မူလဌာန၏ ဆိုးအားကို ပဝတ္တိဌာန၏ ကောင်းအားက ပူးယှဉ်ထားလျက် မွေးနံ ဖေယျခံသဖြင့် ဇာတာရှင်အဖို့ လူချစ်လူခင်များမည်။ မိမိအား ယုံကြည်အားကိုးသူများနှင့် တွေ့မည်။ မိတ်ကောင်းဆွေကောင်းနှင့် အကြီးအကဲ တစ်စုံတစ်ရာကြောင့် အကြံအစည်များ လာဘ်ပွင့်မည်။ တနင်္လာနံသားသမီးအတွက် သောကရှိသလို ငွေလိမ်ခံရတတ်သည်။ ဝန်ထမ်းများ အကြွေးတင်တတ်သည်။ ကျောင်းသားများ ငွေကြေးသုံးစွဲမှု များမည်။

ယတြာ - နံ့သာဖြင့် ဘုရားပူဇော်ပါ။

(ခ) အိမ်ထောင်ရေး/လူငယ်အရေး ➡ သင့်တင့်၏။

(ဂ) ကျန်းမာရေး ➡ လှေကား အတက်အဆင်း၊ အနိမ့်အမြင့်မှ လဲကျတတ်သည်။

ယတြာ - ဘုန်းတော်ကြီးကျောင်း ကုဋီအတွက် ဆပ်ပြာ၊ ရေခွက် လှူဒါန်းပါ။

(ဃ) အကျိုးပြုလုပ်ငန်း ➡ ကြာသပတေးနံသင့် လုပ်ငန်းများ။

(င) အကျိုးပေးဂဏန်း ➡ (၅) ဂဏန်းနှင့် ကြာသပတေးနေ့ ကောင်းပြီး (၆) ဂဏန်းနှင့် သောကြာနေ့ ညံ့၏။

မှတ်ချက်။ ကတိ တည်ပါစေ။



## ဗုဒ္ဓဟူးသားသမီးများ

(က) စီးပွား/လူမှု ➡ မူလနှင့် ပဝတ္တိဌာန နှစ်ပါးစလုံးတွင် ကောင်းအားများ ရှိနေသော်လည်း မွေးနံ မရဏခံသဖြင့် လုပ်ငန်းအကြံအစည် လျှပ်တစ်ပြက် ရပ်တန့်တတ်သည်။ ရန်သူမျိုးငါးပါး၏ အန္တရာယ်ကို ဂရုပြုပါ။ ကြီးကဲသူများ အလိုမကျ ဖြစ်တတ်သည်။ အထင်မှားခံရတတ်သည်။ မိသားစုအမွေကိစ္စများ ရှင်းလင်းရန်ကိစ္စ ပေါ်ပေါက်တတ်သည်။

ဆန့်ကျင်ဘက်လိင်တို့ကြောင့် သိက္ခာကျတတ်သည်။

ယတြာ - မြတ်ဘုရားကို လျှပ်စစ်မီး သုံးနာရီကြာ ပူဇော်ပါ။

(ခ) အိမ်ထောင်ရေး/လူငယ်အရေး ➡ တာဝန်အရ ခွဲခွာနေရကိန်းရှိသည်။


(ဂ) ကျန်းမာရေး ➡ သွေးပေါင်ချိန် အတက်အကျမမှန် ဖြစ်တတ်သည်။

ယတြာ - စနေနံ ပန်း၊ အာဟာရ ကပ်လှူပါ။

(ဃ) အကျိုးပြုလုပ်ငန်း ➡ ကန်ထရိုက်လုပ်ငန်း၊ လက်ကား လုပ်ငန်းများ။

(င) အကျိုးပေးဂဏန်း ➡ (၀) ဂဏန်းနှင့် စနေနေ့ ကောင်းပြီး (၄) ဂဏန်းနှင့် ဗုဒ္ဓဟူးနေ့ ညံ့၏။

မှတ်ချက်။ ကုသိုလ်ကောင်းမှု အဖို့ဘာဂကို ၃၁ ဘုံသို့ အမျှဝေ ဆုတောင်းပါ။



## ကြာသပတေးသားသမီးများ

(က) စီးပွား/လူမှု ➡ မူလနှင့် ပဝတ္တိဌာန နှစ်ပါးစလုံးတွင် ကောင်းအားများ ရှိနေသော်လည်း မွေးနံ ဒွယ ခံနေသဖြင့် လုပ်ငန်းနေရာ နေအိမ်အပြောင်းအလဲ ရှိသည်။ တစ်ခုထက်ပိုသော လုပ်ငန်းများကို လျှော့ချပါ။ ငွေကြေးပြန့်လွင့်နေပြီး ထိရောက်မှုမရှိ ဖြစ်နေမည်။ အသုံးအဖြုန်း များနေမည်။ အထင်ကြီးအောင် ကြွားဝါမှုကို ရှောင်ပါ။ ယာဉ်ရထား၊ အဆောက်အအုံ၊ မြေ ဝင်ကိန်းရှိသည်။ ဝန်ထမ်းများ မောက်မာမှုကင်းအောင်နေပါ။ ကျောင်းသားများ ဝီရိယ နည်းနေတတ်သည်။

ယတြာ - ကြီးသူ သက်ကြီးရွယ်အိုများအား ကောင်ဝေ့လှူပါ။

(ခ) အိမ်ထောင်ရေး/လူငယ်အရေး ➡ လှေနံနှစ်ဖက် မနင်းပါစေနှင့်။

(ဂ) ကျန်းမာရေး ➡ ဆီး၊ ဆီးချိုရောဂါ ကပ်ငြိတတ်သည်။

ယတြာ - ထန်းလျက်၊ နာနတ်ယို၊ ဒူးရင်းယို ဘုရားကပ်လှူပါ။

(ဃ) အကျိုးပြုလုပ်ငန်း ➡ အင်္ဂါနံသင့် လုပ်ငန်းများ။



www.burmeseclassic.com

www.burmeseclassic.com

(င) အကျိုးပေးဂဏန်း ➠ (၃) ဂဏန်းနှင့် အင်္ဂါနေ့ ကောင်းပြီး (၁) ဂဏန်းနှင့် တနင်္ဂနွေနေ့ ညံ့၏။
မှတ်ချက်။ အာရုံစူးစိုက်မှု အလေ့အကျင့်တစ်ခုခုကို ထူထောင်ပါ။



## သောကြာသားသမီးများ

(က) စီးပွား/လူမှု ➠ မူလဌာနနှင့် ပဝတ္တိဌာန နှစ်ပါးစလုံးတွင် ကောင်းအား၊ ဆိုးအား မျှတနေပြီး မွေးနံ ဝရ ခံသဖြင့် ဆန့်ကျင်ဘက်လိင် သို့မဟုတ် ပြည်ပရပ်ခြား လူမျိုးခြား အကူအညီရမည်။ ပြည်ပဆက်ဆံရေး အခွင့်ကောင်းရမည်။ ကောင်းသောစကား ကြားရတတ်မည်။ လူမှုစီးပွား အကြံအစည်များ ပုံမှန်အနေအထားတွင် ရှိသည်။ တစ်ခါတစ်ရံ လုပ်ငန်းတွင် စိတ်ဝင်စားမှု နည်းတတ်မည်။ စိတ်ပျက်လွယ်တတ်မည်။ ဝန်ထမ်းများ အလုပ်ပေါ့ဆတတ်မည်။ ကျောင်းသားများ အပျင်းထူတတ်မည်။

ယတြာ - ဆန့်ကျင်ဘက်(လိင်) အကြီးအကဲများကို အာဟာရ တိုက်ကျွေးပါ။

(ခ) အိမ်ထောင်ရေး/လူငယ်အရေး ➠ သင့်တင့်၏။ တစ်ဦးနှင့်တစ်ဦး အထင်မှားတတ်မည်။

(ဂ) ကျန်းမာရေး ➠ အစာမကြေ အိပ်မပျော် ဖြစ်တတ်မည်။

ယတြာ - အုတ် လှူဒါန်းပါ။

(ဃ) အကျိုးပြုလုပ်ငန်း ➠ မုန့်မျိုးစုံ လုပ်ငန်း။

(င) အကျိုးပေးဂဏန်း ➠ (၅) ဂဏန်းနှင့် ကြာသပတေးနေ့ ကောင်းပြီး (၃) ဂဏန်းနှင့် အင်္ဂါနေ့ ညံ့၏။
မှတ်ချက်။ လူမှုရေးတွင် သစ္စာရှိပါ။



## စနေသားသမီးများ

(က) စီးပွား/လူမှု ➠ မူလနှင့် ပဝတ္တိဌာန နှစ်ပါးစလုံးတွင် ဆိုးအားများရှိသည့်အပြင် မွေးနံပြိုဟ် ကိစ္စ ခံသဖြင့် အမှုအခင်း ဖြစ်တတ်သည်။ စွပ်စွဲခံရတတ်သလို အထင်မှားခံရတတ်သည်။ လုပ်ငန်းအကြံအစည်များ သဲထဲရေသွန်သလို ဖြစ်နေမည်။ အကြံသစ် ဉာဏ်သစ်များ တိမ်မြုပ်နေမည်။ ဒေါသကို ရှောင်ပါ။ ဒုက္ခတွေ့တတ်မည်။ မိတ်ကောင်းဆွေမွန်များနှင့် ဆက်ဆံရေး မကောင်းပါ။ အကူအညီပေးမည့်သူ ကင်းမဲ့နေတတ်သည်။ ဝန်ထမ်းများ အများတစ်စုံတရာကြောင့် အရေးယူခံရတတ်သည်။ ကျောင်းသားများ ကျောင်းထုတ်ခံရတတ်သည်။

ယတြာ - ရဟန်း၊ သီလရှင် စာသင်တိုက်များသို့ ငွေလှူဒါန်းပါ။ (ပညာသင်ကြားရေး အတွက်)

(ခ) အိမ်ထောင်ရေး/လူငယ်အရေး ➠ မသင့်မတင့် ရှိမည်။

(ဂ) ကျန်းမာရေး ➠ အပူအအေးကြောင့် ရောဂါ ကပ်ငြိတတ်သည်။

ယတြာ - နေအိမ်ဘုရားကျောင်းဆောင် သန့်ရှင်းရေးလုပ်ပါ။ ဘုရား ရေသပ္ပာယ်ပါ။

(ဃ) အကျိုးပြုလုပ်ငန်း ➠ သောကြာသားနှင့် စပ်တူ… စားသောက်ကုန်လုပ်ငန်း။

(င) အကျိုးပေးဂဏန်း ➠ (၆) ဂဏန်းနှင့် သောကြာ… ကောင်းပြီး (၇) ဂဏန်းနှင့် စနေနေ့ ညံ့၏။
မှတ်ချက်။ ကုသိုလ်ကောင်းမှု အများအပြား ပြုလု… ပေးပါ။


မေတ္တာပန်းနှင့်ရှင်လန်းချမ်းမြေ့ကြပါစေ။
ဦးညွန့်လှိုင် (ကြို့ပင်ကောက်)
တိုက်-အမှတ် (၄၀)၊ (၅)လွှာ ဘီ၊ ၁၆၇ လမ်း။
တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၄၀၀၉၃၃
နေ့စဉ် - နံနက် (၉း၀၀)နာရီမှ မွန်းလွဲ(၁း၀၀)နာရီအ…
|တယ်လီဖုန်းဖြင့် မေးမြန်းခြင်း သည်းခံပါ။
ဟောစာတမ်းများအတွက် VPP ဖြင့် ငွေကြိုတင်ပို့…
လက်ခံဆောင်ရွက်ပါသည်။|
စီးပွားရေး၊ ကျန်းမာရေး၊ အိမ်ထောင်ရေး၊ နာမည်…
ကုမ္ပဏီနာမည်ပေး၊ အထူးအရေးကြီးကိစ္စရပ်များအ…
ထိထိမိမိ ဆောင်ရွက်ပေးလျက် ရှိ…ကြောင်း။

www.burmeseclassic.com

# ၂၀၁၇ ခုနှစ်၊ ရာသီခွင်နှင့် စက်တင်ဘာလ ဟောကိန်းများ

ဆရာဦးခန့်ကျော် ([illegible])



## CAPRICORN
## မကာရရာသီ

(ဒီဇင်ဘာ - ၂၁ ရက် မှ ဇန်နဝါရီ - ၁၉ ရက် အတွင်းမွေး)
(မြန်မာလို ပြာသိုလမွေး)

ယခုကာလအတွင်း ပြည်ပနှင့် ဆက်သွယ်လုပ်ကိုင်ထားသော စီးပွားရေးလုပ်ငန်းမှ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်တတ်မည်။ ကြီးကြီးမားမား အပြောင်းအလဲများလည်း ရှိမည်။ ကောင်းသောပြောင်းလဲခြင်းမျိုး ဖြစ်မည်။ ပြောဆိုထားသော အိမ်၊ ခြံ၊ မြေ အရောင်းအဝယ်ကိစ္စများ အဆင်ပြေလိမ့်မည်။ မထင်မှတ်ဘဲ အလှူအတန်းများ ပေးရလိမ့်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက သားသမီးအတွက် မင်္ဂလာကိစ္စများကို ကြိုတင်ဆောင်ရွက်ပေးရလိမ့်မည်။ ငယ်ရွယ်သူများ အချစ်ရေး စန်းပွင့်နေမည်။ ရောက်ရာအရပ်တွင် ချစ်သူ၊ ရည်းစား ရတတ်သည်။ စနေသားသမီး (သို့) နာမည်တွင် စနေနံ (တ၊ ထ၊ ဒ၊ ဓ၊ န)ပါသူများအား သတိထား ဆက်ဆံ ပေါင်းသင်းသင့်သည်။ မထင်မှတ်သော ပြဿနာများ ပေါ်လာတတ်မည်။ ပညာရေးနှင့်ပတ်သက်၍ မိမိ၏ရည်ရွယ်ချက်များ တစ်ကြိမ်တစ်ခါတည်းနှင့် အဆင်ပြေတတ်ခြင်းမရှိဘဲ အခက်အခဲလေးများနှင့် ကြုံရပြီးမှ အဆင်ပြေရတတ်သည်။ ဝန်ထမ်းဖြစ်ပါက ရာထူးတိုးခြင်း၊ လစာတိုးခြင်း၊ လက်ရှိ အရပ်ဒေသမှ အခြားအရပ်ဒေသသို့ ပြောင်းရွှေ့ လုပ်ကိုင်ရခြင်းမျိုးများ ရှိမည်။ ကျန်းမာရေးမှာ ရင်ဘတ်အောင့်ခြင်း၊ အသက်ရှူမဝခြင်း ဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်မည်။ သင်သည် ထီထိုးမည်ဆိုပါက (၂၊ ၀၊ ၈၊ ၄)ဂဏန်းများပါသော ထီကိုထိုးပါ။



## AQUARIUS
## ကုံရာသီ

(ဇန်နဝါရီ - ၂၀ မှ ဖေဖော်ဝါရီ - ၁၉ ရက် အတွင်းမွေး)
(မြန်မာလို တပို့တွဲလမွေး)

စီးပွားရေးလုပ်ငန်းကို တစ်မျိုးတည်းလုပ်ကိုင်ခြင်းထက် နှစ်မျိုး၊ သုံးမျိုးပြိုင်လုပ်ကိုင်ခြင်းဖြင့် စီးပွားဝင်ငွေအထူးကောင်းလိမ့်မည်။ မိမိကံ၊ ဉာဏ်ရှိသလောက် လုပ်ငန်းများချဲ့ထွင်လုပ်ကိုင်ခြင်းဖြင့် ပိုမိုအောင်မြင်မည်။ ယခုကာလအတွင်း လောင်းကစားဆန်သော အလုပ်များမှ ငွေကြေးများရရှိတတ်မည်ဖြစ်သော်လည်း လက်ထဲတွင် ကြာကြာမခံဘဲ သူ့အလိုလို ပြန်ထွက်သွားတတ်မည်။ ဝန်ထမ်းဖြစ်ပါက အထက်လူကြီးများ၏ အကူအညီပေးမှုကြောင့် အစစအရာရာ အဆင်ပြေလိမ့်မည်။ ပြည်တွင်း၊ ပြည်ပခရီးများလည်း သွားရတတ်သည်။ သင့်အိမ်တွင် ဆရာတော်၊ သံဃာတော်ကြီးများအား သိင်္ကန်းကပ်ခြင်း၊ အလှူကြီးအတန်းကြီး ပေးရတတ်ခြင်းများ ရှိမည်။ ပညာရေး လိုက်စားသူဖြစ်ပါက ပညာရေးဆိုင်ရာ ပြည်ပခရီး ထွက်ရခြင်းများ ရှိမည်။ ငယ်ရွယ်သူများ အချစ်ရေးတွင် ကံကောင်းမှုများ ရှိမည်။ ချစ်သူမရှိသေးသူများ ချစ်သူရမည်။ ချစ်သူရှိပြီးသူများ အချစ်ရေးကိစ္စများ အဆင်ပြေနေလိမ့်မည်။ ကျန်းမာရေးနှင့်ပတ်သက်၍ မူးခြင်း၊ မောခြင်း၊ ရုတ်တရက် မူးလဲခြင်းများ မကြာခဏဖြစ်တတ်မည်။ ဤလအတွင်း ကုံရာသီဖွားများ ထီထိုးမည်ဆိုပါက (၁၊ ၅၊ ၄၊ ၉)ဂဏန်းများ ပါသော အောင်ဘာလေထီကို ထိုးပါ။



## PISCES
## မိန်ရာသီ

(ဖေဖော်ဝါရီ - ၂၀ မှ မတ် - ၂၀ ရက် အတွင်းမွေး)
(မြန်မာလို တပေါင်းလမွေး)

မိန်ရာသီဖွားများအနေဖြင့် အစားအသောက် အမျိုးမျိုး ရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူဖြစ်ပါက ယခုကာလအတွင်း စီးပွားဝင်ငွေ အထူးကောင်းလိမ့်မည်။ လက်အောက်ငယ်သား (သို့) အလုပ်သမား ပြဿနာများ ပေါ်ပေါက်တတ်ခြင်းကြောင့် စိတ်ညစ်ရလိမ့်မည်။ လူအပြောင်းအလဲများခြင်းသည် သင့်အိမ်တွင်သော်လည်းကောင်း၊ သင့်လုပ်ငန်းတွင်သော်လည်းကောင်း ဖြစ်နိုင်သည်။ လူအဝင်အထွက် အထွက်ကများနေလိမ့်မည်။ အရာရာအပေါ် သည်းခံစိတ် မွေးပေးပါ။ ပြည်ပသွားရန် ကြိုးစားထားမှုများရှိပါက အကြောင်းတစ်ခုခုကြောင့် ပျက်သွားရခြင်းများရှိမည်။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်တွင်းရေးသာယာမည်။ မိမိ၏ အခက်အခဲများအား ကူညီဖြေရှင်းပေးမည့်သူများ ပေါ်ပေါက်လာတတ်မည်။ အထူးသဖြင့် လိင်မတူသူများထံမှ အကူအညီပေးမှုများ ရရှိတတ်မည်။ ချစ်သူရှိပြီးသူများ မိမိချစ်သူထံမှ လက်ဆောင်ပစ္စည်း သို့မဟုတ် ငွေကြေးများ ရရှိတတ်မည်။


www.burmeseclassic.com

www.burmeseclassic.com

ဝန်ထမ်းဖြစ်ပါက လက်ရှိလုပ်ငန်းဌာနမှ အခြားလုပ်ငန်းဌာနသို့ ပြောင်းလဲလုပ်ကိုင်လိုသော ဆန္ဒများ ပြင်းပြနေလိမ့်မည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ဦးခေါင်းပိုင်းတွင် ထိခိုက်ခံစားရမှုများ ရှိမည်။ သင်သည် ထီထိုးမည်ဆိုပါက (၅ ဝ ၃ ၇) ဂဏန်းများပါသော အောင်ဘာလေထီကို ထိုးပါ။



## ARIES
## မိဿရာသီ

(မတ် - ၂၁ မှ ဧပြီ - ၂၀ ရက် အတွင်းမွေး)
(မြန်မာလို တန်ခူးလမွေး)

ဤကာလအတွင်း မုန့်မျိုးစုံရောင်းဝယ်ရေးလုပ်ငန်း၊ ရေနှင့်ရေထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူများ စီးပွားဝင်ငွေ ကောင်းနေမည်။ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍လည်း ပြည်တွင်း(သို့)ပြည်ပခရီးများ သွားရလိမ့်မည်။ စာပေဆိုင်ရာလုပ်ငန်း လုပ်ကိုင်သူများ ငွေကြေးပြဿနာ ရှုပ်ထွေးမှုများ ဖြစ်တတ်မည်။ သင့်အနေဖြင့် ပြောင်းရွှေ့ခြင်း၊ ခရီးသွားခြင်း၊ လုပ်ငန်းကိစ္စ အကောင်အထည်ဖော်ခြင်းကို တနင်္ဂနွေနေ့တွင် စတင်လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုသင့်ပါ။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်ထောင်ဘက်၏ ဖောက်ပြန်မှုကို သတိရှိပါ။ အရင်ကထက် ပို၍ သူ့အပေါ် ကြင်နာယုယမှုများ ပေးပါ။ ငယ်ရွယ်သူများ အချစ်ရေးတွင် အေးချမ်းမှုရှိမည်။ ချစ်သူနှင့်အတူ အပျော်ခရီးများ သွားရလိမ့်မည်။ ပညာရေးလိုက်စားသူဖြစ်ပါက ပညာရေးဘက်တွင် အားနည်းနေပြီး အပျော်အပါးကို ပို၍ စိတ်ဝင်စားမှု များနေတတ်သည်။ ကျန်းမာရေးနှင့်ပတ်သက်၍ အာရုံကြော အားနည်းခြင်းများ ဖြစ်တတ်မည်။ ဤကာလအတွင်း မိဿရာသီဖွားများ အဆိုးများမှ အကာအကွယ်ဖြစ်စေပြီး ကံကောင်းစေရန်အတွက် 'ပုလဲ'ကို ဝတ်ဆင်ခြင်း (သို့) ဆောင်ထားခြင်း ပြုသင့်သည်။ သင်သည် ထီထိုးမည်ဆိုပါက (၅ ၁ ဝ ၄)ဂဏန်းများပါသော ထီကိုထိုးပါ။



## TAURUS
## ပြိဿရာသီ

(ဧပြီ - ၂၁ မှ မေ - ၂၀ ရက်အတွင်းမွေး)
(မြန်မာလို ကဆုန်လမွေး)

စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ ဆေးနှင့်ဆေးဝါးပစ္စည်းရောင်းချသူများ မိမိမျှော်မှန်းထားသည်ထက် ပိုမိုသော အမြတ်အစွန်းများ ရရှိနိုင်မည်။ သို့သော် မထင်မှတ်သော ပြဿနာများ ပေါ်ပေါက်တတ်သည်ကို အထူးသတိထားပါ။ ကျောက်မျက်ရတနာနှင့် ရွှေထည်ပစ္စည်း အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူဖြစ်ပါက ရောင်းမှား ဝယ်မှားဖြစ်တတ်ခြင်း၊ အထင်မှား အမြင်မှား ဖြစ်တတ်ပြီး ပြဿနာအရှုပ်အခင်းများလည်း ဖြစ်ရတတ်ခြင်းရှိမည်။ ငယ်ရွယ်သူများ အချစ်ရေးကံကောင်းမည်။ စေ့စပ်ကြောင်းလမ်းခြင်းကိစ္စ၊ မင်္ဂလာကိစ္စများ အထမြောက် အောင်မြင်လိမ့်မည်။ အိမ်ထောင်ရှင် ဖြစ်ပါက မိမိအိမ်ထောင်ဘက်နှင့် ခွဲခွာနေရတတ်မှုများမှ လွတ်ကင်းပြီး အတူတကွ ပြန်လည်နေရတတ်မည်။ ပညာရေးလိုက်စားသူများ အစစ အကူအညီပေးမည့်သူ ပေါ်ပေါက်လိမ့်မည်။ အလုပ်အကိုင် ရှာဖွေသူများ လတ်တလော အလုပ်တစ်ခု ရရှိတတ်မည်။ ကျန်းမာရေးနှင့်ပတ်သက်၍ အသားများ ယားယံခြင်း၊ သွေးမသန့်ခြင်းများ ဖြစ်တတ်မှုနှင့် ခြေလက်တို့တွင် မတော်တဆ ထိခိုက်ဒဏ်ရာ၊ သွေးထွက်သံယိုဖြစ်တတ်ခြင်းများ ရှိမည်။ ယခုကာလအတွင်း သန္တာကျောက်ကို ဝတ်ဆင် (သို့) ဆောင်ထားခြင်းဖြင့် ကံကုသိုလ်ကောင်းမှုများကို ဖြစ်စေနိုင်သည်။ ပြိဿရာသီဖွားများအနေဖြင့် ထီထိုးမည်ဆိုပါက (၆ ၄ ဝ ၉) ဂဏန်းများပါအောင် ထိုးပါ။



## GEMINI
## မေထုန်ရာသီ

(မေ - ၂၁ မှ ဇွန် - ၂၀ ရက်အတွင်းမွေး)
(မြန်မာလို နယုန်လမွေး)

ဤကာလအတွင်း မေထုန်ရာသီဖွားများ အနေဖြင့် လက်ရှိလုပ်ကိုင်နေသော စီးပွားရေးလုပ်ငန်းမှလွဲ၍ ငွေကြေးမြောက်များစွာ ထည့်ဝင်လုပ်ကိုင်ရသော စီးပွားရေးလုပ်ငန်းများကို ထပ်မံ၍ မလုပ်ကိုင်သင့်သေးပါ။ နိုင်ငံခြားနှင့် ဆက်သွယ်ထားသော လုပ်ငန်းကိစ္စရပ်များ အဆင်ပြေချောမွေ့မှု ရှိလိမ့်မည်။ ဝန်ထမ်းဖြစ်ပါက ပြင်ပစီးပွားရေးလုပ်ငန်း လုပ်ကိုင်ရန် စိတ်အားထက်သန်နေလိမ့်မည်။ သင့်ထံတွင် ငွေကြေးအကူအညီတောင်းခံမည့်သူများ ပေါ်လာလိမ့်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက သားကောင်း၊ သမီးကောင်းထွန်းကားလိမ့်မည်။ မင်္ဂလာသတင်းစကားများလည်း ကြားရခြင်းရှိမည်။ ငယ်ရွယ်သူများ အချစ်ရေးကံ မကောင်းသေးပါ။ အချစ်ရေးကို စိတ်မဝင်စားသင့်သောကာလ ဖြစ်သည်။ ချစ်သူ ရှိသူများလည်း အကြောင်းအမျိုးမျိုးကြောင့် စိတ်ဆင်းရဲရတတ်မည်။ ပညာရေးလိုက်စားသူများအနေဖြင့် ပညာရေးနှင့်ပတ်သက်ပြီး အစစအရာရာ အကူအညီပေးမည့်သူနှင့် တွေ့ရတတ်မည်။ မိမိဆန္ဒရှိသည်များ အကောင်အထည်ဖော်နိုင်ခွင့် ရရှိလိမ့်မည်။ ကျန်းမာရေးနှင့်ပတ်သက်၍ လည်ပင်းနေခြင်း၊ အသက်ရှူ ကျပ်ခြင်း၊ နားပြည်ယိုခြင်း ဝေဒနာများ ဖြစ်...

www.burmeseclassic.com

www.burmeseclassic.com

ခံစားရတတ်မည်။ မေထုန်ရာသီဖွားများ ထီထိုးမည်ဆိုပါက (၂၊ ၆၊ ၀၊ ၃) ဂဏန်းများပါသော အောင်ဘာလေထီကို ထိုးပါ။



## CANCER
## ကရကဋ်ရာသီ

**(ဇွန် - ၂၁ မှ ဇူလိုင် - ၂၀ ရက်အတွင်းမွေး)**
**(မြန်မာလို ဝါဆိုလမွေး)**

ယခုကာလအတွင်း လက်ရှိလုပ်ကိုင်နေသော လုပ်ငန်းမှ အခြားလုပ်ငန်းတစ်ခုသို့ ပြောင်းလဲလုပ်ကိုင်ရန် စိတ်ကူးထားမှုများရှိပါက အမြန်ဆုံး အကောင်အထည်ဖော်လိုက်ပါ။ ပြည်ပနှင့် ဆက်သွယ်လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းများလည်း ပေါ်ပေါက်လာမည်။ မိတ်ကောင်း ဆွေကောင်းများ တိုးပွားမည်။ မည်သည့်အရေးကြီးလုပ်ငန်းကိစ္စအတွက်ကိုမဆို စနေသား ပုဂ္ဂိုလ်တစ်ဦးဦးနှင့် တိုင်ပင်လုပ်ကိုင်ခြင်းဖြင့် အဆင်ပြေအကျိုးပေးမှုများ ခံစားရတတ်မည်။ ဝန်ထမ်းဖြစ်ပါက ဌာနဆိုင်ရာ အပြောင်းအရွှေ့ရှိမည်။ လာဘ်လာဘ ဝင်မည်။ သို့သော် ကျန်းမာရေး အထူးဂရုစိုက်သင့်သည်။ အလုပ်ဒဏ်၊ ဖင်ပန်းဒဏ်များ ခံစားရတတ်မည်။ အစာအဆိပ်ဖြစ်ခြင်း၊ သွေးအဆိပ်ဖြစ်တတ်ခြင်းများ ရှိမည်။ ပညာရေးနှင့်ပတ်သက်၍ မိမိမျှော်မှန်းသလောက် မဖြစ်တတ်ပါ။ စိတ်အနှောင့်အယှက်ဖြစ်စရာများလည်း တွေ့ရတတ်သည်။ ငယ်ရွယ်သူများ၏ အချစ်ရေးတွင် အချစ်မရှိသေးသူများ ချစ်သူရတတ်မည်။ စေ့စပ်ရန်၊ လက်ထပ်ရန် ရည်ရွယ်ထားသူများအနေဖြင့် အချိန်အခါကောင်းကို ခေတ္တစောင့်ဆိုင်းသင့်သည်။ ကရကဋ်ရာသီဖွားများ ထီထိုးမည်ဆိုပါက (၁၊ ၆၊ ၀၊ ၃) ဂဏန်းများပါသော ထီကိုထိုးပါ။



## LEO
## သိဟ်ရာသီ

**(ဇူလိုင် - ၂၁ မှ ဩဂုတ် - ၂၁ ရက်အတွင်းမွေး)**
**(မြန်မာလို ဝါခေါင်လမွေး)**

စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ ယခုကာလအတွင်း ...ခြားများစွာကို တစ်ဦးတစ်ယောက်ထဲတွင် ရှယ်ယာထည့်...လုပ်ကိုင်ခြင်း၊ အများနှင့်ပူးပေါင်းလုပ်ကိုင်ခြင်းမျိုးတို့ကို ...ရှောင်ပါ။ မိမိတွင် ဆုံးရှုံးနစ်နာမှုများသာ ဖြစ်ရတတ်... မိမိကိုယ်တိုင် ဦးဆောင်လုပ်ကိုင်မည်ဆိုပါက မည်သည့်...ငန်းမျိုးကိုမဆို လုပ်ကိုင်နိုင်မည်။ အထူးသဖြင့် အအေးနှင့်...ည်မျိုးစုံ ရောင်းဝယ်ရေးလုပ်ငန်းမျိုးဖြင့် ပိုမို အကျိုးဖြစ်ထွန်းမှုများ ရှိမည်။ တစ်လအတွင်းရှိ အင်္ဂလိပ်လို ရက်များမှ (၁၊ ၆၊ ၇၊ ၁၀၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၉၊ ၂၄၊ ၂၅၊ ၂၉)ရက်များသည် သင့်အတွက် ကံကောင်းစေနိုင်သော ရက်များဖြစ်၍ ထိုရက်များနှင့်တိုက်ဆိုင်ပြီး အရေးကြီးကိစ္စများ ဆောင်ရွက်သင့်သည်။ အိမ်ထောင်ရှင်ဖြစ်ပါက သားသမီးတစ်ဦးကြောင့် စိတ်ချမ်းသာ ပျော်ရွှင်ရမှုများ ရှိမည်။ အလုပ်အကိုင်ရှာဖွေသူများ အခက်အခဲ အချို့ရှိနိုင်မည်။ ယခု ကာလအတွင်း ကျောက်နီ (သို့) ပတ္တမြားလေးကို မိမိနှင့်အတူ ဆောင်ထားပေးခြင်းဖြင့် လုပ်ငန်းကိစ္စများ ဆောင်ရွက်ရာ၌ အဆင်ပြေအောင်မြင်ကံကောင်းခြင်းများကို ဖြစ်စေနိုင်ပါမည်။ ကျန်းမာရေးနှင့်ပတ်သက်၍ သွေးအားနည်း၊ လေအားနည်း၊ သွေးလေမမှန်ခြင်း၊ အပူအအေး မမျှခြင်း၊ ကိုယ်လက် ကိုက်ခဲခြင်း စသည့်ဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်မည်။ သင့်အနေဖြင့် ထီထိုးမည်ဆိုပါက (၅၊ ၇၊ ၄၊ ၃) ဂဏန်းများပါသော အောင်ဘာလေထီကို ထိုးပါ။



## VIRGO
## ကန်ရာသီ

**(ဩဂုတ် - ၂၂ မှ စက်တင်ဘာ - ၂၂ ရက်အတွင်းမွေး)**
**(မြန်မာလို တော်သလင်းလမွေး)**

ယခုကာလအတွင်း ကန်ရာသီဖွားများ အနေဖြင့် စီးပွား ဝင်ငွေအနည်းငယ် ညံ့နေလိမ့်မည်။ စီးပွားရေးနှင့် ပတ်သက်၍ အပြိုင်အဆိုင်၊ အတိုက်အခံများလည်း များပြားနေတတ်မည်။ သို့သော် အတိတ်ဘဝ၏ ကုသိုလ်ကောင်းမှုများကြောင့် မိမိ စိုးရိမ်စိတ်ပူနေသောကိစ္စများ သူ့အလိုလို အဆင်ပြေသွားခြင်းများ ရှိလိမ့်မည်။ တစ်လအတွင်းရှိ အင်္ဂလိပ်လို ရက်များမှ (၁၊ ၃၊ ၅၊ ၈၊ ၁၅၊ ၁၉၊ ၂၂၊ ၂၇) ရက်များသည် သင့်အတွက် ကံကုသိုလ် ကောင်းစေသောရက်များဖြစ်၍ အဆိုပါရက်များနှင့် တိုက်ဆိုင်ပြီး ကိစ္စအဝဝတို့ကို လုပ်ကိုင်ပါ။ ဝန်ထမ်းဖြစ်ပါက ဌာနအတွင်း အဆင်မပြေမှုများ ဖြစ်တတ်မည်။ တစ်ပါးသူ၏ သံသယဖြစ်ခြင်း၊ အထင်အမြင်လွဲမှားခြင်း ခံရတတ်သည်။ အိမ်ထောင်ရှင် ဖြစ်ပါက အိမ်တွင်းရေး အဆင်ပြေမည်။ တကွဲတပြားစီဖြစ်နေသော သားသမီးများနှင့် ပြန်လည် စည်းစည်းရုံးရုံး ပျော်ရွှင်ရမှုများ ရှိမည်။ အလုပ်အကိုင်ရှာဖွေသူများ မထင်မှတ်ဘဲ အလုပ်တစ်ခုခုရနိုင်မည်။ ငယ်ရွယ်သူများ မိမိချစ်သူနှင့်အတူ အပျော်ခရီးထွက်ရတတ်မည်။ ကျန်းမာရေးနှင့်ပတ်သက်၍ အသည်းရောင် အသားဝါခြင်း၊ အိပ်ရေးပျက်တတ်ခြင်းများကြောင့် နှလုံးအားနည်းခြင်း စသည့်ဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်သည်။ သင့်အနေဖြင့် ထီထိုးမည်ဆိုပါက (၉၊ ၇၊ ၀၊ ၃) ဂဏန်းများပါသော အောင်ဘာလေထီကို ထိုးပါ။



www.burmeseclassic.com

www.burmeseclassic.com



## LIBRA
## တူရာသီ

**(စက်တင်ဘာ - ၂၃ မှ အောက်တိုဘာ - ၂၂ ရက်အတွင်းမွေး)**
**(မြန်မာလို သီတင်းကျွတ်လမွေး)**

ယခုကာလအတွင်း ငွေကြေးကိစ္စနှင့် အခြားကြိုးစားထားသောကိစ္စများ အဆင်ပြေမည်။ မိမိ၏အရေးကြီးကိစ္စများကို ကြာသပတေးသား အကြီးအကဲပုဂ္ဂိုလ်နှင့် တိုင်ပင်ပြောဆို အကြံဉာဏ်ယူ လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် အဆင်ပြေအောင်မြင်မှု ပိုမိုရရှိနိုင်မည်။ အရာရာကို မိမိကသာ ဦးဆောင်လုပ်ကိုင်ရခြင်းရှိမည်။ အများ၏ရှိသေလေးစားမှုကို ခံရတတ်မည်။ လိင်တူ၊ လိင်ကွဲများ၏ စိတ်ဝင်စားမှုကို ခံရတတ်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်တွင်းရေး အေးချမ်းသာယာမည်။ မိသားစု အလှူအတန်း ကုသိုလ်များလည်း ပြုရတတ်မည်။ ရပ်ဝေးနေဆွေမျိုးများ သင့်အိမ်သို့ အလည်အပတ် ရောက်လာလိမ့်မည်။ ဝန်ထမ်းဖြစ်ပါက မထင်မှတ်ဘဲ ကံကောင်းတတ်မည်။ ရာထူးတိုးခြင်း၊ လစာတိုးခြင်း၊ ဝင်ငွေတိုးခြင်း၊ အိုးအိမ်ပိုင်ဆိုင်ရခြင်းများရှိမည်။ ပညာသင် ကျောင်းသားဖြစ်ပါက ပညာရေးကံ အသင့်အတင့်ရှိမည်။ ငယ်ရွယ်သူများ အချစ်အတွက် စွန့်စားရမှုများရှိမည်။ ပြဿနာကြီးငယ်ပေါ် ပေါက်တတ်မည်။ ချစ်သူနှင့် အနေဝေးရမှုများလည်း ဖြစ်တတ်မည်။ ကျန်းမာရေးနှင့်ပတ်သက်၍ အာရုံကြောအားနည်းခြင်း၊ ထုံနာ ကျင်နာဖြစ်ခြင်းတို့အတွက် အထူးသတိထားပါ။ တူရာသီဖွားများ ထီထိုးမည်ဆိုပါက (၃၊ ၅၊ ဝ၊ ၈) ဂဏန်းများပါသော အောင်ဘာလေထီကို ထိုးပါ။



## SCORPIO
## ဗြိစ္ဆာရာသီ

**(အောက်တိုဘာ - ၂၃ မှ နိုဝင်ဘာ - ၂၂ ရက်အတွင်းမွေး)**
**(မြန်မာလို တန်ဆောင်မုန်းလမွေး)**

သင်သည် ယခုကာလအတွင်း ဗုဒ္ဓဟူးသားသမီးများနှင့်ပတ်သက်၍ စိတ်အနှောင့်အယှက် ဖြစ်ရတတ်ခြင်း၊ ငွေကြေးအကုန်အကျ များရတတ်ခြင်းများ ရှိမည်။ စီးပွားရေးလုပ်ငန်းအနေဖြင့် ဆောက်လုပ်ရေးလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူများ ဝင်ငွေအသင့်အတင့်ရှိတတ်မည်။ အထူးသဖြင့် စီးပွားရေးလုပ်ငန်းကို လိင်မတူသူများနှင့် ပူးပေါင်းလုပ်ကိုင်ခြင်းဖြင့် လုပ်ငန်းတိုးတက်အောင်မြင်မှုကို ရရှိနိုင်မည်။ ဗြိစ္ဆာရာသီဖွားများ ကံကုသိုလ်ကောင်းသော အချိန်အခါဖြစ်၍ အမွေအနှစ်များရရှိခြင်း၊ ထီပေါက်ခြင်း၊ (သို့) ထီပေါက်သကဲ့သို့ ငွေကြေးအလုံးအရင်းနှင့် ဝင်တတ်ခြင်းများ ရှိမည်။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်ထောင်ရေး အဆင်ပြေမည်။ အိမ်ထောင်မရှိသေးသူများ အိမ်ထောင်ကျတတ်မည်။ ပြည်တွင်း ပြည်ပခရီး၊ အထူးသဖြင့် ဘုရားဖူးခရီးများ သွားရတတ်သည်။ အချစ်မရှိသေးသူများ ချစ်သူရည်းစားရတတ်မည်။ ကျန်းမာရေးမှာ အရိုးအဆစ်များနာကျင်ကိုက်ခဲခြင်း၊ ဦးခေါင်းပိုင်းတွင် ပြင်းပြင်းထန်ထန်ဝေဒနာများ ဖြစ်ပေါ် ခံစားရတတ်ခြင်းများ ရှိတတ်မည်။ ဤကာလအတွင်း ပယင်းကျောက်ကလေးကို ဝတ်ဆင်ခြင်း၊ ဆောင်ထားခြင်း ပြုပေးပါ။ သင်သည် ထီထိုးမည်ဆိုပါက (၁၊ ၇၊ ဝ၊ ၅) ဂဏန်းများပါသော အောင်ဘာလေထီကိုထိုးပါ။



## SAGITTARIUS
## ဓနုရာသီ

**(နိုဝင်ဘာ - ၂၃ မှ ဒီဇင်ဘာ - ၂၀ ရက်အတွင်းမွေး)**
**(မြန်မာလို နတ်တော်လမွေး)**

ဓနုရာသီဖွားများအနေဖြင့် လက်ရှိစီးပွားရေးလုပ်ငန်းသည် ဝင်ငွေလျော့နည်းသော်လည်း လုပ်ငန်းသစ်တစ်ခုကို အခက်အခဲများကြားမှ အကောင်အထည်ဖော် လုပ်ကိုင်နိုင်မည်။ ပြည်ပသွားရန်ကိစ္စများလည်း အားလုံးအဆင်ပြေလိမ့်မည်။ ယခုကာလအတွင်း မြုပ်နေသောငွေကြေးများ ပြန်လည်ပေါ်လာခြင်း၊ ရင်ဆိုင်နေရသော အမှုအခင်းများ အောင်မြင်ပြီးပြတ်သွားခြင်းရှိမည်။ ကံကုသိုလ် ကောင်းနေချိန်ဖြစ်၍ မိဘကျေးဇူးဆပ်နိုင်လိမ့်မည်။ တစ်လအတွင်းရှိ အင်္ဂလိပ်လိုရက်များမှ (၃၊ ၈၊ ၁၄၊ ၁၇၊ ၂၂၊ ၂၆၊ ၂၈)ရက်များသည် သင့်အတွက် ကံကုသိုလ်ကောင်းစေသော ရက်များဖြစ်၍ ထိုရက်များနှင့်တိုက်ဆိုင်ပြီး လုပ်ငန်းကိစ္စအဝဝတို့ကို လုပ်ကိုင်သင့်သည်။ ငယ်ရွယ်သူများ အချစ်ရေးတွင် ဆွေခွဲရခက်နေတတ်မည်။ မိမိထက်အသက်ကြီးသူ (သို့) အလွန်ငယ်သူ၊ လူမျိုးကွာ၊ ဘာသာကွာသူတို့၏ စိတ်ဝင်စားခြင်း၊ လက်ထပ်ခွင့် တောင်းခံခြင်းများ ရှိနေမည်။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်ထောင်ရေးသာယာမည်။ ကျန်းမာရေးမှာ ချောင်းဆိုးခြင်း အအေးမိခြင်း၊ အဆုတ်အအေးပတ်ခြင်း စသည့်ဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်သည်။ သင်သည် ထီထိုးမည်ဆိုပါက (၇၊ ၁၊ ၈၊ ဝ)ဂဏန်းများပါသော အောင်ဘာလေထီကိုထိုးပါ။

**ဆရာဦးခန့်ကျော်**
(အဘိဓာန်ကျမ်းပြုပညာရှင်)

အမှတ်(၂၇)၊ ရွှေဘုန်းပွင့်ဘုရားဈေးတန်း။ (၉)ရပ်ကွက်၊
ရေကျော်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
☎ ၀၉-၅၁၉၈၂၄၀၊ ၀၉-၄၂၁၀၇၅၇၆၅၊ ၀၉-၇၉၅၂၈၆၅၄၇



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com